www.dhammaransi.com

ကျေးဇူးတော်ရှင် ကမ္ဘာကျော်

လယ်တီဆရာတော်ဘုရားကြီး

# လယ်တီဒီပနီပေါင်းချုပ်


## ပထမတွဲ

တတိယအကြိမ်

၁။ ဝိပဿနာဒီပနီ
၂။ သမ္မာဒိဋ္ဌိဒီပနီ
၃။ မဂ္ဂင်ဒီပနီ
၄။ စတုသစ္စဒီပနီ
၅။ ဗောဓိပက္ခိယဒီပနီ
၆။ အလင်းကျမ်း
၇။ နိယာမဒီပနီ
၈။ ပဋ္ဌာနုဒ္ဒေသဒီပနီ

www.dhammaransi.com

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ခေါ် "စာပေပါရဂူ" ဘွဲ့တံဆိပ်တော်ရ



ကျေးဇူးတော်ရှင် ပဌမ လယ်တီဆရာတော်ဘုရားကြီးပုံ

# ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာသည် ရှည်ကြာတည်တံ့
ရှည်ခိုင်ခန့်၍ သန့်ရှင်းပြန့်ပွားပါစေသော်ဝ်။

သို့


. . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . .

မှ

. . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . .

**အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်**

အရသာတကာတို့တွင် တရားအရသာ အချိုမြိန်ဆုံး
အလှူတကာတို့တွင် ဓမ္မအလှူ အမြတ်ဆုံး



www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.dhammaransi.com

ကျေးဇူးတော်ရှင် ဂန္ဓာကျော်

## လယ်တီဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

(ပထမတွဲ)

တတိယအကြိမ်

ဓမ္မာစရိယ ဦးသန်းခင် (သာသနဓဇ ဓမ္မာစရိယ)
စာပြင်တည်းဖြတ်သည်

လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့
သန့်စင် စိစစ်ပြီး စာမူ။

www.dhammaransi.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၁၆၁ / ၂၀၀၀ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၀ / ၂၀၀၁ (၂)

တတိယအကြိမ် - ၂၀၀၁၊ ဧပြီလ၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး -

စီစဉ်သူ - မိခင်ဧရာဝတီမိသားစု

ဒေါ်ရွှေဝါစိုး (အထွေထွေတာဝန်ခံ)

ဒေါ်ချယ်ရီသိန်း (စီမံရေး)

ဒေါ်မိုးမြင့်စိုး (ထုတ်လုပ်ရေး)

ဒေါ်ထားထားဦး (ဖြန့်ချိရေး)

ဦးသင်းအောင် (စာပြင်တည်းဖြတ်)

ဒေါ်ခင်စန်းဝေ (ကွန်ပျူတာစာစီ)

ထုတ်ဝေသူ - ဦးမိုးကြည် (မြ- ၀၉၅၈)

မျက်နှာဖုံးအပြင်အဆင် - ကိုဝင်းငွေ (Graphic Design)

အတွင်းအပြင်အဆင် - မိခင်ဧရာဝတီ

အတွင်းဖလင် - ကိုအောင်ခင်ဦး

စာအုပ်ချုပ် - ကိုမောင်မောင်အုန်း (၃၂-လမ်း)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ရတနာမိုး ပုံနှိပ်တိုက်။ (မြ - ၀၅၇၅၉ )

www.dhammaransi.com

သဒ္ဓမ္မသုံးဖြာ၊
သာသနာကို
ရှည်ပါစေကြောင်း၊
ဆုမွန်တောင်းလျက်
သဲကောင်းတစ်ပွင့်
ကျောက်ပွင့်တစ်စေ့
မရွေ့မတ်မတ်
ဖြည့်ဆည်းအပ်သည်
'ဉာဏ်မြတ်'အလို့ငှာဖြစ်စေသော်ဝ်။ ။

**မိခင်ဧရာဝတီစာအုပ်တိုက်၊** တိုက် (၄)၊ အခန်း (၄၁၂)၊ ကျောက်အိမ်ရာ၊
ပုဇွန်တောင်။ ☎ ၁၁– ၇၁၁၄၃၁
မိခင်စာအုပ်အမှတ် (၂၅)

www.dhammaransi.com

# လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးအဖွဲ့၏အမှာစာ

## ဗုဒ္ဓဘုရားပွင့်တော်မူရာအခါ

ဗုဒ္ဓဘုရား ပွင့်တော်မူ၍ ၄၅-ဝါ တိုင်တိုင် တရားတော်များကို ဟောကြားတော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူသွားပါသော်လည်း ဟောကြားတော်မူခဲ့သည့် **"တရားတော်များ"** ကိုပင် ဘုရားအရာ၌ ထားတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘုရား ပွင့်တော်မူရာ အခါကဲ့သို့ပင် ရှိနေပါသည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

အကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ဘုရားကိုယ်စား **"ဘုရား"** အမည်တော်ရ ဓမ္မစေတီ၊ ခက်ခဲနက်နဲလှသော ပိဋကတ်တော်မှ ထုတ်နုတ်၍ လူအများ ဓမ္မအရသာ ခံစားနိုင်ရန် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခေတ် အလင်းရောင် ပြန့်စေတော်မူခဲ့သည်။

## ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရား၏ ဆန္ဒတော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ရေးသားထားသော ကျမ်းစာများကို ပြည်တွင်းပြည်ပ ပြန့်နှံ့စေလိုသော ဆန္ဒရှိတော်မူခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘုရား၏ တရားတော်များကို ဘာသာအမျိုးမျိုးဖြင့် ရိုက်နှိပ်ကြကာ ကမ္ဘာသို့ဖြန့်ရန် အချိန်ရောက်ပြီဟု နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီး၌ ဩဝါဒပေးတော်မူခဲ့သည်။

## လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓာနနာယက နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ကေလာသ၊ ရန်ကုန်မြို့

နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်၏ ပဓာနနာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ကျောင်းအုပ် စမ်းချောင်း လယ်တီဝိပဿနာ ကျောင်းတိုက်၊ လှည်းကူး လယ်တီတောရ ကျောင်းတိုက်တို့၏ ပဓာနနာယက နိုင်ငံတော် သံဃာမဟာနာယက ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ ဆရာတော်တို့ ဦးဆောင်ပြီး လယ်တီနိကာယဝင် ဆရာတော်ကြီးများနှင့် လူပညာရှိများ စုပေါင်းလျက် လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးကို ဖွဲ့စည်းခဲ့ပါသည်။

## ဆန္ဒတော်ပြည့်

ဖွဲ့စည်းထားသော လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကို ပြည့်နိုင်ရန် မိခင်ရောဝတီ စာအုပ်တိုက်အား ဒီပနီကျမ်းစာများကို ရိုက်နှိပ်ရန် ခွင့်ပြုသဘော တူခဲ့ပါသတည်း။

**လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့**

www.dhammaransi.com

# လယ်တီဒီပနီ တစ်ခေတ်ဆန်းပြီ

(၁) လောကတွင် တခါတရံ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် လူထူးချွန်ကြီးများ ပေါ်ပေါက်လာလေ့ ရှိပေသည်။ ထိုသူတို့သည် မိမိအကျိုးသာမက အများအကျိုးပါ ထမ်းရွက်လေ့ရှိသူများ ဖြစ်သည်။ အချို့ပုဂ္ဂိုလ်တို့သည်ကား မိမိအကျိုး၊ အများအကျိုးသာမက လောကအကျိုးကိုပါ ထမ်းဆောင်လိုသောဆန္ဒ ထက်သန်ပြင်းပြ၍ ထမ်းဆောင်နိုင်သော စွမ်းရည်သတ္တိထူးတို့နှင့်လည်း အထူးပြည့်စုံကြပေသည်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးများသည် "လူသေသော်လည်း နာမည်မသေသူများ" ဖြစ်ကြ၏။ သူတို့သေသွားသော်လည်း သူတို့၏ လောကအတွက် အကျိုးပြုချက် ဆောင်ရွက်ချက်များသည် သတ္တိအရှိန်အဟုန်မသေပဲ နှစ်ပေါင်းများစွာ တည်တံ့ ကျန်ရစ်ဆဲဖြစ်လေသည်။ လောကအတွက် ဆက်လက်အကျိုးပြုဆဲ ဖြစ်လေသည်။ သူတို့၏ကျေးဇူးအမွေကို နောင်းလူတို့ဆက်ဆံ ခံစားရမြဲဖြစ်၍ သူတို့၏ကျေးဇူး ဂုဏ်ကိုလည်း ရင်ထဲ အသည်းထဲတိုင် တဖွဖွ တသအောက်မေ့ ရှိခိုးပူဇော်မဆုံး ဖြစ်ကြရလေသည်။ ထိုပုဂ္ဂိုလ်တို့၏ ကောင်းသတင်းဂုဏ်ရနံ့သည် လူ့ပြည်လောကသာမက နတ်ဘုံ ဗြဟ္မာဘုံတိုင်အောင် ပျံ့နှံ့ကျော်စောရလေသည်။

(၂) လောကသားတို့၏ ကျေးဇူးရှင်ကြီးစစ်စစ် ဖြစ်တော်မူသော ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါအားလုံး၏ ကောင်းကျိုးစီးပွား အလို့ငှာ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်ခန့်က ဤလောကဌ် ပွင့်ထွန်းပေါ်ပေါက်တော်မူလာခဲ့၏။ မြတ်ဗုဒ္ဓသည် ဘုံ (၃)ပါးရှိ သတ္တဝါတို့ အကျိုးအတွက် (၄၅)ဝါတိုင်တိုင် တရားဒေသနာတော်များကို မနေမနား ဟောကြားခဲ့လေသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာတော်တို့သည် **'ဝေဒယိတသုခ'** ကိုပင် ချမ်းသာစစ်ဟု ထင်မှတ်နေကြသူများအတွက် **"သန္တိသုခ"** တကယ့်ချမ်းသာစစ်ကို ပေးစွမ်းနိုင်ခဲ့သည်။ သစ္စာဉာဏ်အမြင်ပွင့်လင်း၍ **'သန္တိသုခ–နိဗ္ဗာန်ချမ်းသာစစ်'** သို့ မျက်မှောက်ပြုခွင့် ရခဲ့ကြသူများမှာလည်း သင်္ချေမက များပြားခဲ့လေသည်။ ထိုသူတို့သည် ညီညွှေသက်န်း ဆင်မြန်း၍ ဘဘုရား၏ ဝိနည်းအဆုံးအမတို့ကို ခံယူကာ နေရာအနှံ့ ဓမ္မဒေသနာတော်တို့ကို ဖြန့်ချိကြလေသည်။ ထိုသံဃာတော်အရှင်သူမြတ်တို့သည် သတ္တဝါတို့၏ကောင်းမှု ဖြည့်ဆည်းရန်အတွက် အကောင်းဆုံး

www.dhammaransi.com

သော လယ်ယာမြေအရာ၌ တည်ကြလေသည်။ ဗုဒ္ဓနွယ်ဝင် အရိယာစင်စစ် ဖြစ်ကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်မှစ၍ ယခုအချိန်ထိတိုင်အောင် နှစ်ပေါင်းများစွာ ဗုဒ္ဓ၏ဓမ္မဒေသနာတော်တို့ မညှိုးမှိန် မကွယ်ပျောက်ရလေအောင် အသက်ပေးစောင့်ရှောက် ပြန့်ပွားစေခဲ့သူတို့မှာ ထိုသံဃာတော် အရှင်မြတ်များပင် ဖြစ်၏။

ဗုဒ္ဓရတနာသည် လောကသားတို့အကျိုးစီးပွားအလို့ငှာ ပွင့်ထွန်းခဲ့ ပွင့်ထွန်းဆဲ ဖြစ်၏။ ဓမ္မရတနာသည်လည်းကောင်း၊ သံဃရတနာသည်လည်းကောင်း ယနေ့တိုင် လောကသားတို့ အကျိုးအလို့ငှာ ပွင့်ထွန်းခဲ့ ပွင့်ထွန်းဆဲ ဖြစ်၏။ ရတနာသုံးဖြာတို့၏ တုနှိုင်းမရ အနန္တကျေးဇူးဂုဏ်ကိုလည်း ယနေ့လောကသားတို့က အောက်မေ့တမ်းတ ကြည်ညိုပူဇော် တ,သနေရဆဲ ဖြစ်ပေသည်။

(၃) လောကအတွက် ကျေးဇူးပြုတတ်၍ လောက က ကျေးဇူးတင်အပ်သည့် ပုဂ္ဂိုလ်များထဲတွင် နှောင်းခေတ်ဗုဒ္ဓသာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားသူများထဲ၌ အပါအဝင်ဖြစ်သော လယ်တီဆရာတော်ကြီးလည်း ပါဝင်ပေသည်။ ပရိယတ် ပဋိပတ် ကျွမ်းကျင်နှံ့စပ်၍ လောကီ လောကုတ္တရာ ဘက်စုံနိုင်နင်းကျွမ်းကျင်တော်မူသော မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က **'ပါရမီဒီပနီကျမ်း'**အစရှိသော ဒီပနီကျမ်းပေါင်း မြောက်မြားစွာကို ရေးသားခဲ့ကာ မျက်မှောက်ခေတ် သာသနာတော်သမိုင်းတွင် **"လယ်တီတစ်ခေတ်"**ကို ခိုင်ခိုင်မာမာကြီး ထူထောင်နိုင်ခဲ့လေသည်။

ဆရာတော်ကြီးသည် ဒီပနီကျမ်းများအပြင် သာသနာတော်အတွက် အကျိုးရှိစေသည့် အခြားသော ကျမ်းစာအုပ်ပေါင်း မြောက်မြားစွာကိုလည်း ရေးသားတော်မူခဲ့ပေသေး၏။ ဆရာတော်ကြီးသည် ဗုဒ္ဓ၏ဒေသနာတော်တို့ကို မြန်မာပြည် အနှံ့အပြားသို့ လှည့်လည်ဖြန့်ချိခဲ့သည်သာမက ကမ္ဘာအရပ်ရပ်သို့ပါ ဖြန့်ချိ သာသနာပြုခဲ့ပေသေးသည်။ သို့ဖြစ်၍လည်း မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)ဘွဲ့တံဆိပ်ကို ဆရာတော်ကြီးအား ထိုက်ထိုက်တန်တန် ကပ်လှူခဲ့ခြင်း ဖြစ်ပေသည်။

www.dhammaransi.com

(၄) စက္ကန့်မိနစ် အချိန်နာရီတို့သည် မနေမနား ပြောင်းလဲလှုပ်ရှားနေပေရာ အချိန်နှင့်အတူ ခေတ်စနစ်များလည်း ပြောင်းလဲလာခဲ့ပေပြီ။ ယနေ့ကမ္ဘာကြီးသည် နည်းပညာတိုးတက်မှုဖြင့် ရှေ့သို့တစ်ဟုန်ထိုး ပြေးနေ၏။ ယနေ့လူ့ဘောင်၏ ရုပ်ဝတ္ထုဆိုင်ရာ အံ့မခန်းတိုးတက်မှုများမှာ ကြောက်ဖွယ်လိလိပင်။ ရုပ်ဝတ္ထုဆိုင်ရာ တိုးတက်မှုများ တစ်ဖက်က ဖြစ်ထွန်းနေသလောက် အခြားတစ်ဖက်တွင် လောကသားတို့၏ စိတ်ပိုင်းစွမ်းရည်မှာ ချွတ်ခြုံကျနေ၏။ ကမ္ဘာတည်တရားများ ဖြစ်သည့် ဟီရိ-ဩတ္တပတို့ကင်းလျက် စာရိတ္တများ ပျက်ချင်တိုင်း ပျက်နေကြ၏။ မိမိတစ်ကိုယ်စာ ခန္ဓာတွင်း၊ မိသားစုတွင်းမှသည် တိုင်းပြည်တွင်းအထိ စိတ်ပိုင်းဆိုင်ရာ မပျော်ရွှင်မှု, မချမ်းမြေ့မှု, မပြည့်ဝမှုစသည့် ပြဿနာများနှင့် ရင်ဆိုင်နေကြရသည်။

ရှင်းရင်းကပင် ရှုပ်ရှုပ်လာသော ပြဿနာပေါင်း သိန်းသန်းမကသည် ယနေ့ကမ္ဘာ့လူ့ဘောင်ကို ခြိမ်းခြောက်လာနေ၏။ လူသားတိုင်း သာယာဝပြော ငြိမ်းချမ်းရေးအတွက် စဉ်းစားအဖြေရှာလာရ၏။

* စိတ်ကိုမည်ကဲ့သို့ အစာကျွေးမလဲ
* စိတ်ကိုမည်ကဲ့သို့ ရင့်ကျက်ပြည့်ဝစေမလဲ
* စိတ်ကိုမည်ကဲ့သို့ ယဉ်ကျေးအောင်လုပ်မလဲ
* စိတ်ကိုမည်ကဲ့သို့ ငြိမ်းချမ်းစေမလဲ

ဟူ၍ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားမှုအတွက် နည်းလမ်းရှာဖွေလာကြ၏။

ထိုအခါ တစ်ခုတည်းသော **"စိတ်ကိုငြိမ်းချမ်းစေမှု"** တရားကို ရှာဖွေတွေ့ရှိသွားကြ၏။ ယင်းကား မြတ်ဗုဒ္ဓ၏ မြတ်သောဓမ္မ အသိအကျင့်များပင် ဖြစ်ပေ၏။

(၅) မြတ်ဗုဒ္ဓ၏ဓမ္မဒေသနာများဖြင့်သာ ယနေ့ကမ္ဘာကြီးကို ငြိမ်းချမ်းစေနိုင်၏။ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့နေမှုအစုစုကို ဖြည့်စွမ်းပေးနိုင်၏။ သို့ဖြစ်၍ တစ်ချိန်က ကျော်ကြားခဲ့သော လယ်တီဆရာတော်ကြီး၏ကျမ်းစာများသည်လည်း ယနေ့ခေတ်၏ လိုအပ်မှုအရ တဖန် ပေါ်ထွက်လာခဲ့ရပေသည်။ သက်တမ်းတစ်ရာကျော်ခဲ့ပြီ ဖြစ်သော **"လယ်တီဒီပနီ"**များသည် ယနေ့တိုင် နုပျိုဆဲ ရှင်သန်ဆဲ ခေတ်နှင့်အံဝင်

www.dhammaransi.com

ကိုက်ညီဆဲပင် ဖြစ်၏။ တစ်ချိန်က လောကသားတို့ကို ကျေးဇူးပြုခဲ့သော **"လယ်တီဒီပနီ"**များသည် ယနေ့လောကသားတို့အတွက်လည်း အကျိုးများစေဦးမည်မှာ ဧကန်ပင်။

သို့ဖြစ်၍ ခေတ်၏လိုအပ်မှုကို ဖြည့်စွက်သည့်အနေဖြင့် ကျမတို့ မိခင်ရောဝတီစာအုပ်တိုက်သည် လယ်တီဒီပနီများကို သစ်ဆန်းသော အပြင်အဆင်ဖြင့် တဖန်ထုတ်ဝေ ဖြန့်ချိလိုက်ရပါသည်။ ငွေကြေးအကျိုးအမြတ် သက်သက်မဟုတ်ပဲ လောက၏လိုအပ်မှုကို ဖြည့်စွက်သောအနေ၊ ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ကျမ်းစာမြတ်များကို ပူဇော်သည့်အနေ၊ မြန်မာပြည်အနှံ့ ဖြန့်ဝေပေးလိုသောအနေ စေတနာဆန္ဒ လောကချစ်စိတ်ဓာတ်ဖြင့် ထုတ်ဝေဖြန့်ချိရခြင်းသာ ဖြစ်ပါ၏။

အမှားအယွင်း အကျအပေါက်မရှိစေရန် သတိပြုထားသကဲ့သို့ သပ်ယပ်ခန့်ညားသော အပြင်အဆင်နှင့် ထွက်ပေါ်လာနိုင်စေရေးအတွက်လည်း တစ်ဖွဲ့လုံးက ကြိုးစားခဲ့ရပါသည်။ ဤ **"ဒီပနီပေါင်းချုပ်"**စာအုပ်ကြီး ဖြစ်ပေါ်နိုင်ရေးအတွက် ကောင်းသောသမ္မာဆန္ဒ အရင်းခံလျက် နေပူစပ်ခါးမရှောင် သွားလာပြီးလျှင် ကုသိုလ်စိတ်တို့ဦးစီးကာ ကြိုးပမ်းအားထုတ်ခဲ့ရပါသည်။

ဤကဲ့သို့ အချိန်, ငွေ, ကာယအား, ဉာဏအားစိုက်ထုတ်၍ ဤ **"ဒီပနီပေါင်းချုပ်"**စာအုပ်ကြီး တတိယအကြိမ် ထွက်ပေါ်နိုင်ရေး အားပေးလိုက်ရခြင်းသည် သာသနာတော်အတွက်၊ လောကကောင်းကျိုးအတွက် သဲတစ်မှုန်စာမျှ ပံ့ပိုးရာကျသည်ဟုဆိုလျှင် စာဖတ်သူတို့အတွက် သစ္စာဉာဏ် အမှန်ပွင့်လင်းစေနိုင်မည်ဟုဆိုလျှင်ပင် ကျမတို့ အဖွဲ့အနေဖြင့် အားထုတ်ပင်ပမ်းရကျိုး နပ်ပါပြီ ဟူ၍သာ - - -။

**ဒေါ်ရွှေဝါစိုး နှင့်**
**မိခင်ရောဝတီစာအုပ်တိုက် မိသားစု**

**လယ်တီဒီပနီပေါင်းချုပ် (ပထမတွဲ)နှင့်အတူ အခြား ဒီပနီကျမ်းများကိုလည်း ဝယ်ယူရရှိနိုင်ပါပြီ။**

www.dhammaransi.com

# မုံရွာမြို့

# လယ်တီဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

### ဇာတိဌာနနှင့် ခမည်းတော်၊ မယ်တော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈ –ခုနှစ်[၁]၊ နတ်တော်လဆန်း ၁၃ –ရက် အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြိုးဖြစ်သည်။

ဦးထွန်းသာ – ဒေါ်ကြိုးတို့တွင် သားသမီးခြောက်ဦး[၂] ထွန်းကားခဲ့ရာ ယင်းတို့မှာ –

(၁) ပထမ အကြီးဆုံးသား (ငယ်စဉ်က ကွယ်လွန်)

(၂) ဒုတိယသား မောင်တက်ခေါင် (လယ်တီဆရာတော်)

(၃) တတိယသား မောင်တက်စွာ (လူဝတ်ကြောင်)

(၄) စတုတ္ထသား မောင်တက်ပွား (ပထမပြန် ဦးကုမာရ)

(၅) ပဉ္စမသား မောင်တက်ထွား (ဆရာတော် ဦးကိတ္တိ)

(၆) ဆဋ္ဌမသမီး မမြလေး တို့ဖြစ်ကြသည်။

သို့ဖြစ်ရာ သားသမီး ခြောက်ဦး ရှိသည့်အနက် ဒုတိသား၊ စတုတ္ထသားနှင့် ပဉ္စမသားများမှာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြသည်။

---

၁။ အင်္ဂ သုဉ် ဒွိ ဇက်၊ သက္ကရာဇ်၊ ဖွားလစ် ကျမ်းဆရာ။ (ပရမတ္ထသံခိပ်နိဂုံး)

၂။ 'လယ်တီထေရုပ္ပတ္တိ' စာအုပ်များနှင့် "လယ်တီဒီပနီ ကျမ်းဦးနိဒါန်း"များတွင် ဖော်ပြထားသကဲ့သို့ လယ်တီဆရာတော်၌ မွေးချင်းငါးဦးမဟုတ်၊ မွေးချင်းခြောက်ဦးသာ အမှန်ဖြစ်သည်။

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

## မင်္ဂလာ နိမိတ်ထူးနှင့် ငယ်နာမည်

လယ်တီဆရာတော် လောင်းလျာဖြစ်သူ ဒုတိယသားကို ဖွားမြင်ဆဲအချိန်တွင် အိမ်ဥပစာအတွင်းရှိ မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများကြားထဲမှ စို့(သက်တံ)ကြီး ပေါ်ထွက်လာကာ ကောင်းကင်သို့ ထိုးတက်သွားပြီးမှ တစ်ဖန် ညွတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာပြန်သည်။ ထို့နောက်တစ်ဖန် ယင်းစို့ (သက်တံ)ကြီးသည် အိမ်တွင်းမှ အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့် အပြာတစ်တန့် အနီတစ်တန့်ဖြင့် ရောင်မျိုးစုံ ယှက်သန်းကာ ကောင်းကင်လမ်းသို့ ပျံသန်းပျောက်ကွယ်သွားသည်။

ယင်းကဲ့သို့သော မဖြစ်ဖူးမြဲ ထူးကဲလှသည့် မင်္ဂလာနိမိတ်ထူးကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာဖြစ်သော ဒုတိယသားကို မောင်တက်ခေါင်ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

## ကျောင်းအပ်ခြင်းနှင့် ရှင်သာမဏေဘဝ

မောင်တက်ခေါင် ၁၀ –နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်းဆရာတော် အရှင်နန္ဒထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည်။ ကျောင်းသားအဖြစ်ဖြင့် ဘုန်းကြီးကျောင်းပညာရေး၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်၊ နမက္ကာရ၊ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ ဓမ္မနီတိ၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားခဲ့သည်။

အသက် ၁၅ –နှစ်သားအရွယ် ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ[၁] ဖြစ်သည်။ ရှင်ဉာဏဓဇသည် သာမဏေဘဝဖြင့် ဆရာတော်အရှင်နန္ဒထံ၌

---

၁။ 'မုံရွာ လယ်တီ၊ တောရပ်မီ၊ မထေရ် ဉာဏ်ဓဇ'ဟူသော 'ပရမတ္ထသံခိပ်' နိဂုံးမှ ဉာဏ်ဓဇဟူသော စကားရပ်ဖြင့် ကျေးဇူးရှင် ဆရာတော်ကြီး ကိုယ်တော်တိုင် ယင်း၏ဘွဲ့အမည်ကို 'ဉာဏဓဇ' ဖြစ်ကြောင်း ဖော်ထုတ်သွားတော်မူခဲ့ခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သူ၏ 'ပရမတ္ထသံခိပ်အမေးအဖြေ'၌ ဖြေဆိုရေးသားထားသည်။

သို့သော် ဆရာတော်ဘုရားကြီး၏ 'ပါရမီဒီပနီကျမ်း'နိဂုံး ၄ –ဂါထာအနက် တတိယမြောက်ဂါထာတွင် 'မယာ ဉာဏာဘိဝံသေန'ဟူ၍ ယင်း၏ ဘွဲ့အမည်မှာ 'ဉာဏာဘိဝံသ'ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိကြရသေးသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မြန်မာနိုင်ငံ ပါဠိပညာရေး၏ သင်ရိုးဖြစ်သော ကစ္စည်း သဒ္ဒါကြီး၊ အဘိဓမ္မတ္ထ–သင်္ဂြိုဟ်၊ ဝီထိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော နေ့ဝါညဝါကျမ်းများကို သင်ကြားခဲ့သည်။

## ဆယ်ကျော်သက်က ရေးသားဖွဲ့ဆိုခဲ့သောကျမ်းနှင့် ကဗျာများ

၁၈ –နှစ်အရွယ်တွင် ရဲထွက်ရွာအရှေ့ဘက် ဝေဒပါရဂူဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်။ ယင်းသို့ သင်ယူရင်း ကျည်းကန်ကိုရင်ကြီး၏ လင်္ကာကို နည်းယူပြီးလျှင် မိုလ်၊ သုဇိတာ၊ ဗျဉ္ဇတာ၊ ဇာတာဖွဲ့ သင်္ကြန်တွက် လက်ရိုးလင်္ကာများကို ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထိုစဉ်က သာမဏေဘဝဖြင့်ပင် မဟော်ဇာတ်ထုပ်နှင့် မဟော်ကျေးစေခန်းရတု၊ ရှင်လောင်းလှည့် (သျှိုးလိုက်)ရတုကဗျာများကိုလည်း ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်ကျမ်းများကို သင်ယူရင်း ဝါစ္စဝါစက အကောက်ကျမ်းဟောင်းကို အားမရသဖြင့် 'ဝါစ္စဝါစက အကောက်ကျမ်းသစ်' ကိုလည်း သာမဏေဘဝ ဆယ်ကျော်သက်ကပင် ရေးသားပြုစုခဲ့သေးသည်။

## အားမရနိုင်သော စာကြည့်ဝါသနာ

သက္ကရာဇ် ၁၂၂၈ –ခု ကဆုန်လဆန်း ၆ –ရက်နေ့တွင် သာမဏေရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခဏ္ဍသိမ်၌ ဆရာတော်အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် အရှင်ဉာဏဓဇကား အားရသည်ဟု မရှိလောက်အောင် စာကြည့်ဝါသနာ ပါလွန်းလှသည်။ ထို့ကြောင့်လည်း ဥပဇ္ဈာယ်ဆရာတော်အရှင်နန္ဒက သူ၏စာတိုက်ကြီးငါးလုံးရှိ မြန်မာနိဿယများကို ကြည့်ရှုရန် ခွင့်ပြုခဲ့သည်။ ဤမျှနှင့် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက်ဆရာတော်အရှင်ဓမ္မထံ၌ရှိသော စာတိုက်ကြီးငါးလုံးမှ မြန်မာနိဿယ ဟူသမျှကိုလည်း

www.dhammaransi.com



အားလုံး ကြည့်ရှုတော်မူလိုက်သေးသည်။

ထို့နောက် စိုင်ပြင် ၂ –ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ငါးတိုက်မှ မြန်မာပြန် နိဿယများကို အကုန်ကြည့်ရှုတော့မည်ဟု ကြံစည်တော်မူသေးသည်။ သို့သော် မန္တလေးမြို့သို့ကြွ၍ ပညာသင်လိုသောကြောင့် ယင်းအကြံမှာ အထမမြောက်ခဲ့ပေ။

## မန္တလေး စံကျောင်းတိုက်၌ ပညာသင်ကြားခြင်း

သို့ဖြင့်ပင် ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၂၃၁ –ခုနှစ်တွင် မိမိဖွားမြင်ရာ စိုင်ပြင်ရွာမှ မန္တလေး ရတနာပုံနေပြည်တော် မြောက်ပြင်မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်း ၁–ဝါမှ ၁၆–ဝါအထိ ၁၆–နှစ်တိုင်တိုင် စံကျောင်းတိုက်၌ နေထိုင်ကာ 'သုဒဿန ဝရ ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးထံ၌ ဝိနည်း ပါဠိတော် အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာ ၃–ကျမ်းကို သင်ယူတော်မူသည်။

ထိုအချိန်က ဒုတိယစံကျောင်းဆရာတော်ဘုရားကြီးမှာ မန္တလေးရွှေမြို့တော်တွင် စာချ နာမည်အကျော်ကြားဆုံးဖြစ်၍ စာလိုက်သံဃာ ၁၀၀၀–ကျော် အထိပင် ရှိခဲ့ဖူးသည်။

ထို့နောက် ရဟန်းတော် အရှင်ဉာဏဓဇသည် အဆိုပါ ဝိနည်းနှင့်အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကိုပင် မကုဋာရာမ ဆရာတော်ဘုရားကြီးထံ၌လည်း သင်ယူတော်မူပြန်သည်။

## 'လုံပဏ် လင်းပဏ်' ဘယ်ပဏ်သာ၍ တတ်သနည်း

ထိုအချိန်က ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးထံ (၁) 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အလုံဇာတိ မိုင်းခိုင်းဆရာတော် ဦးပဏ္ဍိတနှင့် (၂) 'ရာဇဂုရု' ဘွဲ့တံဆိပ်မရသော စလင်းဇာတိ ဆရာတော် ဦးပဏ္ဍိစ္စဟူ၍ စာတတ် ပေတတ်

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ပထမစာချ တပည့်ကြီးနှစ်ပါးရှိရာ စံကျောင်းတိုက် ပတ်ဝန်းကျင်တွင် 'လုံပဏ်–လင်းပဏ်၊ သည်နှစ်ပဏ်တွင် ဘယ်ပဏ်သာ၍ တတ်သနည်း'ဟု ကဗျာစပ်ဆို မေးခွန်းထုတ်ခြင်း ခံရသည်အထိ ပရိယတ္တိစာပေလောက၌ ထင်ရှားကျော်ကြားသော စာချတပည့်ကြီးနှစ်ပါး ဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဘုရားကြီးထံ၌ အထက်ပါအတိုင်း ဝိနည်းနှင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကို သင်ယူခဲ့သည့်အပြင် အဆိုပါ လုံပဏ်၊ လင်းပဏ်ဟူသော ပထမစာချကြီးနှစ်ပါးတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ တပည့်ရင်းလည်း ဖြစ်သည်။ စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ရဟန်းတော် အရှင်ဉာဏဓဇသည် ပါစိတျာဒိအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဋ္ဌာန်းကြီး အဋ္ဌကထာ စသည်တို့ကို အာစရိယ ဟတ္ထမုဋ္ဌိ ဆုပ်မိ ကိုင်မိရှိအောင် ဆိုဝါ တက်ဝါနှင့် သင်ယူတော်မူခဲ့သည်။

ထို့ကြောင့်လည်း ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော် အဖြစ်သို့ ရောက်ရှိတော်မူလာသောအခါ၌ 'ငါ၏ဗိုက်ထဲမှာ ရှိသမျှပညာများသည် စလင်းဦးပဏ္ဍိစ္စ ဟာတွေချည်းပဲ'ဟူ၍ မကြာခဏ မိန့်ကြားတော်မူလေ့ရှိပေသည်။[၁]

### ယောအတွင်းဝန်၏ ဩဝါဒ

ရဟန်းတော် အရှင်ဉာဏဓဇကား အစဉ်အလာသမား၊ သမားရိုးကျသမား မဟုတ်ပေ။ ငယ်စဉ်ကပင် တော်လှန်သော အတွေးအခေါ်ရှိသူ ဖြစ်သည်။

ထိုအချိန်က မန္တလေးရွှေမြို့တော်ရှိ ထင်ရှားသော ပညာရှိကြီးများ ရှိသည့် အနက် ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန် ဦးဖိုးလှိုင်မှာ တော်လှန်သော အတွေးအခေါ် အယူအဆရှိသူ ဖြစ်သည်။

သို့ဖြစ်ရာ ရဟန်းတော် အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဖိုးလှိုင်၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို နှစ်သက်စွဲလမ်းသလောက်

---

၁။ လယ်တီဆရာတော်ဘုရားကြီးက လယ်တီဦးပဏ္ဍိတ (....လယ်တီ ဆရာဦးမောင်ကြီး) အား ပြောပြဖူးသောစကား။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ဦးဖိုးလှိုင်၏ ခေတ်မီသော စာရေးနည်း စာရေးဟန်များကိုလည်း အားကျသည်။ အတုယူလိုသည်၊ နည်းယူလိုသည်။

ထို့ကြောင့်လည်း သီတင်းနေ့များတွင် ယောအတွင်းဝန် ဦးဖိုးလှိုင်ထံသို့ ကြွရောက်လာကာ ပိဋကတ်တော်၌ ယူဆပုံနည်းများနှင့် မြန်မာစာရေးနည်း ရေးဟန်များကို နည်းခံခဲ့သည်။ ထိုအခါ ယောအတွင်းဝန်က 'ဦးပဥ္စင်းကလေး စာတတ်ချင်သလား၊ စာတတ်ချင်ရင် ကထာဝတ္ထု အဋ္ဌကထာကို နိုင်နင်းအောင် သင်ကြားပါ'ဟု ဩဝါဒစကားဖြင့် နည်းပေးညွှန်ကြား လျှောက်ထားခဲ့သည်။ ထို့ပြင် ယောအတွင်းဝန်က ပိဋကတ်၌ တော်လှန်သည့် အတွေးအခေါ် အယူအဆ များကိုလည်း ပြောကြားလျှောက်ထားလိုက်သေးသည်။

ထိုစဉ်က ပြောကြားလိုက်သော ယောအတွင်းဝန်၏ တော်လှန်သည့် အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိလာသောအခါ၌ တပည့်ဖြစ်သူ လယ်တီ ဦးပဏ္ဍိတ (နောင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)အား 'အိမ်း . . ယောဆိုတာ လူတတ်ကွယ့်၊ သူဟာ ပထမတန်း ပညာရှိကြီးပဲ၊ စကားဆန်း အင်မတန် ပြောတတ်တဲ့သူ၊ သူ ပညာရှိမို့ သူပြောတဲ့စကား ငါမှတ်ထားတာပဲ၊ နို့ပေမယ့် *** ကျမ်းတွေက[၁] အလွန်ခိုင်မာတဲ့ သင်္ဂါယနာတင်ကျမ်းတွေ ဖြစ်တယ်'ဟူ၍ ပြန်လည် အမိန့်ရှိခဲ့ဖူးသည်။

## ပဥ္စမ သင်္ဂါယနာပွဲ၌ ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း

မင်းတုန်းမင်းတရားကြီးသည် ပဥ္စမသင်္ဂါယနာ တင်ရန်အတွက် ပထမဆင့် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ၁၂၂၂ –ခုနှစ်မှ စတင်ကာ ပိဋကတ်တော်များကို

---

၁။ ဤသို့ (***)ဖြင့် မြှုပ်၍ထားသော ကျမ်းအမည်များနှင့် ယောအတွင်းဝန်က လျှောက်ထားသော ပိဋကတ်ဆိုင်ရာ တော်လှန်သော အတွေးအခေါ် အယူအဆများကို 'လယ်တီဆရာတော်အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီးနှင့် စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ် ကျမ်းကြီး၌ အကျယ်တဝင့် မထိမ်မချန် ဖော်ပြထားသည်။

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂၃၀ –ပြည့်နှစ်တွင် အလုံးစုံ ပြီးစီးခဲ့သည်။

ယင်းသို့ ကျောက်ထက်အက္ခရာ ထွင်းထုပြီးနောက် ပိဋကတ်တော်များကို ပဉ္စမ သင်္ဂါယနာ တင်တော်မူခဲ့ရာ –

– သစ်ဆိမ့်တိုက်က ဝိနည်း ပိဋကတ်တော်ကို လည်းကောင်း၊

– စလင်းတိုက်က သုတ္တန် ပိဋကတ်တော်ကို လည်းကောင်း၊

– စံကျောင်းတိုက်က အဘိဓမ္မာပိဋကတ်တော်ကို လည်းကောင်း၊

အသီးသီး တာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း မြဲတိုက်တော်ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြရသည်။

ထိုအခါ စံကျောင်းတိုက်သား တစ်ပါးဖြစ်သော ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်[၁]ကို တာဝန်ယူပြန်ဆိုတော်မူခဲ့သည်။

---

၁။ ကထာဝတ္ထုပါဠိတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ၅ –ခုမြောက်ကျမ်း ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသိတ ဘုရားဟောမဟုတ်ပေ၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဘီစီ ၃–ရာစုတွင် ဗုဒ္ဓဘုရားရှင် ထားတော်မူခဲ့သော မာတိကာကို အကျယ်ချဲ့၍ ဟောကြားထားသောကျမ်း ဖြစ်သည်။ ယင်းကထာဝတ္ထု ပါဠိတော်သည် (၁) အန္ဓက၊ (၂) အပရသေလိယ၊ (၃) ဥတ္တရပထက၊ (၄) ကဿပိက၊ (၅) ဂေါကုလိက၊ (၆) ပုဗ္ဗသေလိယ၊ (၇) ဘဒြယာနိက၊ (၈) မဟာသံဃိက၊ (၉) မဟိသာသက၊ (၁၀) ရာဇဂိရိက၊ (၁၁) ဝဇ္ဇိပုတ္တက၊ (၁၂) ဝေတုလ္လ၊ (၁၃) သဗ္ဗတ္ထိ ဝါဒီ၊ (၁၄) သမ္မိတိယ၊ (၁၅) သိဒ္ဓတ္ထိက၊ (၁၆) ဟေတုဝါဒ ဟူသော ဂိုဏ်းကြီး ၁၆ –ဂိုဏ်းတို့၏ မိစ္ဆာဝါဒ ၁၆ –ချက်ကို ချေဖျက်ထားသောကျမ်း ဖြစ်သည်။

အရှင်မဟာ ဗုဒ္ဓဃောသ ကလည်း ကထာဝတ္ထု အဋ္ဌကထာတွင် နိဒါနကထာ၌ ဒီပဝံသကျမ်းကို မှီငြမ်းပြုကာ ဇမ္ဗူဒိပ်၌ မဟာသံဃိက ဂိုဏ်းကြီးကွဲသည်မှစ၍ ဂိုဏ်း ၁၈ –ဂိုဏ်း ကွဲပြားသွားပုံကို ဖော်ပြဖွင့်ဆိုထားသည်။

ယောအတွင်းဝန်၏ ဩဝါဒအတိုင်း ကမ္ဘာကို ဗုဒ္ဓသာသနာဖြင့် ဖြန့်ချိပြုစုလိုသူတိုင်း ကထာဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာမှာ မလေ့လာလျှင် မဖြစ်သော ကျမ်းများဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည်လည်း ကထာဝတ္ထုကို လေ့လာရင်း ရဟန်းငယ်ဘဝကပင် ကိုးတိုင်းကိုးဌာန သာသနာပြု ခေါင်းဆောင်လည်းဖြစ်၊ တတိယသင်္ဂါယနာ ခေါင်းဆောင်လည်းဖြစ်သူ ကထာဝတ္ထုကျမ်းဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်

www.dhammaransi.com

ကို အားကျခဲ့ဟန်တူသည်။

ထို့ကြောင့်လည်း နောင်လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိသောအခါ နိုင်ငံခြား သာသနာပြုတော်မူရာတွင် ယင်းကထာဝတ္ထုကို စောစီးစွာ လေ့လာထားခဲ့သဖြင့် လယ်တီ ဆရာတော်၏ ကမ္ဘာ့အမြင် – သာသနာပြုအမြင်များမှာ မြန်မာနိုင်ငံကို ကျော်လွှားကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် ခရစ်ယာန်ဝါဒလွှမ်းမိုးရာ အနောက်တိုင်းသို့ ဗုဒ္ဓသာသနာပြုရာ၌ ကထာဝတ္ထုကို လက်နက်ကောင်းတစ်ခုအဖြစ်ဖြင့် ထက်ထက်မြက်မြက် ကိုင်တွယ်အသုံးချနိုင်ခဲ့သည်ဟုလည်း ဆိုရမည်။

ယင်းအကြောင်းများနှင့်တကွ ကထာဝတ္ထုအပေါ် ကမ္ဘာ့ပညာရှင်များ၏ အမြင်များကိုပါ 'လယ်တီဆရာတော်' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀)ကျော် အတွင်းခေါင်းစဉ် (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ်ကျမ်းကြီး၌ တွေ့မြင် ဖတ်ရှုကြရမည်။

မိခင်ရောဝတီ

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ယောအတွင်းဝန်၏ သြဝါဒစကား လျှောက်ထားချက်အရ ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု အဋ္ဌကထာကို အထူးကျွမ်းကျင် နိုင်နင်းအောင် သင်ကြားလေ့လာထားသည့်အတိုင်း ပြတိုက်တော် ရာဇပလ္လင်ထက်၌ ကထာဝတ္ထု ပါဠိတော်ကို အောင်မြင်စွာ ပြန်ဆိုတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

### ပထမစာချ ဖြစ်တော်မူခြင်း

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်းသိက္ခာ ၈–ဝါအရတွင် စံကျောင်း တိုက်၌ ပထမစာချအဖြစ် ချီးမြှောက်ခြင်း ခံခဲ့ရသည်။ ထိုအခါ ရဟန်းတော် အရှင်ဉာဏဓဇသည် တပည့်များအား နိရုတ္တိဉာဏ် ထက်သန်စူးရှရေးအတွက် အခြေခံအဖြစ်ဖြင့် "ပဒရူပသိဒ္ဓိ" သဒ္ဒါကျမ်းကို ဖောက်ချကာ ဖောင်းပေး ပို့ချတော်မူခဲ့သည်။

### ပါရမီပုစ္ဆာ ၂၀ –နှင့် ပါရမီဒီပနီ

ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၄ –ဝါအရတွင် စံကျောင်းဆရာတော် ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀ –ထွက်ပေါ်လာသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

သာဝကတို့၏ ပါရမီနှင့်စပ်ဆိုင်ရာ အချက်ပေါင်း ၂၀ -ကို စံကျောင်းဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် အမေးပုစ္ဆာ ၂၀ -ပြုလုပ်ကာ မေးခွန်းထုတ်ဆင့် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ယင်း အမေးပုစ္ဆာများ၏ အဆုံး၌ '**မယံ စောဒကာ နာမ ကေဒေသပေက္ခကာ**' စသည်ဖြင့် -

'ငါတို့ စောဒက ပုဂ္ဂိုလ်မည်သည်ကား တစ်ဖက်တစ်စိတ်ကိုသာ မျှော်ကုန် ကြည့်ကုန်၏။ အလုံးစုံကို အကုန်မကြည့်ကုန်၊ အကယ်၍ အလုံးစုံကို မျှော်ကုန် ကြည့်ကုန်ပါမူ ယခု ဤမေးခွန်းပုစ္ဆာများသည် မပေါ်ပေါက်ခဲ့ရာ၊ ဤမေးခွန်း ပုစ္ဆာများသည် ပေါ်လည်းပေါ်ခဲ့၏။ ဇမ္ဗူဒီပါ၏ တံခွန်- သာသနာတော်၏ တံခွန်ဖြစ်သော ပညာရှိတို့အတွက် သက်သက် ဤပုစ္ဆာများ ပေါ်ပေါက်လာခြင်း ဖြစ်ရာ ပညာမရှိသော သူတို့သည် ကုပ်၍နောက်ဆုတ်ကြကုန်လော့၊ သင်တို့ ကြောင့်ကြစရာ မဟုတ်ကုန်၊ အဘယ့်ကြောင့်ဆိုသော် ပထမတန်း သာသနာတံခွန် များသည် ဤပုစ္ဆာများကို ဖြေဆိုကြလိမ့်မည် ဖြစ်သောကြောင့်တည်း။'' ဟူ၍ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုမည့်သူကို ဘဝဂ်သို့ တက်ရောက်ရ တော့လုမတတ် မြှောက်ပင့်ရေးသားပြီး မဖြေနိုင်သူများအား လမ်းလေးခွ၌ တည်ရှိသော ရှားငုတ်တိုနှင့်လည်းကောင်း၊ လူအများကျော်လွှား သွားလာရာ တံခါးခုံနှင့်လည်းကောင်း နှိုင်းယှဉ်ဥပမာပေးကာ တုဏှိဘာဝ ဆိတ်ဆိတ်နေကြရန် တားမြစ်နှိမ်ချထားသည်။

ယင်းသို့ ရေးသားထားသည်ကို တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဟန်းတော် အရှင်ဉာဏဓဇသည် 'ဤအမေးပုစ္ဆာ ၂၀ -ကား ငါ့ကိုစွဲ၍ ငါ့အတွက် သက်သက်ဖြစ်ပေါ်လာပြီတကား' ဟု အားတက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် နိကာယ် ငါးရပ် ပိဋကတ်ကို မွှေနှောက်ချောက်ချားပြီး ယင်းအမေးပုစ္ဆာ ၂၀ -ကို ပါဠိလို ရေးသားဖြေဆိုကာ စံကျောင်းဆရာတော်ဘုရားကြီးအား ဆက်ကပ်လိုက်သည်။

www.dhammaransi.com



## မှန်းချက်နှင့် နှမ်းထွက်မကိုက်ခြင်း

ယင်းသို့ ရေးသားဖြေဆိုလိုက်သော်လည်း ရဟန်းတော် အရှင်ဉာဏဓဇ အနေဖြင့် 'မှန်းချက်နှင့် နှမ်းထွက်'မကိုက်အောင် ဖြစ်ခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ရဟန်းတော် အရှင်ဉာဏဓဇ၏ ဖြေဆိုချက်ကို စံကျောင်းဆရာတော် ဘုရားကြီးက နှစ်သက်လိုလားတော် မမူသောကြောင့် ဖြစ်သည်။

အလုံ ဦးပဏ္ဍိတနှင့် စလင်း ဦးပဏ္ဍိစ္စဟူ၍ တပည့်နှစ်ပါးရှိသည့်အနက် အလုံဦးပဏ္ဍိတ၏ တပည့်တပန်းများကိုသာ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုစေလိုသောကြောင့် မနှစ်သက် မလိုလားခြင်း ဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ရှိသည်။

## ပထမဆုံး လယ်တီဒီပနီ

ယခုအခါ ပုံနှိပ်စာအုပ်အဖြစ်ဖြင့် တွေ့မြင် ဖတ်ရှုနေကြရသော ပါရမီ ဒီပနီကျမ်းစာအုပ်မှာ ရဟန်းတော် အရှင်ဉာဏဓဇ ဘဝက ဖြေဆိုခဲ့သော ယင်းအမေးပုစ္ဆာ ၂၀ –၏ အဖြေပင် ဖြစ်သည်။ လယ်တီဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံးလက်ရာ၊ ပထမဆုံး လယ်တီဒီပနီကျမ်း စာအုပ်လည်း ဖြစ်သည်။[၁]

## နွားသားရှောင်ကြဉ်ရေးနှင့် လယ်တီတိုက်တည်ထောင်ခြင်း

၁၂၄၄ –နှစ်တွင် ရဟန်းတော် အရှင်ဉာဏဓဇသည် မန္တလေးရွှေမြို့တော်မှ မုံရွာမြို့နယ် ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။

၁၂၄၇ –ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ရာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့သည်။

၁။ ထိုစဉ်က အရှင်ဉာဏဓဇအား စံကျောင်းဆရာတော်ဘုရား မိန့်မြွက်တော်မူသော စကား အပြည့်အစုံနှင့် အဖြစ်အပျက် အစုံအလင်ကို 'လယ်တီဆရာတော်'အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော် ဆိုက်ကြီး အရွယ်ကြီးနှင့် အတ္ထုပ္ပတ္တိ အကျယ်စာအုပ်၌ အကျယ်တဝင့် ဖော်ပြထားသည်။

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်စားသောက်ကြရာ မြန်မာ့လူနေမှုစနစ်နှင့်လည်းကောင်း၊ မြန်မာဘာသာရေး (ဗုဒ္ဓဘာသာ)နှင့် လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

စင်စစ် မြန်မာနိုင်ငံသည် ပကတိ ရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံသာ ဖြစ်သည်။ လယ်ယာကိုင်းကျွန်းကို ပဓာန စီးပွားရေးအဖြစ်ဖြင့် အားထားမှီခိုနေရသော နိုင်ငံသာ ဖြစ်သည်။ စက်မှုသိပ္ပံမထွန်းကားသော နိုင်ငံဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲနွားများကို အားကိုးကာ ထွန်ယက်စိုက်ပျိုးနေကြရာ ကျွဲနွားများသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် မရှိမဖြစ်သော ကုန်ထုတ်ကိရိယာ ဖြစ်သလောက် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံး၏ အသက်သခင်များလည်း ဖြစ်သည်။ ကျေးဇူးရှင်လည်း ဖြစ်ကြသည်။

သို့ဖြစ်ရာ အသက်သခင် ကျေးဇူးရှင်များဖြစ်ကြသော ကျွဲနွားများကို ဘယ်နည်းနှင့်မျှ သတ်ဖြတ်စားသောက်ခြင်း မပြုထိုက်ဟု ဆရာတော် အရှင်ဉာဏဓဇက ခံယူသည်။

ထို့ကြောင့်လည်း အရှင်ဉာဏဓဇသည် ကိုယ်တော်တိုင်လည်း နွားသားကို ရှောင်ကြဉ်တော်မူသည်။ တပည့်တပန်း ရဟန်းသံဃာတော်များနှင့် ပြည်သူအများကိုလည်း နွားသားရှောင်ကြဉ်ရန် 'နွားမေတ္တာစာ'ကို ရေးသားကာ လှုံ့ဆော်တော်မူခဲ့သည်။

ထို့နောက် ၁၂၄၈ –ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေသင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော်ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်ကြားလာသည်။

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

### ပရမတ္ထဒီပနီ သင်္ဂြိုဟ် မဟာဋီကာသစ်

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူသည့်ကြားမှ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော 'ပရမတ္ထဒီပနီဋီကာ'ကို ပါဠိဘာသာဖြင့် ၁၂၅၉-ခုနှစ်တွင် အပြီးရေးသား ပြုစုတော်မူသည်။

ယင်း ဋီကာမှာ ယခုအခါ 'လယ်တီဋီကာ' ဟူသော အမည်ဖြင့် လူသိများ နေကြသော်လည်း အမည်အပြည့်အစုံမှာ 'ပရမတ္ထဒီပနီ'ခေါ် 'သင်္ဂြိုဟ် မဟာ ဋီကာသစ်' ဟူ၍ ဖြစ်သည်။

### နှစ်ပေါင်း ၃၅ -နှစ်ကြာ ဋီကာ စစ်ပွဲကြီး

သို့သော် လယ်တီဆရာတော်သည် ပရမတ္ထဒီပနီဋီကာဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရာ၌ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်အတွေးအခေါ်၊ ကိုယ့် အယူအဆတို့ဖြင့် ရိုးရိုးဖွင့်ဆိုခြင်းမပြုပဲ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်း ၌ အချက်ပေါင်း ၂၄၅ -ချက်တိတိ မှားယွင်း ချွတ်ချော်နေသည်ဟု ထောက်ပြကာ 'န သုန္ဒရံ' 'န ယုဇ္ဇတိ' 'န သမေတိ' စသော ခပ်ကြမ်းကြမ်း စကားလုံး များဖြင့် ဋီကာကျော်မှ အဆိုပါ အချက်များကို ပယ်ဖျက်ပစ်ခဲ့သည်။

အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်မှာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိပညာရေး၌ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာကျမ်းတစ်ကျမ်း အဖြစ်ဖြင့် သင်ရိုးပြုကာ သင်ကြားပို့ချမှုကို ခံယူနေရသော ဋီကာဖြစ်သည်။

ထို့ကြောင့်လည်း ယင်းကဲ့သို့ လယ်တီဆရာတော်က ဋီကာကျော်မှ အချို့ အချက်အလက်များကို ပယ်ဖျက်လိုက်သောအခါ၌ သာသနာတော်တစ်ခုလုံး ပွက်လောရိုက်ကာ ဋီကာကျော်ဖက်မှ ပြန်လည်ခုခံ ရေးသားလာကြသော ဋီကာများ ပေါ်ထွက်လာသည်။

သို့ဖြင့်ပင် လယ်တီဋီကာ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂-ခုနှစ်မှ ၁၂၉၇ -ခုနှစ်လောက်အထိ ၃၅ -နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ 'ဋီကာစစ်ပွဲကြီး' ဖြစ်ပွားခဲ့သည်။ ယင်း ၃၅ -နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာသော ဋီကာကျမ်းများမှာ ၄၀ -ခန့် အရေအတွက်ရှိသည်ဟု

www.dhammaransi.com



စာရင်းအရ သိရှိရသည်။ ယင်း ၄၀ -ခန့်တွင် ပါဠိဘာသာဖြင့် ရေးသားသော ဋီကာကျမ်းများအပြင် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းများလည်း ပါဝင်ခဲ့သည်။[၁]

## မူလဋီကာနှင့် အနုဋီကာ

ဋီကာကျော်ဆရာသည် မူလဋီကာထက် အနုဋီကာကို ပိုမိုနှစ်သက် ဟန်တူသည်။ ခဲရာခဲဆစ် ဌာနများကို အကိုးသာဓကမူရာ၌ ဋီကာကျော်ဆရာ သည် '**ဝဠ္ဌ ကတ္တာ ဝုတ္တံ အာစရိယဓမ္မ ပါလတ္ထေရေန**'ဟူ၍ အာစရိယ ဓမ္မပါလခေါ် အနုဋီကာဆရာ အရှင်ဓမ္မပါလ၏ အဆိုအမိန့်များကို ထုတ်ဆောင် ပြလေ့ရှိသည်။

လယ်တီဆရာတော်ကမူ '**အာစရိယာနန္ဒထေရော ပန**'စသည်ဖြင့် မူလဋီကာဆရာ အရှင်အာနန္ဒာ၏ အမည်ကို လေးလေးစားစား ခေါ်ဝေါ်ရေးသားပြီး မူလဋီကာဆရာ၏ အယူအဆများကို ဖော်ထုတ်ကာ လက်ရုံးတမ်းလေ့ရှိသည့် အပြင် တစ်ခါတစ်ရံ အဠကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အဆို အမိန့်များကိုပင် ကျောခိုင်းဖွင့်ဆိုထားသည်ကို ကျောချမ်းစရာ ကောင်းလောက် အောင် တွေ့ရှိနေရပေသည်။

## သီဟိုဠ်ကို အန်တုနိုင်သော လယ်တီဋီကာ

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း၌ ပုဂံခေတ်က သီဟိုဠ်ကို အန်တုနိုင်သော အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီး ပေါ်ထွက်နိုင်ခဲ့သလို

၁။ ၃၅ -နှစ်ကြာ ဋီကာစစ်ပွဲအတွင်းက ထွက်ပေါ်လာခဲ့သော ပါဠိဘာသာရေး ဋီကာကျမ်းများ နှင့် မြန်မာဘာသာရေးကျမ်းများ၏ မျက်နှာဖုံးပုံများ ယင်းဋီကာ ကျမ်းပြုပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် ဋီကာစစ်ပွဲအတွင်း ဘောင်ဘင်ခတ်ခဲ့သော စာပေလှုပ်ရှားမှု အပြည့်အစုံ များကို စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ပါရှိသည့် 'လယ်တီဆရာတော်'အမည်ဖြင့် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီး အတ္ထုပ္ပတ္တိ အကျယ်စာအုပ်ကြီး၌ ဖော်ပြထားသည်။

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မျက်မှောက်ခေတ်၌လည်း ပရမတ္ထဒီပနီ လယ်တီဋီကာဖြင့် သီဟိုဠ်အား အံ့တု နိုင်ခဲ့ခြင်းကိုကား မည်သူမျှ ငြင်းနိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်ရာ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့ သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ်ဖြင့် ယခုအခါ သမိုင်းသုတေသီတိုင်းက အသိအမှတ် ပြုနေကြရပြီ ဖြစ်ပေသည်။

## လှည့်လည်တရားဟောခြင်းနှင့် ဝါဆိုစဉ်အကျဉ်း

လယ်တီဆရာတော်ဘုရားကြီးသည် လယ်တီတိုက်ကြီးကို တည်ထောင် ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေပို့ချတော်မူပြီးနောက် ၁၂၅၇- ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည် ကြွရောက်တော် မူပြီး ဝါဆိုသင့်သော အရပ်ဒေသများတွင် ဝါဆိုလျက် ကျွတ်ထိုက်သူ ဝေနေယျတို့ အတွက် နိယျာနိကအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ် အနှစ်သာရလည်း ဖြစ်သော ဝိပဿနာတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော် မူခဲ့သည်။

ယင်းသို့ ကြွရောက်သီတင်းသုံးကာ တရားဟောရာ ဒေသများနှင့် ဝါဆိုရာ ဌာနများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၂၅၇- ခုနှစ်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှ အပြန်တွင် အမြို့မြို့ အနယ်နယ်သို့ လှည့်လည်ကာ တရားဟောတော်မူသည်။

၁၂၅၈- ခုနှစ်၊ ဟံသာဝတီနယ် တွံတေးတောကြီးတန်း ဆပဂံတောရ၌ သီတင်းသုံးတော်မူသည်။

၁၂၅၉- ၆၀ -ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသည်။ ၁၂၆၀ -ပြည့်နှစ်တွင် သေက္ခတောင် ဆရာတော် အရှင်တိလောက ၏ ပင့်လျှောက်ချက်အရ သေက္ခတောင်တွင် တစ်လခန့် သီတင်း သုံးတော်မူသည်။

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

၁၂၆၁– ခုနှစ်၊ မုံရွာမြို့လယ်စဉ့်ရွာ ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်း၌ ဝါကပ်တော်မူသည်။

၁၂၆၂– ခုနှစ်၊ ဒီပဲယင်းမြို့၏ မြောက်ဖက် မဟာမြိုင်တောကြီး၌ ဝါဆိုတော်မူသည်။

၁၂၆၃– ၆၄ –ခုနှစ်၊ အလုံမြို့၏ အနောက်ဘက်လည်းဖြစ်၊ သလ္လာဝတီ မြစ်၏ အနောက်ဘက်လည်းဖြစ်သော ရွှေတောင်ဦးတောင် ကျောက်ဂူ၌ ဝါဆိုတော်မူသည်။

၁၂၆၅– ခုနှစ်၊ မုံရွာမြို့၏ အနောက်လက်ပန်းတောင်းတောင် စကြံ ကျောင်း၌ သီတင်းသုံးတော်မူသည်။ ယင်းနှစ်တွင် ကင်းဝန် မင်းကြီး ပင့်လျှောက်သောကြောင့် မန္တလေးမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၆– ခုနှစ်၊ ပျဉ်းမနားမြို့ မြောက်ဘက် အင်ကြင်းမြိုင်တောရ စကြံ ကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၆၇– ခုနှစ်၊ မြင်းခြံမြို့ ရေကန်ကြီးအနီး၌ ဝါဆိုတော်မူသည်။ ယင်းနှစ် တွင် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၈– ခုနှစ်၊ ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှစ၍ တရားပွဲများ ကျင်းပဟောပြောတော်မူသည်။

၁၂၆၉– ခုနှစ်၊ မင်းလှမြို့ ပက်တန်းတောရ၌ ဝါဆိုတော်မူသည်။ ထို နှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၀– ခုနှစ်၊ မော်လမြိုင်မြို့ ကျိုက်သံလံ တောင်တန်းရှိ အလံတိုင် တောင်ထိပ် ဝါဆိုကျောင်း၌ ဝါဆိုတော်မူပြီး ပုသိမ်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၁– ခုနှစ်၊ သာပေါင်းမြို့၌ ဝါကပ်တော်မူသည်။

၁၂၇၂– ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ ဝါဆိုတော်မူပြီး စစ်ကိုင်းမြို့ ရွှေဘိုမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့များသို့ ကြွရောက်ကာ

www.dhammaransi.com



တရားဟောတော်မူသည်။ ပလိပ်ရောဂါ ပပျောက်ရန် စီမံတော်မူသည်။

၁၂၇၃- ခုနှစ်၊ ရန်ကုန်မြို့ ညောင်ကုန်းတိုက်၌ ဝါဆိုတော်မူသည်။

၁၂၇၄- ခုနှစ်၊ စစ်ကိုင်းမြို့၌ ဝါဆိုတော်မူသည်။

၁၂၇၅- ၇၆ -၇၇ -ခုနှစ်၊ မန္တလေးမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၇၈- ခုနှစ်၊ ပျဉ်းမနားမြို့၊ အင်ကြင်းမြိုင်တောရ၌ ဝါဆိုတော်မူသည်။

၁၂၇၉- ခုနှစ်၊ မုံရွာမြို့၊ မဟာလယ်တီတိုက်၌ နောက်ဆုံး ဝါဆိုတော်မူသည်။

၁၂၈၀- ပြည့်နှစ်၊ မြစ်သားမြို့၌ ဝါဆိုတော်မူသည်။

၁၂၈၁- ခုနှစ်၊ ရန်ကုန်မြို့ ကျောင်းဝိုင်းကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှ အပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံတော်မူသည်။ ထို့နောက် ယင်းဆရာတော်ကြီး နှစ်ပါးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားပွဲကြီးများ ကျင်းပဟောကြားတော် မူကြသည်။

၁၂၈၂- ခုနှစ်၊ ကတွန်သတ္တုတွင်း၌ ဝါကပ်တော်မူသည်။

၁၂၈၃- ခုနှစ်၊ စစ်ကိုင်းမြို့ ဇေတဝန်တိုက်၌ ဝါဆိုတော်မူသည်။

၁၂၈၄- ခုနှစ်၊ ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ခံယူရရှိတော်မူခြင်း

၁၂၇၇ -ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ -ရက် (၇ -၁၁ -၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ အစိုးရ၏ "အဂ္ဂ-မဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။[1]

## နိုင်ငံခြားသာသနာပြုတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်၍ ဝိပဿနာ တရားဟောကြားကာ သာသနာပြုရုံမျှသာမကပဲ ၁၂၇၅ -ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးကို ကြီးမှူးတည်ထောင်ပြီးလျှင် လန်ဒန်မြို့ရှိ ဂရိတ်ဘရိတန် အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန် ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့ပြန်သည်။

---

၁။ ၁၂၇၆ -ခုနှစ်က 'အဂ္ဂမဟာပဏ္ဍိတ' ရရှိသူများကို ၁၂၇၇ -ခုနှစ်၌ ဆက်ကပ်ပွဲပြုလုပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်၌ '၁၂၇၆ -ခုနှစ်'ဟု ရေးထိုးထားသည်။ ယခုအခါ လယ်တီဆရာတော်၏ ထေရုပ္ပတ္တိ အများအပြား၌လည်းကောင်း၊ '၁၂၇၃-ခုနှစ်က အဂ္ဂမဟာ ပဏ္ဍိတရသည်'ဟု ရေးသားထားကြသည်မှာ မမှန်ပေ။ ၁၂၇၆-ခုနှစ်ကြမှ ရခြင်းသာ ဖြစ်သည်။ ယင်းအကြောင်းကို 'လယ်တီဆရာတော်' ဟူသော စာမျက်နှာ (၁၀၀၀)ကျော်၊ အရွယ်ကြီး ဆိုက်ကြီး အတ္ထုပ္ပတ္တိအကျယ် စာအုပ်ကြီး၌ အကျယ်ဖတ်ရှုကြရမည်။

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

## 'ဒီလစ်'ဘွဲ့ ရရှိတော်မူခြင်း

၁၂၈၃ –ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

## စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း

၁၂၈၅ –ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ –ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂ –နာရီ ၃၀ –မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

❀ ❀ ❀ ❀ ❀

www.dhammaransi.com

ဆရာတော်ရေးပြသမျှ ရေးရသည့်ချည်းပင်
ဆရာတော်၏ စာအုပ်မှန်သမျှ အနှစ်သာရ ပြည့်ဝသည့်
ကျမ်းပြုအကျော် **သပြေကန်ဆရာတော်ဘုရားကြီး၏**
ကျမ်းစာအုပ်ဖြစ်သည့်

✳ ဗုဒ္ဓ၏ ဓမ္မအနှစ်ချုပ်ကို ဖော်ပြသည့် နိဗ္ဗာန်တံခါးဖွင့်သော ဂါထာများ ဖြစ်သည့် ဓမ္မပဒပါဠိတော်ကို အဋ္ဌကထာ ဆရာတို့၏၊ အဆိုအမိန့်နှင့် ကိုက်ညီအောင် ဆိုင်ရာပုဒ်တို့၏ ဓမ္မသဘာဝကိုလည်း ပေါ်လွင်အောင်၊ သောတရသလည်းရှိအောင် အနက်ပေး မြန်မာပြန်ထားသဖြင့် ရဟန်း၊ ရှင်၊ လူ သုတေသီနှင့် စာသင်သားမှန်သမျှ လက်မလွှတ်တမ်း သုံးစွဲကြရမည့် . . . . .

# သပြေကန် ဓမ္မပဒ

## ပါဠိတော် နိဿယသစ်

What is a real happiness?

ယနေ့ ရှေ့နားကွပ်ထားသည့် ဖောက်ပြန်မှု လူမှုလောက၏ အပူမီးလျှံထဲမှ ရုန်းထွက်၍ ပျော်ရွှင်မှု ချမ်းသာစစ်စစ်ကို ရှာဖွေလိုကြသူများ အတွက် . .

မဝိမလ ၏

# အရိယာနိုင်ငံ

(သို့မဟုတ်)

# ချမ်းမြေ့ရိပ်မြုံ

ဖြန့်ချိရေး- မိခင်ဇရာဝတီစာအုပ်တိုက် ☎ ၀၁- ၇၀၁၄၃၁

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ဝိပဿနာဒီပနီ** | | |
| ၁။ | ဝိပလ္လာသကထာ | ..... | ၁ |
| ၂။ | ဝိပလ္လာသတရား ၃-ပါး | ..... | ၁ |
| ၃။ | ဝိပလ္လာသဥပမာ ၃-ပါး | ..... | ၂ |
| ၄။ | မညနာကထာ | ..... | ၅ |
| ၅။ | မညနာတရား ၃-ပါး | ..... | ၅ |
| ၆။ | အဘိနိဝေသကထာ | ..... | ၇ |
| ၇။ | အဘိနိဝေသတရား ၂-ပါး | ..... | ၇ |
| ၈။ | ဘူမိကထာ | ..... | ၈ |
| ၉။ | ဘူမိအပြား ၂-ပါး | ..... | ၈ |
| ၁၀။ | ဂတိကထာ | ..... | ၉ |
| ၁၁။ | ဂတိအပြား ၂-ပါး | ..... | ၉ |
| ၁၂။ | သစ္စကထာ | ..... | ၁၇ |
| ၁၃။ | သစ္စာတရား ၂-ပါး | ..... | ၁၇ |
| ၁၄။ | သမ္မုတိသစ္စာ၏အဓိပ္ပါယ် | ..... | ၁၇ |
| ၁၅။ | ပရမတ္ထသစ္စာ၏အဓိပ္ပါယ် | ..... | ၁၈ |
| ၁၆။ | ဓာတရုပ် ၁၈-ပါး | ..... | ၂၁ |
| ၁၇။ | မဟာဘုတ်ကြီး ၄-ပါး | ..... | ၂၁ |
| ၁၈။ | ဝတ္ထုရုပ် ၆-ပါး | ..... | ၂၁ |
| ၁၉။ | ဘာဝရုပ် ၂-ပါး | ..... | ၂၂ |
| ၂၀။ | ဇီဝိတရုပ် | ..... | ၂၃ |
| ၂၁။ | အာဟာရရုပ် | ..... | ၂၃ |
| ၂၂။ | ဂေါစရရုပ် ၄-ပါး | ..... | ၂၄ |
| ၂၃။ | အဇာတရုပ် ၁၀-ပါး | ..... | ၂၄ |
| ၂၄။ | အာကာသဓာတ် | ..... | ၂၄ |
| ၂၅။ | ဝိညတ်ရုပ် ၂-ပါး | ..... | ၂၅ |
| ၂၆။ | ဝိကာရရုပ် ၃-ပါး | ..... | ၂၆ |
| ၂၇။ | လက္ခဏာရုပ် ၄-ပါး | ..... | ၂၆ |
| ၂၈။ | ရူပသမုဋ္ဌာန ရုပ်ဖြစ်ကြောင်းတရား ၄-ပါး | ..... | ၂၈ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၉။ | နာမ်တရား (၅၄)ပါး | ..... | ၃၀ |
| ၃၀။ | စိတ် ၆–မျိုး | ..... | ၃၀ |
| ၃၁။ | စေတသိက် (၅၂) | ..... | ၃၁ |
| ၃၂။ | သဗ္ဗစိတ္တက စေတသိက်(၇)ပါး | ..... | ၃၂ |
| ၃၃။ | ပကိဏ်း စေတသိက်(၆)ပါး | ..... | ၃၃ |
| ၃၄။ | အကုသိုလ် စေတသိက်(၁၄)ပါး | ..... | ၃၄ |
| ၃၅။ | ကုသိုလ်စေတသိက် (၂၅)ပါး | ..... | ၃၆ |
| ၃၆။ | နိဗ္ဗာန် ၃–ပါး | ..... | ၃၉ |
| ၃၇။ | ပစ္စယကထာ | ..... | ၃၉ |
| ၃၈။ | အဘိညာကထာ | ..... | ၄၃ |
| ၃၉။ | အဘိညာဏ် ၂–ပါး | ..... | ၄၃ |
| ၄၀။ | ပရိညာကထာ | ..... | ၄၅ |
| ၄၁။ | ပရိညာ ၃–ပါး | ..... | ၄၅ |
| ၄၂။ | အနတ္တလက္ခဏာ | ..... | ၆၂ |
| ၄၃။ | အနတ္တဟူသောစကား၏အနက်သွား | ..... | ၆၃ |
| ၄၄။ | ဝိပဿနာဉာဏ်သုံးပါး | ..... | ၆၇ |
| ၄၅။ | ပဟာနပရိညာအကျယ် | ..... | ၆၉ |
| ၄၆။ | ဘူမိအပြား ၃–ပါး | ..... | ၇၀ |
| ၄၇။ | ဝိပဿနာလုပ်ငန်း | ..... | ၇၂ |
| ၄၈။ | နိဂုံး | ..... | ၇၅ |


# သမ္မာဒိဋ္ဌိဒီပနီ


| | | | |
|---|---|---|---|
| ၄၉။ | ပဏာမ | ..... | ၇၆ |
| ၅၀။ | ဝါဒနိဂ္ဂဟပါဠိ | ..... | ၇၇ |
| ၅၁။ | ဝါဒနိဂ္ဂဟနိဿယ | ..... | ၈၀ |
| ၅၂။ | ပုဗ္ဗေကတဟေတုဝါဒကို နှိပ်နင်းခြင်း | ..... | ၈၂ |
| ၅၃။ | ဣဿရနိမ္မာနဝါဒကို နှိပ်နင်းခြင်း | ..... | ၈၅ |
| ၅၄။ | အဟေတုကဝါဒကို နှိပ်နင်းခြင်း | ..... | ၈၈ |
| ၅၅။ | ဒိဋ္ဌိ ၃–ပါး | ..... | ၉၀ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၆။ | ပုဗ္ဗေကတဟေတု ဝါဒနိဂ္ဂဟ | ..... | ၉၂ |
| ၅၇။ | ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် စိတ်ကောင်းများ မဖြစ်နိုင်ပုံ | ..... | ၉၄ |
| ၅၈။ | ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် သူတော်ကောင်းတရား ပျက်ပြားနိုင်ပုံ | ..... | ၉၅ |
| ၅၉။ | ပြုလုပ်ဖွယ်မရှိ အကိရိယဖြစ်နိုင်ပုံ | ..... | ၉၆ |
| ၆၀။ | သာဓနီယဋ္ဌာနကြီး ၃-ပါး | ..... | ၉၈ |
| ၆၁။ | အတီတကမ္မသာဓနီယဋ္ဌာန | ..... | ၉၉ |
| ၆၂။ | ပစ္စုပ္ပန္နကမ္မသာဓနီယဋ္ဌာန | ..... | ၁၀၀ |
| ၆၃။ | မိဿကနယ | ..... | ၁၀၁ |
| ၆၄။ | အတိတ်ကံကြီးသူ ၃-ယောက် | ..... | ၁၀၁ |
| ၆၅။ | အတိတ်ကံအလတ်ရှိသူ ၃-ယောက် | ..... | ၁၀၂ |
| ၆၆။ | အတိတ်ကံငယ်သူ ၃-ယောက် | ..... | ၁၀၃ |
| ၆၇။ | ဝီရိယသာဓနီယဋ္ဌာန၊ ပညာသာဓနီယဋ္ဌာန ၂-ပါးတို့ကိုပြဆိုခြင်း | ..... | ၁၀၃ |
| ၆၈။ | အတိတ်ပစ္စုပ္ပန်ကံနှစ်ရပ်နှင့် ဉာဏ်ဝီရိယဆက်စပ်နေပုံ | ..... | ၁၀၄ |
| ၆၉။ | "ကမ္မဿကာ"စသော ၅-ပါး | ..... | ၁၀၆ |
| ၇၀။ | ကမ္မဒါယာဒ | ..... | ၁၀၈ |
| ၇၁။ | ကမ္မယောနိ | ..... | ၁၀၈ |
| ၇၂။ | ကမ္မဗန္ဓု | ..... | ၁၀၈ |
| ၇၃။ | ကမ္မပ္ပဋိသရဏ | ..... | ၁၀၉ |
| ၇၄။ | ပစ္စုပ္ပန်၌ ကမ္မဿကာစသည် ငါးပါး | ..... | ၁၁၀ |
| ၇၅။ | ဣဿရနိမ္မာနဝါဒနိဂ္ဂဟ | ..... | ၁၁၁ |
| ၇၆။ | အဟေတုကဝါဒနိဂ္ဂဟ | ..... | ၁၁၆ |
| ၇၇။ | ကမ္မဿကာဝါဒ | ..... | ၁၁၉ |
| ၇၈။ | အတ္တဒိဋ္ဌိကို ပြဆိုခြင်း | ..... | ၁၂၆ |
| ၇၉။ | အတ္တဒိဋ္ဌိကွာရာ၌ အကျိုး | ..... | ၁၃၀ |
| ၈၀။ | အတ္တနှင့်အနတ္တ | ..... | ၁၃၆ |
| ၈၁။ | အတ္တနိယကို ပြဆိုခြင်း | ..... | ၁၄၇ |
| ၈၂။ | သမ္မာဒိဋ္ဌိကြီး ၅-ပါး | ..... | ၁၅၁ |
| ၈၃။ | နိဂုံး | ..... | ၁၆၃ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## မဂ္ဂင်ဒီပနီ

| | | | |
|---|---|---|---|
| ၈၄။ | မဂ္ဂင် ၈-ပါး ပါဠိအနက် | ..... | ၁၆၇ |
| ၈၅။ | သမ္မာဝါစာ ၄-ပါးပါဠိအနက် | ..... | ၁၇၀ |
| ၈၆။ | သမ္မာအာဇီဝ ၄-ပါးပါဠိအနက် | ..... | ၁၇၂ |
| ၈၇။ | သမ္မာဝါယာမ ၄-ပါးပါဠိအနက် | ..... | ၁၇၃ |
| ၈၈။ | ကမ္မသကာပုဒ်အဖွင့် | ..... | ၁၇၅ |
| ၈၉။ | ကမ္မဒါယာဒပုဒ်အဖွင့် | ..... | ၁၈၃ |
| ၉၀။ | ကမ္မယောနိပုဒ်အဖွင့် | ..... | ၁၈၅ |
| ၉၁။ | ကမ္မပ္ပဋိသရဏာပုဒ်အဖွင့် | ..... | ၁၈၇ |
| ၉၂။ | ဒသဝတ္ထုကသမ္မာဒိဋ္ဌိနိဒ္ဒေသ | ..... | ၁၉၇ |
| ၉၃။ | စတုသစ္စသမ္မာဒိဋ္ဌိနိဒ္ဒေသ | ..... | ၂၀၅ |
| ၉၄။ | သမ္မာဝါစာနိဒ္ဒေသ | ..... | ၂၁၁ |
| ၉၅။ | သမ္မာအာဇီဝနိဒ္ဒေသ | ..... | ၂၁၃ |
| ၉၆။ | သမ္မာဝါယာမနိဒ္ဒေသ | ..... | ၂၁၅ |
| ၉၇။ | သမ္မာသတိနိဒ္ဒေသ | ..... | ၂၁၈ |
| ၉၈။ | ဝဋ် ၃-ပါး ၄-လီ ပြဆိုခန်း | ..... | ၂၂၁ |
| ၉၉။ | မဂ္ဂင်နှင့်ဝဋ် တွဲဖက်ခန်း | ..... | ၂၂၃ |
| ၁၀၀။ | မဂ္ဂင်ကိုခန္ဓာ ၃-ပါး ဖွဲ့ပုံ | ..... | ၂၂၇ |
| ၁၀၁။ | သီလက္ခန္ဓမဂ္ဂင် ထူထောင်ပုံ | ..... | ၂၂၉ |
| ၁၀၂။ | သမာဓိက္ခန္ဓမဂ္ဂင် ထူထောင်ပုံ | ..... | ၂၃၅ |
| ၁၀၃။ | ပညာက္ခန္ဓမဂ္ဂင် ထူထောင်ပုံ | ..... | ၂၃၈ |
| ၁၀၄။ | ဦးခေါင်း၌သက္ကာယဒိဋ္ဌိ, သမ္မာဒိဋ္ဌိ ဖြစ်ပုံ | ..... | ၂၄၂ |
| ၁၀၅။ | မဂ္ဂင် ၈-ပါး ထူထောင်ပုံအကျဉ်း | ..... | ၂၄၆ |

## စတုသစ္စဒီပနီ

| | | | |
|---|---|---|---|
| ၁၀၆။ | ခန္ဓာစသည်ကို ပြဆိုချက် | ..... | ၂၄၈ |
| ၁၀၇။ | ဒုက္ခသစ္စာအနက် ၄-ချက် | ..... | ၂၅၄ |
| ၁၀၈။ | သမုဒယ, နိရောဓသစ္စာအနက် ၄-ချက် | ..... | ၂၅၅ |
| ၁၀၉။ | မဂ္ဂသစ္စာအနက် ၄-ချက် | ..... | ၂၅၆ |
| ၁၁၀။ | ဒုက္ခသစ္စာအနက် ၄-ချက် အဓိပ္ပါယ် (အကျယ်) | ..... | ၂၅၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁၁။ | ဗြဟ္မာ့ပြည်၌ ဒုက္ခဒဏ်ချက် | ..... | ၂၅၇ |
| ၁၁၂။ | နတ်ပြည်၌ဒုက္ခဒဏ်ချက် | ..... | ၂၅၈ |
| ၁၁၃။ | လူ့ပြည်၌ဒုက္ခဒဏ်ချက် | ..... | ၂၆၁ |
| ၁၁၄။ | အပါယ်ဘုံ၌ဒုက္ခဒဏ်ချက် | ..... | ၂၆၃ |
| ၁၁၅။ | လယ်သမား၌ဒုက္ခဒဏ်ချက် | ..... | ၂၆၅ |
| ၁၁၆။ | ၆- ပါးသော ဒွါရအာရုံတို့မှ တဏှာမီးတောက်ပုံ | ..... | ၂၆၈ |
| ၁၁၇။ | သက္ကာယဒိဋ္ဌိ | ..... | ၁၆၉ |
| ၁၁၈။ | သံသရာတွင် ကျင်လည်ရပုံ | ..... | ၂၇၁ |
| ၁၁၉။ | သူသတ်ယောက်ျား | ..... | ၂၇၂ |
| ၁၂၀။ | သမုဒယသစ္စာအနက် ၄-ချက်အဓိပ္ပါယ် (အကျယ်) | ..... | ၂၇၇ |
| ၁၂၁။ | သမုဒယအနက် ၂၄-ချက် | ..... | ၂၇၈ |
| ၁၂၂။ | ကာမတဏှာကို ထင်စွာပြဆိုချက် | ..... | ၂၇၉ |
| ၁၂၃။ | မဂ္ဂသစ္စာအနက် ၄-ချက်အဓိပ္ပါယ် (အကျယ်) | ..... | ၂၈၁ |
| ၁၂၄။ | နိယျာနဋ္ဌကို ခံစားရပုံ | ..... | ၂၈၁ |
| ၁၂၅။ | ဟေတုဋ္ဌကို ခံစားရပုံ | ..... | ၂၈၃ |
| ၁၂၆။ | ဒဿနဋ္ဌကို ခံစားရပုံ | ..... | ၂၈၄ |
| ၁၂၇။ | အဓိပတေယျဋ္ဌကို ခံစားရပုံ | ..... | ၂၈၄ |
| ၁၂၈။ | နိရောဓသစ္စာအနက် ၄-ချက်အဓိပ္ပါယ် (အကျယ်) | ..... | ၂၈၅ |
| ၁၂၉။ | နိဿရဏဋ္ဌအဖွင့် | ..... | ၂၈၈ |
| ၁၃၀။ | ပဝိဝေကဋ္ဌအဖွင့် | ..... | ၂၈၉ |
| ၁၃၁။ | အသင်္ခတဋ္ဌအဖွင့် | ..... | ၂၈၉ |
| ၁၃၂။ | အမတဋ္ဌအဖွင့် | ..... | ၂၉၀ |
| ၁၃၃။ | သစ္စာအနက် ၁၆-ချက်နှင့်ကိစ္စ ၄-ပါးတွဲပုံ | ..... | ၂၉၁ |
| ၁၃၄။ | လက္ခဏာရေး ၃-ပါး၌ ဝင်ပုံ | ..... | ၂၉၁ |
| ၁၃၅။ | တိုက်တွန်းခြင်း ဥယျောဇဉ် | ..... | ၂၉၃ |
| ၁၃၆။ | နိဂုံး | ..... | ၂၉၄ |


## ဗောဓိပက္ခိယဒီပနီ


| | | | |
|---|---|---|---|
| ၁၃၇။ | အဘိယာစကလျှောက်လွှာ | ..... | ၂၉၅ |
| ၁၃၈။ | ပဋိညာဉ် | ..... | ၂၉၆ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၉။ | ပုဂ္ဂိုလ်ခွဲခန်း | ..... | ၂၉၆ |
| ၁၄၀။ | သူနာသုံးမျိုးဥပမာနှင့် ပုဂ္ဂိုလ်သုံးမျိုး | ..... | ၂၉၈ |
| ၁၄၁။ | မဟာဓနသူဌေးသားဝတ္ထု | ..... | ၃၀၀ |
| ၁၄၂။ | ပုဂ္ဂိုလ်လေးမျိုး, သုံးမျိုး ပြဆိုခန်း | ..... | ၃၀၂ |
| ၁၄၃။ | အရိယာခေတ်ရှိနေပုံ | ..... | ၃၀၃ |
| ၁၄၄။ | ဝိဇ္ဇာနှင့်စရဏခွဲပုံ | ..... | ၃၀၅ |
| ၁၄၅။ | နောက်ဘုရားမြော်လင့်သူနှင့် ယခုဘဝ ကျွတ်တမ်းဝင်လိုသူများအတွက် ညွှန်ကြားချက် | ..... | ၃၀၈ |
| ၁၄၆။ | လူဖြစ်ကျိုးနပ်ရန် ပြဆိုခန်း | ..... | ၃၁၂ |
| ၁၄၇။ | ဗောဓိပက္ခိယတရား (၃၇)ပါး | ..... | ၃၁၅ |
| ၁၄၈။ | သတိပဋ္ဌာန် ၄-ပါး | ..... | ၃၁၆ |
| ၁၄၉။ | သမ္မပ္ပဓာန် ၄-ပါး | ..... | ၃၂၆ |
| ၁၅၀။ | ဒိဋ္ဌိသုံးမျိုးနှင့် မီးခြစ်ဥပမာ | ..... | ၃၃၄ |
| ၁၅၁။ | သီလ, သမာဓိ, ပညာခွဲနည်း | ..... | ၃၃၆ |
| ၁၅၂။ | သီလကုသိုလ် ၂-ပါး | ..... | ၃၃၈ |
| ၁၅၃။ | သမာဓိကုသိုလ် ၂-ပါး | ..... | ၃၄၁ |
| ၁၅၄။ | ပညာကုသိုလ် ၂-ပါး | ..... | ၃၄၃ |
| ၁၅၅။ | ဒိဋ္ဌိအနုသယနိုင်ငံကြီးကို ဖြိုဖျက်ရန်တိုက်တွန်းခြင်း | ..... | ၃၄၅ |
| ၁၅၆။ | ဣဒ္ဓိပါဒ် ၄-ပါးကို ပြဆိုခန်း | ..... | ၃၄၇ |
| ၁၅၇။ | ဣဒ္ဓိပါဒ်၏အနက်အဓိပ္ပါယ် | ..... | ၃၄၉ |
| ၁၅၈။ | ဣန္ဒြေ ၅-ပါး | ..... | ၃၅၃ |
| ၁၅၉။ | ပကတိသဒ္ဓါနှင့် ဘာဝနာသဒ္ဓါအကြောင်း | ..... | ၃၅၄ |
| ၁၆၀။ | ဣန္ဒြေ ၅-ပါး တစ်လုံးတစ်စည်းတည်းဖြစ်ကြပုံ | ..... | ၃၅၆ |
| ၁၆၁။ | ဣန္ဒြေ ၅-ပါး လွန်ကဲရာဌာနခွဲဝေချက် | ..... | ၃၅၇ |
| ၁၆၂။ | သဒ္ဓိန္ဒြေအချက် | ..... | ၃၅၇ |
| ၁၆၃။ | ဝီရိယိန္ဒြေအချက် | ..... | ၃၅၉ |
| ၁၆၄။ | သတိန္ဒြေအချက် | ..... | ၃၆၀ |
| ၁၆၅။ | သမာဓိန္ဒြေအချက် | ..... | ၃၆၀ |
| ၁၆၆။ | ပညိန္ဒြေအချက် | ..... | ၃၆၁ |
| ၁၆၇။ | ဗိုလ် ၅-ပါး | ..... | ၃၆၄ |
| ၁၆၈။ | လောကအလုပ်ကြီးများ ဥပမာ | ..... | ၃၇၁ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၉။ | အနာကြီးငါးမျိုး ဥပမာ | ..... | ၃၇၃ |
| ၁၇၀။ | ဗိသုကာစသူတို့၏အား ဥပမာ | ..... | ၃၇၃ |
| ၁၇၁။ | ဗောဇ္ဈင် (၇)ပါး | ..... | ၃၇၄ |
| ၁၇၂။ | မဂ္ဂင် (၈)ပါး | ..... | ၃၈၀ |
| ၁၇၃။ | သီလက္ခန္ဓမဂ္ဂင် | ..... | ၃၈၃ |
| ၁၇၄။ | သမာဓိက္ခန္ဓမဂ္ဂင် | ..... | ၃၈၄ |
| ၁၇၅။ | ပညာက္ခန္ဓမဂ္ဂင် | ..... | ၃၈၄ |
| ၁၇၆။ | သောတာပန်ခေါ်ပုံ အဓိပ္ပါယ် | ..... | ၃၈၅ |
| ၁၇၇။ | သောတာပန်တို့၏သဘာဝ | ..... | ၃၉၀ |
| ၁၇၈။ | ကာယဂတာသတိ အကျဉ်းနည်း | ..... | ၃၉၁ |
| ၁၇၉။ | ဝိသုဒ္ဓိငါးပါးအကျဉ်း | ..... | ၃၉၂ |
| ၁၈၀။ | သာသနာ့အမွေခံစစ်တမ်း | ..... | ၃၉၃ |
| ၁၈၁။ | သာသနာ့အမွေ ၂-ပါး | ..... | ၃၉၃ |
| ၁၈၂။ | ဓမ္မနုဓမ္မပ္ပဋိပန္နအရိယာ | ..... | ၃၉၈ |
| ၁၈၃။ | ဓမ္မဒါယာဒသုတ် ကောက်နုတ်ချက် | ..... | ၄၀၀ |
| ၁၈၄။ | အနိယတ အမွေခံ | ..... | ၄၀၉ |
| ၁၈၅။ | ပုထုဇဉ်၏အနက်အဓိပ္ပါယ် | ..... | ၄၁၀ |
| ၁၈၆။ | တိုက်တွန်းချက် ဥယျောဇဉ် | ..... | ၄၁၄ |
| ၁၈၇။ | နိဂုံး | ..... | ၄၁၇ |

# အလင်းကျမ်း

| | | | |
|---|---|---|---|
| ၁၈၈။ | လျှောက်ထားချက်နှင့်ဝန်ခံမှု | ..... | ၄၂၀ |
| ၁၈၉။ | အမိုက် ၅-သင်း၊ အလင်း ၅-ချက် | ..... | ၄၂၁ |
| ၁၉၀။ | ပဌမအမိုက်ကြီးနှင့် ပဌမအလင်းကြီးအစုံကိုပြဆိုခန်း | ..... | ၄၂၂ |
| ၁၉၁။ | ဒုတိယအမိုက်ကြီးနှင့် ဒုတိယအလင်းကြီးအစုံကိုပြဆိုခန်း | ... | ၄၂၆ |
| ၁၉၂။ | တတိယအမိုက်ကြီးနှင့် တတိယအလင်းကြီးအစုံကိုပြဆိုခန်း | ... | ၄၂၈ |
| ၁၉၃။ | စူဠသောတာပန် ဖြစ်ရန်နည်း | ..... | ၄၃၁ |
| ၁၉၄။ | စတုတ္ထအမိုက်ကြီးနှင့် စတုတ္ထအလင်းကြီးအစုံကိုပြဆိုခန်း | ... | ၄၃၁ |
| ၁၉၅။ | ပဉ္စမအမိုက်ကြီးနှင့် ပဉ္စမအလင်းကြီးအစုံကိုပြဆိုခန်း | ..... | ၄၃၂ |
| ၁၉၆။ | ဓမ္မဝဝတ္ထာနညာဏ်အလင်း | ..... | ၄၃၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၇။ | ဓာတ် (၆)ပါး | ..... | ၄၃၄ |
| ၁၉၈။ | ပထဝီဓာတ်ကြီးကို ခွဲ၍ပြဆိုခန်း | ..... | ၄၃၈ |
| ၁၉၉။ | အာပေါဓာတ်ကို ခွဲ၍ပြဆိုခန်း | ..... | ၄၄၃ |
| ၂၀၀။ | တေဇောဓာတ်ကို ခွဲ၍ပြဆိုခန်း | ..... | ၄၄၅ |
| ၂၀၁။ | ဝါယောဓာတ်ကို ခွဲ၍ပြဆိုခန်း | ..... | ၄၄၆ |
| ၂၀၂။ | ဓာတ်ကြီးလေးပါးတို့ အဖြစ်အပျက်ကို ပြဆိုခန်း | ..... | ၄၄၈ |
| ၂၀၃။ | အာကာသဓာတ်ကို ပြဆိုခန်း | ..... | ၄၅၀ |
| ၂၀၄။ | ဝိညာဏဓာတ်ကို ပြဆိုခန်း | ..... | ၄၅၁ |
| ၂၀၅။ | ပစ္စယပရိဂ္ဂဟဉာဏ်အလင်း | ..... | ၄၅၅ |
| ၂၀၆။ | အကြောင်းတရားလေးပါးကြောင့် ဓာတ်ကြီးလေးပါးဖြစ်ပုံ | ... | ၄၅၅ |
| ၂၀၇။ | ကာယကံရုပ်အမျိုးမျိုးဖြစ်ပုံ | ..... | ၄၅၈ |
| ၂၀၈။ | ဝစီကံရုပ် အမျိုးမျိုးဖြစ်ပုံ | ..... | ၄၅၈ |
| ၂၀၉။ | ဥတုကြောင့် ရုပ်ဖြစ်ပုံ | ..... | ၄၆၀ |
| ၂၁၀။ | အာဟာရကြောင့် ရုပ်ဖြစ်ပုံ | ..... | ၄၆၂ |
| ၂၁၁။ | ဝတ္ထုအာရုံနှစ်ပါးကြောင့် ဝိညာဏ်ဖြစ်ပေါ်ပုံ | ..... | ၄၆၃ |
| ၂၁၂။ | လက္ခဏပဋိဝေဓဉာဏ်အလင်း | ..... | ၄၆၈ |
| ၂၁၃။ | တေဇော၏အနိစ္စ, အနတ္တလက္ခဏာ | ..... | ၄၇၀ |
| ၂၁၄။ | ဝိကတိဇာတိစသည်ကို မြင်နိုင်ပုံ | ..... | ၄၇၇ |
| ၂၁၅။ | ဝိညာဏ် (၆)ပါးတို့၏ အနိစ္စလက္ခဏာကိုပြခြင်း | ..... | ၄၈၃ |
| ၂၁၆။ | စက္ခုဝိညာဏ်စိတ်တို့ကို ပြခြင်း | ..... | ၄၈၇ |
| ၂၁၇။ | မနောဝိညာဏ်ဖြစ်ပုံ | ..... | ၄၉၁ |
| ၂၁၈။ | နိဗ္ဗာနပဋိဝေဓဉာဏ်အလင်း | ..... | ၄၉၄ |

## နိယာမဒီပနီ

| | | | |
|---|---|---|---|
| ၂၁၉။ | ပဏာမနှင့်ပဋိညာဉ် | ..... | ၄၉၇ |
| ၂၂၀။ | နိယာမအဓိပ္ပါယ် | ..... | ၄၉၈ |
| ၂၂၁။ | ပဓာနစကားကြီးသုံးခွန်း | ..... | ၄၉၉ |
| ၂၂၂။ | နိယာမစကားကြီးငါးခွန်း | ..... | ၅၀၃ |
| ၂၂၃။ | ပညတ်စကားနှင့်ဓာတ်စကား | ..... | ၅၀၆ |
| ၂၂၄။ | စိတ်နှင့်စေတနာကို ဓာတ်ခွဲပုံ | ..... | ၅၀၈ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၂၅။ | လောကနှင့်နိယာမအခွဲ (အကျဉ်း) | ..... | ၅၁၂ |
| ၂၂၆။ | ကမ္မာပျက်ပုံ | ..... | ၅၁၂ |
| ၂၂၇။ | ကမ္မာတည်ခြင်း (ဝိဝဋ္ဋကပ်) | ..... | ၅၁၇ |
| ၂၂၈။ | လောကနှင့်နိယာမအခွဲ (အကျယ်) | ..... | ၅၂၁ |
| ၂၂၉။ | သင်္ခါရလောက | ..... | ၅၂၁ |
| ၂၃၀။ | သင်္ခါရလောကနှင့်သင်္ခါရ | ..... | ၅၂၃ |
| ၂၃၁။ | သတ္တလောက | ..... | ၅၂၇ |
| ၂၃၂။ | သတ္တာနှစ်မျိုးနှင့်ဝေါဟာရနှစ်မျိုး | ..... | ၅၄၀ |
| ၂၃၃။ | ပညတ်နှင့်ပရမတ်ခွဲပုံ (အကျယ်) | ..... | ၅၄၁ |
| ၂၃၄။ | အနတ္တပေါက်ဥပမာကြီး သုံးမျိုး | ..... | ၅၄၂ |
| ၂၃၅။ | လောက၏အချုပ်အခြာ | ..... | ၅၄၈ |
| ၂၃၆။ | နိဂုံး | ..... | ၅၄၉ |


# ပဋ္ဌာနုဒ္ဒေသဒီပနီ


| | | | |
|---|---|---|---|
| ၂၃၇။ | ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိ | ..... | ၅၅၀ |
| ၂၃၈။ | ပစ္စယတ္တဒီပနာ | ..... | ၅၅၀ |
| ၂၃၉။ | ပစ္စယသဘာဂေါ | ..... | ၅၈၅ |
| ၂၄၀။ | ပစ္စယဃဋနာနယော | ..... | ၅၈၇ |
| ၂၄၁။ | ပဋ္ဌာနုဒ္ဒေသဒီပနီနိဿယ | ..... | ၆၀၁ |
| ၂၄၂။ | ဟေတုပစ္စယော | ..... | ၆၀၃ |
| ၂၄၃။ | အာရမ္မဏပစ္စယော | ..... | ၆၁၁ |
| ၂၄၄။ | အဓိပတိပစ္စယော | ..... | ၆၁၆ |
| ၂၄၅။ | အနန္တရပစ္စယော | ..... | ၆၃၁ |
| ၂၄၆။ | သမနန္တရပစ္စယော | ..... | ၆၃၈ |
| ၂၄၇။ | သဟဇာတပစ္စယော | ..... | ၆၄၄ |
| ၂၄၈။ | အညမညပစ္စယော | ..... | ၆၄၇ |
| ၂၄၉။ | နိဿယပစ္စယော | ..... | ၆၅၀ |
| ၂၅၀။ | ဥပနိဿယပစ္စယော | ..... | ၆၅၆ |
| ၂၅၁။ | ပုရေဇာတပစ္စယော | ..... | ၆၇၁ |
| ၂၅၂။ | ပစ္ဆာဇာတပစ္စယော | ..... | ၆၇၄ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၅၃။ | အာသေဝနပစ္စယော | ..... | ၆၇၈ |
| ၂၅၄။ | ကမ္မပစ္စယော | ..... | ၆၈၃ |
| ၂၅၅။ | ဝိပါကပစ္စယော | ..... | ၆၈၈ |
| ၂၅၆။ | အာဟာရပစ္စယော | ..... | ၆၉၃ |
| ၂၅၇။ | ဣန္ဒြိယပစ္စယော | ..... | ၆၉၇ |
| ၂၅၈။ | ဈာနပစ္စယော | ..... | ၇၀၄ |
| ၂၅၉။ | မဂ္ဂပစ္စယော | ..... | ၇၀၇ |
| ၂၆၀။ | သမ္ပယုတ္တပစ္စယော | ..... | ၇၁၀ |
| ၂၆၁။ | ဝိပ္ပယုတ္တပစ္စယော | ..... | ၇၁၃ |
| ၂၆၂။ | အတ္ထိပစ္စယော | ..... | ၇၁၄ |
| ၂၆၃။ | နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော | ..... | ၇၁၅ |
| ၂၆၄။ | ပစ္စယသဘာဂေါ | ..... | ၇၁၆ |
| ၂၆၅။ | ပစ္စယဃဋနာနယော | ..... | ၇၂၅ |
| ၂၆၆။ | ပဉ္စဝိညာဉ်စိတ်တို့၌ပစ္စယဃဋနာနည်းကိုပြခြင်း | ..... | ၇၃၁ |
| ၂၆၇။ | အဟိတ်စိတ္တုပ္ပါဒ်တို့၌ပစ္စယဃဋနာနည်းကိုပြခြင်း | ..... | ၇၃၄ |
| ၂၆၈။ | အကုသိုလ်စိတ္တုပ္ပါဒ်တို့၌ပစ္စယဃဋနာနည်းကိုပြခြင်း | ..... | ၇၃၈ |
| ၂၆၉။ | မဟာကုသိုလ်စိတ္တုပ္ပါဒ်တို့၌ပစ္စယဃဋနာနည်းကိုပြခြင်း | ..... | ၇၄၃ |
| ၂၇၀။ | ရုပ်ကလာပ်တို့၌ပစ္စယဃဋနာနည်းကိုပြခြင်း | ..... | ၇၄၉ |
| ၂၇၁။ | ပဋ္ဌာနသဒ္ဒါ၏အနက်ကိုပြခြင်း | ..... | ၇၆၃ |
| ၂၇၂။ | ပဋ္ဌာန်းကျမ်း၌ဟောတော်မူသော တရားတို့ကိုပြခြင်း | ..... | ၇၆၄ |
| ၂၇၃။ | ပစ္စယုပ္ပန်နှစ်ပါးတို့ကို အကျယ်ပြခြင်း | ..... | ၇၆၅ |
| ၂၇၄။ | နိဂုံး | ..... | ၇၆၈ |

www.dhammaransi.com

# ဝိပဿနာဒီပနီ

❖ ဗုဒ္ဓဘာသာ ဖြစ်သူတို့မှာ အပါယ်ဒုက္ခမှ အပြီးတိုင် ကျွတ်လွတ်ရန် အရေးကြီးဆုံး ဖြစ်၏။

❖ ဗုဒ္ဓဘာသာ သာသနာအပသို့ရောက်၍ သွားကြလျှင် အပါယ်ဒုက္ခမှ ကျွတ်လွတ်ရန် နည်းလမ်းပင် မရှိပြီ။

❖ ထို့ကြောင့် ဗုဒ္ဓဘာသာ သာသနာတော်နှင့် တွေ့ကြုံရသည့်ဘဝတွင် အနတ္တဝိပဿနာဉာဏ်ကို ပိုင်နိုင်ခြင်းငှာ အနိစ္စဝိပဿနာတရားကိုသာ အရေးကြီးစွာ အားထုတ်ကြရမည်။

www.dhammaransi.com



# ဝိပဿနာဒီပနီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ၁– ဝိပလ္လာသကထာ
## ဝိပလ္လာသတရား ၃–ပါး

**ဝိပလ္လာသ** ဆိုသည်ကား– ဖောက်ပြန်မှားယွင်းခြင်းတည်း။ ဟုတ်သည် မှန်သည်၌ မဟုတ်မမှန်ဟု မှားယွင်းခြင်း, မဟုတ်မမှန်သည်၌ ဟုတ်သည် မှန်သည်ဟု မှားယွင်းခြင်းတည်း။

ဝိပလ္လာသသည် – (၁) သညာဝိပလ္လာသ တစ်ပါး။
(၂) စိတ္တဝိပလ္လာသ တစ်ပါး။
(၃) ဒိဋ္ဌိဝိပလ္လာသ တစ်ပါး– ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် –

**(၁) သညာဝိပလ္လာသ** ဆိုသည်ကား– အမှတ်မှားခြင်းတည်း။ ထိုအမှတ်မှားခြင်းသည် လေးပါးရှိ၏။

က။ အနိစ္စ၌ နိစ္စဟု အမှတ်မှားခြင်း တစ်ပါး၊
ခ။ အသုဘ၌ သုဘဟု အမှတ်မှားခြင်း တစ်ပါး၊
ဂ။ ဒုက္ခ၌ သုခဟု အမှတ်မှားခြင်း တစ်ပါး၊
ဃ။ အနတ္တ၌ အတ္တဟု အမှတ်မှားခြင်း တစ်ပါး။

**(၂) စိတ္တဝိပလ္လာသ** ဆိုသည်ကား– အကြံအသိမှားခြင်းတည်း။ ထိုအကြံအသိမှားခြင်းသည်လည်း လေးပါးရှိ၏။

က။ အနိစ္စ၌ နိစ္စဟု အကြံအသိမှားခြင်း တစ်ပါး၊
ခ။ အသုဘ၌ သုဘဟု အကြံအသိမှားခြင်း တစ်ပါး၊
ဂ။ ဒုက္ခ၌ သုခဟု အကြံအသိမှားခြင်း တစ်ပါး၊
ဃ။ အနတ္တ၌ အတ္တဟု အကြံအသိမှားခြင်း တစ်ပါး။

www.dhammaransi.com



(၃) **ဒိဋ္ဌိဝိပလ္လာသ** ဆိုသည်ကား- အမြင်အယူမှားခြင်းတည်း။ ထိုအမြင်အယူမှားခြင်းသည်လည်း လေးပါးရှိ၏။

က။ အနိစ္စ၌ နိစ္စဟု အမြင်အယူမှားခြင်း တစ်ပါး၊

ခ။ အသုဘ၌ သုဘဟု အမြင်အယူမှားခြင်း တစ်ပါး၊

ဂ။ ဒုက္ခ၌ သုခဟု အမြင်အယူမှားခြင်း တစ်ပါး၊

ဃ။ အနတ္တ၌ အတ္တဟု အမြင်အယူမှားခြင်း တစ်ပါး။

ဤအရာ၀ယ် အသုဘ၌ သုဘဟုမှားခြင်း, အနိစ္စ၌ နိစ္စဟုမှားခြင်း, ဒုက္ခ၌ သုခဟုမှားခြင်း, အနတ္တ၌ အတ္တဟုမှားခြင်းဟူ၍ မှားခြင်းလေးပါးစီ ရှိကြရာတွင် ငါ, ငါဟူ၍လည်းကောင်း, ငါ၏ပိုင်ရာ ဆိုင်ရာဟူ၍လည်းကောင်း, ငါ၏အတ္တ ငါ၏ဇီ၀ဟူ၍လည်းကောင်း စွဲလမ်းချက်သုံးပါးတွင် ထိုမှားခြင်းလေးပါးသည် အတွင်းဝင်လေသည်။ နောက်၌ ထင်ရှားလတ္တံ့။

## ဝိပလ္လာသဥပမာ ၃-ပါး

၁။ သညာဝိပလ္လာသ၌ တောသမင် ဥပမာ၊

၂။ စိတ္တဝိပလ္လာသ၌ မျက်လှည့်ကြီး ဥပမာ၊

၃။ ဒိဋ္ဌိဝိပလ္လာသ၌ လမ်းမှားကြီး ဥပမာ။ ထိုသုံးပါးတို့တွင်-

**၁။ သညာဝိပလ္လာသ၌ တောသမင် ဥပမာ** ဆိုသည်ကား- တစ်ခုသော တောကြီးအလယ်၌ စပါးခင်းလုပ်ကိုင်၍ ထား၏။ တောသမင်တို့သည် လယ်ရှင်ယောကျ်ားမရှိခင် ထိုစပါးခင်းသို့လာ၍ အသီးအနှံတို့ကို စားတတ်ကြ၏။ လယ်ရှင်သည် တောသမင်တို့ကို ကြောက်လန့်စေခြင်းငှါ မြက်ခြောက်တို့ကို လူသဏ္ဌာန်ပြုလုပ်၍ စပါးခင်းအလယ်၌ စိုက်ထား၏။ ထိုလူရုပ်၌ မြက်ခြောက်တို့ကို လျှော်ဖြင့်ဖွဲ့စည်း၍ ကိုယ်သဏ္ဌာန်, ဦးခေါင်းသဏ္ဌာန်, လက်သဏ္ဌာန်လုပ်၏။ အိုးငယ်ကို ထုံးဖြူဖြင့် မျက်နှာသဏ္ဌာန်ရေး၍ ဦးခေါင်း၌ စွပ်ထား၏။ အ၀တ်ဟောင်းအင်္ကျီဟောင်းတို့ကို ၀တ်စွပ်၍ထား၏။ လက်တို့၌ လေးမြှားတို့ကိုကိုင်စွဲ၏။ တောသမင်တို့သည် ထိုစပါးခင်းသို့ စားအံ့သောငှါ လာကြကုန်ရာ ထိုလူရုပ်ကို မြင်ကြလျှင် လူမဟုတ်သည်၌ လူအဟုတ်ထင်မှတ် ကြောက်လန့်၍ ပြေးကြကုန်၏။

www.dhammaransi.com



ဤဥပမာတွင် တောသမင်တို့၌ ပကတိသောလူ၏အသွင်ကို ရှေး၌မှတ်ရင်းရှိ၏။ ထိုအမှတ်အတိုင်း မြက်ရုပ်ကိုလူဟူ၍ မှတ်ပြန်၏။ အမှတ်မှား၏။ သညာဝိပလ္လာသည် ဤတောသမင်ဥပမာနှင့်တူ၏။ အလွန်တိမ်ကော၏။ မျက်စိလည်သောသူသည် နေထွက်, နေဝင် ကြောင်ကြောင်မြင်လျက်နှင့် မှားသကဲ့သို့ ကြောင်ကြောင်မြင်လျက်နှင့် မှားတတ်၏။ မှားမိပြန်လျှင် အလွန်ခိုင်မြဲတတ်၏။ ပြောင်းလွဲ၍မရနိုင် ရှိတတ်၏။

ကိုယ်ခန္ဓာတို့၌ အသုဘအချက်၊ အနိစ္စ, ဒုက္ခ, အနတ္တ အချက်များသည် ကိုယ်တွေ့မျက်မြင် ထင်ရှားသည်လည်း အလွန်များ၏။ ကြောင်ကြောင်မြင်မျိုးပင်ဖြစ်၏။ သညာဝိပလ္လာသသည် တောသမင်ကဲ့သို့ ကြောင်ကြောင်မြင်လျက်နှင့် မှားတတ်၏။

၂။ **စိတ္တဝိပလ္လာသ၌ မျက်လှည့်ကြီး ဥပမာ** ဆိုသည်ကား– မျက်လှည့်ကြီးပညာမျိုးသည် ရှိ၏။ ထိုပညာဖြင့် ပြုလုပ်၍ပြသည်ရှိသော် ကြည့်မြင်သူလူအများတို့သည် မြေစိုင်ခဲစသည်ကို ရွှေခဲ, ငွေခဲစသည် ထင်မြင်ကြကုန်၏။ မျက်လှည့်ပညာ၏အစွမ်းသည် လူတို့၏ပကတိသော မျက်စိမြင်မှုကို ဖျက်၍ မျက်စိမြင်မှုတစ်မျိုး ပြောင်းလဲစေနိုင်၏။ တစ်ခဏအားဖြင့် စိတ်ကိုဖောက်ပြန်စေနိုင်၏။ ပကတိအခါ၌ မြေစိုင်ခဲကို မြေစိုင်ခဲအတိုင်း မြင်ကြကုန်၏။ ထိုအခါ မြေစိုင်ခဲကို ဝါဝါဝင်းဝင်း ရွှေအဆင်း, ဖြူဖြူလင်းလင်း ငွေအဆင်းအနေနှင့် မြင်ကြကုန်၏။ ရွှေဟူ၍, ငွေဟူ၍ ယုံကြည်ခြင်းမှားယွင်းကြကုန်၏။

ဤဥပမာနှင့်တူစွာ စိတ်သည် မဟုတ်သည်ကို အဟုတ်လုပ်ကြံ၍ လှည့်စားတတ်၏။ ညဥ့်အခါ သစ်ငုတ်ကိုမြင်လေရာ လူဟူ၍လှည့်စား၏။ တောချုံကို မြင်လေရာ တောဆင်ဟူ၍ လှည့်စား၏။ တောဆင်ကိုမြင်လေရာ တောချုံဟူ၍ လှည့်စား၏။ လောက၌ ဒိဋ္ဌမျက်မြင်မျိုးထဲတွင် အထင်မှားသမျှသည် စိတ်၏ လှည့်စားမှုချည်းမှတ်။ စိတ္တဝိပလ္လာသသည် မဟုတ်သည်ကို အဟုတ်လုပ်ကြံ၍ လှည့်စားတတ်သောကြောင့် သညာဝိပလ္လာသထက် နက်နဲ၏။ သို့ရာတွင် အကြောင်းယုတ္တိနှင့် ဖြေဖျောက်လျှင် ပြေပျောက်လွယ်၏။ သညာကဲ့သို့ မခိုင်မြဲတတ်။

၃။ **ဒိဋ္ဌိဝိပလ္လာသ၌ လမ်းမှားကြီး ဥပမာ** ဆိုသည်ကား– တစ်ခုသော

www.dhammaransi.com



တောကြီးသည်ရှိ၏။ ထိုတောကြီး၌ ဘီလူးခေါ်သော နတ်ဆိုးတို့သည် မြို့ရွာ တည်ထောင်၍ နေကြကုန်၏။ လမ်းခရီး၌ မကျွမ်းကျင်သော ခရီးသည်တို့သည် ထိုတောကြီးသို့ရောက်ကြကုန်၏။ နတ်ဆိုးတို့သည် မိမိတို့မြို့ရွာကို နတ်မြို့, နတ်ရွာတို့ကဲ့သို့လည်းကောင်း၊ မိမိတို့ကိုယ်ကိုလည်း နတ်သမီး, နတ်သားတို့ကဲ့သို့ လည်းကောင်း ဖန်ဆင်းကြကုန်ပြီးလျှင် လမ်းကိုလည်း နတ်လမ်းကဲ့သို့ သာယာစွာ ဖန်ဆင်းကြကုန်၏။ ခရီးသည်တို့သည် ထိုလမ်းကို တွေ့မြင်ကြရာ မြို့ကြီး, ရွာကြီးသို့ သွားသောလမ်းဟု ယုံကြည်ကြကုန်သဖြင့် လမ်းရိုးလမ်းမှန်ကို စွန့်လွှတ် ကြကုန်ပြီးလျှင် ထိုလမ်းဆိုး လမ်းမှားကြီးသို့ လိုက်သွားကြလေကုန်၏။ နတ်ဆိုး တို့၏ မြို့ရွာသို့ ရောက်ကြကုန်သောအခါ လူကောင်း သူကောင်းတို့၏ မြို့ရွာဟု ထင်မှတ်ကြကုန်၍ ယုံကြည်စိတ်ချ အိပ်နေကြကုန်၏။ နတ်ဆိုးတို့သည် ညဉ့်အခါ၌ ထိုသူတို့၏ ကိုယ်ခန္ဓာတွင်းသို့ ပူးဝင်ကြကုန်ပြီးလျှင် အသည်း, အဆုတ်, နှလုံး သည်းပွတ်တို့၌ကိုက်၍ တစ်ကိုယ်လုံးမှ အသွေးအဆီတို့ကို စုပ်ယူမျိုသောက်ကြ ကုန်၏။ ထိုခရီးသည်တို့သည် သေဆုံးကြလေကုန်၏။

ဤဥပမာ၌ ကာမဘုံ, ရူပဘုံ, အရူပဘုံဟူသော ဘုံသုံးပါးသည် ၎င်းတောကြီး နှင့်တူ၏။ ဤသတ္တဝါတို့သည် ၎င်းခရီးသည်တို့နှင့် တူကုန်၏။ သမ္မာဒိဋ္ဌိ အယူသည် လမ်းရိုးလမ်းမှန်နှင့်တူ၏။ မိစ္ဆာဒိဋ္ဌိအယူမျိုးသည် လမ်းဆိုးလမ်းမှား ကြီးနှင့်တူ၏။

ဤစကား၌ **သမ္မာဒိဋ္ဌိ**သည်– (က) လောကိသမ္မာဒိဋ္ဌိ

(ခ) ဗောဓိပက္ခိယသမ္မာဒိဋ္ဌိ– ဟူ၍ နှစ်ပါး ရှိ၏။ ထိုနှစ်ပါးတို့တွင် –

မိမိပြုသော ကုသိုလ်ကံ, အကုသိုလ်ကံသည်သာလျှင် ဘဝသံသရာ၌ အစဉ် ပါသော ကိုင်ပိုင်ဥစ္စာ မှန်ချေသည်ဟုယူသော ကမ္မဿကတာသမ္မာဒိဋ္ဌိသည် လောကိသမ္မာဒိဋ္ဌိ မည်၏။ ပဋိစ္စသမုပ္ပါဒ်နှင့်တကွ ခန္ဓာအာယတန အနတ္တတို့ကို သိမြင်သောဉာဏ်သည် ဗောဓိပက္ခိယ သမ္မာဒိဋ္ဌိ မည်၏။

ထိုနှစ်ပါးတို့တွင် ဝဋ္ဋပက္ခ၌ ကမ္မဿကတာသမ္မာဒိဋ္ဌိသည် လမ်းရိုးလမ်းမှန် ကြီးနှင့်တူ၏။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟူသော သုဂတိဘုံများသည်

www.dhammaransi.com



လူကောင်းသူကောင်းတို့၏ မြို့ရွာနှင့်တူ၏။

ကုသိုလ်ကံ, အကုသိုလ်ကံကိုလည်းကောင်း၊ ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးကိုလည်းကောင်း၊ ပစ်ပယ်သော နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ များသည် လမ်းဆိုးလမ်းမှားကြီးနှင့် တူ၏။ ငရဲပြည်, တိရစ္ဆာန်ပြည်, ပြိတ္တာပြည်, အသုရကာယ်ပြည်ဟူသော ဒုဂ္ဂတိဘုံများသည် နတ်ဆိုးတို့၏ မြို့ရွာနှင့်တူ၏။

**ဝိဝဋ္ဋပက္ခ**၌မူကား ဗောဓိပက္ခိယသမ္မာဒိဋ္ဌိသည် လမ်းရိုးလမ်းမှန်ကြီးနှင့် တူ၏။ နိဗ္ဗာန်သည် လူကောင်းသူကောင်းတို့၏ မြို့ရွာနှင့်တူ၏။

မိမိခန္ဓာကိုယ်ကို ငါ၏အတ္တဟု စွဲလမ်းသော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိသည် လမ်းဆိုးလမ်းမှားကြီးနှင့် တူ၏။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်နှင့်တကွသော သံသရာလောကကြီးသည် နတ်ဆိုးတို့၏ မြို့ရွာနှင့်တူ၏။

ဤဝိဝဋ္ဋပက္ခ၌ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကိုပင် ဒိဋ္ဌိဝိပလ္လာသဆို၏။ ဤဒိဋ္ဌိဝိပလ္လာသသည် စိတ္တဝိပလ္လာသထက် နက်နဲ၏။ အလွန်လည်း ခိုင်မြဲ၏။

**ဝိပလ္လာသကထာ ပြီး၏။**

❀ ❀ ❀

## ၂– မညနာကထာ
## မညနာတရား ၃–ပါး

**မညနာ** ဆိုသည်ကား– အထင်ကြီးခြင်းတည်း။ ဟုတ်မှန်သည်ထက် ပိုလွန်၍ ထင်ခြင်းတည်း။ အဝိဇ္ဇာအတွက်ကြောင့် ဝိပလ္လာသတရား ဖြစ်ပွား၏။ ဝိပလ္လာသတရားအတွက်ကြောင့် အထင်ကြီးခြင်း ဖြစ်ပွား၏။

ထိုမညနာသည် – (၁) တဏှာမညနာ တစ်ပါး၊
(၂) မာနမညနာ တစ်ပါး၊
(၃) ဒိဋ္ဌိမညနာ တစ်ပါး– ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင်–

**(၁) တဏှာမညနာ** ဆိုသည်ကား– ငါ၏ပိုင်ရာ, ဆိုင်ရာ မဟုတ်သည်၌ ငါ၏ပိုင်ရာ, ဆိုင်ရာဟုတ်၏ဟု ခင်တွယ်မှုနှင့် အထင်ကြီးခြင်းတည်း။ အမှန်

www.dhammaransi.com



အားဖြင့် ငါဟူ၍ပင် မရှိ၊ ငါဟူ၍ မရှိလျှင် ငါ၏ပိုင်ရာ, ဆိုင်ရာဟူ၍ မရှိ၊ ထိုသို့ မရှိပါဘဲလျက် အဇ္ဈတ္တဝတ္ထုတို့၌လည်းကောင်း၊ ဗဟိဒ္ဓဝတ္ထုတို့၌လည်းကောင်း၊ "ဤသည်ကား ငါ၏ပိုင်ရာတည်း၊ ဤသည်ကား ငါ၏ပိုင်ရာမဟုတ်၊ ဤသည်ကား ငါ၏ဆိုင်ရာတည်း၊ ဤသည်ကား ငါ၏ဆိုင်ရာမဟုတ်"- ဟူ၍ ငါ၏ပိုင်ရာ, ဆိုင်ရာအနေနှင့် စိတ်ထဲတွင် ကွက်ခြားမှုကြီးအထင်အစွဲ ရှိနေခြင်းသည် တဏှာမညနာ မည်၏။

အဇ္ဈတ္တဝတ္ထု ဆိုသည်ကား- မိမိ၏ကိုယ်ခန္ဓာ, မိမိ၏ဦးခေါင်း, ခြေ, လက်, မိမိ၏စက္ခု သောတစသည်တို့ပေတည်း။ ဗဟိဒ္ဓဝတ္ထု ဆိုသည်ကား- မိမိ၏အမိ, အဘ, ဆွေမျိုးစသည်၊ မိမိ၏နွား, ကျွဲ, ဆင်, မြင်းစသည်၊ မိမိ၏အိမ်ရာ, ဝင်းခြံ, လယ်ဥယျာဉ်, သစ်ပင်, ချုံနွယ်၊ မိမိ၏ဝတ်စားတန်ဆာ, ရတနာ, ရွှေ, ငွေ စသည်တည်း။

(၂) **မာနမညနာ** ဆိုသည်ကား- အဇ္ဈတ္တဝတ္ထုတို့ကို ငါ- ငါဟူ၍ စိတ်ထဲတွင် အထင်ကြီးနေမှုတည်း။ ထိုငါဟူသော အထင်ကြီးမှုသည် အဇ္ဈတ္တဝတ္ထု, ဗဟိဒ္ဓဝတ္ထုတို့က အားပေးအားမြှောက် အထောက်အကူရှိခဲ့သော် လွန်စွာမောက်မာ မော်ကြွားထောင်လွှား တက်ကြွဘတ်၏။

အဇ္ဈတ္တဝတ္ထု ဆိုသည်ကား- မျက်စိအား, နားအား, လက်အား, ခြေအား, သီလအား, သုတအား, ပညာအား, တန်ခိုးအား စသည်တည်း။

ဗဟိဒ္ဓဝတ္ထု ဆိုသည်ကား- ဆွေအား, မျိုးအား, ရပ်အား, ရွာအား, ဥစ္စာဓနအား, လက်နက်အား စသည်တည်း။ မျက်စိအားကောင်းလျှင် မျက်စိအတွက် ငါအားတက်၏။ မျက်စိကန်းသူမှာ ထိုအားယုတ်လျော့၏။ ဤသို့ စသည်ဖြင့် မှော်လေ။

(၃) **ဒိဋ္ဌိမညနာ** ဆိုသည်ကား- အဇ္ဈတ္တဝတ္ထုတို့ကို "ငါ၏အမာခံ အထည်ခံ အနှစ်အသား အတ္တသာရပေတည်း"-ဟူ၍ စိတ်ထဲတွင် အထင်ကြီးမှုပေတည်း။ မြေအိုး, မြေခွက်ဆိုလျှင် မြေသည် ထိုအိုး, ထိုခွက်မှာ အမာခံ အထည်ခံဖြစ်၏။ ထိုမြေကိုပင် အိုးခွက်ခေါ်ဆိုကြ၏။ သံအိုး, သံခွက်ဆိုလျှင် သံသည် ထိုအိုး, ထိုခွက်မှာ အမာခံ အထည်ခံ ဖြစ်၏။ ထိုသံကိုပင် အိုးခွက်ခေါ်ဆိုကြ၏။

www.dhammaransi.com



ဤဥပမာကဲ့သို့ အဇ္ဈတ္တဝတ္ထုဖြစ်သော ပထဝီဓာတ်ကို သတ္တဝါ၏အမာခံ အထည်ခံပြု၍ ငါ၏အမာခံ အထည်ခံပြုသော ထိုပထဝီဓာတ်ကိုပင် သတ္တဝါဟူ၍ အထင်ကြီးမှုသည် ဖြစ်၏။ အာပေါဓာတ်, တေဇောဓာတ်စသည်တို့လည်း ထို့အတူ တည်း။ ဤအထင်ကြီးမှု, အထင်လွဲမှုသည် နောက်၌ ထင်ရှားလတ္တံ့။

ဤမညနာတရား သုံးပါးကိုပင် အခိုင်အမြဲ စွဲလမ်းခြင်းအနက်ကြောင့် ဂါဟတရားသုံးပါးလည်း ခေါ်၏။ အကျယ် အကျယ်မငြိမ်းဖွယ်သော အမှုလွဲ, အမှုမှားတို့ကို အဆင့်ဆင့် အဆက်ဆက် ပွားများစေတတ်သောအနက်ကြောင့် ပပဉ္စတရား သုံးပါးလည်း ခေါ်၏။

မညနာကထာ ပြီး၏။

❄ ❄ ❄

## ၃– အဘိနိဝေသကထာ

### အဘိနိဝေသတရား ၂–ပါး

**အဘိနိဝေသ** ဆိုသည်ကား– တံခါးတိုင် ကျောက်စာတိုင် မော်ကွန်းတိုင်များကဲ့သို့ မည်သည့်အကြောင်းနှင့်မှ မလှုပ်မရှားနိုင်၊ မရွေ့မယိုင်နိုင်သော ခိုင်မြဲစွာ စိုက်မြှုပ်တည်ထောင်ခြင်းကို ဆိုသတည်း။

ထိုအဘိနိဝေသသည် – (၁) တဏှာဘိနိဝေသ တစ်ပါး၊

(၂) ဒိဋ္ဌာဘိနိဝေသ တစ်ပါး–ဟူ၍ နှစ်ပါး ရှိ၏။ ထိုနှစ်ပါးတို့တွင် –

**(၁) တဏှာဘိနိဝေသ** ဆိုသည်ကား– မိမိကိုယ်ခန္ဓာကိုလည်းကောင်း, ကိုယ်ခန္ဓာ၏အစိတ်ဖြစ်သော ဦးခေါင်း, လက်, ခြေစသော အင်္ဂါကြီးစု မျက်စိ, နား, နှာခေါင်းစသော အင်္ဂါငယ်စုကိုလည်းကောင်း၊ ငါ၏ကိုယ်, ငါ၏လက်, ငါ၏ခြေ, ငါ၏မျက်စိ, ငါ၏နား အစရှိသည်ဖြင့် ဘဝအဆက်ဆက် မရွေ့မယိုင် အခိုင်အမြဲ သိမ်းပိုက်စွဲလမ်းမှုကြီးသည် တဏှာဘိနိဝေသ မည်၏။

**(၂) ဒိဋ္ဌာဘိနိဝေသ** ဆိုသည်ကား– သတ္တဝါတို့၏ကိုယ်ခန္ဓာမှာ ပုဂ္ဂိုလ် သတ္တဝါ၏ အမာခံ အထည်ခံဖြစ်၍ အစဉ်အမြဲ ခိုင်မြဲသော အတ္တဟူသော အကြီးအမှူးသည်ရှိ၏။ ဇီဝဟူသော အချုပ်အထိန်းသည် ရှိ၏ဟု ဘဝအဆက်ဆက်

www.dhammaransi.com



မရွေ့မယိုင် အခိုင်အမြဲ မှတ်ယူစွဲလမ်းမှုကြီးသည် ဒိဋ္ဌာဘိနိဝေသ မည်၏။

တဏှာဘိနိဝေသကို တဏှာနိဿယ, ဒိဋ္ဌာဘိနိဝေသကို ဒိဋ္ဌိနိဿယဟူ၍လည်း ခေါ်၏။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မှီခြင်းနှစ်ပါးဟူ၍လည်းကောင်း၊ ပုထုဇဉ် သတ္တဝါတို့၏ မှီရာဌာနကြီး နှစ်ပါးဟူ၍လည်းကောင်း ဆိုလိုသည်။

**အဘိနိဝေသကထာ ပြီး၏။**

◆ ◆ ◆

## ၄– ဘူမိကထာ

## ဘူမိအပြား ၂–ပါး

**ဘူမိ** ဆိုသည်ကား– သတ္တဝါတို့၏ တည်ရာ မှီရာ ဖြစ်ပွားရာကို ဆိုသတည်း။

(၁) ပုထုဇ္ဇနဘူမိ တစ်ပါး၊

(၂) အရိယဘူမိ တစ်ပါး– ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် –

**(၁) ပုထုဇ္ဇနဘူမိ** ဆိုသည်ကား– ပုထုဇ္ဇနဘာဝကို ဆိုသည်။ ပုထုဇ္ဇနဘာဝ ဆိုသည်ကား– ဝိပလ္လာသတရား သုံးပါးတို့တွင် ဒိဋ္ဌိဝိပလ္လာသတရားကို ဆိုသည်။ ခပ်သိမ်းသော လောကီဘုံသားတို့သည် ငါ၏ကိုယ်ခန္ဓာအတွင်း၌ နိစ္စမျိုးရှိ၏။ သုခမျိုးရှိ၏။ အတ္တမျိုးရှိ၏ဟု အမြင်မှားခြင်း, အယူမှားခြင်းဟူသော ဒိဋ္ဌိဝိပလ္လာသ တရားကို တည်ရာမှီရာပြု၍ နေကြကုန်၏။ ဒိဋ္ဌိမညနာတရား, ဒိဋ္ဌိဂါဟတရား, ဒိဋ္ဌိပပဉ္စတရား, ဒိဋ္ဌာဘိနိဝေသတရားကို အချုပ်အချာ တည်ရာမှီရာပြု၍ နေကြကုန်၏။ ထို့ကြောင့် ထိုဒိဋ္ဌိဝိပလ္လာသတရားသည် ပုထုဇ္ဇနဘူမိ မည်၏။

**(၂) အရိယဘူမိ** ဆိုသည်ကား– အရိယဘာဝကို ဆိုသည်။ အရိယဘာဝ ဆိုသည်ကား– ထိုဒိဋ္ဌိဝိပလ္လာသတရား အမြစ်အရင်းပါ ပြတ်ကင်း၍ ကိုယ်ခန္ဓာတွင်း၌ နိစ္စမျိုးမရှိ၊ သုခမျိုးမရှိ၊ အတ္တမျိုးမရှိဟု အမြင်အယူ ဖြောင့်မှန်သော သမ္မာဒိဋ္ဌိဉာဏ်ကို ဆိုသည်။

အရိယာပုဂ္ဂိုလ်တို့သည် ထိုအမြင်, ထိုအယူကို တည်ရာမှီရာပြု၍ နေကြကုန်၏။ ထို့ကြောင့် ထိုသမ္မာဒိဋ္ဌိတရားသည် အရိယဘူမိ မည်၏။

အနမတဂ္ဂ သံသရာကာလ၌ ပုထုဇ္ဇနဘူမိတွင် ကျင်လည်ရှည်လျား၍ နေကြ

www.dhammaransi.com



ကုန်သော ပုထုဇဉ်သတ္တဝါအနန္တတို့တွင် အကြင်ပုဂ္ဂိုလ်သည် တစ်ခုသော နေ့ရက်၌ ထိုသမ္မာဒိဋ္ဌိဉာဏ်ကို ပိုင်နိုင်စွာရသဖြင့် ထိုဒိဋ္ဌိဝိပလ္လာသတရား အမြစ်အရင်းပါ ပြတ်ကင်း၏။ ထိုပုဂ္ဂိုလ်သည် ထိုနေ့, ထိုရက်မှစ၍ အရိယဘူမိသို့ ရောက်လေ၏။ ပရမတ္ထအရိယာမျိုး ဖြစ်လေ၏။

အချို့သော အရိယာပုဂ္ဂိုလ်များမှာ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသများ ကျန်ရှိသေးသော်လည်း ဒိဋ္ဌိဝိပလ္လာသကြီး ပြတ်ကင်းပြီး၍ သမ္မာဒိဋ္ဌိဉာဏ်ကြီးကို အတည်ရသဖြင့် ကျန်ရှိသော ဝိပလ္လာသများသည် ဒုစရိုက်မြောက်အောင် မမိုက်မဲနိုင်ကြလေပြီ။ တရားသဖြင့်ရရှိသော စည်းစိမ်ချမ်းသာများကို ခံစား, စံစားဖို့မျှသာ ရှိတော့၏။

ဘူမိကထာ ပြီး၏။

❋ ❋ ❋

## ၅- ဂတိကထာ

## ဂတိအပြား ၂-ပါး

**ဂတိ** ဆိုသည်ကား- ဘဝအလားတည်း။ တစ်ဘဝမှ တစ်ဘဝသို့ အဆက်ဆက်ပြောင်းလဲ ကျင်လည်မှုပေတည်း။

ထိုဂတိသည် - (၁) ပုထုဇ္ဇနဂတိ တစ်ပါး၊
(၂) အရိယဂတိ တစ်ပါး- ဟု ဂတိအပြားနှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် -

**(၁) ပုထုဇ္ဇနဂတိ** ဆိုသည်ကား- ဝိနိပါတအလားကို ဆိုသတည်း။ ဝိနိပါတအလား ဆိုသည်ကား- ပရမ်းပတာကျခြင်းတည်း။ ပရမ်းပတာ ကျရောက်ခြင်း ဆိုသည်ကား- အလိုရှိရာဘဝကို ရည်ရွယ်၍ ကျရောက်နိုင်ကြသည် မဟုတ်။ အမှတ်မရှိ တစ်ခုခုသောကံ၏ ပစ်ချခြင်းဖြင့် ရောက်တတ်ရာရာ ကျရောက်ခြင်းကို ဆိုသတည်း။

ထန်းပင်ပေါ်က ထန်းသီးတို့၏ ကြွေကျခြင်းကဲ့သို့၊ အုန်းပင်ပေါ်က အုန်းသီးတို့၏ ကြွေကျခြင်းကဲ့သို့၊ ပုထုဇဉ်သဘာဝတို့မှာ သေသည်၏အခြားမဲ့၌ ပေါက်လွှတ်ကျခြင်းကို ဆိုသတည်း။

www.dhammaransi.com


ခပ်သိမ်းသော သတ္တဝါတို့မှာ တစ်ဘဝလျှင် တစ်ခါသေရခြင်းဘေးသည် မြဲ၏။ သေပြန်လျှင် ပုထုဇဉ်သတ္တဝါတို့မှာ သေသည်၏အခြားမဲ့၌ ပရမ်းပတာ ကျရောက်ခြင်း ဘေးကြီးသည် အစဉ်အမြဲ ဖက်တွဲလျက် ရှိ၏။ သေရခြင်းဘေးထက် ပရမ်းပတာ ကျရောက်ခြင်းဘေးသည် အလွန်ကြီးကျယ်၏။

လူ့ပြည်မှာ သေလွန်ကြသော ပုထုဇဉ်သတ္တဝါတို့မှာ အောက်မဟာအဝီစိငရဲကြီးတိုင်အောင် အလုံးစုံသော အပါယ်လေးဘုံတို့သည် အဆီးအတားမရှိ ကောင်းကင်ကြီးအသွင် ဟာလာဟင်းလင်း အပြင်ကြီးအလားရှိ၏။ လူ၏အသက်ဝိညာဏ် ချုပ်ဆုံးသည်နှင့်တစ်ပြိုင်နက် ဘယ်ငရဲဘုံသို့မဆို ကျရောက်နိုင်၏။ ဝေးသည် နီးသည်ဟု အထူးမရှိ၊ ဘယ်တိရစ္ဆာန်မျိုး မဆို၊ ဘယ်ပြိတ္တာမျိုး မဆို၊ ဘယ်အသုရကာယ်မျိုး မဆို၊ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း ခဏခြင်းဖြစ်နိုင်၏။

အထက်နတ်ပြည် ခြောက်ထပ်တို့မှ သေလွန်ကြရာ၌လည်း ထို့အတူပင်တည်း။ အထက်ရူပ, အရူပ ဗြဟ္မာ့ပြည်တို့မှ သေလွန်ကြရာ၌မူကား အဖြောင့် အပါယ်လေးဘုံသို့ ဦးတိုက်မကျမူ၍ နတ်ပြည်, လူ့ပြည်၌ တစ်ဖန် ရပ်တန့်ပြီးမှ အပါယ်လေးဘုံသို့ ကျရောက်နိုင်ကြ၏။

ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းဘေးကို ကြောက်လန့်ကြကုန်မြဲ ဆိုရာ၌ သေခြင်းဘေးမှာ ဤပရမ်းပတာ ကျရောက်ခြင်းဘေးကြီး အပြီးပါရှိ၍ နေသည့်အတွက်ကြောင့် သေဘေးကြီးမှ အထူးအချွန် အလွန်ကြောက်ကြရကုန်၏၊

ပရမ်းပတာ ကျရောက်ခြင်းဘေးကြီး မရှိကြကုန်သည်ဖြစ်၍ သေသည့်နောက်၌ မိမိတို့အလိုရှိရာ ရည်ရွယ်ရာ ဘုံဘဝသို့ရည်ရွယ်တိုင်း ရောက်နိုင်ကြပါကုန်မူကား သေခြင်းဘေးကို ဤမျှလောက် လန့်ကြကုန်လိမ့်မည် မဟုတ်၊ တစ်ဘုံ၌ ကာလကြာညောင်းလျှင် ဘုံအသစ်ပြောင်းလိုသောစိတ် ဖြစ်လာတတ်သော် သေခြင်းကို အလိုရှိကြသောအခါပင် ရှိတန်ရာသေး၏။

ဤဝိနိပါတအလားဟု ဆိုအပ်သော ပုထုဇ္ဇနဂတိသည် အဘယ်မျှလောက် ကြီးကျယ်လေသနည်းဟူမူ- ဤအရာ၌ နခသိခသုတ်, ကာဏကစ္ဆပသုတ် ဤသုတ်နှစ်ပါးကို ပြဆိုရာ၏။

မိခင်ရောဝတီ

www.dhammaransi.com



**နခသိခသုတ်၏** လိုရင်းအနက်ကား- တစ်ရံသောအခါ မြတ်စွာဘုရားသည် လက်သည်းတော်ဖျား၌ မြေမှုန့်ငယ်တို့ကို တင်ထားပြီးလျှင် ရဟန်းတို့ကိုခေါ်၍ ဤသို့မိန့်တော်မူ၏။

ရဟန်းများတို့ . . ငါ၏လက်သည်းတော်ဖျားတွင် တင်ထားသော မြေမှုန့်စုနှင့် မဟာပထဝီတစ်ပြင်လုံးတွင် ရှိနေသော မြေမှုန့်တို့ကို အနည်း, အများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် အဘယ်မြေမှုန့်က နည်းပါး၍၊ အဘယ်မြေမှုန့်က များပြားမည်နည်းဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုက အလွန်ပင်နည်းပါးပါကြောင်း၊ မဟာပထဝီ တစ်ပြင်လုံးမှာရှိနေသော မြေမှုန့်စုက အလွန်ပင်များပြားပါကြောင်း၊ ၎င်းမဟာပထဝီမြေမှုန့်နှင့် အနည်းအများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် ဘုရားလက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုသည် ရှိသည်ဟူ၍ မပြောဆိုလောက်ပါကြောင်း ဖြေကြားကုန်၏။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ . . ဤဥပမာနှင့်တူစွာ ဤလူ့ပြည်မှ သေလွန်ကြကုန်သော သူအပေါင်းတို့တွင် လူ့ပြည်, နတ်ပြည်တို့မှာ ဖြစ်ရသော သူ၊ နတ်ပြည်တို့မှ သေလွန်ကြသော သူအပေါင်းတို့တွင် နတ်ပြည်, လူ့ပြည်တို့မှာ ဖြစ်ရသော သူများသည် ငါ၏လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုကဲ့သို့ အလွန်ပင်နည်းပါး၏။ အပါယ်လေးဘုံတို့၌ ဖြစ်ရသော သူတို့သည်မူကား မဟာပထဝီမြေမှုန့်စုကဲ့သို့ အလွန်ပင်များပြားကုန်၏ဟူ၍လည်းကောင်း၊ တစ်ဖန် အပါယ်လေးလုံတို့မှ သေလွန်ကြကုန်သော သူအပေါင်းတို့တွင် လူ့ပြည်, နတ်ပြည်တို့မှာ ဖြစ်ရသော သူများသည် ငါ၏လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်ကဲ့သို့ အလွန်နည်းပါး၏။ အပါယ်လေးပါးတို့၌ အဖန်တလဲလဲ ဖြစ်နေကြရကုန်သော သတ္တဝါတို့သည်သာလျှင် အလွန်များပြားကုန်၏ဟူ၍လည်းကောင်း မိန့်တော်မူ၏။ ။

ဤကား နခသိခသုတ်၏ အနက်အဓိပ္ပါယ်တည်း။

www.dhammaransi.com



မဟာသမုဒ္ဒရာ လေးစင်း၌ရှိသော ရေသတ္တဝါမျိုးတို့နှင့်တကွ အပါယ်လေးဘုံ အသိုက်အအုံ ကြီးကျယ်ပုံကို စေ့စုံစွာ မြော်ရှုပြီးလျှင် ယခုပြဆိုခဲ့ပြီးသော နခသိခ သုတ်အတွက် အနက်အဓိပ္ပါယ်အတိုင်း အပါယ်ရောက်, အပါယ်ကျ ဝိနိပါတ အလားကြီးသည် ဘယ်မျှလောက် ကြီးကျယ်ကြောင်းကို မျှော်မြင်သိရှိနိုင်ရာ၏။

**ကာဏကပစ္ဆသုတ်၏** လိုရင်းအနက်ကား– တစ်ရံသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ ဤသို့မန့်ကြား၏။

ရဟန်းတို့ . . မဟာသမုဒ္ဒရာကြီး၌ မျက်စိနှစ်ဖက် ပျက်ကွယ်သော လိပ်ကန်းငယ်တစ်ခုသည် ရှိရာ၏။ ထိုလိပ်ကန်းငယ်သည် နက်လှစွာသော ရေ၏အတွင်း၌ ဦးခေါင်းလှည့်မိလှည့်ရာ မရပ်မနား သွား၍နေ၏။ အနှစ်တစ်ရာ, အနှစ်တစ်ရာ ရှိမှ ရောက်လေရာရာ၌ တစ်ကြိမ်, တစ်ကြိမ်သာ အထက်ရေပေါ်သို့ ဦးခေါင်းပေါ်၏။ တစ်ဖန် မဟာသမုဒ္ဒရာကြီး၌ပင်လျှင် တစ်ခုသောအရပ်၌ ရထားထမ်းပိုးတုံးတစ်ခုသည် ကျရောက်နေရာ၏။ ထိုထမ်းပိုးတုံးသည် အပေါက်တစ်ခုသာ ရှိတတ်၏။ လေလိုက်, လှိုင်းလိုက်, ရေကြောင်းလိုက် မရပ်မနား လွင့်မျောခါ နေ၏။ ထိုသို့နေကြရာတွင် အကြင်အခါ၌ လိပ်ကန်းငယ်၏ ဦးခေါင်းပေါ်ရာအရပ်သို့ ထမ်းပိုးတုံးသည် ရောက်လေ၍ လိပ်၏ဦးခေါင်းသည် ထမ်းပိုးပေါက်၌ လျှိုမိ, စွပ်မိလေရာ၏။ ထိုသို့ လျှိုမိ, စွပ်မိသောအခါအခွင့်သည် ကြုံကြိုက်နိုင်မည်လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က ကြုံကြိုက်နိုင်ရာ မရှိပါကြောင်း၊ သို့ရာတွင် မြတ်စွာဘုရား ကမ္ဘာမည်သည် အလွန်ကြာရှည်လှသည်ဖြစ်၍ လိပ်ငယ်သည်လည်း မသေမပျောက် ထမ်းပိုးသည်လည်း မပုပ်မဆွေး ကာလအရှည် တည်နေပါကုန်မူကား တစ်ကြိမ်တစ်ခါ ကြုံကြိုက်ရန်ရှိပါကြောင်း ဖြေကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ . . ဤအရေးအခွင့်သည် ခဲယဉ်းသည်ဟု မဆိုလောက်သေး၊ ဤအရေးအခွင့်ထက် အဆအရာမက အဆအထောင်မက ခဲယဉ်းလှသော အရာသည်ရှိသေး၏။ အဘယ်အရာနည်းဟူမူ– ဤလူ့ဘဝမှ သေလွန်၍ အပါယ်လေးဘုံသို့ တစ်ကြိမ်ကျရောက်သောသူသည် လူ့ဘုံ, လူ့ဘဝသို့ တစ်ဖန် ပြန်ရောက်နိုင်ရန် အခွင့်အရေးပေတည်း။

www.dhammaransi.com



ဤအခွင့်အရေးသည် လိပ်ကန်းထမ်းပိုးတို့၏ အခွင့်အရေးထက် အဆအရာမက အဆအထောင်မက သာလွန်၍ ခဲယဉ်းချေသည်။ အဘယ်ကြောင့်နည်းဟူမူ- လူ့ဘဝ, နတ်ဘဝမည်သည် အကုသိုလ်ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုကို ပြုကျင့်သောသူများမှ လူဖြစ်နိုင်သည်, နတ်ဖြစ်နိုင်သည်။

အပါယ်ဘုံ၌မူကား အကုသိုလ်မှန်း, ကုသိုလ်မှန်း၊ ကောင်းမှုမှန်း, မကောင်းမှုမှန်း၊ သုစရိုက်မှန်း, ဒုစရိုက်မှန်း မသိကြကုန်ပြီ။ နိုင်ရာ နိုင်ရာသတ်မှု စားမှုအစရှိသော အကုသိုလ် ဒုစရိုက်တို့နှင့်သာ နေကြရကုန်တော့သည်။ ငရဲဘုံ, ပြိတ္တာဘုံတို့မှာလည်း ခံနေရသော ဒုက္ခအတွက် စိတ်ပူ, စိတ်လောင်၊ စိတ်ဆိုး, စိတ်ညစ်တွေနှင့်သာ နေကြရကုန်တော့သည်။

ထို့ကြောင့် လူ့ဘုံ, လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်ရန် အခွင့်အရေးသည် လိပ်ကန်းထမ်းပိုး အရေးထက် အဆရာထောင်မက သာလွန်ခဲယဉ်းလေသည်ဟု ဟောတော်မူသည်။ ။

ဤကား ကာဏကစ္ဆပသုတ်ထွက် အနက်အဓိပ္ပါယ်ပေတည်း။

ဤသုတ္တန်အတိုင်း အပါယ်ဘုံဘဝသို့ ရောက်လေသမျှသော သူအပေါင်းတို့သည် လူ့ဘုံ, လူ့ဘဝသို့ ရောက်လာမည့်အရေး အလွန်ဝေးရသည်မှာ အပါယ်ဘုံသားမည်သည် အထက်သို့ဦးခေါင်းမပြု အောက်သို့သာ ဦးခေါင်းပြုကြကုန်၏။

အောက်သို့သာ ဦးခေါင်းပြုခြင်း ဆိုသည်ကား- တစ်ဘဝထက် တစ်ဘဝ အမိုက်တရား တိုးပွား၍ သွားကြသဖြင့် မြစ်ရေတို့သည် နိမ့်ရာသို့သာ စီးဆင်းကြကုန်သကဲ့သို့ တစ်ဘဝထက် တစ်ဘဝ ယုတ်နိမ့်ရာသို့သာ ရှေ့ရှုကြကုန်ရကား အထက်လမ်းပိတ်၍ အောက်ထက်အောက် နစ်မြုပ်လမ်း ဟင်းလင်းကြီးပွင့်၍ နေခြင်းကိုအောက်သို့ ဦးခေါင်းပြုခြင်း ဆိုသည်။

ဤကာဏကစ္ဆပသုတ်အရကို မြော်မြင်ကြသဖြင့်လည်း ပုထုဇဉ်သတ္တဝါတို့၏ ဝိနိပါတအလားကြီး ဝိနိပါတဘေးကြီးသည် ပရမ်းပတာ ကျရောက်မှုကြီးသည် ဘယ်မျှလောက် ကြောက်မက်ဖွယ်, လန့်ဖွယ် ကြီးကျယ်ကြောင်းကိုလည်း သိရှိနိုင်ကြကုန်ရာသည်။ ။

ဤကား ပုထုဇ္ဇနဂတိတည်း။

မိခင်ရောဝတီ

www.dhammaransi.com



(၂) **အရိယဂတိ** ဆိုသည်ကား- အဝိနိပါတဂတိတည်း။ အဝိနိပါတဂတိ ဆိုသည်ကား- သေသည်၏နောက်၌ ပရမ်းပတာ ကျရောက်ခြင်းမှ ကင်းလွတ်ခြင်းတည်း။

တစ်ဘဝလျှင် တစ်ခါသေရခြင်း ဓမ္မတာနှင့်တွဲလျက် အမြဲပါရှိနေသော ပရမ်းပတာကျရောက်ခြင်း ဘေးကြီးသည် အကုန်အရှင်းကင်းပ၍ တစ်ဘဝလျှင် တစ်ခါသေမြဲ ဓမ္မတာ၏နောက်၌ မိမိ, မိမိတို့ အလိုရှိရာ ဘုံဘဝသို့၊ သို့မဟုတ် ကောင်းမြတ်ရာဘုံဘဝသို့သာ ရောက်နိုင်ခြင်းတည်း။

ထန်းပင်ပေါ်, အုန်းပင်ပေါ်တို့မှ ထန်းသီးခိုင်, အုန်းသီးခိုင် ကျသကဲ့သို့ ပရမ်းပတာ ကျရောက်ရခြင်းမှ ကင်းလွတ်၍ ထန်းပင်ပေါ်, အုန်းပင်ပေါ်တို့မှ ကျေးငှက်တို့သည် အလိုရှိရာသစ်ပင်တို့ကို ကောင်းကင်ခရီးဖြင့် ပျံသန်းကူးပြောင်းကြကုန်သကဲ့သို့ ပရမတ္ထအရိယာမျိုးဖြစ်ကြကုန်သော လူ, နတ်, ဗြဟ္မာတို့သည် မိမိ, မိမိတို့ဖြစ်ရာဘုံဘဝမှ သေလွန်ကြကုန်၍ ဘဝတစ်ပါးသို့ ပြောင်းသွားကြကုန်သောအခါ ကောင်းမြတ်သော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတို့တွင် မိမိ, မိမိတို့ ရောက်လိုရာ ဘုံဘဝတို့သို့ ရောက်နိုင်ကြကုန်၏။

ဘယ်ဘုံဘဝသို့ ရောက်လိုသည်ဟု ရည်ရွယ်ခြင်းမရှိဘဲ အမှတ်မဲ့ သေလွန်ခဲ့သော်လည်း ကောင်းမြတ်သော ဘုံဘဝသို့သာ ရောက်ကြကုန်လေ၏။ အပါယ်လေးပါးသို့ ကျရောက်ခြင်းမှ အလျင်းကင်းလွတ်ကြလေကုန်၏။ သည်သာမက သေး၊ လူ့ဘုံ, လူ့ဘဝသို့ ရောက်ကြရာ၌လည်း အမျိုးစည်းစိမ် ယုတ်ညံ့သော ဒုဂ္ဂတလူမျိုး, မသူတော်လူမျိုး, မိစ္ဆာဒိဋ္ဌိလူမျိုးတို့၌ ဖြစ်ရခြင်းမှ အရှင်းကင်းလွတ်၍ အမျိုးစည်းးစိမ် မြင့်မြတ်သောလူမျိုး, သပ္ပုရိသလူမျိုး, သမ္မာဒိဋ္ဌိလူမျိုးတို့၌သာ ဖြစ်ကြကုန်၏။

နတ်ဘုံ, နတ်ဘဝသို့ရောက်ကြရာ ဗြဟ္မာ့ဘုံ, ဗြဟ္မာ့ဘဝသို့ ရောက်ကြရာ၌လည်း ဘုန်းတန်ခိုးယုတ်ညံ့သော နတ်မျိုး, ဗြဟ္မာမျိုး၊ မိစ္ဆာအယူရှိကြသော နတ်မျိုး, ဗြဟ္မာမျိုးတို့၌ ဖြစ်ရခြင်းမှ အလျင်းကင်းလွတ်ကြကုန်၏။ ဘုန်းတန်ခိုးကြီးမြတ်သော နတ်မျိုး, ဗြဟ္မာမျိုး၊ သမ္မာအယူဖြူစင်သော နတ်မျိုး, ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြရကုန်၏။

www.dhammaransi.com



နတ်ဘုံ, နတ်ဘဝသို့ရောက်ကြရာ ဗြဟ္မာ့ဘုံ, ဗြဟ္မာဘဝသို့ ရောက်ကြရာ၌လည်း ဘုန်းတန်ခိုးယုတ်ညံ့သော နတ်မျိုး, ဗြဟ္မာမျိုး မိစ္ဆာအယူရှိကြသော နတ်မျိုး, ဗြဟ္မာမျိုးတို့၌ ဖြစ်ရခြင်းမှ အလျင်းကင်းလွတ်ကြကုန်၏။ ဘုန်းတန်ခိုးကြီးမြတ်သော နတ်မျိုး, ဗြဟ္မာမျိုး၊ သမ္မာအယူဖြူစင်သော နတ်မျိုး, ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြရကုန်၏။

နခသိခသုတ်၌လာသော ပုထုဇ္ဇနဂတိ၊ ကာဏကစ္ဆပသုတ်၌လာသော ပုထုဇ္ဇနဂတိ၊ ဝိနိပါတဘေးကြီးမှ အလျင်းကင်းလွတ်ကြကုန်၏။ ။

**ဤကား အရိယဂတိ အရိယာတို့၏အလားကို ပြဆိုချက်တည်း။**

ဤစကား၌ လူဖြစ်သောသူတို့သည် သစ်ပင်ပေါ်မှကျခဲ့လျှင် ထန်းသီးခိုင်, အုန်းသီးခိုင်တို့ ကျသကဲ့သို့ ပရမ်းပတာ ကျကြကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ ကောင်းကင်သို့ပျံသန်းနိုင်သော အတောင်မရှိသည့်အတွက်ကြောင့်တည်း။

ထို့အတူ ပုထုဇဉ်မျိုးဖြစ်ကြသော နတ်, လူ, ဗြဟ္မာသတ္တဝါတို့မှာ ဘဝခန္ဓာတစ်ခုပျက်ဆုံး၍ ဘဝခန္ဓာတစ်ခုသို့ ပြောင်းရွှေ့ကြရာ၌ ဒိဋ္ဌိဝိပလ္လာသကြီး ရှိနေကြသည့်အတွက် မဂ္ဂင်ရှစ်ပါးဟူသော အတောင်မရှိသည်ဖြစ်၍ ဝိနိပါတဘေးကြီး၏ ကင်းငြိမ်းခြင်းတည်းဟူသော ဟင်းလင်းအပြင် ကောင်းကင်ကြီးကို အမှီအတွယ် မပြုဖြစ်ကြကုန်သော နတ်, လူ, ဗြဟ္မာသတ္တဝါတို့မှာ မိမိတို့ကိုယ်ခန္ဓာပျက်ဆုံး၍ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကြသောအခါ ဝိနိပါတဘေးကြီး ပရမ်းပတာ ကျကြကုန်၏။

ဤစကား၌ ပကတိသောလူတို့သည် မြင့်စွာသော သစ်ပင်ထက်သို့ တက်ကြကုန်ရာ မှီတွယ်ရာဖြစ်သော သစ်ကိုင်းတို့ကျိုးပြတ်ခဲ့သော် သစ်ကိုင်းနှင့်တကွ အောက်မြေအရပ်သို့ ပရမ်းပတာကျခြင်းဖြင့် ကျကြလေကုန်၍ သေသော်လည်း သေ၊ မသေသော်လည်း မလှမပ ဒုက္ခကြီးစွာ ရောက်ကြကုန်၏။ အဘယ့်ကြောင့်ဆိုသော် ထိုလူတို့မှာ သစ်ကိုင်းတို့သည်သာလျှင် မှီတွယ်ရာရှိကြကုန်၏။ သစ်ကိုင်းမှတစ်ပါး မှီတွယ်ရာမရှိကြကုန်၊ ကောင်းကင်သို့ ပျံသွားရန်အတောင်လည်း မရှိကြလေကုန်။

ထို့အတူ ဒိဋ္ဌိဝိပလ္လာသ ရှိနေကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့

www.dhammaransi.com



မှာလည်း အတ္တဒိဋ္ဌိဖြင့် မိမိ, မိမိတို့၏ ကိုယ်ခန္ဓာတို့ကို မှီတွယ်ကြကုန်သည် ဖြစ်၍ မှီတွယ်ရာဖြစ်သော ကိုယ်ခန္ဓာချုပ်ဆုံးခဲ့သော် ပရမ်းပတာကျခြင်းသို့ ရောက်ကြလေကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် ထိုလူတို့မှာ မိမိတို့၏ကိုယ်ခန္ဓာတို့သည်သာလျှင် မှီတွယ်ရာရှိကြကုန်၏။ ကိုယ်ခန္ဓာတို့မှတစ်ပါး ဝိနိပါတဂတိမှ လွတ်ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်တည်းဟူသော မှီတွယ်ရာတစ်ပါးလည်း မရှိကြကုန်၊ ဝိနိပါတသို့မကျရလေအောင် အလွန်ရွက်ဆောင်နိုင်သော မဂ္ဂင်ရှစ်ပါးတည်းဟူသော အလွန်သန်စွမ်းလှစွာသော အတောင်လည်း မရှိကြလေကုန်။

အတောင်ရှိကြသော ကျေးငှက်တို့သည် မြင့်စွာသော သစ်ပင်တို့၌နားနေကြကုန်ရာ နားနေရာဖြစ်သော သစ်ကိုင်းသို့ကျိုးပြတ်ခဲ့သော်လည်း အောက်သို့ကျခြင်း မရှိကုန်၊ တစ်ပါးသော သစ်ပင်သို့ကောင်းကင်ခရီးဖြင့် ပျံကြလေကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် ထိုကျေးငှက်တို့မှာ သစ်ကိုင်းကို မိမိကိုယ်ပြု၍ မှီတွယ်ကြသည်မဟုတ်ကုန်၊ ခဏခေတ္တနားနေရုံမျှ ဖြစ်ကြကုန်၏။ ကောင်းကင်နှင့်အတောင်တို့ကိုသာ အမှီကြီးမှီကြကုန်၏။

ထို့အတူ ဒိဋ္ဌိဝိပလ္လာသမှ ကင်းလွတ်ကြကုန်ပြီးသော အရိယာမျိုးဖြစ်သော လူ, နတ်, ဗြဟ္မာသတ္တဝါတို့မှာ မိမိ, မိမိတို့၏ကိုယ်ခန္ဓာတို့ကို ငါ၏အတ္တဟု မှီတွယ်ခြင်းမရှိကြကုန်။ ကိုယ်ခန္ဓာတို့မှတစ်ပါး ဝိနိပါတဂတိမှ လွတ်ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်တည်းဟူသော နိစ္စထာဝရခိုင်မြဲသော မှီတွယ်ရာကြီးလည်း လက်ကိုင်လက်စွဲ အမြဲရှိကြကုန်၏။ ကောင်းမြတ်ရာ ဘုံဘဝသို့သာလျှင် ရောက်နိုင်ကြရန် ကံနှင့်အမြဲ ဖက်တွဲပါရှိသော အလွန်သန်စွမ်းလှစွာသော မဂ္ဂင်ရှစ်ပါးတည်းဟူသော အတောင်အားနှင့်လည်း ပြည်စုံလုံလောက်ကြကုန်၏။ ။

ဤကား ပုထုဇ္ဇနဂတိနှင့် အရိယဂတိနှစ်ပါးတို့၏ အထူးပေတည်း။

ဂတိကထာ ပြီး၏။

* * *

www.dhammaransi.com



# ၆- သစ္စကထာ

## သစ္စာတရား ၂-ပါး

သစ္စာ ဆိုသည်ကား- သူ့အမည် သညာနှင့် သူ့သဘာဝ အစဉ်ထာဝရ ညီညွတ်ဖြောင့်မှန်သည်ကို ဆိုသတည်း။

ထိုသစ္စာသည် - (၁) သမ္မုတိသစ္စာတစ်ပါး၊
(၂) ပရမတ္ထသစ္စာ တစ်ပါး- ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် -

**(၁) သမ္မုတိသစ္စာ** ဆိုသည်ကား- လောကီဘုံသား လူအများတို့၏ ခေါ်ရိုး ပြောရိုးဖြစ်သော သမ္မုတိပညတ်တို့၏ အလယ်၌အဖြောင့်အမှန်မျိုးသည် သမ္မုတိ သစ္စာမည်၏။

အတ္တရှိ၏၊ ဇီဝရှိ၏၊ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ လူရှိ၏၊ နတ်ရှိ၏၊ သိကြား ရှိ၏၊ ဗြဟ္မာရှိ၏၊ ဆင်, မြင်း, ကျွဲ, နွားရှိ၏။ ဦးခေါင်း, လက်, ခြေစသော အင်္ဂါကြီးငယ်ရှိ၏။ ဆံပင်, အမွေး, ခြေသည်း, လက်သည်းရှိ၏ စသည်တို့ပေ တည်း။

ဤသမ္မုတိသစ္စာသည် မုသာဝါဒ၏ဆန့်ကျင့်ဖက်ပေတည်း။ မုသာဝါဒကို ပယ်နိုင်၏။ တစ်ဘဝအတွင်းတွင် အခါခါဖြစ်ခြင်း အခါခါချုပ်ခြင်းဟူ၍ မရှိပဲ့, တစ်ခုတည်းနှင့် တစ်သက်လုံးခိုင်မြဲ၍နေသော အတ္တမည်သည် ကေန်အမှန်ရှိ၏။ ဇီဝမည်သည် ကေန်အမှန်ရှိ၏ဟု ပြောဆိုကြသော စကားမျိုးတို့သည် လောကီ ဘုံသား လူအများတို့၏ ပြောရိုး ဆိုရိုးအတိုင်း ပြောဆိုကြသော စကားဖြစ်၍ ပြောဆိုသောသူမှာ မုသာဝါဒမဖြစ်၊ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ လှည့်စားခြင်း မဖြစ်။

ပရမတ္ထသစ္စာအလိုအားဖြင့်မူကား ထိုစကားမျိုးသည် အနိစ္စ၌ နိစ္စဟူ၍ ဖောက်ပြန်ခြင်း၊ အနတ္တ၌ အတ္တဟူ၍ ဖောက်ပြန်ခြင်းတည်းဟူသော ဝိပလ္လာသအမှန် ဖြစ်၏။ ထိုဝိပလ္လာသတရားကို မပယ်နိုင်သေးသမျှ ကာလပတ်လုံး သံသရာဝဋ် ဒုက္ခမှ မလွတ်နိုင်၊ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ဆံပင်, အမွေး, ခြေသည်း, လက်သည်း ရှိ၏ဟူရာတို့၌လည်း ထိုနည်းအတူဆိုလေ။

www.dhammaransi.com



**(၂) ပရမတ္ထသစ္စာ** ဆိုသည်ကား- ဓာတ်သဘာဝ ဓမ္မသဘာဝ အလိုအားဖြင့် အလွန်ဟုတ်မှန်လှသော ရှိ, မရှိစကားမျိုး တရားမျိုးသည် ပရမတ္ထသစ္စာ မည်၏။

ရှိ, မရှိနှစ်ပါးတို့တွင် ရှိဆိုသည်ကား- ပထဝီဓာတ်ရှိ၏၊ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ရှိ၏။ စိတ်ဝိညာဏ်ရှိ၏။ ဖဿ, ဝေဒနာ, သညာ, စေတနာရှိ၏။ ရုပ်ခန္ဓာရှိ၏၊ နာမ်ခန္ဓာရှိ၏ စသည်တို့ပေတည်း။

မရှိဆိုသည်ကား- အတ္တမရှိ၊ ဇီဝမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ လူမရှိ၊ နတ်မရှိ၊ သိကြားမရှိ၊ ဗြဟ္မာမရှိ၊ ဆင်, မြင်း, ကျွဲ, နွားမရှိ၊ ဦးခေါင်းဟူ၍ မရှိ၊ လက်, ခြေစသော အင်္ဂါကြီးငယ်ဟူ၍မရှိ၊ ဆံပင်, အမွေး, ခြေသည်း, လက်သည်းဟူ၍မရှိ စသည်တို့ပေတည်း။

အတ္တမရှိ၊ ဇီဝမရှိ ဆိုသည်ကား- တစ်ဘဝအတွင်းတွင် အခါခါဖြစ်ခြင်း၊ ချုပ်ခြင်းဟူ၍မရှိပဲ တစ်ခုတည်းနှင့် တစ်သက်လုံးခိုင်မြဲ၍နေသော အတ္တ, ဇီဝဟူ၍ မရှိ ဆိုလိုသည်။

ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ စသည်တို့၌လည်း ရုပ်ဓာတ်, နာမ်ဓာတ်တို့သည်သာ ရှိကုန်၏။ ထိုရုပ်ဓာတ်, နာမ်ဓာတ်တို့သည်လည်း ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ နတ်, ဗြဟ္မာစသည်မဟုတ်၊ ထိုရုပ်ဓာတ်, နာမ်ဓာတ်တို့မှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါဟူ၍ အသီးအခြားမရှိ၊ လူ, နတ်, ဗြဟ္မာစသည်လည်း မရှိဟုဆိုလေ။

ဤပရမတ္ထသစ္စာသည် ဝိပလ္လာသတရား၏ ဆန့်ကျင်ဖက်ပေတည်း။ ဤပရမတ္ထသစ္စာတရားမှသာလျှင် ဝိပလ္လာတရားကို ပယ်နိုင်၏။ ဝိပလ္လာသတရားကို ပယ်နိုင်မှသာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်၏။

သမ္မုတိသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ပုဂ္ဂိုလ်သတ္တဝါတို့သည် သံသရာ၌ တစ်ဘဝမှတစ်ဘဝသို့ ကျင်လည်ပြောင်းသွား၍ နေကြ၏။ ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ တစ်ဘဝမှတစ်ဘဝသို့ ကျင်လည်ပြောင်းသွားသည်ဟူ၍ မရှိ၊ သို့သော် ဤသစ္စာနှစ်ပါးသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက် ဖြစ်နေဘိ၏တကားဟု ဆိုရန်ရှိ၏။ ဖြောင့်ဖြောင့်ဆန့်ကျင်ဖက် မဖြစ်ကြစေရန် အဖြေမှာမူကား -

သမ္မုတိသစ္စာအလို ပရမတ္ထသစ္စာအလိုဟူ၍ အလိုနှစ်ပါး သီးသန့်ခြားလျက် ရှိလေပြီ။

www.dhammaransi.com



သမ္မုတိသစ္စာအလိုနှင့် ပုဂ္ဂိုလ်သတ္တဝါရှိ၏ဟု ပြောဆိုခဲ့သော် သမ္မုတိသစ္စာအလိုဆိုသောကြောင့် ပရမတ္ထသစ္စာဆရာက မငြင်းပယ်ရ၊ ပုဂ္ဂိုလ်သတ္တဝါဟု သမ္မုတိပညတ်ရှိသည်ကား အမှန်ပင်ဖြစ်၏။

ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိဟူ၍ ပြောဆိုခဲ့သော် ပရမတ္ထသစ္စာအလိုဆိုသောကြောင့် သမ္မုတိဆရာက မငြင်းပယ်ရ၊ ပရမတ္ထသစ္စာဟူသည် ရုပ်တရား၊ နာမ်တရားသည်သာ အမှန်ဖြစ်၏။ ပရမတ္ထသစ္စာမှာ ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ။

**ဥပမာကား–** တစ်ခုသောမြေအရပ်မှ မြေစိုင်ခဲတို့ကိုတူးယူ၍ အမှုန့်ပြုပြီးလျှင် အိုးအမျိုးမျိုး, ခွက်အမျိုးမျိုးပြုလုပ် သုံးဆောင်ကြသဖြင့် လောကကြီး၌ မြေအိုးအမျိုးမျိုး, မြေခွက်အမျိုးမျိုး ရှိကြ၏။ တရားစကားပြောဆိုရာ၌ ဤလောကမှာ မြေအိုး, မြေခွက်မည်သည် ရှိ၏လောဟု မေးခဲ့သော် သမ္မုတိသစ္စာအလိုအားဖြင့် မြေအိုး, မြေခွက်မည်သည် ကေန်အမှန်ပင် ရှိ၏ဟူ၍ ဖြေဆိုရမည်။ ပရမတ္ထသစ္စာအလိုအားဖြင့် မြေသည်သာရှိ၍ အိုး, ခွက်မရှိဟု ဖြေဆိုရမည်။ ထိုနှစ်ပါးတို့တွင် သမ္မုတိသစ္စာအလိုမှာ လောကီဘုံသား လူအများတို့၏ ပြောရိုးဆိုရိုး ထင်ရှားရှိသည့်အတိုင်းပင် ဖြေဆိုသည်ဖြစ်၍ ရှင်းလင်းဖွယ်မရှိ ပရမတ္ထသစ္စာအလို၌မူကား ရှင်းလင်းဖွယ်ရှိချေ၏။

ပရမတ္ထသစ္စာ အလိုအားဖြင့် မြေအိုး, မြေခွက်ဟူသောစကား၌ မြေသည်သာ ရှိ၏။ အိုးဟူ၍, ခွက်ဟူ၍ မရှိ၊ အကြောင်းမူကား မြေဟူသော အမည်သည် အိုး, ခွက်၏အမည်မဟုတ်၊ မြေမျိုးမြေစစ်၏ အမည်သရုပ်သာဖြစ်၏။ အကြောင်းမူကား သံအိုး, သံခွက်၊ ကြေးအိုး, ကြေးခွက်၊ ရွှေအိုး, ရွှေခွက်, ငွေအိုး, ငွေခွက်များလည်းရှိ၏။ ထိုအိုး, ထိုခွက်များကို မြေအိုး, မြေခွက်ဟူ၍ မခေါ်ရ၊ အဘယ့်ကြောင့်နည်း၊ မြေမဟုတ်သောကြောင့်တည်း။

အိုးခွက်ဟူသော အမည်သည်လည်း မြေ၏အမည်မဟုတ်၊ အိုးသဏ္ဌာန်, ခွက်သဏ္ဌာန်ဟူသော အဝန်းအဝိုင်းစသော သဏ္ဌာန်ပညတ်၏ အမည်သည်သာ ဖြစ်၏။

အကြောင်းမူကား အိုးခွက်သဏ္ဌာန် မရှိကြသော မြေစိုင်ခဲမည်သည် အိုးခွက်

www.dhammaransi.com



ဟူ၍မခေါ်ရ၊ ထို့ကြောင့် မြေဟူသောအမည်သည် အိုးခွက်၏အမည် မဟုတ်၊ မြေဓာတ်၏အမည်သည်သာ ဖြစ်၏။ အိုး, ခွက်ဟူသော အမည်သည် ထိုမြေ၏ အမည်မဟုတ်၊ သဏ္ဌာန်ပညတ်၏အမည်သည်သာ ဖြစ်၏။ သဏ္ဌာန်ပညတ် ဟူသော မြေမှုန့်တို့မှ အသီးအခြား ဓာတ်သားဝတ္ထု ရှိသည်မဟုတ်၊ မြေမှုန့်တို့၏ ပေါင်းဖွဲ့တည်နေပုံအထူးကို အမှီပြု၍ စိတ်ထဲတွင် ထင်မြင်ရသော သဏ္ဌာန်နိမိတ် အရိပ်အသွင်မျိုးမျှသာ ဖြစ်၏။ ထို့ကြောင့် ပရမတ္ထအလိုအားဖြင့် မြေသည်သာ ရှိသည်၊ အိုး, ခွက်ဟူ၍မရှိဟု ဖြေဆိုပေသည်။

**သမ္မုတိသစ္စာ ပြီး၏။**

**ပရမတ္ထသစ္စာမျိုး** ဆိုသည်ကား- (၁) ရုပ်တရား၊
(၂) နာမ်တရား- ဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် -

၁။ ရုပ်တရားသည် နှစ်ဆယ့်ရှစ်ပါးရှိ၏။ နှစ်ဆယ့်ရှစ်ပါး ဟူသည်ကား- ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူသော **မဟာဘုတ်ကြီးလေးပါး၊**

စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဟူသော **ဝတ္ထုရုပ်ခြောက်ပါး၊**

ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်ဟူသော **ဘာဝရုပ်နှစ်ပါး၊ ဇီဝိတရုပ်တစ်ပါး၊ အာဟာရရုပ်တစ်ပါး၊**

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံဟူသော **ဂေါစရရုပ်လေးပါး။**

ဤတစ်ဆယ့်ရှစ်ပါးတို့သည် ဖြစ်ပေါ်မှုဟူသော ဇာတိတရား ထင်ရှားရှိ ကြခြင်းကြောင့် ဇာတရုပ်မည်ကုန်၏။

အာကာသဓာတ်ဟူသော **ပရိစ္ဆေဒရုပ်တစ်ပါး၊**

ကာယဝိညတ်, ဝစီဝိညတ်ဟူသော **ဝိညတ်ရုပ်နှစ်ပါး၊**

လဟုတာ, မုဒုတာ, ကမ္မညတာဟူသော **ဝိကာရရုပ်သုံးပါး၊**

ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာဟူသော **လက္ခဏာ ရုပ်လေးပါး။**

အမှတ် ၂၁
ရက်စွဲ

## ၆– သစ္စကထာ

ဤဆယ်ပါးသော ရုပ်တို့သည် ဖြစ်ပေါ်မှုဟူသော ဓာတ်ထူးများ ထင်ရှားမရှိကြခြင်းကြောင့် အဇာတရုပ်မည်ကုန်၏။

## ဇာတရုပ် ၁၈–ပါး

## မဟာဘုတ်ကြီး ၄–ပါး

**မဟာဘုတ်ကြီး** ဆိုသည်ကား– အလွန်ကြီးပွားတတ်သည်ကို ဆိုသည်။

၁။ **ပထဝီဓာတ်** ဆိုသည်ကား– မြေဓာတ်တည်း။ မြေဓာတ် ဆိုသည်ကား– ရုပ်တရားတို့၏ တည်ရန်, မှီရန် အမာခံသဘောတည်း။ ထိုမြေဓာတ်သည် ခက်မာမျိုး, ခက်မာသည်ထက် ခက်မာမျိုး၊ နူးညံ့မျိုး, နူးညံ့သည်ထက် နူးညံ့မျိုး ဟူ၍ အဆင့်ဆင့်ရှိ၏။

၂။ **အာပေါဓာတ်** ဆိုသည်ကား– ရေဓာတ်တည်း။ ရေဓာတ် ဆိုသည်ကား– ရုပ်တရားတို့ကို အတုံးအခဲဖြစ်စေရန် ဖွဲ့စည်းမှုတည်း။ ထိုရေဓာတ်သည် ဖွဲ့စည်းမှု အတင်းအလျော့ အမျိုးမျိုးရှိ၏။

၃။ **တေဇောဓာတ်** ဆိုသည်ကား– မီးဓာတ်တည်း။ မီးဓာတ် ဆိုသည်ကား– ရုပ်တရားတို့ကိုလောင်မှု, မြိုက်မှု, ရင့်စေမှုပေတည်း။ ထိုလောင်မြိုက်မှုသည် ပူ၍လောင်မှု၊ အေး၍လောင်မှုဟု နှစ်မျိုးရှိ၏။

၄။ **ဝါယောဓာတ်** ဆိုသည်ကား– လေဓာတ်တည်း။ လေဓာတ် ဆိုသည်ကား– ထောက်ကန်မှုတည်း။ ထိုလေဓာတ်သည် ထောက်ကန်လေ, ထမ်းဆောင်လေ, တွန်းဖေ့လေ, တိုက်လွှင့်လေစသည်ဖြင့် အမျိုးမျိုးရှိ၏။

ဤဓာတ်ကြီးလေးပါးတို့မှ အလုံးစုံသော ရုပ်တရားတို့သည် ပေါက်ဖွားကြကုန်၏။

## ဝတ္ထုရုပ်– ၆ပါး

**ဝတ္ထုရုပ်** ဆိုသည်ကား– စိတ်၏ဖြစ်ရာ, တည်ရာ, မှီရာ, ပွားစည်ရာ ပေတည်း။

၅။ **စက္ခုဝတ္ထုရုပ်** ဆိုသည်ကား– မျက်လုံးအိမ်တွင်းမှာ ပေါ်ရှိသော အကြည်ဓာတ်မျိုးပေတည်း။ ၎င်းစက္ခုဝတ္ထုရုပ်မှ စက္ခုဝိညာဏ်စိတ် ပေါက်ဖွား၏၊ စက္ခု



၂၇-၁၀၉

www.dhammaransi.com



ဝိညာဏ်စိတ် ဆိုသည်ကား- အဆင်းသဏ္ဌာန် အမျိုးမျိုးတို့ကို မြင်မှုပေတည်း။

၆။ **သောတဝတ္ထုရုပ်** ဆိုသည်ကား- နားအိမ်တွင်းမှာ ပေါ်ရှိသော အကြည်ဓာတ်မျိုးပေတည်း။ ၎င်းသောတဝတ္ထုရုပ်မှ သောတဝိညာဏ်စိတ် ပေါက်ဖွား၏။ သောတဝိညာဏ်စိတ် ဆိုသည်ကား- အသံအမျိုးမျိုးတို့ကို ကြားမှုပေတည်း။

၇။ **ဃာနဝတ္ထုရုပ်** ဆိုသည်ကား- နှာခေါင်းအိမ်တွင်းမှာ ပေါ်ရှိသော အကြည်ဓာတ်မျိုးပေတည်း။ ၎င်းဃာနဝတ္ထုရုပ်မှ ဃာနဝိညာဏ်စိတ် ပေါက်ဖွား၏။ ဃာနဝိညာဏ်စိတ် ဆိုသည်ကား- အနံ့အမျိုးမျိုးတို့ကို နံမှုပေတည်း။

၈။ **ဇိဝှါဝတ္ထုရုပ်** ဆိုသည်ကား- လျှာအပြင်မှာ ပေါ်ရှိသော အကြည်ဓာတ်မျိုးပေတည်း။ ၎င်းဇိဝှါဝတ္ထုရုပ်မှာ ဇိဝှါဝိညာဏ်စိတ် ပေါက်ဖွား၏။ ဇိဝှါဝိညာဏ်စိတ် ဆိုသည်ကား- အချို, အချဉ်စသော အရသာအမျိုးမျိုးတို့ကို သိမှုပေတည်း။

၉။ **ကာယဝတ္ထုရုပ်** ဆိုသည်ကား- ခြေဖဝါးအပြင်မှစ၍ အတွင်းအပြင် တစ်ကိုယ်လုံးမှာ ပေါ်ရှိသော အကြည်ဓာတ်မျိုးပေတည်း။ ၎င်းကာယဝတ္ထုရုပ်မှ ကာယဝိညာဏ်စိတ် ပေါက်ဖွား၏။ ကာယဝိညာဏ်စိတ် ဆိုသည်ကား- အတွေ့အထိတို့ကို သိမှုပေတည်း။

၁၀။ **ဟဒယဝတ္ထုရုပ်** ဆိုသည်ကား- နှလုံးအိမ်တွင်းမှာ ပေါ်ရှိသော အလွန်နူးညံ့ထွန်းပလှသော ရုပ်အထူးပေတည်း။ ၎င်းဟဒယဝတ္ထုရုပ်မှ မနောဝိညာဏ်စိတ်မျိုး ရှ၅-ပါးတို့ ပေါက်ဖွားပေကုန်၏။

ဤ၆ဝတ္ထုရုပ်ခြောက်ပါးတို့မှ အလုံးစုံသော စိတ်ဝိညာဏ်တရားတို့သည် ပေါက်ဖွားကြကုန်၏။

## ဘာဝရုပ် ၂-ပါး

**ဘာဝရုပ်** ဆိုသည်ကား- ဖြစ်ကြောင်းတရား တစ်မျိုးပေတည်း။

၁၁။ **ဣတ္ထိဘာဝရုပ်** ဆိုသည်ကား- ဣတ္ထိသဏ္ဌာန်အမျိုးမျိုး, ဣတ္ထိအမူအယာအမျိုးမျိုးတို့၏ ဖြစ်ပွားရန် အကြောင်းဗီဇဖြစ်သော ရုပ်အထူးပေတည်း။

၁၂။ **ပုမ္ဘာဝရုပ်** ဆိုသည်ကား- ပုရိသသဏ္ဌာန် အမျိုးမျိုး, ပုရိသအမူအယာအမျိုးမျိုးတို့၏ ဖြစ်ပွားရန် အကြောင်းဗီဇဖြစ်သော ရုပ်အထူးပေတည်း။

www.dhammaransi.com



ဤဘာဝရုပ်တို့သည် ဣတ္ထိသဏ္ဌာန်၊ ပုရိသသဏ္ဌာန်တို့၌ အသီးအသီး ကာယဝတ္ထုရုပ်ကဲ့သို့ ခြေဖဝါးအပြင်မှစ၍ အတွင်းအပြင် တစ်ကိုယ်လုံးမှာ ပေါ်ရှိကြကုန်၏။ ဤဘာဝရုပ်တို့၏ အုပ်စိုးမှုကြောင့် မိန်းမနှင့်ယောကျ်ား ခြားနားမှုတို့သည် ရှိကြကုန်၏။

## ဇီဝိတရုပ်

**၁၃။ ဇီဝိတရုပ်** ဆိုသည်ကား– အသက်ပေတည်း။ အသက် ဆိုသည်ကား– ကြာအိုင်၌ရှိသော ရေသည် ကြာပင်, ကြာရိုးတို့ကို မသေမခြောက်စေရန် စောင့်ရှောက်ပေသကဲ့သို့ ကမ္မဇရုပ်တရားတို့ကို အစဉ်သဖြင့် စိမ်းစိမ်းရှင်ရှင် ရွှင်ရွှင်လန်းလန်း ရှိနေကြစေရန် စောင့်ချုပ်အုပ်ထိန်းသော ရုပ်ရှင်ရုပ်နှစ်အထူးပေတည်း။

လောကတွင် သတ္တဝါသေသည် ရှင်သည်ဟူသော အချက်ကြီးသည် ဤဇီဝိတရုပ်၏ အချက်ပေတည်း။ ဇီဝိတရုပ် အပြီးချုပ်သည်ကို သတ္တဝါသေသည်ဟုဆို၏။ ဇီဝိတရုပ်အစဉ်ရှိနေသည်ကို သတ္တဝါအရှင်ဟုဆို၏။ ဤရုပ်သည်လည်း တစ်ကိုယ်လုံး၌တည်၏။

## အာဟာရရုပ်

**၁၄။ အာဟာရရုပ်** ဆိုသည်ကား– အလွန်ဆောင်စွမ်းနိုင်သော ရုပ်ဆီရုပ်နှစ် ဓာတ်ဆီဓာတ်နှစ်ပေတည်း။ မြေ၏အတွင်း၌ တည်ရှိသော ရေဓာတ်, ကောင်းကင်၌ အစဉ်မပြတ်ရွာသော မိုးရေတို့သည် သစ်ပင်ချုံမြက်တို့ကို ပေါက်ပွားကြစေခြင်း၊ ကြီးပွားကြစေခြင်း၊ တည်ခိုင်ကြစေခြင်းငှါ အလွန်ဆောင်စွမ်းနိုင်သကဲ့သို့ ကမ္မဇကာယ, စိတ္တဇကာယ, ဥတုဇကာယ, အာဟာရဇကာယဟု ဆိုအပ်သော ကာယကြီးလေးပါး ရုပ်တရားတို့ကို ပေါက်ပွားကြစေခြင်း၊ ကြီးပွားကြစေခြင်း၊ တည်ခိုင်ကြစေခြင်းငှါ လွန်စွာချီးမြှောက် ထောက်ပံ့ဆောင်ရွက်နိုင်သော မြေဆီ မြေသြဇာပေတည်း။

## မိခင်ဇရာဝတီ

www.dhammaransi.com



ဤအာဟာရရုပ်သည် ဇီဝိတရုပ်၏ အထောက်အပံ့ကြီးပေတည်း။ ထို့ကြောင့် လောက၌အစားအစာ အာဟာရဝတ္ထု ရှာမှီးမှု အချက်ကြီးကို အသက်မွေးမှုကြီး ခေါ်ကြလေသည်။

## ဂေါစရရုပ် ၄-ပါး

**ဂေါစရရုပ်** ဆိုသည်ကား- စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့၏ ကျက်စားရာ အာရုံမျိုး ဆိုလိုသည်။

**၁၅။ ရူပါရုံ** ဆိုသည်ကား- အဆင်းမျိုးတည်း။

**၁၆။ သဒ္ဒါရုံ** ဆိုသည်ကား- အသံမျိုးတည်း။

**၁၇။ ဂန္ဓာရုံ** ဆိုသည်ကား- အနံ့မျိုးတည်း။

**၁၈။ ရသာရုံ** ဆိုသည်ကား- အချို, အချဉ်စသော အရသာမျိုးတည်း။

ဖောဋ္ဌဗ္ဗာရုံ ကျန်ရှိသည်မှာ မဟာဘုတ်ကြီးလေးပါး ပါဝင်ပြီးဖြစ်၍ ကျန်ရှိလေသည်။ ပထဝီဖောဋ္ဌဗ္ဗ, တေဇောဖောဋ္ဌဗ္ဗ, ဝါယောဖောဋ္ဌဗ္ဗဟူ၍ ဖောဋ္ဌဗ္ဗာရုံ သုံးပါးပင် ရှိ၏။ ဤဖောဋ္ဌဗ္ဗာရုံကိုထည့်လျှင် ဂေါစရရုပ်ငါးပါး ဖြစ်၏။ ထိုငါးပါးတို့တွင်-

ရူပါရုံသည် စက္ခု၏အာရုံပေတည်း။ သဒ္ဒါရုံသည် သောတ၏အာရုံပေတည်း။ ဂန္ဓာရုံသည် ဃာန၏အာရုံပေတည်း။ ရသာရုံသည် ဇိဝှါ၏အာရုံပေတည်း။ ဖောဋ္ဌဗ္ဗာရုံသည် ကာယ၏အာရုံပေတည်း။

ဓာတရုပ် ၁၈-ပါး ပြီး၏။

## အဓာတရုပ် ၁၀-ပါး

### အာကာသဓာတ်

**၁၉။ အာကာသဓာတ်** ဆိုသည်ကား- ကောင်းကင်သဘောပေတည်း။ သဲမှုန်တို့ကို စုပုံထားရာ၌ သဲမှုန့်ငယ်တစ်ခုနှင့် သဲမှုန့်ငယ်တစ်ခု၏ အကြားသည် ရှိသည်သာဖြစ်၏။ သဲမှုန့်နှင့်အညီအမျှ အာကာသဓာတ်သည်လည်း အပြည့်ရှိ၏။ အပြည့်ရှိသည်အတွက်ကြောင့် ဤကားတစ်ခု, ဤကားတစ်ခုဟု သဲမှုန့်တို့ကို

www.dhammaransi.com



ခြားနားနိုင်ကြကုန်၏။ ပြိုပျက်ချိန်ဆိုက်ခဲ့သော် ထိုအာကာသတို့မှပင် သဲမှုန့် အချင်းချင်း ကွဲပြား၍သဲပုံသည် ပြိုပျက်လေ၏။

ထို့အတူ အလွန်ခက်မာလှစွာသော ကျောက်တုံး, ကျောက်ခဲ, သံတုံး, သံခဲတို့၌လည်း သဲမှုန့်ငယ်တစ်ခုနှင့်တစ်ခုတူသော ရုပ်ငယ်ကလေးတွေ အသင်္ချေယျအနန္တရှိကြ၏။ တစ်ခု, တစ်ခုသော ရုပ်စုရုပ်ခဲကို ရုပ်ကလာပ်တစ်ခု, တစ်ခု ခေါ်ကြ၏။

ထိုရုပ်ကလာပ်တို့၏ တစ်ခုနှင့်တစ်ခု၏ အကြားသည် ရှိသည်သာဖြစ်၏။ ကျောက်တုံး, သံတုံးတို့နှင့် အညီအမျှ အာကာသဟူသော ပရိစ္ဆေဒရုပ်သည်လည်း အပြည့်ရှိ၏။ ထိုပရိစ္ဆေဒအာကာသရှိသည့်အတွက်ကြောင့် ထိုကျောက်တုံး, သံတုံးတို့ကို ဖြတ်နိုင်ကြ၏။ ခွဲနိုင်ကြ၏။ စိတ်နိုင်ကြ၏။ အမှုန့်ပြုနိုင်ကြ၏။ အရေပြုနိုင်ကြ၏။

## ဝိညတ်ရုပ် ၂–ပါး

**ဝိညတ်** ဆိုသည်ကား– တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် စိတ်အလိုကို သိကြစေရန်ဖြစ်သော အမူအရာမျိုးပေတည်း။

**၂၀။ ကာယဝိညတ်ရုပ်** ဆိုသည်ကား– မိမိစိတ်အလိုကို သူတစ်ပါးသိဖို့ရန် ကိုယ်အင်္ဂါ၏လှုပ်ရှားခြင်း အမူအရာအထူးမျိုးပေတည်း။

**၂၁။ ဝစီဝိညတ်ရုပ်** ဆိုသည်ကား– မိမိစိတ်အလိုကို သူတစ်ပါးသိဖို့ရန် ဖြစ်သော စကားသံ၌ပါရှိသော ထိုထိုအက္ခရာကို လှုပ်ရှားစေသော အမူအရာ အထူးပေတည်း။

သူတစ်ပါး၏ စိတ်သက်သက်ကို မသိနိုင်ကြ, မမြင်နိုင်ကြသူတို့မှာ ထိုထို စိတ်အလိုကိုလည်းကောင်း၊ ထိုထိုအနက်အဓိပ္ပါယ်ကိုလည်းကောင်း၊ ဤဝိညတ်ရုပ်နှစ်ပါးတို့ဖြင့် သိအောင်ပြုလုပ်၍ အချင်းချင်း၏ စိတ်အလိုကို သိကြရကုန်၏။ သိစေလိုသော အနက်အဓိပ္ပါယ်ကို သိကြရကုန်၏။ သူတစ်ပါးအား မိမိအလိုကို သိစေမှုမျိုး မဟုတ်ရာတို့၌လည်း စိတ်အလိုနှင့် ကိုယ်အင်္ဂါလှုပ်ရှားသွားလာမှု၊ စိတ်အလိုနှင့် စာပေကျမ်းဂန် ရွတ်အံမှုတို့၌ ဤဝိညတ်ရုပ်နှစ်ပါး၏ ကိစ္စပေတည်း။

www.dhammaransi.com



## ဝိကာရရုပ် ၃-ပါး

**ဝိကာရရုပ်** ဆိုသည်ကား- ဓာတရုပ်တို့၏ အမူထူး, အရာထူးပေတည်း။

**၂၂။ လဟုတာ** ဆိုသည်ကား- ပေါ့ပါးမှုပေတည်း။

**၂၃။ မုဒုတာ** ဆိုသည်ကား- နူးညံ့မှုပေတည်း။

**၂၄။ ကမ္မညတာ** ဆိုသည်ကား- ကိုယ်အမှု, နှုတ်အမှုတို့၌ အသုံးပြု၍ ကောင်းခြင်းတည်း။

ကိုယ်အင်္ဂါတို့၌ ဓာတ်ကြီးလေးပါးတွင် တစ်ပါးပါး ဖောက်ပြန်မှုနှင့် မညီမညွတ်ရှိနေသောအခါ ထိုကိုယ်အင်္ဂါသည် အလိုရှိရာပြုပြင်ခြင်းအမှု၌ ပကတိအခါမှာကဲ့သို့ ပေါ့ပါးခြင်းမရှိ၊ လေး၏၊ ဒုက္ခဖြစ်၏၊ ပကတိအခါမှာကဲ့သို့ နူးညံ့ခြင်းမရှိ၊ တောင့်တင်း၏၊ ဒုက္ခဖြစ်၏။ ပကတိအခါမှာကဲ့သို့ လိုတိုင်းမရ၊ လှုပ်တိုင်းကျင်နာ၏၊ စကားပြောဆိုကြရာ နှုတ်, လျှာလှုပ်ရှားမှုတို့၌လည်း ဓာတ်မညီမညွတ်ရှိသည့်အခါတို့၌ နှုတ်, လျှာလေးမှု၊ တောင့်တင်းမှု၊ လိုတိုင်းမရမှု ရှိကြ၏။ ဓာတ်လေးပါးညီညွတ်၍ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ ကျန်းမာပကတိရှိသောအခါတို့၌မူကား ဤလဟုတာ, မုဒုတာ, ကမ္မညတာဟူသော ဂုဏ်သုံးပါးနှင့် ပြည့်စုံကြ၏။ ဤဂုဏ်သုံးပါးကို ဝိကာရရုပ်သုံးပါး ခေါ်၏။

## လက္ခဏာရုပ် ၄-ပါး

**လက္ခဏ** ဆိုသည်ကား- ဤတရားတို့ကား အနိစ္စမျိုးတို့သာတည်းဟု သန္နိဋ္ဌာန်ကျ သိမှတ်နိုင်ကြရန် အမူအရာမျိုးပေတည်း။

**၂၅။ ဥပစယရုပ်** ဆိုသည်ကား- ရှေးဦးစွာဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်ပြီးနောက် အဆင့်ဆင့် တိုးပွားခြင်းများပေတည်း။ ထိုတွင် ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို အာစယဟု ဆိုရ၏။ အာစယ၊ ဥပစယမျိုး ခေါ်ရ၏။

**၂၆။ သန္တတိရုပ်** ဆိုသည်ကား- အဆင့်ဆင့် တိုးပွားမှုပြီးဆုံးသည်နောက် မတိုးမဆုတ်တည်၍နေခြင်းပေတည်း။ ၎င်းသန္တတိကို ပဝတ္တိဟူ၍ ခေါ်ရ၏။ ရုပ်ကလာပ်တို့၏ ဖြစ်ပေါ်ခြင်းဟူသော ဇာတိတရား တစ်ပါးတည်းသည်ပင်လျှင် အာစယ၊ ဥပစယ၊ သန္တတိဟူ၍ အခိုက်အတန့်အားဖြင့် အမည်သုံးပါးဖြစ်၏။

www.dhammaransi.com



၂၇။ **ဇရတာ** ဆိုသည်ကား- အိုမှု, ကျမှု, ရင့်ရော်မှည့်ရွမ်း ဟောင်းနွမ်း ဆွေးပုပ် ဆုတ်ယုတ်လျော့ပါးမှုပေတည်း။

၂၈။ **အနိစ္စတာ** ဆိုသည်ကား- သေဆုံးချုပ်ပျက်မှု ကုန်ခန်းပျောက်ကွယ်မှု ပေတည်း။

သစ်ပင်တစ်ခု၌ အာစယအခိုက်, ဥပစယအခိုက်, သန္တတိအခိုက်, ဇရတာ အခိုက်, အနိစ္စတာအခိုက်ဟူ၍ အခိုက်အလှည့် အခါအခွင့်ငါးပါးရှိ၏။

ထိုသစ်ပင်ငယ်သည် ရှေးဦးစွာ ပေါ်ပေါက်လာ၏။ ပေါ်ပေါက်လာပြီးနောက် တစ်နေ့တစ်ခြား တိုးပွားပေ၏။ တိုးပွားပြီးနောက် အတိုးအပွားရပ်၍ ကာလ မြင့်ရှည် တည်နေ၏။ တည်နေပြီးနောက် ဆုတ်ယုတ်လျော့ပါး၍သွား၏။ ဆုတ်ယုတ်လျော့ပါး၍သွားရာအဆုံး၌ သေလေ၏။ သေပြီးနောက် ပျက်ပြားကုန်ဆုံး လေ၏။

ပေါ်ပေါက်စဉ်အခါ ရုပ်တို့၏ဥပါဒ်သည် အာစယမည်၏။ တိုးပွားစဉ်အခါ ရုပ်တို့၏ဥပါဒ်သည် ဥပစယမည်၏။ တည်နေစဉ်အခါ ရုပ်တို့၏ဥပါဒ်သည် သန္တတိမည်၏။

ဤအခါသုံးပါး၏အတွင်း၌ ရုပ်တို့၏ခဏိကဇရတာ, ခဏိကအနိစ္စတာတို့ သည် ရှိကြကုန်သော်လည်း မထင်ရှားကြလေကုန်။ ထိုသစ်ပင်၏ ဆုတ်ယုတ် လျော့ပါးစဉ်အခါ ရုပ်တို့၏ ဌီခဏ၌ ရင့်ရော်မှုသည် ဇရတာမည်၏။ ဤဆုတ်ယုတ် လျော့ပါးစဉ်အခါတွင်း၌လည်း ရုပ်တို့၏ခဏိကဇာတိ, ခဏိကမရဏတို့သည် ရှိကြကုန်၏။

ထိုသစ်ပင်ဆုတ်ယုတ်လျော့ပါး၍ သွားလေရာ အဆုံး၌သေလေ၏။ သေသည် မှစ၍ ထိုသစ်ပင်၏အစအန အလုံးစုံ ကုန်ဆုံးကွယ်ပျောက်သည်တိုင်အောင် ထိုအခါတွင်း၌ ရုပ်တို့၏ခဏိကမရဏသည် အနိစ္စတာမည်၏။ အနိစ္စတာ၏ အခိုက်အခါတွင်း၌လည်း ရုပ်တို့၏ခဏိကဇာတိ, ခဏိကဇရတာတို့သည် ရှိကြ ကုန်၏။ သို့ရာတွင် ထင်ပေါ်ထင်ရှားရာကိုသာ ထုတ်ဖော်၍ အခိုက်အခါငါးပါး ခြားနားချက်ကိုပြသတည်း။

ဤသစ်ပင်နှင့်တူစွာ သစ်ကိုင်း, သစ်ခက်, သစ်ရွက်, သစ်ညွန့်, သစ်ပွင့်,

www.dhammaransi.com



သစ်သီးတို့၌လည်း အသီးအသီး အခိုက်အတန့်ငါးပါးစီ ရှိကြ၏။

သစ်သီးတစ်ခုမှာ ရှေးဦးစွာပေါ်မှု နောက်၌တိုးပွားမှု နောက်၌တည်နေမှု နောက်၌မှည့်ရွှမ်းမှု နောက်၌အညှာပြတ်ကြွေသေမှု နောက်၌ပျက်ပြားကုန်ဆုံးကွယ်ပမှုတို့သည် ရှိကြကုန်၏။

သစ်ပင်တို့နှင့်တူစွာ သတ္တဝါတို့၌လည်းကောင်း၊ သတ္တဝါတို့၏ အင်္ဂါကြီးငယ်တို့၌လည်းကောင်း၊ အစမှစ၍ ပေါ်ပေါက်မှုစသည်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

သွားခြင်း, လာခြင်း, ရပ်ခြင်း, ထိုင်ခြင်း, ပြောဆိုခြင်းစသော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့၌လည်း အစ, အလယ်, အဆုံးရှိကြကုန်ရာ ထိုအမူအရာ ငါးချက်တို့ကိုလည်း ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

အိမ်, တိုက်, ဗိမာန်, စရပ်, တန်ဆောင်း, ညောင်စောင်း, အင်းပျဉ်, အဝတ်ပုဆိုး, အိုး, အင်, ခွက်တို့အလျောက် စသည်တို့၌လည်း အစ, အလယ်, အဆုံးရှိကြကုန်သည်သာတည်း။

**အဇ္ဈတ္တရုပ် ၁၀–ပါး ပြီး၏။**

## ရူပသမုဋ္ဌာန
## ရုပ်ဖြစ်ကြောင်းတရား ၄–ပါး

ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားသည် ကံ, စိတ်, ဥတု, အာဟာရ ဟူ၍ လေးပါးရှိ၏။

၁။ **ကံ** ဆိုသည်ကား– ရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ကုသိုလ်မှု, အကုသိုလ်မှုများပေတည်း။

၂။ **စိတ်** ဆိုသည်ကား– ယခုရှိနေဆဲဖြစ်သော စိတ်, စေတသိက်များ ပေတည်း။

၃။ **ဥတု** ဆိုသည်ကား– သီတတေဇော, ဥဏှတေဇောဟူသော မီးဓာတ် နှစ်ပါးပေတည်း။

၄။ **အာဟာရ** ဆိုသည်ကား– ပဋိသန္ဓေမှစ၍ပါသော အဇ္ဈတ္တသြဇာတစ်ပါး,

www.dhammaransi.com



မျိုအပ်သော အစာ ရေစာတို့မှပါသော ဗဟိဒ္ဓသြဇာတစ်ပါးဟူသော ဓာတ်ဆီ နှစ်ပါးပေတည်း။

ရုပ် ၂၈–ပါးတို့တွင် ဝတ္ထုရုပ်ခြောက်ပါး၊ ဘာဝရုပ်နှစ်ပါး၊ ဇီဝိတရုပ်တစ်ပါး၊ ဤကိုးပါးတို့သည် ကံကြောင့်သာဖြစ်ကုန်၏။

ဝိညတ်ခွေးသည် စိတ်ကြောင့်သာ ဖြစ်၏။

သဒ္ဒါရုံသည် စိတ်ကြောင့်ဖြစ်သော အသံမျိုး၊ ဥတုကြောင့်ဖြစ်သော အသံမျိုး ဟူ၍ နှစ်မျိုးရှိ၏။

ဝိကာရရုပ်သုံးပါးသည် စိတ်ကြောင့်လည်းဖြစ်၏။ ဥတုကြောင့်လည်းဖြစ်၏။ အာဟာရကြောင့်လည်း ဖြစ်၏။

ကျန်ရှိသော ရုပ်ပေါင်း ၁၃–ပါးတို့တွင် ဇရတာရုပ်, အနိစ္စတာရုပ် နှစ်ပါးကို ချန်လှပ်၍ ဓာတ်ကြီးလေးပါး၊ အာဟာရရုပ်၊ ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ အာကာသဓာတ်၊ ဥပစယရုပ်၊ သန္တတိရုပ်ဟူသော ရုပ်တစ်ဆယ့်တစ်ပါးတို့သည် အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏။ ကံကြောင့်ဖြစ်ရာမှာလည်း သူတို့ပါကြကုန်တော့သည်။ စိတ်ကြောင့်ဖြစ်ရာ၊ ဥတုကြောင့်ဖြစ်ရာ၊ အာဟာရကြောင့် ဖြစ်ရာမှာလည်း သူတို့ပါကြကုန်တော့သည်။ သူတို့နှင့်ကင်းသော ရုပ်ဟူ၍ တစ်စုံတစ်ခုမျှ မရှိပေ။ သူတို့နှင့်တကွ ရှစ်ပါး၊ ကိုးပါးစသည် အစုအခဲအနေနှင့် ဖြစ်ကြကုန်၏။

ရုပ်စုရုပ်ခဲတစ်ခုကို ရုပ်ကလာပ်တစ်ခုဟု ခေါ်၏။

ဇရတာရုပ်၊ အနိစ္စတာရုပ်တို့မှာမူကား ဖြစ်မှုမျိုးမဟုတ်၊ ဖြစ်ပြီးသည်နောက် ဓမ္မတာအလျောက် ရင့်မြဲပျက်မြဲ ဖြစ်ကြကုန်၏။ အကြောင်းတရားလေးပါးကြောင့် ဖြစ်မှုမှအလွတ် ဖြစ်ကြကုန်၏။

ရုပ် ၂၈–ပါး ပြီး၏။

www.dhammaransi.com



## နာမ်တရား ၅၄-ပါး

(၁) စိတ်တစ်ပါး၊

(၂) စေတသိက် ငါးဆယ့်နှစ်ပါး၊

(၃) နိဗ္ဗာန်တစ်ပါး။ ။

**စိတ်** ဆိုသည်ကား- အာရုံကိုရှာကြံမှု၊ အာရုံကိုရမှု၊ သိမှုပေတည်း။ **စေတသိက်** ဆိုသည်ကား- စိတ်မှပေါက်ဖွားသော နာမ်အမှုအရာများပေတည်း။ **နိဗ္ဗာန်** ဆိုသည်ကား- ဒုက္ခအမျိုးမျိုးတို့မှ လွတ်ငြိမ်းမှုပေတည်း။

## စိတ် ၆-မျိုး

၁။ **စိတ်သည်** - စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်, မနောဝိညာဏ်စိတ်ဟူ၍ ခြောက်ပါးရှိ၏။

စက္ခုဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို စက္ခုဝိညာဏ်စိတ် ခေါ်၏။ အဆင်းကို မြင်မှုပေတည်း။ သောတဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို သောတဝိညာဏ်စိတ် ခေါ်၏။ အသံကို ကြားမှုပေတည်း။ ဃာနဝတ္ထု၌ ဖြစ်ပေါ်သောစိတ်ကို ဃာနဝိညာဏ်စိတ်ခေါ်၏။ အနံ့ကိုနံမှုပေတည်း။ ဇိဝှါဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို ဇိဝှါဝိညာဏ်စိတ်ခေါ်၏။ အရသာကို သိမှုပေတည်း။ ကာယဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို ကာယဝိညာဏ်စိတ်ခေါ်၏။ အတွေ့အထိကို သိမှုပေတည်း။ ဟဒယဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို မနောဝိညာဏ်စိတ်ခေါ်၏။ အရူပဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုနှင့်ကင်း၍လည်း ဖြစ်၏။

ထိုမနောဝိညာဏ်စိတ်သည် - ကာမမျိုး, ရူပမျိုး, အရူပမျိုး, လောကုတ္တရာမျိုးဟူ၍ လေးမျိုးရှိ၏။

ထိုတွင် **ကာမမျိုး** ဆိုသည်ကား- ကာမတဏှာ၏ သိမ်းပိုက်ရာဖြစ်သော စိတ်ကြမ်းမျိုးတည်း။ ထိုကာမမျိုးသည် အကုသိုလ်စိတ်မျိုး, ကုသိုလ်စိတ်မျိုး, ဝိပါက်စိတ်မျိုး, ကြိယာစိတ်မျိုးဟူ၍ လေးမျိုးရှိ၏။

www.dhammaransi.com



**ရူပမျိုး** ဆိုသည်ကား- ကာမတဏှာမှ ကျွတ်လွတ်၍ ရူပတဏှာ၏သိမ်းပိုက်ရာဖြစ်သော ဈာန်စိတ်မျိုးတည်း။ ထိုရူပမျိုးသည် ကုသိုလ်ဈာန်စိတ်မျိုး, ဝိပါက်ဈာန်စိတ်မျိုး, ကြိယာစိတ်မျိုးဟူ၍ သုံးမျိုးရှိ၏။

**အရူပမျိုး** ဆိုသည်ကား- ရူပတဏှာမှ ကျွတ်လွတ်၍ အရူပတဏှာ၏ သိမ်းပိုက်ရာဖြစ်သော ဈာန်စိတ်မျိုးတည်း။ ထိုအရူပမျိုးသည်လည်း ကုသိုလ်ဈာန်စိတ်မျိုး, ဝိပါက်ဈာန်စိတ်မျိုး, ကြိယာဈာန်စိတ်မျိုးဟူ၍ သုံးမျိုးရှိ၏။

**လောကုတ္တရာမျိုး** ဆိုသည်ကား- တဏှာသုံးပါးမှ ကျွတ်လွတ်၍ ကာမလောက, ရူပလောက, အရူပလောကဟူသော လောကသုံးပါးကို လွန်မြောက်သော အရိယစိတ်မျိုးတည်း။ ထိုလောကုတ္တရာစိတ်သည်မူကား အရိယမဂ်စိတ်မျိုး, အရိယဖိုလ်စိတ်မျိုးဟူ၍ နှစ်မျိုးရှိ၏။

## စေတသိက် - ၅၂

၂။ **စေတသိက်သည်** - ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ။ ဤ ၇-ပါးတို့သည် **သဗ္ဗစိတ္တက** မည်ကုန်၏။ စိတ်တိုင်းနှင့် ယှဉ်ကုန်၏။

ဝိတက္က, ဝိစာရ, ဝီရိယ, ပီတိ, ဆန္ဒ, အဓိမောက္ခ။ ဤ ၆-ပါးတို့သည် **ပကိဏ်း** မည်ကုန်၏။ ပြိုးပြွမ်း၍သာ ယှဉ်ကုန်၏။ ဤ ၁၃-ပါးတို့သည် **ဝိမိဿက** မည်ကုန်၏။ ကောင်း, မကောင်းနှင့် ဆက်ဆံကုန်၏။

လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ။ ဤ ၁၄-ပါးတို့သည် **ပါပဇာတိ** မည်ကုန်၏။ မကောင်းမျိုးအစစ် ဖြစ်ကုန်၏။

အလောဘ, အဒေါသ, အမောဟ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ,ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာဟူ၍ သောဘဏ ၂၀၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူ၍ ဝိရတီသုံးပါး၊

www.dhammaransi.com



ကရုဏာ, မုဒိတာဟူ၍ အပ္ပမညာနှစ်ပါး၊ ဤ ၂၅-ပါးတို့သည် **ကလျာဏဇာတိ** မည်ကုန်၏။ အကောင်းမျိုးအစစ် ဖြစ်ကုန်၏။

| | | | |
|---|---|---|---|
| ဝိမိဿက | --- | --- | ၁၃ ပါး၊ |
| ပါပဇာတိ | --- | --- | ၁၄ ပါး၊ |
| ကလျာဏဇာတိ | --- | --- | ၂၅ ပါး၊ |
| ပေါင်း | --- | --- | ၅၂ ပါး ဖြစ်၏။ |

## သဗ္ဗစိတ္တက ၇-ပါး

၁။ **ဖဿ** ဆိုသည်ကား- တွေ့ထိခြင်းတည်း။ တွေ့ထိခြင်း ဆိုသည်ကား- ဣဋ္ဌရသ, အနိဋ္ဌရသ ပေါ်ထွက်စေရန် အာရုံကိုကြိတ်နှိပ်ခြင်းတည်း။ ထိုဖဿသည် အာရုံ၏ရသကို ထုတ်ဖော်သော တရားဖြစ်ပေ၍ ခပ်သိမ်းသော စေတသိက် နာမ်တို့၏ဖြစ်ပွားရန် အမှုရင်းဖြစ်ပေ၏။ ရသမပေါ်ခဲ့လျှင် အာရုံဟူသမျှသည် အသုံးကျမည်မဟုတ်။

၂။ **ဝေဒနာ** ဆိုသည်ကား- ထိုရသကို ခံစားမှုပေတည်း။ ခပ်သိမ်းသော သတ္တဝါတို့သည် ဤခံစားမှု၌ ခေါင်းစိုက်၍ နေကြကုန်၏။ နစ်မြုပ်၍နေကြကုန်၏။

၃။ **သညာ** ဆိုသည်ကား- အမှတ်ပြုမှုပေတည်း။ ခပ်သိမ်းသော သတ္တဝါတို့သည် အမျိုးလိုက်အရိုးလိုက် အမှတ်မိစုံလင်က ဤသညာဖြင့်ပင် အလိမ္မာပြည့်စုံလုံလောက် ရှိနေကြကုန်၏။

၄။ **စေတနာ** ဆိုသည်ကား- စေ့ဆော်မှုပေတည်း။ နာမ်တရားတို့ကို အမှုကိစ္စ၌ ညီညာဖြဖြ ထကြွကြစေရန် နှိုးဆော်မှု, စီရင်ကြီးကြပ်မှုပေတည်း။ ထို့ကြောင့် လောကမှာ ထိုထိုအရေးကိစ္စတို့၌ နှိုးဆော်သူ, စီရင်ကြီးကြပ်သူကိုသာ အရေးကိစ္စ၏ အရှင်ပြု၍ ခေါ်ဆိုကြမြဲဖြစ်၏။ ဘယ်အရေးကိစ္စကြီးကို ဘယ်သူပြုလုပ်သည်၊ ဘယ်သူအမှုသည်ဖြစ်သည်ဟု ပြောကြရိုးဖြစ်၏။

ထို့အတူ ဓမ္မမှာလည်း ထိုထိုကာယကံကိစ္စ, ဝစီကံကိစ္စ, မနောကံကိစ္စတို့၌ နှိုးဆော်သူ, စီရင်ကြီးကြပ်သူဖြစ်ပေထသော ဤစေတနာကိုသာ အရှင်ပြု၍၊ စေတနာကိုသာ အမှုသည်ပြု၍၊ စေတနာကိုသာ ကံဟူ၍ ဆိုရသည်။

လောက၌ ခပ်သိမ်းသော ဥစ္စာအစီးအပွား, ပညာအစီးအပွားတို့သည် ယခု

www.dhammaransi.com



ပစ္စုပ္ပန်ဘဝတွင် ကြောင့်ကြစိုက်ထုတ် ပြုလုပ်ပြီးစီးကြသော ကာယကံမှု, ဝစီကံမှု, မနောကံမှုမှ ဖြစ်ပွားကြသကဲ့သို့ ထို့အတူ သေလွန်သည်မှနောက် ကာလ၌ အသစ်အသစ်သော ဘဝအစီးအပွားတို့သည်လည်း ရှေးရှေးသောဘဝတို့က ကြောင့်ကြစိုက်ထုတ် ပြုလုပ်ပြီးစီးခဲ့ကြသော ဤစေတနာဟူသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့မှ ဖြစ်ပွားကြကုန်၏။

မြေ, ရေ, တော, တောင်, သစ်ပင်, နွယ်, မြက် အစဉ်အဆက်တို့သည် ဥတုဟူသော မီးဓာတ်မှဖြစ်ပွားကြကုန်သည်ဖြစ်၍ မီးဓာတ်၏သားမြေးတို့ချည်း ဖြစ်ကြကုန်သကဲ့သို့ ခပ်သိမ်းသော သတ္တဝါအစဉ်အဆက်တို့သည် ဤစေတနာဟူသော ကံဓာတ်မှ ဖြစ်ပွားကြကုန်သည်ဖြစ်၍ ကံဓာတ်၏သားမြေးတို့ချည်း ဖြစ်ကြကုန်၏။

**၅။ ဧကဂ္ဂတာ** ဆိုသည်ကား- စိတ်၏တည်ကြည်ခြင်းတည်း။ သမာဓိလည်း ခေါ်၏။ ဈာန်အဘိညာဏ်သမာပတ်တို့၌ အကြီးအချုပ်ပေတည်း။

**၆။ ဇီဝိတ** ဆိုသည်ကား- နာမ်တရားတို့၏ အသက်ပေတည်း။ နာမ်အစဉ်၏ ကာလမြင့်ရှည် တည်နေမှု၌ အကြီးအချုပ်ပေတည်း။

**၇။ မနသိကာရ** ဆိုသည်ကား- နှလုံးသွင်းမှုပေတည်း။ အလိုရှိရာအာရုံကို စိတ်၌အဖန်ဖန်ဆောင်သွင်းပေးခြင်းတည်း။ ။ ဤ ၇-ပါးတို့သည် အလုံးစုံသော စိတ်တို့၌အမြဲယှဉ်သည်ဖြစ်၍ သဗ္ဗစိတ္တက စေတသိက်မည်၏။

## ပကိဏ်း ၆-ပါး

**၈။ ဝိတက္က** ဆိုသည်ကား- စိတ်၏ထွေထွေပြားပြား အကြံပွားခြင်းတည်း။ သင်္ကပ္ပလည်း ခေါ်၏။ သမ္မာသင်္ကပ္ပ, မိစ္ဆာသင်္ကပ္ပ နှစ်ပါးရှိ၏။

**၉။ ဝိစာရ** ဆိုသည်ကား- အာရုံ၏စိတ်၏ တရစ်ဝဲဝဲနေခြင်းတည်း။

**၁၀။ ဝီရိယ** ဆိုသည်ကား- အမှုကိစ္စတို့၌ စိတ်၏အထအကြွ ပေါ့ပါးခြင်းတည်း။ သမ္မာဝါယာမ, မိစ္ဆာဝါယာမ နှစ်ပါးရှိ၏။

**၁၁။ ပီတိ** ဆိုသည်ကား- စိတ်၏နှစ်သက်ခြင်းတည်း။ စိတ်လုံးကြီးထွားခြင်းတည်း။ စိတ်၏ရွှင်လန်းတက်ကြွ တစ်ဟုန်တည်းမြောက်ကြွခြင်းတည်း။

www.dhammaransi.com



၁၂။ **ဆန္ဒ** ဆိုသည်ကား- အလိုရှိခြင်းတည်း။ သွားလိုသည်, လာလိုသည်, ပြောလိုသည်, ဆိုလိုသည် အစရှိသည်တည်း။

၁၃။ **အဓိမောက္ခ** ဆိုသည်ကား- အာရုံ၌ ကျွတ်လွတ်ခြင်းတည်း။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သည်လိုလား ဟိုလိုလားဟု နှစ်ခွမရှိ၊ အငြိအတွယ်မှ စိတ်၏ကျွတ်လွတ်ခြင်းတည်း။

ဤခြောက်ပါးတို့သည် အလုံးစုံသော စိတ်တို့မယှဉ်၊ အချို့အချို့သော စိတ်တို့၌သာ ယှဉ်သည်ဖြစ်၍ ပကိဏ်းစေတသိက် မည်၏။

သဗ္ဗစိတ္တက ခုနစ်ပါးပင် ပေါင်းသည်ရှိသော် တစ်ဆယ့်သုံးပါးဖြစ်၏။ ဤတစ်ဆယ့်သုံးပါးတို့သည် ကောင်း, မကောင်း နှစ်ဖက်ရောယှက်ခြင်းကြောင့် ဝိမိဿကမည်ကုန်၏။ စိတ်သည်လည်း ကောင်း, မကောင်းနှစ်ဖက်နှင့် ရောယှက်သည်သာဖြစ်၏။

## အကုသိုလ်စေတသိက် ၁၄-ပါး

၁၄။ **လောဘ** ဆိုသည်ကား- အာရုံ၌စိတ်၏ ငြိတွယ်စေကပ်ခြင်းတည်း။ ဤလောဘကို တဏှာလည်းခေါ်၏။ အဘိဇ္ဈာတည်း ခေါ်၏။ ကာမလည်း ခေါ်၏။ ရာဂလည်း ခေါ်၏။

၁၅။ **ဒေါသ** ဆိုသည်ကား- အာရုံ၌ စိတ်၏ကြမ်းတမ်းစွာ ထိခိုက်ခြင်းတည်း။ ဤဒေါသကို ပဋိဃလည်းခေါ်၏။ ဗျာပါဒလည်းခေါ်၏။

၁၆။ **မောဟ** ဆိုသည်ကား- တရားဓမ္မအရာ၌ အလွန်မသိခြင်းတည်း။ ဤမောဟကို အဝိဇ္ဇာလည်းခေါ်၏။ အညာဏလည်းခေါ်၏။ အဒဿနလည်း ခေါ်၏။

ဤတရားသုံးပါးသည် အလုံးစုံသော အကုသလပါပဓမ္မတို့၏ အရင်းအမြစ်အခြေခံဖြစ်သောကြောင့် အကုသလမူလ တရားသုံးပါးမည်၏။

၁၇။ **ဒိဋ္ဌိ** ဆိုသည်ကား- တရားဓမ္မအရာ၌ အမြင်မှားခြင်းတည်း။ အယူမှားခြင်းတည်း။ အနိစ္စကို နိစ္စဟုယူခြင်း၊ ဒုက္ခကို သုခဟုယူခြင်း၊ အနတ္တကို အတ္တဟုယူခြင်း၊ ကုသိုလ်ကံ အကုသိုလ်ကံကိုပယ်ခြင်း၊ ကံ, ကံ၏အကျိုးကို ပယ်ခြင်းစသည်တည်း။

www.dhammaransi.com



**၁၈။ မာန** ဆိုသည်ကား– အထင်မှားခြင်းတည်း။ ငါမဟုတ်သော နာမ်ရုပ်ကို ငါဟုထင်ခြင်း၊ ထိုငါကိုပင် အမျိုးကိုစွဲ၍ ယုတ်သည်, မြတ်သည်ဟု ထင်ခြင်း၊ အနွယ်ကိုစွဲ၍ ယုတ်သည်, မြတ်သည်ဟု ထင်ခြင်းစသည်တည်း။

**၁၉။ ဣဿာ** ဆိုသည်ကား– ငြူစူခြင်းတည်း။ သူတစ်ပါးကောင်းစားသည်ကို မနာလိုခြင်း, ဝမ်းမမြောက်နိုင်ခြင်း, မချီးမွမ်းနိုင်ခြင်း, အကောင်းမပြောနိုင်ခြင်း, မကောင်းပြောရန်ကိုသာ ရှာကြံခြင်းတည်း။

**၂၀။ မစ္ဆရိယ** ဆိုသည်ကား– ဝန်တိုခြင်းတည်း။ မိမိကောင်းစားသည်ကို သူတစ်ပါးအား မမျှတလိုခြင်း, ဝန်တိုခြင်း, နှမြောခြင်း, စေးနဲခြင်းတည်း။

**၂၁။ ကုက္ကုစ္စ** ဆိုသည်ကား– နောင်တတစ်ဖန် ပူပန်ခြင်းတည်း။ ကျွန်လွန်ပြီးသောအခါမှ ငါမေ့ခဲ့မိလေခြင်း၊ ငါမိုက်ခဲ့မိလေခြင်း၊ ငါမှားခဲ့မိလေခြင်းဟု တအုံနွေးနွေး ပူဆွေးခြင်းတည်း။

လောက၌ အမှားနှစ်ပါးရှိ၏။ ဒုစရိုက်မှုကို ပြုခြင်းသည်လည်း အမှားတစ်ပါး၊ သုစရိုက်မှုကို မပြုခြင်းသည်လည်း အမှားတစ်ပါး။ ။ နောင်တဖြစ်ရလေခြင်းလည်း နှစ်ပါးရှိ၏။ ဒုစရိုက်မှုကို ငါပြုခဲ့မိလေခြင်းဟု နောင်တဖြစ်ရခြင်းတစ်ပါး၊ ဒါနသီလစသော သုစရိုက်မှုကို ငါမပြုခဲ့မိလေခြင်းဟု နောင်တဖြစ်ရခြင်းတစ်ပါး၊ လောက၌ လူမိုက်နောက်မှ အကြံရဟုဆိုကြသော အမေ့အမိုက်များ နှစ်ပါးရှိကြသည့်အတွက် ကုက္ကုစ္စဟု ဆိုအပ်သော နောက်တပူပန်မှုနှစ်ပါးရှိ၏။

**၂၂။ အဟိရိက** ဆိုသည်ကား– အရှက်မရှိခြင်းတည်း။ မကောင်းမှုဒုစရိုက်ကိုပြုခွင့်ဆိုက်ခဲ့သော် မိမိ၌အမိုက်မှု ငြိစွန်းညစ်နွမ်း လူးလဲချေတော့မည်ဟူ၍လည်း စိုးရွံ့ခြင်းမရှိ၊ လူသိမည်, နတ်သိမည်ကိုလည်း မရှက်ခြင်းတည်း။

**၂၃။ အနောတ္တပ္ပ** ဆိုသည်ကား– အကြောက်မရှိခြင်းတည်း၊ နောက်၌ ငါမိုက်ခဲ့မိလေခြင်း၊ ငါမှားခဲ့မိလေခြင်းဟူ၍ မိမိကိုယ်ကို မိမိစွပ်စွဲဆဲရေးခြင်းဟူသော အတ္တာနုဝါဒဘေး သင့်ရောက်မည်ကိုလည်း မကြောက်၊ လူသူတော်ကောင်း, နတ်သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းဟူသော ပရာနုဝါဒဘေး သင့်ရောက်မည်ကိုလည်း မကြောက်၊ အပါယ်ဘေးသင့်ရောက်မည်ကိုလည်း မကြောက်မရွံ့ မထိတ်မလန့်ခြင်းတည်း။

www.dhammaransi.com



၂၄။ **ဥဒ္ဓစ္စ** ဆိုသည်ကား- အာရုံတစ်ခုခု၌ စိတ်၏ရပ်တည်မှု မရှိခြင်းတည်း။

၂၅။ **ထိန** ဆိုသည်ကား- စိတ်၏ထိုင်းမှိုင်းခြင်းတည်း။ အာရုံကို သိလိုရာ၌ မပွင့်မလင်း မှေးမှိန်ခြင်းတည်း။

၂၆။ **မိဒ္ဓ** ဆိုသည်ကား- စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းတည်း။ အာရုံကို တွေ့မှု, ခံစားမှု စသည်တို့၌ မပွင့်မလင်း မှေးမှိန်ခြင်းတည်း။

၂၇။ **ဝိစိကိစ္ဆာ** ဆိုသည်ကား- ယုံကြည်ထိုက်သည်၌ မယုံကြည်ခြင်းတည်း။

ဤတစ်ဆယ့်လေးပါးသော စေတသိက်တို့သည် မကောင်းမှုမျိုးစင်စစ်ဖြစ်၍ ပါပဓာတ် မည်ကုန်၏။ အကုသလဓမ္မအစစ် မည်ကုန်၏။

## ကုသိုလ်စေတသိက် ၂၅-ပါး

၂၈။ **အလောဘ** ဆိုသည်ကား- အာရုံ၌စိတ်၏အငြိအတွယ်မရှိခြင်းတည်း။ ဤအလောဘကို နေက္ခမဓာတ်လည်း ခေါ်၏။ အနဘိဇ္ဈာလည်း ခေါ်၏။

၂၉။ **အဒေါသ** ဆိုသည်ကား- အာရုံ၌စိတ်ညွတ်နူးခြင်းတည်း။ ဤအဒေါသကို အဗျာပါဒလည်း ခေါ်၏။ မေတ္တာလည်း ခေါ်၏။

၃၀။ **အမောဟ** ဆိုသည်ကား- အမှန်ကိုသိခြင်း။ ဤအမောဟကို ဉာဏ်လည်း ခေါ်၏။ ပညာလည်း ခေါ်၏။ ဝိဇ္ဇာလည်း ခေါ်၏။ သမ္မာဒိဋ္ဌိလည်း ခေါ်၏။ ဤတရားသုံးပါးတို့သည် အလုံးစုံသော ကလျာဏဓမ္မတို့၏ အရင်းအမြစ် အခြေခံ ဖြစ်သောကြောင့် ကလျာဏမူလ တရားသုံးပါး မည်ကုန်၏။

၃၁။ **သဒ္ဓါ** ဆိုသည်ကား- ယုံကြည်ထိုက်သော အမှန်တရားတို့ကို ယုံကြည်ခြင်းတည်း။ ဤသဒ္ဓါကို ပသာဒလည်း ခေါ်၏။ အဓိမောက္ခလည်း ခေါ်၏။

၃၂။ **သတိ** ဆိုသည်ကား- ကောင်းမြတ်သော အရာတို့၌ မမေ့မလျော့ မပျောက်မကွယ်နိုင်ရန် အဖန်ဖန်အာရုံပြုခြင်းတည်း။ သရဏလည်း ခေါ်၏။ ဥပဋ္ဌာနလည်း ခေါ်၏။

၃၃။ **ဟိရီ** ဆိုသည်ကား- ရှက်ခြင်းတည်း။ ရှက်ခြင်း ဆိုသည်ကား- ရှက်သဖြင့် မကောင်းမှုသို့ မတိုးဝံ့ခြင်းတည်း။

၃၄။ **ဩတ္တပ္ပ** ဆိုသည်ကား- ကြောက်ခြင်း, လန့်ခြင်းတည်း။ အတ္တာနုဝါဒ

www.dhammaransi.com



ဘေး, ပရာနုဝါဒဘေး, အပါယ်ဘေးတို့မှ ကြောက်လန့်သဖြင့် မကောင်းမှုသို့ မတိုးဝံ့ခြင်းတည်း။

**၃၅။ တတြမဇ္ဈတ္တတာ** ဆိုသည်ကား- ထိုထိုအာရုံ၌ ငြိတွယ်ခြင်း, ဆန့်ကျင်ခြင်း အစွန်းတို့မှ ကင်းလွတ်သဖြင့် လျစ်လျူအနေ၌ တည်ခြင်းတည်း။ ဤတတြမဇ္ဈတ္တတာကို ဗြဟ္မဝိဟာရအရာ၌ ဥပေက္ခာဗြဟ္မာဝိဟာရ ခေါ်၏။ ဗောဇ္ဈင်္ဂအရာ၌ ဥပေက္ခာသမ္ဗောဇ္ဈင် ခေါ်၏။

**၃၆။ ကာယပဿဒ္ဓိ** ဆိုသည်ကား- စေတသိက်အပေါင်းဟူသော နာမကာယ၏ငြိမ်းချမ်းခြင်းတည်း။

**၃၇။ စိတ္တပဿဒ္ဓိ** ဆိုသည်ကား- စိတ်၏ငြိမ်းချမ်းခြင်းတည်း။ ငြိမ်းချမ်းခြင်း ဆိုသည်ကား- ကုသိုလ်မှုတို့၌ မငြိမ်းချမ်းခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ ကြည်လင်ချမ်းမြခြင်းတည်း။

**၃၈။ ကာယလဟုတာ** ဆိုသည်ကား- နာမကာယ၏ ပေါ့ပါးခြင်းတည်း။

**၃၉။ စိတ္တလဟုတာ** ဆိုသည်ကား- စိတ်၏ပေါ့ပါးခြင်းတည်း။ ပေါ့ပါးခြင်း ဆိုသည်ကား- ကုသိုလ်မှုတို့၌ လေးလံခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ ပေါ့ပါးခြင်းတည်း။

**၄၀။ ကာယမုဒုတာ** ဆိုသည်ကား- နာမကာယ၏ နူးညံ့ခြင်းတည်း။

**၄၁။ စိတ္တမုဒုတာ** ဆိုသည်ကား- စိတ်၏နူးညံ့ခြင်းတည်း။ နူးညံ့ခြင်း ဆိုသည်ကား- ကုသိုလ်မှုတို့၌ စိတ်၏ခက်ထန်ကြမ်းတမ်းခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ နူးညံ့ပျော့ပျောင်းခြင်းကို ဆိုသည်။

**၄၂။ ကာယကမ္မညတာ** ဆိုသည်ကား- နာမကာယ၏အမှု၌ ကောင်းခြင်း တည်း။

**၄၃။ စိတ္တကမ္မညတာ** ဆိုသည်ကား- စိတ်၏အမှု၌ ကောင်းခြင်းတည်း။ အမှု၌ကောင်းခြင်း ဆိုသည်ကား- ကုသိုလ်မှုတို့၌ စိတ်၏မကောင်းမွန်၊ မခံ့ညားခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ ကောင်းမြတ်ခံ့ညားခြင်းကို ဆိုသည်။ ကုသိုလ်မှု၌ မငြင်းဆန်ခြင်းကို ဆိုသည်။

www.dhammaransi.com



၄၄။ **ကာယပါဂုညာတာ** ဆိုသည်ကား– နာမကာယ၏ လေ့လာခြင်းတည်း။

၄၅။ **စိတ္တပါဂုညတာ** ဆိုသည်ကား– စိတ်၏လေ့လာခြင်းတည်း။ လေ့လာခြင်း ဆိုသည်ကား– ကုသိုလ်မှုတို့၌ စိတ်၏ထစ်ထစ်ငေါ့ငေါ့ ရှိခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ သွက်လက်ကျေမွန်ခြင်းကို ဆိုသည်။

၄၆။ **ကာယုဇုကတာ** ဆိုသည်ကား– နာမကာယ၏ ဖြောင့်မတ်ခြင်းတည်း။

၄၇။ **စိတ္တုဇုကတာ** ဆိုသည်ကား– စိတ်၏ဖြောင့်မတ်ခြင်းတည်း။ ဖြောင့်မတ်ခြင်း ဆိုသည်ကား– ကုသိုလ်မှုတို့၌ စိတ်၏ကောက်ကျစ်ခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ ကောက်ကျစ်စဉ်းလဲမှုမရှိခြင်းကို ဆိုသည်။ ။

**သောဘဏ** ဆိုသည်ကား– တင့်တယ် ကောင်းမြတ်သည်ကို ဆိုသည်။

၄၈။ **သမ္မာဝါစာ** ဆိုသည်ကား– မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ရှောင်ခြင်းတည်း။

၄၉။ **သမ္မာကမ္မန္တ** ဆိုသည်ကား– ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရတည်းဟူသော ကာယဒုစရိုက်သုံးပါးတို့မှ ကြဉ်ရှောင်ခြင်းတည်း။

၅၀။ **သမ္မာအာဇီဝ** ဆိုသည်ကား– မကောင်းသော အသက်မွေးမှုတို့မှ ကြဉ်ရှောင်ခြင်းတည်း။ ။

**ဝိရတီ** ဆိုသည်ကား– ဒုစရိုက်မှကြဉ်ရှောင်ခြင်းကို ဆိုသည်။

၅၁။ **ကရုဏာ** ဆိုသည်ကား– ဆင်းရဲ၍နေသော သတ္တဝါကို တွေ့မြင်လျှင် သနားခြင်း, ကြင်နာခြင်း, ညှာတာခြင်း ထိုဆင်းရဲမှ ကယ်ဆယ်လိုခြင်းတည်း။

၅၂။ **မုဒိတာ** ဆိုသည်ကား– ချမ်းသာသော သတ္တဝါကို တွေ့မြင်လျှင် ဝမ်းမြောက်ခြင်း, ဝမ်းသာခြင်းတည်း။ ဤတရားနှစ်ပါးကို အသီးအသီး ကရုဏာဗြဟ္မာဝိဟာရ မုဒိတာဗြဟ္မဝိဟာရတို့ဟူ၍လည်း ခေါ်သည်။

**အပ္ပမညာ** ဆိုသည်ကား– လူသတ္တဝါ တိရစ္ဆာန် သတ္တဝါတို့မှစ၍ ခပ်သိမ်းသော သတ္တဝါတို့ကို အာရုံပြု၍ ဆင်းရဲသော သတ္တဝါတို့ကို သနားခြင်း၊ ချမ်းသာ

www.dhammaransi.com



ဖြစ်သောကြောင့် "**အပ္ပမာနေသု သတ္တေသု ဘဝါတိ အပ္ပမညာ**"- ဟူသည်နှင့် အညီ အပ္ပမညာမည်၏။

**စေတသိက် ၅၂-ပါး ပြီး၏။**

## နိဗ္ဗာန် ၃-ပါး

**၃။ နိဗ္ဗာန်သည် -**

၁။ ပထမနိဗ္ဗာန်၊

၂။ ဒုတိယနိဗ္ဗာန်၊

၃။ တတိယနိဗ္ဗာန်- ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် -

အပါယ်ဘဝတို့မှ လွတ်ငြိမ်းခြင်းသည် ပထမနိဗ္ဗာန် မည်၏။ တစ်ဖန် ကာမဘဝတို့မှ လွတ်ငြိမ်းခြင်းသည် ဒုတိယနိဗ္ဗာန် မည်၏။ တစ်ဖန် ရူပ, အရူပဗြဟ္မာဘဝတို့မှ လွတ်ငြိမ်းခြင်းသည် တတိယနိဗ္ဗာန် မည်၏။

စိတ် ၁-ပါး, စေတသိက် ၅၂-ပါး, နိဗ္ဗာန် ၁-ပါး- ဟူ၍ နာမ်တရား ၅၄-ပါး ဖြစ်၏။

ရုပ်တရား ၂၈-ပါး၊ နာမ်တရား ၅၄-ပါး- ဟူ၍ ပရမတ္ထတရား ၈၂-ပါး ဖြစ်၏။ ဤပရမတ္ထတရား ၈၂-ပါးကို ပရမတ္ထသစ္စာတရားဟု ဆိုသတည်း။ ပရမတ္ထသစ္စာမျိုးမဟုတ်သော ပုဂ္ဂိုလ်သတ္တဝါစသည်ကို သမ္မုတိသစ္စာဟု ဆို၏။

**သစ္စကထာ ပြီး၏။**

## ၇- ပစ္စယကထာ

ထို ၈၂-ပါးသော ပရမတ္ထဓမ္မတို့တွင် နိဗ္ဗာန်သည် ဖြစ်ပေါ်ခြင်းဟူသော ဇာတိ၏နယ်မှအလွတ်ဖြစ်သော ဖြစ်ပေါ်စေရန် အကြောင်းလည်းမလို၊ ဇရာ, မရဏတို့နယ်မှ အလွတ်ဖြစ်၍ စောင့်ရှောက်ရန် ထောက်ပံ့ရန်အကြောင်းလည်း မလို၊ ထို့ကြောင့် နိဗ္ဗာန်သည် အပစ္စယတရား, အသင်္ခတတရား မည်၏။

နိဗ္ဗာန်မှကြွင်းသော ၈၁-ပါးသော ရုပ်တရား, နာမ်တရားများသည်မူကား ဇာတိ, ဇရာ, မရဏတို့နှင့် ဖြစ်ရပျက်ရသည်ဖြစ်၍ သပစ္စယတရားများ, သင်္ခတ

www.dhammaransi.com



တရားများ ဖြစ်ကြကုန်၏။ ။ ထိုရုပ်တရား, နာမ်တရားနှစ်ပါးတို့တွင် ရုပ် ၂၈-ပါးတို့၌ ကံ, စိတ်, ဥတု, အာဟာရဟူ၍ အကြောင်းတရားလေးပါးကို ပြဆိုခဲ့ပြီ။

ထိုအကြောင်းလေးပါးတို့တွင် ကံဟူသောအကြောင်းသည် ဦးတည်မူလ အကြောင်း မျှသာဖြစ်၏။ စိတ်ဟူသော အကြောင်းသည်လည်း အချယ်အလယ် အကြောင်း မျှသာ ဖြစ်၏။ ရူပကာယခန္ဓာကိုယ်သည် ဥတုဟူသော ဓာတ်မီးနှင့်အာဟာရ ဟူသော ဓာတ်ဆီတို့၏အစွမ်းဖြင့် ကြီးပွားရ၏။ ကာလမြင့်ရှည် တည်နေရ၏။ ဓာတ်မီးဓာတ်ဆီ အခြေအနေပျက်ခဲ့လျှင် ကံ၏အစွမ်း, စိတ်၏အစွမ်းတို့လည်း ပျက်ရကုန်လေတော့သည်။

**ဥပမာကား** - သစ်ပင်တို့မှာ မျိုးစေ့သည် ဦးတည်မူလအကြောင်းမျှသာ ဖြစ်၏။ သစ်ပင်တို့သည်မူကား မြေဥတု, ရေဥတုတို့၏အစွမ်းဖြင့် ကြီးပွားရကုန်၏။ ကာလမြင့်ရှည် တည်နေရကုန်၏။ မြေဥတု, ရေဥတု အခြေအနေအပျက်ကြီး ပျက်ခဲ့သော် မျိုးစေ့၏အစွမ်းသည် ပျက်ရလေတော့သည်။ ဤဥပမာကဲ့သို့မှတ်။

ရူပကာယသည် သစ်ပင်နှင့်တူ၏၊ ကံသည် မျိုးစေ့နှင့်တူ၏၊ ဥတုဟူသော ဓာတ်မီးသည် မြေကြီးနှင့်တူ၏၊ အာဟာရဟူသော ဓာတ်ဆီသည် အခါ, အခါ၌ မပြတ်ရွာသော မိုးရေနှင့်တူ၏၊ စိတ်သည် သစ်ပင်ကိုပြင်ပမှ ကျေးဇူးပြုသော နေဥတု, လေဥတုနှင့်တူ၏။

**စိတ်, စေတသိက်တို့၏ဖြစ်ကြောင်းသည်ကား** - ဝိပါက်တရားတို့မှာ-

(က) ရှေးကံဟောင်းသည် အကြောင်းတစ်ပါး၊

(ခ) မီရာဝတ္ထုရုပ်သည် အကြောင်းတစ်ပါး၊

(ဂ) အာရုံသည် အကြောင်းတစ်ပါး။

ထိုသုံးပါးတို့တွင် ရှေးကံဟောင်းသည် သစ်ပင်တို့မှာမျိုးစေ့နှင့်တူ၏။ ဝတ္ထုရုပ်သည် မြေနှင့်တူ၏။ အာရုံသည် မိုးရေမိုးပေါက်နှင့်တူ၏။ ကုသိုလ်, အကုသိုလ်, ကြိယာ, စိတ်, စေတသိက်တို့မှာလည်း မီရာဝတ္ထုရုပ်နှင့် အာရုံဟူသော အကြောင်း နှစ်ပါးစီရှိကြ၏။

www.dhammaransi.com



**အကြောင်းထူးမှာမူကား-** ကုသိုလ်, စိတ်, စေတသိက်တို့မှာ ယောနိသော မနသိကာရအကြောင်း၊ အကုသိုလ်, စိတ်, စေတသိက်တို့မှာ အယောနိသော မနသိကာရအကြောင်း၊ ဇဝနကိစ္စရှိသော ကြိယာ, စိတ်, စေတသိက်တို့မှာ ကုသိုလ်ကဲ့သို့ ယောနိသော မနသိကာရသည်ပင် အကြောင်းဖြစ်သည်။ အာဝဇ္ဇန်းဒွေ တို့မှာကား ကုသိုလ်၏ရှေ့သွားဖြစ်ခိုက် ကုသိုလ်နှင့်တူသည်။ အကုသိုလ်၏ ရှေ့သွားဖြစ်ခိုက် အကုသိုလ်နှင့်တူသည်။

ယောနိသော မနသိကာရ ဆိုသည်ကား- သင့်မြတ်သော နှလုံးသွင်းတည်း။ အယောနိသောမနသိကာရ ဆိုသည်ကား- မသင့်မြတ်သော နှလုံးသွင်းတည်း။ အာဝဇ္ဇန်း၏ ကိစ္စနှစ်ပါးပေတည်း။

တစ်ယောက်သောသူကို တွေ့မြင်ရာ၌ နှလုံးသွင်းလိမ္မာလျှင် ထိုသူကို တွေ့မြင်ကြရသည့်အတွက် ကုသိုလ်ဖြစ်ရ၏။ နှလုံးသွင်းမလိမ္မာလျှင် ထိုသူကို တွေ့မြင်ကြရသည့်အတွက် အကုသိုလ်ဖြစ်ရ၏။ အဘယ်အာရုံမျိုးကား ကုသိုလ်ဖြစ်ရန် မြဲ၏။ အဘယ်အာရုံမျိုးကား အကုသိုလ်ဖြစ်ရန် မြဲ၏ဟုမရှိ။

စိတ်၏အစဉ်သည် လှေနှင့်တူ၏။ အာဝဇ္ဇန်းသည် ပဲ့သမားနှင့်တူ၏။ ပဲ့သမား ဦးလှည့်၍ပေးရာသို့ လှေသည် သွားရသကဲ့သို့ အာဝဇ္ဇန်းဦးလှည့်ပေးရာသို့ ကုသိုလ်လမ်း အကုသိုလ်လမ်း ပွင့်ကြရာ၏။

သစ်ပင်တို့မှာ မျိုးစေ့တို့ကဲ့သို့ မနသိကာရသည် ကုသိုလ်, အကုသိုလ်တို့ ဖြစ်ရန် အရင်းမူလအကြောင်းပေတည်း။ ဝတ္ထုရုပ်သည် သစ်ပင်တို့မှာမြေကြီးနှင့် တူ၏။ အာရုံသည် သစ်ပင်တို့မှာ မိုးရေ, မိုးပေါက်နှင့်တူ၏။

**တစ်နည်းကား** - ဝိညာဏ်ခြောက်ပါးတို့တွင် တစ်ပါးပါး၌ အကြောင်း တရားလေးပါး, လေးပါးစီ ရှိကြ၏။

၁။ စက္ခုဝတ္ထုရုပ်, ရူပါရုံ, အာလောက, မနသိကာရ။ ဤကား စက္ခုဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းတရား လေးပါးတည်း။ ထိုလေးပါးတို့တွင် -

**မနသိကာရ** ဆိုသည်ကား- ထိုရူပါရုံသို့ ရှေ့ရှုသော အာဝဇ္ဇန်းပေတည်း။ အာလောက ဆိုသည်ကား- အရောင်အလင်းတည်း၊ အရောင်အလင်းရှိပါမှ စက္ခု ဝိညာဏ်ဟူသော မြင်မှုကြိယာ ဖြစ်နိုင်၏၊ စက္ခုဝိညာဏ် ဖြစ်နိုင်မှသာ စက္ခုဒွါရ

www.dhammaransi.com



ဝီထိစိတ်များ ဖြစ်နိုင်၏။

၂။ သောတဝတ္ထုရုပ်, သဒ္ဒါရုံ, အာကာသ, မနသိကာရ။ ဤကား သောတဝိညာဏ် ဖြစ်ပေါ်ရန်အကြောင်းတရား လေးပါးတို့တည်း။ ထိုလေးပါးတို့တွင်–

**အာကာသ** ဆိုသည်ကား– အပေါက်ဟင်းလင်းတည်း။ နားနှင့်အသံ ဆက်ဆံကြရန် ထိုအာကာသရှိပါမှ သောတဝိညာဏ်ဟူသော ကြားမှုကြိယာ ဖြစ်ပေါ်နိုင်၏။ သောတဝိညာဏ် ဖြစ်ပေါ်နိုင်မှသာ သောတဒွါရဝီထိစိတ်များ ဖြစ်နိုင်ကြ၏။

၃။ ဃာနဝတ္ထုရုပ်, ဂန္ဓာရုံ, ဝါတ, မနသိကာရ။ ဤကား ဃာနဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းတရား လေးပါးတည်း။ ထိုလေးပါးတို့တွင် –

**ဝါတ** ဆိုသည်ကား– နှာခေါင်းလေပေတည်း။ ရှူလေ, ရှိုက်လေပေတည်း။ ထိုလေမရှိခဲ့လျှင် ဂန္ဓာရုံသည် ဃာနဝတ္ထုရုပ်၌ မထိခိုက်နိုင်၊ မထိခိုက်လျှင်လည်း နံမှုဟူသော ဃာနဝိညာဏ် မဖြစ်နိုင်၊ ဃာနဒွါရ ဝီထိစိတ်များ မဖြစ်နိုင်။

၄။ ဇိဝှါဝတ္ထုရုပ်, ရသာရုံ, အာပ, မနသိကာရ။ ဤကား ဇိဝှါဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းတရား လေးပါးတည်း။ ထိုလေးပါးတို့တွင် –

**အာပ** ဆိုသည်ကား– လျှာ၏စိုစွတ်ခြင်းတည်း။ လျှာခြောက်သွေ့ခဲ့လျှင် ရသာရုံသည် ဇိဝှါဝတ္ထုရုပ်၌ မထိမခိုက်နိုင်၊ မထိခိုက်လျှင်လည်း အရသာကို သိမှုဟူသော ဇိဝှါဝိညာဏ် မဖြစ်နိုင်။ ဇိဝှါဒွါရဝီထိစိတ်များ မဖြစ်နိုင်။

၅။ ကာယဝတ္ထုရုပ်, ဖောဋ္ဌဗ္ဗ, ထဒ္ဓ, မနသိကာရ။ ဤကား ကာယဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းတရား လေးပါးတည်း။ ထိုလေးပါးတို့တွင် –

**ထဒ္ဓ** ဆိုသည်ကား– အတန်အရာခက်ထန်သော ဖောဋ္ဌဗ္ဗသဘောတည်း။ ထိုသဘောအခြံအရံရှိသော ဖောဋ္ဌဗ္ဗာရုံမှသာလျှင် ကာယဝတ္ထုရုပ်၌ ထိခိုက်နိုင်၏။ အလွန်သိမ်မွေ့လှသော ဖောဋ္ဌဗ္ဗာရုံသည် ကာယဝတ္ထုရုပ်၌ မထိခိုက်နိုင်၊ မထိခိုက်နိုင်လျှင် အတွေ့အထိကို သိမှုဟူသော ကာယဝိညာဏ် မဖြစ်နိုင်၊ ကာယဒွါရ ဝီထိစိတ်များလည်း မဖြစ်နိုင်။

၆။ ဟဒယဝတ္ထုရုပ်, ဓမ္မာရုံ, မနောဒွါရ, မနသိကာရ။ ဤကား မနောဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းတရားလေးပါးတည်း။ ထိုလေးပါးတို့တွင် –

**ဓမ္မာရုံ** ဆိုသည်ကား– ပဉ္စာရုံမှတစ်ပါး ကျန်ရှိသမျှသော ရုပ်တရား,

www.dhammaransi.com



နာမ်တရား, ပညတ်တရား, နိဗ္ဗာန်တရားများပေတည်း။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော ပဉ္စာရုံများသည်လည်း မနောဝိညာဏ်၏ အာရုံဖြစ်၏။ သို့ရာတွင် ပဉ္စဒွါရနှင့်မဆိုင်ရာကို ထုတ်ဖော်လို၍ ဓမ္မာရုံကိုသာ ပြဆိုလေသည်။

မနောဒွါရ ဆိုသည်ကား- ဘဝင်စိတ် အစဉ်ပေတည်း။ ဟဒယဝတ္ထုရုပ်သည် မနောဝိညာဏ်၏ တည်ရာမှီရာ ဖြစ်ပွားရာ မှန်ငြားသော်လည်း အကြည်အလင် ပသာဒမျိုး မဟုတ်သောကြောင့် အာရုံ၏အရိပ်အသွင်များသည် ဟဒယဝတ္ထုရုပ်၌ မထင်နိုင်၊ မနောဒွါရ၌သာ ထင်နိုင်၏။

**ပစ္စယကထာ ပြီး၏။**

## ၈- အဘိညာကထာ
## အဘိညာဏ် ၂-ပါး

**အဘိညာဏ်** ဆိုသည်ကား- ပကတိသော လူအပေါင်းတို့၏ဉာဏ်ကို လွန်၍ အထူးကြီး, အချွန်ကြီးဖြစ်သော ဉာဏ်၏ကိစ္စကိုဆိုသည်။

ထိုအဘိညာဏ်သည် - (၁) သမထအဘိညာ၊
(၂) ဓမ္မအဘိညာ- ဟူ၍နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်-

**၁။ သမထအဘိညာ** ဆိုသည်ကား- သမထကမ္မဋ္ဌာန်းလမ်းမှ ပေါက်ရောက်သော ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ယထာကမ္မုပဂဉာဏ်တို့ကို ဆိုလိုသတည်း။ ထိုအဘိညာဏ်တို့တွင် -

**ဣဒ္ဓိဝိဓ အဘိညာဏ်** ဆိုသည်ကား- ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း၊ တန်ခိုးအထူးထူး အထွေထွေ ဖန်ဆင်းခြင်းပေတည်း။

**ဒိဗ္ဗသောတ အဘိညာဏ်** ဆိုသည်ကား- နတ်တို့၏နားကဲ့သို ကြားနိုင်ခြင်းတည်း။

**စေတောပရိယ အဘိညာဏ်** ဆိုသည်ကား- သူတစ်ပါးတို့၏ စိတ်အကြံ အမျိုးမျိုးကို သိနိုင်ခြင်းတည်း။

www.dhammaransi.com



**ပုဗ္ဗေနိဝါသ အဘိညာဏ်** ဆိုသည်ကား– ရှေးရှေးသော ဘဝတို့ကို သိနိုင်ခြင်းတည်း။

**ယထာကမ္မူပဂ အဘိညာဏ်** ဆိုသည်ကား– နတ်မျက်စိကဲ့သို့ မိမိတို့ ကံပစ်ချရာ ထိုထိုဘဝသို့ ကျရောက်ကြကုန်သော သတ္တဝါတို့ကို ဒိဋ္ဌမြင်နိုင်ခြင်း ပစ်ချသော ကံတို့ကို သိနိုင်ခြင်းတည်း။

၂။ **ဓမ္မအဘိညာ** ဆိုသည်ကား– သစ္စကထာတွင် ပြဆိုခဲ့သည့်အတိုင်း သမ္မုတိသစ္စာမျိုးကို လွန်၍ ပရမတ္ထသစ္စာတရားမျိုးတို့ကို ပိုင်းပိုင်းခြားခြား သိနိုင်ခြင်းတည်း။

ထိုဓမ္မအဘိညာသည်လည်း– (၁) သုတမယဉာဏ်၊
(၂) စိန္တာမယဉာဏ်၊
(၃) ဘာဝနာမယဉာဏ်– ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် –

ဘာဝနာမယဉာဏ်သည်လည်း – (၁) အနုဗောဓဉာဏ်၊
(၂) ပဋိဝေဓဉာဏ်– ဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် –

အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ် ဟူသော ဝိပဿနာဉာဏ်သုံးပါးသည် **အနုဗောဓဉာဏ်** မည်၏။ ဟုတ်မှန်သော ဓမ္မသဘောအားလျော်စွာ ပွင့်ပွင့်လင်းလင်း သိမြင်ခြင်းတည်း။

လောကုတ္တရာ မဂ်ဉာဏ်လေးပါးသည် **ပဋိဝေဓဉာဏ်** မည်၏။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ အစရှိသော ကိလေသာအမိုက်တရားတို့ကို အမြစ်အရင်းပါ ပယ်နိုင်သဖြင့် ထိုပုဂ္ဂိုလ် အလင်းပေါက်ရောက်၍ သွားခြင်းတည်း။

အဘိညာကထာ ပြီး၏။

www.dhammaransi.com



# ၉– ပရိညာကထာ

## ပရိညာ ၃–ပါး

**ပရိညာ** ဆိုသည်ကား– ဉာဏ်၏ပိုင်နိုင်ခြင်းတည်း။ ထိုပရိညာသည် –

(၁) ဉာတပရိညာ၊

(၂) တီရဏပရိညာ၊

(၃) ပဟာနပရိညာ– ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် –

၁။ **ဉာတပရိညာ** ဆိုသည်ကား– ပရမတ္ထသစ္စကထာ, ပစ္စယကထာတို့တွင် ပြဆိုခဲ့ပြီးသော အကြောင်းနှင့်တကွသော ရုပ်တရား, နာမ်တရား, နိဗ္ဗာန်တရားတို့ကို သဘောကျနစွာ တတ်သိလိမ္မာခြင်းတည်း။ အဘိညာဏ်၌ ဆံပင်, မွေးညင်းစသော သဏ္ဌာနပညတ်မျိုး ပျောက်ကွယ်၍ ဓမ္မအဘိညာဖြင့် ပရမတ္ထဓမ္မ သက်သက်သာရှိသည်ဟု ပိုင်နိုင်စွာသိခြင်းတည်း။ အကုန်လုံးကိုပင် မသိသော်လည်း ရုပ် (၂၈)ပါးတွင် ဓာတ်ကြီးလေးပါးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်လျှင်ပင် ရုပ်၌ ဉာတပရိညာကိစ္စ ပြီးနိုင်၏။

နာမ်၌လည်း ဝိညာဏ်တစ်ပါး, ဝေဒနာတစ်ပါး, သညာတစ်ပါး, စေတနာတစ်ပါး၊ ဤလေးပါးတို့ကို ပိုင်ပိုင်နိုင်နိုင် သိနိုင်လျှင် နာမ်၌ဉာတပရိညာကိစ္စ ပြီးနိုင်၏။ နိဗ္ဗာန်မှာလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း သဘောကျနိုင်လျှင် ဉာတပရိညာကိစ္စ ပြီးနိုင်၏။ အကြောင်းတရားမှာလည်း ပစ္စယကထာတွင် ပြဆိုခဲ့သမျှအတိုင်း သဘောကျနစွာ သိနိုင်လျှင် ပစ္စယ၌ ဉာတပရိညာကိစ္စ ပြီးနိုင်၏။

၂။ **တီရဏပရိညာ** ဆိုသည်ကား– ထိုရုပ်တရား, နာမ်တရားတို့ကို ခဏိကဓမ္မ ဖြစ်ကြသည့်အတိုင်း ခဏခဏ ဖြစ်မှုပျက်မှုကို ရှုသောအားဖြင့် ဉာဏ်ဖြင့် အပိုင်းပိုင်း ဖြတ်တောက်ခုတ်စဉ်းခြင်းသည် တီရဏမည်၏။ ထိုဖြတ်တောက်ခုတ်စဉ်းမှု၏ ပိုင်နိုင်ခြင်းသည် တီရဏပရိညာ မည်၏။

ထိုတီရဏပရိညာသည် – (၁) အနိစ္စပရိညာ၊

(၂) ဒုက္ခပရိညာ၊

(၃) အနတ္တပရိညာ– ဟူ၍ သုံးပါးရှိ၏။

www.dhammaransi.com



ထိုသုံးပါးတို့တွင် -

**အနိစ္စပရိညာ** ဆိုသည်ကား- မရဏတရား၌ ဉာဏ်အမြင် ပိုင်နိုင်ခြင်းတည်း။ ဤစကား၌ မရဏတရားသည် သမ္မုတိမရဏ, ပရမတ္ထမရဏဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် -

သမ္မုတိမရဏ ဆိုသည်ကား- သမ္မုတိသစ္စာဘက်၌ ပုဂ္ဂိုလ်သတ္တဝါတို့၏ တစ်သက်တွင် တစ်ခါသေမြဲဖြစ်တာဟူ၍ ဆိုကြသော မရဏတရားသည် **သမ္မုတိမရဏ** မည်၏။ ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ တစ်နေ့ တစ်ရက်အတွင်းမှာပင် အကြိမ်ပေါင်း အရာအထောင်မက ချုပ်ပျက်သေဆုံးခြင်းသည် **ပရမတ္ထမရဏ** မည်၏။

ထိုနှစ်ပါးတို့တွင် သမ္မုတိမရဏသည် အနိစ္စလက္ခဏာ အစစ်မဟုတ်၊ အနိစ္စပရိညာ၏အရာအချက်မဟုတ်၊ အနုဿတိဆယ်ပါးတွင် မရဏာနုဿတိ၏ အရာမျှသာဖြစ်၏။ ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ သေခြင်း ချုပ်ပျောက်ပျက်ဆုံးခြင်းဟူသော ပရမတ္ထမရဏသည်သာလျှင် အနိစ္စလက္ခဏာအစစ် ဖြစ်၏။ အနိစ္စပရိညာ၏အချက်ဖြစ်၏။

**ဒုက္ခပရိညာ** ဆိုသည်ကား- ဒုက္ခသဘော၌ ဉာဏ်အမြင် ပိုင်နိုင်ခြင်းတည်း။ ဤစကား၌ ဒုက္ခသည် -(၁) ဝေဒယိတဒုက္ခ၊

(၂) ဘယဋ္ဌဒုက္ခ- ဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်-

**ဝေဒယိတဒုက္ခ** ဆိုသည်ကား- ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကို ဆိုသတည်း။ ။ ကာယိကဒုက္ခ ဆိုသည်ကား- ကိုယ်အင်္ဂါတို့၌ ပေါ်ပေါက်ကျရောက်သော မခံသာသော ဒုက္ခဝေဒနာမျိုးကို ဆိုသတည်း။ စေတသိကဒုက္ခ ဆိုသည်ကား- စိတ်သန္တာန်၌ ပေါ်ပေါက်ကျရောက်သော သောက, ပရိဒေဝ, ဒေါမနဿ, ဥပါယာသ ဒုက္ခမျိုးတို့ကို ဆိုသတည်း။

**ဘယဋ္ဌဒုက္ခ** ဆိုသည်ကား- ဘယဉာဏ်, အာဒီနဝဉာဏ်တို့၏အရာဖြစ်သော ဒုက္ခမျိုးတို့ကို ဆိုသတည်း။ ဘယဉာဏ်, အာဒီနဝဉာဏ်တို့၏ အရာဆိုသည်ကား- ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခတို့ပေတည်း။

www.dhammaransi.com



ဤဒုက္ခတို့ကို နောက်၌ပြဆိုလတ္တံ့။

ဝေဒယိတဒုက္ခနှင့် ဘယဋ္ဌဒုက္ခနှစ်ပါးအထူး၌ **ဉပမာကား–** လူတစ်ယောက်မှာ ရောဂါဆိုး, အနာဆိုးကြီးတစ်ခုရှိ၏။ ကြမ်းတမ်းသော အစာအာဟာရတို့ကို စားသောက်၍နေမှ ပကတိလူမာကဲ့သို့ ချမ်းသာရ၏။ ဝက်သား, ကြက်သား, ငါး, အမဲအစရှိသော ကောင်းမွန်သော အစာအာဟာရတို့ကို စားခဲ့မိလျှင် စားဆဲအခါ၌ အလွန်ကောင်း၏။ စားပြီးသည်မှ နောက်ကာလ၌ တစ်ရက်လုံးလုံး သေလုနီးပါးဒုက္ခကြီးစွာ ခံရသောအခါလည်း ရှိ၏။ နှစ်ရက်, သုံးရက်, လေးရက် စသည် ရက်ရှည်နေ့များ ဒုက္ခကြီးစွာ ခံရသောအခါလည်း ရှိ၏။ အစာအာဟာရက အလွန်ကောင်းလေလေ ဒုက္ခခံရက် ရှည်လျားလေလေဖြစ်၏။

တစ်ယောက်သောသူသည် ကုသိုလ်ကောင်းမှုကို လိုလားသည်ဖြစ်၍ ဝက်သား, ကြက်သား, ငါး, အမဲတို့နှင့်တကွ ထောပတ်ထမင်းကို အလွန်ကောင်းမွန်စွာ ချက်ပြီးလျှင် ထိုသူနာ အား သဒ္ဓါတရားနှင့် သွား၍ကျွေး၏။ ထိုသူနာသည် အလွန်စားလိုပါသော်လည်း စားပြီးသည်မှ နောက်ကာလ၌ ခံရလတ္တံ့သော မိမိဒုက္ခကို ကြောက်ရသည့်အတွက် ဤကဲ့သို့ ကောင်းမွန်လှသော အစာအာဟာရ မျိုးကို ကျွန်ုပ်မစားဝံ့ပါဟု ငြင်းပယ်ရလေ၏။ စားမိလျှင်လည်း နေ့ရှည်ရက်များ ဗိုင်းဗိုင်းလဲ၍ သွားရမည်အမှန်ဖြစ်၏။

ဤဝတ္ထု၌ စားဆဲအခါမှာ အလွန်ကောင်းသည့်အတွက် ထိုအစာအာဟာရ သည် ထိုသူမှာ ဝေဒယိတသုခဝတ္ထုမျိုး အမှန်ဖြစ်၏။ လျှာအတွေ့၌ အလွန် ကောင်းခြင်းသည် ဝေဒယိတသုခ မည်၏။ ဘယဋ္ဌအလိုအားဖြင့်မူကား ထိုအစာ အာဟာရများသည် ထိုသူမှာ ကြောက်မက်ဖွယ်ကောင်းလှသော ဒုက္ခဝတ္ထုမျိုး အမှန်ဖြစ်၏။ လျှာအတွေ့၌ အလွန်ကောင်းခြင်းသည် ကြောက်မက်ဖွယ် ကောင်းလှသော ဘယဋ္ဌဒုက္ခကြီးမည်၏။ အဘယ်ကြောင့်ဆိုသော် လျှာအတွေ့၌ အလွန်ကောင်းလေလေ နောက်၌ဗိုင်းဗိုင်းလဲ၍ အသဲအသန်ခံစားရန် ဒုက္ခကြီးမား ရှည်လျားလေလေ ဖြစ်သောကြောင့်တည်း။

ဤလောက၌ သက္ကာယဒိဋ္ဌိနှင့် ဝိနိပါတဘေး တင်းလင်းရှိနေသောသူသည် ထိုသူနာနှင့်တူ၏။ လူ့ဘဝ, လူချမ်းသာ၊ နတ်ဘဝ, နတ်ချမ်းသာ, ဗြဟ္မာ့ဘဝ,

www.dhammaransi.com



ဗြဟ္မာ့ချမ်းသာများသည် ထိုသူနာမှာ အလွန်ကောင်းမွန်သော ကြက်သား, ဝက်သား, ငါး, အမဲဟင်း ထောပတ်ထမင်းတို့နှင့်လည်းကောင်း၊ ထိုသူနာမှာ လျှာအတွေ့ အလွန်ကောင်းခြင်း သုခဝေဒနာနှင့်လည်းကောင်း လူလှ၏။ သေလွန်ကြသည်မှ နောက်ကာလ၌ ဝိနိပါတဘေးကြီး သင့်ရောက်ကျမှုသည် ထိုသူနာမှာ စားပြီးသည်မှ နောက်ကာလ၌ ဗိုင်းဗိုင်းလဲ၍ အသဲအသန် ခံစားရသော ဒုက္ခမှုကြီးနှင့်တူ၏။

ဤ၌ ဝေဒယိတဒုက္ခသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ ဟူ၍လာသော ဝေဒနာတိက် အရာများ၌ ဒုက္ခသဒ္ဒါ၏ အနက်ဖြစ်၏။ ဘယဋ္ဌဒုက္ခသည် ဒုက္ခသစ္စာအရာ၌ အနိစ္စ, ဒုက္ခ, အနတ္တဟူသော ဝိပဿနာအရာများ၌ ဒုက္ခသဒ္ဒါ၏ အနက်ဖြစ်၏။

ထိုလူ့ဘဝ, လူ့ချမ်းသာ၊ နတ်ဘဝ, နတ်ချမ်းသာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ချမ်းသာတို့၌ ဘယဋ္ဌဒုက္ခဉာဏ်အမြင် ပိုင်နိုင်ခြင်းသည် ဒုက္ခပရိညာ မည်၏။

**အနတ္တပရိညာ** ဆိုသည်ကား– ရုပ်နာမ်တရားတို့၌ အနတ္တဉာဏ်အမြင်၏ ပိုင်နိုင်ခြင်းတည်း။

အနတ္တဉာဏ်အမြင် ဆိုသည်ကား– ပရမတ္ထသစ္စာမျိုးဖြစ်သော ရုပ်တရား, နာမ်တရားများသည် သမ္မုတိသစ္စာမျိုးဖြစ်သော ပုဂ္ဂိုလ်၏အတ္တမဟုတ်, ဇီဝမဟုတ်၊ သတ္တဝါ၏အတ္တမဟုတ်, ဇီဝမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါများသည်လည်း ရုပ်တရား, နာမ်တရားများ၏ အတ္တမဟုတ်, ဇီဝမဟုတ်၊ ရုပ်တရား, နာမ်တရားမှလည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါမှလည်းကောင်း၊ အလွတ်အသီးအခြားဖြစ်၍ ချုပ်သည် ပျက်သည်ဟူ၍ မရှိပဲ တစ်ဘဝမှ တစ်ဘဝသို့ ကံပစ်ချရာ ပြောင်းသွား၍နေသော အတ္တဟူ၍လည်းမရှိ၊ ဇီဝဟူ၍လည်းမရှိဟု မြင်နိုင်သောဉာဏ်သည် အနတ္တဉာဏ် မည်၏။ ထိုအနတ္တဉာဏ်၏ ပိုင်နိုင်ခြင်းသည် အနတ္တပရိညာမည်၏။ ။ ဤအနိစ္စပရိညာ, ဒုက္ခပရိညာ, အနတ္တပရိညာသုံးပါးကို တီရဏပရိညာ ဆိုသတည်း။

၃။ **ပဟာနပရိညာ** ဆိုသည်ကား– ဝိပလ္လာသတရားတို့ကို ပယ်ရှားမှု၏ ပိုင်နိုင်ခြင်းတည်း။ အနိစ္စာနုပဿနာဉာဏ်ဖြင့် နိစ္စဝိပလ္လာသတရား သုံးပါးတို့ကို ပိုင်ပိုင်နိုင်နိုင်ဖယ်ရှားခြင်း၊ ဒုက္ခာနုပဿနာဉာဏ်ဖြင့် သုခဝိပလ္လာသတရား သုံးပါး

www.dhammaransi.com



သုဘဝိပလ္လာသတရား သုံးပါးတို့ကို ပိုင်ပိုင်နိုင်နိုင်ပယ်ရှားခြင်း၊ အနတ္တာနုပဿနာ ဉာဏ်ဖြင့် အတ္တဝိပလ္လာသတရား သုံးပါးတို့ကို ပိုင်ပိုင်နိုင်နိုင် ပယ်ရှားခြင်းတည်း။

**ဇီဝ** ဆိုသည်ကား– သန္တတိပညတ်၏ အမာခံအနှစ်သာရတည်း။ အတ္တ ဆိုသည်ကား– သဏ္ဍာနပညတ်၏ အမာခံအနှစ်သာရတည်း။ အမာခံအနှစ်သာရ မျိုးချည်း ဖြစ်သောကြောင့် ဇီဝသည်လည်း အတ္တမျိုးပင်တည်း။ ထိုနှစ်ပါးတို့တွင် သဏ္ဍာနပညတ်၏ အမာခံဖြစ်သော အတ္တကို သစ္စာနှစ်ပါး ခွဲခန်းနှင့်ပင် ပယ်နိုင် ရန်ရှိပြီ။ သန္တတိပညတ်၏ အမာခံဖြစ်သော ဇီဝကိုမူကား အနိစ္စပရိညာ အထမြောက်မှသာ ပယ်နိုင်၏။

ဤစကား၌ **သန္တတိ** ဆိုသည်ကား– တစ်မျိုးတည်းသောတရား၏ ဖြစ်စဉ်ကို ဆိုသတည်း။ တရားအမျိုးမျိုး အထွေထွေ ပြောင်းလဲသည်ကို နာနာသန္တတိ ဆို၏။ ထိုသန္တတိသည် ရုပ်သန္တတိ, နာမ်သန္တတိဟူ၍ နှစ်ပါးရှိ၏။

**ရုပ်သန္တတိသည်လည်း –** (၁) ကမ္မဇရုပ်သန္တတိ၊
(၂) စိတ္တဇရုပ်သန္တတိ၊
(၃) ဥတုဇရုပ်သန္တတိ၊
(၄) အာဟာရဇရုပ်သန္တတိ– ဟူ၍ လေးပါး ရှိ၏။ ထိုလေးပါးတို့တွင် –

ကမ္မဇရုပ်သန္တတိသည် ကံအထွေထွေပြောင်းလဲလျှင် ပြောင်းလဲ၏။ စိတ္တဇရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်သန္တတိတို့မှာလည်း စိတ်အထွေထွေ, အာဟာရ အထွေထွေ, ဥတုအထွေထွေ ပြောင်းလဲလျှင် အသီးအသီး ပြောင်းလဲကြ၏။ ထိုလေးပါးတို့တွင် ကမ္မဇရုပ်သန္တတိသည်ကား ပြောင်းလဲမှုမထင်ရှား၊ စိတ္တဇရုပ် သန္တတိသည်ကား ပြောင်းလဲမှု အလွန်ထင်ရှား၏။ တစ်ထိုင်တွင်းမှာပင် ကိုယ်အင်္ဂါ အထွေထွေ လှုပ်ရှားခြင်း ဖြစ်၏။ သန္တတိအထွေထွေ ပြောင်းလဲခြင်းပေတည်း။ အမူအရာ ကြိယာအထွေထွေဖြစ်၏။ ရုပ်အသင်းအသင်း ပြောင်းလဲမှုပေတည်း။ တစ်သင်း, တစ်သင်းမှာလည်း အသင်း၏ဖြစ်ပေါ်ခြင်း၊ အသင်း၏ကြာညောင်ခြင်း၊ အသင်း၏သေဆုံးခြင်းဟူ၍ သုံးပါး, သုံးပါးစီ ရှိကြ၏။ ဖြစ်ပေါ်ခြင်းသည် ဇာတိတည်း၊ ကြာညောင်းခြင်းသည် ဇရာတည်း၊ သေဆုံးခြင်းသည် မရဏတည်း။

www.dhammaransi.com



သွားခြင်း ဣရိယာပုထ်၌ ခြေတစ်လှမ်း, တစ်လှမ်းမှာပင် အစ, အလယ်, အဆုံးသုံးပါးရှိ၏။ ခြေလှမ်း၏ဖြစ်ပေါ်မှု၊ ခြေလှမ်း၏ကြာညောင်းမှု၊ ခြေလှမ်း၏ သေဆုံးမှုများပေတည်း။ တစ်လှမ်းဆိုလျှင် တစ်ကိုယ်လုံးပါ၏။ တစ်ကိုယ်လုံး၏ တစ်မျိုးအသစ် ဖြစ်ပေါ်မှုပင် ဖြစ်၏။ တစ်ကိုယ်လုံး၏ ကြာညောင်းမှုပင် ဖြစ်၏။ တစ်ကိုယ်လုံးရှိ ဓာတ်တို့၏သေဆုံးမှုပင် ဖြစ်၏။ ခြေလှမ်းတစ်ရာရှိလျှင် တစ်ကိုယ်လုံးသေဆုံးခြင်းတစ်ရာ ဖြစ်၏။ ခြေလှမ်းတစ်ထောင်ရှိလျှင် တစ်ကိုယ်လုံး သေဆုံးခြင်းတစ်ထောင်ဖြစ်၏။ ခြေတစ်လှမ်းမှာလည်း ချီရုပ်တစ်သင်း, ချရုပ် တစ်သင်းဟူ၍ ရုပ်နှစ်သင်းခွဲရန် ရှိသေး၏။ ချီရုပ်အသင်းဖြစ်ပေါ်မှု, ချီရုပ်အသင်း ကြာညောင်းမှု၊ ချီရုပ်အသင်း သေဆုံးမှုဟူ၍လည်း ရှိ၏။ ချရုပ်အသင်းမှာလည်း ထိုအတူ၊ ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းတို့၌လည်း အသီးအသီး အစ, အလယ်, အဆုံးသုံးပါးစီ ရှိကြ၏။ ဒုက္ခဝေဒနာနှင့်တကွသော ရပ်ညောင်း, ထိုင်ညောင်း, အိပ်ညောင်းဟူ၍လည်း ကြာညောင်းမှု အထင်အရှားရှိကြ၏။ ညောင်းမှုဟူသမျှသည် သန္တတိဇရာချည်းပေတည်း။ ကွေးခြင်း, ဆန့်ခြင်း စသည် တို့၌လည်း ထို့အတူ၊ အထူးမှတ်ရန်မှုကား ညောင်းရုပ်, ညာရုပ်, နာရုပ်, ကျင်ရုပ်, ထုံကျင် ကိုက်ခဲရုပ်, ယားရုပ်, ယံရုပ် စသည်တို့သည် ဥတုဇရုပ်တို့၏ ဖောက်ပြန် မှုပေတည်း။

ထွက်သက်ရှူမှုမှာလည်း ထွက်သက်စလာပြီ ထွက်သက်ရှည်လာပြီ၊ ထွက်သက် ဆုံးပြီဟု ထင်ရှား၏။ ရှည်မှု, ကြာမှုဆိုလျှင် ညောင်းမှုဟူသော သန္တတိဇရာ အပြီးပါ၏။ ရှည်ညောင်းသည်, ကြာညောင်းသည် ဟူ၍လည်း ခေါ်ကြ၏။ ထိုညောင်းမှု ဖြစ်ရခြင်းသည်ကား ပူလောင်သောရုပ်တို့၏ ဖြစ်ပွားလာခြင်းကြောင့် ဖြစ်ရ၏။ ထိုရုပ်တို့၏ဖြစ်ပွားလာသည့်အတွက် မခံသာသော ဒုက္ခဝေဒနာတွေ သည်လည်း ဖြစ်ပွားလာ၏။ ထိုဒုက္ခဝေဒနာကို အမှတ်ပြု၍ ညောင်းမှုဖြစ်၏ဟု သိကြ၏။ ထိုညောင်းမှုမှာ ဒုက္ခဝေဒနာအချက်ကိုသာ သိကြ၏။ သန္တတိဇရာ အချက်ကိုမသိကြ။ ။ ညောင်းမှုဟူသည်ကား အစ၌ သန်သန်စွမ်းစွမ်း ရွှင်ရွှင် လန်းလန်း ဖြစ်ပွား၍လာကြကုန်သော ထိုထိုရုပ်အသင်းတို့၏ လျှော့ကျမှု, ဆုတ်ယုတ်မှုဟူသော သန္တတိဇရာ၏အမည်ရင်းပေတည်း။ ။ ထိုထိုရုပ်အသင်းတို့၏

www.dhammaransi.com



ရင့်ရော်အိုမင်း ဟောင်းနွမ်းဆွေးမြေ့ခြင်းဟူသော သန္တတိဇရာ၏ အမည်ရင်းပေတည်း။ ။ ထိုထိုရုပ်အသင်းတို့၏ အဆုံး, အဆုံးဟူသမျှသည် သန္တတိမရဏပေတည်း။ ထိုထိုရုပ်အသင်းတို့၏ သေဆုံးခြင်းပေတည်း။ ။ ဝင်သက်မှာလည်း ထို့အတူ။

ရယ်ရုပ်အသင်း, ပြုံးရုပ်အသင်း, ရွှင်ရုပ်အသင်း, ပျော်ရုပ်အသင်း, ပူရုပ်အသင်း, ဆွေးရုပ်အသင်း, ငိုရုပ်အသင်း, မဲ့ရုပ်အသင်း စသည်တို့၌လည်းကောင်း၊ လောဘရုပ်အသင်း, ဒေါသရုပ်အသင်း, သဒ္ဓါရုပ်အသင်း စသည်တို့၌လည်းကောင်း၊ ရယ်ရုပ်၏သေခြင်း, ပြုံးရုပ်၏သေခြင်း စသည်ဖြင့် အသီးသီးရှိကြ၏။ ဝစီကံတို့မှာလည်း စကားတစ်လုံး, တစ်လုံးတို့၏အဆုံးသည် ထင်ရှား၏။ စကားရုပ် အသင်းအသင်းတို့၏ သေဆုံးမှုပေတည်း။

ထိုဥတုဇရုပ်တို့၌ ပူအိုက်လှသည့်အခါ ယပ်လေခပ်ရာ၌ ယပ်ခပ်ချက်တစ်ခု, တစ်ခုလျှင် ကိုယ်အင်္ဂါ၌ ရုပ်အသင်းအသင်း ဖြစ်ပေါ်၍ သေဆုံး၏။ ရေချိုးရာ၌ ရေတစ်ခါတစ်ခါ သွန်းလောင်းလျှင် ကိုယ်ခန္ဓာမှာ အေးရုပ်အသင်းအသင်း ဖြစ်ပေါ်၍ သေဆုံး၏။ ညောင်းမှု, ညာမှု, နာမှုစသည်တို့သည်လည်း ဥတုဇရုပ်အသင်းတို့၏ ဖောက်ပြန်မှုသည်သာများ၏။ အာဟာရဇရုပ်တို့၌လည်း ပူသောအာဟာရကိုမျိုမှု, အေးသောအာဟာရကိုမျိုမှုတို့ကြောင့် ကိုယ်ခန္ဓာ၌ အထူးထူးအထွေထွေ ဖြစ်ပေါ်မှုများသည် အာဟာရထဲမှာ ပါရှိသော ဥတု၏အစွမ်းလည်းရှိ၏။ မသင့်သော အစာကိုစားမှု ဆေးဝါးဓာတ်စာကို စားမှုကြောင့် ရောဂါဖြစ်ပွားမှု၊ တိုးပွားမှု၊ ပျောက်ငြိမ်းမှုတို့၌လည်း ထို့အတူ ဥတု၏အစွမ်းပေတည်း။

ရှေး၌ပြဆိုခဲ့ပြီးသော စိတ္တဇရုပ်အတွင်းမှာလည်း ဥတု၏အစွမ်းများစွာ ပါရှိသည်သာတည်း။ အာဟာရဓာတ်ဆီအတွက်နှင့် အနာရောဂါဖြစ်ပွားမှု၊ အနာရောဂါ ပျောက်ငြိမ်းမှု ဆိုသည်မှာ ကိုယ်၌ရှိသော ဥတုဓာတ်ဆီတို့ကို ပွားစီးစေမှုအတွက်ပေတည်း။ ။ သက်သက်သော အာဟာရဓာတ်ဆီ အစွမ်းမှာမူကား အဆီအသား တောင့်တင်းမှုပေတည်း။ ။ အဆီအသား တောင့်တင်းမှု ဆိုသည်ကား- မျိုလိုက်သော အာဟာရသည် ဝမ်းတွင်းသို့ရောက်ခဲ့လျှင် ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးကို ထောက်ပံ့နိုင်၏။ တစ်ကိုယ်လုံးမှာ ရှိကြသော အဆီအသားတို့သည် အားအင်တိုးတက်ကြကုန်၏။ တောင့်တင်းကြကုန်၏။

www.dhammaransi.com



ဤအချက်သည် သတ္တဝါအပေါင်းတို့မှာ အရေးအကြီးဆုံးသော အချက်ဖြစ်၏။ ဤအာဟာရ၏အရေးကို လောကဥ္စအသက်မွေးမှု ခေါ်ကြ၏။ အသက်မွေးမှုသည် လောကဥ္စအဘယ်မျှလောက် အရေးကြီးကြပါသနည်းဟု မြော်မြင်မိကြပါလျှင် ဤအာဟာရထောက်ပံ့မှု, ကြီးကျယ်ပုံသည် ထင်ရှားလတ္တံ့။ အသွေးအသားကို ပွားစေမှုထက်ပင် ဤထောက်ပံ့မှုသည်သာ၍ အရေးကြီး၏။ ဝမ်းတွင်း၌ထောက်ပံ့သော အာဟာရလျော့ပါးခဲ့လျှင် တစ်ကိုယ်လုံးမှာ ရှိကြသော အသွေးအသားတို့သည်လျော့ပါးကြရကုန်၏။ အလွန်သိမ်မွေ့ကြသော စက္ခုသောတအစရှိသော ကမ္မဇရုပ်တို့၏ အသက်သည်ကား ဇီဝိတရုပ်ပေတည်း။ ဇီဝိတရုပ်၏ ကိုးကွယ်ရာကား အာဟာရထောက်ပံ့မှုပေတည်း။ အာဟာရထောက်ပံ့မှု လျော့ပါး၍ သွားခဲ့လျှင် ဇီဝိတရုပ်နှင့်တကွ တစ်ကိုယ်လုံးသည် စင်လုံးယိုင်ရလေတော့သည်။

ခြောက်ရက်, ခုနစ်ရက်တိုင်တိုင် အစာအာဟာရအသစ် မထောက်ပံ့ဘဲ ပစ်ထားခဲ့လျှင် ဇီဝိတရုပ်နှင့်တကွ ကမ္မဇရုပ်စု အကုန်ချုပ်ဆုံးကြရကုန်၏။ ဤကမ္မဇရုပ် ချုပ်ဆုံးသည်ကိုပင် သတ္တဝါသေပြီဟု ဆိုကြရကုန်၏။ ဤအာဟာရဓာတ်ဆီ အတွက်နှင့် ဖြစ်ကြရကုန်သော အာဟာရဇ ရူပသန္တတိ အထွေအထူး၊ ထိုသန္တတိ အထွေအထူးတို့၏ဖြစ်ပေါ်မှု, လျော့ပါးမှု, သေဆုံးမှုဟု ဆိုအပ်သော သန္တတိဇာတိ, သန္တတိဇရာ, သန္တတိမရဏမှုများသည် ထုတ်ဖော်ပြောဆိုဖွယ် မလိုလှ။ ကိုယ်တွေ့ ဒိဋ္ဌဖြစ်ကြလေပြီ။ ။

ဤကား ရုပ်တရားတို့၏ သန္တတိဇရာ, သန္တတိမရဏတို့ကို
ပြဆိုခြင်းပေတည်း။

**နာမ်တရားတို့၏ သန္တတိ**သည် အလွန်များပြား၏။ မိမိတို့စိတ်ကို မိမိတို့ သိကြ၏။ မောဟသန္တတိ အမျိုးမျိုးရှိကြ၏။ လောဘသန္တတိ အမျိုးမျိုးရှိ၏။ ဒေါသသန္တတိအမျိုးမျိုး ရှိကြ၏။ သဒ္ဓါသန္တတိအမျိုးမျိုး ရှိကြ၏။ မေတ္တာသန္တတိ အမျိုးမျိုး ရှိကြ၏။ တစ်ထိုင်တွင်းမှာပင် မိမိစိတ်အကြံအစည်သည် အထွေထွေ အပြားပြား အလွန်များသည်ကို လူတိုင်းလိုပင် သိကြ၏။ ။ စိတ်အကြံအစည် တစ်သင်း, တစ်သင်းမှာလည်း အကြံဖြစ်ပေါ်မှု, အကြံလျော့ပါးမှု, အကြံသေဆုံးမှု

www.dhammaransi.com



အသီးသီး ရှိကြ၏။ ။ ငါ့မှာ လောဘဖြစ်ပွား၍နေသည်ဟု သိကြ၏။ ငါ့မှာ ထိုလောဘ ပျောက်ငြိမ်းသွားပြီဟု သိကြ၏။ ထိုလောဘသေဆုံးသွားပြီဟု မခေါ်ကြ၊ ငါ့မှာ ဒေါသဖြစ်ပွား၍နေသည်ဟု သိကြ၏၊ ထိုဒေါသပျောက်ငြိမ်းသွားပြီဟု သိကြ၏။ ထိုဒေါသသေဆုံးသွားလေပြီဟူ၍ကား မခေါ်ကြ၊ မခေါ်ကြသော်လည်း လောဘ, ဒေါသပျောက်ငြိမ်းမှု ဆိုသည်ကား– လောဘ၏သေဆုံးမှု, ဒေါသ၏ သေဆုံးမှု ပင်တည်း။ သန္တတိမရဏပင်တည်း။

သန္တတိမရဏဖြစ်သောကြောင့် လောဘဖြစ်ခွင့်ဆိုက်ပြန်လျှင် ခဏခြင်းပင် ဖြစ်ပေါ်နိုင်ပြန်၏။ ဒေါသဖြစ်ခွင့် ဆိုက်ပြန်လျှင် ခဏခြင်းပင် ဖြစ်ပေါ်နိုင်ပြန်၏။ ဤကား နာမ်တရားတို့၏ သန္တတိဇရာ, သန္တတိမရဏတို့ကို ပြဆိုခြင်းပေတည်း။

ဉာတပရိညာသည် တီရဏပရိညာ၏ အကျိုးငှါဖြစ်၏။ တီရဏပရိညာသည် ပဟာနပရိညာ၏ အကျိုးငှါဖြစ်၏။ ပဟာနပရိညာသည်သာ လိုရင်းပဓာနဖြစ်၏။

ပဟာနပရိညာ ပြီး၏

ပရိညာသုံးပါးအကျဉ်း ပြီး၏။

## တီရဏပရိညာအကျယ်

### လက္ခဏာ ၃–ပါး

(၁) အနိစ္စလက္ခဏာ တစ်ပါး၊

(၂) ဒုက္ခလက္ခဏာ တစ်ပါး၊

(၃) အနတ္တလက္ခဏာ တစ်ပါး။ ဤကား လက္ခဏာသုံးပါးတည်း။

၁။ **အနိစ္စလက္ခဏာ** ဆိုသည်ကား– ဝိပရိဏာမအချက်, အညထာဘာဝ အချက်တည်း။

**ဝိပရိဏာမ** ဆိုသည်ကား– ပကတိအနေအထိုင် မဟုတ်ပဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်ခြင်းတည်း။

**အညထာဘာဝ** ဆိုသည်ကား– ရှေ့နောက်မတူ အမူအရာပြောင်းလဲခြင်းတည်း။

ဤဝိပရိဏာမ, အညထာဘာဝ အချက်ကိုမြင်လျှင် ဤအချက်ရှိနေကြသော ရုပ်တရား, နာမ်တရားများကို အနိစ္စမျိုးအမှန်ဖြစ်သည်ဟု သိနိုင် မှတ်နိုင် ဆုံးဖြတ်

www.dhammaransi.com



နိုင်၏။ ထို့ကြောင့် ထိုအချက်ကို အနိစ္စလက္ခဏာ ဆိုရ၏။ ။ ညဥ့်အခါ ညှိထွန်း၍ထားသော မီးတောက်ကိုကြည့်ရှု၍နေရာ ထိုမီးတောက်မှာ အာစယရုပ်, ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟူ၍ လက္ခဏရုပ်ငါးပါးကို သိမြင်ရ၏။ ။ မီးတောက်၌ အသစ်အသစ် ဖြစ်ပေါ်ပေါက်ပွားမှုသည် ထင်မြင်ရ၏။ ထိုအမှုသည် အာစယရုပ်ပေတည်း။ မီးရုပ်မဟုတ်။ ။ ဖြစ်ပေါ်ပြီးလျှင် တိုးပွားမှုသည် ထင်မြင်ရ၏။ ထိုအမှုသည် ဥပစယရုပ်ပေတည်း။ မီးရုပ်မဟုတ်။ မတိုးမယုတ် အစဉ်တည်နေမှုသည်လည်း ထင်မြင်ရ၏။ ထိုအမှုသည်လည်း သန္တတိရုပ်ပေတည်း။ မီးရုပ်မဟုတ်။ ။ မီးတောက်၏ဆုတ်ယုတ်မှုသည်လည်း ထင်မြင်ရ၏။ ထိုအမှုသည် ဇရတာရုပ်ပေတည်း။ မီးရုပ်မဟုတ်။ ။ ချုပ်ကွယ်မှုသည်လည်း ထင်မြင်ရ၏။ ထိုအမှုသည် အနိစ္စတာရုပ်ပေတည်း။ မီးရုပ်မဟုတ်။ ပူမှုသည်သာလျှင် မီးရုပ်အမှန်ဖြစ်၏။ ။ ထိုလက္ခဏရုပ်ငါးချက်အတွက်ကြောင့် တလှုပ်လှုပ်နေ၏။ တည်ရာဌာန ရွေ့ရှားမှုကြောင့် လှုပ်သည်လည်း ရှိ၏။ ဝါယော အလှုပ်ပေတည်း။

ထိုလက္ခဏာငါးချက်သည် မီး၏အညထာတာဝဟု ဆိုအပ်သော အနိစ္စလက္ခဏာ ပေတည်း။ ထိုလက္ခဏာငါးချက်ကိုမြင်၍ မီးသည်အနိစ္စမျိုးဟု သိနိုင်၏။ လှုပ်လှုပ် ရွရွ ထင်မြင်သမျှမှာ ဤနည်းချည်းမှတ်။

ပကတိမျက်စိဖြင့် မမြင်ကောင်း။ ဒိဗ္ဗစက္ခုမှန်ပြောင်းဖြင့် ကြည့်ရှုမှသာ မြင်ရသော ပရမာဏုမြူမှုသော ရုပ်သဏ္ဌာန်များမှာလည်း လှုပ်လှုပ်ရွရွ ထင်မြင်ရ၏။ လှုပ်လှုပ်ရွရွ ထင်မြင်ရသည့်အတွက် ပိုးသတ္တဝါမျိုးဟူ၍ပင် မှတ်ထင်ကြကုန်၏။ ပိုးသတ္တဝါမျိုး မဟုတ်ပေ၊ ဥတုဟူသော မီးဓာတ်၏အစွမ်းဖြင့် ဥတုဇရုပ်တရား ပေါက်ပွားမှုပေတည်း။ အာစယရုပ်ကို ပေါက်ပွားမှုဆိုသည်။ (အချို့ဝတ္ထုတို့မှာ ပိုးသတ္တဝါများလည်း ပါရှိပေရာ၏။) စီး၍နေသော မြစ်ရေ, ချောင်းရေ တို့၌လည်း ဆူပွက်၍နေသော ရေတို့၌လည်းကောင်း၊ လှုပ်လှုပ်ရွရွ ထင်မြင်ရ၏။ ဥတုဇရုပ်တရား ပေါက်ပွားမှုပေတည်း။ ပကတိမျက်စိအမြင်တွင် တည်ငြိမ်၍ နေသော ရေတို့၌လည်း မှန်ပြောင်းအမြင်မှာ ပေါက်ပွား၍လှုပ်ရှားလျက်ပင် ထင်မြင်ရ၏။ ဥတုဇရုပ်တရား ပေါက်ပွားမှုပေတည်း။

www.dhammaransi.com



ပေါက်ပွားမှု ဆိုသည်ကား- အသစ်အသစ် အဆင့်အဆင့် ဖြစ်ပေါ်ခြင်းဟူသော အာစယရုပ်၏အခြင်းအရာပေတည်း။ ။ ထိုအသစ်အသစ် အဆင့်အဆင့် ဖြစ်ပေါ်မှုကို ထင်မြင်ရသဖြင့် အဟောင်းအဟောင်း၏ အဆင့်အဆင့် ပျောက်ကွယ်မှုဟူသော အနိစ္စတာရုပ်သည်လည်း ထင်ရှားလှပေ၏။ ။ ရုပ်သစ်ဖြစ်ပေါ်မှုနှင့် ရုပ်ဟောင်းပျောက်ကွယ်မှုသည် အနည်းအများ တူမျှကြသည်လည်း ရှိ၏။ သန္တတိရုပ်၏ အချက်ပေတည်း။ ရုပ်သစ်ဖြစ်ပေါ်မှုက အဆင့်ဆင့် တိုးတက်ပွားများ၍လာသည်လည်း ရှိ၏။ ဥပစယရုပ်၏အချက်ပေတည်း။ ။ ရုပ်သစ်ဖြစ်ပေါ်မှုက အဆင့်ဆင့် ဆုတ်ယုတ်လျော့ပါး၍ လာသည်လည်းရှိ၏။ ဇရတာရုပ်၏ အချက်ပေတည်း။ ။ သစ်မြစ်, သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ရွက်, သစ်ညွှန့်, သစ်ပွင့်, သစ်သီးတို့၌ အသီးသီးလက္ခဏာအချက် ငါးပါး, ငါးပါးစီ ရှိကြသည်ကို လက္ခဏာရုပ်ခန်းတွင် ပြဆိုခဲ့ပြီ။ ထိုလက္ခဏာအချက် ငါးပါး, ငါးပါးစီ ရှိကြသည့်အတွက်ကြောင့် သစ်မြစ်, သစ်ပင်စသည်တို့ကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုခဲ့သော် အလွန်သေးငယ်လှသော ပိုးသတ္တဝါတွေအပြည့် လှုပ်လှုပ်ရွရွ ရှိနေကြသကဲ့သို့ ထင်မြင်ကြရကုန်၏။ ဥတုဇရုပ်တို့၏ ပေါက်ပွားမှုတို့ပေတည်း။

ပုဂ္ဂိုလ်သတ္တဝါတို့၏ ရုပ်ခန္ဓာတို့မှလည်း ဆံပင်တို့၌ လက္ခဏာအချက် ငါးခု၊ မွေးညှင်းတို့၌၊ ခြေသည်း လက်သည်းတို့၌၊ သွားရိုးတို့၌၊ အရေထူ အရေပါးတို့၌၊ အသားလွှာ အသားခဲ အသားတုံးတို့၌၊ အကြောကြီး အကြောငယ်တို့၌၊ အရိုးကြီး အရိုးငယ်တို့၌၊ ခြင်ဆီခဲတို့၌၊ အညှိုခဲတို့၌၊ နှလုံးခဲ၊ အသည်းခဲ၊ အမြှေးလွှာ၊ အဆုတ်ခဲ၊ အူမကြီး၊ အူသိမ်ငယ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်ခဲတို့၌၊ အသီးအသီး လက္ခဏာအချက် ငါးပါး, ငါးပါးစီရှိကြ၏။ ထိုလက္ခဏာအချက် ငါးပါး, ငါးပါးစီရှိသည့်အတွက်ကြောင့် ဆံပင်, မွေးညှင်း စသည်တို့ကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုခဲ့သော် အလွန်သေးငယ်လှသော ပိုးသတ္တဝါတွေအပြည့် လှုပ်လှုပ်ရွရွ ရှိနေကြသကဲ့သို့ ထင်မြင်ကြရကုန်၏။ ဤသို့ ထင်မြင်ကြရသည်ကား ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့နှင့်တကွ ဥတုဇရုပ်တို့၏ ပေါက်ပွားမှုတို့ပေတည်း။ (ပိုးသတ္တဝါတို့လည်း ပါရှိကြပေရာ၏။) ဤသို့လျှင် လက္ခဏာအချက် ငါးခုတို့ကို ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုတတ်ကြပါကုန်မူကား တစ်ကိုယ်လုံး

www.dhammaransi.com



တစ်ကောင်လုံး၌ရှိသော ရုပ်တရားတို့၏ အနိစ္စလက္ခဏာသည် ထင်ရှားကြလေရာ၏။ ။

**ဤကား ရုပ်တရားစု၏ အနိစ္စလက္ခဏာကို ပြဆိုခြင်းတည်း။**

စိတ်စေတသိက်ဟူသော နာမ်တရားတို့၌လည်း ဝိပရိဏာမ, အညထာဘာဝ ဟူသော အနိစ္စလက္ခဏာသည် ထင်ရှားရှိသည်သာ ဖြစ်၏။ လောက၌ ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ ဖြစ်ပုံပျက်ပုံ အထူးအပြားတွေကို အစွဲပြု၍ ဖြစ်နေကြသော ဝေါဟာရစကား အထူးအပြားတွေကို သိတတ်ကြရာ၌ မျက်စိမြင်မှု၌ မြင်, မမြင်ဟူသော စကားနှစ်ခွန်းရှိ၏။ ထိုတွင် မြင်ဆိုသည်ကား– စက္ခုဝိညာဏဓာတ်၏ အမည်ပေတည်း။ စက္ခုဝတ္ထုရုပ်, ရူပါရုံ, အာလောက, မနသိကာရဟူသော အကြောင်းတရားလေးပါး ပေါင်းဆုံမိ၍ စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်မှုကို မြင်သည်ဟု ခေါ်ကြ၏။ မမြင် ဆိုသည်ကား– စက္ခုဝိညာဏဓာတ် ချုပ်ကင်း၍ နေသည်ကိုဆို၏။ ညဉ့်မှောင်တွင်း၌ အာလောကအကြောင်းမရှိသည်အခါ မျက်စိ၌ စက္ခုဝိညာဏဓာတ်မရှိ၊ ချုပ်ကင်း၍ နေ၏။ ။ မီးအလင်းရှိပြန်လျှင် စက္ခုဝိညာဏဓာတ်ရှိပြန်၏။ ပေါ်ပြန်၏။ မြင်ပြန်၏။ မီးအလင်းကွယ်ပြန်လျှင် စက္ခုဝိညာဏဓာတ်ချုပ်ကွယ်ပြန်၏။ ဤ၌ မီးတောက်မှာအချက် ငါးပါးရှိသည့်အတိုင်း မီးအလင်းဖြစ်ပေါ်လျှင် အမြင်ဖြစ်ပေါ်၏။ ။ မီးအလင်းပွားလျှင် အမြင်ပွား၏။ ။ မီးအလင်းတည်လျှင် အမြင်တည်နေ၏။ ။ မီးအလင်းဆုတ်ယုတ်လျှင် အမြင်ဆုတ်ယုတ်၏။ ။ မီးအလင်းချုပ်ကွယ်လျှင် အမြင်ချုပ်ကွယ်၏။ ။ နေ့အခါ၌လည်း မြင်, မမြင်ဟူ၍ စကားနှစ်ခွန်းရှိ၏။ အကွယ်အကာမရှိလျှင် မြင်၏။ အကွယ်အကာရှိလျှင် မမြင်။ ။ မျက်တောင်ခတ်မှု၌ မျက်ခွံဖွင့်ခိုက် မြင်၏။ မျက်ခွံဖုံးခိုက် မမြင်။ ။

**ဤကား အာလောကဟူသော အကြောင်းအတွက် စက္ခုဝိညာဏ်၏ ဝိပရိဏာမ, အညထာဘာဝ ဖြစ်ပုံတည်း။**

ပဋိသန္ဓေမှနောက်၌ ဘယ်အခါမှာမဆို စက္ခုဝတ္ထုရုပ် ပျက်ဆုံးခဲ့လျှင် စက္ခုဝိညာဏ်လည်း ကွယ်ဆုံးလေတော့သည်။ ။ အကြင်အဆင်းကို မြင်၏။ ထိုအဆင်း ကွယ်ဆုံးလျှင် ထိုအမြင်ကွယ်ဆုံးလေတော့သည်။ ။ အိပ်ပျော်၍နေစဉ်အခါ

www.dhammaransi.com



မနသိကာရ ကွယ်ပျောက်၍နေသည့်အတွက် စက္ခုဝိညာဏ်လည်း ကွယ်ပျောက်၍ နေလေတော့သည်။ ။ မြင်ဆိုလျှင် စက္ခုဒွါရဝီထိစိတ်အားလုံး၌ ဖြစ်ပေါ်သည်ကို ယူ၊ မမြင်ဆိုလျှင် ထိုဝီထိစိတ်အားလုံး၌ ချုပ်ကွယ်သည်ကိုယူ။ ။ နားကြားမှု၌လည်း ကြား, မကြား စကားနှစ်ခွန်းရှိ၏။ ။ နှာခေါင်းနံမှု၌လည်း နံ, မနံ စကားနှစ်ခွန်းရှိ၏။ လျှာသိမှု၌လည်း အရသာခံစားမှု ရှိ, မရှိ စကားနှစ်ခွန်းရှိ၏။ ခြေဖဝါးအပြင်မှစ၍ အတွင်းအပြင် တစ်ကိုယ်လုံးမှာ ထိုထိုနေရာတွင် ကိုယ်အတွေ့ အထိ သိမှုတို့၌လည်း ထိမှန်း, သိမှု, မသိမှု၊ နာသည်, အနာပျောက်သည်၊ ကျင်သည်, အကျင်ပျောက်သည်၊ ပူသည်, အပူပျောက်သည် အစရှိသည်ဖြင့် စကားနှစ်ခွန်းစီ ရှိကြ၏။

စက္ခုဝိညာဏ်နည်းအတိုင်း အကြောင်းတရားလေးပါးစီ ထုတ်ဖော်၍ ဝိပရိဏာမ, အညထာဘာဝ ဖြစ်ပုံကို ဝေဖန်လေ။

မနောဝိညာဏ်၌မူကား အကြံမျိုးတွေ အလွန်တရာ များပြားသည်ဖြစ်၍ တစ်ခု, တစ်ခုသော ကြံမှု၏ဖြစ်ပေါ်မှု, ပျောက်ပျက်မှုဟူသော ဝိပရိဏာမ, အညထာဘာဝဖြစ်ပုံကို အလွန်များပြား ထင်ရှား၏။

စေတသိက်တို့တွင်လည်း ဝေဒနာစေတသိက်၌ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့၏ ပြောင်းလဲမှု များသည် ထင်ရှား၏။

ကောင်းသောသညာ, မကောင်းသောသညာ, ကောင်းသောစေတနာ, မကောင်းသောစေတနာတို့၏ ပြောင်းလဲမှု၊ ကောင်းသောဝိတက်, မကောင်းသော ဝိတက်, ကောင်းသောဝိစာရ, မကောင်းသောဝိစာရတို့၏ ပြောင်းလဲမှုတို့သည် လည်း ထင်ရှားကုန်၏။

တစ်ထိုင်တွင်းမှာပင် လောဘဖြစ်ထည့်ချည်၊ အလောဘဖြစ်ထည့်ချည်၊ ဒေါသ ဖြစ်ထည့်ချေ၊ အဒေါသဖြစ်ထည့်ချေ၊ ထွေထွေလာလာ ပြောင်းလဲမှုအလွန် ထင်ရှား၏။ ။

**ဤကား နာမ်တရားတို့၏ အနိစ္စလက္ခဏာကို ပြဆိုခြင်းတည်း။**

**အနိစ္စလက္ခဏာပြီး၏။**

မိခင်ရောဝတီ

www.dhammaransi.com



၂။ **ဒုက္ခလက္ခဏာ** ဆိုသည်ကား- ပြဆိုခဲ့ပြီးသော အနိစ္စလက္ခဏာများသည်လည်း သံသရာ၌ ပညာရှိတို့ကြောက်လန့်ဖို့ကောင်းလှသောကြောင့် အကျဉ်းအားဖြင့် ဒုက္ခလက္ခဏာ မည်ပါ၏။ ဝိပရိဏာမအချက်, အညထာဘာဝအချက်များ ပေတည်း။ ထိုအချက်များသည် အဘယ့်ကြောင့် ပညာရှိတို့ကြောက်လန့်ဖို့ ကောင်းသနည်းဟူမူကား လောက၌ ဇရာဘေး, မရဏဘေးများသည် အကြီးဆုံးသော ဘေးများဖြစ်ကြ၏။ ဝိပရိဏာမ ဆိုသည်လည်း ခဏိကဇရာဘေး, ခဏိကမရဏဘေးများ ဖြစ်ကြ၏။ သေပေါက်, သေလမ်း ပွင့်မှုချည်းပင် ဖြစ်ကြ၏။ ဝိနိပါတလမ်း ပွင့်မှုချည်းပင် ဖြစ်ကြ၏။ ပြုစုမှုတို့နှင့် အစဉ်မပျက် အလျင်ဆက်နိုင်လှ၍သာလျှင် ဘဝမပြောင်းရပဲ ရှိနေကြ၏။ ထို့အတူ လောက၌ မိမိတို့ကိုယ်သန္တာန်မှာ ထိုထိုအကျိုးမဲ့များ ဖြစ်ပေါ်ပေါက်ပွားတည်နေမည်များကိုလည်း ကြောက်ကြရ၏။ အညထာဘာဝ၌ အာစယ, ဥပစယ, သန္တတိများသည် ကိုယ်သန္တာန်မှာ ထိုထိုအကျိုးမဲ့များကိုလည်း ဖွင့်လှစ်တည်ထောင်တတ်ကြ၏။

ရုပ်သန္တာန်မှာ ရောဂါအမျိုးမျိုး, အနာအမျိုးမျိုး အကျိုးမဲ့များကိုလည်း ဖွင့်လှစ်တည်ထောင်တတ်ကြ၏။ စိတ်သန္တာန်မှာ ကိလေသာအမျိုးမျိုး, ဝိပလ္လာသ အမျိုးမျိုး အကျိုးမဲ့များကိုလည်း ဖွင့်လှစ်တည်ထောင်တတ်ကြ၏။ ရုပ်ဟူသမျှသည်လည်း အနိစ္စလက္ခဏာ နှစ်ပါးရှိကြ၏။ ကာမနာမ်, ရူပနာမ်, အရူပနာမ် ဟူသမျှသည်လည်း ထိုအနိစ္စလက္ခဏာ နှစ်ပါးရှိကြ၏။ ထို့ကြောင့် လူ့ဘဝ, လူ့ခန္ဓာ၊ နတ်ဘဝ, နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ခန္ဓာများသည် ဒုက္ခမျိုးသာ အမှန်ဖြစ်ကြ၏။ ထိုအနိစ္စလက္ခဏာနှစ်ပါးနှင့် အမြဲယှဉ်ခြင်းကြောင့် အလဲအလှယ်အားဖြင့် ဒုက္ခလက္ခဏာ သုံးပါးရှိ၏။

(၁) ဒုက္ခဒုက္ခတာ တစ်ပါး၊

(၂) သင်္ခါရဒုက္ခတာ တစ်ပါး၊

(၃) ဝိပရိဏာမဒုက္ခတာ တစ်ပါး၊

၁။ **ဒုက္ခဒုက္ခတာ** ဆိုသည်ကား- ကိုယ်သန္တာန်၌ဖြစ်ပေါ်တတ်သော ကာယိကဒုက္ခဝေဒနာမျိုး၊ စိတ်သန္တာန်၌ ဖြစ်ပေါ်တတ်သော စေတသိကဒုက္ခဝေဒနာမျိုးတို့ကို ဆိုသတည်း။

www.dhammaransi.com



၂။ **သင်္ခါရဒုက္ခတာ** ဆိုသည်ကား- ဘဝတိုင်း, ဘဝတိုင်း အမြဲမပြတ် ကြောင့်ကြစိုက်ထုတ်၍ ပြုစုနိုင်မှ တည်နေနိုင်ကြသော ရုပ်တရား, နာမ်တရားမျိုးတို့၏ သင်္ခါရသဘောကို ဆိုသတည်း။

ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာများသည် သင်္ခါရဒုက္ခကြီးလှ၏။ ကာမတရားတို့ကို စွန့်ပြီးလျှင် တောထွက်၍အသက်ခန္ဓာကိုပင် မညှာမတာဘဲ ခြိုးခြံစွာ ကျင့်ဆောင်နိုင်ပါမှ တစ်ရာတွင် တစ်ယောက်မျှ အလွန်ခံနိုင်ခဲလှ၏။ အလွန်ကောင်းမှန်း သိကြလျက်နှင့်ပင် မကျင့်နိုင်ကြ၊ ဒုက္ခကြီးစွာ ထင်ကြရ၏။ ဝိပရိဏာမဒုက္ခဘေးလည်း အလွန်ကြီးလှ၏။ ဈာန်, အဘိညာဏ်တို့မည်သည် ရရှိပြီးနောက် စောင့်ရှောက်မှု ဒုက္ခကြီးလှ၏။ အနည်းငယ်မျှသော အကြောင်းနှင့်ခဏခြင်း ပျက်စီးတတ်ကြကုန်၏။

၃။ **ဝိပရိဏာမဒုက္ခတာ** ဆိုသည်ကား- ပဋိသန္ဓေနေပြီးသည်မှ နောက်ကာလ၌ ဘယ်အခါမှာမဆို ဘယ်နေ့ရက်မှာမဆို ဘယ်နာရီမှာမဆို ပျက်ခွင့်ဆိုက်လျှင် ပျက်တတ်ခြင်း၊ သေခွင့်ဆိုက်လျှင် သေတတ်ခြင်းကို ဆိုသတည်း။ လူ့ဘဝ, လူ့ခန္ဓာ၊ နတ်ဘဝ, နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ခန္ဓာများသည် ထိုဒုက္ခလက္ခဏာ သုံးပါးနှင့် ထိုက်သည်အားလျော်စွာ ယှဉ်ခြင်းကြောင့် ဒုက္ခမျိုးသာအမှန်ဖြစ်၏။ အကျယ်အားဖြင့်မူကား ဇာတိဒုက္ခတစ်ပါး, ဇရာဒုက္ခတစ်ပါး, မရဏဒုက္ခတစ်ပါး, သောကဒုက္ခတစ်ပါး, ပရိဒေဝဒုက္ခတစ်ပါး, ကာယိကဒုက္ခတစ်ပါး, စေတသိကဒုက္ခတစ်ပါး, ဥပါယာသဒုက္ခတစ်ပါး, အပိယသမ္ပယောဂဒုက္ခတစ်ပါး, ပိယဝိပ္ပယောဂဒုက္ခတစ်ပါး, ဣစ္ဆာဝိဃာတဒုက္ခတစ်ပါးဟူ၍ ဒုက္ခလက္ခဏာ (၁၁)ပါးရှိ၏။

ထို ၁၁-ပါးတို့တွင် **ဇာတိ** ဆိုသည်ကား- ဖြစ်ပေါ်မှု ပွားများမှုပေတည်း။

ထိုဇာတိသည် - (၁) ကိလေသာဇာတိ

(၂) ကမ္မဇာတိ

(၃) ဝိပါကဇာတိ- ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်-

၁။ **ကိလေသာဇာတိ** ဆိုသည်ကား- လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန အစရှိကုန်သော ကိလေသာတရားတို့၏ ဖြစ်ပေါ်မှု, ပွားများမှုသည်

www.dhammaransi.com



ကိလေသာဇာတိ မည်၏။

၂။ **ကမ္မဇာတိ** ဆိုသည်ကား- ဒုစရိုက်ကံတရား၏ ဖြစ်ပေါ်မှု, ပွားများမှုသည် ကမ္မဇာတိ မည်၏။

၃။ **ဝိပါကဇာတိ** ဆိုသည်ကား- ကိုယ်ခန္ဓာတွင် ရောဂါမျိုး, အနာမျိုး, ဒုက္ခဝေဒနာမျိုးတို့၏ ဖြစ်ပေါ်မှု, ပွားများမှု ယုတ်ညံ့လှသော ဘဝခန္ဓာတို့၏ ဖြစ်ပေါ်မှု, ပွားများမှုတို့ကို ဝိပါကဇာတိ ဆိုသတည်း။

ထိုသုံးပါးတို့တွင် **ကိလေသာဇာတိ**၌ လောဘဟူသော ကိလေသာတို့သည် အလွန်သောင်းကျန်း၏။ ဘယ်အခါမဆို ဖြစ်ပေါ်ခွင့်ဆိုက်ခဲ့လျှင် ယမ်းပုံ၌ မီးကျသကဲ့သို့ တားဆီးမရ ဖြစ်ပေါ်တတ်၏။ ပွားများခွင့်ရှိခဲ့လျှင် မပယ်နိုင်မရှားနိုင် ပွားများတတ်၏။ ထို့ကြောင့် လောဘ၏ဇာတိသည် အရိယာပညာရှိတို့ အလွန်ကြောက်လန့်ဖို့ကောင်းလှသည်ဖြစ်၍ ဒုက္ခမည်၏။ ဒေါသကိလေသာ, မောဟကိလေသာ အစရှိကုန်သော တစ်ထောင့်ငါးရာ ကိလေသာတို့၏ ဇာတိတို့၌လည်း ထို့အတူတည်း။

အဆိပ်ထန်သော မြွေနဂါးတို့၏နေရာဌာနဖြစ်သော တောင်ပို့များသည် အနီးအနားသို့ မချဉ်းဝံ့, မကပ်ဝံ့ ကြောက်ရွံ့ဖွယ်တွေ ဖြစ်ကြလေသကဲ့သို့ လူ့ဘဝ, လူ့ခန္ဓာ၊ နတ်ဘဝ, နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာခန္ဓာများသည်လည်း ထိုကိလေသာ ဇာတိတို့၏ ဖြစ်ပွားရာ တည်နေရာဌာနများဖြစ်ကြ၍ ငါ၏ကိုယ်, ငါ၏ခန္ဓာဟု အရိယာပညာရှိတို့ မချဉ်းဝံ့ မကပ်ဝံ့ ကြောက်ရွံ့ဖွယ်တွေ ဖြစ်သောကြောင့် ဒုက္ခမျိုးသာအမှန်ဖြစ်၏။

**ကမ္မဇာတိ**၌ ပါဏာတိပါတအစရှိသော ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် အမိုက်အမှား ကံတရားတို့သည် ကိလေသာတရားတို့၏ အပွားအစီးတို့သည်သာ ဖြစ်ကြ၏။ ထို့ကြောင့် ကိလေသာဇာတိ သောင်းကျန်းတိုင်း ဒုစရိုက်တို့၏ ဖြစ်မှုဟူသော ကမ္မဇာတိသည်လည်း သောင်းကျန်းမြဲ ဖြစ်လေရကား ထိုကမ္မဇာတိသည်လည်း အရိယာပညာရှိတို့ အလွန်ကြောက်လန့်ဖို့ကောင်းလှသည် ဖြစ်၍ ဒုက္ခမည်၏။ သူခိုး, ဓားပြတို့၏နေရာဖြစ်သော ရွာများသည် အနားအနီးသို့ မကပ်ဝံ့ မချဉ်းဝံ့ ကြောက်ရွံ့ဖွယ်တွေ ဖြစ်လေသကဲ့သို့ ထိုလူ့ဘဝ, လူ့ခန္ဓာ

www.dhammaransi.com



စသည်များသည်လည်း ထိုကမ္မဇာတိ၏ဖြစ်ပွားရာ တည်နေရာဌာနများ ဖြစ်ကြ၏။ ငါ၏ကိုယ်, ငါ၏ခန္ဓာဟု အရိယာပညာရှိတို့ မချဉ်းဝံ့ မကပ်ဝံ့ ကြောက်ရွံ့ဖွယ်တွေ ဖြစ်သောကြောင့် ဒုက္ခမျိုးသာအမှန်ဖြစ်၏။

**ဝိပါကဇာတိ၌** ကိလေသာဇာတိ ကမ္မဇာတိတို့ သောင်းကျန်းကြသည့်အတွက် အပါယ်သို့ ကျရောက်ခြင်းဟူသော ဝိနိပါတ ဝိပါကဇာတိသည်လည်း ဘဝသံသရာတွင် အစဉ်ထာဝရ သောင်းကျန်းလျက်ရှိကြ၏။

ထို့ကြောင့် ကိလေသာဇာတိ ကမ္မဇာတိတို့နှင့်အတူတကွ ထိုဝိပါကဇာတိ အစဉ်ပါရှိ၍နေသော လူ့ဘဝ, လူ့ခန္ဓာ စသည်များသည်လည်း ဒုက္ခမျိုးသာအမှန် ဖြစ်ကြ၏။ သုစရိုက်တရားများ သုဂတိဘဝများသည် ကိလေသာဘေးတို့၏ အစာအာဟာရများ ဖြစ်ကြကုန်၏။ ကိလေသာမီးတို့ကို ပွားစီးစေတတ်ကြကုန်၏။ ထို့ကြောင့် ထိုဒုစရိုက်တို့၏ဇာတိ, သုဂတိဘဝတို့၏ ဝိပါကဇာတိများသည် ကိလေသာဇာတိတို့၌ ပါဝင်လေ၏။

ဇာတိဒုက္ခပြီး၏။

ဇရာဒုက္ခ, မရဏဒုက္ခတို့သည်မူကား ထိုထိုဘဝတို့၌ ပဋိသန္ဓေတည်နေပြီးသည်မှ နောက်ကာလ၌ အဘယ်အခါမှာမဆို, ဘယ်နာရီမှာမဆို ယိုယွင်းခွင့်ဆိုက်ခဲ့လျှင် ယိုယွင်းတဲ့စေရန်၊ သေခွင့်ဆိုက်ခဲ့လျှင် သေတဲ့စေရန်၊ အပါယ်ကျခွင့်ဆိုက်ခဲ့လျှင် အပါယ်ကျတဲ့စေရန် အသင့်ရံကာ အမြဲပါရှိ၍နေသော ခဏိကဇရာ, ခဏိကမရဏများပင်ဖြစ်ကြ၍ ဝိပရိဏာမဒုက္ခအဆိုမှာ ပါဝင်ကြလေပြီ။ ဤဇရာဒုက္ခ, မရဏဒုက္ခ ဘဝမကွာအမြဲပါရှိ၍ နေသည့်အတွက် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝများသည် ဒုက္ခမျိုးသာအမှန် ဖြစ်ကြ၏။

ဇရာဒုက္ခ, မရဏဒုက္ခပြီး၏။

သောကဒုက္ခ, ပရိဒေဝဒုက္ခ, ကာယိကဒုက္ခ, စေတသိကဒုက္ခ, ဥပါယာသဒုက္ခတို့သည် လူ့ဘဝ, လူ့ခန္ဓာ၊ နတ်ဘဝ, နတ်ခန္ဓာတို့မှ သွားလေရာ နေလေရာ ဖြစ်ခွင့်ဆိုက်လျှင် ဖြစ်ကြဖို့ရာ ဝိုင်းအုံခြံရံကာ ပါရှိ၍နေကြကုန်၏။ ငရဲ, ပြိတ္တာဘုံ

www.dhammaransi.com



တို့သည်မူကား သောကဘုံကြီးတွေ ဖြစ်ကြကုန်၏။ ပရိဒေဝဘုံကြီးတွေ, ဒုက္ခဘုံကြီးတွေ, ဒေါမနဿဘုံကြီးတွေ, ဥပါယာသဘုံကြီးတွေ ဖြစ်ကြကုန်၏။

**သောကာဒိဒုက္ခငါးပါး ပြီး၏။**

မတွေ့ချင်, မမြင်ချင်သော ပုဂ္ဂိုလ်သတ္တဝါ ဝတ္ထုအာရုံတို့နှင့် တွေ့မြင်ပေါင်းဖက် ဆက်ဆံရခြင်းသည် အပိယသမ္ပယောဂဒုက္ခ မည်၏။ ။ အမြဲလျှင် တွေ့ချင်, မြင်ချင်, မကွဲမကွာချင်သော ပုဂ္ဂိုလ်သတ္တဝါ ဝတ္ထုအာရုံတို့နှင့် သေကွဲကွဲရခြင်း, ရှင်ကွဲကွဲရခြင်းသည် ပိယဝိပ္ပယောဂဒုက္ခ မည်၏။ ရလိုလှ၍ တောင့်တတမ်းရမ်း ကြိုးပမ်းအားထုတ် လုပ်ဆောင်ရှာမှီးပါလျက် မရလေပဲ လွဲချော်ပျက်စီး အချည်းနှီး အကျိုးမဲ့ဖြစ်ရခြင်းသည် ဣစ္ဆာဝိဃာတဒုက္ခ မည်၏။ ။ ဤဒုက္ခများသည်လည်း လောကမှာအလွန်များပြား ထင်ရှားလျက်ရှိကြ၏။ ထို့ကြောင့် လူ့ဘဝ, လူ့ခန္ဓာ၊ နတ်ဘဝ, နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ခန္ဓာများသည် ဒုက္ခမျိုးသာ အမှန်ဖြစ်၏။ ။

**ဤဒုက္ခလက္ခဏာ တစ်ဆယ့်တစ်ချက်တို့တွင် ဇာတိ, ဇရာ, မရဏဒုက္ခ အချက်သုံးပါးသည် အရေးအကြီးဆုံးဖြစ်၏။**

**ဒုက္ခလက္ခဏာပြီး၏။**

**အနတ္တလက္ခဏာ** ဆိုသည်ကား– ရုပ်တရား, နာမ်တရားတို့ကို အနတ္တဟူ၍ သိရာသိကြောင်းဖြစ်သော အချက်အရာကို အနတ္တလက္ခဏာ ဆိုသည်။

အနတ္တ၌ အတ္တဟူသောစကား၏ အနက်သွားကို ရှေးဦးစွာ သိထိုက်၏။ အတ္တ ဆိုသည်ကား– သတ္တဝါ၏အနှစ်အသားဟု ဆိုလိုသည်။ အနှစ်အသား ဆိုသည်ကား– သစ္စကထာ၌ ပြဆိုခဲ့သည်အတိုင်း မြေအိုးဟူသောစကား၌ မြေသည် အိုး၏အနှစ်အသား ဖြစ်၏။ အိုး၏အနှစ်အသား ဆိုသည်ကား– အိုးဟူသော စကားသည် သဏ္ဌာနပညတ်၏ အမည်တည်း။ မြေ၏အမည် မဟုတ်။ သဏ္ဌာနပညတ်သည်လည်း ပရမတ္ထတရားကဲ့သို့ ဓာတ်နှစ်, ဓာတ်သားရှိသည် မဟုတ်။ မြေသည်သာလျှင် ပရမတ္ထတရားဖြစ်၍ ဓာတ်နှစ်, ဓာတ်သားရှိ၏။ လောက၌

www.dhammaransi.com



အိုးဟူ၍ရှိ၏လောဟု ဆိုခဲ့သော် ပရမတ်နှင့်ပညတ် ခြားနားမှုကို မသိကြသော သူတို့က အိုးဟူရှိ၏ဟု ပြောကြကုန်လတ္တံ့။ အိုးဟူ၍ ရှိ၏ဟုဆိုလျှင် ထိုအိုးကို ပြစမ်းပါဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော မြေအိုးကို လက်ညှိုးထိုး၍ ဤသည်ကား အိုးမဟုတ်လောဟု ပြကြကုန်လတ္တံ့။ ထိုသို့ပြခြင်းသည် အိုးမဟုတ် သော မြေကိုအိုးဟူ၍ စွပ်စွဲခြင်းဖြစ်၏။ အစွပ်စွဲမှား၏။ မှားပုံကား မြေဟူသည် ပရမတ္ထမျိုးဖြစ်၍ အနှစ်အသားရှိ၏။ အိုးဟူသည် ပညတ်မျိုးဖြစ်၍ အနှစ်အသား မရှိ၊ ကောင်းကင်ကဲ့သို့ အချည်းနှီးသာတည်း။ မြေကိုအိုးဟူ၍ စွပ်စွဲခြင်းသည် မြေကိုအိုး၏ အတ္တပြုခြင်းဖြစ်၏။ အနှစ်အသားရှိသော မြေကို အနှစ်အသားမရှိ သော အထည်ခံ, အမာခံ အနှစ်အသား ပြုခြင်းဖြစ်၏။ မရှိသောအိုးသည် ရှိသောအိုး ဖြစ်လေ၏။ မြေသည်အိုး၏ အတ္တဖြစ်လေ၏။ အတ္တဖြစ်ခဲ့သော် မြေသည်ပင်လျှင်အိုး၊ အိုးသည်ပင်လျှင် မြေဟူ၍ မြေနှင့်အိုး တစ်ခုတည်း ဖြစ်လေ၏။ ဤသို့ဖြစ်သည်ကို အစွပ်အစွဲမှားခြင်း ဆိုသတည်း။

ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မြေနှင့်တူ၏။ ပုဂ္ဂိုလ်သတ္တဝါသည် အိုးနှင့် တူ၏။ မြေကိုအိုးဟု ဆိုခဲ့လျှင် မြေသည်အိုး၏ အတ္တဖြစ်လေသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ ဆိုခဲ့လျှင် ရုပ်နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တဖြစ်ရလေ၏။ ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်သာရဖြစ်လေ၏။ ဤကား အတ္တဟူသောစကား၏ အနက်သွားပေတည်း။ စွပ်စွဲခြင်းမှားပုံတည်း။

## အနတ္တဟူသောစကား၏ အနက်သွားပုံကား

မြေအိုးဟူသောစကား၌ မြေကားတစ်ခြား၊ အိုးကား တစ်ခြား၊ မြေသည် ပရမတ္ထမျိုးတည်း။ အိုးသဏ္ဌာန်သည် ပညတ်မျိုးတည်း။ ထို့ကြောင့် မြေသည် အိုးမဟုတ်၊ အိုးသည် မြေမဟုတ်။ မြေကိုအိုးဆိုလျှင် မှား၏။ အိုး၏မြေဆိုလျှင် မှား၏။ မြေသည် အိုး၏အတ္တ မဟုတ်ပြီ။ အနတ္တဖြစ်လေ၏။ အိုးသည်လည်း သဏ္ဌာနပညတ်မျှဖြစ်၍ ကောင်းကင်ပညတ်များကဲ့သို့ အချည်းနှီးထင်ရှားလေ၏။

ထို့အတူ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် တစ်ခြား၊ ပုဂ္ဂိုလ်သတ္တဝါသည် တစ်ခြား၊ ခန္ဓာငါးပါး ရုပ်နာမ်တရားများသည် ပရမတ္ထမျိုးပေတည်း။ ပုဂ္ဂိုလ်

www.dhammaransi.com



သတ္တဝါသည် သဏ္ဌာနပညတ်, သန္တတိပညတ်မျိုးပေတည်း။ ထို့ကြောင့် ရုပ်တရား, နာမ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ ပုဂ္ဂိုလ်သတ္တဝါသည် ရုပ်တရား, နာမ်တရားမဟုတ်၊ ရုပ်တရား, နာမ်တရားကို ပုဂ္ဂိုလ်သတ္တဝါဟု ဆိုလျှင် မှား၏။ ပုဂ္ဂိုလ်သတ္တဝါကို ရုပ်တရား, နာမ်တရားဟု ဆိုခဲ့လျှင်မှား၏။ ဤသို့မြင် နိုင်မှုကား ရုပ်တရား, နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တ မဟုတ်ပြီ၊ အနတ္တဖြစ်လေ၏။ ပုဂ္ဂိုလ်သတ္တဝါသည်လည်း သဏ္ဌာနပညတ်, သန္တတိပညတ်မျှသာဖြစ်၍ အချည်းနှီးထင်ရှားလေ၏။ ဤကား အနတ္တအနက် သွားပုံတည်း။

အနတ္တလက္ခဏာ ဆိုသည်ကား– ပြဆိုခဲ့ပြီးသော အနိစ္စလက္ခဏာသည်လည်း အနတ္တလက္ခဏာပင်တည်း။ ပြဆိုခဲ့ပြီးသော ဒုက္ခလက္ခဏာစုသည်လည်း အနတ္တလက္ခဏာပင်တည်း။

ပြဆိုခဲ့ပြီးသော အနိစ္စလက္ခဏာသည် အဘယ်သို့လျှင် အနတ္တလက္ခဏာ ဖြစ်နိုင်ပါသနည်းဟူမူကား– ပုဂ္ဂိုလ်သတ္တဝါသည် ပညတ်မျိုးဖြစ်၍ တစ်ဘဝလုံး မြဲ၏ဟူ၍လည်းကောင်း၊ ဘဝအဆက်ဆက် မြဲ၏ဟူ၍လည်းကောင်း ယူကြရင်း ဖြစ်၏။

ရုပ်တရား, နာမ်တရားတို့၌မူကား ခဏိကဇရာ, ခဏိကမရဏဟူသော အနိစ္စလက္ခဏာသည်ရှိ၏။ ထိုဇရာ, မရဏနှင့်တကွ တစ်နေ့, တစ်ရက်အတွင်းမှာပင် အကြိမ်ရာထောင်မက ရုပ်ဟောင်း, နာမ်ဟောင်းအမျိုးမျိုး ကွယ်ပျောက်ခြင်း အသစ်အသစ် အမျိုးမျိုးဖြစ်ပေါ်ခြင်း၊ ပွားများခြင်းဟူသော အညထာဘာဝ အနိစ္စလက္ခဏာသည် ရှိ၏။ တစ်ဘဝလုံးမှာမှ တစ်ဦးတစ်ယောက်တည်းဟူ၍ယူကြသော ပုဂ္ဂိုလ်သတ္တဝါမှာ ထိုကဲ့သို့သော ဝိပရိဏာမမှု, အညထာဘာဝမှု မရှိသင့်၊ ရှိခဲ့လျှင် တစ်ဘဝလုံးမှာ တစ်ဦးတစ်ယောက်တည်း မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါသည်လည်း တစ်နေ့, တစ်ရက်အတွင်းမှာပင် အကြိမ်ပေါင်း ရာထောင်မက အိုရ၏၊ သေရ၏၊ အကြိမ်ပေါင်း ရာထောင်မက အသစ်အသစ်ဖြစ်ရ၏၊ ဘဝပြောင်းလဲရ၏ဟု ရှိနေလိမ့်မည်။ ထိုသို့ကား မရှိ၊ ထို့ကြောင့် ရုပ်နာမ်တရားတို့၌ ထိုအနိစ္စလက္ခဏာများကို ထင်မြင်ကြရသဖြင့် ရုပ်, နာမ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏

www.dhammaransi.com



အတ္တမဟုတ်ဟု သိနိုင်မြင်နိုင်လေသတည်း။

**ဤကား အသာရကဋ္ဌေန အနတ္တာ ဟူသော ပါဠ်နှင့်အညီ အနိစ္စလက္ခဏာ သည်ပင်လျှင် အနတ္တလက္ခဏာဖြစ်ပုံတည်း။**

ဒုက္ခလက္ခဏာစုသည် အဘယ်သို့လျှင် အနတ္တလက္ခဏာ ဖြစ်နိုင်ပါသနည်း ဟူမူကား ဒုက္ခလက္ခဏာမည်သည် မကောင်းလှသော အကျိုးယုတ်, အကျိုးမဲ့ များဖြစ်ကြ၏။ ပုဂ္ဂိုလ်သတ္တဝါတို့မည်သည် မိမိတို့၏ကောင်းခြင်း မြတ်ခြင်းတို့ ကိုသာ အလိုရှိကြ၏။ ရုပ်, နာမ်တရားစုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမှန်ခဲ့သော် ရုပ်, နာမ်တရားနှင့် ပုဂ္ဂိုလ်သတ္တဝါသည် တစ်ခုတည်းပင် ဖြစ်ရာ၏။ တစ်ခုတည်း ပင်ဖြစ်ခဲ့သော် အလိုသည်လည်း တစ်ခုတည်းပင် ဖြစ်ရာ၏။ ပုဂ္ဂိုလ်၏အလိုသည် ပင်လျှင် ရုပ်, နာမ်၏အလိုဖြစ်ရာ၏။ ရုပ်, နာမ်၏အလိုသည်ပင်လျှင် ပုဂ္ဂိုလ်၏ အလိုဖြစ်ရာ၏။ ထိုသို့ကားမဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါ၏ အလိုကား တစ်ခြား၊ ရုပ်, နာမ်တရားတို့၏အလိုကား တစ်ခြား။

ပုဂ္ဂိုလ်သတ္တဝါ၏အလို ဆိုသည်ကား- လောဘတရား, ဆန္ဒတရားများပေ တည်း။

ရုပ်, နာမ်တို့၏အလို ဆိုသည်ကား- အကြောင်းအားလျော်စွာ ဖြစ်ခြင်းတည်း။

ပုဂ္ဂိုလ်သတ္တဝါ၏အလိုမူကား- အခါခပ်သိမ်း မိမိကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကိုသာ အမြဲလိုလား၏။

ရုပ်, နာမ်တို့သည်မူကား ဆိုင်ရာဆိုင်ရာ အကြောင်းတရား အားလျော်စွာ ဖြစ်ကြ၏။

ရုပ်, နာမ်တို့၏ဖြစ်ခြင်း, ပျက်ခြင်းတို့သည် အကြောင်းတရားနှင့်သာ စပ်ဆိုင် ကုန်၏။ အကြောင်းတရားကိုလွှတ်၍ ပုဂ္ဂိုလ်၏အလိုသက်သက်နှင့် စပ်ဆိုင်သည် မဟုတ်ကုန်၊ အပူကိုအလိုရှိလျှင် ပူစေတတ်သောအကြောင်းကို ရှာကြံအားထုတ် ကြရကုန်၏။ အအေးကိုအလိုရှိလျှင် အေးစေတတ်သောအကြောင်းကို ရှာကြံ အားထုတ်ကြရကုန်၏။ အသက်ရှည်ခြင်းကို အလိုရှိကြသည့်အတွက် အသက်မွေးမှု အစာအာဟာရမှီဝဲမှုကြီးကို အမြဲအားထုတ်ကြရကုန်၏။ အလိုဆန္ဒ သက်သက်နှင့်

www.dhammaransi.com



အသက်ရှည်အောင် မတတ်နိုင်ကြ၊ သုဂတိဘဝကို အလိုရှိကြသည့်အတွက် ကုသိုလ် ကောင်းမှုကို အားထုတ်ကြရကုန်၏။ အလိုဆန္ဒသက်သက်နှင့် သုဂတိဘဝကိုရအောင် မတတ်နိုင်ကြ၊ သတ္တဝါတို့သည်မူကား ရှေးအဖို့၌အကြောင်းကို ရှာကြံအားထုတ်သည့် အတွက် နောက်အဖို့၌ ထိုအကြောင်းအားလျော်စွာ အလိုရှိရာ ရောက်ပေါက်ကြရသည်ကိုပင် မိမိကိုယ်ကို မိမိအလိုရှိတိုင်း ဖြစ်စေနိုင်သည်ဟု အထင်အယူမှားကြကုန်၏။ ရှေးရှေးသောနေ့၌ အစာအာဟာရမှီဝဲခြင်း ဟူသော အကြောင်းတရားကို ရှာကြံအားထုတ်သည့်အတွက် နောက်နောက်သော နေ့မှာ တ္တရိယာပုထ်လေးပါးတို့၌ မတ်မတ်မားမား လိုက်စားကျင်လည်၍ တည်စေနိုင်သည်ကိုပင် မိမိကိုယ်ကို မိမိအလိုရှိတိုင်း ဖြစ်စေနိုင်သည်ဟု အထင်အယူမှားကြကုန်၏၊ ရှေ့အဖို့၌ပြုလုပ်၍ ထားကြကုန်သော အိမ်ရာတိုက်တာ အရိပ်အာဝါသရှိနေသည့်အတွက် နောက်အဖို့၌ အလိုရှိတိုင်း ကြည်လင်ချမ်းမြ နေနိုင်ကြသည်ကိုပင် မိမိကိုယ်ကို မိမိအလိုရှိတိုင်း ပြည့်စုံ၍ နေကြရသကဲ့သို့ အထင်အယူမှားကြကုန်၏။

အကျဉ်းအားဖြင့် လောက၌သတ္တဝါတို့၏ အရေးကိစ္စ အမှုကြီးငယ်တို့သည် အဘယ်မျှလောက် ကြီးကျယ်ကြကုန်သနည်းဟု စေ့စုံစွာမျှော်ရှုကြသည်ရှိသော် သင်္ခါရဒုက္ခမှုတို့၏ အနန္တကြီးကျယ်များပြားပုံကို ဉာဏ်မျက်စိတွင် တွေ့မြင်နိုင်ကြကုန်ရာ၏။ ထိုသင်္ခါရဒုက္ခ အနန္တကြီးကျယ် များပြားရသည်မှာလည်း ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့သည် သတ္တဝါတို့၏ အလိုဆန္ဒအတိုင်း အာဏာပေးခြင်းနှင့် ပြီးစီးခြင်းမရှိကြကုန်သည့်အတွက်ကြောင့် မိမိ မိမိတို့၏ခန္ဓာငါးပါး ရုပ်, နာမ် တရားတို့ကို အထိုက်အလျောက် မိမိ မိမိတို့အလိုရှိရာသို့ ပါရာပေါက်ရောက် ပြီးမြောက်နိုင်ကြစေရန် အကြောင်းတရားတို့ကို ပြုစုပျိုးထောင်မှုတို့ချည်း ပေတည်း။ ဤကား အလတ်ဖြစ်သော ဒုက္ခလက္ခဏာသုံးပါးတို့တွင် သင်္ခါရဒုက္ခတာဟူသော ဒုက္ခလက္ခဏာကို တွေ့မြင်ကြကုန်သဖြင့် ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုသို့လိုက်ခြင်းမရှိမူ အလွန်ထင်ရှားလေရကား ပုဂ္ဂိုလ် သတ္တဝါ၏အတ္တမဟုတ်ပုံကို ပြဆိုချက်တည်း။

ထိုမှတစ်ပါးလည်း ဒုက္ခ ဒုက္ခတာ, ဝိပရိဏာမဒုက္ခတာတို့၏ အတွက်နှင့်

www.dhammaransi.com



အတ္တမဟုတ်ချက်များ ထင်ရှားပုံ၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ စသည်တို့၏ အတွက်နှင့် အတ္တမဟုတ်ချက်များ ထင်ရှားပုံတို့ကိုလည်း အကုန်သိမြင်ကြကုန်ရာ၏။

ဤကား ဒုက္ခလက္ခဏာသည်ပင်လျှင် အနတ္တလက္ခဏာဖြစ်ပုံကို ပြဆိုချက်တည်း။

ထိုလက္ခဏာသုံးပါးတို့ကို ပိုင်နိုင်စွာထင်မြင်သော ဝိပဿနာဉာဏ်သုံးပါးသည် တီရဏပရိညာ မည်၏။

**ဝိပဿနာဉာဏ်သုံးပါး** ဆိုသည်ကား-(၁) အနိစ္စဝိပဿနာဉာဏ် တစ်ပါး၊
(၂) ဒုက္ခဝိပဿနာဉာဏ် တစ်ပါး၊
(၃) အနတ္တဝိပဿနာဉာဏ် တစ်ပါး။

ထိုသုံးပါးတို့တွင် -

ရှေးဦးစွာ အတ္တဒိဋ္ဌိကိုပယ်သတ်ခြင်းငှါ အနတ္တဝိပဿနာဉာဏ်သည်သာလျှင် ပိုင်နိုင်ရန် အရေးအကြီးဆုံးဖြစ်၏။ အနတ္တဝိပဿနာဉာဏ် ပိုင်နိုင်ရန်မှာလည်း အနိစ္စဝိပဿနာဉာဏ်သည် လိုရင်းဖြစ်၏။ အနိစ္စဝိပဿနာဉာဏ် ပိုင်နိုင်ပါလျှင် အနတ္တဝိပဿနာဉာဏ် ပိုင်နိုင်လွယ်တော့သည်သာတည်း။

ဒုက္ခဝိပဿနာဉာဏ်မှာမူကား ဤအနိစ္စဝိပဿနာ ပိုင်နိုင်ရုံမျှနှင့် မပြီးနိုင်သေး၊ လောကုတ္တရာမဂ်သည် လေးဆင့်တိုင်တိုင် ရှိနေရသည်မှာ ဒုက္ခဝိပဿနာဉာဏ် အပြီးတိုင် မပိုင်နိုင်သေးသဖြင့် တဏှာ, မာန မကုန်မဆုံးနိုင် ရှိနေသည့်အတွက် ပေတည်း။ ထို့ကြောင့် ယခုအခါကာလ၌ ဗုဒ္ဓဘာသာဖြစ်သူတို့မှာ အပါယဒုက္ခမှ အပြီးတိုင်ကျွတ်လွတ်ကြရန် အရေးသည်အကြီးအဆုံးဖြစ်၏။ ဗုဒ္ဓဘာသာ့ သာသနာ အပသို့ရောက်၍ သွားကြလျှင် အပါယဒုက္ခမှ ကျွတ်လွတ်ကြရန် နည်းလမ်းပင်မရှိလေပြီ။ အပါယဒုက္ခမှ ကျွတ်လွတ်ရန်ကိစ္စမှာလည်း ဒုစရိုက်တရား, မိစ္ဆာဒိဋ္ဌိတရားတို့ကို အကုန်အစင် ပယ်သတ်ခြင်းပေတည်း။ ဒုစရိုက်တရား, မိစ္ဆာဒိဋ္ဌိတရားတို့ကို အကုန်အစင်ပယ်သတ်ရန် ကိစ္စမှာလည်း အတ္တဒိဋ္ဌိကို အကုန်အစင်ပယ်သတ်ခြင်းပေတည်း။ ထို့ကြောင့် ဗုဒ္ဓဘာသာ သာသနာတော်နှင့် တွေ့ကြုံကြသည့်ဘဝတွင် အနတ္တဝိပဿနာဉာဏ်ကို ပိုင်နိုင်ခြင်းငှါ အနိစ္စ

www.dhammaransi.com



ဝိပဿနာတရားကိုသာ အရေးကြီးစွာ အားထုတ်ကြကုန်ရာသတည်း။,

"အနိစ္စဝိပဿနာဉာဏ် ပိုင်နိုင်လျှင် အနတ္တဝိပဿနာဉာဏ် ပိုင်နိုင်ခြင်းကိစ္စ ပြီးစီးသည်"-ဟူရာ၌ **သာဓကပါဠိတော်ကား-**

**အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညိနော အသ္မိမာနော သမုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။**

**အနက်ကား။** ။ မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ အနိစ္စသညာ ပိုင်နိုင်သောသူအား။ အနတ္တသညာ၊ အနတ္တသညာသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။ အနတ္တသညိနော၊ အနတ္တသညာ ပိုင်နိုင်သောသူအား။ အသ္မိမာနော၊ ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့ကို ငါ, ငါဟူ၍ အထင်ကြီးခြင်းသည်။ သမုဂ္ဃါတံ၊ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌ပင်လျှင်။ နိဗ္ဗာနံ၊ စိတ်ဒုက္ခခပ်သိမ်း အကုန်ငြိမ်းခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ယုတ္တိမှာမူကား အနိစ္စလက္ခဏာသည်ပင်လျှင် အနတ္တလက္ခဏာ ဖြစ်နိုင်ကြောင်းကို အကျယ်ပြဆိုခဲ့ပြီ။

ဤဝိပဿနာအလုပ်သည် သမထအလုပ်ကဲ့သို့ ပလိဗောဓ ဆိတ်ငြိမ်ရာကြီးကိုရမှသာ ပြီးစီးနိုင်သည်မဟုတ်၊ ပါရမီဉာဏ်သည်သာ ပဓာနတည်း။ ပါရမီဉာဏ်ရှိခဲ့ပါမူ တရားနာရင်းနှင့်ပင် ပေါက်ရောက်၍သွားတတ်၏။ ဃရာဝါသကိစ္စအတွင်းမှာ ပေါက်ရောက်နိုင်၏။ အကြောင်းမူကား ဉာဏ်ရှိသူတို့မှာ ကိုယ်တွင်းကိုယ်ပြင်, အိမ်တွင်းအိမ်ပြင်, ရွာတွင်းရွာပြင် တွေ့မြင်သမျှသည် အနိစ္စဉာဏ်ပွားစီးဖို့ချည်းသာတည်း။

ပါရမီဉာဏ်နုသူများမှာမူကား သမထအလုပ်ကဲ့သို့ပင် အထူးအားထုတ်မှ ပေါက်ရောက်နိုင်ကြ၏။ အားထုတ်ကြရာမှာလည်း ဝိပရိဏာမ, အညထာဘာဝဟူသော အနိစ္စလက္ခဏာတွင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်များစွာ ဖြစ်နိုင်သောခဏိက အနိစ္စအချက်များသည် အဘိဓမ္မာစကားပြောကြရာ၌သာ လို၏။ ဝိပဿနာအရာ၌မူကား ကိုယ်တွေ့မျက်မြင်မျိုးတွင် ထင်ရှားလျက်ရှိကြသော သန္တတိဝိပရိဏာမ, သန္တတိအညထာဘာဝသည်သာ

www.dhammaransi.com



လိုရင်းဖြစ်၏။

သန္တတိဝိပရိဏာမ ဆိုသည်ကား- လောက၌ကိုယ်တွေ့မျက်မြင်တွင် အသီး အသီး စကားဝေါဟာရနှင့်တကွ ထင်ရှားလျက်ရှိကြသော ပရမတ္ထဇရာအချက်၊ ပရမတ္ထမရဏအချက်များပေတည်း။ အညထာဘာဝမှာလည်း ထို့အတူတည်း။ ဝိပဿနာတင်ရှုရန် တရားမှာလည်း ရုပ်တရားစုတွင် ခတ်ကြီးလေးပါးသည်သာ လိုရင်းဖြစ်၏။ ခတ်ကြီးလေးပါး၏ တစ်နေ့, တစ်ရက်အတွင်းမှာပင် အခါတစ်ရာ မက ဖြစ်ပျက်ပြောင်းလဲမှုကို ထင်မြင်နိုင်ပါလျှင် ထို၌မှီကြသော ဥပါဒါရုပ်တို့၏ ဖြစ်ပျက်ပြောင်းလဲမှုသည် ပါဝင်လေတော့သည်။ နာမ်တရားစုမှာလည်း ဝိညာဏ် ခေါ်ကပ်ပါးဟူသော စိတ်သည်သာ လိုရင်းဖြစ်၏။ စိတ်၏ဖြစ်ပျက် ပြောင်းလဲမှုကို ထင်မြင်နိုင်ပါလျှင် ထိုစိတ်၌မှီကြရသော စေတသိက်တို့၏ ဖြစ်ပျက်ပြောင်းလဲ မှုသည် ပါဝင်လေတော့သည်။ ဝေဒနာအထူးအပြား၊ သညာအထူးအပြား၊ စေတနာ အထူးအပြား စသည်များသည်လည်း အနိစ္စလက္ခဏာ ထင်လွယ်ရန် ဖြစ်ပေ၏။ ရုပ်တရားစုမှာလည်း ဝဏ္ဏအထူးအပြား၊ ဂန္ဓအထူးအပြားစသည်များသည် ထို့အတူ တည်း။ လိုရင်းမှာမူကား သတ္တ, ပုဂ္ဂလ, အတ္တ, ဇီဝ, နိစ္စ, သုခ, ဝိပလ္လာသ, ဓမ္မတို့၏ ပျောက်ကင်းခြင်းသည်သာလျှင် လိုရင်းတည်း။ ဤဝိပဿနာဉာဏ်တို့၏ ရှုမြင်ပွင့်လင်းရန် အချက်မှာမူကား လက္ခဏာသုံးပါးပေတည်း။

ထိုလက္ခဏာသုံးပါးကိုလည်း လက္ခဏာခန်းမှာ သိသာထင်ရှား ရှိရုံမျှ ပြဆိုခဲ့ပြီ။

**တီရဏပရိညာအကျယ် ပြီး၏။**

## ပဟာနပရိညာအကျယ်ကား

ဗုဒ္ဓဘာသာ သာသနာ၌ လိုရင်းပဓာနဖြစ်သော ပဟာနတရားသည် ငါးပါးရှိ၏။

(၁) တဒင်္ဂပဟာန တစ်ပါး၊

(၂) ဝိက္ခမ္ဘနပဟာန တစ်ပါး၊

(၃) သမုစ္ဆေဒပဟာန တစ်ပါး၊

(၄) ပဋိပဿဒ္ဓိပဟာန တစ်ပါး

(၅) နိဿရဏပဟာန တစ်ပါး- ဟူသော ဤငါးပါးတည်း။ ။

www.dhammaransi.com



ထိုငါးပါးတို့ကို ထင်ရှားစေခြင်းငှါ ကိလေသာတို့၏ အခိုက်အတန့်ဟူသော ဘူမိအပြားသုံးပါးတို့ကို ပြဆိုရာ၏။

**ဘူမိအပြားသုံးပါး** ဆိုသည်ကား- (၁) အနုသယဘူမိ တစ်ပါး၊
(၂) ပရိယုဋ္ဌာနဘူမိ တစ်ပါး၊
(၃) ဝီတိက္ကမဘူမိ တစ်ပါး-ဟူသော

ဤသုံးပါးတည်း။ ထိုသုံးပါးတို့တွင် -

အနုသယဘူမိ ဆိုသည်ကား- ဥပါဒ်, ဌီ, ဘင်အားဖြင့် အသီးအခြား စေတသိက်တစ်ပါးအနေနှင့် ဖြစ်ပေါ်ခြင်းမရှိကြကုန်မူ၍ စိတ်သန္တာန်၌သာ အစဉ်စွဲကပ် ငုတ်ဓာတ်, ဝပ်ဓာတ်, အိပ်ဓာတ်, ကိန်းဓာတ်ဖြစ်၍ နေကြကုန်သော ကိလေသာတို့၏ ကိန်းဝပ်မှုအခိုက်အခွင့်ကြီးသည် **အနုသယဘူမိ** မည်၏။

ခြောက်ဒွါရတွင် တစ်ခု, တစ်ခုသော ဒွါရ၏ကိလေသာဓမ္မ ထကြွဖြစ်ပေါ်ရန်အာရုံတိုက်ဆိုက်လာသဖြင့် မနောဒွါရတွင်မျှ ထကြွ၍လာကြသော ကိလေသာတို့၏ ကိန်းဝပ်ရာမှ ထကြွဖြစ်ပေါ်၍လာခြင်း အခိုက်အခွင့်ကြီးသည် **ပရိယုဋ္ဌာန ဘူမိ** မည်၏။

မနောဒွါရတွင်မျှ မတန့်မရပ်ကြကုန်မူ၍ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ လှုပ်ရှားတိုင်ရောက်အောင် ကျူးလွန်၍လာကြကုန်သော ကိလေသာတို့၏ ကျူးလွန်ခြင်း အခိုက်အခွင့်ကြီးသည် **ဝီတိက္ကမဘူမိ** မည်၏။

လောဘကိလေသာသည် အနမတဂ္ဂ သံသရာတွင် သတ္တဝါတစ်ယောက်၏ စိတ်သန္တာန်၌ လောဘကိလေသာတစ်ခုမှာပင် ဘုံသုံးဆင့်ရှိ၏။ ထို့အတူ ဒေါသ ကိလေသာမှာလည်း ဘုံသုံးဆင့်၊ မောဟကိလေသာ ဒိဋ္ဌိကိလေသာ, မာန ကိလေသာ စသည်တို့မှာ အသီးအသီး ဘုံးသုံးဆင့်စီ ရှိကြ၏။

ဗုဒ္ဓဘာသာ၌ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါးတို့တွင် သီလ ဟူသော ပထမသိက္ခာသည် ကိလေသာတို့၏ ဝီတိက္ကမဘူမိဟူသော တတိယ ဘုံမျှသာ ပယ်နိုင်၏။ တတိယဘုံမျှကိုသာ ပယ်နိုင်သည့်အတွက် ဒုတိယဘုံ, ပထမဘုံ ရှိနေကြသေးသောကြောင့် သီလဖြင့် ပယ်အပ်သော ကိလေသာတို့မည် သည် မကြာခဏဖြစ်ပေါ်၍ ထကြွသဖြင့် ဝီတိက္ကမဘုံတိုင်အောင် ပြည့်မြဲပြည့်နိုင်

www.dhammaransi.com



ကြ၏။ ထို့ကြောင့် သီလဖြင့်ပယ်ခြင်းကို တဒင်္ဂပဟာန် ခေါ်သတည်း။ ထိုထိုသီလ အင်္ဂါဖြင့် ထိုထိုကိလေသာအစိတ်မျှကိုပယ်ခြင်း ဆိုလိုသည်။

ပထမဈာန်, ဒုတိယဈာန် အစရှိသော ဈာန်သမာဓိဟူသော သမာဓိသိက္ခာသည် သီလပယ်ချက်မှ ကျန်ရှိသော ဘူမိနှစ်ပါးတို့တွင် ပရိယုဋ္ဌာနဘူမိဟူသော ဒုတိယဘုံမျှကို ပယ်နိုင်၏။ အနုသယဘူမိ ကျန်ရှိသည့်အတွက် ဈာန်သမာပတ်တို့ဖြင့် ပယ်အပ်သော ကိလေသာများသည်လည်း ဈာန်၏ဆန့်ကျင့်ဖက် တရားနှင့် တွေ့ကြုံလာခဲ့လျှင် ဈာန်ကိုပင်ဖျက်ဆီး၍ ဝီတိက္ကမဘုံတိုင်အောင် ပြည့်မြဲပြည့်နိုင်ပြန်၏။ ဝိက္ခမ္ဘနပဟာန်ခေါ်၏။ ဈာန်သမာဓိမည်သည် အပ္ပနာဘာဝနာ ကုသိုလ်မျိုးဖြစ်ပေ၍ သီလကုသိုလ်ထက် အာနုဘော်ကြီးမားလျက်ရှိသောကြောင့် ကိလေသာတို့ကို ရတ်တရက် ထကြွသောင်းကျန်းခြင်းငှါ မတတ်သာအောင် ဝေးစွာခွာပစ်ခြင်း ဆိုလိုသည်။

ဝိပဿနာပညာ, လောကုတ္တရာမဂ်ပညာဟူသော တတိယသိက္ခာသည်မူကား သီလ, သမာဓိတို့မပယ်နိုင်ကြသော အနုသယဘူမိဟူသော ပထမဘုံကို ပယ်နိုင်၏။ ဤပထမဘုံကို ပယ်ခြင်းသည်ကား အကြွင်းအကျန်မရှိသော ပယ်ခြင်း မည်၏။ ထိုပညာဖြင့် ပထမဘုံပါ ကျွတ်လွတ်အောင် ပယ်အပ်သော ကိလေသာတို့သည် ထိုပုဂ္ဂိုလ်သန္တာန်မှာ ဘယ်အခါမှ တစ်ဖန်ဖြစ်ပေါ်လာခြင်း မရှိလေပြီ။ ဤပယ်ခြင်းကို သမုစ္ဆေဒပဟာန်ခေါ်၏။ အမြစ်အရင်းနှင့်တကွ အကြွင်းအကျန်မရှိအောင် ပယ်ဖြတ်ခြင်း ဆိုလိုသည်။ လောကုတ္တရာမဂ်ပညာတို့၏ ပယ်ခြင်းကိုပင်လျှင် လောကုတ္တရာဖိုလ်ပညာတို့က အရှိန်အငွေ့မျှ မကျန်ရအောင် ထပ်မံ၍ တစ်ဖန်ငြိမ်းစေခြင်းသည် ပဋိပဿဒ္ဓိပဟာန် မည်၏။ နိဗ္ဗာန်ဖြင့်ပယ်ခြင်းသည် နိဿရဏပဟာန် မည်၏။ ထိုသန္တာန်နှင့်မျှ မစပ်မနီးရအောင် အပြီးကျွတ်လွတ်၍ သွားစေခြင်း ဆိုလိုသည်။ ထိုပညာသည် ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာဟူ၍ သုံးပါးရှိသည်တွင် ပြဆိုခဲ့ပြီးသော တီရဏပရိညာပညာသည် အနုသယဘူမိကိုပယ်ငြားသော်လည်း အကုန်အစင် မပယ်နိုင်သေး၊ မဂ်ပညာတို့သည်သာလျှင် မိမိတို့၏ဆိုင်ရာ ကိလေသာတို့ကို အကြွင်းမရှိ အကုန်အစင် ပယ်နိုင်ကြ၏။

**သောတာပတ္တိမဂ်ပညာ**သည် ဒိဋ္ဌိဟူသမျှ ဝိစိကိစ္ဆာဟူသမျှတို့ကို အမြစ်အရင်း

www.dhammaransi.com



အကြွင်းအကျန်မရှိ ပယ်ပေ၏။ အပါယဂါမိ ဒုစရိုက်တရားတို့နှင့် အပါယ်ဘဝတို့ကို လည်း ထိုသန္တာန်မှာ နောင်တစ်ဖန် ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ပယ်ပေ၏။

**သကဒါဂါမိမဂ်ပညာ**သည် ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒတို့ကို အကြွင်း မရှိ ပယ်ပေ၏။

**အနာဂါမိမဂ်ပညာ**သည် ထိုသန္တာန်တွင် ကျန်ရှိသေးသော သိမ်မွေ့သေးဖွဲ သော ကာမရာဂ၊ ဗျာပါဒတို့ကို အကြွင်းမရှိပယ်ပေ၏။ ထိုပုဂ္ဂိုလ်သည် ကာမနွယ် ပြတ်လေ၏။ ဗြဟ္မာ့ဘုံလျှင် လားရာဂတိရှိလေ၏။

**အရဟတ္တမဂ်ပညာ**သည် ထိုသန္တာန်တွင် ကျန်ရှိသမျှသော ကိလေသာတို့ကို အကုန်အစင် ပယ်ပေ၏။ ထိုပုဂ္ဂိုလ်သည် ကိလေသာကုန်ငြိမ်းသော ရဟန္တာ ဖြစ်လေ၏။ ဘုံသုံးပါးမှ ကျွတ်လွတ်လေ၏။ ဗုဒ္ဓဘာသာ သာသနာမှာ သမုစ္ဆေဒ ပဟာန်သည်သာ လိုရင်းပဓာန ဖြစ်၏။

ပဟာနပရိညာအကျယ် ပြီး၏။

ပရိညာကထာ ပြီး၏။

## ဝိပဿနာလုပ်ငန်း

ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏လိုရင်း အချက်ကို ပြပေအံ့။ ။ ဝိပဿနာဉာဏ်သုံးပါးတွင် ရှေးဦးစွာ အနိစ္စထင်မြင်မှု သည် အရေးအကြီးဆုံး ဖြစ်၏။ အဘယ်သို့ ထင်မြင်နိုင်ရမည်နည်းဟူမူ အရိပ်ပွဲ ပြရာ၌ တစ်ခုသောအရိပ်မှာ တစ်ခဏတွင်း၌ပင်လျှင် လှုပ်ရှားမှုတွေ, အဆက်ဆက် အဆင့်ဆင့် ပြောင်းလဲမှုတွေ အဘယ်မျှ လျင်မြန်လေသနည်း။ အဘယ်မျှ အထွေထွေ အပြားပြား များလေသနည်းဟု ဓာတ်ရိပ်ကြီးငယ်တစ်ခုကို စေ့စုံစွာ စဉ်းစား၍ ကြည့်ရှုကြပါလျှင် ဓာတ်ရိပ်၌ဝိပရိဏာမ, အညထာဘာဝ အချက်တို့ သည် တစ်မိနစ်, တစ်စက္ကန့်အတွင်းမှာပင် ရာထောင်မက ရှိနေကြသည်ကို တွေ့မြင်ကြကုန်ရာ၏။ တွေ့မြင်သမျှသော ထိုဝိပရိဏာမ, အညထာဘာဝမှုတို့သည် ထိုဓာတ်ရိပ်မှာ အနိစ္စချည်းပေတည်း။ မရဏမှုချည်းပေတည်း။ ဓာတ်၏သေဆုံးမှု ချည်းပေတည်း။

www.dhammaransi.com



ထိုဓာတ်ရိပ်ကို သွားခြင်း အခိုက်အတန့်၊ ရပ်ခြင်းအခိုက်အတန့်၊ ထိုင်ခြင်း အခိုကအတန့်၊ အိပ်ခြင်း အခိုက်အတန့်၊ ကွေးခြင်း အခိုက်အတန့်၊ ဆန့်ခြင်း အခိုက်အတန့်၊ ထိုထိုကိုယ်အင်္ဂါအစိတ်တို့၏ အထွေထွေ ပြောင်းလဲခြင်း အခိုက်အတန့်တို့ကို လုပ်ကြ၍စေ့စုံစွာ ကြည့်ရှုကြပါလျှင် ထိုအရိပ်မှာ ထိုထို အခိုက်အတန့်အတွင်း၌ ဓာတ်တို့၏အနိစ္စမှုတွေ, မရဏမှုတွေ ပြည့်လျက်နေသည်ကို သိမြင်ကြကုန်လတ္တံ့။ သွားခြင်းအခိုက်အတန့်တွင် တစ်ခု, တစ်ခုသော ခြေလှမ်းအတွင်း၌ ဓာတ်တို့၏အနိစ္စတွေ, မရဏတွေ ပြည့်လျက်နေသည်ကို သိမြင်ကြကုန်လတ္တံ့၊ ကြွင်းကျန်သော အခိုက်အတန့်တို့၌လည်း ထိုနည်းတူ အသီးအသီး အနိစ္စမှုတွေ၊ မရဏမှုတွေပြည့်လျက် နေကြကုန်သည်သာတည်း။

ဤဓာတ်ရိပ် ဥပမာအတိုင်း မိမိ, မိမိတို့၏ကိုယ်ခန္ဓာမှာလည်း ဘယ်အခါမှာ မဆို ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အနိစ္စမှုတွေ မရဏမှုတွေ ကိုယ်နှင့်အပြည့် ခေါင်းနှင့်အပြည့် ထိုထိုအင်္ဂါကြီးငယ်တို့နှင့်အပြည့်ရှိလျက် နေကြကုန်၏။ ထိုကဲ့သို့ ဘယ်အခါမဆို တစ်ကိုယ်လုံး တစ်ကောင်လုံးပြည့်လျက် ရှိနေကြကုန်သော အနိစ္စအချက်, မရဏအချက်တို့ကို ဉာဏ်ဖြင့်ပေါင်းရုံး၍ ကြည့်ရှုတတ်ကြပါကုန်မူကား မိမိ, မိမိတို့၏ကိုယ်ခန္ဓာ ကိုယ်အင်္ဂါတို့သည် တစ်စက္ကန့်, တစ်မိနစ်အတွင်းမှာပင် အခါများစွာ ပျက်ဆုံးပြိုကွဲ ပြောင်းလဲ၍နေကြသည်ကိုလည်း သိမြင်နိုင်ကြကုန်လတ္တံ့။ တစ်စက္ကန့်, တစ်မိနစ်အတွင်းမှာပင် ကိုယ်ခန္ဓာကြီးအခါခါ ပြောင်းလဲမှု ဦးခေါင်းအင်္ဂါ, ဝမ်းအင်္ဂါအခါခါပြောင်းလဲမှု၊ အသည်းအင်္ဂါ, အဆုတ် အင်္ဂါ အခါခါပြောင်းလဲမှုတို့ကိုလည်း သိမြင်ကြကုန်လတ္တံ့။

ဤသို့ သိကြ, မြင်ကြ, ထင်ကြကုန်သည်ရှိသော် အနိစ္စာနုပဿနာအလုပ်တွေနေရာကျပြီဟုမှတ်၊ အနိစ္စာနုပဿနာအလုပ် နေရာကျလျှင်လည်း အနတ္တာနုပဿနာအလုပ်လည်း နေရာကျလေတော့သည်။

နေရာကျ ဆိုသည်ကား- တစ်သက်လုံးစွဲမြဲကြရန် အချက်ကျသည်ကို ဆိုသည်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ပေါက်ရောက်သည်ကို ဆိုသည်မဟုတ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှုမှာမူကား ဣန္ဒြေပါရမီ အရင့်အနုသို့ လိုက်၍ အမြန်အနှေးရှိပြန်၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှုမည်သည်

www.dhammaransi.com



အမှန်အားဖြင့် အလွန်သိနိုင်ခဲ၏။

သောတာပန်ဖြစ်၍နေသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု အမှန်အားဖြင့် သိနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ ကိလေသာတို့၏ အနုသယ အခိုက်အတန့် နက်နဲလှသောကြောင့်တည်း။ ကိလေသာတို့၏ အနုသယအခိုက် အတန့် နက်နဲပုံကို မသိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့၏ ဝိက္ခမ္ဘနကိစ္စနှင့် ကင်းကွာ၍နေရုံမျှကိုပင် ငါသောတာပန်ဖြစ်ပြီဟု ထင်တတ် ကြ၏။ ။ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ သမုစ္ဆေဒကိစ္စနှင့် အနုသယဘုံကြီးကို ကင်းပြတ်၍ သွားမှသာလျှင် သောတာပန်အစစ်အမှန် ဖြစ်ပေသည်။ ။ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့မှာမူကား အထင်အမြင် နေရာကျသော အနိစ္စာနုပဿနာဉာဏ်ကိုရ၍ နေရလျှင်ပင် ကောင်းမြတ်လှပြီဟု ဝမ်းမြောက်၍သာ ထိုအလုပ်ကို တစ်သက်လုံး စွဲမြဲကြရမည်။ ။ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှသော်လည်း စိတ္တသုခ အကျိုးငှါ ထိုအလုပ်ကို မလွှတ်ကြပေကုန်။ ။ ယောဂီပုဂ္ဂိုလ်တို့မှာလည်း ထိုအလုပ်ကို အသက်ထက်ဆုံး ဆွေးနွေးကြသည်ရှိသော် ဉာဏ်ပညာအဆင့်ဆင့် ရင့်သန်၍ သွားကြသဖြင့် ယခုဘဝတွင်ပင် မသေမီအကြား၌သော်လည်းကောင်း၊ သေခါနီး အခါ၌သော်လည်းကောင်း၊ ပုထုဇ္ဇနဘူမိ, ပုထုဇ္ဇနဂတိတို့ကို လွန်မြောက်၍ အရိယဘူမိ, အရိယဂတိသို့ ပေါက်ရောက်ကြကုန်လတ္တံ့၊ ယခုဘဝ၌ပင် မပေါက် ရောက်ရှိကြသော်လည်း နောက်ဘဝ၌ နတ်ပြည်သို့ရောက်ကြ၍ ပေါက်ရောက် ကြကုန်လတ္တံ့။

**ဝိပဿနာဒီပနီ ပြီး၏။**

www.dhammaransi.com



# နိဂုံး

ဤတွင်ဖော်ပြထားသော ဥရောပတိုက်သား ဗုဒ္ဓဘာသာ လူအများတို့၏အကျိုးငှါ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အကျဉ်းချုပ်စီရင်ချက် ပြီး၏။ ။ အကျယ်မှုကား ပါဠိဘာသာဖြင့် ရေးသားပြီးရှိသော်လည်း အချောမတင်ရသေးသည့်အတွက် နောက်မှပေးပို့ရန် ကြံရွယ်လျက်ရှိသတည်း။

မန္တလေးမြို့အနောက်ပြင် စင်ရှင်လမ်း ကျုံးထပ်တွင် နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးနှစ်စဉ် စည်းဝေးရာဌာန ရတနာသိရီကျောင်းတိုက်ကြီး၌ ၎င်းအသင်းကြီး အစည်းအဝေးကိစ္စနှင့် ကြွရောက်နေထိုင်စဉ် စီရင်အပ်သော "ဝိပဿနာဒီပနီကျမ်း"သည် မြန်မာသက္ကရာဇ် ၁၂၅၆–ခု တပေါင်းလဆန်း ၁၄–ရက်နေ့တွင် ပြီးပေသတည်း။

နိဂုံးပြီး၏။

*   *   *

www.dhammaransi.com



# သမ္မာဒိဋ္ဌိဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

ဒိဋ္ဌိဗန္ဓနဗန္ဓေယျေ၊ တဏှာသောတေန ဝါဟိတေ။

သတ္တေ နာယက တာရေသိ၊ ဘဂဝန္တဿ တေ နမော။

နာယက၊ လူသုံးပါးတို့၏ ရှေ့သွားခရီးညွှန်ဖြစ်တော်မူပေသော မြတ်စွာဘုရား။ ဒိဋ္ဌိဗန္ဓနဗန္ဓေယျေ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့ဖြင့် ဖွဲ့ယှက်တုတ်နှောင် အပ်ကုန်သည်ဖြစ်၍။ တဏှာသောတေန၊ တဏှာပင်လယ် ရေယဉ်ကျယ်သည်။ ဝါဟိတေ၊ ကမ်းလမ်းမမြင် ဆုံးမထင်အောင် အစဉ်တစိုက် မျှောအပ်ကုန်သော။ ဝါ– တဏှာသောတေန ဝါဟိတေ၊ တဏှာရေယဉ်ဖြင့် အစဉ်မျှော၍နေကြကုန် သော။ သတ္တေ၊ ပုထုဇဉ်နွယ် ပေါ်ယယ်များစွာ သတ္တဝါတို့ကို။ တွံ၊ ရှင်ပင်ဘုရား သည်။ တာရေသိ၊ သဗ္ဗညုမဂ္ဂင် ရထားယာဉ်ဖြင့် ဆယ်တင်ကယ်မတော်မူပေ၏။ ဘဂဝန္တဿ၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသော။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ ဝပ်တွားညွတ်ကျိုး ရှိခိုးဦးနိမ်ပါ၏။

ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သမ္မာဒိဋ္ဌိ ဒီပနီပါဠ်၏ သဘောအဓိပ္ပါယ်ကို အလွယ်တကူ ကြည့်ရှုနားလည်နိုင်ကြစေရန် မြန်မာဘာသာစကားပြေသက်သက်ဖြင့် ရေးသားရမည်ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို ပန်ဆင်ခံယူသည်ဖြစ်၍ သမ္မာဒိဋ္ဌိ ဒီပနီပါဠ်၏ အဓိပ္ပါယ်ကို မြန်မာစကားပြေသက်သက်ဖြင့် ရေးသားပေအံ့သတည်း။

---

၁။ ပရမ္ပိ (ဆဋ္ဌ)

www.dhammaransi.com

# သမ္မာဒိဋ္ဌိဒီပနီ

☆ အတ္တာဒိဋ္ဌိ ချုပ်ငြိမ်း၍ ဇာတ်သိမ်းပျောက်ကွယ်ခဲ့လျှင် ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မ ချုပ်ငြိမ်း၏။ ထိုပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့ ချုပ်ငြိမ်းလျှင် အလုံးစုံသော အယုတ်တမာ ခပ်သိမ်းတို့သည် ချုပ်ငြိမ်းပျောက်ကွယ်ကုန်၏။

www.dhammaransi.com



# ဝါဒနိဂ္ဂဟပါဠိ

## ဝါဒတိကသမုဒ္ဒေသ

တီဏိမာနိ ဘိက္ခဝေ တိတ္ထာယတနာနိ၊ ယာနိ ပဏ္ဍိတေဟိ သမနုယုဉ္ဇိယ-မာနာနိ သမနုဂါဟိယမာနာနိ သမနုဘာသိယမာနာနိ ပရမ္ပိ ဝါ[၁] ဂန္တွာ အကိရိယာယ သဏ္ဌဟန္တိ။

ကတမာနိ တီဏိ ?

၁။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူ"တိ။

၂။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ဣဿရနိမ္မာနဟေတူ"တိ။

၃။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ အဟေတုအပစ္စယာ"တိ။

ဝါဒတိကသမုဒ္ဒေသော နိဋ္ဌိတော။

## ပုဗ္ဗေကတဝါဒနိဂ္ဂဟ

၁။ (က) တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူ"တိ၊ တျာဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ "သစ္စံ ကိရ တုမှေ အာယသ္မန္တော ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော၊ 'ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူ'တိ"၊ တေ စ မေ ဧဝံ ပုဋ္ဌာ "အာမာ"တိ ပဋိဇာနန္တိ၊ တျာဟံ ဧဝံ ဝဒါမိ –

---

၁။ ပရမ္ပိ (ဆဋ္ဌ)

www.dhammaransi.com



(ခ) “တေနဟာယသ္မန္တော ပါဏာတိပါတိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ အဒိန္နာဒါယိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ အဗြဟ္မစာရိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ မုသာဝါဒိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ ပိသုဏာဝါစိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ ဖရုသဝါစိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ သမ္ဖပ္ပလာပိနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ အဘိဇ္ဈာလုနော ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ ဗျာပန္နစိတ္တာ ဘဝိဿန္တိ ပုဗ္ဗေကတဟေတု၊ မိစ္ဆာဒိဋ္ဌိကာ ဘဝိဿန္တိ ပုဗ္ဗေကတဟေတူ”တိ။

(ဂ) ပုဗ္ဗေကတံ ခေါ ပန ဘိက္ခဝေ သာရတော ပစ္စာဂစ္ဆတံ န ဟောတိ ဆန္ဒော ဝါ ဝါယာမော ဝါ “ဣဒံ[၁] ကရဏီယံ ဣဒံ[၁] အကရဏီယ”န္တိ။

(ဃ) ဣတိ ကရဏီယာကရဏီယေ ခေါ ပန ဘိက္ခဝေ သစ္စတော ထေတတော အနုပလဗ္ဘိယမာနေ မုဋ္ဌဿတီနံ အနာရက္ခာနံ ဝိဟရတံ န ဟောတိ ပစ္စတ္တံ သဟဓမ္မိကော သမဏဝါဒေါ။

(င) အယံ ခေါ[၂] ဘိက္ခဝေ တေသု သမဏဗြာဟ္မဏေသု ဧဝံဝါဒီသု ဧဝံဒိဋ္ဌီသု ပဌမော သဟဓမ္မိကော နိဂ္ဂဟော ဟောတိ။

ပုဗ္ဗေကတဝါဒနိဂ္ဂဟော နိဋ္ဌိတော။

## ဣဿရနိမ္မာနဝါဒနိဂ္ဂဟ

၂။ (က) တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော “ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ဣဿရနိမ္မာနဟေတူ”တိ။ တျာဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ “သစ္စံ ကိရ တုမှေ အာယသ္မန္တော ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ‘ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ဣဿရနိမ္မာနဟေတူ’တိ”၊ တေ စ မေ ဧဝံ ပုဋ္ဌာ “အာမာ”တိ ပဋိဇာနန္တိ၊ တျာဟံ ဧဝံ ဝဒါမိ –

---

၁။ ဣဒံ ဝါ (ဆဋ္ဌ) ၂။ ခေါ မေ (ဆဋ္ဌ)

www.dhammaransi.com



(ခ) "တေနဟာယသ္မန္တော ပါဏာတိပါတိနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ အဒိန္နာဒါယိနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ အဗြဟ္မစာရိနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ မုသာဝါဒိနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ ပိသုဏာဝါစိနော[၁] ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ ဖရုသဝါစိနော[၁] ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ သမ္ဖပ္ပလာပိနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ အဘိဇ္ဈာလုနော ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ ဗျာပန္နစိတ္တာ ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတု၊ မိစ္ဆာဒိဋ္ဌိကာ ဘဝိဿန္တိ တ္ထုဿရနိမ္မာနဟေတူ"တိ။

(ဂ) တ္ထုဿရနိမ္မာနံ ခေါ ပန ဘိက္ခဝေ သာရတော ပစ္စာဂစ္ဆတံ န ဟောတိ ဆန္ဒော ဝါ ဝါယာမော ဝါ "ဣဒံ ကရဏီယံ ဣဒံ အကရဏီယ"န္တိ။

(ဃ) ဣတိ ကရဏီယာကရဏီယေ ခေါ ပန ဘိက္ခဝေ သစ္စတော ထေတတော အနုပလဗ္ဘိယမာနေ မုဋ္ဌဿတီနံ အနာရက္ခာနံ ဝိဟရတံ န ဟောတိ ပစ္စတ္တံ သဟဓမ္မိကော သမဏဝါဒေါ။

(င) အယံ ခေါ ဘိက္ခဝေ တေသု သမဏဗြာဟ္မဏေသု ဧဝံဝါဒီသု ဧဝံဒိဋ္ဌီသု ဒုတိယော သဟဓမ္မိကော နိဂ္ဂဟော ဟောတိ။

တ္ထုဿရနိမ္မာနဝါဒနိဂ္ဂဟော နိဋ္ဌိတော။

## အဟေတုကဝါဒနိဂ္ဂဟ

၃။ (က) တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ အဟေတုအပစ္စယာ"တိ၊ တျာဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ "သစ္စံ ကိရ တုမှေ အာယသ္မန္တော ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော 'ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ အဟေတု အပစ္စယာ'တိ"၊ တေ စ မေ

၁။ .... ဝါစာ (ဆဋ္ဌ)

www.dhammaransi.com



ဇေ ပုဋ္ဌာ "အာမာ"တိ ပဋိဇာနန္တိ။ တျာဟံ ဧဝံဝဒါမိ –

(ခ) "တေနဟာယသ္မန္တော ပါဏာတိပါတိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ အဒိန္နာဒါယိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ အဗြဟ္မစရိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ မုသာဝါဒိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ ပိသုဏာဝါစိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ ဖရုသဝါစိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ သမ္ဖပ္ပလာပိနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ အဘိဇ္ဈာလုနော ဘဝိဿန္တိ အဟေတုအပစ္စယာ၊ ဗျာပန္နစိတ္တာ ဘဝိဿန္တိ အဟေတုအပစ္စယာ၊ မိစ္ဆာဒိဋ္ဌိကာ ဘဝိဿန္တိ အဟေတုအပစ္စယာ"တိ။

(ဂ) အဟေတုအပစ္စယံ ခေါ ပန ဘိက္ခဝေ သာရတော ပစ္စာဂစ္ဆတံ န ဟောတိ ဆန္ဒော ဝါ ဝါယာမော ဝါ "ဣဒံ ကရဏီယံ ဣဒံ အကရဏီယ"န္တိ။

(ဃ) ဣတိ ကရဏီယာကရဏီယေ ခေါ ပန ဘိက္ခဝေ သစ္စတော ထေတတော အနုပလဗ္ဘိယမာနေ မုဋ္ဌဿတီနံ အနာရက္ခာနံ ဝိဟရတံ န ဟောတိ ပစ္စတ္တံ သဟဓမ္မိကော သမဏဝါဒေါ။

(င) အယံ ခေါ ဘိက္ခဝေ တေသု သမဏဗြာဟ္မဏေသု ဧဝံဝါဒီသု ဧဝံဒိဋ္ဌီသု တတိယော သဟဓမ္မိကော နိဂ္ဂဟော ဟောတိ။

အဟေတုကဝါဒနိဂ္ဂဟော နိဋ္ဌိတော။

[အင်္ဂုတ္တိုရ် ပါဠိတော် တိကနိပါတ် တိတ္ထာယတနသုတ် နှာ–၁၈၄–၆]

## ဝါဒနိဂ္ဂဟာနိဿယ
## ဒိဋ္ဌိ ၃–မျိုး

ဘိက္ခဝေ၊ ရဟန်းတို့။ တိတ္ထာယတနာနိ၊ တိတ္ထိတို့၏ဖြစ်ပွားရာတို့သည်။ ဣမာနိ တီဏိ၊ ဤဆိုလတ္တံ့သော သုံးပါးတို့တည်း။ ။ ယာနိ၊ အကြင်တိတ္ထိဖြစ်ကြောင်း ၃–ပါးတို့သည်။ ပဏ္ဍိတေဟိ၊ ပညာရှိသော သူတို့သည်။ သမနုယုဉ္ဇိယမာနာနိ၊ ကောင်းစွာစိစစ်အပ်ကုန်သည်ရှိသော်။ သမနုဂါဟိယမာနာနိ၊ ကောင်းစွာသက်ဝင်

www.dhammaransi.com



စူးစမ်းအပ်ကုန်သည်ရှိသော်။ သမနုဘာသိယမာနာနိ၊ ကောင်းစွာဆွေးနွေးပြောဆို အပ်သည်ရှိသော်။ ပရံပိ ဝါ၊ အတိုင်းထက်အလွန်သို့လည်း၊ ဂန္တွာ၊ ရောက်၍။ အကိရိယာယ၊ အကိရိယဒိဋ္ဌိဖြစ်ရန်အလို့ငှါ။ ဝါ– တစ်စုံတစ်ခု ပြုဖွယ်မထား အလကားနေရန်အလို့ငှါ။ သဏ္ဌဟန္တိ၊ တည်ကုန်၏။

တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား–

## ပုဗ္ဗေကတဟေတုဒိဋ္ဌိ

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာလျှင် ဖြစ်၏။ ဧဝံဝါဒိနော– ဤသို့သာ ပြောဆိုဟောကြားလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏဟူ၍ ဝန်ခံကြကုန်သော သူတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤကား ပုဗ္ဗေကတဟေတု ဒိဋ္ဌိဝါဒတည်း။

## ဣဿရနိမ္မာနဟေတုဒိဋ္ဌိ

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ ဣဿရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်ဖြစ်၏။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဆိုဟောကြား လေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏဟူ၍ ဝန်ခံကြကုန်သော

www.dhammaransi.com



သူတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤကား ဣဿရနိမ္မာနဟေတုဒိဋ္ဌိဝါဒတည်း။

## အဟေတုအပစ္စယဒိဋ္ဌိ

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ အဟေတုအပစ္စယာ၊ ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းမဖက် သက်သက်အလိုအလျောက် ဖြစ်ပေ၏။ ဧဝံဝါဒိနော၊ ဤသို့သော ပြောဆို ဟောကြားလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သော ထင်မြင်မှတ်ယူလေ့ရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏဟူ၍ ဝန်ခံကြကုန်သော သူတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤကား အဟေတုအပစ္စယ ဝါဒတည်း။

**ဝါဒတိကသမုဒ္ဒေသော၊ တိတ္ထိဝါဒသုံးပါးကို အကျဉ်းအားဖြင့် ညွှန်ပြကြောင်း ဖြစ်သော စကားရပ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။**

## ပုဗ္ဗေကတဟေတုဝါဒကို နှိပ်နင်းခြင်း

၁။ (က) တတြ၊ ထိုဝါဒ ၃-ပါးတို့တွင်။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှုအလုံးစုံသည်။ ပုဗ္ဗေကတဟေတူတိ၊ ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာလျှင် ဖြစ်၏ဟူ၍။ ဧဝံဝါဒိနော၊ ဤသို့သော ပြောဆိုဟောကြားလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သော ထင်မြင် မှတ်ယူလေ့ရှိကုန်သော။ ယေ တေ သမဏဗြာဟ္မဏာ၊ အကြင် ရဟန်းပုဏ္ဏား တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုပုဗ္ဗေကတဟေတု အယူဝါဒရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အဟံ၊ ငါဘုရားသည်။ ဧဝံဒါမိ၊

www.dhammaransi.com



ဤသို့ ပြောကြားမြွက်ဆိုပေ၏။

**ဆိုတော်မူဟန်ကား –**

အာယသ္မန္တော၊ ငါ့ရှင်တို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ ပုဗ္ဗေကတဟေတူတိ၊ ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာလျှင် ဖြစ်၏ဟူ၍။ တုမှေ၊ သင်တို့သည်။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဆိုဟောကြားလေ့ရှိကုန်သည်။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သည်။ သစ္စံ ကိရ၊ မှန်ကြကုန်သလော။ ဧဝံ၊ ဤသို့။ မေ၊ ငါဘုရားသည်။ ပုဋ္ဌာ၊ မေးမြန်းစုံစမ်းအပ်ကုန်သည်ရှိသော။ တေ စ၊ ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိအယူရှိသော သူတို့ကလည်း။ အာမာတိ၊ ဩော်– ဟုတ်ပါကုန်၏ဟူ၍။ ပဋိဇာနန္တိ၊ ဝန်ခံကြကုန်၏။ တေ၊ ထိုဒိဋ္ဌိတို့ကို။ အဟံ၊ ငါဘုရားသည်။ ဧဝံ ဝဒါမိ၊ ဤသို့ ဆိုပြန်၏။

**တစ်ဖန် ဆိုတော်မူဟန်ကား –**

(ခ) တေန ဟိ၊ ထိုသို့ သင်တို့အယူမှန်ပါတပြီးကား။ ပုဗ္ဗကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ ပါဏာတိပါတိနော၊ သူ့အသက်ကို သတ်လေ့ရှိသောသူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ အဒိန္နာဒါယိနော၊ သူ့ဥစ္စာကို ခိုးလေ့ရှိသော သူခိုးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ အဗြဟ္မစာရိနော၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ မုသာဝါဒိနော၊ မမှန်ယွင်းပါး မုသားကို ဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ ပိသုဏာဝါစိနော၊ ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန် လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ ဖရုသဝါစိနော၊ ယုတ်မာ ကြမ်းတမ်းသောစကားကို ပြောဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊

www.dhammaransi.com



ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ သမ္ဖပ္ပလာပိနော၊ ပြိန်ဖျင်းပေါ့ပျက်သောစကားကို ဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ အဘိဇ္ဈာလုနော၊ ငြူစူစောင်းမြောင်း လေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ ဗျာပန္နစိတ္တာ၊ သူတစ်ပါးကို ညှဉ်းပန်းလိုသော စိတ်ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပုဗ္ဗေကတဟေတု၊ ရှေးကပြုခဲ့ဖူးသော ကံကြောင့်။ မိစ္ဆာဒိဋ္ဌိကာ၊ မှားသောအယူရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ငါဘုရား ဆိုတော်မူ၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်။ ပုဗ္ဗေကတံ၊ ရှေးကကံကို သာလျှင်။ သာရတော၊ အမြတ်တနိုး အားကိုးတစ်ခု အမှန်ပြုသဖြင့်။ ပစ္စာဂစ္ဆတံ၊ ယုံကြည်စွဲလမ်းကြကုန်သော သူတို့အား။ ဣဒံ၊ ဤအမှုကိစ္စကို။ ကရဏီယံ၊ မချွတ်ပြုထိုက်၏။ ဣဒံ၊ ဤအမှုကိစ္စကို။ အကရဏီယံ၊ မပြုထိုက် မပြုသင့်။ ဣတိ၊ ဤသို့။ ဆန္ဒော ဝါ၊ အာသာဆန္ဒသည်လည်းကောင်း၊ ဝါယာမော ဝါ၊ စွမ်းအင်လုံ့လဝီရိယသည်လည်းကောင်း။ န ဟောတိ၊ မဖြစ်ပေါ်နိုင်။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်။ ဣတိ၊ ဤသို့။ ကရဏီယာ ကရဏီယေ၊ ပြုသင့်သည်ကိုပြု မပြုသင့်သည်မှ ရှောင်ကြဉ်မှုကို။ သစ္စတော၊ မှန်ကန်သောအားဖြင့်။ ထေတတော၊ ခိုင်မြဲသောအားဖြင့်။ အနုပလဗ္ဘိယမာနေ၊ မရအပ်သည်ရှိသော်။ မုဋ္ဌဿတီနံ၊ သတိလွတ်ကင်း ချွတ်ယွင်းတိမ်းပါးကြကုန် လျက်။ အနာရက္ခာနံ၊ အစောင့်အရှောက် မရှိကြကုန်ပဲ။ ဝိဟရတံ၊ နေကြကုန်သော သူတို့အား။ ပစ္စတ္တံ၊ အသီးအသီး။ သဟဓမ္မိကော၊ တရားနှင့်တကွဖြစ်သော။ ဝါ၊ တရားနှင့်လျော်သော။ သမဏဝါဒေါ၊ ကိလေသာကို ငြိမ်းအေးစေနိုင်သော သူတော်သူမြတ်တို့၏ အယူဝါဒသည်။ န ဟောတိ၊ မဖြစ်ပေါ်လာနိုင်။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ခေါ၊ ဤသို့ ပြောဆိုနှိပ်နင်းခြင်းသည်။ ဧဝံ ဝါဒီသု၊ ဤသို့ ပုဗ္ဗေကတဟေတုဝါဒ ရှိကုန်သော။ ဧဝံ ဒိဋ္ဌီသု၊ ဤသို့ ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူရှိကုန်သော။ သမဏဗြာဟ္မဏေသု၊ ရဟန်းပုဏ္ဏားတို့၌။ ပဌမော၊ ရှေးဦးစွာသော။ သဟဓမ္မိကော၊ အကြောင်းနှင့်တကွဖြစ်သော။ နိဂ္ဂဟော၊

www.dhammaransi.com



နှိပ်နင်းခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

**ပုဗ္ဗေကတဝါဒနိဂ္ဂဟော၊ ပုဗ္ဗေကတဝါဒ အယူရှိသော သူတို့ကို နှိပ်နင်းခြင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

## ဣဿရနိမ္မာနဝါဒကို နှိပ်နင်းခြင်း

၂။ (က) ဘိက္ခဝေ၊ ရဟန်းတို့။ တတြ၊ ထိုဆိုခဲ့ပြီးသော ဝါဒ ၃-မျိုးတို့တွင်။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါ ပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှုအလုံးစုံသည်။ ဣဿရနိမ္မာနဟေတုတိ၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့် ဖြစ်၏ဟူ၍။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဆိုဟောကြားလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သော။ ယေ တေ သမဏဗြာဟ္မဏာ၊ အကြင်ရဟန်း ပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏။ တော၊ ထိုဣဿရနိမ္မာနဟေတု အယူရှိကုန်သော သူတို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အဟံ၊ ငါဘုရားသည်။ ဧဝံဝဒါမိ၊ ဤသို့ပြောကြားမြွက်ဆိုပေ၏။

**ဆိုတော်မူဟန်ကား –**

အာယသ္မန္တော၊ ငါ့ရှင်တို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ ဣဿရနိမ္မာနဟေတုတိ၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့် ဖြစ်၏ဟူ၍။ တုမှေ၊ သင်တို့သည်။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဆိုဟောကြားလေ့ရှိကုန်သည်။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သည်။ သစ္စံ ကိရ၊ မှန်ကြကုန်သလော။ ဧဝံ၊ ဤသို့၊ မေ၊ ငါဘုရားသည်။ ပုဋ္ဌာ၊ မေးမြန်းစုံစမ်းအပ်ကုန်သည်ရှိသော်။ တေ စ၊

www.dhammaransi.com



ထိုက္ကသာရနိမ္မာန အယူရှိသော သူတို့ကလည်း။ အာမာတိ၊ ဩော် – ဟုတ်ပါကုန်၏ဟူ၍။ ပဋိဇာနန္တိ၊ ဝန်ခံကြကုန်၏။ တေ၊ ထိုဒိဋ္ဌိတို့ကို။ အဟံ၊ ငါဘုရားသည်။ ဧဝံ ဝဒါမိ၊ ဤသို့ ဆိုပြန်၏။

**တစ်ဖန် ဆိုတော်မူဟန်ကား –**

(ခ) အာယသ္မန္တော၊ ငါ့ရှင်တို့။ တေန ဟိ၊ ထိုသို့ သင်တို့အယူမှန်ပါတပြီးကာ။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရားဖန်ဆင်းထားမှုကြောင့်။ ပါဏာတိပါတိနော၊ သူ့အသက်ကို သတ်လေ့ရှိသောသူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ အဒိန္နာဒါယိနော၊ သူ့ဥစ္စာကို ခိုးလေ့ရှိသော သူခိုးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ အဗြဟ္မစာရိနော၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ မုသာဝါဒိနော၊ မမှန်ယွင်းပါး မုသားကို ဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ ပိသုဏာဝါစိနော၊ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ ဖရုသဝါစိနော၊ ယုတ်မာကြမ်းတမ်းသော စကားကို ပြောဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ သမ္ဖပ္ပလာပိနော၊ ပြိန်ဖျင်းပေါ့ပျက်သော စကားကိုဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ အဘိဇ္ဈာလုနော၊ ပြုစုစောင်းမြောင်းလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ က္ကသာရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှုကြောင့်။ ဗျာပန္နစိတ္တာ၊ သူတစ်ပါးကို

www.dhammaransi.com



ညှဉ်းပန်းလိုသော စိတ်ရှိသောသူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တ္တေဿရနိမ္မာနဟေတု၊ လောကကိုအစိုးရသူ ပရမေသွာ, ဗြဟ္မာ, ဘုရား ဖန်ဆင်းထားမှု ကြောင့်။ မိစ္ဆာဒိဋ္ဌိကာ၊ အယူမှားသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တ္တတိ၊ ဤသို့ ငါဘုရားဆိုတော်မူ၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့၊ ခေါ ပန၊ စင်စစ်။ တ္တေဿရနိမ္မာနံ၊ တ္တေဿရနိမ္မာန ဝါဒကိုသာလျှင်။ သာရတော၊ အမြတ်တနိုး အားကိုးတစ်ခု အမှန် ပြုသဖြင့်။ ပစ္စာဂစ္ဆတံ၊ ယုံကြည်စွဲလမ်းကြကုန်သော သူတို့အား။ တ္တဒံ၊ ဤအမှုကိစ္စကို။ ကရဏီယံ၊ မချွတ်ပြုထိုက်၏။ တ္တဒံ၊ ဤအမှုကိစ္စကို။ အကရဏီယံ၊ မပြုထိုက် မပြုသင့်။ တ္တတိ၊ ဤသို့။ ဆန္ဒော ဝါ၊ အာသာဆန္ဒကို လည်းကောင်း။ ဝါယာမော ဝါ၊ စွမ်းအင်လုံ့လ ဝီရိယသည်လည်းကောင်း။ န ဟောတိ၊ မဖြစ်ပေါ်နိုင်။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်။ တ္တတိ၊ ဤသို့။ ကရဏီယာ ကရဏီယေ၊ ပြုသင့်သည်ကိုပြု မပြုသင့်သည်မှ ရှောင်ကြဉ်မှုကို။ သစ္စတော၊ မှန်ကန်သောအားဖြင့်။ ထေတတော၊ ခိုင်မြဲသောအားဖြင့်။ အနုပလဗ္ဘိယမာနေ၊ မရအပ်သည်ရှိသော်။ မုဋ္ဌဿတီနံ၊ သတိလက်လွတ် ချွတ်ယွင်း တိမ်းပါးကြကုန်လျက်။ အနာရက္ခာနံ၊ အစောင့်အရှောက် မရှိကြကုန်ပဲ။ ဝိဟရတံ၊ နေကြကုန်သော သူတို့အား။ ပစ္စတ္တံ၊ အသီးသီး။ သဟဓမ္မိကော၊ တရားနှင့်တကွ ဖြစ်သော။ ဝါ၊ တရားနှင့်လျော်သော။ သမဏဝါဒေါ၊ သူတော်သူမြတ်တို့၏ အယူဝါဒသည်။ န ဟောတိ၊ မဖြစ်နိုင်။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ခေါ၊ ဤသို့ ပြောဆိုနှိပ်နင်းခြင်းသည်။ ဧဝံဝါဒီသု၊ ဤသို့ တ္တေဿရနိမ္မာနဝါဒရှိကုန်သော။ ဧဝံဒိဋ္ဌိသု၊ ဤသို့ တ္တေဿရနိမ္မာန အယူရှိကုန်သော။ သမဏဗြာဟ္မဏေသု၊ ရဟန်းပုဏ္ဏားတို့၌။ ဒုတိယော၊ နှစ်ခု မြောက်သော။ သဟဓမ္မိကော၊ အကြောင်းနှင့်တကွဖြစ်သော။ နိဂ္ဂဟော၊ နှိပ်နင်း ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**တ္တေဿရနိမ္မာနဝါဒနိဂ္ဂဟော၊ တ္တေဿရနိမ္မာနဝါဒကို နှိပ်နင်းခြင်းသည်။**
**နိဋ္ဌိတော၊ ပြီးပြီ။**

မိခင်ရောဝတီ

www.dhammaransi.com



## အဟေတုကဝါဒကို နှိပ်နင်းခြင်း

၃။ (က) ဘိက္ခဝေ၊ ရဟန်းတို့။ တတြ၊ ထိုဆိုခဲ့ပြီးသော ဝါဒ ၃-မျိုးတို့တွင်။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှုအလုံးစုံသည်။ အဟေတုအပစ္စယာတိ၊ အကြောင်းမရှိဘဲ ဖြစ်၏ဟူ၍။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဟောလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သော။ ယေ တေ သမဏဗြာဟ္မဏာ၊ အကြင်ရဟန်း ပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအဟေတုအပစ္စယ အယူရှိကုန်သော သူတို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အဟံ၊ ငါဘုရားသည်။ ဧဝံ ဝဒါမိ၊ ဤသို့ ဆိုပေ၏။

**ဆိုတော်မူဟန်ကား -**

အာယသ္မန္တော၊ ငါ့ရှင်တို့။ အယံ ပုရိသပုဂ္ဂလော၊ ဤသတ္တဝါပုဂ္ဂိုလ်စုသည်။ ယံ ကိဉ္စိ၊ အလုံးစုံသော။ သုခံ ဝါ၊ ချမ်းသာမှု သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ လျစ်လျူသဘောရှိသော ဥပေက္ခာဝေဒနာကိုလည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ သဗ္ဗံ၊ ထိုခံစားမှု အလုံးစုံသည်။ အဟေတုအပစ္စယာတိ၊ အကြောင်းမရှိဘဲ ဖြစ်၏ဟူ၍။ တုမှေ၊ သင်တို့သည်။ ဧဝံဝါဒိနော၊ ဤသို့သာ ပြောဆိုဟောကြားလေ့ရှိကုန်သည်။ ဧဝံဒိဋ္ဌိနော၊ ဤသို့သာ ထင်မြင်မှတ်ယူလေ့ရှိကုန်သည်။ သစ္စံ ကိရ၊ မှန်ကန်သလော။ ဧဝံ၊ ဤသို့။ မေ၊ ငါဘုရားသည်။ ပုဋ္ဌာ၊ မေးမြန်းစုံစမ်းအပ်ကုန်သည်ရှိသော်။ တေ စ၊ ထိုအဟေတုအပစ္စယအယူရှိသော သူတို့ကလည်း။ အာမာတိ၊ ဩော်- ဟုတ်ပါကုန်၏ဟူ၍။ ပဋိဇာနန္တိ၊ ဝန်ခံကြကုန်၏။ တေ၊ ထိုဒိဋ္ဌိတို့ကို။ အဟံ၊ ငါဘုရားသည်။ ဧဝံ ဝဒါမိ၊ ဤသို့ ဆိုပြန်၏။

www.dhammaransi.com



**တစ်ဖန် ဆိုတော်မူဟန်ကား –**

(ခ) အာယသ္မန္တော၊ ငါ့ရှင်တို့၊ တေန ဟိ၊ ထိုသို့ သင်တို့အယူမှန်ပါတပြီးကား။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ ပါဏာတိပါတိနော၊ သူ၏အသက်ကို သတ်လေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ အဒိန္နာဒါယိနော၊ သူ့ဥစ္စာကို ခိုးလေ့ရှိသော သူခိုးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ အဗြဟ္မစာရိနော၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ မုသာဝါဒိနော၊ မမှန်ယွင်းပါး မုသားကို ဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်း တစ်ခုမျှမရှိဘဲ။ ပိသုဏာဝါစိနော၊ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုလေ့ ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်း တစ်ခုမျှမရှိဘဲ။ ဖရုသဝါစိနော၊ ယုတ်မာကြမ်းတမ်းသော စကားကို ပြောဆိုလေ့ ရှိသောသူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်း တစ်ခုမျှမရှိဘဲ။ သမ္ဖပ္ပလာပိနော၊ ပြိန်ဖျင်းပေါ့ပျက်သော စကားကို ဆိုလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်း တစ်ခုမျှမရှိဘဲ။ အဘိဇ္ဈာလုနော၊ ငြူစူစောင်းမြောင်းလေ့ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ ဗျာပန္နစိတ္တာ၊ သူတစ်ပါးကို ညှဉ်းပန်းလိုသော စိတ်ရှိသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အဟေတု အပစ္စယာ၊ အကြောင်းတစ်ခုမျှမရှိဘဲ။ မိစ္ဆာဒိဋ္ဌိနော၊ အယူမှားသော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ငါဘုရား ဆိုတော်မူ၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်။ အဟေတု အပစ္စယံ၊ အဟေတု အပစ္စယဝါဒကို။ သာရတော၊ အမြတ်တနိုး အားကိုးတစ်ခု အမှန်ပြုသဖြင့်။ ပစ္စာဂစ္ဆတံ၊ ယုံကြည်ကုန်သော သူတို့အား။ ဣဒံ၊ ဤအမှုကိစ္စကို။ ကရဏီယံ၊ မချွတ်ပြုထိုက်၏။ ဣဒံ၊ ဤအမှုကိစ္စကို။ အကရဏီယံ၊

www.dhammaransi.com



မပြုထိုက် မပြုသင့်။ ကုသတိ။ ဤသို့။ ဆန္ဒော ဝါ၊ အာသာဆန္ဒသည် လည်းကောင်း၊ ဝါယာမော ဝါ၊ စွမ်းအင်လုံ့လဝီရိယသည်လည်းကောင်း။ န ဟောတိ၊ မဖြစ်ပေါ်လာနိုင်။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်။ ကုသတိ၊ ဤသို့။ ကရဏီယာ ကရဏီယေ၊ ပြုသင့်သည်ကိုပြု မပြုသင့်သည်မှ ရှောင်ကြဉ်မှုကို။ သစ္စတော၊ မှန်ကန်သောအားဖြင့်။ ထေတတော၊ ခိုင်မြဲသောအားဖြင့်။ အနုပလဗ္ဘိယမာနေ၊ မရအပ်သည်ရှိသော်။ မုဋ္ဌဿတီနံ၊ သတိလွတ်ကင်း ချွတ်ယွင်းတိမ်းပါး ကြကုန်လျက်။ အနာရက္ခာနံ၊ အစောင့်အရှောက် မရှိကြကုန်ဘဲ။ ဝိဟရတံ၊ နေကြကုန်သော သူတို့အား၊ ပစ္စတ္တံ၊ အသီးအသီး။ သဟဓမ္မိကော၊ တရားနှင့်တကွဖြစ်သော။ ဝါ၊ တရားနှင့်လျော်သော။ သမဏဝါဒေါ၊ သူတော်သူမြတ်တို့၏ အယူဝါဒသည်။ န ဟောတိ၊ မဖြစ်ပေါ်လာနိုင်။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ခေါ၊ ဤသို့ ပြောဆိုနှိပ်နင်းခြင်းသည်။ ဧဝံဝါဒီသု၊ ဤသို့ အပစ္စယဝါဒရှိကုန်သော။ သမဏဗြာဟ္မဏေသု၊ ရဟန်းပုဏ္ဏားတို့တွင်။ တတိယော၊ သုံးခုမြောက်သော။ သဟဓမ္မိကော၊ အကြောင်းနှင့်တကွဖြစ်သော။ နိဂ္ဂဟော၊ နှိပ်နင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**အဟေတုကဝါဒနိဂ္ဂဟော၊ အဟေတုကဝါဒကို နှိပ်နင်းခြင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

**တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၏ နိဿယ ပြီးပြီ။**

✳ ✳ ✳

## ဒိဋ္ဌိ ၃ – ပါး

ဤလောက၌ မှားယွင်းချွတ်ချော်သော အမြင်ရှိသော ဒိဋ္ဌိတို့သည် သုံးပါး ရှိကုန်၏။ သုံးပါး ဆိုသည်ကား–

၁။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိ၊

၂။ ဣဿရနိမ္မာနဟေတု ဒိဋ္ဌိ၊

၃။ အဟေတုအပစ္စယ ဒိဋ္ဌိ။

မိခင်ရေဝတီ

www.dhammaransi.com



## ပုဗ္ဗေကတဟေတုဒိဋ္ဌိမျိုး

ဤသုံးပါးတို့တွင် အကြင်ရဟန်းပုဏ္ဏားတို့သည် ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကြကုန်၏။ ဤလောက၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ချမ်းသာမှု သုခကိုလည်းကောင်း၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ ချမ်းသာလည်း မဟုတ်, ဆင်းရဲလည်းမဟုတ်သော ဉပေက္ခာဝေဒနာကိုလည်းကောင်း ခံစားကြရကုန်၏။ ထိုသို့သော အလုံးစုံခံစားရမှု ဟူသမျှသည် ရှေးရှေးသော ဘဝတို့က ပြုခဲ့ဖူးသော အကြောင်းသက်သက်ကြောင့်သာ ဖြစ်၏။ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကုန်၏။ ဤအယူဝါဒသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒ မည်၏။

## ဣဿရနိမ္မာနဟေတုဒိဋ္ဌိမျိုး

အကြင်ရဟန်းပုဏ္ဏားတို့သည် ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကြကုန်၏။ ဤလောက၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ချမ်းသာမှုသုခကိုလည်းကောင်း၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ ချမ်းသာ, ဆင်းရဲမဟုတ်သော ဉပေက္ခာဝေဒနာကိုလည်းကောင်း ခံစားကြရကုန်၏။ ထိုသို့သော အလုံးစုံ ခံစားရမှုဟူသမျှသည် လောကကို အစိုးရသော ဣဿရအရှင် ဖန်ဆင်းမှုကြောင့်သာ ဖြစ်၏။ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကြကုန်၏။ ဤအယူဝါဒသည် ဣဿရနိမ္မာနဟေတုဒိဋ္ဌိဝါဒ မည်၏။

## အဟေတုအပစ္စယဒိဋ္ဌိမျိုး

အကြင်ရဟန်း ပုဏ္ဏားတို့သည် ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကြကုန်၏။ ဤလောက၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ချမ်းသာမှု သုခကိုလည်းကောင်း၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ ချမ်းသာ, ဆင်းရဲမဟုတ်သော ဉပေက္ခာဝေဒနာကိုလည်းကောင်း ခံစားကြရကုန်၏။ ထိုသို့သော အလုံးစုံ ခံစားမှုဟူသမျှသည် တစ်စုံတစ်ခုသော ဇနကဟိတ်အကြောင်း ဉပတ္ထမ္ဘကပစ္စည်းအကြောင်း ဟူ၍မရှိ၊ ပကတိအလိုလိုသာ ဖြစ်၏။ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိကြကုန်၏။ ဤအယူဝါဒသည် အဟေတုအပစ္စယဒိဋ္ဌိဝါဒ မည်၏။

www.dhammaransi.com



ဤဝါဒ ၃–မျိုးကား အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဒုတိယပဏ္ဏာသက ဒုတိယဝဂ် အစဆုံးသုတ်၌ လာ၏။ ပညာသနိပါတ် မဟာဗောဓိပရိဗ္ဗာဇက ဇာတ်၌လည်း ဤဝါဒများလာ၏။ ဣဿရနိမ္မာနဝါဒကို ဣဿရကာရဏဝါဒ ဟူ၍လည်းကောင်း၊ ဣဿရကုတ္တိဝါဒဟူ၍လည်းကောင်း အချို့နေရာ၌ လာ၏။ ဤဝါဒ ၃–မျိုးကို အနည်းနည်းအားဖြင့် နှိပ်နင်းတော်မူ၍ မြတ်စွာဘုရားသည် သတ္တဝါအများတို့အား လမ်းမှန်ကြအောင် ဆုံးမဟောကြားတော်မူ၏။ ထိုကြောင့် ဤဝါဒ ၃–ပါးတို့ကို နှိပ်နင်းရာ နှိပ်နင်းကြောင်း စကားရပ်ကို အစဉ်အတိုင်း ပြဆိုအံ့။

✣ ✣ ✣

## ပုဗ္ဗေကတဟေတု ဝါဒနိဂ္ဂဟ
## ရှေးကံကြောင့်သာဟု ယုံမှတ်ပုံ

ပုဗ္ဗေကတဟေတုဝါဒ၌ ပုဂ္ဂိုလ်သတ္တဝါတို့သည် အလုံးစုံသော ချမ်းသာမှု, ဆင်းရဲမှု, ချမ်းသာဆင်းရဲမဟုတ်သော လျစ်လျူရှုမှုကို ခံစားကြရကုန်၏။ ထိုမှ တစ်ပါးသော လောက၌ထင်ရှားရှိကုန်သော အယုတ်, အမြတ်, မိုက်မှု, လိမ္မာမှု, ပြည့်စုံမှု, အစိုးမရမှု အစရှိကုန်သော အရာဌာနအမျိုးမျိုးတို့ကိုလည်း ခံစား တွေ့ကြုံကြရကုန်၏။ ထိုသို့ အမျိုးမျိုးသော သုခ, ဒုက္ခ, သမ္ပတ္တိ, ဝိပတ္တိမှုတို့ကို ခံစားတွေ့ကြုံရမှုသည် ရှေးရှေးဘဝတို့က မိမိတို့ပြုခဲ့ဖူးသော ကံ၏အစွမ်းကြောင့် သာလျှင် ဖြစ်၏။ တစ်စုံတစ်ယောက်သောအရှင် ဖန်ဆင်းမှုကြောင့်ဖြစ်သည်လည်း မဟုတ်၊ ပစ္စုပ္ပန်ဘဝ၌ ယောကျ်ားတော်တကာတို့ ပြုအပ်သော လုံ့လပယောဂ ကြောင့် ဖြစ်သည်လည်း မဟုတ်၊ အကြောင်းကင်း၍ ဖြစ်သည်လည်း မဟုတ်၊ ဤသို့ ပစ္စုပ္ပန်ဘဝ၌ရှိသော အကြောင်းစုကို ပယ်မြစ်ဟန့်တား၏။ ထိုအယူဝါဒ သည် အကြောင်းအကျိုးမသင့် တစ်ဖြင့်တစ်ပါး ယွင်းမှားသောအယူဖြစ်၍ ဒိဋ္ဌိဝါဒ မည်လေသည်။

အကယ်၍ ထိုပုဗ္ဗေကတဟေတုဝါဒသည် မှန်ကန်ခိုင်မြဲခဲ့သည်ဖြစ်၍၊ ဤလောက၌ သူ့အသက်ကိုသတ်လေ့ရှိသော သူတို့သည် ရှေးကကံအတွက်ကြောင့်

www.dhammaransi.com



သာလျှင် သူ၏အသက်ကို သတ်ကြရကုန်၏။ အကြင်မျှလောက် ကာလပတ်လုံး ရှေးကမိမိပြုခဲ့ဖူးသော ကံသည် သုစရိုက်မှုတို့ကို ပြုလုပ်ရန် စီမံတိုက်တွန်းဆဲ ဖြစ်၏။ ထိုမျှလောက် ကာလပတ်လုံး သုစရိုက်မှုနှင့် ပြည့်စုံကြကုန်လျက် ရဟန်း ပုဏ္ဏားတို့ဖြစ်၍ နေကြကုန်၏။

အကြင်အခါ၌မူကား ရှေးကပြုခဲ့သော ကံသည် အကုသိုလ်ဒုစရိုက်မှုတို့ကို ပြုရန် တိုက်တွန်း၏။ ထိုအခါ၌မူကား ထိုရဟန်းပုဏ္ဏားတို့သည် ထိုရှေးကံ၏ အတွက်ကြောင့် သူ၏အသက်ကို သတ်ကြကုန်၏။ သူ၏ဥစ္စာကို ခိုးယူကြရကုန်၏။ မမြတ်သော မေထုန်အကျင့်ကို ကျင့်ကြရကုန်၏။ မုသားဆိုကြရကုန်၏။ ကုန်းတိုက်ကြရကုန်၏။ ဖရုသဝါစာကို ပြောဆိုကြရကုန်၏။ အကျိုးမရှိ ပြိန်ဖျင်း ပေါ့ပျက်သော စကားကို ပြောဆိုကြရကုန်၏။ ငြူစူစောင်းမြောင်းကြရကုန်၏။ သူတစ်ပါးကို ညှဉ်းပန်းလိုသော စိတ်ရှိကြရကုန်၏။ မှားသောအယူကို ယူကြရကုန်၏။

ဤသို့ ကောင်းမှု, မကောင်းမှု အလုံးစုံသည် ရှေးကံ၏အတွက်ကြောင့်သာလျှင် ဖြစ်သည် စင်စစ်မှန်ခဲ့သည်ရှိသော် လောက၌ သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း၊ အသင့်အတင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ ကျင့်ခြင်းအစရှိကုန်သော တရားတို့သည် သူတော်ကောင်းပညာရှိ ဖြစ်ကြရန် အကြောင်းတို့ပေတည်းဟု လောက၌ ထင်ရှားကုန်၏။ ထိုတရားတို့သည်လည်း အကျိုးမရှိ အလကားတရားတို့သာ ဖြစ်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ သူတော်ကောင်းပညာရှိဖြစ်ရန်, သူမိုက်သူယုတ်ဖြစ်ရန်, အကြောင်းများသည် ရှေးကပြုခဲ့သော ကံလျှင် အကြောင်းရှိ၏။ အခြားတစ်ပါးအကြောင်း မရှိဟု ယုံကြည်ကြသောကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာကျမူကား ဤလောက၌ သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်းစသော တရားတို့ကို ပြုကျင့်သော သူတို့မှ သာလျှင် သမဏ, ဗြာဟ္မဏဟု ဆိုအပ်သော သူတော်ကောင်းအဖြစ်သို့ ရောက်နိုင်ကြကုန်၏။ မပြုမကျင့်ဘဲ နေသောသူတို့မူကား သူတော်ကောင်းအဖြစ်ကို မရောက်နိုင်ကြကုန်။ ဤသို့ ဖြစ်နေမှုများသည် လောက၌ပစ္စက္ခအားဖြင့် အထင်

www.dhammaransi.com



အရှားဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန်ကာလ၌ အားထုတ်ပြုလုပ်ခြင်း ပစ္စုပ္ပန် လုံ့လပယောဂအကြောင်းကို ပယ်သော ပုဗ္ဗေကတဝါဒီပုဂ္ဂိုလ်တို့၏ ပုဗ္ဗေကတဝါဒ အယူကို မိစ္ဆာဝါဒဟု ဆိုအပ်သတည်း။

ဤကား နိဂ္ဂဟတစ်မျိုးတည်း။

## ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် စိတ်ကောင်းဆန္ဒဝီရိယများမဖြစ်နိုင်ပုံ

အကြင်ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေကတဝါဒအယူကို အမြတ်တနိုး အားကိုးကြီး တစ်ခုပြု၍ ယုံကြည်ကြကုန်၏၊ ဤပုဗ္ဗေကတဝါဒသည်သာလျှင် အမှန်ဆုံးဖြစ်၏၊ တစ်ပါးသော အယူဝါဒသည် အချည်းနှီးအလကားအမှားတို့သာတည်း ဟူ၍ မြဲမြံစွာနှလုံးသွင်းကြကုန်၏။ ဤသို့ ပုဗ္ဗေကဝတဝါဒကိုသာ အမြတ်တနိုး အားကိုးတစ်ခုပြု၍ ယုံကြည်ကြသော သူတို့အား အကြင်အမှုကို ငါတို့မချွတ် မပြုသင့် မပြုထိုက်ချေ၊ ထိုအမှုမျိုးကို ငါတို့မပြုဘဲ ရှောင်ကြဉ်ကုန်အံ့ဟူ၍လည်း ကောင်း, စိတ်ထားဆန္ဒ, ဝီရိယမဖြစ်နိုင်ကြကုန်ရာ၊ အဘယ့်ကြောင့်နည်းဟူမူ ပြုထိုက်သည်ကို ပြုခြင်း, မပြုထိုက်သည်ကို မပြုဘဲ ရှောင်ကြဉ်ခြင်းများသည် ရှေးကံသာလျှင် အကြောင်းရှိ၏။ ရှေးကံကြောင့်သာလျှင် ဖြစ်၏။ စိတ်ထားဆန္ဒ, ဝီရိယတို့ကြောင့် ဖြစ်သည်မဟုတ်ဟု ယုံကြည်ကြသောကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာကျမှုကား ဤလောက၌ ကုသိုလ်ဆန္ဒ သမ္မာဝါယာမ တို့ ရှိကုန်မှသာလျှင် ပြုကျင့်သည်ကိုပြုခြင်း, မပြုသင့်သည်မှ ရှောင်ကြဉ်ခြင်းများ ဖြစ်မြောက်ပြီးစီးနိုင်၏။ ကုသိုလ်ဆန္ဒ, သမ္မာဝါယာမတို့မရှိခဲ့လျှင် မဖြစ်မြောက် မပြီးစီးနိုင်ချေ။ ဤသို့ဖြစ်နေမှုများသည် လောက၌ ပစ္စက္ခအားဖြင့်ပင် ထင်ရှား လှ၏။ ထို့ကြောင့် အလုံးစုံပစ္စုပ္ပန်အကြောင်းဖြစ်သော လုံ့လပယောဂ စိတ်ဆန္ဒ တို့ကိုပယ်၍ ရှေးကံကိုသာလျှင် အမြဲယုံကြည်သော သူတို့၏ဝါဒကို မိစ္ဆာဝါဒဟု သိအပ်သတည်း။

ဤကား နိဂ္ဂဟတစ်မျိုးတည်း။

www.dhammaransi.com



## ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် သူတော်တရား ပျက်ပြားနိုင်ပုံ

ပြုသင့်ပြုထိုက်သော အမှုကိုပြုခြင်း, မပြုသင့်မပြုထိုက်သော အမှုကို မပြုခြင်း၌ စိတ်ထားဆန္ဒ, ဝီရိယမဖြစ်နိုင်ကြကုန်သည်ရှိသော် ထိုပုဗ္ဗေကတဟေတု ဒိဋ္ဌိတို့အား ပြုသင့်သည်, မပြုသင့်သည်ဟူသော အမှတ်သညာမှ ကင်းကြကုန် သဖြင့် ပြုသင့် ပြုထိုက်သော သုစရိုက်မှုကို မပြုဘဲနေခြင်း၊ မပြုသင့်မပြုထိုက်သော ဒုစရိုက်မှုကို ပြုခြင်းအမှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ ပုဗ္ဗေကတဝါဒကိုသာ မြဲစွာယူ၍ သတိလွတ်ကင်းလျက် အစောင့်အရှောက်မရှိဘဲ နေကြကုန်သော သူတို့အား တရားနှင့်လျော်သော သမဏဝါဒမဖြစ်နိုင်ကြကုန်ရာ၊ ပြုသင့်ပြုထိုက် သောအမှုကို ပြည့်စုံစွာ ပြုလေ့ရှိသောကြောင့်လည်းကောင်း၊ မပြုသင့်သောအမှုကို ဝေးစွာရှောင် ကြဉ်လေ့ရှိသောကြောင့်လည်းကောင်း၊ လောက၌ သမဏဟူ၍ ခေါ်ဝေါ်ပြောဆိုမှု၊ ဗြာဟ္မဏဟူ၍ ခေါ်ဝေါ်ပြောဆိုမှု၊ သူတော်ကောင်း သူမြတ်ကောင်းဟူ၍ ခေါ်ဝေါ်ပြောဆိုမှုများသည် ရှိ၏။ ထိုပုဗ္ဗေကတဟေတု ဒိဋ္ဌိတို့၏အယူ၌ကား တရားနှင့်လျော်သော ထိုသမဏ, ဗြာဟ္မဏသပ္ပုရိသ ဟူသော ဝေါဟာရဟူသည် မရှိနိုင်၊ ဗြာဟ္မဏသပ္ပုရိသဟူ၍ သမုတ်အပ်ကုန်သော သူတို့၏ ၎င်းပြုသင့် ပြုထိုက်သောအမှု၊ မပြုသင့်မပြုထိုက်သောအမှုကိုစွဲ၍ ထူးထွေဖွယ်မရှိသောကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာကျမှုကား လောက၌ ပြုသင့်ပြုထိုက်သောအမှု၊ မပြုသင့်မပြုထိုက်သောအမှု မည်သည်ရှိ၏။ အကြင်သူတို့သည် ပြုသင့်ပြုထိုက် သော သုစရိုက်မှုကိုလည်း မပြုကြကုန်၊ မပြုသင့်မပြုထိုက်သော ဒုစရိုက်မှုကိုလည်း ပြုလေ့ရှိကုန်၏။ ထိုသူတို့သည် ပကတိမနုဿ မည်ကုန်၏။ အကြင်သူတို့သည် မူကား မြဲမြဲစောင့်ရှောက်သော သတိတရားနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ပြုသင့် ပြုထိုက်သော သုစရိုက်မှုကို ပြည့်စုံစွာ ပြုကြကုန်၏။ မပြုသင့်မပြုထိုက်သော ဒုစရိုက်မှုကို ဝေးစွာရှောင်ကြဉ်ကြကုန်၏။ ထိုသူတို့သည် သမဏ, ဗြာဟ္မဏ, သပ္ပုရိသ မည်ကုန်၏။ ဤသို့ ခွဲခြမ်း၍ယူခြင်းသည် အကြောင်းတရားနှင့် လျော်သော သမဏဝါဒ, ဗြာဟ္မဏဝါဒ မည်၏။ ပုဗ္ဗေကတဒိဋ္ဌိတို့သည်မူကား သတိတရားဖြင့် မြဲစွာစောင့်ရှောက်ခြင်းစသော ပစ္စုပ္ပန်အကြောင်းစုကို ပယ်ရှား၍

www.dhammaransi.com



ရှေးကပြုခဲ့ဖူးသော ပုဗ္ဗေကတကိုသာလျှင် စွဲမြဲယုံကြည်ကြကုန်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ဝါဒကို မိစ္ဆာဝါဒဟု သိအပ်ကုန်သတည်း။

ဤကား နိဂ္ဂဟတစ်မျိုးတည်း။

## ပြုလုပ်ဖွယ်မရှိ အကိရိယဖြစ်နိုင်ပုံ

ဤပုဗ္ဗေကတဟေတု ဒိဋ္ဌိဝါဒကို သေချာစွာ ပညာရှိတို့၏ဉာဏ်ဖြင့် စီစစ်အပ်သည်ရှိသော် လောက၌ရှိရှိသမျှသော အခွင့်ကိစ္စ အရာဌာနတို့ကို မပြုမလုပ်ဘဲ အလကားနေဖို့ရန် အကိရိယဖြစ်ဖွယ်သာ ရှိလေတော့၏။ အဘယ်သို့ အကိရိယဖြစ်ရှိသနည်းဟူမူ ဤပုဗ္ဗေကတဝါဒကို မြဲမြံစွာယူသော သူတို့သည် သူတော်တကာတို့ ပြုအပ်သောအမှု, သူတော်တကာ၏ စွမ်းအင်လုံ့လ ဝီရိယဟူသမျှကို အလုံးစုံ ပယ်ကုန်၏။ ဝီရိယ၏အရာဌာန, ပညာ၏အရာဌာနတို့ကိုလည်း ပယ်ကုန်၏။ ဒိဋ္ဌဓမ္မနှင့်စပ်ယှဉ်သော အကျိုး, တမလွန်နှင့်စပ်ယှဉ်သော သမ္ပရာယိကအကျိုးကိုလည်း မဟုတ်မမှန်ဟု မှတ်ယူစွဲမြဲကုန်၏။ ထိုပုဗ္ဗေကတ ဟေတုဒိဋ္ဌိတို့အား လောက၌ပြုသင့်ပြုထိုက်သော သူတော်တကာတို့၏ အမှုကိစ္စဟူသမျှကို ပြုလုပ်အားထုတ်ရန် ဆန္ဒသည်လည်းကောင်း၊ ဝီရိယသည်လည်းကောင်း မဖြစ်နိုင်ကုန်ရာ။ ဤသို့လျှင် ဤပုဗ္ဗေကတဝါဒသည် အကိရိယဖြစ်ဖွယ် ရှိလေသတည်း။

အကြင်သူတို့သည် ဤပုဗ္ဗေကတဒိဋ္ဌိကိုစွဲလမ်း၍ ကျင့်ကြံလိုက်နာကြကုန်၏။ ထိုသူတို့သည် လောက၌အချည်းနှီး အကျိုးမများ အလကား မောဃ, တုစ္ဆ, နိရတ္ထကတို့သာ ဖြစ်ကုန်ရာ၏။ အမှိုက်, သရိုက်, ဖွဲ, ပြာ, သစ်သား, ထင်းကုလားတုံးတို့နှင့်သာ တူကုန်ရာ၏။ ထို့ကြောင့် ငါတို့၏မြတ်စွာဘုရားသည်လည်း ဤပုဗ္ဗေကတဝါဒကို ကောင်းကောင်းနှိပ်နင်း၍ ပယ်ရှားတော်မူ၏။

## ကမ္မဿကာကို ရှင်းပြခြင်း

ဤနေရာ၌ စကားဝင်ဖွယ်ရှိသည်ကား မြတ်စွာဘုရားသည် ဤပုဗ္ဗေကတဝါဒကို ကောင်းကောင်းကြီး နှိပ်နင်းပယ်ရှား၍ တားမြစ်တော်မူသည် မှန်ခဲ့ငြားအံ့။

www.dhammaransi.com



ထိုသို့ တားမြစ်ရိုးမှန်ခဲ့ပါလျှင် **“ကမ္မသကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ”**–ဟူသော သုဘသုတ်ပါဠိတော်ကို အဘယ်အကျိုးငှါ မြတ်စွာဘုရား ဟောကြားတော်မူပါသနည်း၊ ဤကား စကားဝင်ပုံတည်း။

(၁) ပုဗ္ဗေကတအယူကို ယူလေ့ရှိကုန်သော သူတို့သည်ရှေး၌ပြုခဲ့ဖူးသော အတိတ်ကံသည်သာလျှင် ခပ်သိမ်းသော သတ္တဝါတို့၏ချမ်းသာမှု, ဆင်းရဲမှု၏ အကြောင်းသာတည်းဟူ၍သာ ယုံကြည်ကြကုန်၏။ အလုံးစုံသော ပစ္စုပ္ပန်အကြောင်း ဖြစ်သော ဝီရိယအရာ, ပညာအရာတို့ကို ပယ်ရှားတားမြစ်ကြကုန်၏။ ဤပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒသည် ပစ္စုပ္ပန်အကြောင်းတစ်ဖက်ကို ပစ်ပယ်သောကြောင့် ဧကပက္ခဟီနဝါဒ မည်၏။

(၂) လောကိုအစိုးရသောအရှင် ဖန်းဆင်းမှုကို ယုံကြည်ကုန်သော ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့သည် အလုံးစုံသော သတ္တဝါတို့၏ချမ်းသာမှု, ဆင်းရဲမှု ဟူသမျှသည် လောကကိုအစိုးရသော အရှင်ဖန်ဆင်းခြင်းလျှင် အကြောင်းရင်း ရှိ၏ဟု ယုံကြည်ကြကုန်၏။ အလုံးစုံသော အတိတ်ကံအကြောင်းကိုလည်းကောင်း၊ ပစ္စုပ္ပန်ကံအကြောင်းကိုလည်းကောင်း တားမြစ်ကြကုန်၏။ ဤဣဿရနိမ္မာနဝါဒ သည် အတိတ်ကံအကြောင်း, ပစ္စုပ္ပန်ကံအကြောင်း နှစ်ပါးစုံကို ပစ်ပယ်သောကြောင့် ဥဘယပက္ခဟီနဝါဒ မည်၏။

(၃) အကြောင်းဟူသမျှကို ပစ်ပယ်သော အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့သည်ကား အလုံးစုံသော သတ္တဝါတို့၏ချမ်းသာမှု, ဆင်းရဲမှုများသည် အကြောင်းမရှိ၊ ပကတိ အလိုလိုဖြစ်၏ဟု အလုံးစုံသော အကြောင်းဟူသမျှကို ပယ်ရှားတားမြစ်၏။ ဤအဟေတုကဝါဒသည်ကား အလုံးစုံအကြောင်းချို့သောကြောင့် သဗ္ဗဟီနဝါဒ မည်၏။

ထိုသို့ ဝါဒသုံးပါးရှိသည့်အနက် ဣဿရနိမ္မာနဝါဒ, အဟေတုကဝါဒ နှစ်ပါးတို့ကို မြဲမြံစွာ နှိပ်နင်းပယ်ရှားတော်မူလိုသောကြောင့် ငါတို့မြတ်စွာဘုရား သည် **“ကမ္မသကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ”**–ဟူ၍ ဟောတော်မူလေ သတည်း။

www.dhammaransi.com



**ဆိုဖွယ် တစ်နည်းကား–**

ယခင်ပါဠိတော်၌ **"ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ"**–ဟူ၍သာလျှင် သာမညအားဖြင့် ဘုရားဟောတော်မူ၏။ **"ပုဗ္ဗေကတကမ္မဿကာ သတ္တာ ပုဗ္ဗေကတကမ္မဒါယာဒါ"**–ဟူ၍ မြတ်စွာဘုရား ထူးခြားသီးသန့်၍ ဟောတော်မမူချေ။ ထိုသို့ ဖြစ်လေသောကြောင့် **"ကမ္မဿကာ ကမ္မဒါယာဒါ"**–ဟူသော ပုဒ်၌ အတိတ်ကံ, ပစ္စုပ္ပန်ကံ နှစ်ပါးလုံးကိုပင် ရသင့်၏။ ဤသို့ အနက်ယူလိုက်သည်ရှိသော် ကမ္မဿကာဟူသော နေရာ၌ သတ္တဝါတို့သည် အတိတ်ကံတည်းဟူသော မိမိဥစ္စာလည်း ရှိကြကုန်၏။ ပစ္စုပ္ပန်ကံတည်းဟူသော မိမိဥစ္စာလည်း ရှိကြကုန်၏။ ဤသို့ ထင်ရှားသန့်ရှင်းသောအနက်ကို ရအပ်၏။

* * *

## သာဓနီယဌာနကြီး ၃–ပါး

ဤနေရာ၌ အတိတ်, ပစ္စုပ္ပန် ကံနှစ်ပါးတို့၏အကြောင်းကို ကောင်းစွာ နည်းပြည့်ကြားပေအံ့။

ဤလောက၌ သုံးပါးသော အရာဌာနကြီးတို့သည် ထင်ရှားရှိကြကုန်၏။ ဌာနကြီး ၃–ပါးကား –

(၁) ကမ္မသာဓနီယဌာန,

(၂) ဝီရိယသာဓနီယဌာန,

(၃) ပညာသာဓနီယဌာန–

ကံ၏အတွက် ပြီးစီးသော အရာဌာနသည် ကမ္မသာဓနီယဌာန မည်၏။ ဝီရိယအတွက် ပြီးစီးသော အရာဌာနသည် ဝီရိယသာဓနီယဌာန မည်၏။ ပညာအတွက် ပြီးစီးသော အရာဌာနသည် ပညာသာဓနီယဌာန မည်၏။

ထိုသုံးပါးတို့တွင် (၁) ကမ္မသာဓနီယအရာဌာနသည်လည်း အောက်ပါအတိုင်း နှစ်ပါးရှိပြန်၏။

(၁) အတီတကမ္မသာဓနီယဌာန,

(၂) ပစ္စုပ္ပန္နကမ္မသာဓနီယဌာန–

www.dhammaransi.com



အတိတ်ကံ၏အတွက် ပြီးစီးသော အရာဌာနသည် အတီတကမ္မသာဓနီယဌာန မည်၏။ ပစ္စုပ္ပန်ကံ၏အတွက် ပြီးစီးသော အရာဌာနသည် ပစ္စုပ္ပန္နကမ္မသာဓနီယ ဌာန မည်၏။

## အတီတကမ္မသာဓနီယဌာန

သုဂတိဘုံဘဝ, ဒုဂ္ဂတိဘုံဘဝတို့၌ လေးပါးသော ပဋိသန္ဓေတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေ တည်နေရခြင်းသည်လည်းကောင်း၊ သုဂတိဘုံဘဝတို့တွင် လည်း မြင့်မြတ်သောအမျိုး၌ ပဋိသန္ဓေနေခြင်း, ယုတ်ညံ့သောအမျိုး၌ ပဋိသန္ဓေ နေခြင်းများသည်လည်းကောင်း၊ ပဋိသန္ဓေတည်နေသော အခါမှစ၍ စက္ခု, သောတ စသည်တို့၏ ပြည့်စုံမှု, ချွတ်ယွင်းမှုသည်လည်းကောင်း၊ ပဋိသန္ဓေဉာဏ်ပညာ၏ ပြည့်စုံမှု, ချွတ်ယွင်းမှုသည်လည်းကောင်း၊ ကြွင်းသောအင်္ဂါကြီးငယ် တင့်တယ်သော ရုပ်လက္ခဏာတို့၏ ပြည့်စုံမှု, ချွတ်ယွင်းမှုစသော သမ္ပတ္တိ, ဝိပ္ပတ္တိဟူသမျှတို့သည် လည်းကောင်း၊ အတိတ်ဘဝ ပြုခဲ့သော သုစရိုက်ကံ, ဒုစရိုက်ကံအတွက် ပြီးစီး ဖြစ်ပေါ်ရသောကြောင့် အတီတကမ္မသာဓနီယဌာနတို့ မည်ကုန်၏။ ထိုဆိုပြီး အရာဌာနတို့ကို ပစ္စုပ္ပန်ကံဖြင့် ပြီးစီးဖြစ်ပေါ်အောင် မတတ်နိုင်ကုန်။ ထိုစကား မှန်၏။ အတိတ်ကံအတွက်ကြောင့် သုဂတိဘုံ၌ဖြစ်သော သတ္တဝါတို့သည် ထိုသုဂတိအတ္တဘောကို မစွန့်ပဲ ပစ္စုပ္ပန်၌ ဉာဏ်စွမ်း, ဝီရိယစွမ်းတည်းဟူသော ပစ္စုပ္ပန်ကံဖြင့် ဒုဂ္ဂတိအတ္တဘောဖြစ်အောင် ပြုခြင်းငှါ မတတ်နိုင်ကုန်၊ အတိတ် ကံအတွက်ကြောင့် ဒုဂ္ဂတိဘုံ၌ဖြစ်သော သတ္တဝါတို့သည် ပြုခြင်းငှါ မတတ်နိုင်ကုန်၊ အတိတ်ကံအတွက်ကြောင့် ပဋိသန္ဓေတည်နေစဉ်အခါ စက္ခုချို့တဲ့ကုန်သော ဇစ္စန္ဓပုဂ္ဂိုလ်တို့အား ပဝတ္တိကာလ၌ တစ်စုံတစ်ယောက်သော လူ, နတ်, ဗြဟ္မာ တို့သည်လည်းကောင်း၊ ဣဿရအရှင်သည်လည်းကောင်း ပစ္စုပ္ပန်ဖြစ်သော ဉာဏ် စွမ်း, ဝီရိယစွမ်း, တန်ခိုးအစွမ်းဖြင့် စက္ခုပသာဒကို ဖြစ်ပေါ်အောင် မတတ်နိုင်ကုန်။

အတိတ်ကံအတွက် ဖြစ်ရသော ကမ္မဇစက္ခုပသာဒသည် ပစ္စုပ္ပန်ဖြစ်သော ပဝတ္တိကာလ၌ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကြောင့် အကြွင်းမဲ့ ပျက်စီးလေ သည်ရှိသော် ထိုပျက်လေသော စက္ခုပသာဒကို တစ်စုံတစ်ယောက်သော လူ,

www.dhammaransi.com



နတ်, ဗြဟ္မာတို့သည်လည်းကောင်း၊ ဣဿရအရှင်လည်းကောင်း၊ ဉာဏ်စွမ်း, ဝီရိယစွမ်း, တန်ခိုးအစွမ်းတို့ဖြင့် တစ်ဖန်ဖြစ်ပေါ်အောင် ပြုခြင်းငှါ မတတ်နိုင်ကုန်၊ အတိတ်ကံအတွက် ပြီးစီးဖြစ်ပေါ်သော သောတပသာဒ စသည်တို့ကိုလည်း ဤစက္ခုအတိုင်းအပင် သိလေ။

အတီတကမ္မသာဓနီယဌာနအဖြွက် ပြီး၏။

## ပစ္စုပ္ပန္နကမ္မသာဓနီယဌာန

ပစ္စုပ္ပန္နကမ္မသာဓနီယ အရာ၌ ရှေးဦးစွာ ပစ္စုပ္ပန်ကံကို ဆိုအပ်၏။ အကျဉ်းအားဖြင့် ပစ္စုပ္ပန်ကာလ၌ ချမ်းသာမှု, ဆင်းရဲမှု၏အလို့ငှါ ကြံစည်အားထုတ်ပြုလုပ်အပ်ကုန်သော သုစရိုက်, ဒုစရိုက်ဖြစ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့သည် ပစ္စုပ္ပန်ကံမည်ကုန်၏။ (ကံဆိုသောစကားနှင့် အမှုဆိုသော စကားအတူတူပင်ဟူ၍မှတ်။)

အကျယ်အားဖြင့် ဤလောက၌ ထွန်ယက်စိုက်ပျိုးခြင်း၊ နွား, ကျွဲ, ဆိတ်, သိုးတို့ကို စောင့်ရှောက်မွေးမြူခြင်း၊ ကုန်စည်ဖောက်ကားခြင်းစသော များလှစွာသော ကမ္မာယတနအမှုမျိုးတို့သည်လည်း ထင်ရှားရှိကုန်၏။ အဋ္ဌာရသသိပ္ပဟု ဆိုအပ်ကုန်သော အတတ်ကြီး ၁၈–ပါး အစရှိသော များလှစွာသော သိပ္ပါယတန အတတ်မျိုးတို့သည်လည်း ထင်ရှားရှိကုန်၏။

ဗေဒင်သုံးပုံလျှင် အရင်းရှိကုန်သော မြေကြီး၏ကြန်အင်လက္ခဏာတို့ကို သိသော ဘူမိဝိဇ္ဇာအတတ်၊ လူတို့၏ ကြန်အင်လက္ခဏာကိုမြင်လျှင် အကျိုးပေး မပေး စသည်ကို သိနိုင်သော အင်္ဂဝိဇ္ဇာအတတ်၊ ကြယ်, နက္ခတ်တို့ကိုမြင်လျှင် မည်သို့ဖြစ်မည်ဟု သိမြင်နိုင်သော နက္ခတ္တဝိဇ္ဇာအတတ်၊ ဤသို့စသည်ဖြင့် များလှစွာသော ဝိဇ္ဇာဌာနမျိုးတို့သည်လည်း ထင်ရှားရှိကုန်၏။ ထိုမှတစ်ပါး အကြား အမြင်ဖြင့်ပြီးသော ပညာဌာနမျိုး၊ အကြံအစည်ဖြင့်ပြီးသော ပညာဌာနမျိုး၊ ဘာဝနာဖြင့်ပြီးသော ပညာဌာနမျိုးတို့သည်လည်း ထင်ရှားရှိကုန်၏။ ထိုပြဆိုအပ်ကုန်ပြီးသော ကမ္မာယတန, သိပ္ပါယတန, ဝိဇ္ဇာဌာန, ပညာဌာနတို့ကို ပြုလုပ်အားထုတ်ခြင်း၊ စီရင်ခြင်း၊ ဖြစ်စေခြင်းများသည် ပစ္စုပ္ပန်ကံမည်၏။ ထိုမှတစ်ပါး

www.dhammaransi.com



လည်း ဤလောကဌ် အကျိုးမများ အလကားအချည်းနှီး ဖြစ်ကုန်သော ဥစ္စာစည်းစိမ်ပျက်စီးကြောင်း, အသက်ချမ်းသာ ပျက်စီးကြောင်း, ကျန်းမာမှု၏ ပျက်စီးဆုတ်ယုတ်ကြောင်း, ဂုဏ်ကျက်သရေပျက်စီးကြောင်း, သီလပျက်စီးကြောင်း, အသိအလိမ္မာ ဉာဏ်ပညာပျက်စီးကြောင်းကို ဖြစ်စေတတ်ကုန်သော အထောင်မကသော မိုက်မှု, ဖျင်းမှု, အပျင်းအလေမှုတို့သည်လည်း ထင်ရှားရှိကုန်၏။ ထိုအမှုတို့ကို ပြုလုပ်အားထုတ်ခြင်းလည်း ပစ္စုပ္ပန်ကံပင်မည်၏။ ထိုသို့ဆိုခဲ့ပြီးသော ပစ္စုပ္ပန်ကံတို့၏အတွက်ကြောင့် ပစ္စုပ္ပန်ကာလဌ် ပြည့်စုံထွန်းကားမှုအမျိုးမျိုး ပျက်စီးဆုတ်ယုတ်မှုအမျိုးမျိုးများသည်လည်း ထင်ရှားရှိကုန်၏။ ထိုပစ္စုပ္ပန်ကာလဌ် ပြည့်စုံမှု, ပျက်စီးမှုသည် ပစ္စုပ္ပန္နကမ္မသာဓနီယဌာနတို့မည်ကုန်၏။

## သမ္မာဒိဋ္ဌိဒီပနီ

## မိဿကနယ

အတိတ်ကံသည်လည်း အောက်ပါအတိုင်း သုံးပါးရှိပြန်၏။

(၁) မဟန္တ - ကြီးသော အတိတ်ကံ၊

(၂) မဇ္ဈိမ - အလတ်သော အတိတ်ကံ၊

(၃) အပ္ပက - နည်းငယ်သော အတိတ်ကံ၊

ပစ္စုပ္ပန်ကံသည်လည်း အောက်ပါအတိုင်း သုံးပါးပင်ရှိပြန်၏။

(၁) ဝုဍ္ဎိဘာဂိယ - ကြီးပွားရန်အဖို့ရှိလိမ့်သောကံ၊

(၂) ဌိတိဘာဂိယ - တည်တံ့ရုံအဖို့ရှိလိမ့်သောကံ၊

(၃) ဟာနဘာဂိယ - ယုတ်လျော့ရန်အဖို့ရှိလိမ့်သောကံ၊

## အတိတ်ကံကြီးသူ ၃-ယောက်

၁။ အကြင်သူတို့သည် ကြီးမားသောအတိတ်ကံအတွက်ကြောင့် များသောဥစ္စာစည်းစိမ်ရှိသော မင်းမျိုး, သူဌေး, သူကြွယ်မျိုးတို့၌ ဖြစ်ကုန်၏။ ထိုသို့ ကြီးသော အတိတ်ကံအတွက် မြင့်မြတ်သောအမျိုး၌ ဖြစ်သောသူတို့တွင် အကြင်သူတို့သည် ပဝတ္တိကာလဌ် ကြီးပွားရန်အဖို့ရှိသော ဝုဍ္ဎိဘာဂိယပစ္စုပ္ပန်ကံအမှုကို မှီဝဲပြုလုပ်

www.dhammaransi.com



ကုန်၏။ ထိုသူတို့အား လောကီစီးပွားချမ်းသာတို့သည်လည်းကောင်း, အစိုးရခြင်း ဂုဏ်တို့သည်လည်းကောင်း ကြီးပွားတိုးတက်ကုန်၏။ တည်တံ့ရုံသာ မနေကုန်၊ ဆုတ်လည်းမဆုတ်ယုတ်ကုန်။

၂။ အကြင်သူတို့သည်မူကား တည်တံ့ရုံအဖို့ရှိသော ဌိတိဘာဂိယပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကုန်၏။ ထိုသူတို့အား စီးပွားချမ်းသာ ဂုဏ်ကျက်သရေတို့သည် မတိုးမပွားကုန်။ တည်တံ့ရုံမျှသာ ရှိကုန်၏။ ဆုတ်ယုတ်ခြင်းသို့မူကား မရောက်ကုန်။

၃။ အကြင်သူတို့သည်မူကား ယုတ်လျော့ရန်အဖို့ရှိသော ဟာနဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကုန်၏။ ထိုသူတို့အား စည်းစိမ်ချမ်းသာ ဂုဏ်ကျက်သရေတို့သည် ဆုတ်ယုတ်ပျက်စီးလေကုန်၏။ တည်တံ့နိုင်ရုံမျှ မရှိလေကုန်၊ တိုးပွားရန်မူကား ဝေးလေကုန်၏။

ဤကား မဟန္တဖြစ်သော အတိတ်ကံကို မူတည်ပြီးလျှင် ပစ္စုပ္ပန်ကံသုံးခုကို မူလီသွင်း၍ နီးနှောပုံတည်း။

## အတိတ်ကံအလတ်ရှိသူ ၃-ယောက်

၁။ အကြင်သူတို့သည် အလယ်အလတ်ဖြစ်သော အတိတ်ကံအတွက်ကြောင့် အလယ်အလတ် စည်းစိမ်ဥစ္စာရှိကုန်သော သူကြွယ်မျိုးတို့၌ ဖြစ်ကုန်၏။ ထိုသူတို့တွင် အကြင်သူတို့သည် ဝုဒ္ဓိဘာဂိယဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကုန်၏။ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရှိန်အဝါ ကျက်သရေတို့သည် တိုးပွားကုန်၏။

၂။ အကြင်သူတို့သည်မူကား ဌိတိဘာဂိယဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကုန်၏။ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရှိန်အဝါ ကျက်သရေတို့သည် တည်တံ့ရုံမျှသာ ရှိကုန်၏။ တိုးပွားခြင်း မရှိ ဆုတ်ယုတ်ခြင်းလည်း မရှိကုန်။

၃။ အကြင်သူတို့သည်မူကား ဟာနဘာဂိယဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ် လုပ်ကုန်၏။ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရှိန်အဝါ ကျက်သရေတို့သည် ဆုတ်ယုတ်ပျက်စီးကုန်၏။ တည်တံ့ရုံမျှပင် မရှိလေ၊ တိုးပွားရန်မူကား ဝေးလေစွ။

ဤကား မဇ္ဈိမဖြစ်သော အတိတ်ကံကို မူတည်ပြီးလျှင် ပစ္စုပ္ပန်ကံသုံးခုကို မူလီသွင်း၍ နီးနှောပုံတည်း။

www.dhammaransi.com



## အတိတ်ကံငယ်သူ ၃-ယောက်

၁။ အကြင်သူတို့သည် သေးနုပ်သိမ်ငယ်လှစွာသော အတိတ်ကံအတွက်ကြောင့် သူဆင်းရဲမျိုးတို့၌ ဖြစ်ကုန်၏။ ထိုသူတို့သည် ဝုဒ္ဓိဘာဂိယဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲအားထုတ်ကြကုန်၏။ ထိုသူတို့အား စည်းစိမ်ဥစ္စာတို့လည်း တိုးပွားကုန်၏။

၂။ အကြင်သူတို့သည် ဌိတိဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲအားထုတ်ကုန်၏။ ထိုသူတို့အား ဥစ္စာစည်းစိမ်တို့သည် နဂိုအတိုင်း တည်တံ့ရုံသာ ရှိကုန်၏။ မတိုးမပွား မဆုတ်ယုတ်ကုန်။

၃။ အကြင်သူတို့သည် ဟာနဘာဂိယဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကုန်၏။ ထိုသူတို့အား စီးပွားဥစ္စာတို့သည် နဂိုအတိုင်း မတည်နိုင်ဘဲ ဆင်းရဲသည်ထက် ဆင်းရဲကုန်၏။

ဤကား အပွကဖြစ်သော အတိတ်ကံကိုမူတည်ပြီးလျှင် ပစ္စုပ္ပန်ကံသုံးခုကို မူလီသွင်း၍ နှီးနှောပုံတည်း။

ဤသို့လျှင် လောက၌ အတီတကမ္မသာဓနိယဋ္ဌာန, ပစ္စုပ္ပန္နကမ္မသာဓနိယဋ္ဌာနဟူ၍ ကြီးကျယ်သောအရာဋ္ဌာနကြီး နှစ်ပါးရှိလေသတည်း။

**ကမ္မသာဓနိယဋ္ဌာနကို အမြွက်မျှပြဆိုသော စကားရပ်ပြီး၏။**

## ဝီရိယသာဓနိယဋ္ဌာန, ပညာသာဓနိယဋ္ဌာန ၂-ပါးတို့ကို ပြဆိုခြင်း

ဝီရိယစွမ်း, ဉာဏ်စွမ်းတို့ မည်သည်ကား ဆိုခဲ့ပြီးသော အတိတ်ကံ, ပစ္စုပ္ပန်ကံ ၂-ပါးကို ပြီးစီးစေရန်အလို့ငှါသာ ဖြစ်ကုန်၏။ ဝီရိယစွမ်း, ဉာဏ်စွမ်းတို့သည် ကြီးမားကုန်သည်ဖြစ်အံ့၊ ကြီးမားသော မဟန္တကံတို့သည် ပြီးစီးလေကုန်၏။ ဝီရိယစွမ်း, ဉာဏ်စွမ်းတို့သည် အလယ်အလတ်မျှသာ ဖြစ်ကုန်အံ့။ အလယ်အလတ်ဖြစ်သော မဇ္ဈိမကံတို့သည် ပြီးစီးလေကုန်၏။ ဝီရိယစွမ်းတို့သည် သေးသိမ်နုပ်ဖွဲကုန်သည်ဖြစ်အံ့။ သေးသိမ်သော အပွကကံတို့သည် ပြီးစီးလေကုန်၏။ ထို့ကြောင့် နှစ်ပါးအပြားရှိသော ကမ္မသာဓနိယဋ္ဌာနသည် ကြီးကျယ်သည်ဖြစ်အံ့၊ ဝီရိယသာဓနိယဋ္ဌာန, ပညာသာဓနိယဋ္ဌာနများသည်လည်း ကြီးမားလေတော့သည်သာလျှင်တည်း။

**ဝီရိယသာဓနိယဋ္ဌာန, ပညာသာဓနိယဋ္ဌာန နှစ်ပါးကို အမြွက်မျှပြဆိုသော စကားရပ်ပြီး၏။**

www.dhammaransi.com



## အတိတ်, ပစ္စုပ္ပန်ကံနှစ်ရပ်နှင့် ဉာဏ်ဝီရိယ ဆက်စပ်နေပုံ

ဤသို့လျှင် အနမတဂ္ဂ သံသရာပြင်၌ ကျင်လည်ကြရကုန်သော သတ္တဝါတို့အား နှစ်ပါးအပြားရှိသော အတိတ်ကံ, ပစ္စုပ္ပန်ကံများသည်သာလျှင် ချမ်းသာမှု, ဆင်းရဲမှု ပဓာနအကြောင်းရင်းကြီးဖြစ်၏။ ဆိုပြီးသော ကံနှစ်ပါးမှ တစ်ပါးကုန်သော ကာလဒေသစသော အကြောင်းတို့သည်ကား ချမ်းသာမှု, ဆင်းရဲမှု၏ ပဓာနအကြောင်းရင်းဖြစ်ကုန်သော အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ပါး တို့ကို တစ်ပေါင်းတည်းပြုတော်မူ၍ **"ကမ္မသကာ မာဏဝ သတ္တာ ကမ္မာဒါယာဒါ"**–ဟူသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူလေသတည်း။

ပဓာနအကြောင်းရင်းကို ထုတ်ဖော်၍ ဟောကြားတော်မူလိုက်သည်ရှိသော် အပဓာနအကြောင်းများသည်လည်း ဟောခြင်းကိစ္စ ပြီးလေတော့၏။ ထို့ကြောင့် ထိုကမ္မသကာစသော ပါဠိတော်၌ ပဓာနဖြစ်သော ကံနှစ်ပါးတို့ကို သရုပ်အားဖြင့် ဟောကြားတော်မူလိုက်သည်ရှိသော် သူတော်ကောင်းတို့ကို မှီဝဲခြင်း သူတော်ကောင်းတို့၏တရားကို ကြားနာခြင်း တရားအားလျော်စွာ ကျင့်ခြင်းစသော သမ္ဘာရအကြောင်းတို့ကြောင့်ဆိုပြီး ကံနှစ်ပါးတို့သည် ပြီးစီးကုန်၏။ ထို့ကြောင့် ဆိုခဲ့ပြီးသော သမ္ဘာရအကြောင်းတို့ကိုလည်း ထိုကမ္မသကာဟူသော ပါဠိတော်၌ ဟောတော်မူခြင်းကိစ္စ ပြီးစီးလေတော့သည် သာလျှင်ဟုမှတ်အပ်၏။

မြတ်စွာဘုရား ထင်ရှားရှိတော်မူသော လက်ထက်တော်အခါ၌ သုဘလုလင်အစရှိသော အကြင်သူတို့သည် အတိတ်ကံကိုစွဲ၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ ထိုသူတို့အား မဇ္ဈိမနိကာယ်ဥပရိပဏ္ဏာသပါဠိတော်လာ စူဠကမ္မဝိဘင်္ဂသုတ်, မဟာကမ္မဝိဘင်္ဂသုတ် စသည်တို့၌ အတိတ်ကံကို ဝေဖန်၍ မြတ်စွာဘုရား ဟောကြားဖြေဆိုတော်မူ၏။

သိင်္ဂါလသူဌေးသားစသော အကြင်သူတို့သည် ပစ္စုပ္ပန်ကံကို အစွဲပြု၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ ထိုသူတို့အား ဒီဃနိကာယ်ပါထိကဝဂ်လာ သိင်္ဂါလသုတ် စသည်တို့၌လည်းကောင်း, သုတ္တနိပါတ် ဝါသေဋ္ဌသုတ် စသည်တို့၌လည်းကောင်း, ပစ္စုပ္ပန်ကံကို ဝေဖန်၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အင်္ဂုတ္တရနိကာယ် အဋ္ဌနိပါတ်စသည်တို့၌ ဥဋ္ဌာနသမ္ပဒါ သဒ္ဓါသမ္ပဒါစသည်

www.dhammaransi.com



တို့ကို ဝေဖန်သဖြင့် အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

အကြင်သူတို့သည်မူကား ဝီရိယ၏အကျိုးကိုလည်းကောင်း၊ ပညာ၏အကျိုးကိုလည်းကောင်း၊ ကောင်းစွာမသိမမြင်နိုင်ကြကုန်၊ ထိုသူတို့အား အရာမကသော ဇာတ်တော်တို့၌လည်းကောင်း၊ သုတ္တန်ပါဠိတော် အရပ်ရပ်တို့၌လည်းကောင်း၊ ဝီရိယ၏အကျိုး ဉာဏ်ပညာ၏အကျိုးကို ဝေဖန်၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

သတ္တဝါအပေါင်းတို့အား ချမ်းသာသုခကို ဖြစ်စေတတ်သော အတိတ်ကံ, ပစ္စုပ္ပန်ကံတို့မည်သည် ဝီရိယစွမ်း, ဉာဏ်စွမ်းတို့နှင့်ကင်း၍ မဖြစ်နိုင်ကုန်၊ ထို့ကြောင့် အကြင်အရာဌာနတို့၌ အတိတ်ကံ, ပစ္စုပ္ပန်ကံများကို ဟောကြားတော်မူ၏။ ထိုအရာဌာနတို့၌ ဉာဏ်, ဝီရိယတို့သည်လည်း အကျုံးဝင်ကုန်သည်ဟူ၍ သိအပ်ကုန်၏။

ဝီရိယနှင့်ဉာဏ်မည်သည် ထိုထိုကံမှုအမျိုးမျိုးကို ပြီးစီးစေရန်အလို့ငှါသာ ဖြစ်ကုန်၏။ တစ်ပါးသော အလို့ငှါ ဖြစ်ကုန်သည်မဟုတ်၊ ထိုစကားမှန်၏။ အားထုတ်သင့် အားထုတ်အပ်သော အမှုမရှိခဲ့လျှင် ဝီရိယသည် အဘယ်အမှုကို အားထုတ်လိမ့်မည်နည်း။ သိသင့်သိအပ်သော ဉေယျတရားမရှိခဲ့လျှင် ဉာဏ်သည် အဘယ်ကို သိနိုင်တော့မည်နည်း။ ထို့ကြောင့် အကြင်အရာဌာနတို့၌ ဉာဏ်, ဝီရိယကိုဟောတော်မူ၏။ ထိုအရာ၌ ဝီရိယ ဉာဏ်တို့တွက် ပြီးစီးသော ကံနှစ်ပါးသည်လည်း အကျုံးဝင်လေတော့၏ဟု မှတ်အပ်၏။

အကျဉ်းအားဖြင့် သတ္တဝါတို့၏အကျိုးစီးပွားတို့သည် အောက်ပါအတိုင်း သုံးပါးအပြားရှိကုန်၏။

(၁) ဒိဋ္ဌဓမ္မိကတ္ထ = မျက်မှောက်အကျိုးစီးပွား

(၂) သမ္ပရာယိကတ္ထ = တမလွန်အကျိုးစီးပွား

(၃) ပရမတ္ထ = လောကုတ္တရာအကျိုးစီးပွား

မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော ပိဋကသုံးပုံသည်လည်း ဤအကျိုးစီးပွား သုံးပါးကိုစွဲ၍ ဖြစ်ရ၏။ အကြင်ပိဋကတ်တော်တို့၌ ဒိဋ္ဌဓမ္မ အကျိုးကို ဟောတော်မူအပ်၏။ ထိုပိဋကတ်တော်တို့၌ တမလွန်အကျိုးကို

www.dhammaransi.com



ဟောတော်မူ၏။ ထိုပိဋကတ်တော်တို့၌ အတိတ်ကံသည် ပါဝင်၏ဟု သိအပ်၏။ အကြင်ပိဋကတ်တော်တို့၌ သုညတဓမ္မနှင့်စပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောတော်မူ၏။ ထိုပိဋကတ်တို့၌ ပရမတ္ထဖြစ်သော လောကုတ္တရာအကျိုးစီးပွား ပါဝင်၏ဟု သိအပ်၏။ ထိုလောကုတ္တရာ အကျိုးကိုလည်း ရှေ့ဖြစ်သော ဒိဋ္ဌဓမ္မအကျိုး, သမ္ပရာယိကအကျိုးတို့၌ ရေတွက်အပ်၏။ ထိုကြောင့် သုညတဓမ္မနှင့်စပ်သော တရားကို ဟောတော်မူရာ ပိဋကတ်တော်တို့၌လည်း အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ပါး ပါဝင်၏ဟု သိအပ်၏။ ထိုကြောင့် ပိဋကသုံးပုံသည်လည်း အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ပါးအတွက်ကြောင့်ဖြစ်ရပြီးစီးရဟု သိအပ်၏။ ဤသို့ဖြစ်သောကြောင့် "**ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ**"-ဟူ၍ ဟောတော်မူလျှင် "**ဉာဏဝီရိယဿကာ သတ္တာ ဉာဏဝီရိယဒါယာဒါ**"-ဟူ၍ ဟော်တော်မူခြင်းကိစ္စ ပြီးစီးလေ၏ဟု ပညာရှိတို့ သိလေတော့သည်သာလျှင်တည်း။

**အနက်ကား**- သတ္တာ၊ သတ္တဝါတို့သည်။ ဉာဏ ဝီရိယဿကာ၊ ဉာဏ်ဝီရိယဟု ဆိုအပ်သော ဥစ္စာရှိကုန်၏။ ဉာဏဝီရိယဒါယာဒါ၊ ဉာဏ်ဝီရိယ၏အမွေကို ခံရကုန်၏။

ဤဆိုအပ်ပြီးသည်ကား ကုသိုလ်ကံအရာ၌ ပြဆိုလိုက်သော နည်းအမြွက်နှင့်တကွ မြတ်စွာဘုရားဟောကြားတော်မူသော ပါဠိတော်တို့၏အနက်ကို နှီးနှောပုံတည်း။

**သာဓနီယဌာနကြီး ၃-ပါး ပြီး၏။**

❁ ❁ ❁

## ကမ္မဿကာစသော ၅- ပါး

### ကမ္မဿက

ယခုအခါ၌ "**ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ**"-ဟူသော ပါဠိတော်၏အနက်အဓိပ္ပါယ်ကို အမြွက်မျှ ပြဆိုအံ့။

**အတ္တနော ဣဒန္တိ သကံ။** ။ အတ္တနော၊ မိမိ၏။ ဣဒံ၊ ဥစ္စာတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သကံ၊ သကမည်၏။ သကံ၊ မိမိဥစ္စာ။ (သတ္တဝါတို့၏

www.dhammaransi.com



အသီးအသီးကိုယ်ပိုင်ဥစ္စာ ဆိုလိုသည်။)

**ကမ္ဗဓေ သကံ ဧတေသန္တိ ကမ္ဘသကာ။** ။ ဧတေသံ၊ ထိုသတ္တဝါတို့အား။ ကမ္ဗဓေ၊ ကံသည်သာလျှင်။ သကံ၊ မိမိကိုယ်ပိုင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္ဘသကာ၊ ကမ္ဘသက မည်ကုန်၏။

အဓိပ္ပါယ်ကား- လောက၌ မိမိတို့နှင့်စပ်သောအနက် သူတစ်ပါးတို့နှင့် မဆက်ဆံသောအနက်ကြောင့် မိမိတို့သိမ်းဆည်းအပ်ကုန်သော ရွှေ, ငွေ, ဘဏ္ဍာ, ရတနာတို့ကို မိမိကိုယ်ပိုင်ဥစ္စာဟူ၍ ဆိုအပ်ကုန်၏။

အကယ်၍သာ မိမိနှင့်စပ်သော အနက်သဘော, သူတစ်ပါးတို့နှင့် မဆက်ဆံသောအနက်သဘောတို့ကြောင့် မိမိကိုယ်ပိုင်ဥစ္စာ မည်ခဲ့ပါလျှင် ထိုရွှေ, ငွေ, ဘဏ္ဍာ, ရတနာတို့ကို မိမိကိုယ်ပိုင်ဥစ္စာဟူ၍ မဆိုထိုက်ကုန်သေး။ ထိုစကားမှန်၏။ ထိုရွှေ, ငွေ, ဘဏ္ဍာ, ရတနာတို့သည် တစ်ခုတည်းသော ဘဝ၌သာလျှင် မိမိတို့နှင့် စပ်ဆက်ပိုင်ဆိုင်ကုန်၏။ ဘဝတစ်ပါးသို့ ပြောင်းသွားရသည်ရှိသော် မစပ်မဆက် မပိုင်မဆိုင်ကုန်၊ ဘဝတစ်ပါးသို့ မလိုက်ကုန်၊ တစ်ခုတည်းသော ပစ္စုပ္ပန်ဘဝ၌သော်လည်း မိမိတစ်ဦးတည်းနှင့်သာ ဆက်ဆံသည်မဟုတ်ကုန်၊ ရေ, မီး, မင်း, ခိုးသူစသည်တို့နှင့် ကိုယ်ပိုင်ဥစ္စာဟူ၍ မပြောပလောက်ကုန်၊ စင်စစ်ကေန် အမှန်နေရာကျမှုကား မိမိပြုအပ်သော သုစရိုက်ဒုစရိုက်ကံစုသည်သာလျှင် ဆိုခဲ့ပြီးသော မိမိနှင့်စပ်သော အနက်, သူတစ်ပါးတို့နှင့် မဆက်ဆံသောအနက်ကြောင့် မိမိကိုယ်ပိုင်ဥစ္စာတို့မည်ကုန်၏။ ထိုစကားမှန်၏။ မိမိပြုအပ်သော သုစရိုက်ကံ, ဒုစရိုက်ကံစုသည် ဘဝအရာ, ဘဝအထောင်တို့တိုင်အောင်လည်းကောင်း၊ ကမ္ဘာအရာ, ကမ္ဘာအထောင်တို့တိုင်အောင်လည်းကောင်း၊ မိမိနှင့်စပ်လျက်ရှိကုန်၏။ သူတစ်ပါးတို့နှင့် မစပ်ကုန်၏၊ ရေ, မီး, မင်း, ခိုးသူစသော တစ်ပါးသော သူတို့နှင့်လည်း မဆက်ဆံကုန်၊ ဤသို့သော အနက်သဘောကို ရည်၍ **"ကမ္ဘသကာ သတ္တာ"**-ဟူ၍ ဟောတော်မူ၏။ **"ကမ္ဘဒါယာဒါ"**-စသော နောက်ပုဒ်တို့၌လည်း ဤနည်းအတိုင်းသိလေ။

**ကမ္ဘသကပုဒ် ပြီး၏။**

www.dhammaransi.com



## ကမ္မဒါယာဒ

**''ကမ္မဒါယာဒါ''**-ဟူသောပုဒ်၌ **''ကမ္မဿ ဒါယံ အာဒိယန္တီတိ ကမ္မဒါယာဒါ''**။ ။ ယေ၊ အကြင်သတ္တဝါအပေါင်းတို့သည်။ ကမ္မဿ၊ ပြုပြုသမျှသောကံ၏။ ဒါယံ၊ အမွေကို။ အာဒိယန္တိ၊ ခံယူကြရကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဒါယာဒါ၊ ကမ္မဒါယာဒ မည်ကုန်၏။

ဤလောက၌ မိခင်, ဘခင်တို့၏အမွေကို ခံယူသော သားသမီးတို့ကို အမွေခံဒါယာဒဟူ၍ ဆိုအပ်ကုန်၏။ ထိုသို့သော အမွေခံတို့ကို စင်စစ်အမွေခံတို့ဟူ၍ မဆိုထိုက်ကုန်သေး၊ အဘယ့်ကြောင့်နည်းဟူမူကား အမွေဖြစ်သော ရွှေ, ငွေ, ဘဏ္ဍာ, ရတနာတို့သည် အမြဲထာဝရ မဟုတ်၊ တာဝကာလိက ခေတ္တခဏ ဥစ္စာမျှသာ ဖြစ်၏။ ထိုသို့ တာဝကာလိကဥစ္စာမျှကိုသာ အမွေခံရသောကြောင့် စင်စစ် အမွေခံမဆိုထိုက်လေသတည်း။ စင်စစ်မူကား အကြင်သတ္တဝါအပေါင်းတို့သည် သုစရိုက်, ဒုစရိုက်ကံကိုပြု၍ ထိုမိမိပြုသော ကံ၏အမွေကို ခံကြရကုန်၏။ ထိုသတ္တဝါတို့သည်သာလျှင် ဘဝတိုင်း အစဉ်လိုက်သောအမှုကို ခံကြရသောကြောင့် စင်စစ်အမွေခံတို့ မည်ပေကုန်၏။

ကမ္မဒါယာဒပုဒ် ပြီး၏။

## ကမ္မယောနိ

ချမ်းသာဆင်းရဲ၏အကြောင်းဥပါယ်ကို ယောနိဟူ၍ ဆိုအပ်၏။ **''ကမ္မမေဝ ယောနိ ဧတေသန္တိ ကမ္မယောနိ''**။ ။ ဧတေသံ၊ ထိုသတ္တဝါတို့အား၊ ကမ္မမေဝ၊ ကံသည်သာလျှင်။ ယောနိ၊ ချမ်းသာကြောင်း ဆင်းရဲကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မယောနီ၊ ကမ္မယောနိ မည်ကုန်၏။ အဓိပ္ပါယ်သိသာပြီ။

ကမ္မယောနိပုဒ် ပြီး၏။

## ကမ္မဗန္ဓု

ဤလောက၌ မိမိနှင့်စပ်နွယ်သော ဆွေမျိုးမိတ်ရင်း သူငယ်ချင်းတို့ကို ဗန္ဓုဟူ၍ ဆိုအပ်ကုန်၏။

မိခင်ဧရာဝတီ

www.dhammaransi.com



"**ကမ္မမေဝ ဗန္ဓု ယေသန္တိ ကမ္မဗန္ဓူ**"။ ။ ယေသံ၊ အကြင်သတ္တဝါတို့အား။ ကမ္မမေဝ၊ ကံသည်သာလျှင်။ ဗန္ဓု၊ အဆွေအမျိုးသည်။ အတ္ထိ၊ ရှိ၏။ တ္တတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဗန္ဓူ၊ ကမ္မဗန္ဓု မည်ကုန်၏။

ဤလောက၌ တာဝကာလိက မိတ်ဆွေတို့ကို စင်စစ် မိတ်ဆွေမဆိုထိုက်ကုန်၊ ဘဝအဆက်ဆက် မိတ်ဖက်ဆွေရင်း သူငယ်ချင်းအဖော်သဟာယ်းဖြစ်သော ကံကိုသာလျှင် စင်စစ်မိတ်ဆွေဟူ၍ ဆိုထိုက်ချေသည်။

ကမ္မဗန္ဓုပုဒ် ပြီး၏။

## ကမ္မပ္ပဋိသရဏာ

ဤလောက၌ ထိုထိုနတ်ကို ကိုးကွယ်သောအမျိုးသားတို့အား ထိုကိုးကွယ်အားထားရာနတ်သည် ပဋိသရဏ မည်၏။ ဗိသဏိုးနတ်ကို ကိုးကွယ်သောသူတို့အား ဗိသဏိုးနတ်သည် ပဋိသရဏ မည်၏။ ယာမနတ်ကို ကိုးကွယ်သောသူတို့အား ယာမနတ်သည် ပဋိသရဏ မည်၏။ ရတနာသုံးပါးကို ကိုးကွယ်သော သူတို့အား ရတနာသုံးပါးသည် ပဋိသရဏ မည်၏။

"**ကမ္မံဝေ ပဋိသရဏံ ယေသန္တိ ကမ္မပ္ပဋိသရဏာ**"။ ။ ယေသံ၊ အကြင်သတ္တဝါတို့အား။ ကမ္မံဝေ၊ ကံသည်သာလျှင်။ ပဋိသရဏံ၊ ကိုးကွယ်ရာသည်။ အတ္ထိ၊ ရှိ၏။ တ္တတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မပ္ပဋိသရဏာ၊ ကမ္မပ္ပဋိသရဏ မည်ကုန်၏။

အမြဲမပြတ်တည်ရာ မှီရာ လဲလျောင်းရာဟူသော အနက်ကြောင့် အသီးအသီး ကိုးကွယ်ကြသော ဗိသဏိုးနတ်, ယာမနတ် စသည်တို့သည် ပဋိသရဏ မည်ကုန်၏။ အကယ်၍ တည်ရာ, မှီရာ, လဲလျောင်းရာဟူသော အနက်ကြောင့် ပဋိသရဏမည်လျှင် ကံမှတစ်ပါးသော တည်ရာ, မှီရာ, လဲလျောင်းရာဖြစ်သော တာဝကာလိက အရာဟူသမျှတို့ကို ပဋိသရဏဟူ၍ မဆိုထိုက်ကုန်သေး။ စင်စစ်မူကား ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အမြဲလျှင် တည်ရာ, မှီရာ, လဲလျောင်းရာဖြစ်သော ကံကိုသာလျှင် ဧကန်စင်စစ် ပဋိသရဏဟူ၍ ဆိုထိုက်ချေသည်။ ထိုစကားမှန်၏။ လောက၌ လူအပေါင်းတို့သည် သဗ္ဗညုမြတ်စွာဘုရားကို

www.dhammaransi.com



ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ထိုသို့ ဆည်းကပ်ခြင်းအမှုသည်လည်း ကုသိုလ်ကံကိုရကြရန် အသိအလိမ္မာ ဉာဏ်ပညာတည်းဟူသော ပညာပဋိသံယုတ္တကံကို ရကြရန်အလို့ငှါသာ ဖြစ်၏။ စင်စစ်အားဖြင့် ထိုဘုရားကို ကိုးကွယ်မှုအတွက်ကြောင့် ရအပ်သော ပုညကမ္မ, ပညာကမ္မတို့သည်သာလျှင် မိမိတို့၏ကိုးကွယ်ရာ ဖြစ်ကုန်၏။

ဤကား အတိတ်ကံအဖို့၌ ကမ္မဿကာစသော ပါဠိတော်မြွတ်၏ အနက်အဓိပ္ပါယ်ပေတည်း။

## ပစ္စုပ္ပန်၌ ကမ္မဿကာစသည် ငါးပါး

ပစ္စုပ္ပန်ကံအဖို့၌ကား သတ္တဝါအပေါင်းတို့သည် ပစ္စုပ္ပန်ဘဝ၌ ကုန်သွယ်လယ်လုပ်ခြင်းစသော မိမိတို့၏ထိုက်သင့်ရာ အမှုအမျိုးမျိုးတို့ဖြင့် အသက်မွေးမြူကြကုန်၏။ ထိုသို့ မိမိပြုသော ပစ္စုပ္ပန်ကံဟုဆိုအပ်သော ဥစ္စာရှိသောကြောင့် ကမ္မဿကာ မည်ကုန်၏။ ထိုပစ္စုပ္ပန်ကံ၏အမွေကို ခံရသောကြောင့် ကမ္မဒါယာဒ မည်ကုန်၏။ ထိုပစ္စုပ္ပန်ကံလျှင် ချမ်းသာကြောင်း, ဆင်းရဲကြောင်း ရှိသောကြောင့် ကမ္မယောနိ မည်ကုန်၏။ ထိုပစ္စုပ္ပန်ကံလျှင် အဆွေခင်ပွန်းရှိသောကြောင့် ကမ္မဗန္ဓု မည်ကုန်၏။ ထိုပစ္စုပ္ပန်ကံလျှင် တည်ရာ, မှီရာ, လဲလျောင်းရာရှိသောကြောင့် ကမ္မပ္ပဋိသရဏာ မည်ကုန်၏။

ပဓာနအကြောင်းရင်းဖြစ်သော ကံကို ဟောတော်မူအပ်သည်ရှိသော် ထိုကံပြည့်စုံပြီးစီးရန် အကြောင်းဖြစ်ကုန်သော ကလျာဏမိတ္တ, ပဏ္ဍိတသေဝန, ဓမ္မာနုဓမ္မပဋိပတ္တိ စသည်တို့သည်လည်း ထိုပါဠိတော်၌ အတွင်းဝင်လေကုန်၏။

ဆိုဖွယ်အထူးကား **"ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ"**-ဟူသော ပါဠိတော်စကားဖြင့် ဤဆိုလတ္တံ့သော အနက်အဓိပ္ပါယ်ကိုလည်း မြတ်စွာဘုရား သိစေတော်မူ၏။ မိမိတစ်ကြိမ် တစ်ခါပြုအပ်သော သုစရိုက်ကံ, ဒုစရိုက်ကံများသည် ဘဝအရာ, ဘဝအထောင်တို့၌လည်းကောင်း၊ ကမ္ဘာအရာ, ကမ္ဘာအထောင်တို့၌လည်းကောင်း၊ ထိုထက်မက ကာလတို့၌လည်းကောင်း အကြင်အခါ အကျိုးပေးခွင့်ကိုရ၏။ ထိုအခါ သုစရိုက်ကံသည် ချမ်းသာခွင့်ကိုပေးလျက်၊ ဒုစရိုက်ကံသည်

www.dhammaransi.com



ဆင်းရဲခွင့်ကိုပေးလျက် အစဉ်တစ်စိုက် လိုက်လေ၏။ ထို့ကြောင့် ကောင်းမြတ်သော သုစရိုက်ကံကို မိမိ၏အသက်ထက်ပင် ကောင်းစွာချင်ခင်သင့် ချစ်ခင်ထိုက်, စောင့်ရှောက်သင့် စောင့်ရှောက်ထိုက်လှချေ၏။ ယုတ်မာသော ဒုစရိုက်မှုကိုကား မိမိ၏သေရလိမ့်သော ဘေးထက်ပင် အရေးတကြီး ကြောင်သင့်ကြောက်ထိုက်၊ ရှောင်ရှားသင့် ရှောင်ရှားထိုက်ချေ၏။

ဤကား ဗုဒ္ဓဘာသာဟု ဆိုအပ်သော စတုတ္ထကမ္မဿကာဝါဒ၌ အမြွက်မျှ ဆုံးဖြတ်ချက်တည်း။

**ကမ္မဿကာစသော ၅-ပါး ပြီး၏။**

## ဗြဟ္မဇာလသုတ္တန်နိဿယ
## ဖန်ဆင်းသူကို ယုံမှတ်ပုံ

ဗြဟ္မဇာလသုတ္တန်အရာ၌ ငါတို့မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒီဃနိကာယ် ဗြဟ္မဇာလသုတ် ကေဝဋ္ဋသဿတဝါဒအရာ၌လည်းကောင်း၊ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ဗြဟ္မနိမန္တနသုတ်၌လည်းကောင်း၊ ထိုမှတစ်ပါး ဗြဟ္မသံယုတ်ပါဠိတော်စသည်တို့၌လည်းကောင်း၊ **"ဗြဟ္မာ ဟောတိ မဟာဗြဟ္မာ"** ဤသို့ စသည်ဖြင့်လာသော ပဌမစျာန်ဘုံ မဟာဗြဟ္မာ မည်သည်ရှိ၏။ ထိုသို့ လာသော မဟာဗြဟ္မာကိုသာလျှင် ဗြဟ္မဇာလသုတ္တန်၌ လောကကို အစိုးရသော အရှင်ဟူ၍ ဆိုအပ်၏။ ထိုမဟာဗြဟ္မာသည်ပင်လျှင် အလုံးစုံသော ဩကာသ လောက, သတ္တလောက, သင်္ခါရလောကဟူသမျှကို ဖန်ဆင်း၏။ အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု, ဆင်းရဲမှုများနှင့် ပြည့်စုံမှု, ပျက်စီးမှုများကိုလည်း ဖန်ဆင်း၏။ ထိုအရှင်သည် နိစ္စထာဝရဖြစ်၏။ စင်စစ်ကို မြင်စွမ်းနိုင်၏။ မိမိ အလိုသို့ လိုက်စေနိုင်၏။ အလုံးစုံကို သိနိုင်၏။ အလုံးစုံကို မြင်နိုင်၏။ ကြီးမား သော တန်ခိုးအာနုဘော် ရှိ၏။ စင်စစ်အမြဲတည်သော ဘုရားကြီးတစ်ဆူ ဖြစ်တော် မူ၏။ ဤကား ဗြဟ္မဇာလသုတ္တန်ဒီ ပုဂ္ဂိုလ်တို့၏ အယူဝါဒတည်း။

ဤဗြဟ္မဇာလသုတ္တန်သည် ကမ္ဘာဦးကာလ၌ ဗြဟ္မာဘုံမှစ၍ ဖြစ်ပြီးလျှင် လူ့ဘုံ, နတ်ဘုံတို့၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရကုန်သော အချို့သာမြဲ၏။ အချို့ကား

www.dhammaransi.com



မမြဲဟု ယူလေ့ရှိကုန်သော ဧကစ္စသဿတဝါဒီ ရဟန်းပုဏ္ဏားတို့၏အတွက် လောက၌ ဖြစ်ထွန်းလာ၏။ ထိုဣဿရနိမ္မာနဝါဒ၏ ဖြစ်ပေါ်လာပုံသည် ဗြဟ္မဇာလသုတ်၌ ထင်ရှား၏။ ငါတို့မြတ်စွာဘုရား ထင်ရှားပွင့်တော်မမူမီ ဣန္ဒြိယတိုင်းတို့၌ ထိုဣဿရနိမ္မာနဝါဒကို ဗြာဟ္မဏမျိုးတို့သည် စွဲမြဲ၍ ချီးမွမ်းကြကုန်၏။ ငါတို့မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာသောအခါ၌မူကား ထိုဣဿရနိမ္မာနဝါဒသည် ဣန္ဒြိယတိုင်းတို့၌ ထွန်းကားခွင့်ကို ကောင်းစွာမရလေ။

ဤဣဿရအရှင် ဖန်ဆင်းမှုကို ယုံကြည်သောသူတို့သည် ဣဿရနိမ္မာနဝါဒီ မည်ကုန်၏။

ဤဣဿရနိမ္မာနဝါဒ၌ နိဂ္ဂဟသုံးမျိုးကို ပုဗ္ဗေကတဝါဒ၌ ပြဆိုခဲ့ပြီးသော နိဂ္ဂဟသုံးမျိုးကို မှီ၍သိလေ။ အဓိပ္ပါယ်တူပြီ။

## ကိုယ်ပြုမှုသာ ကိုယ့်ဥစ္စာ

ဣဿရအရှင် ဖန်ဆင်းမှုကို ယုံကြည်ကြကုန်သော ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့သည်ကား "**ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ**"-ဟူသော ပါဠိတော်ကို အမြဲအစွဲပြု၍ ပယ်ရှားကြကုန်၏။ ထိုသို့ ပယ်ရှားကြကုန်သော်လည်း မိမိတို့၏ ကမ္မဿကာအဖြစ် ကမ္မဒါယာဒါအဖြစ်ကို မသိကြကုန်၊ ထိုစကားမှန်၏။ ဣဿရအရှင်ဖန်ဆင်းမှုကို ယုံကြည်ကြကုန်သော ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့သည်လည်း ကမ္မဿကာသမား, ကမ္မဒါယာဒါသမားတို့သာ ဖြစ်ကုန်၏။ ထင်ရှားစေအံ့- ပစ္စုပ္ပန္နကမ္မသာဓနီယအရာ၌ ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့တွင် အကြင်သူတို့သည် ထွန်ယက်စိုက်ပျိုးမှုအတွက်ပင် ကမ္မဿကာသမား ဖြစ်ကုန်၏။ (ထွန်ယက်စိုက်ပျိုးမှုတည်းဟူသော ဥစ္စာရှိကုန်၏ဟူလို။) အကြင်သူတို့သည် ကုန်သွယ်မှုဖြင့် အသက်မွေးကြကုန်၏။ ထိုသူတို့သည် မိမိတို့ပြုအပ်သော ကုန်သွယ်မှုအတွက်ပင် ကမ္မဿကာသမား ဖြစ်ကုန်၏။ (ကုန်သွယ်မှုလျှင် ဥစ္စာရှိကုန်၏ဟူလို။) အကြင်သူတို့သည် အစိုးရအမှုတော်ထမ်းကံဖြင့် အသက်မွေးကြကုန်၏။ ထိုသူတို့သည် ထိုမိမိတို့ ပြုအပ်သော အစိုးရအမှုတော်ထမ်း ကံအတွက်ပင် ကမ္မဿကာသမား ဖြစ်ကုန်၏။ (အစိုးရအမှုတော်ထမ်း ကံသည်ပင်လျှင် ဥစ္စာရှိကုန်၏ဟူလို။) ကြွင်း

www.dhammaransi.com



သော ကမ္မာယတနအမှုမျိုး, ကမ္မသကာဖြစ်ပုံကို အကျယ်သိလေ။

အကြင်သူတို့သည် တက္ကသီလရအရှင်ကို ယုံကြည်ကြကုန်၏။ တက္ကသီလရအရှင်ကို ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ကြကုန်၏။ ထိုသူတို့သည်လည်း အမှုအမျိုးမျိုးကို ပြုလုပ်ကုန်မှသာလျှင် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ကျက်သရေအမျိုးမျိုးကို ရနိုင်ကုန်၏။ အမှုအမျိုးမျိုးကို မပြုလုပ်ကုန်ပဲ ထိုတက္ကသီလရအရှင်ကို ကြည်ညို ယုံကြည်၍ နေကာမျှနှင့် ဥစ္စာစည်းစိမ်တို့ကို မရနိုင်ကုန်။

အကြင်သူတို့သည် ထိုတက္ကသီလရအရှင်ကို မယုံကြည်ကြကုန်၊ ပစ်ပယ်ကဲ့ရဲ့ကြကုန်၏။ ထိုသူတို့သည်လည်း အမှုအမျိုးမျိုးကို ပြုကုန်မှသာလျှင် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ကျက်သရေအမျိုးမျိုးတို့ကို ရနိုင်ကုန်၏။ အမှုအမျိုးမျိုးတို့ကို မပြုပဲ နေကြလျှင် ဥစ္စာစည်းစိမ်တို့ကို မရနိုင်ကုန်၊ ထို့ကြောင့် ဤလောက၌ မိမိပြုအပ်သော အမှုအမျိုးမျိုးတို့ကို မပြုပဲနေကြလျှင် ဥစ္စာစည်းစိမ်တို့ကို မရနိုင်ကုန်၊ ထို့ကြောင့် ဤလောက၌ မိမိပြုအပ်သော အမှုကံသည်သာလျှင် မိမိအား ချမ်းသာစည်းစိမ်ကို ပေး၏။ တစ်စုံတစ်ခုသော စည်းစိမ်ကိုမျှ တက္ကသီလရအရှင်က မပေးနိုင်ဟု ပညာရှိတို့ ရိပ်မိသိမြင်ကြကုန်၏။

## မိမိပြုမှုကံကြောင့် အကာယ်ခံရပုံ

ထိုမှတစ်ပါး အကြင်သူတို့သည် တက္ကသီလရအရှင်ကို အကြွင်းမဲ့ ယုံကြည်မြတ်နိုးကိုးကွယ်ဆည်းကပ်ကြကုန်၏။ အသက်ရှည်သမျှ ကာလပတ်လုံး ချစ်ခင်မြတ်နိုးကြကုန်၏။ ထိုသူတို့သည် သေလေသောအခါကာလ၌ တက္ကသီလရအရှင်၏ ကယ်တင်တော်မူခြင်းကို ခံကြရကုန်၏။ အကြင်သူတို့သည် တက္ကသီလရအရှင်ကို မယုံကြည် ကြကုန်။ ပစ်ပယ်ကဲ့ရဲ့ကြကုန်၏။ ထိုသို့ မယုံကြည်သောသူတို့သည် သေသောအခါ ကာလ၌ ထိုတက္ကသီလရအရှင်၏ ကယ်တင်တော်မူခြင်းကို မခံကြရကုန်။ ဤကား တက္ကသီလရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့၏ အယူဝါဒပေတည်း။

ထိုစကားရပ်၌ တက္ကသီလရအရှင်ကို ယုံကြည်ခြင်းအမှု, ကိုးကွယ်ခြင်းအမှု, ချစ်ခင်မြတ်နိုးခြင်းအမှုကို ပြုလုပ်သော သူတို့ကိုသာလျှင် ထိုတက္ကသီလရအရှင်က ကယ်တင်တော်မူခြင်းငှါ စွမ်းနိုင်၏။ ထိုအရှင်ကို မယုံကြည်, မကိုးကွယ်သော

www.dhammaransi.com



သူတို့ကို ကယ်တင်ခြင်းငှါ မစွမ်းနိုင်၊ ဤသို့သော အနက်အဓိပ္ပါယ်သည် ထိုဣဿရနိမ္မာနဝါဒ၌လည်း ထင်ရှားပြီးစီးပြန်၏။ ထို့ကြောင့် မိမိပြုလုပ်သော ဣဿရအရှင်ကို ယုံကြည်မှု, ကိုးကွယ်မြတ်နိုးမှုများသည်သာလျှင် မိမိကိုယ်ကို ကယ်တင်နိုင်၏။ ထိုဣဿရအရှင်မူကား ကယ်တင်တော်မမူနိုင်၊ ဤသို့သော အနက်အဓိပ္ပါယ်သွားသည်လည်း ထင်ရှားပေါ်လာပြန်၏။

ထင်ရှားစွာ ပြဆိုဦးအံ့ – ဤပစ္စုပ္ပန်လောက၌ ထိုဣဿရအရှင်ကို ယုံကြည်ကြကုန်သော ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ တစ်ပါးသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပစ္စုပ္ပန္နကမ္မသာဓနီယအရာ၌ တစ်စုံတစ်ခုမျှ အထူးအပြား မရှိကုန်၊ အလုံးစုံရှိရှိသမျှသော သတ္တဝါတို့သည် မိမိတို့၏ အသီးအသီးသော ပစ္စုပ္ပန်မှုအမျိုးမျိုးတို့ကို ကြိုးပမ်းလုပ်ဆောင်ကြ၍ အသက်ကိုမွေးမြူကြရကုန်၏။ ပစ္စုပ္ပန်ကံအတွက်နှင့်လည်း ကမ္မဿကာသမားတို့သည်ဖြစ်၍ နေကြသည်ကို မျက်မြင်ဒိဋ္ဌပင်ဖြစ်ကုန်၏။

အတီတကမ္မသာဓနီယဌာနတို့၌လည်း တစ်စုံတစ်ခုအထူးမရှိကြကုန်၊ အတိတ်ကံအတွက်နှင့်လည်း ကမ္မဿကာသမားတို့သာ ဖြစ်၍နေကြသည်ကို မျက်မြင်ဒိဋ္ဌ ဖြစ်ကြရကုန်၏။ ဣဿရအရှင်ကို ကိုးကွယ်အားထားကြရသည့်အတွက် အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးကိုလွှတ်၍ တစ်စုံတစ်ရာထူးထွေသော အကျိုးစီးပွား ဖြစ်ထွန်းသည်ကို မတွေ့မမြင်ကြရကုန်။

## မြတ်သူနည်း၍ ယုတ်သူများသော လောက

ဤလောက၌ အမျိုးမြတ်သော သတ္တဝါတို့လည်း ရှိကုန်၏။ အမျိုးယုတ်သော သတ္တဝါတို့သည်လည်း ရှိကုန်၏။ ဥစ္စာစီးပွား များစွာရှိသော သတ္တဝါ၊ ဆင်းရဲနွမ်းပါး ရိရှားပင်းပန်းသော သတ္တဝါ, အသက်ရှည်သော သတ္တဝါ, အသက်တိုသော သတ္တဝါ, အနာရောဂါ နည်းပါးသော သတ္တဝါ, အနာရောဂါများသော သတ္တဝါ, အဆင်းလှသော သတ္တဝါ, ရုပ်ဆိုးသော သတ္တဝါ, သီလရှိသော သတ္တဝါ, သီလမဲ့သော သတ္တဝါ, ပညာရှိသော သတ္တဝါ, ပညာမဲ့သော သတ္တဝါ, မိုက်သော သတ္တဝါ, ရူးသော သတ္တဝါ, ခိုးသူ သတ္တဝါ, ဓားပြ သတ္တဝါ, နူနာရှိသော

www.dhammaransi.com



သတ္တဝါ, ကန်းသော သတ္တဝါ, နားပင်းသော သတ္တဝါ, ဆွံ့သော သတ္တဝါ, အမိကိုသတ်သော သတ္တဝါ, အဘကိုသတ်သော သတ္တဝါ, လူကိုသတ်သော သတ္တဝါ, ခိုးတတ်သော သတ္တဝါ, မမြတ်သောမေထုန်အကျင့်ကို ကျင့်သော သတ္တဝါ, လိမ်လည်လှည့်ဖြား မုသားပြောဆိုသော သတ္တဝါ, ကုန်းတိုက်တတ်သော သတ္တဝါ, ကြမ်းကြုတ်ခက်ထန်စွာ ပြောဆိုတတ်သော သတ္တဝါ, အကျိုးမရှိ အဖျင်းအသိမ်စကားကို ပြောဆိုတတ်သော သတ္တဝါ, ငြူစူတတ်သော သတ္တဝါ, သူတစ်ပါးကို ညှဉ်းပန်းလိုစိတ်ရှိသော သတ္တဝါ, အယူမှားသော မိစ္ဆာဒိဋ္ဌိသတ္တဝါ တို့သည်လည်း ထင်ရှားကြကုန်၏။ ဤလောက၌ မွန်မြတ်ပြည့်စုံသော အဖို့ရှိသော သတ္တဝါတို့သည် အလွန်တရာ နည်းပါးကုန်၏။ ယုတ်ညံ့ဖျင်းသိမ်သော အဖို့ရှိသော သတ္တဝါတို့သည်သာလျှင် များစွာအားကြီးကုန်၏။

## ကမ္မဝါဒီတို့ယူမှတ်ပုံ

ဤအရာ၌ အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ပါးကို ယုံကြည်ကြကုန်သော ကမ္မသကဝါဒီ ပုဂ္ဂိုလ်တို့သည် ဤသို့ ယုံကြည်ရင်းရှိကြ၏။ အတိတ်ကံအတွက် ပြီးစီးသော အတီတကမ္မသာဓနီယ အရာဌာနတို့၌ မွန်မြတ်သော အတိတ်ကံ အထူးထူးတို့ကြောင့် မွန်မြတ်ပြည့်စုံသော အဖို့ရှိသော သတ္တဝါအထူးထူးတို့ ဖြစ်လာကုန်၏။ ယုတ်ညံ့သော အတိတ်ကံအထူးထူးတို့ကြောင့် ယုတ်ညံ့သော အဖို့ရှိသော သတ္တဝါအထူးထူးတို့ ဖြစ်လာကုန်၏။ ထိုမှတစ်ပါး ပစ္စုပ္ပန်ကံအတွက် ပြီးစီးသော ပစ္စုပ္ပန္နကမ္မသာဓနီယအရာဌာနတို့၌လည်း ကောင်းစွာပြုလုပ်အားထုတ် အပ်သော မွန်မြတ်သော ပစ္စုပ္ပန်ကံအထူးထူးတို့ကြောင့် မွန်မြတ်သော အဖို့ရှိသော သတ္တဝါအထူးထူးတို့ ဖြစ်လာကုန်၏။ မကောင်းသဖြင့် ပြုအပ်သော ယုတ်ညံ့သော ပစ္စုပ္ပန်ကံထူးထူးတို့ကြောင့် ယုတ်ညံ့သော အဖို့ရှိသော သတ္တဝါအထူးထူးကို ဖြစ်လာကုန်၏။ ဤကား ကမ္မသကဝါဒီ ပုဂ္ဂိုလ်တို့၏ ထင်မြင်မှတ်ယူပုံတည်း။

**ကုသလာကုသလ သဘာဝ ဒီပနီ ပြီး၏။**

❄ ❄ ❄

www.dhammaransi.com



## အဟေတုကဝါဒနိဂ္ဂဟ
## အတိတ်, ပစ္စုပ္ပန် ကံနှစ်ပါးကို ပစ်ပယ်ပုံ

အဟေတုကဝါဒ၌ အောက်ပုဗ္ဗေကတနိဂ္ဂဟ အခန်းဝယ် အတိတ်ကံအတွက် ကြောင့် ပြီးစီးသော အတီတကမ္မသာဓနီယဌာနကို ပြဆိုခဲ့၏။ ထိုအတီတ ကမ္မသာဓနီယ အရာဌာနများသည် ပြဆိုခဲ့ပြီးသောအတိုင်း အတိတ်ကံဟု ဆိုအပ်သော ဟေတုအကြောင်းကြောင့်လည်း ဖြစ်သည်မဟုတ်၊ တစ်စုံတစ်ရာ အကြောင်းမရှိဘဲ မိမိအလိုလို ဓမ္မတာတတ်တိုင်း ပေါက်လွှတ်သာဖြစ်၏။ ဓမ္မတာ အားဖြင့်ပြီး၍ ဓမ္မတာသိဒ္ဓိဖြစ်၏။ ထိုအတီတကမ္မသာဓနီယဌာနမှတစ်ပါး ပစ္စုပ္ပန် ကံအတွက် ပြီးစီးသော ပစ္စုပ္ပန္နကမ္မသာဓနီယဌာနကိုလည်း အောက်ပုဗ္ဗေကတဝါဒ နိဂ္ဂဟတွင်ပင် ပြဆိုခဲ့၏။ ထိုပစ္စုပ္ပန္နကမ္မသာဓနီယဌာနများသည်လည်း ဆိုခဲ့ပြီး သောအတိုင်း ဖြစ်စေတတ်သော ဟေတုအကြောင်း ထောက်ပံ့တတ်သော ပစ္စယ အကြောင်းတို့ကြောင့် ဖြစ်သည်မဟုတ်၊ အကြောင်းမဲ့သက်သက်သာ ဖြစ်ကုန်၏။

အလုံးစုံသော သတ္တဝါဟူသမျှသည် အခန့်သင့်၍ ဖြစ်ခွင့်ရှိသည် အားလျော် စွာ အလုံးစုံကိုင်းရှိုင်းသော သဘောရှိကြကုန်၍ ဘာဝပရိဏာတတို့သာ ဖြစ်ကုန်၏။ ဖြစ်စေတတ်သော ဇနကအကြောင်းကြောင့်လည်း ဖြစ်သည်မဟုတ်၊ အထောက် အပင့် အဆောက်အဦးဖြစ်သော ပစ္စယအကြောင်းကြောင့်လည်း ဖြစ်သည်မဟုတ်၊ တစ်စုံတစ်ယောက် ဖန်ဆင်းမှုကြောင့်ဖြစ်သည်လည်းမဟုတ်၊ မိမိ၏သဘောဓမ္မတာ အားဖြင့် ဖြစ်ခွင့်ရှိရာသို့ ကိုင်းရှိုင်းကြရကုန်၏။ ချမ်းသာခြင်း, ဆင်းရဲခြင်း, ပြည့်စုံခြင်း, ပျက်စီးခြင်း, မိုက်မဲခြင်း, လိမ္မာခြင်းစသော လောက၌ များပြား လှစွာသော အခိုက်အတန့်အထူးထူးသို့ အကြောင်းမဲ့အလိုလို ကျရောက်ကြရကုန် ၏။ ဤကား အဟေတုကဝါဒတည်း။ ဤအဟေတုကဝါဒ၌လည်း နိဂ္ဂဟသုံးမျိုး ကို ပုဗ္ဗေကတဝါဒ၌ ပြဆိုခဲ့ပြီးသော နိဂ္ဂဟသုံးမျိုးကို မှီ၍သိလေ။

## အလိုအလျောက် မဖြစ်နိုင်ပုံ

မြတ်စွာဘုရား ပွင့်တော်မမူမီ နာရဒဇာတ်တော်၌ ဂုဏကဿပစသော တိတ္ထိတို့သည် ထိုအဟေတုကဝါဒကို စွဲမြဲမှတ်ယူကုန်၏။ မြတ်စွာဘုရားသခင်၏

www.dhammaransi.com



လက်ထက်တော်၌လည်း မက္ခလိဂေါသာလ အစရှိသော အစေဋ္ဌက တက္ကဒွန်းတို့သည် ဤအဟေတုကဝါဒကို စွဲမြဲမှတ်ယူကြကုန်၏။ ဤသို့ အဟေတုက အယူရှိကုန်သော အဟေတုကဝါဒီပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ အလိုတော်ဖြစ်သော ကမ္မဿကဝါဒကို ပယ်ရှားကြကုန်၏။ ထိုသို့ ပယ်ရှားကြကုန်သော်လည်း ထိုအဟေတုကဝါဒီ ပုဂ္ဂိုလ်တို့သည် မိမိတို့ပင် ကမ္မဿကာသမားဖြစ်နေကြသည်ကို မသိကြကုန်၊ အကယ်၍ အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့ဆိုတိုင်း အလုံးစုံသော သတ္တဝါတို့သည် တစ်စုံတစ်ရာအကြောင်းမရှိဘဲ ဖြစ်ကြကုန်သော အဟေတု, အပစ္စယတို့ ဖြစ်ကြကုန်သည်ဖြစ်အံ့၊ ကမ္ဘာဦးကာလ ရှေးမဆွကပင်လျှင် အတီတကမ္မသာဓနီယဌာနတို့၌ အလုံးစုံသော သတ္တဝါတို့ မထူးမပြား တစ်သားတည်းတူကုန်၏။ ပစ္စုပ္ပန္နကမ္မသာဓနီယ အရာဌာနတို့၌လည်း အလုံးစုံတူမျှကုန်လေ၏။ သေးငယ်သောအမှုကို ပြုကုန်သော်လည်းကောင်း၊ ကြီးကျယ်သောအမှုကို ပြုကုန်သော်လည်းကောင်း၊ မိုက်မိုက်မဲမဲ ပြုကုန်သော်လည်းကောင်း၊ လိမ်လိမ်မာမာ ပြုကြကုန်သော်လည်းကောင်း၊ အထူးမရှိကြကုန်ရာ၊ အဘယ့်ကြောင့်နည်းဟူမူ-ပြုပြုသမျှ ကံအကြောင်းကြောင့် ဖြစ်ကြရသည်မဟုတ်၊ မိမိတို့ဘာသာ ဓမ္မတာအလျောက် ဖြစ်သောကြောင့်တည်း။

## ကံ ဉာဏ် ဝီရိယအလျောက် ထူးခြားပုံ

မိန်းမမြုံတို့မှာ သားသမီး မပေါက်ဖွားနိုင်သကဲ့သို့ ထို့အတူ အဟေတုကဝါဒီပုဂ္ဂိုလ်တို့၏ အယူအားဖြင့် အလုံးစုံသောဆန္ဒ ဝီရိယတို့၏လည်းကောင်း, အလုံးစုံသောကံတို့၏လည်းကောင်း, အကျိုးတစ်စုံတစ်ရာမျှ မရှိ၊ မြုံသည်ပင် မည်၏။ ထို့ကြောင့် အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ဘယ်မျှလောက် ကြီးမား မြင့်မြတ်သော အမှုအမျိုးမျိုးကို ပြုကုန်သော်လည်း တစ်စုံတစ်ရာမျှ မပြုမလုပ်ဘဲ အလကားနေသောသူတို့နှင့် အတူအမျှသာ ဖြစ်ကုန်ရာ၏။ စင်စစ်မူကား ထိုဉာဏ် ဝီရိယတို့သည်လည်းကောင်း, ကံတရားတို့သည်လည်းကောင်း, အကျိုးမပေးဘဲ မြုံသောတရားတို့ မဟုတ်ကြကုန်၊ စေန်မုချ အကျိုးပေးကုန်သော သဖလတရားတို့သာ ဖြစ်ကုန်၏။ ဆန္ဒ ဝီရိယ ပညာတို့၏ အားရှိအားမှ ပျူငှာမွေ့သည်၏။

www.dhammaransi.com



အဖြစ်ကြောင့် ပစ္စုပ္ပန်ကံအမှုတို့၏ အကြီးအကျယ် အထူးထူး အပြားပြားသည် လောက၌ထင်ရှား၏။ ကံတို့၏ ထူးထွေသည်၏အဖြစ်ကြောင့် ကံ၏အကျိုးတို့သည်လည်း အထူးထူးအထွေထွေ ထင်ရှားကုန်၏။

ထို့ကြောင့် ပစ္စုပ္ပန္နကမ္မသာဓနီယဌာနတို့၌ သတ္တဝါတို့၏ ပြည့်စုံမှု, ပျက်စီးဆုတ်ယုတ်မှု, ချမ်းသာမှု, ဆင်းရဲမှုတို့သည် စင်စစ်ဟေတုအကြောင်း ပစ္စယအကြောင်းရှိသော သဟေတု, သပစ္စယတို့သာ ဖြစ်ကုန်၏။ ဤသို့ ဖြစ်နေပုံသည် ပစ္စုပ္ပန်လောက၌ ပစ္စက္ခအားဖြင့် ထင်ရှားလှ၏။ ပစ္စုပ္ပန်၌ ထင်ရှားသကဲ့သို့ နောင်အနာဂတ်ဘဝတို့၌ ချမ်းသာခြင်း, ဆင်းရဲခြင်း, ပျက်စီးခြင်းအလို့ငှါ ဖြစ်ကုန်သော ဆန္ဒ, ဝီရိယ, ပညာစသော တရားတို့သည်လည်းကောင်း သုစရိုက်ကံ, ဒုစရိုက်ကံတို့သည်လည်းကောင်း မြဲခြင်းမရှိ၊ စင်စစ်အကျိုးပေးလတ္တံ့သော တရားတို့သာ ဖြစ်ကုန်၏။ ထိုတရားတို့၏မြဲခြင်း မရှိ၊ အကျိုးပေးလိမ့်သော သဘောရှိသောကြောင့် ထိုကံတရားတို့၏ အထူးထူး အထွေထွေသို့ လိုက်၍ နောင်အနာဂတ်ဘဝတို့၌ အတီတကမ္မသာဓနီယအရာဝယ် သတ္တဝါတို့၏ ချမ်းသာအမျိုးမျိုး, ဆင်းရဲအမျိုးမျိုးတို့သည် ထင်ရှားဖြစ်လတ္တံ့ဟူ၍ ပညာရှိတို့ ယုံကြည်ကြကုန်၏။

## အကျိုးမြင်က အကြောင်းကိုပါ သိသင့်ပုံ

ဥပမာအားဖြင့် သစ်ပင်မျိုး, မြက်ပင်မျိုးတို့၏ အထူးထူး အထွေထွေကို မြင်ရလျှင် ထိုမြက်, သစ်ပင်တို့၏ မျိုးစေ့တို့သည်လည်း ထူးထွေကုန်၏ဟု သိကြကုန်သကဲ့သို့ ထိုအတူ အတီတကမ္မသာဓနီယဌာနတို့၌ ပြည့်စုံမှု, ပျက်စီးမှု, ချမ်းသာမှု, ဆင်းရဲမှု အထူးထူး အထွေထွေတို့ကို မြင်ရ၍လည်း အတိတ်ကံတို့၏ ထူးထွေပုံ ထိုအတိတ်ကံတို့၏ ပြီးစီးရန် အဆောက်အဦးတို့၏ ထူးထွေဟန်ကိုလည်း ကေန်သိသင့် သိထိုက်, ယုံကြည်သင့် ယုံကြည်ထိုက်၏။

သဗ္ဗညုမြတ်စွာ ဘုရားရှင်တို့သည်ကား အတိတ်ကံ အထူးထူးတို့အတွက်ကြောင့် အတီတကမ္မသာဓနီယအရာ၌ ချမ်းသာဆင်းရဲ အထူးထူးကိုလည်းကောင်း၊ ပစ္စုပ္ပန်ကံအတွက်ကြောင့် ပစ္စုပ္ပန္နကမ္မသာဓနီယအရာ၌ ချမ်းသာဆင်းရဲ

www.dhammaransi.com



အထူးထူးကိုလည်းကောင်း, မျက်မှောက်ထင်ထင် သိမြင်ထိုးထွင်းတော်မူကြပေကုန်၏။ ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားတို့သည် ဤအဟေတုကဝါဒကို မြဲမြံစွာနှိပ်နင်း၍ အတင်းပယ်ရှားတော်မူ၏။

အဟေတုကဝါဒနိဂ္ဂဟ ပြီး၏။

▲ ▲ ▲

## ကမ္မသကာဝါဒ
## အကြောင်း ၃-ပါး

ပုဗ္ဗေကတဝါဒနိဂ္ဂဟ အရာ၌လည်း ကမ္မသကာအကြောင်းကို ကောင်းစွာပြဆိုခဲ့ပြီ၊ သို့ဖြစ်၍ ဤနေရာ၌ ရှေ့ကမဆိုဘဲ ကြွင်းကျန်သောအရာမျှကိုသာ ပြဆိုပေအံ့- ဤလောက၌ ထွန်ယက်စိုက်ပျိုးခြင်းအမှုကို ပြုသောသူတို့အား ထိုထွန်ယက် စိုက်ပျိုးမှု၏ ပြည့်စုံဖို့ရန်, ပျက်စီးဖို့ရန် -

(၁) ဟေတုအကြောင်း၊

(၂) ပစ္စယအကြောင်း၊

(၃) သမ္ဘာရအကြောင်းတို့သည် များစွာရှိကုန်၏။ ထိုအကြောင်းတို့တွင်-

၁။ စပါးမျိုးစေ့နှင့် လယ်လုပ်သမားတို့သည် ဖြစ်စေတတ်သော ဟေတုအကြောင်း မည်ကုန်၏။

၂။ စိုက်ပျိုးရာလယ်မြေ၌တည်သော မြေဆီသြဇာတို့သည် ဖြစ်စေရန်ထောက်ပံ့တတ်သော ပစ္စယအကြောင်း မည်ကုန်၏။

၃။ မိုးရွာခြင်းသည်လည်းကောင်း လယ်သို့ကောင်းစွာဝင်ရန် ရေမြောင်းသည်လည်းကောင်း၊ မြစ်ချောင်းသည်လည်းကောင်း မိုးရွာရန်အကြောင်းဖြစ်သော မိုးတိမ်, မိုးသက်လေ, တေဇောဓာတ်ငွေ့တို့သည်လည်းကောင်း နေ, လ, နက္ခတ်, တာရာတို့သည်လည်းကောင်း တိုင်းနိုင်ငံ၌ နေထိုင်ကြကုန်သော လူတို့၏ အကျင့်အာစာရတို့သည်လည်းကောင်း အဆောက်အဦးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သမ္ဘာရအကြောင်းတို့ မည်ကုန်၏။

## လောကမျက်မြင်

ဤအရာ၌ စပါးမျိုးစေ့သည် အောင်အောင်မြင်မြင် အနှစ်အဆန်ရှိခဲ့ပါလျှင် လယ်လုပ်မှုပြည့်စုံအောင်မြင်လေ၏။ ကောင်းစွာအသီးအနှံရှိ၍ လိုတိုင်းသော အကျိုးကိုပေး၏။ နဂိုပကတိမျိုးစေ့သည် မအောင်မမြင် အဖျင်းအသွန်တို့သာ ဖြစ်ခဲ့ပါလျှင် လယ်လုပ်မှုပျက်စီး၍ အချည်းနှီးအကျိုးမရှိ ဖြစ်လေတော့၏။ အကယ်၍ပင် မျိုးစေ့သည် အောင်အောင်မြင်မြင် အနှစ်သာရ ရှိစေကာမူ တောင်သူယောကျ်ား လယ်သမားသည် ထွန်ချိန်, ယက်ချိန်, စိုက်ချိန်, ပျိုးချိန် စသည်ကို ကောင်းစွာသိ၍ ထွန်ယက်စိုက်ပျိုးမှုစသော ပြုသင့်ပြုထိုက်သမျှကို ပြည့်စုံလုံလောက်စွာ ပြုလုပ်ပါမှသာလျှင် လယ်လုပ်မှု အောင်မြင်ပြီးစီး၏။ ထိုသို့ မပြုလုပ်ခဲ့လျှင် မူကား ပျက်စီးရပြန်လေ၏။ ထိုသို့ပင် တောင်သူယောကျ်ား လယ်သမားသည် ကောင်းစွာအားထုတ် ပြုလုပ်ပြန်ပါသော်လည်း မိုးမှန်, မိုးကောင်းမှသာလျှင် လယ်လုပ်မှု ပြည့်စုံအောင်မြင်၏။ မိုးမကောင်းပြန်လျှင် ပျက်စီးပြန်လေ၏။ မိုးပင် ကောင်းပါသော်လည်း လယ်၏အနီးအပါး၌ ရေလိုလျှင် သွင်းရန် ရေမြောင်း, ရေများလျှင်လွှတ်ရန် ထုတ်ရန် ရေမြောင်းစုံလင်မှသာလျှင် လယ်လုပ်မှု ပြည့်စုံပြီးစီး၏။ ရေမြောင်းမကောင်းလျှင်လည်း ပျက်စီးရပြန်၏။ မြစ်ရေကိုမှီရသော လယ်တို့တွင် မြစ်ရေအယဉ်သည် အခါအခွင့်သင့်တင့်သောအခါတွင် စီးဝင်မှသာ ပြည့်စုံ၏။ ရေဝင်သင့်သောအခါ ရေမဝင်, မဝင်သင့်သောအခါ၌ များစွာရေဝင်ပြန်လျှင်လည်း ပျက်စီးရပြန်၏။ မြစ်ရေမည်သည်လည်း အထက်အညာတွင်ရှိသော တောတောင်သမားတို့၌ မိုးရွာမှသာလျှင် စီးဝင်နိုင်၏။ အထက်အညာရှိ တောတောင်၌ မိုးမရွာပြန်လျှင်လည်း မြစ်ရေမလာပြီ။ မိုးမည်သည်လည်း မိုးရွာရန် အကြောင်းနှင့် ပြည့်စုံမှသာလျှင် ရွာသွန်းနိုင်၏။ မိုးရွာရန်အကြောင်းနှင့် မပြည့်စုံခဲ့လျှင်လည်း မိုးမရွာနိုင်ပြန်။

## မျက်မြင်ဥပမာနှင့် ကံတရား

ဤသို့စသည်ဖြင့် လယ်လုပ်စိုက်ပျိုးမှုတစ်ခုမှာပင် အထောင်မက များလှစွာသော ပြည့်စုံရန်အကြောင်း ပျက်စီးရန်အကြောင်းတို့သည် ရှိကုန်သကဲ့သို့ ထိုအတူ အလုံးစုံသော ပစ္စုပ္ပန်ကံတို့၏ ပြည့်စုံပျက်စီးရန် အကြောင်းတို့သည်လည်း

www.dhammaransi.com



ထောင်သောင်းမက ရှိကုန်၏။ အလုံးစုံသော အတိတ်ကံတို့၏ ပြည့်စုံပျက်စီးရန် အကြောင်းတို့သည်လည်း ထောင်သောင်းမက များလှကုန်၏။

ဤဆိုအပ်ပြီးသည်ကား လောကကြီး ဖြစ်နေပုံ၏ အကြောင်းရှိသည်ကို အမြွက်မျှ နည်းပြကြောင်း စကားရပ်တည်း။

## မုချနှင့် နိသန္ဒ

နှောင်တမလွန်ဘဝတို့၌ ချမ်းသာဆင်းရဲကို ဖြစ်စေတတ်သော အတိတ်ကံ၏ အကျိုးသည် – (၁) မုချအကျိုး၊

(၂) နိသန္ဒအကျိုးဟူ၍ နှစ်ပါးအပြားရှိ၏။

## ပစ္စုပ္ပန်ကံနှင့်အကျိုး ၂–ပါး

ဤအရာ၌ ပစ္စုပ္ပန်ကံကို ပြဆိုအံ့။ တစ်ဦးသောသူသည် ကြီးကျယ်သော အတတ်ပညာတစ်ခုကို သင်ကြား၏။ အကြင်မျှလောက် ထိုအတတ်ပညာသည် ပြီးစီးအောင်မြင်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး ထိုအတတ်ပညာဟူသော အကြောင်းကြောင့် များစွာသော ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရ၏။ တစ်ရံတစ်ခါ၌သာ ချမ်းသာကိုတွေ့ရ၏။ ထိုအတတ်ပညာကြီးသည် ပြီးစီးအောင်မြင်ခဲ့သည်ရှိသော် များစွာသော ဥစ္စာပစ္စည်းတို့ကိုလည်း ရလေ၏။ အမျိုးမျိုးသော အစိုးရဂုဏ်တို့ကိုလည်း ရလေ၏။ အမျိုးမျိုးသော စည်းစိမ်ချမ်းသာတို့ကိုလည်း ရလေ၏။ ထိုအတတ်ပညာတတ်သော သူတစ်ယောက်ကို အမှီပြု၍ တစ်ပါးသော မိတ်ဆွေခင်ပွန်းတို့သည်လည်း ချမ်းသာအမျိုးမျိုးကို ရလေကုန်၏။

## နိသန္ဒအကျိုး

ထိုစကားရပ်၌ သင်ကြားသောအတတ်ပညာ မပြီးစီးမီ ချမ်းသာဆင်းရဲ အမျိုးမျိုးကို ခံစားရခြင်း၊ ထိုအတတ်ပညာဟူသော အကြောင်းကြောင့် တစ်ပါးသော မိတ်ဆွေခင်ပွန်းအပေါင်းတို့ ချမ်းသာကို ရခြင်းများသည် ထိုအတတ် ပညာ၏ အကျိုးရင်းမဟုတ် အကျိုးဆက်အကျိုးဖျား ဖြစ်၍ (၊) နိသန္ဒအကျိုး မည်၏။

www.dhammaransi.com



## မုချအကျိုး

ထိုအတတ်ပညာ ပြီးစီးအောင်မြင်သည်ရှိသော် အတတ်ပညာကို သင်ကြားတတ်မြောက်သောသူ၏ များစွာသော ဥစ္စာပစ္စည်းများကိုရခြင်း၊ အမျိုးမျိုးသော အစိုးရဂုဏ်တို့ကိုရခြင်း၊ အမျိုးမျိုးသော စည်းစိမ်ချမ်းသာကို ရခြင်းများသည် ထိုအတတ်ပညာ၏ လိုရင်းအကျိုးစစ် ဖြစ်သောကြောင့် (၁) မုချအကျိုး မည်၏။

## အဆိုးကံ၌အကျိုး ၂-တန်

ဤနည်းအတူ တစ်ဦးသောယောကျ်ားသည် တစ်ယောက်သောသူကို သတ်လေ၏။ အသတ်ခံရသောသူသည်လည်း သေ၏။ သေလေသောသူ၏ ရန်သူတို့သည် သတ်သောယောကျ်ားကို ပူဇော်မြတ်နိုးကြလေ၏။ ဥစ္စာစည်းစိမ်စသည်ကိုလည်း ပေးကြကုန်၏။ သေလေသောသူ၏ အမျိုးအဆွေတို့သည်ကား ထိုသတ်သောသူကို မုန်းထားကြကုန်၏။ မိမိတို့ကိုယ်တိုင်မူလည်း ပြန်လှန်၍ သတ်ကြသော်လည်း သတ်ကြကုန်၏။ အစိုးရမင်းစိုးရာဇာတို့အား တိုင်ကြား၍ သတ်စေသော်လည်း သတ်စေကုန်၏။ ဤသို့သော အကျိုးစုသည် ထိုသတ်ဖြတ်သောကံ၏ (၂) နိသန္ဒအကျိုးဆက် မည်၏။

ထိုသူသတ်ယောကျ်ားသည် စုတိမနေ သေလွန်သောကာလ၌ မိမိသက်ခဲ့သော ပါဏာတိပါတကံကြောင့် အပါယ်ဘုံသို့ကျရောက်၍ ကြီးကျယ်လှစွာသော ဆင်းရဲဝေဒနာကို ခံစားရလေ၏။ ဤအပါယ်သို့ ကျသောအကျိုးသည် (၁) မုချအကျိုးရင်းမည်၏။

ထိုသူသတ်ယောကျ်ားသည် တစ်ပါးသော ကုသိုလ်အတွက် အပါယ်မှလွတ်၍ တစ်ဖန် လူဖြစ်ပြန်ပါသော်လည်း အနာရောဂါများခြင်း, အသက်တိုခြင်း, ရန်သူများခြင်းစသော ဒုက္ခအကျိုးများကို တွေ့ရ၏။ ဤအကျိုးသည်လည်း ပါဏာတိပါတကံ၏ (၁) မုချအကျိုးရင်း မည်၏။

ထိုပါဏာတိပါတကံ ရှိသောသူကို အကြောင်းပြု၍ ထိုသူနှင့်စပ်သော ဆွေမျိုးတို့သည် အမျိုးမျိုးသော ဆင်းရဲဒုက္ခကို တွေ့ကြုံခံစားကြရကုန်၏။ ဤအကျိုးသည် ထိုပါဏာတိပါတကံ၏ (၂) နိသန္ဒအကျိုးဆက် မည်၏။ ကုသိုလ်ကံအရာ၌

www.dhammaransi.com



လည်း ဤနည်းကိုမှီ၍ သိလေ။

နိသန္ဒအကျိုးသည်လည်း ကံပြုစဉ်အခါ၌ ပေးသောအကျိုး, ကံရင့်ကျက်၍ အကျိုးပေးချိန်တန်သောကာလ၌ ပေးသောအကျိုးဟူ၍ နှစ်ပါးအပြားရှိ၏။

## နိသန္ဒအနုအရင့်

ထိုနှစ်ပါးတို့တွင် ကံပြုစဉ်အခါ၌ ပေးသောအကျိုးသည် ဖြောင့်မှန်ခိုင်မြဲသည် ဟူ၍မရှိ၊ ကောင်းသောကလျာဏကံကို ပြုစဉ်အခါ၌လည်း ဆင်းရဲဒုက္ခကို ခံစားရတတ်၏။ မကောင်းယုတ်မာသော ပါပကံကို ပြုစဉ်အခါ၌လည်း ချမ်းသာသုခကိုခံစားရတတ်၏။ ကံရင့်ကျက်၍ အကျိုးပေးချိန်တန်သောအခါ၌ ပေးသော အကျိုးသည်ကား ဖြောင့်မှန်ခိုင်မြဲလေ၏။ ကောင်းသောကလျာဏကံ အတွက်ကြောင့် ချမ်းသာသုခကို ခံစားရ၏။ ဆင်းရဲဒုက္ခကို မခံစားရ၊ ယုတ်မာသော ပါပကံအတွက်ကြောင့် ဆင်းရဲဒုက္ခကိုသာ ခံစားရ၏။ ချမ်းသာသုခကို မခံစားရ။

## မုချအကျိုးနှင့် အဇ္ဈတ္တ

မုချအကျိုးသည်ကား စင်စစ်အားဖြင့် ဖြောင့်မှန်ခိုင်မြဲ၏။ ကောင်းသော ကလျာဏကံ၏အကျိုးသည် သုခသာဖြစ်၏၊ ဒုက္ခမဖြစ်။ မကောင်းသော ယုတ်မာသော ပါပကံအကျိုးသည် ဒုက္ခသာဖြစ်၏၊ သုခမဖြစ်နိုင်။ မုချအကျိုးမည်သည် ကံပြုသောသူ၏ အဇ္ဈတ္တသန္တာန်၌သာလျှင် ဖြစ်၏။ ဗဟိဒ္ဓဖြစ်သော သူတစ်ပါးတို့သန္တာန်၌ မဖြစ်၊ ထိုကြောင့် ထိုကံပြုသောသူသည် ကံအကျိုးကို ခံစားပြီး၍ သေလေသည်ရှိသော် မုချအကျိုးကုန်ခန်းလေတော့၏။ ကျန်ရစ်သည်ဟူ၍ မရှိ။

## နိသန္ဒနှင့် သန္တာန် ၂-ပါး

နိသန္ဒအကျိုးသည်မူကား ဗဟိဒ္ဓဖြစ်သော သူတစ်ပါးတို့၏သန္တာန်၌လည်း ဖြစ်၏။ ထိုကြောင့် ထိုကံပြုသောသူ သေလေသော်လည်း ထိုနိသန္ဒအကျိုးဆက် မကုန်ခန်းလေ။ ကြွင်းကျန်ရစ်၍ သူတစ်ပါးတို့၏ ချမ်းသာဖို့ရန်သော်လည်း ကောင်း, ဆင်းရဲဖို့ရန်လည်းကောင်း ဖြစ်လေ၏။

www.dhammaransi.com



နိသန္ဒဖလကို ထင်ရှားစွာ ပြဆိုဦးအံ့။ အကြင် တစ်စုံတစ်ခုသော အမျိုး အနွယ်၌ ရှေးရှေးဘဝက ဖြည့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရရှိသော ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်သည် ပဋိသန္ဓေတည်နေလာ၏။ ထိုဘုန်းရှိသူ ပဋိသန္ဓေတည်နေသော အခါမှစ၍ ထိုအမျိုးသားတို့၏ အမှုအမျိုးမျိုးတို့သည် ပြည့်စုံပြီးစီးကုန်၏။ ဥစ္စာစီးပွား, ကျွဲ, နွား, ဆင်, မြင်း, ကျွန်သင်းခြွေရံတို့သည် တိုးပွားကုန်၏။ မင်းမျိုးဖြစ်ခဲ့လျှင် ပညာရှိသော အမတ်ကြီးပေါ်ပေါက်လာကုန်၏။ ရဲရင့်သော ကိုယ်အား, ဉာဏ်အားနှင့် ပြည့်စုံသော စစ်သူကြီးတို့သည်လည်း ပေါ်ပေါက်လာကုန်၏။ ဆင်ဝိသေသ, မြင်းဝိသေသ, သမီးကညာ, ရတနာ ဝိသေသတို့သော်လည်း ပေါ်ပေါက်လာကုန်၏။ မိုးတို့သည်မူကား ထိုသူငယ် ပဋိသန္ဓေတည်ရာ မြို့ရွာနိုင်ငံ၌ ကောင်းစွာရွာသွန်းကုန်၏။ ကောက်စပါးသီးနှံတို့သည်လည်း ကုံတံ လောက်ငှစွာ သီးကြကုန်၏။ တိုင်းနိုင်ငံသည်လည်း ဝပြောစည်ပင် ကြည်လင် ချမ်းမြစွာဖြစ်၏၊ ဤကား ဘုန်းကံရှိသော သူတစ်ယောက်၏ နိသန္ဒအကျိုးဆက်ပေတည်း။ ။ ဤကိုရည်၍ ဓမ္မပဒပါဠိတော်၌ -

**ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။**

**ယတ္ထ သော ဇာယတေ ဓီရော၊ တံ ကုလံ သုခမေဓတိ-**

ဟူ၍ ဟောတော်မူ၏။

ပုရိသာဇညော၊ ဘုန်းကံကြီးမားသော ယောကျ်ားအာဇာနည်ကို။ ဒုလ္လဘော၊ ရခဲလှစွာ၏။ သော၊ ထိုဘုန်းကံကြီးမားသော ယောကျ်ားအာဇာနည်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော မြို့ရပ်ရွာနှင့် ဝံသာကုလဟူသမျှ၌။ န ဇာယတိ၊ ဖြစ်ပွား ပေါ်ပေါက်လာသည် မဟုတ်။ ယတ္ထ၊ အကြင်အမျိုး၌။ သော ဓီရော၊ ထိုဘုန်းကံကြီးမားသော ယောကျ်ားအာဇာနည်သည်။ ဇာယတေ၊ ဖြစ်ပေါ်လာ၏။ တံ ကုလံ၊ ထိုဖြစ်ပေါ်ရာတစ်မျိုးလုံးသည်။ သုခံ၊ ချမ်းချမ်းသာသာ။ ဧဓတိ၊ အမျိုးမျိုးသော ကြီးပွားခြင်းဖြင့် အလျဉ်းကြီးပွားလေတော့၏။

www.dhammaransi.com



## ပစ္စုပ္ပန်ကံ၌ နိဿန္ဒအကျိုး

ပစ္စုပ္ပန်ကံအရာ၌ ဥပမာဖြင့် ထင်စွာပြဦးအံ့။ စွမ်းအားနှင့်ပြည့်စုံသော ယောကျ်ားတစ်ယောက်သည် လက်ရုံးအားဖြင့်သော်လည်းကောင်း, ဉစ္စာအားဖြင့် သော်လည်းကောင်း, ဉာဏ်အားဖြင့်သော်လည်းကောင်း, ခိုင်ခံ့ကောင်းမွန်စွာ ပြုပြင်၍ ထားအပ်သော လယ်ယာဥယျာဉ်, ရေကန်, ရေတွင်းတို့သည်လည်း ရှိကုန်၏။ ကြီးလှစွာသော တစ်ဖက်ဆည် ကန်ကြီးသည်လည်းကောင်း၊ ကြီးမား ခိုင်ခံ့လုံစွာသော တူးမြောင်း, ချောင်း, မြစ်တို့သည်လည်းကောင်း၊ ခိုင်ခံ့လှစွာသော ပေတရာလမ်းမကြီးတို့သည်လည်းကောင်း ရှိကုန်၏။ ထိုဆိုပြီး အဆောက်အဦး တို့သည် ကမ္ဘာပတ်လုံးလောက်ပင်လျှင် သူတစ်ပါးတို့၏အကျိုးစီးပွားကို ရွက်ဆောင်၍ အများချမ်းသာဖို့ရန် တည်နေကုန်၏။ ထိုအဆောက်အဦးကြီးတို့ကို မှီ၍ များလှစွာသော သတ္တဝါတို့သည် ချမ်းသာအမျိုးမျိုးကို ရကြကုန်၏။

## အတိတ်ကံ၌ နိဿန္ဒအကျိုး

ဤသို့ ဖြစ်နေပုံသည် ပစ္စက္ခမျက်မြင်အားဖြင့် ဤလောက၌ ထင်ရှားဘိ သကဲ့သို့ ထိုအတူ အတိတ်ကံ၏အရာဌာနတို့၌လည်း တစ်ဦးသော ဘုန်းကံရှိသူ သတ္တဝါ၏ ဘုန်းကံရှိန်စော် အာနုဘော်ကို တစ်ပါးသော သတ္တဝါတို့သည်လည်း မှီခိုခံစားကြရကုန်၏။ ရှေးကံကြမ္မာ ဆိုးညစ်လှစွာသော သတ္တဝါတစ်ယောက်၏ အကုသိုလ်ကံအကျိုးဆက်ကြောင့် တစ်ပါးသော သတ္တဝါအများတို့သည်လည်း အမျိုးမျိုးသော ဆင်းရဲဒုက္ခကို ခံစားကြရကုန်၏။

ဤသို့လျှင် ပစ္စုပ္ပန်ကံ, အတိတ်ကံနှစ်ပါးတို့၏ မုချအကျိုး, နိဿန္ဒအကျိုး ကိုယ်စီရှိပုံကို ကောင်းမွန်စွာ ပညာရှိတို့ယုံကြည်ကြကုန်၏။

ဤဆိုအပ်ပြီးသည်ကား ပစ္စုပ္ပန်ကံ, အတိတ်ကံနှစ်ပါးတို့၏ အကျိုးပေး ထူးထွေဆန်းပြားဟန်ကို အမြွက်မျှ ပြဆိုခြင်းတည်း။

ကမ္မဿကာဝါဒ ပြီး၏။

www.dhammaransi.com



## အတ္တဒိဋ္ဌိကို ပြဆိုခြင်း
### အတ္တကြောင့် အယုတ်အမြတ် ကျင်လည်ရပုံ

အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်၌ ကျင်လည်ကျက်စား သွားလာလှည့်ပတ်၍ နေကြရကုန်သော သတ္တဝါအပေါင်းတို့၏ အဇ္ဈတ္တသန္တာန်တို့၌ ယုတ်မာလှစွာသော ဒိဋ္ဌိအမျိုးမျိုးတို့သည်လည်းကောင်း, ယုတ်မာလှစွာကုန်သော တရား အမျိုးမျိုးတို့သည်လည်းကောင်း, ယုတ်မာလှစွာကုန်သော ကံအမျိုးမျိုးတို့သည်လည်းကောင်း၊ အစဉ်တည်စွဲလျက် အမြဲကိန်းအောင်းကာ အနုသယဓာတ် အနေအားဖြင့် လိုက်ပါ၍နေကုန်၏။ ထိုယုတ်မာလှစွာသော တရားတို့၏အတွက်ကြောင့် ဤလောက၌ အပါယ်လေးဘုံတို့သည် ထင်ရှားဖြစ်ပေါ်ရကုန်၏။ ယုတ်မာသောသူ အမျိုးမျိုးတို့သည်လည်း ထင်ရှားဖြစ်ပေါ်ကုန်၏။ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် အယုတ်သဖြင့် ခွေး, ဝက်စသော အပါယ်သတ္တဝါတို့ပင် သော်လည်း ရံခါရံဖန် မဟာဗြဟ္မာအဖြစ်ကိုလည်း ရကြကုန်၏။ ထို့အထက် အာဘဿရ မဟာဗြဟ္မာအဖြစ်ကိုလည်း ရကြကုန်၏။ ထို့အထက် သုဘကိဏှ မဟာဗြဟ္မာ အဖြစ်ကိုလည်း ရကြကုန်၏။ ထို့အထက် ဝေဟပ္ဖိုလ်ဗြဟ္မာ အဖြစ်ကိုလည်း ရကြကုန်၏။ ထို့အထက် အရူပဗြဟ္မာအဖြစ်ကိုလည်း ရကြကုန်၏။ ထိုသို့ပင် အထက်အထက် ဗြဟ္မာဘုံကို ရကြကုန်သော်လည်း တစ်ဖန်ပင် အပါယ် ငရဲသို့ တရစ်ဝဲဝဲ ကျရောက်ကြရပြန်ကုန်၏။ ။ ထိုကြောင့် ဝိဘင်းပါဠိတော်၌–

**ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။**

**ဘဝဂ္ဂတံပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ–** ဟူ၍ ဟောတော်မူ၏။

ပုညတေဇေန၊ ကောင်းမှုရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ ပင့်မြှောက်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊ ကောင်းသောကာမဂတိ, ရူပဂတိသို့။ ဂတာ၊ သွားရောက်ခံစားကြရကုန်၏။ ဘဝဂ္ဂတံ၊ ဘဝဂ်ဖြစ်သော နေဝသညာနာသညာယတနဘုံသို့။ သမ္ပတ္တာပိစ၊ ရောက်ကြရကုန်သော်လည်း။ ပုန၊ တစ်ဖန်။ ဒုဂ္ဂတိံ၊ အပါယ်ဒုဂ္ဂတိသို့။ ဂစ္ဆန္တိ၊ ရောက်ကြရပြန်ကုန်၏။

ထိုသို့ယုတ်မာသော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မနှင့် ပြည့်စုံလျက်ရှိကြသော သတ္တဝါတို့သည် မဟာဗြဟ္မာကြီးပင် ဖြစ်ကြကုန်သော်လည်း ပုထုဇဉ်ဘုံ၌သာ

www.dhammaransi.com



အကျိုးဝင်ကုန်၍ ပုထုဇဉ်တို့သာ ဖြစ်ကုန်၏။ လောကီဘုံ၌ အကျိုးဝင်ကြကုန်၍ လောကီဘုံသားတို့သာ ဖြစ်ကုန်၏။ ကောင်းကင်သို့ ပစ်မြှောက်အပ်ကုန်သော ကျောက်ခဲ, လှံတံတို့သည် အောက်သို့သာ လျှောကျလိမ့်သောအဖို့သာ ရှိကုန်သကဲ့သို့ ဆိုပြီးသော သတ္တဝါတို့သည်လည်း အပါယ်ငရဲသို့သာ လျှောကျလိမ့်သောအဖို့ ရှိကုန်၏။ အပါယ်သို့ ကျရောက်ရန် အပါယဂါမိတရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ အပါယ်သို့ကျရောက်လိမ့်သော အပါယ်ဇာတ်သမားတို့သာ ဖြစ်ကုန်၏။ ယုတ်မာသော ဟီနတရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၏။ အယုတ်တမာဖြစ်ဖို့ရန် အယုတ်တမာသမားတို့သာ ဖြစ်ကုန်၏။ မည်းနက်သော ကဏှဘုံ၌ တည်ကုန်သည်ဖြစ်၍ ကဏှဇာတ်သမားတို့သာ ဖြစ်ကုန်၏။ မိုက်ကန်းသော အန္ဓဗာလဘုံ၌ တည်ကုန်သည်ဖြစ်၍ အမိုက်သမား အကန်းသမားတို့သာ ဖြစ်ကုန်၏။ ကဏှဘုံ, အန္ဓဗာလဘုံဟူသည် အဘယ်နည်းဟူမူ- ထိုပြဆိုခဲ့ပြီးသော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့သာလျှင်တည်း။ အဘယ့်ကြောင့် မဟာဗြဟ္မာကြီးဖြစ်ပါကုန်လျက် ကဏှဘုံ, အန္ဓဗာလဘုံ၌ တည်ကုန်သနည်းဟူမူ- ငါငါဟူ၍ မှတ်မှားသော အတ္တဒိဋ္ဌိအတွက်ကြောင့်ဟု ဖြေ။

## အတ္တမျိုးစေ့၏အစွမ်း

အလုံးစုံသော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့၏အမြစ်မူလ မျိုးစေ့ဗီဇသည် အတ္တဒိဋ္ဌိသာဖြစ်၏။ ထိုအတ္တဒိဋ္ဌိရှိခဲ့လျှင် ဆိုအပ်ခဲ့ပြီးသော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့သည် ထင်ရှားရှိကုန်၏။ ထိုပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့ရှိလျှင် အပါယ်ဇာတ်သမား, ဟီနဇာတ်သမား, ကဏှဘုံသား, အန္ဓဗာလဘုံသားတို့သာ ဖြစ်ကုန်၏။ အတ္တဒိဋ္ဌိချုပ်ငြိမ်း၍ ဇာတ်သိမ်းပျောက်ကွယ်ခဲ့လျှင် ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့ ချုပ်ငြိမ်းကုန်၏။ ထိုပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့သည်လည်း ချုပ်ငြိမ်းလျှင် အလုံးစုံသော အယုတ်တမာ ခပ်သိမ်းတို့သည် ချုပ်ငြိမ်းပျောက်ကွယ်ကုန်၏။

အကြင်သတ္တဝါတို့သည် အတ္တဒိဋ္ဌိကို မပယ်ရကုန်သေး။ ထိုသတ္တဝါတို့သည် အလုံးစုံသော ပါပဒိဋ္ဌိ, ပါပဓမ္မ,ပါပကမ္မတို့၏ အမွေကိုခံကြရကုန်၏။ အဘယ်သို့

www.dhammaransi.com



ခံကြရကုန်သနည်းဟူမူ– ထိုအတ္တဒိဋ္ဌိ တင်းလင်းရှိကြကုန်သော သတ္တဝါတို့သည် အတိတ်သံသရာတွင် အနန္တဘဝများစွာ ကမ္မာအဆက်ဆက်တို့က လေ့ကျက်ပြုလုပ် အပ်ကုန်သော အဆုံးအစမရှိ အနန္တအပ္ပမယျဖြစ်သော ထိုပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့မှ မလွတ်မထွက်နိုင်ကြကုန်။

ထိုယုတ်မာသော ပါပဒိဋ္ဌိစသော တရားတို့သည် အတ္တဒိဋ္ဌိတင်းလင်း ရှိကုန်သော သတ္တဝါတို့ကို ဘဝဂ်ဘုံ၌ တည်နေကုန်သော်လည်း မချွတ်မလွဲ အပါယ်ငရဲသို့ ဆွဲ၍ပစ်ချကြကုန်လတ္တံ့။

အကြင်မျှလောက် ထိုသတ္တဝါတို့သည် အတ္တဒိဋ္ဌိတိုကို မပယ်မသတ်ရကုန်သေး။ ထိုမျှလောက် ကာလပတ်လုံး အနာဂတ်သံသရာ ကမ္ဘာအဆက်ဆက်, ဘဝအဆက် ဆက်တို့၌လည်း ယုတ်မာသော ပါပဒိဋ္ဌိစသော တရားတို့မှ မလွတ်မထွက်နိုင် ကုန်လိမ့်မည်သာလျှင်တည်း။

ဖြစ်လေရာရာ အနာဂတ်ဘဝတို့၌တွေ့တိုင်း, တွေ့တိုင်းသော မိစ္ဆာဒိဋ္ဌိအယူ တို့ကို စွဲယူကြကုန်လတ္တံ့၊ တွေ့တိုင်း, တွေ့တိုင်းသော အယုတ်တရား အမျိုးမျိုး ကိုလည်း ကျင့်ကြကုန်လတ္တံ့။ အမိကိုသတ်ခြင်းစသော ယုတ်မာသော ကံအမျိုးမျိုး ကိုလည်း ပြုကြကုန်လတ္တံ့။

ယခုပစ္စုပ္ပန်ကာလ၌လည်း ထိုအတ္တဒိဋ္ဌိတင်းလင်းရှိသော သတ္တဝါတို့သည် များသောအားဖြင့် ယုတ်မာသော အယူမျိုး၊ ယုတ်မာသော တရားမျိုး၊ ယုတ်မာ သော အမှုမျိုးတို့၌သာ မွေ့လျော်ကြကုန်သည်သာလျှင် ဖြစ်၏။

## အတ္တကြောင့် တ္တဿရနိမ္မာနဖြစ်လာပုံ

ထိုစကားမှန်၏။ အတ္တဒိဋ္ဌိရှိလေပါမူ အထက်မဟာဗြဟ္မာကြီးတို့သော်လည်း အလွန်တရာ အသက်ရှည်ကြလေသောကြောင့် မိမိတို့ဗြဟ္မာဘုံ၌ ဖြစ်ရင်းအစ ဗြဟ္မာဘုံမှ စုတိလတ္တံ့သော အဆုံးကိုမမြင်နိုင်ကြကုန်သဖြင့် မိမိကိုယ်သည် မြဲ၏ဟူ၍ ထင်မြင်သော နိစ္စဒိဋ္ဌိအယူကို စွဲယူကြကုန်၏။ ငါသည် ခေန္တ ချမ်းသာ၏။ ငါသည် အလိုသို့လိုက်စေနိုင်။ ငါသည် စင်စစ်မြင်နိုင်၏။ ငါသည် အလုံးစုံကို သိနိုင်၏။ ငါသည် အလုံးစုံကို မြင်နိုင်၏။ ငါသည် ဘုရားပင်တည်း။

www.dhammaransi.com



ဤသို့ ဘုရားဟူသော အယူကိုပင် စွဲယူလေ၏။ ဤလောကကြီးသည် ငါ၏ တန်းခိုးကြောင့် ဖြစ်၏။ ဤလောကကြီးကို ငါဖန်ဆင်း၏။ ငါ့မှာ ဖန်ဆင်းနိုင်သော တန်ခိုးရှိ၏။ ဤသို့ ထင်မြင်မှတ်ယူလေ၏။ ရံခါရံဖန် ထိုမဟာဗြဟ္မာကြီးသည် မိမိလောက် အသက်မရှည်ကုန်သော အောက်အောက်ဗြဟ္မာငယ်တို့၏ အလယ်၌ မိမိကိုယ်ကို ထင်စွာပြ၍ ငါသည် စင်စစ်မြဲ၏။ ငါသည် ဘုရားဖြစ်၏။ သင်တို့ကို ငါဖန်ဆင်း၍လာ၏။ ဤသို့ စသည်ဖြင့် ဒိဋ္ဌိအယူတို့ကို ပြောကြားလေ၏။ ထိုပြောကြားသော အတိုင်းလည်း ဗြဟ္မာငယ်တို့က ယုံကြည်မှတ်သားကြကုန်၏။ ထိုမဟာဗြဟ္မာ၏စကားကို ယုံကြည်သော ဗြဟ္မာတို့သည် ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ အောက်ဖြစ်သော ကာမာဝစရနတ်ပြည် လူ့ပြည်တို့၌ကား ဆိုဖွယ်မရှိပြီ။ မဟာဗြဟ္မာ၏ စကားကို စွဲမြဲစွာ ယုံကြည်ကြကုန်၏။ (ဤသို့သော မဟာဗြဟ္မာမျိုးကို ဣဿရနိမ္မာရဝါဒီ ပုဂ္ဂိုလ်တို့က ဘုရားဟူ၍ မှတ်ထင်လေသည်။ ထိုမဟာဗြဟ္မာ၏ပြောသော စကားကို စွဲ၍ တစ်ဆင့်တစ်ဆင့် ပွားများပြီးလျှင် ယခုလောက၌ ဣဿရနိမ္မာန အယူကြီးတစ်ခု ဖြစ်နေသတည်း။)

## အတ္တကြောင့် စိတ်ချခွင့်မရှိရပုံ

ထိုကြောင့် အတ္တဒိဋ္ဌိကို မသတ်မဖြတ်ကြရသေးလျှင် ဘုရားဟု ဝန်ခံနေသော မဟာဗြဟ္မာကြီးတို့ပင်သော်လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့မှ မလွတ်မထွက်နိုင်ကြလေကုန်။

ထိုသို့ အတ္တဒိဋ္ဌိကို မသတ်မဖြတ်ရသေးသည်အတွက် ဘုရားဟု သမုတ်နေသော မဟာဗြဟ္မာကြီးတို့သော်လည်း နောင်တစ်ဖန် အပါယ်ငရဲတို့၌ မြုပ်မြဲမြုပ်, မျောမြဲမျောနေကြရကုန်လတ္တံ့။

မဟာသမုဒ္ဒရာအလယ်၌ တည်နေကြရကုန်သော ငါးလိပ် သတ္တဝါတို့ကဲ့သို့ ကဏှာဘုံ၌တည်ကုန်သော ကဏှဇာတ်သမားတို့သာ ဖြစ်ကုန်၏။ သစ္စာလေးတန် တရားမှန်ကို ကေန်မြင်စွမ်းနိုင်သော ပညာမျက်စိ မရှိကြလေသောကြောင့် အန္ဓဗာလဘုံ၌ တည်ကုန်သော အန္ဓဇာတ်သမား, ဗာလဇာတ်သမားတို့သာ ဖြစ်ကုန်၏။

www.dhammaransi.com



ယခုအခါ ကုသိုလ်ကံအခွင့်မသင့်၍ အပါယ်ဘုံ၌ တိရစ္ဆာန်ဖြစ်နေကြရကုန်သော သတ္တဝါတို့သည်လည်း နောင်ကုသိုလ်ကံအခွင့်သင့်လျှင် ဘုရားဟု သမုတ်နေသော မဟာဗြဟ္မာကြီးတို့ပင် ဖြစ်ပြန်ကြရကုန်၏။ ထိုမဟာဗြဟ္မာကြီးတို့သည်လည်း တစ်ဖန် အပါယ်ဘုံ၌ တိရစ္ဆာန်တို့ဖြစ်ရပြန်ကုန်၏။ ဤသို့လျှင် အတ္တဒိဋ္ဌိ တင်းလင်းရှိခဲ့လျှင် တစ်စုံတစ်ရာမျှ သံသရာ၌ အေးအေးသာသာနေခွင့် စိတ်ချလက်ချနေခွင့်ဟူ၍ မရှိလေ။ အတ္တဒိဋ္ဌိလွှင့်တိုင်းလိုက်ပါ၍ သံသရာနှုတ်ခမ်း မသတ်နိုင်ပဲ အထပ်ထပ် ကျင်လည်ပြေးသွားကြရကုန်သတည်း။

အတ္တဒိဋ္ဌိကို ပြဆိုခန်းပြီး၏။

❋ ❋ ❋

## အတ္တဒိဋ္ဌိကွာရာ၌အကျိုး
## အပါယ်တံခါးပိတ်ခြင်း

အကြင်သတ္တဝါတို့အား ယုတ်မာလှစွာသော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့၏ အမြစ်မူလ ဗီဇမျိုးစေ့ဖြစ်သော အတ္တဒိဋ္ဌိကို ပယ်ရှားသတ်ဖြတ်နိုင်ကြကုန်၏။ ထိုသတ္တဝါတို့အား ထိုအတ္တဒိဋ္ဌိကို ပယ်သောအခါ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့သည် အကြွင်းမဲ့ ချုပ်ဆုံးပျက်စီးကုန်၏။

ထိုအတ္တဒိဋ္ဌိကင်းရှင်းပြီးသော သူတို့သည် အတိတ်ဖြစ်သော ပါပဒိဋ္ဌိစသည်တို့မှလည်း ကင်းလွတ်ကြကုန်၏။ အနာဂတ်ဖြစ်သော ပါပဒိဋ္ဌိစသည်တို့မှလည်း ကင်းလွတ်ကြကုန်၏။ ပစ္စုပ္ပန်ဖြစ်သော ပါပဒိဋ္ဌိစသည်တို့မှလည်း ကင်းလွတ်ကြကုန်၏။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော ကောင်းမွန်မြင့်မြတ်သော ကုသိုလ်ကံတရားတို့၏ အမွေခံတို့သာလျှင် ဖြစ်ကြရကုန်၏။ အဘယ်သို့ ကုသိုလ်ကံတို့၏ အမွေခံဖြစ်ကြရကုန်သနည်းဟူမူ အကြင်အခါ၌ အတ္တဒိဋ္ဌိလည်း ချုပ်ဆုံးလေ၏။ ထိုအခါ၌အလုံးစုံသော မိစ္ဆာဒိဋ္ဌိဟူသမျှတို့သည်လည်းကောင်း၊ အပါယ်သို့သွားဖို့ရန် ယုတ်မာသောအဖို့သို့ သွားဖို့ရန်ဖြစ်သော ပါပဓမ္မ, ပါပကမ္မဟူသမျှသည်လည်း

www.dhammaransi.com



ကောင်း၊ ထိုအတ္တဒိဋ္ဌိနှင့် တစ်ပြိုင်နက် ချုပ်ဆုံးကုန်၏။ ထိုသူတို့သည် နောင်အပါယ်သို့သွားရန် စခန်းမရှိပြီဖြစ်၍ အပါယ်ဇာတ်မှလည်း အချင်းခပ်သိမ်း ကင်းလွတ်ကြကုန်၏။ ယုတ်မာသောအဖို့သို့သွားရန် စခန်းမရှိပြီဖြစ်၍ ဟီနပက္ခ ဇာတ်မှလည်း အချင်းခပ်သိမ်း ကင်းလွတ်ကြကုန်၏။

## နိဗ္ဗာန်ရောက်ခြင်း

ပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့၏အကြွင်းမဲ့ ချုပ်ဆုံးမှုကိုလည်းကောင်း၊ နောင်အပါယ်သို့သွားရန် အပါယ်ဇာတ်, နောင်ယုတ်မာသောအဖို့သို့သွားရန် ဟီနပက္ခဇာတ်တို့မှ အချင်းခပ်သိမ်း ကင်းလွတ်မှုကိုလည်းကောင်း၊ သဥပါဒိသေသ မဟာနိဗ္ဗာနဓာတ်ဟူ၍ ဆိုအပ်၏။ လောကုတ္တရာ အဝတ္ထာဘုံကြီးဟူ၍လည်း ဆိုအပ်၏။ လောကီဘုံသားတို့ တည်ရာမဟုတ်၊ လောကုတ္တရာဘုံသား အရိယာ ပုဂ္ဂိုလ်တို့၏ တည်ရာသာဖြစ်၍ အရိယာဘုံကြီးဟူ၍လည်း ဆိုအပ်၏။

## သေခြင်းကင်းပုံ

ထိုပါပဒိဋ္ဌိ, ပါပဓမ္မ, ပါပကမ္မတို့၏ အကြွင်းမဲ့ချုပ်ဆုံးခြင်း အပါယ်ဇာတ်, ဟီနပက္ခဇာတ်တို့မှ အခြင်းခပ်သိမ်း ကင်းလွတ်ခြင်းများသည် အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်တို့၌ ပျက်စီးသည်ဟူ၍ မရှိ နိစ္စဓုဝ ဖြစ်လေ၏။ ဖောက်ပြန်ခြင်း မရှိဘဲ အမြဲတည်လေ၏။ အိုမင်းဆွေးမြေ့ခြင်း ဇရာဟူ၍ မရှိ၊ သေဆုံးပျက်စီးခြင်း မရဏဟူ၍ မရှိ၊ မပျက်မပြား မကွယ်မပျောက်နိုင်ပြီ။ ထိုချုပ်ဆုံးမှု လွတ်ကင်းမှု၏ အဆုံးစွန်သော အစွန်းသည်လည်း မရှိ၊ ထိုကြောင့် အမတဓာတ်ဟူ၍လည်း ဆိုအပ်၏။

## ပြုပြင်ရခြင်းကင်းပုံ

ဤသို့ အမြစ်မူလ ဗီဇမျိုးစေ့နှင့်တကွ ချုပ်ဆုံးလွတ်ကင်းခြင်းသို့ ရောက်ကြ ကုန်သော ပုဂ္ဂိုလ်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး ထိုချုပ်ဆုံးမှု လွတ်ကင်း မှုများသည် ပျက်စီးယိုယွင်းသည်ဟူ၍ မရှိပြီ။ တစ်ဖန် ထိုပုဂ္ဂိုလ်တို့မှာ ပါပဒိဋ္ဌိ,

www.dhammaransi.com



ပါပဓမ္မ, ပါပကမ္မတို့သည် ဖြစ်ပေါ်လာပြန်သည်ဟူ၍လည်း မရှိပြီ။ အပါယ်ဇာတ်, ဟီနပက္ခဇာတ်တို့မှ ကျွတ်လွတ်ခြင်းသည်လည်း ပျက်စီးယိုယွင်း အိုမင်းသည်ဟူ၍ မရှိ၊ ထိုပုဂ္ဂိုလ်တို့သည် တစ်ဖန် အပါယ်ဘုံသို့ ကျရောက်ကုန်သည်ဟူ၍ မရှိ၊ ယုတ်မာသောအဖို့သို့ ကျရောက်ကုန်သည်ဟူ၍ မရှိ။

ထိုချုပ်ဆုံးမှု, ပျက်စီးမှုများသည် အမတဓာတ်ဖြစ်လေသောကြောင့် တစ်ဖန် ပြုပြင်စီရင်ဖွယ်မရှိ၊ ထိုကြောင့် အသင်္ခတဓာတ်ဟူ၍လည်း ဆိုအပ်၏။

## သောတာပန်၏ လားရာဘုံ

ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏စိတ်၌ အတ္တဒိဋ္ဌိ အကြွင်းမဲ့ချုပ်ဆုံးသောအခါ ကာလမှစ၍ ပုထုဇဉ်ဇာတ်, ပုထုဇဉ်ဘုံကို လွန်မြောက်ကြကုန်၏။ အရိယာဘုံ၌ တည်ကုန်သဖြင့် အရိယာဘုံသားတို့သာ ဖြစ်ကုန်၏။ လောကီဇာတ်, လောကီဘုံကိုလည်း လွန်မြောက်ကြကုန်၏။ လောကုတ္တရာဘုံ၌ တည်ကုန်သဖြင့် လောကုတ္တရာဘုံသားတို့သာ ဖြစ်ကုန်၏။

ထိုအတ္တဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော သူတို့သည် ကာမဘုံ၌ ခုနစ်ကြိမ်သာ ပဋိသန္ဓေနေကြရကုန်၏။ (သောတာပန်ပုဂ္ဂိုလ်ကိုရည်၍ ဆိုသည်။)

ဗြဟ္မာဘုံ၌ကား ဘယ်မျှလောက် ပဋိသန္ဓေတည်နေရ၏ဟူ၍ အကြိမ်ဝါရ အရေအတွက်မရှိ၊ အထက်အထက်ဘုံသို့သာ တက်လိမ့်သော ဥဒ္ဒံဂါမိပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်၏။

ဘဝအရာ, ဘဝအထောင်, ဘဝအသိန်း, ကာလပတ်လုံးတို့လည်းကောင်း၊ ကမ္ဘာအရာ, ကမ္ဘာအထောင်, ကမ္ဘာအသိန်းကာလပတ်လုံးတို့လည်းကောင်း သံသရာဘဝ၌ ကျင်လည်ကြရကုန်သော်လည်း တစ်ရံတစ်ခါမျှ အပါယ်ဒုဂ္ဂတိသို့ မလားမရောက်ကြရကုန်။

ထိုပုဂ္ဂိုလ်တို့သည် အတိတ်ဖြစ်သော ကံကောင်း, ကံမြတ်တို့၏အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်ဖြစ်သော ကံကောင်း, ကံမြတ်တို့၏အကျိုးကိုလည်းကောင်း၊ ကောင်းမွန်စွာ ခံစားစံစားကြရကုန်လျက် ကောင်းမြတ်ကြီးကျယ် တင့်တယ် ခမ်းနားလှစွာသော သုဂတိဘုံဘဝတို့၌သာလျှင် ချမ်းချမ်းသာသာ ကျင်လည်

www.dhammaransi.com



ခံစားကြရကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် နောင်အနာဂတ်ကာလ၌လည်း ကောင်းမြတ်သော ကံတို့ကိုသာလျှင် ပြုကျင့်ကြကုန်လတ္တံ့။ ယုတ်မာသော ဒုစရိုက်ကံတို့ကို ပြုရန် အချက်ကိုမူကား အိပ်မက်တွင်ပင် မမြင်မမက်ကြလေကုန်၊ ထိုသူတို့မှာ ဒုစရိုက်ကိုပြုနိုင်ရန် မူလဗီဇဖြစ်သော အတ္တဒိဋ္ဌိအနည်းငယ်မျှ မရှိလေ။

ထိုအတ္တဒိဋ္ဌိကင်းရှင်းပြီးသော ပုဂ္ဂိုလ်တို့သည် အတိတ်ပစ္စုပ္ပန်ဖြစ်သော ကံကောင်း, ကံမြတ်တို့၏အမွေခံတို့သာ ဖြစ်ကြကုန်၏။ သုဂတိဘုံသို့သွားရန် တရားနှင့်ပြည့်စုံကြကုန်သည်ဖြစ်၍ သုဂတိဘုံသို့ သွားလတ္တံ့သော သုဂတိနယ်သားတို့သာ ဖြစ်ကြကုန်၏။ မွန်မြတ်သော တရားထူးတို့နှင့်ပြည့်စုံကုန်သည်ဖြစ်၍ မွန်မြတ်သောအဖို့သို့ သွားလတ္တံ့သော ပဏီတနယ်သားတို့သာ ဖြစ်ကြကုန်၏။ ဖြူစင်သန့်ရှင်းသော ဇာတ်ရှိသောဘုံ၌ တည်ကုန်သည်ဖြစ်၍ ဖြူစင်သန့်ရှင်းသော ဇာတ်ရှိသောသူတို့သာ ဖြစ်ကြကုန်၏။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော ပညာမျက်စိနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ ပညာမျက်စိရှိသောသူတို့သာ ဖြစ်ကြကုန်၏။ ဘဝတိုင်း, ဘဝတိုင်း ပဋိသန္ဓေအားဖြင့်ပြီးသော အရိယာပညာနှင့် ပြည့်စုံသောကြောင့် စင်စစ်ပညာရှိသော ပဏ္ဍိတဇာတ် ပုဂ္ဂိုလ်မြတ်တို့သာ ဖြစ်ကြကုန်၏။ အတ္တဒိဋ္ဌိတင်းလင်းရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ တည်ရာ လောကီဘုံသားအဖြစ်မှ လွန်မြောက်၍ အရိယာပုဂ္ဂိုလ်တို့ စံပျော်ရာ လောကုတ္တရာဘုံ၌ တည်သော အရိယာဇာတ် လောကုတ္တရာပုဂ္ဂိုလ်မြတ်တို့သာ ဖြစ်ကြကုန်၏။

ငါတို့ မြတ်စွာဘုရားသခင်၏ လက်ထက်တော်အခါ သာဝတ္ထိ, ဗာရာဏသီ, ဝေသာလီ, ရာဇဂြိုလ်စသော ထိုထိုက္ကန္ဒြိယတိုင်းနိုင်ငံတို့၌ ဆိုအပ်ပြီးသောဂုဏ်နှင့် ပြည့်စုံသော အဂါရိက လူသောတာပန်တို့သည်လည်း အသင်္ချေယျ အပ္ပမေယျပင် ရှိကုန်၏။

သနင်္ကုမာရ ဗြဟ္မာမင်းသည်လည်း ထိုကဲ့သို့သော သောတာပန်ပုဂ္ဂိုလ်တို့သည် မရေမတွက်နိုင် ရှိကုန်၏ဟု ဆိုသောစကားလည်း ရှိ၏။

ထိုပြဆိုခဲ့ပြီးသော လက်ထက်တော်အခါရှိသော သောတာပန်ပုဂ္ဂိုလ်တို့သည် ယခုအခါ နတ်ပြည်ခြောက်ထပ်နှင့် အပြည့်ပင် ထင်ရှားတည်ရှိကြကုန်၏။ ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် အထက်သို့သာ တစ်ဆင့်တစ်ဆင့် မြင့်၍မြင့်၍

www.dhammaransi.com



တက်လတ္တံ့သော ဘုံစဉ်စံ ဥဒ္ဓံသောတပုဂ္ဂိုလ်တို့သာ ဖြစ်ကြကုန်၏။ အောက်သို့ တစ်ဖန် စုန်လတ္တံ့သော ပုဂ္ဂိုလ်မျိုးတို့ မဟုတ်ကြပေကုန်။

ဇာတိခေတ်ဟုဆိုအပ်သော စကြဝဠာတိုက် တစ်သောင်းနှင့် သောတာပန်အဖြစ်သို့ ရောက်ကြကုန်သော စာတုမဟာရာဇိက နတ်တို့သည် အသချေ်ယျ အပ္ပမေယျပင် ရှိကုန်၏။ ထိုအတူ တာဝတိံသာစသော အထက်နတ်ပြည်တို့၌လည်း သောတာပန် ပုဂ္ဂိုလ်တို့သည် အသချေ်ယျ အပ္ပမေယျပင် ရှိကုန်၏။ ဗြဟ္မပါရိသဇ္ဇာစသော ဗြဟ္မာဘုံတို့၌လည်း သောတာပန်ပုဂ္ဂိုလ်တို့သည် အသချေ်ယျ အပ္ပမေယျပင် ရှိကုန်၏။ ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် အထက်အထက်ဘုံသို့ ဆန်တက်ကုန်လတ္တံ့သော ဥဒ္ဓံဂါမိပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်၏။ အထက်ဘုံသို့ ဆန်တက်ကုန်လတ္တံ့သော အဓောဂါမိပုဂ္ဂိုလ်တို့ မဟုတ်ကြပေကုန်။

ဤဆိုအပ်ခဲ့ပြီးသည်ကား လောကုတ္တရာဘုံသားဖြစ်သော အရိယာပုဂ္ဂိုလ်တို့တွင် အောက်ထစ်အညံ့စားဖြစ်သော သောတာပန်ပုဂ္ဂိုလ်၏ ဂတိကိုပြဆိုသော စကားရပ်ပေတည်း။

## အတ္တကြောင့် ယုတ်မာရပုံ

အနမတဂ္ဂ သံသရာ၌ အတ္တဒိဋ္ဌိတင်းလင်း ရှိနေကြကုန်သော သတ္တဝါတို့သည် ယုတ်ညံ့သောအဖို့၌ တည်ကုန်လျက် စုန်ဆန်မျောပါး ကျက်စားကျင်လည်ကြရကုန်၏။ အကြင်အခါ၌ အတ္တဒိဋ္ဌိကို ပယ်ရှားနိုင်၏။ ထိုအခါမှ ဖြူစင်မြင့်မြတ်သောအဖို့၌ တည်ကုန်၍ အလုံးစုံသော ဘေးရန်တို့မှ လွတ်ကင်း၍ သန့်ရှင်းချမ်းသာစွာ ကျင်လည်ရကုန်၏။

အဘယ်ကြောင့် အတ္တဒိဋ္ဌိတရားသည် အလုံးစုံသော ပါပဓမ္မ, ပါပကမ္မတို့၏ မူလဗီဇဖြစ်ပါသနည်း၊ ထိုအတ္တဒိဋ္ဌိချုပ်ငြိမ်းမှုသည် ဆိုအပ်ပြီးသော ပါပဓမ္မ, ပါပကမ္မတို့၏ ချုပ်ငြိမ်းရန် မူလဗီဇဖြစ်ပါသနည်း၊ ဤကား အမေးပုစ္ဆာတည်း။

အဖြေကိုဆိုအံ့ – တစ်ပါးသောမင်းသည် မိမိ၏မင်းစည်းစိမ်၌ လွန်စွာ တပ်မက်မောသတတ်၊ ထိုမက်မောအပ်သော မင်းစည်းစိမ်သည်လည်း အကြင်မျှလောက် ယုတ်မာညစ်ညမ်းလှစွာသော ပါပဓမ္မ, ပါပကမ္မတို့ကို ပြုလုပ်၍

www.dhammaransi.com



စောင့်ရှောက်မှသာ တည်တံ့ခြင်းသဘောရှိ၏။ မင်းစည်းစိမ်၌သာ မက်မောသော ပြည့်ရှင်မင်းသည်လည်း ထိုမျှလောက် ယုတ်မာဆိုးညစ်လှစွာသော ပါပဓမ္မ, ပါပကမ္မတို့ကို တစ်ခုမျှမရှောင်ပဲ အဓမ္မပြုလုပ်၍ မိမိ၏မင်းစည်းစိမ်ကို စောင့်ရှောက်ရ၏။

တစ်ရံရောအခါ ထိုပြည့်ရှင်မင်းသည် မိမိ၏မင်းစည်းစိမ်၌ အပြစ်ဒေါသ အာဒီနဝကြီးတွေကို သိမြင်၍ မိမိ၏မင်းစည်းစိမ်၌ တပ်မက်ခြင်းကင်းလေ၏။ လွန်စွာကြောက်လန့်တုန်လှုပ်သော စိတ်လည်းရှိလေ၏။ ထိုအခါမှ ထိုကြပ်တည်းစွာ စောင့်ရှောက်အပ်သော မင်းစည်းစိမ်ကို ပယ်ရှား၍ တောတောင်သို့ ထွက်ခွာပြီးလျှင် သူတော်သူမြတ် ပြုလုပ်လိုသော ဆန္ဒဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာသောအခါမှစ၍ မင်းစည်းစိမ်အတွက် စောင့်ရှောက်အပ်သော ယုတ်မာသော အမှု အမျိုးမျိုးတို့၌ အလေးမမူ လျစ်လျူရှုသောစိတ် ဖြစ်ပေါ်၏။ ထိုအခါ ယုတ်မာသော အမှုအမျိုးမျိုးတို့ကို တစ်စုံတစ်ရာမျှ မပြုလေ။

တစ်ပါးသောအခါ ထိုပြည့်ရှင်မင်းသည် တောတောင်သို့ ထွက်ခွာပြီးလျှင် ရသေ့ရဟန်း ပြုလုပ်လေ၏။ ထိုသို့ပင် ရသေ့ရဟန်း ပြုလုပ်ပါသော်လည်း မိမိ အဇ္ဈတ္တသန္တာန် မိမိကိုဝ်ဟု ပြုလုပ်ထားသော ရူပက္ခန္ဓာငါးပါး တရားတို့ကို ငါ၏အနှစ်သာရအတ္တ ကိုဝ်ပိုင်ပင်တည်းဟု မှတ်ထင်စွဲမြဲ၏။ လွန်စွာလည်း ခန္ဓာ ငါးပါးတရားတို့ကို မိမိကိုဝ်အတ္တပြု၍ ချစ်ခင်မြတ်နိုး၏။ ထိုသို့ခန္ဓာငါးပါး တို့ကို ကိုဝ်အတ္တပြု၍ ချစ်ခင်စွဲလမ်းနေသမျှ ကာလပတ်လုံး ထိုရသေ့ရဟန်းသည် အကြင် မျှလောက် ယုတ်မာသောတရားနှင့် ယုတ်မာသော အမှုမျိုးတို့ကို ပြုလုပ်၍ မိမိအတ္တကို စောင့်ရှောက်သင့်, စောင့်ရှောက်ထိုက်, စောင့်ရှောက်ရ၏။ ထိုသို့ဖြစ်လျှင် ထိုမျှလောက် ယုတ်မာသောတရားနှင့် ယုတ်မာသောအမှုမျိုးတို့ကို ပြုလုပ်၍မချွတ် မိမိအတ္တကို စောင့်ရှောက်လတ္တံ့သည်သာလျှင် ဖြစ်၏။

တစ်ရံရောအခါ၌ ထိုရသေ့ရဟန်းသည် ဝိပဿနာဉာဏ်အားဖြင့် မိမိ၏အဇ္ဈတ္တ သန္တာန်၌ရှိသော ခန္ဓာငါးပါးတရားတို့၌ အပြစ်ဒေါသ အာဒီနဝကို ကောင်းစွာ သိမြင်၍ ထိုခန္ဓာငါးပါးသည် အနှစ်သာရအတ္တဟူ၍ ထင်မြင်စွဲလမ်းခြင်းမရှိ၊ လွန်စွာစုံမက်မြတ်နိုးခြင်း မရှိလေ။ ထိုအခါမှစ၍ မိမိ၏အတ္တအတွက် စောင့်ရှောက်

www.dhammaransi.com



ရသော ယုတ်မာသော အမှုအမျိုးမျိုးတို့ကို အလေးမမှု လျစ်လျူရှုတော့သည်သာဖြစ်၏၊ ယုတ်မာသော အမှုအမျိုးမျိုးကိုပြုလုပ်၍ မိမိအတ္တကို မစောင့်ရှောက်ပြီ၊ ကောင်းမြတ်သော အမှုမျိုးဖြင့်သာ စောင့်ရှောက်တော့လတ္တံ့။

ထိုပုဂ္ဂိုလ်သည် အတ္တကိုစောင့်ရှောက်ရန်အတွက်ကြောင့် ကောင်းမြတ်သော အမှုမျိုးကို မစွန့်မပစ်တော့လတ္တံ့၊ စင်စစ်မူကား ထိုပုဂ္ဂိုလ်သည် ကောင်းမြတ်သော ကလျာဏကမ္မကို စောင့်ရှောက်ရန်သာလျှင် မိမိအတ္တကို မညှာမတွန့် ဝံ့ဝံ့စားစား စွန့်ပေလတ္တံ့သည်သာ ဖြစ်၏။

ဤပြဆိုခဲ့သော ဥပမာကိုထောက်၍ အတ္တဒိဋ္ဌိသည် အလုံးစုံသော ပါပဓမ္မ, ပါပကမ္မတို့၏ မူလဗီဇဖြစ်ကြောင်း၊ အတ္တဒိဋ္ဌိချုပ်ငြိမ်းမှုသည် ပါပဓမ္မ, ပါပကမ္မတို့၏ ချုပ်ငြိမ်းရန် မူလဗီဇဖြစ်ကြောင်းကို နှီးနှော၍ သိအပ်သတည်း။

**အတ္တဒိဋ္ဌိကွာရာ၌ အကျိုးကိုပြဆိုခန်း ပြီး၏။**

● ● ●

## အတ္တနှင့်အနတ္တ

### ကာယ - ကိုယ်အသုံး

အတ္တ၊ ကိုဝ်။ အနတ္တာ၊ ကိုဝ်မဟုတ်။ ဤအရာ၌ - ကိုယ် - ကိုဝ်- ဟူသော ဝေါဟာရသည် ကာယသဒ္ဒါမှ နာမသတ်အနက်ပေး၍ ထွက်သော ဝေါဟာရ၊ အတ္တသဒ္ဒါမှ ထွက်သောဝေါဟာရဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတို့တွင် ကာယသဒ္ဒါမှထွက်သော ကိုယ်ဟူသော ဝေါဟာရသည်ကား ခန္ဓသဒ္ဒါ, သမုဒယသဒ္ဒါ, သမူဟသဒ္ဒါနှင့်အတူ ပရမတ္ထဓမ္မဋ္ဌယကိုပြသော ဝေါဟာရဖြစ်၍ စင်စစ်ကောင်းမြတ်မှန်ကန်သော ဝေါဟာရဖြစ်၏။ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသညာကို အားပေးသော ဝေါဟာရမျိုးမဟုတ်၊ ကာယပဌသဒ္ဒိ၊ ကာယလဟုတာ၊ "**ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ရူပကာယော နာမကာယော**" စသည်ဖြင့် ပရမတ္ထ ဝေါဟာရအရာ၌ အသုံးတွင်ကျယ်သော ဝေါဟာရပေတည်း။

www.dhammaransi.com



## အတ္တ – ကိုယ်အသုံး

. အတ္တသဒ္ဒါမှထွက်သော ကိုယ်ဟူသော ဝေါဟာရသည်ကား သတ္တ, ပုဂ္ဂလ, ဇီဝသဒ္ဒါတို့နှင့်အတူ ပုဂ္ဂိုလ်, သတ္တဝါဟူသော အနက်ကိုပြသောကြောင့် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသညာကို အားပေးသော ဝေါဟာရဖြစ်၏။ ပရမတ္ထအရာ၌ လွန်စွာနှောင့်ယှက်တတ်သော ဝေါဟာရဖြစ်၏။ ပရမတ္ထဓမ္မနှင့် ကန့်လန့်ဆန့်ကျင်ဖက်ဖြစ်သော ဝေါဟာရပေတည်း။ ထိုကြောင့် "**ရူပံ အနတ္တာ၊ ဝေဒနာ အနတ္တာ**" စသည်ဖြင့် ဟောတော်မူ၏။

အဘိဓာန်၌ "**သော ကာယေ ပရမတ္တနိ**"– ဟူ၍ ပုလ္လိင်အတ္တသဒ္ဒါသည် ကာယ၊ ကိုယ်– ဟူသော အနက်၌ဖြစ်၏ဟု ဆိုသော်လည်း အတ္တဝါဒုပါဒါန် ဟူသော ပုဒ်, အတ္တဒိဋ္ဌိဟူသော ပုဒ်, အနတ္တာဟူသော ပုဒ်တို့၏ အတ္တသဒ္ဒါသည် ကာယ၊ ကိုယ်– ဟူသောအနက်၌ ဖြစ်သည်မဟုတ်။

"**အတ္တာနံ ဝမိတွာ ဝမိတွာ ရောဒတိ**"– စသော ပုဒ်များ၌ အတ္တသဒ္ဒါသည်သာ ကာယအနက်၌ ဖြစ်သည်။ ထိုကြောင့် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသညာတို့၏ မှီတွယ်ရာဖြစ်သော အတ္တသဒ္ဒါအနက် ကိုယ်–ဟူသော ဝေါဟာရကို ယ–သတ်၍ မဆိုနှင့်၊ ဝ–သတ်၍ ဝေါဟာရဖြင့်သာ အတ္တာ–ကိုဝ်၊ အနတ္တာ၊ ကိုဝ်မဟုတ် ဆိုလေ။ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်လည်း ဤကိုယ်–ကိုဝ်နှစ်ခု အကြောင်းကို ကောင်းစွာခွဲခြမ်း၍ မိန့်ဆိုတော်မူလေ့၊ ရေးသားတော်မူလေ့ရှိ၏။

## အနတ္တ၏အနက်သုံးချက်

အသာရကဋ္ဌေန၊ အနှစ်သာရမဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ အသာမိကဋ္ဌေန၊ အစိုးရသူ အရှင်သခင်မရှိသော အနက်ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့မလိုက်တတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

www.dhammaransi.com



## အသာရကဋ္ဌအနက်

ဤသို့ ကျမ်းဂန်ဖို့၌ ပြဆိုအပ်သော အနတ္တ၏အနက်သုံးချက်တို့တွင် ''**အသာရကဋ္ဌေန အနတ္တာ**''-ဟူသော စကားကို ထင်ရှားစွာ ပြဆိုအံ့။

ဤလောက၌ အလွန်အကဲဆုံးသော အနှစ်သာရကို အတ္တဟူ၍လည်းကောင်း၊ အထည်ကိုဝ်ဟူ၍လည်းကောင်း၊ ဆိုကြကုန်၏။ အကြင် သတ္တဝါအပေါင်းတို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ခဏတိုင်း, ခဏတိုင်း ဖြစ်ပွားချုပ်, ဖြစ်ပွားချုပ်ဆုံး၍ နေသည်ကို မသိမမြင်ကြကုန်။ ထိုသို့ အနိစ္စသဘောကို မသိမမြင်သော သတ္တဝါအပေါင်းတို့သည် ဤသို့မှတ်ထင်ကြကုန်၏။ ရူပက္ခန္ဓာတရားသည် သတ္တဝါတို့၏ အနှစ်သာရကိုဝ်အတ္တကြီးပေတည်း။ အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာက္ခန္ဓာတရားသည် သတ္တဝါတို့၏ အနှစ်သာရ ကိုဝ်အတ္တကြီးပေတည်း။ အာရုံအမျိုးမျိုးကို မှတ်တတ်သော သညာက္ခန္ဓာသည် သတ္တဝါတို့၏ အနှစ်သာရ ကိုဝ်အတ္တကြီးပေတည်း၊ အမှုအမျိုးမျိုးကို စေ့ဆော်စီရင်တတ်သော သင်္ခါရက္ခန္ဓာသည် သတ္တဝါတို့၏ အနှစ်သာရ ကိုဝ်အတ္တကြီးပေတည်း။ အာရုံအမျိုးမျိုးကို သိတတ်သော ဝိညာဏက္ခန္ဓာသည် သတ္တဝါတို့၏ အနှစ်သာရ ကိုဝ်အတ္တကြီးပေတည်း။ ဤသို့ ခန္ဓာငါးပါးကို သတ္တဝါတို့၏ အနှစ်သာရ ကိုဝ်အတ္တဟူ၍ ထင်မြင်ကြကုန်၏။ ဤသို့ ထင်မြင်မှတ်ယူမှုသည်ပင်လျှင် အတ္တဒိဋ္ဌိမည်၏။

## ခွက်ဥပမာ

ဥပမာ ထင်စွာပြဆိုအံ့ - ဤလောက၌ သစ်သားခွက်, မြေခွက်, သံခွက်, ကြေးခွက်, ငွေခွက်, ရွှေခွက်များသည်ရှိ၏။ ထိုစကား၌ သစ်သားဖြင့်ပြီးသော သစ်သားလျှင် အနှစ်အသား အထည်ကိုဝ်ရှိသော ခွက်ကို သစ်သားခွက်ဟု ဆိုအပ်၏။ ထိုအတူ မြေဖြင့်ပြီးသော မြေလျှင်အနှစ်အသား အထည်ကိုဝ်ရှိသော ခွက်ကို မြေခွက်ဟူ၍ ဆိုပေ၏။ သံဖြင့်ပြီးသော သံလျှင်အနှစ်အသား အထည်ကိုဝ် ရှိသောခွက်ကို သံခွက်ဟူ၍ ဆိုအပ်၏။ ကြေးဖြင့်ပြီးသော ကြေးလျှင်အနှစ်အသား အထည်ကိုဝ်ရှိသော ခွက်ကို ကြေးခွက်ဟူ၍ ဆိုအပ်၏။ ငွေဖြင့်ပြီးသော ငွေလျှင်

www.dhammaransi.com



အနှစ်အသား အထည်ကိုယ်ရှိသော ခွက်ကို ငွေခွက်ဟူ၍ ဆိုအပ်၏။ ရွှေဖြင့်ပြီးသော ရွှေလျှင် အနှစ်အသား အထည်ကိုယ်ရှိသော ခွက်ကို ရွှေခွက်ဟူ၍ ဆိုအပ်၏။

ထိုစကားရပ်၌ ခွက်ဟူသော ဝေါဟာရသည် ခွက်၏ပုံပန်းသဏ္ဌာန်မျှကိုသာ ပြ၏။ အသားရင်း, အထည်ကိုယ်ရင်းကိုမူကား ထိုခွက်ဟူသော ဝေါဟာရက မပြနိုင်၊ သစ်သား, ငွေ, ရွှေစသော ဝေါဟာရသည်သာလျှင် ခွက်၏အသားရင်း, အထည်ရင်းကို ပြနိုင်၏။ ပြပုံကား ခွက်ဟူသော သဒ္ဒါကိုကြားလျှင် ခွက်၏ ပုံပန်းသဏ္ဌာန်အထူးကိုသာ သိ၏။ ခွက်၏အနှစ်အသား အထည်ကိုယ်ရင်း ဝတ္ထုကို မူကား ထိုခွက်သဒ္ဒါကို ကြားကာမျှနှင့် မသိနိုင်၊ သစ်သား, ငွေ, ရွှေ စသော ဝေါဟာရကို ကြားမှသာလျှင် ထိုခွက်၏အထည်ကိုယ် ဝတ္ထုအသားကို သိနိုင်၏။

အဘယ်ကြောင့် သစ်သား, ငွေ, ရွှေစသည်တို့သည် ခွက်၏အနှစ်အသား အထည်ကိုယ်ဝတ္ထုဖြစ်ပါသနည်းဟူမူ –

ထင်ရှားပြအံ့ – သစ်သားခွက်၌ သစ်သားသည် ထိုခွက်ဟူသော ပုံပန်းသဏ္ဌာန် အထူး၏ အထည်ကိုယ် အသားဖြစ်၏၊ အတ္တဖြစ်၏။ ထိုသစ်သားခွက်သည် ခွက်၏ဖြစ်ရာ, တည်ရာဝတ္ထုရင်းဖြစ်၏။ သစ်သားကိုထား၍ အသီးအခြား ခွက်ဟူ၍ မရှိလေ။ ခွက်ပုံပန်းသဏ္ဌာန်ဖြင့်တည်သော သစ်သားကိုသာလျှင် ခွက်ဟူ၍ ဆိုအပ်၏။ အကြင်မျှလောက် သစ်သားသည် ခိုင်ခံ့၏။ ထိုမျှလောက် ခွက်သည်လည်း ခိုင်ခံ့၏။ ထိုခွက်သည် သစ်သားအားလျော်စွာ အဖိုးထိုက်တန်၏။ ကျွန်းသားခွက်ဖြစ်လျှင် ကျွန်းသားလောက် အဖိုးထိုက်တန်၏။ နံ့သာသားခွက် ဖြစ်လျှင် နံ့သာသားလောက် အဖိုးထိုက်တန်၏။ ကရမက်သားခွက်ဖြစ်လျှင် ကရမက်သားလောက် အဖိုးထိုက်တန်၏။ သရက္ခန် စန္ဒကူးသားခွက်ဖြစ်လျှင် သရက္ခန်စန္ဒကူးသားလောက် အဖိုးထိုက်တန်၏။ သစ်သားအားလျော်စွာ အသုံးဝင်၏။ ကျွန်းသားခွက်ဖြစ်လျှင် ကျွန်းသားခွက်နေရာတွင် အသုံးကျ၏။ သရက္ခန်စန္ဒကူးသားခွက်ဖြစ်လျှင် သရက္ခန်စန္ဒကူးသားခွက်နေရာတွင် အသုံးဝင်၏။ သစ်သားအားလျော်စွာ ထိုခွက်သည် ဂုဏ်ရှိလေ၏။ ကျွန်းသားခွက် ဖြစ်လျှင် ကျွန်းသားလောက် ဂုဏ်ရှိလေ၏။ သရက္ခန်စန္ဒကူးသားခွက်ဖြစ်လျှင် သရက္ခန်စန္ဒကူးသားလောက် ဂုဏ်ရှိလေ၏။ ဤသို့လျှင် သစ်သားခွက်ဟူရာ၌

www.dhammaransi.com



သစ်သားသည်သာ ထိုခွက်၏အသားရင်း အထည်ကိုယ်ဝတ္ထုရင်း ဖြစ်လေသတည်း။ မြေခွက်, ရွှေခွက်စသည်တို့၌လည်း ဤနည်းတူ သိလေ။

## ဥပမာ ဥပမေယျ ဟပ်ပြပုံ

ဤဥပမာနှင့်အတူ သတ္တဝါမည်သည် ရူပက္ခန္ဓာဖြင့် ပြီး၏။ ရူပက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ်ဝတ္ထုရှိ၏။ ရူပက္ခန္ဓဖြင့်ပြီးသော ရူပက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ်ဝတ္ထုရှိသည်ကို သတ္တဝါဟူ၍ ဆိုအပ်၏။

သတ္တဝါမည်သည် ဝေဒနာက္ခန္ဓာဖြင့် ပြီး၏။ ဝေဒနာက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ် ဝတ္ထုရင်းရှိ၏။

သတ္တဝါမည်သည် သညာက္ခန္ဓာဖြင့် ပြီး၏။ သညာက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ် ဝတ္ထုရင်းရှိ၏။

သတ္တဝါမည်သည် သင်္ခါရက္ခန္ဓာဖြင့် ပြီး၏။ သင်္ခါရက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ် ဝတ္ထုရင်းရှိ၏။

သတ္တဝါမည်သည် ဝိညာဏက္ခန္ဓာဖြင့် ပြီး၏။ ဝိညာဏက္ခန္ဓာလျှင် အနှစ်အသား အထည်ကိုယ် ဝတ္ထုရင်းရှိ၏။

အကျဉ်းချုပ်အားဖြင့် သတ္တဝါဟူသမျှသည် ခန္ဓာငါးပါးဖြင့် ပြီး၏။ ခန္ဓာငါးပါးလျှင် အနှစ်အသား အထည်ကိုယ် ဝတ္ထုရင်းရှိ၏။

သစ်သားခွက်ဥပမာ၌ ခွက်ဟူသော ဝေါဟာရနှင့် သတ္တဝါဟူသော ဝေါဟာရတူ၏။ ခွက်၏အသားဝတ္ထုရင်းနှင့် သတ္တဝါ၏အသားဝတ္ထုရင်း ဖြစ်သော ခန္ဓာငါးပါး တူ၏။

## အတ္တဒိဋ္ဌိဖြစ်ပုံ

အကြင်မျှလောက် ရူပက္ခန္ဓာစသော ခန္ဓာငါးပါး တရားတို့သည် ခိုင်ခံ့ကုန်၏။ မအိုမင်း, မရင့်ရော်ကုန်သေး၊ မပျက်မစီး, မချုပ်မပျောက်ကုန်သေး၊ ထိုမျှလောက် သတ္တဝါလည်း ခိုင်ခံ့၏။ မအိုမင်း, မရင့်ရော်, မသေမပျောက်, မပျက်မစီး၊ သတ္တဝါသည် အနှစ်တစ်ရာပတ်လုံး တည်၏။ အနှစ်တစ်ထောင်ပတ်လုံး တည်၏။

www.dhammaransi.com



မအိုမင်း, မရင့်ရော်, မသေမပျောက်, မပျက်မစီး၊ ထိုမျှလောက် သတ္တဝါတို့၏ အသားရင်း ဝတ္ထုရင်းဖြစ်သော ခန္ဓာငါးပါး တရားတို့သည် အိုမင်းချုပ်ပျောက်ခြင်းသို့ မရောက်ကုန်၊ ဤသို့ ထင်မြင်မှုကား အတ္တဒိဋ္ဌိပင်တည်း။

## သာမန်သိပုံ

အကြင်သူတို့သည် သစ်သားခွက်၌ ခွက်၏အသားရင်း, ဝတ္ထုရင်းဖြစ်သော သစ်သားကိုမူကား သိကြကုန်၏။ သစ်သား၏အထည်ကိုဝ်ဖြစ်သော အဋ္ဌကလာပ် ရုပ်ဓာတ်တရားတို့ကိုမူကား မသိမမြင်နိုင်၊ မထိုးထွင်းနိုင်ကြကုန်။ ထိုသူတို့သည် ခွက်၏အသားရင်း, ဝတ္ထုရင်းကား သစ်သားပင်တည်းဟူ၍ သာမညအားဖြင့်သာ သိနိုင်ကြကုန်၏။

## ဓာတ်သဘောကို သိပုံ

အကြင်သူတို့သည်မူကား သစ်သား၏အထည်ကိုဝ် အသားရင်းဖြစ်သော အဋ္ဌကလာပ် ရုပ်ဓာတ်တရားတို့ကို ထင်ရှားကောင်းမွန်စွာ သိမြင်ထိုးထွင်းနိုင်ကြကုန်၏။ ထိုအဋ္ဌကလာပ် ရုပ်ဓာတ်တရားတို့၏ ရင့်ရော်ခြင်း ဓာတုဇရာ, ချုပ်ပျက်ခြင်း ဓာတုမရဏတို့ကိုလည်း သိမြင်ထိုးထွင်းနိုင်ကြကုန်၏။

သိမြင်ထိုးထွင်းပုံကား – ထိုခွက်သဏ္ဌာန်ဖြစ်၍နေသော သစ်သား၌ခက်မာသော အမူအရာတို့သည် ထင်ရှားရှိကုန်၏။ ထိုခက်မာသော အမူအရာတို့သည် ဆတ်ဆတ် ပထဝီဓာတ်တို့သာ မည်ကုန်၏။ သစ်သားမဟုတ်ကုန်။ ထိုအတူ ထိုသစ်သား၌ ဖွဲ့စေးသော အမူအရာတို့သည် ဆတ်ဆတ် အာပေါဓာတ်တို့သာ မည်ကုန်၏။ ပူခြင်း, အေးခြင်း အမူအရာတို့သည် ဆတ်ဆတ် တေဇောဓာတ်တို့သာ မည်ကုန်၏။ ထောက်ခံခြင်း, လှုပ်ရှားခြင်း အမူအရာတို့သည် ဆတ်ဆတ် ဝါယောဓာတ်တို့သာ မည်ကုန်၏။ ဤကား မဟာဘုတ်ခေါ်သော ဓာတ်ကြီးလေးပါးတည်း။

ထိုအတူ ထိုသစ်တုံး၌ အဆင်းသည် ဝဏ္ဏဓာတ်မည်၏။ အနံ့သည် ဂန္ဓဓာတ်မည်၏။ အရသာသည် ရသဓာတ် မည်၏။ ဓာတ်ဆီစုသည် ဩဇဓာတ် မည်၏။

www.dhammaransi.com



ဤကား သိမြင်ထိုးထွင်းကြပုံတည်း။

ဤသို့ သိနိုင်, မြင်နိုင်, ထိုးထွင်းနိုင်ကုန်သည်ရှိသော် စင်စစ် ဓာတ်သက်သက်တို့သာ ရှိကုန်၏။ သစ်သားဟူ၍ အသီးအခြား တစ်စုံတစ်ရာမျှ မရှိ၊ ထိုသို့ သစ်သားမရှိခဲ့ပါလျှင် အဘယ်မှာ သစ်သားခွက်ရှိနိုင်ပါတော့မည်နည်းဟု ထင်ရှားသိမြင်လေ၏။

ခွက်ဟူ၍ ခေါ်ဝေါ်သမုတ်နေသော သစ်သားကို သီတလေအေး တိုက်ခတ်အပ်သည်ရှိသော်လည်းကောင်း ဥဏှလေပူတိုက်ခတ်အပ်သည်ရှိသော်လည်းကောင်း တစ်ခုခုသော တုတ်လုံတံဖြင့် ရိုတ်ခတ်အပ်သည်ရှိသော်လည်းကောင်း အထက်သို့ ပင့်မြှောက်ခြင်း, အောက်သို့ပစ်ချခြင်း စသည်ကို ပြုအပ်သည်ရှိသော် လည်းကောင်း ထိုသစ်သား၌ တည်ရှိကုန်သော ပထဝီစသော ဓာတ်တို့သည် ရှေ့အမူအရာ အစဉ်တစ်မျိုးမှ ပြောင်းလဲ၍အမူအရာတစ်မျိုး ပေါ်လာကုန်၏။ ခဏချက်ချင်းပင် ဖောက်ပြန်ကုန်၏။ အချို့သောဓာတ်တို့သည် ဓာတုဇရာဖြင့် အိုမင်းရင့်ရော်ကုန်၏။ အချို့သော ဓာတ်တို့သည် ဓာတုမရဏဖြင့် ချုပ်ပျောက် ကုန်၏။ အချို့သော ဓာတ်တို့သည် ဓာတုဇာတိဖြင့် ဖြစ်ပေါ်ဥပါဒ်ကုန်၏။ အချို့သော ဓာတ်တို့သည် တိုးပွားကုန်၏။ အချို့သော ဓာတ်တို့သည် ဆုတ်ယုတ် ကုန်၏။ အချို့သော ဓာတ်တို့သည် မတိုးမဆုတ် ရှိကုန်၏။

ဤသို့ သိမြင်ထိုးထွင်းကြကုန်သည်ရှိသော် စင်စစ်အားဖြင့် သစ်သားဟူ၍ အသီးအခြား မရှိသည်၏အဖြစ်ကို ကောင်းမွန်ထင်ရှားစွာ သိလေ၏။ မိမိနဂိုရ်ပကတိကမှ မရှိသောသစ်သားသည် အဘယ်မှာခွက်၏အသားဝတ္ထု အထည်ကိုဝ်အတ္တ ဖြစ်နိုင်တော့မည်နည်း။ ခဏတိုင်း, ခဏတိုင်း ချုပ်ပျက်ဖြစ်ပွား၍နေသော ပထဝီအစရှိသော အဋ္ဌကလာပ်, ရုပ်ဓာတ်တရားတို့သည် အဘယ်မှာ သစ်သား၏ အနှစ်အသား အထည်ကိုဝ်ဝတ္ထုရင်း ဖြစ်နိုင်တော့မည်နည်း။ ဤသို့ သိမြင်ထိုးထွင်းကြကုန်၏။

ထိုစကား၌ ခွက်ဟူသောဝေါဟာရနှင့် သတ္တဝါဟူသော ဝေါဟာရတူ၏။ သစ်သားနှင့် သတ္တဝါ၏ကိုယ်သဏ္ဌာန် တူ၏။ သစ်သား၌ အကျုံးဝင်သော အဋ္ဌကလာပ် ရုပ်ဓာတ်တရားတို့နှင့် သတ္တဝါ၏ကိုယ်သဏ္ဌာန်၌ အကျုံးဝင်သော

www.dhammaransi.com



ရူပက္ခန္ဓာတရားဟု တူ၏။ ဤသို့ နှီးနှောလေ။ နာမက္ခန္ဓာတို့မှာမူကား သဏ္ဌာန် မရှိ၊ ကိုယ်အလုံး၌ အကြင်နေရာမှာ အာရုံတရားတို့ ထိခိုက်လာကုန်၏။ ထိုအာရုံ ထိခိုက်ရာဌာန၌သာ ဖြစ်ပေါ်ဥပါဒ်၍ ခဏချက်ချင်း ပျက်စီးကုန်၏။ ဘဝင်ဖြစ် သောနာမ်ခန္ဓာတို့သည်ကား ဟဒယဝတ္ထုအတွင်း၌ မပြတ်မစဲ အမြဲဖြစ်ပေါ် ဥပါဒ်၍ မပြတ်မစဲ အမြဲချုပ်ပျက်ကုန်၏။ အာရုံသစ် ထိခိုက်လာမှသာ ထိုဘဝင်အယဉ် ပြတ်ခွင့်ရှိချေသည်။

## သဏ္ဌာန်နှင့်သန္တတိ

ကိုယ်သဏ္ဌာန် ဆိုသည်ကား– လက်သဏ္ဌာန်, ခြေသဏ္ဌာန်, မျက်နှာသဏ္ဌာန်, ရင်, ဝမ်း, ပေါင်, ခါးသဏ္ဌာန်စသော အမျိုးမျိုးသော သဏ္ဌာန်တို့ကို ဆိုပေသတည်း။

နာမ်ခန္ဓာ ဆိုသည်ကား– ပုံသဏ္ဌာန်မရှိ၊ အစဉ်သန္တတိသာ ရှိ၏။ မြင်မှုအစဉ် သည် ဒဿနသန္တတိ မည်၏။ ကြားမှုအစဉ်သည် သဝနသန္တတိ မည်၏။ နံမှုအစဉ်သည် ဃာယနသန္တတိ မည်၏။ လျက်မှုအစဉ်သည် သာယနသန္တတိ မည်၏။ တွေ့ထိမှုအစဉ်သည် ဖုသနသန္တတိ မည်၏။ ကြံစည်မှုအစဉ်သည် စိန္တနသန္တတိ မည်၏။ ဤသို့ စသည်ဆိုလေ။

## သဏ္ဌာန် သန္တတိကို အတ္တထင်ပုံ

အကြင်သူတို့သည် ထိုထိုကိုယ်သဏ္ဌာန် အမျိုးမျိုးနှင့် ထိုထိုနာမ်အစဉ် သန္တတိ အမျိုးမျိုးကို သိသာကြကုန်၏။ ထိုသဏ္ဌာန် သန္တတိတို့၏ အထည်ကိုယ်ဝတ္ထုရင်း ဖြစ်သော အထူးထူးသော ရုပ်ဓာတ်တရား နာမ်ဓာတ်တရားတို့ကို မသိမမြင်ကြ ကုန်၊ ထိုရုပ်ဓာတ်, နာမ်ဓာတ်၏ ခဏတိုင်း, ခဏတိုင်း အိုမင်းပျက်စီး၍နေသော ဓာတုဇရာ, ဓာတုမရဏတို့ကိုလည်း မသိမမြင် မထိုးထွင်းနိုင်ကြကုန်။ ထိုသူတို့ သည် ထိုရုပ်သဏ္ဌာန်နှင့် နာမ်သန္တတိတို့ကိုသာလျှင် သတ္တဝါတို့၏ အနှစ်သာရ အသားရင်းဝတ္ထုဟု မှတ်ထင်ကြကုန်၏။ ထိုသဏ္ဌာန် သန္တတိတို့ကို သတ္တဝါတို့၏ အတ္တဟူ၍ မှတ်ထင်ကြကုန်၏။

www.dhammaransi.com



## အတ္တပျောက်ပုံ

ထိုထိုရုပ်သဏ္ဍာန်, နာမ်သန္တတိတို့၏ အထည်ကိုဝ်ဝတ္ထုရင်းဖြစ်သော ခန္ဓာငါးပါးတရားတို့၏ ခက်မာမှုပထဝီ၊ မြင်မှုဒဿနစသော အသီးအသီးသော သဘောရင်းတို့ကိုလည်းကောင်း၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ခဏတိုင်း ခဏတိုင်း ဓာတုဇရာဖြင့် အိုမင်းရင့်ရော်၍နေမှု၊ ဓာတုမရဏဖြင့် ပျက်စီးချုပ်ဆုံး၍နေမှု၊ ဓာတုပဋိသန္ဓေဖြင့် ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်ဥပါဒ်၍နေမှုများကိုလည်း ထင်ရှားစွာ သိမြင်ထိုးထွင်းနိုင်ကုန်သည်ရှိသော် ထိုခဏတိုင်း ခဏတိုင်း အိုမင်းချုပ်ပျက်၍နေသော ခန္ဓာငါးပါး ဓာတ်တရားတို့သည် အဘယ်မှာ ရုပ်သဏ္ဍာန် နာမ်သန္တတိတို့၏ အနှစ်သာရအတ္တဖြစ်နိုင်ပါအံ့နည်း။ သတ္တဝါတို့၏ အနှစ်သာရ အတ္တဖြစ်နိုင်ရန်မှုကား စင်စစ်ကွာဝေးလှတော့သည်သာ ဖြစ်ချေ၏။ ဤသို့ အသိဉာဏ် ဖြစ်ပေါ်လေ၏။

ထင်စွာပြဆိုအံ့။ လောကီလူတို့ အထင်အားဖြင့် သတ္တဝါသည် တစ်နေ့ပတ်လုံး အသက်ရှည်၏၊ တစ်လပတ်လုံး အသက်ရှည်၏၊ တစ်နှစ်ပတ်လုံး အသက်ရှည်၏၊ အနှစ်တစ်ရာပတ်လုံး အသက်ရှည်၏၊ အနှစ်တစ်ထောင်ပတ်လုံး အသက်ရှည်၏၊ အသက်ရှည်သမျှသော တစ်သက်ပန်ကာလအတွင်း၌ သတ္တဝါမည်သည် ခဏခဏ အိုသည်ဟူ၍ မရှိ၊ ခဏခဏသေသည်ဟူ၍ မရှိ၊ ခဏခဏပဋိသန္ဓေတည်နေသည် ဟူ၍မရှိ သတ္တဝါတို့ အနှစ်သာရ အတ္တပြုလုပ်ထားသော ခန္ဓာငါးပါး ဓာတ်တရားတို့သည်ကား မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ် ပေါင်း ကုဋေတစ်သိန်းမျှမက ဓာတုမရဏဖြင့် ချုပ်ဆုံးပျက်စီး၏။ ကုဋေတစ်သိန်း မျှမက ဓာတုဇာတိဖြင့် ပဋိသန္ဓေတည်နေ၏။

**ရူပံ အတ္တာ တေသာတိ ရူပတ္တော။** ။ တေသံ၊ ထိုသတ္တဝါအား။ ရူပံ၊ ရူပက္ခန္ဓာသည်သာလျှင်။ အတ္တာ၊ အနှစ်သာရ ကိုဝ်အတ္တသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုသတ္တဝါသည်။ ရူပတ္တော၊ ရူပက္ခန္ဓာလျှင် အနှစ်သာရ အတ္တရှိသည်မည်၏။ ။ (ဝေဒနတ္တော စသည်တို့၌လည်း ဤနည်း အတိုင်း ဝိဂြိုဟ်ပြုလေ။)

ဤသို့သော အနက်သဘောအားဖြင့် သတ္တဝါသည် ရူပက္ခန္ဓာဟု ဆိုအပ်သော

www.dhammaransi.com



အနှစ်သာရ အတ္တရှိ၏။ ဝေဒနာက္ခန္ဓာဟု ဆိုအပ်သော အနှစ်သာရ အတ္တရှိ၏။ သညာက္ခန္ဓာဟု ဆိုအပ်သော အနှစ်သာရ အတ္တရှိ၏။ သင်္ခါရက္ခန္ဓာဟု ဆိုအပ်သော အနှစ်သာရ အတ္တရှိ၏။ ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော အနှစ်သာရ အတ္တရှိ၏။ ဤသို့ဆိုခဲ့လျှင် သတ္တဝါမည်သည် ခဏတိုင်း ခဏတိုင်း အိုရ၍နေ၏။ ခဏတိုင်း ခဏတိုင်း သေ၍နေ၏။ ခဏတိုင်း ခဏတိုင်း ပဋိသန္ဓေတည်၍နေ၏ဟူ၍ အဓိပ္ပါယ်ရောက်လေ၏။ အဘယ်ကြောင့်နည်းဟူမူ ခဏတိုင်း ခဏတိုင်း အိုမင်း ချုပ်ပျက်ဖြစ်ပွား၍နေသော ခန္ဓာငါးပါး ဓာတ်တရားတို့ကို အနှစ်အသား ကိုဝ် အတ္တပြုလုပ်၍ ထားသောကြောင့်တည်း။

စင်စစ်အားဖြင့် ခဏချက်ချင်း ဖြစ်ပွား၍ ပျက်စီးတတ်သော လျှပ်စစ်ရောင်တို့ကို အားကိုးတစ်ခု အနှစ်အသားပြု၍ သုံးစွဲခြင်းငှါ တစ်စုံတစ်ခုသော နေရာမှာမှ မသင့်မလျော်လေသကဲ့သို့ ခဏခဏ ဖြစ်ပွားပျက်ဆုံး၍နေသော ခန္ဓာငါးပါး ဓာတ်တရားတို့ကိုလည်း အားကိုးတစ်ခု အနှစ်အသားပြုလုပ်၍ အတ္တထင်မှတ်ရန်သည် အလျှင်းပင် မလျော်လေ၊ ထို့ကြောင့် ခန္ဓာငါးပါး ဓာတ်တရားတို့သည် အနတ္တစင်စစ် ဖြစ်လေသတည်း။ ။ ဤကား အသာရကဋ္ဌေန အနတ္တာ ဟူသောပုဒ်၏ အဓိပ္ပါယ်အမြွက်တည်း။

## အသာမိကဋ္ဌအနက်

အသာမိကဋ္ဌေန အနတ္တာဟူသောပုဒ်၏ အဓိပ္ပါယ်ကား ထိုလျှပ်ရောင်သည် အရှည်ခံခိုင် တည်တံ့နိုင်သော အနှစ်သာရ မရှိသောကြောင့်ပင်လျှင် လျှပ်ရောင်ကို အစိုးရသူ အရှင်သခင်ဟူ၍ မရှိထိုက်၊ ထို့ကြောင့် ထိုလျှပ်ရောင်ကို ငါပိုင်ထိုက်သော လျှပ်ရောင်ဖြစ်သည်ဟူ၍ မိမိကိုဝ်ကို လျှပ်ရောင်၏အရှင်သခင် အနေနှင့်မှတ်၍ ငါ့လျှပ်ရောင်ဟု အစိုးတရပြုခြင်းငှါ မထိုက်သကဲ့သို့ ထိုအတူ ခန္ဓာငါးပါး ဓာတ်တရားတို့ကိုလည်း ငါပိုင်ထိုက်သော တရားတို့ဟူ၍ မိမိကိုဝ်ကို အရှင်သခင် အနေနှင့်မှတ်၍ ငါ၏ခန္ဓာငါးပါး ဓာတ်တရားတို့ဟူ၍ အစိုးတရပြုခြင်းငှါ မထိုက်ချေ၊ ထို့ကြောင့် “**အသာမိကဋ္ဌေန အနတ္တာ**”ဟူသော ပုဒ်အရ ခန္ဓာငါးပါး ဓာတ်တရားတို့သည် အနတ္တတို့သာ မည်ကုန်၏။

www.dhammaransi.com



## အဝသဝတ္တနဋ္ဌအနက်

"**အဝသဝတ္တနဋ္ဌေန အနတ္တာ**"ဟူသောပုဒ်၏ အဓိပ္ပါယ်ကား ထိုလျှပ်ရောင်သည် အရှည်ခံခိုင် တည်တံ့နိုင်သော အနှစ်သာရ မရှိသောကြောင့်ပင်လျှင် ပုဂ္ဂိုလ်အလိုရှိ ရာသို့ လိုက်ပါနိုင်သည်မဟုတ်ချေ။ ထို့ကြောင့် ထိုလျှပ်ရောင်ကို ငါ၏အလိုသို့ လိုက်ပါသော လျှပ်ရောင်ဟု မဆိုထိုက်သကဲ့သို့ ခန္ဓာငါးပါး ဓာတ်တရားတို့သည်လည်း ခိုင်မြဲသော တရားမျိုးမဟုတ်၍ ပုဂ္ဂိုလ်၏အလိုသို့ မလိုက်ချေ၊ ထိုကြောင့် ထိုခန္ဓာငါးပါး ဓာတ်တရားတို့ကို ငါ၏အလိုသို့ လိုက်ပါ၏ဟု ထင်မြင်မှတ်ယူခြင်းငှါ မထိုက်ချေ။

တစ်နည်းကား- ထိုလျှပ်ရောင်၏ဖြစ်ပေါ်မှုကို ထိုလျှပ်ရောင်ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းစုနှင့်သာ ဆိုင်ပေသည်။ ပုဂ္ဂိုလ်၏အလိုနှင့် မဆိုင်ပေ။ ထိုကြောင့် ထိုလျှပ်ရောင်သည် ပုဂ္ဂိုလ်၏အလိုသို့ လိုက်ခြင်းမရှိ၊ ထိုသို့အလိုသို့ လိုက်ခြင်း မရှိလေသောကြောင့်ပင်လျှင် ထိုလျှပ်ရောင်ကို ငါ၏အလိုသို့ လိုက်၏ဟု ထင်မှတ်ခြင်းငှါ မသင့်လေသကဲ့သို့ ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်မှုသည်လည်း ထိုခန္ဓာငါးပါးတို့ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းစုနှင့်သာ ဆိုင်၏။ ပုဂ္ဂိုလ်၏အလိုနှင့် မဆိုင်ချေ၊ ထိုကြောင့် ထိုခန္ဓာငါးပါးတို့သည် ပုဂ္ဂိုလ်အလိုသို့ လိုက်ခြင်းမရှိကြကုန်။ ထိုသို့ အလိုလိုက်ခြင်း မရှိသောကြောင့်ပင်လျှင် ထိုခန္ဓာငါးပါးတို့ကို ငါ့အလိုသို့ လိုက်၏ဟူ၍ အတွင်းထား၍ အားကိုးတစ်ခု အနှစ်သာရ အတ္တပြုခြင်းငှါ မထိုက်ချေ။ ထိုကြောင့် ခန္ဓာငါးပါး ဓာတ်တရားတို့သည် "**အဝသဝတ္တနဋ္ဌေန အနတ္တာ**"ဟူသော ပုဒ်အရ အနတ္တတို့သာ မည်ကုန်၏။

**အတ္တနှင့်အနတ္တကို ပြဆိုခန်း ပြီး၏။**

✣ ✣ ✣

www.dhammaransi.com



## အတ္တနိယကို ပြဆိုခြင်း

**အတ္တသ ဣဒံ အတ္တနိယံ**။ အတ္တသ၊ အတ္တ၏။ ဣဒံ၊ ဥစ္စာတည်း။ အတ္တနိယံ၊ အတ္တ၏ဥစ္စာ။

တစ်နည်းကား– **အတ္တနာ သမ္ဗန္ဓတ္တိ အတ္တနိယံ**။ အတ္တနာ၊ အတ္တနှင့်။ သမ္ဗန္ဓံ၊ စပ်လျဉ်းသော ဝတ္ထုစုတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အတ္တနိယံ၊ အတ္တနိယ မည်၏။

ဤသို့ ဝိဂြိုဟ်ပြု၍ အတ္တနှင့်စပ်ဆိုင်သမျှသော သဝိညာဏက, အဝိညာဏက ဝတ္ထုစုသည် အတ္တနိယ မည်၏။ ထိုဝတ္ထုစုသည်လည်း အကြင်အခါ တဏှာဖြင့် သာယာစွဲလမ်း၍ ငါ၏ဥစ္စာ, ငါ၏ဥစ္စာဟု သိမ်းပိုက်မှသာလျှင် အတ္တနိယ မည်၏။

အကြင်အခါ၌မူကား ထိုသဝိညာဏက, အဝိညာဏက အတ္တနိယဝတ္ထုစုကို သာယာစွဲလမ်း တပ်စွန်းငြိတွယ်ခြင်းမရှိ၊ လွတ်လွတ်ကင်းကင်း ရှင်းရှင်းမငဲ့ မကွက်ပဲ စွန့်လွှတ်နိုင်၏။ ထိုအခါ ထိုဝတ္ထုစုသည် အတ္တနိယမည်၏။

အကြင်ဝတ္ထုစုသည် နဂိုပကတိရင်းကပင် တစ်စုံတစ်ခုသော အတ္တနှင့်မစပ် မဆိုင် အလွတ်သက်သက်ဖြစ်၏။ တဏှာဖြင့် သာယာစွဲလမ်းအပ်သည် မရှိ၊ ထိုဝတ္ထုစုသည်လည်း အတ္တနိယဝတ္ထု မဟုတ်ပေ။

ထိုကြောင့် အတ္တနိယဟူသည် အတ္တနှင့်စပ်၍ တဏှာဖြင့် သိမ်းပိုက်အပ်သော ဝတ္ထုစုပင်တည်းဟု သိသာထင်ရှားလှ၏။

သတ္တဝါအပေါင်းတို့သည် အကြင်လယ်ယာခြံရွေ ရွှေငွေသားသမီးစသော ဝတ္ထုတို့၌ ငါ့ဟာငါ့ဟာဟူ၍ အတ္တနိယသညာဖြင့် လွန်စွာသိမ်းပိုက်ကြကုန်၏။ ထိုအတ္တနိယသညာရှိသော ဝတ္ထုတို့၌သာလျှင် တဏှာအရင်းရှိသော ကာယကံဖြင့် ကြောင့်ကြစိုက်ခြင်း၊ ဝစီကံဖြင့် ကြောင့်ကြစိုက်ခြင်း၊ မနောကံဖြင့် ကြောင့်ကြစိုက်ခြင်းတည်းဟူသော အမျိုးမျိုးသော ကြောင့်ကြစိုက်မှု ဗာလုဿုက္ကတို့ကို ပြုကြရကုန်၏။ ထိုအတ္တနိယတို့အတွက် အမျိုးမျိုးသော အကုသိုလ်ပါပဓမ္မတို့ကို ဆည်းပူးကြရကုန်၏။ ထိုအကုသိုလ်ပါပဓမ္မ ဖြစ်ဖြစ်သမျှသည် ဗာလုဿုက္ကလျှင် အကြောင်းရင်းရှိကုန်၏။ (ဗာလုဿုက္က ဆိုသည်ကား– **ဗာလာနံ ဥဿုက္ကောတိ**

ဗလုသုက္ကော။ ။ ဗာလာန်၊ ဘာမှန်းမသိသော သူတို့၏။ ဥသုက္ကော၊ အကျိုးမများ အလကားယောင်၍ အားထုတ်မှုတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗာလုသုက္ကော၊ ဗာလုသုက္ကမည်၏။ ။ ဤဝိဂ္ဂြိဟ်အတိုင်း အဟုတ်အမှန်ကို မသိသော သူမိုက်တို့ အကျိုးမများ အလကားပြုပြုသမျှသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့သည် ဗာလုသုက္ကမည်ကုန်၏။)

## ဝိပလ္လာသကြောင့် အတ္တနိယအထင်

သညာဝိပလ္လာသရှိနေသည့်အတွက် ရေမဟုတ်သော တံလှပ်ကို ရေထင်၍ မသေမခြင်း အပြင်းလိုက်၍နေသော သမင်ကဲ့သို့ ငါ့သားမဟုတ်သည်၌ ငါ့သားပင်ဟူ၍ မှတ်မှားသော သညာဝိပလ္လာသ, ငါ့သမီးမဟုတ်သည်၌ ငါ့သမီးပင်ဟူ၍ မှတ်မှား၍နေသော သညာဝိပလ္လာသ, ငါ၏ရွှေငွေဘဏ္ဍာ ရတနာမဟုတ်ရာ၌ စင်စစ်ငါ၏ရွှေငွေဘဏ္ဍာ ရတနာပင်ဟု မှတ်မှား၍နေသော သညာဝိပလ္လာသ တို့၏ အတွက်ကြောင့်သာ အတ္တနိယမဟုတ်သော ဝတ္ထုစုကို အတ္တနိယဟူ၍ မှတ်ထင်ကြလေကုန်သည်။

## အတ္တချုပ် အတ္တနိယလည်းပြုတ်

စင်စစ်မှာမူကား – မိမိအတ္တသည်ပင် အလျှင်းမရှိပေ။ ထိုသို့ဖြစ်၍ အတ္တနိယမှာမူကား အဘယ်မှာ ရှိနိုင်ပချေတော့အံ့နည်း။ ထိုကြောင့် ဓမ္မပဒပါဠိတော်၌ –

**ပုတ္တာမတ္ထိ ဓနာမတ္ထိ[၁]၊ ဣတိ ဗာလော ဝိဟညတိ။**

**အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော[၂] ကုတော ဓနံ–**

ဟူ၍ ဟောတော်မူ၏။

မေ၊ ငါ၏။ ပုတ္တာ၊ သားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ မေ၊ ငါ၏။ ဓနာ၊ ဥစ္စာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့ အတ္တနိယသညာဖြင့် လွန်စွာ မှတ်မှားစွဲလမ်းနေမှုကြောင့်။ ဗာလော၊ သူမိုက်သည်။ ဝိဟညတိ၊ တံလှပ်ရေထင် သခင်မိုက်ငြမ်း ပင်ပန်းမောဟိုက်၍ နေကြကုန်၏။ အပိ၊ စင်စစ်မူကား။ အတ္တနော၊ မိမိ၏။ အတ္တာ၊ ကိုဝ်အတ္တသည်။ နတ္ထိ၊ မရှိ။ ပုတ္တော၊ သားသည်။

---

၁။ ဆဋ္ဌမူ၌ "ဓနမ္မတ္ထိ"ဟု ရှိသည်။ ၂။ ဆဋ္ဌမူ၌ "ပုတ္တာ"ဟု ရှိသည်။

www.dhammaransi.com



ကုတော အတ္ထိ၊ အဘယ်မှာရှိပါအံ့နည်း။ ခန်၊ ဥစ္စာသည်။ ကုတောအတ္ထိ၊ အဘယ်မှာ ရှိပချေတော့အံ့နည်း။

အကြင်ဝတ္ထုတို့၌မူကား ငါ့ဟာ ငါ့ဟာဟူ၍ အတ္တနိယသညာမရှိ။ တစ်စုံတစ်ခု ငဲ့ကွက်ခြင်းမရှိ၊ ထိုသို့ အတ္တနိယသညာကင်းပြီးသော ဝတ္ထုတို့၌ တဏှာအရင်းရှိသော ကာယကံဖြင့် ကြောင့်ကြစိုက်ခြင်း, ဝစီကံဖြင့် ကြောင့်ကြစိုက်ခြင်း, မနောကံဖြင့် ကြောင့်ကြစိုက်ခြင်း တည်းဟူသော အမျိုးမျိုးသော ဗာလုသုက္က တို့ကို မပြုကြကုန်။ အတ္တနိယအတွက် အကုသိုလ်ကံဖြစ်ရန် အခွင့်မရှိ၊ ဤသို့ ဖြစ်နေမှုများသည် လောက၌ ပစ္စက္ခဒိဋ္ဌအားဖြင့် ထင်ရှား၏။

အကြင်သူတို့အား အတ္တဒိဋ္ဌိထင်ရှား၏။ ထိုသူမှာသာလျှင် အတ္တနိယရှိ၏။ အကြင်သူတို့မှကား အတ္တဒိဋ္ဌိမရှိလေ။ ထိုသူမှာကား စင်စစ်အတ္တနိယ မရှိလေပြီ။ ထိုသူတို့မှာ ဗဟိဒ္ဓသန္တာန်၌ မဆိုထားဘိဦး၊ အဇ္ဈတ္တသန္တာန်၌ရှိသော စက္ခုသော်လည်း ငါ့စက္ခုဟူ၍ အတ္တနိယသညာမရှိပြီ။ ထိုအတူ သောတ, ဃာန, ဇိဝှါ, ကာယ, မနတို့၌လည်း အတ္တနိယသညာမရှိပြီ။ ရူပ,သဒ္ဒစသော တရားတို့၌လည်း အတ္တနိယသညာမရှိပြီ။

ထိုအတ္တဒိဋ္ဌိကင်းရှင်းပြီးသော သူတို့သည် သားမယားကို မွေးမြူကြကုန်သော်လည်း တဏှာမျှဖြင့်သာလျှင် ထိုသားမယား ဥစ္စာရတနာတို့ကို မိမိဥစ္စာပြု၍ သိမ်းဆည်း၍ သုံးဆောင်ကြကုန်၏။ အတ္တနိယသညာကား မရှိကုန်ပြီ။

## အရိယာဘုံသားများ

ထိုအတ္တဒိဋ္ဌိကင်းပြီးသော ပုဂ္ဂိုလ်တို့သည် အဇ္ဈတ္တဝတ္ထု, ဗဟိဒ္ဓဝတ္ထုဟူသော အကြောင်းကြောင့် အပါယ်သို့သွားရန် အပါယဂါမိကံတို့ကို အိပ်မက်အတွင်းတွင် မှသော်လည်း မပြုကြကုန်။ ယုတ်မာသောအဖို့သို့သွားရန် ဟီနပက္ခဂါမိကံတို့ကို လည်း အိပ်မက်အတွင်းတွင်မှသော်လည်း မပြုကြကုန်ပြီ။

ကမ္ဘာများစွာတို့ကာလပတ်လုံး လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ် တို့ကို တင်းတိမ်အောင် ခံစားစံစားကြကုန်လျက် သဥပါဒိသေသ အရိယာဘုံသား တို့သာ ဖြစ်ကြကုန်၏။

www.dhammaransi.com



ပုထုဇဉ်အနွယ် ပုထုဇဉ်ဇာတ်ဟု ဆိုအပ်သော လောကီဘုံသို့ တစ်ဖန်ပြန်လာခွင့် မရှိကုန်ပြီ။ စင်စစ်အထက်မဂ်သို့ ကိုင်းရှိုင်းသော ပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏။ (သောတာပန်ပုဂ္ဂိုလ်ကို ရည်၍ဆိုသည်။)

အကြင်အခါ၌ ဒုတိယဖြစ်သော သကဒါဂါမိမဂ်ဉာဏ်ကို အလိုရှိကြကုန်၏။ ထိုအခါ ထိုဒုတိယဖြစ်သော သကဒါဂါမိမဂ်ကို ဖြစ်အောင်အားထုတ်၍ ဒုတိယဖြစ်သော လောကုတ္တရာဘုံသို့ ရောက်ကြကုန်၏။

ထိုဒုတိယလောကုတ္တရာဘုံ၌ တည်၍လည်း ကမ္ဘာများစွာ ကာလပတ်လုံး ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာကို ခံစားစံစားကြကုန်၏။

အကြင်အခါ၌ တတိယဖြစ်သော အနာဂါမိမဂ်ကို အလိုရှိကြကုန်၏။ ထိုအခါ ထိုတတိယအနာဂါမိမဂ်ကို ဖြစ်အောင်အားထုတ်၍ တတိယဖြစ်သော လောကုတ္တရာဘုံသို့ ဆိုက်ရောက်ကြပြန်ကုန်၏။

ထိုတတိယလောကုတ္တရာဘုံ၌ တည်၍လည်း ကမ္ဘာများစွာ ကာလပတ်လုံး ဗြဟ္မာမင်းကြီး၏ စည်းစိမ်ချမ်းသာကို ခံစားစံစားကြပြန်ကုန်၏။

အကြင်အခါ၌မူကား ထိုခံစား၍နေရသော ဗြဟ္မာချမ်းသာကြီးတို့ကိုပင်လျှင် တင်းတိမ်အားရ သာယာဖွယ်မရှိ၊ တံတွေးပေါက်အတိကဲ့သို့ လွန်စွာစက်ဆုပ်ကြကုန်၏။ ထိုအခါ စတုတ္ထဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေ၍ အထွတ်အထိပ်ဆုံးဖြစ်သော စတုတ္ထလောကုတ္တရာဘုံသို့ ရောက်ကြကုန်၏။ ထိုသို့ စတုတ္ထလောကုတ္တရာဘုံသားဖြစ်သောအခါ အထက်၌ တိုး၍ပြုလုပ်ဖွယ်ကိစ္စမရှိတော့ပြီ။ စင်စစ်ကိစ္စတုံးပြီးသော ခီဏာသဝ ဒက္ခိဏေယျ ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ်ကို ရကြလေကုန်၏။

ထိုစတုတ္ထလောကုတ္တရာဘုံ၌လည်း ကမ္ဘာများစွာ အငြိမ်းစားရဟန္တာအဖြစ်ဖြင့် တည်၍ အသက်ကုန်ဆုံးလေသောအခါ၌ ခန္ဓာငါးပါးကို အကြွင်းမဲ့ပစ်စွန့်ပြီးလျှင် နောင်တစ်ဖန် ပဋိသန္ဓေတည်နေရခြင်း မရှိသော အနုပါဒိသေသ ဒုတိယမဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်ကြလေကုန်၏။

ဤစကားရပ်၌ ရှေးဦးစွာ အတ္တဒိဋ္ဌိချုပ်ငြိမ်းမှုနှင့် တစ်ပြိုင်နက် ရအပ်ရောက်အပ်သော အသင်္ခတနိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန် မည်၏။

www.dhammaransi.com



အဘယ့်ကြောင့် သဉပါဒိသေသနိဗ္ဗာန်မည်သနည်းဟူမူ ဆိုခဲ့ပြီးသော မနုဿဘဝ, မနုဿခန္ဓာ၊ ဒေဝဘဝ, ဒေဝခန္ဓာ၊ ဗြဟ္မာဘဝ, ဗြဟ္မာခန္ဓာတို့နှင့် အချို့သော ကိလေသာတို့၏ အကြွင်းအကျန်ရှိသေးစဉ်အခါ၌ ရောက်အပ်ရအပ်သော နိဗ္ဗာန် ဖြစ်လေသောကြောင့် သဉပါဒိသေသနိဗ္ဗာန်မည်၏ ဟူလို။

ဆိုအပ်ခဲ့ပြီးသော ဘဝခန္ဓာ ကိလေသာတို့၏ တစ်စုံတစ်ရာမျှ အကြွင်းအကျန် မရှိပဲ အဆုံးစွန်၌ ရောက်အပ်သော နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

ထိုနှစ်ပါးသည်လည်း သဘောအားဖြင့် အပြားမရှိ၊ အသင်္ခတအမတဓာတ် တစ်ခုသာ ဖြစ်၏။ ဥပါဒ်စွန်း ဘင်စွန်းမရှိသဖြင့် ရှေ့နောက်အစွန်း အမြိတ်ကင်းသော အနိမိတ္တတရားသည် နှစ်ပါးဟူ၍ မပြားသင့်ချေ။

အတ္တနိယကို အမြွက်မျှပြဆိုခြင်း ပြီး၏။

## သမ္မာဒိဋ္ဌိကြီး ၅-ပါး

ယခုအခါ၌လည်း ပြဆိုခဲ့ပြီးသော လောကုတ္တရာဘုံသို့ ရောက်လိုသော သူတော်ကောင်းတို့သည် ပြဆိုလတ္တံ့သော သမ္မာဒိဋ္ဌိကြီး ငါးပါးတို့ကို မိမိတို့၏ သဏ္ဍာန်၌ ဖြစ်ပေါ်ရမိအောင် အားထုတ်ရာ၏။ သမ္မာဒိဋ္ဌိကြီး ငါးပါးကား-

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ,

(၂) နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ,

(၃) ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိ,

(၄) ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိ,

(၅) လောကုတ္တရမဂ္ဂဖလသမ္မာဒိဋ္ဌိ,

ဤငါးပါးတို့တွင် လောကုတ္တရာသမ္မာဒိဋ္ဌိသည်လည်း သောတာပတ္တိမဂ္ဂဖလ သမ္မာဒိဋ္ဌိ, သကဒါဂါမိ မဂ္ဂဖလသမ္မာဒိဋ္ဌိ, အနာဂါမိမဂ္ဂဖလ သမ္မာဒိဋ္ဌိ, အရဟတ္တ မဂ္ဂဖလ သမ္မာဒိဋ္ဌိဟူ၍ လေးပါးအပြား ရှိ၏။ ဤလေးပါးကို တစ်ပါးတည်းပြု၍ ဗုဒ္ဓဘာသာ သာသနာတော်မြတ်၌ ငါးပါးသော သမ္မာဒိဋ္ဌိကြီးတို့ကိုသာ ဆိုခဲ့ပေသတည်း။

www.dhammaransi.com



## အမြဲရှိနေသော ကမ္မဿကတာ

ကမ္မဿကတာ သမ္မာဒိဋ္ဌိကို ရှေ့၌ပြဆိုခဲ့ပြီ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် သဗ္ဗညုမြတ်စွာဘုရားတို့ ပွင့်တော်မမူသော်လည်း အနန္တစကြဝဠာ ကမ္ဘာအနန္တတို့၌ ထင်ရှားရှိသည်သာဖြစ်၏။

ဤကမ္မဿကတာသမ္မာဒိဋ္ဌိကြီး လောက၌ထင်ရှားရှိနေသည့်အတွက် သုဂတိဖြစ်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံဟူ၍ ထင်ရှားတည်ရှိကြကုန်၏။

သာဝကဗောဓိလောင်း, ပစ္စေကဗောဓိလောင်း, သမ္မာသမ္ဗောဓိလောင်းတို့သည်လည်း ဤကမ္မဿကတာ သမ္မာဒိဋ္ဌိအတွက်ကြောင့်ပင်လျှင် ထင်ရှားတည်ရှိကြကုန်၏။

အကြင်သတ္တဝါတို့မှာ ထိုကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိ၏။ ထိုသတ္တဝါတို့မှာ အလုံးစုံသော မိစ္ဆာဒိဋ္ဌိဟူသမျှတို့သည် ကင်းကွာကြကုန်၏။

ဤကမ္မဿကတာ သမ္မာဒိဋ္ဌိသည် လောကီဘုံကြီး၏ မျက်စိကြီးဖြစ်၏။

ထိုသို့ ကမ္မဿကတာ သမ္မာဒိဋ္ဌိပင် ရှိကြကုန်သော်လည်း အတ္တဒိဋ္ဌိမှုကား ထိုသူတို့သန္တာန်၌ အနည်းငယ်မျှကင်းရှင်းခြင်း မရှိ၊ ပကတိအတိုင်းသာ ရှိသေး၏။

အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, အတ္တဝါဒုပါဒါန်ဟူသော အမည်စုသည် တရားကိုယ်တစ်ခုတည်းသာ ဖြစ်၏။ အမည်မျှသာ ကွဲလေသည်။

ထိုအတ္တဒိဋ္ဌိသည်လည်း လေးပါးအပြားရှိပြန်၏။ လေးပါးကား –

(၁) အတိဩဠာရိကအတ္တဒိဋ္ဌိ,

(၂) ဩဠာရိကအတ္တဒိဋ္ဌိ,

(၃) သုခုမအတ္တဒိဋ္ဌိ,

(၄) အတိသုခုမအတ္တဒိဋ္ဌိ,

ထိုလေးပါးတို့တွင် အလွန်ရုန့်ရင်းသော အတ္တဒိဋ္ဌိသည် အတိဩဠာရိကအတ္တဒိဋ္ဌိမည်၏။ အတန်ငယ် ရုန့်ရင်းသော အတ္တဒိဋ္ဌိသည် ဩဠာရိကအတ္တဒိဋ္ဌိမည်၏။ သိမ်မွေ့သော အတ္တဒိဋ္ဌိသည် သုခုမအတ္တဒိဋ္ဌိ မည်၏။ အလွန်သိမ်မွေ့သော အတ္တဒိဋ္ဌိသည် အတိသုခုမအတ္တဒိဋ္ဌိ မည်၏။

ထိုလေးမျိုးသော အတ္တဒိဋ္ဌိတို့ကို ပြဆိုခဲ့ပြီးသော နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိ,

www.dhammaransi.com



ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိ, ဝိပဿနာဉာဏဒဿန သမ္မာဒိဋ္ဌိ, လောကုတ္တရ မဂ္ဂဖလ သမ္မာဒိဋ္ဌိတို့ဖြင့် အစဉ်အတိုင်း သတ်အပ်ကုန်၏။

## သာသနာတွင်းသမ္မာဒိဋ္ဌိ ၄-ပါး

ထိုသမ္မာဒိဋ္ဌိတို့တွင် ရုပ်နာမ်တရားတို့ကို အသီးအသီး သဘောလက္ခဏာအား ဖြင့် ကောင်းစွာခွဲခြား၍ သိသောသမ္မာဒိဋ္ဌိသည် နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ မည်၏။ ထိုရုပ်, နာမ်တရားတို့၏ ဖြစ်ပေါ်ကြောင်း ပဋိစ္စသမုပ္ပါဒ အချက်ကို ကွက်ကွက် ထင်ထင် သိမြင်နိုင်သော သမ္မာဒိဋ္ဌိသည် ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိ မည်၏။ ထိုရုပ်နာမ်တရားတို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို ကောင်းစွာထင်ထင် သိမြင်ရှုစားသော သမ္မာဒိဋ္ဌိသည် ဝိပဿနာဉာဏဒဿန သမ္မာဒိဋ္ဌိ မည်၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် လောကုတ္တရမဂ္ဂဖလသမ္မာဒိဋ္ဌိ မည်၏။

ဤလေးပါးသော သမ္မာဒိဋ္ဌိကြီးတို့ကို မြတ်စွာဘုရား သခင်တို့၏ သာသနာ တော်တွင်းအခါ၌သာလျှင် ရထိုက်၏။ သာသနာပအခါ၌ မရထိုက်ချေ။

## အတိသြဋ္ဌာရိကနှင့် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်

အချို့သော သတ္တဝါတို့သည် ခန္ဓာငါးပါးတို့ကို အတ္တဟူ၍လည်းကောင်း၊ အသက်ရှိသော ဇီဝဟူ၍လည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်းကောင်း၊ မှတ်ထင် စွဲယူကြကုန်၏။ အချို့သော သူတို့သည် ခန္ဓာငါးပါးတို့မှတစ်ပါး ထိုခန္ဓာငါးပါးကို ပိုင်ဆိုင်သော အစိုးရအရှင်သခင် အတ္တရှိ၏ဟူ၍ မှတ်ထင်စွဲယူ ကြကုန်၏။ ဤသို့ စွဲလမ်းခြင်းသည် အလွန်ရုန့်ရင်းသော အတိသြဋ္ဌာရိက အတ္တဒိဋ္ဌိ မည်၏။

အကြင်သူတို့မှာ နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ တည်ရှိ၏။ ထိုသူတို့သည် ဆိုခဲ့ပြီး သောအတိသြဋ္ဌာရိက အတ္တဒိဋ္ဌိကို ပယ်ရှားသတ်ဖြတ်နိုင်၏။

www.dhammaransi.com



နာမရူပပရိဂ္ဂဟဉာဏ်, နာမရူပဝဝတ္ထာနဉာဏ်, ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဟူသော အမည်စုသည် သဘောအားဖြင့် တူ၏။ နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ၏ အမည်စု ပေတည်း။ ဤသမ္မာဒိဋ္ဌိကို ရည်၍-

၁။ လက္ခဏာနှင့်၊ ရသနှစ်စု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန်နာမ်နှင့်ရုပ်။

၂။ လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိ ဝိသုဒ္ဓိ- ဟူ၍ ပရမတ္ထသံခိပ်၌ စပ်ဆိုလေသည်။

## ဩဠာရိကနှင့် ပစ္စယပရိဂ္ဂဟဉာဏ်

အချို့သောသူတို့သည် ပြုလုပ်တတ်သော ကာရကသဘောရှိ၏။ ခံစားတတ်သော ဝေဒကသဘော ရှိ၏ဟူ၍ မှတ်ထင်စွဲယူကြကုန်၏။ ဤသို့ စွဲလမ်းသော ကာရကဒိဋ္ဌိ, ဝေဒကဒိဋ္ဌိများသည် အတန်ငယ်ရန့်ရင်းသော ဩဠာရိကအတ္တဒိဋ္ဌိမည်၏။ အကြင်သူတို့မှာ ပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိ တည်ရှိ၏။ ထိုသူတို့သည် ထိုဩဠာရိကဖြစ်သော ကာရကဒိဋ္ဌိ, ဝေဒကဒိဋ္ဌိတို့ကို ပယ်ရှားသတ်ဖြတ်နိုင်လေ၏။

ထိုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိရှိလျှင် အဟေတုကဝါဒီပုဂ္ဂိုလ်တို့၏ အဟေတုကဒိဋ္ဌိ, ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့၏ ဝိသမဟေတုကဒိဋ္ဌိတို့သည် အလျှင်းပင် ကွာရှင်းကုန်၏။ ယုံမှားခြင်းရှစ်ပါး, ယုံမှားခြင်းတစ်ဆယ့်ခြောက်ပါးတို့သည်လည်း ကွာရှင်းလေကုန်၏။

ပစ္စယပရိဂ္ဂဟဉာဏ်, ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ဟူသော အမည်စုသည် သဘောအားဖြင့် တူ၏။ ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိ၏ အမည်စုပေတည်း။ ဤသမ္မာဒိဋ္ဌိကိုရည်၍ -

ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊ အတတ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆယ့်ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ- ဟူ၍ ပရမတ္ထသံခိပ်၌ စပ်ဆိုလေသည်။

ပြဆိုအပ်ပြီးသော နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ, ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိ နှစ်ပါးသည် စိတ်သန္တာန်၌ ဖြစ်ပေါ်ဥပါဒ်နေသော ပရိယုဋ္ဌာန ဩဠာရိကအတ္တဒိဋ္ဌိတို့ကိုသာလျှင် ခွာခြင်း သတ်ဖြတ်ခြင်းငှါ တတ်နိုင်ကုန်၏။ ဖြစ်ပေါ်ဥပါဒ်ခြင်းသို့

www.dhammaransi.com



မရောက်သေးဘဲ စိတ်သန္တာန်၌ အမြဲကိန်းဝပ်၍နေသော အနုသယသုခုမ အတ္တဒိဋ္ဌိကိုမူကား သတ်ဖြတ်ခြင်းငှါ မတတ်စွမ်းနိုင်ကုန်။ ဝိစိကိစ္ဆာနုသယကိုလည်း မပယ်ရှားနိုင်ကုန်သေး။

ထိုအနုသယဖြစ်သော သုခုမအတ္တဒိဋ္ဌိသည် အလုံးစုံသော ဒိဋ္ဌိအမျိုးမျိုးတို့၏ ပေါ်ပေါက်ရာ အမြစ်မူလဗီဇမျိုးစေ့ကြီးတစ်ခု ဖြစ်၏။

## သုခုမဒိဋ္ဌိနှင့်ဝိပဿနာဉာဏ်

အကြင်အခါ၌ အနိစ္စဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်, အနတ္တဝိဇ္ဇာဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏဒဿန သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာ၏။ ထိုအခါ နူးညံ့သိမ်မွေ့သော အနုသယသုခုမ အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနုသယတို့သည် ချုပ်ငြိမ်းကွယ်ပျောက်ကုန်၏။ အလွန်သိမ်မွေ့ နူးညံ့လှစွာသော အတိသုခုမဖြစ်သော အတ္တဒိဋ္ဌိ ဝိစိကိစ္ဆာတို့မူကား ပြကတေ့အတိုင်းပင် ရှိကုန်သေး၏။ မချုပ်မငြိမ်းကုန်သေး။

## အတိသုခုမဒိဋ္ဌိနှင့် မဂ်ဖိုလ်ဉာဏ်

အကြင်အခါ၌မူကား လောကုတ္တရာသမ္မာဒိဋ္ဌိလေးပါးတို့တွင် ပထမဖြစ်သော သောတာပတ္တိမဂ္ဂဖလ သမ္မာဒိဋ္ဌိစခန်းသို့ ပေါက်ရောက်ကြကုန်၏။ ထိုအခါ၌ အလွန်သိမ်မွေ့လှစွာသော အတိသုခုမ အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့သည် ကင်းကွာ ချုပ်ငြိမ်းကြကုန်၏။

ထိုသို့ အတ္တဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ အကြွင်းမဲ့ချုပ်ငြိမ်းသောအခါ၌ ရှေးကပြဆိုခဲ့ပြီးသော အပါယ်သို့သွားကြောင်း အပါယဂါမိကံ, ယုတ်မာသောအဖို့သို့သွားကြောင်း ဟီနပက္ခဂါမိကံတို့သည်လည်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။

ထိုအခါကာကတွင်မှ ထိုသူတို့အား မပျက်စီးနိုင် တည်ခိုင်မြဲမြံသော စတုသစ္စဉာဏဒဿနဓမ္မစက္ခုတို့သည် ဖြစ်ပေါ်လာကုန်၏။ မပျက်မစီးနိုင် တည်ခိုင်မြဲမြံသော နိယတဗောဓိပက္ခိယ တရားတို့သည်လည်း ထင်ရှားဖြစ်ပေါ်လာကုန်၏။ သံသရာထဲ၌ ကျင်လည်ကြရကုန်သော်လည်း မပျက်မစီးနိုင် တည်ခိုင်မြဲမြံ

www.dhammaransi.com



သော နိယတသမ္မာဒိဋ္ဌိ, နိယတသီလ, နိယတသမာဓိ, နိယတပညာရှိသော ပုဂ္ဂိုလ်မွန်, ပုဂ္ဂိုလ်မြတ်တို့သာဖြစ်ကြကုန်၏။ အမျိုးကောင်း အနွယ်ကောင်း အဖြစ်ကိုရ၍ များလှစွာသော ဥစ္စာစည်းစိမ် ဂုဏ်သိရ်အခြွေအရံတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့သာ ဖြစ်ကြကုန်၏။ မြဲမြံခိုင်ခံ့သော နိယတအရိယာ ဇာတ် လောကုတ္တရာ သူတော်သူမြတ်တို့သာ ဖြစ်ကြရကုန်၏။ သစ္စာလေးပါးကို သိမြင်ထိုးထွင်းနိုင်သော စတုသစ္စဉာဏ် မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ်ကြီးတို့သာ ဖြစ်ကြရကုန်၏။

ဤကား ပထမလောကုတ္တရာဘုံသို့ ရောက်ကုန်သော အညံ့စားသောတာပန် ပုဂ္ဂိုလ်တို့ ရအပ်ခံစားအပ်သော သာသနာတော်၏ အကျိုးကျေးဇူးကြီးပေတည်း။

## သိဒ္ဓိလမ်း သံခွက်ဥပမာ

ဥပမာဖြင့် ထင်စွာပြဦးအံ့၊ တစ်ယောက်သောယောကျ်ားသည် အနှစ်များစွာ ကာလပတ်လုံး သံချေးတို့ဖြင့် လိမ်းကျံထူထပ်၍နေသော အနှစ်သာရနှင့်ပြည့်စုံ သောသံခွက်တစ်ခုကို ရလေသတတ်၊ ထိုယောကျ်ားသည် ရှေးဦးစွာ တစ်ခဲနက် ထူထပ်လှစွာသော သံချေးတို့ကို ဆောက်ဖြင့်ထိုးခွာလျက် သုတ်သင်လေ၏။ ထိုအခါ မည်းနက်သော အဆင်းရှိသော သံသားကိုမြင်လေ၏။ ထိုနောက် နှစ်ကြိမ် မြောက်တွင် မည်းနက်သော အဆင်းရှိသော အပေါ်ရံအညစ်အကြေးတို့ကို ကျောက်မှုန့် အုတ်မှုန့်တို့ဖြင့် ပွတ်တိုက်၍ သုတ်သင်ဆေးကြောပြန်၏။ ထိုအခါ ဖြူသောအရောင်အဆင်းရှိသော သံသားကိုမြင်လေ၏။ ထိုနောက် တစ်ဖန်သိမ်မွေ့ သော အပေါ်ရံအညစ်အကြေးတို့ကို သိမ်မွေ့နူးညံ့လှစွာသော ကျောက်နုမှုန့်တို့ဖြင့် ပွတ်တိုက်သုတ်သင်လျက် အထူးစင်ကြယ် ဖွေးဖြူအောင် ပြုလေ၏။ ထိုအခါ သံခွက်၌ သောင်းကျန်းထကြွ၍နေသော ပရိယုဋ္ဌာန အညစ်အကြေးတို့သည် ကင်းဝေးစင်ကြယ်လေကုန်၏။

ထိုသို့ ပြင်ဖက်တွင် ထကြွဖြစ်ပေါ်ကာနေသော ပရိယုဋ္ဌာန အညစ်အကြေး တို့ ကင်းစင်လေကုန်သော်လည်း သံ၏အတွင်း၌ အနုသယဓာတ်အနေအားဖြင့် ကိန်းဝပ်၍နေကုန်သော သုခုမအညစ်အကြေး, အတိသုခုမ အညစ်အကြေးတို့

www.dhammaransi.com



သည်မူကား နဂိုပြကတေ့အတိုင်းသာ ရှိကုန်သေး၏။ စင်ကြယ်ခြင်းသို့ မရောက်ကုန်သေး။ ထိုအနုသယဓာတ် အနေအားဖြင့် ကိန်းအောင်း၍ နေကုန်သော သုခုမအညစ်အကြေး, အတိသုခုမအညစ်အကြေးတို့မည်သည် ကြမ်းတမ်းရုန့်ရင်းသော ပရိယုဋ္ဌာန အညစ်အကြေးတို့ ပေါ်ပေါက်ရန် အမြစ်မူလဗီဇမျိုးစေ့တို့သာ ဖြစ်ကုန်၏။ တစ်ရံတစ်ခါ ရေဖြင့် စွပ်စိုအပ်သည်ရှိသော်လည်းကောင်း ချဉ်ရေ, ဆားရေစသော အညစ်အကြေးဖြစ်ရန် အကြောင်းတို့နှင့် ပေါင်းဆုံတွေ့ထိအပ်သည် ရှိသော်လည်းကောင်း ထိုသုခုမအညစ်အကြေး, အတိသုခုမ အညစ်အကြေးတို့မှ သန်စွမ်းပေါ်ပေါက်ကြကုန်သော ထူထပ်လှစွာသော ဩဠာရိက, အတိဩဠာရိက အညစ်အကြေးတို့ဖြင့် ပြည့်စုံ၍ အလုံးစုံမည်းနက်သော သံခွက်ကြီးတစ်ဖန် ဖြစ်၍လာလတ္တံ့။

ခွက်ရှင်ယောကျ်ားသည် ထိုအပေါ်ရံအညစ်အကြေး စင်ကြယ်ပြီးသော သံခွက်ကို အဖန်ဖန်အထပ်ထပ် ရုန့်ရင်းလှစွာသော ဆေးရည်, ဓာတ်ရည်တို့၌ စိမ်ထုံ၍ လုံ့၌ထည့်ပြီးလျှင် မီးပြင်းတိုက်၍ ဖုတ်လေ၏။ ထိုအခါ သံ၏အတွင်း၌ တည်ရှိကုန်သော အတော်အတန် နူးညံ့သော သုခုမအညစ်အကြေးတို့သည် ကင်းစင်ပျောက်ကင်းကြကုန်၏။ အလွန်တရာ သိမ်မွေ့လှစွာကုန်သော အတိသုခုမ အညစ်အကြေးတို့သည်မူကား နဂိုရ်ပြကတေ့အတိုင်းပင် ရှိကုန်သေး၏။ မကင်းမရှင်းသေး၊ အညစ်အကြေးဖြစ်ပေါ်ရန်အကြောင်းနှင့် ပေါင်းဆုံမိပြန်လျှင် တစ်ဖန် အညစ်အကြေးပေါ်ပေါက်အောင် ပြုကုန်လတ္တံ့သည်သာ ဖြစ်၏။

စင်စစ်မူကား ထိုခွက်ရှင်ယောကျ်ားသည် သုခုမအညစ်အကြေး ကင်းစင်ပြီးသော သံခွက်ကို အလွန်ထက်မြက်သော တန်ခိုးအာနုဘော်ရှိသော ဆေးရည်, ဓာတ်ရည်တို့၌ ခုနစ်ရက်, ခုနစ်ညဉ့်တို့ပတ်လုံး စိမ်ထုံ၍ ကြီးလှစွာသော မီးကျီးစု၌ ခုနစ်ရက်, ခုနစ်ညဉ့်တို့ပတ်လုံး အပြင်းအထန် ဖုတ်လေ၏။ ထိုအခါ၌ မူကား အလုံးစုံသော အတိသုခုမ အညစ်အကြေးတို့သည် အကြွင်းမဲ့ကုန်ဆုံး ပျောက်ကင်းကြလေကုန်၏။ ထိုအခါမှစ၍ ထိုသံခွက်မှာ အညစ်အကြေး ပေါ်ပေါက်ဖွယ် မရှိပြီ။ နိစ္စထာဝရ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပသော သံသေခွက် အဖြစ်သို့ ရောက်လေ၏။ လရောင်, ကြယ်တာရာရောင်ကဲ့သို့ ရှုချင်စဖွယ်

www.dhammaransi.com



တင့်တယ်သောခွက်အဖြစ်သို့ ရောက်လေ၏။

ထိုသံသေခွက်၌ ထောပတ်, ပျား, သကာတို့ကို ထည့်ပြီးလျှင် သံသေဓာတ်ဖြင့် ထုံ၍ သုံးဆောင်စားသောက်လျှင် အနာရောဂါကင်းရှင်းလေ၏။ အိုမင်းသည် ဟူ၍ မရှိ၊ အသက်ရှည်ကြာစွာ တည်နေ၍ အာယုသိဒ္ဓိလမ်းကို ပေါက်ရောက်လေ၏။ အားခွန်ဗလ ကြီးမား၏။ ထိုသံသေကိုဆောင်လျှင် အလိုရှိသမျှ ပြီး၏၊ နိုင်၏။

## ဥပမာဥပမေယျ ဟပ်ပြပုံ

ဤဥပမာစကားရပ်၌ ရှည်မြင့်စွာသော ကာလတို့ပတ်လုံး တစ်ခဲနက်ထူထပ်လှစွာသော အညစ်အကြေးရှိသော သံခွက်ကဲ့သို့ အနမတဂ္ဂ သံသရာ၌ အတ္တဒိဋ္ဌိကြီး တန်းလန်းရှိနေသော ပကတိပုထုဇ္ဇဉ်သတ္တဝါကို မှတ်အပ်၏။

ထူထပ်လှစွာသော အညစ်အကြေးတို့ကို ဆောက်ဖြင့်ထိုးခွာ၍ စင်ကြယ်သော သံခွက်ကဲ့သို့ ပုဗ္ဗေကတဟေတုဒိဋ္ဌိ, ဣဿရနိမ္မာနဟေတုဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ ကြီးတို့ကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြင့် ခွာဖျက်၍ တည်နေသော ပုထုဇ္ဇဉ်သတ္တဝါကို မှတ်အပ်၏။

တစ်ဖန် မည်းနက်သော အပေါ်ရံအညစ်အကြေးတို့ကို ကျောက်မှုန့်, အုတ်မှုန့်တို့ဖြင့် ပွတ်တိုက်၍ စင်ကြယ်သော သံခွက်ကဲ့သို့ အတိဩဠာရိကဖြစ်သော အတ္တဒိဋ္ဌိတို့ကို နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိဖြင့် ခွာဖျက်၍ တည်နေသော ပုထုဇ္ဇဉ်သတ္တဝါတို့ကို မှတ်အပ်၏။

တစ်ဖန် သိမ်မွေ့သော အပေါ်ရံအညစ်အကြေးတို့ကို သိမ်မွေ့နူးညံ့လှစွာသော ကျောက်နုမှုန့်ဖြင့် ပွတ်တိုက်၍ စင်ကြယ်သောသံခွက်ကဲ့သို့ အတန်ငယ်ရန့်ရှင်းသော ဩဠာရိကပရိယုဋ္ဌာန အတ္တဒိဋ္ဌိတို့ကို ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိဖြင့် ခွာဖျက်၍တည်နေသော ပုထုဇ္ဇဉ်သတ္တဝါကို မှတ်အပ်၏။

အဖန်ဖန်ရန့်ရှင်းသော ဆေးရည်, ဓာတ်ရည်တို့ဖြင့် စိမ်ထုံ၍ မီး၌ဖုတ်ပြီး၍ သံ၏အတွင်း၌ အနုသယဓာတ်အနေအားဖြင့် ကိန်းအောင်းနေသော သုခုမ အညစ်အကြေးတို့မှ ကင်းစင်သော သံခွက်ကဲ့သို့ သုခုမဖြစ်သော အတ္တဒိဋ္ဌိတို့ကို

www.dhammaransi.com



ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိဖြင့် ခွာဖျက်၍ တည်နေသောသူတို့ကို မှတ်အပ်၏။

တစ်ဖန် ထက်မြက်သော တန်ခိုးအာနုဘော်ရှိသော ဆေးရည်, ဓာတ်ရည်တို့၌ ခုနစ်ရက်, ခုနစ်ညဥ့်တို့ပတ်လုံး ကြီးစွာသော မီးကျီးစု၌ဖုတ်၍ အလွန်သိမ်မွေ့လှစွာသော အတိသုခုမ အညစ်အကြေးတို့မှ ကင်းစင်သော သံသေခွက်ကဲ့သို့ အလွန်သိမ်မွေ့လှစွာသော အတိသုခုမ အတ္တဒိဋ္ဌိတို့ကို လောကုတ္တရမဂ္ဂဖလ သမ္မာဒိဋ္ဌိဖြင့် ခွာဖျက်၍ လောကုတ္တရာဘုံ၌တည်နေသော အရိယာပုဂ္ဂိုလ်ကို မှတ်အပ်၏။

ဤကား သမ္မာဒိဋ္ဌိကြီးငါးပါးကို အစဉ်အတိုင်းပြသော စကားအမြွက်တည်း။

## တိုက်တွန်းချက်

ရှေး၌ပြဆိုခဲ့ပြီးသော သာသနာအကျိုးစီးပွားတို့ကို လိုလားတောင့်တသော အမျိုးကောင်းသားတို့သည် ဤငါးပါးသော သမ္မာဒိဋ္ဌိကြီးတို့ကို ကိုယ်တွေ့ဒိဋ္ဌ ရမိအောင် အားထုတ်ကြကုန်၏။

ငါးပါးသော သမ္မာဒိဋ္ဌိကြီးတို့တွင် ကမ္မဿကတာသမ္မာဒိဋ္ဌိ အစီအရင်ကို ရှေးကထင်ရှားစွာ ပြဆိုခဲ့ပြီ။

## နာမရူပပရိဂ္ဂဟဉာဏ်အစီအရင်

နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိကို ပြုလုပ်အားထုတ်လိုသော သူသည်များစွာသော နာမ်တရားတို့တွင် အကြင် အကြင်နာမ်တရားသည် ထင်ရှား၏၊ ပဓာနဖြစ်၏။ နာမ်တရားအလုံးစုံတို့နှင့် ဆက်ဆံသော သဗ္ဗသာဓာရဏနာမ်လည်း ဖြစ်၏။ ထိုထင်ရှားသော ပဓာနသဗ္ဗသာဓာရဏနာမ်တရားကိုသာလျှင် ကောင်းစွာ မှတ်သား၍ နှလုံးသွင်းအပ်၏။

ထိုသို့ ပဓာနပါကဋ သဗ္ဗသာဓာရဏ နာမ်တရားကို သိမ်းဆည်းလိုက်သည် ရှိသော် ကြွင်းသော နာမ်တရားတို့သည်လည်း အန္တောဂဓဖြစ်လေကုန်တော့၏။ အသီးအခြား သိမ်းဆည်းဖွယ်မရှိပြီ။

www.dhammaransi.com



ထိုစကားမှန်၏။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဖဿအာဟာရတစ်လုံးကို ပိုင်နိုင်စွာ ထင်မြင်လျှင် ဝေဒနာသုံးပါးကို ပိုင်နိုင်၍ ကိစ္စပြီးစီးကြောင်းကို ဟောတော်မူ၏။

မနောသဉ္စေတနာဟာရ တစ်လုံးကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်နိုင်လျှင် တဏှာသုံးပါးကို ပိုင်နိုင်၍ ကိစ္စပြီးမြောက်ကြောင်းကိုလည်း ဟောတော်မူ၏။

ဝိညာဏာဟာရအလုံးကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်နိုင်လျှင် နာမ်ရုပ်နှစ်ပါးကို ပိုင်နိုင်၍ ကိစ္စပြီးစီးကြောင်းကိုလည်း ဟောတော်မူ၏။

**[ဤအာဟာရသုံးပါး အစီအရင်ကို ကျေးရူးရှင်ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော အာဟာရဒီပနီမှာကြည့်၍ သိလေ။]**

မဟာတဏှာသင်္ခယသုတ် ပါဠိတော်မြတ်၌လည်း ဝေဒနာတစ်ခု ပိုင်နိုင်လျှင် ကိစ္စပြီးမြောက်ကြောင်းကို သိကြားမင်းအား ဘုရားဟောတော်မူ၏။

**[ဝေဒနာအကြောင်းကို ကမ္မဋ္ဌာနဒီပနီ, အနတ္တဒီပနီကျမ်းတို့၌ ယူလေ။]**

ဤသို့လျှင် နှလုံးသွင်းရန် နာမ်တရားတစ်ခုတည်းကို မူတည်၍ ဟောကြားညွှန်ပြတော်မူရာ သုတ္တန်ပါဠိတော်တို့သည်လည်း များစွာပင် ရှိကုန်၏။

ရုပ်တရားကို နှလုံးသွင်းရာ၌လည်း ထင်ရှားသော ဓာတ်လေးပါးတို့ကို နှလုံးသွင်းရန် ကြွင်းသော ရုပ်တရားစုလည်း အင်္ဂါဝေအတွင်းဝင် ဖြစ်တော့၏။

**[ဓာတ်လေးပါးအစီအရင်ကို လက္ခဏာဒီပနီကျမ်း, ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း, သောမနဿုပေက္ခာဒီပနီကျမ်း, ဘာဝနာဒီပနီကျမ်းတို့၌ ထင်ရှားစွာ ရှိလေပြီ။]**

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသကထာ၌ အဘိဓမ္မာပိဋကတ်တွင် ဝေဖန်တော်မူအပ်သော အလုံးစုံသော နာမ်တရား, ရုပ်တရားတို့ကိုထုတ်၍ အလွန်ကျယ်ဝန်းလှစွာသော နာမရူပပရိဂ္ဂဟအစီရင်ကို ပြတော်မူ၏။ ထိုသို့ ဝိသုဒ္ဓိမဂ်၌ ပြအပ်သော နာမရူပပရိဂ္ဂဟအစီအရင်သည် အလွန်တရာ ဉာဏ်ပညာ ထက်မြက်ကုန်သော အဘိဓမ္မဓရဝိသေသပုဂ္ဂိုလ်တို့၏ အရာသာဖြစ်၏။ ဝိပဿနာကို အားထုတ်ခါစဖြစ်သော အာဒိကမ္မိကပုဂ္ဂိုလ်တို့၏ အရာမဟုတ်။

ထိုစကားမှန်၏။ ကသိုလ်အစရှိသော တရား, ခန္ဓာအစရှိသော တရားတို့ကို အကြွင်းမဲ့ဝေဖန်၍ ပြရာဖြစ်သော အဘိဓမ္မာပိဋကတ်တော်ကို ဤလူ့ဘုံလောက၌

www.dhammaransi.com



မြတ်စွာဘုရား ဟောတော်မမူချေ။ တာဝတိံသာနတ်တို့ရှာ၌သာ ထိုအဘိဓမ္မာပိဋကတ်ဒေသနာတော်ကို ဟောတော်မူ၏။

ဤလူ့ပြည်၌ကား အကြင်သူသည် အကြင်မျှလောက်သော ရုပ်တရား, နာမ်တရားတို့ကို သိမ်းဆည်း၍ လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်ကို ပေါက်ရောက်ထိုးထွင်းနိုင်၏။ ထိုသို့ လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်သို့ ပေါက်ရောက်နိုင်ရန် ထိုသူနှင့်ထိုက်တန်ရုံသော ရုပ်နာမ်တရားတို့ကိုသာလျှင် ထုတ်ဖော်ဟောကြားတော်မူ၏။ ရုပ်တရား, နာမ်တရားရှိသမျှတို့ကို အကြွင်းမဲ့ကုန်စင်အောင် ထုတ်ဖော်၍ ဟောတော်မူသည် မဟုတ်ချေ။

သုတမယဉာဏ်ကို အားထုတ်ဆည်းပူးစဉ်အခါ၌မူကား အလုံးစုံသော အဘိဓမ္မပိဋကတ်လာ ဒေသနာတော်များကို အကုန်အစင်သိသင့် သိထိုက်၏။ ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိကို ရရန် နာမ်တရား, ရုပ်တရားတို့ကို သိမ်းဆည်းရှုဆင်ခြင်သောအခါ၌မူကား အဘိဓမ္မာပိဋကတ်ရှိသမျှကို တတ်ကျွမ်းမှသာ မဟုတ်၊ မဇ္ဈိမနိကာယ် သံယုတ္တနိကာယ်တို့၌ ဟောတော်မူသော သုတ္တန်ပါဠိတော်တို့ကို ကြည့်ရှုစုံစမ်း၍ မိမိဉာဏ်ပညာနှင့်လျော်သော သုတ္တန်နည်းဖြင့် နာမရူပပရိဂ္ဂဟဉာဏ်ကို ထူထောင်အားထုတ်ရာ၏။

ထိုသို့ အားထုတ်သောသူသည်လည်း နာမရူပပရိဂ္ဂဟဉာဏ်ကို ပေါက်ရောက်ထူထောင်ပြီးရှိသော ဆရာကောင်းထံမှနည်းကို ယူပြီးမှသာလျှင် အားထုတ်ရာ၏။ ထိုသို့မဟုတ် မိမိထင်တိုင်း ဉာဏ်စွမ်းကို အားကိုး၍ အားထုတ်ခဲ့လျှင် အလွန်ကြာမြင့်မှသော်လည်း မိမိထင်တိုင်း ပေါက်ရောက်နိုင်ရာ၏။ မပေါက်မရောက်ပဲသော်လည်း ရှိတတ်ချေ၏။

## ပစ္စယပရိဂ္ဂဟဉာဏ်အစီအရင်

ဟေတုပစ္စယ ပရိဂ္ဂဟသမ္မာဒိဋ္ဌိ အစီအရင်၌လည်း "**အာဟာရသမုဒယာ ရူပသမုဒယော**"- အစရှိသော သုတ္တန်ပါဠိတော်တို့နှင့်အညီ အာဟာရဖြစ်ပွားမှုကြောင့် ရုပ်တရားဖြစ်ပွားရ၏။ ဖဿဖြစ်ပွားမှုကြောင့် ဝေဒနာဖြစ်ပွားရ၏။ နာမ်ရုပ်တရားတို့ ဖြစ်ပွားမှုကြောင့် ဝိညာဏ်ဖြစ်ပွားရ၏။ စက္ခုရူပါရုံနှစ်ပါးတို့ကို

www.dhammaransi.com



စွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်၏ စသည်ဖြင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ နည်းအားဖြင့်လည်းကောင်း၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်ရင်းအကြောင်းတို့ကို သိမ်းဆည်းရာ၏။

## ဝိပဿနာဉာဏ်အစီအရင်

ဝိပဿနာဉာဏဒဿနအစီအရင်၌လည်း အာဟာရချုပ်မှုကြောင့် ရုပ်တရားတို့လည်း အနိစ္စဖြစ်၍ ချုပ်ရ၏။ ဖဿချုပ်မှုကြောင့် ဝေဒနာချုပ်ရ၏။ သင်္ခါရချုပ်မှုကြောင့် ဝိညာဏ်ချုပ်ရာ၏။ ဝိညာဏ်ချုပ်မှုကြောင့် နာမ်ရုပ်တရားတို့ ချုပ်ရကုန်၏။ နာမ်ရုပ်တရားတို့၏ ချုပ်မှုကြောင့် သဠာယတနချုပ်၏။ သဠာယတန ချုပ်မှုကြောင့် ဖဿချုပ်ရ၏။ ဖဿချုပ်မှုကြောင့် ဝေဒနာချုပ်ရ၏။ ဝေဒနာ ချုပ်မှုကြောင့် တဏှာချုပ်ရ၏။ ဤသို့စသည်ဖြင့် အကြောင်းတရားတို့ ချုပ်ပျက်တိုင်း ချုပ်ပျက်တိုင်း အကျိုးတရားတို့၏ အနိစ္စဖြစ် ချုပ်ပျက်ပုံကိုသိလေ။

"**ယဒနိစ္စံ၊ တံ ဒုက္ခံ**"–ဟူသည်နှင့်အညီ အကြင်တရားသည် စင်စစ် အနိစ္စဖြစ်၏။ ထိုအနိစ္စဖြစ်သော တရားသည် သုခဟူ၍ တစ်စုံတစ်ရာမျှ မရှိ၊ စင်စစ် ဒုက္ခအတိသာ ဖြစ်၏။

"**ယံ ဒုက္ခံ၊ တဒနတ္တာ**"–ဟူသည်နှင့်အညီ အကြင်တရားသည် စင်စစ် ဒုက္ခအတိသာ ဖြစ်၏။ ထိုဒုက္ခအတိဖြစ်သော တရားသည် မိမိ၏အနှစ်သာရကိုဝ်အတ္တဟူ၍ အားကိုးအားထားပြုသင့်ပြုထိုက်သော တရားမဟုတ်ချေ။ ထိုဒုက္ခအတိသာဖြစ်သော တရားသည် မိမိအလိုသို့လိုက်သော တရားဟူ၍ အားကိုးအားထား ပြုသင့်ပြုထိုက်သော တရားမဟုတ်ချေ။ ထိုကြောင့် အနတ္တစင်စစ်သာ ဖြစ်ချေ၏။

[ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိ အစီအရင်သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကျမ်းဂန်အရပ်ရပ်တို့၌ များစွာပင် ရှိလေပြီ။]

သမ္မာဒိဋ္ဌိကြီးငါးပါးကို ပြဆိုခန်း ပြီး၏။

www.dhammaransi.com



## နိဂုံးဂါထာများ

**(၁)တောယေနာလိမ္ပန် ပဒ္ဓံ၊ သေလော ဝါတေသွဖန္ဒနော။**
**သဒ္ဒေသွသန္တသော သီဟော၊ လယ်တီထေရောဟိ ဓီတိမာ။**
**(၂)ဓမ္မနာဒံ ဥန္နာဒေန္တော၊ သသီသော သော တဟိံ တဟိံ။**
**သဥ္ဇရံ သမ္ပတ္တော ဒါနိ၊ သုဝဏ္ဏဘူမိ နာမကံ။**
**(၃)သတ္တစ္ဆဒ္ဒေကသင်္ကေတော၊ ဟာယနေဝ္ဟ ခယင်္ဂတော။**
**အယဉ္စ နိဋ္ဌိတာ တမှိ၊ စိတ္တကာဥ္စမှိ အဌမေ။**
**(၄)သင်္ခါရာ မမ သင်္ကန္တာ၊ ဝယောဝုဒ္ဓိဂတာ ပုန။**
**ပုရေ မရာမိ ပုညံ တံ၊ သုလဒ္ဓံ ပသုတံ ဝတ။**
**(၅)ပုညေနေတေန ထေရော နော၊ စန္ဒော ဇနောဋ္ဌသေဝိတော။**
**တမော ဘေတွာ ပဘာသေတု၊ သီတသဒ္ဓမ္မရံသိမာ။**

(၁) တောယေန၊ အာရုံငါးပါးတည်းဟူသော ရေဖြင့်။ အလိမ္ပနံ၊ လိမ်းကျံ ကပ်ငြိခြင်း မရှိသော။ ပဒ္ဓံ၊ ပဒုမာကြာပန်းဟူသည်။ ဓီတိမာ၊ တည်ကြည်ခိုင်ခံ့သော သမာဓိ ရှိတော်မူပေသော။ လယ်တီထေရောဟိ၊ လယ်တီမဟာထေရ်မြတ်ကြီးပေတကား။ ဝါတေသု၊ လောကဓံတရားရှစ်ပါးတည်းဟူသော လေပြင်းမုန်တိုင်းတို့ကြောင့်။ အဖန္ဒနော၊ ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိသော။ သေလော၊ ကျောက်တောင်ကြီးဟူသည်။ ဓီတိမာ၊ တည်ကြည်ခိုင်ခံ့သော သမာဓိရှိတော်မူသော။ လယ်တီထေရောဟိ၊ လယ်တီမဟာထေရ်မြတ်ကြီးပေတကား။ သဒ္ဒေသု၊ သူတစ်ပါးတို့၏ ပြောဆိုကြဟန် စကားသံတို့ကြောင့်။ အသန္တသော၊ တုန်လှုပ်လန့်ထိတ် ကြောက်စိတ်ကြောက်သွေး မရှိသော။ သီဟော၊ ကေသရီဇာတ် ခြင်္သေ့မြတ်ကြီးဟူသည်။ ဓီတိမာ၊ တည်ကြည် ခိုင်ခံ့သော သမာဓိရှိတော်မူသော။ လယ်တီထေရောဟိ၊ လယ်တီမဟာထေရ်မြတ် ကြီးပေတကား။ ဤဂါထာကိုကား –

**သီဟောဝ သဒ္ဒေသု အသန္တသန္တော၊**
**ဝါတောဝ ဇာလမှိ အသဇ္ဇမာနော။**
**ပဒံဝ တောယေန အလိမ္ပမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ–**

www.dhammaransi.com



ဟူသော သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် ပါဠိတော်။

**သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။**

**ဧဝံ နိန္ဒာပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ–**

ဟူသော ဓမ္မပဒပါဠိတော်တို့ကို မှီ၍ ရေးသားပေသတည်း။

(၂) သသိသော၊ နောက်လိုက်နောက်ပါ သံဃာတပည့်အပေါင်းနှင့်တကွ ဖြစ်တော်မူသော။ သော၊ ထိုခြသေ့်မင်းကြီးသဖွယ် လယ်တီမဟာထေရ်မြတ်သည်။ ဓမ္မနာဒံ၊ တရားတည်းဟူသော ဟောက်ဟိန်းကျူးရင့်သံကို၊ ဥန္နာဒေန္တော၊ နယ်အရပ်ရပ် ပဲ့တင်ထပ်မျှ နှံ့စပ်အောင် ကြိမ်းဟိန်းရင့်ရှတော်မူလျက်။ တဟိံတဟိံ၊ ထိုထို မြို့ရွာနီးဂုမ်းများသို့။ သဥ္စရံ သဥ္စရန္တော၊ လှည့်လည်ကြွမြန်းတော်မူစဉ်။ ဒါနိ၊ ယခုအခါ၌။ သုဝဏ္ဏဘူမိနာမကံ၊ သုဝဏ္ဏဘူမိမည်သော သထုံပြည်သို့။ သမ္ပတ္တော၊ ကောင်းစွာဆိုက်ရောက်တော်မူ၏။

၁၂၆၇–ခုနှစ်တွင် နောက်ပါတည့်သံဃာအပေါင်းတို့နှင့်တကွ ထိုထိုမြို့ရွာနိဂုမ်းတို့ကို လှည့်လည်ကြွရောက်တော်မူလျက် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး တရားဓမ္မ ပြသဟောပြောတော်မူကြောင်း အမြွက်ကို သမ္မာဒိဋ္ဌိဒီပနီ နိဿယနိဂုံးတွင်လည်း ရေးသားအပ်ပြီ။

၁၂၆၇–ခု တပေါင်းလဆုတ် ၆–ရက်နေ့တွင် ရန်ကုန်မြို့မှ ပင်လယ်လမ်းခရီးဖြင့် မီးသင်္ဘောစီးနင်းတော်မူ၍ မော်လမြိုင်မြို့သို့ ကြွတော်မူပြီးလျှင် တရားဓမ္မ ပြသဟောပြောတော်မူ၏။

၁၂၆၇–ခု၊ နှောင်းတန်ခူးလဆုတ် ၂–ရက်နေ့တွင် မီးသင်္ဘောဖြင့် သထုံမြို့သို့ ကြွရောက်၍ တရားဟောတော်မူ၏။

ထိုသထုံမြို့သည် မဇ္ဈိမဒေသ ပါဋလိပုတ်နေပြည်တော်ကြီး၌ သီရိဓမ္မာသောက မင်းကြီး စိုးစံတော်မူစဉ် အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော တစ်ထောင်သော ရဟန္တာအရှင်မြတ်တို့နှင့်တကွ တတိယသင်္ဂါယနာတင်ပြီး၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အရှင်မြတ်သည် ကိုးတိုင်းကိုး႒ာနသို့ သာသနာပြု စေလွှတ်ရာ တိုင်းပြည်တို့တွင် တစ်ခုအဝင်အပါ အရှင်သောဏ, အရှင်ဥတ္တရမထေရ် ၂–ပါးတို့ ကြွရောက်၍ သာသနာပြုရာ သုဝဏ္ဏဘူမိတိုင်းကြီးပင်တည်းဟူ၍ ပြောဆိုစမှတ်

www.dhammaransi.com



ပေါ်ရာဏာစကား ထင်ရှားရှိ၏။

ဤသထုံမြို့၌ ရှေးမင်းတို့ တည်ထားပြုလုပ်ခဲ့သော ကျုံးဟောင်း, မြို့ရိုးဟောင်းများလည်း ယခုတိုင် တည်ရှိသေး၏။ ရဟန္တာအရှင်မြတ်တို့နေရာ ကျောင်းတိုက်တာဟောင်းများကိုလည်း တွေ့မြင်ရသေး၏။

သုဝဏ္ဏဘူမိဟူသော အမည်သည် ပါဠိဇာတ်အဋ္ဌကထာမှ လာသောအမည် ဖြစ်၏။

မြန်မာရာဇဝင်ကျမ်းတို့၌ကား ၎င်းသထုံမြို့ကို သုဓမ္မပုရဟူ၍ ခေါ်ဆိုရေးသား၏။

သုဓမ္မဟူသော ပါဠိဘာသာစကားသည် မြန်မာဘာသာအားဖြင့် သုဓမ်ဟု ဖြစ်၏။ ရှေးစာဟောင်းတို့၌ သုဓမ်မြို့ဟူ၍ပင် ရေးစမှတ်ပြုကြ၏။

နောက်ကာလရှည်လျားသဖြင့် သုဓမ်ဝေါဟာရမှပြောင်း၍ သထုံဖြစ်လေသည်။

(၃) စိတ္တကာဠမှိအဋ္ဌမေ၊ တန်ဆောင်းလဆုတ် ၈–ရက်မြောက်ဖြစ်သော။ အဇ္ဇ၊ ယခုနေ့၌မူကား။ သတ္တစတ္တဒွေကသကေ်တော၊ မြန်မာဝေါဟာရ ကောဇာသက္ကရာဇ် ၁၂၆၇–ခုဟူ၍ သမုတ်မှတ်သားအပ်သော။ ဟာယနော၊ နှစ်သည်။ ခယင်္ဂတော၊ ကုန်ဆုံးခြင်းသို့ရောက်ခဲ့ချေပြီ၊ အယဉ္စ၊ ဤသမ္မာဒိဋ္ဌိကျမ်းသည်လည်း။ တမှိ၊ ထို ၁၂၆၇–ခုနှစ်အကုန် သထုံမြို့တွင်ရှိဆဲအခါ၌။ နိဋ္ဌိတာ၊ ပြီးဆုံးအောင်မြင်ခြင်းသို့ရောက်၏။

[တန်ဆောင်းလဆုတ် ၈–ရက်နေ့သည် ၁၂၆၇–ခုနှစ် ကုန်သောနေ့ဖြစ်၏၊ ဤသမ္မာဒိဋ္ဌိဒီပနီကျမ်း ပြီးစီးသောနေ့လည်း ဖြစ်၏။ ဤနေ့သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်တကွ ငါတို့ခေတ္တတည်ရှိနေထိုင်ဆဲအခါလည်း ဖြစ်၏။]

(၄) မမ၊ လယ်တီပဏ္ဍိတဟူ၍ ပညတ်သမုတ်အပ်သော ငါ၏။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ သက်ဗ္ဗော၊ စကြိန်ပြောင်း၍ အဟောင်းချုပ်စဲ အသစ်လဲကြကုန်ပြီ။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ ပုန၊ တစ်ဖန်။ ဝယောဝုဒ္ဓိဂတာ၊ နှစ်ဟောင်းကွယ်လင့် အရွယ်ရင့်၍ ကြီးမြင့်အိုမင်းခြင်းသို့ ရောက်ခဲ့ကြပြန်ကုန်ပြီ။ ပုရေမရာမိ၊ စုတိသို့ဆင်း၍ သေခြင်းသို့ငါမရောက်မီ။ တံ ပုည်၊ ထိုသမ္မာဒိဋ္ဌိ ဒီပနီကျမ်းကို ကြိုးပမ်းရေးသားရခြင်းတည်းဟူသော ကုသိုလ်အထူးကို။ ပသုတံ၊ ဆည်းပူးအားထုတ်ရပြီ။ သုလဒ္ဓံဝတ၊ အရတော်ကြီး

www.dhammaransi.com



တော်လေစွတကား။

(၅) ဧတေန ပုညေန၊ ဤသမ္မာဒိဋ္ဌိဒီပနီကျမ်းကို ကြိုးပမ်းအားထုတ်ရသော ကောင်းမှုကြောင့်။ ဇနောဃူသေဝိတာ၊ လူပေါင်းများစွာ ကြွယ်တာရာတို့၏ ကောင်းစွာမှီဝဲအပ်ထသော။ သီတသဒ္ဓမ္မရံသိမာ၊ ချမ်းကြည်အေးမြစွာသော သူတော်ကောင်းတို့၏ တရားတည်းဟူသော ရောင်ခြည်လည်း ရှိပေထသော။ စန္ဒော၊ ပုဏ္ဏိန္ဒုစန်း လနန်း, လရထားကြီးသဖွယ် ဖြစ်တော်မူသော။ နော၊ ငါ၏။ ထေရော၊ ကျေးဇူးတော်ရှင် မဟာထေရ်မြတ်သည်။ တမော၊ လောကဘောင်ဝယ် မိုက်အောင် ပြုတတ်သော အဝိဇ္ဇာမှောင်တိုက်ကြီးကို။ ဘေတွာ၊ ဖျက်ဆီးတော်မူ၍။ ပဘာသေတု၊ ထွန်းလင်းတောက်ပတော်မူပါစေလို။

**လယ်တီပဏ္ဍိတေန ရစိတာယံ သမ္မာဒိဋ္ဌိဒီပနီ သမ္ပုဏ္ဏာ။**

☆ ☆ ☆

www.dhammaransi.com

# မဂ္ဂင်္ဂဒီပနီ

※ တစ်ကိုယ်လုံး၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓမဂ္ဂင်ကြီး ၂-ပါး တည်ရှိသော အခါ အပါယ်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ ထိုသူသည် ထိုခဏမှစ၍ အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်ဒုက္ခ အပြီးကျွတ်လွတ်၏။

www.dhammaransi.com



# မဂ္ဂင်ဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဂ္ဂင် ၈–ပါး ပါဠိအနက်

**သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ။**

၁။ သမ္မာဒိဋ္ဌိ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်။
၂။ သမ္မာသင်္ကပ္ပ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အကြံအစည်။
၃။ သမ္မာဝါစာ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု။
၄။ သမ္မာသမ္မန္တ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ကာယကံမှု။
၅။ သမ္မာအာဇီဝ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု။
၆။ သမ္မာဝါယာမ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော လုံ့လဝီရိယမှု။
၇။ သမ္မာသတိ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော မမေ့မလျော့မှု။
၈။ သမ္မာသမာဓိ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှု။

## သမ္မာဒိဋ္ဌိ ၃–ပါး ပါဠိအနက်

**ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဒသဝတ္ထုကသမ္မာဒိဋ္ဌိ, စတုသစ္စသမ္မာဒိဋ္ဌိ။**

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ – သတ္တဝါတို့အား မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂–ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာအစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်ဟု သိမြင်သော သမ္မာဒိဋ္ဌိ။

၂။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိ – ဉာဏ်၏သက်ဝင်ရာ ဝတ္ထုအပြားဆယ်ပါး ရှိသော သမ္မာဒိဋ္ဌိ။

www.dhammaransi.com



၃။ စတုသစ္စသမ္မာဒိဋ္ဌိ - ဉာဏ်၏သက်ဝင်ရာ အဟုတ်ကြီး ၄-ပါး, အမှန်ကြီး ၄-ပါး ထင်ရှားရှိသော သမ္မာဒိဋ္ဌိ။

## ကမ္မဿကတာ သမ္မာဒိဋ္ဌိပါဌ်အနက်

**သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒါ ဘဝိဿန္တိ။**

၁။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂-ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

၂။ ကမ္မဒါယာဒါ၊ မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂-ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်ပါသော အမွေဥစ္စာ ရှိကြကုန်၏။

၃။ ကမ္မယောနီ၊ မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂-ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ပဓာနအကြောင်းရင်း ရှိကြကုန်၏။

၄။ ကမ္မဗန္ဓူ၊ မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂-ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ အစဉ်ပါသော ဆွေမျိုးမိတ်စစ် ရှိကြကုန်၏။

၅။ ကမ္မပ္ပဋိသရဏာ၊ မိမိတို့ပြုကြသော ကောင်းမှု, မကောင်းမှု ၂-ပါးသည်သာလျှင် ဘဝများစွာ, ကမ္ဘာများစွာ သွားလေရာရာ အစဉ်ပါသော ကိုးကွယ်ရာ လဲလျောင်းရာ ရှိကြကုန်၏။

၆။ ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်ထသော။ ပါပကံ ဝါ၊ မကောင်းသည်လည်းဖြစ်ထသော။ ယံကမ္မံ၊ အကြင် ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုကို။ ကရိဿန္တိ၊ ပြုကြကုန်သည် ဖြစ်အံ့။ တဿ၊ ထိုမိမိတို့ ပြုကြ

www.dhammaransi.com



သော ကောင်းမှု, မကောင်းမှု ၂-ပါး၏။ ဒါယာဒါ၊ ကောင်းကျိုး, မကောင်းကျိုးဟု ဆိုအပ်သော ကောင်းမွေမျိုး, ဆိုးမွေမျိုး ကို ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ခံစံကြရကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတ္တံ့။

## ဒသဝတ္ထုကသမ္မာဒိဋ္ဌိပါဠိအနက်

**အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ၊ အတ္ထိ ဟုတံ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ အတ္ထိ မာတာ၊ အတ္ထိ ပိတာ၊ အတ္ထိ သတ္တာ ဩပပါတိကာ၊ အတ္ထိ အယံ လောကော၊ အတ္ထိ ပရော လောကော၊ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

၁။ ဒိန္နံ၊ ပေးကမ်းလှူဒါန်းမှုဟူသော ဒါနကုသိုလ်မျိုး၏ အကျိုးရင်း အကျိုးဆက်သည်။ အတ္ထိ၊ အမှန်ရှိ၏။

၂။ ယိဋ္ဌံ၊ ယဇ်ခေါ်သော ပူဇော်မှုကြီးမျိုး၏ အကျိုးရင်း အကျိုးဆက်သည်။ အတ္ထိ၊ အမှန်ရှိ၏။

၃။ ဟုတံ၊ ဟုန်းခေါ်သော ပူဇော်မှုငယ်မျိုး၏ အကျိုးရင်း အကျိုးဆက်သည်။ အတ္ထိ၊ အမှန်ရှိ၏။

၄။ သုကတဒုက္ကဋာနံ၊ ကောင်းစွာပြုအပ်, မကောင်းစွာ ပြုအပ်ကုန်သော။ ကမ္မာနံ၊ သုစရိုက်ကံ, ဒုစရိုက်ကံတို့၏။ ဖလံ၊ အကျိုးဆက်သည်လည်းကောင်း။ ဝိပါကော၊ အကျိုးရင်းသည်လည်းကောင်း။ အတ္ထိ၊ အမှန်ရှိ၏။

၅။ မာတာ၊ အမိ၌ ကောင်းစွာပြုမှု, မကောင်းစွာပြုမှု၏ အကျိုးရင်း အကျိုးဆက်သည်။ အတ္ထိ၊ အမှန်ရှိ၏။

၆။ ပိတာ၊ အဘ၌ ကောင်းစွာပြုမှု, မကောင်းစွာပြုမှု၏ အကျိုးရင်း အကျိုးဆက်သည်။ အတ္ထိ၊ အမှန်ရှိ၏။

၇။ ဩပပါတိကာ သတ္တာ၊ လူတို့သည် မမြင်အပ်ကုန်သော ငရဲ, ပြိတ္တာ, နတ်, သိကြား, ဗြဟ္မာ ဟူကုန်သော ဥပပါတ် သတ္တဝါမျိုးတို့သည်။ အတ္ထိ၊ အမှန်ရှိကုန်၏။

www.dhammaransi.com



၈။ အယံ လောကော၊ မျက်မြင်ဒိဋ္ဌ ဤလောကသည်။ အတ္ထိ၊ အမှန်ရှိ၏။

၉။ ပရော လောကော၊ သေသည့်နောက်မှာ ရောက်ကြရာသော လောကတစ်ပါး ဘုံတစ်ပါးသည်။ အတ္ထိ၊ အမှန်ရှိ၏။

တစ်နည်းကား။ ။ အယံ လောကော၊ ဤလူ့လောကသည်။ အတ္ထိ၊ အမှန်ရှိ၏။ ပရောလောကော၊ အပါယ်လေးရပ် ခြောက်ထပ် နတ်ရွာ ဗြဟ္မာနှစ်ဆယ်ဟူသော တစ်ပါးသော လောကသည်။ အတ္ထိ၊ အမှန်ရှိ၏။

တစ်နည်းကား။ ။ အယံလောကော၊ ဤလူ့ဘုံနှင့်တကွ အပါယ်လေးရပ် ခြောက်ထပ်နတ်ရွာ ဗြဟ္မာနှစ်ဆယ်ဟူသော ဤစကြဝဠာ လောကဓာတ်သည်။ အတ္ထိ၊ အမှန်ရှိ၏။ ပရောလောကော၊ ရှစ်မျက်နှာ အားလုံးတို့၌ အဆုံးမရှိသော တစ်ပါးသော လောကဓာတ်အနန္တသည်။ အတ္ထိ၊ အမှန်ရှိ၏။

၁၀။ လောကေ၊ လူ့ဘုံ လူ့ဘဝ လူ့လောက၌။ သမဂ္ဂတာ၊ စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကြကုန်သော။ သမ္မာပဋိပန္နာ၊ ကောင်းစွာကျင့်ကြပေကုန်သော။ သမဏဗြာဟ္မဏာ၊ သဗ္ဗညုတ ဘုရားအစရှိကုန်သော ရဟန်းပုဏ္ဏားတို့သည်။ အတ္ထိ၊ အမှန်ရှိကြကုန်၏။ ယေ၊ အကြင် ရဟန်းပုဏ္ဏားတို့သည်။ ဣမဉ္စလောကံ၊ ဤလောကကိုလည်းကောင်း။ ပရဉ္စလောကံ၊ တစ်ပါးသော လောကကိုလည်းကောင်း။ သယံ၊ မိမိတို့ကိုယ်တိုင်။ အဘိညာ၊ အထူးသိမြင်ကြကုန်၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြုကြကုန်၍။ ပဝေဒေန္တိ၊ လူအများကို ဟောကြားဖော်ပြကြကုန်၏။

## စတုသစ္စသမ္မာဒိဋ္ဌိပါဠိအနက်

**ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ ဉာဏံ။**

၁။ ဒုက္ခေ၊ ဒုက္ခအမှန်၌။ ဉာဏံ၊ သိသောဉာဏ်လည်းကောင်း။

၂။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ ဖြစ်ပွားကြောင်း တရားအမှန်၌။ ဉာဏံ၊ သိသောဉာဏ်လည်းကောင်း။

၃။ ဒုက္ခနိ ရောဓေ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ တရားအမှန်၌။ ဉာဏံ၊ သိသော ဉာဏ်လည်းကောင်း။

မိခင်ဇရာဝတီ

www.dhammaransi.com



၄။ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ၊ ဒုက္ခ၏ ချုပ်ငြိမ်းခြင်းသို့ ပေါက်ရောက်တတ်သော ပဋိပတ်လမ်းအမှန်၌။ ဉာဏံ၊ သိသောဉာဏ်လည်းကောင်း။

## သမ္မာသင်္ကပ္ပ ၃-ပါး ပါဠိအနက်

### နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသာသင်္ကပ္ပ။

၁။ နေက္ခမ္မသင်္ကပ္ပ – လောဘအာရုံ ကာမဂုဏ်ခန္ဓာ သံသရာညွှန်ဗွက်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းမြတ်သော အကြံအစည်။

၂။ အဗျာပါဒသင်္ကပ္ပ – အသက်ရှိသူ လူ, တိရစ္ဆာန်, သတ္တဝါမှန်သမျှ တို့အား အသက်ခန္ဓာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်။

၃။ အဝိဟိံသာသင်္ကပ္ပ – အသက်ရှိသူ လူ, တိရစ္ဆာန်, သတ္တဝါ မှန်သမျှတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်။

## သမ္မာဝါစာ ၄-ပါး ပါဠိအနက်

### မုသာဝါဒဝိရတိ၊ ပိသုဏာဝါစာဝိရတိ၊ ဖရုသဝါစာဝိရတိ၊ သမ္ဖပ္ပလာပဝိရတိ။

၁။ မုသာဝါဒဝိရတိ – မမှန်သောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း။

၂။ ပိသုဏာဝါစာဝိရတိ – နှစ်ဦးသောသူတို့၏ အကြား၌ ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း။

၃။ ဖရုသဝါစာဝိရတိ – သူတစ်ပါးတို့၏ စိတ်နှလုံး၌ ခိုက်တိုက်ကျင်နာမခံသာအောင် ကြမ်းကြုတ်စွာထိပါးလျက် ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသော အမှုမှကြဉ်ရှောင်ခြင်း။

၄။ သမ္ဖပ္ပလာပဝိရတိ – ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောကောင်းကျိုးနှင့် မစပ်မလျဉ်းပဲ ပြိန်ဖျင်းလျက် ဆန်းကြယ်စွာသော ရာမဇာတ်, အိနောင်ဇာတ် အစရှိသော ဒဏ္ဍာရီစကားမျိုး၊ သုံးဆယ့် နှစ်ပါးသော တိရစ္ဆာနကထာ စကားမျိုးတို့မှ ကြဉ်ရှောင်ခြင်း။

www.dhammaransi.com



## သမ္မာကမ္မန္တ ၃-ပါးပါင်္ဂအနက်

**ပါဏာတိပါတဝိရတိ၊ အဒိန္နာဒါနဝိရတိ၊ ကာမေသုမိစ္ဆာစာရဝိရတိ။**

၁။ ပါဏာတိပါတဝိရတိ - အသက်ရှိသူ လူ, တိရစ္ဆာန် သတ္တဝါမှန်သမျှ တို့ကို သတ်ပုတ်ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ခြင်း။

၂။ အဒိန္နာဒါနဝိရတိ - အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း။

၃။ ကာမေမိစ္ဆာစာရဝိရတိ - ယစ်မျိုးငါးပါး သောက်စားမှုနှင့်တကွ မာတုရက္ခိတစသော နှစ်ကျိပ်သော မိန်းမတို့၌လည်းကောင်း၊ မိမိလင်မှ တစ်ပါးသော ယောကျာ်းတို့၌လည်းကောင်း ဖောက်ပြန်စွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်း။

## သမ္မာအာဇီဝ ၄-ပါး ပါင်္ဂအနက်

**ဒုစ္စရိတမိစ္ဆာဇီဝဝိရတိ၊ အနေသနမိစ္ဆာဇီဝဝိရတိ၊ ကုဟနာဒိမိစ္ဆာဇီဝဝိရတိ၊ တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝဝိရတိ။**

၁။ ဒုစ္စရိတမိစ္ဆာဇီဝဝိရတိ - လူတို့မှာ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်း။

၂။ အနေသနမိစ္ဆာဇီဝဝိရတိ - ရသေ့ ရဟန်းတို့မှာ လူတို့အား သစ်သီး ပေးခြင်း, ပန်ပေးခြင်းစသော နှစ်ဆယ့်တစ်ပါးသော အနေသနအမှု တို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်း။

၃။ ကုဟနာဒိမိစ္ဆာဇီဝဝိရတိ - ရသေ့ ရဟန်းတို့မှာ အံ့ဖွယ်သရဲကိုပြ၍ စဉ်းလဲလိမ်လည်ခြင်း အစရှိသော ငါးပါးသောအမှုတို့ဖြင့် ယုတ်မာ စွာသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်း။

၄။ တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝဝိရတိ - ရသေ့ ရဟန်းတို့၏ အကျင့်သီလနှင့် ဖီလာကန့်လန့် ဆန့်ကျင့်ဖက် ဖြစ်ကုန်သော အင်္ဂဝိဇ္ဇာ, နိမိတ္တဝိဇ္ဇာ အစရှိကုန်သော တစ်ရာ့လေးဆယ်သော အတတ်ပညာ ဝိဇ္ဇာမှုမျိုး တို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ကြဉ်ရှောင်ခြင်း။

www.dhammaransi.com



## သမ္မာဝါယာမ ၄-ပါး ပါဠိအနက်

**အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝါယာမော။**

၁။ အနုပ္ပန္နာနံ၊ မိမိသန္တာန်မှာ ယခုဘဝ၌ မဖြစ်ကုန်သေးသော။ အကုသလာနံ ဓမ္မာနံ၊ မကောင်းသောတရားတို့ကို။ အနုပ္ပါဒါယ၊ ဤဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် နောင်တစ်ရံတစ်ဆစ်မျှ မိမိသန္တာန်၌ မဖြစ်လာစေခြင်း အကျိုးငှါ။ ဝါယာမော၊ မဂ္ဂင်ရှစ်ပါး တရားကိုအားထုတ်ခြင်း။

၂။ ဥပ္ပန္နာနံ၊ မိမိသန္တာန်မှာ ယခုဘဝ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ မကောင်းသောတရားတို့ကို။ ပဟာနာယ၊ ဤဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန် ရသည့်ဘဝတိုင်အောင် နောင်တစ်ဖန် မိမိသန္တာန်၌ တစ်ရံတစ်ဆစ်မျှ မဖြစ်ရအောင် ပယ်သတ်ခြင်းငှါ။ ဝါယာမော၊ မဂ္ဂင်ရှစ်ပါး တရားကိုအားထုတ်ခြင်း။

၃။ အနုပ္ပန္နာနံ၊ မိမိသန္တာန်မှာ ယခုဘဝ၌ မဖြစ်ဖူးကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို။ ဥပ္ပါဒါယ၊ ယခုဘဝမှာပင် မိမိသန္တာန်၌ ဖြစ်ပေါ်လာစေခြင်းငှါ။ ဝါယာမော၊ မဂ္ဂင်ရှစ်ပါးတရားကို အားထုတ်ခြင်း။

၄။ ဥပ္ပန္နာနံ၊ မိမိသန္တာန်မှာ ယခုဘဝ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ သီလ အစရှိကုန်သော ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ အဆင့်ဆင့်တိုးတက်၍ အနုပါဒိသေသ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မပျက် မကွက်ပဲ အစဉ်မြဲ၍သွားအောင် ပွားများစေခြင်းငှါ။ ဝါယာမော၊ မဂ္ဂင်ရှစ်ပါး တရားကို အားထုတ်ခြင်း။

## သမ္မာသတိ ၄-ပါး ပါဠိအနက်

**ကာယာနုပဿနာ သတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ စိတ္တာနုပဿနာ သတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။**

www.dhammaransi.com



၁။ ကာယာနုပဿနာ သတိပဋ္ဌာန် – ထွက်သက် ဝင်သက်အစရှိသော ကိုယ်အင်္ဂါအစု၌ အရှုအမြင် အထင်အစွဲမြဲသော သတိတရား။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် – သုခ, ဒုက္ခစသော ဝေဒနာအစု၌ အရှုအမြင် အထင်အစွဲ မြဲသော သတိတရား။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် – သရာဂ, သဒေါသစသော စိတ်အစု၌ အရှုအမြင် အထင်အစွဲမြဲသော သတိတရား။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် – ကာမစ္ဆန္ဒစသော ဓမ္မအစု၌ အရှုအမြင် အထင်အစွဲမြဲသော သတိတရား။

## သမ္မာသမာဓိ ၄–ပါး ပါဠ်အနက်

**ပဌမဈာနသမာဓိ၊ ဒုတိယဈာနသမာဓိ၊ တတိယဈာနသမာဓိ၊ စတုတ္ထဈာနသမာဓိ။**

၁။ ပဌမဈာနသမာဓိ – ရှေးဦးစွာ ကသိုဏ်းစသော တစ်ခုသောသမထ အာရုံ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော ပဌမဈာန် သမာဓိ။

၂။ ဒုတိယဈာနသမာဓိ – နှစ်ကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော ဒုတိယဈာန် သမာဓိ။

၃။ တတိယဈာနသမာဓိ – သုံးကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော တတိယဈာန် သမာဓိ။

၄။ စတုတ္ထဈာနသမာဓိ – လေးကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော စတုတ္ထဈာန် သမာဓိ။

[ဤမှနောက်၌ အရကျက်ဖွယ်မရှိ၊ ဉာဏ်၌ ထင်လင်းအောင် ကြည့်ရှုဖို့သာတည်း။]

မဂ္ဂင် ၈–ပါး သရုပ် ပြီး၏။

မိခင်ရောဝတီ

www.dhammaransi.com



## သမ္မာဒိဋ္ဌိ ၃–ပါး ဥဒ္ဒေသ

**ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ၊ စတုသစ္စသမ္မာဒိဋ္ဌိ။**

**သမ္မာဒိဋ္ဌိ ၃–ပါး ဥဒ္ဒေသ ပြီး၏။**

## သမ္မာဒိဋ္ဌိ ၃–ပါး နိဒ္ဒေသ

### ကမ္မဿကတာ သမ္မာဒိဋ္ဌိနိဒ္ဒေသ

**သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒါ ဘဝိဿန္တိ**[၁]**။**

### ၁။ ကမ္မဿကာ–ပုဒ် အဖွင့်

သဗ္ဗေ သတ္တာ ကမ္မဿကာ ဟူသောပါဠိ၌ ယခုလောကတွင် ဆင်, မြင်း, ရထား, ကျွဲ, နွား, လယ်ယာ, တိုက်တာ အိမ်ခြေ, ရွှေ, ငွေ, ရတနာ အစရှိကုန်သော ဥစ္စာတို့သည် ရှိကြကုန်၏။ ထိုဥစ္စာတို့သည် ယခုဘဝ မသေမီ ကာလ တစ်ခဏ၌သာလျှင် မိမိတို့ဥစ္စာဟု ဆိုရကုန်၏။ သေဆုံးသည်မှနောက်၌ ထိုဥစ္စာတို့သည် ထိုသူ၏နောက်သို့ မလိုက်ကုန်။ လောက၌ အခိုက်အလှည့်အားဖြင့် ငှားရမ်း၍ အသုံးပြုရသော သူတစ်ပါးတို့၏ဥစ္စာနှင့် အလားတူကုန်၏။ ယခုဘဝ၌လည်း ပျက်ခွင့်ဆိုက်လျှင် ခဏခြင်းပျက်တတ်ကုန်၏။ ထို့ကြောင့် သံသရာ၌ ဘဝအဆက်ဆက် ကျင်လည်ပြောင်းသွား၍ နေကြကုန်သော သတ္တဝါတို့အား ထိုထိုဘဝ၌ ခဏခဏ တွေ့ကြုံရရှိကြကုန်သော ထိုဥစ္စာတို့သည် ထိုသူတို့၏ ပြောင်းသွားရာ ဘဝတစ်ပါးသို့ မလိုက်ကြကုန်မူ၍ ထိုထိုဘဝတို့၌သာ ကျန်ရှိနေရစ်ကြကုန်သောကြောင့် စင်စစ်အားဖြင့် သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာဟူ၍ မဆိုထိုက်ကုန်။ ထို့ကြောင့် "**သဗ္ဗေ သတ္တာ ကမ္မဿကာ**"ဟူ၍ ဟောတော်မူသည်။

www.dhammaransi.com



## ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

သတ္တဝါတို့သည် ပြုကြသော ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့သည်သာလျှင် ယခုဘဝ၌လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်း မိမိတို့ ကိုယ်သန္တာန် အစဉ်အမြဲပါရှိ၍ နေကုန်၏။ မီးဘေး, ရေဘေး, သူခိုး, ဓားမြဘေး အစရှိသည်တို့ကြောင့် ပျက်ဆုံးခြင်း မရှိကုန်။ ထို့ကြောင့် ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့သည်သာလျှင် သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာ မည်ကုန်၏။ သတ္တဝါတို့သည် ထိုကာယကံ, ဝစီကံ, မနောကံတည်းဟူသော ဥစ္စာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏ဟု ဆိုလိုသည်။

## ကံသုံးမျိုး

ဤစကား၌ ကာယကံမှု ဆိုသည်ကား– လက်ခြေ အစရှိကုန်သော ကိုယ်အင်္ဂါတို့ဖြင့် အားထုတ်လုပ်ဆောင်မှုတည်း။ ဝစီကံမှု ဆိုသည်ကား– နှုတ်လျှာခံတွင်းဖြင့် ရွတ်အံပြောဆိုမှုတည်း။ မနောကံမှု ဆိုသည်ကား– စိတ်၌ ကြံဖန်မှုတည်း။

ဤကာယကံမှု, ဝစီကံမှု, မနောကံမှု သုံးမျိုးကို ဗုဒ္ဓဘာသာ၌ ကံသုံးပါးဟူ၍ ဆိုသည်။

သတ္တဝါအပေါင်းတို့သည် အိပ်ပျော်ဆဲအခါကို ချန်လုပ်၍ ကြွင်းသောနေ့အဖို့ ညဉ့်အဖို့တို့၌ ဤကံ ၃–ပါးနှင့် နေကြရကုန်၏။ အလုံးစုံသော ကိစ္စကြီးငယ်တို့ကို ကံ ၃–ပါးနှင့် ရွက်ဆောင်ကြရကုန်၏။ အိပ်ပျော်ဆဲအခါ၌ကား ကံ ၃–ပါးသည် ငြိမ်သက်၍နေ၏။ သေသောအလောင်းမှာ ကံ ၃–ပါး ချုပ်ကင်း၏။

ဤကား လူ, တိရစ္ဆာန် အစရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၌ ကံ ၃–ပါး ဖြစ်ပွား၍နေပုံတည်း။

ထို ကံ ၃–ပါးသည် ကောင်းသော ကံ ၃–ပါး, မကောင်းသော ကံ ၃–ပါးဟူ၍ ၂–မျိုး ရှိ၏။ ကောင်းသော ကံ ၃–ပါးသည်လည်း ယခုဘဝအတွက် ပြုကြရသော ကံ ၃–ပါး, နောက်နောက်ဘဝအတွက် ပြုကြရသော ကံ ၃–ပါးဟူ၍ ၂–မျိုး ရှိပြန်၏။ မကောင်းသော ကံ ၃–ပါးသည်လည်း ယခုဘဝအတွက် ပြုကြ

www.dhammaransi.com



ရသော ကံ ၃–ပါး, နောက် နောက်ဘဝအတွက် ပြုကြရသော ကံ ၃–ပါးဟူ၍ ၂–မျိုးစီ ရှိပြန်၏။ ထိုတွင် –

၁။ ပါဏာတိပါတ – လူ, တိရစ္ဆာန်စသော သတ္တဝါတို့ကို သတ်ပုတ် ညှဉ်းဆဲမှု တစ်မျိုး။

၂။ အဒိန္နာဒါန – သူတစ်ပါးတို့၏ သက်ရှိ, သက်မဲ့ဥစ္စာတို့ကို ခိုးဝှက် ဖျက်ဆီးမှု တစ်မျိုး။

၃။ ကာမေသုမိစ္ဆာစာရ – သူတစ်ပါးတို့၏ မယား, မိမိလင်မှတစ်ပါး သော ယောကျ်ားတို့၌ ကျူးလွန်မှု တစ်မျိုး။

၄။ မုသာဝါဒ – မဟုတ်မမှန်သောစကားကို ပြောဆိုမှု တစ်မျိုး။

၅။ ပိသုဏာဝါစာ – သူ ၂–ယောက်တို့၏ အကြား၌ ကုန်းတိုက်စကား ပြောဆိုမှု တစ်မျိုး။

၆။ ဖရုသဝါစာ – သူတစ်ပါးတို့ကို ထိပါးဆဲရေးသော စကားတစ်မျိုး။

၇။ သမ္ဖပ္ပလာပ – အကျိုးမရှိသောစကားကို များများကြီး ပြောဆိုမှု တစ်မျိုး။

၈။ အဘိဇ္ဈာ – သူတစ်ပါးတို့၏ သက်ရှိ သက်မဲ့ဥစ္စာကို ငါ့ဟာ ဖြစ်သော် ကောင်းလေစွဟု တောင့်တခြင်း တစ်မျိုး။

၉။ ဗျာပါဒ – သူတစ်ပါးတို့၏ အသက်ခန္ဓာ ပျက်စီးသော် ကောင်းလေစွ ဟု တောင့်တခြင်း တစ်မျိုး။

၁၀။ မိစ္ဆာဒိဋ္ဌိ – အလှူပေး၍ အကျိုးမရှိ စသည်ဖြင့်ယူသော မိစ္ဆာဒိဋ္ဌိ တစ်မျိုး။

[ဤဆယ်မျိုးသည် မကောင်းမှုဒုစရိုက် ဆယ်ပါး မည်၏။]

## ပစ္စုပ္ပန်ကံ ၂–မျိုး

ဤမကောင်းမှု ဒုစရိုက်ဆယ်ပါးမှ လွတ်ကင်းသော အလုံးစုံသော အသက်မွေးမှု, ဥစ္စာစီးပွားရှာမှု, ပညာရှာမှု, ကုန်သွယ်မှု, လယ်ယာဥယျာဉ်လုပ်မှု, အစိုးရလခစားလုပ်မှု, သူဌေးလခစားလုပ်မှု, ကူလီလုပ်မှု အစရှိသော

www.dhammaransi.com



ခပ်သိမ်းသော ကာယကံမှုမျိုး, ဝစီကံမှုမျိုး, မနောကံမှုမျိုးသည် ယခုဘဝအတွက် ပြုကြရသော ကောင်းသောကံမျိုး မည်၏။

မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ မလွတ်မကင်းသော အလုံးစုံသော အသက်မွေးမှု, ဥစ္စာစီးပွားရှာမှု အစရှိသော ခပ်သိမ်းသော ကာယကံမှု, ဝစီကံမှု, မနောကံမှုမျိုးသည် ယခုဘဝအတွက် ပြုကြရသော မကောင်းသောကံမျိုး မည်၏။

## အနာဂတ် ကံ ၂-မျိုး

နောက်နောက်ဘဝအတွက် ယခုဘဝက တင်ကူး၍ပြုကြသော ကံ ၃-ပါးသည်လည်း ကောင်းသောကံ ၃-ပါး, မကောင်းသောကံ ၃-ပါးဟူ၍ ၂-မျိုးရှိ၏။

မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ လွတ်ကင်းသော လှူဒါန်းမှု, ဥပုသ်သီလ စောင့်ထိန်းမှု, ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှု, ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ရှိခိုးကိုးကွယ်မှု, အရိုအသေပြုမှု အစရှိသော ကာယကံမှု, ဝစီကံမှု, မနောကံမှုမျိုးသည် နောက်နောက်ဘဝအတွက် ယခုဘဝက တင်ကူး၍ ပြုကြသော ကောင်းမှုကံမျိုး မည်၏။ နောက်နောက်ဘဝ၌ ကောင်းသောဘုံ၊ ကောင်းသောဘဝသို့ ရောက်ဖို့ပြုကြသော ကံမျိုးပေတည်း။

မကောင်းမှု ဒုစရိုက်ဆယ်ပါးတို့တွင် တစ်ပါးပါးသော ဒုစရိုက် မှုမျိုးသည် ယခုဘဝအတွက်နှင့် ပြုကြသည်ဖြစ်စေ၊ နောက်နောက်ဘဝအတွက်နှင့် ပြုကြသည်ဖြစ်စေ၊ နောက်နောက်ဘဝ၌ အပါယ်ငရဲသို့ချတတ်သော ကံမျိုးဖြစ်ခဲ့၍ နောက်ဘဝအတွက် ပြုကြသော မကောင်းသောကံမျိုး မည်၏။

ဤသို့ ကောင်းသောကံမျိုး, မကောင်းသောကံမျိုး ခွဲခြမ်းဝေဖန်ရာ၏။

ကျွန်းကြီးကျွန်းငယ်အပြင် ကုန်းနယ်တစ်ခွင်လုံး, ရေနယ်တစ်ခွင်လုံး, ကောင်းကင်တစ်ခွင်လုံးတို့၌ တအုန်းအုန်း တရုန်းရုန်းနေကြသော ကံ ၃-ပါး အမှုတွေကို အကုန်မျှော်လေ။

ယခုမျက်မြင်ထင်ရှားရှိသော ဤကမ္ဘာကြီး၌ ကံ ၃-ပါး တရုန်းရုန်း တအုန်းအုန်းဖြစ်၍ နေသည်ကို သိမြင်ကြသဖြင့် ကွယ်လွန်လေပြီးသော

www.dhammaransi.com



အစအဆုံးမရှိ များပြားလှစွာသော ရှေးရှေးသော အတိတ်ကမ္ဘာကြီးတို့၌လည်းကောင်း၊ နောက်နောက် အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်ပေါ်လတ္တံ့ကုန်သော အနာဂတ်ကမ္ဘာကြီးတို့၌လည်းကောင်း၊ ကုန်းသတ္တဝါခပ်သိမ်း, ရေသတ္တဝါခပ်သိမ်း, ကောင်းကင်သတ္တဝါခပ်သိမ်းတို့၏ တရုန်းရုန်း တအုန်းအုန်း ကံ ၃–ပါး အမှုတွေကို အကုန်သိမြင်ကြကုန်ရာ၏။

ဤလောကဓာတ်ကြီးမှာကဲ့သို့ အရှေ့အရပ်မှာလည်း လောကဓာတ်တို့သည် အဆုံးမရှိကုန်။ အနောက်အရပ်မှာလည်း အဆုံးမရှိကုန်။ တောင်အရပ်မှာလည်း အဆုံးမရှိကုန်။ မြောက်အရပ်မှာလည်း အဆုံးမရှိကုန်။

ထိုအဆုံးမရှိသော လောကဓာတ်အနန္တတို့၌လည်း ကုန်းသတ္တဝါ, ရေသတ္တဝါ, ကောင်းကင်သတ္တဝါတို့၏ ကံ ၃–ပါးအမှုတွေကို မျှော်လေ။

## ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ

အကုန်မျှော်မိကြသည်ရှိသော် ခပ်သိမ်းသောသတ္တဝါတို့သည် မိမိတို့ကိုယ်ခန္ဓာမှဖြစ်သော ကံ ၃–ပါးတို့ဖြင့် အသက်ရှည်ကြရကုန်၏။ ကံ ၃–ပါးတို့ဖြင့် ချမ်းသာသုခကို ရကြကုန်၏။ ကောင်းသောကံ ၃–ပါးကိုပြု၍ ကောင်းကျိုးသုခအမျိုးမျိုးကို ရကြကုန်၏။ မကောင်းသောကံ ၃–ပါးကိုပြု၍ မကောင်းကျိုးဒုက္ခအမျိုးမျိုးကို ရကြကုန်၏။

ကံ ၃–ပါးသည်သာလျှင် သတ္တဝါတို့မှာ အတွင်းဥစ္စာအမှန် ဖြစ်၏။ မီးဘေး, ရေဘေး, ခိုးသူ, ဓားပြဘေးတို့ကြောင့် မပျက်မဆုံးနိုင်သော ထာဝရဥစ္စာအမှန်ဖြစ်၏။ တစ်ခြားတစ်ပါးသော ဥစ္စာဟူ၍ ကြေးနီပိုက်ဆံတစ်ပြားတန်မျှမရှိသော်လည်း အတတ်ပညာ အလိမ္မာဟူသော မနောကံရှိခဲ့လျှင် ချမ်းသာအောင်ကြံဆောင်နိုင်တော့သည်။ ရေတိရစ္ဆာန်, ကုန်းတိရစ္ဆာန်, ကောင်းကင်ပျံတိရစ္ဆာန်တို့သည် ကံ ၃–ပါးသက်သက်နှင့် အသက်ရှည်ကြရကုန်၏။ ထို့ကြောင့် **"သဗ္ဗေသတ္တာ ကမ္မဿကာ"**–ဟူ၍ ဟောတော်မူပေသည်။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ၃၊ ဌာနသုတ် (အဘိဏှသုတ်) ၆၆။

www.dhammaransi.com



## ပစ္စုပ္ပန်ကံ–က ပေးပုံ

ယခုဘဝ၌ ပစ္စည်းဥစ္စာပေါများခြင်း, အစိုးရဂုဏ် ကျက်သရေနှင့် ပြည့်စုံခြင်း အစရှိသော ကောင်းကျိုးချမ်းသာတို့ကို အလိုရှိကြကုန်သော သူတို့သည် အတတ်ပညာ အလိမ္မာမျိုးကို ကောင်းစွာပြည့်စုံအောင် အားထုတ်လုပ်ဆောင် ပါလျက် ထိုကောင်းကျိုးချမ်းသာတို့ကို ရနိုင်၏။ အတတ်ပညာ အလိမ္မာမျိုးကို အားမထုတ်ပဲ ထာဝရဘုရားကို ယုံကြည်စွာရှိခိုး၍ ဤကဲ့သို့ ကောင်းကျိုးချမ်းသာ တို့ကို ရသည်ဟူ၍ မရှိ။

ထာဝရ ဘုရားကို ယုံကြည်စွာ ရှိခိုး၍ ဤကဲ့သို့ ကောင်းကျိုးချမ်းသာကို ရနိုင်ကြကုန်သည် ဖြစ်ငြားအံ့။ ထာဝရဘုရားကို ယုံကြည်ကြကုန်သော လူမျိုးတို့သည် ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း, အတတ်ပညာ အလိမ္မာတို့ကို သင်ကြားအားထုတ်ခြင်း အစရှိကုန်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို မပြုကြကုန်မူ၍ ထာဝရဘုရားကိုရှိခိုးခြင်း အလုပ်တစ်ခုကိုသာပြု၍ နေကြ ကုန်ရာ၏။

ထိုသို့ကား မဟုတ်။ ဗုဒ္ဓဘာသာလူမျိုးတို့ကဲ့သို့ပင် ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း, အတတ်ပညာ အလိမ္မာတို့ကို သင်ကြားအားထုတ်ခြင်း အစရှိကုန်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို ခရစ်ယာန်လူမျိုး, မိုဟာမက်လူမျိုး, ဘုရင်ဂျီလူမျိုးတို့လည်း ပြုလုပ်အားထုတ်ကြကုန်၏။ ထို့ကြောင့် ထိုလူမျိုးတို့သည်လည်း ယခုဘဝ၌ ပစ္စည်းဥစ္စာနှင့်ပြည့်စုံခြင်း, အစိုးရဂုဏ် ကျက်သရေနှင့်ပြည့်စုံခြင်း အစရှိကုန်သော ကောင်းကျိုးချမ်းသာတို့ကို ထာဝရဘုရားပေး၍ ရကြကုန်သည် မဟုတ်။ ကာယကံ, ဝစီကံ, မနောကံဟူသော မိမိတို့ ပစ္စုပ္ပန်ကံပေး၍သာ ရကြ ကုန်သည်ဟု သိမြင်ယုံကြည်နိုင်ရာ၏။

**ပစ္စုပ္ပန်ကံအချက်ကို ပြဆိုခန်း ပြီး၏။**

## အတိတ်ကံ–က ပေးပုံ

ယခုဘဝ၌ ပစ္စည်းဥစ္စာပေါများခြင်း, အစိုးရဂုဏ်ကျက်သရေနှင့် ပြည့်စုံခြင်း အစရှိကုန်သော ကောင်းကျိုးချမ်းသာတို့ကို ထာဝရဘုရားပေး၍ ရနိုင်ကြကုန်သည်

www.dhammaransi.com



မဟုတ်။ မိမိတို့ ပြုကြသော အလိမ္မာမှုဟူသော ကံပေး၍သာ ရနိုင်ကြကုန်သည်ဟု ဒိဋ္ဌမျက်မြင် ယုံကြည်နိုင်ကြသကဲ့သို့ သေသည်မှ နောက်ဘဝတို့၌ ပစ္စည်းဥစ္စာပေါများသော သူဌေးသူကြွယ်မျိုးတို့၌ လူအဖြစ်ကိုရခြင်း, နတ်ကောင်း, သိကြားကောင်းအဖြစ်ကိုရခြင်းဟူသော ကောင်းကျိုးချမ်းသာတို့ကိုလည်း ထာဝရဘုရားကို ကိုးကွယ်ရှိခိုး၍ ထာဝရဘုရားပေး၍ ရကြ ကုန်သည်မဟုတ်။ ရှေးရှေးဘဝ၌ မိမိတို့ပြုခဲ့ကြသော ဒါနမှု, သီလမှု အစရှိသော မိမိတို့ အတိတ်ကံ ပေး၍သာ ရကြကုန်သည်ဟု သိမြင်ယုံကြည်ကြကုန်ရာ၏။ ဥစ္စာခနကြွယ်ဝသော အမျိုး၌ ရှေးကံပို့ချ၍ ပဋိသန္ဓေတည်နေသူမှာ ထိုအမျိုး၌ ရှိသမျှသော ဥစ္စာခနတို့သည် ထိုသူ၏ဥစ္စာ ဖြစ်ကုန်၏။ ထိုဥစ္စာစုသည် ထိုသူမှာ ရှေးကံပေး၍ ရသည်မည်၏။

## သစ်ပင် ဥပမာ

ဤအရာ၌ သစ်ပင်ဥပမာကို ပြဦးအံ့။ သစ်ပင် အစဉ်အဆက်ဖြစ်ရာ၌ လောကအလိုအားဖြင့် မျိုးစေ့မှဖြစ်သည်ဟု ပြောဆိုရာ၏။ အဘိဓမ္မာအလိုအားဖြင့် ဥတုခေါ်သော တေဇောဓာတ် အထူးမှဖြစ်သည်ဟု ပြောဆိုရာ၏။ မျိုးစေ့ဟူသည် တေဇောမျိုး အစုအခဲပင် ဖြစ်၏။ ထိုတေဇောသည်သာလျှင် မျိုးစေ့အစစ် ဖြစ်၏။

သစ်ပင်တို့သည် မျိုးစေ့မရှိသေးမီ ကမ္ဘာဦးအခါ၌ ထိုဥတုဟူသော တေဇောဓာတ်အထူးမှ ဖြစ်ကုန်၏။ နောက်၌မူကား ထိုသစ်ပင်မှ အသီးမျိုးစေ့တို့သည် ဖြစ်လာကုန်၏။ ထိုမျိုးစေ့တို့မှ သစ်ပင်အဆက်ဆက်တို့သည် ဖြစ်ကုန်၏။ ထို့အတူ လူ, တိရစ္ဆာန်စသော သတ္တဝါတို့၌လည်း ဒါန, သီလ အစရှိသော ကောင်းသောကံ, သူ့အသက်ကိုသတ်ခြင်း အစရှိသော မကောင်းသောကံတို့သည် ရှိကြကုန်၏။ ထိုကံတို့သည် မျိုးစေ့တို့ပေတည်း။

ရှေးရှေးကမ္ဘာ ရှေးရှေးဘဝတို့၌ မိမိတို့သန္တာန်မှာ ဖြစ်ခဲ့ကြကုန်သော ကံမျိုးစေ့တို့ကြောင့် နောက်နောက်ကမ္ဘာ, နောက်နောက်ဘဝတို့၌ လူ, တိရစ္ဆာန်စသော သတ္တဝါအဆက်ဆက်တို့သည် ဖြစ်ကြကုန်၏၊ ဒါန, သီလစသော ကောင်းသောကံမျိုးစေ့တို့မှ လူ့ဘဝ, နတ်ဘဝဟူသော ကောင်းသောဘဝတို့သည်

www.dhammaransi.com



ဖြစ်ကြကုန်၏။ သူ့အသက်သတ်ခြင်း အစရှိသော မကောင်းသောကံမျိုးစေ့တို့မှ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော မကောင်းသောဘဝတို့သည် ဖြစ်ကြကုန်၏။

သစ်ပင်ဟောင်းတို့မှ အသီးမျိုးစေ့တို့သည် ဖြစ်ကုန်၏၊ ထိုအသီးမျိုးစေ့တို့မှ အသစ်အသစ်တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် သစ်ပင်မှ မျိုးစေ့, မျိုးစေ့မှ သစ်ပင်အစဉ်အဆက် ဖြစ်ပွား၍ နေကြသကဲ့သို့ ထိုအတူ သတ္တဝါတို့မှာလည်း ရှေးရှေးသော ဘဝဟောင်းတို့မှ ကံမျိုးစေ့တို့သည် ဖြစ်ကုန်၏။ ထိုကံမျိုးစေ့တို့မှ နောက်ဘဝအသစ်တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် သတ္တဝါမှ ကံမျိုးစေ့, ကံမျိုးစေ့မှ သတ္တဝါ အစဉ်အဆက် ဖြစ်ပွား၍ နေကြကုန်၏။

သစ်ပင်တို့မှာ ရုပ်သန္တာန်တစ်ပါးသာ ရှိ၏။ ထို့ကြောင့် သစ်ပင် တစ်ခုမှာ အသီးအများသီး၍ ထိုအသီးတို့မှ သစ်ပင်အများ ဖြစ်ပွားနိုင်ကုန်၏။

## သန္တာန် ၂-မျိုး

သတ္တဝါတို့မှာ ရုပ်သန္တာန်, နာမ်သန္တာန် ၂-မျိုး ရှိကြကုန်၏။ ထို ၂-မျိုးတွင် နာမ်သန္တာန်သည် အကြီးအကဲဖြစ်၏။ နာမ်သန္တာန်တစ်ခုမှ နာမ်သန္တာန်တစ်ခုသာ ဖြစ်နိုင်၏။ ထို့ကြောင့် သတ္တဝါတို့မှာ တစ်ခုသောဘဝ၌ ကောင်းသောကံမျိုးစေ့အများ၊ မကောင်းသော ကံမျိုးစေ့အများ ဖြစ်ကြကုန်သော်လည်း နာမ်သန္တာန်ဟောင်းတစ်ခုမှ နောက်ဘဝ၌ နာမ်သန္တာန်သစ်တစ်ခုသာ ဖြစ်ပွားရိုးရှိ၏။ နာမ်သန္တာန် ဟောင်းတစ်ခုမှ နောက်ဘဝ၌ နာမ်သန္တာန်သစ်အများ ဖြစ်ပွားရိုးမရှိ။ နာမ်သန္တာန်သစ်အများ ဖြစ်ပွားရိုး မရှိသည့်အတွက်ကြောင့် ပုဂ္ဂိုလ်သတ္တဝါတို့မှာ ရုပ်သန္တာန်ဟောင်းတစ်ခုမှ နောက်ဘဝ၌ ရုပ်သန္တာန်သစ် တစ်ခုသာ ဖြစ်ရိုးရှိ၏။ ရုပ်သန္တာန်အများ ဖြစ်ပွားရိုးမရှိ။

ဤသို့လျှင် မြေ, ရေ, တော, တောင်, နေ, လ, နက္ခတ်, တာရာ, ကြယ်ကြီး, ကြယ်ငယ်တို့မှစ၍ ခပ်သိမ်းသော ကမ္ဘာအဆောက်အဦးတို့သည် ဥတုခေါ်သော တေဇောအမျိုးမျိုးဟူသော မျိုးစေ့တို့မှ ဖြစ်ပွားကြကုန်၏။ ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ကြသည်မဟုတ်။ လူ, တိရစ္ဆာန်အစရှိသော သတ္တဝါအပေါင်းတို့သည်လည်း

www.dhammaransi.com



ရှေးရှေးကမ္ဘာ ရှေးရှေးဘဝတို့၌ မိမိတို့ ပြုခဲ့ကြသော ကံတည်းဟူသော မျိုးစေ့တို့မှ နောက်နောက်ဘဝတို့၌ အသစ်အသစ် ဖြစ်ပွား၍ နေကြကုန်၏။ ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ကြကုန်သည်မဟုတ်ဟု သိမြင်ယုံကြည်မှုသည် သမ္မာဒိဋ္ဌိမည်၏။

ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ကြကုန်သည်ဟု သိမြင်ယုံကြည် မှုသည် မိစ္ဆာဒိဋ္ဌိမည်၏။ ဟုတ်မှန်သော ဥတုအစွမ်း, ကံအစွမ်းတွေကို စေ့စေ့စုံစုံ မြင်နိုင်သော ဉာဏ်မရှိကြသည့်အတွက်ကြောင့် ထာဝရဘုရား ဖန်ဆင်းသည်ဟု ကြံဖန်ရမ်းဆ၍ယူကြသော မိစ္ဆာအယူမျှသာ ဖြစ်သတည်း။

ထို့ကြောင့် ထိုအယူကို စွန့်ပစ်၍ အသိအလိမ္မာ ဉာဏ်ပညာ ကံတရားတို့ကိုသာ အားကိုးအားထား ကြိုးစားအားထုတ်စေခြင်းငှါ "**သဗ္ဗေ သတ္တာ ကမ္မဿကာ**" ဟူ၍ ဟောတော်မူသည်။

**သဗ္ဗေ သတ္တာ ကမ္မဿကာပုဒ်အဖွင့် ပြီး၏။**

## ၂။ ကမ္မဒါယာဒါ- ပုဒ်အဖွင့်

### အမွေနှင့် အမွေခံ

သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ-ဟူသောပါဠ်၌ လောက၌မိမိတို့၏ အမွေဥစ္စာတို့မည်သည် ရှိကြကုန်၏။ ထိုအမွေဥစ္စာတို့ကို ခံယူကြကုန်သော အမွေခံ သား, သမီးတို့မည်သည် ရှိကုန်၏။ ထိုဥစ္စာတို့သည် မသေမီကာလ၌သာ မိမိတို့၏ဥစ္စာဟု ဆိုရကုန်၏။ သေကြသောအခါ ထိုဥစ္စာတို့ကို စွန့်ပစ်၍ သွားကြရကုန်၏။ ထိုဥစ္စာတို့သည် ဘဝတစ်ပါးသို့ မလိုက်ကုန်။ မသေမီကာလ၌လည်း မီးဘေး, ရေဘေး, ခိုးသူ, ဓားပြဘေးတို့ကြောင့် ပျက်ဆုံးတတ်ကုန်၏။ သုံးစား၍ သော်လည်း ကုန်ဆုံးကုန်၏။ သတ္တဝါတို့ပြုကြသော ဒါန, သီလအစရှိသော ကံ ၃-ပါးတို့သည်မူကား သေသည်မှ နောက်ဘဝသို့လည်း အစဉ်လိုက်ကုန်၏။ မီးဘေး စသည်တို့ကြောင့်လည်း ပျက်ဆုံးခြင်း မရှိကုန်။

ထို့ကြောင့် ထိုကံတည်းဟူသော အမွေဥစ္စာတို့သည်သာလျှင် သတ္တဝါတို့၏ အမွေဥစ္စာ အစစ်မည်ကုန်၏။ ကံကိုပြုကြသော သတ္တဝါတို့သည် နောက်နောက် ဘဝတို့၌ ထိုကံ၏အကျိုးကို ဧကန္တ ခံစံကြရကုန်၏။

www.dhammaransi.com



## ဒါနစသည်၏ အကျိုးပွားများပုံ

ခွေး, ဝက်, ကြက်, ငှက်တို့အား ကြည်ဖြူသော စိတ်ဖြင့်တစ်ကြိမ် ကျွေးမွေးသော ဒါနကုသိုလ်ကံသည် နောင်ဘဝတစ်ရာလောက် သုဂတိဘဝကို ပေးနိုင်၏။ သီလရှိသော ရဟန်းသံဃာတို့၌တစ်ကြိမ် ကျွေးမွေးသော ဒါနကုသိုလ်ကံသည် နောင်ဘဝအသင်္ချေလောက် လူအဖြစ်, နတ်အဖြစ်ကို ပေးနိုင်၏။ ယခုဘဝ၌ တစ်မတ်တန်မျှ လှူဒါန်းမှုသည် နောက်နောက်ဘဝ၌ အထောင်တန်မျှမကသော အကျိုးကို ပေးနိုင်၏။

သား, ငါး, ကြက်, ဝက်စသော တိရစ္ဆာန်တစ်ကောင်ကို သတ်မိသည်ရှိသော် နောင်အထောင်မကသော ဘဝတို့၌ အသတ်ခံရခြင်းတည်း ဟူသော အကျိုးကို ခံရ၏။

## ညောင်စေ့ငယ်က ညောင်ပင်ကြီး ဖြစ်လာပုံ

လောက၌ ညောင်မျိုးစေ့ငယ်တစ်ခုကို စိုက်ပျိုးလျှင် ညောင်ပင် ကြီးဖြစ်၍ အနှစ်တစ်ထောင်မက အသီးပေါင်း အနန္တဖြစ်ပွား၏။ ထို့အတူ သရက်မျိုးစေ့တစ်ခု, ပိန္နဲမျိုးစေ့တစ်ခုကို စိုက်ပျိုးလျှင် သရက်ပင်ကြီး, ပိန္နဲပင်ကြီးဖြစ်၍ အနှစ်များစွာ အသီးပေါင်း အသောင်းမက ဖြစ်ပွား၏။

ဤသို့လျှင် သစ်ပင်တို့၌ အနည်းငယ်မျှဖြစ်သော တစ်ခု, တစ်ခုသော မျိုးစေ့သည် အဆအသောင်း အသိန်းမကသော အသီးအရွက် အခက်အညွန့်တို့ကို ဖြစ်ပွားစေနိုင်၏။ ထို့အတူ တစ်ခုသော ဒါနကုသိုလ်, တစ်ခုသော သီလကုသိုလ်, တစ်ခုသော ဘာဝနာကုသိုလ်ဟူသော ကံမျိုးစေ့သည် နောက်ဘဝအဆက်ဆက်တို့၌ အသိန်းအသောင်းမကသော ကောင်းကျိုးချမ်းသာကို ပေးနိုင်၏။

တစ်ခုသော တိရစ္ဆာန်ကို သတ်မှု အစရှိသော အကုသိုလ်ကံသည်လည်း နောက်ဘဝအဆက်ဆက်တို့၌ များစွာသော မကောင်းကျိုး ဒုက္ခကိုပေးနိုင်၏။ ညောင်မျိုးစေ့, သရက် မျိုးစေ့, ပိန္နဲမျိုးစေ့ အစရှိသော မျိုးစေ့ငယ်တို့နှင့် ကာယကံ, ဝစီကံ, မနောကံဟူသော ကံမျိုးစေ့တို့သည် တစ်ခုသော မျိုးစေ့ငယ်မှများစွာ ဖြစ်ပွားသော အသီးအရွက် အခက်အညွန့်တို့နှင့် ယခုဘဝပြုကြသော တစ်ခုသော

www.dhammaransi.com



ကံမျိုးစေ့မှ နောက်နောက်ဘဝတို့၌များစွာ ဖြစ်ပွားသော အကျိုးရင်း အကျိုးဆက်တို့သည် တူကုန်၏။

ကံတစ်ခုကို ပြုမိသောသူအား ထိုကံသည် ထိုသူ၏စိတ်သန္တာန်မှာ ဘဝများစွာ ကမ္ဘာများစွာအစဉ်ပါ၍ ထိုသူအား အကြောင်းအခွင့် သင့်လျော်ရာကာလ၌ ကောင်းသောအကျိုး မကောင်းသောအကျိုးကို ပေးကာပေးကာ လိုက်ပါ၍ နေကုန်၏။ ထိုကံကို စွန့်ပစ်ခြင်းငှါ မတတ်ကောင်း၊ ထိုကံ၏အကျိုးကို နောက်နောက်ဘဝတို့၌ အလျဉ်းသင့်ရာ ခံစံကြရမြဲ ဓမ္မတာ ဖြစ်ကုန်၏။

ထို့ကြောင့် **"သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ"** ဟူ၍ ဟောတော်မူသည်။

**သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ ပုဒ်အဖွင့် ပြီး၏။**

## ၃။ ကမ္မယောနိ–ပုဒ်အဖွင့်
## အကြောင်းအမျိုးမျိုး ခွဲပုံ

**သဗ္ဗေ သတ္တာ ကမ္မယောနိ**–ဟူသောပါဠ်၌ ညောင်ပင်တစ်ခု ဖြစ်ပွားရာ အကြောင်းစုသည် အများရှိ၏။ ညောင်မျိုးစေ့သည်လည်း အကြောင်းတစ်ပါး, မြေသည်လည်း အကြောင်းတစ်ပါး, ရေသည်လည်း အကြောင်းတစ်ပါး။

ထိုအကြောင်းစုတွင် ညောင်မျိုးစေ့သည် အကြောင်းရင်းဖြစ်၏။ မြေ, ရေသည် အခြံအရံအကြောင်းများ ဖြစ်ကြ၏။ ထို့အတူ ကူလီလုပ်မှုကြောင့် ငွေကြေးကိုရရာ၌ ကူလီလုပ်မှုဟူသော ပစ္စုပ္ပန်ကံသည် အကြောင်းရင်းဖြစ်သည်။ ကူလီလုပ်ရာဌာန, ကူလီလုပ်ရန် ပေါက်တူး, ခြင်းတောင်း, အခပေးသူ, သူဌေး၊ သူကြွယ်များသည် အခြံအရံအကြောင်းများ ဖြစ်၏။

နောက်ဘဝမှာ အမိဝမ်း၌ လူအဖြစ်ကိုပေးသော ကံမျိုး၊ အမိဝမ်း၌ ခွေးအဖြစ်, ဝက်အဖြစ်, ကြက်, ငှက်အဖြစ်ကိုပေးသော ကံမျိုးတို့မှာ ရှေးဘဝတို့က ပြုခဲ့ကြသော ဒါန, သီလ–စသော ကောင်းသောကံမျိုး၊ သူ့အသက်ကို သတ်ခြင်းစသော မကောင်းသောကံမျိုးသည် အကြောင်းရင်း ဖြစ်၏။ ညောင်မျိုးစေ့နှင့်တူ၍ အမိအဘဟူသော အကြောင်းသည် အခြံအရံအကြောင်းများ ဖြစ်ကြ၏။ ညောင်ပင်ပေါက်ရာ၌ မြေအဖို့, မိုးရေ မိုးပေါက်အဖို့နှင့် တူ၏။

www.dhammaransi.com



ဤသို့လျှင် ပစ္စုပ္ပန်ကံဆိုင်ရာ ကောင်းကျိုး, မကောင်းကျိုးတို့၌ လည်း မိမိတို့ပြုကြသော လိမ္မာမှု, မလိမ္မာမှုသည်သာလျှင် အကြောင်းရင်းဖြစ်၏။ အတိတ်ကံ၏ဆိုင်ရာ ကောင်းကျိုး, မကောင်ကျိုးတို့၌လည်း ရှေးဘဝတို့၌ မိမိတို့ပြုခဲ့ကြသော ဒါန, သီလ-စသော လိမ္မာမှု, ပါဏာတိပါတ-စသော မလိမ္မာမှုသာလျှင် အကြောင်းဖြစ်၏။ အမိ, အဘသည် အကြောင်းရင်းမဟုတ်။ ထာဝရဘုရားနှင့်မူကား သက်သက်မဆိုင်။

ထို့ကြောင့် ''**သဗ္ဗေ သတ္တာ ကမ္မယောနီ**''ဟူ၍ ဟောတော် မူသည်။

**သဗ္ဗေ သတ္တာ ကမ္မာယောနိ ပုဒ်အဖွင့် ပြီး၏။**

## ၄။ ကမ္မ ဗန္ဓူ- ပုဒ်အဖွင့်
## အားကိုးရမည့်ဆွေမျိုးစစ်

သဗ္ဗေသတ္တာ ကမ္မဗန္ဓူ-ဟူသောပါဠ်၌ လောက၌လူတို့သည် အလွန်ချစ်ခင်မြတ်နိုး အားကိုးအားထား ပြုကြရသော အမိ, အဘ, အစ်ကို, ညီသားအစရှိသော ဆွေမျိုးဉာတိ, ဆရာသမား အစရှိသော မိတ်သဟာယ များသည် ရှိ၏။ ထိုဉာတိ မိတ်သဟာယများသည် မသေမီကာလ တစ်ခဏာ၌သာ ချစ်ခင်မြတ်နိုး အားကိုးအားထား ပြုကြရာဖြစ်၏။

မိမိတို့ပြုကြသော ကာယကံမှု, ဝစီကံမှု, မနောကံမှုသည်သာလျှင် နောက်နောက်ဘဝသို့ ပြောင်းသွားကြရာ မိမိတို့သန္တာန်မှာ မကွေမကွာ အတူပါ၍ ကောင်းကျိုးချမ်းသာကို ပေးနိုင်၏။ ထို့ကြောင့် ဒါန, သီလ အစရှိသော ကံသည်သာလျှင် အလွန်ချစ်ခင်မြတ်နိုး အားကိုးအားထား ပြုထိုက်သော ဆွေစစ်မျိုးစစ် သဟာယအစစ် ဖြစ်၏။

ထို့ကြောင့် ''**သဗ္ဗေ သတ္တာ ကမ္မဗန္ဓူ**''ဟူ၍ ဟောတော်မူသည်။

**သဗ္ဗေ သတ္တာ ကမ္မဗန္ဓူ ပုဒ်အဖွင့် ပြီး၏။**

www.dhammaransi.com



## ၅။ ကမ္မပ္ပစ္စယသရဏာ– ပုဒ်အဖွင့်
## ကိုးကွယ်ခြင်းအဓိပ္ပါယ်

သဗ္ဗေသတ္တာ ကမ္မပ္ပစ္စယသရဏာ–ဟူသောပါဠိ၌ ကိုးကွယ်မှု ဆိုသည်ကား– အားကိုးအားထားပြုမှု, ဒုက္ခဘေးတို့မှ ကွယ်ကာပုန်းအောင်းရာ ပြုမှုကို ဆိုလိုသည်။ လောက၌ အသက်ရှည်ခြင်းကို အလိုရှိကြကုန်သော လူတို့သည် ထမင်းရေစာကို အားကိုးအားထား ပြုကြရကုန်၏။ ထမင်းရေစာသည် လူကို ငတ်မွတ်ခြင်းဘေးမှ ကွယ်ကာနိုင်၏။ ငတ်မွတ်ခြင်းဘေးကို မတွေ့လိုသော သူတို့သည် ထမင်းရေစာကို လက်ရှိပြုကြရကုန်၏။ ထမင်းရေစာ ပြည့်စုံစွာရှိသော သူတို့၌ ငတ်မွတ်ခြင်းဘေး မလာနိုင်။ ထို့ကြောင့် သတ္တဝါတို့သည် ငတ်မွတ်ခြင်းဘေးအတွက် ထမင်းရေစာကို ကိုးကွယ်ကြရကုန်၏။ ထို့အတူ အနာရောဂါအတွက် ဆေးဝါးကို ကိုးကွယ်ကြရကုန်၏။ ဆေးဆရာကို ကိုးကွယ် ကြရကုန်၏။ ရန်သူအတွက် လက်နက်ကို ကိုးကွယ်ကြရကုန်၏။ ဤနည်းအတူ လောက၌ ကိုးကွယ်ရာခပ်သိမ်းတို့ကို အကုန်မျှော်လေ။

ကိုးကွယ်မှု ဆိုသည်ကား ရှိခိုးပူဇော်မှုကိုသာ ဆိုသည်မဟုတ်။ အားကိုးအားထားပြုမှု, ကွယ်ရာကာရာပြုမှု အလုံးစုံသည် ကိုးကွယ်ရာမှုချည်းပင်တည်း။ ဘုရား, တရား, သံဃာ, ဆရာသမားစသော မိမိထက်မြတ်သော သူတို့ကိုမူကား ရှိခိုးပူဇော်၍ပင် ကိုးကွယ်ကြရကုန်၏။ ယခုဘဝ၌ ပစ္စည်းဥစ္စာ မရှိခဲ့လျှင် ခဏခြင်း ဒုက္ခရောက်တတ်၏။ ထိုဒုက္ခမှ ကြောက်ကြကုန်သဖြင့် ပစ္စည်းဥစ္စာတို့ကို ရစေနိုင်သော လုပ်မှုဆောင်မှု အသိအလိမ္မာ ဉာဏ်ပညာ ဟူသောကံကို အားကိုးကြရကုန်၏။

ဒါန, သီလစသော ကုသိုလ်ကံမျိုးမရှိခဲ့လျှင် နောက်ဘဝ၌ အပါယ်သို့ကျ၍ ဒုက္ခကြီးစွာ ရောက်တတ်၏။ ထိုဒုက္ခမှ ကြောက်ကြ ကုန်သဖြင့် နောက်ဘဝ၌ လူအဖြစ်, နတ်အဖြစ်ကို ပေးနိုင်သော ဒါန, သီလအစရှိသော ကုသိုလ်ကံကို အားထုတ်ကြရကုန်၏။

လုပ်မှုဆောင်မှု အသိအလိမ္မာ ဉာဏ်ပညာဟူသော ပစ္စုပ္ပန်ကံမှုသည် ပစ္စုပ္ပန်ဒုက္ခမှ ကယ်တင်နိုင်၏။ ဒါန, သီလ အစရှိသော ကုသိုလ်ကံမှုသည်

www.dhammaransi.com



နောက်ဘဝ၌ အပါယ်ကျခြင်းဒုက္ခမှ ကယ်တင်နိုင်၏။ ယခုဘဝ ဒုက္ခအတွက် ပစ္စုပ္ပန်ကံအမှုကို အားကိုးကြရကုန်၏။ နောက်ဘဝ အပါယ်ဒုက္ခအတွက် ဒါန, သီလအစရှိသော ကုသိုလ်ကံအမှုကို အားကိုးကြရကုန်၏။ အားထုတ်၍ လုပ်ဆောင်ကြရကုန်၏။

ထို့ကြောင့် "**သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ**"ဟူ၍ ဟောတော်မူသည်။

## ကိုးကွယ်ရာလေးမျိုး

ဤအရာ၌ ကိုးကွယ်ရာ အမျိုးမျိုးတို့ကို ပေါင်းစု၍ စစ်ဆေးရာ၏။ ဗုဒ္ဓဘာသာ၌ နောက်ဘဝအတွက် ကိုးကွယ်ရာ ၄-ပါး ရှိ၏။

၁။ ဘုရားသည် ကိုးကွယ်ရာ တစ်ပါး၊

၂။ တရားသည် ကိုးကွယ်ရာ တစ်ပါး၊

၃။ သံဃာသည် ကိုးကွယ်ရာ တစ်ပါး၊

၄။ ဒါန, သီလ အစရှိသော မိမိတို့ပြုကြသော ကုသိုလ်ကံသည် ကိုးကွယ်ရာ တစ်ပါး။

**ဥပမာကား**။ ။လောက၌ အနာရောဂါရှိသူတို့အား ကိုးကွယ်ရာ ၄-ပါးရှိ၏။

၁။ ဆရာဝန်ကြီးသည် ကိုးကွယ်ရာ တစ်ပါး၊

၂။ ဆေးကောင်းဝါးကောင်းများသည် ကိုးကွယ်ရာ တစ်ပါး၊

၃။ လက်ထောက်ဆရာဝန်များသည် ကိုးကွယ်ရာ တစ်ပါး၊

၄။ ထို ၃-ပါးကို ယုံကြည်၍ အနာရောဂါ ပျောက်ငြိမ်းတဲ့ရန် နေရာတကျ အားထုတ်သော မိမိတို့အလိမ္မာမှုသည် ကိုးကွယ်ရာ တစ်ပါး။

ထို ၄-ပါးတို့တွင် ဆရာဝန်ကြီးသည်လည်းကောင်း, လက်ထောက် ဆရာဝန်များသည်လည်းကောင်း ဆေးနှင့်အနာရောဂါကို နေရာတကျသိ၍ ဆေးကောင်းဝါးကောင်းကို ပေးသည့်အတွက် သူနာတို့၏ ကိုးကွယ်ရာ မည်ကုန်၏။ ဆေးကောင်း ဝါးကောင်းများသည် အနာရောဂါကို ပျောက်ငြိမ်းစေတတ်သည့်အတွက် သူနာတို့၏ ကိုးကွယ်ရာမည်၏။ မိမိတို့၏ အလိမ္မာမှုသည်လည်း အနာရောဂါ ပျောက်ငြိမ်းရန် ကျေးဇူးပြုမှုဖြစ်ပေ၍ ကိုးကွယ်ရာမည်၏။ ထိုအလိမ္မာမှု မရှိခဲ့လျှင်

www.dhammaransi.com



ကြွင်းသော ကိုးကွယ်ရာ ၃–ပါးတို့သည် ထိုသူနာ၏ အနာရောဂါကို ပျောက်ငြိမ်းအောင် မတတ်နိုင်ကြကုန်။ ထို့ကြောင့် ထို ၄–ပါးစုသည် အနာရောဂါ ပျောက်ငြိမ်းခြင်း၌ သူနာတို့၏ ကိုးကွယ်ရာချည်း အမှန်ဖြစ်၏။

ကိလေသာဒုစရိုက် အမိုက်နာရှိကြကုန်သော သတ္တဝါတို့သည် အနာရောဂါ ရှိကြကုန်သော သူနာတို့နှင့် တူကုန်၏။ မြတ်စွာဘုရားသည် ဆေးဝါးအရာ အနာရောဂါအရာတို့၌ အလွန်လိမ္မာသော ဆရာဝန်ကြီးနှင့်တူ၏။ သံဃာတော်များသည် လက်ထောက်ဆရာဝန်များနှင့် တူ၏။ တရားတော်များသည် ဆေးကောင်းဝါးကောင်းများနှင့် တူ၏။ ဒါန, သီလအစရှိသော မိမိတို့ပြုကြသော ကာယကံ, ဝစီကံ, မနောကံများသည် အနာရောဂါ ပျောက်ငြိမ်းတဲ့ရန် အားထုတ်ကြသော သူနာတို့၏ အလိမ္မာ နှင့်တူ၏။ ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကိုးကွယ်ရာ ၄–ပါး ဆိုရိုးရှိကြ၏။

ထို ၄–ပါးတို့တွင် ဘုရား, တရား, သံဃာဟူသော ကိုးကွယ်ရာ ၃–ပါးသည် ဘုရားသာသနာတွင်း၌သာ ရှိကြ၏။ ဘုရားသာသနာမှ အပ၌လည်း မရှိကြ။ ကုသိုလ်ကံတည်းဟူသော ကိုးကွယ်ရာသည်မူကား ဘုရားသာသနာတွင်း၌လည်း ရှိ၏။ ဘုရားသာသနာပ၌လည်း ရှိ၏။ လောက၌ကံနှင့် ကင်းကွာသောအခါဟူ၍ မရှိ။ စကြဝဠာအနန္တတို့၌ ရှိ၏။

"**သဗ္ဗေ သတ္တာ ကမ္မဿကာ**"ဟူသော ဤဒေသနာတော်သည်လည်း သာသနာတွင်း, သာသနာပ, စကြဝဠာအနန္တတို့နှင့် သက်ဆိုင်သော ဒေသနာဖြစ်၏။

ထို့ကြောင့် ဤဒေသနာတော်၌ ဘုရား, တရား, သံဃာဟူသော ကိုးကွယ်ရာသုံးပါးကို မဆိုမူ၍ ကံတည်းဟူသော ကိုးကွယ်ရာကို ဆိုပေသတည်း။ ဤကား ယခုဘဝ၌ လိမ္မာကြရန်အတွက် နောက်ဘဝ၌ ကောင်းရာမြတ်ရာသို့ ရောက်ကြရန်အတွက်နှင့် ကိုးကွယ်ကြရသော ကိုးကွယ်ရာဌာနကြီး လေးပါးတည်း။

www.dhammaransi.com



## အားကိုးရာဌာန အမျိုးမျိုး

ကိုးကွယ်ရာဌာန ဆိုသည်ကား– ကယ်ဆယ်နိုင်သောသူကို ဆိုသတည်း။ ထို့ကြောင့် ထမင်းရေစာသည် အသက်ရှည်ရန်အတွက် သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်၏။ ဆေးဝါးဓာတ်စာသည် အနာပျောက် ငြိမ်းရန်အတွက် ကိုးကွယ်ရာ ဖြစ်၏။ မင်းစိုးရာဇာသည် ခိုးသူ, ဓားမြ ကင်းငြိမ်းရန်အတွက် ကိုးကွယ်ရာ ဖြစ်၏။ အိမ်ရာ, တိုက်တာသည် အနေအထိုင် ချမ်းသာရန်အတွက် ကိုးကွယ်ရာ ဖြစ်၏။ လှေသင်္ဘောသည် ရေကြောင်းခရီးအတွက် ကိုးကွယ်ရာ ဖြစ်၏။ မြေကြီးသည် တည်ရာမှီရာ အတွက် ကိုးကွယ်ရာ ဖြစ်၏။ ထို့အတူ ရေသည် ရေကိစ္စအတွက်, မီးသည် မီးကိစ္စအတွက် ကောင်းကင်၌ သွားသောလေသည် လေကိစ္စအတွက် ကိုးကွယ်ရာ ဖြစ်၏။ ဤသို့ အစရှိသည်ဖြင့် ယခုဘဝ ကိုးကွယ်ရာဌာနငယ်မျိုး အလွန်များပြား၏။ ဤကား ဗုဒ္ဓဘာသာ အလိုအားဖြင့် အားကိုးရာဌာန အမျိုးမျိုးကို ပြဆိုခြင်းတည်း။

## ဘာသာခြားတို့၏ စွဲလမ်းချက်

ဘာသာတစ်ပါးတို့၌ကား ကိုးကွယ်ရာဟူ၍ ထာဝရဘုရား တစ်ခုကိုသာ သိကြကုန်သည့်အတွက်ကြောင့် ခပ်သိမ်းသော ဖြစ်မှုပျက်မှုတို့မှာ ထိုတစ်ခုသာ ကိုးတတ်ရိုးတတ် ကြကုန်၏။

ထင်ရှားအောင် ပြဆိုဦးအံ့။ ခရစ်ယန်ဘာသာ, မိုဟာမက်ဘာသာ, ဘုရင်ဂျီဘာသာတို့၌ ကိုးကွယ်ရာဟူသော စကား၏အနက်ကို နေရာ တကျ မသိမလိမ္မာ ကြကုန်သည်ဖြစ်၍ ထာဝရဘုရားဟူ၍ ကိုးကွယ်ရာ ဌာနတစ်ခုကိုသာ မှတ်ယူစွဲလမ်းကြကုန်၏။ ထာဝရဘုရားဟူသော ကိုးကွယ်ရာဌာန တစ်ခုသာ ရှိသည်ဟု မှတ်ယူကြကုန်သည့်အတွက် ကမ္ဘာ၏အဖြစ်အပျက် သတ္တဝါတို့၏ အဖြစ်အပျက် အလုံးစုံတို့သည် ထာဝရဘုရား၏ တန်ခိုးတော်ကြောင့်ချည်း ဖြစ်ကုန်သည်ဟု မှတ်ယူကြကုန်၏။ ထာဝရဘုရားသည် မိမိကိုယုံကြည်စွာ ကိုးကွယ်ကြကုန်သော လူအပေါင်းတို့ကို တန်ခိုးတော်၏အစွမ်းဖြင့် ကယ်တင်၏။ ထိုလူတို့၌ရှိသော ဒုစရိုက်အပြစ်တို့ကို တန်ခိုးတော်၏ အစွမ်းအားဖြင့်

www.dhammaransi.com



ပျောက်ငြိမ်းစေ၍ သေသည်မှနောက်၌ မိမိနေရာ ကောင်းကင်ဘုံသို့ ကယ်တင်၍ ထာဝရအသက် ထာဝရသုခကို ပေးနိုင်သည်ဟု မှတ်ယူစွဲလမ်းကြကုန်၏။ သတ္တဝါတို့၌ ကောင်းကျိုး မကောင်းကျိုးဟူသမျှတို့သည် ထာဝရဘုရား ပြုပြင်ရာ ဖြစ်ရကုန်၏။ ကံကြောင့် ဖြစ်ရကုန်သည်မဟုတ်ဟု ကံကိုလုံးလုံး ပစ်ပယ်ကြကုန်၏။

မိမိတို့သည် ကံကို အားထုတ်၍ နေကြရပါကုန်လျက် ကံကို လုံးလုံးပစ်ပယ်မှုသည် အံ့ဩဖွယ်ရှိလှ၏။ ကံဆိုသည်ကား ဘာသာတရား ကို ရှိသေစွာ နာခံမှု, ယုံကြည်မှု, ရေနှစ်ရေဖျန်း မင်္ဂလာပြုမှု, ထာဝရဘုရားကို နေ့စဉ်ရှိခိုးမှု, ဆုတောင်းမှု, ပညတ်တော်များကို မလွန်ကျူးမှု စသည်ဖြင့် ဘာသာတရားအတွက်နှင့် ပြုလုပ်ကြရသော ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့ကို ကံဟူ၍ဆိုသတည်း။ ထာဝရဘုရားသည် ထိုကံအမှုတို့ကို ပြုကြသော သူတို့ကိုသာလျှင် ကယ်တင်နိုင်သည်။ မပြုသော သူတို့ကို မကယ်တင်နိုင်ဟု ထိုဘာသာတို့၌ မှတ်ယူကြကုန်၏။ ပြုကြရသည်ကို ကံဟူ၍ မသိကြကုန်။

## ဘာသာခြားတို့၏ ကိုးကွယ်ရာ

ထိုဘာသာတို့၌လည်း –

(၁) ထာဝရဘုရားသည် ကိုးကွယ်ရာ တစ်ပါး၊

(၂) ထာဝရဘုရား၏ ပညတ်တော်သည် ကိုးကွယ်ရာ တစ်ပါး၊

(၃) ကောင်းကင်တမန်များနှင့်တကွ ခရစ်ဆရာ, မိုဟာမက်ဆရာ အစရှိသော သာသနာပြုဆရာများသည် ကိုးကွယ်ရာ တစ်ပါး၊

(၄) မိမိတို့ပြုကြသော ဘာသာဝတ္တရားမှုဟူသော ကံသည် ကိုးကွယ်ရာ တစ်ပါးဟူ၍ ဗုဒ္ဓဘာသာမှာကဲ့သို့ ကိုးကွယ်ရာ ၄–ပါးဖြစ်၏။ ပြဆိုအပ်ခဲ့ပြီးသော ဆရာဝန်ကြီး ဥပမာအတိုင်းပင်တည်း။

ထိုဘာသာတို့၌ ကျမ်းပြုဆရာ၊ သာသနာပြုဆရာတို့သည်မူကား မိမိတို့ဘာသာ၌လည်း ကိုးကွယ်ရာအမျိုးမျိုး ရှိသည်ကို မကြံမိကြကုန်သောကြောင့် ကံကိုလုံးလုံးပယ်၍ ထာဝရဘုရားဟူသော ကိုးကွယ်ရာ တစ်ပါးတည်းကိုသာ မှတ်ယူသည့်အတွက်ကြောင့် လူတို့၌ ကောင်းမှု, ဆိုးမှု, ဖြစ်မှု, ပျက်မှု, သုခ.

www.dhammaransi.com



ဒုက္ခအလုံးစုံတို့သည် ထာဝရဘုရား အစွမ်းကြောင့်သာ ဖြစ်ရကုန်၏။ ထာဝရဘုရားမှ တစ်ပါး ဖြစ်နိုင်ရန် အကြောင်းမရှိဟု စွဲယူကြကုန်၏။ ကောင်းမှု, ဆိုးမှု, ဖြစ်မှု, ပျက်မှု, သုခ, ဒုက္ခတို့ဖြစ်ပွားရန် အကြောင်းအမျိုးမျိုးရှိသည်ကို မသိကြကုန်။

## ထာဝရဘုရား ရှိ, မရှိ စိစစ်ပုံ

လောက၌ ပစ္စည်းဥစ္စာ မရှိကြကုန်သော သူတို့အား ပစ္စည်းဥစ္စာ ကို အလိုရှိကြကုန်သည်ရှိသော် ထာဝရဘုရားကို ကိုးကွယ်ဆုတောင်းမှ ပစ္စည်းဥစ္စာကို ရနိုင်သလော၊ သို့မဟုတ် ကူလီလုပ်ခြင်း, တောင်သူ လယ်ယာလုပ်ခြင်း, ကူးသန်းရောင်းဝယ်ခြင်း အစရှိသော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်မှ ပစ္စည်းဥစ္စာကို ရနိုင်သလော။

ထာဝရဘုရားကို ကိုးကွယ်ဆုတောင်းလျှင် ပစ္စည်းဥစ္စာရသည်ဟု ကမ္ဘာပေါ်မှာ အရိုးအစဉ်မရှိ၊ ပစ္စုပ္ပန်ကံကို ပြုလုပ်လျှင် ပစ္စည်းဥစ္စာရမှုသည်ကား ကမ္ဘာပေါ်မှာ အရိုးအစဉ် မျက်မြင်ဒိဋ္ဌ ဖြစ်၏။

ထို့ကြောင့် ယခုဘဝ၌ ပစ္စည်းဥစ္စာရမှုသည် ထာဝရဘုရားနှင့် မသက်ဆိုင်၊ ပစ္စုပ္ပန်ကံနှင့်သာ သက်ဆိုင်သည်ဟု ယုံကြည်ထိုက်၏။

## ထာဝရ၌ တန်ခိုး ရှိ, မရှိ စိစစ်ပုံ

ထာဝရဘုရားသည် ပစ္စည်းဥစ္စာကို ပေးနိုင်သော တန်ခိုးမရှိ၊ ပစ္စုပ္ပန်မှုကံသည်သာလျှင် ပစ္စည်းဥစ္စာကို ပေးနိုင်သောတန်ခိုးရှိ၏။ အကယ်၍ ထာဝရဘုရားသည် ပစ္စည်းဥစ္စာကို ပေးနိုင်သော တန်ခိုးရှိခဲ့ငြားအံ့။ ထာဝရဘုရားကို ယုံကြည်စွာ ကိုးကွယ်ကြကုန်သော လူမျိုးတို့အား တစ်စုံတစ်ခုသော ပစ္စုပ္ပန်ကံအမှုကို ပြုလုပ်ဖွယ် မရှိ။ ထာဝရဘုရားပေးသော ပစ္စည်းဥစ္စာနှင့် ချမ်းသာကြွယ်ဝ၍ နေကုန်ရာ၏။ ထာဝရဘုရားကို မကိုးကွယ်ကြသော လူမျိုးတို့အား ကုန်သွယ်ခြင်း, လယ်လုပ် ခြင်းအစရှိသော ပစ္စုပ္ပန်ကံအမှုတို့ကို ပြုလုပ်အားထုတ်ရကုန်သော်လည်း ထာဝရဘုရားကို မကိုးကွယ်ကြသောကြောင့် တစ်မူး တစ်ပဲမျှသော ပစ္စည်းဥစ္စာကိုမျှ မရနိုင်ကြကုန်ရာ။

www.dhammaransi.com



ထိုသို့ကား မဟုတ်။ ထာဝရဘုရားကို အမြဲကိုးကွယ်ကြသော သူတို့သည်လည်း ပစ္စည်းဥစ္စာကို အလိုရှိကြကုန်သည်ရှိသော် ပစ္စုပ္ပန်ကံအမှုကို ပြုလုပ်အားထုတ်ကြမှပင် ရနိုင်ကြကုန်၏၊ ထာဝရဘုရားကို မကိုးကွယ်ကြသော လူမျိုးတို့သည်လည်း ပစ္စုပ္ပန်ကံအမှုကို ပြုလုပ်အားထုတ်ကြလျှင် ပစ္စည်းဥစ္စာကို ရနိုင်ကြကုန်၏။ ထို့ကြောင့် ယခုဘဝ၌ ပစ္စည်းဥစ္စာ ချမ်းသာမှုသည် ထာဝရဘုရား၏ ဆိုင်ရာမဟုတ်။ ပစ္စုပ္ပန်ကံ၏ ဆိုင်ရာသာဖြစ်သတည်း။

ဤနည်းအတူ အတတ်ပညာအလိမ္မာကို အလိုရှိခဲ့လျှင် သင်ကြားလေ့ကျက်မှုဟူသော ပစ္စုပ္ပန်ကံကိုသာ အားထုတ်မှ ရနိုင်သည်။ ထာဝရဘုရားကို ကိုးကွယ်လျှင် ရနိုင်သည်ဟု ကမ္ဘာ့အရိုးအစဉ်မရှိ၊ အစိုးရလုပ်လိုလျှင် အစိုးရဥပဒေများကို သင်ကြားအားထုတ်မှ အစိုးရဖြစ်နိုင်သည်။ ထာဝရဘုရားကို ကိုးကွယ်လျှင် အစိုးရဖြစ်နိုင်သည်ဟု ကမ္ဘာ့အရိုးအစဉ် မရှိ၊ ဤသို့ အစရှိသဖြင့် အလုံးစုံသော လောကစီးပွားတို့၌ ပစ္စုပ္ပန်ကံ၏အစွမ်းသည် အရိုးအစဉ် မျက်မြင်ဒိဋ္ဌ ဖြစ်၏။ ထာဝရဘုရား၏ အစွမ်းဟူ၍ အရိုးအစဉ် မရှိ။

ထာဝရဘုရားကို ကြည်ညိုစွာ ကိုးကွယ်ကြလျှင် မိမိတို့ ပြုမိကြသော ဒုစရိုက်အပြစ်တို့မှ ကင်းလွတ်ကြကုန်သည်ဟု မှတ်ယူစွဲလမ်းကြကုန်၏။ ယခုဘဝ အနာရောဂါ စွဲကပ်ကြသော သူတို့သည် ထာဝရဘုရားကို ကိုးကွယ်လျှင် အနာရောဂါ အပြစ်တို့မှ လွတ်ကင်းကြကုန်သည်ဟု အရိုးအစဉ် မရှိ၊ ဆေးဝါး ဓာတ်စာတို့ကို မှီဝဲခြင်းတည်းဟူသော ပစ္စုပ္ပန်ကံကို ပြုလုပ်လျှင် အနာရောဂါ ပျောက်ငြိမ်းသည်မှာမူကား အရိုးအစဉ် မျက်မြင်ဒိဋ္ဌ ဖြစ်၏။

## စွဲလမ်းချက် အံ့ဩဖွယ်

ထာဝရဘုရားကို ကိုးကွယ်လျှင် ယခုဘဝ၌ ပွေး, ညှင်း, တင်းတိပ်နာ တစ်ခုကိုမျှ ပျောက်ငြိမ်းစေနိုင်သည်ဟူ၍ အရိုးအစဉ် မျက်မြင်ဒိဋ္ဌ မရှိကြပါပဲလျက် ထာဝရဘုရားကို ကိုးကွယ်ကြလျှင် နောက်ဘဝအတွက် ဒုစရိုက်အပြစ်တို့မှ ကင်းလွတ်ကြကုန်သည်ဟု မှတ်ယူစွဲလမ်းကြမှုသည် အလွန်အံ့ဩဖွယ် ရှိလှ၏။

ထာဝရဘုရားကို ကိုးကွယ်ဆုတောင်းလျှင် ယခုဘဝ၌ တစ်မူးတန်

www.dhammaransi.com



ချမ်းသာကို ရသည်။ တစ်မတ်တန် ချမ်းသာကိုရသည်ဟု အရိုးအစဉ် မျက်မြင်ဒိဋ္ဌ မရှိကြပါကုန်ပဲလျက် ထာဝရဘုရားကို ကိုးကွယ်လျှင် သေသည်မှ နောက်၌ ကောင်းကင်ဘုံသို့ရောက်၍ ထာဝရအသက် ထာဝရသုခကို ရကြကုန် သည်ဟု မှတ်ယူစွဲလမ်းကြမှုသည်လည်း အလွန်အံ့ဩဖွယ် ရှိလှ၏။ ထို့ကြောင့် ယခုဘဝ၌ မရသေးသော ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရကြခြင်းသည် ပစ္စုပ္ပန် အလိမ္မာကံ အမျိုးမျိုး၏ ဆိုင်ရာသာဖြစ်၏။ ထာဝရဘုရား၏ ဆိုင်ရာမဟုတ်ဟု ကမ္ဘာပေါ်တွင် အရိုးအစဉ် မျက်မြင်ကိုယ်တွေ့ ဖြစ်ကြကုန်၍ သတ္တဝါအပေါင်း တို့အား ပစ္စုပ္ပန်ကောင်းကျိုးချမ်းသာအတွက် ပစ္စုပ္ပန်အလိမ္မာ ကံသာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည်ဟု ဧကန်မုချ ယုံကြည်ထိုက်လှ၏။

## ထာဝရနှင့် မသက်ဆိုင်ပုံ

ဤသို့ ပစ္စုပ္ပန်ကောင်းကျိုး ချမ်းသာအရာ၌ သတ္တဝါတို့အား ပစ္စုပ္ပန် အလိမ္မာကံသာလျှင် ကိုးကွယ်ရာရှိသည်၏ အဖြစ်ကို ကမ္ဘာပေါ်တွင် မျက်မြင်ကိုယ်တွေ့ ဖြစ်ကြကုန်သဖြင့် သေသည်မှနောက်၌ အထက်ကောင်းကင်ဘုံ အစရှိသော ကောင်းမြတ်ရာဘုံဘဝသို့ ရောက်ကြရမှာလည်း ဒါန, သီလ အစရှိသော အလိမ္မာကံအမျိုးမျိုးနှင့်သာ သက်ဆိုင်ရာ ဖြစ်၏။ ထာဝရဘုရား၏ သက်ဆိုင်ရာ မဟုတ်။ ထာဝရဘုရားသည် ဒါန, သီလအစရှိသော အလိမ္မာကံမျိုး မရှိသော သူတို့ကို ကောင်းမြတ်ရာဘုံဘဝရောက်အောင် မကယ်တင်နိုင်။

ထာဝရဘုရားကို မကိုးကွယ်သော်လည်း ဒါန, သီလစသော အလိမ္မာကံရှိသော သူတို့သည် ကောင်းမြတ်ရာ ဘုံဘဝသို့ ရောက်နိုင်ကြကုန်သည်ဟု ယုံကြည်အပ်၏။

နောင်ဘဝ ကောင်းကျိုးချမ်းသာ အမျိုးမျိုး ဆိုသည်ကား– သေသည်မှ နောက်၌ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ၌ ဖြစ်ရခြင်း၊ သူဌေးမျိုး သူကြွယ်မျိုး, မင်းမျိုး, စိုးမျိုးတို့၌ လူဖြစ်ရခြင်း၊ အထက်ကောင်းကင်ဘုံတို့၌ တန်ခိုးကြီးသော နတ်, သိကြား, ဗြဟ္မာဖြစ်ရခြင်း အစရှိသည်တို့တည်း။

ထို့ကြောင့် "**သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ**"ဟူ၍ ဟောတော်မူသည်။

**သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ ပုဒ်အဖွင့် ပြီး၏။**

မိခင်ဧရာဝတီ

www.dhammaransi.com



## တဿ ဒါယာဒါ- ပုဒ်အဖွင့်

တစ်ယောက်သော သတ္တဝါ၏ ကိုယ်ခန္ဓာအစဉ်သည် ရုပ်ခန္ဓာအစဉ်, နာမ်ခန္ဓာအစဉ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဦးခေါင်း, ခြေ, လက် အစရှိသော ကိုယ်ခန္ဓာအစုသည် ရုပ်ခန္ဓာမျိုးမည်၏။ စိတ်အကြံအစည်မျိုးသည် နာမ်ခန္ဓာမျိုး မည်၏။ ထိုနှစ်မျိုးတို့တွင် ရုပ်ခန္ဓာမျိုးသည် တစ်ဘဝလျှင် တစ်ခါတစ်ခါ ပြတ်၏။ တစ်ဘဝလျှင် တစ်မျိုးတစ်မျိုး ပြောင်းလဲ၏။ နာမ်ခန္ဓာမျိုးသည်မူကား အစဉ်ပြတ်သည်ဟူ၍ မရှိ။ တစ်ဘဝနှင့် တစ်ဘဝ အစဉ်မပြတ် ဆက်ကာဆက်ကာ သွား၏။ ဒါန, သီလ အစရှိသော အလိမ္မာကံမျိုးသည် ထိုနာမ်ခန္ဓာကို ကောင်းမြတ်ရာ ဘုံဘဝတို့၌ အဆက်ဆက် ဖန်ဆင်းတည်ထောင်၍ သွား၏၊ နာမ်ခန္ဓာ ရောက်ရာ၌ ရုပ်ခန္ဓာအသစ်အသစ် အမျိုးမျိုး ဖြစ်ပေါ်ရ၏။ သူ့အသက်ကို သတ်ခြင်း အစရှိသော မလိမ္မာသောကံမျိုးသည် နောက်ဘဝ၌ ခွေး, ကြက်, ငှက် အစရှိသော မကောင်းသော ဘုံဘဝတို့၌ ထိုသူ၏ နာမ်ခန္ဓာကို ပစ်ချ၏။

တဿ ဒါယာဒါ ပုဒ်အဖွင့် ပြီး၏။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ နိဒ္ဒေသ ပြီး၏။ ။

## ဒသဝတ္ထုကသမ္မာဒိဋ္ဌိ နိဒ္ဒေသ

**အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ၊ အတ္ထိ ဟုတံ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ အတ္ထိ မာတာ၊ အတ္ထိ ပိတာ၊ အတ္ထိ သတ္တာ ဩပပါတိကာ၊ အတ္ထိ အယံ လောကော၊ အတ္ထိ ပရော လောကော၊ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

### ပထမ သမ္မာဒိဋ္ဌိ

ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆယ်ပါးတို့၌ -

၁။ အတ္ထိ ဒိန္နံ- ဆိုသည်ကား ရှေးရှေးဘဝတို့၌ ခွေး, ဝက်, ကြက်, ငှက်, လူ, ရဟန်းအစရှိသော တစ်ပါးသော သတ္တဝါတို့အား ကြည်ဖြူသော

www.dhammaransi.com



စိတ်စေတနာဖြင့် စွန့်ကြဲ, ပေးကမ်း, လှူဒါန်း, ကျွေးမွေးခြင်းကို ပြုကြသည်ရှိသော် နောက်နောက်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးနိုင်သော ဒါနမည်သော ကုသိုလ်မျိုးသည် လောက၌ ကေန် ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ဒုတိယ သမ္မာဒိဋ္ဌိ

၂။ အတ္ထိ ယိဋ္ဌံ– ဆိုသည်ကား ရှေးရှေးသော ဘဝတို့၌ ကံကို လည်းကောင်း, အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ကိုလည်းကောင်း ယုံကြည်သော သဒ္ဓါဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုကြသည်ရှိသော် နောက်နောက်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးခြင်းငှါ စွမ်းနိုင်သော ယဇ်မည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## တတိယ သမ္မာဒိဋ္ဌိ

၃။ အတ္ထိ ဟုတံ– ဆိုသည်ကား ရှေးရှေးသော ဘဝတို့၌ ကြည် ဖြူသော စိတ်စေတနာဖြင့် ပဏ္ဏာလက်ဆောင် ကိစ္စနှင့် ပေးကမ်းခြင်းကို ပြုကြသည်ရှိသော် နောက်နောက်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးခြင်းငှါ စွမ်းနိုင်သော အာဟုန, ပါဟုနမည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## စတုတ္ထ သမ္မာဒိဋ္ဌိ

၄။ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော– ဆိုသည် ကား ရှေးရှေးသော ဘဝတို့၌ အသက်ရှိသည့် လူသတ္တဝါ, တိရစ္ဆာန် သတ္တဝါတို့ကို သတ်ပုတ်ညှဉ်းဆဲခြင်း အစရှိသော ဒုစရိုက်မှု, သတ်ပုတ်ညှဉ်းဆဲခြင်းမှ ကြဉ် ရှောင်ခြင်း အစရှိသော သုစရိုက်မှုတို့ကို ပြုကြသည်ရှိသော် နောက်နောက်သော ဘဝတို့၌ မကောင်းသော အကျိုးရင်း အကျိုးဆက်၊ ကောင်းသော အကျိုးရင်း အကျိုးဆက်မည်သည် လောက၌ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

www.dhammaransi.com



## ပဥ္စမ သမ္မာဒိဋ္ဌိ

၅။ အတ္ထိ မာတာ- ဆိုသည်ကား အမိ၌ ကောင်းစွာ ပြုစုခဲ့သည် ရှိသော်လည်းကောင်း, မကောင်းစွာ ပြစ်မှားခဲ့သည်ရှိသော်လည်းကောင်း နောက်နောက်သော ဘဝတို့၌ ကောင်းသောအကျိုး, မကောင်းသော အကျိုးကို ပေးခြင်းငှါ စွမ်းနိုင်သောကံမည်သည် လောက၌ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ဆဋ္ဌ သမ္မာဒိဋ္ဌိ

၆။ အတ္ထိ ပိတာ- ဆိုသည်ကား အဘ၌ ကောင်းစွာ ပြုခဲ့သည် ရှိသော်လည်းကောင်း, မကောင်းစွာ ပြစ်မှားခဲ့သည်ရှိသော်လည်းကောင်း နောက်နောက်သော ဘဝတို့၌ ကောင်းသောအကျိုး, မကောင်းသော အကျိုး ပေးခြင်းငှါ စွမ်းနိုင်သောကံမည်သည် လောက၌ကေန်ရှိ၏ဟု သိမြင်ယုံကြည် သော သမ္မာဒိဋ္ဌိတည်း။

## သတ္တမ သမ္မာဒိဋ္ဌိ

၇။ အတ္ထိ သတ္တာ ဩပပါတိကာ- ဆိုသည်ကား လူတို့၏ ပကတိမျက်စိဖြင့် မမြင်ကောင်းသော ဥပပါတ် သတ္တဝါတို့သည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဥပပါတ်သတ္တဝါမျိုး- ဆိုသည်ကား အမိဝမ်း၌ ပဋိသန္ဓေယူရသော သတ္တဝါမျိုး မဟုတ်ကုန်၊ ကိုယ်အင်္ဂါ, ဦးခေါင်းအင်္ဂါ, လက်အင်္ဂါ, ခြေအင်္ဂါ အလုံး စုံတို့နှင့် ပြည့်စုံသည်ဖြစ်၍ နောက်၌တစ်ဖန် ကြီးပွားရန်မရှိပဲ ရှေးဘဝတို့၌ ပြုခဲ့ကြသော ကံအစွမ်းဖြင့် တစ်ခါတည်း အပြီးအစီး ဖြစ်ပေါ်ကြကုန်သော သတ္တဝါတို့ပေတည်း။

အောက်မြေကြီးအတွင်း မြေဥမင်ကြီး အသီးသီးတို့၌ အဆင့်ဆင့် တည်ရှိကုန်သော ငရဲကြီးရှစ်ပြည်ထောင်နှင့်တကွ အလုံးစုံသော ငရဲသတ္တဝါမျိုး တို့သည် ဥပပါတ် သတ္တဝါမျိုးတို့ပေတည်း။ မြေအပြင်ရှိ တောအဖို့, တောင်အဖို့,

www.dhammaransi.com



သမုဒ္ဒရာအလယ်ကျွန်းငယ် အဖို့တို့၌ တည်ရှိ ကြကုန်သော အချို့သော ပြိတ္တာမျိုး, အသူရကာယ်မျိုးတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ပေတည်း။ မြေအပြင်၌ မြို့ရွာ တောတောင်ရှိ အချို့သော ဘုမ္မစိုးနတ်မျိုး, သမုဒ္ဒရာအလယ်ကျွန်းငယ်တို့၌ ရှိနေသော အချို့သော ဘီလူးမျိုး, သရဲသဘက်မျိုး, ထိုထိုမြို့အနီး ရွာအနီးတို့၌ ရှိကြကုန်သော အချို့ အချို့သော ဘီလူးမျိုး, သရဲသဘက်မျိုး, အချို့သော နဂါးမျိုး, ဂဠုန်မျိုးတို့သည်လည်း ဥပပါတ်သတ္တဝါမျိုးသို့ပေတည်း။

အထက် နေ, လ, နက္ခတ်တာရာ ကြယ်အပေါင်းတို့၏ တည်နေရာ ကောင်းကင်အရပ်မှစ၍ အထက်သို့ အဆင့်ဆင့် တည်ရှိကြကုန်သော စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ, ယာမာဘုံ အစရှိသော နတ်ပြည် ၆-ထပ် နတ်သိကြားတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့သာတည်း။ နတ်ပြည် ၆-ထပ်မှ အထက်ကောင်းကင်အရပ်၌ အဆင့်ဆင့် တည်ရှိနေကြကုန်သော ပထမဈာန် ၃-ဘုံ, ဒုတိယဈာန် ၃-ဘုံ, တတိယ ဈာန် ၃-ဘုံ, စတုတ္ထဈာန် ၇-ဘုံ, အရူပ ၄-ဘုံ၊ ဤနှစ်ဆယ် အရေအတွက်ရှိသော ဗြဟ္မာဘုံတို့၌ ဗြဟ္မာတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ပေတည်း။

## ထာဝရဟူသည် အဘယ်သူနည်း

ထိုနှစ်ဆယ်တို့တွင် အောက်ဆုံးဖြစ်သော ပထမဈာန် ၃-ဘုံတို့၌ ဘုန်းတန်ခိုးကြီးသော ဗြဟ္မာမင်းကြီးသည် ရှိ၏။ ထိုဗြဟ္မာမင်းကြီးကို ဘာသာ တစ်ပါးတို့၌ ထာဝရဘုရားဟူ၍ ထင်မှတ်ကိုးကွယ်ကြကုန်၏။ ထိုဘုံမှ အထက်၌ အဆင့်ဆင့် တည်ရှိကြကုန်သော ကောင်းကင်ဘုံတို့ကိုမူကား ဘာသာတစ်ပါးတို့၌ မသိကြကုန်ပြီ။ ကောင်းကင်၌ နေ, လ, နက္ခတ်တာရာ ကြယ်အပေါင်းတို့သည် နတ်တို့၏နေရာ ကောင်းကင်ဘုံဗိမာန်တို့ပေတည်း။ ထိုကောင်းကင်ဘုံဗိမာန်တို့ကို သိမြင်ကြကုန်သဖြင့် အထက်အထက်ဖြစ်သော ကောင်းကင်ဘုံဗိမာန်တို့ကို လည်းကောင်း, အထက်အထက်ဖြစ်သော နတ်, သိကြား, ဗြဟ္မာ ဥပပါတ် သတ္တဝါတို့ကိုလည်းကောင်း ယုံကြည်ထိုက်ကုန်၏။

www.dhammaransi.com



## ဥပပါတ်ပုဂ္ဂိုလ်ကို မြင်နိုင် မမြင်နိုင်

ဥပပါတ် သတ္တဝါမျိုးတို့သည်မူကား လူသတ္တဝါတို့မှာ ကိုယ်ခန္ဓာ၌ ပူးကပ်တွယ်မှီ၍ နေကြကုန်သော်လည်း လူတို့၏ ပကတိမျက်စိတို့ဖြင့် မမြင်ကောင်းကြကုန်၊ လူတို့ မြင်နိုင်လောက်အောင် အဆင်းသဏ္ဌာန်ကို ဖန်ဆင်း၍ ဖော်ပြကြကုန်သောအခါ၌မူကား လူတို့မြင်ကြကုန်၏၊ ဘာသာတစ်ပါးတို့၌ ထာဝရဘုရားဆိုသော ဗြဟ္မာကြီးနှင့် ကောင်းကင်တမန်အမျိုးမျိုး နတ်ဆိုး နတ်ဝါးတို့ကဲ့သို့ လူတို့၏ ပကတိမျက်စိတို့ဖြင့် မမြင်ကောင်းကုန်သော သတ္တဝါမျိုးတို့ပေတည်း။ ဤကဲ့သို့သော ဥပပါတ် သတ္တဝါမျိုးတို့သည် လောက၌ ဧကန်ရှိကုန်၏ဟု သိမြင်ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိကြီးတစ်ပါး ဖြစ်၏ဟူလိုသည်။

## အဋ္ဌမ, နဝမ သမ္မာဒိဋ္ဌိ

၈-၉။ အတ္ထိ အယံ လောကော၊ အတ္ထိ ပရော လောကော ဟူသောပါဠ်၌ လူ့ဘုံသည် ဤလောကမည်၏။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ် ၄-ဘုံ၊ နတ်ဘုံ, ဗြဟ္မာဘုံတို့သည် ပရလောကမည်၏။ ဤသို့ လောကနှစ်ပါးရှိသည်ကို သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ ၂-ပါး ဖြစ်၏။ ဘာသာတစ်ပါးတို့၌ ငရဲဘုံ, ပြိတ္တာဘုံ, အသူရကာယ်ဘုံတို့ကိုလည်း နေရာတကျ မသိကြကုန်ပြီ။ အထက် နတ်ဘုံ, ဗြဟ္မာဘုံတို့ကိုလည်း နေရာတကျ မသိကြကုန်ပြီ။

**တစ်နည်းကား။** ။ ဤစကြဝဠာတွင် ရှိနေကြသော လူ့ဘုံ, အပါယ် ၄-ဘုံ, နတ်သိကြား, ဗြဟ္မာတို့နေရာ ကောင်းကင်ဘုံတို့သည် ဤလောက မည်၏။ ဤလောကမှ အရှေ့အရပ်မျက်နှာတို့၌ ဤစကြဝဠာပေါင်း အဆုံးမရှိ အသင်္ချေယျ အနန္တရှိကြကုန်၏။ ထို့အတူ ဤလောကမှ တောင်အရပ်မျက်နှာ တို့၌လည်း စကြဝဠာပေါင်း အဆုံးမရှိ၊ အနောက်အရပ်မျက်နှာတို့၌လည်း စကြဝဠာပေါင်း အဆုံးမရှိ၊ မြောက်အရပ် မျက်နှာတို့၌လည်း စကြဝဠာပေါင်း အဆုံးမရှိ။ ဤသို့လျှင် ဤစကြဝဠာအနန္တ လောကဓာတ်အနန္တတို့သည် ပရလောက မည်၏။

ဘာသာတစ်ပါးတို့၌ ဤလောကဓာတ်, အနန္တပရလောကဓာတ်ကို မသိကြကုန်ပြီ။

www.dhammaransi.com



## ဒသမ သမ္မာဒိဋ္ဌိ

**၁၀။ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိ- ပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ**– ဟူသော ပါဠ်၌ အဘိညာခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏။ သဗ္ဗညုတဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏။ ဤလူ့ပြည်၌ ပါရမီအလုပ်, သမထ ဘာဝနာအလုပ်, ဝိပဿနာ ဘာဝနာအလုပ်တို့ကို လွန်စွာ ကြိုးစား အားထုတ်နိုင်ကြကုန်သော ရဟန်းပုဏ္ဏားတို့သည် ထိုထိုဉာဏ်ပညာကြီး မျိုးကို ရနိုင်ကြကုန်၏။ ထိုထို ဉာဏ်ပညာကြီးမျိုးတို့ကို ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်ကြကုန်သော သူတို့သည် ဤလောက၌ ရံဖန်ရံဖန် ပေါ်ပေါက်ကြကုန်၏။

ထို ၂–မျိုးတို့တွင် အချို့သောသူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာ ကြီးတစ်မျိုးကိုသာ ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အပါယ်လေးဘုံ နှင့်တကွ နတ်ပြည် ၆–ထပ်တို့ကိုလည်းကောင်း၊ အချို့သော ဗြဟ္မာ့ပြည်တို့ကို လည်းကောင်း ပကတိမျက်စိဖြင့် မြင်ကြကုန်သကဲ့သို့ ဉာဏ်ပညာမျက်စိတို့ဖြင့် သိမြင်ကြကုန်၏။

အချို့သော သူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီးမျိုးနှင့်တကွ သဗ္ဗညုတဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးတိုင်အောင် ပေါက်ရောက်နိုင်ကြ ကုန်၏။ ထိုသူတို့သည် အလုံးစုံသော သတ္တဝါအနန္တ, ကမ္ဘာအနန္တ, စကြဝဠာ အနန္တ, လောကဓာတ်အနန္တတို့ကို အကုန်အစင် သိမြင်နိုင်ကြကုန်၏။

ဤအကုန်အစင် သိမြင်သော သူတို့ကိုသာလျှင် ဗုဒ္ဓဘာသာ၌ ဘုရားဟူ၍ ခေါ်၏။

## ယုံကြည်ခြင်း သုံးပါး

ဤပုဂ္ဂိုလ် ၂–မျိုးတို့သည် လူ့လောက၌ ရံဖန်ရံဖန် ဖြစ်ပေါ်ကြ ကုန်၍ မိမိတို့ သိမြင်ကြကုန်သည့်အတိုင်း သတ္တဝါအပေါင်းတို့အား ဤလောကကိုလည်း ထုတ်ဖော်၍ ပြောဟောကုန်၏။ အပါယ် ၄–ဘုံ, နတ်ပြည် ၆–ထပ်, နတ်ဘုံ,

www.dhammaransi.com



ဗြဟ္မာဘုံဟု ဆိုအပ်သော ပရလောကကို လည်း ထုတ်ဖော်ပြောဟောကြကုန်၏။ သဗ္ဗညုဘုရားတို့သည်မူကား အနမတဂ္ဂ သံသရာရှိကြောင်း၊ ကမ္ဘာအနန္တရှိကြောင်း၊ စကြဝဠာအနန္တရှိကြောင်းကို ထုတ်ဖော်ပြောဟောကြကုန်၏။

ဤကဲ့သို့သော အဘိညာပုဂ္ဂိုလ်၊ သဗ္ဗညုပုဂ္ဂိုလ်တို့သည် လူ့ပြည်၌ ရံဖန်ရံဖန် ဖြစ်ပေါ်ကြကုန်၏ဟု သိမြင်ယုံကြည်ခြင်း, ပုဂ္ဂိုလ်တို့ကို သိမြင်ယုံကြည်ကြသဖြင့် ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို သိမြင်ယုံကြည်ခြင်း, ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို ယုံကြည်သဖြင့် ပြဆိုခဲ့ပြီးသော ပရလောကဟူသမျှတို့ကို သိမြင်ယုံကြည်ခြင်း၊ ဤယုံကြည်ခြင်း သုံးပါးသည် သမ္မာဒိဋ္ဌိကြီး တစ်ပါး ဖြစ်၏။

ဤသမ္မာဒိဋ္ဌိကြီးရှိသော သူတို့မှသာလျှင် အထက်ကောင်းကင်တို့မှာ နတ်, သိကြား, ဗြဟ္မာတို့သာ ရှိကြကုန်၏။ သဗ္ဗညုဘုရားဟူ၍ ရှိကြကုန်သည်ဟု ယုံကြည်နိုင်ကြကုန်၏။

ဤသမ္မာဒိဋ္ဌိ မရှိကြသော ဘာသာတစ်ပါးတို့၌မူကား အလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုဘုရားတို့မည်သည် အောက်ကျသော လူ့ဘုံမှာ မဖြစ်နိုင်ရာ၊ အထက်ဆုံးဖြစ်ရာ ကောင်းကင်ဘုံကြီး၌သာ ဖြစ်နိုင်ကုန်ရာ၏ဟု ကြံဆ၍ ယူကြကုန်၏။

## အစွမ်း ၂-မျိုး

(၁) ကံ၏အစွမ်းကား တစ်မျိုး၊

(၂) ဉာဏ်၏အစွမ်းကား တစ်မျိုး၊

ထို ၂-မျိုးတို့တွင် ကံ၏အစွမ်း၌ ဘာဝနာစျာန် ကံ၏အစွမ်းသည် အလွန်ထက်သန်၏။ အထက်ဆုံးဖြစ်သော ကောင်းကင်ဘုံကြီး၌ အလွန် အသက်ရှည်သော ဗြဟ္မာကြီးအဖြစ်တိုင်အောင် ပေးနိုင်၏။ သဗ္ဗညုတဘုရား အဖြစ်ကိုမူကား မပေးနိုင်။ ထိုဗြဟ္မာကြီးမှာ အလုံးစုံအကုန်အစင် သိမြင်နိုင်သော ဉာဏ်မရှိ။

www.dhammaransi.com



ထို့ကြောင့် ထိုဘာသာတို့၌ ထာဝရဘုရား ဟောကြားသော တရားစမ္မဟူ၍ ဉာဏ်အရာ၌ နက်နဲဆန်းကြယ် အံ့ဩဖွယ်သောတရားမရှိ။ အဘယ်ကြောင့်နည်း ဆိုသော် ထိုဗြဟ္မာကြီးတို့၏အဖြစ်သည် ဉာဏ်မျိုး မဟုတ်သောကြောင့်တည်း။

လူ့ပြည်၌သာလျှင် သဗ္ဗညုတဉာဏ် အလုပ်မျိုးရှိ၏။ သဗ္ဗညုတဉာဏ် အလုပ်ကို ထမြောက်ပေါက်ရောက်အောင် လုပ်ဆောင်နိုင်သော သူသည်သာလျှင် အလုံးစုံ အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို ရနိုင်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာ၌သာလျှင် အလွန်တရာ နက်နဲဆန်းကြယ် အံ့ဩဖွယ်သော တရားမျိုးရှိ၏။ အဘယ်ကြောင့်နည်းဆိုသော် ဉာဏ်လမ်းမျိုး ဖြစ်ပေသောကြောင့်တည်း။

## လမ်းနှစ်သွယ်

လောက၌ ပစ္စည်းဥစ္စာပေါများ၍ သူဌေးကြီးဖြစ်အောင် လုပ်ကြံမှုမျိုးကား တစ်လမ်း။

ရသေ့ ရဟန်းအလုပ်နှင့် အသိအမြင်ပေါက်ရောက်၍ လူအများတို့၏ ဆရာကြီးဖြစ်အောင် လုပ်ကြံမှုမျိုးကား တစ်လမ်း။

ဗြဟ္မာကြီးလမ်းသည် သူဌေးကြီးလမ်းနှင့် တူ၏။ ရသေ့ရဟန်း တို့လမ်းသည် ဆရာကြီးလမ်းနှင့် တူ၏။

## ဥပမာတစ်နည်း

ကျေးငှက်, ကျီး, လင်းတတို့သည် အတောင်ရှိကြကုန်၍ မြင့်စွာသော ကောင်းကင်၌ ပျံတက်သွားလာနိုင်ကြကုန်၏။ လူတို့ကဲ့သို့ အသိအလိမ္မာဉာဏ် ပညာကား မရှိကြကုန်။ လူတို့သည် အသိအလိမ္မာ ဉာဏ်ပညာကား ရှိကြကုန်၏။ အတောင်မရှိကြကုန်၍ ကောင်းကင်၌ ပျံတက် သွားလာခြင်းငှါ မစွမ်းနိုင်ကြကုန်။ ဤကား ဥပမာတည်း။

ဗြဟ္မာကြီး၏ ဘာဝနာစျာန်ကုသိုလ်ကံသည် ကျေးငှက်, ကျီး, လင်းတတို့၏ အတောင်နှင့်တူ၏။ ရသေ့ရဟန်းတို့၏ အဘိညာဉာဏ်, သဗ္ဗညုတ

www.dhammaransi.com



ဉာဏ်များသည် လူတို့၏ အသိအလိမ္မာ ဉာဏ်ပညာနှင့်တူ၏။ နေ, လ, တာရာ ကြယ်အပေါင်းဟူသော ကောင်းကင်ဘုံတို့၌ နေကြကုန်သော နတ်သမီး နတ်သားတို့၏ ကုသိုလ်ကံများသည် ကျေးငှက်, ကျီး, လင်းတတို့၏ အတောင်နှင့် တူ၏။ ရသေ့ရဟန်းတို့၏ အဘိညာ ဉာဏ်, သဗ္ဗညုတဉာဏ်များသည် လူတို့၏ အသိအလိမ္မာ ဉာဏ်ပညာနှင့် တူ၏။

## ဘုရားမှန်က လူ့ဘုံမှာသာ ပွင့်ပုံ

အထက်အထက် ဖြစ်ကုန်သော နတ်ပြည် ၆-ထပ်, ဗြဟ္မာ့ပြည် အထပ်ထပ်ဟူသော ကောင်းကင်ဘုံတို့၌ ရှိနေကြကုန်သော နတ် သိကြား ဗြဟ္မာတို့၏ ကုသိုလ်ကံများသည် ကျေးငှက်, ကျီး, လင်းတတို့၏ အတောင်နှင့်တူ၏။ ရသေ့ ရဟန်းတို့၏ အဘိညာဉာဏ်, သဗ္ဗညုတ ဉာဏ်များသည် လူတို့၏ အသိအလိမ္မာ ဉာဏ်ပညာနှင့် တူ၏။

ထို့ကြောင့် ထိုဗြဟ္မာကြီးသည် ဘာဝနာစျာန်ကုသိုလ်ကံ၏ အစွမ်းကြောင့် နေနတ်သား, လနတ်သားတို့ကဲ့သို့ ထို့ထက် အလွန်မြင့်သော အထက် ကောင်းကင်ဘုံကြီး၌ နေရ၏၊ တစ်ကမ္ဘာလုံး အသက်ရှည်ရ၏။ ဘုန်းတန်ခိုးကြီး ရ၏။ အဘိညာဉာဏ်, သဗ္ဗညုတဉာဏ် မရှိသည့်အတွက်ကြောင့် နက်နဲသော တရားမျိုးတို့ကိုမူကား မသိနိုင်၊ မိမိ၏ကိုယ်တွေ့ဒိဋ္ဌမျိုး၌သာ အသိဉာဏ် ဖြစ်နိုင်၏။

ဤသို့လျှင် အလုံးစုံကို အကုန်သိမြင်သော ဘုရားမည်သည် ကောင်းကင်ဘုံတို့မှာ ဖြစ်နိုင်သည် မဟုတ်။ လူ့ဘုံမှာသာ ဖြစ်နိုင်သည်ဟု သိမြင်ယုံ ကြည်ကြရန် တစ်ချက်။

ပကတိ လူတို့၏ မျက်မြင်ဒိဋ္ဌ မဟုတ်ကြသော ကမ္ဘာ့အခြင်းအရာ လောကဓာတ်အခြင်းအရာ, သတ္တဝါတို့၏ ဘဝအဆက်ဆက် ကျင်လည်ပုံ အခြင်းအရာ, ကုသိုလ် အကုသိုလ်ကံတို့၏အကျိုးပေးပုံ အခြင်းအရာများကို -

အဘိညာဉာဏ်, သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံကြကုန်သော လူမှဖြစ်သော သမဏဗြာဟ္မဏသည်သာလျှင် ဟုတ်မှန်စွာ သိနိုင်မြင်နိုင်ကြကုန်သည်ဟု ယုံကြည်

www.dhammaransi.com



ကြရန် တစ်ချက်။

ထိုသို့ သိနိုင်မြင်နိုင်ကုန်သော သမဏ ဗြာဟ္မဏတို့၏ သုတ်, ဝိနည်း, အဘိဓမ္မာ ဒေသနာစကားတို့ကိုသာလျှင် အဟုတ်အမှန်အားဖြင့် ယုံကြည်ရန် တစ်ချက်။

ဤအချက်တို့ကို သိမြင်ယုံကြည်နိုင်ကြသော သမ္မာဒိဋ္ဌိဉာဏ်သည် **"အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မာဒိဋ္ဌိဉာဏံ"** မည်၏။

## မိစ္ဆာဝါဒကို ပယ်သည်

အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော ဘုရားမည်သည် အောက်ကျသော လူ့ဘုံ၌ မဖြစ်သင့်၊ အထက်ဆုံး, အမြင့်ဆုံးဖြစ်သော ကောင်းကင်ဘုံ၌သာ ဖြစ်သင့်၏။ အမြတ်ဆုံးသော ဘုရားမည်သည် တစ်ဆူတည်းသာ ဖြစ်ရာ၏။ အများမဖြစ်ရာ။ အစဉ်ထာဝရ မြဲရာ၏။ အိုသည်, နာသည်, သေသည်ဟူ၍ မရှိရာ အစရှိသည်ဖြင့် ကြံဆ၍ ယူကြသော မိစ္ဆာဝါဒကို ပယ်ရှားတော်မူ၏။

မိစ္ဆာဝါဒနှင့် စပ်လျဉ်းသော စကားအကျယ်ကိုမူကား ငါတို့စီရင်သော ပါဠိဘာသာ သမ္မာဒိဋ္ဌိဒီပနီပါဌ်အနက်, မြန်မာဘာသာ သမ္မာဒိဋ္ဌိဒီပနီကျမ်းတို့မှာ ကြည့်ရှုလေ။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိ နိဒ္ဒေသ ပြီး၏။

## စတုသစ္စ သမ္မာဒိဋ္ဌိ နိဒ္ဒေသ

စတုသစ္စသမ္မာဒိဋ္ဌိ ဆိုသည်ကား –

၁။ ဒုက္ခအမှန်ကို သိသောဉာဏ် တစ်ပါး၊

၂။ ဒုက္ခ၏ ပွားစီးကြောင်း အမှန်ကိုသိသောဉာဏ် တစ်ပါး၊

၃။ ဒုက္ခ၏ ငြိမ်းမှုအမှန်ကို သိသောဉာဏ် တစ်ပါး၊

၄။ ဒုက္ခ၏ ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်းဖြစ်သော ပဋိပတ်လမ်းမှန်ကို သိသောဉာဏ် တစ်ပါး။

ဤ ၄–ပါးကို စတုသစ္စသမ္မာဒိဋ္ဌိ ခေါ်သည်။

www.dhammaransi.com



သစ္စာ ၄-ပါး၏ အကျယ်ကိုမူကား ငါတို့စီရင်သော စတုသစ္စဒီပနီ ကျမ်းမှာ ကြည့်ရှုကြလေ၊ အကျဉ်းမျှသာ ဤကျမ်း၌ ပြဆိုပေအံ့။

## ၁-ဒုက္ခသစ္စသမ္မာဒိဋ္ဌိ

### ဒုက္ခအမှန်

လူ့စက္ခု, နတ်စက္ခု, ဗြဟ္မာ့စက္ခု စသည်သည် မိမိ၌တွယ်တာသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို လွန်စွာနှိပ်စက် ညှဉ်းပန်းတတ်သည်ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းလှသော အနက်ကြောင့် ဒုက္ခသာအမှန်ဖြစ်၏။ ထို့အတူ လူ့သောတ, နတ်သောတ, ဗြဟ္မာ့သောတသည်လည်းကောင်း၊ လူ့ဃာန, နတ်ဃာန, ဗြဟ္မာ့ဃာနသည်လည်းကောင်း၊ လူ့ဇိဝှါ, နတ်ဇိဝှါ, ဗြဟ္မာ့ဇိဝှါသည်လည်းကောင်း၊ လူ့ကာယ, နတ်ကာယ, ဗြဟ္မာ့ကာယသည်လည်းကောင်း၊ လူ့မနော, နတ်မနော, ဗြဟ္မာ့မနောသည်လည်းကောင်း မိမိ၌တွယ်တာသော လူ, နတ်, ဗြဟ္မာ သတ္တဝါကို လွန်စွာနှိပ်စက်ညှဉ်းပန်းတတ်သည်ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းလှသော အနက်ကြောင့် ဒုက္ခအမျိုးသာ အမှန်ဖြစ်၏။

### နှိပ်စက်ပုံ

ထို ၆-ပါးတို့တွင် စက္ခုသည် အဘယ်မျှလောက်သော ဒုက္ခဒဏ်ချက်တို့ဖြင့် သတ္တဝါကို နှိပ်စက်ညှင်းပန်းလေသနည်းဟူမူကား- သင်္ခါရဒဏ်ချက်ဖြင့် နှိပ်စက်၏။ ဝိပရိဏာမဒဏ်ချက်ဖြင့် နှိပ်စက်၏။ ဒုက္ခဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်၏။ တစ်နည်းကား သင်္ခါရဒဏ်ချက်ဖြင့် နှိပ်စက်၏။ သန္တာပဒဏ်ချက်ဖြင့် နှိပ်စက်၏။ ဝိပရိဏာမဒဏ်ချက်ဖြင့် နှိပ်စက်၏။ တစ်နည်းကား ဇာတိဒဏ်ချက်ဖြင့် နှိပ်စက်၏။ ဇရာဒဏ် ချက်ဖြင့် နှိပ်စက်၏။ မရဏဒဏ်ချက်ဖြင့် နှိပ်စက်၏။

တစ်နည်းကား ရာဂမီးကို ပွားစီးစေ၍ နှိပ်စက်၏။ ဒေါသမီးကို ပွားစီးစေ၍ နှိပ်စက်၏။ မောဟမီးကို ပွားစီးစေ၍ နှိပ်စက်၏။ မာနမီးကို ပွားစီးစေ၍ နှိပ်စက်၏။ ဒိဋ္ဌိနည်းကို ပွားစီးစေ၍ နှိပ်စက်၏။ ကိလေသာ

www.dhammaransi.com



အာသဝတရားကို ပွားစီးစေ၍ နှိပ်စက်၏။ ပါဏာတိပါတ အစရှိသော ဒုစရိုက်တရားတို့ကို ပွားစီးစေ၍ နှိပ်စက်၏။ ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးတို့ကို ပွားစီးစေ၍ နှိပ်စက်၏။

## သင်္ခါရဖြင့် နှိပ်စက်ပုံ

သင်္ခါရဒဏ်ချက် ဆိုသည်ကား– ရှေးဘဝ၌ ကုသိုလ်ကံကို အားထုတ်နိုင်မှ နောက်ဘဝ၌ လူ့စက္ခု, နတ်စက္ခု, ဗြဟ္မာ့စက္ခု ဖြစ်ပေါ်၏။ အားမထုတ်နိုင်ခဲ့လျှင် ငရဲစက္ခု, တိရစ္ဆာန်စက္ခု, ပြိတ္တာစက္ခု, အသူရကာယ်စက္ခု ဖြစ်၍သွား၏၊ ထို့ကြောင့် သုဂတိစက္ခုသည် ကုသိုလ်မှုဟူသော သင်္ခါရဒုက္ခဒဏ်ချက်ဖြင့် သတ္တဝါတို့ကို အမြဲနှိပ်စက်၏။ နောင်ဘဝ၌လည်း မပျက်စီးရအောင် စောင့်ရှောက်ထောက်ပံ့မှုဟူသော သင်္ခါရဒုက္ခဒဏ်ချက်ဖြင့် အမြဲနှိပ်စက်၏။ ဤသို့လျှင် သုဂတိစက္ခုသည် သတ္တဝါတို့ကို သင်္ခါရဒုက္ခဒဏ်ချက်ဖြင့် အမြဲနှိပ်စက်၏။

အမြဲနှိပ်စက်မှု ဆိုသည်ကား– အနမတဂ္ဂ သံသရာ၌ သင်္ခါရမှုနှင့်ကင်း၍ ဖြစ်ပေါ်သော သုဂတိစက္ခုဟူ၍ တစ်စုံတစ်ခုမျှ မရှိသောကြောင့် ဆိုသတည်း။

## ဝိပရိဏာမဖြင့် နှိပ်စက်ပုံ

ဝိပရိဏာမဒဏ်ချက် ဆိုသည်ကား– ပျက်စီးခွင့်ဆိုက်ခဲ့လျှင် ခဏခြင်း ပျက်စီးတတ်သော အလေ့ကိုဆိုသတည်း။ ပဋိသန္ဓေမှစ၍ မပျက်စီးနိုင်သော အခါဟူ၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ မရှိ။ ပျက်စီးမည်ကို ကြောက်ကြရန် အခွင့်အလမ်း အမြဲပါရှိနေ၏။ ပျက်စီး၍သွားပြန်လျှင် ကြီးစွာသော ဒုက္ခဖြစ်၏။ ဤသို့လျှင် သုဂတိစက္ခုသည် သတ္တဝါတို့ကို ဝိပရိဏာမ ဒုက္ခဒဏ်ချက်ဖြင့် အမြဲနှိပ်စက်၏။

www.dhammaransi.com



## ဒုက္ခဒုက္ခဖြင့် နှိပ်စက်ပုံ

ဒုက္ခဒုက္ခဒဏ်ချက် ဆိုသည်ကား- ကာယိကဒုက္ခ, စေတသိက ဒုက္ခကို ဆိုသတည်း။ ငရဲစက္ခု, ပြိတ္တာစက္ခု, အသူရကာယ်စက္ခု ဖြစ်ခိုက်ကြုံသောအခါ ထိုဒုက္ခဒုက္ခ ဒဏ်ချက်ဖြင့် နှိပ်စက်မှု ထင်ရှား၏။ နှလုံးမသာဖွယ်သော အာရုံကို တွေ့မြင်၍ နှလုံးမသာခြင်း ဖြစ်သောအခါ၌လည်းကောင်း၊ နှလုံးမသာရှိ၍ ထိုထို ကာယိကဒုက္ခမှုကို ပြုသောအခါ၌လည်းကောင်း ဒုက္ခဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်၏။ မျက်စိ၌ရောဂါဥပဒ် ဖြစ်လာသောအခါ၌လည်းကောင်း၊ စက္ခုကို စောင့်ရှောက် ထောက်ပံ့မှုမျိုးနှင့် စပ်လျဉ်း၍ ကာယိကဒုက္ခ, စေတသိကဒုက္ခကို ခံရသောအခါ၌ လည်းကောင်း စက္ခုသည် ဒုက္ခဒုက္ခဒဏ်ချက်ဖြင့် နှိပ်စက်၏၊ ဤသို့လျှင် စက္ခုသည် သတ္တဝါတို့ကို ဒုက္ခဒုက္ခဒဏ်ချက်ဖြင့် အမြဲနှိပ်စက်၏။

နောက်သုံးပါးတို့၌ သင်္ခါရဒဏ်ချက်, ဝိပရိဏာမဒဏ်ချက်တို့သည် ရှေ့သုံးပါးအတိုင်းပင်တည်း။

## သန္တာပဖြင့် နှိပ်စက်ပုံ

သန္တာပဒဏ်ချက် ဆိုသည်ကား- စက္ခု၌ဖြစ်သော ကိလေသာစသည် အတွက် ပူပန်မှုကို ဆိုသတည်း။ ဤသန္တာပဒဏ်ချက်သည် နောက်၌ရာဂမီးကို ပွားစီးစေခြင်း, ဒေါသမီးကို ပွားစီးစေခြင်း စသည်ပင်တည်း။ စက္ခုသည် ဤမျှလောက် ဒုက္ခဒဏ်ချက်တို့ဖြင့် သတ္တဝါတို့ကို လွန်စွာနှိပ်စက်ညှဉ်းပန်းတတ်သည် ဖြစ်၍ အနမတဂ္ဂ သံသရာ၌ အတွင်းအင်္ဂါကြီးတစ်ခုပြုလုပ်၍ ကျင်လည်ရန်အတွက် ကြောက်မက်ဖွယ် ကောင်းလှသောကြောင့် ဒုက္ခမျိုးသာ အမှန်ဖြစ်သတည်း။

သောတ, ဃာန, ဇိဝှာ, ကာယ, မနောတို့၌လည်း ထိုနည်းအတူ ဒုက္ခဒဏ်ချက်တွေကို အကျယ်ဆိုလေ။

ဤသို့လျှင် စက္ခုအစရှိကုန်သော တေဘူမကတရားတို့တွင် တစ်ခုခုသော တရားများ၌ များစွာသော ဒုက္ခဒဏ်ချက် ဒုက္ခလက္ခဏာတို့ကို ကောင်းစွာ ထင်မြင်သောဉာဏ်သည် ဒုက္ခအမှန်ကိုမြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်၏။

**ဒုက္ခသစ္စသမ္မာဒိဋ္ဌိအဖွင့် ပြီး၏။**

မိခင်ဧရာဝတီ

www.dhammaransi.com



## ၂-သမုဒယသစ္စ သမ္မာဒိဋ္ဌိ

### ဒုက္ခပွားကြောင်းအမှန်

အကြင်မျှလောက်သော သံသရာကာလပတ်လုံး စက္ခုကို ငါ၏ဥစ္စာဟု တွယ်တာစွဲလမ်း၏။ ငါဟူ၍ တွယ်တာစွဲလမ်း၏၊ ငါ၏ အတ္တဟူ၍ တွယ်တာစွဲလမ်း၏။ ထိုမျှလောက်သော သံသရာ ကာလပတ်လုံး စက္ခုသည် ဘဝအစဉ် ပွားစီး၍သာနေ၏။ စက္ခု၏ဒဏ်ချက်တို့သည် ဘဝအစဉ် ပွားစီး၍သာ နေကုန်၏။ ထို့ကြောင့် စက္ခု၌ တွယ်တာစွဲလမ်းသော တဏှာလောဘသည် ဒုက္ခ၏ပွားစီးကြောင်းအမှန်ဖြစ်၏။

သောတ, ဃာန, ဇိဝှာ, ကာယ, မနောတို့၌လည်း ထိုနည်းတူ မြင်လေ။

ဤသို့မြင်သော ဉာဏ်သည် ဒုက္ခ၏ ပွားစီးကြောင်းအမှန်ကို မြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်၏။

**သမုဒယသစ္စသမ္မာဒိဋ္ဌိအဖြွက် ပြီး၏။**

## ၃-နိရောဓသစ္စသမ္မာဒိဋ္ဌိ

### ဒုက္ခငြိမ်းမှုအမှန်

အကြင်ဘဝ၌ စက္ခု၌တွယ်တာသော တဏှာလောဘသည် အပြီး ချုပ်ငြိမ်း၏။ ထိုဘဝမှ နောက်၌စက္ခုသည် တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ ချုပ်ငြိမ်း၏။ စက္ခု၏ဒဏ်ချက်တို့သည် တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ ချုပ်ငြိမ်းကုန်၏။

သောတ, ဃာန, ဇိဝှာ, ကာယ, မနောတို့၌လည်း ထို့အတူ မြင်လေ။

ဤသို့ သိမြင်သောဉာဏ်သည် ဒုက္ခငြိမ်းမှုအမှန်ကို မြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်၏။

**နိရောဓသစ္စသမ္မာဒိဋ္ဌိအဖြွက် ပြီး၏။**

www.dhammaransi.com



## ၄–မဂ္ဂသစ္စသမ္မာဒိဋ္ဌိ
## ဒုက္ခငြိမ်းကြောင်းအမှန်

အကြင်အခါ ကောင်းစွာပွားများ အားထုတ်သဖြင့် စက္ခု၏သဘာဝကို ကောင်းစွာ မြင်၏။ စက္ခု၏ ဒဏ်ချက်တို့ကို ကောင်းစွာမြင်၏။ ထိုအခါ စက္ခု၌ တွယ်တာသော တဏှာလောဘသည် ချုပ်ငြိမ်းခြင်းသို့ ရောက်၏။ သေသည်မှနောက်၌ စက္ခုသည် ချုပ်ငြိမ်းခြင်းသို့ရောက်၏။ စက္ခု၏ ဒဏ်ချက်တို့သည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။

သောတ, ဃာန, ဇိဝှာ, ကာယ, မနောတို့၌လည်း ထို့အတူ မြင်လေ။

ဤသို့ ဒုက္ခ၏ငြိမ်းကြောင်း ကောင်းစွာ ပွားများအားထုတ်ရန် လမ်းမှန်ကို သိမြင်သောဉာဏ်သည် ဒုက္ခ၏ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်းဖြစ်သော ပဋိပတ်လမ်းမှန်ကိုမြင်သော သမ္မာဒိဋ္ဌိဉာဏ် မည်၏။

**မဂ္ဂသစ္စသမ္မာဒိဋ္ဌိအမြွက် ပြီး၏။**

**စတုသစ္စသမ္မာဒိဋ္ဌိ နိဒ္ဒေသ ပြီး၏။**

မဂ္ဂင်ရှစ်ပါးအရာ၌ ဤစတုသစ္စသမ္မာဒိဋ္ဌိသည် လိုရင်းဖြစ်သတည်း။

**သမ္မာဒိဋ္ဌိ ၃–ပါး နိဒ္ဒေသ ပြီး၏။ ။**

## သမ္မာသင်္ကပ္ပနိဒ္ဒေသ

၁။ နေက္ခမ္မသင်္ကပ္ပ၊

၂။ အဗျာပါဒသင်္ကပ္ပ၊

၃။ အဝိဟိံသာသင်္ကပ္ပ– ဟူသော သမ္မာသင်္ကပ္ပ ၃–ပါးတို့တွင် –

(၁) နေက္ခမ္မသင်္ကပ္ပ– ဆိုသည်ကား ကောင်းသောအဆင်း၊ ကောင်းသော အသံ၊ ကောင်းသောအနံ့၊ ကောင်းသောအရသာ၊ ကောင်းသောအထိအတွေ့မျိုး ဟူသော ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း, ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လည်းကောင်း တပ်ခြင်း၊ တွယ်တာခြင်း၊ စွဲလမ်းခြင်းကို ပယ်စွန့်နိုင်သော အလောဘတရားသည် ရှိ၏။ ထိုအလောဘတရားနှင့်ယှဉ်သော အကြံအစည်မျိုး သည် "**နေက္ခမ္မသင်္ကပ္ပ**" မည်၏။

www.dhammaransi.com



(၂) အဗျာပါဒသက်ပ္ပ– ဆိုသည်ကား လူ, တိရစ္ဆာန် အစရှိသော ခပ်သိမ်းသောသတ္တဝါတို့၌ ကောင်းကျိုးချမ်းသာကို လိုလားသော မေတ္တာတရားသည် ရှိ၏။ ထိုမေတ္တာတရားနှင့်ယှဉ်သော အကြံအစည်မျိုးသည် "**အဗျာပါဒသင်္ကပ္ပ**" မည်၏။

(၃) အဝိဟိံသာသင်္ကပ္ပ– ဆိုသည်ကား ခပ်သိမ်းသော ဒုက္ခိတသတ္တဝါတို့ကို သနားညှာတာတတ်သော ကရုဏာတရားသည် ရှိ၏။ ထိုကရုဏာတရားနှင့် ယှဉ်သော အကြံအစည်မျိုးသည် "**အဝိဟိံသာ– သင်္ကပ္ပ**" မည်၏။

**သမ္မာသင်္ကပ္ပ နိဒ္ဒေသ ပြီး၏။**

## သမ္မာဝါစာနိဒ္ဒေသ

၁။ မုသာဝါဒ ဝိရတိ၊

၂။ ပိသုဏာဝါစာ ဝိရတိ၊

၃။ ဖရုသဝါစာ ဝိရတိ၊

၄။ သမ္ဖပ္ပလာပ ဝိရတိ– ဟူသော သမ္မာဝါစာ လေးပါးတို့တွင် –

(၁) မုသာဝါဒဝိရတိ– ဆိုသည်ကား မဟုတ်သည်ကို အဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်း, ဟုတ်သည်ကို မဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်းသည် မုသာဝါဒ မည်၏။ ထိုမုသာဝါဒမှ လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် "**မုသာဝါဒဝိရတိ**" မည်၏။

(၂) ပိသုဏာဝါစာ ဝိရတိ– ဆိုသည်ကား အချင်းချင်း ယုံကြည် လေးမြတ်၍ နေကြကုန်သော ၂–ဦးသော သူတို့ကို အယုံအကြည် အလေးအမြတ်ပျက်အောင် ပြောဆိုခြင်း, စိတ်ဝမ်းကွဲပြားအောင် ပြောဆိုခြင်း, ၂–ဦးသော သူတို့၏အကြား၌ ကုန်းတိုက်ခြင်းသည် ပိသုဏာဝါစာ မည်၏။ ထိုပိသုဏာဝါစာမှ ကြဉ်ရှောင်ခြင်းသည် "**ပိသုဏာ ဝါစာ ဝိရတိ**" မည်၏။

(၃) ဖရုသဝါစာ ဝိရတိ– ဆိုသည်ကား ဆဲရေးလိုသော ဒေါသစိတ်ဖြင့် သူတစ်ပါးအား အမျိုးကို ထိခိုက်အောင်ဆိုခြင်း, အနွယ်ကို ထိခိုက်အောင်ဆိုခြင်း, သဏ္ဌာန်ကို ထိခိုက်အောင်ဆိုခြင်း, အလုပ်အကိုင်ကို ထိခိုက်အောင်ဆိုခြင်း

www.dhammaransi.com



အစရှိသည်တို့သည် ဖရုသဝါစာ မည်၏။ ထိုဖရုသဝါစာမှ ကြဉ်ရှောင်ခြင်းသည် **"ဖရုသဝါစာ ဝိရတိ"** မည်၏။

(၄) သမ္ဖပ္ပလာပ ဝိရတိ- ဆိုသည်ကား လောကဥ္စဆန်းကြယ်စွာ လုပ်ကိုင်၍ ထားကြကုန်သော ရာမဇာတ်ဝတ္ထု၊ အီနောင်ဇာတ်ဝတ္ထု၊ ငွေတောင်ဇာတ်ဝတ္ထု၊ ဘာရတဇာတ်ဝတ္ထု အစရှိကုန်သော ဒဏ္ဍာရီဝတ္ထုဇာတ်တို့သည် ရှိကုန်၏။ ထိုဇာတ်ဝတ္ထုတို့၌ ကြားနာသောသူတို့အား အလိမ္မာတိုးပွားရန် အတ္ထနှင့်စပ်ယှဉ်သော စကား၊ ဓမ္မနှင့် စပ်ယှဉ်သော စကား၊ ဝိနယနှင့် စပ်ယှဉ်သော စကားဟူ၍ မပါမရှိ။ သက်သက်အားဖြင့် စိတ်ပျော်မွေ့ဖွယ်တို့ကို လုပ်ကြံ၍ ထားသော စကားမျိုးသာပါရှိ၏။

## အတ္ထ၊ ဓမ္မ၊ ဝိနယ

"အတ္ထနှင့်စပ်ယှဉ်သော စကားမျိုး" ဆိုသည်ကား- အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ဓမ္မိယလဒ္ဓဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ရနိုင်ခြင်း အစရှိသော ပစ္စုပ္ပန်အကျိုး နောက်ဘဝတို့၌ လူ့ချမ်းသာကိုရခြင်း အစရှိသော ကောင်းကျိုးချမ်းသာမျိုးကို ပြဆိုသော စကားမျိုးတည်း။

"ဓမ္မနှင့်စပ်ယှဉ်သော စကားမျိုး" ဆိုသည်ကား ထိုအကျိုးတို့ကို ရရာရကြောင်းဖြစ်သော နည်းလမ်းဥပဒေသစကားမျိုးတည်း။

"ဝိနယနှင့် စပ်ယှဉ်သော စကားမျိုး" ဆိုသည်ကား လူ့ကျင့်ဝတ်တရား၊ ရှင့်ကျင့် ဝတ်တရားတို့နှင့် စပ်ယှဉ်သော စကားမျိုး၊ လောဘကိုဖြေဖျောက်ရန် တရားမျိုး၊ ဒေါသကိုဖြေဖျောက်ရန် တရားမျိုး စသည်တည်း။

ဤအတ္ထ၊ ဓမ္မ၊ ဝိနယတို့နှင့်စပ်ယှဉ်သော စကားမျိုးတို့သည် ထိုဇာတ်ဝတ္ထုတို့၌ မပါမရှိကုန်။ ထိုသို့သော ဒဏ္ဍာရီဇာတ်ဝတ္ထုများကို သူတစ်ပါးတို့အား ပြောဟောခြင်းသည် သမ္ဖပ္ပလာပ မည်၏။ ထိုသမ္ဖပ္ပလာပ စကားမျိုးမှ လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် **"သမ္ဖပ္ပလာပ ဝိရတိ"** မည်၏။

၃၂-ပါးသော တိရစ္ဆာန်ကထာ စကားမျိုးသည်လည်း သမ္ဖပ္ပလာပသာမညမျိုး မည်၏။

www.dhammaransi.com



အတ္ထ, ဓမ္မ, ဝိနယတို့၌ အလိမ္မာပွားစီးခြင်းကို အလိုရှိကုန်သော သူတို့သည် ထို ၃၂-ပါးသော တိရစ္ဆာနကထာ စကားမျိုးတို့နှင့် အချိန်နာရီ ကုန်ခြင်းကို ဝေးစွာ ကြဉ်ရှောင်ကြကုန်ရာ၏။ သမထဘာဝနာ, ဝိပဿနာဘာဝနာ အလုပ်များကို တည်ထောင်ကြကုန်သော သူတို့သည်မူကား အတ္ထ, ဓမ္မ, ဝိနယနှင့် စပ်ယှဉ်သော စကားမျိုးတို့ကိုသော်လည်း အတိုင်းအရှည်သိ၍ ပြောဆိုကြ ကုန်ရာ၏။

**သမ္မာဝါစာနိဒ္ဒေသ ပြီး၏။**

## သမ္မာကမ္မန္တနိဒ္ဒေသ

၁။ ပါဏာတိပါတ ဝိရတိ၊

၂။ အဒိန္နာဒါန ဝိရတိ၊

၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ- ဟူသော သမ္မာကမ္မန္တ ၃-ပါးတို့တွင် -

(၁) ပါဏာတိပါတ ဝိရတိ- ဆိုသည်ကား ကိုယ်ဝန်ကို ဖျက်ဆီးခြင်း, သန္ဓေ, ကြမ်းပိုးဥကို ဖျက်ဆီးခြင်းတို့မှစ၍ အသက်ရှိသော သတ္တဝါကို သေပျောက်ပျက်ဆုံးစေလိုသော စိတ်ဖြင့် သေပျောက်ပျက်ဆုံးရန် ကိုယ်ပယောဂ, နှုတ်ပယောဂကို ပြုခြင်းသည် ပါဏာတိပါတ မည်၏။ ထိုပါဏာတိပါတမှ ကြဉ် ရှောင်ခြင်းသည် "**ပါဏာတိပါတ ဝိရတိ**" မည်၏။

(၂) အဒိန္နာဒါနဝိရတိ- ဆိုသည်ကား မြက်, ထင်း, ရေတို့မှစ၍ သူတစ်ပါးတို့၏ ဥစ္စာဟူ၍ သိမ်းပိုက်ဆဲဖြစ်သော သက်ရှိသက်မဲ့ ဝတ္ထုကို ဥစ္စာရှင် မမြင်မသိအောင် ခိုးယူလိုသောစိတ်ဖြင့် ခိုးယူခြင်း, ကိုယ်ပယောဂ နှုတ်ပယောဂကို ပြုခြင်းသည် အဒိန္နာဒါန မည်၏။ ထိုအဒိန္နာဒါနမှ ကြဉ်ရှောင်ခြင်းသည် "**အဒိန္နာဒါန ဝိရတိ**" မည်၏။

(၃) ကာမေသုမိစ္ဆာစာရ ဝိရတိ- ဆိုသည်ကား အမိစောင့်သော မိန်းမ, အဘစောင့်သော မိန်းမတို့မှစ၍ မလွန်ကျူးထိုက်သော မိန်းမတို့၌ လွန်ကျူးသော ယောကျာ်း၏ လွန်ကျူးမှုသည် လည်းကောင်း, လင်ရှိလျက် မိမိလင်မှတစ်ပါးသော မလွန်ကျူးထိုက်သော ယောကျာ်းနှင့်လွန်ကျူးသော မိန်းမ၏ လွန်ကျူးမှုသည်

www.dhammaransi.com



လည်းကောင်း, ကာမေသုမိစ္ဆာ စာရ မည်၏။ (ယစ်မျိုး ငါးပါးသောက်စားမှုကို လည်းကောင်း, ဖဲ, ပဆစ်, ကြွေအန် အစရှိသော ကစားမှုများကိုလည်းကောင်း, ကာမေသု မိစ္ဆာစာရ၌ သွင်း၏။) ထိုကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်းသည် "**ကာမေသုမိစ္ဆာစာရ ဝိရတိ**" မည်၏။

သမ္မာကမ္မန္တ နိဒ္ဒေသ ပြီး၏။

## သမ္မာအာဇီဝနိဒ္ဒေသ

၁။ ဒုစ္စရိတမိစ္ဆာဇီဝ ဝိရတိ၊

၂။ အနေသနမိစ္ဆာဇီဝ ဝိရတိ၊

၃။ ကုဟနာဒိမိစ္ဆာဇီဝ ဝိရတိ၊

၄။ တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝ ဝိရတိ– ဟူသော သမ္မာအာဇီဝ ၄–ပါးတို့တွင်–

(၁) ဒုစ္စရိတမိစ္ဆာဇီဝ ဝိရတိ– ဆိုသည်ကား ပါဏာတိပါတ အစရှိသော ကာယဒုစရိုက် သုံးပါး၊ မုသာဝါဒ အစရှိသော ဝစီဒုစရိုက် လေးပါးတို့တွင် တစ်ပါးပါးသော ဒုစရိုက်မှုနှင့် ပစ္စည်းဥစ္စာရှာကြံ၍ အသက်မွေးခြင်းသည် ဒုစ္စရိတမိစ္ဆာဇီဝ မည်၏။

(မရောင်းအပ်သော ကုန်မျိုးငါးပါးတို့ကို ရောင်းချ၍ အသက်မွေး ခြင်းကိုလည်း ဤမိစ္ဆာဇီဝ၌ သင်္ဂြိုဟ်ရေတွက်အပ်၏။) ထိုဒုစ္စရိတမိစ္ဆာဇီဝမှ ကြဉ် ရှောင်ခြင်းသည် "**ဒုစ္စရိတမိစ္ဆာဇီဝ ဝိရတိ**" မည်၏။

(၂) အနေသနမိစ္ဆာဇီဝ ဝိရတိ– ဆိုသည်ကား လူတို့အား သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော ၂၁–ပါးသော အနေသနမှုတို့ဖြင့် ပစ္စည်းလာဘ်လာဘကို ဖြစ်စေ၍ ရသေ့ရဟန်းတို့၏ အသက်မွေးမှုသည် အနေသနမိစ္ဆာဇီဝ မည်၏။ ထိုမိစ္ဆာဇီဝမှ ကြဉ်ရှောင်မှုသည် "**အနေသန မိစ္ဆာဇီဝ ဝိရတိ**" မည်၏။

၃။ ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ– ဆိုသည်ကား ကုဟန, လပန, နိမိတ္တ, နိပ္ပေသန, လာဘေနလာဘနိဇိဂီသနဟူ၍ မိစ္ဆာဇီဝဝတ္ထု ငါးပါး ရှိ၏။

(က) "ကုဟန"– ဆိုသည်ကား အံ့ဖွယ်သရဲဖြစ်အောင် လုပ်ကြံစဉ်းလဲမှု တည်း၊ သီလမရှိပဲလျက် သီလရှိသည်ဟု ထင်မှတ်ရအောင်

www.dhammaransi.com



ဟန်ဆောင်ခြင်း အစရှိသည်ဖြင့် မိမိ၌မရှိသော အံ့ဖွယ်သရဲ ထူးကဲလွန်မြတ်သော ဂုဏ်တို့ကို မိမိ၌ရှိသည်ဟု ထင်မှတ်ရအောင် ကြံဆောင်စဉ်းလဲ၍ လာဘ်လာဘကို ဖြစ်စေမှု ဆိုလိုသည်။

(ခ) ''လပန''- ဆိုသည်ကား ပစ္စည်းလာဘ်လာဘနှင့် စပ်လျဉ်း၍ အပြောအဆို ရဲရင့်ခြင်းတည်း။

(ဂ) ''နိမိတ္တ''- ဆိုသည်ကား မိမိအား ပစ္စည်းဝတ္ထု လှူဒါန်းစေရန် အရိပ်နိမိတ်ကို ပြခြင်းတည်း။

(ဃ) ''နိပ္ပေသန''- ဆိုသည်ကား မလှူပဲမနေသာအောင် စကားဖြင့် ကြိတ်ခြင်း၊ နှိပ်ခြင်းတည်း။

(င) ''လာဘေန လာဘ နိဇိဂီသန''- ဆိုသည်ကား တစ်အိမ်၌ တစ်မတ်တန် ရပြီးသောလာဘ်ကို တစ်အိမ်၌ပေး၍ ထိုအိမ်မှ တစ်ကျပ်တန်လာဘ်ကို ရအောင် ပြုခြင်းတည်း။

ဤငါးပါးသော မိစ္ဆာဇီဝတို့မှ ကြဉ်ရှောင်ခြင်းသည် **''ကုဟနာဒိမိစ္ဆာဇီဝ ဝိရတိ''** မည်၏။

(၄) တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝ ဝိရတိ- ဆိုသည်ကား အင်္ဂဝိဇ္ဇာအတတ် လက္ခဏဝိဇ္ဇာအတတ် အစရှိသော လောကီအတတ်ပညာမျိုးသည် ရသေ့ရဟန်းတို့၏ ပဋိပတ္တိဓမ္မနှင့် ဖီလာကန့်လန့် ဆန့်ကျင်ဖက်မျိုးဖြစ်၍ တိရစ္ဆာနဝိဇ္ဇာ မည်၏။ ထိုအတတ်ပညာဖြင့် အင်္ဂါလက္ခဏာ စသည်တို့ကို ကြည့်ရှု၍ အကျိုးအပြစ်ကို ဟောကြားလျက် အသက်မွေးမှုသည် ရသေ့ရဟန်းတို့မှာ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ မည်၏။ ထိုမိစ္ဆာဇီဝမှ ကြဉ်ရှောင် မှုသည် **''တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝဝိရတိ''** မည်၏။

**သမ္မာအာဇီဝနိဒ္ဒေသ ပြီး၏။**

www.dhammaransi.com



## သမ္မာဝါယာမ နိဒ္ဒေသ

## အကုသိုလ် ၂–မျိုး

သမ္မာဝါယာမ ၄–ပါးတို့၌ သတ္တဝါတို့ကို အမြဲလျှင် ပူပန်စေတတ်၊ ညစ်ညူးစေတတ်၊ ယုတ်ညံ့သိမ်ဖျင်းခြင်းသို့ ရောက်စေတတ်သော အကုသိုလ်တရားသည် –

(က) ဥပ္ပန္နအကုသိုလ်၊

(ခ) အနုပ္ပန္နအကုသိုလ်– ဟူ၍ ၂–မျိုးရှိ၏။

## ကုသိုလ် ၂–မျိုး

သတ္တဝါတို့ကို အေးငြိမ်းစေတတ်၊ ဖြူစင်စေတတ်၊ မြင့်မြတ် ကြီးပွားခြင်းသို့ ရောက်စေတတ်သော ကုသိုလ်တရားသည် –

(က) ဥပ္ပန္နကုသိုလ်၊

(ခ) အနုပ္ပန္နကုသိုလ်– ဟူ၍ ၂–မျိုး ရှိ၏။

ဒုစရိုက်ဆယ်ပါးတို့တွင် အကြင်ဒုစရိုက်တရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်ဟူ၍ သိရှိ၏။ ဖြစ်ဆဲဟူ၍ သိရှိ၏။ ထိုဒုစရိုက်တရားသည် မိမိမှာ ဥပ္ပန္နအကုသိုလ် မည်၏။

အကြင်ဒုစရိုက်တရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်လည်း မဟုတ်။ ဖြစ်ဆဲလည်း မဟုတ်။ ရှေ့သို့ ဖြစ်လတ္တံ့သောအဖို့၌ တည်နေ၏။ ထိုဒုစရိုက်တရားသည် မိမိမှာ အနုပ္ပန္နအကုသိုလ် မည်၏။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိဟု ဆိုအပ်သော ဝိသုဒ္ဓိ ၇–ပါးတို့တွင် အကြင် ဝိသုဒ္ဓိတရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူး၏။ ဖြစ်၍တည်၏။ ထိုဝိသုဒ္ဓိတရားသည် မိမိမှာ ဥပ္ပန္နကုသိုလ် မည်၏။

အကြင်ဝိသုဒ္ဓိ တရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသေး၊ မရဖူးသေး၊ ထိုဝိသုဒ္ဓိတရားသည် မိမိမှာ အနုပ္ပန္နကုသိုလ် မည်၏။

www.dhammaransi.com



ဤသို့လျှင် အကုသိုလ်သည်လည်း ဥပ္ပန္န, အနုပ္ပန္နဟူ၍ ၂-မျိုး။ ကုသိုလ်သည်လည်း ဥပ္ပန္န, အနုပ္ပန္နဟူ၍ ၂-မျိုး ရှိ၏။

## မဂ္ဂင်၏ အာနုဘော်

ပစ္စုပ္ပန်ဘဝ၌ မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်သည်ရှိသော် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသော ဥပ္ပန္နဒုစရိုက်တို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် နောင်မိမိသန္တာန်မှာ တစ်ဖန် မဖြစ်ပေါ်လာကုန်ပြီ။ ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသေးကုန်မူ၍ နောင်ဖြစ်လတ္တံ့သောအဖို့၌ တည်နေကုန်သော အနုပ္ပန္န ဒုစရိုက်တရားတို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် နောင်မိမိသန္တာန်မှာ တရံတဆစ်မျှ မဖြစ်လာကုန်ပြီ။ ဥပ္ပန္န, အနုပ္ပန္န ဒုစရိုက်နှစ်ပါးတို့သည် မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝတွင် အမြစ်အရင်းနှင့်တကွ ကုန်ဆုံးခြင်းသို့ ရောက်ကြလေကုန်၏။

## ဝိသုဒ္ဓိ ၇-ပါးဖြစ်ပုံ

ထို့အတူ ယခုဘဝ၌ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်ကြကုန် သည်ရှိသော် ဝိသုဒ္ဓိ ၇-ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာရရှိနေသော ဝိသုဒ္ဓိတရားသည်လည်း မဂ္ဂင်ရှစ်ပါး၏အာနုဘော်ကြောင့် အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် မိမိသန္တာန်၌ တစ်ဖန် ပျက်စီးခြင်းမရှိသော နိယာမသဘောသို့ ဆိုက်ရောက်၍ တည်လေ၏။ ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးကုန်သေး၊ မရဖူးကုန်သေး၊ မရောက်ဖူးကုန်သေးသော ဝိသုဒ္ဓိတရားတို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝ၌ပင်လျှင် မိမိသန္တာန်၌ ဖြစ်ပေါ်လာကြကုန်၏။ ရကြရကုန်၏။ ရောက်ကြရကုန်၏။

www.dhammaransi.com



## ကိုယ်ကျိုးအမှန်

ထို့ကြောင့် ဘုရားသာသနာတွင်း၌ ကြုံကြိုက်ကြရကုန်သော လူရှင်အပေါင်း သူတော်ကောင်းတို့မှာ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်ခြင်းဟူသော သမ္မာဝါယာမ ကိစ္စတစ်ခုသည်သာလျှင် ကိုယ်ကျိုးကိုယ်စီးပွား အမှန်ဖြစ်ချေသည်ဟု သိမြင်ကြရကုန်၏၊ တစ်ပါးသော လူ့ကိစ္စ ရှင့်ကိစ္စများသည် မနေသာလှ၍ မလွှဲသာလှ၍ မရှောင်သာလှ၍ ပြုကြရသော အပကိစ္စမျိုးသာ ဖြစ်သည်ဟု သိမြင်ကြရကုန်၏။ ဤကား ဗုဒ္ဓဘာသာ သာသနာ၌ လိုရင်းပဓာန ဖြစ်သော သမ္မာဝါယာမကိစ္စကြီးကို ပြဆိုခြင်းတည်း။

ဥပ္ပန္န, အနုပ္ပန္နကို ပြဆိုလျှင် အကုသိုလ်၌ ဒုစရိုက် ၁၀-ပါးနှင့် ပြဆိုမူ လူတို့ သိလွယ်သည်။ ကုသိုလ်၌ ဝိသုဒ္ဓိ ၇-ပါးအစဉ်နှင့် ပြဆိုမှုလူတို့ သိလွယ်သည်။

## သမ္မာဝါယာမ ၄-ပါး

၁။ ယခုဘဝတွင် မိမိသန္တာန်တွင် ဖြစ်ဖူးကုန်သော ဒုစရိုက် တရားတို့ကို နောင် ဤဘဝမှစ၍ ဘဝအဆက်ဆက်တို့၌ မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ တစ်ဖန် ဖြစ်ပေါ်ခြင်း မရှိလေအောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း **“သမ္မာဝါယာမ တစ်ပါး”**။

၂။ ယခုဘဝတွင် မိမိသန္တာန်၌ မဖြစ်ဖူးကုန်မူ၍ နောင်မိမိသန္တာန်မှာ ဖြစ်လတ္တံ့သောအဖို့၌ တည်နေကုန်သော ဒုစရိုက်တရားတို့ကို အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် နောင်မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ ဖြစ်လာခြင်း မရှိလေအောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း **“သမ္မာဝါယာမ တစ်ပါး”**။

၃။ ယခုဘဝတွင် မိမိသန္တာန်တွင် မဖြစ်ဖူးကုန်သေးသော အထက် အထက်သော ဝိသုဒ္ဓိတို့ကို ယခုဘဝ၌ပင် မရလျှင်မနေရ၊ မရောက်လျှင် မနေရအောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း **“သမ္မာဝါယာမ တစ်ပါး”**။

၄။ ယခုဘဝတွင် မိမိသန္တာန်မှာ ကျင့်သုံးဆောက်တည်၍နေသော ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလဟူသော သီလဝိသုဒ္ဓိတရားကို နိယာမအဖြစ်သို့

www.dhammaransi.com



ရောက်၍ နောင်နိဗ္ဗာန်ရသည့် ဘ၀တိုင်အောင် အစဉ်အမြဲ တည်စေခြင်းငှါ မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း **"သမ္မာဝါယာမတစ်ပါး"**။

ဤကား လူတို့သိလွယ်ရန် ဝေဖန်၍ပြဆိုသော သမ္မာဝါယာမ ၄-ပါးတည်း။ ၄-ပါး ဆိုသော်လည်း ကိစ္စအားဖြင့်သာ ၄-ပါးရှိသည်။ တရားကိုယ်မှာ ဝီရိယတစ်ပါးသာတည်း။ တစ်ခုသော ဝိသုဒ္ဓိကို ရရှိအောင် အားထုတ်သောအခါ၌ တစ်ခုသော ဝီရိယမှာ ထိုကိစ္စ ၄-ပါး တစ်ပေါင်းတည်း ပါဝင်၏။

**သမ္မာဝါယာမ နိဒ္ဒေသ ပြီး၏။**

## သမ္မာသတိနိဒ္ဒေသ

### သူရူးဥပမာ

သမ္မာသတိ ၄-ပါး၌ သတ္တဝါတို့၏ ပကတိစိတ်သည် ရပ်တည်မရ လွင့်ပါးပြေးသွား၍ နေ၏။ ကမ္မဋ္ဌာန်းအာရုံ၌ မိမိတို့စိတ်ကို တည်ငြိမ်စွာထားခြင်းငှါ အစိုးမရကြကုန်။ စိတ်ကို အစိုးမရကြကုန်သော် သူရူး သူနှမ်းတို့နှင့် တူကုန်၏။ ထိုသူရူး သူနှမ်းတို့သည် စိတ်ကိုအစိုးမရ ကြကုန်သည့်အတွက် တစ်စုံတစ်ခုသော လူ့အရေး လူ့အရာတို့၌ လူရာမဝင်ကုန်။

ထို့အတူ ဘာဝနာကိစ္စတို့၌ မိမိတို့စိတ်ကိုတည်ငြိမ်စွာ ထားခြင်းငှါ အစိုးမရကြကုန်သော ရှင်လူအပေါင်းတို့သည် တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်း၍စမ်းလျှင် သူရူးသူနှမ်းနှင့် အလားတူဖြစ်၍ နေကြကုန်၏။ ကမ္မဋ္ဌာန်းအာရုံနှင့် တွေ့ကြုံလျှင် မိမိတို့စိတ်ကို မိမိတို့ အစိုးမရရှိနေကြသည်ကို သိကြကုန်၏။ ထို့ကြောင့် ရပ်တည်မရ လှုပ်ရှားလွင့်ပါး ပြေးသွား၍နေသော စိတ်ရူးစိတ်နှောက်တို့ကို ပယ်ဖျောက်၍ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်ငြိမ်စွာ ထားနိုင်ခြင်းငှါ လေးပါးသော သတိပဋ္ဌာန်တရားတို့ကို အားထုတ်ကြရကုန်သတည်း။ ထို ၄-ပါးသော သတိပဋ္ဌာန် တရားတို့တွင် -

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်- ဆိုသည်ကား မိမိ၏ ရူပကာယခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်းဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ ထားခြင်းတည်း။ ထွက်သက် ဝင်သက်စသော တစ်ခုတစ်ခုသော

www.dhammaransi.com



ရူပကာယကို စွဲမြဲစွာ ရှုခြင်းဆိုလိုသည်။ ထိုသို့ ထားဖန်များ၍ ၃-လ, ၄-လ စသည်ရှိလတ်သော် စိတ်ရူးစိတ်နောက်သည် ပျောက်ငြိမ်း၏။ တစ်နေ့ တစ်နေ့လျှင် ၁-နာရီတန်သည် ၂-နာရီ, ၃-နာရီ, ၄-နာရီ, ၅-နာရီ, ၆-နာရီတန်သည် ထွက်သက် ဝင်သက် စသော မိမိရူပကာယခန္ဓာကိုယ်၌ မိမိစိတ်ကို တည်ငြိမ်စွာ ထားနိုင်၏။ ထိုအခါ အလိုရှိရာကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာထားခြင်းငှါ မိမိစိတ်ကို မိမိအစိုးရ၏။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်- ဆိုသည်ကား မိမိသန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲဖြစ်၍နေသော သုခဝေဒနာ, ဒုက္ခ ဝေဒနာ စသော ဝေဒနာကာယခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန် ဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ထားခြင်းတည်း။ ထိုသို့ ထားဖန်များလတ်သော် စိတ်ရူးစိတ်နောက် ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်းစွာထားခြင်းငှါ မိမိစိတ်ကို မိမိအစိုးရ၏။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်- ဆိုသည်ကား မိမိသန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲဖြစ်၍နေသော လောဘနှင့်ယှဉ်သောစိတ်၊ ဒေါသနှင့်ယှဉ်သောစိတ် စသောစိတ်အမျိုးမျိုးတို့၌ မိမိစိတ်ကို သမ္မာသတိတည်း ဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ထားခြင်းတည်း။ ထိုသို့ ထားဖန်များလတ်သော် စိတ်ရူးစိတ်နောက်သည် ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာ ထားခြင်းငှါ မိမိစိတ်ကို မိမိအစိုးရ၏။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်- ဆိုသည်ကား မိမိသန္တာန်၌ ရှိနေသော ကာမစ္ဆန္ဒ, ဗျာပါဒ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ အစရှိသော တရားတို့၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ ထားခြင်းတည်း။ ထိုသို့ ထားဖန်များလတ်သော် စိတ်ရူးစိတ်နောက်သည် ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာ ထားခြင်းငှါ မိမိစိတ်ကို မိမိအစိုးရ၏။

www.dhammaransi.com



## ကြိုးလွန်ဖြင့် ဖွဲ့ထား

မိမိကိုယ်ခန္ဓာကို ရူပကာယမျိုး, ဝေဒနာကာယမျိုး, စိတ္တကာယမျိုး, ဓမ္မကာယမျိုးဟု ၄-ပုံ ၄-စုပြု၍ ထားပြီးလျှင် ပိုင်းခြားရာ နာရီအတွင်း၌ မိမိခန္ဓာကိုယ်မှ အပအာရုံသို့ မိမိစိတ်ကို မထွက်မသွားစေမူ၍ ထို ၄-ပါးသော မိမိအဇ္ဈတ္တ ကာယတို့၌သာလျှင် သတိတည်းဟူသော ကြိုးလွန်ဖြင့် ဖွဲ့ထား၍ ဘဝအဆက်အဆက်တို့က အစဉ်ပါလာသော စိတ်ရူးစိတ်နှောက်, စိတ်ပူ စိတ်လောင်တွေကို ပျောက်ငြိမ်းအောင်ပြုမှုကို သတိပဋ္ဌာန်အလုပ် ဆိုသည်။

**[အကျယ်ကိုမူကား မဟာသတိပဋ္ဌာနသုတ်ကြီးမှာ ယူလေ၊ ထွက်သက်, ဝင်သက်ရှုနည်းကို ငါတို့စီရင်သော အာနာပါန ဒီပနီကျမ်းမှာ ယူလေ။]**

တစ်နေ့, တစ်နေ့တွင် ညဉ့်အခါ၌ ၂-နာရီတန်သည်၊ ၃-နာရီ တန်သည်၊ အချိန်ကို ပိုင်းခြား၍ အားထုတ်ရမည်။

**သမ္မာသတိနိဒ္ဒေသ ပြီး၏။**

## သမ္မာသမာဓိနိဒ္ဒေသ

### စာသင်ပုံ ဥပမာ

သမ္မာသမာဓိ ၄-ပါး၌ လောက၌ စာပေကျမ်းဂန် သင်ကြားမှုမှာ သင်ပုန်းကြီးသည် အစအဦးဖြစ်၏။ သင်ပုန်းကြီးကျေလည်မှ အထက်စာကို သင်ကြား၍ ဖြစ်သည်။ ထို့အတူ ဘာဝနာအလုပ်မှာလည်း သတိပဋ္ဌာန်သည် အစအဦး ဖြစ်သည်။ သတိပဋ္ဌာန် အလုပ်နေရာကျ၍ စိတ်ရူးစိတ်နှောက် ပျောက်ငြိမ်းမှ အထက် အထက်က ကမ္မဋ္ဌာန်းဘာဝနာအမှုများကို တည်ကြည်စွာ အားထုတ်နိုင်သည်။

ထို့ကြောင့် သတိပဋ္ဌာန်အလုပ် နေရာကျ၍ မိမိကိုယ်ခန္ဓာ အစုတို့၌ တစ်နေ့လျှင် ၁-နာရီ, ၂-နာရီ, ၃-နာရီ စသည်ဖြင့် မိမိစိတ်ကို တည်ငြိမ်စွာ ထားနိုင်ကြသောအခါ၌ သင်ပုန်းကြီး ကျေလည်ပြီးသောအခါ မင်္ဂလသုတ်, နမက္ကာရ, ပရိတ်ကြီး, သဒ္ဒါ, သင်္ဂြိုဟ် စသည်များကိုတက်၍ သင်ကြားရသကဲ့သို့ စိတ္တဝိသုဒ္ဓိဘာဝနာဟု ဆိုအပ်သော သမထစျာန် သမာဓိ ၄-ပါးကို အားထုတ်ရာ သတည်း။

www.dhammaransi.com



ထို ၄-ပါးတို့တွင် -

၁။ ပထမဈာန်သမာဓိ- ဆိုသည်ကား ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကေသာ, လောမ-စသော ဒွတ္တိံသာကာရ တစ်ပါး၊ အာနာပါန တစ်ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟူသော ဗြဟ္မဝိဟာရ ၃-ပါး၊ ဤ ၂၅-ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ခုခုသော ကမ္မဋ္ဌာန်း၌ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတည်းဟူသော ဘာဝနာအစဉ်အားဖြင့် လွန်မင်းစွာ အားထုတ်၍ ရှေးဦးစွာရတတ်သော ပထမဈာန် သမာဓိကို ဆိုသတည်း။ ယခုကာလ၌ စိတ်ရှူး, စိတ်နောက် ပျောက်ငြိမ်းရုံမျှ အားထုတ်သော အာနာပါနအလုပ်သည် ပထမဈာန် သမာဓိအလုပ်၌ အတွင်းဝင်၏။

[သတိပဋ္ဌာန်အလုပ်, ပထမဈာန် သမာဓိအလုပ် ၂-ချက်ရ၏၊ ဤသမာဓိဈာန် ၄-ပါးတို့၏ အစီအရင်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ယူလေ။]

သမ္မာသမာဓိနိဒ္ဒေသ ပြီး၏။

ဤတွင်ရွေ့ မဂ္ဂင် ၈-ပါး သရုပ်အကျယ် ပြီး၏။

## ဝဋ် ၃-ပါး ၄-လီ ပြဆိုခန်း

ယခုအခါ ဘုရားသာသနာတွင် မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်သည်ရှိသော် အကြင်ဝဋ်ဒုက္ခတရားတို့မှ လွတ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏။ ထိုဝဋ်ဒုက္ခတရားတို့ကို ပြဆိုပေအံ့။

ဝဋ်ဒုက္ခတရား- ဆိုသည်ကား ကိလေသဝဋ်တရား၊ ကမ္မဝဋ်တရား၊ ဝိပါကဝဋ်တရား ဤသုံးပါးကို ဆိုသတည်း။

ထိုဝဋ် ၃-ပါးသည်လည်း -

(က) အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၊

(ခ) ကာမသုဂတိ သံသရာ၏ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၊

(ဂ) ရူပသံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၊

(ဃ) အရူပသံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး-

ဟူ၍ ၃-ပါး ၄-လီ ရှိ၏။

ထို ၃-ပါး ၄-လီတွင် -

(က) အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၌ -

၁။ သက္ကာယဒိဋ္ဌိ တစ်ပါး, ဝိစိကိစ္ဆာတစ်ပါး ဤကိလေသာ ၂-ပါးသည် ကိလေသဝဋ် မည်၏။

၂။ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော အကုသလ ကမ္မပထတရားဆယ်ပါးတို့သည် ကမ္မဝဋ် မည်၏။

၃။ ငရဲသတ္တဝါ, တိရစ္ဆာန် သတ္တဝါ, ပြိတ္တာ သတ္တဝါ, အသူရကာယ် သတ္တဝါဟု ဆိုအပ်သော ဝိပါက်ကဋတ္တာ ခန္ဓာငါးပါးသည် ဝိပါကဝဋ် မည်၏။

## ဝဋ်အဓိပ္ပာယ်

အကြင်ပုဂ္ဂိုလ်တို့အား သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာသည် ရှိနေ၏။ ထိုပုဂ္ဂိုလ်တို့သည် အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံ၌ ဘဝပေါင်း အသင်္ချေ အနန္တတိုင်အောင် အဖန်ဖန် ရောက်ကြကုန်သော်လည်း တံငါမုဆိုး, သူခိုး, ဓားမြစသော အကုသိုလ် ကမ္မပထတွင်းသို့ တလဲလဲ ကျရောက်လာကြရကုန်၏။ အဝီစိအစရှိသော အပါယ်ခန္ဓာတွင်းသို့လျှင် တလဲလဲ ကျရောက်လာကြရကုန်၏၊ ဤသို့လျှင် မကျွတ်နိုင်ပဲ တဝဲလည်လည် ပြန်လှန်၍နေသည်ကို ဝဋ်ဟူ၍ ဆိုသတည်း။

(ခ) ကာမသုဂတိ သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၌-

၁။ ကောင်းသော အဆင်းမျိုး, အသံမျိုး, အနံ့မျိုး, အရသာမျိုး, အတွေ့ အထိမျိုးတို့၌ သာယာခင်မက် နှစ်သက်တွယ်တာသော ကာမတဏှာ သည် ကိလေသဝဋ် မည်၏။

၂။ ဒါန, သီလ, ဘာဝနာစသော ကာမာဝစရပုည ကိရိယဝတ္ထုဆယ်ပါး သည် ကမ္မဝဋ် မည်၏။

www.dhammaransi.com



၃။ လူသတ္တဝါ, နတ်ပြည် ၆-ထပ် နတ်သတ္တဝါဟု ဆိုအပ်သော ဝိပါက်ကဋတ္တာ ခန္ဓာငါးပါးသည် ဝိပါကဝဋ် မည်၏။

အကြင်ပုဂ္ဂိုလ်တို့အား ကာမတဏှာသည် ရှိနေ၏၊ ထိုပုဂ္ဂိုလ်တို့သည် အထက်ဖြစ်သော ဘဝဂ်ဘုံသို့ အဖန်ဖန် ရောက်ကုန်ငြားသော်လည်း ကာမတဏှာ၏ ကျွန်အဖြစ်သို့ တလဲလဲ ကျရောက်လာကြကုန်၏။ (ဂ-ဃ) ရူပ, အရူပ သံသရာဆိုင်ရာ ဝဋ်သုံးပါးတို့၌ -

၁။ ရူပဘဝ, အရူပဘဝတို့၌ သာယာတွယ်တာသော ရူပတဏှာ, အရူပ တဏှာများသည် ကိလေသဝဋ် မည်၏။

၂။ ရူပကုသိုလ်, အရူပကုသိုလ်များသည် ကမ္မဝဋ် မည်၏။

၃။ ရူပဗြဟ္မာဟု ဆိုအပ်သော ဝိပါက်ကဋတ္တာခန္ဓာငါးပါး အရူပဗြဟ္မာဟု ဆိုအပ်သော ဝိပါက်နာမက္ခန္ဓာလေးပါးသည် ဝိပါကဝဋ် မည်၏။

ရူပတဏှာ, ရူပကုသိုလ်, ရူပဗြဟ္မာ့ခန္ဓာ၊ အရူပတဏှာ, အရူပကုသိုလ်, အရူပဗြဟ္မာ့ခန္ဓာဟူ၍ ဝဋ်သုံးပါးနှစ်လီ ဝေဖန်လေ။

ဝဋ် ၃-ပါး ၄-လီ ပြဆိုခန်း ပြီး၏။

## မဂ္ဂင်နှင့် ဝဋ် တွဲဖက်ခန်း

ရှေး၌ ပြဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးသည်လည်း သောတာပတ္တိ မဂ္ဂင်ရှစ်ပါး, သကဒါဂါမိ မဂ္ဂင်ရှစ်ပါး, အနာဂါမိ မဂ္ဂင်ရှစ်ပါး, အရဟတ္တ မဂ္ဂင်ရှစ်ပါးဟူ၍ ရှစ်ပါးလေးလီ ရှိပြန်၏။ ထို ၈-ပါး ၄-လီတို့တွင်-

၁။ သောတာပတ္တိ မဂ္ဂင်ရှစ်ပါးသည် အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ် ၃-ပါးကို အကြွင်းမဲ့ ချုပ်ငြိမ်းစေ၏။ ကာမသုဂတိ၏ ဆိုင်ရာဖြစ်သော ဝဋ် ၃-ပါး၌မူကား၊ နောက် ၇-ဘဝကို ချန်လှပ်၍ ၇-ဘဝမှ အထက်ဖြစ်လတ္တံ့သော၊ ကာမသုဂတိ၏ဆိုင်ရာ ဝဋ် ၃-ပါးကိုလည်း သောတာပတ္တိ မဂ္ဂင်ရှစ်ပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်းစေ၏။

၂။ သကဒါဂါမိ မဂ္ဂင်ရှစ်ပါးသည် အကျန် ၇-ဘဝတို့တွင် ၂-ဘဝကို ချန်လှပ်၍ ၂-ဘဝအထက်၌ ဖြစ်လတ္တံ့သော ၅-ဘဝတို့၌ ကာမသုဂတိ၏ဆိုင်ရာ

www.dhammaransi.com



ဝဋ် ၂-ပါးကို အကြွင်းမဲ့ ချုပ်ငြိမ်းစေ၏။

၃။ အနာဂါမိ မဂ္ဂင်ရှစ်ပါးသည်အကျန် ကာမသုဂတိ ၂-ဘဝကို အကြွင်းမဲ့ ချုပ်ငြိမ်းစေ၏။ ရူပဘဝ, အရူပဘဝသာ ကျန်ရှိ၏။

၄။ အရဟတ္တ မဂ္ဂင်ရှစ်ပါးသည် ရူပသံသရာ အရူပသံသရာတို့၏ ဆိုင်ရာဖြစ်ကုန်သော ဝဋ်သုံးပါးတို့ကို အကြွင်းမဲ့ ချုပ်ငြိမ်းစေ၏။ အလုံးစုံသော ကိလေသာတို့သည် ချုပ်ငြိမ်းကုန်၏။

မဂ္ဂင်နှင့်ဝဋ် တွဲဖက်၍ ပြဆိုခန်း ပြီး၏။

## ဒိဋ္ဌိ၏ ပထမ ဒုတိယ တတိယဘုံ

## သက္ကာယဒိဋ္ဌိ-သာ ပဓာန

ဝဋ်သုံးပါး လေးလီရှိသည်တွင် ယခုကာလ၌ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့မှာ အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သာ အပါယ်ဝဋ်သုံးပါးသည် လိုရင်းဖြစ်၏။ ဦးခေါင်း၌ လောင်မီးကျလောင်၍နေသော ယောကျ်ားအား ထိုအခါ၌ ထိုမီးကို သတ်တဲ့ရန်အရေးသည် အကြီးဆုံးသောအရေး ဖြစ်၏။ တစ်မိနစ်မျှ ကြာမြင့် ဖင့်နွှေး၍ မနေသာမှုကြီး ဖြစ်၏။ မြတ်စွာဘုရား သာသနာတော်တွင်း၌ ကြုံကြိုက် ကြကုန်သော သူတို့မှာ ဦးခေါင်း၌ လောင်မီးကျလောင်၍နေသော အမှုထက်ပင် အပါယ်ဝဋ်သုံးပါးကို အကြွင်းမဲ့ ပယ်သတ်ရန် အမှုသည် အရေးတကြီးလိုလှ၏။ ထိုကြောင့် ဤကျမ်း၌ အပါယ်ဝဋ်သုံးပါး၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး အစီအရင်ကို ရှေးဦးစွာဆိုပေအံ့။ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ၂-ပါးတို့တွင် သက္ကာယဒိဋ္ဌိသည်သာ လိုရင်းပဓာန ဖြစ်၏။ သက္ကာယဒိဋ္ဌိ အကြွင်းမဲ့ ချုပ်ငြိမ်းလျှင် ဝိစိကိစ္ဆာလည်း အကြွင်းမဲ့ ချုပ်ငြိမ်းတော့သည်။ အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့လည်း အကြွင်းမဲ့ ချုပ်ငြိမ်းလေကုန်တော့သည်။ အပါယ်သံသရာလည်း အကြွင်းမဲ့ ချုပ်ငြိမ်းလေတော့သည်။

www.dhammaransi.com



## သက္ကာယဒိဋ္ဌိ အဓိပ္ပါယ်

သက္ကာယဒိဋ္ဌိ ဆိုသည်ကား- အတ္တဒိဋ္ဌိ ဆိုသတည်း။ စက္ခုကို ငါ, ငါဟူ၍လည်းကောင်း၊ ငါ၏အတ္တဟူ၍လည်းကောင်း ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍နေသော ဒိဋ္ဌိတည်း။ သောတကို, ဃာနကို, ဇိဝှာကို, ကာယကို, မနောကို ငါ-ငါဟူ၍လည်းကောင်း၊ ငါ၏အတ္တ ဟူ၍လည်းကောင်း ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍နေသော ဒိဋ္ဌိတည်း။

## ငါ, ငါဟု စွဲလမ်းပုံ

ထိုထိုအဆင်းသဏ္ဌာန်ကို မြင်ကြသောအခါ ငါမြင်သည်, ငါမြင်သည်ဟု ကြောင်ကြောင်ကြီး ထင်မြင်စွဲလမ်း၍နေမှုသည် စက္ခုကို ငါ, ငါဟူ၍ ထင်မြင်စွဲလမ်းမှု မည်၏။ ထိုထိုအသံကို ကြားကြသောအခါ ငါကြားသည်, ငါကြားသည်ဟု၊ ထိုထိုအနံ့ကို နံကြသောအခါ ငါနံသည်, ငါနံသည်ဟု၊ ထိုထိုအရသာကို စားကြသောအခါ ငါစားသည်, ငါစားသည်ဟု၊ ကိုယ်၌ ပူခြင်း, အေးခြင်း, ညောင်းခြင်း, ညာခြင်း, နာခြင်း, ကျင်ခြင်း စသည်ဖြစ်ပေါ်လာသော အခါ ငါပူသည်, ငါအေးသည်, ငါညောင်းညာသည်, ငါကျင်သည်ဟု၊ ထိုထိုအရာကို ကြံဖန်ကြ သောအခါ ငါကြံသည်, ငါကြံသည်ဟု- ကြောင်ကြောင်ကြီး ထင်မြင် စွဲလမ်း၍နေမှုသည် မနောကို ငါ, ငါဟူ၍ ထင်မြင်စွဲလမ်းမှု မည်၏။ ဤကား အတွင်းအာယတန ခြောက်ပါးတို့၌ သက္ကာယဒိဋ္ဌိ စွဲလမ်း၍နေပုံတည်း။

## ပထမနိဗ္ဗာန်သို့ ရောက်ပုံ

ရှေးရှေးသော ဘဝတို့၌ မိုက်မဲ မှောက်မှားခဲ့ကုန်သော ခပ်သိမ်းသော ဒုစရိုက်ကံဟောင်းတို့သည် ထိုသက္ကာယဒိဋ္ဌိမှ တွယ်တာ၍ သတ္တဝါတို့၏ သန္တာန်၌ အစဉ်လိုက်၍ နေကြကုန်၏။ နောက်နောက်သော ဘဝတို့၌ မိုက်မဲမှောက်မှားလတ္တံ့ ကုန်သော ခပ်သိမ်းသော ဒုစရိုက် ကံသစ်တို့သည် ထိုသက္ကာယဒိဋ္ဌိမှ ဖြစ်ကြ ရ၏။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်ရှိသော် အဟောင်းအသစ် ဖြစ်ကုန်သော ထိုဒုစရိုက်ကံတို့သည် တစ်ခုမကျန် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ ထိုသူမှာ အပါယ်

www.dhammaransi.com



သံသရာကြီးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏။

ယခုဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် ထိုသူ့သန္တာန်မှာ ခပ်သိမ်းသော ဒုစရိုက်အမိုက်အမဲတို့သည်လည်းကောင်း၊ ခပ်သိမ်းသော ဒိဋ္ဌိအမှောက်အမှားတို့သည်လည်းကောင်း၊ ခပ်သိမ်းသောငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်ဘဝတို့သည်လည်းကောင်း၊ သက္ကာယဒိဋ္ဌိနှင့် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြကုန်၏။ ထိုသူသည် အပါယ်သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ္ဋသုံးပါး၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော သဥပါဒိသေသ ပထမနိဗ္ဗာန်သို့ ရောက်၏။ ဘုံစဉ်စံအရိယာ လောကုတ္တရာဘုံသား အဖြစ်သို့ရောက်လေ၏။ ဤကား သက္ကာယဒိဋ္ဌိ၏ အချက်အရာကို ပြဆိုခန်းတည်း။

## သက္ကာယဒိဋ္ဌိ၏ ဘုံ ၃-ဆင့်

ထိုသက္ကာယဒိဋ္ဌိသည် သတ္တဝါ၏ခန္ဓာကိုယ်၌ ဘုံသုံးဆင့်ဖြင့် တည်ထောင်၍ နေ၏။

ပထမဘုံကား - အနုသယဘုံတည်း။

ဒုတိယဘုံကား - ပရိယုဋ္ဌာနဘုံတည်း။

တတိယဘုံကား - ဝီတိက္ကမဘုံတည်း။

ကာယကံသုံးပါး, ဝစီကံလေးပါးကို ဝီတိက္ကမဘုံ ဆိုသည်။ မနောကံသည် ပရိယုဋ္ဌာနဘုံ ဆိုသည်။ ကံသုံးပါးသို့ မရောက်သေးမူ၍ ကံသုံးပါး၏အပြစ် မူလဗီဇမျိုးစေ့ အနေနှင့် ကိုယ်ခန္ဓာတစ်ခုလုံး၌ ကိန်း ဝပ်တည်ထောင်၍ အနမတဂ္ဂ သံသရာ၌ အစဉ်အမြဲ လိုက်ပါ၍နေသော ဒိဋ္ဌိကို အနုသယဘုံ ဆိုသည်။

ဒိဋ္ဌိဒုစရိုက်တို့ကို ဖြစ်ပွားနိုင်စေသော အာရုံတရားတို့သည် စက္ခုစသော ဒွါရခြောက်ပါးတို့တွင် တစ်ခုခုသောဒွါရ၌ ထိခိုက်လာကုန်သည်ရှိသော် ထိုဒိဋ္ဌိ၏ အပွားအစီးဖြစ်သော အကုသိုလ်စုသည် အနုသယဘုံမှ ထကြွ၍ ပရိယုဋ္ဌာနဘုံကို ပြည့်စေ၍ တည်လေ၏။ မနောကံ အဖြစ်သို့ရောက်၍ တည်လေ၏ဆိုသည်။

မနောကံအဖြစ်တွင် မငြိမ်းနိုင်ပြန်သော် ပရိယုဋ္ဌာနဘုံမှ ထကြွ

www.dhammaransi.com



သောင်းကျန်း၍ ဝီတိက္ကမဘုံကို ပြည့်စေ၍ တည်လေ၏။ ကာယကံ, ဝစီကံ အဖြစ်သို့ရောက်၍ တည်လေ၏ဆိုသည်။

## မီးခြစ်, မီးတောက် ဥပမာ

ဒိဋ္ဌိအနုသယဘုံသည် မီးခြစ်ဆေးခဲအတွင်း၌ ကိန်းဝပ်၍နေသော ဓာတ်နှင့် တူ၏။ ပရိယုဋ္ဌာန ဒုတိယဘုံသည် ကော်ပတ်နှင့်တိုက်သဖြင့် တောက်ထ၍ မီးခြစ်တံ၌ တောက်လောင်၍နေသော မီးတောက်နှင့်တူ၏။ ဝီတိက္ကမ တတိယဘုံ သည် မီးခြစ်တံမှကူးသော အမှိုက်ပုံစသည်ကို တောက်လောင်သော မီးတောက်နှင့် တူ၏။ အပဋ္ဌကောင်းသော အဆင်း, ကောင်းသောအသံ အစရှိသော အာရုံ ၆-ပးါသည် ကော်ပတ်နှင့် တူ၏။

ဒိဋ္ဌိ၏ ပထမဘုံ, ဒုတိယဘုံ, တတိယဘုံကို ပြဆိုခန်း ပြီး၏။

## မဂ္ဂင်ကို ခန္ဓာ ၃-ပါး ဖွဲ့ပုံ

၁။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ (ဤမဂ္ဂင်သုံးပါးသည် သီလက္ခန္ဓ မည်၏။)

၂။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ (ဤမဂ္ဂင်သုံးပါးသည် သမာဓိက္ခန္ဓ မည်၏။)

၃။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ (ဤမဂ္ဂင်နှစ်ပါးသည် ပညာက္ခန္ဓမည်၏။)

သီလ, သမာဓိ, ပညာဟူသော သာသနာတော် သုံးပါးဖြစ်၏။

သီလက္ခန္ဓမဂ္ဂင် ၃-ပါးကို အကျယ်ဝေဖန်သည်ရှိသော် အာဇီဝ ဋ္ဌမကသီလ ဖြစ်၏။ ဖြစ်ပုံကား -

**၁။ ပါဏာတိပါတာ ဝေရမဏီ။**

**၂။ အဒိန္နာဒါနာ ဝေရမဏီ။**

**၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။**

ဤ ၃-ပါးသည် သမ္မာကမ္မန္တ မဂ္ဂင်ပေတည်း။

www.dhammaransi.com



၁။ မုသာဝါဒါ ဝေရမဏီ။

၂။ ပိသုဏာဝါစာ ဝေရမဏီ။

၃။ ဖရုသဝါစာ ဝေရမဏီ။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ။

ဤ ၄-ပါးသည် သမ္မာဝါစာ မဂ္ဂင်ပေတည်း။

အသက်မွေးကြောင်းဖြစ်သော ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝ မဂ္ဂင်ပေတည်း။

ဤသို့လျှင်သီလက္ခန္ဓမဂ္ဂင် ၃-ပါးဟူသည်အာဇီဝဋ္ဌမကသီလပင်တည်း။

လူတို့၏ ငါးပါးသီလ, ရသေ့ပရိဗိုဇ်တို့၏ ဒသသီလ, သာမဏေတို့၏ ဒသသီလသည်လည်းကောင်း၊ ရဟန်းတို့၏ ၂၂၇-ပါးသော သိက္ခာပုဒ်တော်တို့သည်လည်းကောင်း၊ ဤနိစ္စသီလမျိုးစုသည် အာဇီဝဋ္ဌမကသီလ၌ အကျုံးဝင်ကုန်၏။ လူတို့၏ အဋ္ဌင်္ဂဥပေါသထသီလ, ဒသသီလများသည်လည်း လူတို့၏ ပဋ္ဌသီလ၊ အာဇီဝဋ္ဌမကသီလပေါ်တွင် အမွှမ်းတင်သီလ, အရောင်တင်သီလတည်း။

## ပယ်ဖျက်ပုံ ပြဆိုချက်

ဤသမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော သီလက္ခန္ဓမဂ္ဂင်သုံးပါးသည် သက္ကာယဒိဋ္ဌိ၏ တတိယဘုံကို ပယ်ဖျက်ရန် တရားစုပေတည်း။ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့ကို ပယ်ဖျက်ရန် တရားစု ဆိုလိုသည်။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါးသည် သက္ကာယဒိဋ္ဌိ၏ ဒုတိယဘုံကို ပယ်ဖျက်ရန် တရားစုပင်တည်း။ မနောဒုစရိုက် ၃-ပါးကို ပယ်ဖျက်ရန် တရားစုဆိုလိုသည်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓမဂ္ဂင်နှစ်ပါးသည် သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးကို ပယ်ဖျက်ရန် တရားစုပေတည်း။ သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခုလုံး၌ အနမတဂ္ဂ သံသရာတွင် အစဉ်အမြဲ ကိန်းဝပ်၍နေသော အနုသယဘုံကြီးကို ပယ်ဖျက်ရန် တရားစု ဆိုလိုသည်။

မဂ္ဂင်ကို ခန္ဓာ ၃-ပါးဖွဲ့ပုံ ပြီး၏။

## မိခင်ဧရာဝတီ

www.dhammaransi.com



## ဒိဋ္ဌိ၏ဘုံနှင့် မဂ္ဂင်ကို နေရာချ၍ ပြဆိုခန်း

သက္ကာယဒိဋ္ဌိ အစီးအပွားဖြစ်သော ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့ကို ပယ်ရှားခြင်းငှါ သီလက္ခန္ဓမဂ္ဂင် ၃-ပါးကို ထူထောင်ရမည်။ အာဇီဝဋ္ဌမက သီလကို ခံယူဆောက်တည်၍ စောင့်ထိန်းရမည် ဆိုလိုသည်။

သက္ကာယဒိဋ္ဌိ၏ အစီးအပွားဖြစ်သော မနောဒုစရိုက် ၃-ပါးကို ပယ်ရှားခြင်းငှါ သမာဓိက္ခန္ဓ မဂ္ဂင် ၃-ပါးကို ထူထောင်ရမည်။ အာနာပါန ကမ္မဋ္ဌာန်းအလုပ်, အဋ္ဌိကကမ္မဋ္ဌာန်းအလုပ်, ကသိဏ်းကမ္မဋ္ဌာန်းအလုပ် စသည်တို့တွင် တစ်ခုခုကို တည်ထောင်၍ ယုတ်စွအဆုံး တစ်နေ့ တစ်ညဉ့်အဖို့တွင် တစ်နာရီမျှသော်လည်း စိတ်တည်ကြည်ခွင့်ရအောင် နေ့စဉ်စွဲမြဲရမည် ဆိုလိုသည်။

ထို့နောက် သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးကို ပယ်သတ်ခြင်းငှါ ပညာက္ခန္ဓမဂ္ဂင် ၂-ပါးကို ထူထောင်ရမည်။ မိမိသန္တာန်၌ရှိသော ရုပ်တရား, နာမ်တရားတို့တွင် ထင်ရှားလှစွာသော တစ်ခုခုသော ရုပ်တရား, နာမ်တရား၌ အနိစ္စရှုနည်းကို ထူထောင်၍ အသက်ထက်ဆုံး အခွင့်သာသမျှ ကြိုးစားအားထုတ်၍ ရှုရမည် ဆိုလိုသည်။ ဤကား ဒိဋ္ဌိဘုံ ၃-ခုနှင့် မဂ္ဂင် ၃-မျိုးကု နေရာချ၍ ပြဆိုခန်းတည်း။

ဒိဋ္ဌိ၏ဘုံနှင့် မဂ္ဂင်ကို နေရာချ၍ ပြဆိုခန်း ပြီး၏။

## သီလက္ခန္ဓမဂ္ဂင် ထူထောင်ပုံ

### အာဇီဝဋ္ဌမကသီလ ခံယူပုံ

ရှေးဦးစွာ ဒိဋ္ဌိ၏ တတိယဘုံကြီးကို ပယ်ဖျက်ခြင်းငှါ လူဖြစ်သော သူတို့သည် အာဇီဝဋ္ဌမက သီလကို ခံယူဆောက်တည်၍ လုံခြုံစွာ စောင့်ထိန်းသဖြင့် သီလဝိသုဒ္ဓိ၌ တည်ကြကုန်ရာ၏။ မိမိတို့အလိုအလျောက် နှုတ်မြွက်၍ ဆောက်တည်လျှင်လည်း ပြီးပါပြီ။ နှုတ်မြွက်၍ မဆောက်တည်သော်လည်း ပါဏာတိပါတ အစရှိသော ရှစ်ပါးသောအမှုတို့ကို ယခုနေ့မှစ၍ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်မည်ဟု ဓိဋ္ဌာန်၍ ကြဉ်ရှောင်လျှင်လည်း ပြီးပါပြီ။

မိမိအလိုအလျောက် ဆောက်တည်ရာ၌ သီလတောင်းဖွယ် ကိစ္စမရှိပြီ။

မိခင်ရောဝတီ

www.dhammaransi.com



၁။ အဇ္ဈတ္တေ ပါဏာပေတံ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဇ္ဈတ္တေ ပါဏာပေတံ အဒိန္နာဒါနာ ဝိရမာမိ။
၃။ အဇ္ဈတ္တေ ပါဏာပေတံ ကာမေသုမိစ္ဆာစာရာ ဝိရမာမိ။
၄။ အဇ္ဈတ္တေ ပါဏာပေတံ မုသာဝါဒါ ဝိရမာမိ။
၅။ အဇ္ဈတ္တေ ပါဏာပေတံ ပိသုဏာယ ဝါစာယ ဝိရမာမိ။
၆။ အဇ္ဈတ္တေ ပါဏာပေတံ ဖရုသာယ ဝါစာယ ဝိရမာမိ။
၇။ အဇ္ဈတ္တေ ပါဏာပေတံ သမ္ဖပ္ပလာပါ ဝိရမာမိ။
၈။ အဇ္ဈတ္တေ ပါဏာပေတံ မိစ္ဆာဇီဝါ ဝိရမာမိ။

## အနက်ကား

၁။ အဟံ၊ ငါသည်။ အဇ္ဈတ္တေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ပါဏာတိပါတာ၊ သူ့အသက် ကိုသတ်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ ယစ်မျိုးငါးပါးနှင့်တကွသော ကာမေသုမိစ္ဆာစာရမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၅။ ပိသုဏာယဝါစာယ၊ သူ ၂-ယောက်တို့၏အကြား၌ ကုန်းတိုက်စကားမျိုးကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၆။ ဖရုသာယဝါစာယ၊ အမျိုးကိုထိအောင်ဆိုခြင်း အစရှိသော ကြမ်းတမ်းသော စကားမျိုးကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၇။ သမ္ဖပ္ပလာပါ၊ ပစ္စုပ္ပန်အကျိုး, သံသရာအကျိုး, လောကုတ္တရာအကျိုးတို့မှ လွတ်ကင်းသဖြင့် ပြိန်ဖျင်းသော စကားမျိုးကို သူတစ်ပါးတို့အား အရှည်အမြော ပြောဟောခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

မိခင်ရောဝတီ

www.dhammaransi.com



၈။ အဟံ၊ ငါသည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ မိစ္ဆာဇီဝါ၊ ယုတ်မာမှောက်မှား မတရားသော အသက်မွေးခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

[အလယ်သိက္ခာပုဒ်တို့၌လည်း "အဟံ၊ ငါသည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး"ပုဒ်တို့ကို အသီးသီး ထုတ်ဖော်၍ ဆိုလေ။]

## နိစ္စသီလမျိုးဖြစ်ပုံ

တစ်ခါ ခံယူဆောက်တည်၍ထားလျှင် မကျူးလွန်သမျှ ကာလပတ်လုံး မပျက်ပြီ။ ကျူးလွန်မိပြန်လျှင် ကျူးလွန်မိသော သိက္ခာပုဒ်ကိုသာထပ်၍ ဆောက်တည်ရသည်။ မကျူးလွန်မိသော သိက္ခာပုဒ်ကိုကား ထပ်၍ ဆောက်တည်ဖွယ် မရှိပြီ။ ထပ်၍ဆောက်တည်သော်လည်း အပြစ်မရှိ။ ခိုင်မြဲစေရခြင်း အကျိုးရှိ၏။ ဤအာဇီဝဋ္ဌမကသီလမည်သည် ငါးပါးသီလကဲ့သို့ နိစ္စသီလမျိုး ဖြစ်၏။ ဥပုသ်နေ့မှာမှ ဆောက်တည်ရသော သီလမျိုးမဟုတ်။ ဥပုသ်နေ့၌ ဥပုသ် စောင့်ထိန်းသူတို့မှာ ဥပေါသထသီလကိုသာ ဆောက်တည်ဖွယ်ရှိ၏။ ဆယ်ပါးသီလ ကို အမြဲစောင့်ထိန်းရသော သာမဏေ, ရသေ့, ပရိဗိုဇ်တို့သည်လည်းကောင်း၊ ၂၂၇-ပါးသော သိက္ခာပုဒ်တို့ကို အမြဲစောင့်ထိန်းရသော ရဟန်းတို့သည် လည်းကောင်း၊ အာဇီဝဋ္ဌမကသီလကို အထူးခံယူဖွယ် မရှိပြီ။

**အာဇီဝဋ္ဌမကသီလ ခံယူပုံကို ပြဆိုခန်း ပြီး၏။**

## ဒုစရိုက် ၈-ပါး အင်္ဂါများ
## ပါဏာတိပါတ အင်္ဂါ ၅-ပါး

၁။ ပါဏော၊ အသက်ရှိသော သတ္တဝါလည်း ဖြစ်စေ။
၂။ ပါဏသညိတာ၊ သတ္တဝါဟု သိရှိသည်လည်း ဖြစ်စေ။
၃။ ဝဓကစိတ္တံ၊ သတ်လိုသော စိတ်ရှိသည်လည်း ဖြစ်စေ။

www.dhammaransi.com



၄။ ဥပက္ကမော၊ သတ်အံ့သော ပယောဂကို ပြုသည်လည်း ဖြစ်စေ။

၅။ တေန၊ ထိုပယောဂကြောင့်။ မရဏံ၊ သေသည်လည်း ဖြစ်စေ။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ပထမသိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

## အဒိန္နာဒါန အင်္ဂါ ၅-ပါး

၁။ ပရပရိဂ္ဂဟိတံ၊ သူတစ်ပါး သိမ်းပိုက်သော ဝတ္ထုလည်း ဖြစ်စေ။

၂။ ပရပရိဂ္ဂဟိတသညိတာ၊ သူတစ်ပါး သိမ်းပိုက်သော ဝတ္ထုဟုသိရှိသည်လည်း ဖြစ်စေ။

၃။ ထေယျစိတ္တံ၊ ခိုးလိုသော စိတ်ရှိသည်လည်း ဖြစ်စေ။

၄။ ဥပက္ကမော၊ ခိုးအံ့သော ပယောဂကို ပြုသည်လည်း ဖြစ်စေ။

၅။ တေန၊ ထိုပယောဂဖြင့်၊ ဟရဏံ၊ ဆောင်ယူခြင်းမြောက်သည်လည်း ဖြစ်စေ။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ဒုတိယသိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

## ကာမေသုမိစ္ဆာစာရ အင်္ဂါ ၄-ပါး

၁။ အဂမနီယဝတ္ထု၊ မသွားလာထိုက်သော ယောကျ်ား, မိန်းမလည်း ဖြစ်စေ။

၂။ တသ္မိံ၊ ထိုမသွားလာထိုက်သော ယောကျ်ား, မိန်းမ၌။ သေဝနစိတ္တံ၊ ပေါင်းဖော်မှီဝဲလိုသောစိတ် ရှိသည်လည်း ဖြစ်စေ။

၃။ သေဝနပယောဂေါ၊ ပေါင်းဖော်မှီဝဲအံ့သော ပယောဂကိုပြုသည်လည်း ဖြစ်စေ။

၄။ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိအဓိဝါသနံ၊ မဂ်အင်္ဂါချင်း တွေ့ထိမှုကို သာယာခြင်း ရှိသည်လည်း ဖြစ်စေ။

www.dhammaransi.com



ဤအင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် တတိယ သိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

## မုသာဝါဒ အင်္ဂါ ၄-ပါး

၁။ အတထဝတ္ထု၊ မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ။

၂။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ။

၃။ တဇ္ဇော ဝါယာမော၊ ထိုစိတ်အားလျော်သော လုံ့လပယောဂကို ပြုသည်လည်း ဖြစ်စေ။

၄။ ပရဿ၊ သူတစ်ပါးက။ တဒတ္ထဝိဇာနနံ၊ ထိုစကား၏အနက်ကို သိသည်လည်း ဖြစ်စေ။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် စတုတ္ထသိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

## ပိသုဏဝါစာ အင်္ဂါ ၄-ပါး

၁။ ဘိန္ဒိတဗ္ဗော ပရော၊ ကွဲပြားစေအပ်သော သူတစ်ပါးလည်း ရှိစေ။

၂။ ဘေဒပုရေက္ခာရတာ၊ သူ ၂-ဦးတို့ ကွဲပြားခြင်းကို ရှေ့ရှုသည်လည်း ဖြစ်စေ။

၃။ တဇ္ဇော ဝါယာမော၊ ထိုစိတ်အားလျော်သော လုံ့လပယောဂ ကို ပြုသည်လည်း ဖြစ်စေ။

၄။ တဿ၊ ထိုသူတစ်ပါးက။ တဒတ္ထဝိဇာနနံ၊ ထိုကုန်းတိုက် သော စကား၏အနက်ကို သိသည်လည်း ဖြစ်စေ။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် ပဥ္စမ သိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

www.dhammaransi.com



## ဖရုသဝါစာ အင်္ဂါ ၃-ပါး

၁။ အက္ကောသိတဗ္ဗော ပရော၊ ဆဲရေးအပ်သော သူတစ်ပါးလည်း ရှိစေ။

၂။ ကုပိတစိတ္တံ၊ အမျက်ထွက်သော စိတ်လည်း ရှိစေ။

၃။ အက္ကောသနာ၊ ဆဲရေးသည်လည်း ဖြစ်စေ။

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် အဋ္ဌမသိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

## သမ္ဖပ္ပလာပ အင်္ဂါ ၂-ပါး

၁။ နိရတ္ထက ကထာ ပုရေက္ခာရတာ၊ အကျိုးမရှိသော စကားကို ရှေ့ရှုရင်းလည်း ဖြစ်စေ။

၂။ တထာရူပီ ကထာကထနံ၊ ထိုသို့ သဘောရှိသော စကားမျိုးကို ပြောဆိုသည်လည်း ဖြစ်စေ။

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံအောင် ကျူးလွန်မိလျှင် သတ္တမ သိက္ခာပုဒ် ပျက်၏။ ထပ်မံ၍ ခံယူဆောက်တည်ရမည်။

ဒုစရိုက် ၈-ပါးအင်္ဂါ ပြီး၏။

## သိက္ခာပုဒ်ပျက်ခြင်းနှင့် ကမ္မပထမြောက်ခြင်း

အကျိုးမရှိသော စကားမျိုးဆိုသည်ကား- ဆန်းကြယ်စွာ လုပ်ကြံ၍ ထားသော ထိုဇာတ်မျိုးတည်း။ ရာမဇာတ်, အီနောင်ဇာတ်, ငွေတောင်ဇာတ် စသည်တို့တည်း။ ယခုကာလတို့၌ သမ္ဖပ္ပလာပအင်္ဂါ ဖြစ်သော ထိုဇာတ်ဝတ္ထုမျိုး များစွာ ပေါ်ပေါက်လျက် ရှိကြ၏။

မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပတို့၌ ပြဆိုခဲ့သော အင်္ဂါတို့ကား သိက္ခာပုဒ်ပျက်ကြောင်း အင်္ဂါတို့သာတည်း။ ကမ္မပထမြောက်ကြောင်း အင်္ဂါတို့ မဟုတ်ကုန်သေး။

မုသာဝါဒ၌ သူတစ်ပါးတို့၏ အကျိုးစီးပွား ပျက်စီးခြင်း အင်္ဂါ။

ပိသုဏာဝါစာ၌ သူတစ်ပါး စိတ်ဝမ်းကွဲပြားခြင်း အင်္ဂါ။

www.dhammaransi.com



သမ္ဖပ္ပလာပ၌ ထိုဇာတ်ဝတ္ထုများကို အဟုတ်အမှန်ဟူ၍ သူတစ်ပါး မှတ်ယူခြင်း အင်္ဂါ။

ဤအင်္ဂါတို့ကိုထည့်မှ ကမ္မပထမြောက်ကြောင်းအင်္ဂါ ဖြစ်သည်။ ပါဏာတိပါတစသော ကြွင်းလေးပါးတို့၌မူကား ပြဆိုခဲ့ပြီးသော အင်္ဂါတို့သည်ပင်လျှင် သိက္ခာပုဒ်ပျက်ကြောင်း ကမ္မပထမြောက်ကြောင်း ၂-ချက် ရကြကုန်၏။ ဤကား အာဇီဝဋ္ဌမက သီလကို နိစ္စပြု၍ ခံယူ စောင့်ထိန်းကြကုန်သော သူတို့သည် သိသင့်သိထိုက်သော ဒုစရိုက် ရ-ပါးတို့၏ အင်္ဂါတို့တည်း။ ဤကား သီလက္ခန္ဓမဂ္ဂင် ၃-ပါး ထူထောင်ပုံ အမြွက်တည်း။

**သီလက္ခန္ဓမဂ္ဂင် ထူထောင်ပုံ ပြီး၏။**

## သမာဓိက္ခန္ဓမဂ္ဂင် ထူထောင်ပုံ
## ကမ္မဋ္ဌာန်းအလုပ် တည်ထောင်ရန်

သီလက္ခန္ဓ မဂ္ဂင်သုံးပါးကို ခံယူထူထောင်၍ လုံခြုံစွာ စောင့်ထိန်းသဖြင့် သီလဝိသုဒ္ဓိဘုံ၌ ကောင်းစွာတည်ထောင်သူအား သက္ကာယဒိဋ္ဌိ၏ အစီးအပွား ဖြစ်ကုန်သော မိစ္ဆာဇီဝနှင့်တကွကုန်သော ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး ဤဒုစရိုက် ရ-ပါးတို့သည် ကင်းရှင်းကုန်၏။ ဒိဋ္ဌိ၏ တတိယဘုံကြီးသည် ထကြွသောင်းကျန်းခြင်းမရှိ ငြိမ်ဝပ်လေ၏။ ထိုအခါ၌ ဒိဋ္ဌိ၏ ဒုတိယဘုံဟုဆိုအပ်သော မနောဒုစရိုက် ၃-ပါးတို့ကို ပယ်သတ်ခြင်း အကျိုးငှါ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးတို့ကို ထူထောင်ရမည်။ သမာဓိက္ခန္ဓ မဂ္ဂင်သုံးပါး ထူထောင်မှု ဆိုသည်ကား- ကသိုဏ်း ၁၀-ပါး အစရှိသော သမထကမ္မဋ္ဌာန်း လေးဆယ်တို့တွင် တစ်ခုခုသော ကမ္မဋ္ဌာန်းအလုပ်ကို တည်ထောင်မှုပေတည်း။

## အာနာပါန အားထုတ်ပုံ

ဤအရာ၌ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အနည်းငယ် ပြဆို ပေအံ့။ ဃရာဝါသသမ္ဗာဓ၌ နေကြရကုန်သော လူတို့သည် နေ့အဖို့၌ အခွင့်မရကြကုန်

www.dhammaransi.com



သည်ရှိသော် ညဥ့်အဖို့၌ မအိပ်မီ ၁–နာရီခန့်, ၂–နာရီခန့် နံနက်၌ မထမီ တစ်နာရီမျှသော်လည်း အာနာပါနအလုပ်ကို အားထုတ်စွဲမြဲကြရကုန်၏။ အားထုတ်ပုံကား "**သတော၀ အဿသတိ၊ သတော၀ ပဿသတိ**"–ဟူသော ပါဠိတော်မြတ်နှင့်အညီ ပိုင်းခြားသော နာရီအတွင်း၌ မိမိစိတ်ကို ထွက်သက် ဝင်သက်အာရုံမှတစ်ပါး အခြားသို့ မထွက်စေမူ၍ ထိုနာရီအတွင်းမှာ ထွက်သက် ဝင်သက်အာရုံ၌သာ မိမိစိတ်ကို တည်ငြိမ်စွာနေအောင် ကာယိကဝီရိယ, စေတသိကဝီရိယ ၂–ပါးနှင့် အားထုတ်၍ ရှုကြရမည်။

## ဝီရိယ ၂–ပါး

"ကာယိကဝီရိယ"– ဆိုသည်ကား ပိုင်းခြားသောနာရီမှ တစ်နေ့ တစ်ရက်မျှ မပျက်မကွက်စေရအောင် ထကြွလုံ့လဝီရိယကို ပြုမှုတည်း။

"စေတသိကဝီရိယ"– ဆိုသည်ကား ထွက်သက် ဝင်သက်တည်းဟူသော အာရုံမှ တစ်ခြားတစ်ပါးသော အာရုံသို့ စိတ်ကို မထွက်စေရအောင် ကြောင့်ကြ စိုက်ထုတ်ခြင်း, ငိုက်မျည်းမှု, မှိုင်ငေးမှု, မေ့မောမှု မရှိစေရအောင် မိမိစိတ်ကို ထွက်သက် ဝင်သက်တည်းဟူသော အာရုံ၌ အတွင်စေ့ဆော်ခြင်းကို ဆိုသတည်း။

## စိတ်အမှန်ပြုမှု မြဲစေ

နှာခေါင်းဝ၌ မိမိစိတ်ကို အခိုင်အမြဲစိုက်ထား၍ ထိုအရပ်၌ ထွက်သက်လေ ခတ်လာသောအခါ ထွက်သက်ဟူ၍, ဝင်သက်လေ ခတ်လာသောအခါ ဝင်သက် ဟူ၍ စိတ်အမှတ်ပြုမှု မြဲစေရမည်။ ထိုသို့ အားထုတ်သော ကာယိကဝီရိယ, စေတသိကဝီရိယ ၂–ပါးသည် သမ္မာဝါယာမ မဂ္ဂင်မည်၏။ ထိုသို့အားထုတ်၍ လခွဲ, ၁–လ, ၂–လ စသည်ရှိလတ်သော် ထွက်သက် ဝင်သက်၌ သတိတရားသည် ခိုင်စွာ တည်၏။ ထိုသတိတရားသည် သမ္မာသတိမဂ္ဂင် မည်၏။ ထွက်သက် ဝင်သက် အာရုံ၌ စိတ်၏တည်ငြိမ်ခြင်း သမာဓိတရားသည် တိုးပွား၍လာ၏။ ထိုသမာဓိ တရားသည် သမ္မာသမာဓိ မဂ္ဂင်မည်၏။ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါး ထူထောင်မိ၏။ စိတ်ရှုးစိတ်နောက်သည် တစ်နေ့ တစ်ခြား ပျောက်ကင်း၍သွား၏။

www.dhammaransi.com



ကမ္မဋ္ဌာန်းအာရုံနှင့် တွေ့ကြုံလျှင် မိမိတို့စိတ်ကို အစိုးရမှုသည် လူတိုင်းမှာပင် သိမြင်ထင်ရှားလျက် ရှိကြ၏။ လောကဦ စိတ်ကို အစိုးမရကြသော သူရူးသူနှမ်းများသည် လောကအရေးအရာတို့၌ အသုံးမကျ ဖြစ်၏။ ထိုအတူ လောကဦ လူကောင်း သူကောင်းဆိုရသော သူတို့သည် ကမ္မဋ္ဌာန်းမှု၌ကား စိတ်ကို အစိုးမရကြသော သူရူးသူနှမ်းအရာ၌ပင် တည်ကြကုန်၏။ ကမ္မဋ္ဌာန်းမှုနှင့်ပင် တွေ့ကြုံလျှင် အသုံးမကျ ရှိနေကြကုန်၏။ ထို့ကြောင့် စိတ်ရူးစိတ်နောက်တို့ကို ပျောက်ကင်းစေခြင်းငှါ ဤသမာဓိက္ခန္ဓမဂ္ဂင် သုံးပါးကို အားထုတ်ကြရကုန် သတည်း။

[ဤ သမာဓိမဂ္ဂင်အရာ၌ ကြွင်းကျန်သော ပြောဆိုဖွယ် အရပ်ရပ်တို့ကို ငါတို့စီရင်သော ဗောဓိပက္ခိယဒီပနီ, အာနာပါနဒီပနီ စာအုပ်တို့မှာ ယူကြလေ။]

## စိတ်ရူးပျောက်နိုင်ပုံ

ဥပစာရဘာဝနာ, အပ္ပနာဘာဝနာများသို့ မပေါက်မရောက်ကြကုန်သော်လည်း တစ်နေ့, တစ်နေ့လျှင် ၁–နာရီအတွင်း, ၂–နာရီအတွင်းမှာ အာနာပါနအာရုံ၌ မိမိစိတ်ကို တည်ငြိမ်စွာနေအောင် ထားနိုင်ကြလျှင်ပင် အလိုရှိရာ ကမ္မဋ္ဌာန်းမှု၌ စိတ်ကိုထားခြင်းငှါ လွယ်ကြကုန်တော့သည်။ သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်၍ စိတ္တဝိသုဒ္ဓိဘုံ၌ တည်သောသူအား သက္ကာယဒိဋ္ဌိ၏ အစီးအပွား ဖြစ်ကုန်သော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက် သုံးပါးတို့သည် ကွင်းကွာကုန်၏။ ဒိဋ္ဌိ၏ မနောက်ဟူသော ဒုတိယဘုံကြီးသည် ထကြွလှုပ်ရှားခြင်း မရှိ။ ငြိမ်ဝပ်လေ၏။ နီဝရဏတရားတို့ကြောင့်ဖြစ်သော စိတ်ရူး စိတ်နောက်သည် ပျောက်ငြိမ်းလေ၏။ ဤကား သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်ပုံတည်း။

## ပညာက္ခန္ဓ ထူထောင်ရာကာလ

သီလက္ခန္ဓမဂ္ဂင် သုံးပါးတို့သည် ခံယူဆောက်တည်မိလျှင်ပင် ထိုပုဂ္ဂိုလ်၌ တည်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုခဏမှစ၍ မကျိုးလွန်သမျှ ကာလပတ်လုံး သီလဝိသုဒ္ဓိနှင့် ပြည့်စုံသောသူ မည်၏။ ခံယူဆောက်တည်သော နေ့၌ပင်လျှင်

www.dhammaransi.com



သမာဓိက္ခန္ဓမဂ္ဂင်အလုပ်ကို အားထုတ်လိုက်၏။ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးတို့သည်လည်း လုံ့လဝီရိယ ကောင်းလှသော သူတို့မှာ ၅-ရက်, ၁၀-ရက်မျှနှင့်ပင် စိတ်ရှုးစိတ်နောက်ပျောက်၍ ထွက်သက် ဝင်သက်အာရုံ၌ စိတ်၏တည်ကြည်ခြင်းသို့ ရောက်ကြကုန်သဖြင့် ၅-ရက်, ၁၀-ရက်ပင် ထိုပုဂ္ဂိုလ်၌ တည်ကုန်၏။

ထိုပုဂ္ဂိုလ်သည် ထိုအခါမှစ၍ စိတ္တဝိသုဒ္ဓိတစ်စိတ်နှင့် ပြည့်စုံသောသူ မည်၏။ ထိုအခါမှစ၍ပင်လျှင် ပညာက္ခန္ဓမဂ္ဂင် အလုပ်ကို အားထုတ်လိုက်၏။

သမာဓိက္ခန္ဓမဂ္ဂင် ထူထောင်ပုံ ပြီး၏။

## ပညာက္ခန္ဓမဂ္ဂင် ထူထောင်ပုံ

## ပညာဝိသုဒ္ဓိ ၅-ပါး တည်ထောင်ပုံ

ဤသို့လျှင် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့၌ ကောင်းစွာတည်သော သူသည် သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးကို တူးဖြိုဖျက်ဆီးခြင်းငှါ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓမဂ္ဂင်တရား ၂-ပါးကို ထူထောင်ရာ၏။ ပညာက္ခန္ဓမဂ္ဂင်တရား ၂-ပါး ထူထောင်မှု ဆိုသည်ကား- ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော ပညာဝိသုဒ္ဓိ ၅-ပါးတို့ကို အစမှစ၍ တည်ထောင်မှုတည်း။

တည်ထောင်ပုံကို အကျဉ်းအားဖြင့် ပြဆိုအံ့။ မိမိတို့၏ကိုယ်ခန္ဓာ တစ်ခုလုံး၌ ခက်မာမှု, နူးညံ့မှု ၂-ပါးသည် ပထဝီဓာတ်မည်၏။ ဖွဲ့စည်းမှု, ယိုစီးမှု ၂-ပါးသည် အာပေါဓာတ် မည်၏။ ပူနွေးမှု, ချမ်း အေးမှု ၂-ပါးသည် တေဇောဓာတ် မည်၏။ ထောက်ကန်မှု, လှုပ်ရှားမှု ၂-ပါးသည် ဝါယောဓာတ် မည်၏။

ဦးခေါင်းအင်္ဂါ တစ်ခုလုံးသည် ဓာတ်လေးပါး အစုအခဲသာ ဖြစ်၏။ အလုံးစုံသော ကိုယ်အင်္ဂါ, အလုံးစုံသော ခြေအင်္ဂါ, လက်အင်္ဂါ ဟူသမျှသည် ဓာတ်လေးပါး အစုအခဲသာ ဖြစ်၏။ အလုံးစုံသော ဆံပင်, အလုံးစုံသော မွေးညင်း, အလုံးစုံသော ခြေသည်း လက်သည်း, အလုံးစုံသော သွား, အလုံးစုံသော အရေ, အလုံးစုံသော အသားစိုင် အသားခဲ, အလုံးစုံသော အကြော, အလုံးစုံသော အရိုး,

www.dhammaransi.com



အလုံးစုံသော ရိုးတွင်းခြင်ဆီ, အလုံးစုံသော အညို့ခဲ, နှလုံးခဲ, အသည်းခဲ, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက် ဟူသမျှသည် ဓာတ်လေးပါး အစုအခဲချည်း ဖြစ်၏။

## "ခက်မာ–ဖွဲ့စည်း, ပူအေး–ထောက်ကန်" ဓာတ်လေးပါး အစဉ်

ခက်မာ၌ ခက်မာ, နူးညံ့ ၂–ပါးကို ယူ၊ ဖွဲ့စည်း၌ ဖွဲ့စည်း, ယိုစီး ၂–ပါးကို ယူ၊ ပူအေး၌ ထက်သောတေဇော, နုံ့သောတေဇော ၂–ပါးကို ယူ၊ ထောက်ကန်၌ ထောက်ကန်, လှုပ်ရှား ၂–ပါးကို ယူ။

၁။ ခက်မာမှုကား ထက်သန်သော ပထဝီတည်း။ နူးညံ့မှုကား နုံ့သော ပထဝီတည်း။

၂။ ဖွဲ့စည်းမှုကား နုံ့သော အာပေါတည်း။ ယိုစီးမှုကား ထက်သော အာပေါတည်း။

၃။ ပူနွေးမှုကား ထက်သော တေဇောတည်း။ အေးချမ်းမှုကား နုံ့သော တေဇောတည်း။

၄။ ထောက်ကန်မှုကား နုံ့သော ဝါယောတည်း။ လှုပ်ရှားမှုကား ထက်သော ဝါယောတည်း။

## ခက်မာ– နူးညံ့ဖြစ်ပုံ

ပကတိသော ချိပ်ခဲ၌ ထက်သော ပထဝီမျိုး ရှိ၏။ ခက်မာမှု ထင်ရှား၏။ မီးထိသောအခါ၌ ခက်မာသော ပထဝီမျိုးသည် အစဉ်အတိုင်း ချုပ်ပျောက်၏။ နူးညံ့သော ပထပီမျိုးသည် အစဉ်အတိုင်း ဖြစ်ပေါ်၏။ တစ်ဖန် မီးနှင့်ကွင်းကွာ ပြန်သောအခါ နူးညံ့သောပထဝီ အစဉ်အတိုင်း ချုပ်ပျောက်၏။ ခက်မာသော ပထဝီမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။

www.dhammaransi.com



## ဖွဲ့စည်း- ယိုစီးဖြစ်ပုံ

ထိုပကတိသော ချိပ်ခဲ၌ နုံ့သော အာပေါမျိုး တည်ရှိ၏။ ဖွဲ့စည်းမှု ထင်ရှား၏။ မီးထိသောအခါ ဖွဲ့စည်းသော အာပေါမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ ယိုစီးသော အာပေါမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။ တစ်ဖန် မီးနှင့်ကွင်းကွာပြန်သောအခါ ယိုစီးသော အာပေါမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ ဖွဲ့စည်းသော အာပေါမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။

## အေးချမ်း- ပူနွေးဖြစ်ပုံ

ထိုပကတိသော ချိပ်ခဲ၌ နုံ့သော တေဇောမျိုး တည်ရှိ၏။ အေးချမ်းမှု ထင်ရှား၏။ မီးထိသောအခါ အေးချမ်းသော တေဇောမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ နွေးသော ပူသောတေဇောမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။ တစ်ဖန် မီးနှင့်ကွင်းကွာပြန်သောအခါ နွေးသော ပူသောတေဇောမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ အေးချမ်းသော တေဇောမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။

## ထောက်ကန်- လှုပ်ရှားဖြစ်ပုံ

ထိုပကတိသော ချိပ်ခဲ၌ နုံ့သော ဝါယောမျိုး တည်ရှိ၏။ ထောက်ကန်မှု ထင်ရှား၏။ မီးထိသောအခါ ထောက်ကန်သော ဝါယောမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ လှုပ်ရှားသော ဝါယောမျိုး ဖြစ်ပေါ်၏။ တစ်ဖန် မီးနှင့်ကွင်းကွာ ပြန်သောအခါ လှုပ်ရှားသော ဝါယောမျိုး ချုပ်ပျောက်၏။ ထောက်ကန်သော ဝါယောမျိုး ဖြစ်ပေါ်၏။

ဖြစ်ပေါ်မှုစုသည် "ဥဒယ" မည်၏။ ချုပ်ပျောက်မှုသည် "ဝယ" မည်၏။ ဥဒယဗ္ဗယ ဖြစ်၏။

ဤကား ဝိပဿနာအရာ၌ ဖြစ်မှု, ချုပ်မှုခေါ်သော ဥဒယဗ္ဗယ သဘောကို ကြံဖန်နိုင်ကြစေခြင်းငှါ ချိပ်ခဲ၌ ထင်ရှားလှစွာသော ဓာတ်တို့၏ ဖြစ်မှုပျက်မှုကို စံပြုရန် ဖော်ပြသော စကားရပ်တည်း။

www.dhammaransi.com



## တိုး–ဥဒယ, ဆုတ်–ဝယ

ဦးခေါင်းအင်္ဂါစု, ကိုယ်အင်္ဂါစု, ခြေအင်္ဂါစု, လက်အင်္ဂါစုသည် ထိုချိပ်ခဲနှင့်တူ၏။ တစ်ကိုယ်လုံး အေးမှုဟူသော ဥတုဓာတ်မီး ၂–ပါးသည် အမြဲလျှင် ဆုတ်ချည် တက်ချည်နေကြ၏။ နေထွက်သည်မှစ၍ မွန်းတိမ်း ၂–နာရီတိုင်အောင် တစ်ကိုယ်လုံး၌ ပူသောဥတု အဆင့်ဆင့် တိုးတက်၏။ အေးသော ဥတု အဆင့်ဆင့် ဆုတ်ယုတ်၏။ ထိုမှနောက်၌ အေးသောဥတု တိုးတက်၏။ ပူသောဥတု ဆုတ်ယုတ်၏။ ကိုယ်တွေ့ဒိဋ္ဌမှု ဖြစ်ကြသည်။ အနည်းငယ်မျှ အချက်ကို ဖော်ပြလျှင် အချက်များစွာကို မြင်နိုင်ကြကုန်ရာ၏။

အပူဥတု တိုးတက်သောအခါ ဦးခေါင်းအင်္ဂါ အစရှိသော ကိုယ်ခန္ဓာစုသည် ချိပ်ခဲကို မီးထိသောအခါနှင့် တူ၏။ အအေးဥတု တိုးတက်သောအခါ ကိုယ်ခန္ဓာစု သည် ချိပ်ခဲမှာ မီးနှင့် ကင်းကွာသောအခါနှင့် တူ၏။ အေးမှု ပူမှုဥတု ၂–ပါးသည် နာရီအစဉ်အတိုင်း တက်တုံ ဆုတ်တုံ နေကြကုန်၏၊ အေးမှုတိုးတက်လျှင် ပူမှုဆုတ်လျော့၏။ ပူမှုတိုးတက်လျှင် အေးမှုဆုတ်လျော့၏။ တိုးတက်သည်ကို **"ဥဒယ"** ဆို၏။ ဆုတ်လျော့သည်ကို **"ဝယ"** ဆို၏။

ပူမှု အေးမှု ၂–ခုတို့တွင် တစ်ခုတိုးတက်မှုနှင့် တစ်ခုဆုတ်လျော့မှု ၂–ပါးသည် ပြိုင်မြဲတည်း။

## တက်မှု– ကျမှု ဓာတ် ၄–ခု

ဤအေးမှု ပူမှု ဥတု ၂–ပါးတို့၏ တက်မှု ဆုတ်မှုကို အစွဲပြု၍ ခက်မာမှု, နူးညံ့မှုဟူသော ပထဝီ ၂–မျိုးတို့သည်လည်း အမြဲလျှင် တက်တုံ ကျတုံ နေကြကုန်၏။ ထို့အတူ ဖွဲ့စည်းမှု, ယိုစီးမှုဟူသော အာပေါ ၂–မျိုး၊ ထောက်ကန်မှု, လှုပ်ရှားမှုဟူသော ဝါယော ၂–မျိုးတို့သည်လည်း အမြဲလျှင် တက်တုံ ကျတုံ နေကြကုန်၏။ ဦးခေါင်းအင်္ဂါ အစရှိသော ကိုယ်ခန္ဓာအစုတို့၌ ဓာတ်လေးပါး တို့သည် ပွက်ပွက်ဆူသောအိုးကြီး၏ အတွင်း၌ တဆူဆူ တရှုရှု ဖြစ်ကာ ပျက်ကာ နေကြကုန်သော ရေပွက်ငယ်တို့နှင့် အလားတူကုန်၏။ ကိုယ်ခန္ဓာကြီး တစ်ခုလုံးသည် ရေမြှုပ်တုံးကြီး ရေမြှုပ်ခဲကြီးနှင့် တူလှ၏။ ရေပွက်ငယ်တို့၌

www.dhammaransi.com



အခိုးရိပ် အငွေ့ရိပ်တို့သည် ထင်ကုန်၏။ ရေပွက်ငယ်တို့ ချုပ်ပျက်တိုင်း ချုပ်ပျက်တိုင်း ရေပွက်ငယ်တို့၌မှီသော အရိပ်တို့သည် ချုပ်ပျက်လေကုန်၏။

## အနိစ္စ, ဒုက္ခ, အနတ္တထင်ရန်

ထို့အတူ ဓာတ်လေးပါးတို့၌ မှီကြကုန်သော မြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှုဟူသော နာမ်တရားတို့သည်လည်း ထိုထိုဓာတ်လေးပါး ချုပ်ပျက်ရာသို့ ပါကြလေကုန်၏။ ထို့ကြောင့် ဝိညာဏ် ခြောက်ပါးတို့နှင့်တကွသော ဓာတ်လေးပါးတို့သည် ခိုင်မြဲသောသဘော မရှိကြကုန်သောကြောင့် အနိစ္စတို့ သာတည်း။ ဖြစ်ခြင်း ပျက်ခြင်းဘေးနှင့် အမြဲယှဉ်သောကြောင့် ဒုက္ခတို့သာတည်း။ အနှစ်သာရမျိုး မဟုတ်ကြကုန်သောကြောင့် အနတ္တတို့သာတည်း။

ဤကား ဦးခေါင်းအင်္ဂါမှစ၍ ကိုယ်အင်္ဂါအရပ်ရပ်တို့၌ ပညာကန္ဒမဂ္ဂင် ၂-ပါး ထူထောင်ပုံတည်း။

ပညာကန္ဒမဂ္ဂင် ထူထောင်ပုံ ပြီး၏။

## ဦးခေါင်း၌ သက္ကာယဒိဋ္ဌိ- သမ္မာဒိဋ္ဌိဖြစ်ပုံ
## ဦးခေါင်းအင်္ဂါဓာတ် ၄-ဖြာ

ဦးခေါင်းအင်္ဂါရှိ ဓာတ်လေးပါးတို့၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို ပြဆိုပေအံ့။ ဦးခေါင်းမှာ ဆံပင်အင်္ဂါ၊ မွေးညင်းအင်္ဂါ၊ အရိုးအင်္ဂါတို့၏ ခက်မာမှု အပြည့်ရှိ၏။ အရေအင်္ဂါ၊ အသားအင်္ဂါ၊ အသွေးအင်္ဂါ၊ ဦးနှောက် အင်္ဂါတို့၌ နူးညံ့မှု အပြည့်ရှိ၏။ ၎င်းခက်မာမှု, နူးညံ့မှု ၂-ပါးသည် ပထဝီဓာတ် မည်၏။ ဦးခေါင်းအင်္ဂါ တစ်ခုလုံးသည် ထိုပထဝီ ၂-မျိုး ပြည့်လျက် ရှိ၏။ အာပေါလည်းပြည့်လျက် ရှိ၏၊ တေဇောလည်း ပြည့်လျက် ရှိ၏။ ဝါယောလည်း ပြည့်လျက် ရှိ၏။ ပထဝီသည် ဦးခေါင်းမဟုတ်။ အာပေါ, တေဇော, ဝါယောသည် ဦးခေါင်းမဟုတ်။ ဓာတ်လေးပါးမှ အလွတ်ဦးခေါင်းဟူ၍ အသီးအခြားလည်း မရှိ။

www.dhammaransi.com



## မှားသော သိမှတ်ထင်မြင်မှု

အကြင် သူတို့သည် ဓာတ်လေးပါးကို ပိုင်းပိုင်းခြားခြား မသိကြကုန်။ ထိုသူတို့သည် ခက်မာမှုစသည်တို့ကို ထိုထိုဓာတ်ဟူ၍ မသိကြကုန်။ ဦးခေါင်းဟူ၍သာ သိကြကုန်၏။ ဦးခေါင်းဟူ၍သာ မှတ်ကြကုန်၏။ ဦးခေါင်းဟူ၍သာ ထင်ကြကုန်၏။ ဦးခေါင်းဟူ၍သာ မြင်ကြကုန်၏။ ဦးခေါင်းဟူ၍သာ သိမှုသည်ကား စိတ်၏ဖောက်ပြန်မှုတည်း။

ဦးခေါင်းဟူ၍ မှတ်မှုသည်ကား သညာ၏ဖောက်ပြန်မှုတည်း၊ ဦးခေါင်းဟူ၍ ထင်မှုသည်ကား မာန၏အထင်ကြီးမှုတည်း။ ဦးခေါင်းဟူ၍ မြင်မှုကား ဒိဋ္ဌိ၏ဖောက်ပြန်မှုတည်း။

ဓာတ်လေးပါးတို့ကို ဦးခေါင်းဟူ၍ သိမှု, မှတ်မှု, ထင်မှု, မြင်မှုသည် ဓာတ်လေးပါးတို့ကို နိစ္စဟူ၍ အတ္တဟူ၍ သိမှု, မှတ်မှု, ထင်မှု, မြင်မှုပေတည်း။ ထို့ကြောင့် ထိုအမှုစုသည် အနိစ္စ, အနတ္တ ဖြစ်သော ဓာတ်လေးပါးကို နိစ္စ, အတ္တဟူ၍ ဖောက်ပြန်သော သိမှတ် ထင်မြင်မှု ဖြစ်သတည်း။

ဓာတ်လေးပါးသည် တစ်နာရီအတွင်းမှာပင် အခါတစ်ရာမက ချုပ်ပျက်ခြင်း ရှိသော တရားမျိုး ဖြစ်သောကြောင့် "**ခယဋ္ဌေနအနိစ္စံ၊ အသာရကဋ္ဌေန အနတ္တာ**" ဟူသည်နှင့်အညီ အနိစ္စတရားမျိုး, အနတ္တ တရားမျိုးသာ အမှန်ဖြစ်၏။ ဦးခေါင်းမည်သည် လူသေ၍မှ မပျက်သေး၊ သင်းချိုင်းသုသာန်သို့ ရောက်အောင် ဦးခေါင်းအတိုင်း တည်ရှိသေး၏။ ထို့ကြောင့် နိစ္စမျိုး, အတ္တမျိုး မည်၏။

ထို့ကြောင့် ဓာတ်လေးပါးကို ဦးခေါင်းဟူ၍ သိမှတ် ထင်မြင်မှုသည် အနိစ္စကို နိစ္စဟူ၍, အနတ္တကို အတ္တဟူ၍ ဖောက်ပြန်မှောက်မှားမှု ဖြစ်လေသတည်း။

ဦးခေါင်းအင်္ဂါ အစိတ်တို့မှာလည်း ဓာတ်လေးပါးတို့ကို ဆံပင်ဟူ၍ သိမှတ် ထင်မြင်မှု, ဓာတ်လေးပါးတို့ကို မွေးညင်းဟူ၍, သွားဟူ၍, အရေဟူ၍, အသားဟူ၍, အကြောဟူ၍, အရိုးဟူ၍, ဦးနှောက်ဟူ၍ သိမှတ်ထင်မြင်မှုသည် အနိစ္စဖြစ်သော ဓာတ်လေးပါးတို့ကို နိစ္စဟူ၍ အနတ္တဖြစ်သော ဓာတ်လေးပါးတို့ကို အတ္တဟူ၍ ဖောက်ပြန် မှောက်မှား သော အမှုတို့သာတည်း။ ခက်မာမှု အစရှိသော ဓာတ်လေးပါးတို့ကို ဓာတ်ဟူ၍ မသိကြကုန်သည့်အတွက် ခက်မာမှု အစရှိသည်

www.dhammaransi.com



တို့ကို ပင်လျှင် ဦးခေါင်းဟူ၍, ဆံပင်ဟူ၍, မွေးညင်းဟူ၍, သွားဟူ၍, အရေဟူ၍, အသားဟူ၍, အကြောဟူ၍, အရိုးဟူ၍, ဦးနှောက်ဟူ၍ စိတ်၌ ကြောင်ကြောင်ကြီး ထင်မြင်၍နေမှုသည် သက္ကာယဒိဋ္ဌိတည်း။

## ကောင်းစွာ ထင်မြင်မှု

ခက်မာမှုသည် ပထဝီဓာတ်ပေတည်း။ ဦးခေါင်းမဟုတ်, ဆံပင်မဟုတ်, မွေးညင်းမဟုတ်, သွားမဟုတ်, အရေမဟုတ်, အသားမဟုတ်, အကြောမဟုတ်, အရိုးမဟုတ်, ဦးနှောက်မဟုတ်။

ဖွဲ့စည်းမှုသည် အာပေါဓာတ်ပေတည်း။ ပူမှု, အေးမှုသည် တေဇော ဓာတ်ပေတည်း။ ထောက်ကန်မှု, လှုပ်ရှားမှုသည် ဝါယောဓာတ်ပေတည်း။ ဦးခေါင်းမဟုတ်, ဆံပင်မဟုတ်, မွေးညင်းမဟုတ်, သွားမဟုတ်, အရေမဟုတ်, အသားမဟုတ်, အကြောမဟုတ်, အရိုးမဟုတ်, ဦးနှောက်မဟုတ်။

သဘောအားဖြင့် ဦးခေါင်းဟူ၍ မရှိ၊ ဆံပင်ဟူ၍ မရှိ၊ မွေးညင်းဟူ၍ မရှိ၊ သွားဟူ၍ မရှိ၊ အရေဟူ၍ မရှိ၊ အသားဟူ၍ မရှိ၊ အရိုးဟူ၍ မရှိ၊ ဦးနှောက်ဟူ၍မရှိဟု စိတ်၌ ကောင်းစွာ ထင်မြင်မှုသည် သမ္မာဒိဋ္ဌိတည်း။

ကြွင်းသော ကိုယ်အင်္ဂါတို့၌လည်း ဦးခေါင်းအင်္ဂါ၌ကဲ့သို့ သက္ကာယဒိဋ္ဌိ, သမ္မာဒိဋ္ဌိဖြစ်ပုံကို အကုန်သိမြင်လေ။

## မြား, မြားနှင့်ချိန်သောလက် ဥပမာ

ဓာတ်လေးပါးတို့ကို ခြားနားစွာ ထင်မြင်ခြင်းငှါ ယုတ္တိနည်းလမ်း တို့ကို ကြံဖန်မှုသည် သမ္မာသင်္ကပ္ပ မည်၏။ သမ္မာဒိဋ္ဌိသည် မြားနှင့်တူ၏။ သမ္မာသင်္ကပ္ပသည် မြားကို စက်ကွင်း၌ ဖြောင့်မတ်စွာ ဝင်စေခြင်းငှါ ချိန်ရွယ်သော လက်နှင့်တူ၏။ ဤကား အကျဉ်းအားဖြင့် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓမဂ္ဂင် ၂-ပါးတို့ကို ထုထောင်ပုံတည်း။

**[အကျယ်ကိုမူကား ငါတို့စီရင်သော ဝိဇ္ဇာမဂ္ဂ ဒီပနီ, ဘာဝနာ ဒီပနီ စသည်တို့မှာ ယူလေ။]**

## မိခင်ရောဝတီ

www.dhammaransi.com



## နှစ်မျိုး အားထုတ်ကြရမည်

ဤသို့လျှင် ဦးခေါင်းအင်္ဂါမှစ၍ တစ်ကိုယ်လုံး၌ စိတ်ကြီးလေးပါးနှင့် မြင်မှု, ကြားမှု အစရှိသော ဝိညာဏ်စိတ်တို့၏ ပွက်ပွက်ဆူသော အိုးတွင်း၌ ရေပွက်ငယ်တို့ကဲ့သို့ ခဏမစဲ ဖြစ်ပေါ်မှု, ပျောက်ဆုံးမှု ဥဒယဗ္ဗယအချက်၊ အနိစ္စလက္ခဏာ အနတ္တလက္ခဏာ ၂–ပါးကို ရှုမှု, ကြံဖန်မှုဟူသော ပညာက္ခန္ဓာမဂ္ဂင် ၂–ပါး ထူထောင်မိသည်ရှိသော် အဆင့်ဆင့် အထင်အမြင် တိုးပွား၍ သွားစေခြင်းငှါ အသက်ထက်ဆုံး စွဲမြဲကြရမည်။ တောင်သူလယ်ယာ လုပ်သောသူတို့မှာ တောင်သူလယ်ယာ လုပ်ကိုင်မှုတစ်ဖက်၊ ဦးခေါင်းစသော ကိုယ်အင်္ဂါတို့၌ စိတ်သဘာဝတို့၏ ဥဒယဗ္ဗယကို ရှုမှုတစ်ဖက်၊ ဤသို့ အလုပ် ၂–ခု ဖက်တွဲ၍ အားထုတ်ကြရမည်။

## ဘုံစဉ်စံအရိယာ ဖြစ်ပုံ

စွဲမြဲဖန်များလတ်သော် စိတ်အစုတို့၏ ဖြစ်မှု, ပျက်မှုကို အလင်းမြင်သော သမ္မာဒိဋ္ဌိဉာဏ်အမြင်သည် တစ်ကိုယ်လုံး အလင်းပေါက်၏။ တစ်ကိုယ်လုံး၌ သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးသည် ကွယ်ပျောက်၏။ အနမတဂ္ဂ သံသရာက အစဉ်အမြဲ တည်ထောင်၍လာခဲ့သော သက္ကာယဒိဋ္ဌိ ပထမဘုံကြီးသည် ချုပ်ငြိမ်း၏။ တစ်ကိုယ်လုံးသည် သမ္မာဒိဋ္ဌိနိုင်ငံကြီး ဖြစ်၏။ ဒုစရိုက်ဆယ်ပါးတို့သည် အကြွင်းမဲ့ ချုပ် ငြိမ်းကုန်၏။ သုစရိုက်ဆယ်ပါးတို့သည် အစဉ်အမြဲတည်ကုန်၏။ အပါယ် သံသရာကြီးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝဟူသော သုဂတိသံသရာသည်သာလျှင် ကျန်ရှိ၏။ ဘုံစဉ်စံ အရိယာအဖြစ်သို့ ရောက်၏။

ဤတွင်ရွေ့ကား သီလက္ခန္ဓမဂ္ဂင် သုံးပါး၊ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါး၊ ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးဟူသော မဂ္ဂင်ရှစ်ပါးအလုပ်ကို အကျယ်ပြဆိုပုံတည်း။

**ဦးခေါင်း၌ သက္ကာယဒိဋ္ဌိ သမ္မာဒိဋ္ဌိ ဖြစ်ပုံ ပြဆိုခန်း ပြီး၏။**

www.dhammaransi.com



## မဂ္ဂင် ၈–ပါး ထူထောင်ပုံအကျဉ်း

အကျဉ်းပြဆိုမူကား အာဇီဝဋ္ဌမကသီလကို လုံခြုံစွာ စောင့်ထိန်းမှုသည် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော သီလက္ခန္ဓမဂ္ဂင် အလုပ်တည်း။

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်မှုသည် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမာဓိက္ခန္ဓမဂ္ဂင် အလုပ်တည်း။

ဦးခေါင်းအင်္ဂါမှစ၍ ဓာတ်ကြီးလေးပါး ဝိညာဏ်ခြောက်ပါးတို့၏ အဖြစ်အပျက် အထင်အမြင် ပေါက်အောင်ရှုမှုသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓမဂ္ဂင် ၂–ပါး အလုပ်တည်း။

## သုက္ခဝိပဿက နည်းလမ်း

သုက္ခဝိပဿကပုဂ္ဂိုလ်တို့၏ နည်းလမ်းအားဖြင့်ကား အာနပါန အစရှိသော သမထအလုပ်ကို အသီးအခြား မလုပ်ပြီ။ သီလက္ခန္ဓမဂ္ဂင် သုံးပါးကို ဆောက်တည်ပြီးလျှင် ပညာက္ခန္ဓမဂ္ဂင် အလုပ်ကို ထူထောင်၍ အားထုတ်၏။ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးသည် ပညာက္ခန္ဓမဂ္ဂင် ၂–ပါးနှင့် ဖက်တွဲ၍ ပါလေ၏။ ပဉ္စင်္ဂိကမဂ်ဟူ၍ ခေါ်၏။ မဂ္ဂင်ငါးပါး တစ်ပေါင်းတည်း ဖြစ်ပွား၍သွား၏။ ရှေးသီလက္ခန္ဓမဂ္ဂင် သုံးပါးနှင့်ပေါင်းသော် မဂ္ဂင်ရှစ်ပါး ဖြစ်၏။ စိတ်ရှူးစိတ်နှောက် ပျောက်ကင်း၏။ ဉာဏ်စွမ်း, ဝီရိယစွမ်း ကောင်းလှမှတော်သည်။

## သမ္မာဒိဋ္ဌိအမြင် ဆင်ခြင်တိုင်း ပေါက်ပုံ

ယခုဘဝ၌သော်လည်းကောင်း နောက်ဘဝ၌သော်လည်းကောင်း အကြင် အခါ၌ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်သည် တစ်ကိုယ်လုံး၌ အလင်းပေါက်၏။ ထိုအခါ၌ ဉာဏ်နှင့်ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ပုဂ္ဂိုလ်ဟူ၍မရှိဟု ဉာဏ်၏ ပြဋ္ဌာန်းခြင်းသည် ထင်ရှားပေါ်လာ၏။ သတ္တဝါဟူ၍ မရှိ၊ မိန်းမ, ယောကျ်ားဟူ၍ မရှိ၊ ငါဟူ၍ မရှိ၊ သူဟူ၍ မရှိ၊ ဦးခေါင်း ခြေလက်စသည် မရှိ၊ ဆံပင်, မွေးညှင်း စသည်– မရှိဟူ၍ ဉာဏ်၏ ပြဋ္ဌာန်းခြင်းသည် ထင်ရှားပေါ်လာ၏။ ထိုသို့ ပေါ်လာသော အခါ၌ ဦးခေါင်းအင်္ဂါ၌ရှိသော ခက်မာမှုစသည်ကို ဦးခေါင်းဟူ၍ အရိုးအစဉ်

www.dhammaransi.com



ကြောင်ကြောင်မြင်၍ နေသော သက္ကာယဒိဋ္ဌိသည် ကွယ်ပျောက်၏။ ဦးခေါင်းဟူ၍ မရှိ၊ ဓာတ်အစုသာရှိသည်ဟူသော သမ္မာဒိဋ္ဌိ ဉာဏ်အမြင်သည် ဆင်ခြင်တိုင်း ပေါက်၏။ တစ်ကိုယ်လုံး၌ ထိုနည်းတူသိလေ။

## ချမ်းသာသုံးပါး ခံစားပုံ

ဤသို့လျှင် တစ်ကိုယ်လုံး၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓ မဂ္ဂင်ကြီး ၂-ပါး တည်ရှိသောအခါ အပါယ်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ ထိုသူသည် ထိုခဏမှစ၍ အပါယ် သံသရာ၏ ဆိုင်ရာဖြစ်သော ဝဋ်ဒုက္ခအပြီး ကျွတ်လွတ်၏။ သဥပါဒိသေသ ပထမနိဗ္ဗာန်သို့ ရောက်လေ၏။ ပထမနိဗ္ဗာန်ဘုံသူ, ပထမနိဗ္ဗာန်ဘုံသား အဖြစ်၌ တည်၏။ ဒုက္ခလက္ခဏာ ဉာဏ်အမြင် ကျန်ရှိသေးသောကြောင့် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို သာယာသော တဏှာမာနတို့လည်း ကျန်ရှိကုန်သေး၏။ ဘုံစဉ်စံအဖြစ်၌တည်၍ ထိုချမ်းသာသုံးပါးတို့ကို ခံစား စံစားလျက် ရှိသေး၏။ ဤကား အကျဉ်းပြဆိုနည်းတည်း။

ဤတွင်ရွေ့ မဂ္ဂင် ၈-ပါး ထူထောင်ပုံ ပြီး၏။

မဂ္ဂင်္ဒီပနီကျမ်း ပြီးပြီ။

☆ ☆ ☆

www.dhammaransi.com



# ခတုသစ္စဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ခန္ဓာစသည်ကို ပြဆိုချက်

### ခန္ဓာငါးပါး

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
[ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ ဖေဏပိဏ္ဍောပမသုတ်-၁၁၆။]

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိစုတွဲ ရေမြှုပ်ခဲကြီးနှင့်တူသော ဥပမာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ပုဗ္ဗုဠူပမာ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမဖက် ဆူဝေတက်သည့် ရေပွက်နှင့်တူသော ဥပမာရှိ၏။ သညာ၊ သညာသည် မရီစိကူပမာ၊ ငါဟု စွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမကပ် တံလျှပ်နှင့်တူသော ဥပမာရှိ၏။ သင်္ခါရာ၊ ဖဿ, စေတနာ အစရှိသော သင်္ခါရတို့သည်။ ကဒလူပမာ၊ ငါ-ဟု စွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်မပါ အကာကိုမျှ ရှာမရသော ငှက်ပျောတုံးကြီးနှင့် တူသောဥပမာ ရှိကုန်၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ မာယူပမံ၊ ငါ-ဟု စွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်အမာ ရှာ၍မရ မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောတော် မူအပ်၏။

www.dhammaransi.com

# စတုသစ္စဒီပနီ

♠ တောင်ပေါ်ကျမြစ်ရေသည် ကမ်းစဉ်တစ်လျှောက်ရှိနေသော သစ်ကိုင်းခြောက် သစ်ခက်ခြောက် သစ်ရွက်ခြောက် မြက်ခြောက်တို့ကို တဟုန်တည်း မျှောယူ၍ သမုဒ္ဒရာသို့ချလေသကဲ့သို့ ထိုဆာလောင် မွတ်သိပ်သော တဏှာကြီးသည် သူတော်ကောင်းတရားနှင့် ကင်းကွာသော တဏှာကာမဂုံ နတ်လူများမြောင် အခြောက်ကောင်တွေကို အပါယ်လေးပါးသို့ အတွင်မျှောယူပစ်ချလေ၏။

www.dhammaransi.com



## အာယတန ၁၂-ပါး

**သုဒ္ဓော ဂါမော သုဒ္ဓော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနမဓိဝစနံ၊ စက္ခာယတနဿ, သောတာယ-တနဿ, ဃာနာယတနဿ, ဇိဝှာယတနဿ, ကာယာယတနဿ, မနာယတနဿ။**

**ဂါမဃာတကာစောရာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနမဓိဝစနံ၊ ရူပါယတနာနံ, သဒ္ဒါယတနာနံ, ဂန္ဓာယတနာနံ, ရသာယတနာနံ, ဖောဋ္ဌဗ္ဗာယတနာနံ, ဓမ္မာယတနာနံ။**

[သဠာယတနသံယုတ် ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ သုဒ္ဓောဂါမော-သုဒ္ဓောဂါမောတိ၊ ရွာပျက်ကုန်းကြီး ရွာပျက်ကုန်းကြီးဟူသော။ ဧတံ အဓိဝစနံ၊ ထိုအမည်သည်။ ဆန္နံ၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကာနံ၊ မိမိအတွင်း၌ ဖြစ်၍ နေကုန်သော။ အာယတနာနံ၊ အာယတနတို့၏။ အဓိဝစနံ၊ အမည်တည်း။ စက္ခာယတနဿ၊ မျက်စိ၏ လည်းကောင်း။ သောတာယတနဿ၊ နား၏လည်းကောင်း၊ ဃာနာယတနဿ၊ နှာခေါင်း၏လည်းကောင်း။ ဇိဝှါယတနဿ၊ လျှာ၏လည်းကောင်း။ ကာယာယတနဿ၊ ကိုယ်၏လည်းကောင်း။ မနာယတနဿ၊ စိတ်၏ လည်းကောင်း။ အဓိဝစနံ၊ အမည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါမဃာတကာစောရာတိ၊ ရွာကို ညှဉ်းဆဲနှိပ်စက် လုယက်သတ်ဖြတ်တတ်သော သူခိုးကြီး ဓားမြကြီးတို့ဟူသော။ ဧတံ အဓိဝစနံ၊ ထိုအမည်သည်။ ဆန္နံ၊ ခြောက်ယောက်ကုန်သော။ ဗာဟိရာနံ၊ ပြင်ဖက်ရန် ဖြစ်ကုန်သော။ အာယတနာနံ၊ အာယတနတို့၏။ အဓိဝစနံ၊ အမည်တည်း။ ရူပါတယနာနံ၊ အဆင်းတို့၏လည်းကောင်း။ သဒ္ဒါယတနာနံ၊ အသံတို့၏ လည်းကောင်း။ ဂန္ဓာယတနာနံ၊ အနံ့တို့၏လည်းကောင်း။ ရသာယတနာနံ၊ အရသာတို့၏လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနာနံ၊ အတွေ့အထိတို့၏လည်းကောင်း။ ဓမ္မာယတနာနံ၊ ဓမ္မာရုံတို့၏လည်းကောင်း။ အဓိဝစနံ၊ အမည်တည်း။

www.dhammaransi.com



## ဓာတ် ၁၈-ပါး

အဋ္ဌာရသဓာတုယော စက္ခုဓာတု, သောတဓာတု, ဃာနဓာတု, ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု, ဂန္ဓဓာတု, ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု, သောတဝိညာဏဓာတု, ဃာနဝိညာဏဓာတု, ဇိဝှါဝိညာဏ-ဓာတု, ကာယဝိညာဏဓာတု, မနောဓာတု, မနောဝိညာဏ-ဓာတု, ဓမ္မဓာတု။

[သင်္ဂြိုဟ်ပါဠိ ဓာတ် ၁၈-ပါး။]

ဤ ၁၈-ပါးသော တရားစုသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုကို တစ်ရံတစ်ဆစ်မျှ လိုက်ခြင်းမရှိ။ မိမိ မိမိတို့၏ သဘောကိစ္စကိုသာ ရွက်ဆောင်မှု ကြောင့် ဓာတုဟူ၍ ခေါ်သည်။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ ။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကိုသာ။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

## ဓာတ်သုံးပါးတွဲ ပဋိစ္စသမုပ္ပါဒ်

၁။ လောကသမုဒယဉ္စ ဘိက္ခဝေ ဒေသေဿာမိ လောကနိရောဓဉ္စ။ ကထဉ္စ ဘိက္ခဝေ လောကသမုဒယော၊ စက္ခုဉ္စပဋိစ္စ, ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ, တိဏ္ဏံ သင်္ဂတိဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ

www.dhammaransi.com



ဇာတိ, ဇာတိပစ္စယာဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာ ပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၄။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာ ပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာတဏှာ, တဏှာ ပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာ မရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

www.dhammaransi.com



၇။ ကတမော စ ဘိက္ခဝေ လောကနိရောဓော၊ စက္ခုဉ္စ ပဋိစ္စရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿနိရောဓာ ဝေဒနာနိရောဓော, ဝေဒနာနိရောဓာ တဏှာနိရောဓော, တဏှာနိရောဓာ ဥပါဒါနနိရောဓော, ဥပါဒါနနိရောဓာ ဘဝနိရောဓော, ဘဝနိရောဓာ ဇာတိနိရောဓော, ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ပ ။ အယံ ခေါ ဘိက္ခဝေ လောကနိရောဓော။

[နိဒါနဝဂ္ဂသံယုတ် ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ လောကဿ သမုဒယဉ္စ၊ လူသတ္တဝါ အဖန်ဖန် ဖြစ်ပွား၍ နေပုံကိုလည်းကောင်း။ လောကနိရောဓဉ္စ၊ လူသတ္တဝါ ဖြစ်ပွားချုပ်ငြိမ်း ရုပ်သိမ်းပုံကိုလည်းကောင်း။ ဒေသေဿာမိ၊ ငါဘုရား ဟောတော်မူအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်သို့လျှင်။ လောကဿ သမုဒယော၊ လူသတ္တဝါ အဖန်ဖန် ဖြစ်ပွား၍နေမှုသည်။ ဟောတိ၊ ဖြစ်သနည်းဟူမူကား။ စက္ခုဉ္စ၊ စက္ခုဓာတ်ကို လည်းကောင်း။ ရူပေ စ၊ အဆင်းသဏ္ဌာန်ဟူသော ရူပဓာတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ်ဟူသော ဓာတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံစည်းဝေး လုံးထွေးထိခိုက်မှုသည်။ ဖဿော၊ ဖဿတရား မည်၏။ ဖဿပစ္စယာ၊ ဖဿတရားဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဝေဒနာ ပစ္စယာ၊ ဝေဒနာဖြစ်ပေါ်မှု ကြောင့်။ တဏှာ၊ တဏှာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ တဏှာပစ္စယာ၊ တဏှာ ဖြစ်ပေါ်မှုကြောင့်။ ဥပါဒါနံ၊ အပြင်းအထန် စွဲလမ်းတတ်သော ဥပါဒါန်တရားသည်။ သမ္ဘ ဝတိ၊ ဖြစ်ပေါ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရား ဖြစ်ပေါ်မှုကြောင့်။ ဘဝေါ၊ ဘဝသစ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဘဝပစ္စယာ၊ ဘဝ ဖြစ်ပေါ်မှုကြောင့်။ ဇာတိ၊ သင်္ခါရတရားတို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော

www.dhammaransi.com



ဇာတိတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဇာတိပစ္စယာ၊ ဇာတိ ဖြစ်ပေါ်မှုကြောင့်။ ဇရာ၊ ရင့်ရော် အိုမင်းခြင်းလည်းကောင်း။ မရဏ၊ ချုပ်ဆုံးပျက်စီးခြင်းလည်းကောင်း။ သောက၊ စိုးရိမ်ပူပန်ရခြင်းလည်းကောင်း။ ပရိဒေဝ၊ ငိုကြွေးမြည်တမ်းရခြင်းလည်းကောင်း။ ဒုက္ခ၊ ဆင်းရဲ ရခြင်းလည်းကောင်း။ ဒေါမနဿ၊ နှလုံးမသာယာဖြစ်ရခြင်းလည်းကောင်း။ ဥပါယာသာ၊ သက်ကြီးဖိုလှိုက် ငင်ရှိုက်ပင်ပန်းခြင်းတို့သည်လည်းကောင်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ သုခမဖက် သက်သက်ဒုက္ခစု ဒုက္ခခဲကြီး ဖြစ်၍နေသော။ ဧတဿ၊ ထိုဝဋ်တရား၏။ သမုဒယော၊ ပွားစီးဖြစ်ထွန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သောတ, ဃာန, ဇိဝှါ, ကာယ, မနကိုအရင်းတည်၍ ဟောသော ပါဠိတော်အစုမှာလည်း ဤအတိုင်းပင် သိ။ ။ တစ်ယောက်, တစ်ယောက်သော သတ္တဝါ၏ ဘဝအဆက်ဆက် ဖြစ်ပေါ်၍နေမှု၌ တစ်ခု, တစ်ခုသော ဖြစ်ပေါ်ရန် အစကို ဓာတ်သုံးပါး သုံးပါးတွဲဖက်၍ ပြတော်မူပေသော ပဋိစ္စသမုပ္ပါဒ်နည်းပေတည်း။

**၁။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

**၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

**၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

**၄။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

**၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

**၆။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။**
(ဓာတ်သုံးပါးတွဲ။)

သုံးပါးခြောက်လီသည် ၁၈–ပါး ဖြစ်၏။

www.dhammaransi.com



ပထဝီ, တေဇော, ဝါယော ဤသုံးပါးကို ဖောဋ္ဌဗ္ဗယူ။ ဓမ္မာရုံ ဆိုသည်ကား ရှေ့ဓာတ် ၁၇-ပါးကို ချန်လှပ်၍ ထို ၁၇-ပါးတို့မှ ကြွင်းကျန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား အလုံးစုံကို ဓမ္မာရုံ ဆိုသည်။

## ၂။ သစ္စာအနက် ၁၆-ချက် အမိပ္ပါယ်

၁။ ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော။

၂။ သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော။

၃။ နိရောဓဿ နိဿရဏဋ္ဌော, ပဝိဝေကဋ္ဌော, အမတဋ္ဌော, အသင်္ခတဋ္ဌော။

၄။ မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော။

[ပဋိသမ္ဘိဒါမဂ် ပါဠိတော်။]

## ဒုက္ခသစ္စာ အနက် ၄-ချက်
## သစ္စာအနက် ၁၆-ချက်အနက်

၁။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ နှိပ်စက်တတ် နှိပ်စက်ခြင်း သဘောလည်း တစ်ပါး။

၂။ သင်္ခတဋ္ဌော၊ အဖန်ဖန် ပြုပြင် ထူထောင်အပ်သော သဘောလည်း တစ်ပါး။

၃။ သန္တာပဋ္ဌော၊ အဖန်ဖန် ပူလောင်စေအပ် ပူလောင်စေတတ်သော သဘောလည်း တစ်ပါး။

၄။ ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ်ခြင်းသဘော လည်း တစ်ပါး။

အကြင်တရားသည် ဤလေးပါးသောတရားနှင့် ပြည့်စုံ၏။ ထိုတရားသည် ဒုက္ခသစ္စာမည်၏။ ပညာရှိတို့ ကြောက်မက်ဖွယ် ကောင်းလှသော ဘေးဘယ

www.dhammaransi.com



ဒုက္ခမျိုး ဧကန်အမှန် ဖြစ်၏ဟူလိုသည်။ တေဘူမကသင်္ဂါရ တရားစုသည် ဤလေးပါးသော သဘောအနက်နှင့် ပြည့်စုံသည်ချည်းဖြစ်၍ ဒုက္ခသစ္စာချည်း အမှန်ဖြစ်လေသတည်း။

## သမုဒယသစ္စာ အနက် ၄-ချက်

၁။ သမုဒယဿ၊ လောဘဟူသော သမုဒယ သစ္စာ၏။ အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ စုဆောင်းဆည်းပူးခြင်း သဘောလည်း တစ်ပါး။

၂။ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ ဒုက္ခအမှုတို့ကို တစ်ရံမစဲ အမြဲမပြတ် ဆောင်နှင်းခြင်းသဘောလည်း တစ်ပါး။

၃။ သံယောဂဋ္ဌော၊ ဒုက္ခဝဋ္ဋ ဒုက္ခအမှုတို့နှင့်သာ လွန်စွာယှဉ်တွဲအမြဲဖွဲ့နှောင်ခြင်း သဘောလည်း တစ်ပါး။

၄။ ပလိဗောဓဋ္ဌော၊ ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ယှက်တားမြစ်ခြင်း သဘောလည်း တစ်ပါး။

အကြင်တရားသည် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏။ ထိုတရားသည် ဒုက္ခသမုဒယ အမှန်ဖြစ်၏။ ဒုက္ခအမျိုးမျိုးတို့ကို ဘဝဆက်တိုင်း တိုးပွားစေတတ်သော တရားအမှန် ဖြစ်၏ဟူလိုသည်။ ။ တဏှာသည် ထိုလေးပါးသော သဘောနှင့် ပြည့်စုံ၏။

## နိရောဓသစ္စာ အနက် ၄-ချက်

၁။ နိရောဓဿ၊ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ ဒုက္ခဝဋ်မှ ကျွတ်လွတ်ခြင်းသဘောလည်း တစ်ပါး။

၂။ ပဝိဝေကဋ္ဌော၊ နှောင့်ယှက်ခြင်းတို့မှ ဆိတ်ကင်းသော သဘောလည်း တစ်ပါး။

၃။ အမတဋ္ဌော၊ ပျက်ဆုံးခြင်း မရှိသော သဘောလည်း တစ်ပါး။

၄။ အသင်္ခတဋ္ဌော၊ အဖန်ဖန် ပြုပြင်ရခြင်း မရှိသော သဘောလည်း တစ်ပါး။

www.dhammaransi.com



အကြင်တရားသည် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏။ ထိုတရားသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းကင်းလွတ်သော တရားအမှန် ဖြစ်၏။ နိဗ္ဗာန်တရားသည်သာလျှင် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏။

## မဂ္ဂသစ္စာအနက် ၄–ချက်

၁။ မဂ္ဂဿ၊ သမ္မာဒိဋ္ဌိ အစရှိသော လောကုတ္တရာ မဂ္ဂင် ရှစ်ပါးမဂ္ဂသစ္စာတရား၏။ နိယျာနဋ္ဌော၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းသဘောလည်း တစ်ပါး။

၂။ ဟေတုဋ္ဌော၊ ဖြူစင်မွန်မြတ်သော ဂုဏ်ကျေးဇူးအပေါင်းတို့ကို ကောင်းစွာတည်ခိုင် ပွားများစေနိုင်သော မူလသဘောလည်း တစ်ပါး။

၃။ ဒဿနဋ္ဌော၊ အနမတဂ္ဂ သံသရာစက်ဝယ် အိပ်မက်တွင်မျှ မမြင်ဖူးရ ထူးမြတ်လှသော စတုသစ္စဓမ္မကို မြင်ရခြင်း သဘောလည်း တစ်ပါး။

၄။ အဓိပတေယျဋ္ဌော၊ တဏှာသုံးမျိုး အုပ်စိုးချက်မှ လွန်မြောက်သဖြင့် မိမိအပေါ်တွင် မိမိလျှင် အကြီးအကဲ ဖြစ်ရခြင်းသဘောလည်း တစ်ပါး။

အကြင်တရားသည် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏။ ထိုတရားသည်သာလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရန် လမ်းကြောင်းအမှန် ဖြစ်၏။ မဂ္ဂင်ရှစ်ပါးတရားသည်သာလျှင် ဤလေးပါးသော သဘောနှင့်ပြည့်စုံ၏။

## ၃။ ဒုက္ခသစ္စာအနက် ၄–ချက် အဓိပ္ပါယ်

ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ, ဒုက္ခသဘော လေးချက်။

ထိုလေးချက်တွင် ပီဠနဋ္ဌကား ဒုက္ခသစ္စာ၏ လက္ခဏာရင်းတည်း။ နောက်သုံးချက်က ပီဠနဋ္ဌ၏ အပွားတည်း။ ပီဠနဋ္ဌဆိုသည်ကား နှိပ်စက်ညှဉ်းပန်းမှုတည်း။ ထို နှိပ်စက်ညှဉ်းပန်းမှုသည် –

၁။ သင်္ခတကိစ္စနှင့် နှိပ်စက်ညှဉ်းပန်းမှု၊

၂။ သန္တာပကိစ္စနှင့် နှိပ်စက်ညှဉ်းပန်းမှု၊

www.dhammaransi.com



၃။ ဝိပရိဏာမကိစ္စနှင့် နှိပ်စက်ညှဉ်းပန်းမှု- ဟူ၍ သုံးပါးရှိ၏ ဟူလိုသည်။

တစ်ခုတစ်ခုသော တေဘူမကဓမ္မသည် မိမိကိုတွယ်တာသော သတ္တဝါကို-

၁။ ရှေးအဖို့၌ သင်္ခတဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

၂။ အလယ်အဖို့၌ သန္တာပဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

၃။ အဆုံးသတ်၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

ဤသို့ အစ, အလယ်, အဆုံး သုံးပါးလုံး၌ ဒုက္ခဒဏ်သုံးချက်နှင့် နှိပ်စက်ညှဉ်းပန်းမှုသည်ပင်လျှင် ပီဠနဋ္ဌမည်၏ ဆိုလိုသည်။

## ဗြဟ္မာ့ပြည်၌ ဒုက္ခဒဏ်ချက်

တစ်ကြိမ်ရရှိသော ဗြဟ္မာ့ခန္ဓာသည် ထိုပုဂ္ဂိုလ်ကို -

၁။ အစ၌ သင်္ခတဒဏ်ချက်နှင့် နှိပ်စက်၏။

၂။ အလယ်၌ သန္တာပဒဏ်ချက်နှင့် နှိပ်စက်၏။

၃။ အဆုံး၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်၏။

အစ၌ သင်္ခတဒဏ်ချက်နှင့် နှိပ်စက်မှုဆိုသည်ကား ထိုဗြဟ္မာ့ခန္ဓာကို ရခြင်းငှါ ရှေးဘဝ၌ ဈာန်သမာပတ်တရားကို ပွားများအားထုတ်မှုဟူသော သင်္ခတဒဏ်ချက်နှင့် ပြင်းထန်စွာ နှိပ်စက်မှုတည်း။ ဈာန်သမာပတ်တရားကို ပွားများအားထုတ်မှုမည်သည် အလွန်ပြင်းထန်သော သင်္ခါရဒုက္ခမှုကြီး ဖြစ်သတည်း။ လူနှင့်မနီးရာ တောကြီး, တောင်ကြီးမှာနေ၍ လူစဉ်မမှီအောင် အပင်အပန်းခံမှ ရနိုင်သော တရားမျိုးတည်း။

အလယ်၌ သန္တာပဒဏ်ချက်နှင့် နှိပ်စက်မှု ဆိုသည်ကား- ထိုဈာန် သမာပတ်ရား၏ အကျိုးဖြစ်သော ဗြဟ္မာ့ခန္ဓာ ဖြစ်ပေါ်လာသည်ရှိသော် ထိုဗြဟ္မာ့ခန္ဓာမှ ငါ-ငါဟူသော မာနမီးအမြဲထ၍ သန္တာပဒဏ်ချက်ဖြင့် ထိုပုဂ္ဂိုလ်ကို အမြဲနှိပ်စက်၏။ ထိုအတူ သက္ကာယဒိဋ္ဌိမီး, သဿတဒိဋ္ဌိမီး, ဥစ္ဆေဒဒိဋ္ဌိမီး, ဗြဟ္မာ့ဘုန်းတန်ခိုးဖြင့် ယစ်မူးခြင်းဟူသော မဒမီး, တရား၌ မေ့လျော့ခြင်းဟူသော ပမာဒမီး အစရှိကုန်သော ကိလေသာမီးတို့သည် ထကုန်၍ သန္တာပဒဏ်ချက်ဖြင့် ထိုပုဂ္ဂိုလ်ကို အမြဲနှိပ်စက်ကုန်၏။

www.dhammaransi.com



ကိလေသာတို့၏ ပူပန်စေတတ်မှု၊ နှိပ်စက်မှုသည် နှိပ်စက်ဆဲအခါ၌ ထိုပုဂ္ဂိုလ်သိနိုင်သည် မဟုတ်၊ အကောင်းပင်ထင်ရသည်။ မိမိအကြိုက်ပင် ထင်ရသည်။ နောင်တစ်ဖန်ပူပန်မှု ဖြစ်ပေါ်၍ လာသောအခါမှ ကိလေသာတို့၏ ပူပန်စေမှု, နှိပ်စက်မှု ထင်ရှားပေါ်ပေါက်၍ လာသည်။ ပုဂ္ဂိုလ်ကပင် ပူပန်မှုမှန်း မသိသော်လည်း ရှေ့သို့ ယုတ်ညံ့သိမ်ဖျင်း၍သွားရန် နောက်ကျူညစ်ကြေးသော အကြံအစည် ဟူသမျှသည် ထိုပုဂ္ဂိုလ်ကို နှိပ်စက်မှုချည်းသာတည်း။ ထိုဗြဟ္မာ အသက်ရှည်သမျှ ကာလပတ်လုံး ထိုဗြဟ္မာ့ခန္ဓာမှ ကိလေသာမီးအမျိုးမျိုး ဖြစ်ပွား၍ ထိုဗြဟ္မာကို ထိုခန္ဓာသည် အသက်ထက်ဆုံး နှိပ်စက်ညှဉ်းပန်း၏။

အဆုံး၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်မှု ဆိုသည်ကား- ထိုခန္ဓာ၏ သေဆုံးပျောက်ကွယ်မှုကို ဝိပရိဏာမဒုက္ခ ဆိုသတည်း။ ထိုခန္ဓာ ပျက်ဆုံးသည့် အတွက်ကြောင့် ထိုပုဂ္ဂိုလ်သည် ယုတ်ညံ့သော ကာမဘုံ, ကာမဘဝသို့ လျှောကျရလေ၏။ အဆင့်ဆင့်အားဖြင့် အောက်အဝီစိငရဲသို့ ကျအောင်ပင် လျှောကျရလေ၏။ ခွေး, ဝက်, ကြက်, ငှက်, ခြင်, မှက်, သန်း, ကြမ်းပိုးစသည် ဖြစ်ရပြန်၏။ ထိုဗြဟ္မာ့ခန္ဓာသည် အဆုံး၌ ထိုပုဂ္ဂိုလ်ကို ဝိပရိဏာမဒဏ်ချက်ဖြင့် ဤမျှလောက် ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်း၏။

ထို့ကြောင့် ထိုဗြဟ္မာ့ခန္ဓာသည် ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ ဟူသော ဒုက္ခအချက် အနက်လေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဒုက္ခသစ္စာ မည်၏။

## နတ်ပြည်၌ ဒုက္ခဒဏ်ချက်

နတ်ပြည်ခြောက်ထပ်၊ နတ်တို့၏ ခန္ဓာသည်လည်း ခန္ဓာရှင်ဖြစ်သူကို -

၁။ အစ၌ သင်္ခတ ဒဏ်ချက်၊

၂။ အလယ်၌ သန္တာပ ဒဏ်ချက်၊

၃။ အဆုံး၌ ဝိပရိဏာမ ဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

ဤမှ သင်္ခတဒဏ်ချက် ဆိုသည်ကား- ဒါနပြုမှု, ဝစီကံများကို လုံခြုံစွာ စောင့်ထိန်းမှု, စိတ်မနောများကို လုံခြုံစွာချုပ်တည်းမှုပေတည်း။ ထိုအမှုကို ရှေးဘဝ၌ ပြည့်စုံစွာပြုနိုင်မှ နောက်ဘဝ၌ နတ်ခန္ဓာကို ရနိုင်၏။ စိတ်အလို

www.dhammaransi.com



သက်သက်နှင့် ရနိုင်သည် မဟုတ်။ ဒါနမှုမည်သည် တစ်ရာတန် ချမ်းသာ၍ နေသောသူကို တစ်နေ့တည်းနှင့် မွဲစေနိုင်၏။ တစ်ထောင်တန် ချမ်းသာ၍ နေသောသူကို တစ်နေ့တည်းနှင့် မွဲစေနိုင်၏။ သီလမှုမည်သည် အစဉ်မြဲလေအောင် လုံခြုံစွာ စောင့်ထိန်းမှု အလွန်ကြပ်တည်း၏။

ထိုဒါန, သီလမှုကို မပြုပဲနေခဲ့လျှင် သေသည်၏အခြားမဲ့၌ အပါယ်လေးပါးသို့ ဆင်းရတော့မည် အပြီးဖြစ်၍ မပြုချင်လျှင် မနေသာမှုကြီး စင်စစ်ဖြစ်၏။ ဒါန, သီလရှိ၍ သုဂတိဘုံဘဝသို့ ရောက်ကြရာ၌လည်း ဒါန, သီလ သေးသိမ်ခဲ့လျှင် သေးသိမ် ယုတ်ညံ့သောဘဝသို့ ရောက်ပြန်၏။ ဒါန, သီလကြီးလေလေ အဆင့်ဆင့် မြင့်သည်ထက် မြင့်ရာ၊ မြတ်သည်ထက် မြတ်ရာသို့ ရောက်လေလေ ဖြစ်၏။

ထို့ကြောင့် နောက်ဘဝ၌ သေးသိမ်ယုတ်ညံ့၍ နေမည်ကို ကြောက်ရသဖြင့် ဒါနမှုနှင့် ပစ္စည်းဥစ္စာများစွာ အဆုံးခံကြ၏။ သီလမှုနှင့် ကိုယ်နှုတ်နှစ်ဖြာများစွာ ကျဉ်းကြပ်ရ၏။ မပြုချင် မနေသာလှ၍ ပြုကြသော မနေသာမှုကြီးတွေ စင်စစ်တည်း။

မနေသာမှုနှင့် ပြုကြရသော အမှုဟူသမျှသည် ဒုက္ခမှုချည်း စင်စစ်တည်း။ ဒါန, သီလကို မပြုပဲနှင့်ပင် အလိုရှိရာ နတ်ခန္ဓာကို ရနိုင်သည် ဖြစ်ငြားအံ့။ ဈာန်သမာပတ်ကို အားမထုတ်ပဲနှင့် အလိုရှိရာ ဗြဟ္မာ့ခန္ဓာကို ရနိုင်သည် ဖြစ်ငြားအံ့။ ထိုတရားတို့ကို ဘယ်သူပြုပချေအံ့နည်း။

ထိုနတ်ခန္ဓာတို့မှ အလွန်ပြင်းထန်သော ရာဂမီးတို့သည် အသက်ထက်ဆုံး ထ၍ ထိုနတ်တို့ကို ပူပန်စေကုန်၏။ ဒေါသမီး, မောဟမီး, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ–မီးတို့သည် ထိုက်သည်အားလျော်စွာ ထကုန်၍ ထိုနတ်တို့ကို ပူပန်စေကုန်၏။ ဤကား နတ်ပြည်ခြောက်ထပ် နတ်တို့၏ခန္ဓာသည် သန္တာပမီး အမျိုးမျိုးတို့ဖြင့် ထိုနတ်တို့ကို တစ်ရံမစဲ အမြဲနှိပ်စက်ပုံတည်း။

ပျော်ပါးခံစား၍ နေဆဲအခါ၌ပင်လျှင် ခန္ဓာတို့သည် မီးတောက်ကြီး ရုတ်တရက် သေပျောက်သကဲ့သို့ ရုတ်တရက် ချုပ်ပျောက်ကွယ် ဆုံးကုန်၍ ထိုနတ်တို့ကို ယေဘုယျအားဖြင့် အပါယ်သို့ လျှောကျစေကုန် ၏။ မိမိ မိမိတို့၏

www.dhammaransi.com



ခန္ဓာတို့သည်ပင်လျှင် ထိုနတ်တို့ကို အပါယ်သို့ပစ်ချကုန်၏။ ဤကား နတ်ခန္ဓာတို့သည် နတ်တို့ကို အဆုံး၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်းပုံတည်း။

## နှိုင်းယှဉ်ချက်

အစ, အလယ်, အဆုံး နှိပ်စက်ခြင်း သုံးပါးတို့တွင် ဗြဟ္မာတို့၌ သင်္ခတဒဏ်ချက် အလွန်ကြီးမား၏။ အလွန်ပြင်းထန်သော သင်္ခတဒဏ်ချက်ကြီးကို ခံနိုင်သည့်အတွက်ကြောင့် အလယ်၌သန္တာပဒဏ်ချက် သက်သာ၏။ အဆုံးဖြစ်သော ဝိပရိဏာမဒဏ်ချက်သည် အလွန်ကြာမြင့်မှ ဆိုက်၏။ ကမ္ဘာဖြင့် အသက်တမ်းကို ရေတွက်ရ၏။

နတ်ပြည်ခြောက်ထပ်တို့၌ သင်္ခတဒဏ်ချက် သက်သာ၏။ ဒါနမှု, သီလမှုမည်သည် ဈာနဘာဝနာမှုထက် အဆတစ်ထောင်မက လွယ်လှ၏။ သင်္ခတဒဏ်ချက် သက်သာရာကို လိုက်မှုကြောင့် ကိလေသာတို့သည် ညှိုးနွမ်းခြင်း မရှိကုန်ရကား နတ်ခန္ဓာ ဖြစ်ပေါ်သောအခါ၌ သန္တာပဒဏ်ချက်တို့သည် အလွန်ကြီးကျယ်ကုန်၏။ ခြောက်ဒွါရမှ တောက်ထကုန်သော ကာမရာဂမီးတို့သည် ထိုနတ်တို့ကို အသက်ထက်ဆုံး တဟုန်းဟုန်းလောင်ကုန်၏။ ကြွင်းသော မီးတို့လည်း ထိုက်သည် အားလျော်စွာ ဆိုက်လာကုန်၏။ နှစ်, လ, နေ့ရက်ဖြင့် အသက်တမ်းကို ရေတွက်ရ၏။ နတ်တို့အသက်သည် ဗြဟ္မာတို့၏အသက်နှင့် နှိုင်းယှဉ် သည်ရှိသော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကဲ့သို့ ဖြစ်၏။ နတ်ပြည်ခြောက်ထပ်လုံး၌ ခံစားမှု, စံစားမှု, ပျော်ပါးမှု ဆိုသော်လည်း နတ်ပြည်ခြောက်ထပ်လုံး ကာမရာဂမီး တဟုန်းဟုန်း တောက်လောင်မှု တို့သာတည်း။

ဤသို့လျှင် နတ်ပြည်ခြောက်ထပ် နတ်တို့၏ခန္ဓာတို့သည် ခန္ဓာရှင် နတ်တို့ကို လေးပါးသောဒဏ်ချက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းမှု ထင်ရှားရှိလေသော ကြောင့် ဒုက္ခသစ္စာသာ အမှန်ဖြစ်၏။

www.dhammaransi.com



## လူ့ပြည်၌ ဒုက္ခဒဏ်ချက်

လူတို့၏ ရုပ်နာမ်ခန္ဓာတို့သည်လည်း လူသတ္တဝါတို့ကို ဒုက္ခဒဏ်သုံးချက်တို့နှင့် နှိပ်စက်ညှဉ်းပန်း၏။

၁။ သင်္ခတဒဏ်ချက်မှာ နတ်တို့ထက်ပင် သက်သာ၏။

၂။ သင်္ခတဒဏ်ချက် သက်သာသည့်အတွက်ကြောင့် သန္တာပဒဏ်ချက်ကို နတ်တို့ထက် အဆသိန်းသန်းမက သာလွန်၍ခံရ၏။

၃။ ဝိပရိဏာမ ဒဏ်ချက်သည်လည်း အလွန်လျင်မြန်စွာ ဆိုက်လာ၏။ လူတို့၏တစ်သက်သည် နတ်တို့၏မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကဲ့သို့ ရှိ၏။

သန္တာပဒဏ်ချက် ကြီးကျယ်ပုံကား အမိဝမ်း၌ ကိန်းအောင်းမှု ဒုက္ခ၊ ဖွားမြင်မှု ဒုက္ခ၊ ပူသောအရပ်၊ ပူသောရာသီ၌ ပူမှု- အိုက်မှုဒုက္ခ၊ ချမ်းအေးသောအရပ် ချမ်းအေးသော ရာသီ၌ အလွန်ချမ်းအေးမှုဒုက္ခ၊ ခြင်, မှက်, လေပူနေပူထူထပ်သော အရပ်၊ ထူထပ်သော ရာသီ၌ ခြင်ကိုက်, မှက်ကိုက် လေတိုက်နေပူခံရသော ဒုက္ခ၊ ဒုက္ခအပေါင်း အနန္တအတွင်း ဝင်လျက်ပါရှိသော တောင်သူလယ်ယာ လုပ်ကိုင်ခြင်း အစရှိသော အသက်ခန္ဓာ မွေးမြူမှုဟူသော မဟာဒုက္ခကြီး၊ မင်းရေး စိုးမှုဒုက္ခ၊ ရုပ်ရေးရွာရေးမှုဒုက္ခ၊ ဆွေရေးမျိုးရေးမှုဒုက္ခ၊ တစ်နေ့, တစ်နေ့ လျှင် နှစ်ကြိမ်နှစ်ကြိမ် ဤခန္ဓာကို အစာရေစာ ပေးဆောင်မှုနှင့် နေ့စဉ်ကြောင့်ကြစိုက်ရသော ဒုက္ခ၊ တစ်ခုတည်းသော ဣရိယာပုထ်၌ ကြာမြင့်စွာ မနေနိုင်သည့်အတွက် ဣရိယာပုထ် အမျိုးမျိုး ပြောင်းရွှေပေး ဆောင်ရသော ဒုက္ခ၊ ခြောက်ဒွါရတို့၌ စွဲကပ်တွယ်တာ၍ နေကုန်သော ကိလေသာတည်းဟူသော ဘီလူး, သဘက်, အစိမ်းသရဲတို့ လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း ဘီလူး, သဘက်, အစိမ်းသရဲတို့ကို အစာကျွေးမှု ဒုက္ခ၊ ဤကား ပကတိ အရိုးအစဉ် ဒုက္ခမျိုးစုတည်း။

ဒုစရိုက်အမျိုးမျိုးတို့ကို အမှောက်အမှား လိုက်စားကျူးလွန်မှု ဒုက္ခအနန္တ၊ ဒုစရိုက်အမျိုးမျိုးနှင့် အသက်မွေးမှု သားမယားမွေးမှု ဒုက္ခအနန္တ၊ အပါယ်လေးပါး၌ အနစ်ကြီးနစ်ဖွယ်သော ဘာသာတရား အမှောက်အမှား ထွန်းကားရာ လူမျိုး၌ဖြစ်၍ အသက်ရှည်လေလေ အပါယ်ငရဲ နက်နဲလေလေ ဖြစ်ရသော ဒုက္ခအနန္တ၊ နွေအခါ၌

www.dhammaransi.com



မီးလှုံခြင်း ဆောင်းအခါ၌ မိမိကိုယ်ကို ရေစိမ်ခြင်း အစရှိသော အလွန်ပင်ပန်း၍ အကျိုးမရှိ အချည်းနှီးသော မိစ္ဆာဒိဋ္ဌိလူမျိုး၌ဖြစ်၍ အကျိုးမရှိ အချိုးနှီး သက်သက်နှင့် တစ်သက်လုံး အပင်ပန်းကြီး ပင်ပန်းရသော ဒုက္ခမျိုး အနန္တ၊ ကိုယ်တွင်းမှဖြစ်သော ကိုးဆယ့်ခြောက်ပါးသော ရောဂါဘေး, အနာဘေး ကိုယ်ပ၌ဖြစ်သော ရန်သူမျိုးငါးပါး အစရှိသော ဘေးတို့နှင့် တွေ့ကြုံရသော ဒုက္ခမျိုးအနန္တ ဤသို့အစရှိသဖြင့် အနမတဂ္ဂ သံသရာ၌ လူ့ဘုံမှာ ရှိနေသော သန္တာပဒုက္ခမျိုးသည် အလွန်များပြား ကြီးကျယ်၏။ လူတို့၏ ခန္ဓာတို့သည် လူသတ္တဝါတို့ကို ဤမျှလောက်သော သန္တာပဒဏ်ချက်တို့ဖြင့် နှိပ်စက် ညှဉ်းပန်း၏။

လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို ဝိပရိဏာမဒဏ်ချက်ဖြင့် အဘယ်သို့ နှိပ်စက်သနည်းဟူမူကား အလွန်ရခဲ လှစွာသော လူ့ဘဝကို ရပါသော်လည်း လူတို့၏ခန္ဓာသည် ထိုသတ္တဝါကို ကလလရေကြည်အခါတွင် ဝိပရိဏာမ ဒဏ်ချက်ဖြင့် အသေသတ်၍ အပါယ်သို့ပစ်ချ၏။ ဤနည်းအတိုင်း အသက်တမ်း ဆုံးအောင် ဆိုလေ။

အနမတဂ္ဂ သံသရာ၌ တစ်ယောက်, တစ်ယောက်သော သတ္တဝါသည် မိမိခန္ဓာ၏ သတ်ချက်ဖြင့် ကလလရေကြည်တွင် သေခဲ့ရသော ဘဝပေါင်း အနန္တ၊ အမြှုပ်အဖြစ်သို့ ရောက်သောအခါ၌ သေခဲ့ရသော ဘဝပေါင်း အနန္တ၊ သွေးခဲအဖြစ်သို့ ရောက်သောအခါ၌ သေခဲ့ရသော ဘဝပေါင်း အနန္တ၊ သားတစ်အခါ၌ သေခဲ့ရသော ဘဝပေါင်း အနန္တ၊ ဤသို့ အစရှိသည်ဖြင့် မိမိခန္ဓာသတ်မှုနှင့် သေခဲ့ရသော ခဏကာလ အချက်တွေကို အကုန်မြော်မြင်လေ။ ဤသို့လျှင် လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို အဆုံးအဆုံး၌ ဝိပရိဏာမ ဒဏ်ချက်နှင့် နှိပ်စက်ညှဉ်း ပန်း၏။

ဤသို့လျှင် လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို လေးပါးသော အနက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းမှု ထင်ရှားရှိလေသောကြောင့် ဒုက္ခသစ္စာ သာ အမှန် ဖြစ်လေသတည်း။

www.dhammaransi.com



## အပါယ်ဘုံ၌ ဒုက္ခဒဏ်ချက်

အပါယ်ဘုံသားတို့၏ ခန္ဓာသည် အပါယ်သတ္တဝါတို့ကို ဒုက္ခဒဏ်လေးချက်ဖြင့် နှိပ်စက်ညှဉ်းပန်းရာ၌ အပါယ်ခန္ဓာကို အကုသိုလ် ဒုစရိုက်မှုတို့သည် ဖြစ်စေကုန်၏။

"မနော၊ သတ္တဝါတို့၏ စိတ်မည်သည်။ ပါပသ္မိံ၊ မကောင်းမှု ဒုစရိုက်၌ သာလျှင်။ ရမတေ၊ မွေ့လျော်၏"– ဟူ၍ ဟောတော်မူသောကြောင့် မကောင်းမှု ဒုစရိုက်မည်သည် သတ္တဝါတို့၏ မွေ့လျော်ပျော်ပါးရာ ဌာနဖြစ်၏။ သတ္တဝါတို့မည်သည် စိတ်ပျော်မွေ့ရာဌာနသို့ လိုက်စား အားထုတ်၍နေရလျှင် ဆင်းရဲသည်ဟု မထင်ကြ။ ထို့ကြောင့် အပါယ်သန်တဒဏ်ချက်သည် ပူလောင်မှုကြီး စင်စစ်ဖြစ်သော်လည်း မပြုချင်လျှင် မနေသာမှုမျိုး မဟုတ်။ အလွန်ပြုချင်အားသန်ကြသောအမှုမျိုး ဖြစ်ခဲ့၍ သန်တဒဏ်ချက် သက်သာသည်ဟု ဆိုရန်တစ်ချက်, အကျိုးပေး ဆိုးရွားမှုကိုထောက်၍ သန်တဒဏ်ချက် အလွန်ပြင်းထန်သည်ဟု ဆိုရန်တစ်ချက် ရှိ၏။

အပါယ်ခန္ဓာ ဖြစ်ပေါ်လာသောအခါ သန္တာပဒဏ်ချက် ကြီးကျယ်ပုံကိုမူကား မြတ်စွာဘုရားမှသော်လည်း ဒေသနာအစဉ်အားဖြင့် ဆုံးခန်းရောက်အောင် မဟောနိုင်ဟု ဟောတော်မူရ၏။

**[အပါယ်ခန္ဓာတို့၏ သန္တာပဒုက္ခ အဖြွက်ကိုမူကား သံဝေဂ ဝတ္ထုဒီပနီစာအုပ်မှာကြည့်၍ သိကြလေ။]**

အကျဉ်းအားဖြင့် မီးငရဲ၌ ကျလေသောသူသည် အရိုး, အကြော, အသား, နှလုံး, သည်းပွတ်, ဦးနှောက် အစရှိသည်ဖြင့် အကုန်လုံး မီးခဲအတိဖြစ်၍ အရေအားလုံးမှ မီးတောက်မီးလျှံ တဟုန်းဟုန်းတောက်လောင်၍ အနှစ်တစ်သိန်း, အနှစ်တစ်ကုဋေ, အနှစ်အသင်္ချေပတ်လုံး အလွန်ပြင်းထန်သော မီးဒုက္ခကို ခံနေရ၏။ ကံမကုန်သမျှ မလွတ်ရ။

ဤနည်းကိုမှီ၍ ဇမ္ဗူဒီပါကဲ့သို့ ယူဇနာတစ်သောင်းစီ ကျယ်ဝန်း သောငရဲကြီးရှစ်ပြည်ထောင်တို့, ဥဿဒ ငရဲငယ်ပေါင်း (၁၂၈) ပြည်ထောင်တို့နှင့်အပြည့်မပြင်ဝံ့, မရှုဝံ့ ပြင်းထန်လှစွာသော အမျိုးမျိုးသော ဒုက္ခဒဏ်တို့ကို နှစ်ပေါင်း

www.dhammaransi.com



သိန်း, သန်း, ကုဋေ ခံနေကြကုန်သော ပြည်ထောင်သတ္တဝါတို့ကို မျှော်မြင်လေ။

[ပြိတ္တာတို့၏ သန္တာပဒုက္ခ, အသုရကာယ်တို့၏ သန္တာပဒုက္ခ, တိရစ္ဆာန်တို့၏ သန္တာပဒုက္ခတို့ကိုလည်း သံဝေဂဝတ္ထု ဒီပနီစာအုပ်မှာ ကြည့်၍ သိလေ။]

အဆုံး၌ စုတေမှုဟူသော ဝိပရိဏာမဒဏ်ချက်မှာလည်း တစ်ခုသောကံအတွက် တစ်ခုသောအပါယ်ဘဝသို့ ရောက်လာရာ ထိုကံကုန်လျှင် ဝိပရိဏာမဒဏ်ချက် ဆိုက်ရောက်၍ စုတေလေသော် ထိုထက်နက်နဲသောအပါယ်ဘဝသို့ ကျရလေ၏။ ဘဝပေါင်း တစ်ထောင်နှင့်လည်း သုဂတိဘုံသို့ လာခွင့်မရ။ ဘဝပေါင်း တစ်သောင်းနှင့်လည်း သုဂတိဘုံသို့ လာခွင့်မရ။

## ကုသိုလ်နည်းပါး အကုသိုလ်များကြပုံ

ဤအရာ၌ သမ္မောဟဝိနောဒနီအဋ္ဌကထာကျမ်းကြီး စကားကို ပြဆိုရာ၏။ သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့မည်သည် သူတော်ကောင်းတရားနှင့် ပြည့်စုံသော ဘဝကား အလွန်နည်းပါး၏။ နိုင်ရာသတ်, နိုင်ရာစား အပါယ်ဘဝတွေသာ များကြ၏။ လူဖြစ်သော ဘဝတို့မှာလည်း ဘဝတစ်ရာတွင် တစ်ဘဝမျှ သူတော်ကောင်းတရားနှင့် ပြည့်စုံသောဘဝကို မရနိုင်။ မိစ္ဆာဒိဋ္ဌိဘဝ, ဒုစရိုက်ဘဝတွေသာ များချေ၏။ မကောင်းမှု ဒုစရိုက်မည်သည် တစ်ဘဝမျှ လိုက်စားလျှင်ပင် အသင်္ချေယျအနန္တ များပြားနိုင်၏။

ထို့ကြောင့် ယခုရှိကြသော လူလူရှင်ရှင် ပုထုဇဉ် သတ္တဝါ အပေါင်းတို့မှာ တစ်ယောက်, တစ်ယောက်သော သတ္တဝါ၌ပင်လျှင် အဝီစိငရဲသို့ ကျရောက်ရန် ဒုစရိုက်ကံဟောင်းပေါင်း အသိန်းအသန်းမက ပါရှိ၍နေ၏။ သဉ္ဇီဝငရဲသို့ ကျရောက်ရန် အသိန်းအသန်းမက ပါရှိ၍နေ၏။

ကြွင်းသော ငရဲအမျိုးမျိုး, ပြိတ္တာအမျိုးမျိုး, အသုရကာယ် အမျိုးမျိုး, တိရစ္ဆာန်အမျိုးမျိုးတို့၌ ထိုနည်းတူ သိလေ။ နတ်ပြည် ခြောက်ထပ်ရှိ နတ်ပုထုဇဉ် သတ္တဝါ, ဗြဟ္မာ့ပြည်ရှိ ဗြဟ္မာပုထုဇဉ် သတ္တဝါ တစ်ယောက်, တစ်ယောက်မှာလည်း ဤနည်းတူ ဒုစရိုက်ကံဟောင်းတွေ ပါရှိ၍နေပုံကို သိလေ။

www.dhammaransi.com



လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှ စုတေ၍ အပါယ်သို့ တစ်ခါ ကျရောက်၍ သွားခဲ့လျှင် ထိုကံဟောင်းတို့သည် အကုန်အခွင့် ရကြကုန်၏။ တစ်ကံပြီးလျှင် တစ်ကံ, တစ်ကံပြီးလျှင် တစ်ကံ အပါယ်ပဋိသန္ဓေကိုချည်း ဆက်ကာဆက်ကာ ပေးကြကုန်၏။ ထိုသူသည် ဘဝတစ်ထောင်နှင့်လည်း အပါယ်မှ တက်ခွင့်မရ၊ ဘဝတစ်သောင်းနှင့်လည်း အပါယ်မှတက်ခွင့်မရ၊ ဘဝတစ်သိန်းနှင့်လည်း အပါယ်မှတက်ခွင့်မရ။ အနည်းငယ်မျှသော ကံတစ်ခု ကြောင့်သာ အပါယ်သို့ ကျရောက်ကြလေရာ ထိုကဲ့သို့သော ကံဟောင်းတွေ ဆက်လက်၍နေသည့် အတွက်ကြောင့် တစ်ကမ္ဘာလုံးပင် အပါယ်မှ တက်ခွင့်မရပဲ ငရဲသစ်ငုတ်, အပါယ်သစ်ငုတ် ဖြစ်၍နေကြသော သတ္တဝါတွေ အသင်္ချေအနန္တ ရှိသည်။

ဤကား အဋ္ဌကထာကျမ်းကြီးများတွင် ပြဆိုသော စကားအစဉ်တည်း။ အပါယ်ခန္ဓာတို့၏ သန္တာပဒဏ်ချက်၊ ဝိပရိဏာမဒဏ်ချက် ကြီးကျယ်ပုံကို အမြွက်မျှ ပြဆိုခန်း ပြီး၏။

ဤကား ဘဝတစ်ခုဟု ဆိုအပ်သော ခန္ဓာသည် ခန္ဓာရှင် သတ္တဝါကို ဒုက္ခဒဏ်သုံးချက်ဖြင့် နှိပ်စက်ညှဉ်းပန်းပုံ အစီအရင်ကို ပြဆိုသော စကားရပ်တည်း။

## လယ်သမားကို ဒုက္ခဒဏ်ချက် နှိပ်စက်ပုံ

ထိုမှတစ်ပါး တစ်ခု, တစ်ခုသော ဘဝအတွင်း၌ နှစ်စဉ်အတိုင်း လစဉ်အတိုင်း နေ့စဉ်အတိုင်း နာရီစဉ်အတိုင်း ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ သတ္တဝါအပေါင်းတို့ကို ထိုဒဏ်သုံးချက်တို့ဖြင့် နှိပ်စက် ညှဉ်းပန်းပုံကို အမြွက်မျှ ပြဆိုဦးအံ့။

တောင်သူလယ်ယာ လုပ်ကိုင်မှုနှင့် တစ်နှစ်စာ အသီးအနှံရရှိသုံး ဆောင်စားသောက်၍ ကုန်ခန်းရာ၌ ထိုအသီးအနှံသည် ရှေးအဖို့၌ ထွန်ယက်မှု, စောင့်ရှောက်မှုဟူသော သင်္ခတဒဏ်ချက်ဖြင့် ထိုတောင်သူ ယောကျ်ားကို နှိပ်စက်၏။ အသီးအနှံဖြစ်လာသောအခါ စောင့်ရှောက်မှု, ရိတ်သိမ်းမှု, နင်းနယ်မှု, ကျီတွင်းကြတွင်း သွင်းထားမှု, စောင့်ရှောက်မှု, ကျီတွင်းကြတွင်းမှထုတ်၍ သုံးစွဲမှု, သုံးဆောင်စားသောက်မှု, လောဘ မီးပွားမှု, ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ

www.dhammaransi.com



တည်းဟူသော သန္တာပဒဏ်ချက်ဖြင့် နှိပ်စက်၏။ သုံးစွဲစားသောက်၍ နေ့စဉ် လျှော့ပါးကုန်ခန်းမှုဟူသော ဝိပရိဏာမဒဏ်ချက်ဖြင့် နေ့စဉ်နှိပ်စက်၏။

## စောဒကတက်ပုံ

ဤအရာ၌ စောဒနာရန် ရှိ၏။ မီးဘေး, ရေဘေး အစရှိသည် ဖျက်ဆီး၍ အချည်းနှီး လျှော့ပါးကုန်ခန်းမှုကိုသာ နှိပ်စက်ညှဉ်းပန်းမှု ဆိုသင့်ပါသည်။ မိမိလုပ်ဆောင်ရရှိသော ဉစ္စာ၏ မိမိသုံးစွဲ စားသောက်၍ လျှော့ပါးကုန်ခန်းမှုကို နှိပ်စက်ညှဉ်းပန်းမှု မဆိုသင့်ပါဟု စောဒနာရန် ရှိ၏။

## ဖြေဆိုပုံ

အန္ဓဗာလပုထုဇဉ်တို့၏ ဆင်ခြေစကားမျိုးပေတည်း။ အကယ်၍ ထိုအသီးအနှံတို့သည် သုံးစွဲစားသောက်၍ လျှော့ပါးကုန်မှု မရှိသော နိစ္စမျိုးစင်စစ် ဖြစ်ခဲ့အံ့။ တစ်နှစ်အားထုတ်လုပ်ဆောင်ရရှိလျှင် တစ်သက်ပန်လုံး အငြိမ်းစားသုခကို ရနိုင်လတ္တံ့။ ထွန်မှုယက်မှုစသော တောင်သူ့ဒုက္ခတို့နှင်တကွ တစ်ခြား တစ်ပါးသော အသက်မွေးမှု ဒုက္ခတို့မှ တစ်သက်ပန်လုံး လွတ်ငြိမ်းလတ္တံ့။ အထွတ်အမြတ် ဖြစ်သော သူတော်ကောင်းတရားကို ပွားများအားထုတ်မှုနှင့် တစ်သက်ပန်လုံး နေခွင့်ရသဖြင့် ကြီးကျယ်စွာသော လောကုတ္တရာ စီးပွားကိုပင် ရနိုင်လတ္တံ့။

ထိုသို့ နိစ္စမျိုးကား မဟုတ်။ အနိစ္စမျိုး စင်စစ်ဖြစ်ခဲ့၍ သုံးစွဲ စားသောက်မှုနှင့် နေ့စဉ်လျှော့ပါးကုန်ခန်းမှု အတွက်ကြောင့် မွဲမြဲမွဲ၍ ဉစ္စာလက်မဲ့ ချည့်နဲ့နွမ်းပါးသော အဖြစ်ကိုရောက်ပြန်၏။ မိုးဦးလေဦး ကျပြန်လျှင် တောင်သူလုပ်ခင်း ဆင်းရဲတွင်းသို့ ဆင်းရပြန်၏။ နှစ်စဉ်အတိုင်း ကုန်ခန်းမှု၊ နှစ်စဉ်အတိုင်း လုပ်ဆောင်မှု ဒုက္ခစက်ကြီးအပြီး စွပ်လျက်နေသဖြင့် တစ်သက်ပန်လုံး အငြိမ်းစားမှု တစ်ကွက်မျှမပေါ်ပဲ ဆင်းရဲတွင်းမှာပင် အိုမင်း၍ သေရလေ၏။ အလွန်ရခဲလှသော လူ့ဘဝကို ရခိုက်ကြုံသည်နှင့်လျော်စွာ အထွတ်အမြတ်ဖြစ်သော သူတော်ကောင်းတရားကို ပွားများအားထုတ်မှုနှင့် နေခွင့်မရသဖြင့် ကြီးမြတ်လှစွာသော လောကုတ္တရာ စီးပွားကြီးမှအပ ဖြစ်လေ၏။

www.dhammaransi.com



အစဉ်ထာဝရ အငြိမ်းစားစခန်းသို့ ဆိုက်ရောက်လမ်းမရှိသော ဝိပရိဏာမ အနိစ္စဝဋ္ဋကြကို ကိုယ်ကျိုးကိုယ်စီးပွား ပြုလုပ်စွဲလမ်းကြကုန်သော ဗာလပုထုဇဉ် တို့အား ဆင်းရဲတွင်းက တက်ရရိုးမရှိ။

ဤသို့ ဒုက္ခတွင်းက မလွတ်မထွက်, ထွက်ရမှု မရသည့်အတွက် ထိုအလုပ် ငြိမ်းခွင့်မရမှု, ငြိမ်းကွက်မရသည့်အတွက် အထွတ်အမြတ်တရားကို ကောင်းကောင်း လိုက်စားကွက် မရမှု, အထွတ်အမြတ်တရားကို ကောင်းကောင်း လိုက်စားခွင့် မရသည့်အတွက်ကြောင့် နောက်နောက် ဘဝ၌လည်း ထိုတောင်သူ လုပ်ဆောင်မှု ဒုက္ခမှ လွတ်ခွင့်မရမှု, အဆင့်ဆင့် အကျိုးနည်းလမ်းကြီးကို မျှော်မြင်နိုင်ကြကုန်သော ပညာရှိတို့သည်ကား မိမိသုံးစွဲ စားသောက်၍ လျော့ပါးကုန်ခန်းသည်ဖြစ်စေ၊ မိမိမသုံးစွဲ မစားသောက်ရပဲ မီးဘေးရေဘေး စသည်တို့ကြောင့် လျော့ပါးကုန်ခန်းသည်ဖြစ်စေ၊ လျော့ပါးကုန်ခန်းမှုချင်း အတူတူပင် ဖြစ်၏။ ဆင်းရဲ၍ မဆုံးနိုင်အောင် အကျိုးနည်းလမ်းကြီးချင်း အတူတူပင်ဖြစ်၏ဟု မြင်ကြကုန် သည်ဖြစ်၍ အဆုံး၌ ဝိပရိဏာမ အနိစ္စအုပ်ချုပ် လျက် ရှိနေကြကုန်သော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာဟူသော တေဘူမက ဓမ္မတို့ကို ဒုက္ခကြီး ထင်မြင်ကြကုန်သတည်း။

ထိုကဲ့သို့ မြင်နိုင်သော ဉာဏ်ပညာမရှိကြကုန်သော ဗာလပုထုဇဉ် တို့သည်ကား မိမိမသုံးစွဲရပဲ မီးဘေး ရေဘေး စသည်တို့ကြောင့် ပျက်စီးကုန်ခန်း၍ သွားမှု၌သာ စိတ်နာတတ်ကြကုန်၏။ မိမိအလိုရှိတိုင်း သုံးစွဲစားသောက်၍ ကုန်ခန်းမှု၌ကား စိတ်မနာတတ်ကြကုန်၊ အလွန်ကျေအေးကြကုန်၏၊ စိတ်မနာ တတ်သမျှ ကာလပတ်လုံး ထိုဒုက္ခမှ လွတ်ခွင့်မရှိ။ စိတ်နာတတ်မှ လွတ်ခွင့်ပေါ် သည်။ စိတ်နာတတ်မှ ကုန်ခန်းတတ်သော ဝဋ္ဋအာရုံမျိုး လူဘဝ လူခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ, ဗြဟ္မာ့ဘဝ ဗြဟ္မာခန္ဓာမျိုးကို ဒုက္ခမျိုး ထင်နိုင်သည်။ စိတ်မနာတတ်လျှင် ဒုက္ခမထင်နိုင်။

အထက်၌ ပြဆိုခဲ့ပြီးသော အဆင့်ဆင့် အကျိုးနည်းလမ်းကြီးကို မျှော်မြင်တတ်မှလည်း သဲထဲရေသွန်မှုတွေနှင့် နေ့, ရက်, နှစ်တွေ ဘဝကမ္ဘာတွေ ကုန်၍နေရသည်ကို ဒုက္ခဟုထင်နိုင်သည်၊ ဤကား မိမိ ခံစားစံစား၍

www.dhammaransi.com



လျော့ပါးကုန်ခန်းမှုကို ဒုက္ခမဆိုသင့်ပါဟူသော စောဒနာကို ဖြေဆိုချက်တည်း။

ဤကား တစ်နှစ်, တစ်နှစ်အဖို့နှင့် နှစ်စဉ်အတိုင်း ဆောက်လုပ် ရရှိသုံးစွဲ၍ ကုန်ခန်းကုန်သော စပါး, ပြောင်း, ပဲ အသီးအနှံတို့၏ သခ်တဒဏ်ချက်, သန္တာပဒဏ်ချက်, ဝိပရိဏာမဒဏ်ချက်တို့ဖြင့် တောင်သူယောကျ်ားကို နှိပ်စက် ညှဉ်းပန်းပုံတည်း။

ဤနည်းကိုမှီ၍ တစ်လ, တစ်လအဖို့နှင့် လစဉ်အတိုင်း နှိပ်စက်မှု, တစ်ရက်, တစ်ရက်အဖို့နှင့် ရက်စဉ်အတိုင်း နှိပ်စက်မှုတို့ ကိုလည်း ထင်မြင်အောင် ခြားနား၍ ကြည့်လေ။

ခပ်သိမ်းသော အသက်မွေးမှု ပစ္စည်းဥစ္စာ ရှာကြံလုပ်ကိုင်မှု တို့နှင့် ရရှိသုံးစွဲ ကုန်ခန်းကုန်သော ကြေးငွေအသပြာ အဝတ်အစားတို့၏ ဒဏ်သုံးချက်နှင့် နှိပ်စက်ညှဉ်းပန်းမှုကိုလည်း တစ်လောကလုံး အနှံ့အပြား မြင်အောင်ကြည့်လေ။

အနမတဂ္ဂ သံသရာ၌ ဒါန, သီလ, ဘာဝနာမှုတို့ကို အားထုတ် လုပ်ဆောင် ရရှိခံစား စံစား၍ ကုန်ခန်းခဲ့ကြကုန်သော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတို့ကိုလည်း အကုန်မြင်လေ။

## ၆-ပါးသော ဒွါရအာရုံတို့မှ တဏှာမီးတောက်ပုံ

၁။ အာရုံကို ခံစားကြရာ၌ စက္ခုအာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ စက္ခု၌ အရသာတွေ့၏။ စက္ခုအာရုံ ကွာပြန်လျှင် စက္ခုအရသာ ကုန်ခန်းပြန်၏။

၂။ သောတအာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ သောတ၌ အရသာ တွေ့၏။ သောတအာရုံ ကွာပြန်လျှင် သောတအရသာ ကုန်ခန်းပြန်၏။

၃။ ဃာနအာရုံ ပေါင်းဆုံ၍ နေဆဲအခါ ဃာန၌ အရသာ တွေ့၏။ ဃာနအာရုံ ကွာပြန်လျှင် ဃာနအရသာ ကုန်ခန်းပြန်၏။

၄။ ဇိဝှာအာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ ဇိဝှာအရသာ တွေ့၏။ ဇိဝှာအာရုံ ကွာပြန်လျှင် ဇိဝှာအရသာ ကုန်ခန်းပြန်၏။

၅။ ကာယအာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ ကိုယ်အင်္ဂါ၌ အရသာ တွေ့၏။ ကာယအာရုံ ကွာပြန်လျှင် ကာယအရသာ ကုန်ခန်းပြန်၏။

www.dhammaransi.com



၆။ မနောအာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ မနောဌ် အရသာ တွေ့၏။ မနောအာရုံ ကွာပြန်လျှင် မနောအရသာ ကုန်ခန်းပြန်၏။

တဏှာသည် ဆာလောင်ပူပန်သော တဏှာခြောက်ပါး၊ ခံစားသာယာသော တဏှာခြောက်ပါး၊ ခြောက်ဒွါရ၌ အာရုံအရသာ တွေ့နေဆဲ အခါ၌ ခံစားသာယာသော တဏှာခြောက်ပါး မီးတောက်၏။

ခြောက်ဒွါရ၌ အာရုံအရသာ ကုန်ခန်း၍ နေသောအခါ ဆာလောင်ပူပန်သော တဏှာခြောက်ပါး မီးတောက်၏။ ထိုတဏှာ မီးတောက်တိုင်း ထိုတဏှာကို အစားပေးရန် အာရုံအသိုက်အအုံတို့ကို ပြည့်စုံစွာ ထူထောင် သိမ်းပိုက်၍ ထားကြရကုန်၏။ ခဏ, ခဏကုန်ခန်းသော ခြောက်ဒွါရအရသာကို လိုက်စားကြသူတို့သည် ထိုအာရုံအသိုက်အအုံ စည်းစိမ်အသိုက်အအုံတို့ကို မလွှတ်နိုင်ကြကုန်ပြီ။ ထိုအသိုက် အအုံတို့သည်လည်း ကုန်ခန်းသော တရားမျိုးတို့ သာတည်း။ ခြောက်ဒွါရ အရသာဟု ဆိုအပ်သော ပီတိ, သောမနဿသုခ ဝေဒနာတို့သည် ထိုသူတို့ကို သမ်တဒဏ်ချက်, သန္တာပဒဏ်ချက်, ဝိပရိဏာမ ဒဏ်ချက်နှင့် ဘဝအဆက်ဆက် အမြဲနှိပ်စက်ကုန်၏။

ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ထိုအရသာ၏ ဒုက္ခတွင်းကြီးမှ တက်ခွင့်မရကြကုန်ပြီ။ ထိုတွင်းကြီးမှ ထွက်မြောက်စေနိုင်သော တရားတို့ကို လိုက်စားခွင့်မရပဲ ရှောင်လွဲကြဉ်ဖယ်၍ ပြဆိုခဲ့ပြီးသော အကျိုးနည်းလမ်းကြီး သို့ပါ၍ နေကြရကုန်သည်။ ဤကား ခဏစဉ်နာရီအားဖြင့် ခန္ဓာငါးပါးတို့သည် သတ္တဝါတို့ကို ဒဏ်ကြီးသုံးချက်တို့ဖြင့် မပြတ်မစဲ အမြဲနှိပ်စက်ပုံတည်း။

ဤပြဆိုခဲ့ပြီးသော နည်းလမ်းစုသည် ထင်ရှားလှရာကို ရှာကြံ၍ ပြဆိုမှုသာ ဖြစ်သတည်း။

## သင်္ကာယဒိဋ္ဌိ

ယခုအခါ ဝိပရိဏာမဒုက္ခဒဏ်ချက် သက်သက်ကို အမြွက်မျှ ပြဆိုဦးအံ့။ ဤသံသရာ၌ အပါယ်ဒုက္ခသည် အလွန်ကြီးကျယ်၏။ သိသောသူတို့သည် အလွန်ကြောက်ကြရကုန်၏။ မသိသော သူတို့မှာလည်း မသိသည့်အတွက်

www.dhammaransi.com



အပါယ်ဒုက္ခသာ၍နက်ပြန်၏။ အပါယ်မျိုးစေ့ ဖြစ်ကုန်သော အကုသိုလ် ဒုစရိုက်ကံသည် သက္ကာယဒိဋ္ဌိမှာ တွယ်တာကြကုန်၏။ သက္ကာယဒိဋ္ဌိ ထက်သန် လျှင် ထိုကံတို့သည် ဝင်းဝင်းတောက် ထက်သန်ကြကုန်၏။ သက္ကာယဒိဋ္ဌိ ညှိုးနွမ်းလျှင် ထိုကံတို့လည်း ညှိုးနွမ်းကုန်၏။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းလျှင် ထိုကံတို့လည်း ချုပ်ငြိမ်းကြကုန်၏။ ဥပမာကား- တိုက်ခန်းတွင်း၌ မီးထွန်း၍ ထားရာ မီးတောက်နှင့် သက္ကာယဒိဋ္ဌိ တူ၏။ ထိုမီးတောက်မှထွက်သော မီးရောင်အလင်းတို့နှင့် ဒုစရိုက်ကံတွေ တူကုန်၏။ မီးတောက်အားကောင်းလျှင် မီးရောင်တို့လည်း အားကောင်းကုန်၏။ မီးတောက်မှိန်လျှင် မီးရောင်တို့လည်း မှိန်ကုန်၏။ မီးတောက်သေပျောက်လျှင် မီးရောင်တို့လည်း သေပျောက်ကုန်၏။ ဤဥပမာအတိုင်းပင်တည်း။

ဤသက္ကာယဒိဋ္ဌိဟူသော ၁ ငရဲခာတ်ကြီး ရှိနေကုန်သော သတ္တဝါတို့သည် အပါယ်ဒုက္ခကို အဖန်တစ်ရာ သိကြကုန်သော်လည်း ထိုငရဲခာတ်ကြီး တိုက်တွန်းမှု ကြောင့် ဒုစရိုက်ကို ပြုကြရကုန်၏။ လုံးလုံး မသိသောသူ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့၌ကား ဆိုဖွယ်မရှိပြီ။ ထိုငရဲခာတ်ကြီး သောင်းကျန်းချင်တိုင်း သောင်းကျန်း လေတော့သည်။

သံသရာ၌ ကျင်လည်ကြရသော ဘဝတို့တွင် ဒုစရိုက်မှန်း အပါယ်ဘေး ရှိမှန်း သိနိုင်သောဘဝကား အလွန်နည်းပါး၏၊ မသိသော ဘဝ၊ အယူမှားသော ဘဝသာများ၏။ တစ်ယောက်သော သတ္တဝါအား ဘဝတစ်ထောင်တွင် သိနိုင်သော ဘဝတစ်ကြိမ်မျှ ကြုံခဲစွ။

ဤကား သံသရာ၌ ကျင်လည်၍နေကြသော ပုထုဇဉ်သတ္တဝါတို့အား အတိတ်သံသရာက ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုး ပါရှိကြသည်တွင် အကုသိုလ်ကံဘက်က ဘယ်မျှလောက် များပြားအားကြီးစွာ ရှိမည်ဟု ချင့်မျှော်ရန်တစ်ချက်၊ နောက်ဘဝမှစ၍ အနာဂတ်သံသရာသို့ သွားကြပြန်ရာ ဒုစရိုက်, သုစရိုက်နှစ်မျိုးရှိသည်တွင် ဒုစရိုက်ဖက်တွင် အဘယ်မျှလောက် များပြားအားကြီးစွာ ဖြစ်ပွား၍ သွားလိမ့်မည်ဟု ချင့်မျှော်ရန်တစ်ချက်ကို ပြဆိုသော စကားရပ်တည်း။

www.dhammaransi.com



## သံသရာတွင် ကျင်လည်ရပုံ

လောက၌ ပကတိသော ပုထုဇဉ် သတ္တဝါတို့၏ ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်မှုမျိုးမည်သည် အပါယ်ဘေးကို ကြောက်ကြသောသူတို့၏ အပါယ်ဘေးမှ လွတ်ကင်းရအောင် ပြုကြသော အမှုမျိုးစုပေတည်း။ ထိုသို့ ပြုကြကုန်၍ ကုသိုလ်ကောင်းမှု အားလျော်စွာ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝသို့ ရောက်ကြလေကုန်သော်လည်း ဒုစရိုက် ကံဟောင်းတွေ အနန္တနှင့်တကွသော သက္ကာယဒိဋ္ဌိငရဲဓာတ်ကြီး စိတ်နှလုံးတွင်းမှာ အစဉ်ပါရှိလျက် နေကြကုန်၏။ ရောက်လေရာ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတို့၌ ထိုက်သည့်အားလျော်စွာ ဒုစရိုက်ကံသစ်တွေ ဖြစ်ပွားရန် သက္ကာယဒိဋ္ဌိ ငရဲဓာတ်ကြီး စိတ်နှလုံးတွင်းမှာ အစဉ်ပါရှိလျက် နေကြကုန်၏။ ရှေးရှေး၌ ပြုခဲ့ကြသော ဒါန, သီလ, ဘာဝနာ ကုသိုလ်ကံ တို့သည်လည်း ဝိပရိဏာမ ဓမ္မမျိုးတို့သာ ဖြစ်ကုန်၏။ အကျိုးပေးစွမ်း ကုန်ချိန်ကျလျှင် ကုန်ကြမြဲ ဓမ္မတာမျိုးတို့သာတည်း။ ထိုလူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာတို့သည်လည်း ဝိပရိဏာမ ဓမ္မမျိုးတို့သည်သာ ဖြစ်ကုန်၏။ ကံ၏အစွမ်း ကုန်ဆုံးခဲ့သော်လည်းကောင်း, အသက်တမ်း ကုန်ဆုံးခဲ့သော်လည်းကောင်း ဧကန္တ ပျက်ဆုံးမြဲ ဓမ္မတာတို့သာတည်း။

လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ မွေ့လျော်ပျော်ပါးစွာ နေကြကုန်သော ထိုလူ, နတ်, ဗြဟ္မာ့သတ္တဝါတို့ကို မိမိတို့၏ ခန္ဓာတို့သည် ဝိပရိဏာမ ဒဏ်ချက်ဖြင့် အသေသတ်ကုန်၏။ ဇီဝိတိန္ဒြေ အညှာပြတ်သည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိသည် ထိုသူတို့ကို အပါယ်သို့ ပစ်လွှတ်၍ ချလေ၏။ ထိုသူတို့သည် မိမိတို့ကြောက်ကြသော အပါယ်ဒုက္ခ ပင်လယ်ကြီးအတွင်း၌ စုန်းစုန်းမြုပ်ကြရ ပြန်ကုန်၏။ ရှေး၌ ပြဆိုခဲ့ပြီးသော အဋ္ဌကထာကြီးများ စကားအတိုင်း ဘဝတစ်ရာ နှင့်လည်း လွတ်ခွင့်မရကြကုန်။ ဘဝတစ်ထောင်နှင့်လည်း လွတ်ခွင့်မရကြကုန်။ ဘဝတစ်သောင်းနှင့်လည်း လွတ်ခွင့်မရကြကုန်။ နှစ်ပေါင်း, ဘဝပေါင်း အလွန်ကြီး ကြာလှမှ အချို့သူတို့ လွတ်ခွင့်ရကြကုန်၏။

အချို့ သူတို့ကား ကမ္ဘာကြီးပျက်မှ လွတ်ခွင့်ရကြကုန်၏။ လွတ်ကြ ပြန်လျှင် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ ရောက်ကြပြန်ကုန်၏။ တစ်ဖန်

www.dhammaransi.com



လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ မွေ့လျော်ပျော်ပါးစွာ နေကြရှာကုန်သော ထိုသတ္တဝါတို့ကို မိမိတို့၏ ခန္ဓာတို့သည် ဝိပရိဏာမ ဒဏ်ချက်ဖြင့် အသေသတ်မြဲ သတ်ပြန်ကုန်၏။ ဇီဝိတိန္ဒြေ အညှာပြတ်သည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိသည် ထိုသူတို့ကို အပါယ်သို့ပစ်လွှတ်၍ ချပြန်လေ၏။ ထိုသူတို့သည် မိမိတို့ကြောက်ကြသော အပါယ်ဒုက္ခပင်လယ်ကြီးအတွင်း၌ စုန်းစုန်းမြုပ်ကြရပြန်ကုန်၏။ ဘဝတစ်ရာနှင့်လည်း လွတ်ခွင့်မရကြပြန်ကုန်။ ဘဝတစ်ထောင်နှင့်လည်း လွတ်ခွင့်မရကြပြန်ကုန်။ ဘဝတစ်သောင်းနှင့်လည်း လွတ်ခွင့်မရကြပြန်ကုန်။ ရှေးနည်းအတိုင်းဆိုလေ။

ဤကား သံသရာကြီး၌ ကျင်လည်၍ နေကြရကုန်သော ပုထုဇဉ်သတ္တဝါတို့၏ အများခမ္မတာ လူးလာစုန်ဆန် နေကြဟန်ကို ကျမ်းဂန်နှင့်အညီ ပြဆိုလိုက်သော စကားတည်း။ ဤစကားရပ်၌ ထိုလူ, နတ်, ဗြဟ္မာသတ္တဝါတို့သည် အသတ်ခံရသော သူတို့တည်း။ မိမိ မိမိကို့၏ ခန္ဓာတို့သည် သူသတ်ယောကျ်ားတို့တည်း။ ထိုခန္ဓာတို့မှာပါရှိသော ဝိပရိဏာမတို့သည် အလွန်ထက်သော ဓားလက်နက်တို့တည်း။

## သူသတ်ယောကျ်ားကြီး ၅-ပါး

ရာဓ၊ ချစ်သား ရာဓရဟန်း -

၁။ ရူပံ၊ ရူပက္ခန္ဓာသည်။ မာရော၊ သူသတ်ယောကျ်ားကြီးတစ်ပါးတည်း။

၂။ ဝေဒနာ၊ ဝေဒနက္ခန္ဓာသည်။ မာရော၊ သူသတ်ယောကျ်ားကြီး တစ်ပါးတည်း။

၃။ သညာ၊ သညာက္ခန္ဓာသည်။ မာရော၊ သူသတ်ယောကျ်ားကြီး တစ်ပါးတည်း။

၄။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ မာရော၊ သူသတ်ယောကျ်ားကြီး တစ်ပါးတည်း။

၅။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာရော၊ သူသတ်ယောကျ်ားကြီး တစ်ပါးတည်း။

[ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် မာရသုတ် - ၁၅၉]

မိခင်ရောဝတီ

www.dhammaransi.com



ဤပါဠိတော်ကိုထောက်၍ ခပ်သိမ်းသော သတ္တဝါတို့ သေဆုံးကြရာ၌ မိမိ မိမိတို့၏ ခန္ဓာသည် သူသတ်လက်သည် အမြဲဖြစ်ကြောင်း ကို သိအပ်သတည်း။ လောက၌သေကြသမျှသည် မိမိတို့ခန္ဓာ အခြေအနေပျက်မှု, ဖောက်လွဲဖောက်ပြန်ဖြစ်မှုနှင့် ကင်း၍ သေသည်မရှိ။ ဦးခေါင်း၌ မိုးကြိုးပင်ကျသော်လည်း မိမိတို့ခန္ဓာ အခြေအနေမပျက်က မသေနိုင်။ ထို့ကြောင့် ဧကန်စင်စစ်အားဖြင့် ခန္ဓာသည်သာလျှင် သူသတ်ယောကျ်ားအမှန် ဖြစ်လေသတည်း။

## သူသတ်ယောကျ်ား တစ်မျိုး

**တစ်နည်းကား။** ။ မရဏစာတ်တည်းဟူသော မစ္စုတရား ကိုလည်း မစ္စုမာရ်ဟု ဆိုရိုးရှိကြပြန်သောကြောင့် ဝိပရိဏာမဓမ္မကိုပင် သူသတ်ယောကျ်ား ပြု၍ ဆိုလိုမှုကား လူ့ခန္ဓာတို့၌ရှိသော ဝိပရိဏာမဓမ္မသည် လူ့ခန္ဓာတို့ကို အတွင်းသတ်၏။ နတ်ခန္ဓာတို့၌ရှိသော ဝိပရိဏာမဓမ္မသည် နတ်ခန္ဓာတို့ကို အတွင်းသတ်၏။ ဗြဟ္မာ့ခန္ဓာတို့၌ ပါရှိသော ဝိပရိဏာမဓမ္မသည် ဗြဟ္မာ့ခန္ဓာတို့ကို အတွင်းသတ်၏။ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာတို့သည် သေပြစ်သေဒဏ်ကို အမြဲခံရသော ဒုက္ခဓမ္မတို့သာတည်း။

## အပါယ်သို့ ပစ်ချသည့်တရားများ

အပါယ်ဘေးကို ကြောက်ကုန်သောကြောင့် လူ့ဘုံမှာ ပုန်း၍နေကြကုန်သော လူသတ္တဝါတို့ကို သက္ကာယဒိဋ္ဌိနှင့်တကွသော လူ့ခန္ဓာတို့သည် နေ့ရှိသမျှ အတွင်းသတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ထိုအတူ နတ်ပြည်၌ ပုန်း၍နေကြကုန်သော နတ်သတ္တဝါတို့ကို နတ်ခန္ဓာတို့သည် နေ့ရှိသမျှ အတွင်းသတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ဗြဟ္မာ့ဘုံ၌ ပုန်း၍နေကြကုန်သော ဗြဟ္မာသတ္တဝါတို့ကို ဗြဟ္မာ့ခန္ဓာတို့သည် နေ့ရှိသမျှ အတွင်းသတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ခန္ဓာဝိပရိဏာမတို့ကား အတွင်းသတ်သမားတို့တည်း။ အကုသိုလ်ကံတို့နှင့် တကွသော သက္ကာယဒိဋ္ဌိတို့သည်ကား အပါယ်သို့ အတွင်းပစ်ချသမားတို့တည်း။

www.dhammaransi.com



သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော လူနတ်ဗြဟ္မာတို့ကား မိမိတို့ ခန္ဓာသတ်ချက်နှင့် သေကြရကုန်သော်လည်း အောက်ဘုံသို့ လျှောကျခြင်းမရှိကြ ကုန်ပြီ။ အထက်ထက်သို့သာ ဆန်တက်ကြကုန်တော့သည်။ ဤအကြောင်းအရာသည် အထက်မဂ္ဂသစ္စာအခန်း၌ လာလတ္တံ့။

## စောဒကတက်ဖွယ်

စောဒနာရန် ရှိသည်ကား ပြဆိုခဲ့ပြီးသည်အတိုင်း မှန်သည်ရှိသော် လူ့ပြည်မှာ လူပင်မရှိရာပြီ။ နတ်ပြည်ခြောက်ထပ်မှာ နတ်ပင် မရှိရာပြီ။ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာပင် မရှိရာပြီ။ ထိုသို့ မရှိသည်ကား မဟုတ်၊ လူ့ပြည်မှာ လူလည်း ပေါများလျက် ရှိ၏။ နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာ နတ်ဗြဟ္မာလည်း ပေါများလျက် ရှိကုန်၏။ ထို့ကြောင့် ခြောက်လွန်းလှသည်ဟု ဆိုရန်ရှိ၏။

အပါယ်လေးဘုံ, ကြီးကျယ်ပုံ၊ စည်ကားပုံကို မရိပ်မိကြကုန်သော လူပြိန်းတို့၏ အထင်မျိုး၊ စောဒနာမျိုးတို့သာတည်း။

## ဒုဂ္ဂတိသတ္တဝါမျိုး အနန္တ

သုဂတိမည်သည် ဘုံနယ်ကား ကျယ်၏။ ဘုံသားသတ္တဝါ အကောင်ရေ ကား အလွန်နည်းပါး၏။ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဘုံဗိမာန်တစ်ခု တစ်ခုသည် လူ့ပြည်မှာ အလုံမြို့နယ်, ဗန့်ကျီမြို့နယ်, ပခန်းမြို့နယ်စသော မြို့နယ်ကြီး ၅-ခုစာ၊ ဆယ်ခုစာမက ကြီးကျယ်၏။ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်စသည် ကြီး ကျယ်၏။ မြန်မာတိုင်ပေါင်း လေးတိုင်ခွဲသည် သုံးဂါဝုတ်ဆိုသည်။ ကောင်းကင်၌ မြင်သော ကြယ် နက္ခတ်တို့သည်ပင်လျှင် တစ်ဆယ့်နှစ်ယူဇနာ, တစ်ဆယ့်သုံး ယူဇနာ စသည်ရှိကြကုန်၏။ ဒုဂ္ဂတိဘုံကား ဘုံနယ်လည်းကျယ်၏။ အကောင်ရေ လည်း အလွန်များပြား၏။

www.dhammaransi.com



## တိရစ္ဆာန်ဘုံ သားများပုံ

ဤစကြဝဠာ၌ လူ့ဘုံ, နတ်ပြည်ခြောက်ထပ် နတ်ဘုံ, ပြဟ္မာ့ဘုံ နှစ်ဆယ်ရှိ လူနတ်ပြဟ္မာသတ္တဝါတို့ကို တစ်ယောက်မကျန် ရေတွက်သော်လည်း ငါတို့ မြန်မာနိုင်ငံအတွင်းမှာ ရှိနေသော ပရွက်ဆိတ်သတ္တဝါ တစ်မျိုးကိုမျှ မှီဖွယ်ရာမရှိ။ ထိုပရွတ်ဆိတ် သတ္တဝါမျိုးမှတစ်ပါး ငါတို့မြန်မာနိုင်ငံအတွင်းမှာ ရေသတ္တဝါ ကုန်းသတ္တဝါတို့သည် အမျိုးအားဖြင့် အနန္တ ရှိကုန်သေး၏။ တစ်မျိုး, တစ်မျိုးမှာ အကောင်ရေအနန္တ များပြား၏။ မြန်မာနိုင်ငံမှ ကြွင်းသော ဤစကြဝဠာ အတွင်းရှိ ကျွန်းကြီး လေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်၊ တောနယ်အနန္တ၊ တောင်နယ် အနန္တ၊ ထိုမှတစ်ပါး အတွင်းသီဒါ သမုဒ္ဒရာကြီး ခုနစ်စင်း၊ ကျွန်းကြီး ကျွန်းငယ်တို့မှာ ရှိနေသော အပသမုဒ္ဒရာကြီး လေးစင်း၊ မြစ်ကြီး, မြစ်ငယ်, အိုင်ကြီး, အိုင်ငယ် အစရှိသော မြေနယ်, ရေနယ်ရှိ ကုန်းသတ္တဝါ၊ ရေသတ္တဝါတို့ကိုမူကား ဆိုဖွယ်ရာမရှိ။

ဤသို့လျှင် တိရစ္ဆာန်ဘုံတစ်ခုနှင့် နှိုင်းယှဉ်၍ ကြည့်လျှင်ပင် သုဂတိနှစ်ဆယ့်ခုနစ်ဘုံမှာ သတ္တဝါရှိသည်ဟု မပြောစလောက်။

## ငရဲဘုံ သားများပုံ

ဇမ္ဗူဒီပါကျွန်းကြီးကဲ့သို့ အကျယ်ယူဇနာ တစ်သောင်းစီ ရှိကြသော ငရဲကြီး ရှစ်ပြည်ထောင်တို့တွင် အောက်ဆုံးဖြစ်သော မဟာအဝီစိငရဲကြီး၌ ငရဲသတ္တဝါ တို့သည် ဝါးကျဉ်တောက်တွင်းမှာ ထည့်၍ထားသော မုန်ညင်းစေ့တို့ကဲ့သို့ အပြည့်ရှိနေကြကုန်သည်ဟု အဋ္ဌကထာကျမ်းဂန်တို့၌ ဆို၏။ အဝီစိငရဲမည်သည် အလွန်မကောင်းမှုကံ ကြီးလှသော သူတို့မှ ကျရောက်ကုန်၏၊ ထိုအဝီစိငရဲမှာ ထိုမျှလောက် သတ္တဝါတို့ ပြည့်ကြောင်းကို ဆိုသဖြင့် အတန်ငယ်သော မကောင်းမှုကံနှင့်ပင် ကျရောက်နိုင်သော ကြွင်းသော ငရဲကြီးခုနစ်ပြည်ထောင် ငရဲငယ်အနန္တတို့၌မူကား သတ္တဝါအဘယ်မျှ ပြည့်လိမ့်မည်ဟု ဆိုဖွယ်ပင်မရှိ။ ဤသို့လျှင် ငရဲဘုံတစ်ခုနှင့် ယှဉ်၍ ကြည့်ပြန်လျှင်လည်း လူနတ်ဗြဟ္မာဟူသော သုဂတိ နှစ်ဆယ့်ခုနစ်ဘုံမှာ သတ္တဝါရှိသည်ဟူ၍ပင် မပြောစလောက်။ ပြိတ္တာဘုံ အသူရကာယ်ဘုံတို့မှာလည်းနည်းတူ သတ္တဝါပြည့်မှုကို သိကြလေကုန်။

www.dhammaransi.com



## သုဂတိရောက်နည်းပါး, ဒုဂ္ဂတိအရောက်များ

သုဂတိဘုံသို့ ရောက်မှုမည်သည် ဒါန, သီလ, ဘာဝနာကုသိုလ် သုံးပါးသာရှိ၏။ မရဏာသန္နအခါ၌ ကုသိုလ်ကိုစော၍သေမှ သုဂတိသို့ ရောက်နိုင်၏။ အကုသိုလ်ကိုစော၍ သေလျှင် အပါယ်သို့ရောက်မြဲ ဓမ္မတာတည်း။

ဤမြန်မာနိုင်ငံအတွင်း၌ တစ်နေ့တစ်ရက်အဖို့တွင် သေကြကုန်သော ရေသတ္တဝါ, ကုန်းသတ္တဝါ အနန္တရှိရာ၏။ ထိုအနန္တတို့တွင် သေကြကုန်သော အခါ၌ ကုသိုလ်ကိုစောနိုင်သော သတ္တဝါကား အလွန်နည်းပါးရာ၏။ တစ်သိန်းတွင် တစ်ယောက်ကျ မပါလေရာ။ အပါယ်လေးဘုံရှိ သတ္တဝါအားလုံး၌ ဆိုဖွယ်မရှိ။ ကုသိုလ်မှန်းမသိကြသော သတ္တဝါတို့မှာ အဘယ်ကုသိုလ်ကို စောနိုင်မည်နည်း။ အပါယ်ကျ၍ နေကြကုန်သော သတ္တဝါတို့မှာ ယေဘုယျအားဖြင့် ဘဝတွေ အလွန်များ၍ အဟောင်းဖြစ်သော အကုသိုလ် ကြီးကြီးမားမား အတော်အတန် ပါးရားသကဲ့သို့ရှိသောအခါမှ ရှေးအပရာပရိယ ကုသိုလ်ကံဟောင်းများ အခွင့်ရ၍ သုဂတိဘဝသို့ ပြန်လာနိုင်လေသတည်း။

ဤကဲ့သို့သော ဒိဋ္ဌိယုတ္တိ၊ သုတယုတ္တိဉာဏ် မရှိကြကုန်သော လူပြိန်းတို့သည်ကား လူ့ပြည်မှာ လူအလွန်ပေါများသည်ဟု ထင်ကြကုန်၏။ ကောင်းကင်၌ ကြယ်နက္ခတ်တို့ကိုမြင်၍ နတ်ပြည်မှာ နတ်အလွန် ပေါများသည်ဟု ထင်ကြကုန်၏၊ လူ့အဖြစ်ရခဲပုံအချက်ကို သက်သက်မရိပ်မိကြလေကုန်။ လိပ်ကန်းထမ်းပိုးကို ဥပမာပြု၍ ဟောတော်မူသော ဒေသနာ, လက်သည်းပေါ်ရှိ မြေမှုန့်နှင့် မဟာပထဝီ မြေမှုန့်ကို ဥပမာပြု၍ ဟောတော်မူသော ဒေသနာများကို ဟောလျှင်သာ နာကြရတော့သည်။ သက်သက်မယုံကြည်ကြလေကုန်။ ဤသည်ကား ယခင်လူပြိန်းတို့၏ စောဒနာကို ဖြေဆိုချက်တည်း။

ဤတွင်ရွေကား အနမတဂ္ဂ သံသရာ၌ ရှိနေကြကုန်သော လူ, နတ်, ဗြဟ္မာခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဒုက္ခအနက် ဒဏ်ချက်လေးပါးတို့နှင့် သတ္တဝါအပေါင်းတို့ကို နှိပ်စက်ညှဉ်းပန်းခြင်း မြဲသည်ဖြစ်၍ ဒုက္ခသစ္စာကို အမှန်ဖြစ်ကြောင်းကို ထင်ရှားရာအချက်တို့နှင့် အမြွက်မျှ ပြဆိုခန်းပြီး၏။

ဤတွင်ရွေ့ကား ဒုက္ခသစ္စာအနက် ပြီး၏။

www.dhammaransi.com



## ၄။ သမုဒယသစ္စာအနက် ၄-ချက် အဓိပ္ပါယ်

ယခုအခါ၌ သမုဒယသစ္စာ၏ အနက်လေးချက်ကို ပြဆိုအံ့။ သမုဒယ ဆိုသည်ကား- ဘဝအလျဉ် အစဉ်မပြတ် တဖွားဖွားဖြစ်ပွား၍ နေရန်အကြောင်းတည်း။ တဏှာကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား စုတိသည်မှ နောက်၌ ဘဝအစဉ် ပြတ်လေ၏။ ဒုက္ခအစဉ် ပြတ်လေ၏။ ထိုကြောင့် သတ္တဝါအပေါင်းတို့အား ဘဝအစဉ် ဒုက္ခအစဉ် ဖြစ်ပွား၍ နေကြမှုသည် တဏှာ၏ အတတ်သာတည်းဟု မုချ သိအပ်၏။

## မျက်မြင်သမုဒယသဘော

လောက၌လည်း ကာမဂုဏ်တဏှာသည် ရှိ၏။ ထိုတဏှာကို နှိပ်ကွပ် နိုင်သော သူတို့သည် သား, မယားမွေးမှုနှင့် စပ်သော သင်္ခတ ဒုက္ခ, သန္တာပဒုက္ခ, ဝိပရိဏာမဒုက္ခတို့မှ လွတ်ငြိမ်းကြကုန်၏။ ထိုတဏှာကို လိုက်စားကြကုန်သော သူတို့သည် သား, မယားမွေးမှုနှင့်စပ်သော ထိုဒုက္ခသုံးပါးတို့၏ အနှိပ်စက်ကို တစ်သက်လုံး ခံကြရကုန်၏။

အလွန်ကြံကြိုက်လှခဲ့စွာသော သာသနာတော်မြတ်ကြီးအတွင်း၌ ကြံကြိုက် ကြပါကုန်လျက် ပရိယတ္တိ ကျက်သရေကြီး၊ ပဋိပတ္တိ ကျက်သရေကြီးတို့မှအပ ဖြစ်ကြလေကုန်၏၊ ထိုတဏှာကို ရောတည်ပြုမိသည့်အတွက် ထိုတဏှာ၏ အကိုင်းအခက်ဖြစ်သော လိုချင်မှု, ရချင်မှု, လှချင်မှု, တင့်တယ်ချင်မှု, ကြွယ်ဝ ချင်မှု, ပေါများချင်မှု, တုချင်မှု, ပချင်မှု အစရှိသော တဏှာအပွားတို့သည် မရေတွက်နိုင် ပွားစီးကုန်၏။ ထိုအကိုင်းအခက်ဖြစ်သော တဏှာအပွားတို့မှာလည်း သူ့တဏှာနှင့် သူ့ဒုက္ခသုံးချက်စီ အသီးသီး ရှိကြကုန်၏။

ဤကား လောက၌ သူ့တဏှာနှင့် သူ့ဒုက္ခသုံးချက် မျက်မြင်ကိုယ်တွေ့ ဖြစ်ကြသော သမုဒယသဘောကို ပြဆိုသော စကားရပ်တည်း။

www.dhammaransi.com



## သမုဒယအနက် ၂၄–ချက်

တဏှာသည် ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ ခြောက်ပါးရှိ၏။ တစ်ပါး, တစ်ပါး၌ပင် အနက်လေးချက်စီရှိရကား သမုဒယအနက် နှစ်ဆယ့်လေးချက်ဖြစ်၏။ အဆင်းသဏ္ဌာန်ကောင်းသည်၌ ခင်မင်သောတဏှာသည် ရူပတဏှာ မည်၏။ ထိုရူပတဏှာ၏ အလိုသို့လိုက်သော သူတို့သည် အဆင်းသဏ္ဌာန်ကောင်းသော ဝတ္ထုအာရုံတို့အတွက် သန်တဒဏ်ချက်, သန္တာပဒဏ်ချက်, ဝိပရိဏာမဒဏ်ချက် တို့မှ မလွတ်နိုင်ကြကုန်ပြီ။

မလွတ်နိုင်ကြပုံကား ထိုတဏှာသည် အာယူဟနကိစ္စဖြင့် ထိုသူတို့အား ထိုဝတ္ထုအာရုံတို့ကို ယူလို, ရလို, သိမ်းပိုက်လို, ခံစံလိုသော စိတ်တို့ကိုသာ ပွားများစေ၏။ စွန့်လွှတ်လိုသော စိတ်မျိုးကား ဥပါဒ်ခွင့်မျှမရ။

နိဒါနကိစ္စဖြင့် ရစရှိလေ ရချင်လေ၊ သိမ်းပိုက်စရှိလေ သိမ်း ပိုက်ချင်လေ၊ ခံစားစရှိလေ ခံစားချင်လေ၊ ဤသို့သော စိတ်တို့ကိုသာ ပွားများစေ၏။ ရောင့်ရဲသောစိတ်များကား ဥပါဒ်ခွင့်မျှ မရ။

သံယောဂကိစ္စဖြင့် ထိုဝတ္ထုမျိုး ထိုအာရုံမျိုးတို့၏ အလယ်၌ ချည်နှောင်၍ ထားဘိသကဲ့သို့ အလွန်ခိုင်မြဲသော စိတ်အနှောင်အဖွဲ့ကို ဖြစ်စေ၏။ ခွာလိုသော စိတ်မျိုး ဥပါဒ်ခွင့်မရ။

ပလိဗောဓကိစ္စဖြင့် ထိုဝတ္ထုအာရုံ အစီးအပွားမှ ဖဲခွာ၍ စိတ်၏ ငြိမ်သက်စွာ နေနိုင်ရန် အပေါက်အလမ်းများကို တားမြစ်နှောင့်ယှက် ကန့်ကွက်ခြင်းကို ပြု၏။ ထိုအာရုံတို့နှင့်ကင်း၍ စိတ်၏ တည်ကြည်ခြင်းမျှကို မရပေ။ ရူပတဏှာသည် ဤလေးကိစ္စတို့ဖြင့် ထိုသူတို့အား ဒုက္ခပွားခြင်းကိုသာ ပြု၏။

သဒ္ဒတဏှာ စသည်တို့၌လည်း ဤနည်းတူသိလေ။ ဓမ္မတဏှာ ဆိုသည်ကား– မိမိ၏လည်းကောင်း၊ မိမိသည် ချစ်သော ဝတ္ထုတို့၏လည်းကောင်း၊ ဝေဒနာက္ခန္ဓာကို သာယာသော တဏှာ, သညာက္ခန္ဓာကို သာယာသော တဏှာ, သင်္ခါရက္ခန္ဓာတို့ကို သာယာသော တဏှာ, ဝိညာဏက္ခန္ဓာကို သာယာသော တဏှာ စသည်တည်း။

www.dhammaransi.com



## တဏှာသုံးပါးနှင့် အဓိပ္ပာယ်

တစ်နည်းကား၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍ သုံးပါးအပြား ရှိ၏။

၁။ အဆင်းသဏ္ဌာန် အစရှိသော ကာမဝတ္ထုတို့၌ မွေ့လျော်သော တဏှာသည် ကာမတဏှာ မည်၏။

၂။ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဈာန်သမာပတ်တို့၌ မွေ့လျော်သော တဏှာသည် ဘဝတဏှာ မည်၏။

၃။ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်၍ အတ္တ၏ ပြတ်ခြင်းဟူသော မှောက်မှားသော အယူ၌ သာယာသော တဏှာသည် ဝိဘဝတဏှာ မည်၏။

## ကာမတဏှာကို ထင်စွာပြဆိုချက်

ပကတိသော ပြောင်းထမင်း, လူးထမင်း, ဆတ်ထမင်းသည် အလွန် ခေါင်းပါး ကြမ်းတမ်း၏။ အရသာမှ ကင်း၏။ မျိုခြင်းငှါမတတ် ကောင်းရှိ၏၊ ဆီဦးထောပတ်, ဝက်သား, ကြက်သား, ငါးရည်, အမဲရည် သွန်းလောင်း၍ စားမှသာ မြိန်ယှက်စွာ စားနိုင်၏။

ထို့အတူ ပကတိသော ကာမဘုံသားတို့၏ စိတ်သည် ကာမ ရာဂ, ဗျာပါဒ အစရှိသော တရားပူ, တရားလောင်တို့နှင့် အမြဲပေါင်းဖက်မှုကြောင့် အလွန်ခြောက်သွေ့ခေါင်းပါး၏။ ပူလောင်ချောက်ချား၏။ ပြင်ပအာရုံတို့နှင့် ကင်းကွာခဲ့လျှင် ချက်ချင်းငြီးတောက်၏၊ ငြီးငွေ့၏၊ ပျင်းရိ၏၊ ခွေးနာ လောက်ကိုက်ဟူသကဲ့သို့ မနေနိုင် မထိုင်နိုင် လူပ်ရှား၏။ အပေါင်းအဖော်ရှိရာသို့ အာရုံတစ်ပါးရှိရာသို့ ချက်ချင်းပြေးရ၏။ မိမိနှစ်ခြိုက်ရာ ပြင်ပအာရုံ တစ်ပါးပါးနှင့် ပေါင်းဖော်ဖက်တွဲ၍ နေရမှ စိတ်အရသာ ပေါ်နိုင်၏။ ပြင်ပအာရုံ ကောင်းလေလေ၊ အရသာ ကောင်းလေလေ ဖြစ်၏။

ထို့ကြောင့် ကာမဘုံ၌ နတ်မင်းစည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ လူမင်း စည်းစိမ်၊ သူဌေးသူကြွယ်စည်းစိမ် အစရှိသည်ဟု ဆိုအပ်သော နတ်မိန်းမ၊ လူမိန်းမ၊ ဘောဂသမ္ပတ္တိ, ဓနသမ္ပတ္တိတို့ကို အများထက်အများ၊ အကောင်းထက်

www.dhammaransi.com



အကောင်း စုဆောင်းသိမ်းပိုက်၍ ထိုအာရုံတို့နှင့် တွဲဖက်ကာ တွဲဖက်ကာ စိတ်အရသာကို ခံစားကြရကုန်၏။ ထိုအာရုံနှင့်ကင်းလျှင် စိတ်၏ ငြီးတောက်ခြောက်သွေ့ခြင်းဒုက္ခကို ရကြကုန်၏။ ပြင်ပအာရုံကို တောင့်တသော တဏှာ ဆာလောင်ကြီး မီးထ၍ လာ၏။ မီးထတိုင်း မီးထတိုင်း မီးစာကျွေးကြရကုန်၏၊ တဏှာမီးစာတွေကို ရှာကြံ၏။ ဤတဏှာသည် ကာမတဏှာ မည်၏။

## နှစ်သက်တတ်, မျှော်တတ်သော တဏှာ

ဤကာမတဏှာသည် ကာမဘုံသားတို့ကို သား, မယားအာရုံ စည်းစိမ်ဥစ္စာ ရှာကြံသိမ်းပိုက်မှုဟူသော အနမတဂ္ဂ ကြီးကျယ်လှသော ဒုက္ခပင်လယ်ကြီး၌ အမြဲနှစ်၍ သတ်၏။

တောင်ပေါ်မြစ်ကျရေသည် ကမ်းစဉ်တစ်လျှောက် ရှိနေသော သစ်ကိုင်းခြောက်, သစ်ခက်ခြောက်, သစ်ရွက်ခြောက်, မြက်ခြောက်တို့ကို တစ်ဟုန်တည်းမျှောယူ၍ သမုဒ္ဒရာသို့ ချလေသကဲ့သို့ ထိုဆာလောင် မွတ်သိပ်သော တဏှာကြီးသည် သူတော်ကောင်းတရားနှင့် ကင်းကွာသော တဏှာကာမဘုံသူ နတ်လူများ မြောင် အခြောက်ကောင်တွေကို အပါယ်လေးပါးသို့ အတွင်မျှောယူ ပစ်ချလေ၏။

ဤကား ကာမတဏှာ သမုဒယသစ္စာကို ပြဆိုသော စကားတည်း။

ထိုတဏှာ ဆာလောင်ကြီး၏ အတတ်ကို သိကြကုန်သော ပညာရှိကြီးတို့သည်ကား ကာမဘုံကို အပါယ်ငရဲအသွင် ထင်မြင်ကြကုန်သဖြင့် ကာမဘုံ ဒုက္ခမှ လွတ်ခြင်းငှါ လက်ရှိစည်းစိမ်ချမ်းသာကို စွန့်ပစ်၍ တောတောင်ဝင်၍ ဈာန်သမာပတ် တရားများကို အားထုတ်ကြကုန်ရာ၏။

## အရသာပမာ ဈာန်ချမ်းသာ
## ဘဝတဏှာကို ထင်စွာပြဆိုချက်

မြောက်ကျွန်းသူတို့၏ ဇောတိပါသာဏ ကျောက်ပေါ်၌ ချက်အပ်သော ထမင်းသည် အလွန်ကောင်းမြတ်သော အမျိုးမျိုးသော အရသာနှင့်ပြည့်စုံ၏။ ငါတို့ ကျွန်း၌ဖြစ်သော ထောပတ်, ဆီဦး, ဝက်သား, ကြက်သားစသည်တို့နှင့်

www.dhammaransi.com



ဖက်တွဲဖွယ် ကိစ္စမရှိ။ ဖက်တွဲခဲ့လျှင် ရှိရင်းအရသာပျက်ကုန်၏။ ဖက်တွဲမိမည် ကိုပင် ကြောက်ရ၏။

ထိုအတူ ကာမစ္ဆန္ဒ, ဗျာပါဒ အစရှိသော နီဝရဏ အပူအလောင်တို့မှ ကင်းရှင်းသော ဈာန်သမာပတ်စိတ်ကို ရကြကုန်၏။ ထိုစိတ်ကား ပကတိအားဖြင့် အလွန်ကောင်းမြတ်သော အရသာရှိသော ပီတိသုခရသနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုဈာန်စိတ်ကို ဝင်စားကာ ချမ်းသာစည်းစိမ်ကို ခံစားစံစား ကြကုန်၏။ ပြင်ပအာရုံတို့သည် ကြီးစွာသောအန္တရာယ် ဖြစ်ကုန်၏။ ထိုဈာန်စိတ် ဈာန်ဓာတ်တို့ကိုလည်းကောင်း ထိုအကျိုးဖြစ်သော ဗြဟ္မာ့ဘဝကိုလည်းကောင်း သာယာသောတဏှာသည် ဘဝတဏှာ မည်၏။

ဤဘဝတဏှာ၏ ဒုက္ခသမုဒယဖြစ်ပုံကို ရှေးဦး၌ ဗြဟ္မာ့ခန္ဓာ တို့၏ ဒုက္ခအခန်းမှာ ပြဆိုခဲ့သည့်အတိုင်း သိလေ။ မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော ဝိဘဝတဏှာ၏ ဒုက္ခသမုဒယအချက်ကား သာသနာတော်အတွင်း၌ လိုရင်းမဟုတ်လှ၍ မပြလိုက်ပြီ။

ဤတွင်ရွေ့ကား သမုဒယသစ္စာ ပြီး၏။

## ၅။ မဂ္ဂသစ္စာအနက် ၄-ချက် အဓိပ္ပာယ်

ယခုအခါ သောတာပန်ပုဂ္ဂိုလ်တို့သည် ရအပ် ခံစံအပ်သော နိရောဓအနက် လေးချက်, မဂ္ဂအနက်လေးချက်ကို ထုတ်ဖော်ပြဆိုမည့် အနက် မဂ္ဂသစ္စာအနက် လေးချက်ကို ရှေးဦးစွာ ပြဆိုပေအံ့။

**မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော။**

(အနက် ရှေး၌ ဆိုခဲ့ပြီ။)

## နိယျာနဋ္ဌကို ခံစားရပုံ

ထိုလေးပါးသော အနက်တို့တွင် သောတာပန်ပုဂ္ဂိုလ်တို့သည် နိယျာနဋ္ဌကို အဘယ်သို့ ရအပ် ခံစံအပ်လေသနည်းဟူမူကား - သောတာပတ္တိမဂ်သို့ ရောက်သောအခါ ထိုပုဂ္ဂိုလ်၏သန္တာန်၌ရှိသော ဒိဋ္ဌိမျိုး, ဝိစိကိစ္ဆာမျိုးတို့သည်

www.dhammaransi.com



အကုန်ချုပ်ငြိမ်းကုန်၏။ အတိတ်ကပါခဲ့သော ဒုစရိုက်ကံဟောင်း အနန္တ၊ ရှေ့သို့ဘဝအဆက်ဆက် မိုက်မဲလတ္တံ့သော ဒုစရိုက်ကံသစ် အနန္တတို့သည် အကုန်ချုပ်ငြိမ်းကုန်၏။ အပါယ်သံသရာကြီး အပြီးကျွတ်လွတ်၏။ ဤဘဝမှ နောက်၌ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတည်းဟူသော သုဂတိသံသရာသည်သာ ကျန်ရှိလေ၏။ ထိုသုဂတိ သံသရာမှာလည်း မိစ္ဆာဒိဋ္ဌိလူမျိုး, နတ်မျိုး, ဗြဟ္မာမျိုးတို့၌ တစ်ရံတစ်ဆစ်မျှဖြစ်ခြင်း မရှိကြကုန်ပြီ။ ဒုစရိုက် ဒုရာဇီဝလူမျိုး, နတ်မျိုး, ဗြဟ္မာ့မျိုးတို့၌ တစ်ရံတစ်ဆစ်မျှဖြစ်ခြင်း မရှိကြကုန်ပြီ။

စည်းစိမ်ကျက်သရေ ဘုန်းတန်ခိုး ညှိုးနွမ်းသေးသိမ်သော လူမျိုး, နတ်မျိုး, ဗြဟ္မာမျိုးတို့၌ တစ်ရံတစ်ဆစ်မျှ ဖြစ်ခြင်း မရှိကြကုန်ပြီ။ အလွန်ကြီးမြတ်လှစွာသော စည်းစိမ်ချမ်းသာ ဘုန်းတန်ခိုး အရှိန်အဝါ အလိမ္မာနှင့်ပြည့်စုံသော လူမျိုး, နတ်မျိုး, ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြလေကုန်တော့သည်။ ထိုသို့ကျန်ရှိသော သမ္ပတ္တိသုဂတိ သံသရာမှာလည်း ဖြစ်ဆဲရောက်ဆဲသောဘုံမှ အောက်ဘုံသို့ ပဋိသန္ဓေအားဖြင့် ဆင်းသက် ကျရောက်ခြင်း မရှိကြကုန်ပြီ။ မိမိတို့ ဖြစ်ရာဘုံ၌ ထပ်မံ၍ ဖြစ်လိုလျှင် ဖြစ်ကြကုန်၏။ အထက်အထက်ဘုံသို့ တက်လိုလျှင် တက်ကြကုန်၏။

## လောကုတ္တရာ ဘုံသူ, ဘုံသားများ

ဤနည်းအတိုင်းသာ ဘဝများစွာ ကမ္ဘာများစွာ သုဂတိ သံသရာ၌ ကျင်လည်၍ သွားကြရကုန်၏။ ထိုသို့ သုဂတိသံသရာ၌ ကျင်လည်ကြရကုန်သော်လည်း တစ်ပါးသော လူနတ်ဗြဟ္မာ ပုထုဇဉ် သတ္တဝါတို့ကဲ့သို့ သံသရာဝဋ္ဋ နှစ်သမား မဟုတ်ကြကုန်ပြီ။ မျောသမား မဟုတ်ကြကုန်ပြီ။

သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သည်မှစ၍ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဒုစရိုက် ဒုရာဇီဝ, အပါယဒုက္ခတို့၏ ကျွတ်လွတ်မှုဟူသော သဉပါဒိသေသနိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီး၏ အတွင်းသို့ ဆိုက်ရောက်ကြကုန်ပြီး၍ အရိယာဘုံသူတွေ, အရိယာဘုံသားတွေ အဖြစ်နှင့်ကျင်လည်ကြရကုန်၏။ လောကုတ္တရာဘုံသူတွေ, လောကုတ္တရာဘုံသားတွေ အဖြစ်နှင့်ကျင်လည်ကြရကုန်၏။

www.dhammaransi.com



ထိုသို့ ကျင်လည်ကြလေကုန်ရာ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ တို့ကို ခံစားစံစား၍ အားရကြကုန်သောအခါ အလိုမရှိကြကုန်သောအခါ ငြီးငွေ့ကြကုန်သောအခါ ခန္ဓာငါးပါးကို စွန့်ပစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြလေကုန်၏။

ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သော ဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြသည်တိုင်အောင် အပါယ်ဒုက္ခ အစရှိသော အောက်အောက်သော သံသရာအဖို့မှ အဆင့်ဆင့် ကျွတ်လွတ်၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်ရာ၊ မြတ်သည်ထက်မြတ်ရာ ဖြောင့်မတ်စွာ ဆန်တက်ထွက်မြောက်၍ သွားကြောင်းဖြစ်သော အနက်ကိုနိယျာနဋ္ဌ ဆိုသတည်း။

ဤကား သောတာပတ္တိမဂ်၏ နိယျာနဋ္ဌအနက်ကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

## ဟေတုဋ္ဌကို ခံစားရပုံ

ထိုသောတာပန်ပုဂ္ဂိုလ်သည် ဟေတုဋ္ဌအနက်ကို အဘယ်သို့လျှင် ခံစံကြရကုန်သနည်းဟူမူကား- သောတာပတ္တိမဂ်ကို ရသောခဏမှစ၍ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် အရိယာသူမြတ်တို့၏ ဂုဏ်ကျေးဇူးတို့သည် အခိုင်အမြဲ တည်လေကုန်၏။ တစ်ဘဝတစ်ခြား တိုးပွားစည်ပင်၍သာ သွားကုန်၏။ သီလဂုဏ်ကျေးဇူးတို့သည် တစ်ဘဝထက် တစ်ဘဝကြီး ကျယ်ခိုင်မြဲ၍ သွားကုန်၏။ သမာဓိဂုဏ်ကျေးဇူး, ပညာဂုဏ်ကျေးဇူးတို့သည် တစ်ဘဝထက်တစ်ဘဝ ကြီးကျယ်ခိုင်မြဲ၍ သွားကုန်၏။ သတိပဋ္ဌာနဓမ္မဂုဏ်ကျေးဇူး၊ သမ္မပ္ပဓာနဓမ္မဂုဏ်ကျေးဇူး၊ ဣဒ္ဓိပါဒဓမ္မ ဂုဏ်ကျေးဇူး၊ ဣန္ဒြိယဓမ္မဂုဏ်ကျေးဇူး၊ ဗလဓမ္မဂုဏ်ကျေးဇူး၊ ဗောဇ္ဈင်္ဂဓမ္မဂုဏ်ကျေးဇူး၊ မဂ္ဂင်ဓမ္မဂုဏ်ကျေးဇူးတို့သည် တစ်ဘဝထက်တစ်ဘဝ ခိုင်ဖြိုးကြီးကျယ်စည်ကား၍ သွားလေကုန်၏။

ထိုဂုဏ်ကျေးဇူးအပေါင်းတို့၏ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ တစ်ဘဝထက်တစ်ဘဝ ထက်သန်ခိုင်ဖြိုး ကြီးကျယ်စည်ကား၍ သွားရာ သွားကြောင်းဖြစ်သော အနက်သည် ဟေတုဋ္ဌမည်၏။

www.dhammaransi.com



ဤကား သောတာပတ္တိမဂ်၏ ဟေတုဋ္ဌအနက်ကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

## ဒဿနဋ္ဌကို ခံစားရပုံ

ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် ဒဿနဋ္ဌအနက်ကို အဘယ်သို့ ခံစံကြရကုန်သနည်း ဟူမူကား- သောတာပတ္တိမဂ်ကို ရသောခဏမှစ၍ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ကျင်လည်ခံစား၍ သွားကြသဖြင့် အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သောဘဝတိုင်အောင် ထိုပုဂ္ဂိုလ်တို့သည်-

၁။ ဒုက္ခသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။

၂။ သမုဒယသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။

၃။ နိရောဓသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။

၄။ မဂ္ဂသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။

နှလုံးသွင်း၍ ဆင်ခြင်လိုက်တိုင်း ကောင်းကင်လယ်၌ ကြယ် နက္ခတ်တို့ကို ရှုမျှော်ကြလေသကဲ့သို့ သစ္စာ ၄-ပါးတရားတို့သည် ထိုသူတို့ဉာဏ်၌ ထင်ရှားလေကုန်တော့သည်။

ဤကား သောတာပတ္တိမဂ်၏ ဒဿနဋ္ဌကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

## အဓိပတေယျဋ္ဌကို ခံစားရပုံ

ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် အဓိပတေယျဋ္ဌ အနက်ကို အဘယ်သို့ ခံစံကြရကုန်သနည်း ဟူမူကား- ထိုသောတာပန် ပုဂ္ဂိုလ်တို့၌ ယခုဘဝမှစ၍ နောက်ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ဖြစ်ပွားသမျှ ကုန်သော ဒါန, သီလ, ဘာဝနာ အစရှိသော ကုသိုလ်တို့သည် တဏှာ၏ အုပ်စိုးမှုမှ လွတ်ကြလေကုန်၏။ ပုညာဘိသင်္ခါရသဘောမှ လွတ်ကြလေကုန်၏။ လောကီကုသိုလ်တကာတို့ထက် အကြီးအကဲအဖြစ်သို့ ရောက်ကြလေကုန်၏။ ပွတ်သစ်သော ခရုသင်းကဲ့သို့ ဝင်းဝင်းတောက် ဖြူစင်ကြလေကုန်၏။ အနုပါဒိသေသနိဗ္ဗာန်သို့

www.dhammaransi.com



ပေါက်ရောက်ဖို့ အဆောက်အဦးချည်း ဖြစ်ကြကုန်၏။

ဤကား သောတာပတ္တိမဂ်၏ အဓိပတေယျဋ္ဌကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

**ဤတွင်ရွေ့ကား သောတာပတ္တိမဂ်၏ အနက်လေးချက်ကို ပြဆိုသောအခန်း ပြီး၏။**

## ၆။ နိရောဓသစ္စာအနက် ၄-ချက် အဓိပ္ပာယ်

ယခုအခါ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ၏ အနက်လေးချက်ကို ပြဆိုပေအံ့။

**နိရောဓဿ နိဿရဏဋ္ဌော, ပဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော။**

## သဥပါဒိသေသနိဗ္ဗာန် ထင်စွာပြဆိုချက်

သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်ပြီးသော ဝိသာခါ, အနာထပိဏ် အစရှိကုန်သော ယခုအခါ စတုမဟာရာဇ်, တာဝတိံသာ အစရှိသော နတ်ပြည်ခြောက်ထပ်မှာ အပြည့်ရှိနေကြကုန်သော အရိယာပုဂ္ဂိုလ်တို့၏ ယခုတည်နေကြရာဖြစ်သော သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီးသည် မြင်းမိုရ်တောင် ခြေ၌ ရှိသော သီဒါမဟာသမုဒ္ဒရာကြီးနှင့် အလားတူ၏။ အသင်္ချေယျ အနန္တများလှစွာသော အရိယာပုဂ္ဂိုလ်တို့သည် ထိုသီဒါ မဟာသမုဒ္ဒရာ ကြီးအတွင်း၌ ရှိနေကြကုန်သော အသင်္ချေယျအနန္တ များလှစွာ ကုန်သော ငါးကြီးတွေနှင့် အလားတူကြကုန်၏။

## လျှော့ပါးပူမှု နောက်ကျူမရှိ

အဘယ်သို့ တူကြကုန်သနည်းဟူမူကား – ယုဂန္ဓိုရ်တောင်၏ အတွင်း၌ တည်ရှိသော ထိုသီဒါမဟာသမုဒ္ဒရာကြီးသည် အနက်အားဖြင့် ယူဇနာ ရှစ်သောင်းလေးထောင်၊ အနံအားဖြင့် ယူဇနာ ရှစ်သောင်းလေးထောင်၊ အလျားအားဖြင့် ယူဇနာအသိန်းများစွာ ကြီးကျယ်လှ၏။ တစ်ကမ္ဘာပတ်လုံး လက်တစ်သစ်မျှ ရေနေလျော့ပါးသည်ဟူ၍ မရှိ။ နေရှိန်နေပြောက်တစ်ခုမျှ

www.dhammaransi.com



ထိုးရဖွယ်သည်မရှိသဖြင့် ရေပူသည်ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိ။ ဥဒေါင်းမွေး လဲ, ဝါဂွမ်းတို့မှသော်လည်း ထောက်တည်ရာမရ၊ အောက်သို့သာ နစ်ရအောင် အလွန်ကြည်လှသော ရေရှိသည်ဖြစ်၍ ရေနောက်မှုဟူ၍လည်း မရှိ။

ထိုအတူ ယခုအခါ ဝိသာခါ, အနာထပိဏ် အစရှိသော ဘုံစဉ်စံ သောတာပန် အရိယာတို့၏ တည်ရာနေရာဖြစ်သော ထိုသဉပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီးသည်လည်း ဘဝကမ္ဘာ အသင်္ချေပင် ကြာသော်လည်း နိဗ္ဗာန်သဘော လျော့ပါးသည်ဟူ၍ မရှိ။ နိဗ္ဗာန်နယ်ကြီး ကုန်ဆုံး၍သွားသည်ဟူ၍ မရှိ။ နိဗ္ဗာန်သဘော ကုန်ဆုံး၍ ထိုသူတို့သန္တာန်မှာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဒုစရိုက် ဒုရာဇီဝ, အပါယ်ဒုက္ခတို့ ပေါ်ပေါက်၍ လာပြန်သည်ဟူ၍ မရှိ။

## သီဒါသမုဒ္ဒရာနှင့် သဉပါဒိသေသနိဗ္ဗာန်

သီဒါမဟာသမုဒ္ဒရာကြီး၏ အတွင်း၌ ရှိနေကြကုန်သော ငါးကြီးတို့သည် သီဒါမဟာသမုဒ္ဒရာ ရေနေလျော့ပါးမည်၊ ရေကုန်ခန်းသွားမည်ကို ကြောင့်ကြဖွယ် မရှိကြကုန်သကဲ့သို့ ထိုသူတို့သည်လည်း ယခုမိမိတို့ တည်နေရာ ထိုလောကုတ္တရာ အဝတ္ထာဘုံကြီး သန္တိသဘော လျော့ပါးမည်၊ ကုန်ခန်း၍သွားမည်ကို တစ်ရံတစ်ဆစ်မျှ ကြောင့်ကြဖွယ် မရှိလေကုန်။ ထိုသီဒါမဟာသမုဒ္ဒရာကြီး၌ ရေပူသည်ဟူ၍ မရှိသကဲ့သို့၊ ထိုလောကုတ္တရာ အဝတ္ထာဘုံကြီးမှာလည်း တစ်စုံတစ်ခုသော ကိလေသာ နေပြောက်ထိုးခြင်း၊ ဝဋ္ဋဒုက္ခနေပြောက်ထိုးခြင်း အလျှင်းမရှိသည်ဖြစ်၍ ကမ္ဘာအသင်္ချေ ကြာသော်လည်း ပူလောင်မှုဟူ၍ မြူမျှမရှိလေကုန်။ ထိုသက္ကာယဒိဋ္ဌိ စသည်တို့၏ ချုပ်ငြိမ်းမှုအတွက်ကြောင့် ဘယ်လိုပူပန်ဖွယ် ရှိ၍လာပြန်သည်ဟု မရှိပြီ။

## ငါးကြီးများဥပမာနှင့် အရိယာပုဂ္ဂိုလ်များ

သီဒါမဟာသမုဒ္ဒရာကြီး၏အတွင်း၌ရှိနေကြကုန်သော ငါးကြီးတို့သည် ရေပူမှုနှင့် စိုးရိမ်ကြောင့်ကြဖွယ် မရှိကြကုန်သကဲ့သို့ ထိုသူတို့သည်လည်း ထိုသက္ကာယဒိဋ္ဌိ အစရှိသောမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီးသော တရားတို့၏ ပူပန်မှုအတွက်နှင့် စိုးရိမ်ကြောင့်ကြဖွယ် မရှိကြကုန်ပြီ။ ထိုသီဒါ မဟာသမုဒ္ဒရာကြီး

www.dhammaransi.com



အတွင်း၌ ရှိနေကြကုန်သော ငါးကြီးတို့သည် ရေနောက်ကျူရန်ကိစ္စနှင့် စိုးရိမ်ကြောင့်ကြဖွယ် မရှိကြကုန်သကဲ့သို့ ထိုသူတို့သည်လည်း မိမိတို့၏ တည်နေရာ အဝတ္ထာဘုံကြီး၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဒုစရိုက် ဒုရာဇိဝ, အပါယ်ဒုက္ခတို့ ပေါ်ပေါက်ပြန်သည်၊ သန္တိသဘော နောက်ကျူပြန်သည်ဟူ၍ စိုးရိမ်ကြောင့်ကြဖွယ် မရှိကြကုန်ပြီ။

ထိုသီဒါမဟာသမုဒ္ဒရာကြီး၏ အတွင်း၌ ရှိနေကြကုန်သော အသချေ်ယျ အနန္တ များလှစွာကုန်သော ငါးကြီးအပေါင်းတို့သည် မိမိ မိမိတို့တည်နေရာ သီဒါသမုဒ္ဒရာကြီး လျော့ပါးကုန်ခန်းမှု, နောက်ကျူမှု, ပူလောင်မှုတို့အတွက်နှင့် အင်းတစ်ပါး, အိုင်တစ်ပါး, မြစ်, သမုဒ္ဒရာ သီဒါတစ်ပါးကို တောင့်တဖွယ် မရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံ သောတာပန် အရိယာအနန္တတို့သည်လည်း ဘုရားတစ်ပါး, သာသနာတစ်ပါးကို တောင့်တဖွယ် မရှိကုန်မူ၍ ထိုသဉပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီး၌တည်လျက် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစားကြ ကုန်၍ အားရကြကုန်သောအခါမှ၊ ငြီးငွေ့ကြကုန်သောအခါမှ၊ ခန္ဓာငါးပါးကို စွန့်ပစ်၍ အနုပါဒိသေသနိဗ္ဗာန်ပြည်ကြီးသို့ ကူးကြကုန်လတ္တံ့။

## စောဒက တက်ဖွယ်

ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် သဉပါဒိသေသ နိဗ္ဗန်တည်း ဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီး၏အတွင်း ဆိုက်ရောက် တည်နေကြကုန်၏ဟူသော စကား၌ စောဒနာရန် ရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် အချို့သော ကိလေသာတို့မှ မကင်းကြကုန်သေး၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းဒုက္ခတို့မှ မကင်းကြကုန်သေး ထိုကြောင့် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြကုန်သည်ဟု မဆိုထိုက်သေး၊ နိဗ္ဗာန်၏အတွင်း၌ တည်နေကြကုန်သည်ဟု မဆိုထိုက်သေးဟု စောဒနာရန် ရှိ၏။

www.dhammaransi.com



## ဖြေဆိုပုံ

**အဖြေကား–** အချို့သော ကိလေသာတို့မှ မကင်းကြကုန်သေးသော ကြောင့် သဥပါဒိသေသနိဗ္ဗာန်ဟု အမည်ဝိသေသနှင့် ဟောတော်မူသည် မဟုတ်လော။ ထိုအတူ ခန္ဓာငါးပါးနှင့်တကွ ဘဝများစွာ ကမ္ဘာများစွာ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း မကင်းကြကုန်သေးသည်ဖြစ်၍ပင်လျှင် သဥပါဒိသေသနိဗ္ဗာန်ဟု ဆိုရမည်မဟုတ်လော။ သဥပါဒိသေသနိဗ္ဗာန်၏ အခြင်းအရာကိုလည်းကောင်း၊ ထိုနိဗ္ဗာန် နယ်ကြီးကျယ်ပုံကိုလည်းကောင်း မရိပ်မိ၍ စောဒနာသလောဟု ဖြေလေ။

ထိုသူတို့သည် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ခံစားစံစား၍ အားရကြကုန်သောအခါ ရဟန္တာအဖြစ်သို့ရောက်၍ ခန္ဓာ ငါးပါးကိုစွန့်၍ တစ်ဖန်ကူးရောက်ကြလတ္တံ့သော နိဗ္ဗာန်သည်ကား အနုပါဒိသေသ နိဗ္ဗာန် မည်၏။ ထိုနိဗ္ဗာန်သည်ကား သောတာပန်ပုဂ္ဂိုလ်တို့၏ နယ်မှာမဟုတ်၊ ထို့ကြောင့် ဤသောတာပန် ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ပြဆိုခန်း၌ ထိုအနုပါဒိသေသ နိဗ္ဗာန်ကို မဆိုပေသတည်း။

## နိဿရဏဋ္ဌ

ဒိဋ္ဌိ, ဝိစိကိစ္ဆာ အမှူးရှိသော အလွန်မည်းညစ်လှစွာသော ကိလေသာဝဋ်မှ အပြီးကျွတ်လွတ်မှု, ဒုစရိုက်ဆယ်ပါး ဒုရာဇီဝတရားဟူသော အကုသလကမ္မဝဋ်မှ အပြီးကျွတ်လွတ်မှု, အပါယ်ဘဝဟူသော ဝိပါကဝဋ်မှ အပြီးကျွတ်လွတ်မှုသည် သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရသော နိဿရဏဋ္ဌ မည်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လူမင်း, နတ်မင်း, သိကြားမင်း, ဗြဟ္မာမင်း တို့ဖြစ်၍ပင် နေကြကုန်သော်လည်း ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဒုစရိုက် ဒုရာဇီဝ, အပါယ်ဘဝတို့မှ အပြီးကျွတ်လွတ်မှု, အပြီးလွတ်ငြိမ်းမှုဟူသော နိဿရဏဋ္ဌကို မရကြလေကုန်။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ တွေတန်းလန်း, ဒုစရိုက် ဒုရာဇီဝတွေတန်းလန်း, အပါယ်သို့ ကျရောက်မှု တွေတန်းလန်းနှင့်သာ နေကြရကုန်သည်။

**နိဿရဏဋ္ဌ ပြီး၏။**

## မိခင်ရောဝတီ

www.dhammaransi.com



## ပဝိဝေကဋ္ဌ

သောတာပန် ပုဂ္ဂိုလ်တို့သည် ဘဝများစွာ ကမ္ဘာများစွာ ကြာမြင့်သော်လည်း မိမိတို့၏ စိတ်သန္တာန်၌ မိစ္ဆာဒိဋ္ဌိ တရားတို့၏ နှောင့်ယှက်မှု၊ ဒုစရိုက် ဒုရာဇီဝ တရားတို့၏နှောင့်ယှက်မှု၊ အပါယ်ဒုက္ခတို့၏ နှောင့်ယှက်မှုမှ အချင်းခပ်သိမ်း ကင်းငြိမ်းကြကုန်၏။ ဤသို့ သံသရာ၌ အလွန်တရာ ယုတ်မာဆိုးရွားလှသော ပါပဓမ္မ အပါယ်ဒုက္ခတို့၏ အနှောင့်အယှက် အဖျက်အဆီးမှ ဆိတ်ကင်းမှုသည် သောတာပန် ပုဂ္ဂိုလ်တို့ ခံစားကြရသော ပဝိဝေကဋ္ဌ မည်၏။

ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် လူမင်း၊ နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ဖြစ်၍ပင် နေကြရကုန်သော်လည်း သမ္မာဒိဋ္ဌိနှင့် ကြည်တဲ့ချည် တစ်ခါ၊ မိစ္ဆာဒိဋ္ဌိနှင့် နောက်တဲ့ချည် တစ်လှည့်၊ သဒ္ဓါစိတ်နှင့် ကြည်တဲ့ချည် တစ်ခါ၊ ဝိစိကိစ္ဆာနှင့် နောက်တဲ့ချည် တစ်လှည့်၊ သုစရိုက်မှုနှင့် ကြည်တဲ့ချည် တစ်ခါ၊ ဒုစရိုက်မှုနှင့် နောက်တဲ့ချည် တစ်လှည့်၊ သုဂတိချမ်းသာနှင့် ကြည်တဲ့ချည် တစ်ခါ၊ အပါယဒုက္ခသို့ ရောက်၍ အနောက်ကြီး နောက်တဲ့ချည် တစ်လှည့်၊ ဤသို့သော နှောင့်ယှက်မှုတို့မှ မလွတ်ကြလေကုန်။

ပဝိဝေကဋ္ဌ ပြီး၏။

## အသင်္ခတဋ္ဌ

သောတာပန် ပုဂ္ဂိုလ်တို့ ဆိုက်ရောက်ရရှိ တည်နေရာဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဒုစရိုက် ဒုရာဇီဝ၊ အပါယ ဒုက္ခတို့၏ အပြီးလွတ်ငြိမ်း မှုဟူသော သဉပါဒိသေသ နိဗ္ဗာန်သည် ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း ပျက်ကွက်ခြင်း ရှိတော့သည်မဟုတ်။ အနမတဂ္ဂ သံသရာနှင့်အမျှ နိစ္စထာဝရဖြစ်၍ တည်လေ၏။ ထိုသို့ ပျက်ကွက်ခြင်း မရှိ၊ နိစ္စထာဝရတည်ရှိသော တရားဖြစ်ပေသောကြောင့် အသစ်တဖန် ထူထောင်ပြုပြင်မှု ဒုက္ခဟူ၍ မရှိပြီ။ ထိုနိဗ္ဗာန် ဆွေးမြည့်ပျက်ဆုံးပြန်၍ မိမိသန္တာန်၌ ထိုနိဗ္ဗာန်ကို တစ်ဖန် ဖြစ်ပေါ်လာရန် ဒါနပြုမှု ဒုက္ခတွင်းသို့ ဆင်းရပြန် သည်ဟု မရှိပြီ။ သီလသီတင်း ကျင့်သုံးခြင်းဟူသော ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟု မရှိပြီ။ ရသေ့ရဟန်း ပြုလုပ်ခြင်း ဒုက္ခတွင်းသို့ ဆင်းရပြန်

www.dhammaransi.com



သည်ဟု မရှိပြီဆိုလိုသည်။ ဤသို့ အဖန်ဖန် ပြုပြင်ရခြင်းဟူသော သင်္ခါရဒုက္ခတို့မှ လွတ်ငြိမ်းမှုသည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အသင်္ခတဓာတ် မည်၏။ သောတာပန်ပုဂ္ဂိုလ်တို့အား ကြွင်းကျန်သော ကိလေသာတို့၏ ချုပ်ငြိမ်းဖို့ အတွက်နှင့်သာ ဒါန, သီလ, ဥပေါသထဘာဝနာမှုကို ပြုဖွယ်ကိစ္စ ရှိလေတော့သည်။ ချုပ်ငြိမ်းလေပြီးသော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ဒုစရိုက် ဆယ်ပါးတို့၏ ငြိမ်းဖို့အတွက်နှင့် ပြုဖွယ်ကိစ္စ မရှိပြီ။

အသင်္ခတဓာတ် ပြီး၏။

## အမတဓာတ်

ထိုသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဒုစရိုက် ဒုရာဇီဝ, အပါယဒုက္ခ တို့၏အပြီးလွတ်ငြိမ်းမှုဟူသော သဉပါဒိသေသနိဗ္ဗာန်သည် အနမတဂ္ဂ သံသရာမှာ ဘယ်အခါမှ ဆွေးမြည့် ပျက်ဆုံးသည်ဟူ၍ မရှိပြီ။ ထိုဝိသာခါ, အနာထပိဏ် အစရှိသော ဘုံစဉ်စံ သောတာပန် ပုဂ္ဂိုလ်တို့ အား တစ်ဘဝလျှင်တစ်ခါ ခန္ဓာငါးပါး ပျက်ဆုံးမှုကား ရှိကြ၏။ မိမိတို့ ရရှိပြီးသော ထိုနိဗ္ဗာန်ကား ခန္ဓာပျက်ဆုံးသော်လည်း ပျက်ဆုံးခြင်း မရှိပြီ။ ခန္ဓာဘဝတစ်ခု ပျက်ဆုံး၍ ခန္ဓာဘဝတစ်ခုသို့ ရောက်ကြပြန်လျှင် ထိုနိဗ္ဗာန်တွင်း၌သာ ရောက်ကြပြန်၏။ ပုထုဇဉ်ခန္ဓာသို့ ပြန်၍ ရောက်ကြကုန်သည်ဟု မရှိပြီ။ ခန္ဓာတို့ကား မတဓာတ်မျိုး ဖြစ်ကြ၍ တစ်ဘဝတစ်ခါ ပျက်ဆုံးကုန်ကြသည်။

ထိုနိဗ္ဗာန်သည်ကား အမတဓာတ်မျိုးဖြစ်၍ ခန္ဓာပျက်သော်လည်း တစ်ရံတစ်ခါမျှ ပျက်ဆုံးသည်ဟူ၍လည်း မရှိပြီ။ အနုပါဒိသေသ နိဗ္ဗာန်နှင့် တစ်ဆက်တည်း ဆက်မိလေတော့သည်။ ထိုသောတာပန် ပုဂ္ဂိုလ်တို့အား ဘဝများစွာ ကမ္ဘာများစွာသံသရာ၌ ကျင်လည်၍ နေကြ ကုန်ငြားသော်လည်း ထိုငြိမ်းမှုကုန်ဆုံး၍ သွားမည်ကို ကြောင့်ကြဖွယ် မရှိပြီ။ ဤသို့ သောတာပတ္တိမဂ်သို့ ရောက်သည့်ဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ဆိုက်ရောက်သည်တိုင်အောင် ဘဝများစွာ, ကမ္ဘာများစွာ ကြာချင်တိုင်း ကြာသော်လည်း တစ်ရံတစ်ခါမျှ ပျက်ကွက်ခြင်း မရှိမူ၍ ထိုသို့ ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ် အနန္တတို့၏ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊

www.dhammaransi.com



ပုန်းအောင်းရာ အနေနှင့် အမြဲစောင့်ရှောက်ကာပါရှိ၍ နေသောအမှုသည် ထိုသောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အမတဌ မည်၏။

အမတဌ ပြီး၏။

ဤကား သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရသော သဉပါဒိသေသ နိဗ္ဗာန်၏ အနက်လေးချက်ကို ပြဆိုသော စကားရပ်တည်း။

ထိုမှတစ်ပါး သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာ ပုဂ္ဂိုလ်တို့ ခံစံကြရသော နိဗ္ဗာန်၏ အနက်လေးချက်တို့ကိုမူကား သောတာပန် ပုဂ္ဂိုလ်တို့၌ ပြဆိုလိုက်သောနည်းကို အမှီပြု၍ ထိုပုဂ္ဂိုလ်သို့ အားလျော်စွာ ဝေဖန်စိတ်ဖြာ၍ သိကြလေ။

## သစ္စာအနက် ၁၆–ချက် ကိစ္စ ၄–ပါးတွဲပုံ

၁။ ဒုက္ခသစ္စာ၏အနက်လေးချက်ကား ပရိညာကိစ္စ၏အချက်တည်း။

၂။ သမုဒယသစ္စာ၏ အနက်လေးချက်ကား ပဟာနကိစ္စ၏အချက်တည်း။

၃။ နိရောဓသစ္စာ၏ အနက်လေးချက်ကား သစ္ဆိကရဏကိစ္စ၏အချက်တည်း။

၄။ မဂ္ဂသစ္စာ၏ အနက်လေးချက်ကား ဘာဝနာကိစ္စ၏အချက်တည်း။

## လက္ခဏာရေး ၃–ပါး၌ ဝင်ပုံ

ယောဂီ ပုဂ္ဂိုလ်တို့သည်ကား ဒုက္ခသစ္စာ၏ အနက်လေးချက်ကိုသာ ပိုင်နိုင်စွာ ထင်မြင်အောင် အားထုတ်ရာ၏။ ပိုင်နိုင်စွာထင်မြင်၍ ဒုက္ခသစ္စာ၌ ပရိညာကိစ္စ ပြီးခဲ့လျှင် ကြွင်းသော သစ္စာသုံးပါးတို့၏ အနက် တစ်ဆယ့်နှစ်ချက်တို့သည် အလိုလိုကိစ္စ ပြီးကုန်၏။ တမင်အားထုတ်ဖွယ်ကိစ္စ မရှိကုန်။ ဒုက္ခသစ္စာအနက်လေးချက်သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါး၌ ပါဝင်လေ၏။ အနက်လေးချက်လုံးသည် ဒုက္ခလက္ခဏာရေး၌ အကုန်ဝင်၏။ ဝိပရိဏာမဋ္ဌ အနက်တစ်ခုသည် အနိစ္စလက္ခဏာရေးပင်တည်း။ အနိစ္စ, ဒုက္ခနှစ်ပါး၌ ဝင်လျှင်လည်း အနတ္တလက္ခာဏာရေး၌ ဝင်တော့သည်။

www.dhammaransi.com



ထို့ကြောင့် လက္ခဏာ ရေးသုံးပါးနေရာကျ ပြီးစီးခဲ့လျှင် အကျယ်ပြဆိုခဲ့ပြီးသော သစ္စာအနက် တစ်ဆယ့်ခြောက်ချက်သည် အလိုလို ပြီးတော့သည်။ လက္ခဏာရေး သုံးပါးမှာလည်း တစ်ပါးပါး နေရာကျ ပြီးစီးခဲ့သော် ကြွင်းသောနှစ်ပါးသည်လည်း အလိုလို ပြီးစီးတော့သည်။

**ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ၊ တေန ဝုတ္တံ " အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ" တိ။**

[အင်္ဂုတ္တရ အဋ္ဌကထာ -၃၊ သမ္ဗောဓိသုတ်၊ ၂၅၈]

**(အဋ္ဌကထာအနက်)**

ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာရေးတို့တွင်။ ဧကသ္မိံ၊ တစ်ခုခုကို။ ဒိဋ္ဌေ၊ ထင်မြင်ခဲ့သည်ရှိသော်။ ဣတရ ဒွယံ၊ အကြွင်း နှစ်ပါးသည်။ ဒိဋ္ဌမေဝ၊ အလိုလို ထင်မြင်ပြီး ဖြစ်လေတော့သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိတိ- သဏ္ဌာတိဟူ၍။ ဝုတ္တံ၊ မြတ်စွာ ဘုရားဟောတော်မူပေ၏။

လက္ခဏာရေး သုံးပါးတို့တွင် တစ်ပါးပါး ထင်မြင်လျှင်ပင် ကြွင်းနှစ်ပါးကိစ္စ ပြီးစီး၏။

## အနိစ္စလက္ခဏာ ပဓာနဖြစ်ပုံ

ထိုသုံးပါးတွင်လည်း အနိစ္စလက္ခဏာ တစ်ခုသာ လိုရင်းပဓာန ဖြစ်သည်။ အနိစ္စလက္ခဏာရေး ဆိုးပည်ကား- မရဏမှုတည်း။ မိမိ မိမိတို့၏ ခန္ဓာကိုယ်တစ်ကောင်လုံး၌ မျက်တောင်တစ်ခတ်မျှ မလပ်မစဲ မရဏဘေး ကပ်တိုက်၍နေသည်ကို အနိစ္စလက္ခဏာရေး ဆိုသည်။ တစ်ကိုယ်လုံးမှာ အဏုမြူ ခန့်မျှမလပ် မျက်တောင်တစ်ခတ်မျှမစဲ မရဏဘေးကြီး တဖြုန်းဖြုန်း အမြဲကပ်တိုက်၍နေမှုကို မြင်ခဲ့လျှင် ဒုက္ခလက္ခဏာရေးမြင်မှု, အနတ္တ လက္ခဏာရေးမြင်မှု ပြီးစီးတော့သည်။ ပြီးစီးပုံကား မိမိ မိမိ၏ ခန္ဓာကိုယ် တစ်ကောင်လုံးမှာ အဏုမြူမျှမလပ် မျက်တောင်တစ်ခတ်မျှမစဲ အမြဲထာဝရ

www.dhammaransi.com



မရဏာဘေးကြီး တဖြုန်းဖြုန်း ကပ်တိုက်၍နေသော ဤခန္ဓာကိုယ်ကြီးကို သုခဟု ယူခွင့်ရှိသေးသလော၊ ငါ၏အနှစ်သာရ အတ္တဟု ယူခွင့်ရှိသေးသလော ဟူလိုသည်။

ဤကား လက္ခဏာရေး သုံးပါးတို့တွင် အနိစ္စလက္ခဏာ တစ်ခုသာ လိုရင်းပဓာနဟု ပြဆိုဆုံးဖြတ်ချက်တည်း။

၎င်းအနိစ္စလက္ခဏာတစ်ခုကိုလည်း ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာတစ်ခု၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အနာဂါမိမဂ်ဖိုလ်တိုင်အောင် ဆိုက်နိုင်၏။ နာမက္ခန္ဓာ လေးပါးတို့တွင် တစ်ပါးပါး၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင်အောင် ဆိုက်နိုင်၏။

[ဤအချက်ကိုကား အာဟာရဒီပနီ စာအုပ်မှာ သာဓကပါဠိ နှင့်တကွ ပြဆိုဆုံးဖြတ်ပြီး ရှိလေ၏။]

## တိုက်တွန်းခြင်း ဥယျောဇဉ်

ထို့ကြောင့် ယခုအခါ ဒိဋ္ဌိဒုစရိုက် အမိုက်တောကြီး အတိ ဖြစ်သော လောကီဘုံသူ လောကီဘုံသား သံသရာဝဋ်သမားအဖြစ်မှ ကျွတ်လွတ်၍ ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာဘုံကြီး၏ အတွင်းသို့ဆိုက်ရောက်၍ ထိုလောကုတ္တရာဘုံကြီး၏ အတွင်း၌ လောကုတ္တရာဘုံသူ လောကုတ္တရာ ဘုံသားအဖြစ်နှင့်တည်၍ ပြဆိုခဲ့ပြီးသော မဂ္ဂသစ္စာ၏ အနက်လေးချက်၊ နိရောဓသစ္စာ၏ အနက်လေးချက်တို့ကို ဘဝအဆက်ဆက် ကမ္ဘာအဆက် ဆက် လက်ကိုင်လက်စွဲ အမြဲခံစားလျက် ဘုံစဉ်စံ အရိယာ လူဝိဇ္ဇာမိုရ်, နတ်ဝိဇ္ဇာမိုရ်, ဗြဟ္မာဝိဇ္ဇာမိုရ် အဖြစ်နှင့် သံသရာ၌ နေထိုင်လိုကြကုန်သော သူအပေါင်းတို့သည် ပြဆိုခဲ့ပြီးသော တစ်ဆယ့်ခြောက်ချက်သော သစ္စာအနက်တို့ကို အထိုက်အတန်အားဖြင့် ပိုင်နိုင်မြင်သိ လက်ရှိလက်စွဲ ပြုနိုင်တည့်ကြရန် ခန္ဓာငါးပါးတို့တွင် တစ်ခုခုသောခန္ဓာ၌ အနိစ္စလက္ခဏာ ဖော်နည်းဖွင့်နည်းများကို ဆရာကောင်းထံ နည်းနိဿယ ကျကျနန ခံယူလျက် ဦးခေါင်း၌ လောင်မီးတဟုန်းဟုန်း ကျလောင်၍ နေသောသူ, ဦးခေါင်း၌ ထက်လှစွာသော လှံမကြီးတန်းလန်း စူးစိုက်၍ နေသောသူအား ထိုမီးကို ငြိမ်းစေမှု,

www.dhammaransi.com



ထိုလုံမကို နုတ်ပယ်ရန်အမှုမှ တစ်ပါးကိစ္စတစ်ခု ပြုစလောက်သော အခွင့်မရှိသကဲ့သို့ ယခုအခါ၌လည်း မိမိတို့၏ စိတ်နှလုံး၌ အစဉ်ထာဝရ ကျလောင်စူးစိုက်ကာ ပါရှိနေသော သက္ကာယဒိဋ္ဌိလောင်မီး, သက္ကာယဒိဋ္ဌိ လှံမတို့ကို ပယ်ရှားတည့်ရန် ဝိပဿနာ အလုပ်များကို အားထုတ်စွဲမြဲကြ ကုန်ရာသည်။

## နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် မုံရွာမြို့ လယ်တီတောကျောင်းဆရာ ငါသည် မုံရွာမြို့အနောက်တောင် တစ်ဂါဝုတ်ခန့်အကွာ လက်ပန်းတောင်း အမည်ရှိသော တောင်၌ မုံရွာမြို့ ရုံးအမိန့်တော်ရရှေ့နေ မောင်ကြော့, မောင်စံလင်းတို့သည် ဆောက်လုပ်တင်လှူအပ်သော စကြံကျောင်း၌ ၁၂၆၅–ခုနှစ်အတွင်း သီတင်းဝါ ကပ်ဆိုနေစဉ်အခါ စကြံဒကာဖြစ်သူ ၎င်းမောင်ကြော့, မောင်စံလင်းတို့သည်ပင်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဓမ္မ၌ အနှစ်သာရ ပဓာနအချုပ်ဖြစ်၍ အလွန်နက်နဲလှစွာသော သစ္စာအနက် တစ်ဆယ့်ခြောက်ချက် အနက်အဓိပ္ပာယ်များကို လူရှင်အများတို့ ထင်ရှား သိမှတ်နိုင်ကြရန် ဖော်ပြရေးသား သနားချီးမြှောက်စေလိုကြောင်း တောင်းပန်လျှောက်ထားချက်အရနှင့် သိသာရုံမျှ သခေ်ပနည်းအားဖြင့် ရေးသားစီရင်အပ်သော **စတုသစ္စဒီပနီ** အမည်ရှိသော ဤစာကျမ်းသစ်သည် ၎င်းသက္ကရာဇ် ဝါခေါင်လဆုတ် ၂–ရက်နေ့တွင် ပြီးမြောက်အောင်မြင်သတည်း။

**စတုသစ္စဒီပနီ** ပြီး၏။

* * *

www.dhammaransi.com



ဗောဓိပက္ခိယဒီပနီ စီရင်ရေးသားရန်

# အဘိယာစက လျှောက်လွှာ

ဘုရားတပည့်တော် ပျဉ်းမနားမြို့အုပ် ဘိုးမြဲ, ကုန်သည် လေ့တို့ ခြေတော်ဦးခိုက် လျှောက်ထားပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား.... တပည့်တော်တို့မှာ ငါးဖြာခဲစွ ဒုလ္လဘတွင် မနုဿတ္တအစ လေးဝသော ဒုလ္လဘကို တွေ့ကြုံကြုံကြပါကုန်သော်လည်း ပိဋကတ္တယ သာဋ္ဌကထ ကောဝိဒဉာဏ် ကျမ်းဂန်၏အရာကို မလိမ္မာမသိ တတ်မြောက်ခြင်း မရှိပါသောကြောင့် ဗောဓိပက္ခိယ ဓမ္မအကျော် တရားတော် ၃၇-ဖြာ၏အဓိပ္ပါယတ္ထ သဘာဝကို ကျနမှန်ကန် ဝေဖန်ခြင်းရာ သိသာခြားနားမှတ်သားဉာဏ်တွင် ထင်မြင်လိုလှသည် ဖြစ်၍ တပည့်တော်တို့မှအစ များလှတွက်ရေ ဝေနေယျသတ္တဝါ ရှင်လူအပေါင်းတို့အား မှတ်သားသိမြင်ကြရပါအောင် မြားမြောင်လောက ဝေနေယျတို့ကို သိကြမှတ်ကြ တတ်ကြစေလို မဂ်ဖိုလ်အမြိုက် ရထိုက်သင့်သူ ရစေဟူ၍ ကြည်ဖြူသော ကရုဏာ တော်ရင်း နှလုံးသွင်းရှိတော်မူပါသည်နှင့်အညီ ဗောဓိပက္ခိယဒီပနီ စီရင်ရေးသား သနားချီးမြှောက်တော်မူပါမည့်အကြောင်း ညွှတ်ပျောင်းရှိသေခြေတော်ဦးခိုက် လျှောက်ထားပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

www.dhammaransi.com



# ဗောဓိပက္ခိယဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဋိညာဉ်

သက္ကရာဇ် ၁၂၆၆ -ခု နယုန်လအတွင်း ပျဉ်းမနားမြို့အုပ် "မောင်ဘိုးမြ", ကုန်သည် "မောင်လှ"တို့က ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ သဘောအဓိပ္ပါယ်များကို ထင်ရှားစွာ သိမှတ်လိုပါကြောင်းနှင့် တောင်းပန် လျှောက်ထားအပ်သည်ဖြစ်၍ ၎င်းမောင်ဘိုးမြ, မောင်လှတို့ တောင်းပန် လျှောက်ထားချက်အရ "ဗောဓိပက္ခိယတရား ၃၇ -ပါး"တို့၏ သဘော အဓိပ္ပါယ်များကို အကျဉ်းအားဖြင့် ပြဆိုပေအံ့သတည်း။

## ပုဂ္ဂိုလ်ခွဲခန်း

ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာတော်မြတ်၌ ကြုံကြိုက်ကြ ကုန်သော သတ္တဝါအပေါင်းတို့သည် -

၁။ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်မျိုး၊

၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး၊

၃။ နေယျ ပုဂ္ဂိုလ်မျိုး၊

၄။ ပဒပရမ ပုဂ္ဂိုလ်မျိုး-

ဟူ၍ လေးမျိုးရှိကြောင်းကို ပုဂ္ဂလပညတ်ပါဠိတော်, အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ ဟောတော်မူသည်။ ထိုလေးမျိုးတို့တွင် -

## (၁) ဥဃ္ဃဋိတညူပုဂ္ဂိုလ်

ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးဆိုသည်ကား - သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရ၍ တစ်ခုသော တရားဓမ္မကို ဟောတော်မူရာ

www.dhammaransi.com

# ဗောဓိပက္ခိယဒီပနီ

* မြတ်စွာဘုရားရှင် (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို အဆီညှစ်၍ အနှစ်သာရထုတ်လျှင် ဗောဓိပက္ခိယတရား (၃၇)ပါး ရ၏။ ထိုတရားတို့ကို ဖတ်၍, မှတ်၍ အသည်းစွဲအောင် လေ့ကျက်၍ ခန္ဓာဉာဏ်ပေါက် ကျင့်ကြံအားထုတ်နိုင်လျှင် ဗုဒ္ဓသာသနာတော်နှင့် တွေ့ရကျိုး လူဖြစ်ရကျိုးနပ်လေပြီ။

www.dhammaransi.com



အကျဉ်းသခ်ေပ ဥဒ္ဒေသစကား၏ အဆုံး၌ မဂ်, ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် ဥဃ္ဃဋိတညူပုဂ္ဂိုလ်မျိုး မည်၏။

## (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်

ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး ဆိုသည်ကား –အကျဉ်းသခ်ေပဥဒ္ဒေသမျှနှင့် မဂ်, ဖိုလ်ကို မရနိုင်သေး၊ ထိုအကျဉ်းသခ်ေပ ဥဒ္ဒေသကို အကျယ်ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဖန်၍ ဟောတော်မူမှသာ မဂ်, ဖိုလ်ကို ရနိုင်သောပုဂ္ဂိုလ်မျိုးသည် ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး မည်၏။

## (၃) နေယျပုဂ္ဂိုလ်

နေယျ ပုဂ္ဂိုလ်မျိုး ဆိုသည်ကား – ဥဒ္ဒေသ, နိဒ္ဒေသအကျဉ်း, အကျယ် အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံး၌ မဂ်, ဖိုလ်ကို မရနိုင်မူ၍ ထိုဒေသနာကို ကြားနာဆောင်ရွက် လေ့ကျက်မှတ်သား၍ ထားပြီးလျှင် ထိုဒေသနာလာရှိတိုင်းသော တရားကို များစွာသော နေ့, ရက်, လ, နှစ်တို့ဖြင့် ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်, ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် နေယျပုဂ္ဂိုလ်မျိုး မည်၏။

ဤ နေယျပုဂ္ဂိုလ်မျိုးသည်လည်း မိမိသန္တာန်၌ ပါရှိသော ပါရမီအနုအရင့် အဆင့်ဆင့်သို့ လိုက်၍လည်းကောင်း၊ ကိလေသာ အထက်, အနံ့ အဆင့်ဆင့်သို့ လိုက်၍လည်းကောင်း ကျင့်ကြံအားထုတ်ရသော ကာလအတို, အရှည်အားဖြင့် အများ ရှိကြ၏။ ခုနစ်ရက်ကျင့်ရသော ပုဂ္ဂိုလ်မျိုးမှစ၍ အနှစ်သုံးဆယ် ကျင့်ရသော ပုဂ္ဂိုလ်မျိုး, အနှစ်ခြောက်ဆယ် ကျင့်ရသော ပုဂ္ဂိုလ်မျိုးတို့ကို ဆိုသည်။ ထိုတွင် ခုနစ်ရက်ကျင့်မှရမည့် ပုဂ္ဂိုလ်သည် ထိုခုနစ်ရက်ကို ပဌမအရွယ်, ဒုတိယ အရွယ်တို့၌ ကျင့်မည်ဖြစ်အံ့၊ ရဟန္တာတိုင်အောင် ဖြစ်နိုင်၏။ တတိယအရွယ် မှာမှ ကျင့်ခဲ့လျှင် အောက်မဂ်, အောက်ဖိုလ်မျှကိုသာ ရောက်နိုင်၏။ ခုနစ်ရက်ကျင့်မှု ဆိုသည်ကား – အင်အားရှိသလောက် အစွမ်းကုန် ကျင့်မှုကို ဆိုသတည်း။ ဝီရိယ ယုတ်လျော့၍နေပြန်လျှင် ယုတ်လျော့မှု အားလျော့စွာ

www.dhammaransi.com



ခုနစ်လ, ခုနစ်နှစ် စသည်ရှည်လျား၍ သွားပြန်၏။

ယခုဘဝ၌ မဂ်, ဖိုလ်ကို ရလောက်အောင် ဝီရိယထုတ် မှု မရှိပြန်လျှင် ဝီရိယလိုသည့်အတွက် ဤသာသနာမှာ မကျွတ်ရပြီ၊ နောက်နောက် ဘုရားသာသနာမှာလည်း သာသနာနှင့် တွေ့ကြုံရမှ ကျွတ်နိုင်သည်။ မတွေ့ကြုံ ပြန်လျှင် မကျွတ်နိုင်၊ နိယတဗျာဒိတ်ရရှိသော ပုဂ္ဂိုလ်မျိုးမှသာလျှင် ပါရမီရင့်ရာ ဘဝတွင် ဗျာဒိတ်တော်အတိုင်း တွေ့ကြုံမှု, ကျွတ်လွတ်မှု မလွဲနိုင်ရှိသည်။ နိယတဗျာဒိတ်ရှိသော ပုဂ္ဂိုလ်မျိုး မဟုတ်ခဲ့လျှင် ပါရမီရှိသော်လည်း ဘုရား သာသနာနှင့် တွေ့ကြုံမှုလည်း စိတ်မချရ၊ ကျွတ်လွတ်မှုလည်း စိတ်မချရ။

ဤကား - ယခုဘုရားသာသနာ၌ပင်လျှင် ခုနစ်ရက်ကျင့်မှ မဂ်, ဖိုလ်ကိုရမည့် အနိယတနေယျပုဂ္ဂိုလ်တို့၏ အထွေအပြားကို ပြဆိုသော အချက်တည်း၊ ယခုဘဝ၌ လခွဲပက္ခကျင့်နိုင်မှ ရမည့် ပုဂ္ဂိုလ်စသည်တို့ကိုလည်း ဤနည်းတူ ဝေဖန်၍ သိလေ။

## (၄) ပဒပရမပုဂ္ဂိုလ်

ပဒပရမ ပုဂ္ဂိုလ်မျိုး ဆိုသည်ကား - ဘုရားသာသနာနှင့် တွေ့ကြုံ၍ ပရိယတ်, ပဋိပတ်တရားကို ဘယ်လိုပင် အားထုတ်သော်လည်း ယခုဘဝ မဂ်, ဖိုလ်ကို မရထိုက်မူ၍ ဝါသနာဘာဂီ ပါရမီမျှကိုသာ ရထိုက်သော ပုဂ္ဂိုလ်သည် ပဒပရမပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်သည် ယခုဘဝ၌မူကား မကျွတ်နိုင်၊ သမထအလုပ်, ဝိပဿနာအလုပ်လက်ရှိနှင့် သေလွန်၍ လူ့ဘဝ, နတ်ဘဝ၌ ဖြစ်သည်ရှိသော် နောက်ဘဝ၌ ဤဘုရားသာသနာမှာပင် အကျွတ်ရနိုင်၏။ ဤသို့ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်းကို ဟောတော်မူသည်။

## သူနာသုံးမျိုးဥပမာနှင့် ပုဂ္ဂိုလ် ၃ -မျိုး

ဒင်းပါဠိတော်၌ပင်လျှင် သူနာ ၃-ယောက်ကို ဥပမာပြု၍ ပုဂ္ဂိုလ် ၃-ယောက်ကို ဟောတော်မူပြန်၏။ သူနာ ၃-ယောက် ဆိုသည်ကား -

www.dhammaransi.com



၁။ ဆေးဝါးကို မှီဝဲသော်လည်း အချိန်ကျလျှင် ကေန် ပျောက်ငြိမ်းမည့် သူနာတစ်မျိုး၊

၂။ ဘယ်လိုပင် ဆေးဝါးကို မှီဝဲငြားသော်လည်း ဤအနာမှ မထမြောက်မူ၍ ကေန်သေမည့် သူနာတစ်မျိုး၊

၃။ မသင့်သော အရာကိုရှောင်ကြဉ်၍ ဓာတ်စာဆေးဝါးကို နိုင်လောက်အောင် မှီဝဲပါမူကား ဤအနာမှထမြောက်လတ္တံ့၊ မသင့်သော အရာကို မရှောင်ကြဉ်ခဲ့သော်လည်းကောင်း၊ ဆေးဝါးကိုနိုင်လောက်အောင် မမှီဝဲခဲ့သော်လည်းကောင်း ဤအနာနှင့်ပင် သေလတ္တံ့သော သူနာတစ်မျိုး– ဤကား သူနာ ၃–မျိုးတည်း။

**ပဌမသူနာနှင့်တူသူ။** ။ ရှေးရှေးဘုရားတို့အထံက နိယတဗျာဒိတ်ရရှိပြီးဖြစ်၍ ယခုဘဝတွင် ကေန် အကျွတ်ရလတ္တံ့သောသူသည် ပဌမသူနာနှင့်တူ၏။

**ဒုတိယသူနာနှင့်တူသူ။** ။ ပဒပရမ ပုဂ္ဂိုလ်မျိုးသည် ဒုတိယသူနာနှင့်တူ၏။ ပဒပရမပုဂ္ဂိုလ်သည် ဘယ်လိုပင် အားထုတ်သော်လည်း ဤဘဝ၌ ကျွတ်ခွင့်မရှိ၊ နောက်နောက်ဘဝ၌မူကား ဤဘုရားသာသနာမှာသော်လည်း ကျွတ်နိုင်၏။ နောက်နောက်ဘုရား သာသနာတို့မှာလည်း ကျွတ်နိုင်၏။

ဆတ္တမာဏဝ လုလင်ဝတ္ထု၊ ဖားနတ်သားဝတ္ထု၊ သစ္စက ပရိဗိုဇ်တို့သည် နောက်ဘဝ၌ ဤဘုရားသာသနာမှာပင် ကျွတ်ကြကုန်၏။

**တတိယသူနာနှင့်တူသူ။** ။ နေယျပုဂ္ဂိုလ်မျိုးသည် တတိယသူနာနှင့်တူ၏။ တတိယသူနာသည် အနာပျောက်ငြိမ်းခွင့်, ဤအနာနှင့်ပင် သေဆုံးခွင့် နှစ်လမ်းနှင့် ဆက်ဆံသကဲ့သို့ နေယျပုဂ္ဂိုလ်သည်လည်း ယခုဘဝ၌ ကျွတ်ခွင့်, မကျွတ်ခွင့်နှစ်ဖက်နှင့် ဆက်ဆံ၏။ မိမိအရွယ် ဝုမ္ပိကိုသိ၍

www.dhammaransi.com



စွန့်ပယ်သင့်သော အရာကိုစွန့်ပယ်၍ ဆရာဥပနိဿယကို ရှာကြံတွယ်တာ၍ နေရာကျ တရားကိုရရှိ၍ ဝီရိယတရားကို လုံလောက်စွာ အားထုတ်စေမှုကား ယခုဘဝ၌ ကျွတ်နိုင်၏။

## ယခုဘဝ၌ မကျွတ်နိုင်ပုံ

အလွန်မှောက်မှားသော တရားကို လိုက်စားကျွံလွန်ပြီးဖြစ်ခဲ့သော်လည်းကောင်း၊ ကာမဂုဏ်တရားကို မစွန့်နိုင်ရှိခဲ့သော်လည်းကောင်း၊ ဆရာဥပနိဿယကောင်းကို တွေ့ရှိပါသော်လည်း ဝီရိယတရားကို လုံလောက်စွာ အားထုတ်မှု မရှိခဲ့သော်လည်းကောင်း၊ အားထုတ်လိုပါသော်လည်း အရွယ်ကြီးရင့်၍ စိတ်ရှိတိုင်း မလုပ်နိုင်ရှိခဲ့သော်လည်းကောင်း၊ ပျို့ရွယ်သူ ဖြစ်ပါသော်လည်း ဂိလာနပုဂ္ဂိုလ်ဖြစ်ခဲ့သော်လည်းကောင်း ယခုဘဝ၌ မကျွတ်နိုင်ပြီ၊ အဇာတသတ်မင်း၊ မဟာဓနေ သူဌေးသား၊ ရဟန်းရှင်သုဒိန်တို့သည် ယခုဘဝ၌ ကျွတ်ထိုက်သော သူတို့ပင်တည်း၊ အဇာတသတ်မင်းသည် အဖကိုသတ်မိ၍ ယခုဘဝ၌ မကျွတ်နိုင်၊ နောင်သံသရာ၌ ကမ္ဘာနှစ်သင်္ချေတိုင်အောင် မျောလေ၍ ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟူ၏။

## မဟာဓနသူဌေးသား ဝတ္ထု

မဟာဓနေ သူဌေးသားသည် အရွယ်ရှိစဉ်အခါက ကာမဂုဏ်အမိုက်အလိုက်အစား ကြူး၍နေ၏။ အရွယ်ကြီးရင့်သောအခါ၌ စိတ်ကြည်ခွင့်မရ ရှိနေ၏။ ကျွတ်မှုမှာဝေးစွ၊ ရတနာသုံးပါးနှင့် ဆက်ဆံခွင့်ကိုပင် မရလေပြီ၊ ထိုအခါ မြတ်စွာဘုရားမြင်တော်မူ၍ အရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ . . . ဤသူဌေးသားသည် ပဌမအရွယ် ငယ်ရွယ်စဉ်အခါ၌ ငါဘုရားသာသနာမှာ ရဟန်းပြုပါဘိမူကား -ရဟန္တာဖြစ်၍ ယခုဘဝမှာပင် ပရိနိဗ္ဗာန်စံရလတ္တံ့၊ ထိုသို့မဟုတ် ဒုတိယအရွယ်၌ ငါဘုရားသာသနာမှာ ရဟန်းပြုပါဘိမူကား -အနာဂါမ်ဖြစ်၍ သေလွန်လျှင် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ပရိနိဗ္ဗာန်စံရလတ္တံ့၊ သို့မဟုတ် တတိယအရွယ်

www.dhammaransi.com



ရောက်စဉ် ငါဘုရားသာသနာမှာ ရဟန်းပြုပါဘိမူကား သကဒါဂါမ်အဖြစ်, သောတာပန် အဖြစ်သို့ရောက်၍ အပါယ်သံသရာမှ အစဉ်ထာဝရ လွတ်ငြိမ်းလေအံ့'' – ဟု အရှင်အာနန္ဒာကို မိန့်တော်မူ၏။

## ပစ္ဆိမဘဝိကတိုင်း မကျွတ်နိုင်ပုံ

ဤသို့ရင့်ပြီးသော ပါရမီရှိသော ပစ္ဆိမဘဝိကသားပင် ဖြစ်ငြားသော်လည်း နိယတဗျာဒိတ် ရရှိပြီးလျက်ပင် ကိုယ်တွင်း ကိလေသာသောင်းကျန်းမှု ကျုံလွန်သည့်အတွက် ယခုဘဝ အကျွတ်မရလေ၊ ယခုဘဝပြုသော မကောင်းမှု ကံစုအတွက် အပါယ်၌ဘဝရှည်လျား၍ နေပြန်လျှင် မေတ္တေယျဘုရားရှင် သာသနာ၌လည်း ပေါ်လာဦးမည် မဟုတ်၊ နောက်၌လည်း သုညကမ္ဘာတွေသာ များစွာရှိတော့သည်။ အနီးအပါး၌ ဘုရား ပင်ပွင့်သော ကမ္ဘာမရှိပြီ။ ရင့်ပြီးသော ပါရမီရှိသော ပစ္ဆိမဘဝိက ဖြစ်သူ ထိုသူဋ္ဌေးသားသည် ကျွတ်ခွင့်ကျွတ်လမ်း ကွာလှမ်းလျက် ရှိ၏။

## ယခုကာလ အထင်လွဲနေကြပုံ

ယခုကာလ၌ အများတို့မှတ်ထင်နေကြသည်ကား– ပါရမီပြည့်လျှင် ဘုရားသာသနာနှင့် မတွေ့ချင်သော် မနေရ တွေ့ရမည်မုချ၊ မကျွတ်ချင်သော်လည်း မနေရ ကျွတ်ရမည်မုချဟု မှတ်ထင်ကြကုန်၏။ နိယတ, အနိယတ ရှိသည်ကို သတိမမူကြကုန်၊ ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိတော်နှစ်ရပ်ကို လည်းကောင်း, ''မဟာဓနေ'' သူဋ္ဌေးသား ဝတ္ထုများကိုလည်းကောင်း ထောက်မြော်၍ ကျွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း အနိယတနေယျပုဂ္ဂိုလ်မျိုးတို့မှာ ကျွတ်လောက်အောင် ကျင့်ကြကုန်မှသာ ဤဘုရားသာသနာ၌ မဂ်, ဖိုလ်ကို ရနိုင်ကြကုန်သည်၊ ကျွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း ကျင့်မှုလုံ့လဝီရိယ ယုတ်လျော့၍ နေခဲ့လျှင် ဤဘုရားသာသနာ၌ မဂ်, ဖိုလ်ကိုမရကြကုန်ဟူသော သဘောကို ယုံကြည်စွာ သိအပ်မှတ်အပ်၏။ ''အာဠာရ'' ရသေ့, ''ဥဒက'' ရသေ့တို့ကဲ့သို့ ကျွတ်ထိုက်သော ပါရမီရှိကြပါလျက် လောက၌ဘုရားပွင့် ဆဲအခါတွင် မိမိတို့က

www.dhammaransi.com



အရပ်ပြစ်ရှစ်ပါးသို့ ရောက်၍နေခိုက် ကြုံသည်နှင့် ဘုရားပေါင်းတစ်ရာ တစ်ထောင်မက ပွင့်သော်လည်း ကျွတ်ခွင့်မရ ရှိနေကြကုန်သော သတ္တဝါအနန္တတို့သည်ကား ဤဒေသနာမှ အလွတ်ဖြစ်ကုန်၏။

**အဘိဓမ္မာ ပုဂ္ဂလပညတ်ပါဠိတော်, သုတ္တန် အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ ဟောတော်မူသော ပုဂ္ဂိုလ်လေးမျိုး, သုံးမျိုး ခွဲခန်းပြီး၏။**

## ပုဂ္ဂိုလ် ၄–မျိုး၊ ၃ –မျိုးတို့၏အလားကို ပြဆိုခန်း ဝိသုဒ္ဓိကျင့်စဉ်များ လို,မလို ပြဆိုချက်

လေးမျိုးသော ပုဂ္ဂိုလ်တို့တွင် ဥဃ္ဃဋိတညူပုဂ္ဂိုလ်မျိုး, ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုးတို့သည် ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ တရားဒေသနာကို ကြားနာကာမျှဖြင့်ပင် သောတာပတ္တိမဂ်ဉာဏ် စသည်ကို ရနိုင်ကြကုန်၏။ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ အစရှိသော ပဋိပတ်ကျင့်စဉ်များကို ရှေးအဖို့၌ ကျင့်ကြသည်မရှိကုန်ပြီ၊ ခပ်သိမ်းသော နတ်ဗြဟ္မာတို့ ကျွတ်ကြရာ၌လည်း ဤနည်းတူ သိကြလေ၊ ထို့ကြောင့် သောတာပတ္တိမဂ်၏ ရှေးအဖို့၌ ကျမ်းဂန်တို့တွင် ယခုရှိကြသော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ အစရှိသော ပဋိပတ်ကျင့်စဉ်များသည်ကား နေယျပုဂ္ဂိုလ်, ပဒပရမ ပုဂ္ဂိုလ် နှစ်မျိုးတို့၏အကျိုးငှာ ထားတော်မူအပ်သော ပဋိပတ်ကျင့်စဉ် ဖြစ်သည်ဟူ၍ မှတ်အပ်၏။

အထက်မဂ်, အထက်ဖိုလ်တို့၏ ရှေး၌မူကား ပုဂ္ဂိုလ် သုံးမျိုးနှင့်ပင် ဆိုင်၏။ ရဟန္တာဖြစ်ပြီးသော ကာလ၌လည်း ထိုအကျင့်တို့နှင့် ပြည့်စုံပြီး ဖြစ်ကြ၍ ဒိဋ္ဌဓမ္မသုခဝိဟာရ ကိစ္စ၌ ထိုအကျင့်တို့ကို အသုံးချကြကုန်၏။

## နေယျ, ပဒပရမပုဂ္ဂိုလ်ခေတ်

ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် အနှစ်တစ်ထောင်မှ နောက်ကာလ၌ ဤသာသနာတော်သည် နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့၏ ခေတ်သမယသာဖြစ်၏။ ယခုအခါ၌ သာသနာတော်တွင်းမှာ ထိုပုဂ္ဂိုလ်နှစ်မျိုးသာ ရှိကြတော့သည်။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် –

www.dhammaransi.com



## နေယျပုဂ္ဂိုလ်၏အလား

နေယျပုဂ္ဂိုလ်သည် သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယ တရားတို့ကို ကောင်း စွာကျင့်နိုင်ပါလျှင် ယခုဘဝ၌ပင် သောတာပန် ဖြစ်နိုင်၏။ အကျင့်ပေါ့လျော့ခဲ့လျှင် နောက်ဘဝ၌ နတ်ပြည်သို့ရောက်မှ သောတာပန် ဖြစ်နိုင်၏။ သတိပဋ္ဌာန် စသည်နှင့်ကင်း၍ သေလွန်ခဲ့လျှင် ဤသာသနာတော်မှာ မထင်ရှားရပြီ၊ နောက်ဘုရားသာသနာနှင့် တွေ့ကြုံခဲ့ပါလျှင် ထိုသာသနာ၌ ကျွတ်နိုင်ရာ၏။

## ပဒပရမပုဂ္ဂိုလ်၏အလား

ပဒပရမပုဂ္ဂိုလ်သည် ထိုတရားတို့ကို ကောင်းစွာကျင့်နိုင်ပါလျှင် ဤသာသနာ၌ပင်လျှင် နောက်ဘဝ နတ်ပြည်မှာ ကျွတ်နိုင်၏။ မကျင့်နိုင်ပါလျှင် နေယျပုဂ္ဂိုလ် နည်းလမ်းအတိုင်းသွားလတ္တံ့။

## အရိယာခေတ်ရှိနေပုံ

သာသနာငါးထောင်သည် အရိယာခေတ်ချည်းသာတည်း။ ပိဋက သုံးပုံရှိနေသမျှသည် အရိယာခေတ် ရှိသည်ချည်းမှတ် ပဒပရမပုဂ္ဂိုလ်မျိုးတို့ သည်ကား ယခုဘဝ ဘုရားသာသနာတွင်း၌ ကြုံ ကြိုက်ဆဲအခါမှာ ဝါသနာဘာဂီ ပါရမီသမ္ဘာရတို့ကို အစွမ်းရှိသမျှ အရအမိ ဆည်းပူးကြရကုန်၏။ သီလမျိုးကို လည်း ဆည်းပူး ကြရကုန်၏။ သမာဓိမျိုးကိုလည်း ဆည်းပူးကြရကုန်၏။ ထိုမျိုးသုံးပါးတို့တွင် –

(၁) သီလမျိုး ဆိုသည်ကား –လူတို့၌ ငါးပါးသီလ, အာဇီဝဋ္ဌမက ရှစ်ပါးသီလ, အဋ္ဌင်္ဂ ဥပေါသထ သီလ, ဒသင်္ဂသီလတို့ပေတည်း၊ ရဟန်းတို့၌ ရဟန်းတို့၏ သီလတို့ပေတည်း။

(၂) သမာဓိမျိုး ဆိုသည်ကား – ကသိုဏ်း ဆယ်ပါးစသော ကမ္မဋ္ဌာန်း ၄၀ –တို့တွင် တစ်ခုခုသော ကမ္မဋ္ဌာန်း၌ ပရိကမ္မသမာဓိကို ဖြစ်ပွားအောင် အားထုတ်မှု, ထိုထက် တတ်နိုင်ပါမူ ဥပစာရ

www.dhammaransi.com



သမာဓိကို ဖြစ်ပွားအောင် အားထုတ်မှု, ထိုထက်တတ်နိုင်ပါမူ အပ္ပနာသမာဓိကို ဖြစ်ပါးအောင် အားထုတ်မှုသည် သမာဓိမျိုး မည်၏။

(၃) ပညာမျိုး ဆိုသည်ကား -ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့၌ ဝေဖန်ခွဲခြမ်း တတ်စွမ်းလိမ်မာမှု, အနိစ္စ, ဒုက္ခ, အနတ္တ ရှုမြင်မှုသည် ပညာမျိုးမည်၏။

## ပရမတ္ထပညာမျိုး ကြိုးစားယူသင့်ပုံ

ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ မူလဗီဇသမ္ဘာရဟု ဆိုအပ်သော မျိုး ၃-ပါးတို့တွင် သီလ, သမာဓိတို့သည်ကား သာသနာမရှိသော သုညကမ္ဘာတို့၌လည်း အစဉ်ထာဝရ ကမ္ဘာ့တန်ဆာကဲ့သို့ဖြစ်၍ အမြဲရှိနေကြကုန်၏။ ဘယ်အခါမဆို ယူလိုလျှင် ရနိုင်ကုန်၏။ ရုပ်, နာမ်, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်လျှင် အရင်းရှိသော ပညာမျိုးသည်မူကား ဘုရားပွင့်ရာ သာသနာတော်နှင့် တွေ့ကြုံဆဲအခါ၌သာ ရနိုင်၏။ သာသနာပ၌မူကား သုညကမ္ဘာ အသင်္ချေပင်ကြာသော်လည်း ထိုပညာစကားမျိုးကို ကြားရုံမျှ အခွင့်မရှိပြီ။ ထို့ကြောင့် ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြကုန်သော သူတို့သည် နောက်နောက် ဘဝ, နောက်နောက်ဘုရားသာသနာမှာ ကျွတ်လွတ်ဖို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ သမ္ဘာရမျိုး အနေမျှကို အရ, အမိရည်သန်ကြကုန်သည်ရှိသော် သီလ, သမာဓိမျိုး ၂-ပါးတို့ထက် အတိဒုလ္လဘ တွေ့ကြုံခဲလှသော ပရမတ္ထပညာမျိုးကို အထူးအချွန် အလွန်အားခဲ၍ ယူကြကုန်ရာ၏။

## အတိဒုလ္လဘပညာမျိုး

ယုတ်စွာ့အဆုံး ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်လေးပါးကို မိမိသန္တာန်၌ လေးစိတ်လေးပုံ ခွဲခြမ်း၍မြင်တတ် ရှုတတ်ရုံမျှပင် အားထုတ်ကြကုန်ရာ၏။ တစ်ပါးသော အဘိဓမ္မာကို မတတ်သော်လည်း ဓာတ်ကြီးလေးပါးမျှကို ကောင်းစွာတတ်လျှင်ပင် အတိဒုလ္လဘ ပညာမျိုးစေ့ ကောင်းကောင်းကြီး

www.dhammaransi.com



ရတော့သည်။ ဘုရားသာသနာ၌ ကြုံကြိုက်ခဲလှ တစ်ဘဝပြောစလောက်တော့သည်။

## ဝိဇ္ဇာနှင့်စရဏခွဲပုံ

သီလ, သမာဓိသည် စရဏမျိုးတည်း၊ ပညာသည် ဝိဇ္ဇာမျိုးတည်း၊ စရဏနှစ်ပါးဖြစ်၏။ ဝိဇ္ဇာသည် လူသတ္တဝါတို့၌ မျက်စိနှင့်တူ၏။ စရဏသည် ခြေလက်နှင့်တူ၏။ ဝိဇ္ဇာသည် ငှက်တို့၌ မျက်စိနှင့်တူ၏၊ စရဏသည် အတောင်နှင့်တူ၏။ သီလ, သမာဓိနှင့် ပြည့်စုံ၍ ဝိဇ္ဇာဉာဏ်ချို့တဲ့သောသူတို့သည် ခြေလက်အင်္ဂါပြည့်စုံ၍ မျက်စိနှစ်ဖက်ချို့တဲ့သောသူနှင့် တူကုန်၏။ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စရဏတရား အားနည်းလှသော သူတို့သည် မျက်စိအင်္ဂါပြည့်စုံ၍ ခြေအင်္ဂါ, လက်အင်္ဂါချို့တဲ့သော သူနှင့်တူကုန်၏။ ဝိဇ္ဇာ, စရဏ ၂-ပါးနှင့် ပြည့်စုံသောသူတို့သည် ခြေအင်္ဂါ, လက်အင်္ဂါ, မျက်စိအင်္ဂါအလုံးစုံနှင့် ပြည့်စုံသော လူကောင်းသူကောင်း ပကတိနှင့် တူကုန်၏။ ဝိဇ္ဇာ, စရဏ ၂-ပါးမှ ချို့တဲ့သောသူတို့သည် ခြေအင်္ဂါ, လက်အင်္ဂါ, မျက်စိအင်္ဂါ အကုန်ချို့တဲ့၍ အသက်ရှိသည်ဟူ၍ မပြောစလောက်သော သူနှင့်တူကုန်၏။

## စရဏသာပြည့်စုံကျိုးနှင့် ဝိဇ္ဇာချို့တဲ့ခြင်းအပြစ်

ဤဘုရားသာသနာတွင်း၌ ယခုရှိနေကြကုန်သော သူအပေါင်းတို့တွင် အကြင်သူတို့သည် သီလ, သမာဓိဟူသော စရဏနှင့် ပြည့်စုံကြကုန်၏။ ရုပ်, နာမ်ခန္ဓာတို့၌ ဉာဏ်၏ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုး မရှိကြကုန်၊ ထိုသူတို့သည် စရဏတရား အားကောင်းလှသည့်အတွက် နောက်ဘုရားသာသနာကို တွေ့ကြုံကြကုန်သော်လည်း ဝိဇ္ဇာမျိုးမရှိသည့်အတွက် နောက်ဘုရားတရားကို ကြားနာသော်လည်း သစ္စာဉာဏ် အလင်းမပေါက်နိုင်ကြကုန်၊ ငါတို့ဘုရားလက်ထက်၌ လာဠုဒါယီမထေရ်, ဥပနန္ဒမထေရ်, ဆဗ္ဗဂ္ဂီရဟန်း, ကောသလမင်းကြီး စသည်တို့ ကဲ့သို့တည်း၊ ထိုသူတို့သည် ဒါန, သီလ, စရဏနှင့်ပြည့်စုံခဲ့ ကြသည့်အတွက် အသက်ထက်ဆုံး မြတ်စွာဘုရားနှင့် တွေ့ဆုံပေါင်းဖက်ကြရကုန်၏။ ရှေးဘုရားသာသနာက ဝိဇ္ဇာမျိုးမပါခဲ့သည့်အတွက် ငါတို့ဘုရား တရားတော်ကို အခါခါကြားနာ

www.dhammaransi.com



ကြကုန်သော်လည်း အသက်ထက်ဆုံး ကျွဲပါးစောင်းတီးနှင့် ပြီးရာကြကုန်၏။

## ဝိဇ္ဇာသာပြည့်စုံကျိုးနှင့် စရဏချို့တဲ့ခြင်းအပြစ်

အကြင်သူတို့သည် ရုပ်, နာမ်ခန္ဓာတို့၌ ဉာဏ်ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုးနှင့် ပြည့်စုံကြကုန်၏။ ဒါနမှု, နိစ္စသီလမှု, ဥပေါသထသီလမှုဟူသော စရဏတရား နည်းပါးကြကုန်၏။ထိုသူတို့သည် ဝိဇ္ဇာမျိုး ရှိသည့်အတွက် နောက်ဘုရား တရားကို ကြားနာခွင့်ရကြပါကုန်မူကား သစ္စာဉာဏ်အလင်းသို့ ပေါက်နိုင်ကြကုန်၏။ စရဏတရား နည်းပါးကြကုန်သည့်အတွက် နောက်ဘုရားနှင့် တွေ့ကြုံနိုင်ကြရန် အခွင့်မူကား အလွန်ခဲယဉ်းလှကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ ဤဘုရားသာသနာနှင့် နောက်ဘုရားသာသနာသည် အန္တရကပ်ကြီးတစ်ကပ် ကွာခြားလျက် ရှိ၏။ ကာမဘုံ၌ ဖြစ်ခဲ့မူ ဘဝပေါင်းအကုဋေမက ဆက်လက်ကျင်လည် ရလိမ့်ဦးမည်။ ယခုဘဝမှစ၍ နောက်ဘုရားလက်ထက်တိုင်အောင် အန္တရကပ်ကြီးတစ်ကပ်ပတ်လုံး အကုဋေမကသောဘဝတို့၌ လူ့ရပ်, နတ်ရွာ သုဂတိဘုံမှာချည်း ဆက်လက်ကျင်လည်၍သွားနိုင်မှ နောက်ဘုရားကို တွေ့နိုင်မည်၊ စပ်ကြား၌ အပါယ်သို့တစ်ချက်စောင်း၍သွားခဲ့လျှင် နောက်ဘုရားကို တွေ့နိုင်တော့မည်မဟုတ်။

အပါယ်မည်သည် တစ်ကြိမ်ကျခဲ့လျှင် ဘဝအသင်္ချေ သွားတတ်ချေသည်။ ယခုဘဝ၌ ဒါနမှုနည်းပါး၍ ကာယကံမလုံခြုံ, ဝစီကံသောင်းကျန်း, မနောကံ ညစ်နွမ်း၍ စရဏတရား နည်းပါးသောသူတို့သည် သေသည့်အခြားမဲ့၌ပင် အပါယ်ကျမှု အားကြီးလျက် ရှိနေကြကုန်၏။ အခန့်တော်၍ သုဂတိဘဝသို့ ရောက်ကြပါကုန်သော်လည်း ဒါနဟူသော စရဏတရားနည်းပါး ခဲ့သည့်အတွက် ဖြစ်လေရာဘုံဘဝ၌ ဓနဥစ္စာချို့တဲ့မှုနှင့် ကိုယ်မချမ်း, စိတ်မချမ်း အသက်မွေးကြမ်းတမ်းမှု အပါယ်လမ်းတစ်မျိုး, နိစ္စသီလ ဥပေါသထသီလဟူသော စရဏတရား နည်းပါးခဲ့သည့်အတွက် တွေ့ရှိသောသူတို့နှင့် ခိုက်ရန်ဒေါသဝိဝါဒ ကြီးပွား အနာရောဂါများပြားမှု အပါယ်လမ်းတစ်မျိုး ဤသို့သော အပြစ်ဒေါသတို့သည် ဘဝတိုင်းတွေ့ကြုံ၍ အထုံဝါသနာ အစဉ်ပါသဖြင့် သုဂတိဘုံမှာ

www.dhammaransi.com



များစွာဆက်လက်ခွင့် မရကြကုန်မူ၍ အပါယ်သို့သာ မကြာမီ ကျရောက်ကြလေကုန်ရာသောကြောင့် ဒါန, သီလဟူသော စရဏတရားနည်းပါးသော သူတို့သည် နောက်ဘုရားနှင့် တွေ့ကြုံရန်အခွင့် အလွန်နည်းပါးလျက် ရှိကြလေသတည်း။

## ဝိဇ္ဇာနှင့်စရဏမျိုးကို ကြိုးစားအားထုတ်သင့်ကြောင်း

ဝိဇ္ဇာမျိုး, စရဏမျိုးတရား ၂–ပါးနှင့် ပြည့်စုံသူမှ နောက်ဘဝ၌ ကျွတ်နိုင်သည်။ ဝိဇ္ဇာမျိုးသာ ပါရှိ၍ဒါန, သီလဟူသော စရဏမျိုး နည်းပါးခဲ့ပြန်လျှင် နောက်ဘုရားသာသနာနှင့်ပင် တွေ့ကြုံခွင့်မရှိ၊ စရဏမျိုးသာပါရှိ၍ ဝိဇ္ဇာမျိုး မရှိပြန်လျှင် နောက်ဘုရားသာသနာနှင့် တွေ့ကြုံသော်လည်း မကျွတ်ရ၊ ထို့ကြောင့် ယခုအခါ၌ နောက်ဘုရားသာသနာကို မြော်လင့်ကြကုန်သော ပဒပရမပုဂ္ဂိုလ်တို့သည် ဤသာသနာ၌ ဒါန, သီလ, သမထ, ဘာဝနာဟူသော စရဏမျိုးတို့ကို အားထုတ်ဆည်းပူးကြ၍ ဝိဇ္ဇာမျိုးမှာလည်း ယုတ်စွအဆုံး ဓာတ်ကြီးလေးခုမျှကို သော်လည်း လေ့လာစွဲမြဲကြ၍ နောက်ဘုရားသာသနာနှင့် တွေ့နိုင်ကြရန်, တွေ့ပြန်လျှင်လည်း ကျွတ်နိုင်ကြရန် ဝိဇ္ဇာ, စရဏမျိုး ၂ –ပါးတို့ကို ယောက်ျားမိန်းမမဆို ကြိုးစားအားထုတ်ကြကုန်ရာသည်။

ဒါနကို စရဏဆိုသည်မှာ – စရဏတရား ၁၅ –ပါး တွင် ပါဝင်သော သူတော်ကောင်းတရား ခုနစ်ပါးမှာ သဒ္ဓါဟူ သော သူတော်ကောင်းတရားတွင် ပါဝင်လေသတည်း။

## စရဏ ၁၅–ပါးသရုပ်

စရဏတရား ၁၅ –ပါးဆိုသည်ကား –

**သီ, ဣန်, ဘော, ဇာ၊ သဒ်, ဈာန်, ဖြာ၊ မှတ်ပါ– စရဏ။**

ဤ ၁၅ –ပါးကို ဆိုသတည်း။

သီကား – သီလတည်း။

ဣန်ကား – ဣန္ဒြိယသံဝရတည်း။

ဘောကား – ဘောဇနမတ္တညုတာတည်း။

www.dhammaransi.com



ဇာကား - ဇာဂရိယာနုယောဂတည်း။

သဒ်ကား - သူတော်ကောင်းတရား ခုနစ်ပါးတည်း။

ဈာန်ကား - ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဟူသော ဈာန်လေးပါးတည်း။

အထွတ်အမြတ်ဖြစ်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့၌ ရအပ်သော စရဏ ၁၅-ပါးတည်း၊ သုက္ခဝိပဿကပုဂ္ဂိုလ်တို့၌ကား ဈာန်လေးပါးကို ချန်လှပ်၍ စရဏ တစ်ဆယ့်တစ်ပါး ရ၏။

## နောက်ဘုရားကို မြော်လင့်သူနှင့် ယခုဘဝကျွတ်တမ်းဝင်လို သူများအတွက် ညွှန်ကြားချက်

နောက်ဘုရားသာသနာကို မြော်လင့်ကုန်သော သူတို့အားကား ဒါန, သီလ, ဥပေါသထနှင့် သူတော်ကောင်းတရား ခုနစ်ပါးသည် လိုရင်းတည်း။ ယခုဘဝ၌ပင် မဂ်, ဖိုလ်ကိုရ၍ အားထုတ်သော ပုဂ္ဂိုလ်အား သီ, ဣန်, ဘော, ဇာ, သဒ် ဟူသော ရှေ့တစ်ဆယ့်တစ်ပါးကို ပြည့်စုံစေရာ၏။

သီကား - လူတို့၌ အာဇီဝဋ္ဌမက နိစ္စသီလတည်း။

ဣန်ကား - ဣန္ဒြေ ၆-ပါးကို စောင့်ထိန်းမှုတည်း။

ဘောကား - အစားအစာ အာဟာရ၌ ရူပကာယ မျှတနိုင်ရုံ တိုင်းထွာ၍ ရှောင့်ရဲမှုတည်း။

ဇာကား - နေ့ခါ၌ အိပ်ခြင်းမရှိ၊ ညဥ့်အခါ၌လည်း ညဥ့်သုံးယံတွင် တစ်ယံမျှအိပ်၍ ဘာဝနာတရားကို အားထုတ်မှုတည်း။

သဒ်ကား - သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ ဤ ၇-ပါးတည်း။

ယခုဘဝ၌ပင် သောတာပန်ဖြစ်ရန် အားထုတ်လိုသော သူဖြစ်ခဲ့လျှင် ဒါနမှုကို အားထုတ်ဖွယ် မရှိလှပြီ။ ယခုဘုရားသာ သနာ၌ ပါနိုင်လောက်အောင် ဝီရိယတရားကို အားမထုတ်နိုင်ရှိ၍ နောက်ဘုရားကို မြော်လင့်လျက်ရှိသူတို့မှာမူကား -ဒါန, ဥပေါသထမှုတို့ကိုလည်း ကြိုးစားအားထုတ်ကြလေကုန်။

www.dhammaransi.com



နောက်ဘုရားကို ကိုးစားမြော်လင့်လျက် ရှိသူတို့မှာမူကား - ဤဘုရားသာသနာ၌ ဝါသနာဘာဂီ ပါရမီမျိုးတို့ကိုသာ ဆည်းပူးကြရကုန်သည်ဖြစ်၍ သီလ, သမာဓိ, ပညာဟူသော ပဋိပတ်ကျင့်စဉ်အတိုင်း တစ်ပါးပြည့်စုံလုံလောက်ရှိမှ တစ်ပါးကို ကျင့်မည်ဟု မနေကြကုန်ရာ၊ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိအစဉ်အတိုင်း တစ်ပါးပြည့်စုံလုံလောက်ရှိမှ တစ်ပါးကို ကျင့်မည်ဟု မနေကြအံ့ကုန်ရာ၊ မျိုးမျှကို အရယူကြရသော သူတို့ဖြစ်ကြ၍ သီလမျိုးကိုလည်း ယူနိုင်သမျှ ကြံဖန်အားထုတ်၍ ယူကြကုန်ရာ၏။ သမာဓိမျိုးကိုလည်း ယူနိုင်သမျှ ကြံဖန်အားထုတ်၍ ယူကြကုန်ရာ၏။ ပညာမျိုး, ဝိဇ္ဇာမျိုးကိုလည်း ယူနိုင်သမျှ ကြံဖန်အားထုတ်၍ ယူကြကုန်ရာ၏။

## ဝိသုဒ္ဓိအစဉ်အတိုင်းသာ အားထုတ်သင့်, မသင့် ဝေဖန်ချက်

ကျမ်းဂန်တို့၌ သီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိကို လုပ်ရမည်၊ စိတ္တဝိသုဒ္ဓိ ပြည့်စုံမှ ဒိဋ္ဌိဝိသုဒ္ဓိကို လုပ်ရမည်၊ ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံမှ ကင်္ခါဝိတရဏဝိသုဒ္ဓိကို လုပ်ရမည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံမှ အနိစ္စ, ဒုက္ခ, အနတ္တ ဘာဝနာအလုပ်ကို လုပ်ရမည်ဟု ပဋိပတ်ကျင့်စဉ် ထင်ရှားရှိနေသည်မှာ ယခုဘဝ၌ပင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အလျင်အမြန်ရဖို့ အားထုတ်သောသူတို့၏ ကျင့်စဉ်ပေတည်း၊ ထိုကဲ့သို့ မတတ်နိုင်ကြကုန်မူ၍ ပါရမီမျိုးမျှကို အရယူကြရကုန်သော သူတို့မှာ ရသာရာကို အမိဖမ်း၍ ယူကြရကုန်သောသူတို့ ဖြစ်သောကြောင့် သီလဝိသုဒ္ဓိ မပြည့်စုံသေးလျှင် သမထမနသိကာရ, စိတ္တဝိသုဒ္ဓိ အမှုမျိုးကို မလုပ်နှင့်ဟု မဆိုအပ်၊ မုဆိုးတံငါအလုပ်နှင့် နေသောသူတို့ပင် ထိုအလုပ်မှ မကျွတ်နိုင်လျှင် သမထ, ဝိပဿနာ မနသိကာရ မှုကို မလုပ်ထိုက်ဟု မပြောမဆိုအပ်၊ ပြောဆိုလျှင် ဓမ္မန္တရာယ် ငြိရာ၏။ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်များကို တတ်အားသမျှ နှလုံးသွင်းရမည်၊ မိမိကိုယ်ခန္ဓာ၏ အသုဘအခြင်းအရာများကို တတ်အားသမျှ နှလုံးသွင်းရမည်၊ သေခြင်းတရားများကို တတ်အားသမျှ နှလုံးသွင်းရမည်ဟု သမထမနသိကာရမှုများကို မုဆိုးတံငါတို့အားပင် တိုက်တွန်းခြင်းကိုသာ ပြုအပ်သည်။

www.dhammaransi.com



တံငါသူကြီး တစ်ယောက်သည် ထိုကဲ့သို့သော တိုက်တွန်းမှုကြောင့် တံငါအလုပ်တန်းလန်းနှင့်ပင် သဗ္ဗြိုဟ်ကိုးပိုင်း ပါဠ်အနက်, ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသပါဠ်အနက် အကုန်လုံးသွက်သွက်လည်ရ၍ နေသည်ကို ငါတို့တွေကြုံ ရဖူး၏။ ဝိဇ္ဇာမျိုး ကောင်းကောင်းကြီး ဖြစ်သောအမှုပေတည်း၊ ယခုကာလ၌လည်း ဒါယကာ ဥပါသကာတို့နှင့် တွေ့ဆုံသောအခါ ရဟန်းပီပီ စကားပြောဆိုလျှင် မုဆိုးတံငါအားပင် ဖြစ်သော်လည်း ရတနာသုံးပါးဂုဏ်နှင့် လက္ခဏာရေးသုံးပါး တို့ကို မမေ့မလျော့ကြနှင့်ဟု ဟောပြောမြဲဖြစ်၏။ ရတနာသုံးပါးဂုဏ်ကို မမေ့မလျော့မှုကား သမထမျိုးပေတည်း၊ လက္ခဏာရေးသုံးပါးကို အောက်မေ့မှုကား ဝိဇ္ဇာမျိုးပေတည်း၊ မုဆိုးတံငါပင် ဖြစ်သော်လည်း ထိုမနသိကာရမျိုးကို ပြုအပ် ပေသည်ဆိုလျှင် တွင်တွင်တိုက်တွန်းခြင်းကိုသာ ပြုအပ်၏။ မုဆိုးတံငါသည် သမထ, ဝိပဿနာကို နှလုံးသွင်း၍ ဘာဖြစ်မလဲဟု မဆိုအပ်၊ မထင်တတ်, မမြင်တတ်ရှိခဲ့လျှင် ထင်တတ်,မြင်တတ်အောင်ဟုသာ ပြောဟော၍ ပေးရမည်။ မပြောတတ်လျှင် ကြိုးစားပါဟု တိုက်တွန်းရမည်၊ ဝါသနာဘာဂီ ပါရမီမျိုးမျှကိုပင် အထွတ်အမြတ် ပြုရသောအခါ ဖြစ်သည်။

## ခေတ်သမယအကြောင်း မသိကြ၍ ဝိဇ္ဇာမျိုး မရပုံ

ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိနေသော ဝိသုဒ္ဓိ ၇ -ရပ် ပဋိပတ်ကျင့်စဉ်များ ကိုသာ တွေ့ရှိ၍ ခေတ်သမယကို မမြော်မိကြကုန်သော ဆရာတို့သည်ကား ယခုအခါ၌ သမထအမှု, ဝိပဿနာအမှုများကို အားထုတ်ပါသည်ဆိုလျှင် သီလဝိသုဒ္ဓိပြည့်စုံပြီလား၊ သီလဝိသုဒ္ဓိမရှိလျှင် အာပေါက်အောင် စီးဖြန်းသော်လည်း မဖြစ်ဟု ပြောဆိုလေ့ရှိ ကြကုန်၏။ အချို့သော လူပြိန်းတို့ကလည်း ထိုစကားကို နားယောင်ကြကုန်၏။ ဓမ္မအန္တရာယ် ဖြစ်လေ၏။ ထိုသူတို့သည် အခါသမယကို မသိကြသည့်အတွက် ဘုရားသာသနာနှင့် တွေ့ကြုံမှ ရနိုင်ယူနိုင်သော ဝိဇ္ဇာမျိုးမှ အပဖြစ်ကြကုန်လတ္တံ့။

လွန်ခဲ့ပြီးသော အနမတဂ္ဂသံသရာ၌ ဂင်္ဂါသဲလုံးမျှမက ပွင့်ကြကုန်သော ဘုရားသာသနာတို့၌ ရံခါရံခါ ကြုံကြိုက်ကြပါကုန်သော်လည်း ဝိဇ္ဇာမျိုးအခံမရှိကြ

www.dhammaransi.com



ကုန်သည့်အတွက် မကျွတ်နိုင်ကြကုန်မူ၍ ယနေ့ထက်တိုင် သံသရာ၌ မျော၍လာကြကုန်သည်၊ မျိုးဆိုသော်လည်း အညွန့်အညှောက် ပေါက်လောက်အောင် အဆန်အမာ, အနှစ်သာရနှင့်တကွ အောင်မြင်သောမျိုးလည်း ရှိ၏။ အောင်မြင်သည်ထက် အောင်မြင်မှုအဆင့်ဆင့်, ရင့်မာသည်ထက် ရင့်မာမှုအဆင့်ဆင့် ရှိ၏။ အလွန်နုလှသော မျိုးလည်းရှိ၏။ ဘယ်ဟာကိုဆိုသည်ဟု အနက်မျှမသိသူ, အနက်မျှကိုသာသိ၍ အမှုမှန်ကို နေရာကျမသိသူတို့၏ မိရိုးဖလာအားဖြင့် ရွတ်ကြဖတ်ကြ ပုတီးစိပ်ကြသော ဗုဒ္ဓါနုဿတိသမထ, အနိစ္စ, ဒုက္ခ, အနတ္တများသည် အလွန်နုလှသော မျိုးစေ့နှင့်တူ၏။ အနုမည်သည် နောက်နောက်ဘဝ၌ ဆက်လက်ခွင့်ရပါမူ အရင့်သို့ ရောက်ဖို့ပေတည်း။

## အဓိကာရမှု အနုအရင့်ခွဲပြချက်

ပရိကမ္မနိမိတ် ထင်မြင်အောင် အားထုတ်ဖူးသော သမထမှု, ရုပ်နာမ်ဓမ္မ၌ ဉာဏ်သက်၍ တစ်ကြိမ်တစ်ခါမျှပင် ထင်မြင်ရသော ဝိပဿနာမှုများသည် အဆန်အမာ တည်ရှိသော မျိုးစေ့နှင့်တူ၏။ သမထအရာ၌ ဥဂ္ဂဟနိမိတ် ထင်မြင်မှု, ဝိပဿနာအရာ၌ တစ်ကြိမ်တစ်ခါမျှပင် သမ္မသနဉာဏ်ဖြစ်မှုများသည် ထိုထက်အောင်မြင်ရင့်သန်သော မျိုးစေ့နှင့်တူ၏။ သမထအရာ၌ ပဋိဘာဂနိမိတ် ထင်မြင်မှု, ဝိပဿနာအရာ၌ တစ်ကြိမ်တစ်ခါမျှပင် ဥဒယဗ္ဗယဉာဏ် ဖြစ်မှုများသည် ထိုထက်အလွန်ပင် အောင်မြင်ရင့်သန်သော မျိုးစေ့နှင့် တူ၏။ ဤမှအထက်သို့ အဆင့်ဆင့်တက်နိုင်ပါလျှင် သမထအရာ, ဝိပဿနာအရာ နှစ်ဖက်တို့၌ အလွန်ထက်အလွန် အောင်မြင်ရင့်မာ ကြီးမားစွာသော မျိုးကြီးအဆင့်ဆင့် ဖြစ်လေတော့သည်။ ရှေးရှေး သောဘဝတို့၌ အဓိကာရရှိဖူးခဲ့မှ နောက်ဘုရားသာသနာ၌ ထိုထိုစျာန်, မဂ်, ဖိုလ်ကိုရနိုင်သည်ဟူသော ကျမ်းဂန်စကား၌ အဓိကာရဆိုသည်ကား- အောင်မြင်သောမျိုးမှုကို ဆိုသတည်း။

ယခုကာလ၌ မိရိုးဖလာမျှဖြစ်သော အတုအပ သမထ, အတုအပ ဝိပဿနာမျှနှင့် သေလွန်၍ သွားကြကုန်သော လူရှင်အပေါင်းတို့သည် အဓိကာရဆိုစလောက်သော သမထမျိုး, ဝိဇ္ဇာမျိုးတို့မှအပ ဖြစ်ကြလေကုန်၏။

www.dhammaransi.com



ထိုမျိုးနှစ်ပါးတို့တွင် ဘုရားသာသနာ၌ ကြုံကြိုက်ကြ သူတို့မှာ ဝိဇ္ဇာမျိုးမှ အပဖြစ်ရမှုသည် အလွန်အနာကြီး နာလှ၏။ အဘယ့်ကြောင့်နည်းဆိုသော် ရုပ်, နာမ်ဓမ္မလျှင် အရာရှိသော ဝိဇ္ဇာမျိုးမည်သည် ဘုရားသာသနာနှင့်တွေ့ကြုံ၍ ကောင်းစွာ ယူတတ်မှ ရနိုင်သော မျိုးဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ယခုအခါ၌ ပါရမီနည်းပါးလှ၍ ရုပ်, နာမ်ဓမ္မတို့ကို အကျယ်မလိုက်စားနိုင်ကြ ကုန်သော ယောက်ျား, မိန်းမတို့သည် ဓာတ်ကြီးလေးပါးမျှကိုပင် နှုတ်တက်ရအောင် ဆောင်ရွက်မှု, အနက် သဘောကို ကြံဖန်ဆွေးနွေးမှု, မိမိကိုယ်ခန္ဓာ၌ လေးဖြာ လေးစိတ်ကွဲအောင် ရှုမြင်မှုများကို အသက်ထက်ဆုံး လေ့ကျက်ကြကုန်ရာသတည်း။

ဤတွင်ရွေ့ကား ယခုအခါ ဘုရားသာသနာ၌ သမထ, ဝိပဿနာ တရားများကို အလေးမပြု အတုအပနှင့်ပြီးကြလျှင် ဘုရားသာသနာ၌ အလွန်လူဖြစ်ရှုံးဖွယ်ကြီးဖြစ်ကြောင်း၊ နေယျ ပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ်တို့ခေတ် သမယဖြစ်ခဲ့၍ အလေးပြုကာ အားထုတ်ကြပါမူ ယခုဘဝ၌သော်လည်းကောင်း, ဤသာသနာတွင် နတ်ပြည်သို့ ရောက်ကြသော နောက်ဘဝ၌သော်လည်းကောင်း, လောကုတ္တရာအကျိုးကို အလွယ်တကူ ရယူနိုင်ကြရန် ရင့်သန်အောင်မြင်စွာသော သမထ, ဝိပဿနာ ပါရမီသမ္ဘာရကို ကောင်းကောင်းကြီးရကြသဖြင့် အလွန် လူဖြစ်ကျိုး ကြီးမြတ်ဖွယ်ဖြစ်ကြောင်းကို ထင်ရှားစွာ သိကြစေခြင်းအကျိုးငှါ သုတ္တန်, အဘိဓမ္မာ ပါဠိတော်လာ ပုဂ္ဂိုလ်လေးပါး, ပုဂ္ဂိုလ်သုံးပါးတို့၏ အလားကို ပြဆိုခန်းပြီး၏။

ဤတွင်ရွေ့ကား ပုဂ္ဂိုလ် ၄ -မျိုး, ၃ -မျိုးတို့၏ အလာပြီး၏။

## လူဖြစ်ကျိုးနပ်ရန် ပြဆိုခန်း
## ပိဋကတ်အဆီအနှစ်ကို ပြဆိုချက်

ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ၄၅ -ဝါကာလပတ်လုံး ဟောကြားတော်မူအပ်သော ပိဋကသုံးပုံကို အဆီညှစ်၍ အနှစ်သာရကို ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယတရား ၃၇ -ပါးရ၏။ ဗောဓိပက္ခိယတရား ၃၇ -ပါးသည် ပိဋကသုံးပုံ၏ အဆီအနှစ်တည်း၊ တစ်ဖန် ဗောဓိပက္ခိယတရား ၃၇ -ပါးကို

www.dhammaransi.com



အကျဉ်း ချုံးပြန်သည်ရှိသော် ဝိသုဒ္ဓိ ၇ -ပါးဖြစ်၏။ တစ်ဖန် ဝိသုဒ္ဓိ ၇-ပါးကို အကျဉ်းချုံးပြန်သည်ရှိသော် သီလ, သမာဓိ, ပညာ သုံးပါးဖြစ်၏။ အဓိသီလ, အဓိစိတ္တ, အဓိပညာ သာသနာတော်ကြီး သုံးပါးခေါ်၏။ သိက္ခာသုံးပါးလည်း ခေါ်၏။ သီလဆိုသော်လည်း လူတို့မှာ နိစ္စသီလမျိုးကိုသာ ပဓာနအားဖြင့် လိုအပ်၏။ နိစ္စသီလမျိုးနှင့် ပြည့်စုံသောသူတို့အား ယခုဘဝ၌ မဂ်, ဖိုလ်ကို ရနိုင်ရန် ဝိဇ္ဇာ, စရဏတရားစုတွင် သီလဟူသော စရဏတရား ပြည့်စုံတော့သည်။ ထိုနိစ္စသီလမျိုးအပေါ်၌ ဥပေါသထသီလမျိုး အမွှမ်းတင်နိုင်ပါလျှင် သာ၍ ကောင်းမြတ်တော့သည်။

## အာဇီဝဋ္ဌမက နိစ္စသီလမျိုး

နိစ္စသီလမျိုး ဆိုသည်ကား -လူတို့၌အာဇီဝဋ္ဌမကသီလပေတည်း။ ။ ထိုသီလမျိုးကို ကောင်းစွာစောင့်ထိန်းရာ၏။ ပုထုဇဉ်ဂတိဖြစ်၍ လွန်ကျူးမိပြန်လျှင် ဤအမှုကို နောင်ရှောင်ကြဉ်အံ့ဟု ဆောက်တည်က ခဏခြင်း တည်ပြန်၏။ နောင်လွန်ကျူးမိပြန်လျှင်လည်း ထိုနည်းတူ ဆေးကြောလျှင် စင်မြဲစင်ပြန်တော့ သည်။ ဆေးကြော၍စင်ပြန်လျှင် သီလနှင့်ပြည့်စုံသူ ဖြစ်ပြန်၏။ မခဲယဉ်းလှ၊ နိစ္စသီလမျိုး ဖြစ်ခဲ့၍ လွန်ကျူးမိလို့ရှိလျှင် ဘယ်အခါမဆို ခဏခြင်း သုတ်သင် ဆေးကြောမှု အသစ်ဆောက်တည်မှုကိုပြုရသည်။

## သီလရှိသူများ၍ သမာဓိ, ပညာရှိသူ ရှားပုံ

ယခုကာလ၌ သီလနှင့်ပြည့်စုံသူတို့ကား အလွန်ပေါများကုန်၏။ ကသိုဏ်း အသုဘအစရှိသော အာရုံတို့ မနောဒွါရအတွင်း၌ ကွင်းကွင်းကွက်ကွက် ထင်မြင်မှု ရှိသော သမာဓိသို့ ပေါက်ရောက်ဖူးသော သူ, ရုပ်-နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာသို့ ဉာဏ်ပညာပေါက်ရောက်ဖူးသော သူတို့သည်ကား အလွန် ရှားပါးလှကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် သမထ, ဝိပဿနာမှု၏ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန် ထကြွသောင်းကျန်းသောအခါ ဖြစ်လေသောကြောင့်တည်း။

www.dhammaransi.com



## ဓမ္မန္တရာယ်နှင့် ပုညန္တရာယ်အကြောင်း

ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မ ဆိုသည်ကား - သံသရာဘေးကို ကောင်းစွာ မမြင်နိုင်ခြင်း, မဂ် -ဖိုလ်ကိုရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း, ပါရမီအရင့်ကို စောင့်စားခြင်း, ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း, အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿုဟကို စွန့်ထားခြင်း စသည်တို့တည်း။

ကုသိုလ်မှုတို့ မည်သည် အဆုံးတိုင်မရောက်သော်လည်း အချည်းနှီး ဖြစ်နိုင်သော အမှုမျိုးမဟုတ်ကုန်၊ ပါရမီမရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကိုမျှ မရပြီ၊ ပါရမီမရင့်သေးသောသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်, ဖိုလ်ကို ရနိုင်၏။ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှ မရပြီ၊ ပါရမီရင့်ပြီးဖြစ်လျှင် ယခုဘဝ၌ပင် မဂ်, ဖိုလ်ကို ရနိုင်၏။ အားမထုတ်လျှင် မရပြီ။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သူ အားထုတ်လျှင် နောက်ဘဝ၌ တိဟိတ်ဖြစ်နိုင်၏။ အားမထုတ်လျှင် ဘဝအဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်ရာပြီ၊ အဟိတ်သို့လျှော၍ သွားဖို့သာရှိတော့သည်။

လောက၌ တစ်ယောက်သောသူသည် ရဟန်းပြုမည် ကြံစည် အားသစ်လျက် ရှိ၏။ တစ်ယောက်သောသူက တစ်သက်လုံး နေနိုင်မှကြံ၊ မနေနိုင်လျှင် မကြံနှင့်ဟု ဆိုမိတတ်၏။ ဓမ္မန္တရာယ်ကို ပြုသည်မည်၏။

"စိတ္တုပ္ပါဒမတ္တမ္ပိ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ"- ဟု ဟောတော်မူ၏။

ကုသလေသု ဓမ္မေသု၊ ကောင်းမှုကုသိုလ်တရားမျိုးတို့၌။ စိတ္တုပ္ပါဒ မတ္တမ္ပိ၊ စိတ်အကြံဖြစ်ကာမျှကိုလည်း။ ဗဟူပကာရံ၊ ကျေးဇူးဥပကာရများ မြတ်လှ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဒါနကုသိုလ်ကိုလည်းကောင်း, ဒါနပြုသူကိုလည်းကောင်း ရှုတ်ချလျှင် ပုညန္တရာယ် ငြိတတ်သည်၊ သီလ, သမာဓိ, ပညာကုသိုလ်ကိုလည်းကောင်း, အားထုတ်သူကိုလည်းကောင်း ရှုတ်ချလျှင် ဓမ္မန္တရာယ် ငြိတတ်သည်။ ပုညန္တရာယ် ငြိခဲ့လျှင် နောက်ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာစနေကင်းရှင်း၍ ဆင်းရဲ အတိ

www.dhammaransi.com



ဖြစ်တတ်သည်။ ဓမ္မန္တရာယ် ငြိခဲ့လျှင် နောက်နောက်ဘဝတို့၌ သီလသိက္ခာ အလိမ်မာကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်သည်။ သတိမူကြလေကုန်။

ယခုအခါ သာသနာတွင်း၌ ကြုံကြိုက်ကြကုန်သော သူအပေါင်းတို့အား ပြဆိုခဲ့ပြီးသော မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍ ယခုဘဝ၌ပင် အပါယ်သံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်။ မကျွတ်ထိုက်လျှင်လည်း နောက်ဘဝ၌လည်းကောင်း, နောက်ဘုရားသာသနာ၌လည်းကောင်း ကျွတ်လွတ်နိုင်ရန် သမထ, ဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေရမည်ဟု ထက်သန်သော ဆန္ဒ, ဝီရိယဖြင့် သမထအလုပ်, ဝိပဿနာ အလုပ်များကို ယောက်ျား, မိန်းမ အားထုတ်ကြမှသာ ဘဝအခြေ အနေနှင့် လူဖြစ်ကျိုးနပ်ရန်ကို ပြဆိုခန်းပြီး၏။

ဤတွင်ရွေ့ကား လူဖြစ်ကျိုးနပ်ရန် ပြဆိုခန်းပြီး၏။

## ဗောဓိပက္ခိယတရား ၃၇ –ပါး
## ဗောဓိပက္ခိယ၏ အနက်အဓိပ္ပါယ်

ယခုအခါဘုရားသာသနာ၌ လူဖြစ်ကျိုးနပ်ကြအောင် သမထ, ဝိပဿနာ တရားများကို အားထုတ်လိုကြကုန်သော သူတို့အား မဖြစ်လျှင်မနေရ ထမြောက်အောင် ထူထောင်အားသစ်ရာသော ဗောဓိပက္ခိယတရား ၃၇–ပါးတို့ကို အကျဉ်းမျှ ပြဆိုပေအံ့။

သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟူ၍ အကျဉ်းအားဖြင့် ၇ –ပါးရှိ၏။ ထို ၇–ပါးတို့သည် –

**"ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ"**– ဟူသော ဝစနတ္ထနှင့်အညီ မဂ်ဉာဏ်၏ အပင်းအသင်းတွင် ပါဝင်သော တရားစုဖြစ်၍ ဗောဓိပက္ခိယ မည်ကုန်၏။

ဗောဓိယာ၊ မဂ်ဉာဏ်၏။ ပက္ခေ၊ အဖို့၌။ ဝါ၊ အပင်းအသင်း၌။ ဘဝါ၊ ဖြစ်ကုန်သော တရားတို့တည်း။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယ မည်ကုန်၏။

မဂ်ဉာဏ်၏ ပဒဋ္ဌာန်, မဂ်ဉာဏ်၏ သမ္ဘာရ, မဂ်ဉာဏ်၏ ဥပနိဿယ တရားမျိုး ဟူလိုသည်။

www.dhammaransi.com



## သတိပဋ္ဌာန် ၄ -ပါး

ထို ၇ -ပါးတို့တွင် သတိပဋ္ဌာန်ဆိုသည်ကား -

**"ဘုသံ တိဋ္ဌတီတိ ပဋ္ဌာနံ၊ သတိဧဝ ပဋ္ဌာနံ သတိပဋ္ဌာနံ"**။

ဘုသံ၊ လွန်စွာ။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန မည်၏။ သတိဧဝ၊ သတိသည်ပင်လျှင်။ ပဋ္ဌာနံ၊ လွန်စွာတည်သည်တည်း။ သတိပဋ္ဌာနံ၊ သတိသည်ပင်လျှင် လွန်စွာတည်သည်။

လွန်စွာတည်သော သတိ, ခိုင်မြဲစွာတည်သော သတိဟု ဆိုလိုသည်။

ထိုသတိပဋ္ဌာန်သည် -

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်- ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် -

(၁) ထွက်သက် ဝင်သက် အစရှိသော ရူပကာယ၌ ခိုင်မြဲစွာတည်သော သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန် မည်၏။

(၂) ဝေဒနာတရားတို့၌ ခိုင်မြဲစွာတည်သော သတိသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် မည်၏။

(၃) သရာဂစိတ်, ဝီတရာဂစိတ် အစရှိသော စိတ်အပြား၌ ခိုင်မြဲစွာတည်သော သတိသည် စိတ္တာနုပဿနာ သတိပဋ္ဌာန် မည်၏။

(၄) နီဝရဏ အစရှိသော ဓမ္မတို့၌ ခိုင်မြဲစွာတည်သော သတိသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် မည်၏။

ထိုလေးပါးတို့တွင် ထွက်သက် ဝင်သက်ဟူသော အဿာသ ပဿာသ ကာယတစ်ခု၌ ခိုင်မြဲစွာတည်လျှင်ပင် အလုံးစုံ၌ တည်သည်ပင် မည်၏။ အဘယ့်ကြောင့်နည်းဆိုသော် ထားလိုရာအာရုံ၌ တည်နိုင်သော အစွမ်းရှိလေသောကြောင့်တည်း။ ခိုင်မြဲစွာတည်မှု ဆိုသည်ကား- ထွက်သက် ဝင်သက်၌ စိတ်ကို တစ်နာရီထားလိုလျှင် တစ်နာရီပင် ခိုင်မြဲစွာ တည်နေ၏။ ၂ -နာရီထားလိုလျှင်

www.dhammaransi.com



၂ –နာရီပင် ခိုင်မြဲစွာ တည်နေ၏။ စိတ်ဝိတက် မငြိမ်လှ၍ အာရုံကို လွှတ်ပစ်ရသည်မရှိ ဆိုလိုသည်။

[သတိပဋ္ဌာန် ၄–ပါးလုံး၏ အကျယ်ကိုမူကား မဟာသတိပဋ္ဌာနသုတ်မှာ ယူလေ။]

အဘယ်အကြောင်းကြောင့် ထွက်သက် ဝင်သက် အစရှိသည်တို့၌ စိတ်, သတိ ခိုင်မြဲစွာတည်မှုကို မဖြစ်လျှင် မနေရ ထမြောက်အောင် အားထုတ်ရလေ့သနည်းဟူမူကား – အနမတဂ္ဂ သံသရာ၌ ဗလဗွာလွင့်ပါး ပေါက်လွှတ်သွား၍ နေသော ဝိညာဉ် ၆–ပါး စိတ်အသွားတို့ ချုပ်ထိန်းရပ်သိမ်းခြင်းငှါ အားထုတ်ရလေသတည်း။

## သူရူး, သူနှမ်းဥပမာနှင့် စိတ်ကို အစိုးမရသူ

ထင်ရှားစေဦးအံ့ – စိတ်မည်သည် ၆–ဒွါရတို့၏ ဥပစာ၌ အာရုံ ၆–ပါးသို့ ပြေးသွားလွင့်ပါးခြင်း အလေ့ရှိ၏။ ဥပမာကား –စိတ်ကို အစိုးမရသော သူရူး, သူနှမ်းသည်ရှိ၏။ ထမင်းစားချိန်မှန်းပင် မသိ၊ ရောက်မိရောက်ရာ သွားလာ၍ နေ၏။ မိဘဖြစ်သူတို့က သူရှိရာကိုသွား၍ ထမင်းပေး၏။ ၅–လုပ် ၆–လုပ်မျှိမိလျှင် ထမင်းပွဲကို သွန်မှောက်၍ ထသွား၏။ ထမင်းဝအောင် စားရသည်မရှိ၊ ဤမျှလောက် စိတ်ကိုအစိုးမရ ရှိနေ၏။ ထမင်းစားမှုတစ်ခု ပြီးစီးရုံမျှပင် စိတ်ကိုအစိုးမရ၊ စကားပြောဆိုရာ၌ စကားဝါကျတစ်ခု ချောမောရုံမျှ စိတ်ကို အစိုးမရ၊ အစတစ်ခြား, အလယ်တစ်ခြား, အဆုံးတစ်ခြား ကတောက်ကတက် စကားသာဖြစ်၏။ ထမင်းစားရုံမျှ, စကားဝါကျတစ်ခု ပြီးစီးရုံမျှကိုမှ စိတ်ကို အစိုးမရသော သူရူးသည် လောက၌ ဘယ်ကိစ္စတစ်ခုမှာ အသုံးကျတော့မည်နည်း၊ ဘယ် ကိစ္စတစ်ခုကို နေရာကျအောင် လုပ်ဆောင်နိုင်တော့မည်နည်း။ လောက၌ လူရာမသွင်းရပြီ၊ ပေါက်လွှတ်ပစ်ထားရတော့သည်။

ဆရာကောင်း ဆေးဝါးကောင်းနှင့်တွေ့၍ ကြိုးချည် ထိတ်ခတ်အကြပ်အတည်းပြု၍ ကုသမှုကိုပြုမှ ထိုအရူးနာ ပျောက်ငြိမ်း၍ စိတ်ကို အစိုးရသဖြင့် အများနည်းတူ လူကောင်း သူကောင်း ပကတိဖြစ်လေ၏။ ထမင်းစားမှု၌လည်း

www.dhammaransi.com



စိတ်ကို အစိုးရ၏။ အဆုံးတိုင်စားရ၏။ ထမင်းစားမှုကို အများနည်းတူ ပြီးစီးအောင် ပြုနိုင်၏။ ခပ်သိမ်းသော အမှုတို့၌လည်း စိတ်ကို အစိုးရ၏။ အများနည်းတူ ပြီးစီးအောင် ပြုနိုင်၏။ စကားဝါကျ ကိုလည်း အများနည်းတူ ချောမောအောင် ပြောဆိုနိုင်၏။ ဤကား ဥပမာတည်း။

လောက၌ စိတ်ကို အစိုးမရသော သူရူးမဟုတ်ကြ၊ စိတ်ကို အစိုးရကြသော ပကတိလူကောင်း, သူကောင်း ဖြစ်သူသည်လည်း သမထအရာ, ဝိပဿနာ အရာတို့၌ စိတ်ကို အစိုးမရကြသော သူရူးတွေချည်း ဖြစ်ကြကုန်၏။ ထိုသူရူးသည် ထမင်းစားမှုကို ပြုမည်ဟု ဦးတည်ပါလျက် စိတ်ကိုအစိုးမရသည့်အတွက် ထမင်းစားမှု ပြီးစီးအောင် တည်ငြိမ်ခွင့်မရပဲ ၅ -လုပ် ၆ - လုပ်စားမိလျှင် ထမင်းပွဲကို သွန်မှောက်၍ ထသွားသကဲ့သို့ ဤသတ္တဝါသည်လည်း ဘုရားကို ရှိခိုးမည်, ဘုရားဂုဏ်ကို ကြည်ညိုသောအလုပ်ကို ငါလုပ်ဦးမည်ဟု ဦးတည်ကြပါလျက် စိတ်ကိုအစိုးမရကြသည့်အတွက် ဣတိပိသော-တစ်ပုဒ်ဆုံးသည် တိုင်အောင် ဘုရားဂုဏ်တော်တို့၌ စိတ်ကို တည်ငြိမ်စွာနေအောင် အစိုးမရကြ၊ ဘုရားကိုလွှတ်၍ ထိုထိုအာရုံတစ်ပါးသို့ အခါများစွာ ထွက်သွားလွှင့်ပါးလျက် ရှိကြကုန်၏။

## ချေးရူးပြန်သူဥပမာနှင့် စိတ်ကိုအစိုးမရသူ

ချေးရူးပြန်သောသူသည် ပူဆာမွတ်သိပ်လှ၍ ရေရှိရာသို့ ပြေးလေရာ အလွန်အေးမြလှစွာသော ရေကိုမြင်လျှင် ရေအိုင်တွင်းသို့ မဆင်းဝံ့၊ ရေကိုပင် မမြင်ဝံ့ပဲ ရှောင်လွှဲ၍ ပြေးရပြန်သကဲ့သို့လည်းကောင်း, သူနာကြီးသည် အလွန်ကောင်းမွန် ချိုမြိန်သောအရသာနှင့် ပြည့်စုံသော ဝမ်းတွင်းသို့ရောက်လျှင် အနာကို ပျောက်ငြိမ်းစေနိုင်သော ဓာတ်စာအာဟာရကို ကျွေးပါသော်လည်း သူ့လျှာနှင့်ထိခဲ့လျှင် အခါးပကတိဖြစ်လေ၍ သက်သက်မျို၍မဖြစ် ထွေးအန်၍ချည်း ပစ်ရသကဲ့သို့လည်းကောင်း ဘုရားဂုဏ်တော်သို့ ထိရောက်အောင် မချည်းနိုင်ကြ၊ သက်ဝင်ကြည်ညို မျို၍မနေနိုင်ကြလေကုန်၊ တစ်ခြားတစ်ပါးသို့ စိတ်ထွက်၍ သွားတိုင်း အဆိုအရွတ် ပျက်ခဲ့သည်ရှိသော်လည်းကောင်း, အဆိုအရွတ် ပျက်တိုင်း

www.dhammaransi.com



ပျက်တိုင်း ပြန်၍ပြန်၍ ရွတ်ဆိုခဲ့သည်ရှိသော်လည်းကောင်း, တစ်ရက်, တစ်လ, တစ်နှစ်ရှိခိုးသော်လည်း ကုဋေပိသော– တစ်ပုဒ်အဆုံးသို့ ရောက်နိုင်ကြမည်မဟုတ်၊ စိတ်ကပင် တစ်ပါးသို့ ထွက်သွားသော်လည်း နှုတ်တက်ရွရွ ကျေညက်လှသော ကြောင့်သာ အဆုံးသို့ရောက်နိုင်ကြကုန်တော့သည်။

ဤနည်းအတူ ဥပုသ်သီတင်းနေ့၌ ဆိတ်ငြိမ်ရာသို့ကပ်၍ ကေသာ, လောမာ -စသော ဒွတ္တိံသာကာရကို နှလုံးသွင်းမည်, အဋ္ဌိအရိုးစုကို နှလုံးသွင်းမည်, ဗုဒ္ဓါနုဿတိကို နှလုံးသွင်းမည်ဟု ပြုလုပ်ကြကုန်သော်လည်း စိတ်ကို အစိုးမရ ကြသည့်အတွက်ကြောင့် စိတ်ဝိတက်ဗလဗ္ဗာနှင့် အဖော်ရှိရာသို့သာ ရောက်ကြ ရကုန်၏။ ဝတ်တက်ကြသောအခါ သဗ္ဗေသတ္တာ, သဗ္ဗေပါဏာဟူသော ဗြဟ္မဝိဟာရ သမထအလုပ်ကြီးကို ဦးတည်ကြပါသော်လည်း စိတ်ကိုမနိုင်ကြသည့် အတွက်ကြောင့် စိတ်မှာ လွင့်ချင်ရာလွင့်၍ နှုတ်နှင့်သာ အဆုံးသတ်ကြရကုန် တော့သည်။ ဤမျှလောက် ဖော်ပြလိုက်သဖြင့် ကောင်းမြတ်သော ကုသိုလ်မှုတို့၌ မိမိတို့စိတ်ကို မိမိတို့ မနိုင်ကြပုံ, အစိုးမရပုံ, ပြဆိုခဲ့ပြီးသော သူရူးနှင့်အလားတူ ဖြစ်၍နေကြပုံများသည် ထင်ရှားလှပြီ။

**ပါပသ္မိံရမတေ မနော။** (ဓမ္မပဒပါဠိတော်။)

မနော၊ စိတ်မည်သည်။ ပါပသ္မိံ၊ မကောင်းရာ၌သာလျှင်။ ရမတေ၊ မွေ့လျော်၏။

ရေမည်သည် အလွတ်သာထားခဲ့လျှင် နိမ့်ရာသို့ စီးမြဲဓမ္မတာဖြစ်သကဲ့သို့ သတ္တဝါတို့၏ စိတ်မည်သည် လွှတ်၍ထားခဲ့လျှင် မကောင်းရာသို့သာ တွင်တွင်သွားမြဲ ဓမ္မတာဖြစ်၍ မကောင်းရာ၌သာ မွေ့လျော်၏ ဟူလိုသည်။ မိမိတို့စိတ်၏ အလေ့ကို သိကြရန် အချက်တည်း။

ပြဆိုခဲ့ပြီးသော သူရူးနှင့်အလားတူ စိတ်ကို အစိုးမရမှု တန်းလန်းနှင့် နေကြကုန်သောသူတို့၏ အလားကို ဥပမာနှင့်တကွ ပြဆိုပေအံ့။

www.dhammaransi.com



## ပဲ့မနိုင်သော လှေသူကြီးဥပမာနှင့် စိတ်မနိုင်သူ

ကမ်းလုံးပြည့်သော ရေရှိသော လှိုင်းလေတို့ဖြင့် အလွန် အယဉ်ထန်စွာ စီးသွားသော မြစ်ကြီးတစ်ခုသည် ရှိရာ၏။ လှေကိုင်, တက်ကိုင် မတတ်သော တစ်ယောက်သောသူသည် အောက်ပြည် မြို့ရွာဆိပ်ကမ်းကြီးများ၌ ရောင်းချ၍ ဥစ္စာစီးပွားပြုလုပ်ရန် လေးစွာသော ကုန်စည်ဘဏ္ဍာတို့ဖြင့် ပြည့်သောကြီးစွာသော လှေကို အညာကျေးရွာမှ စုန်မျော၍လာရာ ကမ်းစဉ်တလျှောက်၌ တောတောင် အရပ်တို့ကို တွေ့ရှိလေရာ ဆိပ်ကမ်းမဟုတ်၍ ဆိုက်ခွင့်မရ အတွင်စုန်မျောရ၏။ ညဉ့်အခါသို့ ရောက်ပြန်လျှင် မြို့ရွာဆိပ်ကမ်းရှိရာသို့ ရောက်ပါသော်လည်း ညဉ့်မှောင်ဖုံးလွှမ်းသဖြင့် မြို့ရွာဆိပ်ကမ်းရှိမှန်းမသိ၍ အတွင်စုန်မျောရ၏။ နေ့အခါ၌ မြို့ရွာဆိပ်ကမ်းကြီးရှိရာသို့ ရောက်၍ မြို့ရွာဆိပ်ကမ်းကြီးကို ကြောင်ကြောင် တွေ့မြင်ရပါသော်လည်း လှေတက်ကို မနိုင်သည့်အတွက် မဆိုက်မကပ်နိုင်မူ၍ လှေမျှောရာ ပါရ၏။ ကမ်းမမြင်သော ပင်လယ်ပြင်ကြီးသို့ လွင့်လေ၏။

အနမတဂ္ဂ သံသရာကြီးသည် အယဉ်ထန်စွာစီးသော မြစ်ကြီးနှင့်တူ၏။ စိတ်ကိုမနိုင်ကြသော ဤသတ္တဝါအပေါင်းတို့သည် လှေတက်ကိုမနိုင်သော ထိုလှေသူကြီးနှင့် တူ၏။ စိတ်သည် လှေကြီးနှင့်တူ၏။ ဘုရားသာသနာ မရှိကာ သုညကမ္ဘာတွေ၌ ကျင်လည်ခဲ့ကြရကုန်သော တောနယ်, တောင်နယ်၌ စုန်မျောရသော ထိုလှေသူကြီးနှင့် တူကုန်၏။ ရံခါရံခါ ဘုရားပွင့်ရာ သာသနာခေတ် ကြုံကြိုက်ကြပါသော်လည်း မိမိတို့က အရပ်ပြစ်ရှစ်ဌာန၌ ကြုံကြိုက်၍နေကြသည်နှင့် သာသနာမှန်းမသိကြကုန်သော ဤသတ္တဝါအပေါင်းတို့သည် မြို့ရွာဆိပ်ကမ်းရှိရာသို့ ရောက်ပါလျက် ညဉ့်မှောင်ဖုံးလွှမ်း၍ ဆိပ်ကမ်းမြို့ရွာ ရှိမှန်းမသိမူ၍ အတွင်စုန်မျောသော ထိုလှေသူကြီးနှင့် တူကုန်၏။

ရံခါရံခါ ဘုရားသာသနာ၌ ဗုဒ္ဓဘာသာလူမျိုး, နတ်မျိုး, ဗြဟ္မာမျိုး ဖြစ်ကြပါကုန်သော်လည်း သတိပဋ္ဌာန်အလုပ်ကို အားမထုတ်နိုင်ကြသည့်အတွက် စိတ်ကို အစိုးရမှုမရှိကြကုန်သည်ဖြစ်၍ ဝိပဿနာအစစ်ကို ဖြစ်မြောက်အောင် မလုပ်နိုင်ကြသဖြင့် တွေ့ကြုံခဲ့ကြရသော ဘုရားသာသနာတော်ကြီး, မဂ်ဉာဏ်, ဖိုလ်ဉာဏ် -နိဗ္ဗာန်ဆိပ်ကမ်းကြီးတို့သို့ မကပ်နိုင်ကြကုန်မူ၍ ယနေ့ထက်တိုင်

www.dhammaransi.com



သံသရာ၌ ကျင်လည်၍လာခဲ့ကြရကုန်သော ဤသတ္တဝါအပေါင်းတို့သည် နေ့အခါ၌ မြို့ရွာဆိပ်ကမ်းရှိရာရောက်၍ မြို့ရွာဆိပ်ကမ်းကြီးတွေကို များစွာ တွေ့မြင်ရပါသော်လည်း လှေတက်ကို မနိုင်သည့်အတွက်ကြောင့် မကပ်ဆိုက်နိုင်ဘဲ စုန်မျှောမြဲ စုန်မျှောကာလာရသော လှေသူကြီးနှင့် တူကုန်၏ အနမတဂ္ဂ သံသရာ၌ ဂင်္ဂါသဲလုံးမျှမက ပွင့်ကြသော ဘုရားသာသနာတို့၌ ကျွတ်လွတ်ကြလေကုန်သော သူတို့သည်ကား သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကြကုန်သဖြင့် စိတ်ကိုအလိုရှိရာ အာရုံ၌တည်ငြိမ်စွာ ထားနိုင်အောင် နိုင်နင်းသော အခွင့်ကိုရကြကုန်သော သူတို့ပေတည်း။

**ဤကား သမထ, ဝိပဿနာမှုတို့၌ မိမိစိတ်ကို မိမိအစိုးမရမှန်း သိကြ လျက်နှင့် သတိပဋ္ဌာန်အလုပ်ကို အားမထုတ်ပဲရှိနေကြကုန်သော သတ္တဝါတို့၏ အလားကို ပြဆိုခန်းတည်း။**

## နွားရိုင်းဆုံးမပုံဥပမာနှင့် စိတ်ကိုဆုံးမနည်း

တစ်နည်းကား -လယ်ထွန်၍, လှည်းတိုက်၍ ဥစ္စာစီးပွားပြုလုပ်ရန် နွားကို ဆုံးမမှု, မင်းပွဲသဘင် စစ်မြေပြင်တို့ အသုံးပြုရန် တောင်ဆင်ရိုင်းကို ဆုံးမမှု ဥပမာတို့ဖြင့်လည်း ပြဆိုရာ၏။ နွားကိုဆုံးမရာ ငယ်စဉ်အခါ၌ ခြံလှောင်မှု, ထိန်းကျောင်းမှု, ထို့နောက် နဖားကြိုးတပ်၍ ချည်တိုင်ကြိုးလွန်တို့ဖြင့် ဆုံးမမှု, ထိုနောက် ထမ်းပိုးတင်၍ ဆုံးမမှု, ထိုနောက် ထမ်းပိုးနပ်နော ရှိသောအခါမှ ထွန်မှု, တိုက်မှုဟူသော မိမိစီးပွားရေး၌ တွင်ကျယ်စွာ ခိုင်းစေမှု၊ ဤကား နွားဥပမာတည်း။

ဤဥပမာ၌ ထမ်းပိုးနပ်နော၍ တွင်ကျယ်စွာ ထွန်ရမှု, တိုက်ရမှုသည် သာလျှင် နွားရှင်၏ စီးပွားမှုမည်သကဲ့သို့ ယခုအခါ ဘုရားသာသနာ၌ တွင်ကျယ်စွာ ဖြစ်ပွားသော သမထမှု, ဝိပဿနာမှုသည်သာလျှင် လူရှင်ရဟန်း တို့၏ စီးပွားမှုစင်စစ် ဖြစ်သတည်း။ ဤသာသနာ၌ သီလဝိသုဒ္ဓိမှုသည် နွားခြံကို လှောင်မှု, တုတ်လုံ့တံစွဲကိုင်၍ ထိန်းကျောင်းမှုနှင့် တူ၏။ တူပုံကား နွားသည် ထိုကဲ့သို့ မထိန်းကျောင်းလျှင် သူတစ်ပါးစီးပွားကို ဖျက်ဆီး၍ နွားရှင်မှာ မှုပြစ်မစဲ

www.dhammaransi.com



ရောက်ရာ၏။ ပျောက်ပျက်၍သော်လည်း သွားရာ၏။ ထို့အတူ သီလဝိသုဒ္ဓိ မရှိက ကံသုံးပါးသောင်းကျန်း၍ ထိုသူမှာ လောကပြစ်, ဓမ္မပြစ်မစဲ ရောက်ရာ၏။

ကာယဂတာ သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်မှုသည် နွားကို နဖားကြိုးတပ်မှု, ချည်တိုင်ကြိုးလွန်တို့ဖြင့် ယဉ်ကျေးအောင် ဆုံးမမှုနှင့်တူ၏။ တူပုံကား –ခိုင်မြဲစွာ ချည်နှောင်၍ထားခဲ့လျှင် ထိုနွားသည် နွားရှင်ထားရာ၌ ထားသမျှ နေရတော့မည်။ တစ်ခြားတစ်ပါးသို့ မသွားနိုင်ပြီ၊ ထို့အတူ မိမိကိုယ်ခန္ဓာ တည်းဟူသော ချည်တိုင်၌ သတိပဋ္ဌာန်တည်းဟူသော ကြိုးလွန်ဖြင့် ခိုင်မြဲစွာချည်မှု ထမြောက်သောအခါ သတ္တဝါတို့၏ စိတ်သည် စိတ်ရှင်ထားရာ၌ ထားလိုသမျှ နေတော့သည်၊ အနမတဂ္ဂသံသရာမှ အစဉ်ပါရှိ၍နေသော မငြိမ်သက်ခြင်း အလေ့, ထိုထိုအာရုံသို့ ရပ်တည်မရ ပြေးသွားလွင့်ပါးခြင်း အလေ့တို့သည် ပျောက်ငြိမ်း ကုန်၏။

ကာယဂတာ သတိပဋ္ဌာန် ဘာဝနာမှုကို ရှေးဦးစွာ မတည်ထောင်မူ၍ သမထမှု, ဝိပဿနာမှုကို ပြုလုပ်သောသူသည် ကြိုးမရှိသေးသော နွားရိုင်းကို ထွန်လမ်းစခန်းသို့ ဖြောင့်တန်းငြိမ်သက်စွာ သွားအောင် မတတ်နိုင်လတ္တံ့၊ ရိုင်းသည့်အတွက်, ကြိုးမရှိသည့်အတွက် ခဏခြင်း လမ်းမဟုတ်ရာသို့ ဆွဲငင်၍ သော်လည်း သွားလတ္တံ့၊ လှည်းထမ်းပိုး, ထွန်ထမ်းပိုးတို့ကိုသော်လည်း ချိုးဖဲ့၍ ထွက်သွားလတ္တံ့သာတည်း၊ မိမိခန္ဓာကိုယ်၌ ထားလိုသမျှ ငြိမ်သက်တည်ကြည်စွာ နေသဖြင့် ကာယဂတာသတိပဋ္ဌာန် ဘာဝနာတည်ထောင်မိသောအခါမှ သမထ လုပ်ခွင်, ဝိပဿနာ လုပ်ခွင်များသို့ စိတ်ကသွင်းထားပါမူကား ထိုအာရုံ၌ တည်ငြိမ်စွာ နေသဖြင့် ထင်မှု, မြင်မှု အလုပ်တွင်ကျယ်လေသတည်း။

## ဆင်ရိုင်းဆုံးမပုံဥပမာနှင့် စိတ်ကိုဆုံးမနည်း

ဆင်ရိုင်းဥပမာ၌ တော၌နေသော ဆင်ရိုင်းကို အောင်းမနှင့်တွဲ၍ လွင်သို့ ထုတ်ယူခဲ့ပြီးမှ ကျုံးတွင်းသို့သွင်း၍ ကြိုးလွန်တပ်ပြီးလျှင် ဆင်ချည်တိုင်၌ ခိုင်မြဲစွာ ချည်နှောင်၍ ယဉ်အောင် ပြု လုပ်ပြီးမှ အဆိပ်အတောက်မရှိ အလွန်ငြိမ်သက် တည်ကြည်ရှိသောအခါ သိမှု, လိမ္မာမှု အမျိုးမျိုးတို့ကို ကြိုးကျုနပ်နှောစွာ ဆုံးမပြီးမှ

www.dhammaransi.com



မင်းပွဲသဘင်, စစ်မြေပြင်တို့၌ မင်းစီးဆင် ပြုလုပ်ရသတည်း။

လူ့ကာမဂုဏ်စုသည် ဆင်ပျော်သော တောကြီးနှင့်တူ၏။ သာသနာတော်သည် မြို့ရွာလွင်ပြင်နှင့် တူ၏။ စိတ်သည် တောဆင်ရိုင်းနှင့်တူ၏။ သာသနာဓမ္မတို့၌ အလွန်ယုံကြည်လှ လိုလားလှသော သဒ္ဓါ, ဆန္ဒတို့သည် အလွန်လိမ္မာသော အောင်းမတို့နှင့်တူကုန်၏။ သီလဝိသုဒ္ဓိသည် ဆင်ကျုံးတော်ကြီးနှင့် တူ၏။ ထွက်သက် ဝင်သက် အစရှိသော မိမိကိုယ်ခန္ဓာသည် ဆင်ချည်တိုင်ကြီးနှင့် တူ၏။ ကာယဂတာသတိသည် ကြိုးလွန်နှင့်တူ၏။ သမထ, ဝိပဿနာတို့၏ ရှေးအဖို့ ပရိကံမှုစုသည် ဆင်ကိုသွန်သင်ဆုံးမမှုနှင့် တူ၏။ သမထမှု, ဝိပဿနာမှုသည် မင်းပွဲသဘင်, စစ် မြေပြင်နှင့် တူ၏။

[အကြွင်းဆိုဖွယ်စုသည် သိသာလေပြီ။]

ဤသို့လျှင် သူရူးဥပမာ, လှေသူကြီးဥပမာ, နွားဥပမာ, ဆင်ဥပမာတို့ဖြင့် အနမတဂ္ဂ သံသရာ၌ ပွင့်တော်မူကုန်သော ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ သာသနာ၌ သီလဝိသုဒ္ဓိမှ အထက်သို့ တက်လမ်းတွင် ရှေးဦးစွာ တည်ထောင်ကြရမြဲ အရိုးအစဉ်ကြီးဖြစ်သော ကာယဂတာသတိ၏ အချက်အရာကြီးကို ပြဆိုလိုက်သည်။

လိုရင်း အဓိပ္ပါယ်မှာမူကား - ထွက်သက် ဝင်သက်မှုနှင့် ဖြစ်စေ၊ ဣရိယာပထမှုနှင့် ဖြစ်စေ၊ သမ္ပဇဉ်မှု, ဓာတု မနသိကာရမှု, အဋ္ဌိကသညာမှု စသည်နှင့်ဖြစ်စေ နေ့နေ့ညည နိုးကြားသမျှ ဣရိယာပုထ် ၄-ပါးတို့၌ မိမိစိတ်ကို မိမိကိုယ်၌ ထားလိုသမျှ ထားနိုင်ကြအောင် ပွားများအားထုတ်ကြကုန်ရာ၏။ ထားလိုသမျှ ထားနိုင်ကြလျှင် စိတ်ကို အစိုးရမှု ရှိပေသဖြင့် စိတ်ကို အစိုးမရသော သူရူး, သူနှမ်းအဖြစ်မှ ကျွတ်လွတ်ကြကုန်၏။ လှေတက်ကို အလွန်နိုင်နင်းသော လှေသူကြီးနှင့် တူကြကုန်၏။ ဝန်ဆောင်မှုနှင့် ထမ်းပိုးနပ်နော၍ပြီးသော နွားရှင်, မင်းပွဲသဘင် စစ်မြေပြင်တို့၌ ယဉ်ပြီး, လိမ္မာပြီးသော ဆင်ကြီးရှင်မင်းတို့နှင့် တူကုန်၏။

www.dhammaransi.com



## ကာယဂတာသတိ၏ မြင့်မြတ်ပုံ

စိတ်ကိုအစိုးရမှုမည်သည် အမျိုးမျိုး အဆင့်ဆင့် ရှိ၏။ ကာယဂတာသတိ တည်ထောင်မိမှုသည် မြတ်စွာဘုရားတို့၏ သာသနာအလုပ်၌ အစစွာသော အစိုးရမှုပေတည်း။ သမထလမ်းကို မလိုက်လိုကြမူ၍ သုက္ခဝိပဿက ပုဂ္ဂိုလ်တို့၏ လမ်းဖြစ်သော ဝိပဿနာမှု သက်သက်ကိုသာ အားထုတ်ကြလျှင် ကာယဂတာသတိ ထမြောက်သည်မှ ဝိပဿနာသို့ တက်ကြလေ။

ကာယဂတာ သတိပဋ္ဌာန်ကို အသီးအခြား မလုပ်လိုပြီ။ ဝီရိယကိုသာ ထက်သန်စွာ အားထုတ်၍ ဝိပဿနာမှုမှာပင် ကာယဂတာသတိလည်း အပြီးပါ အောင် အားထုတ်မည်ဆိုလျှင် ဉာဏ်စွမ်း, ဝီရိယစွမ်းရှိသောသူ မှန်ပေမူ ပြီးစီး၏။ နာမ်, ရုပ်တို့၏ ဖြစ်မှုပျက်မှုကို အမြင်ပေါက်သော ဥဒယဗ္ဗယဉာဏ်နှင့် ယှဉ်သော ကာယဂတာသတိသည် အထွတ်အမြတ်ဖြစ်သော ကာယဂတာသတိပေတည်း။

သမထလမ်း၌လည်း ထွက်သက် ဝင်သက်ဖြစ်အံ့၊ ရူပါ ဝစရစတုတ္ထဈာန် တိုင်အောင် ပေါက်ရောက်နိုင်၏။ ကေသာ, လောမာစသော ဒွတ္တိံသာကာရ ကာယဂတာသတိ၌ ဝဏ္ဏမနသိကာရမှုဖြစ်အံ့ သမာပတ်ရှစ်ပါး အကုန်ပေါက် ရောက်နိုင်၏။ ပဋိကူလ မနသိကာရမှုဖြစ်အံ့ ပဌမဈာန်သို့ ပေါက်ရောက်နိုင်၏။ ဝိပဿနာအမြင် ပေါက်ပေလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့လည်း ပေါက်ရောက်နိုင် တော့သည်။ သမထ, ဝိပဿနာ မပေါက်သော်လည်း မိမိကိုယ်၌ မိမိစိတ်ကို ထားလို သမျှ ထားနိုင်သော ကာယဂတာသတိသို့ ရောက်လျှင်ပင် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသော သူမည်၏ဟူ၍ ဟောတော်မူပေ၏။

**အမတံ တေသံ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။**

(အင်္ဂုတ္တိုရ်ပါဠိတော်။)

ယေသံ၊ ရှင်ရှင်လူလူ အကြင်သူတို့သည်။ ကာယဂတာသတိ၊ ကာယဂတာ သတိကို။ ပရိဘုတ္တာ၊ သုံးဆောင်ရ၏။ တေသံ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုတ္တံ၊ သုံးဆောင်ရ၏။ ။ (အနက်။)

အမြိုက်နိဗ္ဗာန် ဆိုသည်ကား – စိတ်၏ အလွန်အေးငြိမ်းခြင်းကို ဆိုသတည်း။ ယခုပကတိ မိမွေးတိုင်း, ဘမွေးတိုင်း ရှိနေကြသော စိတ်သည်

www.dhammaransi.com



စိတ်ရှုးစိတ်နောက်, စိတ်လေစိတ်လွင့် မျိုးဖြစ်၍ အလွန်ခြောက်သွေ့ ပူလောင်၏။ ပြောင်သီးပိုးသည် ပြောင်သီးအပူကို မသိသကဲ့သို့လည်းကောင်း, တဏှာနိုင်ငံသို့လိုက်၍ နေသောသူသည် တဏှာအပူကို မသိသကဲ့သို့လည်းကောင်း, ဒေါသမာန လွှမ်းမိုး၍ နေသောသူသည် ဒေါသအပူ မာနအပူကို မသိသကဲ့သို့လည်းကောင်း မိမိတို့စိတ်ရှုး စိတ်နောက် အပူကို ပူမှန်းမသိကြကုန်၊ ကာယဂတာသတိ ခိုင်မြဲစွာတည်၍ စိတ်ရှုး စိတ်နောက် ပျောက်ငြိမ်းသောအခါမှ ထိုအပူကို ကောင်းကောင်းကြီး သိကြကုန်၏။ ထိုအပူငြိမ်းသော အခွင့်ကိုလည်း ရကြကုန်၏။ ထိုအပူသို့ တစ်ဖန်ပြန်၍ ရောက်မည်ကိုပင် ကြောက်ကြကုန်၏။ သမထစျာန် အနေသို့ရောက်သော ကာယဂတာ သတိပဋ္ဌာန်, ဥဒယဗ္ဗယဉာဏ် အနေသို့ရောက်သော ကာယဂတာသတိပဋ္ဌာန်တို့၌ ဆိုဖွယ်မရှိပြီ။

ထို့ကြောင့် အထက်အထက်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေလေ ကာယဂတာ သတိပဋ္ဌာန်ကို မလွှတ်နိုင်လေလေ ဖြစ်သတည်း။

အရိယာပုဂ္ဂိုလ်တို့သည်လည်း ပရိနိဗ္ဗာန် စံသည်တိုင်အောင် သတိပဋ္ဌာန် လေးပါးကို အာဟာရ ပြုကြကုန်တော့သည်။ ထွက်သက် ဝင်သက်စသော ကိုယ်အင်္ဂါ၌ တစ်နာရီ, နှစ်နာရီ စသည်ဖြင့် စိတ်ကိုတည်ငြိမ်စွာ ထားနိုင်ရုံမျှသာ ကာယဂတာသတိမှုသည်ကား ဝီရိယထက်သန်လျှင် ထက်သန်သည့်အလျောက်, ဝီရိယပျော့ညံ့လျှင် ပျော့ညံ့သည့်အလျောက် ခုနစ်ရက်ခန့်နှင့် ပေါက်သည်လည်း ရှိ၏။ ၁၅ -ရက်ခန့်နှင့် ပေါက်သည်လည်း ရှိ၏။ တစ်လခန့်နှင့် ပေါက်သည် လည်း ရှိ၏။ ၂ -လ၊ ၃ -လ၊ ၄ -လ၊ ၅ -လ၊ ၆ -လ၊ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်မှ ပေါက်သည်လည်းရှိ၏။ ထွက်သက် ဝင်သက် လုပ်ပုံအစီအရင်မှာ ငါတို့စီရင်သော အာနာပါနဒီပနီ ရှိလေ၏။ ဒွတ္တိံသာကာရ အစီအရင်မှာ ရှေးဆရာတို့ ထုတ်ပြသော ကမ္မဋ္ဌာန်းစာ အများရှိ၏။ ဤဒွတ္တိံသာကာရ အလုပ်၌ ကေသာ, လောမာ, နခါ, ဒန္တာ, ,တစော ဤငါးခုသည် တစပဉ္စက မည်၏။ ဤငါးခု ထင်မြင်စွဲမြဲလျှင်ပင် ကာယဂတာသတိ မြောက်တော့သည်။

[စတုဓာတုဝဝတ္ထာန် အစီအရင်, ရုပ်ဝိပဿနာ - နာမ်ဝိပဿနာ အစီအရင်တို့ကိုမူကား ငါတို့စီရင်သော "လက္ခဏာဒီပနီ", "ဝိဇ္ဇာမဂ္ဂဒီပနီ", "အာဟာရဒီပနီ" "အနတ္တဒီပနီ" စာအုပ်တို့မှာယူလေ]

www.dhammaransi.com



ဤတွင်ရွေ့ကား ခပ်သိမ်းသော ဘုရားသာသနာတို့၌ နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ်တို့သည် တွေ့ရှိဆဲဖြစ်သော ဘုရားသာသနာ၌ပင် မဂ်, ဖိုလ်ကို ရနိုင်ခြင်းငှါ ဘာဝနာမှုတွင် ရှေးဦးစွာ တည်ထောင်အားထုတ်ကြသော ကာယဂတာ သတိ ဘာဝနာဟု ဆိုအပ်သော သတိပဋ္ဌာန်လေးပါး အမြွက်ပြီး၏။

သတိပဋ္ဌာန် ၄ -ပါး ပြီး၏။

## သမ္မပ္ပဓာန် ၄ -ပါး

## သမ္မပ္ပဓာန်၏ အနက်အဓိပ္ပါယ်

သမ္မပ္ပဓာန်ဆိုသည်ကား -

**"ဘုသံ ဒဟတိ ဝဟတီတိ ပဓာနံ သမ္မဒေဝ ပဓာနံ သမ္မပ္ပဓာနံ"**။

ဘုသံ၊ လွန်စွာ။ ဒဟတိ ဝဟတိ၊ ရွက်ဆောင်တတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ပဓာနံ၊ ပဓာနမည်၏။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ပဓာနံ၊ လွန်စွာ ရွက်ဆောင်တတ်သော တရားသည်။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန် မည်၏။

## သမ္မပ္ပဓာန်အင်္ဂါ ၄-ပါး

တွန့်တိုခြင်း မရှိသော ဝီရိယကို သမ္မပ္ပဓာန်ဆိုသည်၊ အာတာပဝီရိယလည်း ခေါ်၏။ အားထုတ်မှုအရာ၌ လွန်စွာအပူအပန် အပင်အပန်း ခံနိုင်သော ဝီရိယဟူလို၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယ၏အမည်ချည်းတည်း။

အင်္ဂါလေးပါးကိုမူကား -

**"ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသိ သတု။ ဥပသုဿတု မေ သရီရေ မံသလောဟိတံ။ ယံ တံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ။ နတံပတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ"** -

ဟူ၍ ဟောတော်မူ၏။

မေ၊ ငါ၏။ သရီရေ၊ ကိုယ်၌။ တစော စ၊ အရေသည်လည်းကောင်း။ နှာရု စ၊ အကြောသည်လည်းကောင်း။ အဋ္ဌိ စ၊ အရိုးသည်လည်းကောင်း။

www.dhammaransi.com



အဝသိဿတု၊ ကြွင်းကျန်လေစေ။ မံသလောဟိတံ၊ အသား, အသွေးဟူသမျှသည်။ ကာမံ၊ စင်စစ်။ ဥပသုဿတု၊ ခန်းခြောက်၍ကုန်လေစေ။ ယံတံ၊ အကြင် ဈာန်, မဂ်, ဖိုလ်တရားမည်သည်ကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏ အစွမ်းဖြင့်။ ပုရိသ ပရက္ကမေန၊ ယောကျ်ားတို့၏ မတွန့်မရွံ့ စွန့်စားမှုဖြင့်။ ပတ္တဗ္ဗံ၊ ရောက်ထိုက်၏။ တံ၊ ထိုဈာန်, မဂ်, ဖိုလ်ကို။ အပတွာ၊ မရောက်သည်ရှိသော်။ ဝီရိယဿ၊ ဝီရိယ၏။ သဏ္ဌာနံ၊ တန့်ရပ်ခြင်းသည်။ နဘဝိဿတိ၊ မဖြစ်လတ္တံ့။ (အနက်)

၁။ အရေကြွင်းစေ အင်္ဂါတစ်ပါး၊

၂။ အကြောကြွင်းစေ အင်္ဂါတစ်ပါး၊

၃။ အရိုးကြွင်းစေ အင်္ဂါတစ်ပါး၊

၄။ အသား, အသွေး အကုန်ခန်းခြောက်လေစေ အင်္ဂါတစ်ပါး၊

ဤကား သမ္မပ္ပဓာန် ဝီရိယ၏ အင်္ဂါလေးပါးတည်း၊ ဝီရိယကို အားထုတ်နိုင်လျှင် ရထိုက်သော တရားမျိုးသာ မှန်ပါစေ၊ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ၊ ဝီရိယကို မလျှော့ပြီဟု အရှင်သောဏထေရ်, **အရှင်စက္ခုပါလထေရ်**တို့ကဲ့သို့ဖြစ်သော ဝီရိယမျိုးတည်း၊ ဝီရိယမှုမှာ ကမ်းကုန်အောင် လွှတ်မှုတည်း။

## တရားထူးမရတိုင်း တခြားလွှဲမချသင့်ပုံ

ဤကဲ့သို့ မြတ်စွာဘုရား ထားတော်မူခဲ့သော ဝီရိယအပိုင်းအခြားကို သေသည့်နေ့တိုင် ပြည့်မှီအောင် အားထုတ်ပါလျက် ဈာန်, မဂ်, ဖိုလ်တရားကို မရနိုင်ရှိခဲ့လျှင်သာ ခေတ်သမယကို ချလိုလျှင်ချသင့်၏၊ ဒွိဟိတ်ကို ချလိုလျှင် ချသင့်၏။ ပါရမီကို ချလိုလျှင် ချထိုက်၏။

ယခုလောက၌ အချို့သော သူတို့သည်ကား မြတ်စွာဘုရား ထားတော်မူခဲ့သော ဝီရိယအပိုင်းအခြားကို အပြည့်မှီအောင် အားထုတ်မှုမှာဝေးစွ၊ ပကတိသော စိတ်လေ စိတ်လွင့်, စိတ်ရှုး စိတ်နှောက်ကို ပပျောက်ငြိမ်းစေရန် ကာယဂတာသတိမှုကိုမျှ ဖြစ်မြောက်အောင် အားမထုတ်ကြဘဲလျက် အချို့သူတို့ကား မဂ်,

www.dhammaransi.com



ဖိုလ်ကို ရထိုက်သော အခါမဟုတ်၍ မရနိုင်ကြသည်ဟု ပြောဆိုကြကုန်၏။ အချို့သူတို့ကား ရထိုက်သော ပါရမီမရှိကြ၍ မရနိုင်ကြသည်ဟု ပြောဆိုကြကုန်၏။ အချို့သူတို့ကား ယခုကာလ၌ ဒွိဟိတ်သားတွေဖြစ်၍ မရနိုင်ကြသည်ဟု ပြောဆိုကြကုန်၏။ အလွန်အားထုတ်မှ ရနိုင်သော နေယျပုဂ္ဂိုလ်တို့၏ ခေတ်ကာလ၌ သမ္မပ္ပဓာန် ဝီရိယ အချိုးမကျ ရှိနေမှုကို မသိကြ၍ ပြောဆိုကြကုန်သတည်း၊ သမ္မပ္ပဓာန် ဝီရိယ အချိုးကျအောင် ပဟိတတ္တ စိတ်ထားနှင့် အားထုတ်ကြပါကုန်မူကား လူတစ်ထောင်အားထုတ်လျှင် သုံးရာ, လေးရာ, ငါးရာ စသည်၊ လူတစ်ရာ အားထုတ်လျှင် သုံးကျိပ်, လေးကျိပ်, ငါးကျိပ်စသည် ဧကန်ထမြောက်ပေါက်ရောက်ကြကုန်၏။ ပဟိတတ္တစိတ်ဆိုသည်ကား ဤအလုပ်နှင့် ဤတစ်သက်ဟု တစ်စိတ်တည်း ချထား၍ အားအင်မယုတ် အစွမ်းထုတ်မှုတည်း။

## ယခုကာလ သမ္မပ္ပဓာန် မဖြစ်နိုင်ကြပုံ

**ရှင်သောဏ မထေရ်**သည် ဝါတွင်းသုံးလပတ်လုံး အိပ်မှုမရှိ၊ ထိုင်မှု, စင်္ကြံသွားမှုနှင့် အားထုတ်၏။ ရှင်စက္ခုပါလလည်း ထို့အတူ၊ **ဖုဿဒေဝမထေရ်**သည် ထိုကဲ့သို့ ၂၅ –နှစ်တိုင်တိုင် အားထုတ်မှုရ၏။ **မဟာသိဝမထေရ်**သည် အိပ်မှုကို ပယ်ရှား၍ အနှစ်သုံးဆယ် အားထုတ်မှုရ၏။ ယခုကာလ၌ ထိုကဲ့သို့သော သမ္မပ္ပဓာန်မှု အလွန်ကြီးလို၍နေကြ၏။ အားထုတ်ကြသူတို့မှာလည်း ပရိယတ္တိဉာဏ်ပညာ အားသေးလျက် နေကြ၏။ ပရိယတ္တိဉာဏ်ပညာ အလိမ်မာရှိကြသူတို့မှာလည်း မြို့ရွာမှာ နေလျှင် မြို့ဘုန်း, ရွာဘုန်းကြီးမှု, တောတောင်မှာနေလျှင် တောဘုန်း တောင်ဘုန်းကြီးမှု, တရားဓမ္မ ပြောဟောမှု, ကျမ်းဂန်ဓမ္မ ရေးသားမှု, ပလိဗောဓကြီးတွေနှင့် နေကြကုန်၏။ နှစ်ရှည်လများ တစ်သွန်တည်းသွားသော သမ္မပ္ပဓာန် ဝီရိယ မဖြစ်နိုင်ကြကုန်။

## ပျော့ညံ့သူများအတွက် သတိပေးချက်

အချို့သူတို့ကား ပါရမီပြည့်သဖြင့် ကျွတ်ချိန်ကျသောအခါ အလွယ်တကူနှင့် ကျွတ်ရလိမ့်မည်။ ယခုအခါ ရမည်, မရမည်ကို မသိဘဲနှင့်

www.dhammaransi.com



အပန်းမခံနိုင်ဟု ယခုအပန်းခံရမည်ကို ကြောက်ကြကုန်၏။ အလွယ်တကူ ကျွတ်ခွင့်သို့ မရောက်မီအကြား၌ အပါယ်ငရဲသို့ အနှစ်တစ်သိန်း စသည်ကျ၍ ငရဲမီးတွင်းမှာ နေရမည့်ဒုက္ခနှင့် ယခုဘာဝနာအလုပ်နှင့် အနှစ်သုံးဆယ် ပန်းရသော ဒုက္ခကို နှိုင်းယှဉ်၍ မကြည့်ကြကုန်။ ယခု အနှစ်သုံးဆယ် ပန်းမှုသည် ငရဲ၌သုံးနာရီ ပန်းမှုလောက် မဆိုးဝါး။ ယခု အနှစ်သုံးဆယ် အပန်းခံလျှင် ထိုအပါယ်ကျမှုမှ ကေန္ဒလွတ်လိမ့်မည် သိသလား၊ မလွတ်လျှင် အတူတူပင် ဟူငြားအံ့၊ ကျွတ်ထိုက်လျှင် ယခုဘဝ၌ပင် ကျွတ်လိမ့်မည်၊ ယခု ဘဝမကျွတ်ထိုက်သေးလျှင် နောက်ဘဝ၌ ကျွတ်လိမ့်မည်။ ဤဘုရားသာသနာ၌ မကျွတ်ရသော်လည်း အနှစ်သုံးဆယ် အပန်းခံရသော ဘာဝနာအာစိဏ္ဏကံသည် အလွန်ကြီးကျယ်သော ကံဖြစ်၍ အပါယ်ကျခြင်းမရှိဘဲ သုဂတိဘဝ အဆက်ဆက်နှင့်ပင် နောက်ဘုရားကို တွေ့လိမ့်မည်။ အားမထုတ်ဘဲ နေကြသူတို့မှာ အနှစ်သုံးဆယ် အပန်းမခံနိုင်ကြ ပါလျှင် ယခုဘဝ ယခုဘုရား သာသနာ၌ ကျွတ်ထိုက်သူ ဖြစ်ကြကုန်သော်လည်း မကျွတ်ကြကုန်ပြီ၊ အားမထုတ်ဘဲ နေကြသည့်အတွက် တစ်စုံတစ်ခုမျှ တွက်ခြေမရှိ၊ ရှုံးမှုကြီး သက်သက်သာ ဖြစ်၏။ ပညာသတိ ရှိကြစေကုန်၊ ထိုသမ္မပ္ပဓာန်သည် လိုအပ်သော အကျိုးအပြားအားဖြင့် လေးပါးရှိ၏။

**၁။ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော။**

**၂။ အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော။**

**၃။ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော။**

**၄။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝါယာမော။**

၁။ ဥပ္ပန္နာနံ၊ မိမိသန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော။ အားထုတ်ခြင်းလည်းကောင်း။

၂။ အနုပ္ပန္နာနံ၊ မိမိသန္တာန်၌ ရှေ့သို့ဖြစ်လတ္တံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့ကို။ အနုပ္ပါဒါယ၊ နောင်ဘဝအဆက်ဆက် တစ်ရံတစ်ဆစ်မျှ မိမိ သန္တာန်မှာ မဖြစ်လာခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းလည်းကောင်း။

www.dhammaransi.com



၃။ အနုပ္ပန္နာနံ၊ မိမိသန္တာန်၌ မဖြစ်ဖူးသေးကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ မိမိသန္တာန်၌ ဖြစ်စေခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းလည်းကောင်း။

၄။ ဥပ္ပန္နာနံ၊ မိမိသန္တာန်၌ဖြစ်ပြီး ဖြစ်ဆဲဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ နိယာမအဖြစ်သို့ ရောက်စေရန် လွန်စွာကြီးပွားစေခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းလည်းကောင်း။

သမ္မပ္ပဓာန်ဝီရိယ လေးပါးတည်း။

## အကုသိုလ်၌ ဥပ္ပန္န - အနုပ္ပန္နခွဲပုံ

အဓိပ္ပါယ်ကား သံသရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါအပေါင်းတို့၏ သန္တာန်၌ -

၁။ ဥပ္ပန္န အကုသိုလ်၊

၂။ အနုပ္ပန္န အကုသိုလ်- ဟူ၍ နှစ်ပါးစီ ရှိကုန်၏။

(၁) ဥပ္ပန္န အကုသိုလ်ဆိုသည်ကား အတိတ်အကုသိုလ်, ပစ္စုပ္ပန်အကုသိုလ်ကို ဆိုသတည်း၊ ရှေးရှေးသော ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက်တို့မှ ယနေ့ထက်တိုင် မိုက်မှားပြုကျင့်၍ လာခဲ့သော အကုသိုလ်ဟောင်းစု, ဒုစရိုက်ဟောင်းစု, မကောင်း စုဆိုလိုသည်။ ထိုအတိတ် အကုသိုလ်သည် အပါယ်ငရဲ၌ ပဋိသန္ဓေအကျိုးကို ပေးခွင့်ရ၍ အချင်းခပ်သိမ်း ကုန်ငြိမ်းလေပြီးသော အကုသိုလ်ကံဟောင်းစုလည်း ရှိ၏။ ပဋိသန္ဓေအကျိုးကို ပေးခွင့်မရသေး၍ ထိုပုဂ္ဂိုလ်သန္တာန်တွင် ဘဝများစွာ ကမ္ဘာအဆက်ဆက် စိတ်ထဲ, နှလုံးထဲမှာ အမြဲပါရှိ၍နေသော အကုသိုလ်ကံဟောင်းစုလည်း ရှိ၏။ သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား တစ်ယောက်, တစ်ယောက်သော သူမှာပင် အဝီစိသို့ ကျရောက်ရန် ကြွေးဟောင်း, မြီဟောင်း အကုသိုလ်ကံပေါင်း အနန္တပါရှိ၍ နေကြ ၏။ ကြွင်းသောငရဲ ကြွင်းသောအပါယ်တို့သို့ ကျရောက်ရန် ကံဟောင်းတို့လည်း အနန္တပါရှိ၍ နေကြ၏။ ဤသို့ ကံမြောက်ပြီးဖြစ်လျက်

www.dhammaransi.com



ပဋိသန္ဓေအကျိုးကို ပေးခွင့်မရသေး၍ အခွင့်ကိုစောင့်စားကာ အစဉ်ပါရှိ၍ နေကြသော အကုသိုလ် ဒုစရိုက်ဟောင်းစုကို ဤအရာ၌ ဥပ္ပန္နဆိုသတည်း။

ထိုဥပ္ပန္နအကုသိုလ် ဒုစရိုက်ကံဟောင်းတို့သည် သက္ကာယဒိဋ္ဌိမှာ တွယ်တာကြကုန်၏။ သက္ကာယဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး ကျိုးမပေးရလျှင် တစ်ခုသောကံဟောင်းမျှ ပျောက်ပျက်သည်ဟူ၍ မရှိလေ။ အကြင်အခါ၌ အနတ္တလက္ခဏာကို ကောင်းစွာထင်မြင်၍ သက္ကာယဒိဋ္ဌိ ချုပ်ဆုံး၏။ ထိုအခါ၌ ထို ဥပ္ပန္နဖြစ်သော အကုသိုလ်ဟောင်းတို့သည် အဏုမြူမျှ အကြွင်းမကျန် မရှိကုန်မူ၍ အကုန်ကွယ်ပျောက် ကြကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုဘဝမှစ၍ နောင်အနာဂတ် သံသရာ၌ ကံဟောင်းတို့အတွက်နှင့် အပါယ်မှုကို အိပ်မက်တွင်မျှ မကြုံရလေပြီ။

(၂) အနုပ္ပန္န အကုသိုလ်ဆိုသည်ကား- အနာဂတ် အကုသိုလ်တည်း။ ယခုဘဝတွင် နောက်ခဏမှစ၍ ဘဝအဆက်ဆက် မိုက်ကွက်ရှိတိုင်း တွင်တွင်မိုက်မဲ မှောက်မှား၍ သွားဦးမည့် အကုသိုလ်သစ်, ဒုစရိုက်သစ်, အမိုက်သစ်, အမှားသစ် အနန္တတို့ကို အနုပ္ပန္နဆိုသတည်း၊ ထိုအကုသိုလ် ဒုစရိုက်သစ်, အမိုက်သစ်, အမှားသစ်တို့သည် တစ်ယောက်, တစ်ယောက်သော သူအားတစ်ဘဝ တစ်ဘဝမှာပင် အနန္တ အနန္တ ဖြစ်နိုင်၏။ ထိုအနုပ္ပန္န အကုသိုလ်ဒုစရိုက် အမိုက်ခပ်သိမ်းတို့သည်လည်း သက္ကာယဒိဋ္ဌိမှ ထွက်ကြကုန်၏။ သက္ကာယဒိဋ္ဌိမှ ပေါက်ဖွားကြကုန်၏။ အကြင်အခါ၌ သက္ကာယဒိဋ္ဌိ ချုပ်ဆုံး၏။ ထိုအခါ၌ ထိုပုဂ္ဂိုလ်သန္တာန်တွင် ထိုအနုပ္ပန္နဖြစ်သော အကုသိုလ်ကံသစ်တို့သည် အဏုမြူမျှ အကြွင်းအကျန် မရှိကုန်မူ၍ အကုန်ချုပ်ငြိမ်းကြကုန်၏။ ထိုသန္တာန်၌ နောက်ခဏ, နောက်ဘဝ, နောက်ကမ္ဘာ အဆက်ဆက်တို့၌ တစ်ရံတစ်ဆစ်မျှ ဖြစ်လာခြင်း မရှိသည်ကို ချုပ်ငြိမ်းမှုဆိုသတည်း။ ထိုပုဂ္ဂိုလ်သည် ထိုခဏမှစ၍ နောက်အနမတဂ္ဂ သံသရာ၌ ပါဏာတိပါတ အစရှိသော အကုသိုလ်ဒုစရိုက် အမိုက်အမှားမှုများကို အိပ်မက်တွင်မျှ မကြုံရလေပြီ။

သက္ကာယဒိဋ္ဌိ ရှိနေကြကုန်သည်ရှိသော် လေးကျွန်းသေဠ်နင်း စကြာမင်းတို့သည်လည်း ငရဲမီးတွေ ရှေ့နောက် တစ်ခွင်လုံးညှပ်၍ နေဘိသကဲ့သို့ ထိုဥပ္ပန္န, အနုပ္ပန္န အကုသိုလ်နှစ်ရပ်ကိုညှပ်၍ လှောင်၍နေကုန်၏။ အပူကောင်ကြီး သက်

www.dhammaransi.com



သက်တို့သာတည်း။ နတ်ပြည်ခြောက်ထပ် နတ်မင်း, သိကြားမင်းကြီး၊ ရူပ, အရူပ ဗြဟ္မာမင်းကြီးတို့သည်လည်း ထို့အတူ အပူကောင်ကြီးတွေတို့သာတည်း၊ ငရဲကြီး ငရဲလွန်, အပါယ်ကြီး အပါယ်လွန် တင်းလင်းနှင့် အကျဉ်းအကြပ် နေရသော သူတို့သာတည်း။ သံသရာဝဲသြဃကြီး၌ နစ်သမား, မွန်းသမားတို့သာတည်း၊ မြုပ်သမား, မျောသမားတို့သာတည်း။

## ဥပ္ပန္န, အနုပ္ပန္န အကုသိုလ် ၂-မျိုးမှ လွတ်နိုင်ပုံ

အနမတဂ္ဂသံသရာတွင် အလွန်တွေကြုံခဲလှသော ဘုရားသာသနာကို မြော်ကြရကုန်သည်, တောင့်တကြရကုန်သည်ကား ဖြစ်လေရာရာ အစဉ်ပါ၍ ရှေ့တစ်ခွင်လုံး နောက်တစ်ခွင်လုံး ဝိုင်းအုံလျောင်ညှပ်၍နေကုန်သော ထိုဥပ္ပန္န, အနုပ္ပန္န အကုသိုလ် ငရဲမီးတို့၏ တစ်ခါတည်းပြီး ချုပ်ငြိမ်းခြင်းဟူသော အခွင့်ကို အလွန်အလိုရှိကြကုန်သည်ဖြစ်၍ ဘုရားသာသနာကို မြော်ကြရကုန်၏။ တောင့်တကြရကုန်၏။ ဘုရားသာသနာနှင့် တွေကြုံကြသော သူတို့သည်လည်း ထိုဘဝတွင် ထိုဥပ္ပန္န, အနုပ္ပန္န အကုသိုလ် ငရဲမီးတို့ကို အသေသတ်မှု အလုပ်တစ်ခုကိုသာ ကိုယ်ကျိုး, ကိုယ်စီးပွား ပြုလုပ်ကြရကုန်၏။ ထိုဥပ္ပန္န, အနုပ္ပန္န အကုသိုလ်နှစ်ရပ်တို့ကို အသေသတ်မှု ဆိုသည်လည်း သက္ကာယဒိဋ္ဌိကို အသေသတ်မှုသာတည်း၊ သက္ကာယဒိဋ္ဌိသေလျှင် ထိုအကုသိုလ် နှစ်ရပ်တို့လည်း အကုန်သေကုန်တော့သည်။

ထိုအကုသိုလ်နှစ်ရပ် သေငြိမ်းပြီးသော ဝိသာခါ, အနာ ထပိဏ် အစရှိကုန်သော အသေချော်ယျ အနန္တများလှစွာကုန်သော ဘုံစဉ်စံသောတာပန် ဖြစ်သူ နတ်, လူ, ဗြဟ္မာ အပေါင်းတို့သည်ကား သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသော နာရီမှစ၍ ဝဲသြဃ သံသရာ၌ နစ်မှု, မွန်းမှု, မြုပ်မှု, မျောမှုတို့မှ ကျွတ်လွတ်ကြလေကုန်၏။ သဉပါဒိသေသ ပဌမနိဗ္ဗာန်တွင်းသို့ ရောက်ကြလေကုန်၏။ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ ကျင်လည်၍ သွားကြကုန်သော်လည်း လောကီဘုံသူ, လောကီဘုံသား မဟုတ်ကြကုန်ပြီ၊ ဘုံစဉ်စံအရိယာ လောကုတ္တရာဘုံသူ, လောကုတ္တရာ ဘုံသားတို့ပေတည်း။

www.dhammaransi.com



ဤကား သောတာပန် ပုဂ္ဂိုလ်တို့ ကျွတ်လွတ်ကြသော ဥပ္ပန္န, အနုပ္ပန္န အကုသိုလ်နှစ်ရပ်တို့ကိုပြဆိုချက်တည်း။

**အကုသိုလ်၌ ဥပ္ပန္န, အနုပ္ပန္န ခွဲခန်းအပြွက်ပြီး၏။**

## ကုသိုလ်၌ ဥပ္ပန္န, အနုပ္ပန္နခွဲနည်း

ကုသိုလ်၌ဥပ္ပန္န, အနုပ္ပန္နခွဲခန်းကို သီလ, သမာဓိ, ပညာဟူသော သာသနာ ၃ -ပါး၊ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, လောကုတ္တရဉာဏ ဒဿနဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိခုနစ်ပါးတို့ကို အစဉ်မှီး၍ ပြဆိုပေအံ့။

## သံသရာကို ဒုစရိုက်ကြောင့်သာ ကြောက်ရပုံ

ဤသံသရာကြီးသည် အလွန်ကြောက်ဖွယ်, လန့်ဖွယ် ကောင်းလှ၍ ဆိုသည်မှာလည်း ဒိဋ္ဌိအမှောက်အမှားကြီးလျှင် အရင်းရှိသော ပြဆိုခဲ့ပြီးသော ဥပ္ပန္န,အနုပ္ပန္န ဒုစရိုက် အမိုက်အမဲတို့အတွက်ပင်တည်း၊ ဤသံသရာကြီးသည် ခိုရာမရှိ၊ ကိုးရာမရှိ၊ ပုန်းအောင်းရာမရှိ ဆိုသည်မှာလည်း ထိုဒိဋ္ဌိအမှောက်အမှား ချုပ်ငြိမ်းခဲ့လျှင် အဟောင်းအသစ်ဖြစ်သော ဒုစရိုက်အမိုက်အမဲ အကုန်ချုပ်ငြိမ်းလျှင် ထိုသူမှာ အပါယ်သံသရာကြီး အပြီးလွတ်မြောက်၏။ မြင့်မြတ်သော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ ဘဝတို့သာ ကျန်ရှိကုန်၏။

ထို့ကြောင့် အပါယ်သံသရာကြီးနှင့်တကွ ဥပ္ပန္န, အနုပ္ပန္န ဖြစ်သော ဒုစရိုက်အသစ်အဟောင်းတို့ကို တစ်ပေါင်းတည်း တစ်လုံးတည်း တစ်ချက်တည်း ကျွတ်လွတ်စေခြင်းငှါ ဘုရား သာသနာကို မြော်ကြတောင့်တကြရသည်နှင့်အညီ ယခုတွေ့ကြုံ၍ နေကြဆဲအခါ ထိုဒိဋ္ဌိ အမှောက်အမှားကြီးကို အသေသတ်ကြ ကုန်ရာ၏။

www.dhammaransi.com



## ဒိဋ္ဌိသုံးမျိုးနှင့် မီးခြစ်ဥပမာ

ထိုဒိဋ္ဌိသည် သတ္တဝါတို့၏သန္တာန်၌ အခိုက်အတန့်သုံးပါးဟု ဆိုအပ်သော ဘုံသုံးဆင့်, ဘုံသုံးထပ်အနေနှင့် တည်နေ၏။ ဝီတိက္ကမ ဘုံတစ်ဆင့်, ပရိယုဋ္ဌာန ဘုံတစ်ဆင့်, အနုသယ ဘုံတစ်ဆင့်၊ ဤကား သက္ကာယဒိဋ္ဌိ ဘုံသုံးဆင့်တည်း၊ နိုင်ငံသုံးရပ်လည်း ဆိုရ၏။ ဒိဋ္ဌိကြမ်း, ဒိဋ္ဌိလတ်, ဒိဋ္ဌိနု သုံးမျိုးဟူလို၊ ဤအရာ၌ ဒိဋ္ဌိ၏ သား, မြေးဖြစ်ကြကုန် သော ဒုစရိုက်ဆယ်ပါးတို့ကို ဒိဋ္ဌိ၌ အတွင်းဝင်ပြု၍ ဆိုပေအံ့။

၁။ ဝီတိက္ကမဒိဋ္ဌိကြမ်း ဆိုသည်ကား – အကုသိုလ် ကာယကံကိစ္စ, ဝစီကံကိစ္စနှင့် ထကြွသောင်းကျန်းသော ဒိဋ္ဌိတည်း။

၂။ ပရိယုဋ္ဌာနဒိဋ္ဌိလတ် ဆိုသည်ကား – မနောဒွါရ၌သာ ပွက်ပွက်ဆူ ထကြွသော ဒိဋ္ဌိတည်း။

၃။ အနုသယဒိဋ္ဌိနု ဆိုသည်ကား – ကာယကံ, ဝစီကံ, မနောကံ ဟူသော ကံသုံးပါးအနေနှင့် လှုပ်ရှားထကြွခြင်း မရှိမူ၍ အနမတဂ္ဂ သံသရာ ခန္ဓာအစဉ်၌ အမြဲနိစ္စထာဝရ ကိန်းဝပ်တည်ထောင်၍နေသော ဒိဋ္ဌိတည်း။

မီးခြစ်မှဖြစ်သော မီး၌ အခိုက်အတန့် ၃ –ပါးရှိ၏။ မီးခြစ်ခဲ တစ်ခုလုံးမှာ ကိန်းဝပ်နေသော မီးဓာတ်တစ်မျိုး၊ ကော်ဖတ်နှင့် တိုက်ခိုက်ရာ မီးခြစ်တံမှာ တောက်၍နေသော မီးတစ်မျိုး၊ ဝတ္ထုတစ်ပါးနှင့် ပေါင်းဆုံမိက မီးခြစ်တံမှ ဝတ္ထု တစ်ပါးသို့ကူး၍ တောက်လောင်သော မီးတစ်မျိုး၊ အမှိုက် သရိုက်, အဝတ်ပုဆိုး, အိမ်ရာ, ကျောင်းကန်, ဝင်းခြံ, ရပ်ရွာကို လောင်သောမီးကို ဝတ္ထုတစ်ပါးသို့ ကူး၍တောက်လောင်သော မီးဆိုသတည်း။ ဤဝတ္ထုတစ်ပါးသို့ ကူး၍ တောက်လောင်သော မီးနှင့် ဝီတိက္ကမဒိဋ္ဌိကြမ်းသည် တူ၏။ မီးခြစ်တံမှာ တောက်၍ နေသော မီးနှင့်လှုပ်ရှားထကြွရန် အာရုံအကြောင်းဆိုက်တိုက်မိ တိုင်း မနောဒွါရမှ ထကြွသော ပရိယုဋ္ဌာန ဒိဋ္ဌိလတ်သည် တူ၏။ မီးခြစ်ခဲတစ်ခုလုံးမှာ ကိန်းဝပ်၍ နေသော မီးဓာတ်နှင့် အနမတဂ္ဂဘဝအစဉ်၌ ကိုယ်ခန္ဓာတစ်ခုလုံးမှာ အမြဲထာဝရ ကိန်း ဝပ်တည်ထောင်၍နေသော အနုသယဒိဋ္ဌိနုသည် တူ၏။

www.dhammaransi.com



## အကြောင်းဆုံ၍ အဆင့်ဆင့်ကြီးမားလာပုံ

ထိုမီးခတ်သည် ကျော်ဖတ်ကျော်နှင့် မတိုက်သေးသမျှ ကာလပတ်လုံး ထကြွခြင်းမရှိ၊ ယမ်းပုံယမ်းစုမှာ ထားသော်လည်း ဥပဒ်မရှိ၊ ထို့အတူ ထိုအနုသယဒိဋ္ဌိသည် မကောင်းသော အာရုံ, မကောင်းသော အကြောင်းတို့နှင့် မတွေ့ဆုံသေးသမျှ ကာလပတ်လုံး မနောဒွါရ၌မျှ ထကြွခြင်းမရှိ၊ ကိန်းဝပ်မြဲ အတိုင်းသာ တည်နေ၏။ မကောင်းသော အာရုံ, မကောင်းသောအကြောင်း ထိုခြောက်ဒွါရ၌ ခိုက်တိုက်လာသည်ရှိသော် အနုသယဘုံမှ ခဏခြင်းထကြွ၍ မနောဒွါရ၌ ပရိယုဋ္ဌာနဘုံသို့ ဇောကိစ္စနှင့် ထကြွဆူပွက်၍ လာ၏။ ထိုအခါတွင် သူတော်ကောင်းတရားနှင့် နှိပ်ကွပ်နိုင်ခဲ့ပါမူ ထိုဘုံမှချုပ်ကွယ်၍ အနုသယဘုံ၌ ကိန်းဝပ်မြဲ ကိန်းဝပ်ပြန်၏။ မနှိပ်ကွပ်နိုင်ခဲ့ပါမူ မနောဒွါရ၌သော်လည်း ဇောတဖွားဖွား ပွားစီး၍နေတတ်၏။ ထိုထက် လှုံ့ဆော်မှု အားကြီးပြန်လျှင် ပရိယုဋ္ဌာနဘုံမှ ခဏခြင်းထကြွ၍ ဝစီဒွါရ၌ ဝီတိက္ကမဘုံမှ ဒုစရိုက်စကား တဖွားဖွား, ဒိဋ္ဌိစကား တဖွားဖွားနှင့် လူကြားရှင်ကြား ဖြစ်၍နေ၏။ ကာယဒွါရ၌သော်လည်း ဝီတိက္ကမဘုံမှာ ဒုစရိုက်အမှုအရာ, ဒိဋ္ဌိအမှုအရာတို့နှင့် သောင်းကျန်း၍နေ၏။

## အနုသယဖျက်ဆီးဖို့အရေးကြီးပုံ

လောက၌ကား ဝီတိက္ကမဘုံ, ပရိယုဋ္ဌာနဘုံ လုံခြုံ၍ ကာယကံ, ဝစီကံ, မနောကံဟူသော ကံသုံးပါး ဖြူစင်ပေလျှင် သူတော်စင်, သူတော်ကောင်း ခေါ်ကြရကုန်၏။ အနုသယဘုံကိုမူကား မသိနိုင်ကြကုန်၊ အနုသယဘုံ မပျက်စီးက ပရိယုဋ္ဌာနဘုံ, ဝီတိက္ကမဘုံ လုံခြုံသည် ဆိုသော်လည်း တဒင်္ဂ တစ်ခဏသာ လုံခြုံနိုင်၏။ သူတော်ကောင်းတရား အားကောင်းလှလျှင် မသေမီကာလ တစ်ဘဝသာ လုံခြုံနိုင်၏။ နောက်ခဏ, နောက်ဘဝတို့၌မူကား ပွက်ကြမ်း၍ ထလေကုန်အံ့သတည်း၊ လောဘ၌လည်း ဘုံ ၃-ဆင့်, ဒေါသ၌လည်း ဘုံ ၃-ဆင့်, မောဟ၌လည်း ဘုံ ၃-ဆင့်ကိုယ်စီ ရှိကြသည်ကိုသိလေ။

www.dhammaransi.com



## သီလ သမာဓိ ပညာ ခွဲနည်း

ဒိဋ္ဌိ၏ ဘုံသုံးဆင့်, နိုင်ငံသုံးရပ်ကို အစဉ်အတိုင်း အဆုံးတိုင် ဖြိုဖျက်ခြင်းငှါ (၁) သီလ, (၂) သမာဓိ, (၃) ပညာဟူသော သိက္ခာသုံးပါးကို အားထုတ်ကြရကုန်၏။ သီလဝိသုဒ္ဓိအစရှိသော ဝိသုဒ္ဓိခုနစ်ပါးကို အားထုတ်ကြရကုန်၏။

၁။ ပကတိလူတို့၌ အာဇီဝဋ္ဌမက သီလဟု ဆိုအပ်သော နိစ္စသီလသည် သီလမည်၏။ ဤပကတိလူတို့၌ အင်္ဂုပေါသထသီလ, ဒသင်္ဂသီလနှစ်ပါးသည် အမွှမ်းတင် သီလတည်း၊ နိစ္စသီလမျိုး မဟုတ်၍ တတ်နိုင်လျှင် ကောင်း၏။ မတတ်နိုင်လျှင် နေရ၏။ ညောင်ခေါက်စသော ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍ ပဗ္ဗဇိတအသွင် သူတော်စင်အဖြစ်၌ တည်ကုန်သော လူဝိသေသတို့၌ အာဇီဝဋ္ဌမက သီလနှင့် ဇာတရူပတိုင်အောင်သော ဒသင်္ဂနိစ္စသီလသည် သီလမည်၏။ အင်္ဂုပေါသထ သီလသည် ဒသင်္ဂသီလ၌ အတွင်းဝင်လေ၏။ ရဟန်းတို့၌ စတုပါရိသုဒ္ဓိသည် သီလမည်၏။

၂။ ထွက်သက် ဝင်သက်အာရုံ, အဋ္ဌိကအာရုံ စသည်တို့၌ ရှုကြည့်စွဲမြဲ ဖြစ်လာသော ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, သမာပတ်ရှစ်ပါးဟု ဆိုအပ်သော အပ္ပနာဘာဝနာ ဤဘာဝနာ သမာဓိသုံးပါးသည် သမာဓိမည်၏။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော လောကီဝိသုဒ္ဓိ လေးပါး, လောကုတ္တရာဉာဏ ဒဿနာ ဝိသုဒ္ဓိ ဤဝိသုဒ္ဓိငါးပါးသည် ပညာမည်၏။

**သီလ, သမာဓိ, ပညာ သုံးပါးခွဲနည်းပြီး၏။**

## ဒိဋ္ဌိဘုံသုံးမျိုးကို သိက္ခာသုံးပါးကဖြိုခွဲပုံ

ဒိဋ္ဌိ၏ ဘုံကြီး ၃-ဆင့်, နိုင်ငံကြီး ၃-ရပ်တို့တွင် -

၁။ သီလသည် ဝီတိက္ကမဘုံကြီး ဝီတိက္ကမနိုင်ငံကြီးကို ဖျက်ဆီးနိုင်၏။ သီလဝိသုဒ္ဓိနှင့် ပြည့်စုံလျှင် ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု မရှိနိုင်ပြီ ဟူလို။

၂။ သမာဓိသည် ဒိဋ္ဌိ၏ ပရိယုဋ္ဌာနဘုံကြီး ပရိယုဋ္ဌာနနိုင်ငံကြီးကို ဖျက်ဆီးနိုင်၏။ ဘာဝနာမနသိကာရ စွဲမြဲပါလျှင် မနောကံဆိုးဝါးမှု မရှိနိုင်ပြီဟူလို။

www.dhammaransi.com



၃။ ပညာသည် ဒိဋ္ဌိ၏အနုသယဘုံကြီး အနုသယ နိုင်ငံကြီးကို ဖျက်ဆီးနိုင်၏။ ခန္ဓာကိုယ်တစ်ခုလုံးကို ရုပ်အစု, နာမ်အစု, အနိစ္စ၊ ဒုက္ခ၊ အနတ္တအစုဟု အလင်းထင်မြင်ခဲ့လျှင် ပုဂ္ဂိုလ် သတ္တဝါ, နိစ္စ, သုခ, အတ္တအနေနှင့် ဘဝအဆက်ဆက် အရိုးစိုက်၍ ကိန်းဝပ်တည်ထောင်ကာနေသော ဒိဋ္ဌိအသိုက်အအုံကြီးသည် ကွယ်ပျောက်လေ၏ ဟူလို။ ဤဒိဋ္ဌိအနုသယ အသိုက်အအုံကြီး ရှိနေသမျှ ကာလပတ်လုံး သီလ, သမာဓိတို့နှင့် ဝီတိက္ကမဘုံ, ပရိယုဋ္ဌာနဘုံတို့ကို ဖျက်ဆီးသော်လည်း တဒင်္ဂသာ ပျက်စီးနိုင်သည်။

## ဥပ္ပန္န, အနုပ္ပန္န ခွဲပုံ ၂-မျိုး

ဥပ္ပန္န, အနုပ္ပန္န ခွဲနည်းသည် ယခုပစ္စုပ္ပန်ဘဝမှစ၍ ခွဲနည်း, အတိတ်သံသရာမှစ၍ ခွဲနည်းအားဖြင့် ၂ -ပါးရှိ၏။

ယခု ပစ္စုပ္ပန်ဘဝမှ စ၍ ခွဲနည်းကို ပြဆိုပေအံ့။ ယခုဘဝ၌ သီလကို မဆောက်တည်ဖူးသော သူအား ဥပ္ပန္နသီလဟူ၍ပင် မရှိ၊ ဆောက်တည်ဖူးသော သူအား သီလသည် ဥပ္ပန္န မည်၏။ အားမထုတ်ဖူးသေးသော သမာဓိ, ပညာသည် အနုပ္ပန္န မည်၏။

ဤနည်းအတူ သမာဓိ အဆင့်ဆင့်, ပညာ အဆင့်ဆင့်တို့၌လည်း ရောက်ဖူး, ရဖူးသည်ကို ဥပ္ပန္န၊ မရောက်ဖူး, မရဖူးသေးသည်ကို အနုပ္ပန္န ဆိုလေ။

**(ဤဘဝမှစ၍ ခွဲနည်းပြီး၏။)**

အနမတဂ္ဂ သံသရာမှစ၍ ခွဲနည်းမှာ -

၁။ သီလသည် လောကီသီလ, လောကုတ္တရာသီလဟူ၍ ၂-ပါး ရှိ၏။ လောကီသီလသည် အနမတဂ္ဂ အတိတ်ကာလ၌မဖြစ် ဖူးသည်ဟူ၍ မရှိရာသောကြောင့် ဥပ္ပန္န မည်၏။ ပုထုဇဉ်သတ္တဝါတို့အား လောကုတ္တရာသီလသည် အနုပ္ပန္န မည်၏။

၂။ သမာဓိသည်လည်း လောကီသမာဓိ, လောကုတ္တရာ သမာဓိ ဟူ၍ ၂ -ပါးရှိ၏။ လောကီသမာဓိသည် ရှေးရှေး၌ ဖြစ်ဖူးလှပြီဖြစ်၍ ဥပ္ပန္နမည်၏။

www.dhammaransi.com



ပုထုဇဉ်သတ္တဝါတို့အား လောကုတ္တရာသမာဓိသည် အနုပ္ပန္န မည်၏။

၃။ ပညာသည်လည်း လောကီပညာ, လောကုတ္တရာ ပညာဟူ၍ ၂-ပါး ရှိ၏။ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိဟူသော ဝိသုဒ္ဓိလေးပါးသည် လောကီပညာမည်၏။ ဤလောကီ ပညာသည် ရှေးရှေးသော ဘုရားသာသနာတို့၌ ဖြစ်ဖူးသော သူတို့အား ဥပ္ပန္န မည်၏။ မဖြစ်ဖူးသေးသော သူတို့အား အနုပ္ပန္န မည်၏။ လောကုတ္တရဉာဏဒဿန ဝိသုဒ္ဓိသည် လောကုတ္တရာ မည်၏။ ဤလောကုတ္တရာ ပညာသည် ပုထုဇဉ် သတ္တဝါတို့အား တစ်ရံတစ်ဆစ်မျှ မဖြစ်ဖူးသေးသောကြောင့် အနုပ္ပန္န မည်၏။

**ကုသိုလ်၌ ဥပ္ပန္န, အနုပ္ပန္န ခွဲနည်းပြီး၏။**

## သီလကုသိုလ် ၂ -ပါး

ဝီရိယလေးချက်ကို ပြဆိုပေအံ့- ဥပ္ပန္န အကုသိုလ်ဟောင်းတွေကို အကုန်ပယ်မှုဟူသည်လည်း ဘုရားသာသနာနှင့် ကြုံကြိုက်ဆဲအခါ၌သာ ဖြစ်ပေါ်သော အမှုပေတည်း။ နောင်ဘဝအဆက်ဆက် ဖြစ်လတ္တံ့သော အနုပ္ပန္န အကုသိုလ်သစ်တွေကို မဖြစ်လာရအောင်ပြုမှု ဟူသည်လည်း ဘုရားသာသနာနှင့် ကြုံကြိုက်ဆဲ အခါ၌သာ ဖြစ်ပေါ်သော အမှုပေတည်း။ အနမတဂ္ဂ သံသရာပင် ကြာညောင်းသော်လည်း ဘုရားသာသနာနှင့် မကြုံကြိုက်က ထိုအကုသိုလ် နှစ်ဖို့တို့ကို ပယ်ဖျက်ပေါက်မရှိ၊ အဘယ့်ကြောင့်နည်းဟုဆိုသော် အကုသိုလ် နှစ်ဖို့တို့ကို ပယ်သတ်မှု ဆိုသည်ကား- သက္ကာယဒိဋ္ဌိ၏ အနုသယဘုံကြီး, အနုသယအသိုက်အအုံကြီး, အနုသယနိုင်ငံကြီးကို အကုန်အစင် ဖြိုဖျက်မှုကို ဆိုသတည်း။

ဒိဋ္ဌိအနုသယ အသိုက်အအုံကြီးကို ဖြိုဖျက်မှုသည်လည်း အနတ္တဘာဝနာ အလုပ်ပေတည်း။ အနတ္တဘာဝနာ အလုပ်မည်သည်လည်း ဘုရားသာသနာ ပေါ်ရှိခိုက်အခါ၌သာ ပေါ်ရှိ၏။ ပစ္စေကဗုဒ္ဓါအလောင်းအလျာတို့သည်လည်း ဘုရားသာသနာ ကြုံကြိုက်ဆဲအခါ၌ အနတ္တဘာဝနာမျိုးစေ့ကို ယူကြရကုန်၏။ "ဘုရားသာသနာ မရှိခိုက်အခါ၌ အနတ္တဟူသော အသံမျှပင် လောက၌မရှိကြ"၊

www.dhammaransi.com



အနတ္တအသံ ဆိုသည်ကား- ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် အသံတို့ကို ဆိုသတည်း။ အဘိဓမ္မာ ပိဋကတ်သည် အနတ္တသံပေတည်း။ သင်္ဂြိုဟ်တစ်ကျမ်းလုံးသည် အနတ္တသံပေတည်း။

အနတ္တဘာဝနာအလုပ် ဆိုသည်ကား - သီလဝိသုဒ္ဓိကို ရှေးဦးစွာ ပြည့်စုံစေ၍ ကာယဂတာသတိကို တည်ထောင်ပြီးလျှင် အစိုးမရသော မိမိစိတ်ရူး, စိတ်နောက်ကို ပျောက်ငြိမ်းအောင်ပြုပြီးမှ သမထအလုပ်, ဝိပဿနာ အလုပ်တို့ကို အားထုတ်ခြင်းတည်း။ ထိုသို့ အားထုတ်၍ အနတ္တဘာဝနာ ကောင်းစွာ ထမြောက်သဖြင့် ဒိဋ္ဌိအနုသယဘုံကြီး အကုန်ပျက်စီးသောအခါမှ ဥပ္ပန္န, အနုပ္ပန္နဖြစ်သော ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိ, ခပ်သိမ်းသော ဒုစရိုက်အမိုက်အမှား တို့သည် အကုန်ချုပ်ငြိမ်းကုန်၏။

မိမိသန္တာန်၌ မဖြစ်ဖူးသေးသော ကုသိုလ်တရားကို ဖြစ်စေခြင်းငှါ အားထုတ်မှု, ဖြစ်ဖူးပြီးသော ကုသိုလ်တရားကို နိယာမအဖြစ်သို့ရောက်အောင် ပွားများအားထုတ်မှု ဆိုသည်လည်း ထိုကာယဂတာ သတိကို တည်ထောင်မှုမှစ၍ အနတ္တဘာဝနာကိစ္စ ထမြောက်အောင် အားထုတ်မှုကိုပင် ဆိုသတည်း။

## ၁- အနုပ္ပန္နသီလကုသိုလ်မျိုး

သီလ၌ အနမတဂ္ဂ သံသရာမှ ပုထုဇဉ်တို့၏ သန္တာန်တွင် တစ်ရံ တစ်ဆစ်မျှ မဖြစ်ခဲ့ဖူးသေးသော အနုပ္ပန္နသီလ ဆိုသည်ကား - သောတာပတ္တိမဂ်၌ အကျုံးဝင်သော နိဗ္ဗာန်လျှင် အာရုံရှိသော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝကို ဆိုသတည်း။ ထိုသီလသည် ကာယဒုစရိုက်, ဝစီဒုစရိုက် အမိုက်အမှား မိစ္ဆာဇီဝတရားတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်နိုင်၏။ ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုအခါမှစ၍ ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့၌ ကာယဒုစရိုက်, ဝစီဒုစရိုက် အမိုက်အမှား မိစ္ဆာဇီဝတရားဟူ၍ တစ်ရံတစ်ဆစ်မျှ ဥပါဒ်ခြင်းမရှိပြီ။

ထို လောကုတ္တရာသီလကို အနတ္တဘာဝနာ ကိစ္စထမြောက်မှ ပေါက်ရောက်နိုင်၏။ ဘုရားသာသနာနှင့် ကြုံကြိုက်ဆဲအခါ အနမတဂ္ဂ သံသရာ၌ တစ်ရံတစ်ခါမျှ မတွေ့ကြုံဖူးရသော ထိုအနုပ္ပန္နသီလကို ဘုရားသာသနာနှင့်

www.dhammaransi.com



မဂ္ဂါမကွဲမိ အရအမိ ကြိုးကုတ်အားထုတ်ကြရမည်။ သီလဝိသုဒ္ဓိနှင့်တကွ ကာယဂတာသတိပဋ္ဌာန်ကို တည်ထောင်သည်မှစ၍ အနတ္တဘာဝနာကိစ္စ ထမြောက်သည်တိုင်အောင် ဗောဓိပက္ခိယတရားတို့ကို အားထုတ်ကြရမည် ဆိုလိုသည်။

## ၂- ဥပ္ပန္နသီလကုသိုလ်မျိုး

အနမတဂ္ဂ သံသရာ၌ ဖြစ်ခဲ့ဖူးလှလေသော ဥပ္ပန္နသီလဆိုသည်ကား - လောကီသီလ ကာမာဝစရသီလတည်း၊ ထိုသီလကို နိယာမအဖြစ်သို့ ရောက်အောင် ပွားများရမည်ဟူရာ၌ လောကီသီလ၏ဘုံသည် နိယာမဘုံ, အနိယာမဘုံဟူ၍ ၂ -ပါးအပြားရှိ၏။ အရိယာ၏အဖြစ်သည် နိယာမဘုံမည်၏။ ပုထုဇဉ်၏ အဖြစ်သည် အနိယာမဘုံမည်၏။

သောတာပန်အရိယာတို့၌ တည်သော ထိုကာမာဝစရ လောကီသီလသည် နိယာမဘုံသို့ရောက်၍ အမြဲတည်၏။ ထိုပုဂ္ဂိုလ်တို့အား အဆုံးစွန် ပရိနိဗ္ဗာန်စံသည်တိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ အိပ်မက်တွင်မှ အာဇီဝဋ္ဌမကသီလကို လွန်ကျူးမှုဟူ၍ မရှိလေပြီ၊ ပုထုဇဉ်တို့၌ တည်သော ထိုကာမာဝစရ လောကီသီလသည်မူကား အနိယာမဘုံ၌ တည်၏။ အနမတဂ္ဂ သံသရာ၌ လူသီလဝန္တ ဖြစ်ခဲ့ကြသည်လည်း ဘဝပေါင်းအနန္တ များလှလေပြီ၊ အပါယ်လေးပါးသို့ ကျမှုလည်း စဲခဲ့သည်မရှိကြ၊ ထို့အတူ ရသေ့သီလဝန္တ, ရဟန်းသီလဝန္တ ဖြစ်ခဲ့ကြသည်လည်း ဘဝအနန္တရှိခဲ့ကြလေပြီ။ အပါယ်လေးပါးသို့ ကျမှုလည်း စဲခဲ့သည်မရှိကြ၊ ယခုလည်း အပါယ်ဘုံသို့ကျ၍ နေကြသူအနန္တ၊ ကျလတ္တံ့သော အဖို့၌တည်၍နေကြသူ လူ, နတ်, ဗြဟ္မာအနန္တ၊ ဤသို့ မိမိတို့သန္တာန်တွင် အနိယာမ တစ်ခဏ တဒင်္ဂ တစ်နပ်စာ အဖြစ်ဖြင့် ရှိနေသော ထိုကာမာဝစရ လောကီသီလကို ဘုရားသာသနာတွင်း၌ ကြုံကြိုက်ဆဲအခါမှာ နိယာမအဖြစ်သို့ ရောက်လေအောင် အားထုတ်ကြရမည်။

ကာယဂတာသတိကို တည်ထောင်၍ အနတ္တဘာဝနာကိစ္စ ထမြောက်သည်တိုင်အောင် ဗောဓိပက္ခိယတရားတို့ကို အားထုတ်ကြရမည် ဟူလို။

**သီလကုသိုလ်နှစ်ပါး ပြီး၏။**

www.dhammaransi.com



# သမာဓိကုသိုလ် ၂ -ပါး

## ၁- အနုပ္ပန္နသမာဓိ ကုသိုလ်မျိုး

သမာဓိဘုံသည်လည်း နိယာမဘုံ, အနိယာမဘုံဟူ၍ ၂ -ပါးရှိ၏။ ပညာဘုံသည်လည်း နိယာမဘုံ, အနိယာမဘုံဟူ၍ ၂ -ပါးရှိ၏။ သမာပတ်ရှစ်ပါး, ကိုးပါးတည်းဟူသော အပ္ပနာသမာဓိသည်ကား အနာဂါမ်ပုဂ္ဂိုလ် အဖြစ်သို့ရောက်မှ နိယာမဘုံသို့ ရောက်၏။ တာဒိဂုဏ်ကို ဆောင်ရွက်နိုင်သော ပညာသည်ကား ရဟန္တာ အဖြစ်သို့ရောက်မှ နိယာမဘုံသို့ ရောက်၏။

သောတာပန်ပုဂ္ဂိုလ်၌ ရထိုက်သော သမာဓိ, ပညာတို့ကို ပြဆိုပေအံ့။

**"ယော စ ဝိသာခ သမ္မာဝါယာမော ယာ စ သမ္မာသတိ ယော စ သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ"**။

ဝိသာခ၊ ချစ်သားဝိသာခ။ ယောစ သမ္မာဝါယာမော၊ အကြင်သမ္မာဝါယာမ သည်လည်းကောင်း။ ယာစ သမ္မာသတိ၊ အကြင်သမ္မာသတိသည်လည်းကောင်း။ ယောစသမ္မာသမာဓိ၊ အကြင်သမ္မာသမာဓိသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤတရား သုံးပါးတို့ကို။ သမာဓိက္ခန္ဓေ၊ သမာဓိက္ခန္ဓ (သမာဓိအစု)၌။ သင်္ဂဟိတာ၊ ပေါင်းယူအပ်ကုန်၏။

ဟူသော မဟာဝေဒလ္လသုတ်နှင့်အညီ သောတာပတ္တိမဂ်၌ အကျုံးဝင်သော နိဗ္ဗာန်လျှင် အာရုံရှိသော သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤ ၃-ပါးသည် လောကုတ္တရာ သမာဓိမည်၏။ ထိုသမာဓိ ၃ -ပါးသည် မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိလျှင် အရင်းရှိသော အဘိဇ္ဈာ, ဗျာပါဒ ဟူသော မနောဒုစရိုက်အမိုက်အမှားတို့ကို သမုစ္ဆေဒပဟာန်ဖြင့် နောက်တစ်ဖန် ဖြစ်ခွင့်မရှိအောင် ပယ်သတ်နိုင်၏။ ထိုပုဂ္ဂိုလ် သန္တာန်မှာ ထိုခဏမှစ၍ ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့၌ အဘိဇ္ဈာ, ဗျာပါဒဟူသော မနောဒုစရိုက် အမိုက်အမှား ဟူ၍ တစ်ရံတစ်ဆစ်မျှ ဥပါဒ်ခြင်းမရှိလေပြီ။ အနုတ္တဘာဝနာ ပေါ်ရှိရာ ဘုရားသာသနာတွင်း၌သာ ပေါ်ရှိသော သမာဓိပေတည်း။ ထို့ကြောင့် ဘုရား သာသနာ ကြုံကြိုက်ဆဲအခါ ထိုအနုပ္ပန္နသမာဓိ ကုသိုလ်တရားကို ဘုရား သာသနာနှင့် မကွာမကွဲမီ အရအမိ ကြိုးကုတ် အားထုတ်ကြရမည်။

www.dhammaransi.com



ကာယဂတာသတိပဋ္ဌာန် တည်ထောင်မှုမှစ၍ အနတ္တဘာဝနာကိစ္စ ထမြောက်သည်တိုင်အောင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို အားထုတ်ကြရမည် ဟူလို။

## ၂- ဥပ္ပန္နသမာဓိ ကုသိုလ်မျိုး

အနမတဂ္ဂ သံသရာ၌ ဖြစ်ခဲ့ဖူးသော ဥပ္ပန္နသမာဓိ ဆိုသည်ကား - ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါ ဝစရသမာဓိစုပေတည်း။ ထိုသမာဓိတရားတို့ကို နိယာမအဖြစ်သို့ ရောက်အောင်ပွားများရမည်ဟူရာ၌ လောကီသမာဓိ၏ဘုံသည် နိယာမဘုံ, အနိယာမဘုံ ဟူ၍ ၂ -ပါးရှိ၏။ အရိယာပုဂ္ဂိုလ်တို့၌တည်သော လောကီသမ္မာဝါယာမ, လောကီသမ္မာသတိ, သမ္မာသမာဓိ ၃ -ပါးသည် နိယာမဘုံ၌ တည်၏။ ထိုပုဂ္ဂိုလ်တို့အား အဆုံးစွန် ပရိနိဗ္ဗာန်စံသည်တိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ အိပ်မက်တွင်မျှ အဘိဏှာ, ဗျာပါဒတို့၏ ဥပါဒ်ဟူ၍ မရှိလေပြီ၊ ပုထုဇဉ်တို့၌ တည်ရှိသော ထိုလောကီ သမာဓိစုသည် မူကား အနိယာမဘုံ၌ တည်၏။ အနမတဂ္ဂ သံသရာ၌ လူသမာဓိ, ရှင်သမာဓိ, ရသေ့သမာဓိ, ရဟန်းသမာဓိ, ဈာနလာဘီ, အဘိညာလာဘီ လောကီတန်ခိုး မြေလျှိုးမိုးပျံ လုပ်ခဲ့ကြသည်လည်း ဘဝအနန္တ ရှိခဲ့ကြလေပြီ။

တစ်ခု, တစ်ခုသော မဟာကမ္ဘာ၌ အသင်္ချေယျ ၄-ကပ် ၄ -ကပ်စီ ရှိကြသည်တွင် ၃-ကပ် ၃-ကပ်တို့၌ ဗြဟ္မာချည်း လုပ်ခဲ့ကြလုလေပြီ၊ အပါယ် ၄-ဘုံ ပေါ်လာလျှင် ကမ္ဘာတိုင်း, ကမ္ဘာတိုင်း အပါယ် ၄-ဘုံမှာလည်း ထိုဗြဟ္မာတို့ပြင် တစ်ခြားတစ်ပါး ရှိတော့မည်မဟုတ်၊ သူတို့ပင် ဗြဟ္မာ, သူတို့ပင် ပြိတ္တာ, သူတို့ပင် ငရဲ, တိရစ္ဆာန်, အသုရကာယ်ဖြစ်၍ နေကြရသည်လည်း အရိုးအစဉ် အထင်အရှားပေတည်း။ အနမတဂ္ဂ သံသရာနှင့် ထောက်စာသည်ရှိသော် မဟာကမ္ဘာကြီး တစ်ကမ္ဘာသည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်စာ တစ်သက်လျာမျှ တစ်ခဏကဲ့သို့သာ ဖြစ်၏။ ဤသို့ မိမိတို့သန္တာန်တွင် အနိယာမ တစ်ခဏ တဒင်္ဂ တစ်နပ်စာအဖြစ်နှင့် ဖြစ်ခဲ့ဖူးကြ, ရှိခဲ့ဖူးကြသော ထိုလောကီ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့ကို ဘုရားသာသနာတွင်းပ ကြုံကြိုက်

www.dhammaransi.com



ဆဲအခါမှာ နိယာမ အဖြစ်သို့ ရောက်လေအောင် အားထုတ်ကြရမည်။

ကာယဂတာသတိကို တည်ထောင်၍ အနတ္တဘာဝနာကိစ္စကို ထမြောက်သည်တိုင်အောင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားများကို အားထုတ်ကြရမည် ဟူလို။

သမာဓိကုသိုလ် ၂ –ပါးပြီး၏။

## ပညာကုသိုလ် ၂ –ပါး

### ၁– အနုပ္ပန္နပညာ ကုသိုလ်မျိုး

**"ယာ စ ဝိသာခ သမ္မာဒိဋ္ဌိ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ"။**

ဝိသာခ၊ ချစ်သားဝိသာခ။ ယာစ သမ္မာဒိဋ္ဌိ၊ အကြင် သမ္မာဒိဋ္ဌိသည်လည်းကောင်း။ ယောစ သမ္မာသင်္ကပ္ပေါ၊ အကြင် သမ္မာသင်္ကပ္ပသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣမေဓမ္မာ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဤတရား ၂–ပါးတို့ကို။ ပညာက္ခန္ဓေ၊ ပညာက္ခန္ဓ (ပညာအစု)၌။ သင်္ဂဟိတာ၊ ပေါင်းယူအပ်ကုန်၏။

ဟူသော မဟာဝေဒလ္လသုတ်နှင့်အညီ သောတာပတ္တိမဂ်၌ အကျုံးဝင်သော နိဗ္ဗာန်လျှင် အာရုံရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတရား ၂–ပါးသည် ပညာမည်၏။ ထိုပညာသည် သက္ကာယဒိဋ္ဌိ၏ အနုသယဘုံကြီးကို အပြီးတိုင်ဖြိုဖျက်၍ ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပတို့ကိုလည်းကောင်း, ခပ်သိမ်းသော ဒုစရိုက်–ဒုရာဇီဝတို့ကိုလည်းကောင်း သမုစ္ဆေဒပဟာန်ဖြင့် နောက်တစ်ဖန် ဖြစ်ခွင့်မရှိအောင် ပယ်သတ်နိုင်၏။ ဒုစရိုက်ကံဟောင်းတို့သည်လည်း အကုန် ကွယ်ပျောက်ရလေကုန်၏။ အပါယ်သံသရာကြီးသည်လည်း ကျွတ်လွတ်လေ၏။ ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုအခါမှစ၍ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ ဒိဋ္ဌိအမှောက်အမှား ဒုစရိုက်အမိုက်အမဲဟူ၍ တစ်ရံတစ်ဆစ်မျှ ဥပါဒ်ခြင်း မရှိလေပြီ။ အနတ္တဘာဝနာ ပေါ်ရှိရာ ဘုရားသာသနာတွင်းမှာသာ ပေါ်ရှိသော ပညာပေတည်း။ ထို့ကြောင့် ဘုရားသာသနာ၌ ကြုံကြိုက်ဆဲအခါ ထိုအနုပ္ပန္နပညာ ကုသိုလ်တရားကို ဘုရားသာသနာနှင့် မကွာမကွဲမီ အရအမိ ကြိုးကုတ်အားထုတ်ကြရမည်။

www.dhammaransi.com



ကာယဂတာသတိ တည်ထောင်မှုမှစ၍ အနတ္တဘာဝနာကိစ္စ ထမြောက်သည် တိုင်အောင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို အားထုတ်ကြရမည် ဟူလို။

## ၂- ဥပ္ပန္နပညာ ကုသိုလ်မျိုး

အနမတဂ္ဂသံသရာ၌ ဖြစ်ခဲ့ဖူးလှသော ပညာ ဆိုသည်ကား- ကမ္မသကတာ သမ္မာဒိဋ္ဌိနှင့်တကွ ခပ်သိမ်းသော ကာမာဝစရ ဉာဏ်ပညာ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အစရှိသော အဘိညာပညာတို့ပေတည်း။ ထိုပညာတို့ကို နိယာမအဖြစ်သို့ ရောက် အောင် ပွားများရမည်ဟူရာ၌ လောကီပညာတို့၏ဘုံသည် နိယာမဘုံ, အနိယာမဘုံ ဟူ၍ နှစ်ပါးရှိ၏။ အရိယာတို့၌ ဖြစ်သော လောကီသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတရား တို့သည် နိယာမဘုံ၌ တည်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား အဆုံးစွန် ပရိနိဗ္ဗာန် စံသည်တိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌ သစ္စာလေးပါး တရားတို့နှင့်တကွ ယခုဘဝ တတ်ကျွမ်းသိရှိလာသမျှသော အလုံးစုံသော ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်, ပရိယတ္တိဉာဏ်, ပဋိပတ္တိဉာဏ်တို့သည် အမြဲပါရှိ ကုန်တော့သည်။ ပုထုဇဉ်တို့သန္တာန်၌ တည်ရှိသော ထိုလောကီပညာတို့သည်မူကား အနိယာမဘုံ၌ တည်ကုန်၏။

အနမတဂ္ဂ သံသရာတွင် ကျင်လည်၍နေကြရာ ရံခါရံဖန် ကျမ်းတတ် ဂန်တတ် ပရိယတ်အကျော် ဆရာတော် သမားတော်ကြီး၊ ရံခါရံဖန် အသက်ရှိသည် ဟူ၍ ပြောရရုံမျှ ရှိကြသော ခရု, ပက်ကျိ, တီ, မျှော့, သန်း, ကြမ်းပိုး, ပိုးလောက်, ကမြင်းနီစသည် ဖြစ်ရိုးအစဉ် အထင်အရှားပင်တည်း။ ဤသို့ မိမိတို့သန္တာန်တွင် တဒင်္ဂ တစ်ခဏ တစ်နပ်စာမျှအဖြစ်နှင့် ဖြစ်ဖူးခဲ့ကြ, ရှိဖူးခဲ့ ကြသော ထိုလောကီအသိ အလိမ္မာဉာဏ်ပညာတို့ကို ဘုရားသာသနာတွင်း၌ ကြုံကြိုက်ဆဲ အခါမှာ နိယာမအဖြစ်သို့ ရောက်လေအောင် အားထုတ်ကြရမည်။

ကာယဂတာသတိကို တည်ထောင်သည်မှစ၍ အနတ္တဘာဝနာကိစ္စ ထမြောက်သည် တိုင်အောင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို အားထုတ်ကြရမည် ဟူလို။

**ပညာကုသိုလ်နှစ်ပါး ပြီး၏။**

**မိခင်ရောဝတီ**

www.dhammaransi.com



## ဒိဋ္ဌိအနုသယနိုင်ငံကြီးကို ဖြိုဖျက်ရန် တိုက်တွန်းချက်

အနမတဂ္ဂ သံသရာမှာ မိမိတို့ကိုယ်ခန္ဓာတွင် အစဉ်ထာဝရ ကိန်းဝပ်တည်ထောင်ကာ ပါရှိ၍နေကြသော ဒိဋ္ဌိနိုင်ငံကြီး မပျက်စီးသမျှ ကာလပတ်လုံး အလုံးစုံသော လောဘ, ဒေါသ, မောဟ အစရှိကုန်သော ကိလေသာတရားတို့သည် အလွန်ထက်သန်စည်ကား အားခွန်ဗလနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ ထိုကိုယ်ခန္ဓာ၌ အတွင်းနေ, အတွင်းသား, မြို့စီး, မြို့ခံ ဖြစ်ကြကုန်၏။ ကိလေသာတို့၏ ရန်သူရန်ဖက် ဖြစ်ကြကုန်သော သီလ, သမာဓိ, ပညာတို့သည်ကား ရံခါရံဖန်မှ ရောက်ပေါက်လာကြကုန်သော တစ်ပြည်သူ, တစ်ပြည်သား ခရီးသွား အာဂန္တုတို့ကဲ့သို့ ဖြစ်ကြကုန်၏။ အာဠဝကဘီလူးကဲ့သို့ အလွန်ဘုန်းတန်ခိုး ဆိုးဝါးသောင်းကျန်းသော ဘီးလူးမင်းနှင့်တကွ အားရှိကြကုန်သော ဘီလူးပြည်သား အပေါင်းတို့၏ တိုင်းတွင်းပြည်တွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီးကာလ ရပ်ရွာတည်ထောင်၍ နေလာကြကုန်သော ရန်သူသတ္တု အာဂန္တု လူသူအပေါင်းတို့သည် လာလာသမျှ မကြာမီ ဘီလူးတို့အစာချည်းဖြစ်၍ ရပ်ပါရွာပါ မကြာခဏ ပျက်ဆုံးကြရကုန်သကဲ့သို့တည်း။

**အာဠဝက**ဘီလူးသည် ဟိမဝန္တာမှ မိမိဗိမာန်သို့ လာရောက်ကြကုန်သော ဈာန်ရ ရသေ့ငါးရာတို့ကို ခြေနှစ်ချောင်း ကိုင်ကာကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်သို့ ပစ်လွှင့်သဖြင့် ရသေ့ငါးရာလုံး ဆုံးပါးကြရသကဲ့သို့သော်လည်း ဆိုလေ။

ထို့ကြောင့် ဘုရားသာသနာတော်တွင်း၌ ကြုံကြိုက်ကြရကုန်သော ရှင်, လူအပေါင်းတို့သည် ဒုဿီလဓမ္မတို့မှ ဘဝအဆက်ဆက် လွတ်ကင်းမှု, သီလဝိသုဒ္ဓိဓမ္မတို့၏ နိစ္စနိယာမ ဘဝအဆက်ဆက် မြဲမှုတို့ကို အလိုရှိကြကုန်သည်ရှိသော် ဒိဋ္ဌိ၏ အနုသယနိုင်ငံကြီးကို ဖြိုဖျက်ကြရန် သတိပဋ္ဌာန်တရားတို့ကို သမ္မပ္ပဓာန်ကိစ္စ အချိုးကျအောင် အားထုတ်ကြကုန်ရာ၏။

ရှေး၌ပြဆိုခဲ့ပြီးသော သူရူး, လေ့တက်မနိုင်သောလေ့သူကြီး, ခွေးရူးပြန်သောသူ, ခံတွင်းဝသို့ ဆေးရောက်တိုင်း ပျို့အန်သော သူနာကြီးတို့ကဲ့သို့ ကမ္မဋ္ဌာန်းတရားမျိုးနှင့် တွေ့ခဲ့လျှင် ချုပ်မရ, ထိန်းမရ ရိုင်းစိုင်းလှသော စိတ်နောက်,

www.dhammaransi.com



စိတ်ရှုးတို့မှ ဘဝအဆက်ဆက် ကျွတ်လွတ်၍သွားမှု, ကမ္မဋ္ဌာန်းအာရုံ၌ မိမိတို့ကို အလိုရှိတိုင်း တည်ငြိမ်စွာထားနိုင်သော သမာဓိဓမ္မတို့၏ နိစ္စနိယာမ ဘဝ အဆက်ဆက် ခိုင်မြဲမှုတို့ကို အလိုရှိကြကုန်သည်ရှိသော် ဒိဋ္ဌ၏ အနုသယနိုင်ငံကြီး ကို ဖြိုဖျက်ကြရန် သတိပဋ္ဌာန်တရားတို့ကို သမ္မပ္ပဓာန်ကိစ္စ အချိုးကျအောင် အားထုတ်ကြကုန်ရာ၏။

ယခုတွေ့ရှိ၍နေကြသော မြတ်စွာဘုရားကြီး၏ ဂုဏ်ကျေးဇူးအနန္တကို လည်းကောင်း, တရားတော်, အရိယာအရှင် သံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူး အနန္တတို့ကိုလည်းကောင်း, ယခုဘဝ သိရှိမှီခို၊ နောက်ဘဝ၌ တစ်စမကျန် အကုန် အကုန်ကွယ်ပစေ၍ တွေဝေပြင်းပြ မှောင်ကြီးချနိုင်သော သမ္မောဟတရားကြီးမှ လည်းကောင်း, အနမတဂ္ဂ သံသရာ၌ ပုထုဇဉ် သတ္တဝါတို့၏ အလေ့အားဖြင့် ဘုရားမှန်, တရားမှန်, သံဃာမှန်, သာသနာမှန်ကို မသိနိုင်ကြကုန်သည်ဖြစ်၍ ရောက်ရာဘဝ တို့၌ အမျိုးဘာသာ တွေ့ရှိရာဘုရား အလွန်အမှားကြီးတွေကို တစ်ဘဝတစ်မျိုး ကိုးကွယ်ရိုးဓမ္မတာ သံသရာတွင် အမှားကြီးနာလှသော မိစ္ဆာဒိဋ္ဌိ တရားကြီးမှလည်းကောင်း ယခုဘဝမှစ၍ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အပြီးလွတ်ကင်းမှု, ဘုရားမှန်, တရားမှန်, သံဃာမှန်, သာသနာမှန်တို့နှင့် နိရန္တရ ဘဝမကွာ ကမ္ဘာအဆက်ဆက် ကိုးကွယ်ရာ အခြေမပျက်နိုင်သော အဓိဂမသဒ္ဓါ အဓိဂမ ပညာတို့၏ နိစ္စနိယာမအဖြစ်သို့ ရောက်မှုတို့ကို အလိုရှိကြ ကုန်သည်ရှိသော် ဒိဋ္ဌိ၏ အနုသယနိုင်ငံကြီးကို ဖြိုဖျက်ကြရန် သတိပဋ္ဌာန် တရားတို့ကို သမ္မပ္ပဓာန် ကိစ္စ အချိုးကျအောင် အားထုတ်ကြကုန်ရာသတည်း။ သမ္မပ္ပဓာန်ကိစ္စ အချိုးကျမှု ဆိုသည်ကား– အရေကြွင်းစေ, အရိုးကြွင်းစေ အစရှိသော ထက်သန်လှသော ဝီရိယမှုတို့ကို ဆိုသတည်း။

**သမ္မပ္ပဓာန် ၄ –ပါး ပြီး၏။**

www.dhammaransi.com



## ဣန္ဒြိယ ၄ -ပါးကို ပြဆိုခန်း

### သာသနာဣန္ဒြိကြီး ၅-ပါး ဝေဖန်ခန်း

ဣန္ဒြိယ စသည်တို့၌ သိသာရုံမျှ ပြဆိုပေအံ့။ "ဣန္ဒြိယန္တိ ဣန္ဒြိ"။ ဣန္ဒြိယန်၊ ပြည့်စုံခြင်း။ ဣန္ဒြိ၊ ပြည့်စုံခြင်း။ ပြီးစီးပေါက်ရောက် ထမြောက်အောင်မြင်ခြင်းဟူလို၊ ထိုဣန္ဒြိသည် သာသနာတော်မြတ်ကြီး၌ အကျဉ်းအားဖြင့် ငါးပါးရှိ၏။

၁။ အဘိညေယျေသု ဓမ္မေသု အဘိညာသိဒ္ဓိ၊

၂။ ပရိညေယျေသု ဓမ္မေသု ပရိညာသိဒ္ဓိ၊

၃။ ပဟာတဗ္ဗေသု ဓမ္မေသု ပဟာနသိဒ္ဓိ၊

၄။ သစ္ဆိကာတဗ္ဗေသု ဓမ္မေသု သစ္ဆိကြိယာသိဒ္ဓိ၊

၅။ ဘာဝေတဗ္ဗေသု ဓမ္မေသု ဘာဝနာသိဒ္ဓိ၊

(၁) အဘိညေယျသု ဓမ္မေသု၊ အထူး သိထိုက်ကုန်သော ရုပ်နာမ် တရားတို့၌။ အဘိညာသိဒ္ဓိ၊ အထူးသိမှု၏ ပြီးစီးခြင်း တစ်ပါး။

(၂) ပရိညေယျေသု ဓမ္မေသု၊ ပိုင်ပိုင်သိထိုက်သော ဒုက္ခသစ္စာတရားတို့၌။ ပရိညာသိဒ္ဓိ၊ ပိုင်ပိုင်သိမှု၏ ပြီးစီးခြင်း တစ်ပါး။

(၃) ပဟာတဗ္ဗေသု၊ ပယ်ထိုက်သော သမုဒယသစ္စာတရားတို့၌။ ပဟာနသိဒ္ဓိ၊ ပယ်မှု၏ ပြီးစီးခြင်း တစ်ပါး။

(၄) သစ္ဆိကာတဗ္ဗေသု ဓမ္မေသု၊ မျက်မှောက် ပြုထိုက်သော တရားတို့၌။ သစ္ဆိကြိယာသိဒ္ဓိ၊ မျက်မှောက်ပြုမှု၏ ပြီးစီးခြင်း တစ်ပါး။

(၅) ဘာဝေတဗ္ဗေသု ဓမ္မေသု၊ ပွားထိုက်သော တရားတို့၌။ ဘာဝနာသိဒ္ဓိ၊ ပွားမှု၏ ပြီးစီးခြင်း တစ်ပါး။

ဤကား ဘုရားသာသနာ၌ လိုရင်းဣန္ဒြိကြီး ငါးပါးတည်း။

၁။ အဘိညာသိဒ္ဓိ ဆိုသည်ကား - သာသနာ၌ မသိရဖူးကုန်သော ပရမတ္ထတရားတို့ကို အသီးအသီးသော သရုပ်သဘောအားဖြင့် ခွဲခြမ်းဝေဖန်၍ သိမှု၏ ပြီးစီးခြင်းတည်း၊ သင်္ဂြိုဟ်ကျမ်းကို ကောင်းစွာတတ်ကျွမ်း လိမ်မာမှုသည် အဘိညာသိဒ္ဓိပင် မည်၏။

www.dhammaransi.com



၂။ ပရိညာသိဒ္ဓိ ဆိုသည်ကား – ဒုက္ခသစ္စာတရားတို့တွင် တစ်ခုခုသော တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့်လည်းကောင်း, အနိစ္စအခြင်းအရာ, ဒုက္ခအခြင်း အရာ, အနတ္တအခြင်းအရာတို့ဖြင့်လည်းကောင်း ပိုင်ပိုင်သိမှု၏ ပြီးစီးခြင်းကို ဆိုသတည်း။

၃။ ပဟာနသိဒ္ဓိ ဆိုသည်ကား – သမုဒယသစ္စာ ကိလေသာတရားတို့ကို ပယ်သတ်မှု၏ ပြီးစီးခြင်းကို ဆိုသတည်း။

ဤစာအုပ်မှာမူကား ဘုရားသာသနာ၌ အကျွတ်ရကြကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့တွင် အညံ့ဆုံး အများဆုံး ဖြစ်ကုန်သော ဘုံစဉ်စံ သောတာပန်တို့ကို လိုရင်းပဓာနပြု၍ ပြဆိုရာ ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိကို ပယ်သတ်မှု၏ ပြီးစီးခြင်းသည် ပဟာနသိဒ္ဓိမည်၏။ ဝိစိကိစ္ဆာကို ပယ်မှုသည်ကား သက္ကာယဒိဋ္ဌိ ပယ်သတ်မှုတွင် ပါဝင်၏။

၄။ သစ္ဆိကိရိယာသိဒ္ဓိ ဆိုသည်ကား – မိမိအဇ္ဈတ္တသန္တာန်တွင် အစဉ်ကိန်းဝပ်ပါရှိ၍နေကုန်သော ကိလေသာတို့၏ ချုပ်ငြိမ်းမှုဟူသော နိရောဓသစ္စာကို ကိုယ်ဖြင့်လည်းကောင်း, ဉာဏ်ဖြင့်လည်းကောင်း မျက်မှောက်ပြုရမှု၏ ပြီးစီးခြင်းကို ဆိုသတည်း။

၅။ ဘာဝနာသိဒ္ဓိ ဆိုသည်ကား – သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးတို့ကို လောကုတ္တရာ မဂ္ဂသစ္စာအဖြစ်သို့ ရောက်အောင်ပွားများမှု၏ ပြီးစီးခြင်းကို ဆိုသတည်း။ ဝိသုဒ္ဓိ အစဉ်အားဖြင့် ဆိုသည်ရှိသော်ကား သီလဝိသုဒ္ဓိ၌ စတုပါရိ သုဒ္ဓိသီလ လေးပါး၏ ပြည့်စုံခြင်းသည် ဣဒ္ဓိလေးပါး၊ စိတ္တဝိသုဒ္ဓိ၌ ပရိကမ္မ သမာဓိ, ဥပစာရ သမာဓိတို့နှင့်တကွ သမာပတ်ရှစ်ပါး၏ ပြည့်စုံခြင်းသည် ဣဒ္ဓိရှစ်ပါး၊ ဣဒ္ဓိဝိဓအဘိညာစသော လောကီအဘိညာ ၅-ပါးတို့၏ ပြီးစီးခြင်းသည် ဣဒ္ဓိ ၅-ပါး၊ ပညာဝိသုဒ္ဓိတို့၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်၏ ပြီးစီးခြင်းသည် ဣဒ္ဓိတစ်ပါး စသည်ဖြင့် ဆိုလေ။

သာသနာ ဣဒ္ဓိကြီးငါးပါး ဝေဖန်ခန်း ပြီး၏။

www.dhammaransi.com



## ဣဒ္ဓိပါဒ်၏ အနက်အဓိပ္ပါယ်

**"ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ"**။ ။ ဣဒ္ဓိယာ၊ ပြည့်စုံခြင်း, ပြီးစီးခြင်း အမျိုးမျိုး၏။ ပါဒေါ၊ အခြေအမြစ်သည်။ ဣဒ္ဓိပါဒေါ။ ဣဒ္ဓိပါဒ် မည်၏။ ထိုဣဒ္ဓိပါဒ်သည် လေးပါးအပြား ရှိ၏။

ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိပါဒေါ, စိတ္တိဒ္ဓိပါဒေါ, ဝီမံသိဒ္ဓိ ပါဒေါ။

၁။ ဆန္ဒိဒ္ဓိပါဒေါ၊ ဆန္ဒဟူသော ဣဒ္ဓိပါဒ် တစ်ပါး။

၂။ ဝီရိယိဒ္ဓိပါဒေါ၊ ဝီရိယဟူသော ဣဒ္ဓိပါဒ် တစ်ပါး။

၃။ စိတ္တိဒ္ဓိပါဒေါ၊ စိတ်ဟူသော ဣဒ္ဓိပါဒ် တစ်ပါး။

၄။ ဝီမံသိဒ္ဓိပါဒေါ၊ ပညာဟူသော ဣဒ္ဓိပါဒ် တစ်ပါး။

ဤကား –ဣဒ္ဓိပါဒ်လေးပါးတည်း၊ ဆန္ဒ, ဝီရိယ, စိတ်, ပညာ ဤလေးပါးကို ဣဒ္ဓိပါဒ် လေးပါးဆိုသည်။

၁။ ဆန္ဒဆိုသည်ကား – လိုချင်မှု, ရချင်မှု, ပေါက်ချင်မှု, ရောက်ချင်မှု, ပြည့်စုံချင်မှု, ပြီးစီးချင်မှုတည်း၊ အလွန်အကျူး ထက်သန်သောဆန္ဒကို ဆိုသည်။ အလွန်အကျူး ထက်သန်သောဆန္ဒ ဆိုသည်ကား –ထိုဆန္ဒကို မိမိအဇ္ဈတ္တ သန္တာန်၌လည်း နှောက်ရှက်နိုင်သောသူ မရှိ၊ ဗဟိဒ္ဓသန္တာန်၌လည်း နှောက်ယှက်နိုင်သောသူ မရှိ၊ ထိုထိုဣဒ္ဓိကို ယခုဘဝတွင် မရလျှင် မနေနိုင်, မရလျှင် သေရသည်ကပင် ကောင်းသေး၏ဟု မရဘဲနေရသည်ထက် အသေကို အမြတ်ထား နိုင်သော ဆန္ဒတည်း။

**ကဿပမြတ်စွာဘုရား**၏ တစ်ပုဒ်တစ်ဂါထာသော တရားကိုမျှ မကြား မနာရလျှင် ဗာရာဏသီပြည်ကြီးမှာ မင်းလုပ်၍နေရမှုသည် အဘယ်အကျိုးရှိမည် နည်းဟု ထီးနန်းကိုစွန့်၍ ကဿပမြတ်စွာဘုရား၏ တရားကို ဟောနိုင်သောသူကို အရှာခြင်းငှါ တိုင်းပြည်မှ ထွက်လေသော **ဓမ္မသောဏ္ဍမင်းကြီး**၏ ဆန္ဒမျိုးတည်း၊ **ဗိမ္ဗိသာရမင်းကြီး, အနာထပိဏ်**တို့ကဲ့သို့ မိမိလိုရာဣဒ္ဓိကို အလွယ်တကူနှင့် ရလျှင်လည်း ထိုဆန္ဒကြေငြိမ်းတော့သည်။ ရခွင့်ရလမ်း အစအန ထင်မြင်ရပါလျက် မရဘဲနေလျှင် စိတ်မချမ်းသာသည့်အတွက် သေရသည်ပင် ကောင်းသေး၏ဟု ဖြစ်လေသတည်း။ **တေမိမင်း, ဟတ္ထိပါလမင်း** စသည်တို့၏ဆန္ဒ၊ ဘုရား

www.dhammaransi.com



လက်ထက်တော်၌ ကြီးစွာသော ထီးနန်းစည်းစိမ်, သူဌေး စည်းစိမ်, သူကြွယ် စည်းစိမ်တို့ကို စွန့်ပစ်၍ ရဟန်းပြုလုပ်ကြသော သူတို့၏ ဆန္ဒတို့ကိုလည်း ပြဆိုလေ။

၂။ ဝီရိယ ဆိုသည်ကား - ပြဆိုခဲ့ပြီးသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော သမ္မပ္ပဓာန် ဝီရိယကို ဆိုသည်။ ထိုကဲ့သို့ ဝီရိယနှင့် ပြည့်စုံသောသူသည် ဝီရိယကို စိုက်ထုတ်နိုင်လျှင် ရ၏, ရောက်၏, ပေါက်၏ဟူသော ဒေသနာစကားကို ကြား နာရလျှင် ကေန်ငါရတော့မည်, ငါရောက်တော့မည်, ငါပေါက်တော့မည်ဟု ထင်၏။ နေ့နေ့ညည ဘယ်မျှလောက် အပင်ပန်း ခံရပါလိမ့်မည် ဆိုသော်လည်း စိတ်မတွန့်၊ အပန်းခံရသော်လည်း စိတ်မတွန့်၊ ရက်ပေါင်း, လပေါင်း, နှစ်ပေါင်း မည်မျှကြာအောင် အားထုတ်ရလိမ့်မည် ဆိုသော်လည်း စိတ်မတွန့်, စိတ်မကွက်၊ ဝီရိယဓာတ် နုံ့လှသောသူတို့သည် ခွေးဖြူတောမတိုးဝံ့ ဆိုသကဲ့သို့ ဝီရိယစိုက်ထုတ်၍ လုပ်ဆောင်ရသော အမှုတို့နှင့်တွေ့ကြုံလျှင် တွန့်၍သွားကြကုန်မြဲတည်း။ အပေါင်း အဖော်နှင့် ကင်းရလိမ့်မည်ဆိုလျှင် ဆုတ်ကြကုန်၏။ အအိပ်ကို ချိုးခြံရလိမ့်မည် ဆိုလျှင် ဆုတ်ကြကုန်၏။ အစားကို ချိုးခြံရမည်ဆိုလျှင် ဆုတ်ကြကုန်၏။ နှလုံးသွင်းမှု ဖွဲ့မြဲရလိမ့်မည်ဆိုလျှင် ဆုတ်ကြကုန်၏။ နေ့ရက်ရှည်ကြာသံကို ကြားလျှင် ဆုတ်ကြကုန်၏။ ခွေးဖြူတို့မည်သည် တောချုံဆိုလျှင် ယာပြင်၌ ပေါက်ရောက် သော အရပ်တစ်ထောင်ခန့်ရှိသော မဲရိုင်းပင်ခေါ်သော မြက်ပင်တောကိုပင် သစ်ရှိလိမ့်မည်, ကျားရှိလိမ့်မည်, ဆင်ရှိလိမ့်မည်ထင်၍ အနီးအနားသို့ မတိုးဝံ့ကြ ကုန်သကဲ့သို့တည်း။

၃။ စိတ်ဆိုသည်ကား - သာသနာတော်ကို တွေ့ကြုံ ၍ သာသနာ့ဓမ္မကို ကြားနာရသောအခါမှစ၍ ထိုဣဒ္ဓိတို့၌ စွဲလန်းမှုတည်း၊ အလွန်အကျူး ထက်သန်နိုင်မာသော စိတ်စွဲလန်း မှုကိုဆိုသည်။ ထိုဣဒ္ဓိမှုတို့မှ တစ်ပါးလောက၌ အတင့်အတယ် အဖွယ်အရာ ချမ်းသာစီးပွားမှု, ဘုန်းတန်းလာဘ်လာဘမှု, ကျမ်း ဂန်ပရိယတ်တို့နှင့် နေရသော်လည်း ထိုအမှုတို့၌ စိတ်မပါ, စိတ်မရှိ၊ ဣဒ္ဓိမှုတို့၌သာ စိတ်သွား၍နေ၏။ ဣဒ္ဓိမှုတို့ကို ထိုထို ဤဤ ကြံစည်စိတ်ကူး၍ နေရမှသာ စိတ်ချမ်းသာခွင့်ကို ရတော့သည်။ လောက၌ ရွှေဖြစ်, ငွေဖြစ်စသော အဂ္ဂိရတ်

www.dhammaransi.com



အလုပ်၌ အထုံဝါသနာ အစွဲကြီး စွဲသောသူသည် တစ်ပါးသော စီးပွားမှုတို့၌ ပြုလုပ်ရသော်လည်း စိတ်မရှိ, စိတ်မပါ, အဂ္ဂိရတ်အမှု၌သာ စိတ်သွား၍နေ၏။ ဣရိယာပုထ်လေးပါး၌ အဂ္ဂိရတ်စိတ်သာ ရှိ၏။ အိပ်ချိန်မှန်းမသိ၊ စားချိန်မှန်းမသိ၊ အိပ်၍လည်း အိပ်ရမှန်းမသိ၊ စား၍လည်း စားရမှန်းမသိ၊ လမ်းခရီးသွား၍ ဘယ်ဟာကို တွေ့ခဲ့သည်ဟု သတိမရ၊ ဤကဲ့သို့ အစွဲသန်လှသော စိတ်တို့ကိုဆိုသည်။

၄။ ဝီမံသပညာ ဆိုသည်ကား - အပါယဒုက္ခ ဝဋ္ဋဒုက္ခ ကြီးကျယ်ပုံကို ကောင်းစွာမြင်နိုင်သော ပညာ, ဣဒ္ဓိတို့၏ အကျိုးအာနိသင်ကို ကောင်းစွာ မြင်နိုင်သော ပညာ, ခက်ခဲနက်နဲသော တရားဓမ္မသဘောတို့၌ ဖြန့်ဖြူးစွာ ကျက်စားနိုင်သော ပညာကိုဆိုသတည်း၊ ထိုပညာနှင့် ပြည့်စုံသောသူသည် ပြဆိုခဲ့ပြီးသော ဣဒ္ဓိအစီးအပွားတို့မှတစ်ပါး အလုံးစုံသော လောကီတရား ချမ်းသာ စီးပွားမှုတို့၌ စိတ်အရသာကို ရှာကြံ၍မရလေ၊ နက်နဲသော ဣဒ္ဓိအစီးအပွားတို့၌ စိတ်အရသာကို တွေ့နိုင်တော့သည်၊ နက်နဲသောတရားဆိုလေလေ ပေါက်ရောက် အောင် လုပ်ကြံချင်လေလေသာတည်း။

**ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို ပြဆိုခန်းပြီး၏။**

## ဣဒ္ဓိပါဒ်ရှိသူနှင့် မရှိသူတို့ ထူးခြားပုံ

ဤဣဒ္ဓိပါဒ်တရား လေးပါးတို့တွင် တစ်ပါးပါးနှင့် ပြည့်စုံကြကုန်သော သူတို့သည်ကား ကာယဂတာသတိကို တည်ထောင်မှုမှစ၍ စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော အထက်ထက်သော သာသနာ့ အစီးအပွားကြီးတို့ကိုလည်း ယခုဘဝ ဝန်ချ၍ မထားနိုင်ကြကုန်။ တစ်ပါးမျှ မကပ်ဖူးကြကုန်သော သူတို့သည်သာလျှင် ဘဝအတိမ်အနက်, ဓမ္မအတိမ်အနက်ကို မသိကြကုန်သည်ဖြစ်၍ မဖြစ်နိုင်ဟု ဝန်ချ၍ထားကြကုန်၏။ ဤတရားလေးပါးတို့တွင် တစ်ပါးပါးနှင့်ပင် ပြည့်စုံသော သူသည် မိမိပါရမီအားလျော်စွာ ဤဘုရားသာသနာမှာပင် ယခုဘဝ၌သော်လည်းကောင်း, နတ်ပြည်သို့ ရောက်သည့်ကာလ နောက်ဘဝ၌သော်လည်းကောင်း လောကုတ္တရာ ဣဒ္ဓိတိုင်အောင် ပေါက်ရောက်ပေလတ္တံ့၊ ၂-ပါးနှင့် ပြည့်စုံသောသူ, ၃-ပါးနှင့် ပြည့်စုံသောသူ, ၄-ပါးနှင့် ပြည့်စုံသောသူတို့မှာ ဆိုဖွယ်မရှိပေပြီ။

www.dhammaransi.com



ဣဒ္ဓိပါဒ်များဝေးစွ၏၊ ပါဒမျှ မရှိကြကုန်သေးသော သူတို့မှာမူကား ပါဒကို ရှေးဦးစွာ ထူထောင်ပွားများကြရကုန်၏။

မိမိသန္တာန်၌ သတိပဋ္ဌာန်တရားကို ပွားများမှုအစရှိသော အထက် အထက်သော သာသနာတော်မြတ် အစီးအပွားကြီးတို့ကို ယခုဘဝ ယခုဘုရား သာသနာမှာ အလွန်ရလိုလှသော ဆန္ဒပင် မရှိကြသေးကုန်မူ၍ ဝန်ချလျက် နေကြကုန်သော သူတို့သည် ထိုဝန်ချမှုကိုပင် အပါယ်လမ်းကြီးတစ်ခုဟု သိမြင်ကြ၍ ထိုဆန္ဒကို ဖြစ်ပွားစေနိုင်သော သုတ္တန်ဒေသနာတော်များကို ကောင်းစွာကြည့်ရှုကြံဖန် ဆင်ခြင်ကြကုန်ရာသည်၊ ထိုဆန္ဒကို ဖြစ်ပွားအောင် ဟောပြောဆုံးမနိုင်သော ဥပနိဿယဆရာကို ကောင်းစွာမှီဝဲဆည်းကပ်ကြရကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် -

**"ဆန္ဒိဒ္ဓိပါဒံ ဘာဝေတိ၊ ဝီရိယိဒ္ဓိပါဒံ ဘာဝေတိ၊ စိတ္တိဒ္ဓိပါဒံ ဘာဝေတိ၊ ဝီမံသိဒ္ဓိပါဒံ ဘာဝေတိ"** -ဟူ၍ ဟောတော်မူသည်။

အကြင်သူတို့သည် ထိုထိုဣဒ္ဓိကိုဝေးစွ၊ ပါဒကိုမျှ ဖြစ်ပွားအောင် အားထုတ်မှု မရှိကြကုန်၊ ဆန္ဒမရှိသေးလျှင် ဆန္ဒရှိအောင်ပင် ပွားများ အားထုတ်ရသေးသည်ဟူ၍မျှ မသိကြကုန်၊ ထိုသူတို့သည် ဝန်ချသူတို့ချည်း ဖြစ်ကြလေကုန်၏။

ဝီရိယ, စိတ္တ, ဝီမံသတို့၌လည်း ပါဒထူထောင်မှု အသီးအသီးရှိကြသည်ကို သိကြလေ။

ကာယဂတာသတိကို စွဲမြဲမှုသည်ပင်လျှင် စိတ်ကို ထူထောင်မှုမည်၏။ သံဝေဂဝတ္ထုတို့ကို လေ့ကျင့်မှု, ဓုတင် ပဋိပတ်တို့ကို အားထုတ်မှုသည် ဝီရိယကို ထူထောင်မှုမည်၏။ ခေတ်ကြီးလေးပါးစသော နက်နဲသော ဓမ္မသဘာဝတို့ကို ကြံဖန် လေ့ကျင့်မှုသည် ဝီမံသကို ထူထောင်မှုမည်၏။ တစ်ခုခုသော ပါဒထူထောင်မိခဲ့လျှင် ပါရမီအားလျော်စွာ ထိုထိုဣဒ္ဓိတို့ကို မလွဲစေနိုင်ကြကုန်ပြီ။

www.dhammaransi.com



## ဒွန်းစဏ္ဍားသားနှင့် ဧကရာဇ်မင်းသား ဥပမာ

ထို့ကြောင့် အဋ္ဌကထာဆရာတို့၌ ဣဒ္ဓိပါဒ်တစ်ပါးပါးမျှ မရှိကြကုန်သော သူတို့သည် ဒွန်းစဏ္ဍား၏ သားတို့နှင့် တူကုန်သည်။ တစ်ပါးပါး ရှိကြကုန်သော သူတို့သည် ဧကရာဇ်မင်းသားတို့နှင့် တူကုန်သည်ဟု မိန့်ဆိုကြကုန်၏။

ဒွန်းစဏ္ဍား၏ သားတို့သည် မင်းဧကရာဇ် ပြုလုပ်ရန် အကြံဖြစ်မြဲ မဟုတ်ကုန်၊ အဘယ့်ကြောင့်နည်းဆိုသော် အကြံဖြစ်ရန် အခြေပါဒ တစ်စွန်း တစ်စမျှ မရှိကြကုန်သောကြောင့်တည်း၊ ဧကရာဇ်မင်းသားတို့သည်ကား မင်းဧကရာဇ် ပြုလုပ်ကြရန် အလိုအကြံ ရှိမြဲတို့ပေတည်း၊ အဘယ့်ကြောင့်နည်း ဆိုသော် အလိုအကြံ ဖြစ်နိုင်ကြရန် အခြေပါဒ ကြီးမြင့်ကြကုန်သောကြောင့်တည်း ဟူလိုသည်။

## ဣဒ္ဓိပါဒ်ပွားရန် တိုက်တွန်းချက်

ထို့ကြောင့် ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်လည်း မိမိတို့ပါရမီအားလျော်စွာ ဤသာသနာတော် အတွင်း၌ပင်လျှင် အထက် အထက်သော သာသနာ့ အစီးအပွားကြီးများသို့ ရောက်ကြ၍ သက္ကာယဒိဋ္ဌိ အသိုက်အအုံကြီးများကို ဖျက်ဆီးနိုင်ကြရန် ဤဣဒ္ဓိပါဒ်တရား လေးပါးများကို ထူထောင် ပွားများကြကုန်ရာသတည်း။

ဣဒ္ဓိပါဒ် ၄-ပါးပြီး၏။

## ဣန္ဒြေ ၅ -ပါး

### ဣန္ဒြေ၏အနက်အဓိပ္ပါယ်

ဣန္ဒြေငါးပါး၌ ဣန္ဒြေ ဆိုသည်ကား - **ဣန္ဒဿ ကမ္မံ ဣန္ဒြိယံ**။ ဣန္ဒဿ၊ အစိုးရမင်း၏။ ကမ္မံ၊ အစိုးရမှုသည်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ အစိုးရမင်း၏ အစိုးရမှုဆိုသည်ကား- မိမိအုပ်ချုပ်ရာဌာန၌ မိမိအလိုကို တစ်စုံတစ်ယောက်သော သူကမျှ မလွန်မပြန်နိုင်မှုတည်း။ ဤအရာ၌ကား စိတ်ကို အစိုးရမှုသည် လိုရင်းတည်း။ ထိုဣန္ဒြေသည် ၅ -ပါးရှိ၏။

www.dhammaransi.com



၁။ သဒ္ဓိန္ဒြေ၊

၂။ ဝီရိယိန္ဒြေ၊

၃။ သတိန္ဒြေ၊

၄။ သမာဓိန္ဒြေ၊

၅။ ပညိန္ဒြေ၊

ဤကား ဣန္ဒြေ ၅ -ပါးတည်း။

## ပကတိသဒ္ဓါနှင့် ဘာဝနာသဒ္ဓါအကြောင်း

၁။ သဒ္ဓိန္ဒြေ ဆိုသည်ကား -သဒ္ဓါပင်တည်း၊ ထိုသဒ္ဓါသည် အစိုးရမျိုး ပေတည်း၊ ပကတိသဒ္ဓါ, ဘာဝနာသဒ္ဓါဟူ၍ ၂-ပါးရှိ၏။ ပကတိလူတို့၌ ဒါနမှု, သီလမှု, အတုအပ ဘာဝနာမှုနှင့် ဖြစ်၍နေသော သဒ္ဓါသည် ပကတိသဒ္ဓါမည်၏။ ထိုပကတိသဒ္ဓါသည် စိတ်ကိုအစိုးရ၏ဆိုသော်လည်း အထက်၌ ပြဆိုခဲ့ပြီးသော သူရူးဥပမာအတိုင်း ပကတိလူတို့၌ စိတ်ရူး, စိတ်နှောက်ကို ပျောက်ငြိမ်းအောင် အုပ်ချုပ်နိုင်သည်မဟုတ်၊ ထိုစိတ်ရူး, စိတ်နှောက်အတိုင်းမှာ အလိုက်သင့် လိုက်လျော၍ ဒါနပြုရုံမျှ စိတ်ကိုအစိုးရ၏။ သဒ္ဓါမရှိခဲ့လျှင် စိတ်သည် ဘယ်အခါမှ ကောင်းမှု ကုသိုလ်ဆီ မသီပြီ၊ မကောင်းမှု၌သာ မွေ့လျော်၏။ သီလဝိသုဒ္ဓိကို ဖြည့်ကျင့်မှု, တရားကျမ်းဂန် သင်ကြားလေ့လာမှု စသည်တို့၌လည်း ဒါနမှုအတူ သိလေ။

ဤကား ပွားများခြင်း မရှိသော ပကတိသဒ္ဓါ၏ အစိုးရမှုနှင့် ဖြစ်နိုင်သော ပကတိကုသိုလ်မျိုးတည်း၊ ကမ္မဋ္ဌာန်းအမှုနှင့် တွေ့ခဲ့လျှင် ထိုပကတိသဒ္ဓါသည် စိတ်ကိုအစိုးမရ၊ စိတ်သည် သဒ္ဓါကိုလှန်ပြန် ကန်ကျောက်၍ လွတ်ရာတစ်ပါးသို့ ထွက်သွား၏။ ပကတိသဒ္ဓါကို ဤအရာ၌ မလိုအပ်။

ဘာဝနာသဒ္ဓါ ဆိုသည်ကား - ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်း အလုပ်အစရှိသော ဘာဝနာအလုပ်ဖြင့် အားခွန်ဗလ တေဇတန်ခိုး တိုးတက်ပွားစီး ဆင်ပြောင်ကြီးကဲ့သို့ ကြီးပွားလေအောင် ပျိုးထောင်ပြုပြင်၍ ထားအပ်သော သဒ္ဓါသည် ဘာဝနာ သဒ္ဓါမည်၏။

www.dhammaransi.com



ဤဘာဝနာသဒ္ဓါကို ဗောဓိပက္ခိယအရာ၌ သဒ္ဓိန္ဒြေ ဆိုသည်။ ကမ္မဋ္ဌာန်းအာရုံတို့၌ စိတ်ရှုး, စိတ်နောက်ပျောက်ငြိမ်း၍ စိတ်ကြည်ရောက်ခြင်း တည်း၊ စိတ်မည်သည် သူကြည်ရာ အာရုံ၌နေရမှ ငြိမ်သက်တော့သည်။ အာနာပါနဿတိ အစရှိသော ကာယဂတာသတိကို အားထုတ်မှုသည် ထိုဘာဝနာ သဒ္ဓါကို ပျိုးထောင်ပြုပြင်မှုပင်တည်း။ ကာယဂတာသတိစွဲ၍ ထွက်သက် ဝင်သက်စသော မိမိကိုယ် အင်္ဂါထဲ၌ စိတ်ကိုမြဲအောင်ထားနိုင်လျှင်ပင် ဘာဝနာ သဒ္ဓါကိုရပြီ။ သမထကိစ္စ, ဝိပဿနာကိစ္စတို့နှင့် အဆင့်ဆင့်ပွားများ၍ သွားပါမှုကား ယခုဘဝ၌ပင်လျှင် သက္ကာယဒိဋ္ဌိ နိုင်ငံကြီး ၃-ရပ်ကို အကုန်ဖြိုဖျက်နိုင်သော အားအစွမ်းသို့ ရောက်၏။ သမထအလုပ်, ဝိပဿနာအလုပ်တို့ကိုမူကား ကျမ်းဂန် အရာ၌ အလွန်လိမ်မာသော ဆရာဥပနိဿယကိုမှီ၍လုပ်မှ နေရာကျနိုင်မည်။

## ဝီရိယနှစ်မျိုးနှစ်စုံပြားပုံ

၂။ဝီရိယိန္ဒြေ ဆိုသည်ကား - ဝီရိယပင်တည်း။ ။ ပကတိ ဝီရိယ, ဘာဝနာဝီရိယဟူ၍ နှစ်ပါးရှိ၏။ ။ ကာယိကဝီရိယ, စေတသိကဝီရိယဟူ၍လည်း နှစ်ပါးရှိ၏။ ပကတိဝီရိယမှာ သိသာပြီ၊ လောကမှုတို့၌ ပကတိဝီရိယ လွန်ကဲသော သူတို့မှာ ဘာဝနာဝီရိယ ထမြောက်လွယ်၏။ ပိဏ္ဍပါတ်ဓုတင်, နိသဇ္ဇ ဓုတင်, ရုက္ခမူဓုတင်, အဗ္ဘောကာသိကဓုတင်, သုသာန်ဓုတင် အစရှိသော ဓုတင်မှုကြီး များသည် ကာယိကဝီရိယ ဘာဝနာမှု တို့ပင်တည်း။ ကာယိကဝီရိယဘာဝနာကို ထူထောင်မိ၍ အအိပ်အနေ နည်းပါးသဖြင့် ထကြွလုံ့လဝီရိယနှင့် ပြည့်စုံငြားသော် လည်း ဘာဝနာမနသိကာရ ထက်သန်မှုဟူသော စေတသိက ဝီရိယ မရှိခဲ့သည် ရှိသော် ထွက်သက် ဝင်သက်စသော ကမ္မဋ္ဌာန်းအာရုံသည် ထင်မြင်၍စွဲမြဲခြင်းသို့ မရောက်နိုင်၊ နေ့, ရက်, လ, နှစ်သာ ကြာညောင်း၍ သွား၏။ အာရုံမူကား ထူးလှသည်မရှိ၊ စိတ်ကြည်မှုလည်း ထူးလှသည်မရှိ။

www.dhammaransi.com



## ဝီရိယညွှဲ့ဖျင်းသူကို အလုပ်ကနိုင်ပုံ

ခပ်သိမ်းသော လုပ်မှု ကိုင်မှုတို့၌ပင်လျှင် အလုပ်ကို လူက မြန်မြန်နိုင်တဲ့မှ နေရာကျသည်၊ လူကို အလုပ်ကနိုင်၍နေလျှင် နေရာမကျပြီ၊ လူကို အလုပ်ကနိုင်မှု ဆိုသည်ကား -အတုအပ ဝီရိယနှင့် သွပ်၍ အလုပ်အရာမထင်တဲ့နိုင်ပဲ နေ့ရက် ကြာညောင်းရှိလတ်သော် တ္တရိယာပထ ဒုက္ခညှဉ်းဆဲမှုနှင့်ပင် ထိုအလုပ်၌ ပျင်းရိခြင်း ဖြစ်၍နေ၏။ ပျင်းရိခြင်းဖြစ်လေလေ အလုပ်အရာမထင်လေလေ။ အလုပ်အရာ မထင်လေလေ ပျင်းရိခြင်းဖိစီး၍ လာလေလေဖြစ်၏။ ထိုအရပ်ကို လွှတ်၍ အလုပ်တစ်ပါးပြောင်းရသော် ကောင်းနိုးနိုးထင်၏။ မကြာမကြာ အလုပ်ပြောင်း၏။ ဝီရိယညွှဲ့ဖျင်းသောသူကို အလုပ်ကနိုင်မှုတည်း။

ကမ္မဋ္ဌာန်း အလုပ်မည်သည် ကာယိက ဝီရိယ, စေတသိက ဝီရိယ ၂-ပါး ပြည့်စုံသောသူမှသာ အမြန်ထမြောက်နိုင်၏။

ကာယဂတာသတိ တည်ထောင်မိသည်မှစ၍ တစ်နေ့တစ်ခြား တိုးပွား၍ လာသော ဘာဝနာဝီရိယကို ဤဗောဓိပက္ခိယအရာ၌ ဝီရိယိန္ဒြေ ဆိုသတည်း။ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ပျင်း, စိတ်ရိပျောက်ငြိမ်း၍ စိတ်ထက်သန်မှုသို့ ရောက်ခြင်း တည်း။ စိတ်မည်သည် စိတ်သန်ရာ အာရုံမှနေရမှု ပျော်တော့သည်။

ဤမှနောက်၌ ဘာဝနာဝီရိယ ထူထောင်မှု အဆင့်ဆင့်ပွားများမှုတို့မှာ သဒ္ဓိန္ဒြေအတိုင်း သိလေ။

၃။ သတိန္ဒြေ ဆိုသည်ကား - ဤဗောဓိပက္ခိယအရာ၌ ထွက်သက် ဝင်သက်စသော မိမိကိုယ်အင်္ဂါ၌ ကောင်းစွာတည်ထောင်မိသော ကာယဂတာ သတိမှစ၍ လောကုတ္တရာ သမ္မာသတိ မဂ္ဂင်တိုင်အောင် ကြီးပွား၍သွားသော သတိပဋ္ဌာနခေါ်သော ဘာဝနာသတိကို ဆိုသတည်း။ သမာဓိန္ဒြေ, ပညိန္ဒြေ တို့ကိုလည်း ထိုနည်းတူဆိုလေ။

## တ္တန္ဒြေ ၅-ပါး တစ်လုံးတစ်စည်းတည်းဖြစ်ပုံ ပြဆိုခန်း

ထွက်သက် ဝင်သက် အစရှိသော သတိပဋ္ဌာန်အာရုံ၌ စိတ်၏မငြိမ်မသက် မှုကို သမာဓိန္ဒြေသည် ပယ်သတ်၏။ စိတ်၏ တွေဝေမှုန်မှေးမှုကို ပညိန္ဒြေသည်

www.dhammaransi.com



ပယ်သတ်၏။ ရှေးဖြစ်သော သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ ၃-ပါးတို့ကား သမာဓိန္ဒြေ, ပညိန္ဒြေ ၂-ပါးတို့ကို အထွတ်အမြတ်သို့ရောက်အောင် မင်းမြှောက်သမားတို့ပေတည်း။ ကာယဂတာသတိ ပဋ္ဌာန် တည်ထောင်မိ၍ စိတ်ကိုအစိုးရသော အဖြစ်သို့ ရောက်ကြသောအခါ သမထလမ်းသို့ လိုက်ခဲ့လျှင် သမာဓိန္ဒြေသည် သမာပတ်ရှစ်ပါး ဖြစ်လာ၏။ ပညိန္ဒြေသည် ဣဒ္ဓိဝိဓ အစရှိသော အဘိညာဉ် ၅-ပါး ဖြစ်လာ၏။ ဝိပဿနာလမ်းသို့ လိုက်ခဲ့လျှင် သမာဓိန္ဒြေသည် သုညတသမာဓိ, အနိမိတ္တသမာဓိ, အပ္ပဏိဟိတသမာဓိ ၃-ပါး ဖြစ်လာ၏။ ပညိန္ဒြေသည် ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ပညာဝိသုဒ္ဓိ ငါးပါး, အနုပဿနာဉာဏ် သုံးပါး, ဝိပဿနာဉာဏ်ဆယ်ပါး, မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါး, ပစ္စဝေက္ခဏာဉာဏ် ၂၆ -ပါးဖြစ်လာ၏။

ဤကား ဣန္ဒြေ ၅-ပါးတို့၏ တစ်လုံးတစ်စည်းတည်း ဖြစ်ကြပုံကို ပြဆိုခန်းတည်း။

## ဣန္ဒြေ ၅-ပါး လွန်ကဲရာဌာန ခွဲဝေချက်
### သဒ္ဓိန္ဒြေအချက်

လွန်ကဲရာ ဌာနအားဖြင့် ခွဲဝေ၍ဆိုမူကား -

**သဒ္ဓိန္ဒြေ။ ။ ကတ္ထ သဒ္ဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု သောတာ ပတ္တိယင်္ဂေသု ဧတ္ထ သဒ္ဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ။** ။ (ပါဠိတော်)

ကတ္ထ၊ အဘယ်အရာဌာန၌။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဝါ၊ သဒ္ဓိန္ဒြေ၏ အစွမ်းထူးကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်မှတ်အပ်သနည်း။ စတူသု သောတာပတ္တိယင်္ဂေသု၊ သောတာပတ္တိအင်္ဂါလေးပါးဟု ဆိုအပ်ကုန်သော။ ဧတ္ထ၊ ဤအရာဌာန၌။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဝါ၊ သဒ္ဓိန္ဒြေ၏ အစွမ်းထူးကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်မှတ်အပ်၏။ ။ (အနက်)

အဓိပ္ပါယ်ကား - သဒ္ဓိန္ဒြေအစွမ်းသည်ိ သောတာပတ္တိ အင်္ဂါလေးပါး အရာ၌ လွန်ကဲစွာ ထင်ရှား၏ဟူလို။

www.dhammaransi.com



သောတာပတ္တိ အင်္ဂါလေးပါး ဆိုသည်ကား -

၁။ အရဟံ, သမ္မာသမ္ဗုဒ္ဓ အစရှိသော ဘုရားဂုဏ်၌ မတုန်မလှုပ် ကြည်ညို ခြင်း တစ်ပါး။

၂။ သွာက္ခာတ အစရှိသော တရားဂုဏ်၌ မတုန်မလှုပ်သက်ဝင်၍ ကြည် ညိုခြင်း တစ်ပါး။

၃။ သုပ္ပဋိပန္န အစရှိသော သံဃာ့ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း တစ်ပါး။

၄။ လောကုတ္တရာ သမာဓိ၏ ပဒဋ္ဌာန်ဖြစ်သော သီလဝိသုဒ္ဓိဂုဏ်နှင့် ပြည့်စုံခြင်း တစ်ပါး။

ဤကား - သောတာပတ္တိမဂ်ဉာဏ်သို့ ကေန်မုချ ယခုဘဝ ရောက်စေ နိုင်သော အဆောက်အဦး အင်္ဂါလေးပါးတို့တည်း။

"**ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော**"- အစရှိသော ပါဠိတော်၌ "**အဝေစ္စပသာဒ**" ပုဒ်အနက်ကို မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းဟု ဆိုသည်၊ ဘုရားဂုဏ်၌ ဥပစာရသမာဓိကို ရသောသူ၏ သဒ္ဓါပေတည်း။

ဥပစာရသမာဓိ ဆိုသည်ကား - ဣတိပိသော ဘဂဝါ အရဟံ- အစရှိသည်ဖြင့် ဘုရားဂုဏ်ကို ကြည်ညို၍ နေဆဲအခါ၌ ဈာန်သမာပတ်ကို ဝင်စား၍ နေသကဲ့သို့ ဘုရားဂုဏ်ကို စိတ်တည်ငြိမ်၍နေသော သမာဓိတည်း၊ ထိုသမာဓိကို မြင်လျှင် သဒ္ဓါ၏ အစိုးရမှုအထူးကို သိအပ်၏။ ထိုပုဂ္ဂိုလ်သည် ဘုရားဂုဏ်ကို ကြည်ညိုမှု၌ မိမိစိတ်ကို မိမိအစိုးရလေ၏။ တရားဂုဏ်, သံဃာ့ဂုဏ်တို့၌လည်း ထို့အတူ။

လောကုတ္တရာ သမာဓိ၏ ပဒဋ္ဌာန်ဖြစ်သော သီလဝိသုဒ္ဓိ ဆိုသည်ကား- ယခုဘဝ၌ပင်လျှင် လောကုတ္တရာသမာဓိသို့ တက်ရောက်ရန် အခြေခံအနေနှင့် စောင့်ထိန်းအပ်သော အာဇီဝဋ္ဌမက နိစ္စသီလကို ဆိုသတည်း။ ထိုသီလသည် အကျိုး, အပေါက်, အပြောက်, အကျားမှကင်းရှင်းပေသည် ရှိသော်လည်းကောင်း၊ တဏှာ, မာန, ဒိဋ္ဌိစသော ကိလေသာတို့ကြောင့် ညှိုးနွမ်းခြင်းမှ ကင်းရှင်းပေသည် ရှိသော်လည်းကောင်း သီလအရာ၌ သဒ္ဓါ၏အစိုးရမှုအထူးကို သိအပ်၏။

www.dhammaransi.com



နိစ္စသီလမလုံခြုံမှုကို ကျိုးပေါက်ပြောက်ကျားဆိုသည်။ လုံခြုံပြန်လျှင်လည်း ထိုသီလကို တံခွန်ပြုလျက် လောကနှင့်ထွေးယှက်၍ နေမှုကို ညှိုးနွမ်းခြင်း ဆိုသည်။ "နွားကောင်း မကောင်းကို ချောင်းအတက်မှာ သိရသည်" ဆိုသကဲ့သို့ ဗုဒ္ဓဘာသာသာသနာ၀င် ရှင်,လူအပေါင်းတို့မှာ သဒ္ဓါအရာ၌ စိတ်ရှူး, စိတ်နှမ်း ပျောက်, မပျောက်၊ စိတ်ကိုအစိုးရသူ ဟုတ်, မဟုတ်ကို ဤလေးဌာနသို့ ရောက်မှ သိရသည် ဟူလို။

**သဒ္ဓိန္ဒြေအချက်ပြီး၏။**

## ဝီရိယိန္ဒြေအချက်

**ကတ္ထ ဝီရိယိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု သမ္မပ္ပဓာနေသု ဧတ္ထ ဝီရိယိန္ဒြိယံ ဒဋ္ဌဗ္ဗံ။** (ပါဠိတော်၊ အနက်လွယ်ပြီ။)

ဗုဒ္ဓဘာသာ သာသနာ၀င် လူ, ရှင်ပေါင်းတို့မှာ ဝီရိယအရာ၌ စိတ်ရှူး, စိတ်နောက် ပျောက်, မပျောက်၊ စိတ်ကိုအစိုးရသူ ဟုတ်, မဟုတ်ကို သမ္မပ္ပဓာန်ကိစ္စ လေးဌာနသို့ရောက်မှ သိရသည် ဟူလို။

အရေကြွင်းစေ, အကြောကြွင်းစေ, အရိုးကြွင်းစေ, အသားအသွေး ကုန်ခန်းလေစေ, ယခုဘ၀တွင် ငါ၏သန္တာန်၌ ဒိဋ္ဌိနိုင်ငံကြီး ဒုစရိုက်နိုင်ငံကြီး အပါယ်သံသရာကြီး မချုပ်ငြိမ်းသမျှ ငါမနေဟု အရှင်စက္ခုပါလတို့ကဲ့သို့ တစ်သန် တည်းလွှတ်သော အမှုကို သမ္မပ္ပဓာန်ဆိုသည်။ ထိုသမ္မပ္ပဓာန်မှုကို ထိုကဲ့သို့ တစ်သန်တည်း လွှတ်သည်ကို မြင်လျှင် ဝီရိယ၏ အစိုးရမှုအထူးကို သိအပ်၏။ ထိုပုဂ္ဂိုလ်သည် ဝီရိယအရာ၌ စိတ်ရှူး, စိတ်နှမ်း ပျောက်ပေပြီ၊ ဘုရားသာသနာ၌ စိတ်ကိုအစိုးရသူ လူကောင်း သူကောင်းဖြစ်ပေပြီဟု သိအပ်၏ဟူလို။

**ဝီရိယိန္ဒြေအချက်ပြီး၏။**

www.dhammaransi.com



## သတိန္ဒြေအချက်

**ကတ္တ သတိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု သတိပဋ္ဌာ နေသု ဧတ္ထ သတိန္ဒြိယံ ဒဋ္ဌဗ္ဗံ။** (ပါဠိတော်၊ အနက်လွယ်ပြီ။)

ဗုဒ္ဓဘာသာ သာသနာဝင် လူ, ရှင်အပေါင်းတို့မှာ သတိအရာ၌ စိတ်ရှူး, စိတ်နောက် ပျောက်, မပျောက်၊ စိတ်ကိုအစိုးရသူ ဟုတ်, မဟုတ်ကို သတိပဋ္ဌာန်ကိစ္စ လေးဌာနသို့ရောက်မှ သိရသည် ဟူလို။

အာနာပါနစသော သတိပဋ္ဌာန် အာရုံတို့၌ ကာယဂတာသတိအလုပ် ကောင်းစွာထမြောက်၍ မိမိစိတ်ကို မိမိကိုယ်ခန္ဓာ၌ ထားလိုသမျှ မကွာရအောင် ထားနိုင်ပေလျှင် သတိ၏အစိုးရမှုအထူးကို သိအပ်၏။ ထိုပုဂ္ဂိုလ်သည် သတိအရာ၌ စိတ်ရှူး, စိတ်နောက် ပျောက်ပေပြီ၊ ဘုရားသာသနာ၌ စိတ်ကိုအစိုးရသော လူကောင်း, သူကောင်းဖြစ်ပေပြီဟု သိအပ်၏ ဟူလို။

**သတိန္ဒြေအချက်ပြီး၏။**

## သမာဓိန္ဒြေအချက်

**ကတ္တ သမာဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု ဈာနေသု ဧတ္ထ သမာဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ။** (ပါဠိတော်၊ အနက်လွယ်ပြီ။)

အာနာပါန အစရှိသော သမထအာရုံတို့၌ ယုတ်စွအဆုံး ဥပစာရသမာဓိ ဘာဝနာအလုပ် ကောင်းစွာထမြောက်၍ မိမိစိတ်တွင် အစဉ်ထကြွ သောင်းကျန်း၍ နေသော ကာမစ္ဆန္ဒ, ဗျာပါဒစသော နီဝရဏပယောဂကြမ်းကြီးတို့ ကျွတ်ကွာကင်း ရှင်း၍ ထိုအာရုံ၌ စိတ်၏တည်ကြည်ငြိမ်သက်ခြင်း အထူးသို့ရောက်ပေလျှင် သမာဓိ၏ အစိုးရမှု အထူးကိုသိအပ်၏။ ထို ပုဂ္ဂိုလ်သည် သမာဓိအရာ၌ စိတ်ရှူး, စိတ်နောက် ပျောက်ပေပြီ။ ဘုရားသာသနာ၌ စိတ်ကိုအစိုးရသော လူကောင်း, သူကောင်း ဖြစ်ပေပြီဟု သိအပ်၏ ဟူလို။

**သမာဓိန္ဒြေအချက်ပြီး၏။**

www.dhammaransi.com



## ပညိန္ဒြေအချက်

**ကတ္ထ ပညိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု အရိယ သစ္စေသု ဧတ္ထ ပညိန္ဒြိယံ ဒဋ္ဌဗ္ဗံ။** (ပါဠိတော်၊ အနက်လွယ်ပြီ။)

ဘုရားသာသနာ၌ ကြုံကြိုက်ကြသော သူတို့မှာ သစ္စာလေးပါးကို သိမှုသည် အထွတ်အမြတ်တည်း၊ သစ္စာလေးပါးကိုသိမှ ဒိဋ္ဌိနယ်ကြီး, ဒုစရိုက်နယ်ကြီး, အပါယ်သံသရာကြီးတို့မှ အပြီးတိုင် ကျွတ်လွတ်နိုင်ကြကုန်သည်။ ထို့ကြောင့် သစ္စာလေးပါးကို သိခြင်းငှါ မိမိတို့သန္တာန်၌ ယုတ်စွအဆုံး မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်, အာကာသဓာတ်, စိတ်ဓာတ်ဟူသော ဓာတ် ၆-ပါး တို့ကိုလည်းကောင်း၊ ထိုဓာတ် ၆-ပါး တို့၏ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်မရှည် အတည်မမြဲ မစဲချုပ်ဆုံး၍ နေမှုဟူသော အနိစ္စအချက်ကြီးကို လည်းကောင်း ယခုဘဝတွင် ထင်မြင်နိုင်ကြရန် ကျက်မှု, အံမှု, ကြံမှု, စည်မှု, ကြားနာမှု, ဆွေးနွေးမှု, မေးမြန်းမှု, ရှုမှု, ကြည့်မှု, နှလုံးသွင်းမှုတို့ကို အထူးအားထုတ် လေ့လာကြရကုန်သည်။ ထိုဓာတ် ၆-ပါးတို့ကို ဉာဏ်၌ ကောင်းစွာ ထင်မြင်ကြကုန်လျှင် ကြွင်းသောတရားတို့၌ အထူးအားထုတ်ဖွယ် မရှိကြကုန်ပြီ။ အနိစ္စအချက်ကြီး ကောင်းကောင်း ထင်မြင်ကြကုန်လျှင် အနတ္တ အချက်ကြီး ပြီးစီးတော့သည်။ ဒုက္ခအချက်ကြီးမှာ အရဟတ္တမဂ်သို့ ရောက်မှ ကမ်းကုန်လမ်းကုန် ပြီးစီးနိုင်သည်။

ထိုသို့ နှစ်ရှည်လများ အားထုတ်လေ့လာကြကုန်၍ အဇ္ဈတ္တဗဟိဒ္ဓ ရှိသမျှတို့၌ ဓာတ် ၆-ပါး ဉာဏ်အမြင်ပေါက်မှု, အနိစ္စဉာဏ်အမြင်ပေါက်မှုသို့ ရောက်ကြသောအခါ ထိုတရားတို့၌ စိတ်စွဲမြဲနိုင်ကြသဖြင့် ပညာ၏အစိုးရမှု အထူးကို သိအပ်၏။ ထိုသူတို့မှာ အနမတဂ္ဂ သံသရာမှ အစဉ်ပါရှိ၍လာခဲ့သော စိတ်၏ဖောက်ပြန်မှုတို့သည် အစဉ်အတိုင်း တစ်နေ့ တစ်ခြား, တစ်လတစ်ခြား, တစ်နှစ်တစ်ခြား ပျောက်ကင်း၍ သွားကုန်၏။

ဖောက်ပြန်မှုတို့ ဆိုသည်ကား - အနိစ္စဓမ္မတို့၌ နိစ္စဟူ၍ ဖောက်ပြန် စွဲလန်း ရှုးနှမ်းမှု, ဒုက္ခဓမ္မတို့၌ သုခဟူ၍ ဖောက်ပြန်စွဲလန်း ရှုးနှမ်းမှု, အသုဘဓမ္မတို့၌ သုဘဟူ၍ ဖောက်ပြန်စွဲလန်း ရှုးနှမ်းမှု, ပုဂ္ဂိုလ်မဟုတ်သည်တို့၌

ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါမဟုတ်သည်တို့၌ သတ္တဝါဟူ၍၊ လူမဟုတ်သည်တို့၌ လူဟူ၍၊ နတ်, သိကြား, ဗြဟ္မာမဟုတ်သည်တို့၌ နတ်, သိကြား, ဗြဟ္မာဟူ၍၊ မိန်းမ, ယောက်ျား, နွား, ကျွဲ, ဆင်, မြင်းမဟုတ်သည်တို့၌ မိန်းမ, ယောက်ျား, နွား, ကျွဲ, ဆင်, မြင်းဟူ၍ ဖောက်ပြန်စွဲလန်း ရှုနှမ်းမှုတို့ကို စိတ်၏ဖောက်ပြန်မှု ဆိုသတည်း။

ထိုသို့သော စိတ်ရှုး စိတ်နှောက် စိတ်ဖောက်ပြန်မှုတို့မှ ကျွတ်လွတ်ကြကုန်၍ ဘုရားသာသနာ၌ အမှန်ကို သိမှု၌စိတ်ကို အစိုးရကြသော လူကောင်း သူကောင်း ဖြစ်ကြလေကုန်၏ဟူလိုသည်။

ဤ၌ ဒုက္ခသစ္စာကို အမှန်သိမြင်ခဲ့လျှင် ကြွင်းသော သစ္စာ ၃-ပါးတို့ကို သိမြင်မှုလည်း ပြီးစီးတော့သည်။ သစ္စာလေးပါးတို့ကို သိကြရာ၌ ပုထုဇဉ်တို့မှာ အနုဗောဓသိတည်း။ အရိယာတို့မှာ ပဋိဝေဓသိတည်း။ ညဉ့်အခါ၌ မီးတောက်ကို တိုက်ရိုက်မမြင်သော်လည်း မီးရောင်အလင်းကို မြင်သဖြင့် ဤဌာန၌ ဆီမီး ညှိထွန်းလျက်ရှိသည်ဟု အတပ်သိသည်ကား အနုဗောဓသိမျိုးတည်း။ မီးတောက်ကို တိုက်ရိုက်မြင်၍ သိသည်ကား ပဋိဝေဓသိမျိုးတည်း။

ပညိန္ဒြေအချက် ပြီး၏။

## ဣန္ဒြေပွားများရန် တိုက်တွန်းချက်

**သဒ္ဓိန္ဒြိယံ ဘာဝေတိ၊ ဝီရိယိန္ဒြိယံ ဘာဝေတိ၊ သတိန္ဒြိယံ ဘာဝေတိ၊ သမာဓိန္ဒြိယံ ဘာဝေတိ၊ ပညိန္ဒြိယံ ဘာဝေတိ။**

သမထအလုပ်ကြီး, ဝိပဿနာ အလုပ်ကြီးကို လုပ်နိုင်ကြရန် ရှေးဦးစွာကပင် တင်ကူး၍ ဣန္ဒြေကြီးငါးပါးကို ကြီးပွားအောင် မွေးမြူထူထောင်ရမည်ဟူ၍ ဟောတော်မူသော ပါဠိတော်။

## မင်းမဲ့တိုင်းပြည်နှင့် မင်းရှိတိုင်းပြည် ဥပမာ

ဤဣန္ဒြေကြီးငါးပါး ပွားများမှုမရှိသော သူ၏ကိုယ်ခန္ဓာသည် မင်းမဲ့တိုင်းပြည်နှင့်တူ၏။ အအုပ်အချုပ်မရှိသော အရိုင်းအစိုင်းတို့နေရာ တောရွာတောင်ရွာနှင့် တူ၏။ မင်းမဲ့တိုင်းပြည်မည်သည် တရားမရှိ။ စိတ်ထင်တိုင်း

www.dhammaransi.com



ပြုကျင့်၍နေကြ၏။ ရေတိရစ္ဆာန်, ကုန်းတိရစ္ဆာန်တို့ကဲ့သို့ နိုင်ရာနိုင်ရာ သတ်ဖြတ်လုယက်၏။ ထို့အတူ ဣန္ဒြေကြီး ၅-ပါး ပွားများမှုမရှိသောသူ၏ စိတ်သန္တာန်သည် ထင်မိထင်ရာ ဂယောက်ဂယက်နှင့် နေ့, ရက်, နှစ်, လ ကုန်၏။ ကိလေသာတို့သည် ပေါက်လွှတ်သောင်းကျန်း၍ နေကုန်၏။

အစိမ်းသူရဲ, တစ္ဆေ, မှင်စာ ပူးကပ်၍ နေသောသူ၏ အနီး၌ ဣတိပိသော, ဟေတုပစ္စယောတို့ကို ရွတ်ဆိုခဲ့လျှင် ထိုသူအား နားမခံနိုင် နားနင့်စူးခြင်းဖြစ်သကဲ့သို့ ပစ္စယသန္နိဿိတ စကား, ဘာဝနာရမ္မ စကားများကို ပြောဆိုခဲ့လျှင် ထိုသူတို့သည် နားနှလုံး နင့်စူးဝင်လျက် ရှိကြကုန်၏။ မလိုတမာ စကားမျိုးကို ယုတ္တိရှာကြံ၍ အမြန်ထွက်ဆိုကြကုန်၏။ သမထအလုပ်, ဝိပဿနာအလုပ်များကို အားထုတ်လိုသော စိတ်ဆန္ဒမျိုး အလျှင်းမရှိကြကုန်၊ ဣန္ဒြေကြီး ၅-ပါးကို ပွားများ မှုရှိကြကုန်သော သူတို့၏ ကိုယ်ခန္ဓာသည် တရားရှိသော မင်းအုပ်စိုးသော တိုင်းပြည်နှင့်တူ၏။ အအုပ်အချုပ်ရှိသော မဇ္ဈိမဒေသ မြို့ကြီး, ရွာကြီးများနှင့် တူ၏။ သူပြော လူပြော နာနာဝါဒအတွက်နှင့် စိတ်ဂယောက်ဂယက် မဖြစ်။ ဘုရားအလိုတော်, ဒေသနာအလိုတော် တစ်လမ်း၌ စိတ်ခိုင်မြဲ၏။ ပစ္စယသန္နိဿိတ စကား, ဘာဝနာရမ္မစကားများကို ကြားနာရလျှင် ကြည်လင်ချမ်းမြေ့ရှိ၏။ သမထအလုပ်, ဝိပဿနာအလုပ်များကို အားထုတ်လိုသော စိတ်ဆန္ဒ အမြဲတည်၏။

## ဣန္ဒြေပွားခြင်း ရှိ, မရှိမှု

ဤသို့လောက၌ စိတ်ဆန္ဒနှစ်မျိုးဖြစ်၍ နေကြမှုသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အမှုမဟုတ်၊ ဣန္ဒြေကြီးငါးပါးကို ပွားများမှု ရှိ -မရှိ၏ အမှုပေတည်း၊ ပွားများမှု မရှိသေးလျှင် စိတ်တစ်မျိုး, ဆန္ဒတစ်မျိုး၊ ပွားများမှုရှိခဲ့လျှင် ထိုစိတ် ထိုဆန္ဒမျိုး ကွယ်ပျောက်၍ စိတ်တစ်မျိုး, ဆန္ဒတစ်မျိုး ပြောင်းတတ်၍လာမြဲတည်း။ ဣန္ဒြေ ၅-ပါး အဆင့်ဆင့်ကြီးပွား၍ သွားလေလေ စိတ်ဆန္ဒ အဆင့်ဆင့် တိုးတက်၍ သွားလေလေဖြစ်မြဲတည်း။ ဣန္ဒြေကြီး ၅-ပါးစုံလင်စွာ ထုထောင်မိသောအခါ၌မူကား ယနေ့ နက်ဖြန်ပင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အကြံပြု၍ လာလတ္တံ့။

www.dhammaransi.com



ဤသို့ ပကတိသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့နှင့်သာ စိတ်ချ၍နေကြသဖြင့် သေးနုပ်သိမ်ဖျင်း၍ နေကြသော စိတ်ဆန္ဒမျိုးတို့ကို မိုးလောက်နီးပါး ကြီးပွားတိုးတက် ၍လာကြစေခြင်းငှါ ဤကူနြေ ၅ -ပါးကို ပွားများအားထုတ် ကြရမည်ဟုလိုသည်။

သဒ္ဓိန္ဒြိယံဘာဝေတိ -အစရှိသော ပါဠိတော်မြတ် အဓိပ္ပါယ်။

**ဣန္ဒြေ ၅-ပါးပြီး၏။**

## ဗိုလ် ၅-ပါး

## ဗိုလ်၏အနက်အဓိပ္ပါယ်

ဗိုလ် ၅-ပါး၌ "**ပဋိပက္ခဓမ္မေ ဗလိယန္တီတိ ဗလာနိ**"။ ။ ပဋိပက္ခဓမ္မေ၊ ဆန့်ကျင်ဖက် တရားတို့ကို။ ဗလိယန္တိ၊ အားတိုက် ဖိစီးတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗလာနိ၊ ဗိုလ်မည်၏။

ကျမ်းဂန်တို့၌ကား "**အကမ္ပနဋ္ဌေန ဗလာနိ**"- ဟူကုန်၏ ဆန့်ကျင်ဖက်ဖြစ်သော ရန်သူတို့နှင့်တွေ့ကြုံလျှင် မတုန်မလှုပ်ဘဲ အခြေမြဲသော အနက်ကြောင့် ဗိုလ်မည်၏ ဆိုလိုသည်။ ထိုဗိုလ်သည် သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်ဟူ၍ ဣန္ဒြေအတိုင်း ၅-ပါးရှိ၏။ သက္ကာယဒိဋ္ဌိနိုင်ငံကြီးကို တိုက်ဖျက်ရန် ဗိုလ်ချုပ်ကြီး ၅ -ပါး, ဗိုလ်မှူးကြီး ၅ -ယောက်ဆိုလိုသည်။ သက္ကာယဒိဋ္ဌိနိုင်ငံကြီးကို ဖျက်ဆီးနိုင်ရန် ဗုဒ္ဓဘာသာ သာသနာဝင် လူ, ရှင်အများတို့၏ အားကြီး ၅ -ပါးလည်း ဆိုရ၏။

## တဏှာ၏ဖိစီးခြင်းခံရသော ပကတိသဒ္ဓါ

သဒ္ဓိန္ဒြေ၌ ပြဆိုခဲ့ပြီးသောအတိုင်း သဒ္ဓါသည် ပကတိသဒ္ဓါ, ဘာဝနာသဒ္ဓါဟူ၍ နှစ်ပါးရှိ၏။ ပွားများခြင်းမရှိသော ပကတိသဒ္ဓါသည် တဏှာနှင့် အလိုက်သင့် ပေါင်း၍ လှူဒါန်းမှု, သီတင်းသီလ ဆောက်တည်မှု စသော ပကတိကုသိုလ်မှုတို့ကိုသာ ဖြစ်ပွားစေနိုင်၏။ တဏှာကို အားတိုက် မတွန်းမလှန်နိုင်၊ တဏှာကသာ ထိုသဒ္ဓါကို တွန်းလှဲနင်းချိုး၍ထား၏။ ထားပုံကား ပိဋကတ်တော်တို့၌

www.dhammaransi.com



ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း, သင်္ကန်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း, ကျောင်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း, ဘာဝနာမှု၌ မွေ့လျော်ခြင်းဟူသော အရိယဝံသတရား ၄ -ပါးအစီအရင်သည် ကောင်းကင်၌ နေ, လကဲ့သို့ ထင်ရှား၏။ သဒ္ဓါ၏ နယ်ကြီးတည်း၊ ထိုသဒ္ဓါ၏ နယ်ကြီးသည် ယခုလောက၌ တိမ်မြုပ်၍နေ၏။ ယခုလောက၌မူကား ပစ္စည်း ၄-ပါးဟူသော ပစ္စယာမိသ၌ သာယာမှု, လောက၌ ဂုဏ်ကျက်သရေဟူသော လောကာမိသ၌ သာယာမှု, နောင်ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဣဿရိယသမ္ပတ္တိဟု ဆိုအပ်သော ဝဋ္ဋာမိသ၌ သာယာမှုဟူသော တဏှာ၏ နယ်ကြီးသည် ကျွန်းအပြင်မှာ ပင်လယ်ရေပြင်ကြီး လွှမ်း၍နေသကဲ့သို့ ထင်ရှား၏။ ဤကား ပကတိသဒ္ဓါ အစွမ်းညံ့ပုံကို လောက၌ ဒိဋ္ဌသိမြင်ကြရန် အချက်တည်း။

## တဏှာကို တွန်းလှန်နိုင်သော ဘာဝနာသဒ္ဓါ

ထွက်သက် ဝင်သက် စသည်၌ ကာယဂတာသတိ အလုပ်ကောင်းစွာ ထမြောက်၍ စိတ်ရှုး, စိတ်နောက် ပျောက်သည့်တိုင်အောင် ပွားများအပ်သော ဘာဝနာသဒ္ဓါသည်သာလျှင် ထိုအာမိသသုံးပါး၌ သာယာတွယ်တာသော တဏှာသုံးပါးကို အားတိုက် တွန်းလှန်နိုင်လေသည်။ တဏှာသုံးပါး တည်းဟူသော ပင်လယ်ရေပြင်ကြီးအတွင်း၌ နစ်မွန်း၍နေသော ရဟန်းရှင်, လူကို ထုတ်ဆယ်ကယ်တင်၍ အရိယဝံသတရား ၄-ပါးတည်းဟူသော ကျွန်းသောင်ကြီး သဖွယ် သဒ္ဓါနယ်သို့ ရောက်စေနိုင်သည်။ ဗောဓိပက္ခိယအရာ၌ ဤဘာဝနာ သဒ္ဓါကို လိုအပ်၏။

## ကောသဇ္ဇဖိစီးသော ပကတိဝီရိယနှင့် မဖိစီးနိုင်သော ဘာဝနာဝီရိယ

ဝီရိယနှစ်ပါးတို့တွင် ပွားများခြင်းမရှိသော ပကတိဝီရိယသည် ကောသဇ္ဇနှင့် အလိုက်သင့်ပေါင်း၍ ဒါနမှု, သီလမှု, စာပေပရိယတ် သင်ကြားလေ့ကျက် ဆောင်ရွက် တတ်မြောက်မှုစသော ပကတိကုသိုလ်မှုတို့ကိုသာ ဖြစ်ပွားစေနိုင်၏။

www.dhammaransi.com



ကောသဇ္ဇ အကုသိုလ်ကို အားတိုက် မတွန်းလှန်နိုင်၊ ကောသဇ္ဇ အကုသိုလ်ကသာ ထိုဝီရိယကို တွန်းလှန်နင်းချိုး၍ ထား၏။

ထားပုံကား -ဘုရားသာသနာတွင်း၌ ကြုံကြိုက်သည့်အခါ အနမတဂ္ဂ သံသရာ၌ ဒိဋ္ဌိမျိုးကြီး, ဒုစရိုက်မျိုးကြီး, အပါယ်မျိုးကြီး ဖြစ်၍နေကြသည်ကို သိကြကုန်၊ ထိုအဖြစ်မှ ကျွတ်လွတ်ခြင်းသို့ မရောက်သေးသမျှ ကာလပတ်လုံး ကောသဇ္ဇ အကုသိုလ်ကို တွန်းလှန်လျက် ဘာဝနာရာမတရားနှင့်သာ နေ့, ရက်, နာရီကို ကုန်စေရမည်ဟူသော အရိယဝံသတရား အစီရင်သည် ကျမ်းဂန်တို့တွင် နေ, လအသွင် ထင်ရှားလျက် ရှိ၏။ ကောသဇ္ဇအကုသိုလ်ကို တွန်းလှန်မှု ဆိုသည်ကား- ရဟန်း ခံစဉ်သိမ်အပြင်၌ ခံယူခဲ့သော "**ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော**"- အစရှိသော ဘုရားအမွေတော်ကြီးကို လက်ကိုင်ပြု၍ တောတောင်ရှိ သစ်ပင် တောချုံတို့ကိုသာ နေရာကျောင်းပြုခြင်း, သလုံးမြင်းခေါင်းဖြင့် လှည့်လည်၍ ရသောဆွမ်းကိုသာ အာဟာရပြုခြင်း, လူရှင်တပါးတို့နှင့် မရောမယှက်ခြင်း, ဓုတင် ပဋိပတ်ကြီးများကို မြဲစွာတည်၍ ကာယဂတာသတိ စသော ဘာဝနာမှု များကို တင်းတင်းကြပ်ကြပ် ထူထောင်အားထုတ်ခြင်း ဤသို့သော ဝီရိယဘာဝနာမှု မျိုးသည် ကောသဇ္ဇအကုသိုလ်ကို တွန်းလှန်မှုမည်၏။ ဝီရိယ၏နယ်ကြီးတည်း၊ ထိုဝီရိယ၏ နယ်ကြီးသည် ယခုလောက၌ တိမ်မြုပ်၍နေ၏။

ယခုလောက၌မှုကား - မိမိတို့ကိုယ်ကို သံသရာက လာခဲ့ကြသည့် ဒိဋ္ဌိမျိုးကြီး, ဒုစရိုက်မျိုးကြီး, အပါယ်မျိုးကြီးအတိုင်း ရှိနေသေးသည်ကို သိကြ လျက် မြို့ရွာတွင် ဒါယကာတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းတို့၌ အမြဲနေခြင်း, အတိရေက လာဘ်လာဘတို့ကို သာယာခြင်း, တပည့်တကာ လူ, ရှင် ပရိသတ်တို့ကို မစွန့်နိုင်ခြင်း အစရှိသော ကောသဇ္ဇ၏ နယ်ကြီးသည် ကျွန်းအပြင်မှာ ပင်လယ်ရေပြင်ကြီး လွှမ်း၍နေသကဲ့သို့ ထင်ရှား၏။ ဤကား ပကတိဝီရိယအစွမ်းညံ့ပုံကို လောက၌ ဒိဋ္ဌသိမြင်ကြရန် အချက်တည်း။

ပြဆိုခဲ့ပြီးသော ဝီရိယ ဘာဝနာမှုမျိုးကို ထမြောက်အောင် ထူထောင်၍ အအိပ်အနေ အလွန်နည်းပါးခြင်း, ထကြွ လုံ့လ မြဲခြင်း, အကြောက်အလန့်မရှိ

www.dhammaransi.com



တစ်ကိုယ်ရေ တစ်ကာယ အနေအထိုင် ရဲတင်းခြင်း, မနသိကာရ စွဲမြဲခြင်းဟူသော ဘာဝနာ ဝီရိယသည်သာလျှင် ထိုကောသဇ္ဇ အကုသိုလ်ကြီးကို အားတိုက် တွန်းလှန်နိုင်လေသည်။ ဗောဓိပက္ခိယအရာ၌ ဤဘာဝနာဝီရိယကို လိုအပ်၏။

ဤနည်းကို အမှီပြု၍ သတိ, သမာဓိ, ပညာတို့၌လည်း ဗလသဒ္ဒါ၏ အနက်အသွားကို ထိုက်သည့်အားလျော်စွာ အကျယ်ဝေဖန်၍ သိကြလေ၊ အကျဉ်းချုပ်ကိုသာ ပြဆိုတော့အံ့။

## မုဋ္ဌဿတိအကုသိုလ်နှင့် သတိဗိုလ်

သတိ၏ ဆန့်ကျင်ဘက်ကား- မုဋ္ဌသစ္စ အကုသိုလ် အသင်းကြီးတည်း၊ ကာယဂတာသတိ ဘာဝနာမှုစသော သမထဘာဝနာမှု, ဝိပဿနာဘာဝနာမှုတို့၌ စိတ်အစွဲကြီး မစွဲနိုင်မှု, စိတ်အမြဲကြီး မမြဲနိုင်မှု, မိမိတို့စိတ်ကို မိမိတို့ထိန်း၍ မနိုင်နိုင်မှု, အာရုံတစ်ပါးသို့ မကြာမကြာ ထွက်ပြေးမှုကြီးကို မုဋ္ဌသစ္စ အကုသိုလ် အသင်းကြီးဆိုသည်။ ထိုမုဋ္ဌသစ္စ အကုသိုလ်အသင်းကြီးကို မိမွေးတိုင်း ဘမွေးတိုင်း ရှိနေသော ပကတိသတိသည် မတွန်းလှန်နိုင်၊ ဘာဝနာသတိမှသာ တွန်းလှန်နိုင်သည်။

## ဝိက္ခေပအကုသိုလ်နှင့် သမာဓိဗိုလ်

သမာဓိ၏ ဆန့်ကျင်ဘက်ကား- ဝိက္ခေပ အကုသိုလ်အသင်းကြီးတည်း၊ ပြဆိုခဲ့ပြီးသော ဘာဝနာမနသိကာရအမှုတို့၌ စိတ်မတည်ငြိမ်မှုကြီးတည်း။ စိတ်မဝပ်မှုကြီးတည်း၊ စိတ်လှုပ်ရှားမှုကြီးတည်း၊ အာရုံတစ်ပါး၌ စိတ်ဖွားခနဲ ဖွားခနဲ ပေါ်မှုကြီးတည်း၊ ဘာဝနာအာရုံ၌ မိမိတို့စိတ်ကို မိမိတို့ဖိ၍ မနိုင်နိုင်မှုကြီးတည်း။ ထိုဝိက္ခေပ အကုသိုလ်အသင်းကြီးကို ပကတိသမာဓိသည် မတွန်းလှန်နိုင်၊ ဘာဝနာသမာဓိသည်သာ တွန်းလှန်နိုင်လေသတည်း။

## သမ္မောဟအကုသိုလ်နှင့် ပညာဗိုလ်

ပညာ၏ ဆန့်ကျင်ဘက်ကား- သမ္မောဟ အကုသိုလ် အသင်းကြီးတည်း၊ သမ္မောဟ အကုသိုလ်အသင်းကြီး ဆိုသည်ကား- လွန်စွာတွေဝေမှုကြီးတည်း၊

www.dhammaransi.com



အာရုံ၌ စိတ်မှုန်မှုကြီးတည်း၊ စိတ်မှေးမှုကြီးတည်း၊ စိတ်မလင်းမှုကြီးတည်း၊ အကြည် အလင် မထင်မြင်ဘဲ စိတ်အမှောင်ကြီးကျ၍နေမှုတည်း၊ ထိုသမ္မောဟ အကုသိုလ်အသင်းကြီးကို ပကတိသောဉာဏ်ပညာ, ပိဋကသုံးပုံကိုတတ်သော ပရိယတ် ဉာဏ်ပညာသည် မတွန်းလှန်နိုင်၊ ကာယဂတာသတိ ထူထောင်မိသော ဘာဝနာဉာဏ်ပညာမှသာ တစ်စ တစ်စ အလင်းရအောင် တွန်းလှန်နိုင်လေသတည်း။

ဤကား **"ပဉ္စပက္ခမေ့ ဗလိယန္တီတိ ဗလာနိ"**-ဟူသော ပဋ္ဌမ ဝိဂြိုဟ်၌ ပဉ္စပက္ခအကုသိုလ်အသင်းကြီး ၅-ပါးနှင့် ဗိုလ် ၅ -ပါးတွဲဖက်၍ အနက်အဓိပ္ပါယ် ကို ပြဆိုချက်တည်း။

## ဆန့်ကျင်ဘက်အကုသိုလ်အသင်းကြီး ၅-မျိုး

ပဉ္စပက္ခအကုသိုလ် အသင်းကြီးငါးပါး ဆိုသည်ကား-

၁။ တဏှာအသင်းကြီးတစ်ပါး၊

၂။ ပျင်းရိမှု, ကိုယ်အနွမ်းအပါး မခံနိုင်မှု, ပဉ္စပတ်အရာ၌ စိတ်ကျွတ်ကျွတ် လွတ်လွတ် မရဲမှုဟူသော ကောသဇ္ဇအသင်းကြီးတစ်ပါး၊

၃။ မုဋ္ဌသစ္စအသင်းကြီးတစ်ပါး၊

၄။ ဝိက္ခေပအသင်းကြီးတစ်ပါး၊

၅။ သမ္မောဟအသင်းကြီးတစ်ပါး-

ဤအသင်းကြီး ငါးပါးကို ဆိုသတည်း။

ထိုအကုသိုလ် အသင်းကြီးတို့ကို အသီးသီး အားတိုက်ဖိစီး၍ တွန်းလှန်နိုင် ကြကုန်သော တရားငါးပါးတို့ကို ဗိုလ်ဟူ၍ ဆိုအပ်ကုန်သတည်း၊ ထိုငါးပါးသော ဗိုလ်ကြီးတို့တွင် တစ်ခုခု သော ဗိုလ်အားသေးသည့်အတွက် ပဉ္စပက္ခအကုသိုလ် အသင်းကြီးတစ်ခုခု တပ်ခြေမပျက် ရှိနေခဲ့လျှင် နေယျပုဂ္ဂိုလ်တို့မှာ သမထမှု, ဝိပဿနာမှုတွင်ကျယ်စွာ မဖြစ်ထွန်းနိုင်ပြီ။

ထို့ကြောင့် ယခုကာလ၌ အချို့အချို့သော ပုဂ္ဂိုလ်တို့သည် သဒ္ဓါဗိုလ်အားကောင်း၍ တဏှာအသင်းကြီးမှ ထွက်နိုင်ကြကုန်၏။ ပစ္စည်းအာမိက လောကဂုဏ်အသရေ တို့ကို ငဲ့ကွက်ခြင်း ကင်းကြကုန်၏။ ကြွင်းသော ဗိုလ်လေးပါးတို့ အားသေး၍နေ

www.dhammaransi.com



သည့်အတွက် သန္တုဋ္ဌိစခန်းမှ အထက်သို့ မတက်နိုင်ကြလေကုန်၊ အချို့အချို့သော ပုဂ္ဂိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ် နှစ်ပါး အားကောင်းကြ၍ တဏှာအသင်း၊ ကောသဇ္ဇအသင်းတို့မှ ထွက်နိုင်ကြကုန်၏။ သန္တောသ တရားတို့နှင့်တကွ အသက်ထက်ဆုံး တောတောင်၌နေ၍ ဓုတင်ပဋိပတ်ကြီးများကို စွဲမြဲနိုင်ကြကုန်၏။ ကြွင်းသော ဗိုလ်သုံးပါး အားသေး၍နေသည့်အတွက် ကာယဂတာသတိ အလုပ်ကြီး၊ သမထအလုပ်ကြီး၊ ဝိပဿနာအလုပ်ကြီးများသို့ မတက်နိုင်ကြကုန်ပြီ။

အချို့သော ပုဂ္ဂိုလ်တို့သည် ရှေ့ဗိုလ်သုံးပါး အားကောင်းသည့်အတွက် ကာယဂတာသတိ အလုပ်တိုင်အောင် ရောက်နိုင်ကြကုန်၏။ ထွက်သက် ဝင်သက် အာရုံထင်ကြကုန်၏။ အရိုးစုအာရုံ ထင်ကြကုန်၏။ နောက်ဗိုလ်နှစ်ပါး အားသေးသည့်အတွက် ဈာန်ဝိပဿနာသို့ မတက်နိုင်ကြကုန်၊ အချို့သော ပုဂ္ဂိုလ်တို့သည် ရှေ့ဗိုလ်လေးပါး အားရှိကြသည့်အတွက် ဈာန်သမာပတ် တိုင်အောင် ရောက်နိုင်ကြကုန်၏။ ပညာဗိုလ် အားသေးသည့်အတွက် ဝိပဿနာသို့ မတက်နိုင်ကြကုန်၊ အချို့သော ပုဂ္ဂိုလ်တို့အား ပညာဗိုလ် အားကောင်း၏။ ကျမ်းဂန်တတ်ကြကုန်၏။ ပရမတ် ဉာဏ်ကြီးကြကုန်၏၊ ရှေ့ဗိုလ်လေးပါး ခါးကျိုး၍နေသည့်အတွက် တဏှာနယ်၊ ကောသဇ္ဇနယ်၊ မုဋ္ဌသစ္စနယ်၊ ဝိက္ခေပနယ်၊ သမ္မောဟနယ်တို့မှ မထွက်နိုင်ကြကုန်မူ၍ ထိုနယ်တို့၌ပင် သေဆုံးကြလေကုန်၏။

ဤနည်းအတိုင်း ထိုထိုဗိုလ် ခါးကျိုး၍ နေခဲ့လျှင် ထိုထိုပဋိပက္ခနယ်မှ မထွက်နိုင်ကြပုံကို အကုန်ဝေဖန်၍ သိကြလေ။

## ဣန္ဒြိယပါဒ်မျိုး ဗိုလ် ၂-ပါး

ဗိုလ်ငါးပါးတို့တွင်လည်း ဝီရိယဗိုလ်၊ ပညာဗိုလ်နှစ်ပါးတို့သည် ဣဒ္ဓိပါဒ်မျိုး ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုဗိုလ်ကြီးနှစ်ပါး တညီတညာ ခိုင်ခံ့ခဲ့လျှင် ကြွင်းသော ဗိုလ် ၃-ပါးတို့အတွက် ဝိပဿနာမှု၌ မတိုးနိုင်၊ မတက်နိုင်မရှိပြီ၊ ဂဟဋ္ဌဖြစ်သူ အိမ်နေလူ ပကတိဖြစ်ကြကုန်လျက် သာဝတ္ထိပြည်တွင်းမှ "ငါးကုဋေ ငါးသိန်း"မျှ ကျွတ်လွတ်နိုင်ကြသည်ကို မြင်လေ။

ဤသို့ ဣဒ္ဓိပါဒ် အချက်၊ ဣန္ဒြေအချက်၊ ဗိုလ်အချက်တို့ကို မသိကြ

www.dhammaransi.com



ကုန်သော သူတို့သည် ငါ၌ဘယ်တရား ထူထောင်မှုလို၍ နေသည့်အတွက် ငါ့စိတ်, ငါ့ဆန္ဒသေးနုပ်၍ နေသည်, ငါ၌ဘယ်ပဋိပက္ခ ဖိစီး၍ နေသည်ဟု မသိကြကုန်သည်ဖြစ်၍ ထိုတရားကို ထူထောင်လိုသည့် စိတ်ပင်မရှိကြကုန်၊ ထူထောင်ရမှန်းပင် မသိကြကုန်၊ အရိယဝံသ ပဋိပတ်ကြီးများ ကွယ်လုနီးနီး ဖြစ်၍နေပြီ။

## ဥသဘနွားမျိုး ဥပမာနှင့် ဗိုလ် ၅-ပါး

ဥပမာကား ဥသဘနွားမျိုး မည်သည်ရှိ၏။ နွားတစ်ကောင်လျှင် အထောင်အသောင်းမက အဖိုးတန်၏။ တန်ပုံကား ထိုနွားမျိုး၏ လက္ခဏာကိုသိ၍ ကောင်းစွာမွေးမြူထားလျှင် ဗွေကြန်အင်္ဂါကြီးပွား အားခွန်ဗလတေဇတန်ခိုးကြီးမားသဖြင့် နွားခြံပေါင်းတစ်ရာကိုပင် ခြသေ့်, သစ်, ကျား မထိပါးရအောင် စောင့်ရှောက်နိုင်၏။ ထိုနွားရှိသောခြံ၌ နွားအပေါင်းတို့တွင် အနာဆိုးမကျနိုင်၊ လူတို့၌လည်း အရှေ့ အနောက် တောင် မြောက် ခုနစ်အိမ်စီတိုင်တိုင် ရောဂါဆိုး, အနာဆိုး, ဥပါဒ်ဆိုး မကျနိုင်ဟူ၏။

နန္ဒိဝိသာလ နွားလားကဲ့သို့ ဝန်အပြည့်တင်သော လှည်းငါးရာကိုပင် တစ်ကောင်တည်းနှင့် ရုန်းနိုင်၏။ နွားရှင်မလိမ်မာ၍ ကောင်းစွာမမွေးဘဲ တစ်ခြားတစ်ပါးသော နွားတို့နှင့်အတူ မွေးမြူ၍ ထွန်မှု, တိုက်မှုဟူသော အမှုသေးတို့၌ တစ်ပါးသောနွားတို့နှင့်အတူ ဖက်တွဲ၍ စေစားခဲ့မှုကား ဗွေကြန်အင်္ဂါ စသည်တို့ ကြီးပွားခွင့်မရသဖြင့် မိမိတန်ခိုးလည်း မထင်ရှား, နွားရှင်မှာလည်း အကျိုးမများ၊ တစ်ပါးသောနွားကဲ့သို့ပင် သေဆုံးရလေ၏။

ကောင်းစွာ မွေးမြူမှုဆိုသည်ကား- ဥသဘလက္ခဏာကို သိတတ်သော သူသည် နွားအပေါင်းမှထုတ်၍ တဲအိမ်အသီး၌ ထားရာ၏။ တဲအိမ်၌လည်း သဲမွှေ့ရာအပြည့်ခင်း၍ အထက်၌ ဖိတာန်မျက်နှာကြက်မိုး၍ ကျင်ကြီး, ကျင်ငယ် အစွန်းအငြိ မရှိစေရအောင် သုတ်သင်ရှင်းလင်းရာ၏။ လူတို့စားသော စပါးမျိုး, ဆန်မျိုး, ပဲမျိုးကို ပြုတ်၍ ကျွေးမွေးရာ၏။ တတ်နိုင်ပါမူ သလေးထမင်းကို ကျွေးရာ၏။ လူသောက်သော ရေကိုသာ သောက်စေရာ၏၊ ရေချိုးခြင်း, ကိုယ်၌နံ့သာ လိမ်းကျံခြင်း စသည်ကို ပြုရာ၏။ ထိုသို့ မွေးမြူလျှင် ဗွေကြန်

www.dhammaransi.com



အင်္ဂါလက္ခဏာတို့ ပေါ်ထွန်းလာကုန်၏။ ဘုန်းတန်ခိုးကြီး၍ လာကုန်၏။ ဤကား ဥပမာတည်း။

ဤသာသနာတော်၌ နေယျပုဂ္ဂိုလ်တို့သည် နွားရှင်နှင့်တူကုန်၏။ နေယျပုဂ္ဂိုလ်မျိုး ဖြစ်ကြသူ ရှင်, လူအပေါင်းတို့၌ ရှိနေကြသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော ဗိုလ်တရားငါးပါးတို့သည် ဥသဘမျိုးအစစ်ဖြစ်ကြသော နွားလား ၅-ဦးတို့နှင့် တူကုန်၏။ အဘိဓမ္မာ၌ သတိပဋ္ဌာန ဝိဘင်းပါဠိတော်ကြီး, သမ္မပ္ပဓာန ဝိဘင်းပါဠိတော်ကြီး, ဣန္ဒြိယဝိဘင်း ပါဠိတော်ကြီး, ဗောဇ္ဈင်္ဂ ဝိဘင်းပါဠိတော်ကြီး, မဂ္ဂင်ဝိဘင်းပါဠိတော်ကြီးတို့သည်လည်းကောင်း, သုတ္တန်တို့၌ မဟာသတိပဋ္ဌာနသုတ်ကြီး, သတိပဋ္ဌာန သံယုတ်ပါဠိတော်ကြီး, သမ္မပ္ပဓာန သံယုတ် ပါဠိတော်ကြီး, ဗောဇ္ဈင်္ဂသံယုတ် ပါဠိတော်ကြီးတို့သည်လည်းကောင်း ထိုဥသဘနွားလား၏ ကြန်အင်္ဂါလက္ခဏာတို့နှင့်တကွ မွေးမြူပုံနည်းလမ်းအတိုင်း မွေးမြူ၍ ကြီးပွားခဲ့လျှင် ဖြစ်ပေါ်လာအံ့သော တန်ခိုးအမျိုးမျိုး, နွားရှင်မှာ ခံစားစံစားရအံ့သော အကျိုးအမျိုးမျိုးတို့ကို ပြဆိုရာ လောကီလက္ခဏာကျမ်းကြီးတို့နှင့် တူကုန်၏။

ထိုဗိုလ်တရားငါးပါးတို့ကိုဘာဝနာကိစ္စဖြင့် ကောင်းစွာပွားအောင် မွေးမြူမှုကို မပြုကြကုန်မူ၍ ဒါန, သီလ, ပရိယတ္တိ ဓမ္မဟူသော အောက်အောက်သော အလုပ်တို့၌ အသုံးတွင်မှုနှင့်ပင် အားရတင်းတိမ်၍ နေကြကုန်သော နေယျပုဂ္ဂိုလ်တို့သည် ဥသဘ၏လက္ခဏာကို မသိတတ်သည့်အတွက် ဥသဘမျိုးဖြစ်သော နွားလားကို ပြဆိုခဲ့ပြီးသော မွေးမြူမှုတို့ဖြင့် မမွေးမမြူမူ၍ ထွန်မှု, တိုက်မှုတို့နှင့် တင်းတိမ်လျက် ဖျက်ဆီး၍ ပစ်သောနွားရှင်နှင့်တူ၏။

## လောကအလုပ်ကြီးများ ဥပမာနှင့် သာသနာအလုပ်ကြီးများ

လောက၌ ဥစ္စာအားရှိမှ လုပ်ကြံနိုင်သော စီးပွားအလုပ်ကြီး, ပညာအားရှိမှ လုပ်ကြံနိုင်သော စီးပွားအလုပ်ကြီး စသည်ဖြင့် လောကစီးပွား အလုပ်ကြီး များစွာရှိ၏။ တောင်သူလယ်ယာလုပ်မှု၌ပင်လျှင် လုပ်နိုင်လောက်အောင် အားအမျိုးမျိုးရှိမှ လုပ်နိုင်သည်။ ဥစ္စာအားကို ရှေးဦးစွာ ထူထောင်ရသည်၊

www.dhammaransi.com



ပညာအားကို ရှေးဦးစွာ ထူထောင်ရသည်။ ပညာအားကို ရှေးဦးစွာ ထူထောင်မှု ဆိုသည်ကား ထိုထိုပညာကို တတ်မြောက်အောင် သင်ကြားမှုတည်း။

ထို့အတူ ဤသာသနာတော်အတွင်း၌ နေယျပုဂ္ဂိုလ်မျိုးတို့မှာ သမထ အလုပ်ကြီး, ဝိပဿနာအလုပ်ကြီး, မဂ်, ဖိုလ်နိဗ္ဗာန်ဟူသော သာသနာ့စီးပွားကြီး များ၌လည်း ဤဗလတရားအား ကြီး ၅-ပါးရှိသည်။ ရှေးဦးစွာ ဤအားကြီး ၅-ပါးကို ထူထောင်မိမှ ထိုအလုပ်ကြီးများကို လုပ်နိုင်ကြသည်။ အားကြီး ၅-ပါးတွင် တစ်ပါးပါးမျှ မရှိသောသူသည် ထိုအလုပ်ကြီးများကို လုပ်လိုသော စိတ်ဆန္ဒပင် မပေါ်နိုင်၊ ယခုဘဝ ဖြစ်မြောက်နိုင်လိမ့်မည်ပင် အထင်မကပ် စိတ်ချ၍ထား၏၊ ဖြစ်ခွင့်ဖြစ်လမ်းကို ပြောဆိုလျှင်ပင် မနာလိုရှိ၏။ မိမိ၌ ဗလတရား အားအမျိုးမျိုး မွဲ၍တီး၍ ဖွတ်ကျောပြာလှည်းကြီးဖြစ်၍ ထိုစိတ်မျိုးရှိနေသည်ကို သက်သက်မသိ၊ ပါရမီကိုချ၏၊ ဒွိဟိတ်ကိုချ၏၊ ကာလကို ချ၏၊ အာနာပါနဿတိ အစရှိသော သတိပဋ္ဌာန် အလုပ်တစ်ခုခုကို ကောင်းကောင်းတွယ်တာ စွဲမြဲမိ၍ သဒ္ဓါဗလ, ဝီရိယဗလ, သတိဗလဟူသော အားသုံးမျိုး အတော်ထူထောင်မိခဲ့မူကား ထိုသူမှာ ထိုစိတ်မျိုး ဧကန်ပျောက်လတ္တံ့၊ မပြောင်းဘဲ မနေနိုင်၊ အဘယ့်ကြောင့် နည်း အားရှိလာသောကြောင့်တည်း။

အားရှိပုံကား -ထိုသူမှာ ရုပ်တရား, နာမ်တရားကို မထင်တတ် မမြင်တတ်သေးသော်လည်း ပစ္စယာမိသတဏှာကြီး ၂-ပါး အတော်ကြီးပါး၍ နည်း၍သွားသဖြင့် ရှေးအဖို့၌ ထိုတဏှာကြီး ဖိစီးမှုနှင့် ဒုဗ္ဗလဖြစ်နေသော သဒ္ဓါသည် ထိုအခါ ကြီးပွား၍လာ၏။ ရှေးအဖို့၌ ကောသဇ္ဇတရားကြီး ဖိစီးမှုနှင့် ဒုဗ္ဗလဖြစ်၍နေသော ဝီရိယ, ရှေးအဖို့၌ မုဋ္ဌသစ္စတရားကြီး ဖိစီးမှုနှင့် ဒုဗ္ဗလ ဖြစ်၍နေသော သတိတို့သည် ထိုအခါ ကြီးပွား၍ လာကြကုန်၏။ ရှေးအဖို့၌ ဝိက္ခေပတရားကြီး, သမ္မောဟတရားကြီးတို့ ဖိစီးမှုနှင့် ဒုဗ္ဗလဖြစ်၍ နေကြကုန်သော သမာဓိ, ပညာတို့လည်း ထိုအခါ အားပြည့်၍ လာကြကုန်သည်သာတည်း။ ထိုတရားတို့ အားရှိ၍လာလျှင် ထိုပုဂ္ဂိုလ် စိတ်မပြောင်းဘဲ မနေနိုင်ပြီ။

www.dhammaransi.com



## အနာကြီး ၅-မျိုး ဥပမာနှင့် အကုသိုလ်အသင်း ၅-မျိုး

ကုဋ္ဌ, ဂဏ္ဍ အစရှိသော အနာကြီး ၅-ပါး ဖိစီးနှိပ်စက်၍ နေသောကြောင့် မိမိနေရာမှာပင် မထနိုင်သော သူအား တစ်စုံတစ်ခုသော လူတို့ကိစ္စ၌ စိတ်ဆန္ဒမဖြစ်၊ ဆေးဝါးကို ကောင်းစွာမှီဝဲ၍ တစ်စတစ်စ အနာပျောက်ငြိမ်း၍လာသဖြင့် ထိုင်နိုင်, ထနိုင်, သွားနိုင်, လာနိုင်, လုပ်နိုင်, ကိုင်နိုင်ရှိခဲ့လျှင် စိတ်တစ်မျိုးတစ်မျိုးပြောင်း၍ လာလတ္တံ့၊ မပြောင်းပဲ မနေနိုင်၊ တဏှာ, ကောသဇ္ဇ, မုဋ္ဌသစ္စ, ဝိက္ခေပ, သမ္မောဟ အကုသိုလ် အသင်းကြီး ၅-ပါးသည် ကုဋ္ဌ, ဂဏ္ဍ စသော အနာကြီး ၅- ပါးနှင့်တူ၏။ သာသနာ၌ သမထဝိပဿနာ ဘာဝနာအလုပ်ကြီးတို့သည် လောက၌ လူတို့ကိစ္စနှင့်တူ၏။ အာနာပါနဿတိ အစရှိသော သတိပဋ္ဌာန်အမှုသည် ဆေးဝါးကို ကောင်းစွာမှီဝဲမှုနှင့်တူ၏။ အကြွင်းသိသာပြီ။

ထို့ကြောင့် မြတ်စွာဘုရားသည် -

**"သဒ္ဓါဗလံ ဘာဝေတိ၊ ဝီရိယဗလံ ဘာဝေတိ၊ သတိဗလံ ဘာဝေတိ၊ သမာဓိဗလံ ဘာဝေတိ၊ ပညာဗလံ ဘာဝေတိ"**-ဟူ၍ ဟောတော်မူပေ၏။

## ဗိသုကာစသူတို့၏အား ဥပမာနှင့် ယောဂီပုဂ္ဂိုလ်၏အား

လောက၌ ဗိသုကာတို့၏ အလုပ်၌စူးကောင်း, ဆောက်ကောင်း, ပုဆိန်ကောင်း, ပဲခွပ်ကောင်း, ဓားကောင်း, လွှကောင်းတို့သည် ဗိသုကာတို့၏ အားမည်၏။ ထိုအားကို ပြည့်စုံစွာ ထူထောင်၍လုပ်မှ ကျောင်းဆောက်မှု, အိမ်ဆောက်မှုစသော ဗိသုကာအလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်သည်၊ ပန်းရံတို့အလုပ်, ပန်းပဲတို့အလုပ်, ပန်းထိမ်တို့အလုပ်, ပန်းချီတို့အလုပ်, ပန်းပုတို့အလုပ်အစရှိသော ခပ်သိမ်းသော လောကီစီးပွားမှုတို့၌ ဆိုင်ရာဆိုင်ရာ ကြိယာမျိုးအသီးသီး ရှိကြကုန်၏။ မိမိတို့အလုပ်နှင့် ဆိုင်ရာကြိယာကောင်းမျိုးသည် မိမိတို့အား မည်၏။ ကြိယာကောင်း အဆောက်အဦးကောင်းတို့ကို ပြည့်စုံလုံလောက်စွာ ထူထောင်၍ လုပ်နိုင်မှ မိမိတို့အလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်ကြကုန်သည်။

ထို့အတူ မြတ်စွာဘုရား သာသနာတော်၌လည်း ယခုဘဝ၌ပင်လျှင်

www.dhammaransi.com



မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြရန် သမထအလုပ်ကြီး, ဝိပဿနာအလုပ်ကြီးတို့၏ ဆိုင်ရာကြိယာ အဆောက်အဦးတို့ကား အာနာပါနဿတိ အစရှိသော တစ်ခုခုသော သတိပဋ္ဌာန်အလုပ်ကို အားထုတ်စွဲမြဲ၍ ကြီးပွားလာသော ဘာဝနာသဒ္ဓါ, ဘာဝနာ ဝီရိယ, ဘာဝနာသတိ, ဘာဝနာသမာဓိ, ဘာဝနာပညာ ဤ ၅-ပါးတို့ပေတည်း၊ ဤ ၅-ပါးတို့သည် ယောဂီပုဂ္ဂိုလ်တို့၏ အားပေတည်း။

သာသနာတော်မြတ်၌ သမထ အလုပ်ကြီး, ဝိပဿနာ အလုပ်ကြီးတို့ကို တွင်ကျယ်စွာ လုပ်နိုင်ကြရန် ဤအားကြီး ၅ -ပါး, ကြိယာကြီး ၅-ပါး, အဆောက်အဦးကြီး ၅-ပါးတို့ ကို ပွားများ ထူထောင်ရမည် ဟူလို။ (ဘာဝေတိ အဓိပ္ပါယ်။)

ဗိုလ် ၅ -ပါး ပြီး၏။

## ဗောဇ္ဈင် ၇ -ပါး

### ဗောဇ္ဈင်၏ အနက်အဓိပ္ပါယ်နှင့် ငှက်ဥပမာ

သမ္ဗောဇ္ဈင် ၇-ပါးတို့၌ "**သုဋ္ဌု ဗုဇ္ဈတီတိ သမ္ဗောဓိ၊ သမ္ဗောဓိယာ အင်္ဂါ သမ္ဗောဇ္ဈင်္ဂါ။**

စတုသစ္စဓမ္မေ၊ သစ္စာလေးပါးတရားတို့ကို။ သုဋ္ဌု၊ ကောင်းစွာ။ ဗုဇ္ဈတိ၊ သိမြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သမ္ဗောဓိ၊ သမ္ဗောဓိမည်၏။ (လောကုတ္တရာ မဂ်ဉာဏ်ကို ဆိုသည်။) သမ္ဗောဓိယာ၊ မဂ်ဉာဏ်၏။ အင်္ဂါ၊ အတောင် အလက်သည်။ သမ္ဗောဇ္ဈင်္ဂါ၊ သမ္ဗောဇ္ဈင်မည်၏။

ငှက်တို့သည် အမိဝမ်းတွင်းမှ တစ်ကြိမ်ပေါက်ဖွား၍ တစ်ဖန် ဥခွံတွင်းမှ ပေါက်ဖွားရပြန်ကုန်၏။ ထိုနောက် အတောင်အလက် စုံလင်သောအခါ၌ အသိုက်မှ ပျံတက်၍ အလိုရှိရာသို့ ကျွတ်လွတ်စွာ ပျံသွားကုန်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်တို့သည် ကာယဂတာသတိ တည်ထောင်မိသောအခါ, သမထအလုပ် ထမြောက်သောအခါ, အနမတဂ္ဂ ဘဝသံသရာမှ ပါရှိကြသော စိတ်ရှုး, စိတ်နမ်း, စိတ်နောက်အတွင်းမှ တစ်ကြိမ် ကျွတ်လွတ်ကုန်၏။ တစ်ဖန် ရုပ်, နာမ်, ခန္ဓာတို့၌ ဝိပဿနာ အမြင်ပေါက်သောအခါ ရှုန်းရင်းသော အဝိဇ္ဇာမှတစ်ကြိမ် ကျွတ်လွတ်ကုန်၏။

www.dhammaransi.com



ထိုနောက် ဗောဇ္ဈင် ၇-ပါး ကြီးပွားရင့်သန်သောအခါ လောကုတ္တရာ မဂ်ဉာဏ်၏ အတောင်အလက် စုံလင်သဖြင့် သမ္ဗောဓိမည်သော မဂ်ဉာဏ်သို့ ရောက်၍ လောကီဘုံသူ လောကီဘုံသား နစ်သမား, မွန်းသမားအဖြစ်မှ တစ်ကြိမ် ကျွတ်လွတ်ကြကုန်၍ ပုထုဇဉ်ဘုံမှ ပျံတက်၍ ဘဝအဆက်ဆက် တောင့်တ၍ လာခဲ့ကြသော အရိယာဘုံသူ အရိယာဘုံသား, လောကုတ္တရာဘုံသူ လောကုတ္တရာ ဘုံသား, နိဗ္ဗာန်ဘုံသူ နိဗ္ဗာန် ဘုံသားအဖြစ်သို့ ပေါက်ရောက်ကြလေကုန်၏။

ဤကား ဗောဇ္ဈင်ကို မဂ်ဉာဏ်၏ အတောင်အလက်ဆိုရာ၌ ဥပမာနှင့် တကွသော အတ္ထယုတ္တိပေတည်း။

## ဗောဇ္ဈင် ၇-ပါး သရုပ်နှင့် အရေအတွက်

ထိုဗောဇ္ဈင်သရုပ်သည် ၇-ပါးရှိ၏-

၁။ သတိသမ္ဗောဇ္ဈင်,

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်,

၃။ ဝီရိယသမ္ဗောဇ္ဈင်,

၄။ ပီတိသမ္ဗောဇ္ဈင်,

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်,

၆။ သမာဓိ သမ္ဗောဇ္ဈင်,

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်- ဤကား ဗောဇ္ဈင်ခုနစ်ပါးတည်း။

(၁) သတိပဋ္ဌာန်, သတိန္ဒြေ, သတိဗိုလ်, သမ္မာသတိ မဂ္ဂင်ခေါ်သော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏။

(၂) ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, သမ္မာဒိဋ္ဌိမဂ္ဂင် ခေါ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏။

ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော ပညာဝိသုဒ္ဓိငါးပါး, အနုပဿနာဉာဏ် ၃-ပါး, ဝိပဿနာဉာဏ် ဆယ်ပါးသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏သော်လည်း ဆိုလေ၊ ဝါပင်ဝါပေါက်ကို လဲဝါဂွမ်းန ဖြစ်အောင် ဝါဖန်မှု, ဝါကြိတ်မှု, ဂွမ်းဖတ်မှုကို ပြုသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုဆယ်ပါးသော ဝိပဿနာဉာဏ်အမှု

www.dhammaransi.com



တို့ဖြင့် အဖန်ဖန် ကြိတ်နယ်၍ ရှုမှုကို ဓမ္မဝိစယဆိုသည်။

(၃) သမ္မပ္ပဓာန်, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, သမ္မာဝါယာမ မဂ္ဂင်ခေါ်သော ဝီရိယစေတသိက်သည် ဝီရိယ သမ္ဗောဇ္ဈင်မည်၏။

(၄) ကာယဂတာသတိ စသည်တည်ထောင်မိ၍ ထင်မှု မြင်မှုတိုးပွား၍ လာသောအခါ ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း သည် ပီတိသမ္ဗောဇ္ဈင် မည်၏။

(၅) စိတ်မငြိမ်မသက်မှု, စိတ်အကြံများမှုကြောင့် ဖြစ်ကုန်သော ကိုယ်စိတ်နှစ်တန် ပူပန်ခြင်းခပ်သိမ်းတို့၏ အစဉ်အတိုင်း ငြိမ်းချမ်း၍လာခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏။ ။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်ပင်တည်း။

(၆) သမာဓိန္ဒြေ, သမာဓိဗိုလ်, သမ္မာ သမာဓိမဂ္ဂင်ဟု ဆိုအပ်သော သမာဓိတရားသည် သမာဓိသမ္ဗောဇ္ဈင် မည်၏။

သမထအရာ, စိတ္တဝိသုဒ္ဓိအရာဖြစ်သော ပရိကမ္မသမာဓိ, ဥပစာရသမာဓိ, သမာပတ်ရှစ်ပါးဟု ဆိုအပ်သော အပ္ပနာသမာဓိသည်လည်းကောင်း၊ ပညာဝိသုဒ္ဓိအရာ ဖြစ်သော သုညတသမာဓိ အနိမိတ္တသမာဓိ, အပ္ပဏိဟိတသမာဓိသည်လည်းကောင်း သမာဓိသမ္ဗောဇ္ဈင်မည်၏သော်လည်း ဆိုလေ၊ ဝိပဿနာဉာဏ်နှင့် ယှဉ်သော သမာဓိ, မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့်ယှဉ်သော သမာဓိကို သုညတသမာဓိ စသည်ခေါ်၏။

(၇) ကမ္မဋ္ဌာန်းအလုပ်တွင်း၌ အချိုးအစား မကျနိုင်သေး၍ ကြောင့်ကြ စိုက်ရသော ဗျာပါရအမှုတို့သည် များစွာရှိကုန်၏။ အချိုးအစားလှလှ အကုန် ကျသောအခါ၌ ကြောင့်ကြစိုက်မှုတို့မှ ကင်းရှင်းခြင်းဟူသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏။

## စကြာမင်းစည်းစိမ်နှင့် ရဟန်းစည်းစိမ်

အညီအမျှ အားရှိကြကုန်သော ဤသမ္ဗောဓိအင်္ဂါ ၇-ပါးတို့နှင့် ပြည့်စုံသောအခါ၌ စကြာမင်းတို့၏အင်္ဂါ ရတနာ ၇-ပါးနှင့် ပြည့်စုံသော လေးကျွန်းသေဋ္ဌနင်း စကြာမင်းကြီးသည် လူ့လောကတွင် အတုမရှိသော စည်းစိမ်ချမ်းသာကြီးကို ခံစားရသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း သာသနာ တော်စီးပွားတွင် လောကသုံးပါး၌ အတုမရှိသော သမဏစည်းစိမ်ကို ခံစား

www.dhammaransi.com



စံစားရလေ၏။ သည်ကိုရည်၍ ဓမ္မပဒပါဠိတော်၌ -

**၁။ သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**
**၂။ ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဗ္ဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ-**

ဟူ၍ ဟောတော်မူသည်။

၁။ သုညာဂါရေ၊ ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်း၌။ ပဝိဋ္ဌဿ၊ ဝင်၍တည်နေသော၊ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ရုပ်, နာမ်တရားကို။ ဝိပဿတော၊ အထူးထင်မြင်ရသည်ဖြစ်၍။ သန္တစိတ္တဿ၊ ငြိမ်းချမ်းသော စိတ်ရှိသော။ ဘိက္ခုနော၊ ယောဂီ ရဟန်းအား။ အမာနုသီ၊ လေးကျွန်းသေဋ္ဌနင်း စကြာမင်း၏ စိတ်ပျော်မွေ့ခြင်းထက် လွန်ကဲသော။ ရတိ၊ ရွှင်ပျော်ချမ်းမြေ့ စိတ်ပျော်မွေ့ခြင်းသည်။ ဟောတိ၊ ဖြစ်လေ၏။

၂။ ယတော ယတော၊ အကြင်အကြင် ကိုယ်အင်္ဂါ၌။ ခန္ဓာနံ၊ ရုပ်နာမ်ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်မှုပျက်မှုကို။ သမ္မသတိ၊ သုံးသပ်၏။ အမတန္တံ၊ အမြိုက်ချမ်းသာအစုကို။ ဝိဇာနတံ၊ သိနိုင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား။ တတော တတော၊ ထိုထိုသုံးသပ်ရာတိုင်း သုံးသပ်ရာတိုင်းမှ။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်းကို။ လဗ္ဘတိ၊ ရနိုင်လေသ တည်း။ (အနက်။)

လူမင်း, နတ်မင်း, သိကြားမင်းတို့၏ လောကီစည်းစိမ် ခံစားဆဲအခါ၌ မြိန်ရှက်နှစ်သက်ခြင်းသည် သမ္မောဓိအင်္ဂါ ညီညွတ်ပြည့်စုံ၍ ဝိပဿနာသုခကို ခံစားရသော ယောဂီပုဂ္ဂိုလ်၏ မြိန်ရှက် နှစ်သက်ခြင်းကို အစိတ် ၂၅၆-ပုံ စိတ်သော်လည်း တစ်စိတ်မျှ မမှီဟူလို၊ သမ္မောဓိအင်္ဂါ ၇-ပါးတို့၏ အရသာသည် ဤမျှလောက် ကြီးကျယ်၏။

ထို့ကြောင့် -

**"သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"** - ဟူ၍လည်း ဟောတော်မူပေ၏။

သဗ္ဗရသံ၊ အလုံးစုံသော လောကီချမ်းသာ အရသာ ဟူသမျှကို။ ဓမ္မရသော၊ ဓမ္မချမ်းသာ အရသာသည်။ ဇိနာတိ၊ လွှမ်းမိုးနိုင်၏။ (အနက်။)

www.dhammaransi.com



## ဗောဇ္ဈင်၏အကျိုးတရားများ

ဤသမ္မောဓိအင်္ဂါ ၇-ပါးကို ကြားနာ၍ အနာရောဂါကြီး ခဏခြင်း ပျောက်ငြိမ်းကြသော ဝတ္ထုများသည်လည်း ထင်ရှား၏။ ကြားနာသူတို့က အနက်အဓိပ္ပါယ်များကို ကောင်းကောင်းသိကြ၍ သဒ္ဓါပသန္န ထက်သန်လှမှ ပျောက်ငြိမ်းနိုင်သည်၊ ဤသမ္မောဓိ အင်္ဂါ ၇-ပါးတို့၏ ညီညွတ်ခြင်းသို့ ရောက်သောအခါ၌ ယောဂီပုဂ္ဂိုလ်သည် ကာယဂတာသတိအတွက်နှင့်လည်း လိုလေသေးသည်မရှိ စိတ်အေးရပြီ၊ အနိစ္စထင်မြင်မှု, အနတ္တထင်မြင်မှု အတွက်နှင့်လည်း လိုလေသေးသည်မရှိ စိတ်အေးရပြီ၊ ကာယိကဝီရိယ, စေတသိကဝီရိယ တို့အတွက်နှင့်လည်း စိတ်အေးရပြီ၊ ထို ၃-ဌာန၌ စိတ်အေးရသဖြင့် အနမတဂ္ဂ သံသရာမှာ အိပ်မက်တွင်မျှ မမြင်ဖူးရသော နိဗ္ဗာန်အလင်းကြီးကို ကေန္တ ငါမြင်ရပေတော့မည်ဟု ဝမ်းမြောက် ဝမ်းသာခြင်းသည် ဖြစ်၏။ စိတ်စေတသိက် တို့၏ ပူပန်ခြင်း ခပ်သိမ်းမှ အေးငြိမ်းခြင်းသည် ဖြစ်၏။

ထိုသို့ လွန်စွာဝမ်းမြောက် ဝမ်းသာရခြင်း, စိတ်စေတသိက်တို့၏ အေးငြိမ်းခြင်း ဖြစ်လာသဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ အလွန်တည်ငြိမ်သော သမာဓိသည် ဖြစ်လာတော့သည်။ သတိအတွက်နှင့် ကြောင့်ကြစိုက်ရမှု, အနိစ္စ, အနတ္တ ထင်မြင်ရန်အတွက်နှင့် ကြောင့်ကြစိုက်ရမှု, ဝီရိယအတွက်နှင့် ကြောင့်ကြ စိုက်ရမှုတို့မှ ကင်းရှင်းသော ဥပေက္ခာတရားလည်း ဖြစ်လာတော့သည်။ ဤလုံးစုံကိုလည်း သမ္မောဓိအင်္ဂါတို့ အလွန်ညီညွတ်ခြင်းသို့ရောက်၍ သမ္မောဇ္ဈင်ကိစ္စ အထူး ထင်ရှားသောအခါကို ရည်၍ဆိုသတည်း။ သမ္မောဇ္ဈင်သာမညအနေအားဖြင့်မူကား ကာယ ဂတာသတိ တည်ထောင်မိသော အခါကစ၍ပင် သတိစသော တရားစုသည် သမ္မောဇ္ဈင် မည်သည်သာ ဖြစ်၏။

www.dhammaransi.com



ဗောဇ္ဈင် ၇–ပါး ပွားများပုံ

၁။ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

ဟူ၍ သမ္ဗောဇ္ဈင် ၇–ပါးကို ပွားများကြရမည်ဟု ဟောတော်မူရာ၌လည်း ထွက်သက် ဝင်သက်စသော ကိုယ်အင်္ဂါ၌ ကာယဂတာသတိ တည်ထောင်မှု စသည်ကိုပင် သာမညအားဖြင့် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများမှုဆိုသတည်း၊ ဝိသေသအားဖြင့် အသီးအသီး ပွားများမှုကိုမူကား – ဗောဇ္ဈင်္ဂဝိဘင်း အဋ္ဌကထာ မှာယူလေ။

ပါဠိတော်အနက်ကား – ဝိဝေကနိဿိတံ၊ သင်္ခါရပလိဗောဓခပ်သိမ်း ကင်းငြိမ်းဆိတ်ငြိမ်ရာကို မှီသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းငြိမ်းရာကို မှီသော။ နိရောဓနိ ဿိတံ၊ ဝဋ္ဋဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာကို မှီသော။ ဝေါဿဂ္ဂ ပရိဏာမိံ၊ ဥပဓိလေးပါးကို စွန့်ငြိမ်းရာကိုမှီသော။ သတိ သမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ပွားများ၏။

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို အလျင်းမငဲ့မူ၍ ယခုဘဝ၌ပင်လျှင်

www.dhammaransi.com



သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီး၏ အပြီးတိုင် ချုပ် ငြိမ်းမှုကိုငဲ့၍ ဝိဝဋ္ဋနိဿိတ သက်သက်ဖြစ်သည်ကို ဝိဝေက နိဿိတ, ဝိရာဂ နိဿိတ, နိရောဓ နိဿိတ ဆိုသတည်း။ ကာမဂုဏ်အစု, ကိလေသာအစု စသည်တို့မှ တစ်နေ့တစ်ခြား စိတ်ကျွတ်လွတ်၍သွားမှုကို ရှေ့ရှု၍ ပွားများရမည် ဆိုလိုသည်။ ဝိဝဋ္ဋနိဿိတ အဓိပ္ပါယ်ပင်တည်း။ ဗောဇ္ဈင်, သမ္ဗောဇ္ဈင်, သမ္ဗောဓိအင်္ဂါအတူတူပင်။

**ဗောဇ္ဈင် ၇–ပါးပြီး၏။**

## မဂ္ဂင်ရှစ်ပါး

## မဂ္ဂင်၏အနက်အဓိပ္ပါယ်

မဂ္ဂင်ရှစ်ပါး၌ မဂ်ဆိုသည်ကား – "**ကိလေသေ မာရေန္တာ နိဗ္ဗာနံ ဂစ္ဆန္တိ ဧတေနာတိ မဂ္ဂေါ**"။ ။ ဧတေန၊ ဤတရားအစုဖြင့်။ ကိလေသေ၊ သက္ကာယဒိဋ္ဌိအစရှိသော ကိလေသာအညစ်တို့ကို။ မာရေန္တာ၊ ပယ်သတ်ကုန်လျက်။ နိဗ္ဗာနံ၊ အပါယဒုက္ခ, ဝဋ္ဋဒုက္ခ၏ လွတ်ငြိမ်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

ကိလေသာတို့ကို ပယ်သတ်ကြောင်း, နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားစုကို မဂ်ဆိုသည် ဟူလို။

ထိုမဂ်၏အင်္ဂါကား ရှစ်ပါးရှိ၏–

၁။ သမ္မာဒိဋ္ဌိ,

၂။ သမ္မာသင်္ကပ္ပ,

၃။ သမ္မာဝါစာ,

၄။ သမ္မာကမ္မန္တ,

၅။ သမ္မာအာဇီဝ,

၆။ သမ္မာဝါယာမ,

၇။ သမ္မာသတိ,

၈။ သမ္မာသမာဓိ– ဤကား အင်္ဂါရှစ်ပါးတည်း။

www.dhammaransi.com



ထိုရှစ်ပါးသည် လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိ၌ ရှစ်ပါးလုံး တစ်ပေါင်းတည်းဖြစ်၏။ ရှေ့ဖြစ်သော လောကီဝိသုဒ္ဓိတို့၌မူကား အင်္ဂါ ၅-ပါးသည်သာ တစ်ပေါင်းတည်း ဖြစ်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကိုမူကား သီလဝိသုဒ္ဓိ၌သာ ရအပ်ကုန်၏။ စိတ္တဝိသုဒ္ဓိစသည်တို့၌ မရအပ်ကုန်၊ သီလဝိသုဒ္ဓိ ဆိုသော်လည်း -

၁။ သမ္မာဝါစံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂ ပရိဏာမိံ။

၂။ သမ္မာကမ္မန္တံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၃။ သမ္မာအာဇီဝံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

ဟူသော ပါဠိတော်မြတ်နှင့်အညီ ဝိဝေကနိဿိတ, ဝိရာဂနိဿိတဖြစ်သော သီလကိုသာ ဤဗောဓိပက္ခိယအရာ၌ ယူအပ်၏။ ဘဝသမ္ပတ္တိကို ငံ့ခြင်းရှိသော ဝဋ္ဋနိဿိတ သီလမျိုးကို မယူအပ်၊ ယခုဘဝ မင်္ဂဖိုလ်ကိုရခြင်း၌ ဝန်ချ၍ထားကြကုန်သောသူတို့၏ သီလဝိသုဒ္ဓိသည် အာဒိဗြဟ္မစရိယက သီလအစစ် မဟုတ်သောကြောင့် ဗောဓိပက္ခိယမျိုး အစစ်မဟုတ်၊ နောင်ဘဝ၌ နိဗ္ဗာန်ကိုတောင့်တ၍ ဖြည့်ကျင့်ပါသည်ဆိုလျှင် ဝိဝဋ္ဋနိဿိတ တစ်စိတ်ဖြစ်သော ပါရမီသီလကား ဖြစ်ရာ၏။ ဤသမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကား သီလမျိုး သက်သက်ဖြစ်၍ သီလဝိသုဒ္ဓိ စင်စစ်တည်း၊ ဝိရတီ စေတသိက်သုံးပါးတည်း။ သမ္မာသင်္ကပ္ပကား ဝိတက်စေတသိက်တည်း၊ ပညာ၏ ရှေ့သွားဖြစ်၍ ပညာ၌ဝင်၏။

## သင်္ကပ္ပ ၃ -ပါး သရုပ်အဓိပ္ပါယ်

(၁) နေက္ခမ္မသင်္ကပ္ပ၊

(၂) အဗျာပါဒသင်္ကပ္ပ၊

(၃) အဝိဟိံသာသင်္ကပ္ပ -ဟူ၍ သုံးပါးရှိ၏။

www.dhammaransi.com



၁။ ထောင်၌ ကျရောက်၍နေသောသူ, ရန်သူတပ်ဝိုင်းမိ ၍ နေသောသူ, တောမီးဝိုင်း၍နေသောသူ, ပိုက်တွင်းကွန်တွင်း မြှုံးတွင်း၌လှောင်မိနေသောငါး, ချိုင့်တွင်း၌ လှောင်မိ၍နေသော ငှက်တို့သည် ထိုအကျဉ်းအကြပ်မှ ထွက်ပြေးရန် အပေါက်လမ်းကို မအိပ်နိုင်, မစားနိုင်, စိတ်တစ်ပါးမဝင်နိုင် ရှာကြံကြကုန်၏။ ထို့အတူ သမ္မပ္ပဓာန် အခန်းတွင် ပြဆိုခဲ့ပြီးသည့်အတိုင်း မိမိတို့ သန္တာန်တွင် အစဉ်ပါရှိ၍နေသော ဥပ္ပန္နအကုသိုလ်ဟောင်း အနန္တ, ရှေ့သို့ ဘဝအဆက်ဆက်တွင် မိုက်မှားဖြစ်ပွားလတ္တံ့ကုန်သော အနုပ္ပန္နအကုသိုလ်သစ် အနန္တတို့သည် အကျဉ်းအကြပ် လှောင်မိ၍နေကြကုန်သည်နှင့် ထိုဥပ္ပန္န, အနုပ္ပန္နအကုသိုလ် ဓမ္မတို့မှ ယခုဘဝ ကျွတ်လွတ်ကြရန် အပေါက်လမ်းကို စွဲမြဲစွာ ရှာကြံကြကုန်သောသူတို့၏ အကြံအစည်မျိုးသည် နေက္ခမ္မသင်္ကပ္ပမဂ္ဂင် မည်၏။ ဝဋ္ဋဒုက္ခမှ ယခုဘဝ ကျွတ်လွတ်ရအောင် ရှာကြံသောအကြံအစည်မျိုးတည်း။

၂။ မေတ္တာစျာန်နှင့် ယှဉ်သော သင်္ကပ္ပသည် အဗျာပါဒ သင်္ကပ္ပ မည်၏။

၃။ ကရုဏာစျာန်နှင့်ယှဉ်သော သင်္ကပ္ပသည် အဝိဟိံသာ သင်္ကပ္ပ မည်၏။

ကြွင်းသောစျာန်မဂ်တို့နှင့် ယှဉ်သောသင်္ကပ္ပသည် နေက္ခမ္မ သင်္ကပ္ပမည်၏။ ဤသို့ထင်ရှားရာဌာန အထူးကိုလည်း သိအပ်၏။ သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ္ဂင်လေးပါးတို့၏ သရုပ်ကိုမူကား ဗောဓိပက္ခိယ ဗောဇ္ဈင်အရာ၌ ဆိုခဲ့ပြီ။

## မဂ္ဂင် ၈-ပါးကို ခန္ဓာ ၃-ပါး ခွဲပုံ

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဤမဂ္ဂင် ၂-ပါးသည် ပညာက္ခန္ဓ မည်၏။ [ပညာအဖို့အစု ဆိုလိုသည်။ ခန္ဓသဒ္ဒါသည် အဖို့အစုကိုဟော၏။]

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤမဂ္ဂင်သုံးပါးသည် သီလက္ခန္ဓမည်၏။ [သီလအဖို့အစု ဆိုလိုသည်။] သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ဤမဂ္ဂင်သုံးပါးသည် သမာဓိက္ခန္ဓ မည်၏။ [သမာဓိအဖို့အစု ဆိုလိုသည်။]

www.dhammaransi.com



## သီလက္ခန္ဓမဂ္ဂင်

ယခုဘဝ၌ပင် – ဒိဋ္ဌိအနုသယ နိုင်ငံကြီးကို ဖြိုဖျက်ခြင်းငှါ တည်ထောင် ဖြည့်ကျင့်အပ်သော အာဇီဝဋ္ဌမက သီလသည် လောကီသီလက္ခန္ဓမဂ္ဂင် မည်၏။ သီလဝိသုဒ္ဓိကို ဆိုသတည်း။ အာဇီဝဋ္ဌမက သီလသည် လူတို့၏ အာဇီဝဋ္ဌမက သီလ, ရဟန်းတို့၏ အာဇီဝဋ္ဌမက သီလဟူ၍ ၂–ပါးရှိ၏။ ထိုတွင် ကာယ ဒုစရိုက် ၃–ပါး, ဝစီဒုစရိုက် ၄–ပါးတို့၏ လုံခြုံမှုသည် လူတို့၏ အာဇီဝဋ္ဌမက သီလမည်၏။ အဋ္ဌင်္ဂဥပေါသထသီလ, ဒသင်္ဂ သီလများသည် ထိုအာဇီဝဋ္ဌမက သီလ၌ အမွှမ်းတင်သီလ, အရောင်တင်သီလစုပေတည်း။ ရဟန်းတို့ ၂၂၇ –ပါး သော သိက္ခာပုဒ် အပေါင်းတို့၏ လုံခြုံမှုသည် ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလ မည်၏။ ထို ၂၂၇ –ပါးသော သိက္ခာပုဒ်တို့သည် ကာယကံ, ဝစီကံ နှစ်ပါး၌ အကျုံးဝင်ကုန်၏။ ထို့ကြောင့် ထိုသိက္ခာပုဒ်တို့၏ အဖွင့်အဋ္ဌကထာတို့၌ "ကာယကမ္မံ, ဝစီကမ္မံ" ဟု နှစ်ပါးခွဲခြားမှုကို ဆိုရိုးပြုကြကုန်၏။ ကြွင်းသမျှသော ရဟန်းတို့၏ သီလစုသည် ထိုသီလ၌ အမွှမ်းတင်, အရောင်တင် သီလတို့ပေတည်း။

သစ်ပင်အပေါင်းတို့သည် မြေကြီးပေါ်တွင် ပေါက်ရောက်ကြီးပွားကြ ကုန်သကဲ့သို့ စိတ္တဝိသုဒ္ဓိ အစရှိသော အထက် ဝိသုဒ္ဓိ ၆–ပါးတို့သည် ဤသီလ ဝိသုဒ္ဓိအပေါ်၌ ဖြစ်ထွန်းကြီးပွားကြရကုန်၏။ အထူးမှုကား ဤသီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိ အစရှိသော အလယ်ဝိသုဒ္ဓိ ၅–ပါးတို့ကို မိမိနှင့် မရောမယှက်မူ၍ ရှေး၌ စင်ကြယ်မြဲတိုင်းသော အနေအားဖြင့် ရှက်ဆောင်ပေ၏။ လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိကိုမူကား သီလက္ခန္ဓမဂ္ဂင် အင်္ဂါ ၃–ပါးအဖြစ်ဖြင့် ဖြစ်ပေါ် ရောယှက်၍ ရှက်ဆောင်ပေ၏။ အဘယ့်ကြောင့် အလယ်ဝိသုဒ္ဓိ ၅–ပါးကို မရောမယှက်မူ၍ ရှက်ဆောင်လေသနည်းဟူမူ၊ အာရုံမတူကြသောကြောင့်၊ လောကုတ္တရာ ဝိသုဒ္ဓိမူကား အာရုံတူသောကြောင့် သဟဇာတအဖြစ်ဖြင့် ရောယှက်၍ ရှက်ဆောင်ပေတည်း။

**သီလက္ခန္ဓမဂ္ဂင် ၃–ပါး၏ အခွင့်အလမ်းကို ပြဆိုခန်းပြီး၏။**

www.dhammaransi.com



## သမာဓိက္ခန္ဓမဂ္ဂင်

သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါး၌ သုဒ္ဓဝိပဿနာ ယာနိကလမ်း, သမထဝိပဿနာ ယာနိကလမ်းဟူ၍ ၂-လမ်းရှိသည်တွင် သီလဝိသုဒ္ဓိနှင့် ပြည့်စုံသောအခါ ကာယဂတာသတိကို တည်ထောင်ပြီးလျှင် သမထလမ်းသို့ မလိုက်မူ၍ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ဝိပဿနာလမ်း သက်သက်ကို အားထုတ်မှုသည် သုဒ္ဓဝိပဿနာ ယာနိကလမ်းမည်၏။ ကာယဂတာသတိ တည်ထောင်ပြီးလျှင် ဈာန်သမာပတ်ဟု ဆိုအပ်သော သမထလမ်းသို့တက်၍ ပဌမဈာန် သမာပတ်မှသော်လည်းကောင်း, ဒုတိယဈာန် သမာပတ်မှသော်လည်းကောင်း, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်, အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန် သမာပတ်မှသော်လည်းကောင်း ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ဝိပဿနာလမ်းသို့တက်၍ အားထုတ်မှုသည် သမထဝိပဿနာ ယာနိကလမ်း မည်၏။

ထိုနှစ်လမ်းတို့တွင် သုဒ္ဓဝိပဿနာ ယာနိကလမ်း၌ ဤသမာဓိက္ခန္ဓမဂ္ဂင် သုံးပါးသည် သုညတသမာဓိ, အနိမိတ္တသမာဓိ, အပ္ပဏိဟိတသမာဓိ ဟူသော ၃-ပါးသော သမာဓိအမည်နှင့် သမထကိစ္စ, စိတ္တဝိသုဒ္ဓိကိစ္စကို ပြီးစီးစေ၏။ သမထဝိပဿနာ ယာနိကလမ်း၌မူကား ပရိကမ္မသမာဓိ, ဥပစာသမာဓိ, အပ္ပနာသမာဓိဟူသော သုံးပါးသော သမာဓိအမည်နှင့်လည်းကောင်း, ဝိပဿနာခန်းသို့ ရောက်သောအခါ သုညတသမာဓိ, အနိမိတ္တသမာဓိ, အပ္ပဏိဟိတ သမာဓိဟူသော ၃-ပါးသော သမာဓိအမည်နှင့်လည်းကောင်း, သမထကိစ္စ, စိတ္တဝိသုဒ္ဓိကိစ္စကို ပြီးစီးစေ၏။ ရှေ့ဖြစ်သော သီလဝိသုဒ္ဓိနှင့် ကာယဂတာသတိ အခိုက်တို့၌ကား ခဏိကသမာဓိကိစ္စကို ပြီးစီးစေ၏။

သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါးပြီး၏။

## ပညာက္ခန္ဓမဂ္ဂင်

ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးတို့သည်ကား -သီလဝိသုဒ္ဓိ, ကာယဂတာသတိ တို့မှစ၍ သုဒ္ဓဝိပဿနာ ယာနိကလမ်း, သမထဝိပဿနာ ယာနိကလမ်း

www.dhammaransi.com



၂–လမ်းလုံးတို့၌ပင်လျှင် ထိုက်သည့်အားလျော်စွာ ပညာကိစ္စကို ပြီးစီးစေကုန်၏။ ဤကား လောကီမဂ္ဂင်, လောကုတ္တရာ မဂ္ဂင်နှစ်ပါးတို့နှင့် ဆက်ဆံသော စကားရပ်တည်း၊ ယခုအခါ သောတာပတ္တိမဂ်၌ အကျုံးဝင်ကုန်သော လောကုတ္တရာမဂ္ဂင်တို့၏ အလားကိုပြဆိုပေအံ့၊ တစ်ဆူ, တစ်ဆူသော မြတ်စွာဘုရားတို့၏ သာသနာ၌ ကျွတ်ကြကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့တွင် အညံ့ဆုံး အများဆုံး ဖြစ်ကြကုန်သော ဘုံစဉ်စံ သုက္ခဝိပဿက သောတာပန်တို့၏အလားကို ဤစာအုပ်မှာ လိုရင်းမှတ်။

ထိုကဲ့သို့သော ဝဋ်၌မွေ့လျော်ကြကုန်သော ဝိသာခါ, အနာထပိဏ်, သိကြားမင်း, စူဠရထနတ်သား, မဟာရထ နတ်သား, အနေကဝဏ္ဏနတ်သား, စတုမဟာရာဇ်နတ်မင်းကြီး ၄–ပါး, နေနတ်သား, လနတ်သား အစရှိကုန်သော ဝဋ္ဋာဘိရတ³ သောတာပန် အရိယာတို့သည် ယခုအခါ စတုမဟာရာဇ် ဘုံမှာပင် အသင်္ချေ်များစွာ ရှိကြကုန်၏။ တာဝတိံသာဘုံမှာ အသင်္ချေ်များစွာ ရှိကြကုန်၏။ အထက်အထက်သော နတ်ဘုံတို့မှာလည်း ထိုနည်းတူ ရှိကြကုန်၏။ ကာမဘုံမှာ ခုနစ်ကြိမ် သာ ပဋိသန္ဓေရှိကြကုန်၏။ ဝေဟပ္ဖိုလ်စသော စတုတ္ထဈာန် ၆–ဘုံတို့မှာ တစ်ကြိမ်စီသာ ပဋိသန္ဓေရှိကြကုန်၏။ ပဌမဈာန် ၃–ဘုံ, ဒုတိယဈာန် ၃–ဘုံ, တတိယဈာန် ၃–ဘုံ တို့၌ကား ပဋိသန္ဓေအပိုင်းအခြား မရှိကြကုန်။

## သောတာပန်ခေါ်ပုံ အဓိပ္ပါယ်

အဘယ့်ကြောင့် သောတာပန်ခေါ်သနည်း ဟူမူကား – ဟိမဝန္တာမှ စီးလာကြကုန်သော မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ ရေအယဉ်တို့သည် နောက်သို့ပြန်နစ်ခြင်း မရှိကုန်မူ၍ မဟာသမုဒ္ဒရာသို့ အရောက်စီးသွားကြကုန်သောကြောင့် သောတမည်ကုန်၏။ ထို့အတူ ထိုအရိယာတို့သည်လည်း ပုထုဇဉ်အဖြစ်သို့ တစ်ဖန် ပြန်ရောက်ခြင်း မရှိကြကုန်မူ၍ အနုပါဒိသေသ နိဗ္ဗာန်သို့သာ တစ်ဖြောင့်တည်းဆန်တက်၍ သွားကြကုန်၏။ ပုထုဇဉ်တို့သည် ဘဝဂ်ဘုံမှသော်လည်း အဝီစိတိုင်အောင် အောက်အောက်ဘုံသို့ တစ်ဖန် ပြန်ရောက်ကြကုန်သကဲ့သို့ ထိုအရိယာတို့သည် မိမိတို့ ဖြစ်ရာဘုံမှ အောက်အောက်ဘုံသို့

www.dhammaransi.com



တစ်ဖန် ပြန်ရောက်ခြင်း မရှိကြကုန်ပြီ၊ အထက်, အထက်ဘုံသို့ ဆန်တက်ဖို့ရာ တစ်ပေါက်တစ်လမ်းသာ ရှိကြကုန်၏။

ပုထုဇဉ်တို့သည် ရူပ, အရူပ ဗြဟ္မာတိဟိတ်ကြီး ဖြစ်ကြကုန်ပြီးမှ ခွေး, ဝက်, ကြက်, ငှက်စသော ဒုဂ္ဂတိအဟိတ်တိုင်အောင် အောက်အောက်သို့ တစ်ဖန် ပြန်ရောက်ကြကုန်သကဲ့သို့ ထိုအရိယာတို့သည် ပုထုဇဉ်အဖြစ်သို့ တစ်ဖန် ပြန်ရောက်ခြင်း မရှိကြကုန်ပြီ၊ အထက်အထက် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ဆန်တက်ဖို့ တစ်ပေါက်တစ်လမ်းသာ ရှိကြကုန်၏။ ဤသို့ ဘုံအားဖြင့်လည်းကောင်း, ဘဝအားဖြင့်လည်းကောင်း ယုတ်နိမ့်ရာအဖို့သို့ တစ်ဖန် ပြန်ရောက်ခြင်း မရှိကြကုန်မူ၍ တစ်ဘုံထက် တစ်ဘုံ, တစ်ဘဝထက် တစ်ဘဝ မြင့်ရာအဖို့ မြတ်ရာအဖို့သို့ ဆန်တက်မှု တစ်ပေါက်တစ်လမ်းသာ ရှိကြကုန်သည် ဖြစ်၍ ဘဝများစွာ တစ်ရွေ့ရွေ့ ဆန်တက်၍ သွားကြလေကုန်ရာ အမြတ်ဆုံးဘုံ အမြတ်ဆုံး ဘဝသို့ ဆိုက်ရောက်ကြကုန်သောအခါ ခန္ဓာငါးပါးကို စွန့်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြကုန်လတ္တံ့။ ဤသို့ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် တစ်ဖြောင့်တည်း တစ်တန်းတည်း ဆန်တက်၍သွားမှုကို ဓမ္မသောတ ခေါ်သည်။

၁။ သမ္မာဒိဋ္ဌိသောတ,

၂။ သမ္မာသင်္ကပ္ပသောတ,

၃။ သမ္မာဝါစာသောတ,

၄။ သမ္မာကမ္မန္တသောတ,

၅။ သမ္မာအာဇီဝသောတ,

၆။ သမ္မာဝါယာမသောတ,

၇။ သမ္မာသတိသောတ,

၈။ သမ္မာသမာဓိသောတ- ဆိုလိုသည်။

## ၁- သမ္မာဒိဋ္ဌိသောတ

ထိုတွင် သမ္မာဒိဋ္ဌိသောတ ဆိုသည်ကား- သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီး ပျက်စီးကုန်သောအခါ၌ ထိုသက္ကာယဒိဋ္ဌိ နိုင်ငံကြီးအရာမှာ သစ္စာ ၄-ပါးကို

www.dhammaransi.com



အလင်းမြင်နိုင်သော သမ္မာဒိဋ္ဌိ နိုင်ငံကြီးဖြစ်၍ တည်လေ၏။ တစ်ညဥ့်လုံး မှောင်အမိုက်တို့၏ တည်ရာ၌ နေထွက်၍လာသောအခါ နေရောင်အလင်းဖြစ်၍ တည်သကဲ့သို့တည်း၊ ထိုသမ္မာဒိဋ္ဌိ အလင်းနိုင်ငံကြီးသည် အနုပါဒိသေသ နိဗ္ဗာန် စံရာဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် တည်လေတော့သည်။ တစ်ဘဝထက် တစ်ဘဝ ထွန်းလင်း စည်ကား၍သာ သွားတော့သည်။ လောက၌ အမိဝမ်းမှ ဖွားစဉ်အခါ အန္ဓရာယ်ကပ်ငြိ၍ မျက်စိနှစ်လုံး တိမ်သလာ ထူထပ်စွာ ဖုံး၍ အလင်းကိုမျှ မမြင်ဖူးရသောသူမှာ ဝိဇ္ဇာမယဆေးကောင်း မျက်စဉ်းကောင်းနှင့် တွေ့၍ တိမ်သလာအကုန် ကွာပျောက်သည်နှင့် တစ်ပြိုင်နက် စက္ခုအမြင်နှင့် ပြည့်စုံသော သူကောင်း ပကတိဖြစ်၏။ အသက်ထက်ဆုံး မြေ, မိုး, ကောင်းကင်, နေ, လ, နက္ခတ် အရပ်ဆယ်မျက်နှာ အလင်းပွင့်၏။ ဘယ်အခါမဆို ကြည့်လို မြင်လိုသောအခါ မြင်နိုင်၏။

ဤဥပမာကဲ့သို့ ထိုသောတာပန် အရိယာတို့သည် ဖြစ်လေရာရာ ဘဝအဆက်ဆက်တို့၌ လက္ခဏာရေး ၃-ပါး, သစ္စာ ၄-ပါး တရားတို့သည် အလင်းပွင့်ကုန်၏။ ကြည့်လို မြင်လို ဆင်ခြင်လိုသောအခါ ကောင်းကင်, နေ, လတို့ကဲ့သို့ လင်းလင်းထင်းထင်း မြင်နိုင်ကြကုန်၏ ဟူလိုသည်။ ဤကား သမ္မာဒိဋ္ဌိသောတ တည်ထောင်ပုံတည်း။

## ၂- သမ္မာသင်္ကပ္ပသောတ

**"သမ္မာဒိဋ္ဌိဿ သမ္မာသင်္ကပ္ပေါ ပဟောတိ"**- ဟူသော မဂ္ဂသံယုတ် ပါဠိတော်မြတ်နှင့်အညီ သမ္မာဒိဋ္ဌိနိုင်ငံကြီး အမြဲတည်သည်ရှိသော် ထိုအရိယာပုဂ္ဂိုလ်တို့အား ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း အကြံအစည်မျိုး, သတ္တဝါတစ်ပါးကို မပျက်စီးစေလိုသော အကြံအစည်မျိုး, သတ္တဝါတစ်ပါးကို မပင်ပန်းစေလိုသော အကြံအစည်မျိုးဟူသော သမ္မာသင်္ကပ္ပနိုင်ငံကြီးသည်လည်း အနုပါဒိသေသ ပရိနိဗ္ဗာန်စံရာ ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် တည်ထောင်ဖြစ်ပွား တစ်ဘဝထက် တစ်ဘဝစည်ကား၍ သွားလေတော့သည်။ ဤကား သမ္မာသင်္ကပ္ပသောတ တည်ထောင်ပုံတည်း။

www.dhammaransi.com



## ၃- သမ္မာဝါစာသောတ

သမ္မာဒိဋ္ဌိသ၊ သမ္မာဒိဋ္ဌိဉာဏ်အမြင် တည်ထောင်မိသော အရိယာ ပုဂ္ဂိုလ်အား၊ သမ္မာသင်္ကပ္ပေါ၊ ကောင်းမြတ်သော အကြံအစည်သည်။ ပဟောတိ၊ တိုးပွား၍သွား၏။ ။ [ပဟောတီတိ ဝဍ္ဎတိ၊ အဋ္ဌကထာ။]

**"သမ္မာသင်္ကပ္ပဿ သမ္မာဝါစာ ပဟောတိ"**-ဟူသော ၎င်းပါဠိတော်မြတ် နှင့်အညီ ဝဋ်မှထွက်မြောက်စေတတ်သော အကြံအစည်, သတ္တဝါတစ်ပါးကို ချမ်းသာစေလိုသော အကြံအစည် အမြဲတည်သည်ရှိသော် ဝစီဒုစရိုက်တို့မှ လွတ်ကင်းစင်ကြယ် ကြည်ညိုဖွယ်သော ဝစီကံမှုတို့သည်လည်း အမြဲအစဉ် တည်ထောင်စည်ကား၍ သွားကုန်တော့သည်။ ဤကား သမ္မဝါစာသောတ တည်ထောင်ပုံတည်း။

## ၄- သမ္မာကမ္မန္တသောတ

**"သမ္မာဝါစဿ သမ္မာကမ္မန္တော ပဟောတိ"**-ဟူသော ၎င်းပါဠိတော် မြတ်နှင့်အညီ ဝစီဒုစရိုက်တို့မှ လွတ်ကင်းစင်ကြယ် ကြည်ညိုဖွယ်သော ဝစီကံနှင့် အမြဲအစဉ် ပြည့်စုံကြကုန်သည်ရှိသော် ထို့ထက် ရန့်ရင်းသော ကာယဒုစရိုက်တို့မှ လွတ်ကင်း စင်ကြယ် ကြည်ညိုဖွယ်သော ကာယကံမှုတို့သည်လည်း အမြဲအစဉ် တည်ထောင်စည်ကား၍ သွားကုန်တော့သည်။ ဤကား သမ္မာကမ္မန္တသောတ တည်ထောင်ပုံတည်း။

## ၅- သမ္မာအာဇီဝသောတ

**"သမ္မာသမ္မန္တဿ သမ္မာအာဇီဝေါ ပဟောတိ"**- ဟူသော ၎င်းပါဠိတော် မြတ်နှင့်အညီ အမြင်, အကြံ, ကာယကံ, ဝစီကံ အာဇီဝစင်ကြယ်ကြကုန်သည် ရှိသော် ယုတ်ညံ့သော အသက်မွေးမှုတို့မှလည်း အစဉ်ထာဝရ စင်ကြယ်ကြကုန် တော့သည်။ ဒုစရိုက် ဒုရာဇီဝတို့မှ စင်ကြယ်သော ဝီရိယမှုတို့သည် အမြဲတည်ကုန် တော့သည်။ ဤကား သမ္မာအာဇီဝသောတ တည်ထောင်ပုံတည်း။

www.dhammaransi.com



## ၆- သမ္မာဝါယာမသောတ

**"သမ္မာအာဇီဝဿ သမ္မာဝါယာမော ပဟောတိ"**-ဟူသော ၎င်းပါဠိတော်မြတ်နှင့်အညီ အမြင်, အကြံ, ကာယကံ, ဝစီကံ အာဇီဝစင်ကြယ်ကြကုန်သည်ရှိသော် ဒုစရိုက် ဒုရာဇီဝတို့မှ စင်ကြယ်သော ဝီရိယမှုတို့သည် အမြဲတည်ကုန်တော့သည်။ ဤကား သမ္မာဝါယာမသောတ တည်ထောင်ပုံတည်း။

## ၇- သမ္မာသတိသောတ

**"သမ္မာဝါယာမဿ သမ္မာသတိ ပဟောတိ"**-ဟူသော ၎င်းပါဠိတော်မြတ်နှင့်အညီ သီလ, သမာဓိ, ပညာမှုတို့၌ စွဲမြဲသော သမ္မာသတိမဂ္ဂင်လည်း တစ်ဘဝတခြား စည်ကား၍ သွားတော့သည်။ ဤကား သမ္မာသတိသောတ တည်ထောင်ပုံတည်း။

## ၈- သမ္မာသမာဓိသောတ

**"သမ္မာသတိဿ သမ္မာသမာဓိ ပဟောတိ"**-ဟူသော ၎င်းပါဠိတော်မြတ်နှင့်အညီ သီလ, သမာဓိ, ပညာမှုတို့၌ တည်ကြည်သော စိတ်ကိုလွန်စွာအစိုးရသော သမ္မာသမာဓိမဂ္ဂင်လည်း အစဉ်အမြဲ စည်ကား၍ သွားတော့သည်။

ဤကား သမ္မာသမာဓိသောတ တည်ထောင်ပုံတည်း။ ဤကား သောတာပန်အဖြစ်သို့ ရောက်သည်မှစ၍ အနုပါဒိသေသ ပရိနိဗ္ဗာန်စံရာ ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် မဂ္ဂင်ရှစ်ပါး တရားအယဉ်တည်းဟူသော ဓမ္မသောတ တည်ထွန်း၍ သွားပုံတည်း။

ထွက်သက် ဝင်သက် အစရှိသော ကိုယ်အင်္ဂါတို့၌ ကာယဂတာသတိ တည်ထောင်မိသည်မှစ၍ ထိုကဲ့သို့ အစဉ်တိုးတက်၍ သွားမှုရှိငြားသော်လည်း နိယာမအဖြစ်သို့ မရောက်သေးသောကြောင့် အရိယသောတ မဟုတ်သေး၊ သောတာပတ္တိမဂ်သည် ထိုအရိယသောတ၏ အစအဦးပေတည်း၊ ထိုပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအရိယသောတနယ်တွင်းသို့ ရောက်ကြလေကုန်၏။

www.dhammaransi.com



ထို့ကြောင့် –

"သောတံ အာဒိတော ပဇ္ဇိံ သု ပါပုဏိံ သူတိ သောတာပန္နာ"။

ယေ၊ အကြင်သူတို့သည်။ သောတံ၊ အရိယသောတသို့။ အာဒိတော၊ အစစွာ။ ပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကြကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ သောတာပန္နာ၊ သောတာပန်မည်ကုန်၏။

အဘယ့်ကြောင့် သောတာပန် ခေါ်သနည်းဟူသောအမေးကို ဖြေဆိုချက်ပြီး၏။

## သောတာပန်တို့၏သဘာဝ

ထိုသူတို့သည် အရိယသောတနယ်တွင်းသို့ ရောက်ကုန်သည်နှင့် တစ်ပြိုင်နက် ပုထုဇဉ်ဘုံကို လွန်မြောက်ကြကုန်၏။ လောကီဘုံသူ, လောကီဘုံသား မဟုတ်ကြကုန်ပြီ။ လောကုတ္တရာဘုံသူ, လောကုတ္တရာဘုံသား ဖြစ်ကြလေကုန်၏။ ဝဋ္ဋဒုက္ခဘုံသူ, ဝဋ္ဋဒုက္ခဘုံသား မဟုတ်ကြကုန်ပြီ၊ နိဗ္ဗာန်ဘုံသူ, နိဗ္ဗာန်ဘုံသား ဖြစ်ကြလေကုန်၏။ ဘဝအဆက်ဆက်, ကမ္ဘာအဆက်ဆက် ပဌမနိဗ္ဗာန်နယ်တွင်းမှ မထွက်ကြရကုန်ပြီ၊ သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီးသို့ တစ်ဖန်ပြန်ရောက်မှု, ပုထုဇဉ်အဖြစ်သို့ တစ်ဖန် ပြန်ရောက်မှု မရှိကြကုန်ပြီဟူလိုသည်။ သဉပါဒိသေသ ပဌမနိဗ္ဗာန်ကြီး၌ အမြဲတည်ကြကုန်၍ အလိုရှိရာ ကောင်းမြတ်ရာ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ဘဝများစွာ ကမ္ဘာအဆက်ဆက် ခံစားစံစား၍ သွားကြရကုန်၏။

အကျယ်ကိုမူကား ငါတို့စီရင်သော စတုသစ္စဒီပနီကျမ်း, ပရမတ္ထသံခိပ် ကျမ်းတို့မှာ ကြည့်လေ။

ဤမဂ္ဂင်ရှစ်ပါးတို့သည် ထိုအရိယာပုဂ္ဂိုလ်အား လောကုတ္တရာမဂ်ခဏ, ဖိုလ်ခဏတို့၌သာ တစ်ပေါင်းတည်း ဖြစ်ကြကုန်၏။ လောကီကုသိုလ်ခဏတို့၌မူကား သီလက္ခန္ဓမဂ္ဂင် ၃–ပါး, ပညာက္ခန္ဓမဂ္ဂင် ၂–ပါးတို့သည်ကား ကုသိုလ် အများပင် ယှဉ်ကုန်၏။ သီလက္ခန္ဓမဂ္ဂင် ၃–ပါးတို့သည် သီလကုသိုလ်နှင့်သာ ထိုအရိယာပုဂ္ဂိုလ်တို့၌ ဘဝများစွာ ကမ္ဘာအဆက်ဆက် အခိုင်အမြဲ တည်ကုန်၏။

မဂ္ဂင်ရှစ်ပါးပြီး၏။

မိခင်ဧရာဝတီ

www.dhammaransi.com



ထိုဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ တရားကိုယ်တို့သည်မှုကား ဆန္ဒ, စိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, ဝိရတီ သုံး, သတိ, ဧကဂ္ဂတာအားဖြင့် တစ်ဆယ့်လေးပါးတို့တည်း။

## ကာယဂတာသတိအကျဉ်းနည်း
## စိတ္တဝိသုဒ္ဓိတည်ထောင်ပုံ

ဘုရားသာသနာတော်တွင်း၌ ကြုံကြိုက်ကြကုန်သော သူတို့သည် ထိုအရိယသောတသို့ ရောက်ခြင်းငှါ သီလဝိသုဒ္ဓိကို ရှေးဦးစွာ တည်ထောင်၍ ပြဆိုခဲ့ပြီးသော ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်ကြရကုန်ရာ၏။ ပွားများပုံကို အကျဉ်း ချုပ်အားဖြင့် ပြဆိုဦးအံ့၊ ဝိသုဒ္ဓိ ၇-ပါးကို ပွားများအားထုတ်မှုသည် ဗောဓိပက္ခိယတရားကို ပွားများမှုမည်၏။ ဝိသုဒ္ဓိ ၇-ပါးတွင်လည်း **“စိတ္တဝိသုဒ္ဓိ”** အထူးမှာ သမထယာနိက ပုဂ္ဂိုလ်၌သာ လိုအပ်၏၊ **“မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ”**မှာ မဂ်ဖိုလ် သို့ မရောက်သေးပဲလျက် ရောက်ပြီဟု ထင်မှတ်သော အဓိမာနိက ပုဂ္ဂိုလ်၌သာ လိုအပ်၏။ သီလဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိ ဤဝိသုဒ္ဓိ ၅-ပါးသည် ပုဂ္ဂိုလ်အများနှင့် ဆက်ဆံ၏။

ထို ၅-ပါးတွင် သီလဝိသုဒ္ဓိကို သီလက္ခန္ဓမဂ္ဂင် ၃-ပါး အခန်းတွင် ပြဆိုခဲ့ပြီ၊ အာဇီဝဋ္ဌမကသီလကို ဖြည့်ကျင့်မှုပင်တည်း၊ စိတ္တဝိသုဒ္ဓိ သာမညမှာမူကား ကာယဂတာသတိ တည်ထောင်မှုသည် စိတ္တဝိသုဒ္ဓိအလုပ်ပင်တည်း၊ ထိုကာယဂတာ သတိကို ထွက်သက် ဝင်သက် အလုပ်နှင့်လည်း တည်ထောင်ကြ၏။ ဣရိယာပုထ် လေးပါးလုံးမှာ ထွက်သက် ဝင်သက်၌ စိတ်ထားတိုင်း နေလျှင်ပင် ကာယဂတာသတိ သာမညတည်ပြီ၊ **“ဂစ္ဆန္တော ဂစ္ဆာမီတိ ပဇာနာတိ”**- အစရှိသည်ဖြင့် ဣရိယာ ပုထ်ကြီးလေးပါး ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌ သတိသမ္ပဇဉ အလုပ်နှင့်လည်း တည်ထောင်ရ၏။ ဒွတ္တိံသာကာရတွင် တစပဉ္စကနှင့်လည်း တည်ထောင်ရ၏။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ ဤ ၅-ပါးသည် တစပဉ္စကမည်၏။ ဣရိယာပုထ်လေးပါးလုံးမှာ ဤတစပဉ္စက

www.dhammaransi.com



တို့၌ စိတ်အမြဲနေပေလျှင် တည်ထောင်မိပြီ၊ မိမိကိုယ်တွင်းရှိ အင်္ဂါနှင့်လည်း တည်ထောင်ရ၏။ မိမိဦးခေါင်းရိုး၌ မိမိစိတ်ကို ထားလိုတိုင်း ထားနိုင်လျှင် တည်ထောင်မိပြီ၊ အစမှစ၍ ခန္ဓာကိုယ်တွင် ရုပ်, နာမ် ၂-ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှုစွဲမြဲမှု နေရာကျလျှင်လည်း ကာယဂတာသတိ ကိစ္စပြီးစီးတော့သည်။

ကာယဂတာသတိ အကျဉ်းနည်းပြီး၏။

## ဝိသုဒ္ဓိ ၅-ပါးအကျဉ်း

ဒိဋ္ဌိဝိသုဒ္ဓိအစီအရင်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်ဟူ၍ ကိုယ်ခန္ဓာ၌ ဤဓာတ် ၆-ပါးကို ခွဲခြမ်းမှု ပိုင်နိုင်လျှင်ပင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင်၌ ရှေ့ဓာတ်ကြီး ၄-ပါးနှင့် အာကာသဓာတ်တို့၏ ဖြစ်ပေါ်ရန်အကြောင်းကား ကံ, စိတ်, ဥတု, အာဟာရ ဤလေးပါးတည်း၊ ဝိညာဏ်ခြောက်ပါး၏ ဖြစ်ပေါ်ရန်အကြောင်းကား အသီးသီးသော အာရုံ ၆-ပါး, ဝတ္ထုရုပ် ၆-ပါးတည်း၊ ဤအကြောင်းစု ပိုင်နိုင်လျှင်ပင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်ကား လက္ခဏာရေးသုံးပါးပင်တည်း၊ ပြဆိုခဲ့ပြီးသော ဓာတ် ၆-ပါးတို့၌ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ကောင်းစွာ ထင်မြင်လျှင် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်၏။ လောကုတ္တရ ဉာဏဒဿန ဝိသုဒ္ဓိကား လောကုတ္တရာ မဂ်ဉာဏ်လေးပါးတည်း။

ဤကား ဝိသုဒ္ဓိ ၅-ပါးအကျဉ်းတည်း။

ဓာတ်ကြီးလေးပါး, ဝိညာဏ် ၆-ပါးတို့၌ ခွဲခြမ်းနည်း, ရှုနည်း အကျယ်တို့ကိုမူကား ငါတို့စီရင်သော လက္ခဏာဒီပနီကျမ်း, ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း တို့မှာ ယူလေ။

ဤဗောဓိပက္ခိယတရား ၃၇ -ပါးတို့သည် ဘုရားအမွေတော် မည်ကုန်၏။ သာသနာ့အမွေတော် မည်ကုန်၏။ သာသနာတော်မြတ်ကြီး၌ အသချေ်ယျ အနန္တ အဖိုးထိုက်သော အမြိုက်ဥစ္စာ ရတနာတို့မည်ကုန်၏။

www.dhammaransi.com



## သာသနဒါယဇ္ဇ သာသနာ့အမွေခံ စစ်တမ်း

ဤဗောဓိပက္ခိယတရား၌ သာသနဒါယဇ္ဇစစ်တမ်းကို ပြဆိုရာ၏။ သာသနဒါယဇ္ဇ ဆိုသည်ကား - သာသနာ့အမွေအနှစ်ကို ခံမှုတည်း။ **"ဒါတဗ္ဗန္တိဒါယံ"**။ ။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဒါယံ၊ ဒါယ မည်၏။ မိဘဖြစ်သူတို့က သားသမီးဖြစ်သူတို့အား စင်စစ်ပေးခြင်းငှါထိုက်သော အမွေဥစ္စာတည်း။ **"ဒါယံ အာဒဒါတီတိ ဒါယာဒေါ"**။ ။ ဒါယံ၊ အမွေဥစ္စာကို။ အာဒဒါတိ၊ ခံယူထိုက်၏။ ဣတိ၊ ထို့ကြောင့်။ ဒါယာဒေါ၊ ဒါယာဒမည်၏။ ထိုအမွေဥစ္စာ ခံယူထိုက်သော သားသမီးတည်း။ **"ဒါယာဒဿ ကမ္မံ ဒါယဇ္ဇံ"**။ ။ ဒါယာဒဿ၊ အမွေဥစ္စာကို ခံယူထိုက်သောသူ၏။ ကမ္မံ၊ အမွေခံမှုသည်။ ဒါယဇ္ဇံ၊ ဒါယဇ္ဇမည်၏။ အမွေခံမှုတည်း၊ **"သာသနဿ ဒါယဇ္ဇံ သာသနာဒါယဇ္ဇံ"**။ ။ သာသနဿ၊ သာသနာတော်၏။ ဒါယဇ္ဇံ၊ အမွေခံမှုသည်။ သာသနာဒါယဇ္ဇံ၊ သာသနဒါယဇ္ဇ မည်၏။ ဗုဒ္ဓဒါယဇ္ဇဟူ၍လည်း ဆိုရ၏။ ဘုရားအမွေခံ ဆိုလိုသည်။ အမွေဥစ္စာကို ရှေဦးစွာ ပြဆိုအပ်၏။

## သာသနာ့အမွေ ၂ -ပါး

သာသနာတော်၏ အမွေသည် အာမိသအမွေ, ဓမ္မအမွေဟူ၍ နှစ်ပါးရှိ၏။

၁။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါးသည် အာမိသအမွေ မည်၏။

၂။ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါး, သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိခုနစ်ပါး, သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး အစရှိသော ဗောဓိပက္ခိယတရား ၃၇ -ပါးသည် ဓမ္မအမွေ မည်၏။

## ဓမ္မအမွေ ၂-ပါး

ထိုဓမ္မအမွေသည် လောကီဓမ္မအမွေ, လောကုတ္တရာ ဓမ္မအမွေဟူ၍ နှစ်ပါးရှိ၏။

www.dhammaransi.com



၁။ လောကီဖြစ်သော သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါး, လောကီဝိသုဒ္ဓိခြောက်ပါး, ထိုလောကီသိက္ခာ, လောကီဝိသုဒ္ဓိတို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် လောကီဓမ္မအမွေ မည်၏။

၂။ လောကုတ္တရာ မဂ်ဖိုလ်တို့၌ အကျုံးဝင်သော သိက္ခာသုံးပါး, လောကုတ္တရ ဉာဏဒဿန ဝိသုဒ္ဓိတရား, လောကုတ္တရာ ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် လောကုတ္တရာဓမ္မ အမွေမည်၏။

## လောကီဓမ္မအမွေ ၂-ပါး

လောကီဓမ္မအမွေသည်လည်း ဝဋ္ဋနိဿိတဓမ္မအမွေ, ဝိဝဋ္ဋနိဿိတဓမ္မအမွေ ဟူ၍လည်းကောင်း၊ နိယတဓမ္မအမွေ, အနိယတ ဓမ္မအမွေဟူ၍လည်းကောင်း နှစ်ပါးရှိ၏။

၁။ ဤသာသနာတော်တွင်း၌ပင်လျှင် မင်းဆရာ၊ စိုးဆရာဖြစ်ရန်, ဘုန်းတန်ခိုး အရှိန်အဝါကြီးရန်, အခြံအရံများရန်, ပစ္စည်းလေးပါးများရန် အားထုတ်အပ်သော သီလ, သမာဓိ, ပညာမျိုးသည်လည်းကောင်း၊ သံသရာ၌ လူကောင်း, နတ်ကောင်း ဖြစ်ရန် အားထုတ်အပ်သော သီလ, သမာဓိ, ပညာမျိုးသည်လည်းကောင်း ဝဋ္ဋနိဿိတ မည်၏။

၂။ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဟူသော ဝဋ်သုံးပါးသည် ရှိ၏။ ထိုဝဋ်သုံးပါး၏ ကုန်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် ဝိဝဋ္ဋမည်၏။ ယခုဘဝ၌ပင်လျှင် အလုံးစုံအားဖြင့်လည်းကောင်း, တစ်စိတ်တစ်ဒေသ အားဖြင့်လည်းကောင်း ဝဋ်သုံးပါကုန်ငြိမ်းရန် အားထုတ်အပ်သော သီလ, သမာဓိ, ပညာမျိုးသည် ဝိဝဋ္ဋနိဿိတ မည်၏။

မိမိပြုသော ကုသိုလ်အတွက် နောင်သောအခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုလည်း ရောက်လို၏။ ယခုဘဝ၌ လောကပဿာဒဂုဏ်ကိုလည်း အလိုရှိ၏။ နိဗ္ဗာန်သို့ မရောက်မီ နောက်ဘဝတို့၌ လူကောင်း, နတ်ကောင်းအဖြစ်ကိုလည်း အလိုရှိ၏ဟု ဖြစ်သော သီလ, သမာဓိ, ပညာမျိုးသည်ကား ဝဋ္ဋ, ဝိဝဋ္ဋ နှစ်ပါးကိုမှီသော ဥဘယနိဿိတ ကုသိုလ်မျိုးမည်၏။

www.dhammaransi.com



ကျမ်းဂန်တို့၌ကား – ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ နှစ်ပါးသာ အဆိုရှိ၏။ ဝဋ္ဋဖက်၌ စိတ်ညွတ်ခြင်း အားကြီးသူတို့၏ ကုသိုလ်ကို ဝဋ္ဋနိဿိတ၌ သွင်း၍ယူလေ၊ ဝိဝဋ္ဋဖက်၌ စိတ်ညွတ်ခြင်း အားကြီးသူတို့၏ ကုသိုလ်ကို ဝိဝဋ္ဋနိဿိတ၌ သွင်း၍ယူလေ။

နိယတ, အနိယတ နှစ်ပါး၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ရှိနေသော သက္ကာယဒိဋ္ဌိ အနုသယနိုင်ငံကြီးသည် အလွန်တရာ နက်ကျယ်စွာသော ရှားမီးကျီး ပင်လယ်ကြီးနှင့် တူ၏။ ပုထုဇဉ် ပုဂ္ဂိုလ်တို့၌ ရံဖန်ရံခါ ဖြစ်ရသော သီလ, သမာဓိ, ပညာတို့သည် ထိုရှားမီးကျီး ပင်လယ်ပြင်သို့ ကျရောက်သော မိုးရေ မိုးပေါက်စုနှင့်တူကုန်၏။ သီလကို ငါဖြည့်သည်, ငါသီလရှိသည်, သမာဓိကို ငါပွားများသည်, သမာဓိဈာန်ကို ငါရသည်, ငါသမာဓိရှိသည်, ငါတတ်သည်, ငါသိသည်, ငါပညာရှိသည်, ငါလိမ်မာသည်, ရုပ် နာမ်ကို ငါရှုသည်, ငါမြင်သည်ဟူ၍ ဖြစ်သမျှသော သီလ, သမာဓိ, ပညာတို့သည် ငါငါဟူသော သက္ကာယဒိဋ္ဌိ ပေါ်မှာချည်း ဖြစ်ကြရကုန်သည်ဖြစ်၍ ရှားမီးကျီး ပင်လယ်ပြင်မှာ ကျရောက်သော မိုးရေ မိုးပေါက်တို့နှင့် တူကုန်၏ဟူလို။

သက္ကာယဒိဋ္ဌိ နိုင်ငံကြီးသည် ထိုသီလ, သမာဓိ, ပညာတို့ကို လွန်စွာ ကွယ်ပျောက် ပျက်ဆုံးစေနိုင်၏။ ထို့ကြောင့် ပုထုဇဉ်တို့၌ ဖြစ်ရသော လောကီ သီလ, သမာဓိ, ပညာတို့သည် အနိယတမျိုးတို့သာတည်း၊ ပုထုဇဉ်တို့၌ သီလရှိသည်, သမာဓိ ရှိသည်, ပညာရှိသည် ဆိုသော်လည်း တဒင်္ဂ တခဏသာတည်း၊ သောတာပန်တို့၌ ဖြစ်ကုန်သော အာဇီဝဋ္ဌမက လောကီသီလသည်လည်းကောင်း၊ ဘုရားဂုဏ်၌ တည်ကြည်သော လောကီသမာဓိ, တရားဂုဏ်, သံဃဂုဏ်, သီလဂုဏ် စသည်တို့ သိမှု, မြင်မှု, လိမ်မာမှုဟူသော လောကီပညာတို့သည်လည်းကောင်း နိယတမျိုးတို့သာတည်း၊ အနဝတတ်အိုင်ကြီး အပြင်၌ ကျရောက်သော မိုးရေမိုးပေါက်ကဲ့သို့ ထိုလောကီသီလ, သမာဓိ, ပညာတို့သည် သောတာပန်ပုဂ္ဂိုလ်တို့အား ဘဝများစွာ ကမ္ဘာအဆက်ဆက် ကွယ်ပျောက် ပျက်ဆုံးသည်ဟူ၍ မရှိကြကုန်ပြီ။

ဤကား လောကီဓမ္မ အမွေဥစ္စာ အပြားကို ပြဆိုချက်တည်း။

www.dhammaransi.com



## လောကုတ္တရာ ဓမ္မအမွေ

လောကုတ္တရာစိတ် ရှစ်ခု၌ယှဉ်သော သီလ, သမာဓိ, ပညာ, ဉာဏဒဿနဝိသုဒ္ဓိ, ဗောဓိပက္ခိယ တရား ၃၇-ပါးဟု ဆိုအပ်သော လောကုတ္တရာ ဓမ္မအမွေသည်ကား ဝိဝဋ္ဋနိဿိတသာတည်း၊ နိယတသာတည်း၊ နိယတဖြစ်သော လောကုတ္တရာ သီလ, သမာဓိ, ပညာသို့ ပေါက်ရောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ကြလေကုန်သော လောကီသီလ, သမာဓိ, ပညာတို့သည်လည်း နိယတ အဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုပုဂ္ဂိုလ်တို့အား ဒုဿီလအဖြစ်သို့ တစ်ဖန်ရောက်ခြင်း, အသမာဟိတအဖြစ်သို့ တစ်ဖန်ရောက်ခြင်း, ဒုပ္ပည အန္ဓဗာလအဖြစ်သို့ တစ်ဖန်ရောက်ခြင်း မရှိကြကုန်ပြီ။

ဤကား သာသနာ့အမွေဥစ္စာ အပြားကို ပြဆိုခန်းတည်း။

## သာသနာ့အမွေခံပုဂ္ဂိုလ် ၇-ပါး

သာသနာ့အမွေခံ ပုဂ္ဂိုလ်တို့သည်ကား ဘိက္ခု, ဘိက္ခုနီ, သာမဏေယောကျ်ား, သာမဏေမိန်းမ, သိက္ခမာန်မိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမဟူ၍ ခုနစ်မျိုးရှိကြကုန်၏။

သိက္ခမာန်မိန်းမ ဆိုသည်ကား – ရဟန်းလောင်းမ ပဉ္စင်းလောင်းမတည်း၊ ရှေ့ငါးဦးတို့သည် သီတင်းသုံးဖော် ငါးယောက် မည်၏။ သီတင်းသုံးဖော် ငါးယောက်တို့မှ တစ်ပါးသော သရဏဂုံ၌ ကောင်းစွာတည်ကုန်သော လူ, နတ်, ဗြဟ္မာတို့သည် ဥပါသကာ, ဥပါသိကာတို့၌ အတွင်းဝင်ကုန်၏။ ထိုခုနစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေကို သီတင်းသုံးဖော် ငါးဦးသားတို့သည်သာ ခံကြရကုန်၏။ ကျန်နှစ်ဦးသားတို့ မခံကြရကုန်၊ လောကီ, လောကုတ္တရာဓမ္မ အမွေနှစ်ပါးကိုမူကား ခုနစ်ဦးသားတို့ပင် ခံကြရကုန်၏။ ထိုသို့ ခံကြရကုန်ရာ လောကီသီလအမွေ၌ အထူးရှိကြကုန်၏။ လောကုတ္တရာသီလ အမွေ၌လည်းကောင်း, လောကီ, လောကုတ္တရာ သမာဓိအမွေ နှစ်ပါးတို့၌လည်းကောင်း အထူးမရှိကြကုန်။

www.dhammaransi.com



## လောကီသီလအမွေ၌ အထူးရှိပုံ

အဘယ်သို့လျှင် လောကီသီလအမွေထူး ရှိကြကုန်သနည်းဟူမူကား - သီတင်းသုံးဖော် ငါးဦးတို့သည် ဝိနည်းသီလအမွေ, သုတ္တန်သီလ အမွေနှစ်ပါးတို့ကို ခံကြရကုန်၏။ ဥပါသကာ, ဥပါသိကာတို့သည် သုတ္တန်သီလအမွေကိုသာ ခံကြရကုန်၏။ ဝိနည်းသီလ အမွေကိုမခံကြရကုန်၏။ ဤသို့ လောကီသီလအမွေ၌ အထူးရှိကြကုန်၏။ သုတ္တန်သီလ ဆိုသည်ကား - သီတင်းသုံးဖော် ငါးဦးတို့မှာ ဗြဟ္မဇာလ သုတ္တန်၌လာသော သီလစုတည်း။ ဥပါသကာ, ဥပါသိကာတို့မှာ ထိုထိုသုတ္တန်တို့၌လာသော အာဇီဝဋ္ဌမကသီလ, အဋ္ဌင်္ဂဥပေါသထသီလ, ဒသင်္ဂသီလစုတည်း၊ ဓုတင်္ဂသီလ, ဣန္ဒြိယ သံဝရသီလ, ပစ္စယသန္နိဿိတ သီလစုသည်လည်း သုတ္တန်သီလစုပင်တည်း။

## လောကုတ္တရာသီလအမွေ၌ အထူးမရှိပုံ

လောကုတ္တရာ သီလအမွေ၌ အဘယ်သို့ အထူးမရှိကြကုန်သနည်း ဟူမူကား - လောကုတ္တရာ မဂ္ဂင်ရှစ်ပါးတို့တွင် ပါဝင်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤမဂ္ဂင် သုံးပါးကို လောကုတ္တရာ သီလအမွေဆိုသည်။ ထိုလောကုတ္တရာ သီလကိုမူကား သီတင်းသုံးဖော် ငါးဦးတို့သည်လည်း ရထိုက်သော သူတို့မှာပင် ရကြကုန်သည်၊ ဥပါသကာ, ဥပါသိကာတို့သည်လည်း ရထိုက်သော သူတို့သည် ရကြကုန်သည်သာတည်း။

သမာဓိအမွေနှစ်ပါး, ပညာအမွေနှစ်ပါးတို့သည်လည်း ထို့အတူ အထူးမရှိကြပုံကို သိလေ။

ဝိသုဒ္ဓိခုနစ်ပါး, ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် ထိုသီလ, သမာဓိ, ပညာသုံးပါးတို့၌ အတွင်းဝင်ကြကုန်၏။ ထိုခုနစ်ယောက်သော သာသနာ့အမွေခံတို့တွင် သာသနာတော်ထမ်း ဖြစ်ကြပေကုန်သော သီတင်းသုံးဖော် ငါးယောက်တို့သည်ကား မိမိတို့အဖို့အရာ သာသနာ့အမွေလည်း ဖြစ်ကြပေကုန်၏။ ပိဋကတ်သုံးပုံနှင့်တကွ အလုံးစုံသောသာသနာကို အနှစ်ငါးထောင် တည်လေအောင် ဆောင်ရွက်စောင့်ရှောက် ထိန်းသိမ်းကြကုန်သည်ဖြစ်၍ သာသနာ့အမွေထိန်းလည်း

www.dhammaransi.com



ဖြစ်ကြပေကုန်၏။ ကျန်ရှိသော နှစ်ဦးသားတို့သည်ကား အမွေခံသက်သက်သာ ဖြစ်ကြကုန်၏။ အမွေခံဌာနထက် အသွင်အပြင်ကို ဆောင်မှုနှင့်တကွ အမွေထိန်းဌာနသည် အလွန်ကြီးမြတ်၏။ ထို့ကြောင့် အရိယာဖြစ်၍ အနှစ်ခြောက်ဆယ်ရှိပြီးသော လူ့ဂဟဋ္ဌသည် ယနေ့တွင် ရှင်ပြုသော ပုထုဇဉ် ခုနစ်နှစ်ရွယ်သာမဏေငယ်ကို ရှိခိုးရ၏။ ရဟန္တာဖြစ်ပြီးသော ရဟန်းသည် မိမိထက်တစ်နာရီမျှ ရဟန်းသိက္ခာကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရ၏။

**သာသနာ့အမွေခံ ပုဂ္ဂိုလ်အပြားကို ပြဆိုခန်းပြီး၏။**

## ဓမ္မာနုဓမ္မပ္ပဋိပန္နအရိယာ

သိက္ခာသုံးပါး, ဝိသုဒ္ဓိခုနစ်ပါး, ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် လောကုတ္တရာတရား ကိုးပါးတို့အားလျော်သော သဘောရှိသော အကျင့်မျိုးစင်စစ် ဖြစ်၍ ဓမ္မာနုဓမ္မပ္ပဋိပတ် မည်ကုန်၏။ ထိုအကျင့်တို့ကို ကောင်းစွာကျင့်ကြပေကုန်သော ခုနစ်ယောက်သော သာသနာ့ အမွေခံပုဂ္ဂိုလ်တို့သည် သုပ္ပဋိပန္န ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ဥဇုပ္ပဋိပန္နပုဂ္ဂိုလ်တို့ မည်ကုန်၏။ ဉာယပ္ပဋိပန္န ပုဂ္ဂိုလ်တို့ မည်ကုန်၏။ သာမိစိပ္ပဋိပန္န ပုဂ္ဂိုလ်တို့မည်ကုန်၏။

ပုထုဇဉ်ပင် ဖြစ်ကြကုန်သော်လည်း အရိယာရှစ်ယောက်တို့တွင် အစဆုံးဖြစ်သော သောတာပတ္တိမဂ္ဂဋ္ဌ သေက္ခပုဂ္ဂိုလ်တို့၌ သင်္ဂြိုဟ်ရေတွက်ရကုန်၏။ ဓမ္မာနုဓမ္မပ္ပဋိပန္န အရိယာဟူ၍ ဆိုအပ်ကုန်၏။ ပုထုဇဉ်ဇာတိ ရှိကြကုန်သေးသည်ဖြစ်၍ ပရမတ္ထအရိယာကား မဟုတ်ကြကုန်သေး။ ထိုစကားမှန်၏။ မြတ်စွာဘုရား ဟောကြားပညတ်တော် မူအပ်သော အာဇီဝဋ္ဌမကသီလ အစရှိသော ဗောဓိပက္ခိယ တရားမျိုးကို သေက္ခပဋိပဒါသုတ် စသည်တို့၌ အရိယသီလ, အရိယသမာဓိ, အရိယပညာဟူ၍ ဟောတော်မူ၏။ ။ "**တ္တမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ**"- အစရှိသည်တည်း။

ထို့ကြောင့် မြတ်စွာဘုရား သာသနာတော်တွင်း၌ သရဏဂုံသုံးပါးနှင့်တကွ အာဇီဝဋ္ဌမကသီလ အမြဲနိစ္စ တည်ရှိသော ဥပါသကာပုဂ္ဂိုလ်, ဥပါသိကာပုဂ္ဂိုလ် ဖြစ်ပေလျှင်ပင် သုပ္ပဋိပန္နဂုဏ်တစ်စိတ်နှင့် ပြည့်စုံသူ ဖြစ်ပေ၏။

www.dhammaransi.com



ဥဇုပ္ပဋိပန္နဂုဏ် တစ်စိတ်, ဉာယပ္ပဋိပန္နဂုဏ်တစ်စိတ်, သာမိစိပ္ပဋိပန္နဂုဏ်တစ်စိတ်နှင့် ပြည့်စုံသောသူ ဖြစ်ပေ၏။ ဓမ္မာနုဓမ္မပ္ပဋိပန္နအရိယာ မည်ပေ၏။ "**သံဃံသရဏံ ဂစ္ဆာမိ သုပ္ပဋိပန္နေ ဘဂဝတော သာဝကသံဃော**" စသည်ဖြင့် သံဃသဒ္ဒါနှင့် လာရာတို့၌မူကား သီလဝန္တ ကလျာဏပုထုဇဉ် ဖြစ်သော ဘိက္ခု, ဘိက္ခုနီနှစ်ဦးကိုသာ သင်္ဂြိုဟ်ရေတွက်ရာ၏။ ဝိနည်းအရာ၌ ဥပသမ္ပန္န သံဃာမှ အပဖြစ်သော သာမဏေယောကျ်ား, သာမဏေမိန်းမ, သိက္ခမာန် မိန်းမ, ဥပါသကာ, ဥပါသိကာတို့ကို မသင်္ဂြိုဟ် မရေတွက်အပ်ကုန်။

## သာမဏ, ဗြာဟ္မဏ, ဘိက္ခုမည်ပုံ

ထိုဗောဓိပက္ခိယဓမ္မဟု ဆိုအပ်သော ဓမ္မာနုဓမ္မပ္ပဋိပတ်ကို ကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်သည် ဥပါသကာပုဂ္ဂိုလ်, ဥပါသိကာပုဂ္ဂိုလ်ပင် ဖြစ်ငြားသော်လည်း သုတ္တန်ဒေသနာတော်နည်းအားဖြင့် သမဏမည်၏။ ဗြာဟ္မဏမည်၏။ ဘိက္ခုမည်၏။ ရဟန်းမည်၏ ဆိုလိုသည်။

**အလင်္ကတောပိ စေ သမံ စရေယျ၊**
**သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။**
**သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊**
**သ သမဏော သ ဗြာဟ္မဏော သဘိက္ခု။ ။**

[ဓမ္မပဒပါဠိတော် သန္တတိမဟာမတ္တဝတ္ထု - ၃၄။]

အလင်္ကတောပိ၊ ပကတိသော လူဝတ်တန်ဆာ ဝတ်ဆင်လျက်တည်း။ သမံ၊ ညီညွတ်စွာ။ စရေယျ၊ ကျင့်ပေငြားအံ့။ သန္တော၊ ငြိမ်သက်သော စိတ်နှလုံးရှိသည်ဖြစ်၍။ ဒန္တော၊ နူးညံ့ဆေးလေး ယဉ်ကျေးသော စိတ်နှလုံးရှိသည်ဖြစ်၍။ သဗ္ဗေသု၊အလုံးစုံကုန်သော။ ဘူတေသု၊ သတ္တဝါတို့၌။ ဒဏ္ဍံ၊ ကံသုံးပါးဖြင့် ထိပါးခြင်းအမှုကို။ နိဓာယ၊ ပယ်စွန့်ချထား၍။ နိယတော၊ အမြဲလျှင်။ ဗြဟ္မစာရီ၊ ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သောအကျင့်ရှိသည်။ ဘဝေယျ၊ ဖြစ်ပေငြားအံ့။ သော၊ ထိုလူဝတ် ပကတိဆင်ယင်လျက် ရှိသောသူသည်။ သမဏော၊ ရဟန်းပင်တည်း။ သော၊ ထိုသူသည်။ ဗြာဟ္မဏော၊ အရိယာပင်တည်း။ သော၊ ထိုသူသည်။

www.dhammaransi.com



ဘိက္ခု၊ ရဟန်းပင်တည်း။

ဤကား ဗောဓိပက္ခိယတရားတည်းဟူသော ဓမ္မာနုဓမ္မပ္ပဋိပတ် အကျင့်မြတ်လက်ရှိနှင့် စိတ်နှလုံးဖြူစင်စွာ နေထိုင်ပေသောသူကို ပကတိလူပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ရဟန်းဆိုရ၏ဟု ဟောတော်မူသော ပါဠိအနက်တည်း။

ဤကား သာသနာ့အမွေခံဖြစ်ရမှု မြင့်မြတ်ပုံကို ပြဆိုခန်းတည်း။

## ဓမ္မဒါယာဒသုတ် ကောက်နုတ်ချက်

အမွေသည်လည်း ဆိုးမွေ, ကောင်းမွေနှစ်မျိုး၊ အမွေခံ ပုဂ္ဂိုလ်သည်လည်း ဆိုးမွေခံ, ကောင်းမွေခံနှစ်မျိုး၊ မူလပဏ္ဏာသ ပါဠိတော်ဓမ္မ ဒါယာဒသုတ်ကြီးကို လိုရင်းမျှထုတ်ပြပေအံ့။

**ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိမေ တုမှေသု အနုကမ္ပါ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိသဒါယာဒါတိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ မေ၊ ငါဘုရား၏။ ဓမ္မဒါယာဒါ၊ ဗောဓိပက္ခိယ ဓမ္မအမွေကို ခံစံကြ ကုန်သည်။ ဘဝထ၊ ဖြစ်ရပ်ကြကုန်လော့။ အာမိသဒါယာဒါ၊ အာမိသအမွေကို ခံစံကြကုန်သည်။ မာဘဝထ၊ မဖြစ်ရစ်ကြကုန် လင့်။ တုမှေသု၊ သင်တို့၌။ မေ၊ ငါ၏။ အနုကမ္ပါ၊ သနားသမှု ကြောင့်ကြပြုခြင်းသည်။ အတ္ထိ၊ ရှိနေ၏။ ကိံအတ္ထိ၊ အဘယ်သို့ရှိသနည်းဟူမူ။ မေ၊ ငါ၏။ သာဝကာ၊ တပည့်တပန်း ရဟန်းရှင်လူတို့သည်။ ကိန္တိ၊ အဘယ်သို့လျှင်။ ဓမ္မဒါယာဒါ၊ ဓမ္မအမွေကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ၊ ဖြစ်ပါကုန်အံ့နည်း။ အာမိသဒါယာဒါ၊ အာမိသအမွေကို ခံယူကြကုန်သည်။ နောဘဝေယျုံ၊ မဖြစ်ပါကုန်အံ့နည်း။ ဣတိ၊ ဤသို့သနားသမှု ကြောင့်ကြပြုခြင်းသည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိနေ၏။ ။ (အနက်။)

www.dhammaransi.com



## အမွေ ၂ -ပါး, ၃ -ပါး

အဓိပ္ပါယ်ကား- ဘုရားအမွေသည် အာမိသအမွေ, ဓမ္မအမွေဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် အာမိသသည် ပစ္စယာမိသ, လောကာမိသ, ဝဋ္ဋာမိသဟူ၍ သုံးပါးရှိ၏။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း ပရိက္ခရာ လာဘသက္ကာရမျိုးသည် ပစ္စယာမိသမည်၏။

လောက၌ ထင်ပေါ်သော ဂုဏ်ရှိန်အဝါ, မင်းဆရာ စိုးဆရာ, သူဋ္ဌေးဆရာ သူကြွယ်ဆရာ, တပည့်သံဃာတကာ ပရိသတ်ပေါများမှု အလုံးစုံသည် လောကာမိသ မည်၏။ နောက်နောက်ဘဝ၌ ရယူခံစံရန် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, ဣဿရိယသမ္ပတ္တိ အလုံးစုံသည် ဝဋ္ဋာမိသမည်၏။ ဓမ္မအမွေမှာ ရှေ့၌ပြဆိုတိုင်းပင် သိလေ။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူသည့်နောက် ကျွန်းအပြင်မှာ သုံးကြောင်း သုံးသွယ် ပင်လယ်ရေပြင်ကြီးလွှမ်း၍ သွားဘိသကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးမှာ ဤအာမိသအမွေကြီး သုံးကြောင်း သုံးသွယ်လွှမ်း၍ အလွန်ထက်အလွန် ဖြစ်ပွား၍ သွားလိမ့်မည်ကို မြင်တော်မူ၏။

ထို့ကြောင့် -

**"ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာအာမိသဒါယာဒါ"**-

ဟူသော အမိန့်တော်မှာတမ်းကို ဟောတော်မြွက်ကြားထားတော်မူခဲ့သတည်း။

အနုကမ္ပ ဆိုသည်ကား -မြတ်စွာဘုရားတို့၏ ကြောင့်ကြတော်မူခြင်း ပင်တည်း၊ ပင်လယ်ကြီးသုံးခု ဆူဝေရာ ကျွန်းနေလူတို့ကို ပင်လယ်ကြီး လွှမ်း၍သွားသကဲ့သို့ ဘုရားဘုန်းတော် တန်ခိုးတော်နှင့် အာမိသအမွေကြီး ပွားစီး ကြီးကျယ်၍သွားရာ ဗုဒ္ဓဘာသာ သာသနာဝင် ရှင်, လူအပေါင်းတို့ကို ထိုအာမိသအမွေ ပင်လယ်ကြီးလွှမ်း၍ ထိုအာမိသအမွေ ပင်လယ်ရေနက်ကြီး၌ နစ်မွန်းမျောပါး၍ ဓမ္မအမွေသည် အထွတ်အမြတ်တို့မှ အပဖြစ်၍ နေရစ်ကြမည်ကို ကြောင့်ကြတော်မူကြောင်းကို -

**"ကိန္တိမေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊နော အာမိသဒါယာဒါ"**-

www.dhammaransi.com



ဟု မိန့်တော်မူလေသတည်း။

ဤသို့ မြတ်စွာဘုရားသည် ကြောင့်ကြတမည် မကြည်မဖြူ ပယ်မြစ်တော်မူသော အမွေမျိုးဖြစ်၍ အာမိသအမွေသုံးပါးသည် အမွေဆိုးမည်၏။ မြတ်စွာဘုရားသည် အကြည်အဖြူ ဆောင်နှင်းတော်မူခဲ့သော သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ ဓမ္မအမွေတော် ၃၇ -ပါးသည် အမွေကောင်းမည်၏။ ဤသို့လျှင် သာသနာ့အမွေတော်သည် ဆိုးမွေ, ကောင်းမွေ နှစ်ပါးရှိလေသတည်း။

ဆိုးမွေ, ကောင်းမွေ နှစ်ပါးကို ပြဆိုလိုက်သဖြင့် ဆိုးမွေကို ခံယူသောသူ, ကောင်းမွေကို ခံယူသောသူဟူသော အမွေခံနှစ်ပါးသည်လည်း ထင်ရှားလေတော့သည်။

## အာမိသအမွေ၌ မနစ်မွန်း မမျောပါးစေပုံ

ဆိုဖွယ်အထူးကား - အာမိသ အမွေမှာလည်း မြတ်စွာဘုရားသည် အကြည်အဖြူ ဆောင်နှင်းတော်မူခဲ့သောအရာ ရှိသေး၏။ ပိဏ္ဍိယာလောပ ဆွမ်း, ပံသုကူ သင်္ကန်း, ရုက္ခမူ ကျောင်း, ပူတိမုတ္တ ဆေး ဤလေးပါးတည်း၊ ဤလေးပါးသည် ဗုဒ္ဓဒါယဇ္ဇကြီး လေးပါးမည်၏။ ဘုရားကြည်ဖြူတော်မူလှသော အမွေတော်ကြီးလေးပါး ဆိုလိုသည်။

ထိုသို့ ဖြစ်ခဲ့သော် မြတ်စွာဘုရားသည် "**အတိရေက လာဘောဝိဟာရော, အဍ္ဍ ယောဂေါ**"-အစရှိသည်ဖြင့် ဒါယကာ တို့ လှူဒါန်းသော အတိရေကလာဘ အာမိသအမွေတို့ကို အဘယ့်ကြောင့် ခွင့်ပြုတော်မူသနည်းဟူမူကား ပိဋကသုံးပုံဟု ဆိုအပ်သော ပရိယတ္တိသာသနာ ကြီးသည် ပဋိပတ္တိသာသနာကြီး, ပဋိဝေဓသာသနာကြီး နှစ်ပါး၏ အမြစ်မူလကြီး ဖြစ်၏။ ပရိယတ္တိသာသနာကြီး တည်ရှိမှသာ ထိုသာသနာကြီးနှစ်ပါးသည် တည်နိုင်၏။ ပရိယတ္တိ သာသနာကြီးကို သာသနာ ငါးထောင် ဆောင်ရွက်မှုသည် အလွန်ဝန်ကြီးလှ၏။ ဆုတ်ကပ်ကာလဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတို့သည် ကာယဗလ, ဉာဏဗလ လျော့ပါးကြကုန်၏။ အတိရေကလာဘကို လွှတ်၍ ရုက္ခမူလစသည်၌တည်၍ ပရိယတ္တိသာသနာကြီးကို ရွက်ဆောင်ခြင်းငှါ မတတ်နိုင်ရှိကြမည့် အခွင့်ကိုမြင်တော်မူသည် တစ်ကြောင်း၊ ပါရမီနည်းပါးကြသောသူတို့မှာ ပရိယတ္တိမှု, ဒါနမှု, သီလမှု, ပစ္စယာနုဂ္ဂဟမှုတို့ကို

www.dhammaransi.com



ပြန့်ပြောစွာ ပြုကြသဖြင့် အပါယဒုက္ခမှ လွတ်မြောက်၍ နောက်ဘုရား သာသနာ၌ ကျွတ်လွတ်ကြရန် အခွင့်ကို မြော်လင့်တော်မူသည် တစ်ကြောင်း၊ သို့အကြောင်း များကြောင့် အတိရေကလာဘ အာမိသ အမွေတို့ကိုလည်း ခွင့်ပြုတော်မူ ရပြန်သတည်း။

ထိုသို့ ဖြစ်ခဲ့သော် အာမိသအမွေ၌ နစ်မွန်းမျောပါးကြရန် အမှုကို မြတ်စွာဘုရားကိုပင် ပြုခဲ့ရာ မကျပြီလောဟူမူ ပရိယတ္တိ သာသနာတော်အတွက် ပစ္စယာမိသ, လောကာမိသနှစ်ချက်နှင့် ဆက်ဆံကြကုန်သော ပရိယတ္တိဓရ ပုဂ္ဂိုလ်တို့မှာ အာမိသတဏှာ လွှမ်းမိုးမှု, အာမိသအမွေ၌ နစ်မွန်းမျောပါးမှုတို့မှ ကင်းလွတ်စေခြင်းငှါ **"ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝတိ"**- အစရှိသော ပစ္စဝေက္ခဏာသုဒ္ဓိ အစီအရင်ကို ထားတော်မူပေသတည်း။ ထို့ကြောင့် အာမိသ နှစ်ချက်နှင့် ရောယှက်ဆက်ဆံကာ နေရသော်လည်း ပစ္စဝေက္ခဏာသုဒ္ဓိ အစီအရင် အတိုင်း အာမိသနစ်ရပ်၌ ငြိကပ်ခင်တွယ်ခြင်းမရှိသော ပစ္စယသန္နိဿိတ သီလစေတနာ ဉာဏ်ပညာတည်းဟူသော သင်္ဘောကြီးကို တက်စီး၍ နေကြပေ မူကား အာမိသအမွေ ပင်လယ်ဝေရာ၌ နစ်မွန်းမျောပါဖွယ် မရှိကြလေပြီ။

နစ်မွန်း, မျောပါ ဤနှစ်ပါးတို့အထူးကား- ပစ္စယာမိသ, လောကာမိသ, ဝဋ္ဋာမိသဟူသော အာမိသသုံးချက်တို့၌ အာဒီနဝဉာဏ် ဖြစ်ပေါ်မှု မရှိသည်ကို နစ်မွန်းမှု ဆိုသည်။ ထိုနစ်မွန်းမှုအတိုင်းပင် နစ်ရှည်လများ အရွယ်သုံးပါး လိုက်စားသာယာ၍ နေမှုကို မျောပါမှုဆိုသည်၊ ထိုသို့ အရွယ်သုံးပါးလုံး နစ်မွန်း မျောပါမှုကို တားမြစ်တော်မူခြင်းငှါ -

**"တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော"** -

ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။

ပဏ္ဍိတော၊ အသိလိမ်မာ ဉာဏ်ပညာနှင့် ပြည့်စုံသော သူသည်။ တိဏ္ဏံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံယာမံ၊ တစ်ပါးပါးသော အရွယ်၌။ ပဋိဇဂ္ဂေယျ၊ မိမိကိုယ်ကို သုတ်သင်ရှင်းလင်းရာ၏။

အဓိပ္ပါယ်ကား - ပဌမအရွယ်မှာ အာမိသအမွေဆိုး၌ နစ်မွန်းမျောပါး၍ နေခဲ့လျှင် ဒုတိယအရွယ်၌ မိမိကိုယ်ကို ဖော်ထုတ်ယူငင်၍ စင်ကြယ်အောင်

www.dhammaransi.com



သုတ်သင်ရှင်းလင်းရာ၏။ ဒုတိယအရွယ်မှာပင် နစ်မွန်းမျောပါး၍ နေခဲ့လျှင် တတိယအရွယ်၌ မိမိကိုယ်ကို ဖော်ထုတ်ယူငင်၍ စင်ကြယ်အောင် သုတ်သင် ရှင်းလင်းရာ၏။ ဖော်ထုတ်ယူငင် သုတ်သင်ရှင်းလင်းမှု ဆိုသည်ကား - အာမိသအမြွေ၌ တွယ်တာသောတဏှာကို ဝေးစွာပယ်ရှား၍ ဗောဓိပက္ခိယ ဓမ္မ အမြွေဖက်၍ ကောင်းစွာတည်ခြင်းကို ဆိုသတည်း။ စီဝရသန္တောသ, ပိဏ္ဍပါတသန္တောသ, သေနာသနသန္တောသ, ဘာဝနာရာမ ဟူသော အရိယဝံသ တရားလေးပါးတို့၌ ကောင်းစွာတည်ခြင်းကို ဆိုသတည်း။

## အာမိသ၌ နစ်မွန်းမျောပါးခြင်းအပြစ်

သေသည့်တိုင်အောင် အရွယ်သုံးပါးလုံး အာမိသအမြွေ၌ နစ်မွန်းမျောပါး၍ သွားခဲ့သော်လည်း အဘယ်သို့ဖြစ်သနည်းဟူမူကား အပါယ်သို့ ကျတတ်ကြောင်းကို ဟောတော်မူပြန်၏။

**အယသာဝ မလံ သမုဋ္ဌာယ၊ တဒုဋ္ဌာယ တမေဝ ခါဒတိ။**

**ဧဝံ အတိဓောနစာရိနံ၊ တာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။**

(ဓမ္မပဒပါဠိတော် တိဿတ္ထေရဝတ္ထု - ၄၈။)

အယသာ၊ သံမှ။ မလံ၊ သံချေးသည်။ သမုဋ္ဌာယ၊ လွန်စွာထ၍ လည်းကောင်း။ တဒုဋ္ဌာယ၊ ထိုထိုအရပ်မှထ၍လည်းကောင်း။ တမေဝ၊ ထိုသံကို သာလျှင်။ ခါဒတိဣဝ၊ နေ့စဉ်အမြဲ စားသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတိဓောနစာရိနံ၊ အာမိသအမြွေ၌ ပစ္စဝေက္ခဏာ ဉာဏ်ပညာမကြီး တဏှာက ဖိစီး၍ ခရီးမသင့် လွန်၍ကျင့်သော ရဟန်းတို့။ တာနိကမ္မာနိ။ ထိုမိမိစိတ်မှ နေ့စဉ်ထကုန်သော အာမိသတဏှာ ကံကြမ္မာတို့သည်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးသို့။ နယန္တိ၊ ဆွဲငင်ဆောင်ပို့ကြကုန်၏။ ။ [အနက်။]

သန်းပြီတ္ထာကြီး ဝတ္ထု။ ။ မြတ်စွာဘုရား ထင်ရှားရှိစဉ်အခါ ဇေတဝန်ကျောင်း တိုက်တွင်းမှာ ရဟန်းကြီး တစ်ပါးသေဆုံးခဲ့ရာ သင်္ကန်းတစ်ထည်၌ သာယာသည့်အတွက် ထိုသင်္ကန်းမှာပင် သန်းဖြစ်လေ၏။

www.dhammaransi.com



ထိုရဟန်းကို အကြောင်းပြု၍ ဟောတော်မူသော ဒေသနာ ပေတည်း။ သက်န်းတစ်ထည်၌ ဖြစ်ပွားသော တဏှာသည်ပင်လျှင် အပါယ်သို့ ချနိုင်၏။ ထို့ထက် ပိုမိုရာ၌ ဆိုဖွယ်မရှိပြီ၊ ထိုသက်န်းသည် သံဃိကအဖို့မှ ဝေစုရသော သက်န်းဖြစ်၍ ဓမ္မိကဥစ္စာပင် ဖြစ်၏။ ရဟန်းတော်ကြီးသည်လည်း နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပဒသီလရှင်ဖြစ်၏။ ဓမ္မိကသက်န်း တစ်ထည်သည်ပင်လျှင် နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပဒသီလရှင် ရဟန်း တော်ကြီးကို အပါယ်သို့ချလေ၏။ လောဘပယောဂတွေများစွာနှင့် ရှာကြံ လုပ်ဆောင်၍ရသော လူတို့၏ ပစ္စည်းဥစ္စာမှာ ငါးပါးမျှသော သိက္ခာပဒသီလရှင် ဖြစ်သူ လူတို့၌ အဘယ်ဆိုဖွယ် ရှိအံ့နည်းဟု သံဝေဂသတိ ရှိကြကုန်ရာ၏။

## သူဌေးကြီးနှင့် အမွေခံဥပမာ

တစ်နည်းကား - သူဌေးကြီးတစ်ဦးသည် ငွေအကုဋေများစွာ, ရွှေအကုဋေများစွာ, ပုလဲ ပတ္တမြား အကုဋေများစွာ ကြွယ်ဝ၏။ ထိုရတနာတို့ကို ဝိပတ္တိကာလ၌ ရန်သူမျိုး ၅-ပါးမှ လွတ်ကင်း၍ သားစဉ်မြေးဆက် ကြွယ်ဝစွာ ခံစံရစ်ကြစေခြင်းငှါ နက်လှစွာသောမြေ၌ မြှုပ်နှံ၍ထား၏ အိမ်၌အလွယ်တကူ သုံးစွဲရန် ခြောက်သောင်းမျှလောက်သော ငွေ, ဆန်ရေစပါး, ဝတ်စားတန်ဆာမျှသာ ရှိ၏။ အမွေခံသား ခြောက်ယောက်ရှိ၏။ သူဌေးကြီး သေလွန်၍ အမွေခွဲဝေကြရာ အိမ်ရှိ ပစ္စည်းများကို ခြောက်ပုံခြောက်စုပြု၍ ဝေယူကြ၏။ မြေနှံပစ္စည်းများမှာလည်း ကမ္ပည်းမှတ်စာတို့ကို ခြောက်ပုံခြောက်စုပြု၍ ဝေယူကြ၏။ မြေနှံရတနာတို့ကား ဥစ္စာရှင်ကိုယ်တိုင် တူးဖော်မှရနိုင်သော အခွင့်ရှိကြကုန်၏။

၁။ သားခြောက်ယောက်တို့တွင် တစ်ယောက်သူသည် လောဘအလွန်ကြီး၏။ လက်ရောက် ရရှိသောပစ္စည်းမျှနှင့် အနည်းငယ်မျှ ရောင့်ရဲခြင်းမရှိ၊ ရရှိသည်ဟူ၍မျှ မထင်နိုင်၊ မိမိဝေပုံကျရာ မြေနှံရတနာတို့ကို လွန်စွာတပ်စွန်း၏။ မရလျှင် ရက်ရှည်မနေနိုင် ရှိ၏။ ထိုသို့ ထက်သန်သော လောဘကြောင့် အပန်းခံ၍ အမြန်တူးဖော်ရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီး ဖြစ်လေ၏။

၂။ တစ်ယောက်သောသူသည် ဝီရိယ အလွန်ကောင်း၏ ခဲယဉ်းစွာ

www.dhammaransi.com



နေ့ရှည်ရက်များ တူးဖော်ပင်ပန်းရမည်ကို အမှုကြီးတစ်ခုဟု မထင်၊ အလွယ်တကူ မှုသာထင်၏။ ထိုသို့ ထက်သန်သော ဝီရိယဖြင့် အပန်းခံ၍ အမြန်တူးဖော်ရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီး ဖြစ်လေ၏။

၃။ တစ်ယောက်သောသူသည် စိတ်စွဲသန်လှ၏။ ဝေပုံကျပြီးသော အခါမှစ၍ ထိုရတနာတို့၌သာ စိတ်သွား၍ နေ၏။ အိပ်၍ အိပ်ရမှန်းမသိ၊ စား၍ စားရမှန်းမသိ၊ မျောက်မျက်၍ပင် မရရှိနေ၏။ ထိုကဲ့သို့ စွဲမြဲသောစိတ်ဖြင့် အပန်းခံ၍ အမြန်တူးဖော်ရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီး ဖြစ်လေ၏။

၄။ တစ်ယောက်သောသူသည် အကြံအဖန် ဉာဏ်ပညာ အလွန်ကောင်း၏။ စက်ကြိယာ ကြံဖန်လုပ်ဆောင်၍ တူးဖော်သော် အလွယ်တကူနှင့် ရနိုင်လတ္တံ့ဟု စိတ်ချ၏။ ထိုသို့သော ဉာဏ်ဖြင့်ကြံဖန်လုပ်ဆောင်၍ တူးဖော်လေရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီးဖြစ်လေ၏။

၅။ တစ်ယောက်သောသူသည် လောဘနည်းလှ၏။ တစ်သောင်းကျော်တန် ရရှိလျှင်ပင် သူဌေးကြီးဖြစ်ပြီထင်၏။ မြေနှံရတနာတို့ကို ယူလိုသောဆန္ဒပင် မရှိ။ မိမိဥစ္စာဟူ၍ပင် မမှတ်။ ရရှိပြီးသော ဥစ္စာနှင့်သာ တင်းတိမ်၍ နေလေ၏။

၆။ တစ်ယောက်သောသူသည် ရပြီးသောဥစ္စာကို မကြာမီ ဖြုန်းတီး၍ ကုန်စေ၏။ နက်နဲခက်ခဲစွာသော ရတနာတို့ကို တူးဖော်ရန် ပေါက်တူးတူရွင်းဖိုးမျှ မကျန်။ မကောင်းသူဖြစ်၍လည်း ရပ်ရွာမှ နှင်ထုတ်၍ တစ်ရွာတစ်ပြည်၌ နေရ၏။

## ဥပမာ, ဥပမေယျနှီးနှောပုံ

ဤဥပမာ၌ မြတ်စွာဘုရားသည် သူဌေးကြီးနှင့်တူ၏။ သီလဝိသုဒ္ဓိနှင့် ပရိယတ္တိဓမ္မတို့သည် အိမ်တွင်းရှိ ရွှေငွေရတနာ ဥစ္စာဓမ္မစုနှင့် တူကုန်၏။ ဈာန်အဘိညာဟူသော စိတ္တဝိသုဒ္ဓိသည် နက်နဲခက်ခဲစွာ မြှုပ်၍ထားသော အကုဋေများစွာ ရွှေငွေ ရတနာနှင့် တူ၏။ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော လောကီပညာ ဝိသုဒ္ဓိလေးပါးသည် နက်နဲခက်ခဲစွာ မြှုပ်ထားသော အကုဋေများစွာ ရွှေငွေရတနာနှင့်တူ၏။ လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိသည် နက်နဲခက်ခဲစွာ မြှုပ်ထားသော အကုဋေများစွာ ပုလဲပတ္တမြား ရတနာနှင့်တူ၏။ ဗုဒ္ဓဘာသာ သာသနာဝင်

www.dhammaransi.com



လူရှင်အပေါင်းတို့သည် အမွေခံသား ၆-ယောက်နှင့် တူကုန်၏။

၁။ လူရှင်အပေါင်းတို့တွင် ဣဒ္ဓိပါဒ်ဆန္ဒမျိုး ရှိသော သူအပေါင်းတို့သည် လောဘ လွန်ကဲလှသော ပဌမ သူဌေးသား နှင့် တူကုန်၏။

ဣဒ္ဓိပါဒ်ဆန္ဒ ရှိကြကုန်သော လူအပေါင်း ရှင်အပေါင်း မည်သည် ရရှိတတ်သိ၍ နေကြသော သီလဝိသုဒ္ဓိ ပရိယတ္တိဓမ္မနှင့် အနည်းငယ်မျှ တင်းတိမ်ခြင်း မရှိကြကုန်၊ မြတ်စွာဘုရား၏ သာသနာ့ဓမ္မနှင့် တွေ့ရပေပြီ၊ သာသနာ့အမွေကို ခံရပေပြီဟူ၍ပင် ပြောလောက်သည် မထင်နိုင်ကြလေကုန်၊ အထက် ဝိသုဒ္ဓိတို့ကို ရလိုသောဆန္ဒ အလွန်သန်ကြကုန်၏။ မရလျှင် မနေနိုင် ကြကုန်။

၂။ ဣဒ္ဓိပါဒ်ဝီရိယမျိုးရှိသော သူအပေါင်းတို့သည် ဝီရိယ လွန်ကဲသော ဒုတိယ သူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သော သူတို့သည် မိမိတို့ မရဖူးကြကုန်သေးသော အထက် အထက်သော အလုပ်ကြီး အကိုင်ကြီးတို့နှင့် အပန်းခံ၍နေရမှ စိတ်ကြည်နိုင်ကြကုန်၏။

၃။ ဣဒ္ဓိပါဒ်စိတ်မျိုးရှိသော သူအပေါင်းတို့သည် စိတ်စွဲကြီးလှသော တတိယသူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သော သူတို့သည် အကျိုးအာနိသံသ ကြီးမြတ်လှသော အလုပ်ကို ကြားသိလျှင် တစ်ခြားတစ်ပါးသော အလုပ်တို့၌ စိတ်မရှိကြကုန်ပြီ။

၄။ ဣဒ္ဓိပါဒ် ပညာမျိုး ရှိကြသော သူအပေါင်းတို့သည် ပညာလွန်ကဲသော စတုတ္ထသူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သော သူတို့သည် သူများတို့ မတတ်နိုင်ကြသော ခက်ခဲသော ပညာမှု, နက်နဲသောပညာမှု, အကျိုးအာနိသံသ ကြီးမြတ်လှသော ပညာမှုတို့ကို ဖြစ်မြောက် ပေါက်ရောက်အောင် ထူထောင်လုပ်ကြံ၍ နေရမှ စိတ်ကြည်နိုင်ကြ ကုန်တော့သည်။

၅။ ဣဒ္ဓိပါဒ်မျိုးမဟုတ် ဆန္ဒနုပ်, ဝီရိယနုပ်, ပညာနုပ်မျိုးသာရှိသော သူအပေါင်းတို့သည် လက်ရောက်ရရှိသော ဥစ္စာစုနှင့်ပင် သူဌေးကြီး ဖြစ်ပြီဟု စိတ်ချသော ပဉ္စမသူဌေးသားနှင့် တူကုန်၏။

www.dhammaransi.com



ထိုကဲ့သို့သော သူတို့သည် သဒ္ဓါဆန္ဒ သေးနုပ်ကြသည့်အတွက် အထက် အထက်သော ဝိသုဒ္ဓိတို့ကို ယခုဘဝ၌ မိမိတို့ရထိုက်သော မိမိတို့ဆိုင်ရာ မိမိတို့အမွေ ဥစ္စာဟူ၍ပင် အထင်မရကြကုန်၏။ လုံ့လဝီရိယသေးနုပ်ကြသည့် အတွက် အအိပ်အနေကို မြိုးမြ်၍နေ့ရှည်ရက်များ အားထုတ်ရသော အမှုမျိုးဆိုလျှင် ထိုအမှု၌ စိတ်မရှိကြကုန်ပြီ၊ မဖြစ်နိုင်သောအမှုစု ပစ်ပယ်၍ ထားကြကုန်၏။ စိတ်စေတနာ သေးနုပ်ကြသည့်အတွက် ထိုအမှု၌ အခိုင်အမြဲ စိတ်စွဲမှု မရှိကြကုန်၊ သူတစ်ပါးတို့ စိတ်ထင်ရာ ပြောဆိုကြသော နာနာဝါဒစကားကို ကြားတိုင်း ကြားတိုင်း စိတ်ပြောင်း၍ နေကြကုန်၏။ အသိပညာ သေးနုပ်ကြသည့်အတွက် မိမိတို့နှင့် ထိုက်တန်သော အလုပ်မဟုတ်ဟု စွန့်ပယ်၍ထားကြကုန်၏။ ထိုကဲ့သို့သော သူတို့ကို မြင်တော်မူ၍ –

**"ဆန္ဒိဒ္ဓိပါဒံ ဘာဝေတိ၊ ဝီရိယိဒ္ဓိပါဒံ ဘာဝေတိ၊ စိတ္တိဒ္ဓိပါဒံ ဘာဝေတိ၊ ဝီမံသိဒ္ဓိပါဒံ ဘာဝေတိ"** – ဟူ၍ ဟောတော်မူသည်။

မိရိုးဖလာအားဖြင့် သေးနုပ်၍နေသော ဆန္ဒစသည်တို့ကို ကြီးပွား၍ လာအောင် ထူထောင်ပွားများကြရမည်ဟူလို။ ။ ကြီးပွား၍လာကြမှ ဆန္ဒတစ်မျိုး, စိတ်တစ်မျိုး ပေါ်နိုင်ကြလေကုန်သတည်း။

၆။ ဗုဒ္ဓဘာသာ၌ လူ့ဒုဿီလ, ရဟန်းဒုဿီလတို့သည် ဆင္ဓမသူဌေးသား လူပျက်နှင့် တူကုန်၏။

သရဏဂုံသုံးပါးနှင့်တကွ ၅–ပါးသီလ, အာဇီဝဋ္ဌမကသီလဟု ဆိုအပ်သော နိစ္စသီလ မလုံခြုံကြကုန်သော လူမိန်းမ, လူယောကျ်ားတို့သည် သာသနာ့အမွေခံ ဥပါသကာအင်္ဂါ, ဥပါသိကာအင်္ဂါတို့မှ လွတ်ကွာ၍ ဥပါသကာပျက်, ဥပါသိကာ ပျက်အဖြစ်၌ တည်ကြကုန်၏။ ပါရာဇိက ကျရောက်သော ရဟန်း, သာမဏေ တို့သည် ဘုရားအမွေခံရဟန်းကောင်းအင်္ဂါ, သာမဏေကောင်းအင်္ဂါတို့မှ လွတ်ကွာ၍ ရဟန်းပျက်, သာမဏေပျက် အဖြစ်၌သာ တည်ကြကုန်၏။ ထိုသူတို့တွင် လူတို့မှာ ငါးပါးသီလ, အာဇီဝဋ္ဌမကသီလတို့ကို ယခုနေ့မှစ၍ စောင့်ထိန်းပါတော့မည်ဟု ဆောက်တည်လျှင် ယခုနေ့မှစ၍ သာသနာ့အမွေခံ ဥပါသကာ, ဥပါသိကာ အဖြစ်သို့ ရောက်နိုင်ကြကုန်၏။ ဤကား တစ်ဦးသော

www.dhammaransi.com



အဘ၏ အမွေခံ သားမြေး အရိုးအမျိုးပင် မှန်ကြကုန်သော်လည်း ကုဋ္ဌိပါဒ်လေးပါးတွင် တစ်ပါးပါး အခြေခံရှိကြသော သူတို့သည်သာ မိမိတို့ဆိုင်ရာ အမွေဥစ္စာကို အကုန်ရယူ ခံစံကြရကုန်သည်။ ကုဋ္ဌိပါဒ်လေးပါးတွင် တစ်ပါးပါးမျှ မရှိကြကုန်သော သူတို့သည်ကား အလွယ်တကူ အပေါ်ယံက အချို့မျှသော အမွေကိုသာ ရယူခံ စံရကုန်သည်၊ အနှစ်သာရဖြစ်သော အမွေဥစ္စာကြီးမှ အပဖြစ်ကြကုန်လေ၏။ အချို့သူတို့က အလွယ်တကူ အပေါ်ယံက အချို့မျှကိုပင် ဖြုန်းတီး၍ ပစ်ကြသဖြင့် ဘုရားအမွေ, သာသနာ့အမွေမှ အပဖြစ်ကြကုန်သည်ဟု အမွေခံယူ အထူးအပြားကို ပြဆိုခန်းတည်း။

## အနိယတ အမွေခံတို့၏ အနိယတအလား

တစ်နည်းကား – အနိယတအမွေခံ, နိယတအမွေခံအားဖြင့် နှစ်ပါးရှိ၏ အကြင်သူတို့သည် မိမိတို့ အဇ္ဈတ္တသန္တာန်၌ ကောင်းကောင်းကြီးထင်မြင်သော အနိစ္စဉာဏ်, အနတ္တဉာဏ်ကို တစ်ရံတစ်ဆစ်မျှ မရဖူးကြကုန်၊ ထိုသူတို့သည် အနိယတ အမွေခံမည်ကုန်၏။ အနိယတ ဆိုသည်ကား – ယခုနေ့၌ သဗ္ဗညုဘုရား တပည့်သား, သဗ္ဗညုဘုရားအမွေခံ, နက်ဖြန်၌ တစ်ပါးသော ဘုရားတပည့်သား, တစ်ပါးသော ဘုရားအမွေခံ ဖြစ်ကြကုန်လတ္တံ့၊ မိမိကိုးကွယ်၍ လာခဲ့သော သဗ္ဗညုဘုရား သာသနာကိုပင် ကဲ့ရဲ့ရှုတ်ချ ဖျက်ဆီးကြကုန်လတ္တံ့၊ လောက၌ ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်း၍ ဗုဒ္ဓဘာသာကို ကဲ့ရဲ့ရှုတ်ချ ဖျက်ဆီးကြကုန်၏။ နောက်ဘဝ ဆိုဖွယ်ရာမရှိပြီ။ ထို့အတူ သည်လ၌ သဗ္ဗညုဘုရား တပည့်သား, နောက်လ၌ တစ်ပါးသော ဘုရားတပည့်သား, သည်နှစ်၌ သဗ္ဗညုတဘုရား တပည့်သား, နောက်နှစ်၌ တစ်ပါးသော ဘုရားတပည့်သား, ပဌမအရွယ်၌ သဗ္ဗညုဘုရားတပည့်သား, ဒုတိယအရွယ်၌ တစ်ပါးသော ဘုရားတပည့်သား, တတိယအရွယ်၌ တစ်ပါးသော ဘုရားတပည့်သား, တစ်ပါးသော ဘုရားအမွေခံ ဖြစ်ကြကုန်လတ္တံ့၊ သည်ဘဝ၌ သဗ္ဗညုဘုရား တပည့်သား, သဗ္ဗညုဘုရားအမွေခံ၊ နောက်ဘဝ၌ တစ်ပါးသော ဘုရားတပည့်သား တစ်ပါးသော ဘုရား အမွေခံဖြစ်ကြကုန်လတ္တံ့။

www.dhammaransi.com



## ပုထုဇဉ်၏ အနက်အဓိပ္ပါယ်

### နာနာသတ္ထာရာနံ မုခံ ဥလ္လောကေန္တီတိ ပုထုဇ္ဇနာ။

[ပဋိသမ္ဘိဒါမဂ်ပါဠိတော်။]

နာနာသတ္ထာရာနံ၊ အထူးထူးသောဆရာ, အထူးထူးသော ဘုရားတို့၏။ မုခံ၊ မျက်နှာကို။ ဥလ္လောကေန္တိ၊ တစ်မော့မော့ ကြည့်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်၊ ပုထုဇ္ဇနာ၊ ပုထုဇဉ် မည်ကုန်၏။

ဆည်းကပ်ကိုးကွယ်သည်ကို တစ်မော့မော့ကြည့်မှု ဆိုသည်။

အဓိပ္ပါယ်ကား - ပုထုဇဉ်သတ္တဝါတို့မည်သည် အနမတဂ္ဂ သံသရာ၌ ကိုးကွယ်ရာ ဌာနမြဲသည်ဟု မရှိကြ၊ ယခုနေ့၌ တစ်မျိုး, နက်ဖြန်၌ တစ်မျိုး, သည်လ၌တစ်မျိုး, နောက်လ၌တစ်မျိုး, သည်နှစ်၌တစ်မျိုး, နောက်နှစ်၌တစ်မျိုး, သည်အရွယ်၌တစ်မျိုး, နောက်အရွယ်၌တစ်မျိုး, သည်ဘဝ၌ တစ်မျိုး, နောက်ဘဝ၌ တစ်မျိုး ကိုးကွယ်ရာဘုရား အစားစား အဖုံဖုံ ပြောင်းကြမြဲ ဖြစ်ကုန်၏။

အနမတဂ္ဂ သံသရာ၌ သဗ္ဗညုဘုရားကို ဘုရားဟု ကိုးကွယ်ကြရသော ဘဝကား အလွန်နည်းပါး၏၊ ရံခါဗြဟ္မာကို ဘုရားဟု ကိုးကွယ်ကြရကုန်၏။ ရံခါ သိကြားကို, ရံခါ ထိုထိုနတ်ကြီးတွေကို, ရံခါ နေကို, ရံခါ လကို, ရံခါ ထိုထိုနက္ခတ်ကို, ရံခါ ဘုမ္မဇိုဝ်းနတ်ကြီး, ဘီလူးကြီးတွေကို ဘုရားဟု ကိုးကွယ်ကြရကုန်၏။ လောက၌ အလွန်ယုတ်မာမှောက်မှားသော မိစ္ဆာဒိဋ္ဌိဆရာကြီးတွေတို့ကား ကမ္ဘာ့တန်ဆာ, ကမ္ဘာ့မြေစာကဲ့သို့ အလွန်တရာ ပေါများကြကုန်၏။ ထိုမိစ္ဆာဒိဋ္ဌိ အယုတ်တမာကြီးတွေကို တွေ့မိတွေ့ရာ ဘုရားဟူ၍ ကိုးကွယ်ကြကုန်သော ဘဝတို့ကား အလွန်များပြားကြကုန်၏။ ရံခါ နဂါးကို, ရံခါ ဂဠုန်ကို, ရံခါ မြစ်ကို, ရံခါ မီးကို, ရံခါ ရေကို ဘုရားဟူ၍ ကိုးကွယ်ကြရကုန်၏။ ဤသို့လျှင် ကိုယ်တွင်း၌ သက္ကာယဒိဋ္ဌိ အမှောက်အမှားကြီး ရှိနေကြကုန်သော ပုထုဇဉ်သတ္တဝါတို့၏ တစ်ဘဝ, တစ်ဘဝလျှင် တစ်မျိုး တစ်မျိုးကိုးကွယ်ရာ ဘုရား မည်သည် လောကဓာတ်၌ အလွန်များပြား၏။ ကြပ်ကြပ်ကိုးကွယ်လေလေ အပါယ်ငရဲ ကြပ်ကြပ်နက်နဲလေလေသာ ဖြစ်၏။

ဤဘဝမှ နောက်၌လည်း သက္ကာယဒိဋ္ဌိ အမှောက်အမှားကြီးနှင့်တကွ

www.dhammaransi.com



ကျင်လည်၍ သွားကြရကုန်သေးသည်ရှိသော် တစ်ဘ၀လျှင် တစ်မျိုး တစ်မျိုး ကိုးကွယ်ရာ ဘုရားပြောင်း၍ ပြောင်း၍သွားကြကုန်လတ္တံ့၊ ပုထုဇဉ်အဖြစ်သည် ကြောက်ဖွယ်, လန့်ဖွယ်, စက်ဆုပ်ဖွယ်, ရွံရှာဖွယ်, အော့အန်ဖွယ် အလွန် ကောင်းလေစွ။

ဤကား "**နာနာသတ္ထာရာနံ မုခံဥလ္လောကေန္တိတိပုထုဇ္ဇနာ**"- ဟူသော ပါဠိတော်မြတ်၏ အဓိပ္ပါယ်ရပ်တည်း။

ကိုးကွယ်ရာဘုရားပြောင်းရွှေ့လျှင် ကိုးကွယ်ရာတရားလည်း တစ်ဘ၀လျှင် တစ်မျိုး ပြောင်းရွှေ့ကြရကုန်၏။ ရံခါ သဗ္ဗညုဘုရားတို့ ပညတ်သော အဓိသီလတရားကို ကိုးကွယ်ကြရကုန်၏။ ရံခါ နွားတို့၏ အလေ့အကျင့် ဟူသော ဂေါသီလ, ဂေါ၀တတရားတို့ကို ကိုးကွယ်ကြရကုန်၏။ ရံခါ ခွေးတို့၏ အလေ့အကျင့်, ရံခါ မြင်းတို့၏ အလေ့အကျင့်, ရံခါ ဆင်တို့၏ အလေ့အကျင့် စသည်ဖြင့် ကိုးကွယ်ရာ သီလတရားလည်း အလွန်များပြား၏၊

ဒိဋ္ဌိအရာ၌လည်း သမ္မာဒိဋ္ဌိတရားကို ကိုးကွယ်ရသော ဘ၀အလွန် နည်းပါး၏။ အလွန်ယုတ်မာလှသော မိစ္ဆာဒိဋ္ဌိဓမ္မတို့သည် ကမ္ဘာ့တန်ဆာ, ကမ္ဘာ့မြေစာ ဖြစ်၍ အလွန်ပေါများကြကုန်၏။ ထိုတရား ထိုသာသနာတို့ကို ကိုးကွယ်ရာပြု၍ လာကြကုန်၏။ ကြပ်ကြပ်ကိုးကွယ်လေလေ အပါယ်ငရဲ နက်နဲ လေလေ ချည်းသာတည်း။

## ပုထုဇဉ်တို့၏ မဟာအမှား

သံသရာ၌ ကျင်လည်ကြရကုန်သော ပုထုဇဉ် သတ္တ၀ါတို့မှာ အမိုက်အမဲ အမှောက်အမှား အနန္တရှိနေကြသည်တွင် ကိုးကွယ်ရာဘုရား မှောက်မှားမှု, ကိုးကွယ်ရာ တရားမှောက်မှားမှုသည် အလွန်တရာ နာကြီးလှသော မဟာအမှောက် အမှားကြီးပေတည်း။ အဘယ့်ကြောင့်နည်းဆိုသော် ကိုးကွယ်ရာ ဘုရားမှောက်မှား ခဲ့လျှင် အလုံးစုံသော ကိုယ်ကျင့်တရားလည်း အကုန်မှောက်မှားတော့သည်။ မနုဿတ္တ ဒုလ္လဘဟူသော ဘ၀ပဒေသာပင်ကြီးသည် ငရဲပဒေသာပင်ကြီးလုံးလုံး ဖြစ်လေတော့သည်။

www.dhammaransi.com



ဤကား အနိယတအမွေခံ ပုဂ္ဂိုလ်တို့၏ ရှေ့သို့သွားကြလတ္တံ့သော အနိယတအလားကို ပြဆိုချက်တည်း။

## နိယတ အမွေခံတို့၏ နိယတအလား

အကြင်သူတို့သည် မိမိတို့ အဇ္ဈတ္တသန္တာန်၌ အနိစ္စအချက်, အနတ္တအချက်ကို ကောင်းစွာ မြင်ဖူးကြကုန်၏။ သက္ကာယဒိဋ္ဌိ နိုင်ငံကြီးမှ ကျွတ်လွတ်ကြကုန်၏။ ထိုသူတို့သည် နိယတအမွေခံ မည်ကုန်၏။

နိယတဆိုသည်ကား - ထိုသူတို့သည် နောင်အနမတဂ္ဂ သံသရာ၌ ကိုးကွယ်ရာဘုရား မှောက်မှားမှု ကျွတ်လွတ်ကြပေကုန်၏။ သဗ္ဗညုမြတ်စွာ ဘုရား၏ သားတော်အစစ်, သမီးတော်အစစ် ဘဝဆက်တိုင်း အမြဲဖြစ်ကြကုန်၏။ ထိုသူတို့အား ဘုံစဉ် စံမျိုး ဖြစ်ကြကုန်၍ သံသရာ၌ ဘဝများစွာ ကမ္ဘာများစွာ ကျင်လည်၍ သွားကြကုန်သော်လည်း ငါတို့ဘုရား၏ ဂုဏ်တော်, ကျေးဇူးတော်တို့သည် တစ်ဘဝထက် တစ်ဘဝ, တစ်ကမ္ဘာထက် တစ်ကမ္ဘာ ပွင့်လင်း၍သာ သွားကြကုန်၏။ တရားတော်၏ ဂုဏ်တော် ကျေးဇူးတော်, သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် တစ်ဘဝထက် တစ်ဘဝ, တစ်ကမ္ဘာထက် တစ်ကမ္ဘာ ပွင့်လင်း၍သာ သွားကြကုန်၏။ သီလ, သမာဓိ, ပညာ သာသနာတော်ကြီး ၃-ပါး၊ သီလဝိသုဒ္ဓိ အစရှိသာ ဝိသုဒ္ဓိကြီး ၇-ပါး၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟူသော ဗောဓိပက္ခိယတရား ၃၇-ပါး၊ ဤအလုံးစုံသော ဓမ္မအမွေတော်ကြီးတို့သည် တစ်ဘဝထက် တစ်ဘဝ, တစ်ကမ္ဘာထက် တစ်ကမ္ဘာ ထိုသူတို့ စိတ်နှလုံးမှာ ကြီးကျယ်စွာ ပွားများ စည်ကား၍သာ သွားကြကုန်၏။

ငါတို့မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကြီး, ပဋိပတ္တိသာသနာတော်ကြီး, ပဋိဝေဓသာသနာတော်ကြီး သုံးပါးတို့သည် ထိုသူတို့မှာ အစဉ်ထာဝရ ဘဝအဆက်ဆက်, ကမ္ဘာအဆက်ဆက် မပျက်ခိုင်ကျည် အမြဲတည်လေကုန်၏။ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစား စံစားသော သံသရာ၌ ကျင်လည်ကြ့ရကုန်သော်လည်း တစ်ဘဝ တစ်မျိုး ကိုးကွယ်ရာဘုရား ပြောင်းရွှေ

www.dhammaransi.com



ကြရသော လောကီဘုံသူ, လောကီဘုံသား မဟုတ်ကြပေကုန်ပြီ၊ လောကုတ္တရာဘုံသူ, လောကုတ္တရာဘုံသား, အရိယာဘုံသူ, အရိယာဘုံသား အဖြစ်နှင့်သာ ကျင်လည်ကြရကုန်၏။

## နိဗ္ဗာန်ဘုံသူ, နိဗ္ဗာန်ဘုံသား

သံသရာဝဲသြဃ၌ နစ်၍, မြုပ်၍, မွန်း၍, မော၍, မျောပါး၍ နေကြကုန်သော သံသရာဘုံသူ သံသရာဘုံသား ဝဋ္ဋဒုက္ခသမားမျိုး မဟုတ်ကြပေကုန်ပြီ၊ သဉပါဒိသေသ အမည် ရှိသော ပဋ္ဌမနိဗ္ဗာန်ဘုံသူ, ပဋ္ဌမနိဗ္ဗာန်ဘုံသား အစစ်ဖြစ်ကြကုန်၍ ဘုံစဉ်အားဖြင့် ခံစားစံစားကာ အနုပါဒိသေသနိဗ္ဗာန်သို့ တစ်သန်တည်း ဆန်တက်သမားတို့သာတည်း။

အနမတဂ္ဂ သံသရာ၌ ခပ်သိမ်းသော ပညာရှိသူ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် သဗ္ဗညုမြတ်စွာဘုရားတို့၏ သားတော်အစစ်, သမီးတော်အစစ်, နိယတဘုံသူ, နိယတဘုံသား အဖြစ်ကို အလိုရှိကြလှကုန်သည် ဖြစ်၍ ဘုရားကို တစ်မြော်တည်း မြော်ကြရကုန်၏။ တရားကို တစ်မြော်တည်း မြော်ကြရကုန်၏။ သံဃာကို တစ်မြော်တည်း မြော်ကြရကုန်၏။ သာသနာကို တစ်မြော်တည်း မြော်ကြရကုန်၏။ ဒါနကို များစွာပြု၍ ဆုတောင်းကြရကုန်၏။ သီလကို များစွာပြု၍ ဆုတောင်းကြရကုန်၏။ ဘာဝနာကို များစွာပြု၍ ဆုတောင်းကြရကုန်၏။

ဤကား နိယတအမွေခံ ပုဂ္ဂိုလ်တို့၏ ယခုဘဝမှ ရှေ့သို့တစ်ဖြောင့်တည်း သွားကြလတ္တံ့သော နိယတအလားကို ပြဆိုချက်တည်း။

သည်ကိုရည်၍ သုတ္တန်, အဘိဓမ္မာပါဠိတော် အရပ်ရပ်တို့၌ –

**"တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊**
**အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"** –

ဟူ၍ ဟောတော်မူသည်။

တိဏ္ဏံ သံယောဇနာနံ၊ သုံးပါးကုန်သော သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ဆုံးချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့်။ သောတာပန္နော၊ အနုပါဒိသေသနိဗ္ဗာန်သို့

www.dhammaransi.com



တစ်ဖြောင့်တည်းသွားသော ဗောဓိပက္ခိယဓမ္မအယဉ်သို့ ရှေးဦးစွာရောက်သော သူသည်။ ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ စတေသည်၏ အခြားမဲ့၌ အလိုမရှိရာဘဝသို့ ဘရမ်းဘတာ ကျခြင်းသဘောမှ ကျွတ်လွတ်လေ၏။ နိယတော၊ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်မကွဲ အစဉ်ထာဝရမြဲသော ဗောဓိပက္ခိယ ဓမ္မအမွေခံဖြစ်လေ၏။ သမ္ဗောဓိပရာယဏော၊ အထက်မဂ်, အထက်ဖိုလ်လျှင် အလိုရှိကာ လွယ်စွာရကြောင်း လဲလျောင်းမှီခိုရာရှိသည်။ ဟောတိ၊ ဖြစ်၏။

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဤသုံးပါးကို သံယောဇဉ် သုံးပါး ဆိုသည်။ ထိုသုံးပါးတို့တွင်လည်း သက္ကာယဒိဋ္ဌိသည်သာ ပဓာန အချုပ်တည်း။

**အနိယတ, နိယတအမွေခံ နှစ်ပါးကို ပြဆိုခန်းပြီး၏။**

## တိုက်တွန်းချက် ဥယျောဇဉ်

ဤသို့လျှင် ခွဲခြမ်းဝေဖန်၍ ပြဆိုခဲ့ပြီးသော ဆိုးမွေ, ကောင်းမွေဟူ၍ အမွေ ၂-မျိုး, အနိယတ အမွေ, နိယတ အမွေဟူ၍ အမွေ ၂-မျိုးရှိသည်ကို လည်းကောင်း၊ ဆိုးမွေခံ, ကောင်းမွေခံဟူ၍ အမွေခံနှစ်မျိုး၊ အနိယတအမွေခံ, နိယတ အမွေခံဟူ၍ အမွေခံနှစ်မျိုးရှိသည်ကိုလည်းကောင်း သိမြင်နိုင်ကြကုန်သော ရှင်ရှင်လူလူ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည် ရှေးရှေးသော ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့က ဆိုးမွေကို ခံစံလို၍ ဘုရား သာသနာကို ငါတို့ ဆုတောင်းခဲ့ကြကုန်သည် မဟုတ်၊ ကောင်းမွေကို ခံစံလို၍ သာ ဆုတောင်းခဲ့ကြကုန်သည်၊ အနိယတ တဒင်္ဂအမွေကိုလို၍ ဒါန, သီလ, ဘာဝနာ ပါရမီဆုတောင်းမှုကို ငါတို့ပြုခဲ့ကြကုန်သည်မဟုတ်၊ နိယတအမွေကို ရလို၍ ပြုခဲ့ကြကုန်သည်ဟု မိမိတို့ ပင်ပန်းတကြီး နီးရင်းကိုးစား၍ လာခဲ့ကြသော အမှုရင်းကို ကောင်းစွာမြော်ထောက်၍လည်းကောင်း၊ အမွေယုတ်, အမွေဆိုးများကို မြတ်စွာဘုရား မြစ်ပယ်တော်မူသည်ကို မြော်ထောက်၍လည်းကောင်း ယခုဘဝ ဘုရားတပည့်သား, ဘုရားအမွေခံအဖြစ်ကို ရကြသည့်အခါ၌ မိမိတို့ကိုယ်ကို

www.dhammaransi.com



ဆိုးမွေကိုခံစံသော အမွေခံဆိုး, အမွေခံယုတ် မဖြစ်ကြ စေကုန်ရာ၊ အနိယတ တဒင်္ဂအမွေမျှကို ခံစံရသော အနိယတ တစ်ဒင်္ဂ အမွေခံ မဖြစ်ကြစေကုန်ရာ၊ ဗောဓိပက္ခိယဓမ္မအမွေတည်းဟူသော ကောင်းမွေကို ခံစံသော အမွေခံကောင်း, အမွေခံမြတ်သာ ဖြစ်ကြစေကုန်ရာ၏။

ထိုစကားမှန်၏၊ ဘဝသံသရာ ရှည်မြင့်စွာကာလ၌ ဘုရားအမွေခံဖြစ်ကြရန် ဒါန, သီလ, ဘာဝနနာပါရမီ ဆုတောင်းမှုကို ပြုကြသောအခါ၌ အကျွန်ုပ်တို့ ယခုပြုအပ်သော ကောင်းမှုကုသိုလ်ကြောင့် နောင်လူတွင် ထင်ရှား ဘုရားမြတ်စွာ ပွင့်သောအခါ၌ ကောင်းစွာဖူးတွေ့ကြရကုန်သည်ဖြစ်၍ အကျွတ်တရားကို ရကြပါလိုကုန်၏ဟူ၍လည်းကောင်း, မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို ရကြ ပါလိုကုန်၏ဟူ၍လည်းကောင်း ဤသို့ ဓမ္မအမွေကိုသာ ဆုတောင်းကြမြဲ ဓမ္မတာဖြစ်သည်။ နောင်လူတွင်ထင်ရှား ဘုရားမြတ်စွာ ပွင့်သောအခါ၌ ကောင်းစွာ ဖူးတွေ့ကြရကုန်သည်ဖြစ်၍ ပစ္စည်းလာဘ်လာဘ ပေါများကြရပါလိုကုန်၏။ မင်းဆရာ, စိုးဆရာ, သူဌေးသူကြွယ်ဆရာ ဖြစ်ကြရပါလိုကုန်၏ဟု အာမိသအမွေနှစ်ပါးကို ဆုတောင်းကြမြဲမဟုတ် လူတို့မှာလည်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ဣဿရိယသမ္ပတ္တိ ကုသိုလ်မျိုးကို များများကြီး စိုက်ပျိုးကြရပါလိုကုန်၏ဟု ဆုတောင်းကြမြဲမဟုတ်။

## အရိယဝံသတရား ၄-ပါး

ယခုအခါ၌မူကား - ရှင်လူအပေါင်းတို့၌ ပစ္စယာမိသတဏှာ, လောကာမိသတဏှာ, ဝဋ္ဋာမိသတဏှာတို့သည် လွန်စွာ မင်းမူ၍နေကြကုန်၏။ တဏှာသုံးပါး၏ ဆန့်ကျင့်ဖက်ဖြစ်သော အရိယဝံသတရားလေးပါးများကို ပြောဆိုခဲ့လျှင် မခံနိုင်ရှိကြကုန်၏။

အရိယဝံသတရားလေးပါး ဆိုသည်ကား -

၁။ ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး၊

၂။ သင်္ကန်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး၊

၃။ ကျောင်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး၊

www.dhammaransi.com



၄။ ဘာဝနာတရား၌ မွေ့လျော်ခြင်း တစ်ပါး -

ဤလေးပါးတို့တည်း။

ဤလေးပါးတို့သည် ဘုရား, ဘုရားတပည့်သား, ဘုရားအမွေခံ ရှင်လူအရိယာအရိုး အမျိုးခံသူတို့ မစွန့်အပ်သော တရားဖြစ်၍ အရိယဝံသ တရားမည်၏။

ဤကား အသိအလိမ္မာ ဉာဏ်ပညာရှိသူတို့ သတိမူကြရန် အချက်တည်း။

အသိဉာဏ်ပညာနည်းသူတို့မှာ အသိအလိမ်မာ ဉာဏ်ပညာ နည်းပါးလှသူ တို့မှာမူကား ကုသိုလ်တရား အဖြစ်များလျှင်ပင် အကောင်းပြုရတော့သည်။

ဉာဏ်ပညာကြီးသူတို့မှာ အသိအလိမ်မာ ဉာဏ်ပညာရှိသူတို့သည် ယခုဘဝ၌သော်လည်းကောင်း, နတ်ပြည်သို့ ရောက်ကြ၍ နောက်ဘဝ၌သော် လည်းကောင်း, နိယတဓမ္မ အမွေခံ ဘုံစဉ်စံအဖြစ်သို့ မချွတ်မလွဲအမြဲမုချ ရောက်လို ကြကုန်သည်ရှိသော် အာဇီဝဋ္ဌမက သီလ၌ ကောင်းစွာတည်၍ ပြဆိုခဲ့ပြီးသော ကာယဂတာသတိကို ထူထောင်ပြီးလျှင် ခန္ဓာငါးပါး တရားတို့၌ လက္ခဏာရေး သုံးပါးတို့ကို တစ်နေ့တစ်နေ့လျှင် ယုတ်စွအဆုံး သုံးနာရီမျှ အချိန်ရအောင် လုံ့လစွဲမြဲကြကုန်ရာ၏။

ခန္ဓာငါးပါးတို့တွင် တစ်ပါးပါး၌ ပေါက်ပေါက်ရောက်ရောက် ထင်မြင်နိုင် ကြကုန်လျှင်ပင် နိယတအမွေခံ ဘုံစဉ်စံအဖြစ်သို့ ရောက်နိုင်ကြကုန်၏။ လက္ခဏာရေးသုံးပါးတို့တွင်လည်း အနိစ္စလက္ခဏာရေးတစ်ပါး ကောင်းကောင်း ထင်မြင်နိုင်ကြကုန်လျှင်ပင် နိယတအမွေခံ ဘုံစဉ်စံအဖြစ်သို့ ရောက်နိုင်ကြကုန်၏။

တစ်ပါးပါး၌စွဲမြဲရန် အစီအရင်ကိုမူကား ငါတို့စီရင်သော လက္ခဏာဒီပနီ, ဝိဇ္ဇာမဂ္ဂဒီပနီ, အာဟာရဒီပနီ, အနတ္တဒီပနီ, ကမ္မဋ္ဌာနဒီပနီ စာအုပ်တို့မှာယူကြ လေကုန်၊ နိယတဘုံစဉ်စံတို့၏ အလားကိုလည်း ငါတို့စီရင်သော စတုသစ္စဒီပနီ ကျမ်း, ပရမတ္ထသံခိပ်ကျမ်း နိဗ္ဗာန်အခန်းတွင် ကြည့်ရှုကြလေ။

ဗောဓိပက္ခိယဒီပနီ ပြီး၏။

www.dhammaransi.com



## နိဂုံး

၁။ နဂရေ ပျဉ်းမနား နာမေ၊ အရညေ ပဗ္ဗတန္တရေ။
တန္နိဝါသီဟိ သာရူဟိ၊ ဓမ္မကာမေဟိ ကာရိတေ။ ။

၂။ သဥ္ဆန္နေ သာရရုက္ခေဟိ၊ စန္ဒနောဒကသီတလေ။
စက်မေ သာလမဏ္ဍမှိ၊ ဝသန္တေန မယာ ကတာ။ ။

၃။ ဥဇုမဂ္ဂံ ဝိဘာဝေန္တီ၊ ဗောဓိပက္ခိယဒီပနီ။
တ္ထာဓေဝ ဇနာ ဗုဇ္ဈန္တု၊ သန္တာ သမ္ဗောဓိဘာဂိနော။ ။

ပျဉ်းမနားနာမေ၊ ပဋိရူပ အနေလှလျက် အောက်ထက်မြေပါ ကြေညာ ထုံသင်း ဂုဏ်သတင်းဖြင့် ပျဉ်းမနားဟု ထင်ရှားသော အမည်ရှိသော။ နဂရေ၊ မြို့၌။ အရညေ၊ ကုလားလေးတာ ငါးရာမက အရညအင်္ဂါနှင့် ကောင်းစွာပြည့်စုံ ထသော။ ပဗ္ဗတန္တရေ၊ ဝဲယာမြှောင်ယှက် တောင်နှစ်ဖက်တို့၏အကြား၌။ ဓမ္မကာမေဟိ၊ ဗောဓိပက္ခိယဓမ္မအချက် သဘောနက်ကို လက်ဝယ်တင်ထား ပတ္တမြားသို့ ထင်ရှားပြင်ပြင် သိမြင်လိုလားကြကုန်သော။ တန္နိဝါသီဟိ သာရူဟိ၊ ပျဉ်းမနားနေ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့သည်။ ကာရိတေ၊ သပြာ ငွေကြေး များစွာပေး၍ မနေးဆောလျင် တီထွင်ဆောက်လုပ်စေအပ်သော။ သာရရုက္ခေဟိ၊ ချောသွယ်မြင့်ဖြူး စွင့်စွင့်မြူးလျှင် အထူးကြည်လင် အနှစ်ယှဉ်သော သစ်ပင်ပျိုအပေါင်းတို့သည်။ သဥ္ဆန္နေ၊ ရှည်သွယ်ကိုင်းခက် ဗိတာန်ကြက်သို့ ကူးယှက်ပိတ်သန်း ရိပ်ချမ်းသပ်ရပ် ဖုံးလွှမ်းအပ်ထသော။ စန္ဒနောဒက သီတလေ၊ စမ်းရေစိမ့်ရေ တတွေတွေလျှင် မြေတွင်အထူး ရေရွှင်မြူး၍ လွန်ချမ်းမြေ့ရာလည်း ဖြစ်ထသော။ သာလမဏ္ဍမှိ စက်မေ၊ မွေးပျံ့သင်းကြိုင် ရနံ့လှိုင်သော အင်ကြင်းမြိုင် စကြံကျောင်း၌။ ဝသန္တေန၊ ယခုနှစ်အတွင်း သီတင်းဝါကပ်ဆိုမည် ကြံစည် နေထိုင်လျက်ရှိသော။ မယာ၊ မုံရွာမြို့လယ်တီ တောကျောင်းဆရာ ငါသည်။ ဥဇုမဂ္ဂံ ဝိဘာဝေန္တီ၊ ဗောဓိပက္ခိယတရားတို့၏ နေရာတကျ ဖြောင့်မှန်လှသော အတ္ထအချက် အနက်စခန်း ကျင့်နည်းလမ်းကို ဖြောင့်တန်းတည့်မတ် ပြပေတတ် သော။ ဗောဓိပက္ခိယဒီပနီ၊ ဗောဓိပက္ခိယဒီပနီ အမည်ရှိလစ် ဤကျမ်းသစ်ကို။ ကတာ၊ ၁၂၆၆-ခု ရတုဂိမှ ဝါဆိုလတွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

မိခင်ရောဝတီ

www.dhammaransi.com



က္ကမိနာပုညေန၊ ကျမ်းသစ်ပြုစု ဤကောင်းမှုကြောင့်။ သန္တာ၊ သဒ္ဓါလူလူ နှလုံးဖြူ၍ သူတော်အစစ် အမှန်ဖြစ်ကြကုန်သော။ ဇနာ၊ လူရှင်ဓာတ်ကောင်း သူမြတ်လောင်းတို့သည်။ ဣဓေဝ၊ ချစ်ရှင်ဂေါတမ ဘုရားရိုက်ရာ ဤသာသနာ၌ ပင်လျှင်၊ သမ္ဗောဓိဘာဂိနော၊ သမ္ဗောဓိဥ္စ သမ္ဗောဓိကို သိရန်အဖို့ ကုသိုလ်တို့နှင့် မချိုကုန်၄ ပြည့်စုံကြကုန်သည်ဖြစ်၍။ ဗုဇ္ဈန္တု၊ ဘုံစဉ်စံညောင်း ဗောဓိနှောင်းနှင့် အကြောင်းသင့်၍ ပွင့်ကြစေကုန်သတည်း။

## မှတ်ချက်

ဘုရားသာသနာတွင်း၌ အကျွတ်ရကြကုန်သော သူတို့တွင် အညံ့ဆုံးဖြစ်သော ဘုံစဉ်စံ သောတာပန်တို့၏ မဂ်ဉာဏ်ကို အငယ်အနှောင်းဖြစ်၍ ဗောဓိနှောင်း ဆိုသည်။ တစ်ဆူတစ်ဆူသော ဘုရားရှင်သာသနာ၌ ၂၄–သင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်မြဲဟူ၍ မေတ္တေယျ ဗုဒ္ဓအနာဂတဝင် အဋ္ဌကထာ၌ လာ၏။ ထိုတွင် ၂၄ –သင်္ချေဟူသော အရေအတွက်သည် ဗောဓိနှောင်းတို့၏ အရေအတွက်သာ များရာ၏။ ယခုအခါ၌ ဤဘုံစဉ်စံ အရိယာမျိုးတို့သည် စတုမဟာရာဇ်နတ်ပြည်မှာပင် အသင်္ချေယျ အနန္တရှိကြကုန်၏။ တာဝတိံသာနတ်ပြည်မှာလည်း အသင်္ချေယျ အနန္တရှိကြကုန်၏။ ယာမာစသော အထက်အထက်သော နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာလည်း တို့အတူ အသီးအသီး အသင်္ချေယျ အနန္တစီ ရှိကြကုန်၏။ ဗြဟ္မာ့ပြည်မှာမူကား ဝိပဿီ, ဝေဿဘူ, ကကုသန်, ကောဏာဂုမ်, ကဿပ ဤခြောက်ဆူသော ဘုရားရှင်တို့၏ တပည့်သားဖြစ်ကြသူ အရိယာဗြဟ္မာတို့သည် ယခုတိုင်ရှိကြကုန်၏။ နောင်လည်း ကမ္ဘာများစွာ တည်နေကြကုန်လိမ့်ဦးမည်။ နောင်သုဒ္ဓါဝါသဘုံမှာ မဟာကမ္ဘာကြီး သုံးသောင်းကျော်မှ ယခုရှိနေကြသော ဘုံစဉ်စံအရိယာမျိုး အဆက်ပြတ်တော့မည်။

အရူပဘုံမှာမူကား ကမ္ဘာနှစ်သိန်းကျော်မှ ပြတ်တော့မည်၊ ကမ္ဘာသုံးသောင်းကို မလွန်မူ၍ ဆက်ကာဆက်ကာ ဘုရားပွင့်၍သွားခဲ့လျှင် သုဒ္ဓါဝါသဘုံမှာ အရိယာအဆက်ပြတ်ခွင့်မရှိပြီ။ ကမ္ဘာနှစ်သိန်းကို မလွန်မူ၍ ဆက်ကာ ဆက်ကာ ဘုရားပွင့်၍ သွားခဲ့မူ အရူပဘုံမှာ အရိယာ အဆက်ပြတ်ခွင့်

www.dhammaransi.com



မရှိပြီ၊ ကမ္ဘာငါးရာကို မလွန်မူ၍ ဆက်ကာဆက်ကာ ဘုရားပွင့်၍ သွားခဲ့မူ ဝေဟာပ္ပိုလ်ဘုံမှာ အရိယာ အဆက်ပြတ်ခွင့် မရှိပြီ၊ ဤအရာ၌ ဓမ္မစကြာကျွတ်ပွဲ၊ မင်္ဂလသုတ်ကျွတ်ပွဲ၊ ရတနသုတ် ကျွတ်ပွဲ၊ မဟာသမယသုတ်ကျွတ်ပွဲ စသော ကျွတ်ပွဲကြီးတို့တွင် တစ်ခုတစ်ခုသော ကျွတ်ပွဲကြီးများပင်လျှင် ကျွတ်လွတ်ကြ သူတို့သည် အရေအတွက် အစဉ်ကိုလွန်ကုန်၏ဟု အဋ္ဌကထာကြီးတို့၌လာ၏။

ထို့ကြောင့် **အနာဂတဝင်အဋ္ဌကထာ**၌ ၂၄–သင်္ချေနှင့် ကုဋေ ၆၀– မိုလ်ခြေတစ်သိန်းဟူ၍လာသော ကျွတ်တန်းဝင် သချာအရေအတွက် စကားသည် မသင့်ဟူ၍ ဆိုကြကုန်၏။ ဤအရာမျိုး၌ အရေအတွက်အစဉ်ကို လွန်သည်ဟူသော စကားသည် အသင်္ချေ၏ အမည်ပေတည်း။ ကျွတ်ပွဲကြီးတစ်ခု၌ ကျွတ်လွတ်သူ အရေအတွက်အစဉ်ကို လွန်မူတစ်ကြိမ်သည် အသေင်္ချေတစ်ခုသာ ဖြစ်၏။ မိလိန္ဒပဉှာ၌လည်းကောင်း၊ အဋ္ဌကထာကြီးတို့၌လည်းကောင်း ထိုကဲ့သို့သော အသင်္ချေဌာနကြီးသည် တစ်ဆယ့်လေးကြိမ်မျှသာ တိုက်ရိုက်လာ၏။ တစ်ဆယ့် လေးကြိမ်မျှသာ ရရှိသေး၏။ ဆယ်သင်္ချေ လိုသေး၏။ အရေအတွက် အစဉ်ကို လွန်သော ဂဏနပထ အတိက္ကန္တအသင်္ချေကြီးကို သတိရရှိကြပါလျှင် အနာဂတဝင် အဋ္ဌကထာကို မပယ်သင့်ပေ။

**နိဂုံးပြီး၏။**

* * *

www.dhammaransi.com



# အလင်းကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## လျှောက်ထားချက်နှင့် ဝန်ခံမှု

မြန်မာသက္ကရာဇ် ၁၂၈၂–ခုနှစ်၊ ကဆုန်လအတွင်း ရေဦးမြို့တရားမဏ္ဍပ်ကြီးတွင် တစ်ထောင်ကျော်မျှလောက်သော ရှင်လူ ပရိတ်သတ်အပေါင်းတို့အား–

အမိုက်ကြီး ၅–ပါး, အလင်းကြီး ၅–ပါးတို့ကို ထင်ရှားစွာ ဖော်ပြပြောဟောတော်မူရာ အမိုက်ကြီး ၅–ပါးတို့မှ ကျွတ်လွတ်၍ အလင်းကြီး ၅–ပါးဖက်သို့ သက်ရောက်ပါဝင်လိုကြသူ ရှင်လူအပေါင်း သူတော်ကောင်းတို့၏ အကျိုးငှါ **အလင်းကျမ်းစာအုပ်ကို** ထုတ်ဖော်စီရင်တော်မူပါမည့်အကြောင်းနှင့်–

၁။ ၎င်းရေဦးမြို့ နယ်ပိုင်ဝန်ထောက် မောင်စံမင်း,

၂။ မြို့ပိုင် မြို့အုပ် မောင်ပေါရှန်,

၃။ တန့်ဆည်မြို့အုပ် မောင်ဘိုးဆိပ်,

၄။ ဒီပဲရင်းမြို့အုပ် ထိပ်တင်ဝ,

၅။ တမာတောမြို့အုပ် ထိပ်တင်ကြီး–

တို့က ရိုသေစွာ တောင်းပန်လျှောက်ထားကြသည် တစ်ကြိမ်။ ။ ၁၂၈၂–ခုနှစ် တပေါင်းလဆန်း ၈–ရက် နေ့ညမန္တလေးရွှေမြို့တော်၌ ဒေါင်းရိုးရပ်ကွက် တရားဟော မဏ္ဍပ်ကြီးတွင် ငါးထောင်ကျော်မျှလောက်သော ရှင်လူအပေါင်းတို့အား ၎င်းအလင်းကြီး ၅–ပါးတို့ကို စေ့စပ်သေချာ ဒေသနာတော်အစဉ်မပျက် ဟောမြွက်တော်မူရာ ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့အား ၎င်းအလင်းကြီး ၅–ပါးတို့ကို ထင်ရှားစွာ ရရှိကြစေခြင်း အကျိုးငှါ **အလင်းကျမ်းကို** စီမံပြုစုတော်မူပါမည့် အကြောင်းနှင့် မန္တလေးမြို့နေ ဆရာတော်ဘုရားကြီး၏ တပည့်ရင်း**ရှင်မာလာသည်** ဆယ်ဖြာဟတ္ထ ညွတ်ခရိုကျိုး ရှိခိုးလျှောက်ထားကြသည် တစ်ကြိမ်။ ။ ဤသို့ အကြိမ်ကြိမ် တောင်းပန်လျှောက်ထားကြသည်ဖြစ်၍ မုံရွာမြို့ **လယ်တီဆရာ**

www.dhammaransi.com

# အလင်းကျမ်း

- ဓမ္မဝဝတ္ထာနဉာဏ်ဟူသော ဒုတိယအလင်းကြီး တစ်ပါး
- ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော တတိယ အလင်းကြီး တစ်ပါး
- လက္ခဏာပဋိဝေဓဉာဏ်ဟူသော စတုတ္ထ အလင်းကြီး တစ်ပါး
- နိဗ္ဗာနပဋိဝေဓဉာဏ်ဟူသော ပဉ္စမအလင်းကြီး တစ်ပါး

..........ဤအလင်းကြီးလေးပါးသည်သာလျှင် ဗုဒ္ဓ၏သာသနာအလင်းကြီး အမှန်ဖြစ်၏။

www.dhammaransi.com



ငါသည် အမိုက်ကြီး ၅-သင်း၊ အလင်းကြီး ၅-ပါးတို့ကို အကျဉ်းအားဖြင့် ထင်ရှားစွာ ဖော်ပြပေအံ့သတည်း။

လျှောက်ထားချက်နှင့် ဝန်ခံမှု ပြီး၏။

## အမိုက် ၅-သင်း၊ အလင်း ၅-ချက်

### (က) အမိုက်ကြီးငါးပါးကို ပြဆိုချက်

၁။ ကမ္မသမ္မောဟ အမိုက်ကြီး တစ်ပါး၊

၂။ ဓမ္မသမ္မောဟ အမိုက်ကြီး တစ်ပါး၊

၃။ ပစ္စယသမ္မောဟ အမိုက်ကြီး တစ်ပါး၊

၄။ လက္ခဏသမ္မောဟ အမိုက်ကြီး တစ်ပါး၊

၅။ နိဗ္ဗာနသမ္မောဟ အမိုက်ကြီး တစ်ပါး- ပေါင်း ငါးပါးတည်း။

ကမ် ဓမ် ပစ် လက်၊ နိဗ် ငါးချက်၊ ဖုံးဖိုက်အမိုက်ငါး။

(ကေပိဒ် သံခိပ် သံပေါက်။)

### (ခ) အလင်းကြီးငါးပါးကို ပြဆိုချက်

၁။ ကမ္မသကတာဉာဏ် အလင်းကြီး တစ်ပါး၊

၂။ ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီး တစ်ပါး၊

၃။ ပစ္စယဝဝတ္ထာနဉာဏ် အလင်းကြီး တစ်ပါး၊

၄။ လက္ခဏပဋိဝေဓဉာဏ် အလင်းကြီး တစ်ပါး၊

၅။ နိဗ္ဗာနပဋိဝေဓဉာဏ် အလင်းကြီး တစ်ပါး- ပေါင်း ငါးပါးတည်း။

ကမ် ဓမ် ပစ် လက်၊ နိဗ် ငါးချက် ပေါ်ထွက်အလင်းငါး။

(ကေပိဒ် သံခိပ် သံပေါက်။)

အမိုက် ၅-သင်း၊ အလင်း ၅-ချက် အဖြွက် ပြီး၏။

www.dhammaransi.com



## ပဌမအမိုက်ကြီးနှင့် ပဌမအလင်းကြီး အစုံကို ပြဆိုခန်း

### ကမ္မသမ္မောဟ ကံကိုမသိခြင်း

ပဌမ ကမ္မသမ္မောဟ အမိုက်ကြီးနှင့် ပဌမ ကမ္မသကတာဉာဏ် အလင်းကြီးအစုံကကို တွဲဖက်၍ပြအပ်၏။ ။ ထိုအစုံတို့တွင် ကမ္မသမ္မောဟ အမိုက်ကြီး ဆိုသည်ကား– ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မသိခြင်းကို ဆိုသည်။

ကံကို မသိခြင်း ဆိုသည်မှာလည်း ခပ်သိမ်းသော သတ္တဝါတို့သည် မိမိတို့ပြုကြသော ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ ကံသည်သာလျှင် အမွေခံဥစ္စာ ရှိကြကုန်၏။ ကံသည်သာလျှင် အကြောင်းရင်း ရှိကြကုန်၏။ ကံသည်သာလျှင် မိဘဆွေမျိုးအစစ် ဖြစ်ကြကုန်၏။ ကံသည်သာလျှင် ကိုးကွယ်ရာအစစ် ရှိကြကုန်၏ဟု မသိခြင်း။ ။ မိမိတို့ပြုကြသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့တွင် ဘယ်အမှု ဘယ်အမှုမျိုးတို့ကား အကုသိုလ်အမှုမျိုးတို့ ဖြစ်ကုန်၏။ ဤအမှုမျိုးတို့သည် နောက်နောက်ဘဝတို့၌ မကောင်းသော အကျိုးတို့ကို ပေးတတ် ကုန်၏။ အပါယ်လေးပါးသို့ ပစ်ချတတ်ကုန်၏ဟု မသိခြင်း။

ဘယ်အမှု ဘယ်အမှုမျိုးတို့ကား ကုသိုလ်အမှုမျိုးတို့ ဖြစ်ကြကုန်၏။ ဤအမှုမျိုးတို့သည် နောက်နောက်ဘဝတို့၌ ကောင်းသောအကျိုးတို့ကို ပေးတတ်ကုန်၏။ လူ့ပြည် နတ်ရပ် မြတ်သောဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု မသိခြင်း။ ဤကဲ့သို့ ကံ၏သဘာဝ, ကံ၏လက္ခဏာတို့ကို မသိခြင်းဟူသမျှတို့သည် ကံကို မသိခြင်း မည်ကုန်၏။

### ကံအကျိုးကို မသိခြင်း

ကံ၏အကျိုးကို မသိခြင်း ဆိုသည်ကား– သတ္တဝါတို့မည်သည် သေရာ၌ ဘဝဆုံးကြကုန်သေးသည် မဟုတ်သေး။ ကံပစ်ချရာ ကံပို့ဆောင်ရာ ကံဆွဲငင်ရာ ကံစီရင်ရာ ကံချထားရာ ဘဝတစ်ပါး၌ ဖြစ်ကြကုန်၏ဟု မသိခြင်း။ ။ လူတို့၏

www.dhammaransi.com



ပကတိမျက်စိဖြင့် မမြင်ကောင်းသော ငရဲမျိုးအနန္တ, ပြိတ္တာမျိုးအနန္တ, အသုရကာယ် မျိုးအနန္တ, တိရစ္ဆာန်မျိုးအနန္တ ရှိကြကုန်၏ဟု မသိခြင်း။ ။ လူတို့၏ ပကတိ မျက်စိဖြင့် မြင်ကောင်းမြင်နိုင်သော လူသတ္တဝါမျိုးအနန္တ, အထက်ကောင်းကင် ဘုံတို့၌ နတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ အဆင့်ဆင့်ရှိကြကုန် သည်ဟု မသိခြင်း။ ဒါန သီလ ဘာဝနာကုသိုလ်ကံ အမျိုးမျိုးတို့ကို အားထုတ် ကြ ပြုကြပွားများကြလျှင် ထိုပြုကြသော ကံအားလျော်စွာ ထိုထိုလူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌ ဖြစ်ကြရကုန်သည်ဟု မသိခြင်း။ ။ အတိတ်ကာလ၌လည်း အစမရှိ၊ နောင်အနာဂတ်ကာလ၌လည်း အဆုံးမရှိသော သံသရာကြီးသည် ရှိ၏ဟု မသိခြင်း။ ။ သတ္တဝါဟူသမျှတို့သည် ဤသံသရာကြီးအတွင်းမှာ မိမိတို့ပြုကြ သော ကုသိုလ်ကံ အကုသိုလ်ကံတို့က ပို့ဆောင်ရာ၊ ပစ်ချရာ၊ ဆွဲငင်ရာ၊ စီရင်ရာ၊ ယူဆောင်ရာ၊ ချထားရာ မရပ်မနား ပြေးသွားကျင်လည်၍ နေကြကုန်သည်ဟု မသိခြင်း။ ဤမသိခြင်း အလုံးစုံတို့ကို ကမ္မသမ္မောဟ အမိုက်ကြီးဆိုသည်။

ပဋ္ဌမအမိုက်ကြီးကို သိသာထင်မြင်ရုံမျှ ဖော်ပြချက် ပြီး၏။

## ကမ္မဿကတာဉာဏ် ပညာအလင်းကြီး

ကမ္မဿကတာဉာဏ် အလင်းကြီး ဆိုသည်ကား– ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း သိခြင်းတည်း။

ကံကိုသိခြင်း ဆိုသည်ကား– ခပ်သိမ်းသော သတ္တဝါတို့သည် ကံသည် သာလျှင် ကိုယ်ပိုင်ဉစ္စာ ရှိကြကုန်၏။ ကံသည်သာလျှင် အမွေခံဉစ္စာ ရှိကြကုန် ၏။ ကံသည်သာလျှင် အကြောင်းရင်းမူလ ရှိကြကုန်၏။ ကံသည်သာလျှင် မိဘဆွေမျိုးအစစ် ရှိကြကုန်၏။ ကံသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်ကြ ကုန်၏ဟု သိခြင်း။ ။ မိမိတို့ပြုကြသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့တွင် ဤအမှုမျိုးတို့ကား အကုသိုလ်ကံ အမှုမျိုးတို့ ဖြစ်ကုန်၏။ နောက်နောက်ဘဝသို့ မကောင်းကျိုးတို့ကို စင်စစ်ပေးတတ်ကုန်၏။ အပါယ်လေးပါးသို့ ပစ်ချတတ်ကုန် ၏ဟု သိခြင်း။ ဤအမှုမျိုးတို့ကား ကုသိုလ်ကောင်းမှုမျိုးတို့ ဖြစ်ပေကုန်၏။ နောက်နောက်ဘဝတို့၌ ကောင်းသောအကျိုးတို့ကို ပေးတတ်ကုန်၏။ လူ့ပြည်

www.dhammaransi.com



နတ်ရပ် မြတ်သောဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု သိခြင်း။ ဤသိခြင်း အလုံးစုံတို့ကို ကမ္မဿကတာဉာဏ် ပညာအလင်းကြီး ဆိုသည်။

**ကမ္မဿကတာဉာဏ် ပညာအလင်းကြီးကို သိသာထင်မြင်ရုံ ဖော်ပြချက် ပြီး၏။**

## ကမ္မသမ္မောဟ၏အပြစ်နှင့် ကမ္မဿကတာဉာဏ်၏အကျိုး

ဤကမ္မသမ္မောဟ အမိုက်ကြီးသည် အလွန်ကြောက်မက်ဖွယ် ကောင်းလှ၏။ လောက၌ ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိကြီးတို့သည် ဤကမ္မသမ္မောဟ အမိုက်ကြီး ဖြစ်ပွားကြကုန်၏။ ကမ္မဿကတာဉာဏ်ပညာ အလင်းကြီးသည် အနမတဂ္ဂ သံသရာကြီး၌ ကျင်လည်၍ နေကြရကုန်သော သူတို့၏ကိုးကွယ်ရာကြီးပေတည်း။ ထိုအလင်းကြီး ရှိကြမှ ဒါန သီလ ဘာဝနာ ကုသိုလ်တရားမျိုးကို ပွားများပြုကျင့်ကြ၍ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ရနိုင်ကြကုန်၏။ သဗ္ဗညု ဗောဓိပါရမီ, ပစ္စေကဗောဓိပါရမီ, သာဝကဗောဓိပါရမီ ဤပါရမီကုသိုလ်မျိုးတို့သည်လည်း ထိုအလင်းကြီးမှ ဖြစ်ပွားကြရကုန်၏။

ဤကမ္မဿကတာ ဉာဏ်ပညာအလင်းကြီးသည် စကြဝဠာအနန္တတို့မှာပင် သမ္မာဒိဋ္ဌိလူမျိုး, နတ်မျိုးတို့မှာ ရှိကြကုန်၏။ ။ ဤစကြဝဠာမှာလည်း မြတ်စွာဘုရားတို့ မပွင့်ရာ သုညကမ္ဘာတို့၌ပင် သမ္မာဒိဋ္ဌိလူမျိုး နတ်မျိုးတို့မှာ ရှိကြကုန်၏။ ။ ဤသမ္မာဒိဋ္ဌိဟူသော စကားသည် ဤကမ္မဿကတာဉာဏ်ပညာ အလင်းကို ဆိုသောစကားတည်း။

ဤကမ္မဿကတာ ဉာဏ်ပညာအလင်းကြီးသည် ယခုအခါ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာလူမျိုး, ဟိန္ဒူဘာသာလူမျိုးတို့၌ တည်ရှိ၏။ ။ ကြွင်းသော လူမျိုးတို့နှင့် မိုက်မဲသော ခပ်သိမ်းသော တိရစ္ဆာန်မျိုးတို့မှာ မရှိကြကုန်ပြီ။ ။ ငရဲဘုံ, အသုရကာယ်ဘုံ, ပြိတ္တာဘုံတို့မှာလည်း မရှိကြသည်သာ များ၏။

ထိုအလင်းကြီး မရှိကြသော သတ္တဝါတို့သည် ကမ္မသမ္မောဟအမိုက်ကြီး ၏အတွင်းမှာ တည်ရှိကြကုန်၏။ ။ ထိုအမိုက်ကြီးအတွင်းမှာ တည်ရှိကြရကုန်သော သတ္တဝါတို့သည် သံသရာ၌ ချမ်းသာလမ်းမျိုး၊ အထက်ဖြစ်သော လူ, နတ်, ဗြဟ္မာ သံသရာလမ်းမျိုး အလုံးစုံ ကွယ်ပျောက်ပိတ်ဖုံး၍ နေသောကြောင့်

www.dhammaransi.com



အောက်သံသရာ အပါယ်လမ်းကြီး တစ်လမ်းသာလျှင် ဟင်းလင်းပွင့်လျက် ရှိလေကုန်၏။ ဘဝအထောင်, ဘဝအသောင်း, ဘဝအသိန်း လွန်သော်လည်း အလင်းနယ်သို့ တစ်ခေါက်တစ်ခါမျှ မချဉ်းလာနိုင် မသီလာနိုင်ကြလေကုန်ပြီ။

## သံသရာ့အလင်းနှင့် ကမ္ဘာ့အလင်း

နိယတဗျာဒိတ် ရရှိကြကုန်ပြီးသော အလောင်းအလျာကြီးများ ဖြစ်ပေမူကား တိရစ္ဆာန်သတ္တဝါမျိုးမှာပင် ဖြစ်ကြကုန်သော်လည်း ထိုအမိုက်ကြီး မဖိစီးနိုင်။ ထိုအလင်းကြီးသည်လည်း မကွယ်ပနိုင်ပြီ။ ။ ဤကမ္မသကတာ ဉာဏ်ပညာ သမ္မာဒိဋ္ဌိအလင်းကြီးသည် ဗုဒ္ဓဘာသာကျမ်းဂန်တို့မှာ များစွာလာရှိသော်လည်း ဘုရားမပွင့်ရာ ကမ္ဘာ, ဘုရားမပွင့်ရာ အနန္တစကြဝဠာတို့မှာပင် သမ္မာဒိဋ္ဌိလူမျိုးတို့၌ တည်ရှိလေသောကြောင့်လည်းကောင်း၊ လောက၌ မြတ်စွာဘုရားတို့သည် ဤအလင်းကို ဖော်ပြလိုသော ပွင့်တော်မူကြကုန်သည် မဟုတ်။ "စတုသစ္စပဋိဝေဓအလင်းကိုသာ" ဖော်ပြလို၍ ပွင့်တော်မူကြကုန်သောကြောင့်လည်းကောင်း၊ ထိုကမ္မသကတာဉာဏ်ပညာ သမ္မာဒိဋ္ဌိအလင်းကြီးကို ဗုဒ္ဓဘာသာ သာသနာအလင်းဟူ၍ မဆိုလောက်၊ မဆိုရသေး။ သံသရာအလင်း, ကမ္ဘာ့အလင်း ဟူ၍သာ ဆိုရမည်။

ယခုအခါ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြကုန်သော ပညာရှိတို့သည် မြတ်စွာဘုရားကြီး ပွင့်လာတော်မူရာ ရည်ရွယ်တော်မူရင်း အလင်းမဟုတ်သောကြောင့် ဤကမ္မသကတာဉာဏ်ပညာ သမ္မာဒိဋ္ဌိအလင်းဖက်သို့ သက်ရောက်ကာမျှနှင့် အားရတင်းတိမ် မနေကြကုန်ရာ။ ပညာရှိတို့ သတိရှိကြရန် အလွန်ကောင်းသောအနက်အချက်ကြီး တစ်ခုပေတည်း။

ပဌမအမိုက်ကြီးနှင့် ပဌမအလင်းကြီးအစုကို ပြဆိုခန်း ပြီး၏။

www.dhammaransi.com



## ဒုတိယအမိုက်ကြီးနှင့် ဒုတိယအလင်းကြီးအစုံကို ပြဆိုခန်း

### ဓမ္မသမ္မောဟတရားကို မသိခြင်း

ဓမ္မသမ္မောဟ ဒုတိယအမိုက်ကြီးနှင့် ဓမ္မဝဝတ္ထာနဉာဏ် ဒုတိယအလင်းကြီးအစုံကို တွဲစပ်၍ ပြအပ်၏။ ။ ထိုနှစ်ပါးသော အစုံတို့တွင် ဓမ္မသမ္မောဟ အမိုက်ကြီး ဆိုသည်ကား- ဓမ္မကို ဓမ္မဟူ၍ မသိခြင်းတည်း။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ ဇီဝမဟုတ်ကုန်။ ရုပ်ဓမ္မ နာမ်ဓမ္မတို့သာ အမှန်ဖြစ်ကုန်၏။ ထိုသို့ ဓမ္မအစစ် ဖြစ်သည်ကို မသိခြင်းသည် ဓမ္မသမ္မောဟ အမိုက်ကြီး မည်၏။

### ဝိပလ္လာသတရား သုံးပါး

ထိုဓမ္မသမ္မောဟကြီးမှ ဝိပလ္လာသတရားသုံးပါးတို့သည် ဖြစ်ပွားကုန်၏။ ဖြစ်ပွားသော ဝိပလ္လာသတရားတို့ကား-

၁။ သညာဝိပလ္လာသတရား တစ်ပါး,

၂။ စိတ္တဝိပလ္လာသတရား တစ်ပါး,

၃။ ဒိဋ္ဌိဝိပလ္လာသတရား တစ်ပါး- ဟူ၍ သုံးပါးတို့သည် ဖြစ်ပွားကုန်၏။ ထိုတွင်-

(၁) သညာဝိပလ္လာသတရား ဆိုသည်ကား- အထင်အမှတ် လွဲခြင်းတည်း။ ဓမ္မကို ဓမ္မဟူ၍ မထင်မှတ်ဘဲ ပုဂ္ဂိုလ်ဟူ၍ ထင်မှတ်ခြင်း၊ သတ္တဝါဟူ၍ ထင်မှတ်ခြင်း၊ အတ္တဟူ၍ ထင်မှတ်ခြင်း၊ ဇီဝဟူ၍ ထင်မှတ်ခြင်း၊ ဣတ္ထိဟူ၍ ထင်မှတ်ခြင်း၊ ပုရိသဟူ၍ ထင်မှတ်ခြင်းကို အထင်လွဲ, အမှတ်လွဲ၊ အထင်မှား, အမှတ်မှား ဆိုသည်။

(၂) စိတ္တဝိပလ္လာသတရား ဆိုသည်ကား- အကြံအသိ လွဲခြင်းတည်း။ ဓမ္မကို ဓမ္မဟူ၍ မကြံမသိဘဲ ဓမ္မကို ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဣတ္ထိ, ပုရိသ ဟူ၍ ကြံခြင်း, သိခြင်းကို အကြံလွဲ, အသိလွဲ၊ အကြံမှား, အသိမှား ဆိုသည်။

www.dhammaransi.com



(၃) ဒိဋ္ဌိဝိပလ္လာသတရား ဆိုသည်ကား- အယူလွဲခြင်း၊ အမြင်လွဲခြင်းတည်း။ ဓမ္မကို ဓမ္မဟူ၍ မယူ၊ ဓမ္မဟူ၍ မမြင်မထင်ပဲ ဓမ္မကို ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဣတ္ထိ, ပုရိသဟူ၍ ယူခြင်း၊ အရိုးအစဉ် ကြောင်ကြောင်ထင်မြင်၍နေခြင်းကို အယူလွဲခြင်း, အမြင်လွဲခြင်း၊ အယူမှားခြင်း, အမြင်မှားခြင်း ဆိုသည်။ ဤကား ဓမ္မသမ္မောဟအမိုက်ကြီးမှ ဖြစ်ပွားသော ဝိပလ္လာသတရား သုံးပါးတို့တည်း။

ထိုဝိပလ္လာသတရား သုံးပါးတို့မှ ပါဏာတိပါတစသော ဒုစရိုက်တရားဆယ်ပါးတို့နှင့် ခပ်သိမ်းသော အမိုက်အမှား မိစ္ဆာဒိဋ္ဌိတရားတို့သည် ဖြစ်ပွားကုန်၏။

## ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီး

ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီး ဆိုသည်ကား- လောက၌ ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ၊ အတ္တဟူ၍ မရှိ၊ ဇီဝဟူ၍ မရှိ၊ ဣတ္ထိဟူ၍ မရှိ၊ ပုရိသဟူ၍ မရှိ၊ ဓမ္မမျိုးတို့သာ ရှိကုန်၏။ ရုပ်တရားအစု, နာမ်တရားအစုမျှတို့သာ ရှိကုန်၏ဟု သိခြင်း မြင်ခြင်းတည်း။ ရုပ်တရား, နာမ်တရားတို့ကို ခြားနားစွာမြင်နိုင်ခြင်း၊ ရုပ်တရားတစ်ပါးနှင့် ရုပ်တရားတစ်ပါး၊ နာမ်တရားတစ်ပါးနှင့် နာမ်တရားတစ်ပါးကို ခြားနားစွာ မြင်ခြင်းတည်း။ ဒိဋ္ဌိဝိသုဒ္ဓိခေါ်သော သမ္မာဒိဋ္ဌိ အလင်းကြီးပေတည်း။

ဤဓမ္မသမ္မောဟ အမိုက်ကြီးသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှ၏။ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံကြုံကြိုက်ကြသောအခါ၌သာလျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို စင်စစ် ဓမ္မစစ်ဟု အသိဉာဏ်လင်းနိုင် ပေါက်နိုင်ကြသည်။ သာသနာတော်မြတ်ကြီးနှင့် မတွေ့မဆုံ မကြုံကြိုက်ကြသည်ရှိသော် ဘဝအရာ, ဘဝအထောင်, ဘဝအသောင်း, ဘဝအသန်း, ဘဝအသင်္ချေ ကြာသော်လည်း ဓမ္မကိုဓမ္မမှန်း မသိကြကုန်။ ဓမ္မဝဝတ္ထာန အလင်းကြီး ပေါ်ခွင့်ပေါက်ခွင့် မရှိကြကုန်ပြီ။

ယခုအခါ သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်ပါလျက် ရုပ်ဓမ္မကို ရုပ်ဓမ္မဟူ၍, နာမ်ဓမ္မကို နာမ်ဓမ္မဟူ၍ ထင်ထင်ရှားရှား မသိကြသူ ရှင်လူအပေါင်း

www.dhammaransi.com



တို့သည် ထိုကြောက်မက်ဖွယ်ကောင်းလှသော ဓမ္မသမ္မောဟ အမိုက်ကြီးအတွင်းမှာ တည်ကြရကုန်၏။ ထိုအမိုက်မှောင်ကြီးအထဲမှာ ငုတ်တုတ်နေကြရကုန်၏။ အမိုက်မှောင်ကြီးအတွင်းမှာ နေကြရ၍ ဓမ္မဝဝတ္ထာနညာဏ် အလင်းကြီးကို မရသည့်အတွက် ဝိပလ္လာသတရားသုံးပါး, ဒုစရိုက်တရားဆယ်ပါး, မိစ္ဆာဒိဋ္ဌိအမှောက်အမှားကြီးတွေ ပွားစီးသောကြောင့် သံသရာမှ ကျွတ်လွတ်ခွင့်နှင့် ကွာဝေး၍ သံသရာဝဲသြဃထဲ၌သာ မျောရန် မြုပ်ရန် နစ်ရန် သံသရာလမ်းကြီးတစ်မျိုးသာ ဟင်းလင်းပွင့်၍ နေကုန်၏။ ပညာသတိရှိကြသော သူတို့မှာ ဤဓမ္မဝဝတ္ထာနညာဏ် အလင်းကြီးဖက်သို့ ရောက်ရန် ရရန် ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို ပိုင်းခြားဝေဖန် အမှန်ဓမ္မအစစ်ကို သိအောင် အားထုတ်သင့်လှကုန်၏။

ဒုတိယအမိုက်ကြီးနှင့် ဒုတိယအလင်းကြီးအစုံကို ပြဆိုခန်း ပြီး၏။

## တတိယအမိုက်ကြီးနှင့် တတိယအလင်းကြီး အစုံကို ပြဆိုခန်း

### ပစ္စယသမ္မောဟ အကြောင်းတရားတို့ကို မသိခြင်း

ပစ္စယသမ္မောဟ အမိုက်ကြီးနှင့် ပစ္စယဝဝတ္ထာနညာဏ် အလင်းကြီး နှစ်ပါးကို တွဲစပ်၍ ပြအပ်၏။ ။ ထိုနှစ်ပါးတို့တွင် ပစ္စယသမောဟ အမိုက်ကြီးဆိုသည်ကား– ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ပွားရန် အကြောင်းတရားတို့ကို မသိခြင်းတည်း။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ–**

ဟူ၍ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို မသိခြင်းတည်း။

www.dhammaransi.com



## ကာရကဒိဋ္ဌိ

ထိုပစ္စယသမ္မောဟ အမိုက်ကြီးမှ ကာရကဒိဋ္ဌိကြီးသည် ဖြစ်ပွား၏။ ကာရကဒိဋ္ဌိကြီး ဆိုသည်ကား– ထိုရုပ်တရား, နာမ်တရားတို့သည် ပြုလုပ်သူရှိမှ ဖြစ်နိုင်ကုန်သည်ဟု စွဲလမ်းခြင်းတည်း။

ပစ္စယဝဝတ္ထာနဉာဏ် အလင်းကြီး ဆိုသည်ကား– ရုပ်တရား, နာမ်တရားတို့ ဖြစ်ပွားရန်အကြောင်းတရားတို့ကို သိခြင်းတည်း။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ–**
ဟူ၍ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို သိခြင်းတည်း။

## ဒိဋ္ဌိ ၃–ပါး

ဤပစ္စယသမ္မောဟ အမိုက်ကြီးမှ –

၁။ အဟေတုကဒိဋ္ဌိ,

၂။ ဝိသမဟေတုဒိဋ္ဌိ,

၃။ ပုဗ္ဗေကတဟေတုဒိဋ္ဌိ– ဟူသော ဤဒိဋ္ဌိသုံးပါးတို့သည် ဖြစ်ပွားကုန်၏။ ထိုတွင် –

အဟေတုကဒိဋ္ဌိ ဆိုသည်ကား– ရုပ်တရား, နာမ်တရားတို့သည် ဖြစ်ပေါ်ရန် အကြောင်းတရားဟူ၍လည်း မရှိကြကုန်၊ တည်နေရန် အကြောင်းတရားလည်း မရှိကြကုန်၊ အကြောင်းတရားနှင့်ကင်း၍ မိမိတို့ အလိုအလျောက်သာလျှင် ဖြစ်ပေါ်ကြကုန်၏။ တည်နေကြကုန်၏ ဟူသောအယူသည် အဟေတုကဒိဋ္ဌိ မည်၏။

ဝိသမဟေတုဒိဋ္ဌိ ဆိုသည်ကား– ထိုရုပ်တရား, နာမ်တရားတို့သည် အကြောင်းကင်း၍ မိမိတို့အလိုအလျောက် ဖြစ်ပေါ်နိုင်ကြသည်လည်း မဟုတ်ကုန်၊

www.dhammaransi.com



တည်နိုင်ကြသည်လည်း မဟုတ်ကုန်၊ အကြောင်းတရားကြောင့်သာလျှင် ဖြစ်ပေါ် နိုင်ကြကုန်၏။ တည်နေနိုင်ကြ၏။ အကြောင်းတရား ဆိုသည်ကား- အလုံးစုံသော သတ္တဝါဟူသမျှ၊ သင်္ခါရဟူသမျှ၊ ရုပ်တရား, နာမ်တရားဟူသမျှတို့သည် ထာဝရ ဘုရား၏ တန်ခိုးတော်ဖြင့်သာလျှင် ဖြစ်ပေါ်နိုင်ကြကုန်၏။ တည်နေနိုင်ကြကုန်၏ ဟူ၍ အကြောင်းမဟုတ်သည်ကို အကြောင်းပြုလုပ်၍ ယူခြင်းသည် ဝိသမဟေတု ဒိဋ္ဌိ မည်၏။

ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဆိုသည်ကား- ရုပ်တရား, နာမ်တရားတို့သည် အကြောင်းတရားကင်း၍ ဖြစ်သည်လည်း မဟုတ်ကုန် ထာဝရဘုရား၏ တန်ခိုးတော်အားဖြင့် ဖြစ်သည်လည်း မဟုတ်ကုန်၊ စင်စစ်မူကား ရှေးရှေးဘဝတို့၌ ပြုခဲ့ကြသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့်သာလျှင် ဖြစ်ကြကုန်၏။ တည်နေကြကုန်၏ဟူ၍ ရှေးကံဟောင်း အကြောင်းတစ်ခုတည်းကိုသာ ခိုင်မြဲစွာ ယူခြင်းသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိ မည်၏။

ဤဒိဋ္ဌိသုံးပါးတို့တွင် အဟေတုကဒိဋ္ဌိသည် အမှားကြီးမှားသော ဒိဋ္ဌိတည်း။ ဝိသမဟေတုဒိဋ္ဌိသည် အမှားကြီးမှားသော ဒိဋ္ဌိတည်း။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိသည် တစ်စိတ်တစ်ဒေသအားဖြင့် မှန်သည်ဖြစ်၍ ထိုဒိဋ္ဌိနှစ်ပါးတို့ထက် မှားမှု သက်သာ၏။

အဘယ်သို့ တစ်စိတ်တစ်ဒေသားဖြင့် မှန်သနည်းဟူမူကား ရုပ်တရား, နာမ်တရားတို့သည် ရှေးကံဟောင်းကြောင့် ဖြစ်သည်လည်း ရှိကုန်၏။ ယခုပစ္စုပ္ပန် စိတ်ကြောင့် ဖြစ်သည်လည်း ရှိကုန်၏။ ယခုပစ္စုပ္ပန်ဥတုကြောင့် ဖြစ်သည်လည်း ရှိကုန်၏။ ယခုပစ္စုပ္ပန်အာဟာရကြောင့် ဖြစ်သည်လည်း ရှိကုန်၏။ ။ ထိုတွင် ရှေးကံဟောင်းကြောင့်ဖြစ်သော ရုပ်, နာမ်စုအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ထိုအယူမှန်၏။ ။ စိတ်ဥတု အာဟာရတို့ကြောင့်ဖြစ်သော ရုပ်နာမ်စုတို့အတွက် ထိုအယူမှား၏။

ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝေဖန်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး တို့တွင် ရှေးကံဟောင်းကြောင့်ဖြစ်သော အင်္ဂါစုအတွက် ထိုအယူမှန်၏။ ပစ္စုပ္ပန် အကြောင်းကြောင့်ဖြစ်သော အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့

www.dhammaransi.com



အတွက် ထိုအယူမှား၏။

ပဋ္ဌာန်းနည်းနှင့် ဝေဖန်သည်ရှိသော် ထိုအယူသည် နာနာက္ခဏိတကမ္မပစ္စည်းတစ်ခုကိုသာ အမှန်ပြု၍ သဟဇာတကမ္မပစ္စည်းနှင့်တကွ ကြွင်းသော ၂၃–ပစ္စည်းတို့ကို ပယ်ဖျက်၏။ ဤသို့လျှင် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိသည် တစ်စိတ်တစ်ဒေသ အဖို့အားဖြင့် မှန်၏။ ယေဘုယျအဖို့အားဖြင့် မှား၏။

ပစ္စယသမ္မောဟ အမိုက်ကြီးမှ ဤဒိဋ္ဌိမျိုး ၃–ပါးတို့နှင့် ထိုထိုဒိဋ္ဌိ ဝိစိကိစ္ဆာတရားတို့သည် ဖြစ်ပွားကုန်၏။

## စူဠသောတာပန် ဖြစ်ရန်နည်း

ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင် ပေါက်ရောက်ခြင်းဟူသော ပစ္စယပရိဂ္ဂဟဉာဏ် အလင်းကြီးသည် ထိုဒိဋ္ဌိမျိုး ၃–ပါးတို့ကို ပယ်ရှားနိုင်၏။ အကြောင်းမရှိဟု ယူသော အဟေတုကဒိဋ္ဌိလည်း ပယ်ရှားနိုင်၏။ ။ အကြောင်းမဟုတ်သည်ကို အကြောင်းပြုလုပ်၍ယူသော ဝိသမဟေတုဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ။ ရှေးကံဟောင်း အကြောင်းတစ်ခုတည်းသာ ရှိသည်ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ။ ဤပစ္စယပရိဂ္ဂဟဉာဏ် တတိယအလင်းကြီးကို ပေါက်ရောက်သောသူသည် **စူဠသောတာပန်** အဖြစ်သို့ ရောက်၏ဟူ၍ အဋ္ဌကထာကြီးတို့၌ ဆို၏။ အလွန်အားထုတ်ဖွယ် ကောင်းလှ၏။

**တတိယအမိုက်ကြီးနှင့် တတိယအလင်းကြီးအစုကို ပြဆိုခန်း ပြီး၏။**

## စတုတ္ထအမိုက်ကြီးနှင့် စတုတ္ထအလင်းကြီးအစုကို ပြဆိုခန်း

### လက္ခဏာသမ္မောဟ လက္ခဏာရေးသုံးပါးကို မသိခြင်း

လက္ခဏာသမ္မောဟ အမိုက်ကြီးနှင့် လက္ခဏာပဋိဝေဓဉာဏ် အလင်းကြီး နှစ်ပါးကို တွဲစပ်၍ ပြဆိုအပ်၏။ ။ ထိုတွင် လက္ခဏာသမ္မောဟ အမိုက်ကြီး ဆိုသည်ကား– အကြောင်းအကျိုးဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့၏ လျင်မြန်လှသော အနိစ္စအချက်ကို မသိခြင်း၊ မမြင်ခြင်း။ ကြောက်မက်ဖွယ် ကောင်းလှသော ဒုက္ခအချက်ကို မသိခြင်း၊ မမြင်ခြင်း။ ပုဂ္ဂိုလ်သတ္တဝါတို့၏

www.dhammaransi.com



အမာခံ အထည်ခံ အနှစ်အသား မဟုတ်၊ အသက်ဇီဝ မဟုတ်သော အနတ္တ အချက်ကို မသိခြင်း၊ မမြင်ခြင်းသည် လက္ခဏာသမ္မောဟ အမိုက်ကြီး မည်၏။

လက္ခဏာပဋိဝေဓဉာဏ် အလင်းကြီး ဆိုသည်ကား– အကြောင်းအကျိုး ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့၏ အလွန်လျင်မြန်သော အနိစ္စ အချက်ကို သိခြင်း၊ မြင်ခြင်း။ ကြောက်မက်ဖွယ် ကောင်းလှသော ဒုက္ခအချက်ကို သိခြင်း၊ မြင်ခြင်း။ ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ အထည်ခံ အနှစ်အသား မဟုတ်၊ အသက်ဇီဝ မဟုတ်သော အနတ္တအချက်ကို သိခြင်း၊ မြင်ခြင်းတည်း။

ခပ်သိမ်းကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့သည် ဤလက္ခဏာ ပဋိဝေဓဉာဏ် အလင်းကြီးကို ရကြကုန်၍သာလျှင် ကိလေသာ အမိုက်အမဲ၊ သံယောဇဉ် အမိုက်အမဲ၊ သံသရာ၌ ချည်တတ်, တုတ်တတ်, ချုပ်တတ်, ဖွဲ့တတ်သော တဏှာအရှုပ်အထွေးတို့နှင့် ဘေးအန္တ ဒုက္ခအပေါင်းတို့မှ ကျွတ်လွတ်တော်မူကြပေကုန်၏။

ဤလက္ခဏာပဋိဝေဓဉာဏ် အလင်းကြီးကို မရကြကုန်သော ရှင်လူအပေါင်း တို့သည် ကိလေသာ အမိုက်အမဲ၊ သံယောဇဉ် အမိုက်အမဲ၊ သံသရာ၌ ချည်တတ်, တုပ်တတ်, ချုပ်တတ်, နှောင်တတ်, ဖွဲ့တတ်သော တဏှာအရှုပ်အထွေးတို့နှင့် ဘေးအန္တ ဒုက္ခအပေါင်းတို့မှ မကျွတ်နိုင်ကြ၊ မလွတ်နိုင်ကြကုန်။ လက္ခဏာ ပဋိဝေဓ တတိယအလင်းကြီးကိုရ၍ လက္ခဏာသမ္မောဟအမိုက်ကြီး ကင်းရှင်းကြ ကုန်မှသာလျှင် ထိုကိလေသာ အမိုက်အမဲ, သံယောဇဉ် အမိုက်အမဲ, တဏှာ အရှုပ်အထွေးတို့မှ ကင်းလွတ်ကြကုန်၍ နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏။

**စတုတ္ထအမိုက်ကြီးနှင့် စတုတ္ထအလင်းကြီးအစုံကို ပြဆိုခန်း ပြီး၏။**

## ပဉ္စမအမိုက်ကြီးနှင့် ပဉ္စမအလင်းကြီးအစုံကို ပြဆိုခန်း

## နိဗ္ဗာနသမ္မောဟ သန္တိစခန်းကို မသိခြင်း

နိဗ္ဗာနသမ္မောဟ အမိုက်ကြီးနှင့် နိဗ္ဗာနပဋိဝေဓဉာဏ် အလင်းကြီးကို တွဲဖက်၍ ပြဆိုအပ်၏။ ။ ထိုတွင် နိဗ္ဗာနသမ္မောဟ အမိုက်ကြီး ဆိုသည်ကား– ဤသတ္တဝါအပေါင်းတို့မှာ သံသရာဝဋ်ဒုက္ခ၌ ကျင်လည်၍နေကြကုန်ရာ မည်သည့်

www.dhammaransi.com



တရားမျိုးကို ကျင့်ခဲ့သော် ထိုကိလေသာ အမိုက်အမဲ၊ သံယောဇဉ် အမိုက်အမဲ၊ တဏှာအရှုပ်အထွေး၊ ဒုက္ခဘေးအနန္တတို့၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းသို့ ရောက်၏။ ၎င်းတို့၏ ချုပ်ငြိမ်းခြင်းဟူသော သန္တိစခန်းကြီးတစ်ခုသည် ရှိ၏ဟု မသိခြင်းတည်း။

အမိုက်ကြီး ငါးခုတို့သည် အစဉ်အတိုင်း ပျောက်ကင်း၍ အလင်းကြီး ငါးချက်တို့သို့ အစဉ်အတိုင်း ပေါက်ရောက်၍ သွားခဲ့သော် ပဥ္စမအလင်းကြီးသို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအမိုက်ကြီး ငါးပါးတို့သည် အကြွင်းမရှိ ချုပ်ငြိမ်းကုန်၏။ ထိုအမိုက်ကြီးငါးပါး အဝိဇ္ဇာတရားတို့၏ နောင်တစ်ဖန် ပေါ်ပေါက်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းသည် သန္တိစခန်းကြီး ဖြစ်၏။ ထိုအမိုက်ကြီး ငါးပါး အဝိဇ္ဇာတရားတို့၏ ချုပ်ငြိမ်းရာမှာ ဒုစရိုက်အမိုက်တရား၊ မိစ္ဆာဒိဋ္ဌိ အမှောက်အမှားတရား၊ အပါယဒုက္ခတရားတို့၏ ချုပ်ငြိမ်းခြင်းသည်လည်း အတွင်းဝင်ဖြစ်၍ ပါလေ၏။ ဤကဲ့သို့သော သန္တိစခန်းကြီးသည် ရှိ၏ဟု မသိခြင်း တည်း။ ဤမသိခြင်း အလုံးစုံသည် နိဗ္ဗာနသမ္မောဟ အမိုက်ကြီး မည်၏။

ဤကဲ့သို့သော သန္တိစခန်းကြီးသည် ဧကန်ရှိ၏ဟု သိခြင်း, မြင်ခြင်း မျက်မှောက်ပြုခြင်းသည် နိဗ္ဗာနပဋိဝေဓဉာဏ် အလင်းကြီးမည်၏။ မဂ်ဉာဏ် လေးပါးကို နိဗ္ဗာနပဋိဝေဓဉာဏ်အလင်း ဆိုသည်။

**ပဥ္စမအမိုက်ကြီးနှင့် ပဥ္စမအလင်းကြီးအစုံကို ပြဆိုခန်း ပြီး၏။**

**အမိုက်ကြီး ၅–သင်း အလင်းကြီး ၅–ပါးတို့ကို အကျဉ်းအားဖြင့် မှတ်သားရန် ပြဆိုချက် ပြီး၏။**

## ၁– ဓမ္မဝဝတ္ထာနဉာဏ်အလင်း

ထိုအလင်းကြီး ငါးပါးတို့တွင် ကမ္မသကတာ သမ္မာဒိဋ္ဌိဟူသော ပဌမ အလင်းကြီးသည် ဗုဒ္ဓဘာသာ သာသနာအလင်း အစစ်မဟုတ်သေး၊ သံသရာ အလင်း၊ ကမ္ဘာအလင်းသာ ဖြစ်၏။

၁။ ဓမ္မဝဝတ္ထာနဉာဏ်ဟူသော ဒုတိယအလင်းကြီး တစ်ပါး,

၂။ ပစ္စယပရိဂ္ဂဉာဏ်ဟူသော တတိယအလင်းကြီး တစ်ပါး,

www.dhammaransi.com



၃။ လက္ခဏာပဋိဝေဓဉာဏ်ဟူသော စတုတ္ထအလင်းကြီး တစ်ပါး,

၄။ နိဗ္ဗာနပဋိဝေဓဉာဏ်ဟူသော ပဉ္စမအလင်းကြီး တစ်ပါး-

ဤအလင်းကြီးလေးပါးသည်သာလျှင် ဗုဒ္ဓဘာသာ သာသနာအလင်းကြီး အမှန်ဖြစ်၏။ ထို့ကြောင့် ဤဒုတိယအခန်းမှာ ပဌမအလင်းကြီးကို မဆိုမူ၍ ဗုဒ္ဓဘာသာ သာသနာအလင်းကြီး လေးပါးအမှန်ကိုသာ အတန်ငယ် အကျယ် ပြဆိုရာ၏။

## ဓာတ် ၆-ပါး

ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီး၌ အကျဉ်းဆုံးအားဖြင့် အဘယ်မျှလောက်သော ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်မှ ဤဓမ္မဝဝတ္ထာန ဒုတိယ အလင်းကြီးကို ပေါက်ရောက်သနည်း ဟူမူကား-

၁။ ပထဝီဓာတ်,

၂။ အာပေါဓာတ်,

၃။ တေဇောဓာတ်,

၄။ ဝါယောဓာတ်,

၅။ အာကာသဓာတ်,

၆။ ဝိညာဏဓာတ် -

ဤဓာတ်ခြောက်ပါးတို့ကို ဉာဏ်အမြင်ပေါက်ရောက်သည်ရှိသော် ဤဓမ္မဝဝတ္ထာန ဒုတိယအလင်းကြီးသို့ ပေါက်ရောက်၏။

ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝဟူသော လောကဝေါဟာရတို့၌ အဘိဓမ္မ အလိုအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ၊ အတ္တဟူ၍ မရှိ၊ ဇီဝဟူ၍ မရှိ။ ပထဝီစသော ဓာတ်မျိုးဓာတ်စုသာ အမှန်ရှိ၏။ လောကဝေါဟာရအားဖြင့်သာ ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, အတ္တ, ဇီဝဟူ၍ ခေါ်ဆိုရ၏။ သမုတ်ခေါ်ဆိုအပ်သော ပညတ်မျှသာတည်း။

www.dhammaransi.com



## သဏ္ဌာနပညတ်ကို ထင်ရှားပြဆိုခြင်း

ဥပမာကား– လောက၌ သစ်, ဝါးတို့ကို ပြုလုပ်ကြသော အထည်ဝတ္ထု အမျိုးမျိုးတို့သည် ရှိကြကုန်၏။ အိမ်ဟူ၍ ရှိ၏၊ ကျောင်းဟူ၍ ရှိ၏၊ တန်ဆောင်းဟူ၍ ရှိ၏၊ ဇရပ်ဟူ၍ ရှိ၏၊ မဏ္ဍပ်ဟူ၍ ရှိ၏။ ထိုတွင် အိမ်ဟူသော အမည်သည် သစ်၏အမည် မဟုတ်၊ ဝါး၏အမည် မဟုတ်၊ ပြုလုပ်၍ထားသော သဏ္ဌာန်မျှကို စွဲ၍ နောက်မှဖြစ်ပေါ်သောအမည်တည်း။ ထိုသစ်, ဝါးတို့သည် အပင်၌ နေကြကုန်စဉ်အခါ အိမ်ဟူ၍ မခေါ်ရကုန်။ အိမ်ဟူသောအမည်ကို မရကြကုန်။ အိမ်သဏ္ဌာန် ဆောက်လုပ်မိမှသာလျှင် မိုးပေါ်ကျကဲ့သို့ ခေါ်ဝေါ်ရသော အာဂန္တုကမည်မျှသာတည်း။ ထို့ကြောင့် အဘိဓမ္မာနည်းအားဖြင့် အိမ်ဟူ၍ မရှိ၊ သစ်, ဝါးတို့သည်သာလျှင် ဧကန်ရှိကြကုန်၏။

အိမ်သည်မူကား ဆောက်မိလုပ်မှ ပေါ်လာသော သဏ္ဌာန်မျှသာဖြစ်၍ ဧကန်ရှိ မဟုတ်၊ ထိုအိမ်ကိုဖျက်၍ ကျောင်းတိုက်တွင်းမှာ ကျောင်းသဏ္ဌာန် ဆောက်လုပ်ပြန်လျှင် ကျောင်းသဏ္ဌာန်ပေါ်ပြန်၏။ ကျောင်းဟူ၍ ခေါ်ဝေါ်ရပြန်၏။ အိမ်သဏ္ဌာန် ပျက်ပြန်၏။ အိမ်ဟူသောအမည်သည် ပျောက်ကွယ်ပြန်၏။

တစ်ဖန် ထိုကျောင်းကိုဖျက်၍ ဘုရားရှေ့မှာ တန်ဆောင်း, ပြာသာဒ်သဏ္ဌာန် ဆောက်လုပ်ခဲ့ပြန်လျှင် တန်ဆောင်း, ပြာသာဒ်သဏ္ဌာန်ပေါ်ပြန်၏။ တန်ဆောင်းပြာသာဒ်ဟူ၍ ခေါ်ရပြန်၏။ ကျောင်းဟူ၍ မခေါ်ရပြီ။ ကျောင်းဟူသောအမည် ပျောက်ကွယ်ပြန်၏။

တစ်ဖန် ထိုတန်ဆောင်းကိုဖျက်၍ ဇရပ်ဆောက်ခဲ့ပြန်သော် ထိုဇရပ်ကို ဖျက်၍ မဏ္ဍပ်ဆောက်ခဲ့ပြန်သော် တန်ဆောင်းဟူသောအမည် ပျောက်၍ ဇရပ်ဟူသောအမည်၊ ဇရပ်ဟူသော အမည်ပျောက်၍ မဏ္ဍပ်ဟူသောအမည် ပေါ်လာကြရပြန်၏။ သဏ္ဌာန်ပျက်သော် အမည်ပျက်ကြကုန်၏။ သဏ္ဌာန်ပေါ်လာမှသာ အမည်ပေါ်လာကြကုန်၏။

သစ်, ဝါးတို့သည်မူကား အပင်၌နေစဉ်အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ အိမ်ဖြစ်စဉ်အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ ကျောင်းဖြစ်စဉ်အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ တန်ဆောင်းဖြစ်စဉ်အခါ၌လည်း သစ်, ဝါး တို့ပင်တည်း။

www.dhammaransi.com



ဇရပ်ဖြစ်စဉ်အခါ, မဏ္ဍပ်ဖြစ်စဉ်အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ မဏ္ဍပ်ကိုဖျက်၍ မြေ၌စုပုံ၍ ထားပြန်လျှင်လည်း သစ်ပုံ, ဝါးပုံတို့ပင်တည်း။

ထို့ကြောင့် သစ်, ဝါးတို့ကို စုပေါင်းဆောက်လုပ်မိမှ ပေါ်လာကြကုန်သော အိမ်သဏ္ဌာန်, ကျောင်းသဏ္ဌာန်, တန်ဆောင်းသဏ္ဌာန်, ဇရပ်သဏ္ဌာန်, မဏ္ဍပ်သဏ္ဌာန်ဟူသော သဏ္ဌာန်မျိုးတို့သည် ဇာတိနှင့်တကွ တည်ရှိ၍လာခဲ့သော အရာမျိုး မဟုတ်ကုန်။ သစ်, ဝါးတို့သည်မူကား ပေါက်ရင်းကပင် ဇာတိနှင့်တကွ တည်ရှိ၍လာကြကုန်၏။ ထို့ကြောင့် အဘိဓမ္မာနည်းအားဖြင့် အိမ်ဟူ၍ မရှိ၊ ကျောင်းဟူ၍ မရှိ၊ တန်ဆောင်းဟူ၍ မရှိ၊ ဇရပ်ဟူ၍ မရှိ၊ မဏ္ဍပ်ဟူ၍ မရှိ၊ သစ်, ဝါးတို့သာ ရှိကုန်သည်ဟု ဆိုပေသည်။

## လောကနည်း အဘိဓမ္မာနည်း

လောကအလိုအားဖြင့်မူကား အိမ်ရှိ၏ဆိုသော်လည်း မုသားမဖြစ်၊ အဘယ့်ကြောင့်နည်း၊ လူအများတို့ တညီတညာတည်း ခေါ်ဝေါ်ကြသော အရာဖြစ်၍ မည်သူ့ကိုမျှ လှည့်စားရာမကျသောကြောင့်တည်း။

အဘိဓမ္မာအလိုအားဖြင့်မူကား အိမ်ရှိ၏ဟုဆိုသော် မှား၏။ အဘယ့်ကြောင့်နည်း၊ ဗိသုကာဆရာတို့ ဆောက်လုပ်မှထင်ပေါ်လာသောသဏ္ဌာန ပညတ်မျိုးမျှ ဖြစ်လေသောကြောင့်တည်း။ အိမ်, အိမ်ဟူ၍ ဆိုကြ၏။ အဘယ်ကို အိမ်ခေါ်သနည်းဟုမေးသော် တစ်ခုသောအိမ်ကို လက်ညှိုးထိုး၍ ဤဟာကို အိမ်ခေါ်သည်ဟု ပြပေလတ္တံ့။ လောကနည်းအားဖြင့် ဟုတ်ပေ၏။ မှန်ပေ၏ဟု ဆိုရ၏။ အဘိဓမ္မာနည်းအားဖြင့်မူကား မဟုတ်မမှန်ဟု ဆိုရမည်။

မဟုတ်မမှန်ပုံကား လက်ညှိုးထိုး၍ပြသော လက်ညှိုးချက်သည် အိမ်ကို ထိသလော၊ သစ်, ဝါးကိုထိသလောဟု မေး။ ။ အိမ်သည် သဏ္ဌာနပညတ်မျိုးဖြစ် ဇေန်ရှိမျိုးမဟုတ်သောကြောင့် လက်ညှိုးချက်မထိနိုင်။ သစ်, ဝါးတို့သည်သာ ဇာတိနှင့်တကွ ရှိကြသော ဝတ္ထုမျိုးဖြစ်၍ လက်ညှိုးချက်ထိနိုင်၏။ သစ်, ဝါးတို့ကို အိမ်ဟူ၍ စွပ်စွဲခြင်းဖြစ်၏။ ထိုစွပ်စွဲခြင်းသည် မှား၏။ အိမ်သဏ္ဌာန်၏အမည်ကို သစ်, ဝါးတို့၏အမည်လုပ်၍ မဟုတ်မမှန် စွဲဆိုခြင်းဖြစ်၏။ သစ်, ဝါးတို့၏

www.dhammaransi.com



အမည်ဖြစ်ခဲ့သော် အပင်၌ပေါက်ရောက်တည်ရှိသည့်အခါကပင် အိမ်ဟူသောအမည် ပါရှိခဲ့ရမည်။ ထိုသစ်, ဝါးတို့ကို ဘယ်အထည်မျိုးပင်ပြု၍ ထားသော်လည်း အိမ်ဟူသောအမည်သည် အမြဲပါရှိရမည်။ ထိုသို့ကား မပါမရှိ။ အိမ်သဏ္ဌာန် ရှိနေခိုက်၌သာ အိမ်ဟူသောအမည်ရှိနိုင်သည်။ ။ ကျောင်း, တန်ဆောင်း, ဇရပ်, မဏ္ဍပ်တို့၌လည်း ဤနည်းတူ လောကနည်း, အဘိဓမ္မာနည်း ကွဲပြား ခြားနားပုံကို သိလေ၊ မြင်လေ၊ ခွဲလေ။

ထိုနှစ်နည်းတို့တွင် လောကနည်းသည် လောကနယ်၌ သုံးရ၏။ လောက ကို မလွန်နိုင်။ အဘိဓမ္မာနည်းသည်သာ လောကကို လွန်နိုင်၏။ လောကုတ္တရာဘုံ သို့ ရောက်နိုင်၏။

သစ်, ဝါးတို့ကို ညောင်စောင်း, ပလ္လင်, အင်းပျဉ်, လှေ, လှည်း စသည်လုပ်ကြရာ၌ လောကအလို ညောင်စောင်း, အင်းပျဉ်, လှေ, လှည်း စသည်ရှိ၏။ အဘိဓမ္မာအလို ညောင်စောင်း, အင်းပျဉ်, လှေ, လှည်း စသည်မရှိ။ သစ်, ဝါးသာ ရှိ၏။

မြေကြီးကို အိုး, အင်, ခွက်, ဖလား စသည်လုပ်ကြရာ၌ လောကအလို အိုး, အင်, ခွက်, ဖလား ရှိ၏။ အဘိဓမ္မာအလို အိုး, အင်, ခွက်, ဖလား မရှိ။ မြေကြီးသာ ရှိ၏။

သံကို ထိုထိုအထည်မျိုး ပြုလုပ်ကြရာ– ကြေးကို၊ ရွှေကို၊ ငွေကို ထိုထိုအထည်ဝတ္ထုမျိုး ပြုလုပ်ကြရာ– ချည်ကို အင်္ကျီ, တဘက်, ပုဆိုး အမျိုးမျိုး အထည်ပြုလုပ်ကြရာတို့၌ လောကအလို ထိုထိုအထည်ဝတ္ထု ရှိ၏။ အဘိဓမ္မာအလို မရှိ။ သစ်, ဝါးသာ ရှိ၏။ မြေကြီးသာ ရှိ၏။ သံသာ ရှိ၏။ ကြေးသာ ရှိ၏။ ချည်သာ ရှိ၏ဟု ဤသို့ကွဲပြား ခြားနားပုံကို အကုန်သိလေ၊ မြင်လေ၊ ခွဲလေ။

ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝတို့၌လည်း လောကအလို ပုဂ္ဂိုလ်ရှိ၏။ သတ္တဝါ ရှိ၏။ အတ္တ ရှိ၏။ ဇီဝ ရှိ၏။ အဘိဓမ္မာအလို ပုဂ္ဂိုလ်မရှိ၊ သတ္တဝါ မရှိ၊ အတ္တ မရှိ၊ ဇီဝ မရှိ။ ပထဝီစသော ဓာတ်မျိုးသာ ရှိ၏။

လူ မရှိ၊ နတ် မရှိ၊ သိကြား မရှိ၊ ဗြဟ္မာ မရှိ၊ နွား, ကျွဲ, ဆင်, မြင်း စသည်မရှိ။ ပထဝီစသော ဓာတ်မျိုးသာ ရှိ၏။ မိန်းမ မရှိ၊ ယောကျာ်း မရှိ၊

မည်သူ မည်ဝါ မရှိ၊ ငါဟူ၍ မရှိ၊ သူဟူ၍ မရှိ။ ပထဝီစသော ဓာတ်မျိုးသာ ရှိ၏။ ဦးခေါင်း မရှိ၊ ခြေ မရှိ၊ လက် မရှိ၊ မျက်စိ မရှိ၊ နား, နှာခေါင်း မရှိ၊ ပထဝီစသော ဓာတ်မျိုးသာ ရှိ၏။ ဆံပင် မရှိ၊ မွေးညှင်း မရှိ၊ ခြေသည်း လက်သည်း မရှိ၊ သွား မရှိ၊ အရေ မရှိ၊ အသားခဲ မရှိ၊ အကြော မရှိ၊ အရိုး မရှိ၊ ရိုးတွင်းခြင်ဆီ မရှိ၊ အညှို့ မရှိ၊ နှလုံး မရှိ၊ အသည်း မရှိ၊ အမြှေး မရှိ၊ အဖျဉ်း မရှိ၊ အဆုတ် မရှိ၊ အူ မရှိ၊ အူသိမ် မရှိ၊ အစာသစ် မရှိ၊ အစာဟောင်း မရှိ။ ပထဝီစသော ဓာတ်မျိုးသာ ရှိ၏။

ဤသို့လျှင် သံသရာနယ်တစ်ခွင်၌ အစဉ်ထင်မှတ် စွဲလမ်း၍သာ လာကြသော သဏ္ဌာနပညတ် ဒြပ်အထည်ကြီးငယ်ဝတ္ထု အစုစုတို့ကို ဉာဏ်ဖြင့်ရှာကြ၍ တစ်စုံတစ်ခုမျှ မရပဲ တစ်လောကလုံး၌ ဓာတ်ပုံဓာတ်ထု ဓာတ်စုဓာတ်ခဲမျှသာ ရှိနေသည်ဟု ထင်နိုင်မြင်နိုင်သော ဉာဏ်အလင်းကြီးကို ဓမ္မဝဝတ္ထာနဉာဏ်အလင်းကြီး ဆိုသည်။

## ပထဝီဓာတ်ကြီးကို ခွဲ၍ပြဆိုခန်း

ဤ၌ ပထဝီစသော ဓာတ်ကြီးလေးပါးကို အတန်ငယ်မျှ ခွဲစိတ်၍ ပြဦးအံ့။

(၁) ကက္ခဠသဘာဝေါ၊ ခက်မာသော သဘောသည်လည်းကောင်း။ မုဒုသဘာဝေါ၊ နူးညံ့သော သဘောသည်လည်းကောင်း။ ပထဝီ၊ ပရမတ်နှစ် မြေအစစ်ပေတည်း။

(၂) အာဗန္ဓနံ၊ ဖွဲ့စည်းမှုသည်လည်းကောင်း။ ပဃ္ဃရဏံ၊ ယိုစီးမှုသည် လည်းကောင်း။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေတည်း။

(၃) ဥဏှာဘာဝေါ၊ ပူသောအဖြစ်သည်လည်းကောင်း။ သီတာဘာဝေါ၊ အေးသောအဖြစ်သည်လည်းကောင်း။ တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။

(၄) ဝိတ္ထမ္ဘနံ၊ ထောက်ကန်, တောင့်တင်းမှုသည်လည်းကောင်း။ သမုဒီရဏံ၊ လှုပ်ကြွရွေ့ရှားမှုသည်လည်းကောင်း။ ဝါယော၊ ပရမတ်နှစ် လေအစစ် ပေတည်း။

www.dhammaransi.com



ဤဓာတ်ကြီးလေးပါး၏ အနက်ကို ကြေကြေမွမွ နှုတ်တက်ရအောင် ကျ၍ဆောင်ကြရမည်။ ။ ထိုဆောင်ပုဒ်၌ မြေ, ရေ, လေ, မီးဓာတ်ကြီး လေးပါးကို ဓမ္မဝဝတ္ထာနဉာဏ် အလင်းပေါက်အောင် ဖော်ပြပေအံ့။

ပရမတ်နှစ် မြေအစစ် ဆိုသည်ကား– ခက်မာသော အမူအရာ အခြင်း အရာမျှသာတည်း၊ အဏုမြူတစ်ခုကို အစိတ်တစ်သိန်း စိတ်၍ တစ်စိတ်စာမျှ အခဲအကြိတ် အဆံအမာ အထည်ဒြပ်ဟူ၍ မရှိ။ ။ အလွန်ကြည်လင်လှစွာသော မြစ်ရေ, ချောင်းရေ, စိမ့်ရေ, စမ်းရေတို့၌လည်းကောင်း၊ နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, ပတ္တမြားရောင်တို့၌လည်းကောင်း၊ အနီးအဝေး ပျံ့နှံ့၍ သွားသော ခေါင်းလောင်းသံ, ကြေးစည်သံ စသည်တို့၌လည်းကောင်း၊ လေပြေ, လေညှင်း, လေပြင်း, မုန်တိုင်း စသည်တို့၌လည်းကောင်း၊ အဝေးအနီး ပျံ့နှံ့ လွင့်ပါ၍သွားသော အမွှေးနံ့, အပုပ်နံ့တို့၌လည်းကောင်း ထိုပရမတ်ဓာတ်မြေသည် အပြည့်ပါရှိသည်။

ယုတ္တိကား– ဓာတ်ကြီးလေးပါးတို့၏ တစ်ပါးနှင့်တစ်ပါး အချင်းချင်း အဝိနိဗ္ဘောဂဝုတ္တိဖြစ်၍ မကွဲစကောင်းသောကြောင့် တကွဖြစ်ကြသည်ကို ထောက်၍လည်းကောင်း။

**"ဧကံ မဟာဘူတံ ပဋိစ္စတယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ"**–

ဟူ၍ ဟောတော်မူသည်ကို ထောက်၍လည်းကောင်း၊ "ပထဝီ၊ မြေဓာတ်သည်။ သမ္ပဋိစ္ဆနရသာ၊ ရေဓာတ်, လေဓာတ်, မီးဓာတ်တို့ကို ခံယူရခြင်းကိစ္စရှိ၏"ဟူ၍ အဋ္ဌကထာတို့၌ မိန့်ဆိုသောကြောင့်လည်းကောင်း၊ အမာခံဖြစ်သော မြေဓာတ်အခံ မရှိလျှင် ရေဓာတ်လည်း မရှိနိုင်၊ လေဓာတ်လည်း မရှိနိုင်၊ မီးဓာတ်လည်း မရှိနိုင်သော သဘောကိုထောက်၍လည်းကောင်း၊ ဆိုခဲ့ပြီးသော ရေအမျိုးမျိုး အရောင်အမျိုးမျိုး အသံအမျိုးမျိုး လေအမျိုးမျိုး အနံ့အမျိုးမျိုး စသည်တို့၌ မြေဓာတ်အပြည့် ပါရှိ၏ဟု သိလေ။ ။ ဤကား ပိဋကတ်ကျမ်းဂန် ယုတ္တိတည်း။

လက္ခဏာ ယုတ္တိကား– တစ်လုံးတစ်ခဲတည်း ဖြစ်ကြသော ရေတို့၌လည်း

www.dhammaransi.com



ကောင်း၊ လေတို့၌လည်းကောင်း၊ အထက်အထက်နေသော ရေ, လေတို့ကို အောက်အောက်နေသော ရေ, လေတို့က အဆင့်ဆင့်ခုခံ၍ နေမှုသည် ထင်ရှား၏။ ထိုခုခံမှုသည် အာပေါမှုလည်း မဟုတ်။ ကပ်တွယ် ဖွဲ့စည်းမှုသည်သာ အာပေါတည်း။ ။ ထိုခုခံမှုသည် တေဇောမှုလည်း မဟုတ်။ ပူမှု, အေးမှုသည်သာ တေဇောတည်း။ ။ ထိုခုခံမှုသည် ပထဝီမှု, ဝါယောမှု နှစ်ချက်နှင့်ဆိုင်၏။ ထိုခုခံမှု၌ ခက်မာခဲ့ကျန်းမှုတစ်ခု၊ ထောက်ကန်တောင့်တင်းမှုတစ်ခု၊ ဤနှစ်ခု ဖက်စပ်မှ ခုခံမှုဖြစ်နိုင်သည်။ ။ ထိုနှစ်မှုတို့တွင် ခက်မာခဲ့ကျန်းမှုကိုပင် ပရမတ်မြေဆိုသည်။ ။ ထောက်ကန်တောင့်တင်းမှုကိုပင် ပရမတ်လေ ဆိုသည်။

ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေဓာတ်သည် ခက်မာခဲ့ကျန်းမှုဟူသော မြေဓာတ်ကို မှီရသည်။ မြေဓာတ်ကိုလွှတ်၍ မိမိအလိုလျောက် ဖြစ်နိုင်သည်မဟုတ်။ ။ ခက်မာခဲ့ကျန်းမှုနှင့် ထောက်ကန်တောင့်တင်းမှုကို ခြားနားအောင် ကြည့်လေ။

ဤသို့လျှင် ထိုဆိုအပ်ခဲ့ပြီးသော ရေ, လေတို့၌ ခက်မာခဲ့ကျန်းမှုဟူသော ပရမတ်မြေ ထင်ရှားရှိကြောင်းကို ထိုရေ, လေတို့၌ ရေအားလျော်စွာ, လေအားလျော်စွာ ကက္ခဠလက္ခဏာရှိသည်ကို မြင်၍ သိအပ်၏။ ။ ဆိုအပ်ခဲ့ပြီးသောနေရောင်စသည်၊ ခေါင်းလောင်းသံ စသည်၊ အမွှေးနံ့ စသည်တို့၌ကား ထိုထိုဝတ္ထုအားလျော်စွာ ခက်မာခဲ့ကျန်းမှု အသီးသီး ပါရှိကြငြားသော်လည်း အလွန်တရာ အားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာချေ။ ကျန်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်။ ။ ဤကြည်လှစွာသော ရေ, လေ, လရောင်, အသံ, အနံ့တို့ကို ပြဆိုလိုက်သည်မှာ (ကက္ခဠကြိယာ) ခက်မာခဲ့ကျန်းမှုဟူသော အမှုအရာသက်သက်သည်သာလျှင် ပရမတ်မြေ အစစ်အမှန်ဖြစ်ကြောင်း၊ ပရမတ်မြေအစစ်မည်သည် အဏုမြူမျှကို အစိုက်တစ်သိန်း စိတ်သောလည်း တစ်စိတ်ခန့်မျှ အဆံအမာ အထည်ဝတ္ထု မရှိကြောင်းကို ထင်လင်းစေခြင်းငှါ ပြဆိုလိုက်သည်။

အထည်ဝတ္ထုဟူ၍ မရှိ၊ ခက်မာသော အမှုအရာသက်သက်မျှသာ ဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နုံ့သော ခက်မာမှုကို

www.dhammaransi.com



နူးညံ့သည်ဟု ဆိုရသည်။ ထိုကြောင့် ဝရမိန်ကျောက်သွား၍ရှိသော ခက်မာမှုကို အလွန်ဆုံးထား၍ လရောင်ကလာပ်၌ရှိသော ခက်မာမှုကို အနုံဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှု အဆင့်ဆင့်ဖြစ်၍နေသော ထိုမြေဓာတ်၏ အလားကို သိရမည်။

ဤမြေဓာတ်၌ ခက်မာခြင်းလက္ခဏာ ဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်။ ပကတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်စသည်တို့၌ ခက်မာသောအမှုကို မတွေ့ နိုင်ရှိလိမ့်မည်။

ထိုခက်မာသော အခြင်းအရာသဘော သက်သက်မျှသာ ဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါဟူသော ပရမတ်စေး ဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေ, သိန်း, သောင်း ပေါင်းဖွဲ့မိသည်ရှိသော် အဏုမြူတစ်ခုဟူသော ဝတ္ထုအမည် ဒြဗ်ဖြစ်၏။ အဏုမြူပေါင်း ကုဋေ, သိန်း, သောင်း ပေါင်းဖွဲ့မိသည်ရှိသော် သန်း, ကြမ်းပိုးဖြစ်၏။ ထိုမှ အဆင့်ဆင့်ပွား၍ သတ္တဝါတွင် ယူဇနာ လေးထောင့်ရှစ်ရာရှိသော အသူရိန်နတ်ကြီးတိုင်အောင်၊ ဗဟိဒ္ဓသန္တာန်တွင် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၊ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးတိုင်အောင် သိလေ။

သန်းအစရှိသော အဏုမြူအစရှိသော သက်ရှိသက်မဲ့ ရုပ်စုရုပ်ခဲဟူသမျှ တို့၌ ခက်မာခြင်းဟူသော ဤမြေဓာတ်သည် အထည်ခံ အမာခံ ဖြစ်သတည်း။ ဤမြေဓာတ်မှတစ်ပါး အထည်ဝတ္ထုရကောင်းသော ဓာတ်မရှိ။ ရေဓာတ်, မီးဓာတ်, လေဓာတ်တို့သည်လည်း မြေဓာတ်၌ တွယ်ကြရကုန်သည်။ ။ ဤသို့ မြေဓာတ်၏ ကိစ္စကြီးကျယ်ဟန်ကို သိရမည်။

မြင့်မိုရ်တောင်ကြီးတစ်ခုလုံး၌လည်းကောင်း မဟာပထဝီမြေကြီးတစ်ခုလုံး၌ လည်းကောင်း၊ ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှ အထည်ဒြဗ် မရှိ၊ ခက်မာသော အခြင်းအရာ ကြိယာသဘောသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဏုမြူမျှ အထည်ဒြဗ်မရှိပဲ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့, ရေထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ မြင်လိမ့်မည်။ ။ အဏုမြူ

www.dhammaransi.com



မှုလောက် အရှည်အတို၊ အကြီးအငယ်၊ အခဲအမာ ထင်၍လာလျှင် ပရမတ်မြေ အစစ် မဟုတ်ပြီ။ သဏ္ဌာနပညတ် ဒြဗ်အထည်နှင့် ရောမိပြီ။ သဏ္ဌာနပညတ် ဒြဗ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ပဲ နေတတ်သည်။

ဤစာတ်ကမ္မဋ္ဌာန်း၌ ရှင်အာနန္ဒာကို **အရှင်ပုဏ္ဏမထေရ်** ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်။ ဤမှန်ရိပ်ဥပမာနှင့်ပင် ရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည်။ ။ မြင့်မိုရ်တောင် မဟာပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သော အခါ၌ပင် အခဲအကြိတ် အထည်ဝတ္ထု အဏုမြူမှု မရောမယှက်ဘဲ ပရမတ်စစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်မြင်အောင် ရှုနိုင်သော သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုရန် အလွန်လွယ်လှတော့သည်။

## အရိပ်ဥပမာဖြင့် ထင်စွာပြဆိုခြင်း

မှန်၌ထင်သော အရိပ်၊ ရေ၌ထင်သော အရိပ်၊ သစ်ပင်ရိပ်၊ တောင်ရိပ် အစရှိသော အရိပ်တို့သည် မြင့်မိုရ်တောင်မျှပင် ကြီးမားစွာထင်မြင်ငြားသော်လည်း အဏုမြူမှု အထည်ဒြဗ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့်၊ ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့ ထို့အတူ ထိုမြင့်မိုရ်တောင်နှင့်အမျှ ပျံ့နှံ့ကြီးကျယ်၍ နေသော ထိုပရမတ်မြေဓာတ်သည်လည်း တစ်ခုတည်းသော ပရမတ်စိုင် ပရမတ်ခဲဟူ၍ အဏုမြူမှုမရှိသည့်အတွက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ်မ ထင်မြင်နိုင်လိမ့် မည်။ မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင် ကြည့် ရှုသောအခါ ဉာဏ်ငုံနိုင်လောက်ရုံ၊ ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက် အောင် ကြည့်။ ။ မြေဓာတ်မဟုတ်သော အဆင်းဓာတ်ခုခံ၍ နေတတ်သည်။ သဏ္ဌာနပညတ် ဒြဗ်အထည်ကြီးလည်း ခုခံ၍ နေတတ်သည်။ ဉာဏ်ကို ကြပ်ကြပ် လှုပ်၍ ပေးလေ။

www.dhammaransi.com



ခြေဖဝါးတိုင်အောင် အောက်အဖို့စုကိုလည်း ဉာဏ်နိုင်ရုံ နိုင်ရုံလောက် ပိုင်း၍ကြည့်၊ တစ်ကိုယ်လုံး စပ်မိသောအခါ ဉာဏ်ကိုဦးထိပ်ကနေ၍ ရှုယ်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ချင်းဖောက်ထွင်း၍ သွားလိမ့်မည်။ ။ မိမိကိုယ်ခန္ဓာသည် ဓာတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဝဠာအနန္တ, ကမ္ဘာအနန္တတို့၌ ရှိသမျှသော သတ္တဝါခန္ဓာစု အကုန်လုံး ဓာတ်ပေါက်ပြီးဖြစ်တော့သည်။ ။ ဤပရမတ်မြေဓာတ်တစ်ခု ပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်, လေဓာတ်, မီးဓာတ်စုတို့ကိုလည်း အလွန်လွယ်လှတော့သည်။

**ပထဝီဓာတ်ခွဲနည်း အမြွက်ပြီး၏။**

## အာပေါဓာတ်ကို ခွဲ၍ပြဆိုခန်း

**ပရမတ်နှစ် ရေအစစ်ကား–** တွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုသည်သာလျှင် ပရမတ်နှစ် ရေဓာတ်အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုဟူသော ပရမတ်ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်းဟူသော (ပဂ္ဃရဏ) ရေဓာတ် ဖြစ်လေ၏။ ။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုဟူသော (အာဗန္ဓနကြိယာ) သက်သက်မျှသာ ဖြစ်သော ပရမတ်ရေဓာတ် အစစ်သည်လည်း အဏုမြူကို အစိတ်တစ်သိန်း စိတ်သော်လည်း တစ်စိတ်စာမျှ အခဲအကြိတ် အဆံအမာ အထည်ဒြပ်ဟူ၍ မရှိ။ တွယ်ကပ် ဖွဲ့စည်းခြင်းကြိယာ အမူအရာ သက်သက်မျှသာတည်း။

ထိုတွယ်ကပ် ဖွဲ့စည်းမှုဟူသော ပရမတ်ရေဓာတ်သည် မြေဓာတ်, မီးဓာတ်, လေဓာတ် သုံးပါးတို့ကို တစ်ခုတည်း တစ်သားတည်းကဲ့သို့နေအောင် ဖွဲ့နှောင်စည်းကြပ်ပေသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ်တို့သည် တစ်ပါးကို တစ်ပါး အားပြုခွင့်ရကြကုန်သည်။ တစ်ပါးကိုတစ်ပါး ထောက်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင်စည်းကပ် ချုပ်ထိန်း၍နေသော ရေဓာတ် ချုပ်ကွယ်ပျောက်ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အစည်းပြယ်ပျက်၍ ခဏခြင်း ပျောက်ပျက်ကွယ်ဆုံးကြလေကုန်၏။ ။ ဤကား ကလာပ်တစ်ခုတည်း၌ ရေဓာတ်၏ ကျေးဇူးကိုဆိုသော စကားတည်း။

www.dhammaransi.com



လောကဌ် ပရမာဏမြူမှစ၍ သတ္တဝါဌ် အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံး, ရုပ်ခဲကြီးတိုင်အောင် ဗဟိဒ္ဓဌ် မြင့်မိုရ်တောင်ကြီး၊ စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးတိုင်အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားကို အကြိတ်အခဲ, အတုံးအခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူး ပင်တည်း။ ဤ ရေဓာတ်မှတစ်ပါး အကြိတ်အခဲဖြစ်အောင် ဖွဲ့စည်းသော ဓာတ်ဟူ၍ မရှိပြီ။ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီးရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏခြင်း စကြဝဠာတောင်ကြီး၌ ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့ သည်ဖြစ်အံ့၊ ထိုစကြဝဠာတောင်ကြီးသည် ယခုခဏခြင်း ပျောက်ရာ၏။ မဟာ ပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ မဟာပထဝီမြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

အဘယ့်ကြောင့်နည်းဟူမူ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင်၊ စကြဝဠာတောင်၊ သိလာပထဝီဖြစ်၍နေသော တစ်ခဲနက်သော ပရမတ်မြေ၊ ပရမတ်ရေ၊ ပရမတ်မီး၊ ပရမတ်လေတို့သည် တစ်ပါးကို တစ်ပါး ထောက်ပံ့မှုမှီတွယ်မှု အစည်းအရုံး ခဏခြင်း ကင်းလွတ်ကြလေကုန်၏။

နိဗ္ဗာန်မှတစ်ပါးသော သင်္ခတလက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ပံ့မှု မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက် ရှည်၍ တည်နေနိုင်သောမည်သည် မရှိလေကုန်။

မြင့်မိုရ်တောင်ကြီး၊ စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးတို့၌ ပရမတ် ရေဓာတ် သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှုဟူသော မြေဓာတ်နှင့်မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ ။ အဆင်းသဏ္ဌာန် အထည်ဒြပ်စု ခုခံ၍နေတတ်သည်။ ။ ကြည့် ရှုသော ဓမ္မဝဝတ္ထာနဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်စု ခုခံ၍နေခဲ့လျှင် နောက်၌ ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။ ။ ပရမတ် အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ကို မြင်နိုင်သည်။

www.dhammaransi.com



မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟု ဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင့်မိုရ်, မဟာပထဝီတစ်ခုလုံး၌ အကြိတ်အခဲ အဆံအမာမရှိသည့်အတွက် မှန်ထဲ, ရေထဲမှာ ထင်မြင်ရသော မိုးရိပ်, တိမ်ရိပ်, နေဝန်း, လဝန်းရိပ်, သစ်ပင်ရိတ်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်။ မြင့်မိုရ်တောင် မဟာပထဝီတို့၌ ထင်မြင်နိုင်သောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှုမြင်မှု အလွန်လွယ်လှတော့သည်။ သတ္တဝါသန္တာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်။ မြင့်မိုရ်, မဟာပထဝီတို့ကချီ၍ ပြလိုက်သည်မှာ သတ္တဝါသန္တာန်၌ ထင်လွယ်မြင်လွယ်အောင် ချီလိုက်သည်။ ။ မိမိသန္တာန်၌ ဦးခေါင်း, ခြေဖဝါးထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတစ်ပါးသန္တာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

**အာပေါဓာတ်ပေါက်အောင်ခွဲ၍ ပြဆိုခန်း ပြီး၏။**

## တေဇောဓာတ်ကို ခွဲ၍ ပြဆိုခန်း

ပရမတ်နှစ် မီးအစစ်ကား ပူမှု, အေးမှုဟူသော အမူအရာ ကြိယာမှု သက်သက်သည် ပရမတ်နှစ် မီးအစစ်မည်၏။ ။ ပူမှု, အေးမှုဟူသည်လည်း ကလာပ်တူ မဟာဘုတ်သုံးပါးတို့ကို ရင့်မာသန့်စွမ်းအောင် ပေါင်းနွေးမှုပေတည်း။ အပူစွမ်း, အအေးစွမ်း နှစ်ပါးစုံသည်ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသီးအသီး အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွေးမှုရှိသည်ချည်း ဖြစ်သည်။

အမိဝမ်းမှ ဥ၍ မြို့၌တည်ရှိသော ကြည်ဥတို့သည် အမိဖြစ်သူ ကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန့်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။

ဤအတူ တေဇောဟူသော ဤဓာတ်မီးသည် အမိကြက်မနှင့်တူသည်။

www.dhammaransi.com



အတူတကွဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ် ဤဓာတ်ကြီးသုံးပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကုန်သည်။ မီးဓာတ်နှင့်အတူ တွဲဖက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ လေဓာတ်ဟူသော အဖုန်အဟုမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ, သီဒါရေ, ကမ္ဘာကိုခံသောရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သည်သာတည်း။ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွားကာ နေကြရကုန်သည်။ မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီမြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သည်သာတည်း။

တစ်ပါးသော ဓာတ်တို့နှင့် မရောမနှောစေပဲ မီးဓာတ်သက်သက်ကို ရှုသောအခါ အေးသောဝတ္ထုတို့၌ အေးမှုသက်သက်ကို ရှုရမည်။ ပူသောဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်။ အဆင်းသဏ္ဌာန်အထည်ဒြပ် ပညတ်နှင့်ရောနှော၍ မနေစေနှင့်။ ။ ပူမှု, အေးမှုဟူသော ဤပရမတ်ဓာတ်မီး၏ အဏုမြူမှု အဆံအမာ အထည်ဝတ္ထုမရှိကြောင်းကား ထင်ရှားပါ၏။

အဆံအမာ အထည်ဝတ္ထုဟူ၍ အဏုမြူမှုမရှိသည့်အတွက်ကြောင့် ဤဓာတ်မီးကို အမြင်စင်ကြယ်သောအခါလည်း ရေကြည်, မှန်ကြည်စသည်တို့၌ နေဝန်း, လဝန်းတို့အရိပ်၊ တိမ်ရိပ်၊ မိုးရိပ်တို့သည် ဉာဏ်အမြင်မှာသာ ကြီးကျယ်၍ အထည်ဒြပ်မရှိကြောင်း ထင်ရှားလိမ့်မည်။ ။ မိမိကိုယ်ကိုရှုသောအခါ ဉာဏ်မြင်နိုင်ရုံ ပိုင်း၍ပိုင်း၍ ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သတ္တဝါအနန္တမှာပင် ထင်မြင်နိုင်တော့သည်။

**တေဇောဓာတ်ကို ခွဲ၍ပြဆိုခန်း ပြီး၏။**

## ဝါယောဓာတ်ကို ခွဲ၍ပြဆိုခန်း

မီးတောက် မီးခိုး၏အတွင်း၌ မီးဓာတ်၏အာနုဘော်ကြောင့် မီးဓာတ်ကိုပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီးပင့်မှုဟူသော ဝါယောသည် ပါရှိ၏။ ထိုဝါယောအတွက်ကြောင့် မီး၏ပြန့်ပွားခြင်း, မီးရှိန်၏ပြန့်ပွားခြင်း, မီးရောင်၏

www.dhammaransi.com



ပြန့်ပွားခြင်း, မီးတောက်၏လူလူတက်ပွားခြင်း, အခိုးထွက်ခြင်း, အဆင့်ဆင့် မီးကူးခြင်းအစရှိသော မီးဓာတ်၏ပြန့်ပွား စည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန် ကြသကဲ့သို့ထိုအတူ ဝါယောမည်သော ဤလေဓာတ်သည် ပူမှု, အေးမှုဟူသော မီးဓာတ်၏အရှိန်အဝှန်ပေတည်း။ မီးစာရှိရာ၌ အနည်းငယ်ချထားသော မီးသည် ထိုအရှိန်, အဝှန်ကြောင့် မီးစာရှိသမျှ အကုန်ပြန့်ပွားနိုင်သည်။

မီး၌အတွင်းက အရှိန်အဝှန်ညှံ့၍ မပွားတည့်နိုင်၊ မတောက်တည့်နိုင်ရှိလျှင် ယပ်နှင့်ယပ်၍ ပြောင်းနှင့်မှုတ်၍ အပက အရှိန်အဝှန်ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန် ပူဟုန်ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန် အေးဟုန်ရှိမြဲ၊ ပူမှု, အေးမှုကား တစ်ခြား၊ အရှိန်အဝှန်ကား တစ်ခြား၊ ပူမှု, အေးမှုကား ပရမတ်မီးဓာတ်တည်း။ အရှိန်အဝှန်ကား ပရမတ်လေဓာတ်တည်း။

ထိုအရှိန်အဝှန်ဟူသော လေဓာတ်သည် ကလာပ်တူဖြစ်သော မြေဓာတ်, လေဓာတ်, မီးဓာတ်တို့၏ အားခွန်ဗလလည်း မည်၏။ ။ ထိုအရှိန်အဝှန်ပွားရာ ကလာပ်တူ မဟာဘုတ်ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏။ ထိုအဟုန် အဝှန်သည် အလွန်ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်လေ၏။ ထိုအဟုန် အဝှန်သည် လေမွှေ့ရာ, လေခေါင်းအုံးစသည်တို့ကဲ့သို့ ထောက်ကန်, တောင့်တင်းမှု၊ ချီးပင့်ထမ်းဆောင်မှုဖြစ်၍ ဝိတ္ထမ္ဘနလက္ခဏာဟု ကျမ်းဂန်တို့၌ ဆိုပေသည်။

မြင့်မိုရ်တောင်, စကြဝဠာတောင်, သိလာပထဝီစသည်တို့၌ရှိသော သီတဓာတ်မီးသည် ထိုအဟုန်အဝှန်ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း, ခဏတိုင်း ပွားများ၍ ကမ္ဘာပျက်သည်တိုင်အောင် ရုပ်ကလာပ်အဆက်ဆက်တို့ကို ပွားများစေနိုင်သည်။ ။ (မြင်အောင်ကြည့်။)

## ဝါယောဓာတ်လှုံ့ဆော်ပုံ

ဟဒယဝတ္ထုဌ် ဖြစ်ပေါ်သော တစ်ခုတစ်ခုသောစိတ်ကြောင့် ခဏခြင်း ခဏခြင်း တစ်ကိုယ်လုံး စိတ္တဇရုပ်ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဥတုဇရုပ်ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဝမ်းထဲသို့ရောက်သော အစာအာဟာရဓာတ်တို့၏ တစ်ကိုယ်လုံး

www.dhammaransi.com



အနံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု၊ ကလလရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု၊ အညွန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်, ချုံမြက်တို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။ မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီမြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ရှုရှု ရှုရှုထင်အောင် ကြည့်လေ။

မိမိကိုယ်မှစ၍ အကုန်လုံးနှံ့အောင်ကြည့်။ ။ ဦးထိပ်မှစ၍ ခြေဖဝါးတိုင် အလင်းပေါက်အောင်ကြည့်။ ။ ဤဓာတ်လည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆံအမာဟူ၍ အဏုမြူမျှမရှိသည့်အတွက်ကြောင့် ရေထဲ, မှန်ထဲ၌ထင်သော လူရိပ်စသည်ကဲ့သို့ ထင်မြင်လိမ့်မည်။ ။ မျက်စိတွင် မြင်နေကျဖြစ်သော အဆင်းသဏ္ဌာန်အထည်ဒြပ် ပညတ်ကြီး ခုခံ၍နေတတ်သည်။ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့်မှုတ်လွင့်၍ ပစ်လေ။

ဝါယောဓာတ်ကိုခွဲ၍ ပြဆိုခန်း ပြီး၏။

## ဓာတ်ကြီးလေးပါးတို့ အဖြစ်အပျက်ကို ပြဆိုခန်း

(၁) ခက်မာမှု,

(၂) ဖွဲ့စည်းမှု,

(၃) ပေါင်းနွေးမှု,

(၄) အရှိန်အဟုန်မှု,

ဤလေးခုသော အခြင်းအရာ အမူအရာကြိယာကြီးတို့သည် သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားကြကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှုကို မ, တည်ပြု၍ တစ်ခုတည်းကဲ့သို့ ကည်ကြကုန်၏။ ဖြစ်အတူ ပျက်အတူ တည်အတူတို့သာတည်း။

ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည်ဖြစ်၍ ကြွင်းသော ဓာတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်။ ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ်ပျက်ဆုံးလျှင် အဖွဲ့အစည်းပျက်သဖြင့် တစ်ပါးနှင့်တစ်ပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။ ပေါင်းနွေး၍ ထက်သန်အောင်

www.dhammaransi.com



ပြုမှုဟူသော မီးဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓာတ်သုံးပါးတို့သည် မိမိတို့ သဘောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံးပျက်ဆုံးကြ တော့သည်။ ကြံ့ခိုင်တောင့်တင်းမှုဟူသော လေဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်း သောဓာတ်တို့သည်လည်း အားပြတ်၍ ပျက်ဆုံးကြကုန်တော့သည်။

မီးဟူသော ပူမှု, အေးမှု လှုံ့ဆော်၍ တလှုပ်လှုပ်ဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့်တွဲရမှ ဖြစ်နိုင်သည်။ လေဓာတ်မရှိလျှင် အားပြတ်၍ ခဏခြင်း ကွယ်ဆုံးလေ၏။ ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာခြင်း ကြိယာကို ကြံ့, ရုံ့တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်း ကြိယာကို ကြံ့ရုံ့တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

ဤကား အခြင်းအရာ လေးပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ၊ တစ်ပါး ပျက်လျှင် အကုန်လုံးပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း။

ထိုဓာတ်ကြီးလေးပါးတို့၏ သက်ရှိသက်မဲ့ သန္တာန်နှစ်ပါးတို့၌ ဖြစ်ပုံ ဆန်းကြယ်မှုသည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ်အကြံရာ ကြီးကျယ်လှ စွာ၏။ ။ ထိုဓာတ်လေးပါးတို့၏ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း မကြံအပ်မကြံ ရာ ကြီးကျယ်လှ၏။ ။ ဤဓာတ်လေးပါးကို ဘုရား၏နည်းလမ်းနှင့် အထင် အမြင်ထိုးထွင်း၍ ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် နိဗ္ဗာန ပဋိဝေဓ ဉာဏ်အလင်းသို့ ပေါက်ရောက်နိုင်၏။ လောကုတ္တရာ ဝိဇ္ဇာဉာဏ်ပေါက်၏။ လောကီဝိဇ္ဇာတို့၏နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကီဝိဇ္ဇာလမ်း ပေါက်၏။ ။ အလတ်ဖြစ်သော လောကီနည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း, ဓာတ်လမ်း, စက် ကြိယာလမ်း ပေါက်၏။

## အချုပ်အချာဓာတ်

ထိုဓာတ်လေးပါးတို့၌ အချုပ်အချာ ဦးစီးကိုင်ကား တေဇောပေတည်း။ စကြဝဠာ ကမ္ဘာမြေရေနှင့်တကွ ရုပ်သဏ္ဌာန်နှင့်စပ်သော သက်ရှိသက်မဲ့ အလုံးစုံ

www.dhammaransi.com



သည် တေဇောဓာတ်၏အစီးအပွားချည်းတည်း။ ဓာတ်မီး၏အစီးအပွားချည်းတည်း။ တေဇောဟူသော ဓာတ်မီး၏ ဣဒ္ဓိပါဒ်တန်ခိုး အကျိုးအသွားကို ဘုရားသဗ္ဗညု တို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း။

ဤတွင် ဓာတ်လေးပါးတို့၏ ဖြစ်ပုံပျက်ပုံကို ပြဆိုခန်း ပြီး၏။

## အာကာသဓာတ်ကို ပြဆိုခန်း

ဤပြဆိုခဲ့ပြီးသော ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တည်းဟူသော မြေ, ရေ, လေ, မီးဓာတ်ကြီးလေးပါးတို့သည် ကံကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါး၊ စိတ်ကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါး၊ ဥတုကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါး၊ အာဟာရကြောင့်ဖြစ်သော ဓာတ်ကြီး လေးပါးဟူ၍ အသီးအသီး အကြောင်းအားလျော်စွာ သူ့အကြောင်းနှင့်သူ, ဓာတ်ကြီးလေးပါးတစ်စု လေးပါးတစ်စုစီ တဖွားဖွား ဖြစ်ပေါ်၍ နေကြကုန်၏။ ထိုဓာတ်ကြီးလေးပါးတစ်စုကို ကလာပ်တစ်ခု, တစ်စုကို ကလာပ်တစ်ခုဟု ဆိုရ၏။ ထိုရုပ်ဓာတ်ကြီး ကလာပ်တစ်ခုနှင့် ကလာပ်တစ်ခုကို မရောမနှောစေခြင်းငှါ အခြားအခြားဖြစ်သော ပရိစ္ဆေဒရုပ်ကို အာကာသဓာတ်ဟု ဆိုရသည်။

ဆိုအပ်ခဲ့ပြီးသော ဓာတ်ကြီးလေးပါးတို့သည် ဖြစ်အတူ ပျက်အတူ ဖြစ်ကြသော်လည်း ဤအာကာသဓာတ်ကြီး ခြား၍နေသည့်အတွက် ကလာပ်တူ ဓာတ်ကြီးတို့သာ ဖြစ်အတူ ပျက်အတူ ဖြစ်နိုင်၏။ ပကတိမျက်စိအမြင် အထင်မှာ သတ္တဝါသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓရုပ်ခဲ ရုပ်စု၌လည်းကောင်း၊ တစ်လုံးတည်း တစ်ခဲတည်းကဲ့သို့ ထင်မြင်၍ နေကြသည်။ အာကာသဓာတ်ကို မထင်မမြင်ကြ။ ထိုမြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးတို့၏ စုပေါင်း၍နေသော မြင့်မိုရ်တောင်ကြီး၊ စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးစသော ဗဟိဒ္ဓအထည်ဝတ္ထုတို့၌ ရုပ်ကလာပ်တို့၏ အကြား, အကြား၊ အာကာသဓာတ်ခြားလျက် ရှိ၏။ ရုပ်ကလာပ် တစ်ခုနှင့် ရုပ်ကလာပ်တို့၏ အကြား၌ ကောင်းကင်ကြီး ရှိ၏ဟု ဆိုလိုသည်။

ထိုကောင်းကင်တည်းဟူသော အာကာသဓာတ်ကြီးကို ပိုင်ပိုင်ကြီး သိရှိမှ ရုပ်ကလာပ်တစ်ခုစီ, တစ်ခုစီ အသိဉာဏ် ကွဲလိမ့်မည်။ ထိုတစ်ခုစီ, တစ်ခုစီ

www.dhammaransi.com



ရုပ်ကလာပ်အသိဉာဏ်ကွဲမှ လက္ခဏတ္တယဉာဏ်အလင်းကြီးသို့ ပေါက်ရောက်အောင် ပြုလုပ်အားထုတ်ရာ လက္ခဏတ္တယဉာဏ်အလင်းကြီးသို့ ပေါက်ရောက်နိုင်မည်။ ရုပ်အထည်ဝတ္ထုရှိသော သက်ရှိသက်မဲ့ အလုံးစုံတို့၌ ဤအာကာသဓာတ်ကြီးကို ထင်မြင်အောင် ကြည့်လေ။

ဤအာကာသဓာတ်ကြီးသည် ဥပါဒ်ဇာတိရှိသော ဓာတ်မျိုးမဟုတ်။ ဥပါဒ်ဇာတိရှိသော ရုပ်ကလာပ်ဓာတ်ကြီးလေးပါးတို့၏ အကြား ကောင်းကင်ကြီးဖြစ်၍ အနိစ္စသဘောလက္ခဏာ ဒုက္ခသဘောလက္ခဏာ အနတ္တသဘောလက္ခဏာ ဉာဏ်ပေါက်အောင် ကြည့်ရှုရန် မလို၊ လက္ခဏတ္တယဉာဏ်ဖြင့် ထိုအာကာသဓာတ်ကို မရှုရပြီ။ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးတို့ကို လက္ခဏတ္တယဉာဏ် ပေါက်ရောက်အောင် ရှုရာမှာသာ ထင်ရှားပေါ်လွင်ရန် ဤအာကာသဓာတ်ကို ပေါက်ရောက်အောင် သိရှိရလေသည်။

**အာကာသဓာတ်ကြီးကို ပြဆိုခန်း ပြီး၏။**

## ဝိညာဏဓာတ်ကို ပြဆိုခန်း

ဝိညာဏ်ဓာတ် ဆိုသည်ကား- ထိုထိုအာရုံကိုသိသော အသိဓာတ်ကို ဆိုသည်။ ။ ထိုအသိဓာတ်သည်-

၁။ စက္ခုဝိညာဏ် အသိဓာတ်တစ်မျိုး၊

၂။ သောတဝိညာဏ် အသိဓာတ်တစ်မျိုး၊

၃။ ဃာနဝိညာဏ် အသိဓာတ်တစ်မျိုး၊

၄။ ဇိဝှါဝိညာဏ် အသိဓာတ်တစ်မျိုး၊

၅။ ကာယဝိညာဏ် အသိဓာတ်တစ်မျိုး၊

၆။ မနောဝိညာဏ် အသိဓာတ်တစ်မျိုး- ဟူ၍ အသိဓာတ်ဝိညာဏ် ခြောက်မျိုး ရှိ၏။ ထိုတွင် -

စက္ခုဝိညာဏ် - ထိုထို အဆင်းတည်းဟူသော ရူပါရုံနှင့် ဆုံမိသောအခါ မျက်စိထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏။

www.dhammaransi.com



သောတဝိညာဏ် - ထိုထို အသံတည်းဟူသော သဒ္ဒါရုံနှင့် ဆုံမိသောအခါ နားထဲမှာ ဖြစ်ပေါ်လာသော အသိစာတ်ဝိညာဏ်သည် သောတဝိညာဏ်မည်၏။

ဃာနဝိညာဏ် - ထိုထို အနံ့တည်းဟူသော ဂန္ဓာရုံနှင့် ဆုံမိသောအခါ နှာခေါင်းထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် ဃာနဝိညာဏ်မည်၏။

ဇိဝှါဝိညာဏ် - ထိုထို အရသာတည်းဟူသော ရသာရုံနှင့် ဆုံမိသောအခါ လျှာပေါ်မှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် ဇိဝှါဝိညာဏ်မည်၏။

ကာယဝိညာဏ် - ထိုထို အထိအတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံနှင့် ဆုံမိသောအခါ တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ ဖြစ်ပေါ်လာသော အကြင်ဝိညာဏ်ဓာတ်သည်ကား ကာယဝိညာဏ်မည်၏။

မနောဝိညာဏ် - သဒ္ဒါ, သီလ, သုတ, စာဂ အစရှိသော၊ လောဘ, ဒေါသ, မောဟ အစရှိသော ကောင်း, မကောင်းသော ထိုထိုဓမ္မာရုံနှင့် ဆုံမိသောအခါ နှလုံးခေါ်သော ဟဒယဝတ္ထုမှာ ဖြစ်ပေါ်လာသော အမျိုးမျိုးသော အသိဝိညာဏ်သည် မနောဝိညာဏ်မည်၏။

မျက်စိဖြင့် ထိုထို အဆင်းသဏ္ဌာန်ကို မြင်သေအာခါ ငါမြင်သည်ဟု မှတ်ထင်စွဲလမ်းကြသည်ကား စက္ခုဝိညာဏ်ကို စွဲလမ်းသော ဒိဋ္ဌိတည်း။ ဉာဏ်ဖြင့် ထိုထိုမြင်မှုကို ဓာတ်တစ်ခု အသီးအခြားဖြစ်သည်ဟု ပိုင်နိုင်စွာ သိရာ၏။

နားဖြင့် ထိုထိုအသံကို ကြားသောအခါ၊ နှာခေါင်းဖြင့် ထိုထိုအနံ့ကို နံသောအခါ။ လျှာဖြင့် ထိုထိုအရသာကို ခံစံသောအခါ။ ကိုယ်အင်္ဂါအစိတ်ဖြင့် ထိုပူမှု, အေးမှု အနုအကြမ်းကို ထိမှန်းသိသောအခါတို့၌လည်း ထိုနည်းတူ ဓာတ်အသီးအခြားကို သိလေ။

မနောသက်သက်ဖြင့် ထိုထိုအာရုံဝတ္ထုကို အမှုအခွင့်ကို ထွေထွေလာလာ ကြံဖန်သောအခါ၊ သိသောအခါ၊ ငါကြံဖန်သည်၊ ငါသိသည်ဟု မှတ်ထင်စွဲလမ်းမှုကား သက္ကာယဒိဋ္ဌိတည်း။ ဉာဏ်ဖြင့် ထိုကြံဖန်မှု သိမှုတို့ကို ဓာတ်အမှု ဖြစ်သည်ဟု ပိုင်နိုင်စွာ သိရာ၏။

သိပုံကား- ရူပကာယကြီးသည် အနာပုပ်ကြီးနှင့်တူ၏။ အသိဝိညာဏ် ခြောက်ပါးသည် အနာပုပ်ကြီးမှ ထိုထိုနေရာ၌ကျ၍ တရွရွနေကြသော သံသေဒဇ

www.dhammaransi.com



ပိုးငယ်တွေနှင့်တူ၏။ ။ ဝိညာဏ်မည်သည် နာမ်တရားဖြစ်၍ အထည်ဝတ္ထု မရကောင်းသော်လည်း မျက်စိအစရှိသော ရုပ်အပြင်မှ အသီးအခြား တစ်ပါးသော အခြင်းအရာဖြင့် ဉာဏ်မျက်စိတွင် ထင်သာ, မြင်သာရှိအောင် မှန်းခြေထား၍ ပိုင်းခြားရမည်။

စက္ခု, သောတ အစရှိသော ရုပ်စုကို အလွန်ကြည်လှစွာသော ရေပွက်ကလေးတွေ အနေထား၍ ဝိညာဏ်ခြောက်ပါးကို ထိုရေပွက်ကြည်ကလေးတွေမှာ ပေါ်ရှိ၍နေသော အရိပ်ကလေးတွေကဲ့သို့ မှန်းခြေထား၍ ပိုင်းခြားရမည်။

နောက်ဆင်ခြင်ခြင်း ရှုမြင်ခြင်များ၍ ဉာဏ်သိမ်မွေ့၍လာသောအခါ နာမ်အခြင်းအရာတိုင်းပင် ထင်မြင်နိုင်လတ္တံ့၊ ထိုသို့ပင် မထင်နိုင်မူ၍ အရိပ်အခြင်းအရာ၊ ရေပွက်ငယ်အခြင်းအရာ၊ နှင်းပေါက်ငယ် အခြင်းအရာမျိုး အနေပင် ထင်မြင်သော်လည်း ကိစ္စမရှိ။ မြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှု, ကြံဖန်မှုတို့ကို အသိဉာဏ်မှာ ငုံမိ ခြုံမိ သိမ်းပိုက်မိလျှင် ပြီးတော့သည်။ မှန်းခြေထား၍ ကြည့်ရှုသော ဝတ္ထုက တစ်ခြားနေ၍ မြင်မှုမှာ ငါမြင်သည်ဟူသော သက္ကာယဒိဋ္ဌိ၏လက်ထဲက မလွတ်ဘဲနေခဲ့လျှင်မူကား ဓမ္မဝဝတ္ထာနဉာဏ်အလင်းသို့ မရောက်သေး။ ငါမြင်သည်ဟူသော ထင်မြင်မြဲတိုင်းသော သက္ကာယဒိဋ္ဌိ၏ လက်မှ လွတ်၍ ဉာဏ်၏လက်တွင်းမှာ ဆုပ်မိ, ကိုင်မိ, ငုံမိ, ခြုံမိ, သိမ်းပိုက်မိလျှင် ပြီးတော့သည်။

နိဒ္ဒေသပါဠိ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ ''**ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ**''–ဟူ၍ ဟောတော်မူသဖြင့် လျှပ်စစ်နွယ်ပန်း၏ ဖြစ်ခြင်း၊ ပျက်ခြင်း လျင်မြန်သကဲ့သို့ မျက်တောင်တစ်ခတ်အတွင်း စသည်၌ အလျင်အမြန် ဖြစ်နိုင်ချုပ်နိုင်သော အခြင်းအရာကို ထင်မြင်စေရမည်။

အနိစ္စ, ဒုက္ခ, အနတ္တရှုမှုသည် နိစ္စသညာ၊ သုခသညာ၊ အတ္တသညာ၊ သတ္တ, ပုဂ္ဂလ, ဇီဝသညာတို့ကို ဖျက်ဆီးမှုပေတည်း။ လျှပ်ကဲ့သို့ ဖြစ်မှု, ပျက်မှု မြန်သည်ကို ထင်မြင်နိုင်လျှင် ခိုကိုးရာမဟုတ်သော အနိစ္စအဖြစ်၊ ဒုက္ခအဖြစ်၊ အနတ္တအဖြစ်၊ သတ္တ, ပုဂ္ဂလ, ဇီဝမဟုတ်သောအဖြစ် ထင်ရှားလှလေပြီ။ ထိုအဖြစ် ထင်ရှားလျှင် ဓမ္မဝဝတ္ထာနဉာဏ်အလင်းကြီး ကိစ္စပြီးစီးနိုင်တော့သည်ဖြစ်၍

www.dhammaransi.com



လျှပ်စစ်ရောင် ဥပမာကို ပြတော်မူကြပေသည်။ နာမ်ရုပ်တရားတို့၏ ဖြစ်မှု, ပျက်မှုတို့သည်ကား လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်တစ်ရာ တစ်ထောင်မက ဖြစ်နိုင် ပျက်နိုင်သည်။ ထိုသို့သော ခဏိကအချက် ဖြစ်မှု, ပျက်မှုတို့သည်မူကား သတ္တဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြား၍ ထင်မြင်နိုင်သောအရာစု မဟုတ်ကုန်ပြီ။ မထင်မြင်နိုင်သောအရာကို ဝိပဿနာ၏အချက် အကွက်ပြု၍ ရှုသည်ရှိသော် အနှစ်တစ်ရာ အနှစ်တစ်ထောင်ပင် ရှုသော်လည်း ဝိပဿနာဉာဏဒဿန အဏုမြူမျှ ဖြစ်ခွင့်မရှိ။ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိလေသည်။ အဘယ့်ကြောင့်နည်းဟူမူ နာမ်တရားတို့မှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်ခန့် ကာလအတွင်းမှာ ကုဋေအသိန်းမက ဖြစ်မှု, ပျက်မှု မြန်သည်ဟု ကျမ်းဂန်တို့မှာ လာသည်။ ပကတိလူတို့မှာ မျက်တောင်တစ်ခတ်ဆိုလျှင်ပင် အလွန်မြန်လှလေပြီ။ ကျမ်းဂန်အဆိုအတိုင်း ကျနလေအောင် မျက်တောင်တစ်ခတ်မှာ အချက်ပေါင်း ကုဋေတစ်သိန်း ထင်မြင်နိုင်အောင် ရှုမည်ဟု ကြံစည်ခြင်းငှါပင် မထိုက်လေသောကြောင့်တည်း။ ထို့ကြောင့် ဆိုခဲ့ပြီးသောအတိုင်း ခိုကိုးရာမရှိအောင် ဖြစ်မှု, ပျက်မှု မြန်သည်ကို ထင်မြင်နိုင်သည်သာ ပမာဏဟု မှချ ယုံကြည်ရမည်။

ထိုသဗ္ဗညုတဉာဏ်တော်အရာနှင့် အဘိဓမ္မာကျမ်းဂန်တို့၌ ပြဆို၍ထားသောအရာအချက်များကို နားယောင်၍ စက္ခုဒွါရ တစ်ဝီထိအတွင်းမှာ ဖြစ်မှု, ချုပ်မှုများကို လက္ခဏာရေး တင်သည်ဟု ပြောဆိုကြသော အရာများသည် ယောင်ယမ်းကာသာ ဖြစ်၏။ ဝိပဿနာဉာဏဒဿနအစစ် ဖြစ်နိုင်ရန်အခွင့်အလွန် ဝေးလှ၏ဟု မှတ်လေ။

**ဝိညာဏဓာတ်ကို ပြဆိုခန်း ပြီး၏။**

## အလင်းကြီးကို ပိုင်နိုင်ပုံ

ဤသို့ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး၊ အာကာသဓာတ်တစ်ပါး၊ ဝိညာဏဓာတ်တစ်ပါး၊ ဤခြောက်ပါးတို့ကို ဆိုခဲ့ပြီးသည့်အတိုင်း မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီ, သမုဒ္ဒရာစသော ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ လူသတ္တဝါ, နတ်, ဗြဟ္မာစသော ပုဂ္ဂိုလ်သန္တာန်၌လည်းကောင်း

www.dhammaransi.com



ထိုက်သည့်အားလျော်စွာ ဓာတ်ပေါက်အောင် ကြည့်ရှုမှု ပိုင်နိုင်ပါလျှင် ဗုဒ္ဓဘာသာ ပထမအလင်းကြီးဟု ဆိုအပ်သော ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီးပိုင်နိုင်လေတော့သည်။

## တိုက်တွန်းချက်

ဤအဇ္ဈတ္တဗဟိဒ္ဓသန္တာန်တို့၌ ဤဓာတ်ခြောက်ပါး မပေါက်မရောက် မလင်းမခြင်းခဲ့ပါလျှင် ဗုဒ္ဓဘာသာ ပထမအလင်းကြီးကိုမျှ မရပဲ ဓမ္မသမ္မောဟ အမိုက်မှောင်ကြီး၏ အတွင်း၌သာ နစ်မြုပ်၍ ငုတ်တုတ်နေရလေ၏။ သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်ကျိုး တွေ့ကျိုးနပ်စေခြင်းငှါ ဤဓာတ်ခြောက်ပါးကို ပိုင်နိုင်အောင် အားထုတ်သင့်လှပေ၏။

**ဓမ္မဝဝတ္ထာနဉာဏ်အလင်းကြီးကို အကျယ်ပြဆိုခန်း ပြီး၏။**

## ၂- ပစ္စယပရိဂ္ဂဟဉာဏ်အလင်း

၂။ ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီး၌ အကျဉ်းဆုံးသောအားဖြင့် အဘယ်မျှလောက်သော ပစ္စယဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်မှ ဤပစ္စယပရိဂ္ဂဟဉာဏ်အလင်းကို ပေါက်ရောက်သနည်း။

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသဟူသော ရုပ်ဓာတ်ငါးပါးတို့၌ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား ၄-ပါး၊ ဝိညာဏ်ဟူသော နာမ်ဓာတ် ၁-ပါး၊ ဝတ္ထုအာရုံဟူသော အကြောင်းတရား ၂-ပါး၊ ဤဓာတ်ခြောက်ပါးတို့၏ အကြောင်းတရားခြောက်ပါးတို့ကို ဉာဏ်အမြင်ပေါက်ရောက်သည်ရှိသော် ဤပစ္စယပရိဂ္ဂဟဉာဏ်အလင်းသို့ ပေါက်ရောက်နိုင်၏။

## အကြောင်းတရား ၄-ပါးကြောင့် ဓာတ်ကြီး ၄-ပါး ဖြစ်ပုံ

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူသော ဤဓာတ်ကြီးလေးပါးတို့သည် -

၁။ ကံကြောင့်ဖြစ်သည် လေးပါး၊

www.dhammaransi.com



၂။ စိတ်ကြောင့်ဖြစ်သည် လေးပါး၊

၃။ ဥတုကြောင့်ဖြစ်သည် လေးပါး၊

၄။ အာဟာရကြောင့်ဖြစ်သည် လေးပါး- ဟူ၍ လေးပါးလေးလီ ရှိကုန်၏။

အာကာသဓာတ်မှာ ဥပါဒ်ဇာတိရှိသော တရားမျိုးမဟုတ်၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ကြကုန်သော ရုပ်ကလာပ်တို့၏ အကြောင်းမျှသာဖြစ်၍ အကြောင်းအသီးအခြား မရှိပြီ။ ပစ္စယဓမ္မကို အာကာသဓာတ်ပေါ်မှာ မခွဲမရှာရပြီ။ ထိုအကြောင်းတရား လေးပါးတို့တွင် -

ကံဆိုသည်ကား- ရှေးဘဝတို့၌ ပြုခဲ့ကြသော ဒါန, သီလစသော ကုသိုလ်ကံမျိုး၊ ပါဏာတိပါတ အဒိန္နာဒါနစသော အကုသိုလ်ကံမျိုးဟူ၍ နှစ်မျိုးရှိ၏။

ကံကြောင့်သာဖြစ်ကောင်းသော ရုပ်မျိုးကား အသက်ခေါ်သော ဇီဝိတရုပ်၊ နှလုံးခေါ်သော ဟဒယဝတ္ထုရုပ်၊ မိန်းမသဏ္ဍာန် ဖြစ်ပေါ်ရန်အကြောင်းဖြစ်သော ဣတ္ထိဘာဝရုပ်၊ ယောကျ်ားသဏ္ဍာန် ဖြစ်ပေါ်ရန်အကြောင်းဖြစ်သော ပုမ္ဘာဝရုပ်တို့နှင့် စက္ခုအကြည်ရုပ်၊ သောတအကြည်ရုပ်၊ ဃာနအကြည်ရုပ်၊ ဇိဝှါအကြည်ရုပ်၊ ကာယအကြည်ရုပ်တို့တည်း။ ။ ဤရုပ်တို့ကား ရှေးကံဟောင်းကြောင့်သာ ဖြစ်ကုန်၏။

## ကံဟောင်းကြောင့် ဖြစ်ရာ၌ ယုတ္တိ

ထိုစကားမှန်၏။ အသက်ခေါ်သော ဇီဝိတရုပ်သည် တစ်ဘဝတွင် တစ်ကိုယ်လုံး၌ တစ်ကြိမ်ပျက်ဆုံးခဲ့သော် ဥတု အာဟာရ ဆေးဝါး ဓာတ်စာတို့နှင့် တစ်ဖန် အသစ်ဖြစ်ပေါ်ရန် ပြုစုပျိုးထောင်၍ မရပြီ။ ဤကိုယ်ခန္ဓာ ပျက်ဆုံးရတော့သည်။ ဘဝတစ်ပါး ပြောင်းသွားရတော့သည်။ နှလုံးခေါ်သော ဟဒယဝတ္ထုရုပ် ပျက်ဆုံးရာ၌လည်း ထို့အတူ ဖြစ်၏။ ။ စက္ခုအကြည်ရုပ် ပျက်ဆုံးခဲ့သော် ဆေးဝါးဓာတ်စာနှင့် ကုလေသော်လည်း မရပြီ။ မျက်စိပျက်ရတော့သည်။ သောတအကြည်, ဃာနအကြည်၊ ဇိဝှါအကြည်၊ ကာယအကြည်တို့၌လည်း ထို့အတူ ဖြစ်၏။ ထို့ကြောင့် ထိုရုပ်တို့သည် ပဋိသန္ဓေအခါမှစ၍ သူ့အစဉ်နှင့်သူ အလျှင်မပြတ်ဖြစ်ခွင့်ရမှ ဖြစ်နိုင်ကြကုန်၏။ အလျှင်တစ်ကြိမ် ပြတ်ခဲ့သော် ယခုဘဝ

www.dhammaransi.com



အကြောင်းရာနှင့် ပြုစုပျိုးထောင်၍ မရကြကုန်ပြီ။ ကမ္မဇဓာတ်ကြီးလေးပါးတို့လည်း ထိုနည်းတူ မှတ်လေ။

ကံကြောင့်ဓာတ်ကြီး ၄-ပါးဖြစ်ပုံ ပြီး၏။

စိတ်ဆိုသည်ကား- အကုသိုလ်စိတ်တစ်မျိုး, ကုသိုလ်စိတ်တစ်မျိုး, အဗျာကတစိတ်တစ်မျိုးဟူ၍ သုံးမျိုးရှိ၏။ ။ အကုသိုလ်စိတ်တစ်မျိုးသည် လောဘစိတ်မျိုး, ဒေါသစိတ်မျိုး, မောဟစိတ်မျိုး, မာနစိတ်မျိုး, ဣဿာစိတ်မျိုး, မစ္ဆရိယစိတ်မျိုး, ကုက္ကုစ္စစိတ်မျိုး, ဗျာပါဒစိတ်မျိုးသည် စသည်များပြား၏။ ။ ကုသိုလ်စိတ်သည် ဒါနစိတ်မျိုး, သီလစိတ်မျိုး, မေတ္တာစိတ်မျိုး, ကရုဏာစိတ်မျိုး, မုဒိတာစိတ်မျိုး, ဥပေက္ခာစိတ်မျိုး, သဒ္ဓါစိတ်မျိုး, ပညာစိတ်မျိုး, ဈာန်စိတ်မျိုး စသည်များပြား၏။ ။ အဗျာကတစိတ်မျိုးသည်လည်း ဝိပါက်စိတ်မျိုး, ကြိယာစိတ်မျိုး, အိပ်ပျော်သောစိတ်မျိုး, ပဋိသန္ဓေစိတ်မျိုး, ဘဝင်စိတ်မျိုး, အာဝဇ္ဇန်းစိတ်မျိုး, သန္တီရဏစိတ်မျိုး, သမ္ပဋိစ္ဆိုင်းစိတ်မျိုး, တဒါရုံစိတ်မျိုး, စုတိစိတ်မျိုး စသည်များပြား၏။

တစ်နည်း- ကာယကံစိတ်မျိုး, ဝစီကံစိတ်မျိုး, မနောကံစိတ်မျိုးဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ကာယကံစိတ်မျိုးသည်လည်း သွားစိတ်, ရပ်စိတ်, ထိုင်စိတ်, အိပ်စိတ်, ကွေးစိတ်, ဆန့်စိတ် စသည်များပြား၏။ ။ သွားစိတ်ဆိုသည်ကား- သွားခြင်း ဣရိယာပုထ်ကို လှုံ့ဆော်၍ ဖြစ်ပေါ်သောစိတ်တည်း။ ပထမခြေလှမ်းကို လှုံ့ဆော်သောစိတ်၊ ဒုတိယခြေလှမ်းကို လှုံ့ဆော်သောစိတ် စသည်ဖြင့် သွားစိတ်အစဉ် မပြတ်မစဲသမျှ ကာလပတ်လုံး သွားမှု, ခြေလှမ်းမှု မပြတ်မစဲ ဖြစ်၏။ ။ ဤသို့စသည်ဖြင့် ကိုယ်အင်္ဂါလှုပ်ရှားမှု အမျိုးမျိုးတို့၌ သူ့စိတ်နှင့်သူ့အမှု အသီးအသီး ဖြစ်ကြ၏။

ဥပမာကား- မီးရထားကြီးတစ်ခုမှာ ရေနွေးအိုးကြီးမှ အခိုးတစ်သုတ်တစ်သုတ်မှုတ်လျှင် စက်ကြိယာတစ်ခါ တစ်ခါလည်၏။ ခေါင်းတိုင်သို့ အခိုးတစ်သုတ် တစ်သုတ်ထွက်၏။ သူ့မှုတ်ချက်နှင့် သူ့စက်ကြိယာလည်ချက် သူ့အခိုးထွက်ချက် အသီးအသီး ဖြစ်ကြ၏။ စက်ရုံကြီး, စက်သင်္ဘောကြီးတို့၌လည်း

www.dhammaransi.com



သူ့အခိုးမှုတ်ချက်, သူ့စက်ကြိယာလည်ချက်, သူ့အခိုးတွက်ချက် အသီးအသီး ရှိကြသည်ကို မျှော်လေ။

## ကာယကံရုပ်အမျိုးမျိုးဖြစ်ပုံ

ထို့အတူ သွားခြင်း က္ကရိယာပုထ်မှာလည်း သူ့ခြေလှမ်းရုပ်နှင့် သူ့စိတ် အသီးအသီး ဖြစ်ကြ၏။ ပထမခြေလှမ်းကို လှုံ့ဆော်သောစိတ်သည် ပထမခြေလှမ်း ရုပ်ဆုံးရာ၌ ချုပ်ဆုံး၏။ ဒုတိယခြေလှမ်းကို လှုံ့ဆော်သောစိတ်မျိုး ဖြစ်ပေါ်၏။ ဒုတိယခြေလှမ်း၏ ဆိုင်ရာရုပ်လည်း တစ်မျိုးဖြစ်ပေါ်ပြန်၏။ ဒုတိယခြေလှမ်း ရုပ်ဆုံးရာ၌ ထိုစိတ်လည်း ချုပ်ဆုံး၏။ ဤနည်းတူ အလှမ်းတစ်ရာသွားခဲ့လျှင် စိတ်အကြိမ်ပေါင်းတစ်ရာ ရုပ်အကြိမ်ပေါင်းတစ်ရာ ချုပ်ဆုံး၏။ အလှမ်းတစ်ထောင် ချုပ်ဆုံး၏။ ရှေးရှေးခြေလှမ်း၏ ဆိုင်ရာဖြစ်သော စိတ်စု၊ ရှေးရှေးခြေလှမ်းခေါ်သော ရုပ်စုသည် နောက်နောက်ခြေလှမ်းသို့ မရောက်နိုင်။ သူ့ခြေလှမ်းနှင့်သူ အသီးအသီး ချုပ်ဆုံးလေ၏။ ခြေလှမ်းမှု၌ မိမိတို့ကိုယ်ခန္ဓာတစ်ခုလုံးမှာ အမျိုးမျိုးသော လှုပ်ရှားမှု အသစ်အသစ်တို့သည် ဖြစ်ပေါ်ကုန်၏။ စိတ်အသစ်အသစ်တို့ကြောင့် ဖြစ်ပေါ်သော ရုပ်အသစ်အသစ်တို့ပေတည်း။ တစ်နေ့တစ်နေ့အဖို့မှာ ဦးခေါင်းခြေလက်စသော ထိုထိုကိုယ်အင်္ဂါကြီးငယ်တို့ အထွေထွေအလာလာ လှုပ်ရှားမှု၊ ထွက်သက်ရှုမှု၊ ဝင်သက်ရှိုက်မှု၊ မျက်တောင်ခတ်မှု၊ ပါးစပ်လှုပ်မှု အစရှိသော အမျိုးမျိုးသော ကိုယ်အင်္ဂါလှုပ်ရှားမှုတို့မှာလည်း သူ့လှုပ်ရှားမှုနှင့် သူ့စိတ်အသီးအသီး မှတ်လေ။ ဤကား ကာယကံစိတ် အမျိုးမျိုးတို့ကြောင့် ကာယကံရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ် ပုံတည်း။

## ဝစီကံရုပ်အမျိုးမျိုးဖြစ်ပုံ

ဝစီကံစိတ် အမျိုးမျိုးတို့ကြောင့် ဝစီကံရုပ်အမျိုးမျိုးဖြစ်ပုံမှာ ပြောမှု, ဆိုမှု, ငိုမှု, ရယ်မှု, အော်မှု, ဟစ်မှု စသည်တို့၌ သူ့အက္ခရာနှင့်သူ့စိတ် အသီးသီး ဖြစ်ကြ၏။ ဥပမာကား က္ကတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါဟူ၍ ရွတ်ဆိုရာ၌ က္ကအက္ခရာကို လှုံ့ဆော်သော စိတ်တစ်ခြား၊ တိအက္ခရာကို လှုံ့ဆော်

www.dhammaransi.com



သော စိတ်တစ်ခြား၊ ပိအက္ခရာကို လှုံ့ဆော်သော စိတ်တစ်ခြား စသည်ဖြင့် အက္ခရာတစ်လုံးကို လှုံ့ဆော်သောစိတ် တစ်ခြား တစ်ခြား စသည်ဖြင့်လည်းကောင်း၊ မြတ်စွာဘုရားအား ရှိခိုးပါ၏ဟု ဆိုရာ၌ မြတ်သည် အက္ခရာတစ်လုံး၊ စွာသည် အက္ခရာတစ်လုံး၊ ဘုသည် အက္ခရာတစ်လုံး၊ ရားသည် အက္ခရာတစ်လုံး၊ မြတ်ကို လှုံ့ဆော်သောစိတ် တစ်ခြား၊ စွာကို လှုံ့ဆော်သောစိတ် တစ်ခြား၊ ဘုကို လှုံ့ဆော်သောစိတ် တစ်ခြား၊ ရားကို လှုံ့ဆော်သောစိတ် တစ်ခြား စသည်ဖြင့် လည်းကောင်း သူ့အက္ခရာနှင့် သူ့စိတ်အသီးသီး ဖြစ်ပုံကို သိလေ။ ။ သူ့အက္ခရာ ချုပ်ဆုံးကွယ်ပျောက်ရာ၌ သူ့စိတ်ချုပ်ဆုံးပျောက်ကွယ်ပုံကိုလည်း သိလေ။ ဤကား ဝစီကံစိတ်အမျိုးမျိုးတို့ကြောင့် ဝစီကံရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ်ပုံတည်း။

## မနောကံရုပ်အမျိုးမျိုးဖြစ်ပုံ

မနောကံစိတ်အမျိုးမျိုးကြောင့် မျက်စိ, မျက်နှာ, ကိုယ်အင်္ဂါတို့၌ ရုပ်အမျိုးမျိုးဖြစ်ပေါ်ပုံမှာလည်း ဒေါသစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တစ်မျိုး၊ မေတ္တာစိတ်, သဒ္ဓါစိတ် ဖြစ်လာလျှင် မျက်နှာအဆင်း ရုပ်တစ်မျိုး၊ ဒေါမနဿစိတ် ဖြစ်လာလျှင် မျက်နှာအဆင်း ရုပ်တစ်မျိုး၊ သောမနဿစိတ် ဖြစ်လာလျှင် မျက်နှာအဆင်း ရုပ်တစ်မျိုးစသည်ဖြင့် သူ့စိတ်နှင့် သူ့ရုပ် အသီးအသီး ဖြစ်ပုံ ပျက်ပုံကို အကုန်သိမြင်လေ။ ဤကား မနောကံစိတ်အမျိုးမျိုးတို့ကြောင့် မနောကံရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ်ပုံတည်း။

ဤကား စိတ်ကြောင့် ရုပ်ဓာတ်ကြီးလေးပါးကို ဖြစ်ပေါ်ရာ၌ တစ်နေ့တစ်ရက်အတွင်းမှာပင် တစ်ဦးတစ်ယောက်သောသူမှာ အထောင်အသောင်းမကသော စိတ်အမျိုးမျိုးတို့ကြောင့် အထောင်အသောင်းမကသော ရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ်ပြောင်းလဲ၍နေပုံကို ပြဆိုချက်တည်း။

## အမိုက်မှောင်ကြီး

သွားစိတ်ကြောင့် သွားရုပ်ဖြစ်ရာ၌ ပုဂ္ဂိုလ်သွားသည်၊ သတ္တဝါသွားသည်၊ မိန်းမသွားသည်၊ ယောကျ်ားသွားသည်၊ သူသွားသည်၊ ငါသွားသည်၊ သွားတတ်

www.dhammaransi.com



သူရှိမှ သွားရပ်ဖြစ်နိုင်သည်ဟု ထင်မြင်စွဲလမ်း၍ နေကြသည်ကား အမိုက်မှောင် ကြီးတည်း။

## ပစ္စယပရိဂ္ဂဟဉာဏ်အလင်း

သွားရန်ကိစ္စ၌ လှုံ့ဆော်သော စိတ်သည်လည်း ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ မိန်းမယောကျ်ားမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ လူမဟုတ်၊ နတ်မဟုတ်။ စိတ်ဟူသော ဓာတ်တစ်မျိုးပေတည်း။ ထိုဝိညာဏ်စိတ်ဓာတ်ကြောင့် ဖြစ်ပေါ်သော တလှုပ်လှုပ် တရွရွ သွားလာမှုသည်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝ၊ မိန်းမ၊ ယောကျ်ား၊ လူမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်။ ထိုတလှုပ်လှုပ် တရွရွ သွားလာ မှုကို ပြုလုပ်တတ်သူဟူ၍ မရှိ၊ သွားတတ်သူဟူ၍ မရှိ၊ လာတတ်သူဟူ၍ မရှိ၊ ရပ်တတ်သူဟူ၍ မရှိ၊ ထိုင်တတ်သူဟူ၍ မရှိ၊ အိပ်တတ်သူဟူ၍ မရှိ၊ ပြောတတ်သူ ဟူ၍ မရှိ၊ ကာရကပုဂ္ဂိုလ်ဟူ၍ မရှိ၊ ကတ္တားပုဂ္ဂိုလ်ဟူ၍ မရှိ၊ ပြုလုပ်ဖန်ဆင်း တတ်သောသူဟူ၍ မရှိ။ စိတ်တည်းဟူသော အကြောင်းတရား၏ အာနုဘော်ကြောင့် သွားရပ်၊ ထိုင်ရပ်၊ အိပ်ရပ်၊ ပြောရပ်၊ ဆိုရပ်တို့၏ ဖြစ်ပေါ်ခြင်းမျှသာတည်းဟု ရှင်းလင်းစွာမြင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် အလင်းကြီးမည်၏။

**ဝိညာဏ်စိတ်ကြောင့် ဓာတ်ကြီးလေးပါးဖြစ်ပုံ ပြီး၏။**

၃။ ဥတုကြောင့် ဓာတ်ကြီးလေးပါး ရုပ်တရားဖြစ်ပေါ်ရာ၌ ဥတုဆိုသည် ကား- သီတတေဇောနှင့် ဥဏှတေဇောကို ခေါ်သည်။

## ဥတုကြောင့်ရုပ်ဖြစ်ပုံ

အေးချမ်းသောဥတုကြောင့် အေးချမ်းသောရုပ်စု ဖြစ်ပွား၏။ ပူအိုက်သော ဥတုကြောင့် ပူအိုက်သောရုပ်စု ဖြစ်ပွား၏။ ဆောင်းရာသီ၌ သီတဥတုကြောင့် သီတခန္ဓာ ဖြစ်ပွား၏။ နွေရာသီ၌ ဥဏှဥတုကြောင့် ဥဏှခန္ဓာဖြစ်ပွား၏။ မိုးရာသီ၌ သီတ, ဥဏှရောနှောလျက် ရှိ၏။ တစ်နေ့အဖို့တွင် ညအခါ၌ သီတခန္ဓာ

www.dhammaransi.com



ဖြစ်ပွား၏။ နွေအခါ၌ ဥဏှာခန္ဓာ ဖြစ်ပွား၏။ နေတက်၌ ဥဏှာခန္ဓာ ဖြစ်ပွား၏။ နေကျ၌ သီတခန္ဓာ ဖြစ်ပွား၏။ နေပူ၌ ဥဏှာခန္ဓာ ဖြစ်ပွား၏။ တစ်ကိုယ်လုံး ပူ၏၊ အိုက်၏၊ ချွေးထွက်၏။ အရိပ်၌ သီတခန္ဓာ ဖြစ်ပွား၏။ အပူအအိုက်ငြိမ်း၏၊ သာယာအေးချမ်းရှိ၏။ အိပ်ခြင်း, ထိုင်ခြင်းတို့၌ သီတခန္ဓာ ဖြစ်ပွား၏။ ရပ်ခြင်း, သွားခြင်းတို့၌ ဥဏှာခန္ဓာ ဖြစ်ပွား၏။ ဝန်ထမ်းမှု, တူးမှု, ဆွမှု, ခုတ်မှု, ထစ်မှု, ဖြတ်မှု, ခွဲမှု စသည်တို့၌ ဥဏှာခန္ဓာ ဖြစ်ပွား၏။ ၎င်းအမှုတို့မှ နားနေမှုတို့၌ သီတခန္ဓာ ဖြစ်ပွား၏။ ဤသို့လျှင် တစ်နေ့အဖို့တွင် တစ်ဦးတစ်ယောက်သောသူမှာ ထိုထိုအခိုက်အတန့် အလှည့်ကျအားလျော်စွာ အခါပေါင်းအထောင်မျှမက သီတဥတုကြောင့် သီတရုပ် အခါခါဖြစ်ပေါ်မှု၊ ဥဏှာဥတုကြောင့် ဥဏှာရုပ် အခါခါဖြစ်ပေါ်မှုတို့ကို မိမိတို့ကိုယ်ခန္ဓာ၌ စေ့စုံစွာ သိကြမြင်ကြလေကုန်။ ဤကား ဥတုကြောင့် ဥတုဇဓာတ်ကြီးလေးပါး ရုပ်တရားတို့ ဖြစ်ပွားပုံတည်း။

## အမိုက်မှောင်ကြီး

သီတရုပ် သီတခန္ဓာ၊ ဥဏှာရုပ် ဥဏှာခန္ဓာတို့ အလှည့်အလည်အားဖြင့် ဖြစ်ပေါ်ဆဲအခါတို့၌ သီတဥတုကြောင့် သီတရုပ် ဖြစ်ပေါ်သည်။ ဥဏှာဥတုကြောင့် ဥတုရုပ်ဖြစ်ပေါ်သည်ဟု မသိခြင်းသည် ပစ္စယသမ္မောဟ အမိုက်မှောင်ကြီး မည်၏။

## ကာရကဒိဋ္ဌိ, ဝေဒကဒိဋ္ဌိ

ထိုအမိုက်မှောင်ကြီးမှ ကာရကဒိဋ္ဌိ ဖြစ်ပွား၏။ ဝေဒကဒိဋ္ဌိ ဖြစ်ပွား၏။ အေးလိုလျှင်လည်း အေးအောင် ငါလုပ်တတ်၏။ ပူလိုလျှင်လည်း ပူအောင် ငါလုပ်တတ်၏ဟု ယူခြင်းသည် ကာရကဒိဋ္ဌိတည်း။ ငါ့ကိုယ်ကို ငါအေးအောင် လုပ်၍ အေးမှုကို ငါခံစံရ၏။ ငါ့ကိုယ်ကို ငါပူအောင်လုပ်၍ ပူမှုကို ငါခံစံရ၏ဟု ယူခြင်းသည် ဝေဒကဒိဋ္ဌိတည်း။ ။ ရှေးဘဝတို့၌ ကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌ အမျိုးမြတ်ခြင်း၊ အဆင်းလှခြင်း၊ ဥစ္စာဓနတို့နှင့် ပြည့်စုံခြင်းစသော ကောင်းကျိုးကို ငါစံစားရသည်။ ရှေးရှေးဘဝတို့၌ မကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌ အမျိုးယုတ်ခြင်း၊ အဆင်းမလှခြင်း၊ အနာများခြင်း၊ ဘုန်းတန်ခိုးငယ်ခြင်း၊

www.dhammaransi.com



ဥစ္စာရှားပါးခြင်းစသော မကောင်းကျိုးတို့ကို ငါခံစားရသည်။ သူပြုလျှင် သူခံစားရသည်၊ ငါပြုလျှင် ငါခံစားရသည်ဟူသော စကားမျိုးတို့၌ ငါပြုသည်၊ သူပြုသည်ဟူသော အယူသည် ကာရကဒိဋ္ဌိတည်း။ ငါခံစားရသည်၊ သူခံစားရသည်ဟူသော အယူသည် ဝေဒကဒိဋ္ဌိတည်း။ ။ ငါလယ်လုပ်နိုင်၍ ငါထမင်းစားရသည် စသည်တို့၌လည်း ငါလုပ်နိုင်သည်ဟုယူသည်ကား ကာရကဒိဋ္ဌိတည်း။

•

## ပစ္စယပရိဂ္ဂဟဉာဏ်အလင်း

သူ့ဥတုကြောင့် သူ့ရုပ်အသီးအသီး ဖြစ်သည်ဟု ရှင်းလင်းစွာ ထင်မြင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီး မည်၏။ ထိုအလင်းကြီး ပေါက်ခဲ့လျှင် ငါပြုသည်၊ သူပြုသည်ဟူသော ကာရကဒိဋ္ဌိ၊ ထာဝရဘုရား ဖန်ဆင်းသည်ဟူသော ကာရကဒိဋ္ဌိတို့ ပျောက်ကင်း၏။

ဥတုကြောင့် စိတ်ကြီးလေးပါး ရုပ်တရားဖြစ်ပုံ ပြီး၏။

၄။ အာဟာရကြောင့် စိတ်ကြီးလေးပါး ရုပ်တရားဖြစ်ပေါ်ရာတွင် အာဟာရ ဆိုသည်ကား– စားသောက်မျိုသွင်းအပ်သော ကဗဠီကာရ အာဟာရကို ခေါ်သည်။

## အာဟာရကြောင့် ရုပ်ဖြစ်ပုံ

တစ်နေ့, တစ်နေ့လျှင် နှစ်ကြိမ်, နှစ်ကြိမ် ထမင်းအာဟာရစားမှု၊ နွား, ကျွဲ, ဆင်, မြင်းစသည်တို့၌ နေ့စဉ် အစာအာဟာရစားကြမှုတို့ကို စေ့စုံစွာ မျှော်ရှု၍ အာဟာရပြတ်လပ်ခဲ့လျှင် ဘယ်ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်တတ်သည်။ စားမြဲအချိန်မှာ စားခဲ့မျိုခဲ့လျှင် ဘယ်ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်တတ်သည်ဟု ကိုယ်တွေ့မျက်မြင် ဖြစ်၍ ထင်ရှားလှလေပြီ။

ဝမ်း၌အစာမရှိလျှင် ညှိုးနွမ်းလျော့ပါးသော ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်လာမြဲ၊ ဝမ်း၌ အစာရှိခဲ့လျှင် ရွှင်လန်းတောင့်တင်းသော ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်လာမြဲ၊ အစာမှား၍ ဖျားရုပ်, နာရုပ် ဖြစ်ပေါ်မှု၊ ဆေးဝါးဓာတ်စာစား၍ မာရုပ်, ကျန်းရုပ် ဖြစ်ပေါ်မှုတို့မှာ ဥတုအာဟာရ အကြောင်းနှစ်ပါးနှင့် ဆက်ဆံ၏။

www.dhammaransi.com



## အမိုက်မှောင်ကြီး

လောကဌ် အစာငတ်၍လည်းကောင်း၊ စားချိန်၌ မစားရ၍လည်းကောင်း၊ ဆာလောင်မွတ်သိပ်သောအခါ ညှိုးရုပ်, နွမ်းရုပ်, ပန်းရုပ်, ပျော့ရုပ်, ခွေရုပ်တွေ ဖြစ်ပေါ်လာ၏။ အစာအာဟာရကို စားသွင်းမျိုသောက်လိုက်လျှင် ဆာလောင်မွတ်သိပ်ခြင်းမှပျောက်၍ တောင့်ရုပ်, တင်းရုပ်, မာရုပ်, လန်းရုပ်ခန္ဓာတို့ ဖြစ်ပေါ်လာကြပေသည်ဟု သိကြကုန်သော်လည်း ငါစား၍ ငါဝသည်၊ ငါအားရှိသည်၊ ငါတောင့်တင်းသည်၊ ငါကျန်းမာသည်၊ ငါအဆာပြေသည်ဟု ငါကို အကြီးအမှူး ပြု၍ စွဲယူမှုဖြစ်သောကြောင့် အမိုက်မှောင်ကြီးမှ မလွတ်သေး။

## ပစ္စယပရိဂ္ဂဟဉာဏ်အလင်း

'ငါ'ကို အကြီးအမှူးမပြုဘဲ ဤဓာတ်ကြီးလေးပါးအစု ရုပ်ခန္ဓာကြီးသည် အာဟာရကြောင့်ဖြစ်သော အာဟာရနှင့်ဆိုင်သောရုပ်တို့ ချုပ်ကွယ်ပျောက်ပျက်လေသောကြောင့် နွမ်းရုပ်, နယ်ရုပ်, ညှိုးရုပ်, ပျော့ရုပ်တို့ ဖြစ်ပေါ်၏။ အာဟာရ မျိုသွင်းစားသောက်မိမှ အာဟာရနှင့်ဆိုင်သော အာဟာရနှင့် ဆက်ဆံသော အာဟာရကြောင့်ဖြစ်သော တောင့်ရုပ်, တင်းရုပ်, လန်းရုပ်, ဆန်းရုပ်, ရွှင်ရုပ်တို့ ဖြစ်ပေါ်လာကြကုန်၏ဟု ရုပ်ဓာတ်ကြီးလေးပါးတို့၏ အကြောင်းကို သိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီးသို့ ပေါက်၏။

**ဤတွင် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီး လေးပါးတို့ ဖြစ်ပေါ်ပုံ ပြီး၏။**

## ဝတ္ထုအာရုံ ၂-ပါးကြောင့် ဝိညာဏ်ဖြစ်ပေါ်ပုံ

ဝတ္ထုအာရုံ အကြောင်းတရားနှစ်ပါးတို့ကြောင့် ဝိညာဏ်ဟူသော နာမ်ဓာတ် ကြီးဖြစ်ပေါ်ရာ၌ -

ဝတ္ထုဆိုသည်ကား -

၁။ မျက်စိ၌အကြည်ဓာတ်ဟု ဆိုအပ်သော စက္ခုဝတ္ထုတစ်ပါး၊

www.dhammaransi.com



၂။ နား၌အကြည်ဓာတ်ဟု ဆိုအပ်သော သောတဝတ္ထုတစ်ပါး၊
၃။ နှာခေါင်း၌အကြည်ဓာတ်ဟု ဆိုအပ်သော ဃာနဝတ္ထုတစ်ပါး၊
၄။ လျှာ၌အကြည်ဓာတ်ဟု ဆိုအပ်သော ဇိဝှါဝတ္ထုတစ်ပါး၊
၅။ ကိုယ်၌အကြည်ဓာတ်ဟု ဆိုအပ်သော ကာယဝတ္ထုတစ်ပါး၊
၆။ ရင်တွင်း၌ နှလုံးခေါ်သော ဟဒယဝတ္ထုတစ်ပါးအားဖြင့် ခြောက်ပါး ရှိ၏။ ဤကား ဝတ္ထုအရတည်း။

အာရုံဆိုသည်ကား–

၁။ အဆင်းဝဏ္ဏဟု ဆိုအပ်သော မျက်စိဖြင့်မြင်အပ်သော ရူပါရုံတစ်ပါး၊
၂။ အသံသဒ္ဒဟု ဆိုအပ်သော နားဖြင့်ကြားအပ်သော သဒ္ဒါရုံတစ်ပါး၊
၃။ အနံ့ဂန္ဓဟု ဆိုအပ်သော နှာခေါင်းဖြင့်နံအပ်သော ဂန္ဓာရုံတစ်ပါး၊
၄။ အရသာ ရသဟု ဆိုအပ်သော လျှာဖြင့်လျက်အပ်သော ရသာရုံ တစ်ပါး၊
၅။ အပူ, အအေး, အနု, အကြမ်း, ဖောဋ္ဌဗ္ဗဟု ဆိုအပ်သော ကိုယ်ဖြင့် တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံတစ်ပါး၊
၆။ ထွေထွေလာလာ ထိုထိုဓမ္မဟု ဆိုအပ်သော မနောစိတ်ဖြင့်သာ သိအပ်သော ဓမ္မာရုံတစ်ပါးအားဖြင့် ခြောက်ပါးရှိ၏။ ဤကား အာရုံအရတည်း။

ထိုဝတ္ထုအာရုံနှစ်ပါးကို စွဲ၍ ဝိညာဏဓာတ် ဖြစ်ပေါ်ပုံကား–

၁။ စက္ခုဝတ္ထုနှင့် ရူပါရုံ နှစ်ပါးတစ်စုံကြောင့် စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း၊
၂။ သောတဝတ္ထုနှင့် သဒ္ဒါရုံ နှစ်ပါးတစ်စုံကြောင့် သောတဝိညာဏ် ဓာတ် ဖြစ်ပေါ်ခြင်း၊
၃။ ဃာနဝတ္ထုနှင့် ဂန္ဓာရုံ နှစ်ပါးတစ်စုံကြောင့် ဃာနဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း၊
၄။ ဇိဝှါဝတ္ထုနှင့် ရသာရုံ နှစ်ပါးတစ်စုံကြောင့် ဇိဝှါဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း၊

www.dhammaransi.com



၅။ ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးတစ်စုံကြောင့် ကာယဝိညာဏ စိတ် ဖြစ်ပေါ်ခြင်း၊

၆။ ဟဒယဝတ္ထုနှင့် ထိုထိုဓမ္မာရုံ နှစ်ပါးတစ်စုံကြောင့် မနောဝိညာဏ စိတ် ဖြစ်ပေါ်ခြင်း။ (ဤအရာ၌ မနောစိတ်သည် မနောဝိညာဏ စိတ်၌ အတွင်းပါလေ၏။ ဤသို့ အကျဉ်းမှတ်။)

ဉပမာနှင့်တကွ အကျယ်ကား-

စက္ခုဝတ္ထုနှင့် ရူပါရုံတို့၏ ထိခိုက်မှုဒဏ်ချက်ကြောင့် ထိုထိုအဆင်းကို မြင်ခြင်းဟူသော စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်၏။ ဉပမာကား- မှန်အပြင်၌ လူ၏မျက်နှာရိပ်ပေါ်သကဲ့သို့တည်း။ ။ မှန်အပြင်နှင့် မျက်လုံးအိမ်တွင်းမှာ ရှိနေသော စက္ခုဝတ္ထု ပသာဒရုပ်အကြည် တူ၏။ လူ၏မျက်နှာနှင့် ထိုထိုအဆင်း မျိုးရူပါရုံ တူ၏။ မှန်အပြင်နှင့် လူ၏မျက်နှာ ဆုံမိဆဲအခါ၌ မှန်အပြင်မှာ မျက်နှာရိပ်ပေါ်သကဲ့သို့ မျက်လုံးအိမ်တွင်းမှာရှိနေသော စက္ခုဝတ္ထုပသာဒရုပ် အကြည်နှင့် မျက်စိ၏ဉပစာမှာ ရှိနေသော ထိုထိုအဆင်းသဏ္ဍာန်နှင့် ဆုံမိကြ သောအခါ၌ စက္ခုဝတ္ထုပသာဒရုပ်အကြည်မှာ စက္ခုဝိညာဏ်ဟူသော အမြင်စိတ် ဖြစ်ပေါ်၏။ မှန်အပြင်နှင့် လူ၏မျက်နှာ လွဲပြန်လျှင် ထိုမျက်နှာရိပ် ပျောက်ဆုံး ပြန်သကဲ့သို့ မျက်နှာလွဲပြန်လျှင် မျက်လုံးအိမ်တွင်းမှာ ပေါ်ရှိသော စက္ခုဝိညာဏ် အမြင်စိတ် ပျောက်ဆုံးရပြန်၏။ မမြင်ဖူးဟူ၍ ဖြစ်ရပြန်၏။ ထိုထိုအဆင်း ရှိရာသို့ အခါခါ မျက်နှာလှည့်ပြန်လျှင် မျက်လုံးအိမ်တွင်းမှာ ထိုထိုအဆင်းကို မြင်သော စက္ခုဝိညာဏ်အမြင်စိတ် အခါခါ ဖြစ်ပေါ်ပြန်၏။ မျက်နှာလွဲပြန်လျှင် အမြင်စိတ် ကွယ်ပျောက်မြဲ ကွယ်ပျောက်ပြန်၏။

ဤ၌ စက္ခုဝိညာဏ်စိတ်ခေါ်သော အမြင်စိတ် ဖြစ်ပေါ်မှုသည် စက္ခုဝတ္ထု ရုပ်နှင့် ထိုထိုအဆင်းရူပါရုံမျိုးတို့ တွေ့ဆုံ၍ နေဆဲအခါ၌သာ ဖြစ်ပေါ်နိုင်၏။ တွေ့ဆုံလျှင် ထိုအမြင်စိတ် မဖြစ်နိုင်။ မမြင်ဖူးဟု ဖြစ်ပြန်၏။ ထို့ကြောင့် ထိုထိုအဆင်းမျိုးကို မြင်မှုဟူသော စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုနှင့် ရူပါရုံ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်မြဲဓမ္မတာ ဖြစ်၏။ စက္ခုဝတ္ထု၊ စက္ခုပသာဒ မရှိပြန်လျှင် မြင်မှုမရှိ၊ ကြည့်ရှုရန် ရူပါရုံမျိုး မျက်နှာဉပစာအနီး မရှိပြန်လျှင် ထိုအမြင်စိတ်

www.dhammaransi.com



မပေါ်နိုင်ပြီ။ ဤသို့လျှင် စက္ခုဝိညာဏ်ဟူသော အမြင်ဓာတ်သည် စက္ခုဝတ္ထု, ရူပါရုံ နှစ်ပါးပေါင်းဆုံမှုကြောင့် မျက်လုံးအိမ်တွင်းမှာ ရံခါရံခါ ဖြစ်ပေါ်လာသော အာဂန္တုကဓာတ် သက်သက်သာတည်း။

နားအိမ်တွင်း၌ ရှိနေသော သောတပသာဒဝတ္ထုရုပ်နှင့် ထိုထိုအသံမျိုးဟူသော သဒ္ဒါရုံ တွေ့ဆုံမှုကြောင့် နားအိမ်တွင်းမှာ အကြားဓာတ်ဟူသော သောတဝိညာဏ်စိတ် ရံခါရံခါ ဖြစ်ပေါ်မှု။

နှာခေါင်းအိမ်တွင်း၌ရှိနေသော ဃာနပသာဒဝတ္ထုရုပ်နှင့် ထိုထိုအနံ့မျိုးဟူသော ဂန္ဓာရုံ တွေ့ဆုံမှုကြောင့် နှာခေါင်းအိမ်တွင်းမှာ အနံ့ဓာတ်ဟူသော ဃာနဝိညာဏ်စိတ် ရံခါရံခါ ဖြစ်ပေါ်မှု။

လျှာအပြင်၌ရှိနေသော ဇိဝှါပသာဒ ဝတ္ထုရုပ်နှင့် ထိုထိုအချို အချဉ်စသော အရသာဓာတ်မျိုး တွေ့ဆုံမှုကြောင့် လျှာအပြင်မှာ အရသာကို သိမှုဟူသော ဇိဝှါဝိညာဏ် ရံခါရံခါ ဖြစ်ပေါ်မှု။

အောက်၌ ခြေဖဝါးအပြင်မှစ၍ အထက်၌ ဦးထိပ်အပြင်တိုင်အောင် အတွင်းအပဖြစ်သော ထိုထိုကိုယ်အင်္ဂါတို့၌ရှိသော ကာယပသာဒ ဝတ္ထုရုပ်တို့နှင့် အကြမ်း, အနု, အပူ, အအေးစသော ထိုထိုဖောဋ္ဌဗ္ဗာရုံ တွေ့ဆုံမှုကြောင့် အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်းစသော ထိုထိုနေရာမှာ နာမှု, ကျင်မှု, ပူမှု, အေးမှု, ယားယံမှုစသော ကာယဝိညာဏ်စိတ် ရံခါရံခါ ဖြစ်ပေါ်မှု။

ရင်တွင်းရှိ နှလုံးအိမ်တွင်းရှိနေသော ဟဒယဝတ္ထုရုပ်နှင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံဟောင်း၊ ယခုဘဝတွင် အသစ် အသစ်တွေ့ဆုံမှုသော လောဘအာရုံ, ဒေါသအာရုံစသော ထိုထိုအာရုံသစ်တို့ကို အစွဲပြု၍ နှလုံးအိမ်တွင်းမှာ ရံခါ ဘဝင်စိတ်၊ ရံခါ လောဘစိတ်၊ ရံခါ ဒေါသစိတ်၊ ရံခါ မောဟစိတ်၊ ရံခါ ဣဿာစိတ်၊ ရံခါ မစ္ဆရိယစိတ်၊ ရံခါ ကုသိုလ်စိတ်၊ ရံခါ သဒ္ဓါစိတ်၊ ရံခါ ပညာစိတ်၊ ရံခါ ဝိတက်စိတ် စသည်ဖြင့် မနောဝိညာဏ်စိတ် အမျိုးမျိုးဖြစ်ပေါ်၏။

ဤဝိညာဏ်ငါးပါးတို့၏ ဖြစ်ပေါ်မှုတို့မှာလည်း စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်မှုမှာကဲ့သို့ မှန်ဥပမာ၊ မျက်နှာဥပမာ၊ မျက်နှာရိပ် ဥပမာတို့နှင့် တကွ အလုံးစုံကို အကုန်သိမြင်ကြလေ။

မိခင်ရောဝတီ

www.dhammaransi.com



## ဓမ္မသမ္မောဟအမှောင်ကြီး

ဝိညာဏ်ခြောက်ပါးတို့၌ ကိုယ်ခန္ဓာတစ်ခုလုံးကို ခြောက်ဌာနပြု၍ သူ့ဌာန သူ့ဌာနတို့မှာ သူ့အာရုံ သူ့အာရုံ တွေ့ဆုံဆဲအခါ သူ့ဝတ္ထု သူ့အာရုံကိုစွဲ၍ သူ့ဝိညာဏ် ရံခါရံခါ ဖြစ်ပေါ်မှုကို မသိခြင်း၊ မျက်စိမြင်မှု, နားကြားမှု, နှာခေါင်းနံမှု, လျှာအရသာ သိမှု, ကိုယ်အင်္ဂါတို့မှာ အတွေ့အထိ သိမှု, စိတ်မနောမှာ ထွေထွေလာလာ ကြံမှု သိမှုဟူသော ဝိညာဏ်ခြောက်ပါးတို့ကို ဓာတ်အသီးအခြား ဓမ္မအသီးအခြားဟူ၍ မသိခြင်းသည် ဝိညာဏ်၌ ဓမ္မသမ္မောဟ ပထမမှောင်ကြီး မည်၏။

## ပစ္စယသမ္မောဟမှောင်ကြီး

ထိုဝိညာဏ်ခြောက်ပါးတို့သည် ဝတ္ထုအာရုံတို့ကြောင့် ဖြစ်ပေါ်ကြကုန်သည်ဟု အကြောင်းတရားကို မသိခြင်းသည် ပစ္စယသမ္မောဟ ဒုတိယမှောင်ကြီး မည်၏။ ။ ထိုမှောင်ကြီးမှ ကာရကဒိဋ္ဌိသည် ပွား၏။

ကာရကဒိဋ္ဌိ ဆိုသည်ကား- ပြုတတ်သူရှိမှ ဖြစ်ကြသည်ဟူ၍ ယူခြင်းတည်း။ ငါပြုတတ်သည်, သူပြုတတ်သည်ဟူ၍ ယူခြင်းတည်း။ ပြုတတ်သော ငါရှိ၏, သူရှိ၏ဟူ၍ ယူခြင်းတည်း။ ငါမြင်တတ်သည်, သူမြင်တတ်သည်, သူကြားတတ်သည်ဟု စသည်ဖြင့် ယူခြင်းတည်း။ ငါမြင်မှုကို ငါပြုမှုဖြစ်သည်, သူမြင်မှုကို သူပြုမှုဖြစ်သည်, ငါကြားမှုကို ငါပြုမှုဖြစ်သည်, သူကြားမှုကို သူပြုမှု ဖြစ်သည်ဟု စသည်ဖြင့် တစ်ခြားတစ်ပါးသော အကြောင်းကြောင့် ဖြစ်သည် မဟုတ်ဟု ယူခြင်းတည်း။ ဤသို့သော အယူဟူသမျှကို ကာရကဒိဋ္ဌိဟု ဆိုသည်။ ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှု, ကြံမှုတို့၌လည်း ဝတ္ထုအာရုံတို့ကြောင့် ဖြစ်ကုန်သည်ဟု မယူမူ၍ ပုဂ္ဂိုလ်သတ္တဝါတို့ပြုလုပ်၍ ဖြစ်ကုန်သည်, ပုဂ္ဂိုလ် သတ္တဝါတို့ ပြုလုပ်ခြင်းကြောင့် ဖြစ်ကုန်သည်ဟုယူခြင်းကို ကာရကဒိဋ္ဌိကြီးဟု ဆိုသည်။

www.dhammaransi.com



## ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီး

ဝတ္ထုအာရုံတို့ကြောင့် မြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့မှု, ထိမှု, ကြံမှု, သိမှုဟူသော ဝိညာဏ်ခြောက်ပါးတို့၏ ဖြစ်ပေါ်ခြင်းကို ထင်လင်းစွာ ထင်ပေါ်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟ ဒုတိယဉာဏ်အလင်းကြီး မည်၏။

## ပစ္စယသမ္မောဟဒိဋ္ဌိတို့ကွယ်ပုံ

ထိုအလင်းကြီးပေါက်လျှင် ပစ္စယသမ္မောဟအမိုက်ကြီးနှင့်တကွ ကာရကဒိဋ္ဌိ ကွယ်ပျောက်လေ၏။ ။ ထိုဝိညာဏ်အသိစိတ် ခြောက်ပါးတို့သည် ဝတ္ထုအာရုံ နှစ်ပါးတို့ကို စွဲ၍ဖြစ်ပေါ်သည်ဟု မယူ, မသိ, မမြင်ဘဲ ထာဝရဘုရား ဖန်ဆင်း၍ ဘုရားပေး၍ မြင်ရသည်, ကြားရသည် စသည်ဖြင့် ယူခြင်းသည်လည်း ကာရကဒိဋ္ဌိတည်း။ ။ ဉာဏ်ရှိကြစေ။

ဝတ္ထုအာရုံ ၂-ပါးကြောင့် ဝိညာဏ်ဖြစ်ပေါ်ပုံ ပြီး၏။

ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီးကို အကျယ်ပြဆိုခန်း ပြီး၏။

## ၃-လက္ခဏပဋိဝေဓဉာဏ်အလင်း

၃။ လက္ခဏတ္တယပဋိဝေဓ ဉာဏ်အလင်းကြီး၌ အကျဉ်းဆုံးသောအားဖြင့် အဘယ်မျှလောက်သော တရားတို့၌ လက္ခဏာရေးသုံးပါး အလင်းပေါက်ခဲ့သော် လက္ခဏတ္တယဉာဏ် အလင်းကြီး ပေါက်လေသနည်း။

## လက္ခဏတ္တယဉာဏ်အလင်းပေါက်ပုံ

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်ဟူသော ပြဆိုခဲ့ပြီးသော ဓာတ်ကြီးခြောက်ပါးတို့၌ လက္ခဏာရေး သုံးပါး အလင်းပေါက်ခဲ့သော် လက္ခဏတ္တယဉာဏ် အလင်းကြီးပေါက်၏။

www.dhammaransi.com



## ပထဝီဓာတ်သာ လိုရင်းဖြစ်ပုံ

ရုပ်ဓာတ်ကြီးငါးပါးတို့တွင်လည်း ပထဝီဓာတ်ကြီးတစ်ခုသည် လိုရင်းတည်း။ အကြောင်းမူကား မဟာပထဝီမြေကြီးသည် တိုင်းပြည်, မြို့ရွာ, သမုဒ္ဒရာ, တော, တောင်စသော ကမ္ဘာ့အဆောက်အဦးတို့၏ တည်ရာဖြစ်၏။ မဟာပထဝီ ပြိုပျက်ခွင့်ကို မြင်သည်ရှိသော် တိုင်းပြည်, မြို့ရွာ စသည်တို့၏ ပြိုပျက်ခွင့်ကို တစ်ခြား ရှာဖွယ်မရှိ၊ အပြီးမြင်တော့သည်။ ထို့အတူ ပရမတ္ထ မြေဓာတ်ကြီးသည်လည်း ရေဓာတ်, လေဓာတ်, မီးဓာတ်စသော ရုပ်ဓာတ်အပေါင်းတို့၏ တည်ရာဖြစ်၏၊ မြေဓာတ်ကြီး ခဏခဏ ပျက်ဆုံးမှုကို မြင်သည်ရှိသော် ကြွင်းသော ရုပ်ဓာတ်အပေါင်းတို့၏ ခဏခဏ ပျက်ဆုံးမှုကို တစ်ခြားရှာဖွယ် မရှိ၊ အပြီးမြင်တော့သည်။

လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စလက္ခဏာ ဆိုသည်ကား-

"**ခယဋ္ဌေန အနိစ္စံ**"-ဟူသည်နှင့်အညီ ခဏခဏ ဖြစ်ပေါ်ပြီးလျှင် ခဏခဏ ပျောက်ပျက်, ကုန်ဆုံးသည်ကို ဆိုသည်။

ဒုက္ခလက္ခဏာ ဆိုသည်ကား-

"**ဘယဋ္ဌေန ဒုက္ခံ**"-ဟူသည်နှင့်အညီ ကြောက်မက်ဖွယ် ကောင်းလှသော ဘေးဘယသဘောကို ဆိုသည်။ ။ အနာကြီး, ရောဂါကြီး စွဲရှိသော သူတို့သည် အရသာအလွန်ကောင်းလှသော စားသောက်ဖွယ် ဘောဇဉ်တို့ကို အလွန်ကြောက်ကြရကုန်၏။ စားသောက်ပါဟု ပေးလာငြားသော်လည်း မစားဝံ့, မသောက်ဝံ့ဟု ငြင်းပယ်ကြရကုန်၏။ ထို့အတူ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ တို့သည် ကိလေသာရောဂါ, ဇရာမရဏရောဂါတို့ကို လွန်စွာဖြစ်ပွားစေတတ်ကုန် သည်ဖြစ်၍ အလွန်ကြောက်မက်ဖွယ် ကောင်းလှသောကြောင့် ဒုက္ခမည်ကုန်၏ ဟူလိုသည်။

အနတ္တလက္ခဏာ ဆိုသည်ကား-

"**အသာရကဋ္ဌေန အနတ္တာ**"-ဟူသည်နှင့်အညီ ပုဂ္ဂိုလ်၏အနှစ်အသား မဟုတ်၊ သတ္တဝါ၏ အနှစ်အသားမဟုတ်သော သဘောကို ဆိုသည်။ ဓမ္မဝဝတ္ထာန ဉာဏ်အလင်းကြီးတွင် ပြဆိုခဲ့သော အိမ်, ကျောင်း, တန်ဆောင်း, ဇရပ်,

www.dhammaransi.com



မဏ္ဍပ် ဥပမာ၌ အဘိဓမ္မာနည်း အလိုအားဖြင့် သစ်, ဝါးတို့တည်း။ အိမ်မဟုတ်၊ ကျောင်းမဟုတ်၊ တန်ဆောင်းမဟုတ်၊ ဇရပ်မဟုတ်၊ မဏ္ဍပ်မဟုတ်ကုန်သကဲ့သို့ အိမ်၏အနှစ်အသား၊ ကျောင်း၏အနှစ်အသား မဟုတ်ကုန်သကဲ့သို့ ရုပ်ဓာတ်တရား, နာမ်ဓာတ်တရားတို့သည် ပုဂ္ဂိုလ်မဟုတ်ကုန်၊ သတ္တဝါမဟုတ်ကုန်၊ ပုဂ္ဂိုလ်၏ အနှစ်အသားမဟုတ်ကုန်၊ သတ္တဝါ၏အနှစ်အသား မဟုတ်ကုန်သောကြောင့် အနတ္တမည်ကုန်၏ဟူလိုသည်။

ထိုလက္ခဏာရေးသုံးပါးတို့တွင် ဒုက္ခလက္ခဏာသည်ကား– အရဟတ္တမဂ်ဉာဏ်သို့ရောက်မှ ကိစ္စပြီးစီး၏။ ။ ကျန်ရှိသော လက္ခဏာရေးနှစ်ပါးတို့မှာ အောက်မဂ်သို့ရောက်လျှင်ပင် ကိစ္စပြီးစီး၏။ ။ ထိုနှစ်ပါးတွင်လည်း ပုထုဇဉ်သတ္တဝါတို့မှာ သက္ကာယဒိဋ္ဌိကို ပယ်သတ်ခြင်းငှါ အနတ္တလက္ခဏာသာ လိုရင်းဖြစ်၏။ ၎င်းအနတ္တလက္ခဏာသည်လည်း **''အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဍာတိ''**–ဟူသော ပါဠိတော်နှင့်အညီ အနိစ္စလက္ခဏာတွင် အတွင်းဝင်၏။ ထို့ကြောင့် အနိစ္စလက္ခဏာကို ထင်ရှားစွာ ပြဆိုပေအံ့။

ဓမ္မဝဝတ္ထာန ဉာဏ်အလင်းကြီး၌ ဖော်ပြခဲ့ပြီးသော ဓာတ်ကြီးခြောက်ပါးတို့တွင် တေဇောဓာတ်ကြီး၏ အနိစ္စလက္ခဏာ အနတ္တလက္ခဏာတို့ကို ရှေးဦးစွာ ဖော်ပြရာ၏။

## တေဇော၏အနိစ္စ, အနတ္တလက္ခဏာ

တေဇောဟူသော မီးဓာတ်ကြီးသည် သီတမီးဓာတ်, ဥဏှမီးဓာတ်ဟူ၍ နှစ်မျိုးရှိ၏။ လောက၌ ချမ်းအေးခြင်း အမှုကြီးတစ်ပါး၊ ပူနွေးခြင်း အမှုကြီး တစ်ပါးဟူ၍ မီးဓာတ်ကြီးနှစ်မျိုးရှိ၏ဟု ဆိုလိုသည်။ ။ အအေးနှင့်အပူသည် ရန်သူ, ရန်ဖက် ဖြစ်ကြ၏။ အအေးဖြစ်ပေါ်လျှင် အပူကွယ်ပျောက်၏။ အပူဖြစ်ပေါ်လျှင် အအေးကွယ်ပျောက်ရ၏။ ။ လောက၌ ပကတိလူတို့ ထင်မှတ်ကြသော ပုဂ္ဂိုလ်, သတ္တဝါမည်သည် တစ်ဘဝမှာ ပဋိသန္ဓေအခါ၌ တစ်ကြိမ်သာ ဖြစ်ပေါ်၍ ဘဝအဆုံး၌ တစ်ကြိမ်သာ သေမြဲဖြစ်၏။ တစ်ဘဝအတွင်းမှာ ပုဂ္ဂိုလ်

www.dhammaransi.com



သတ္တဝါအခါခါ ဖြစ်ပေါ်သည်၊ အခါခါ သေပျောက်သည်ဟူ၍ မရှိ။ ။ ကိုယ်ခန္ဓာတို့၌ အအေး, အပူဟူသော တေဇောဓာတ်ကြီးသည် တစ်နေ့, တစ်ရက်အတွင်းမှာပင် အခါခါဖြစ်ပေါ်၍ အခါခါပျက်ဆုံး၏။ အပူ, အအိုက် ပျောက်ငြိမ်းပြီ။ အေးလာပြီဟူ၍လည်းကောင်း။ အချမ်း, အအေး ပျောက်ငြိမ်းပြီ, ပူလာပြီ, နွေးလာပြီဟူ၍ လည်းကောင်း။ တစ်နေ့တစ်ရက်အတွင်းမှာပင် အခါခါ ပြောဆိုကြရ၏။ ။ ထိုသို့ဖြစ်ခဲ့သော် အပူ, အအေးဟူသော တေဇောဓာတ်ကြီးဖြစ်မှု, ပျက်မှုကား တစ်လမ်း၊ ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု, ပျက်မှုကား တစ်လမ်းနေကြ၏။ ပူမှု, အေးမှုကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ငါပူသည်၊ သူပူသည်၊ ငါအေးသည် သူအေးသည်ဟု စွဲလမ်းချက် ပြောဆိုချက်များသည် အဘိဓမ္မာနည်းအလိုအားဖြင့် အမှားစင်စစ် ဖြစ်၏။ ပူမှု, အေးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသားလုပ်၍ သူပူသည်၊ ငါပူသည်၊ သူအေးသည်၊ ငါအေးသည်ဟု စွဲလမ်းချက် ပြောဆို မှတ်ထင်ချက်များသည် အမှားစင်စစ် ဖြစ်၏။

ဤသို့ တစ်လမ်းစီဖြစ်၍နေသောကြောင့် ပူမှု, အေးမှုသည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါဟူသော စကား၏အနက်မဟုတ်။ အကယ်၍ ပူမှု, အေးမှုသည် ပုဂ္ဂိုလ်ဟုတ်ခဲ့အံ့၊ သတ္တဝါဟုတ်ခဲ့အံ့၊ ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု, ပျက်မှုနှင့် တေဇောဓာတ်၏ ဖြစ်မှု, ပျက်မှုသည် တူကြရာ၏။ ပုဂ္ဂိုလ်သတ္တဝါသည် တစ်ခုသောဘဝမှာ တစ်ခါဖြစ် တစ်ခါသေသာ ရှိသကဲ့သို့ ပူမှု, အေးမှုသည်လည်း အတွင်းမှာပင် ပူမှု, အေးမှုသည် အခါခါဖြစ်၏။ အခါခါပျက်၏။ ထို့ကြောင့် ပူလျှင် ပူသည်ဟု သိကြ၏။ အပူပျောက်ငြိမ်းလျှင် ပျောက်ငြိမ်းပြီဟု သိကြ၏။ အေးလျှင်, ချမ်းလျှင် အေးသည်, ချမ်းသည်ဟု သိကြ၏။ အေးမှု, ချမ်းမှု ပျောက်ငြိမ်းလျှင် အအေးပျောက်ငြိမ်းပြီ၊ အချမ်းပျောက်ငြိမ်းပြီဟု သိကြ၏။

အကယ်၍ ပူမှု, အေးမှုနှင့် ပုဂ္ဂိုလ်သတ္တဝါ တူငြားအံ့၊ တစ်နေ့အဖို့မှာပင် ပူမှု, အေးမှု အခါခါ ဖြစ်တိုင်း, ပျက်တိုင်း ပုဂ္ဂိုလ်သတ္တဝါလည်း အခါခါ ဖြစ်သည်၊ အခါခါ ပျက်သည်ဟု မှတ်ထင်ကြကုန်ရာ၏။ ထိုသို့ကားမဟုတ်၊ တစ်နေ့အဖို့မှာ ပူမှု, အေးမှုအခါခါဖြစ်သည် အခါခါပျက်သည်ဟု သိမြင်ကြ၏။ ပုဂ္ဂိုလ်သတ္တဝါကိုမူကား တစ်နေ့အဖို့မှာ အခါခါဖြစ်သည်၊ အခါခါပျက်ဆုံးသည်

www.dhammaransi.com



ဟူ၍ မယူကြ၊ တစ်ဘဝမှာအစဉ် တစ်ခါသာ ပျက်သည်ဟု မှတ်ယူသိမြင်ကြ၏။ ထို့ကြောင့် ပူမှု, အေးမှုကား တစ်ခြား၊ ပုဂ္ဂိုလ်သတ္တဝါကား တစ်ခြားဟု ထင်ရှားပါ၏။ ပူမှု, အေးမှုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသား မဟုတ်ဟု ထင်ရှား၏။ ထို့ကြောင့် ပူမှု, အေးမှုဟူသော တေဇောဓာတ်ကြီးကို အနတ္တ ဆိုပေသည်။ ဤကား တေဇောဓာတ်ကြီး၏ အနိစ္စလက္ခဏာ, အနတ္တလက္ခဏာ တို့ကို ပြဆိုခြင်းတည်း။

တစ်နေ့, တစ်ရက်အဖို့မှာပင် အခါခါပျက်သည်ကို အနိစ္စလက္ခဏာ ဆိုသည်။ ။ အခါခါ ပျက်ခြင်းကြောင့် ပုဂ္ဂိုလ်အနှစ်အသား မဟုတ်၊ သတ္တဝါ၏ အနှစ်အသား မဟုတ်၊ ပုဂ္ဂိုလ်၏အထည်ခံ, အမာခံ မဟုတ်၊ သတ္တဝါ၏ အထည်ခံ, အမာခံ မဟုတ်သည်ကို အနတ္တလက္ခဏာ ဆိုသည်။ ။ အနှစ်အသား မဟုတ်၊ အထည်ခံ, အမာခံမဟုတ်ဟူသောစကား၌ ပုဂ္ဂိုလ်ဟူသည် ဤပူမှု ပင်တည်း၊ ဤအေးမှုပင်တည်း။ သတ္တဝါဟူသည် ဤပူမှုပင်တည်း။ ဤအေးမှု ပင်တည်းဟု မှတ်ယူပြောဆိုခဲ့သော် ပူမှု, အေးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ် အသားပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အထည်ခံပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း ဖြစ်၏။

အတ္တဆိုသောစကားနှင့် အနှစ်အသား, အမာခံ, အထည်ခံဆိုသော စကား အတူတူ။

ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အထည်ခံမှန်ခဲ့သော် တစ်ခုသောပူမှု၊ တစ်ခုသော အေးမှုသည် ပုဂ္ဂိုလ်သတ္တဝါ အသက်ရှည်သမျှ မလှုပ်မရှား မပြောင်း မလဲပဲ ခိုင်မြဲ၍ လိုက်ပါရမည်။ ထိုသို့ မလိုက်မူ၍ တစ်နေ့, တစ်ရက်မှာပင် အခါခါ ပျက်ဆုံးလျက်နေသော ပူမှု, အေးမှုသည် တစ်ဘဝမှာ တစ်ခါသာ ပျက်ဆုံးမှုရှိသော ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသား မဟုတ်နိုင်သောကြောင့် ပူမှု, အေးမှုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်၊ အနတ္တသာ ဖြစ်လေသတည်း။ ပုဂ္ဂိုလ်သတ္တဝါသည် အချို့အနှစ်တစ်ရာ အသက်ရှည်၏။ ထိုသူ့သန္တာန်မှာရှိသော တစ်ခုသော ပူမှု, တစ်ခုသော အေးမှုသည် ဖောက်ပြန်ပြောင်းလဲခြင်း မရှိပဲ အနှစ်တစ်ရာခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ အနှစ်တစ်ရာ မဆိုထားနှင့်ဦး၊ အနှစ်

www.dhammaransi.com



ကိုးဆယ်, ရှစ်ဆယ်, ခုနစ်ဆယ်, ခြောက်ဆယ်, ငါးဆယ်, လေးဆယ်, သုံးဆယ်, နှစ်ဆယ်, ဆယ်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တစ်နှစ် ခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ ထို့ကြောင့် ပူမှု, အေးမှုဟူသော တေဇောဓာတ်မျိုးသည် ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အထည်ခံ အနှစ်သာရ အတ္တမဟုတ်၊ အနတ္တသာ အမှန်ဖြစ်လေသတည်း။ အလွန်နက်နဲလှသော အရာဖြစ်၍ အခါခါအထပ်ထပ် ပြဆိုရချေသည်။ ။ ဉာဏ်ဖြင့် စူးစူးစိုက်စိုက် အားထုတ်၍ ပိုင်နိုင်အောင် ကြည့်ရှုကြလေ။

တေဇောဓာတ် ပြီး၏။

## လက္ခဏတ္တယဉာဏ်ပေါက်အောင်ပြပုံ

ဤ၌ ဓာတ်ကြီးလေးပါးလုံးတို့ကို ပေါင်းစု၍ အဖြစ်ဇာတိနှင့်တကွ လက္ခဏတ္တယဉာဏ်ပေါက်အောင် ပြဆိုအံ့။

## ပွက်ပွက်ဆူနေကြပုံ

ဤမြေ, ရေ, လေ, မီးဓာတ်ကြီးလေးပါးတို့ကို မှန်၌ထင်သော အရိပ် ဥပမာ စို့, သက်တံ့ဥပမာ၊ ကံစသော အကြောင်းတရားစုနှင့် ဓာတ်မီးဓာတ်ဆီတို့ ပြုပြင်ရာဖြစ်ခါ ပျက်ခါနေရသော အချက်စုကို စေ့စုံစွာ မြင်နိုင်ပါလျှင် ဤခန္ဓာ ကိုယ်ကြီးမှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသစ်ဖြစ်ပေါ်ခြင်းမှ ကင်းသော အကွက်မရှိ၊ ဖြစ်ပေါ်ရာ၌ တစ်ဖြုတ်ဖြုတ် ပျက်ခြင်းမှ လွတ်သော အချက်မရှိ၊ ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက်ဖြစ်ပေါ်မှု၊ တစ်ဖြုတ်ဖြုတ် ပျက်ကွယ်မှု၊ ထွေးယှက်၍နေကြကုန်သော ရေပွက်, ရေစီးပေါင်း တွေကဲ့သို့ ကံစသော အကြောင်းတရားနှင့် ဓာတ်မီး, ဓာတ်ဆီတို့အတွက် ဓာတ်ကြီး လေးပါးတို့၏ ဖြစ်မှု, ပျက်မှုတွေ ပွက်ပွက်ဆူနေကြပုံကို မြင်လိမ့်မည်။

www.dhammaransi.com



## ခဏခြင်း ပျက်ဆုံးမှု

ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် တစ်ကိုယ်လုံး၌ မာမှုဟူသော ပထဝီမြေဓာတ်ကြီးသည် ဖြစ်ပေါ်၍ ဖွဲ့စည်းမှုဟူသော အာပေါရေဓာတ်ကြီးသည် ဖြစ်ပေါ်၏။ ပေါင်းနွေးမှုဟူသော တေဇောမီးဓာတ်ကြီးသည်၊ လှုပ်ရှားထောက်ကန်မှုဟူသော ဝါယောလေဓာတ်ကြီးသည် တစ်ဖွားဖွား ဖြစ်ပေါ်၏။ ထိုမြေ, ရေ, လေ, မီးဓာတ်ကြီးလေးပါးတို့သည် အဆံအမာ အကြိတ်အခဲ အထည်ဒြပ်ဟူ၍ မဏုမြူမျှ ရှိသည်မဟုတ်၊ အခြင်းအရာ ကြိယာသက်သက်မျှသာဖြစ်၏။ ထို့ကြောင့် ထိုမာမှု, ဖွဲ့စည်းမှု, ပေါင်းနွေးမှု, ထောက်ကန်မှုတို့သည် ဓာတ်မီးကြီး၏အဟုန်ကြောင့် ခဏခြင်း ပျက်ဆုံးရ၏။ မျက်တောင်တစ်ခတ်မျှ အသက်ရှည်၍ တည်နေနိုင်သည် မဟုတ်။ ပထဝီပျက်ဆုံးလျှင်လည်း ထိုပထဝီမှာ တွယ်တာရသော ဖွဲ့စည်းမှု, ပူမှု, အေးမှု, တောင့်တင်းကြွရွမှုစသည်လည်း အတူပါရလေ၏။ ။ တစ်ကိုယ်လုံးနှံ့အောင် ကြည့်လေ။

ပျက်ဆုံးသမျှနေရာမှာလည်း အစားစိုက်ထူသောအားဖြင့် အပြည့်အပြည့် ဖြစ်ပေါ်ပြန်၏။ ဤသို့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြင်အတွင်းမှာပင် ပျက်မှု, ဖြစ်မှု အဆက်အလက် တစ်ရာတစ်ထောင်မက ပြောင်းလဲနေသည်။ ။ ထိုဖြစ်မှု, ပျက်မှုများကို မျက်စိဖြင့်ကြည့်၍ မြင်နိုင်ကောင်းသည် မဟုတ်၊ အထက်က ပြဆိုခဲ့ပြီးသော သဘာဝအရင်းစုနှင့် ကြည့်ရှုမှ ဉာဏ်ဖြင့်သာ မြင်ကောင်းသော အမှုစုပေတည်း။ ။ လှုပ်လှုပ်ရွရွ ထင်သမျှသည် အဟောင်းပျက်မှု အသစ်ပေါ်မှု ချည်းသာဖြစ်၏။ မျက်စိအမြင်မှာမူကား တစ်ခုတည်းသော အဆင်းသည်ပင်လျှင် လှုပ်သည်, ရွသည်ဟု ထင်မြင်၍နေ၏။ မျက်မြင်ကို အဟုတ်ထင်လျှင် ပရမတ် သဘောကို မစူးနိုင်ပြီ။ သတိကြပ်ကြပ် ပြုလေ။

ကံစသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာမှု, ဖွဲ့စည်းမှုစသော ပရမတ်ဓာတ်မြေ၊ ဓာတ်ရေစသည်တို့သည် အတူတကွ ဖြစ်ပေါ်သော ဓာတ်မီး၏ အဟုန်ကြောင့် ခဏခြင်း, ခဏခြင်း ပျက်ဆုံးကွယ်ပျောက်ရကုန်သည်ဟူသော စကား၌ချဲ့ဦးအံ့။

www.dhammaransi.com



## ပျက်ဆုံးမှုအကျယ်

လောက၌ မီးတို့မည်သည် အကြင်ဝတ္ထုကို မှီတွယ်၍ ဖြစ်ပွား၏။ ထိုမှီတွယ်သောဝတ္ထုကို လောင်မြိုက်ဖို့တာ ဖြစ်သည်နှင့်အညီ ထိုပရမတ်ဓာတ်မီးသည်လည်း မိမိနှင့်အတူ ဖြစ်ပေါ်သော မာမှု, ဖွဲ့စည်းမှု, တင်းရင်းမှုဟူသော ဓာတ်ကြီးသုံးပါးတို့ကို ခဏခြင်း, ခဏခြင်းကွယ်ဆုံးအောင် လောင်သည်သာ ဖြစ်၏။ အမှိုက်မှဖြစ်သော မီးသည် ထိုအမှိုက်ကို ခဏခြင်းကုန်အောင် စား၏။ ဆီမှထသော မီးသည် ထိုဆီကိုစား၏။ ရေနံမှထသောမီးသည် ထိုရေနံကို စား၏။ ထိုထိုအဆီမှ ထသောမီးသည် ထိုထိုအဆီကို ခဏခြင်းကုန်အောင် စား၏။ ထို့အတူ သတ္တဝါတို့၏ ကိုယ်၌ ကိုယ်နှင့်အပြည့် တရှိန်ရှိန် မပြတ်မစဲ ထ၍နေသော ဓာတ်မီးသည်လည်း အတူတကွဖြစ်ပေါ်သော ဓာတ်တို့ကို ခဏခြင်း ခဏခြင်းကုန်အောင် စားသည်သာလျှင် ဖြစ်၏။ အထူးအားဖြင့် ဓာတ်ဆီဟူသမျှကို ခဏခြင်းကုန်အောင် စား၏။ ထို့ကြောင့် ဖြစ်ပေါ်သမျှသော ခပ်သိမ်းသော ပရမတ်မြေ, ရေစသော ဓာတ်တို့သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည် မရှိကြကုန်။ ။ မျက်တောင်တစ်ခတ် အတွင်းမှာပင် အကြိမ်တစ်ရာ တစ်ထောင်မက တစ်ကိုယ်လုံးအကျွတ် ကွယ်ဆုံးလေ၏။ ထိုသို့ ကွယ်ဆုံးသော်လည်း အသစ်အသစ် အစားဖေဖအောင် ထူထောင်ဖန်ဆင်းကြသော အကြောင်းတရားစု အလွန်များပြားလှ၍ ငယ်ရွယ်စဉ်အခါ၌ ခဏတိုင်း ခဏတိုင်း တိုးတက်ကြီးပွား၍ပင်လာနိုင်ပြန်သတည်း။ ။ မိမိကိုယ်တစ်ကိုယ်လုံး ခဏမစဲ ကြေပျက် ကွယ်ဆုံးမှုကိုလည်း မြင်အောင်ကြည့်။ ။ ကွယ်ဆုံးကြေပျက်မှုကို စိပ်စိပ်မြင်လျှင် တစ်ကိုယ်လုံးနှင့် အပြည့်အပြည့်, အသစ်အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူသော ဇာတိအချက်၊ တဖြုတ်ဖြုတ် ပျက်ကွက်မှုဟူသော အနိစ္စအချက်ကို စိပ်စိပ်ကြီး မြင်လိမ့်မည်။

ဥပမာ – ရေနံဆီတစ်ပိဿာ၌ တောက်သောမီးသည် ထိုရေနံဆီကို အတွင်ကုန်အောင် စား၏။ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှ ကာလပတ်လုံး ရေနံဆီလည်း လျော့သည်မထင်ရ၊ မီးလည်း လျော့သည်မထင်ရ။ မထင်သော်လည်း နှစ်ပါးလုံးပင် ခဏစဉ်အတိုင်း ကုန်ကြ

www.dhammaransi.com



ဆုံးကြသည်သာဖြစ်၏။ အကယ်၍ မကုန်မဆုံးကြသည် ဖြစ်ခဲ့အံ့၊ ရေနံဆီ အသစ်လောင်းဖွယ်ကိစ္စ မရှိရာပြီ။ တစ်ညလုံးမှာ အခါခါလောင်းရသည့်အတွက် အချိန်အခွက် ငါးဆယ်ကုန်လျှင် မီးစာ၍ အခွက်ငါးဆယ်ကုန်ကြောင်း ထင်ရှား၏။ စေ့စေ့ကြည့်၍ နေလျှင်လည်း သူ့ဆီနှင့်သူ့မီး ခဏခြင်း ခဏခြင်း ကုန်ဆုံး၍ သွားသည်ကို မြင်ရပါ၏။ ဆီရော မီးတောက်ရော လျော့ပါး၍ သွားသည်ကိုလည်း မြင်သာပါ၏။ တစ်ညထွန်းလျှင် ရေနံဆီအချိန်များစွာ ကုန်သည်ဟု သိလည်း သိကြပါ၏။ ။ ဤအတူ တစ်ကြိမ်စားသော အာဟာရအတွက် နာရီပေါင်း မည်ရွေ့မည်မျှသာ ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည်။ အစာအာဟာရ လျော့ပါး၍သွားလျှင် ဤခန္ဓာလျော့ပါး၍ သွားသည်၊ အစာအာဟာရပြတ်၍ သွားလျှင် ဤခန္ဓာ မတည်နိုင်ပြီ။

ဤကိုယ်ခန္ဓာတို့၌ ပျက်ဆုံးမှု မြန်လှ, အားကြီးလှသည့်အတွက်ကြောင့် ကိုယ်ခန္ဓာ အသစ်အသစ် အယဉ်ဆက်လက်မှု မြန်လှ, အားကြီးလှ၏။ ကိုယ်ခန္ဓာအသစ်အသစ် အယဉ်ဆက်လက် ထူထောင်မှု မြန်လှ, အားကြီး လှသည့်အတွက်ကြောင့် လောက၌ အသက်မွေးမှုဟူသော အလုပ်ကြီးသည် အကြီးအကျယ်ဆုံး, အကြပ်အတည်းဆုံး, မလွှဲသာဆုံး, မနေသာဆုံး ဖြစ်လေသတည်း။

## တည်ထောင်မှုကြီးကျယ်ပုံ

ဇမ္ဗူဒီပါမြေ၌ တစ်နှစ်, တစ်နှစ်တွင် ဖြစ်ပွားသော စပါးမျိုး, ပြောင်း, ပဲ, လူး, ဆပ် အစရှိသော အစာအာဟာရမျိုးသည် မည်ရွေ့မည်မျှ များပြားလိမ့်မည်၊ တစ်နှစ်အဖို့, တစ်လအဖို့, တစ်ရက်အဖို့ စားသောက်၍ မည်ရွေ့မည်မျှ ကုန်လိမ့်မည်ဟု မျှော်လိုက်လျှင် ခန္ဓာသစ် ဆက်လက်တည်ထောင်မှု၊ အသစ် အသစ် ဆက်လက်တည်ထောင်မှု ကြီးကျယ်ပုံကို မြင်လိမ့်မည်။

www.dhammaransi.com



## ပျက်ဆုံးမှုမြန်ပုံ

နေ့စဉ် အသစ်အသစ် ခန္ဓာအယဉ် ဆက်လက်မှု၊ အသက်မွေးမှု, ကြီးကျယ်ကြပ်တည်း၍ နေကြပုံကို မြင်နိုင်လျှင် ဤခန္ဓာ ဤအသက်စု ပျက်မှု, ဆုံးမှု, ပျောက်ကွယ်မှု မြန်ကြောင်း၊ အားကြီးကြောင်းကိုလည်း မြင်လိမ့်မည်။

ရေသတ္တဝါ ကုန်းသတ္တဝါတို့ အသက်မွေးမှု၊ အစာရှာမှု၊ ဥစ္စာစီးပွားမှုနှင့် နေ့နေ့, ညည, ပုပု, ရွရွ, လုလု, ယက်ယက်, လုပ်ကြ, ကိုင်ကြ, ထမ်းကြ, ပိုးကြ, သွားကြ, လာကြ, ပြောကြ, ဆိုကြ, ကြံကြ, စည်ကြ, ကြောင့်ကြစိုက်ကြ, အားထုတ်ကြ, စိုးရိမ်ကြ, ပူပန်ကြ, စောင့်ရှောက်ကြ, ထိန်းကျောင်းကြ, ငြင်းခုံကြ, ခိုက်ရန်ဖြစ်ကြသမျှ အလုံးစုံတို့ကို အရင်းသို့ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်းအသစ် အယဉ်ဆက်လက်မှု၊ အသက်အဟောင်းအသစ်အယဉ်ဆက်လက်မှု ကြပ်တည်းလှသည့်အတွက်ကြောင့်ဟု မြင်လိမ့်မည်။

## ပကတိအနိစ္စ, ပကတိအနတ္တ

အသစ်အသစ် ဆက်လက်မှု ထူထောင်မှု ကြပ်တည်းပုံကို မြင်လျှင်လည်း အဟောင်းအဟောင်း ပျက်ဆုံးပြောင်းလဲမှု မြန်ကြောင်း မမြဲကြောင်း အနိစ္စ၊ အနှစ်မရှိကြောင်း အစိုးမရကြောင်း အနတ္တကို ကောင်းကောင်းကြီး မြင်လိမ့်မည်။

ဤကိုယ်ခန္ဓာဓာတ်ကြီး ဓာတ်ငယ်တို့ ပျက်မှု ဖြစ်မှုမြန်လှသည့်အတွက်ကြောင့် လောက၌ ကြောင့်ကြစိုက်ဖွယ် အနန္တဖြစ်ပွား၍နေသည်ဟု ဆိုလိုပါသတည်း။ ဤကား ပကတိဓာတ်နှင့် ပကတိအနိစ္စ၊ အနတ္တကို မြင်ဖို့အချက်တည်း။

## ဝိကတိဓာတ်စသည်ကို မြင်နိုင်ပုံ

ခန္ဓာကိုယ်ကို တွယ်တာခင်မင်သည့်အတွက် အသက်တစ်ရာ၊ အသက်တစ်ထောင် ရှည်ရှည်နေလို၍ အသစ်အသစ်သော ဓာတ်တို့ကို ခဏမစဲ အစဉ်စပ်မိအောင် အယဉ်ဆက်မိအောင် ထူထောင်မှုဟု ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ်ခန္ဓာ၌ ပကတိဓာတ်မှ ခဏမစဲ အသစ်အသစ်ဖြစ်၍နေချက်ကို မြင်နိုင်ပါလျှင် ပကတိပျက်မှုအနိစ္စ၊ ပကတိအနှစ်မရှိသော အနတ္တကို မြင်နိုင်

www.dhammaransi.com



ပါလျှင် ဝိကတိဇာတိ၊ ဝိကတိအနိစ္စ၊ ဘိဇ္ဇန၊ ခယ၊ ဝယ၊ ဝိကတိ အသာရ တို့ကိုလည်း မြင်နိုင်လတ္တံ့။

## ဝိကတိဇာတိ

ဝိကတိဇာတိ ဆိုသည်ကား- အနာအမျိုးမျိုး ဖြစ်ပေါ်မှု၊ ရောဂါအမျိုးမျိုး ဖြစ်ပေါ်မှု၊ ဘေးအမျိုးမျိုး ဖြစ်ပေါ်မှု၊ ရန်အမျိုးမျိုး ဖြစ်ပေါ်မှု၊ ဒဏ်အမျိုးမျိုး ဖြစ်ပေါ်မှု၊ ဉပဒ်အမျိုးမျိုး ဖြစ်ပေါ်မှုတို့ပေတည်း။

ထိုထိုဆိုခဲ့သော အမျိုးမျိုးဉပဒ်, ဘေး, ဒဏ်, ရန်အပေါင်းတို့ကြောင့် ခဏမစဲ တသဲသဲရုပ်သိမ်း၍ တစ်ဖြုတ်ဖြုတ် တစ်ယုတ်ယုတ် ပျက်သည် ဆုံးသည် ကုန်သည်ဟူသော ဝိကတိအနိစ္စသဘောကိုလည်းကောင်း၊ ခဏခဏမစဲ တသဲသဲ ပျက်ဆုံးချုပ်ကွယ်ရာ အနှစ်သာရမရှိသော အဖြစ်ဟူသော ဝိကတိအနတ္တကိုလည်း ကောင်း သိရမည်။ ။ ခဏခြင်း စပ်မိအောင် ဆက်မိအောင် အစဉ်မပြတ်အောင် အယဉ်မပြတ်အောင် အသစ်အသစ်ဖြစ်ပေါ်၍နေသော ဇာတိမှုအမြဲရှိသည့်အတွက် ကြောင့် ယခုခဏ ဣဋ္ဌရုပ်ကိုယ်ခန္ဓာ၊ ယခုခဏအတွက် အနိဋ္ဌရုပ်ကိုယ်ခန္ဓာ စသည်ဖြင့် ပြောင်းလဲ၍ ဖြစ်မှု, ပျက်မှု မစဲဖြစ်နိုင်သည်။

ပျက်ကွယ်မှုမြန်သည့်အတွက်ကြောင့် ဣဋ္ဌရုပ်ခန္ဓာကိုယ်, အနိဋ္ဌရုပ်ခန္ဓာ ကိုယ်, သုခရုပ်ခန္ဓာကိုယ်, ဒုက္ခရုပ်ခန္ဓာကိုယ် ပြောင်းလဲလိုလျှင် ခဏခြင်း ပြောင်းလဲနိုင်သည်။ ဘယ်ခဏ၌ အနိဋ္ဌရုပ် ကိုယ်ခန္ဓာဇာတိမျိုး, ဣဋ္ဌရုပ် ကိုယ်ခန္ဓာ ဇာတိမျိုး, သုခရုပ် ကိုယ်ခန္ဓာဇာတိမျိုး, ဒုက္ခရုပ်ကိုယ်ခန္ဓာဇာတိမျိုး မဖြစ်နိုင်, မပေါ်နိုင်သော ခဏဟူ၍၊ မပျက်နိုင်, မဆုံးနိုင်သော ခဏဟူ၍ မရှိပြီ။ ခဏတိုင်း မှာပင် ဖြစ်နိုင်, ပျက်နိုင်၏။

**ဇာတိဟူသည်ကား-** ဖြစ်ပေါ်မှုတည်း။ လောက၌ မျက်စိနာဖြစ်သည် နားနာဖြစ်သည် အစရှိသည်ဖြင့် ခေါ်ဝေါ်ကြသော (ဖြစ်)ဟူသော အချက်စုသည် ဇာတိချည်းတည်း။

**အနိစ္စဟူသည်ကား-** ပျက်စီး, ပျောက်ကွယ်ခြင်းတည်း။ လောက၌ အချမ်းပျောက်ကွယ်ပြီ၊ အအေးပျောက်ကွယ်ပြီ စသည်ဖြင့် (ပျောက်)ဟူသော

www.dhammaransi.com



စကား (ပျက်)ဟူသော စကားမျိုးတည်း။

**အနတ္တ**ဟူသည်ကား- အရှည်မတည်တံ့သော အမှုတည်း။ လောက၌ ချမ်းသာဟူသည် ခဏသာတည်း။ အေးဆိုသည် ခဏသာတည်း။ လှဆိုသည် တောင့်ဆိုသည် တင်းဆိုသည် ခဏသာတည်းဟု ခေါ်ဝေါ်ကြသော (ခဏ)ဟူသော စကားစုတည်း။

## ကဋ္ဌမုခမြွေ

ဤကိုယ်ခန္ဓာစု၌ အနိဋ္ဌဇာတိရုပ်ခန္ဓာမျိုး၊ ဣဋ္ဌဇာတိရုပ်ခန္ဓာမျိုးတို့ ပျက်ဆုံးရန် တရားစုသည် အတွင်းသန္တာန်ကလည်း အသင်္ချေအနန္တ များပြား၏။ အပသန္တာန်ကလည်း အသင်္ချေအနန္တ များပြား၏။ ဤကိုယ်ခန္ဓာ၌ တစ်ကိုယ်လုံး၏ အမာခံ, အထည်ခံဖြစ်သော (မာမှု)ဟူသော ပထဝီမြေဓာတ်ကို ကဋ္ဌမုခမြွေဟူ၍ ဟောတော်မူ၏။ ခြေဖျား၌ အဆိပ်ထန်သောမြွေကို ကိုက်ရာ ဦးခေါင်းတိုင်အောင် ခဏခြင်းအဆိပ်နှံ့၍ လူမှန်းမသိဖြစ်ရာ၌ တစ်ကိုယ်လုံး ခဏခြင်းရုပ်ပြောင်းကုန်၏။ ပကတိနဂိုရုပ်စု အကုန်ကွယ်ပျောက်၏။ လောင်မီးအစုနှင့်တူသော ရုပ်စုသည် ခဏခြင်း တည်ထောင်၏။ တစ်ကိုယ်လုံးမှာ နဂိုပကတိရုပ်ဟူ၍ အဏုမြူမျှ အကြွင်းအကတ်မရှိပြီ။ တစ်ကိုယ်လုံးသည် လောင်မီးအလားတူရှိသော ရုပ်သစ် တွေသာ အတိပြည့်၏။

ဉပမာကား- ချိန်ဝင်ပိဿာ ငါးဆယ်ခန့်ရှိသော အလွန်ထက်လှစွာသော ယမ်းဖြင့်ပြည့်သော မီးခုန်းကြီးကို စနက်ပေါက်မှ နှမ်းဖစ့်ခန့်ရှိသော အနည်းငယ် သော မီးပေါက်, မီးပွား ထိပါးခဲ့သည်ရှိသော် ချိန်ဝင်ပိဿာ ငါးဆယ်ခန့်ရှိသော ယမ်းခဲကြီးသည် အကုန်လုံး ခဏခြင်း မီးအတိဖြစ်လေသကဲ့သို့တည်း။ ဤမြွေ ကိုက်သောသူ၌ တစ်ကိုယ်လုံး ရုပ်သစ်ပြောင်းပုံ၊ ရုပ်ဟောင်းကွယ်ပျောက်ပုံကား ခြေဖဝါး အထည်ဒြပ်ဖြစ်၍နေသော နဂိုရုပ်စုကား သာယာချမ်းမြေသော ဣဋ္ဌရုပ်စု ဖြစ်ကြောင်းကို အများသူပင် သိ၏။ မြွေကိုက်၍ မြွေဆိပ်ပျံ့နှံ့သည့်အတွက် နဂိုကမရှိသော ပူမှု, နာမှု, အောင့်မှု, အင့်မှု, ထိုးကျင်မှု, ထုံမှု, ကျင်မှု, ကိုက်မှု, ခဲမှု, တောင့်မှု, တင်းမှုစသော မချမ်းသာမှု၊ မသက်သာမှုစုသည်

www.dhammaransi.com



ယခုမြွေကိုက်သည်နှင့်တစ်ပြိုင်နက် ယခုမှဖြစ်လာသည်ဟု ထင်ရှားပါ၏။ မေးမြန်းလျှင်လည်း ယခုမှဖြစ်လာသော အမှုစုပါဟု ပြောကြလတ္တံ့။ ထိုသို့ ပြောကြသော်လည်း ဇာတိသစ်, ရုပ်သစ်, ကလာပ်သစ်, ဓာတ်သစ်ဟူ၍ မသိကြလေ။ အဟောင်း အဟောင်းစဖြစ်သော နဂိုရုပ်ကလာပ်ဓာတ်တို့၏ ပျက်မှု မမြဲချက်ကို မရိပ်မိကြ မသိကြလေ။ ကိုယ်ခန္ဓာအတွင်း၌ ယခုဘာဖြစ်သည်, ဘယ်လိုဖြစ်သည်, ပေါက်လာသည်, ပေါ်လာသည်, ဘယ်ရောဂါဖြစ်သည်, ဘယ်အနာဖြစ်သည်, စသည်ဖြင့် ဖြစ်လုံး, ပေါ်လုံး, ပေါက်လုံးနှင့် ပြောကြသမျှသော အမှုအစုသည် ဇာတိသစ်, ရုပ်သစ်, ဓာတ်သစ်, ကလာပ်သစ်, ပရမတ်သစ်ချည်းဟူ၍ မှတ်။ ထိုဖြစ်လုံး, ပေါ်လုံး, ပေါက်လုံး ပြောဆိုရသမျှ အဟောင်းအဟောင်း ရုပ်ဓာတ် ကလာပ် ပရမတ်တို့ ချုပ်ဆုံးကွယ်ပျောက်၍သာ ပေါ်လာနိုင်သည်။ ထိုရုပ်ဟောင်း, ကလာပ်ဟောင်း, ဓာတ်ဟောင်း, ပရမတ်ဟောင်းတို့ ကွယ်ပျောက် ချုပ်ဆုံးချက်မှု အစုသည်ပင် အနိစ္စအချက်စုတို့ဟု သိရသည်ချည်းတည်း။ မိမိကိုယ်ခန္ဓာတွင် တစ်ခု, တစ်ခုသော နေရာ၌လည်းကောင်း၊ တစ်ကိုယ်လုံး၌လည်းကောင်း ယခု ပူ၍လာသည်ဟု သိလျှင် ယခုမှပေါ်သော ဇာတိသစ်ပေတည်း။ အသစ်ပေါ်လျှင် ထိုပေါ်ရာမှာ အဟောင်းပျောက်မြဲ။ တစ်ကိုယ်လုံးမှာ ယခုပူ၍ လာသည်ဟု သိသာခြားနားရှိလျှင် တစ်ကိုယ်လုံးရှိ ရုပ်ဟောင်း, ဓာတ်ဟောင်း, ကလာပ် ဟောင်းစု ကွယ်ပျောက်၍ ကုန်ပြီဟု သိရသည်။ ပြောင်းလဲပုံ မြန်လှ၍သာ ပြောင်းလဲမှန်း မသိနိုင်ကြသည်။ ယခုအေး၍ လာသည်၊ နာ၍လာသည်၊ ကျင်၍လာသည်၊ ထုံ၍, ကိုက်၍, ခဲ၍, ညောင်း၍, ညာ၍, တောင့်၍, တင်း၍, အောင့်၍, အင့်၍, ယား၍, ယံ၍လာသည်၊ ကျိန်းစပ်၍ စပ်၍လာသည် စသည်ဖြင့် ကိုယ်သန္တာန် အတွင်းအပ၌ မခံသာသောမှု ခပ်သိမ်းဖြစ်မှု၊ ပေါ်ပေါက်မှုစုသည် ဖြစ်မှန်းသိသာရာ ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါတစ်ခုလုံး၌ ရုပ်ဟောင်း ကွယ်ဆုံး၍သာ ဇာတိသစ်, ရုပ်သစ် ပေါ်လာသည်မှတ်လေ။

www.dhammaransi.com



## ဒုက္ခအချက်

ဤဝိကတိဇာတိ ဝိကတိအနိစ္စအချက် လက်နှင့်မကွာ ဖြစ်နေသည့် အတွက် ဘာကြောင့်စိတ်အလိုရှိတိုင်း မနေသာ၊ မသွားသာ၊ မလာသာ၊ မပြသာ၊ မကျင့်သာ။ ဘေးဖြစ်ရန်အခွင့်၊ ရန်ဖြစ်ရန်အခွင့်၊ ဒဏ်ဖြစ်ရန်အခွင့်၊ ကိုယ်တွင်း အန္တရာယ်ဖြစ်ရန်အခွင့်၊ ကိုယ်ပအန္တရာယ်ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ၊ ရွံ့ရ၊ ထိတ်ရ၊ လန့်ရ၊ စိုးရိမ်ရ၊ ကြောင့်ကြရ၊ ပူပန်ရ၊ ရှောင်ရ၊ ရှားရ၊ ရပ်ရွာဖွဲ့စည်း၍ နေရ၊ အိမ်ရာ ဝင်းခြံ အဆီးအကာနှင့် နေရခြင်းစသည်ဖြင့် ကြပ်တည်း ကြရလေသည်။ ။ ထိုသို့ ကြပ်တည်းသော အမှုခပ်သိမ်းကို မြင်လျှင် ကိုယ်ခန္ဓာကြီး ၏ဒုက္ခအချက်ကို အကွက်ကျ မြင်နိုင်လတ္တံ့။

(ဤကား မြွေကိုက်သောသူ ဥပမာ၊ ယမ်းမီးစုန်းကြီး ဥပမာတို့ဖြင့် တစ်ကိုယ်လုံး၏ အမာခံဖြစ်သော ခက်မာမှုဟူသော ကဋ္ဌမုမြွေဟူ၍ ဟောတော်မူသော မြေဓာတ်၏ ခဏခြင်း ဖောက်ပြန်မှု၊ ပြောင်းလဲမှုတွေ အလွန်မြန်လှကြောင်းကိုဆိုသော စကားစုတည်း။)

ထိုမြေဓာတ်ကို သိရလျှင် ဖြစ်အတူ ပျက်အတူဖြစ်သော ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့လည်း အတွင်းပါဝင်တော့သည်ဟူ၍ သိလေ။

## နိရောဓ၊ ဘင်္ဂစသည်

ချဲ့ဦးမည်။ ။ အလွန်မာ၍နေသော လူပမာဏရှိသော ချိပ်ခဲကြီး၊ ဖယောင်းခဲကြီး၊ အဆီခဲကြီးများကို ခဏခြင်း အတွင်းအပြင် နှံ့ပြားအောင် မီးရှိန်သင့်လေသောအခါ ခဏခြင်းမာမှု အဆင့်ဆင့်ပြိုပျက်၍ ပျော့မှု၊ အဆင့်ဆင့် တိုးတက်၍ လာပုံ၊ မီးနှင့်ဝေး၍ အေးပြန်သောအခါ ပျော့မှု၊ အဆင့်ဆင့် ကွယ်ပျောက်၍ မာမှု၊ အဆင့်ဆင့် တိုးတက်၍ သွားပုံများနှင့် အလားတူ မြင်အောင် ကြည့်လေ။ မာမှုအဆင့်ဆင့် ပြိုပျက်ကွယ်ပျောက်၍ သွားသည်ကို အဘိဓမ္မာ၌ မြေဓာတ်အဆင့်ဆင့် ချုပ်မှု၊ ဆုံးမှု၊ ကွယ်ပျောက်မှု၊ သေမှု ဆိုသည်။ အဘိဓမ္မာ၌ မြေဓာတ်အဆင့်ဆင့် ချုပ်မှု၊ ဆုံးမှု၊ ကွယ်ပျောက်မှု၊ သေမှု ဆိုသည်။ ၎င်းကိုပင် သုတ္တန်ဒေသနာ အဘိဓမ္မာဒေသနာတို့၌ နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊

www.dhammaransi.com



မရဏ၊ အနိစ္စဟူ၍ ဟောတော်မူသည်။ ။ နိရောဓ ချုပ်။ ဘင် ကွဲ။ ခယ ကုန်။ ဝယ ပျက်။ အတ္ထ ကွယ်။ မရဏ သေ။ အနိစ္စ မမြဲ။

## လက္ခဏတ္တယဉာဏ်အလင်းကြီး

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခမြင်အောင် ရှုကြရကုန်သည်။ ထိုအမှုကို မြင်သောဉာဏ်ကို လက္ခဏတ္တယဉာဏ်အလင်းကြီး ဆိုသည်။

## ပုတိမုခ, အဂ္ဂိမုခ, သတ္ထမုခမြွေ

ကဋ္ဌမုခမြွေဟူ၍ ဟောတော်မူသော မြေဓာတ်ပထဝီ၏ အနိစ္စကို မြင်နိုင်လျှင် ပုတိမုခမြွေဟူ၍ ဟောတော်မူသော ရေဓာတ်၊ အဂ္ဂိမုခမြွေဟူ၍ ဟောတော်မူသော မီးဓာတ်၊ သတ္ထမုခမြွေဟူ၍ ဟောတော်မူသော လေဓာတ်၊ ဤဓာတ်ကြီးသုံးပါးတို့၏ ဖောက်ပြန်ပြိုပျက် ကွယ်ဆုံးမှု၊ အသစ်, အသစ် ဖြစ်ပေါ်ပြောင်းလဲမှုတို့ကိုလည်း မြင်နိုင်လတ္တံ့။

## နိရောဓ, ဘင်စသည်

ရေဓာတ်၌ ဖွဲ့စည်းမှု၊ အဆင့်ဆင့်အားကြီး၍ သွားမှု၊ အဆင့်ဆင့် လျော့ရဲပြေပျက်၍ သွားမှုသည် အဆင့်ဆင့်ချုပ်မှု နိရောဓ၊ ဘင်၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စပေတည်း။ မီးဓာတ်၌ ပူမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်သည် အေးမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်သည် အဆင့်ဆင့်ချုပ်မှု နိရောဓ၊ ဘင်၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စပေတည်း။ လေဓာတ်၌ တောင့်တင်းသန်မာမှု အဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်သည် အဆင့်ဆင့်ချုပ်မှု နိရောဓ၊ ဘင်၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စပေတည်း။

ဤသို့သော အနိစ္စကိုမြင်မှ လက္ခဏတ္တယဉာဏ်အလင်းသို့ ပေါက်ရောက်သည်။ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်ဟု ဆိုလိုသည်။ လောက၌ သေချိန်ကျ သေရချေ၊ အိုချိန်ကျ အိုရချေ၊ ပျက်ချိန်ကျ ပျက်ရချေဟု ရှုကြ မြင်ကြသော အရာသည် ဝိပဿနာဉာဏ်ပင် မဟုတ်၊ လက္ခဏတ္တယဉာဏ် မဟုတ်၊

www.dhammaransi.com



ကုလား၊ တရုတ်၊ ချင်း၊ ကရင်တို့လည်း မြင်ကြသော အမှုပင် ဖြစ်သတည်း။ ဤသည်ကား ခန္ဓာကိုယ် စာတ်ကြီးလေးပါးတို့၌ လက္ခဏာတ္တယဉာဏ်အလင်းသို့ ပေါက်ရောက်အောင် ကြည့်နည်းတည်း။

## ဝိညာဏ်ခြောက်ပါးတို့၏ အနိစ္စလက္ခဏာကို ပြခြင်း

ထိုဝိညာဏ်ခြောက်ပါးတို့တွင် အရာကျယ်သောကြောင့်လည်းကောင်း၊ ငရဲမီးအသိုက်အအုံ အလွန်ကြီးလှသောကြောင့်လည်းကောင်း မနောဝိညာဏ်ကို ရှေးဦးစွာ ပြရာ၏။

## မနောဝိညာဏ်၌ အနိစ္စလက္ခဏာ

မနောဝိညာဏ်မည်သည် နေ့နေ့, ညည ခဏမစဲ နှလုံးထဲမှာ တစ်ရှိန်တည်း တစ်ဆက်တည်း တစ်ခုတည်းဖြစ်၍ အမြဲတည်နေသည်ဟု စွဲလမ်း၍ နေကြ၏။ ငါသိသည်၊ ငါကြံသည်၊ ငါတွေးသည်၊ ငါဆာသည် အစရှိသည်ဖြင့် သက္ကာယဒိဋ္ဌိငရဲ မီးတောက် မီးလျှံမစဲ ထ၍ ထ၍ နေ၏။

## ဖြစ်ပေါ်ရာဌာန

ထိုမနောဝိညာဏ်စု၏ ဖြစ်ပေါ်ရာဌာနကား နှလုံးအိမ်တည်း။ ထိုနှလုံးအိမ်တွင်းမှာလည်း သွေးသည် တစ်လက်ဖက်ခွဲခန့် ရှိ၏။ အောက်၌တည်ရှိသော ပါစကဝမ်းမီး၊ တစ်ကိုယ်လုံးတွင် ထက်ဝန်းကျင်မှာတည်ရှိသော ဉသ္မာခေါ်သော ကိုယ်စောင့်စာတ်မီးတို့ကြောင့် ထိုနှလုံးသွေးသည် စမ်းရေပွက်မှာ စမ်းရေပွက်ကဲ့သို့ အခါခပ်သိမ်း ဆူဆူတက် ပွက်၍နေသော အခြင်းအရာရှိ၏။ မနောဝိညာဏ်၏မှီရာ ဟဒယဝတ္ထုရုပ်စုသည် ထိုသွေးမှာ အသိန်း အသန်းမက တည်ရှိ၏။ ထိုဟဒယဝတ္ထုရုပ်စုသည် နှလုံးသွေးမှာ လှိုင်းစီး၍တည်နေ၏။ မနောဝိညာဏ် ဟူသမျှသည် ထိုဟဒယဝတ္ထုရုပ်ပေါ်မှာ တစ်ဖွားဖွား ဖြစ်ပေါ်၏။ ပြိုးပြိုးပြက် ရိုးရိုးရက် တစ်လက်လက် တစ်လင်းလင်းနေ၏။ ။ "**ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ**"-ဟူ၍ လည်းကောင်း၊ "**ပဏ္ဍရံ စိတ္တံ**"-ဟူ၍လည်းကောင်း ဟောတော်

www.dhammaransi.com



မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤစိတ်ဝိညာဏ်မည်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် ရိုးရိုးရက် တလက်လက် တလင်းလင်း ရှိ၏။ ။ စိတ္တံ၊ စိတ်ဝိညာဏ် သည်။ ပဏ္ဍရံ၊ ဆွတ်ဆွတ်ဖြူ၏။

မျက်မြင်မျိုး မဟုတ်၊ ဉာဏ်မြင်မျိုးပေတည်း။ မျက်မြင်မျိုး အသွင်မှန်း၍ ဉာဏ်မျက်စိဖြင့် ကြည့်သော်လည်း ကိစ္စမရှိ။ **"ဝိဇ္ဇုပ္ပါဒါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ"**-ဟူသည်နှင့်အညီ လျှပ်၏ဖြစ်ခြင်း, ပျက်ခြင်း မြန်ပုံကဲ့သို့ ထင်မြင်၍ ဥဒယစွန်း, ဝယစွန်း ဤအစွန်းနှစ်ခုကို ဉာဏ်၌ ထိထိမိမိ အားရပါးရ မြင်နိုင်မှု သည်သာ ပမာဏတည်း။

တသိမ့်သိမ့် တအိမ့်အိမ့်ကဲ့သို့နေသော ထိုနှလုံးသွေးမှာလည်း ဖြစ်ပေါ်ရာ ဌာနအများ ကွက်ဖော်၍ကြည့်။ အလယ်၌ပေါ်သောအခါလည်း ရှိသည်၊ ရှေ့အဖို့ အစွန်းအနား၌ ပေါ်သောအခါလည်းရှိသည်။ နောက်အဖို့ အစွန်းအနား၌ ပေါ်သော အခါလည်း ရှိသည်၊ လက်ျာဖက် အစွန်းအနား၌ ပေါ်သောအခါလည်း ရှိသည်၊ လက်ဝဲဖက် အစွန်းအနား၌ ပေါ်သောအခါလည်း ရှိသည်။ ဤသို့ စသည်ဖြင့် ဖြစ်ပေါ်ရာဌာနအကွက်သည် အရာမက များ၏။ ပေါ်ရာ, ပေါ်ရာဌာနမှာ ချုပ်ပျောက်မြဲဓမ္မတာတည်း။ နှလုံးတွင်းခန့်ပမာဏရှိသော မျက်လုံးသားအပြင် အစရှိသော ထိုထိုကိုယ်အင်္ဂါအကွက်မှာ မြမြထက်သော အပ်ဖျားနှင့် တစ်ချက် တစ်နေရာ ထိုး၍သွားလျှင် နာမှုဟူသော နာမက္ခန္ဓာအစုသည် ထိုထိုအချက်မှာ အသီးသီး ဖြစ်ပေါ်၍၊ ဖြစ်ပေါ်ရာဌာနမှာ အသီးသီးကွယ်ပျောက်၍ သွားသည်ကို ထင်ရှားသိနိုင်, မြင်နိုင်သကဲ့သို့ သူ့အကွက်နှင့်သူ အသီးအသီး ဖြစ်မှု, ပျက်မှုကို ထိထိမိမိ မြင်နိုင်, ထင်နိုင်စေ၏။

ဥပမာကား- တစ်ခုသော ပုလင်းငယ်အတွင်းမှာ တလက်ဖက်၏ ထက်ဝက်ခန့် ပမာဏရှိသော ခြင်းခြင်းနီသော မှန်ကဲ့သို့ ကြည်လင်လှစွာသော ထိုဝတ္ထုကို အလွန်မြန်မြန်ကြီး ကုန်ပျောက်အောင် စားနိုင်သော ဆေးရည်သည် ရှိရာ၏။ အလွန်နူးညံ့လှစွာသော အလွန်လည်း သိမ်မွေ့သေးငယ်လှစွာသော ဆွတ်ဆွတ်ဖြူသော အပြေးအသွားလည်း အလွန်မြန်ထက်သော သံသေဒဇ ပိုးငယ်မျိုး တစ်မျိုးသည် ထိုဆေးရည်ထဲမှာ ထိုထိုနေရာ၌ ခုတင်ခု ခဏမစဲ

www.dhammaransi.com



ဖြစ်ပေါ်၏။ ထိုထိုပေါ်သောနေရာမှာပင် အပြေးအမြန်လောက်လက်၍ ဆေးရည်၏ စားချက်ဖြင့် မျက်တောင်တစ်ခတ်အတွင်းမှာ လျင်မြန်စွာ ကုန်ပျောက်ကွယ်ဆုံး၍ ကွယ်ဆုံး၍ သွားသည်ကို မျက်စိမှာ ထင်ရှားစွာ မြင်ရရာ၏။ ဤဥပမာနှင့် အလွန်တူစွာ မြင်စေရမည်။

စိတ်ဝိညာဏ်၏ အဖြစ်အပျက် အပြောင်းအလဲ မြန်လှမှုကြောင့်လည်း နှလုံးသွေးတစ်ခုလုံးမှာ ဘယ်နေရာမှာမဆို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း မှာပင် ရွရွ, ရွရွအနေနှင့် မြင်လတ္တံ့။ ငါသိသည်ဟူ၍၊ ငါကြံသည်ဟူ၍ ခဏမစဲ အမြဲထင်မြင်၍နေကြသော စိတ်ဝိညာဏ် အကြံအသိစုနှင့် ထိုထိုရွရါ ထင်မြင်ရသော အချက်စုသည် တစ်ခုတည်း, တစ်ချက်တည်း ထင်မြင်သွားမှ နေရာကျသည်။ နှလုံးသွေးထဲမှာ ရွရွ, ရွရွ ခုတင်ခုဖြစ်ပေါ်မှု၊ ပျောက်ပျက် ကွယ်ဆုံးမှုကိုပင် ထင်မြင်ပါသော်လည်း ကြံမှု, သိမှုတွေက တစ်ခြားနေလျှင် နေရာမကျ။ ငါကြံသည်, ငါသိသည်ဟူသော ငရဲမီးကို မထိ။ ရှုမှု, ထင်မှု, မြင်မှုထဲမှာ ထိုငရဲမီး မပါပဲလွတ်၍ မနေစေနှင့် ရှုသောဉာဏ်, မြင်သောဉာဏ်, ထင်သောဉာဏ်စုကိုလည်း တစ်လှည့် တစ်လှည့်ပါလေအောင် သတိချပ်၍ ကြည့်ရမည်။

**“ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊**

**မရီစိဓမ္မံ အဘိသမ္ဗုဓာနော”**။ (ဓမ္မပဒပါဠိတော်)

ဤပါဠိတော်မှာ ရုပ်ခန္ဓာကို ရေမြှုပ်စိုင် ရေမြှုပ်ခဲကဲ့သို့ နာမ်ခန္ဓာစုကို တံလျှပ်မြင်တွေ တံလျှပ်ရောင်တွေကဲ့သို့ ထင်မြင်နိုင်ပါလျှင် သေမင်းမမြင်နိုင်သော နိဗ္ဗာန်သို့ရောက်၏ဟု ဟောတော်မူရာ၌လည်း အနှစ်သာရမရှိမှု, သဏ္ဌာန် အသွင်ထင်မြင် နှစ်ချက်စီရသော ဥပမာစုပင် မှတ်ရမည်။

တံလျှပ် ဆိုသည်ကား– မိုးဦး, နွေလအခါ၌ ရေမရှိဘဲ ခြောက်သွေ့၍ နေသော အင်းပြင်ကြီးများမှာ မွန်းတည့်, မွန်းတိမ်း နေပူအားကောင်းတုန်း အခါတွင် မလှန်းမကမ်းကနေ၍ အင်းပြင်ကြီးကို ကြည့်မျှော်သောအခါ အင်းပြင်မှာ လျှမ်းလျှမ်း, လျှမ်းလျှမ်း ထ၍နေသည်ကို မြင်ရ၏။ နွေအခါ ရေငတ်လှ၍ ရေရှာကြသော ငါးရာ, တစ်ထောင်စသော တောသမင်တို့သည် ထိုတံလျှပ်တွေကို မြင်ကြလျှင် ရေတွင်ထင်၍ သောက်ချင်အားကြီး ပြေးကြ၏။ အင်းအပြင်သို့

www.dhammaransi.com



ဆင်းမိကြလျှင် ထိုနေရာမှာ ကွယ်ပျောက်၍ အင်းအလယ်မှာ မြင်ရပြန်၏။ အင်းအလယ်သို့ ရောက်ပြန်လျှင် ထိုနေရာမှာပျောက်၍ ဟိုဖက်အင်းကမ်းနားမှာ ထင်ရ၏။ ထိုနေရာသို့ ရောက်ပြန်လျှင် ပျောက်ပြန်၏။ အင်းလယ်မှာ မြင်ပြန်၏။ ပြေး၍ရောက်လျှင် ပျောက်ပြန်လေ၏။ ရှေ့တူရူ ကမ်းနားမှာထင်ရပြန်၏။ ပြေး၍ ရောက်လျှင် ပျောက်ပြန်၏။ တစ်ဖန် အင်းလယ်မှာ ထင်ရပြန်၏။ ပြေးရင်းနှင့်ပင် မောပန်း၍ အင်းပြင်မှာပင် သေဆုံးကြရကုန်၏။

ဤ၌ တံလျှပ် ဆိုသည်ကား- အင်းပြင်မြေထဲမှာ မိုးရွာ၍တက်သော ရေအခိုးစုပေတည်း။ အပေါ်တည့်တည့်ကကျသော နေရောင်ခြည်စုပေတည်း။ ထိုအခိုးတို့မှ ကြောက်လေ၍ ရေခိုး, နေရောင်နှစ်ခုစပ်ကို တံလျှပ်ခေါ်သတည်း။ အလွန်နီးကပ်သောနေရာက ကြည့်လျှင် မမြင်ရ၊ ပျောက်ကွယ်၍ ကုန်သကဲ့သို့ ထင်ရ၏။ နေရောင်နှင့် ပဏာရသောနေရာက ကြည့်မှ မြင်ရသည်။

## တံလျှပ်ပမာ နာမ်ခန္ဓာ

ကိုယ်တွင်းမှာ ခဏမစဲ အာရုံရှိရာသို့ ရှေ့ရှုဖြစ်ပေါ်၍နေသော နာမ်ခန္ဓာစုကို တံလျှပ်မြင် တံလျှပ်ရောင်တွေနှင့်အတူ ထင်မြင်စေရမည်ဟု ဆိုလိုသည်။ အဖြစ်အချုပ်ကို ပိုင်းခြားနိုင်သည်သာ ပမာဏတည်း။ အနိစ္စ ဆိုသည်ကား- အဖြစ်အချုပ်ကို အမိဖမ်းမှုပေတည်း။

ပြဆိုခဲ့ပြီးသောအတိုင်း ဝိညာဏ်ခြောက်ပါးတို့၏ တရားကိုယ်နှင့်တကွ ဖြစ်မှု, ပျက်မှုကို ထင်မြင်သောအခါ အာရုံခြောက်ပါးနှင့်စပ်၍ ထိုဝိညာဏ်ခြောက်ပါးတို့၏ ပဋိစ္စသမုပ္ပါဒ်အမှုကို ကြည့်ရှုရာ၏။ ဤအနိစ္စအချက်၌ ထင်မြင်ပါလျှင် အနတ္တ အတွင်းဝင်တော့သည်။ ဤကား ဝိညာဏ်ခြောက်ပါးတို့၏ အနိစ္စလက္ခဏာတို့တည်း။

www.dhammaransi.com



## စက္ခုဝိညာဏ်စိတ်တို့ကို ပြခြင်း

**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။**

(ပဋ္ဌာန်းပါဠိတော်။)

ရူပေ စ၊ ထိုထိုရူပါရုံတို့ကိုလည်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဉ္စ၊ စက္ခုပသာဒရုပ်ကိုလည်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ အသစ်အသစ်ဖြစ်ပေါ်၏။

ထိုထိုရူပါရုံ ဆိုသည်ကား- အဘိဓမ္မာဝေါဟာရမျိုးတည်း။ ရူပါရုံ၏ မှီရာ အဋ္ဌကလာပ်ဒြဗ်ဝတ္ထုနှင့်တကွ ကိုင်၍ပြမှသာ၍ ထင်ရှားသည်။

လူ၏အဆင်း, နွား၏အဆင်း, တုံး၏အဆင်း, တိုင်၏အဆင်းဟု ပြောဆိုသည်ကား **အဘိဓမ္မာဝေါဟာရမျိုး**တည်း။

လူကိုမြင်သည်၊ နွားကိုမြင်သည်၊ တုံးကိုမြင်သည်၊ တိုင်ကိုမြင်သည်ဟု ပြောဆိုကြသော ဝေါဟာရမျိုးကား မျိုကြ, စားကြသော ထမင်းခဲဖွယ် ဘောဇဉ်စုကို ကဗဠီကာရအာဟာရဟု ပြောဆိုကြသကဲ့သို့ **သဝတ္ထုကကထာမျိုး**တည်း။ အဘိဓမ္မာပါဠိတော်ကြီးများမှာပင် သဝတ္ထုကကထာမျိုး၊ ပရမတ္ထကထာမျိုးဟု နှစ်မျိုးလာရှိ၏။

မျိုကြ, စားကြသော ဘောဇဉ်ခဲဖွယ် ဝတ္ထုဒြဗ်တို့ကို ကဗဠီကာရအာဟာရဟု ခေါ်ဝေါ်မှုကား ဒြဗ်ဝတ္ထုနှင့်တကွ ကိုင်၍ပြသော ဝေါဟာရကထာမျိုးတည်း။ သြဒနော, ကုမ္မာသော, သတ္တု, မစ္ဆော, မံသံ အစရှိသည်ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်များမှာပင် ထိုဝေါဟာရလာပါ၏။

မျိုအပ်သောထမင်းမှာ အဋ္ဌကလာပ်ရုပ် ရှစ်ခုရှိ၏။ ထိုရှစ်ခုအတွင်းမှာ သြဇာဟူသော အာဟာရရုပ်ပါရှိ၏။ ထိုရုပ်ကို အသီးအခြားထုတ်၍ ကဗဠီကာရအာဟာရခေါ်သည်ကား **နိပ္ပရိယာယပရမတ္ထဝေါဟာရ**တည်း။ ထိုနှစ်ပါးတွင် ထင်ရှားစေခြင်းငှါ ဤအရာ၌ သဝတ္ထုကဝေါဟာရကို ပြဆိုပေအံ့။

www.dhammaransi.com



## စက္ခုဝိညာဏ်အသစ်ဖြစ်မှု

ရူပေ၊ ထိုထိုရူပါရုံတို့ကို အစွဲပြု၍ စက္ခုဝိညာဏ်စိတ် အသစ်အသစ် ဖြစ်ပေါ်မှု ဆိုသည်ကား- နံနက်အခါ၌ အိပ်ရာကထသည်မှစ၍ ညဥ့်အခါ အိပ်ရာသို့ ဝင်သည်တိုင်အောင် တစ်နေ့လုံး၌ ပထမဘယ်ဟာကို မြင်သည်။ ဒုတိယ ဘယ်ဟာကိုမြင်သည် အစရှိသည်ဖြင့် အစဉ်ရှိသည်သာ ဖြစ်၏။ ထိုသို့ စီစဉ်၍မှုကား ပြောခြင်းငှါ မတတ်နိုင်အောင် အချက်များလျက် ရှိ၏။ ပထမ လူကိုမြင်သည်၊ ဒုတိယနွားကို အစရှိသည်ဖြင့်လည်းကောင်း၊ လူကိုမြင်ရာ၌လည်း ကျောက်ကုန်းကို ပထမမြင်သည်, ၎င်းနောက် ဦးခေါင်းကို ဒုတိယမြင်သည် စသည်ဖြင့်လည်းကောင်း အစဉ်အတိုင်း မြင်သွားရသော များပြားလှစွာသော အဆင်းသဏ္ဌာန် အထည်ဝတ္ထုမျိုးတွေကို ရည်၍ **"ရူပေ၊ ထိုထိုရူပါရုံကို"**-ဟု ဆိုသတည်း။ ။ ထိုထိုဝတ္ထုဒြဗ်ကိုမြင်ရာ၌ သူ့ဝတ္ထုဒြဗ်နှင့် သူ့စက္ခုဝိညာဏ် အသစ် အသစ်ဖြစ်၍ မြင်သည်ဟူလိုသတည်း။

## ချဲ့၍ပြခြင်း

ထိုစကားကို ထင်ရှားရုံချဲ့ဦးအံ့။ ။ တုံးနှင့်မျက်နှာ တည်မိကြသည်နှင့် တစ်ပြိုင်နက် တုံးရိပ်သည် စက္ခုပသာဒရုပ်မှာထင်၏။ ထိုတုံးရိပ်ထင်မှုသည် ပရမတ္ထသဘာဝအရာ၌ စက္ခုပသာဒရုပ်မှာ မိုးကြိုးကျသကဲ့သို့ အဟုန်နှင့်တကွ ခိုက်တိုက်၍ ပသာဒရုပ်ကြည်တွင် တုံးရိပ်ထင်ပေါ်မှု ဖြစ်သတည်း။ ထိုတုံးရိပ် ခိုက်မှုဒဏ်ချက်ကြောင့် ထိုအရိပ် ထိခိုက်ပေါ်ရှိ၍နေရာမှာ တုံးကိုမြင်သော စက္ခု ဝိညာဏ် ဖြစ်ပေါ်လေသတည်း။ မီးခတ်မှာ ကျောက်ထိခိုက်ရာ၌ ထိခိုက်မှုဒဏ် ကြောင့် မီးပွင့်တွေ တစ်ဖွားဖွား ပေါ်ဘိသကဲ့သို့တည်း။ မျက်တောင်တစ်ခတ်လျှင် ခတ်တိုင်း, ခတ်တိုင်း ထိုတုံးရိပ်ကွယ်ပျောက်၏။ တုံးရိပ်ကွယ်ပျောက်တိုင်း, ကွယ်ပျောက်တိုင်း သူ့တုံးရိပ်နှင့် သူ့စက္ခုဝိညာဏ် အပြီးချုပ်ပျောက်ရာ ပါလေ၏။ တစ်ခြားတစ်ပါးကို မျက်နှာလွှဲရာ၌ ဆိုဖွယ်မရှိ။ ။ မျက်တောင်ကို ကြွချီပြန်လျှင် ကြွချီတိုင်း, ကြွချီတိုင်း တုံးရိပ်အသစ်, အသစ်ခိုက်ပေါ်မှ စက္ခုဝိညာဏ် အသစ်, အသစ် ဖြစ်ပေါ်မှုကိုလည်း သိလေ။ ။ တုံးကိုလွှတ်၍ တိုင်ကိုမြင်သော

www.dhammaransi.com



အခါ၌လည်း ဤနည်းအတိုင်းပင်။ တိုင်ကိုလွှတ်၍ တစ်စုံတစ်ခုကို မြင်ပြန်ရာ၌လည်း ဤနည်းအတိုင်းပင်။

ထို့ကြောင့် ထိုထိုဝတ္ထုဒြဗ်ကို မြင်ရာ၌ သူ့ဝတ္ထုဒြဗ်နှင့် သူ့စက္ခုဝိညာဏ် အသစ်, အသစ် ဖြစ်ပေါ်မှုကို သိအပ်သတည်း။

တုံးရိပ်, တိုင်ရိပ်စသည် ခိုက်မှု, တိုက်မှု ဒဏ်ရမှသာ ထိုဝိညာဏ် ဖြစ်ပေါ်နိုင်လေရကား- ရူပေ၊ ထိုထိုရူပါရုံတို့ကို အစွဲပြု၍ ဖြစ်ရာ၌ အစွဲပြုဟူသော အချက်ပေါ်လေသတည်း။ ။ ထိုသို့ တုံး, တိုင်စသော ရူပါရုံဝတ္ထုဒြဗ်တို့၏ ထိခိုက်မှုနှင့်သာ ဖြစ်ပေါ်ရလေသောကြောင့် တုံးကိုမြင်သေအာခါ မျက်စိမှာ ဖြစ်ပေါ်သော စက္ခုဝိညာဏ်သည် တုံးကလုပ်၍ပေးသော စက္ခုဝိညာဏ်ပေတည်း။ တုံးကလုပ်၍ ဖန်ဆင်း၍ပေးသော စက္ခုဝိညာဏ်နှင့် တုံးကိုမြင်ရသည်။ ။ တိုင်ကလုပ်၍ပေးသော စက္ခုဝိညာဏ်နှင့် တိုင်ကိုမြင်ရသည် အစရှိသည်ဖြင့် အကုန်သိလေ။

ဥပမာကား- အသက်တစ်သိန်းတန်မှာ တစ်နှစ်, တစ်နှစ်လျှင် လင်တစ်ယောက်, တစ်ယောက်သေ၍ နှစ်စဉ်အတိုင်း လင်အသစ်, အသစ် တစ်ယောက်, တစ်ယောက်ယူရ၍ အနှစ်ငါးသောင်းကာလပတ်လုံး သားပေါင်း ငါးသောင်း ဖွားမြင်ရာ၏။ ထိုသားစုကား အဘ အသီး, အသီးတည်း။ သားတို့ကို ကွဲပြားအောင် ပြောလိုလျှင် အမိနှင့်ပြော၍ မကွဲပြားနိုင်။ အဘနှင့်ပြောမှ ဤသူကား မည်သူ၏သားတည်း။ ဤသူကား မည်သူ၏သားတည်းဟု ကွဲပြားရာ၏။ စက္ခုပသာဒရုပ်သည် ထိုအမိမိန်းမနှင့် တူ၏။ တုံး, တိုင်စသော ရူပါရုံ ဝတ္ထုဒြဗ်တို့သည် အဘငါးသောင်းနှင့် တူ၏။ အသစ်, အသစ် ဖြစ်၍သွားသော စက္ခုဝိညာဏ် စသည်သည် သားငါးသောင်းနှင့် တူ၏။ ။ "**စက္ခုံ ရူပေန သံဝါသာ၊ ရာဂ ပုတ္တံ ဝိဇာယတိ**"-စသည် ဟောတော်မူသော ပါဠိတော်ကို ထောက်လေ။

တုံး, တိုင်စသည်ကို အစဉ်အတိုင်း အိပ်ရာဝင်သည်တိုင်အောင် တစ်နေ့လုံး၌ မြင်၍သွားသော ထိုပုဂ္ဂိုလ်သည် တုံး၏သားဖြစ်သော စက္ခုဝိညာဏ်ဖြင့် တုံးကို မြင်သည်။ တိုင်၏သားဖြစ်သော စက္ခုဝိညာဏ်ဖြင့် တိုင်ကိုမြင်သည်

www.dhammaransi.com



အစရှိသည်ဖြင့် ဆိုထိုက်လေသတည်း။

ဥပမာတစ်နည်းကား– ဝဲယာနှစ်ဖက်၌ လူတစ်ရပ်ခန့် အမြင့်ရှိသော သစ်ပင်ပေါင်း တစ်ထောင်စီတန်းလျက် ရှိနေသော လမ်းတစ်ခုမှာ ဖန်တုံးကြီး တစ်ခုကို ပင့်မြှောက်ယူဆောင်၍ အပြေးသွားရာ၌ ထိုထိုသစ်ပင် ဥပစာသို့ရောက်လေရာ, ရောက်လေရာ ဖန်တုံးကြီးမှာ အရိပ်အသီး, အသီး ပေါ်လေရာ၏။ ။ ဖန်တုံးကြီးနှင့် စက္ခုပသာဒ၊ ထိုထိုသစ်ပင်နှင့် ထိုထိုရူပါရုံဝတ္ထုဒြဗ်၊ ထိုထိုသစ်ပင် ရိပ်နှင့် ထိုထိုစက္ခုဝိညာဏ် တူ၏။ ဖြစ်ပေါ်မှု ကွယ်ပျောက်မှုလည်း အသီး, အသီး တူကြ၏။

### စက္ခုဝိညာဏ် ပြီး၏။

ထိုထိုအသံမျိုးတို့နှင့် သောတဝိညာဏ်။ ။ ထိုထိုအနံ့မျိုးတို့နှင့် ဃာနဝိညာဏ်။ ။ ခံတွင်းမှာ ရောက်လာသော ထိုထိုရသာရုံဝတ္ထုဒြဗ်မျိုးတို့နှင့် ဇိဝှါဝိညာဏ်။ ။ ကိုယ်အင်္ဂါအတွင်း, အပမှာ ထိခိုက်လာသော ထိုထိုဖောဋ္ဌဗ္ဗာရုံဝတ္ထုဒြဗ်မျိုးတို့နှင့် ကာယဝိညာဏ် ဤဝိညာဏ်တို့ကိုလည်း စက္ခုဝိညာဏ်အတိုင်း သိလေ။

မနောဝိညာဏ်မှာမူကား– အာရုံမျိုး အလွန်အထွေအပြား များ၏။ ကုသိုလ်စိတ်မျိုး, အကုသိုလ်စိတ်မျိုး, စက္ခုဝိညာဏ် အစရှိသော အဗျာကတစိတ်မျိုး။ ထိုစိတ်မျိုးတို့မှာယှဉ်သော လောဘတရား, ဒေါသတရား, မောဟတရား အစရှိသော အကုသိုလ်တရားစု။ သဒ္ဓါ, ပညာ, သတိ အစရှိစေသော ကုသိုလ် အဗျာကတဓမ္မစု။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒဟူသော ဓမ္မစု။ ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး အစရှိသော ဓမ္မစု။ အာပေါဓာတ်, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု, ဇီဝိတ, အာဟာရ, ဇာတိ, ဇရာ, မရဏ အစရှိသော ဓမ္မစု။ ဤအလုံးစုံသည် ဓမ္မာရုံမည်၏။ ရူပါရုံ, သဒ္ဒါရုံ အစရှိသော ပဉ္စာရုံတို့သည်လည်း မနောဝိညာဏ်နှင့် ဆိုင်ကြကုန်သေး၏။

www.dhammaransi.com



## မနောဝိညာဏ်၏ အာရုံ

မနောဝိညာဏ်၏ အာရုံမှာ အာရုံခြောက်ပါးလုံးပင် အာရုံရ၏။ ထိုခြောက်ပါးသည် အမိဝမ်းက ဖွားမြင်သည်မှစ၍ ယခုနေ့ ယခုနာရီတိုင်အောင် အတိတ်နှစ်, လ, နေ့, ရက်တို့က တစ်သက်လုံး ခဏမစဲ တွေ့ကြုံခဲ့ဖူးသမျှသော အာရုံခြောက်ပါး၊ ယခုနာရီမှ နောက်ခဏ နောက်ကာလတို့မှာ ယခုနာရီက မျှော်မြင်၍ သိနှင့်ရသော အာရုံခြောက်ပါး၊ နောက်နောက်ဘဝတို့ကို လှမ်း၍ ယခုကမျှော်ရသော အာရုံခြောက်ပါး၊ ကျမ်းဂန်အဆို ထိုထိုလူပြော, ရှင်ပြောနှင့် သိရသော ခပ်သိမ်းသော အာရုံခြောက်ပါးစု၊ ဤအလုံးစုံသည် မနောဝိညာဏ်၏ အာရုံစုချည်းတည်း။

## အာရုံပြုပုံထင်ပုံ

မစဲဖြစ်၍နေသော စိတ်အကြံအစည်စုတွင် အိပ်ပျောက်စဉ်ဘဝင်ကိစ္စနှင့် ခဏမစဲဖြစ်၍နေသော မနောဝိညာဏ်စုမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော အာရုံစုကို အာရုံပြုသည်။ အိပ်ရာကနိုး၍လာသည်မှစ၍ အိပ်ရာဝင်၍ အိပ်ပျော်သည်တိုင်အောင် ပြဆိုခဲ့ပြီးသော အာရုံစုတွင် အကြောင်းအခွင့် ဆိုက်တိုက်ရာ တစ်ခုခုသောအာရုံကို စ၍ ထင်မြင်သည်မှ ခဏအစဉ်အတိုင်း သူတလဲ, ငါတလဲ မစဲအောင် ထင်လေတော့သည်။

## မနောဝိညာဏ်ဖြစ်ပုံ

ဤဝီထိ မနောဝိညာဏ်မှာလည်း ပြဆိုခဲ့ပြီးသော အာရုံစုတွင် အကြောင်းအခွင့်ဆိုက်တိုက်ရာ တစ်ခု, တစ်ခုသော အာရုံသည်ဘဝင်၌ ခိုက်တိုက်လှုံ့ဆော်၍ ပေးပြီးမှ ထိုလှုံ့ဆော်သော တစ်ခု, တစ်ခုသောအာရုံကို သိမှု, ကြံဖန်မှုဟူသော မနောဝိညာဏ်တစ်ခုခု နှလုံးထဲမှာ ဖြစ်ပေါ်လေသည်။ ။ တွေ့ကြုံဆိုက်တိုက်သော အကြောင်းမျိုး၊ အခွင့်မျိုးလည်း ဘယ်ခဏမှာမှ မလပ်၊ ဝိုင်းလျက် အုံလျက် တရုံးရုံး တွေ့ကြုံဆိုက်တိုက်မှု မစဲပြီ။ ဆိုက်တိုက်သော အခွင့်နှင့် စပ်လျဉ်းသော တစ်မျိုး, တစ်မျိုးသော အာရုံလည်း ဘဝင်မှာ ထင်မှု, ခိုက်မှု,

www.dhammaransi.com



လှုံ့ဆော်မှု မစဲပြီ။ ထိုထိုအာရုံလှုံ့ဆော်တိုင်း ဟဒယဝတ္ထုအတွင်းမှာ ဖြစ်ပေါ်ကာ ဖြစ်ပေါ်ကာ နေရသောအမှု၊ တစ်သုတ်, တစ်သုတ် ချုပ်ပျောက်ကာ ချုပ်ပျောက်ကာ နေရသော အမှုလည်း မစဲပြီ။ ။ မစဲပြီ ဆိုသည်ကား– သူသူ, ငါငါ သတ္တဝါတို့၏ အထင်အမြင်အတိုင်း ဆိုသည်။

မှချအားဖြင့်သော်ကား– စေတသိက်, စိတ်နာမက္ခန္ဓာ လေးပါးတို့မည်သည် စက္ခုမှာ ဖြစ်ပေါ်ခိုက် စက္ခုမှာသာ ရှိကြကုန်သည်။ ကြွင်းသောတစ်ကိုယ်လုံးမှာ မရှိကြကုန်။ သောတမှာဖြစ်ပေါ်ခိုက် သောတမှာသာ ရှိကြကုန်သည်။ ဃာနမှာ ဖြစ်ပေါ်ခိုက် ဃာနမှာသာ ရှိကြကုန်သည်။ ဇိဝှါမှာ ဖြစ်ပေါ်ခိုက် ဇိဝှါမှာသာ ရှိကြကုန်သည်။ ကိုယ်အင်္ဂါတစ်ခုခုမှာ ဖြစ်ပေါ်ခိုက် ထိုနေရာမှာသာ ရှိကြကုန်သည်။ နှလုံးထဲမှာ ဖြစ်ပေါ်ခိုက် နှလုံးတွင်းမှာသာ ရှိကြကုန်သည်။ ထိုမှ ကြွင်းသောကိုယ်မှာ မရှိကြကုန်။ မျက်တောင်တစ်ခတ် အတွင်းမှာပင် အခါပေါင်း ကုဋေတစ်သိန်းမျှတိုင်အောင် အဖြစ်အပျက် မြန်လှသည့်အတွက်ကြောင့် တစ်ကိုယ်လုံးမှာပင် ပြိုင်ချက်ဖြစ်နေသကဲ့သို့ ထင်ရသည်။

## ထင်ကြရပုံ

မျက်စိဖြင့် ဘယ်ဟာကို ငါမြင်သည်ဟု ထင်၍ နေဆဲမှာပင် စက္ခုဝိညာဏ် အစဉ်၏အကြား, အကြားမှာ ဟဒယဝတ္ထု၌ မနောဝိညာဏ်ပေါင်း မစဲအောင်ပင် ဖြစ်နိုင်, ချုပ်နိုင်သည်။ သောတဝိညာဏ်စသည်တို့လည်း သူတို့အာရုံခိုက်မှုရှိလျှင် မစဲအောင်ပင် ဖြစ်နိုင်, ချုပ်နိုင်သည်။ ထို့ကြောင့် မျက်စိဖြင့် ကြည့်ရှုဆဲ, မြင်ဆဲမှာပင် နှလုံးကလည်း ကြံ၏, သိ၏။ နားကလည်း အသံတစ်ခုခုကို ကြား၏ စသည်ဖြင့် သတ္တဝါတို့၏စိတ်မှာ ထင်ကြရသည်။ ကြွင်းသောဝိညာဏ်တို့ ဖြစ်မှုမှာလည်း ဤနည်းတူ သိလေ။

## မနောဝိညာဏ်စု

မနောဝိညာဏ်စုမှာလည်း ကိုယ်အမှုအရာကို ပြုပြင်သော ဝိညာဏ်စုဖြစ်၍ နေ၏၊ နှုတ်အမှုအရာကို ပြုပြင်သော ဝိညာဏ်မျိုး မဖြစ်နိုင်။ နှုတ်အမှုအရာကို

www.dhammaransi.com



ပြုပြင်သော ဝိညာဏ်ဖြစ်၍နေစဉ် ကိုယ်အမူအရာ ပြုပြင်သော စိတ်မရှိနိုင်။ သို့သော်လည်း အလဲအလှယ်မြန်လှသည့်အတွက်ကြောင့် သွားဆဲမှာပင် စကား ပြောနိုင်၏။ စကားပြောဆဲမှာပင် ကိုယ်အင်္ဂါ လှုပ်ရှားနိုင်၏။ ထိုထိုအဆင်းကို မြင်နိုင်၏။ ထိုထိုအသံကို ကြားနိုင်၏။ ဤသို့ဖြစ်မှုကား မြန်လှသည့်အတွက် ကြောင့် တစ်မျိုး, တစ်မျိုး အစဉ်၏အကြားမှာ အမျိုးမျိုး ကြားချုပ်မှုပေတည်း။

## ပမာဏ

ဝိပဿနာယောဂီပုဂ္ဂိုလ်မှာမူကား ဤသို့ဖြစ်၍နေကြရာမှာ အလုံးစုံ ခြုံမိ, ငုံမိလောက်အောင် အချက်ကိုရှာ၍ ဝိညာဏ်ဝီထိဝါရပေါင်း တစ်သိန်း, တစ်သိန်း မက ကုဋေမကကိုပင် တစ်ဝိညာဏ်တည်း တစ်ချက်တည်းပြု၍ ဥဒယမှု, ဝယမှုကို ရှုရသည်။ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုသောဉာဏ်မှာ အကုန်ပါစေနိုင်သည်သာ ပမာဏတည်း။ ။ ငါမြင်သည်, ငါကြားသည်, ငါနံသည်, ငါအရသာကို သိသည်, ကိုယ်အင်္ဂါမှာ ထိသည်ကို ငါသိသည်, ငါထွေထွေလာလာ ကြံဖန် သည်ဟုဖြစ်သော ငရဲမီးခြောက်မျိုး။ ငါပြောသည်, ငါဆိုသည်, ကိုယ်အင်္ဂါကို ငါလှုပ်ရှားသည်, ငါသွားသည်, ငါလာသည် စသည်ဖြင့်ဖြစ်သော ငရဲမီးမျိုး အကုန်ကွယ်ပျောက်စေနိုင်သည်သာ ပမာဏတည်း။ ။ ငါမြင်သည်, ငါကြား သည် စသည်ဖြင့် ငါလုံးဖုံးအုပ်၍နေသော လက္ခဏတ္တယသမ္မောဟအမိုက်မှ အလင်းဉာဏ်ပေါက်သည်သာ ပမာဏတည်း။

## အတွင်းဝင်ပုံ

ကိုယ်တွင်းမှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဟူသော ခြောက်ဌာနကို ထိထိ, မိမိဆုပ်ကိုင်၍ ဖြစ်မှု, ပျက်မှုကို ကောင်းစွာ ထင်မြင် နိုင်လျှင် ထိုအလုံးစုံသော အထွေအလာတို့သည် အတွင်းပါဝင်လေကုန်တော့သည်။

www.dhammaransi.com



## လက္ခဏတ္တယဉာဏ်အလင်းကြီး

ဤသို့ ပြဆိုခဲ့ပြီးသော မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး၊ အာကာသဓာတ်, ဝိညာဏဓာတ်ဟု ဆိုအပ်သော ဓာတ်ကြီးခြောက်ပါးတို့၏ ဖြစ်မှု, ပျက်မှုအစုစုကို ရေပွက်ပမာစသော ဥပမာတို့နှင့်မခြား တဖွားဖွား တရှုရှု နေ့မစဲ, နာရီမစဲ, ခဏမစဲ ဇာတိမှု, မရဏမှု, အနိစ္စမှုတို့ကို ရှုကြည့်၍ ထင်မြင်သော ဉာဏ်အလင်းကြီးသည် လက္ခဏတ္တယဉာဏ်အလင်းကြီး မည်၏။

**လက္ခဏတ္တယပဋိဝေဓဉာဏ်အလင်းကြီးကို အကျယ်ပြဆိုခန်း ပြီး၏။**

## ၄– နိဗ္ဗာန ပဋိဝေဓဉာဏ်အလင်း

## နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းကြီးပေါ်ပုံ

ဤသို့ လက္ခဏတ္တယဉာဏ် အလင်းကြီးကို ပေါက်ရောက်လျှင် မဂ်လေးပါး, ဖိုလ်လေးပါးသို့ ရောက်၏။ ။ ထိုသို့ရောက်သော မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးတို့သည် စင်စစ်နိဗ္ဗာန်ကိုသိသော ဉာဏ်တို့ဖြစ်ရကား ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် မုချအားဖြင့် နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းကြီးမည်၏။

**နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းကြီးကို အကျယ်ပြဆိုခန်း ပြီး၏။**

**ဤတွင်ရွေ့ကား အမိုက် ၅–သင်း အလင်း ၅–ချက်တို့ကို ရှင်းလင်းပြဆိုအပ်သော အလင်းကျမ်းကြီး ပြီးပြီ။**

* * *

www.dhammaransi.com



# နိဒါန်း

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ဝယ် အထူးအားဖြင့် ကိုယ်စီကိုယ်င ကျနစွာရှိအောင် သိသင့် သိထိုက်သော တရားအချက်သည်ကား နိယာမတရား ငါးပါးဖြစ်ကြောင်း။

ထိုနိယာမတရားငါးပါးကို သေချာကျနစွာသိလျှင် သာသနာတော်မြတ်၌ မတုန်မလှုပ် ခိုင်မြဲစွာ သက်ဝင်၍ ကြည်ညိုနိုင်သော အကျိုး၊ ဘာသာတစ်ပါးတို့ မနှောင့်မယှက်နိုင်ပဲ ထိုဘာသာတစ်ပါးတို့ အတွက်ကြောင့် တွေးတောယုံမှားခြင်းကို လည်း ပယ်ဖျောက်နိုင်သော အကျိုး၊ လောကဓာတ် စကြဝဠာ ကမ္ဘာလောကကြီး နှင့်တကွ ဖြစ်နေပုံ၊ ဥတုတရားတို့၏ ဖြစ်နေပုံ၊ သစ်ပင်ဗီဇ အမျိုးမျိုးတို့၏ ဖြစ်နေပုံ၊ ကံဆန်းကြယ်မှုနှင့် သတ္တဝါအများတို့၏ အဆန်းတကြယ် ဖြစ်နေပုံ၊ ဒွါရခြောက်ဖြာ အာရုံခြောက်မျိုးတို့၏ ထိခိုက်မှုကြောင့် စိတ်ခေါ်သော ဝိညာဏ ဓာတ်တို့၏ ဖြစ်နေပုံ၊ သက်ရှိ, သက်မဲ့ဝတ္ထုတို့၌ ဓာတ်သဘာဝဓမ္မတို့၏ ဖြစ်နေပုံ များကို ထင်ရှားစွာ သိနိုင်သော အကျိုးများကို အမှန်အားဖြင့် ရနိုင်သည်ဖြစ် ကြောင်း။

ထိုသို့ ဆိုအပ်ပြီးသော အကျိုးကျေးဇူးတို့ကို ရရှိလေသောအခါ ဗုဒ္ဓဘာသာဇာတ်၌ လူဖြစ်ကျိုးနပ်၍ မြင့်မြတ်သည်ဟူ၍ ဆိုထိုက်ပေသည်ဖြစ် ကြောင်း။

ထိုသို့ အကျိုးများလှသော နိယာမတရား ငါးပါးတို့၏ အကြောင်းကို ကောင်းမွန်စွာ သိလိုသည်အရေးကြောင့် ကျွန်ုပ်တို့ ရန်ကုန်မြို့ ဓမ္မသဝနဗုဒ္ဓ သာသနာပြုအသင်းကြီး၏ ဦးစီးဥက္ကဋ္ဌဖြစ်သော ပင်စင်အငြိမ်းစား ဝန်ထောက်မင်း ဦးရွှေဂိုဝ်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသို့ လျှောက်ထား တောင်းပန်သည် ဖြစ်ကြောင်း။

ထိုသို့ လျှောက်ထား တောင်းပန်ချက်အရ နိယာမတရား ငါးပါးတို့၏ အဓိပ္ပါယ်ကို သိဖွယ်ကောင်းလှပေသည်တကား။ သိထိုက်လှပေသည်တကားဟု ဆရာတော်ဘုရားကြီးဉာဏ်၌ ထင်မြင်တော်မူပြီးလျှင် လျှောက်ထားရင်းဖြစ်သော

www.dhammaransi.com



ပင်စင်ဝန်ထောက်မင်း ဦးရွှေဂိုဝ်နှင့်တကွ များလှစွာသော ရဟန်း, ရှင်လူတို့၏ အကျိုးငှါ နိယာမဒီပနီဟူသော ဤကျမ်းသစ်ကို ဆရာတော်ဘုရားကြီး ရေးသားတော်မူကြောင်း။

ထိုနိယာမဒီပနီကျမ်းသစ်သည် အထူးသဖြင့် ဆန်းကြယ်, နက်နဲသော အဓိပ္ပါယ်တို့ဖြင့် သန့်ရှင်းသိလွယ် ကြည့်ရှုဖွယ်ကောင်းအောင် ရေးသားတော်မူကြောင်း။ ။ မဟာသမုဒ္ဒရာကြီးသည် ဆယ်ပါးသော ရတနာတို့ဖြင့် ပြည့်သကဲ့သို့ ဤကျမ်းသစ်သည်လည်း ဗုဒ္ဓမြတ်စွာ၏ တရားရတနာတို့ဖြင့် ပြည့်စုံသည် ဖြစ်ကြောင်း။

ထိုကျမ်းကို ကြည့်ရှုကြရကုန်သောအခါ သာသနာတော်၏ လိုရင်းအချက်ကြီးတွေဖြစ်သော နိယာမတရားငါးပါးတို့၏ သဘောအဓိပ္ပါယ်ကို အကျယ်အားဖြင့် သိရှိကြကုန်၍ သာသနာတော်တည်းဟူသော သမုဒ္ဒရာကြီးထဲ၌ရှိသော တရားရတနာတို့ကို လွယ်ကူစွာ ရယူနိုင်ကြလိမ့်မည်ဖြစ်ကြောင်း။

ဤသို့ ကောင်းမြတ်ဆန်းကြယ် အဓိပ္ပါယ်နက်နဲလှစွာသော ဤကျမ်းစာအုပ်ကို ဗုဒ္ဓဘာသာဝင် လူရှင်ဟူသမျှတို့သည် ကိုယ်စီ, ကိုယ်င ကြည့်ရှုဆောင်ထားကြရန် အလွန်သင့်လျော်ပေသည် ဖြစ်ကြောင်း။

ထိုနိယာမဒီပနီ ကျမ်းစာအုပ်ကို ကျွန်ုပ်တို့ ဓမ္မသဝနဗုဒ္ဓသာသနာပြုအသင်းသို့ မူပိုင်ပေးအပ်သည် ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့အသင်းနှင့် ဆိုင်သော မြန်မာပြည် ဗုဒ္ဓဘာသာ သာသနာပြု စာပုံနှိပ်တိုက်တွင် စာလုံးမင်ကျ, ပါဒသန့်ရှင်းစွာ ဖြတ်ပိုင်းပြင်ဆင်လျက် အထူးကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်သည် ဖြစ်ပါကြောင်း။

သာသနာပြု စာပုံနှိပ်တိုက်မှ ရိုက်နှိပ်သော စာအုပ်ဖြစ်၍ ထိုစာအုပ်ကို ဝယ်ယူကြည့်ရှုကြသော ပုဂ္ဂိုလ် သူတော်ကောင်းတို့သည်လည်း အသိအလိမ္မာ ဉာဏ်ပညာ တိုးတက်ရုံမျှမက သာသနာပြုသည် မည်သောကြောင့် ကောင်းမြတ်လှစွာသော ဤနိယာမဒီပနီကျမ်းသစ်ကို အိတ်ဆောင်, လက်စွဲပြု၍ အမြဲကြည့်ရှုတော်မူနိုင်ကြပါစေကုန်သတည်း။

www.dhammaransi.com

# နိယာမဒီပနီ

★ ကမ္မာကိုလည်းကောင်း၊ သတ္တဝါ, သင်္ခါရ တို့ကိုလည်းကောင်း ဘယ်သူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်း၍ ရသည်မဟုတ်။ ''နိယာမဓမ္မ''အားဖြင့် အစဉ်အဆက်ဖြစ်၍ နေကြကုန်သည်ဟု အခိုင်အမြဲ မှတ်ယူရမည်။

www.dhammaransi.com



# နိယာမဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဏာမနှင့် ပဋိညာဉ်

**နိယာမဓမ္မသံသိဒ္ဓံ၊ နိယာမဓမ္မဒေသကံ။**

**နတွာ နာထံ ကရိဿာမိ၊ သုဘံ နိယာမဒီပနိံ။**

အဟံ၊ လယ်တီဆရာငါသည်။ နိယာမဓမ္မသံသိဒ္ဓံ၊ သချေ်များစွာ ကမ္ဘာဘာ၌ ပါရမီဆယ်ပါး အပြားတိသ သမ္ဘာရတို့ကို အရယူဉ်မိး ဖြည့်ကျင့်ပြီးမှ စောထီးထွင့်ဖျား ဘုရားဖြစ်မြဲဟူသော ဓမ္မနိယာမ အရိုးကျသဖြင့် ဗုဒ္ဓဘာဝ ကိစ္စကုန်စင် အောင်မြင်ပြီးစီးတော်မူထသော။ နိယာမဒေသကံ၊ ပဋိစ္စသမုပ္ပါဒ စသည်ထင်ရှား နိယာမတရားတို့ကိုလည်း ဟောကြားတော်မူထသော။ နာထံ၊ မြတ်စွာဘုရားကို။ နတွာ – နာမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သုဘံ၊ သဘောယုတ္တိ လုံလောက်ဘိ၍ ကြည့်သူခပင်း လင်းကြီးလင်းအောင် ကောင်းခြင်း အထူးနှင့် ပြည့်စုံသော။ နိယာမဒီပနိံ၊ နိယာမဒီပနီ ဤကျမ်းစာသစ်ကို။ ကရိဿာမိ၊ စီရင်ပေအံ့။

ဤဂါထာ၌ **နိယာမဓမ္မသံသိဒ္ဓံ** ဟူသည်ကား ဘာသာတစ်ပါးတို့၌ကဲ့သို့ အကြောင်းမရှိဘဲ မိမိအလိုလို ဖြစ်ပေါ်လာသော ဘုရားမျိုးမဟုတ် ဟူလို။

ရန်ကုန်မြို့ ဓမ္မသဝနအသင်းကြီး၏ အကြီးအချုပ် ဥက္ကဋ္ဌပြီစီဒင်ဖြစ်သူ ပင်စင်အငြိမ်းစား ဝန်ထောက်ကြီး “မောင်ရွှေဂိုဝ်”နှင့် ၎င်းအသင်းသားတစ်စု တို့က နိယာမတရားငါးပါး၏ သဘောအဓိပ္ပါယ်များကို ကွဲကွဲပြားပြား ထင်ရှား လှစွာ သိမြင်လိုကြပါကြောင်းနှင့် မြန်မာသက္ကရာဇ် ၁၂၅၂–ခု ဒုတိယဝါဆို လဆုတ် ၆–ရက်နေ့တွင် မုံရွာမြို့ လယ်တီတောရကျောင်းတိုက်အတွင်း သီတင်း ဝါကပ်ဆို၍ နေထိုင်လျက်ရှိသော လယ်တီဆရာ ငါတို့ထံသို့ တောင်းပန်လျှောက် ထားစာ လာရောက်သည်ဖြစ်၍ ၎င်းဓမ္မသဝနအသင်းကြီး၏ အကြီးအချုပ် ဥက္ကဋ္ဌ

www.dhammaransi.com



ပြီးစီဒင်နှင့်တကွ အသင်းသားတို့ လျှောက်ထားချက်အရ **"နိယာမတရား"** ငါးပါးတို့ကို ထင်ရှားစွာဖော်ပြသော **နိယာမဒီပနီ**ကို စီရင်ရေးသားပေးအပ်သတည်း။

## နိယာမအဓိပ္ပါယ်

အမိန့်ရှိလိုက်သည် ရန်ကုန်မြို့ ဓမ္မသဝနအသင်း အကြီးဥက္ကဋ္ဌဖြစ်သူ မောင်ရွှေဂိုဝ်၊ မင်းတို့လျှောက်လွှာမှာ နိယာမတရား ငါးပါး၏ မကျဉ်းမကျယ် အဓိပ္ပါယ်ကို သိကြလိုသည်ဟု ပါရှိပေ၏။ သို့ရာတွင် ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာဆရာများနှင့် ပြောဆိုကြရာမှာ ဖြစ်လာသော **"နိယာမ"**စကား ဖြစ်ကြောင်းပါရှိသည်နှင့် နိယာမတရားငါးပါးနှင့်ပင် လောကသုံးပါးလုံး ပြီးစီးနိုင်ရန် အတန်ကြီးချဲ့၍ ရေးလိုက်ရလေသည်။

**"နိယာမ"**တရား ဆိုသည်ကား– တစ်စုံတစ်ယောက်သော လူ, တစ်စုံတစ်ယောက်သော နတ်, တစ်စုံတစ်ယောက်သော သိကြား, တစ်စုံတစ်ယောက်သော ဗြဟ္မာ, တစ်စုံတစ်ယောက်သော ထာဝရဘုရားတို့၏ ပြုလုပ်မှု, ဖန်ဆင်းမှုတို့နှင့် မစပ်မဆိုင်ဘဲ ဓာတ်သဘာဝ အလျောက်မဖောက်မပြန် အမှန်အမြဲ မလွှဲမပြောင်း သူ့အကြောင်းနှင့် သူ့အကျိုး, သူ့အနွယ်နှင့် သူ့အမျိုး, အရိုးမပျက် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွား၍နေမှုကို နိယာမတရားဆိုသည်။

## ပဓာနနည်း

ထိုနိယာမတရားကို ပြောဆိုကြသောသူတို့သည် စကားအရာ၌ နည်းလေးဆယ်အလာ ပဓာနနည်းမျိုးကို ပြောဆိုကြကုန်ရာ၏။ ။ ပဓာနနည်းဆိုသည်ကား– **"ရာဇာ အာဂစ္ဆတိ"**တည်း။ ရာဇာ၊ မင်းသည်။ အာဂစ္ဆတိ၊ လာ၏ ဆိုရာ၌ ပဓာနနည်းဖြစ်သော မင်းကိုထုတ်ဖော်၍ ဆိုသဖြင့် ထိုမင်းနှင့် ထိုက်တန်သော အခြံအရံဖြစ်သူ လူပေါင်းများစွာ ပါရှိလိမ့်မည်ဟု မဆိုဘဲနှင့် သိရသောနည်းတည်း။

ထိုပဓာနနည်းမျိုးကို ၁၂၇၀–ပြည့်နှစ် နတ်တော်လအခါ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် တရားမဏ္ဍပ်ကြီးမှာ ငါတို့ပြောဟောဖူးသည်ကို ပြဆိုဦးအံ့။

www.dhammaransi.com



# ပဓာနစကားကြီး သုံးခွန်း

ဤလောက၌ ပဓာနစကားကြီး သုံးခွန်းရှိ၏။

၁။ သစ်ပင်ချုံမြက် သရက်ပိန္နဲ ကောက်ပဲပြောင်းနှမ်း ဘူး, ခရမ်း စသည်တို့မှာ မျိုးစေ့ရှိပါမှ ဖြစ်နိုင်ကြသည် ဟူသောစကား။

၂။ လူတို့၏ ပစ္စည်းဥစ္စာ ချမ်းသာစီးပွား ဖြစ်ပွားမှုတို့မှာ ရှေ့ကုသိုလ် ကံရှိပါမှ ဖြစ်နိုင်ကြသည် ဟူသောစကား။

၃။ လူတို့၏ ယခုဘဝ ယခုသန္တာန်တွင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ရရေးမှာ ရှေးပါရမီရှိပါမှ ရနိုင်ကြသည် ဟူသောစကား။

ထိုသုံးခွန်းတို့တွင် ပထမပဓာနစကားကြီး၌ မျိုးစေ့ဟူသော ပဓာနစကားသာ ဖြစ်၏။ မျိုးစေ့ရှိရုံနှင့် ပေါက်ရောက်နိုင်ကြသည် မဟုတ်သေး။ သစ်ပင်, ချုံ, မြက်တို့မှာ ပေါက်ရောက်ရာဌာနဖြစ်သော မြေအရပ်လည်း ရှိပါဦးမှ ပေါက်ရောက်ကြောင်းဖြစ်သော မိုးရေ, မိုးပေါက်လည်း ရှိပါဦးမှ ပေါက်ရောက်နိုင်ကြကုန်သည်ဟု သိရသည်။ ။ ကောက်ပဲ, ပြောင်း, နှမ်းတို့မှာ လယ်ယာမြေခင်းလည်း ရှိပါဦးမှ မိုးရေ, မိုးပေါက်လည်း လုံလောက်စွာ ရွာပါဦးမှ တောင်သူယောကျ်ား၏ ဝီရိယမှု လုပ်ငန်းစုလည်း သူ့အခါနှင့် သူ့လုပ်ငန်း စေ့စုံလုံလောက်စွာ လုပ်ဆောင်ပါဦးမှ အောင်မိုး, အောင်ရေလည်း ရှိပါဦးမှ ပေါက်ရောက်ပွားကြီး အသီးအနှံ ဖြစ်ထွန်းနိုင်ကြကုန်သည်။ သို့မဟုတ်လျှင် မျိုးစေ့ဟောင်းတို့ပင် လုံလောက်စွာ ရှိပါကုန်ငြားသော်လည်း လယ်ယာမြေခင်း မရှိခဲ့သော် မပေါက်ရောက်နိုင်ကြကုန်ပြီ။ လယ်ယာမြေခင်းပင် ရှိပါသော်လည်း ကြဲမိုး, စိုက်မိုး မရှိခဲ့သော် မပေါက်ရောက်နိုင်ကြကုန်ပြီ။ ကြဲမိုး, စိုက်မိုးပင် ရှိပါသော်လည်း တောင်သူယောကျ်ား မကျန်းမာမှု, သောက်စားယစ်မူး ကျူးလွန်မှု, မင်းပြစ် မင်းဒဏ်အကျဉ်းအကြပ်ကျခံရမှု တစ်ခုခုတို့ကြောင့် ထွန်မှု, ယက်မှု, ကြဲမှု, စိုက်မှု လုပ်ငန်းစုကို ပြုခွင့်မရရှိနေခဲ့သော် မပေါက်မရောက်နိုင်ကြကုန်ပြီ။ လုပ်ငန်းစုကို ပြုလုပ်၍ ပေါက်ရောက်ကြပါကုန်သော်လည်း နောက်လိုက်မိုးရေ မရှိချေက သေပျောက်ပျက်ဆုံးကြရလေကုန်၏။ ။ ဤကား ပထမပဓာနစကား ကြီး၏ အနက်အဓိပ္ပါယ်တည်း။

www.dhammaransi.com


ဒုတိယပဓာနစကားကြီး၌ ကောက်စပါးတို့မှာ မျိုးစေ့ဟောင်းတို့နှင့် လူတို့၏ ပစ္စည်းဥစ္စာ ချမ်းသာရေးတို့မှာ ရှေးကုသိုလ်ကံဟောင်းတို့သည် တူကြကုန်၏။ ကောက်စပါးတို့မှာ လယ်ယာမြေခင်းတို့နှင့် လူတို့မှာ ပုဗ္ဗာစရိယ အမိအဘတို့သည် တူကြကုန်၏။ ။ အလိမ္မာမှု၌ သွန်သင်ဆုံးမခြင်း မရှိကြကုန်သော အမိအဘတို့သည် ရှိကြပါကုန်ငြားသော်လည်း မရှိရာ ရောက်ကြကုန်၏။ ကောက်စပါးတို့၌ လယ်ယာမြေခင်း ရှိသည်နှင့်တူ၏။ အဆုံးအမ ညံ့ဖျင်းလှသော မိဘတို့သည် မြေဆီ, မြေသြဇာ နည်းပါးလှသော လယ်တိမ်, လယ်ကောတို့နှင့် တူကြကုန်၏။ ထိုသူတို့၏လက်တွင်း၌ ကြီးပွားရကုန်သော သူငယ်တို့သည် လယ်တိမ်, လယ်ကောတို့၌ ပေါက်ရောက်ကြရကုန်သော ကောက်စပါးတို့နှင့် တူကြကုန်၏။ ။ အဆုံးအမ ကောင်းမွန်ကြသော မိဘတို့သည် မြေဆီ, မြေသြဇာ ပြည့်စုံစွာသော လယ်ယာမြေခင်းတို့နှင့် တူကြကုန်၏။ ထိုသူတို့၏ လက်တွင်း၌ ကြီးပွားကြကုန်သော သူငယ်တို့သည် လယ်ကောင်း ယာကောင်းတို့၌ ပေါက်ရောက်သော ကောက်စပါးတို့နှင့် တူကြကုန်၏။

ကောက်စပါးတို့မှာ စိုက်မိုး, ပျိုးမိုးတို့နှင့် လူတို့မှာ လက်ဦးငယ်ဆရာတို့သည် တူကြကုန်၏။ လက်ဦးငယ်ဆရာတို့က အလိမ္မာမရှိကြလျှင် သူငယ်တို့မှာ အလိမ္မာမျိုး မပေါက်မရောက်နိုင်ကြကုန်ပြီ။ ။ ကောက်စပါးတို့မှာ တောင်သူယောကျ်ား၏ ဝီရိယမှု လုပ်ငန်းစုတို့နှင့် လူတို့၏စီးပွားရေးတို့မှာ လုပ်မှု, ကိုင်မှု ပစ္စည်းဥစ္စာ ရှာကြံမှု အတတ်ပညာ အလိမ္မာရှာကြံမှုတို့သည် တူကြကုန်၏။ ကောက်စပါးမျိုးစေ့တို့ပင် အပြည့်အစုံ ရှိပါကုန်ငြားသော်လည်း တောင်သူယောကျ်ား၏ လုပ်ငန်းစုပျက်ကွက်က ကောက်စပါးမျိုးစေ့တို့သည် ပေါက်ရောက်ခွင့်မရကြကုန်ဘဲ တိုက်ထဲ, ကျီထဲမှာ ပုပ်ဆွေးခြင်းသို့သာ ရောက်ကြရကုန်သကဲ့သို့ ရှေးကုသိုလ်ကံဟောင်းတို့ပင် ရှိကြပါကုန်သော်လည်း လူတို့၏ ဝီရိယလုပ်ငန်း လုံးလုံးမရှိက ထိုကုသိုလ်ဟောင်းတို့သည် အကျိုးပေးခွင့်မရဘဲ ကိုယ်ခန္ဓာထဲမှာ ငုတ်တုတ်သာ နေကြရကုန်၏။

ကောက်စပါးတို့မှာ ကြဲမိုး, စိုက်မိုးရှိ၍ ပေါက်ရောက်ခွင့်ရကြပါရန်သော်လည်း အသီးအနှံ ရင့်မာသန်ခိုင်ခြင်း မရောက်မီအကြား၌ နှောက်လိုက် နှောက်ထပ်

www.dhammaransi.com



မိုးရေ၊ မိုးပေါက် ပြတ်ခြင်းကြီးပြတ်ခဲ့ပြန်သော် ပျက်ဆုံးခြင်းသို့ ရောက်ကြရပြန်သကဲ့သို့ လူတို့မှာ အလိမ္မာရင့်သန်ခြင်းသို့ မရောက်မီအကြား၌ လောကဓမ္မလိမ္မာကြသူ လူပညာရှိ ရှင်ပညာရှိတို့ကို မှီတွယ်ခြင်း မရှိဘဲ မိမိလျောက်လျားစိတ်ထင်တိုင်း နေပြန်ငြားက ဖြစ်ပြီးသောစီးပွား ရှေးကံ၏အကျိုးများပင် ပျက်ပြားရတတ်ပြန်၏။

တတိယ ပဓာနစကားကြီး၏ ကောက်စပါးတို့မှာ မျိုးစေ့ဟောင်းတို့နှင့် ယခုဘဝ မဂ်ဖိုလ်ရရန်အရေးမှာ ရှေးပါရမီဟောင်းတို့သည် တူကြကုန်၏။ ကောက်စပါးတို့မှာ လယ်ယာမြေခြင်းတို့နှင့် မဂ်ဖိုလ်၊ နိဗ္ဗာန်ရေးတို့မှာ ရှေးဦးငယ်ခါ ဥပဇ္ဈာယ်ဆရာတို့သည် တူကြကုန်၏။ ဥပဇ္ဈာယ်ဆရာ ညံ့ဖျင်းခဲ့လျှင် ထိုသူ၏တပည့်ဖြစ်သူ ရှင်လူအများတို့သည် သာသနဓမ္မအရာ၌ အလိမ္မာသေးသိမ်ကြရလေကုန်၏။ ရှေးပါရမီ ပွင့်လင်းခွင့်မရ ရှိနေတတ်၏။ ။ ကောက်စပါးအရာ၌ စိုက်မိုး၊ ကြဲမိုးတို့နှင့် ရပ်ဆရာ ရွာဆရာများတို့၏ အဆုံးအမ ဩဝါဒတို့သည် တူကြကုန်၏။ စိုက်မိုး၊ ကြဲမိုးခေါင်သကဲ့သို့ ဗောဓိပက္ခိယ ဩဝါဒမျိုးတို့မှ ဆိတ်ကင်းကြကုန်သော မြို့ရွာတို့သည် သတိပဋ္ဌာန်ဘာဝနာ သမထဝိပဿနာတို့နှင့် ကွာဝေးကြသဖြင့် ရှေးပါရမီဟောင်းတို့သည် ပွင့်လင်းခွင့်မရကြကုန်ပြီ။ ကိုယ်ခန္ဓာထဲမှာ ငုတ်တုတ်သာ နေကြရကုန်၏။ ကောက်စပါးအရာ၌ တောင်သူယောကျ်ား၏ လုပ်ငန်း၊ လုပ်တာကြီးတို့ကဲ့သို့ ယခုဘဝ မဂ်ဖိုလ်ရရန်အရေး၌ ငါတို့မြတ်စွာဘုရားသာသနာ လုပ်ငန်း၊ လုပ်တာကြီးများတို့သည် တူကြကုန်၏။ ငါတို့မြတ်စွာဘုရားသာသနာ လုပ်ငန်း၊ လုပ်တာကြီးများ ဆိုသည်ကား- အကျဉ်းအားဖြင့် သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါးတို့ကို ဆိုသတည်း။ အလတ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ဆိုသတည်း။ အကျယ်အားဖြင့် ဝိနည်းသုတ္တန် အဘိဓမ္မာ ပိဋကသုံးပုံအရ ပဋိပတ္တိဓမ္မတို့ကို ဆိုသတည်း။

ထိုတွင် လူဖြစ်သောသူတို့မှာ အာဇီဝဋ္ဌမကနိစ္စ နေရာကျခဲ့လျှင် သီလသာသနာတော်ကြီး ပြည့်စုံ၏။ ရဟန်းဖြစ်သော သူတို့မှာ ဥပဇ္ဈာယဝတ်၊ အာစရိယဝတ် စသည်တို့နှင့်တကွ ၂၂၇-သိက္ခာပုဒ် သီလနေရာကျခဲ့လျှင် သီလသာသနာတော်ကြီး ပြည့်စုံ၏။

www.dhammaransi.com



ရဟန်းဖြစ်စေ, လူဖြစ်စေ အာနာပါနအလုပ်တစ်ခု စွဲမြဲမှုနေရာကျခဲ့လျှင် သမာဓိသာသနာတော်ကြီး နေရာကျ၏။ ရဟန်းဖြစ်စေ, လူဖြစ်စေ (မြေ, ရေ, မီး, လေ, ကောင်းကင်, ဝိညာဏ်)ဟူသော ဓာတ်ခြောက်ပါးတို့၌ အနိစ္စအလုပ် တစ်ခု ထင်မြင်မှုနေရာကျခဲ့လျှင် ပညာသာသနာတော်ကြီး နေရာကျ၏။

ဤအလုပ်ကြီးသုံးပါး နေရာကျခဲ့လျှင် ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးတို့သည် ထိုသုံးပါးတို့၌ အတွင်းဝင်ကြလေ၏။ ပိဋကသုံးပုံအရ ပဋိပတ္တိဓမ္မတို့သည်လည်း ထိုသုံးပါးတို့၌ အတွင်းဝင်ကြလေကုန်၏။

ကောက်စပါးအရာ၌ တောင်သူယောက်ျားတို့၏ လုပ်ငန်း, လုပ်တာကြီး များကို စွန့်ပစ်၍ထားခဲ့သော် ထိုနှစ်အတွင်းမှာ လုံလောက်စွာရှိနေသော စပါးမျိုး ဟောင်းတို့သည် တိုက်ထဲ, ကျီထဲမှာ ငုတ်တုတ်သာ နေကြရကုန်သကဲ့သို့ လူတို့၏ ဆိုင်ရာ ရှင်၏ဆိုင်ရာ ထိုသာသနာလုပ်ငန်းကြီး သုံးပါးကို အားမထုတ်ကြကုန်သည် ရှိသော် ရှေးပါရမီပြည့်စုံလုံလောက်ပြီးပင် ဖြစ်ငြားသော်လည်း ယခုဘဝ ယခုသာသနာမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့် ကွာဝေးလျက် ရှေးပါရမီဟောင်းတို့ အလွန်တရာ ကြုံခဲလှစွာသော ဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံကြပြီးမှ လွတ်ချာ၍ပစ်ကြပြန်လျှင် နစ်မြဲနစ် ငုပ်မြဲငုပ် မြုပ်မြဲမြုပ် မျောမြဲမျောကြပြန်ကုန် လတ္တံ့။နောက်မေတ္တေယျဘုရားသာသနာမှာ ပါရလိမ့်မည် ထင်တတ်ကြကုန်၏။ သာသနာတော်ကြီးနှင့် တွေ့ကြုံကြပါလျှင် ထင်ကြတိုင်းပင် ပါနိုင်ကြကုန်ရာ၏။ ထိုသာသနာ၌ ကျွတ်တန်း, လွတ်တန်းတွင် ပါဝင်နိုင်ကြရန် အရေးထက် ထိုသာသနာနှင့် တွေ့ကြုံနိုင်ကြရန်အရေးက အလွန်တရာ ခက်ခဲနက်နဲလျက် ရှိနေကြ၏။

အကြောင်းမူကား သာသနာတော်ကြီးနှစ်ပါး၏ အကြား၌ သာသနာပ ဘဝကန္တာရခရီး အမိုက်နယ်ကြီးမှာ အမှောက်အမှားကြီး ဘယ်မျှတွေ့ကြုံရလိမ့် မည် မသိ၊ သတိမူကြလေကုန်။ ။ ကောက်စပါးအရာ စိုက်ပျိုးစိမ်းရှင် အပင်ပေါက်ရောက်ပြီး ဖြစ်ငြားသော်လည်း အသီးအဆန် ရင့်သန်ခိုင်ခြင်းသို့ မရောက်မီအကြား၌ နောက်မိုးမထပ် ပြတ်ကြီးပြတ်ခဲ့လျှင် ကောက်ပင်နုနယ် တစ်လယ်တောလုံး ပျက်ဆုံးခြင်းသို့ ရောက်ကြပြန်သကဲ့သို့ ပုဗ္ဗာစရိယ

www.dhammaransi.com



ဇာတ်တယ်လှ၍ သာသနဓမ္မ၌ အထအကြွ ဟန်ရပြီးဖြစ်ငြားသော်လည်း သဒ္ဓါ, သတိ, သမာဓိဉာဏ် မရင့်သန်မီအကြား၌ တရားမြင်သိ ပညာရှိကြီးများကို လွှတ်ခွာ၍ ဘာသာလျော့ကလျား အနေများသဖြင့် တရားဓမ္မ သြဝါဒနောက်ထပ် ပြတ်ကြီးပြတ်ခဲ့လျှင် တဏှာမာန်လွှမ်းမိုး၍ အကျိုးမဲ့ကြီး တဏှာမီးနှင့် ပျက်စီးခြင်းသို့ရောက်ပြန်လေက ဤဘုရားသာသနာနှင့် ဝေးကွာချော်လွဲ၍ နစ်မြဲနစ်ကြကုန်၏။ သတိမူကြလေကုန်။

**ပဓာနစကားကြီးသုံးခွန်း ပြီး၏။**

## နိယာမစကားကြီး ငါးခွန်း

ဤစကားကြီးသုံးခွန်းသည် ပဓာနစကားမျိုးဖြစ်သကဲ့သို့ "**နိယာမ**"ငါးပါး စကားကြီးငါးခွန်းသည်လည်း ပဓာနစကားမျိုးပင် ဖြစ်သတည်း။

နိယာမစကားကြီး ငါးခွန်း ဆိုသည်ကား–

၁။ ဗီဇနိယာမစကားကြီး၊

၂။ ဥတုနိယာမစကားကြီး၊

၃။ ကမ္မနိယာမစကားကြီး၊

၄။ ဓမ္မနိယာမစကားကြီး၊

၅။ စိတ္တနိယာမစကားကြီး– ဤငါးပါးတို့တည်း။

ထိုငါးပါးတို့ကို "**အဋ္ဌသာလိနီ**"ခေါ် အဘိဓမ္မအဋ္ဌကထာကြီးမှာ လာရှိသည့်အတိုင်း ရှေးဦးစွာ ပြဆိုပေအံ့။

(၁) **ဗီဇနိယာမ** ဆိုသည်ကား– တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါဖြစ်သူ မပြုမပြင်ပါဘဲလျက် ပြုပြင်ဘိသကဲ့သို့ မြက်သစ်ပင်တို့၌ မျိုးစေ့၏ တန်ခိုးဖြင့် မဖောက်မပြန်ပဲ အစဉ်မြဲသော အမူအရာထူးမျိုးကို ဆိုသည်။ ကုလပဲချုံတို့မှာ မြောက်အရပ်သို့ အညွန့်အဖျားမူခြင်း, ဒက္ခိဏာနွယ်အမျိုးတို့မှာ သစ်ပင်ကို တောင်အရပ်မှနွယ်ခြင်း, နေကြာပန်းတို့မှာ နေရှိရာသို့မျက်နှာမူခြင်း, မာလောနွယ်မှာ သစ်ပင်ရှိရာသို့ ရှေးရှုခြင်း, အုန်းသီးတို့မှာ ထိပ်၌ အပေါက်ရောက်ခြင်း ထိုထိုမျိုးစေ့တို့မှဖြစ်သော အပင်၏အသီးတို့သည် မျိုးစေ့နှင့်တူစွာ

www.dhammaransi.com



သီးကြခြင်း၊ စသည်တို့သည် ဗီဇနိယာမတန်ခိုးတို့ပေတည်း။

(၂) **ဥတုနိယာမ** ဆိုသည်ကား– ရှေးနည်းအတူ စီရင်သူမရှိဘဲ ဥတု၏ အစွမ်းဖြင့် မြက်သစ်ပင်တို့၌ အစဉ်မြဲသော အမှုအရာထူးမျိုးကို ဆိုသည်။ တန်ခူးလ ကဆုန်လအစရှိသော ထိုထိုကာလသမယတို့၌ သူ့အခါကာလနှင့် သူ့သစ်ပင်မျိုး ပွင့်မှု, သီးမှု စသည်မြဲခြင်းတည်း။

(၃) **ကမ္မနိယာမ** ဆိုသည်ကား– သတ္တဝါတို့မှာ ရှေး၌ပြုခဲ့သော ကံအမှုနှင့်တူစွာ အကျိုးပေးမှု မြဲခြင်းတည်း။

မြတ်စွာဘုရားလက်ထက်တော်၌ သာဝတ္ထိမြို့တော်မှ မြို့တံခါးရွာသည် ရှိ၏။ ထိုရွာကို မီးလောင်ရာ မီးနှင့်တကွ ကောင်းကင်သို့ ပျံတက်လေသော မြက်ကရွတ်ခွေတစ်ခုသည် ကောင်းကင်ဖြင့် ပျံလာသော ကျီးသတ္တဝါ၏ လည်ပင်းမှာ စွပ်မိလေ၏။ ကျီးသည် မြေသို့ကျ၍ သေလေ၏။

မဟာသမုဒ္ဒရာ၌ သင်္ဘောကြီးတစ်စင်းသည် ရွက်တိုင်စက်ခုတ်၍ မသွားပဲ ရပ်တန့်လျက် နေလေ၏။ ငါတို့သင်္ဘောမှာ သူယုတ်မာပါပြီဟု စာရေးတံချရာ သင်္ဘောသူကြီး၏ မယားလက်၌သာ သုံးခါတိုင်တိုင် ကျလေ၏။ သင်္ဘောသူကြီးသည် သူ့တစ်ယောက်အတွက်နှင့် အများသူတို့ မပျက်စီးကောင်းပေဟု သဲအိုးကို လည်မှာဖွဲ့ချည်၍ သမုဒ္ဒရာရေထဲသို့ ပစ်ချစေ၏။ ထိုခဏခြင်းပင်လျှင် သင်္ဘောသည် လေးမှလွှတ်သော မြှားကဲ့သို့ တစ်ဟုန်တည်း ပြေးသွားလေ၏။

ရဟန်းတော်တစ်ပါးသည် တောင်ခြေရင်းရှိ လိုဏ်တစ်ခုမှာ နေလေရာ အထက်၌ရှိသော တောင်ထွင့်တစ်ခုသည် ပြိုကျ၍ လိုဏ်ပေါက်ဝကို ပိတ်လျက် တည်လေ၏။ ခုနစ်ရက်တိုင်မှ အလိုလိုလိမ့်၍ ပွင့်လေ၏။ ။ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် တရားဟော၍နေစဉ်အခါ ထိုဝတ္ထုသုံးခုတို့သည် တစ်ပြိုင်နက် ဆိုက်ရောက်လာကြလေကုန်၏။

အကြောင်းရင်းကို သိခြင်းငှါ မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုသူသုံးဦးတို့၏ ရှေးအကြောင်းတရားကို ဟောကြားတော်မူ၏။ ထိုသုံးဦးတို့တွင် ကျီးသည် ရှေးဘဝ၌ လူဖြစ်စဉ်အခါ တစ်ခုသော နွားကြမ်းကို မဆုံးမနိုင်ရှိသည်နှင့် နွား၏လည်မှာ ကောက်ရိုးစည်းကို ဖွဲ့ချည်လျက်

www.dhammaransi.com



မီးတိုက်၍ လွှတ်လိုက်၏။ နွားသေလေ၏။ ထိုသူသည် သေလွန်၍ နောက်ဘဝ၌ ထိုကျီးသတ္တဝါ ဖြစ်လေရာ ထိုကံဟောင်းကြောင့် ကောင်းကင်မှာ ပျံသွားစဉ်အခါ လည်မှာ မီးကွင်းစွပ်မိ၍ သေဆုံးရလေ၏။

လှေသူကြီးမယားသည် ရှေးဘဝ၌ ခွေးတစ်ကောင်ကို အမျက်ထွက်၍ ခွေး၏လည်ပင်းမှာ သဲအိုးဆွဲ၍ ရေထဲ၌ နှစ်သတ်လေ၏။ နောက်ဘဝမှာ သင်္ဘောသူကြီးကတော် ဖြစ်လာရာ ထိုကံဟောင်းကြောင့် သင်္ဘောမသွားနိုင်ရှိနေရာ သမုဒ္ဒရာရေထဲ၌ သဲအိုးဆွဲ၍ ပစ်ချသေဆုံးရလေ၏။

ထိုရဟန်းသည် ရှေးဘဝ၌ နွားကျောင်းသားဖြစ်စဉ်အခါ ဖွတ်သတ္တဝါ တစ်ကောင်သည် တွင်းသို့ဝင်သည်ကို ထိုနွားကျောင်းသားမြင်၍ သစ်ရွက်တို့ဖြင့် ထိုတွင်းကို ပိတ်ဆို့၍ သွားလေ၏။ ခုနစ်ရက်တိုင်မှ ထိုအရပ်သို့ ရောက်ပြန်၍ ထိုတွင်းကို ဖွင့်၍ကြည့်လေရာ အစာငတ်မွတ်သဖြင့် အားနည်းလှလျက် ထွက်၍ လာသော ထိုဖွတ်ကိုမြင်လျှင် သနားဖြင်းရှိပြန်၍ ချမ်းသာစွာ လွှတ်လိုက်၏။

ထိုကံဟောင်းကြောင့် နောက်ဘဝ၌ ခုနစ်ရက်တိုင်တိုင် လိုဏ်ပိတ်ခြင်း ဒုက္ခကို တွေ့ကြုံခံစားရလေ၏။ ။ ဤဝတ္ထုသုံးခုကို ပေါင်း၍ မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

**န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊**
**န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။**
**န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။**

**(အနက်)။** ။ အန္တလိက္ခေ၊ ကောင်းကင်၌။ ဋ္ဌိတော၊ တည်သော သူသည်။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှုအကျိုးမှ။ န မုစ္စတိ၊ မလွတ်ရ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှုအကျိုးငှါ။ န မုစ္စတိ၊ မလွတ်ရ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အပေါက်တွင်းသို့။ ပဝိဿ၊ ဝင်၍။ ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှုအကျိုးမှ။ န မုစ္စတိ၊ မလွတ်ရ။ ယတ္ထ၊ အကြင်လောက ရပ်ဒေသ၌။ ဋ္ဌိတော၊ တည်သောသူသည်။ ပါပကမ္မာ၊ မိမိပြုခဲ့

www.dhammaransi.com



သော မကောင်းမှုအကျိုးမှ။ မုဋ္ဌေယျ၊ လွတ်နိုင်ရာ၏။ သော ဓာဂတိပ္ပဒေသော၊ ထိုကဲ့သို့သော ဩကာသလောက ရပ်ဒေသသည်။ န ဝိဇ္ဇတေ၊ မရှိသည်သာတည်း။

(၄) **ဓမ္မနိယာမ** ဆိုသည်ကား– ပစ္ဆိမဘဝိက ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေယူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာဒေသနာကို ဟောတော်မူသောအခါ, အာယုသင်္ခါရကို လွှတ်တော်မူသောအခါ, ပရိနိဗ္ဗာန် စံတော်မူသောအခါတို့၌ အလွန်ကြီးကျယ်လှစွာသော ပုညဓမ္မသမ္ဘာရတို့၏ တန်ခိုး ကြောင့် လောကဓာတ်တစ်သောင်းတို့၏ တစ်ပြိုင်နက်အားဖြင့် လှုပ်ရှားခြင်းမြဲမှုကို ဓမ္မနိယာမ ဆိုသည်။

(၅) **စိတ္တနိယာမ** ဆိုသည်ကား– အဆင်း, အသံ အစရှိသော အာရုံ တို့သည် မျက်စိ, နား အစရှိသော ပသာဒတို့၌ ထိခိုက်ကြကုန်သည်ရှိသော် စီမံဖန်ဆင်းသူ မရှိကြပါကုန်ဘဲလျက် ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ အစရှိကုန်သော ဝီထိစိတ်တို့၏ အစဉ်အတိုင်း သူ့ကိစ္စနှင့်သူဖြစ်ခြင်း မြဲကြသည်ကို ဆိုသတည်း။ ။ ဤကား အဋ္ဌသာလိနီ အဋ္ဌကထာကြီး၌ သိသာရုံ, မှတ်သားရုံမျှ ဖော်ပြလာရှိသေ **နိယာမ**တရားငါးပါး အကျယ်တည်း။

## ပညတ်စကားနှင့် ဓာတ်စကား

ယခုပင်စင်အငြိမ်းစား ဝန်ထောက်ကြီး တကာမောင်ရွှေဂိုဝ်နှင့်တကွ ရန်ကုန်အသင်းသားတို့ လျှောက်ထားသည့်အချက်မှာ "ကမ္ဘာကိုလည်းကောင်း၊ သတ္တဝါ, သင်္ခါရတို့ကိုလည်းကောင်း ထာဝရဘုရား ဖန်ဆင်းသည်"ဟု ဘာသာ တစ်ပါးတို့၌ အခိုင်အမြဲ ယူ၏။ ငါတို့ဗုဒ္ဓဘာသာ၌ "ကမ္ဘာကိုလည်းကောင်း၊ သတ္တဝါ, သင်္ခါရတို့ကိုလည်းကောင်း ဘယ်သူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်းရသည် မဟုတ်။ **နိယာမဓမ္မ**အားဖြင့် အစဉ်အဆက်ဖြစ်၍ နေကြကုန်သည်"ဟု အခိုင် အမြဲယူ၏။ ။ ထိုတွင် ထာဝရဘုရား တစ်ပါးတည်းနှင့် အလုံးစုံအကုန်ပြီးစီးသည် ဖြစ်၍ လူမတတ်တို့မှတ်လွယ်, ယူလွယ်, ယုံကြည်လွယ် ရှိ၏။ **နိယာမဓမ္မ** အားဖြင့် ပြီးသည်ဟူသော အယူသည် အကြောင်းအထွေထွေ အကျိုးအထွေထွေ ဓမ္မတွေကို ဝေဖန်ခွဲခြမ်းမှု အလွန်များပြားလျက် ခက်ခဲနက်နဲ ဆန်းကြယ်နေသည်

www.dhammaransi.com



ဖြစ်၍ လူမတတ်တို့ မှတ်ဖို့, ယူဖို့, ယုံကြည်ဖို့ အလွန်ခဲယဉ်း၏။ ။ ထေရဝါဒ ဘုရားနှင့် ပြီးကြသောသူတို့မှာ ကမ္ဘာ, သတ္တဝါတို့အတွက် ဓာတ်ပညာမျိုး, ဓမ္မပညာမျိုး အသုံးမကျ၊ နိယာမတရားနှင့် ပြီးကြသော သူတို့မှာ ဖန်ဆင်းသူ ထာဝရဘုရား အသုံးမကျ ဓာတ်ပညာမျိုး, ဓမ္မပညာမျိုးတို့သာ အသုံးကျကြကုန်၏။ ထို့ကြောင့် ထာဝရဘာသာ ပညတ်စကားမျိုးတို့သာ လာရှိကုန်၏။ ။ **အက်ဖ်-အေ၊ ဘီ-အေ**စသော ဓာတ်ပညာကျမ်း, ငါတို့ ဗုဒ္ဓဘာသာ **အဘိဓမ္မာကျမ်းစာ**တို့၌သာလျှင် ဓာတ်စကားမျိုး, ဓမ္မစကားမျိုးတို့သည် လာရှိကုန်၏။

ပညတ်စကားမျိုးတို့သည် ကမ္ဘာပေါ်မှာ ရှိရှိသမျှသော မိန်းမ, ယောကျ်ား လူအများတို့၏ နား, မျက်စိ ဖြစ်ကြကုန်၏။ ဓာတ်စကားမျိုး, ဓမ္မစကားမျိုးတို့သည် **အက်ဖ်-အေ၊ ဘီ-အေ**ပညာရှိသူများ, **အဘိဓမ္မာ**ပညာရှိကြသူများတို့၏ နား, မျက်စိ ဖြစ်ကြကုန်၏။ ။ မြေကြီး, မြင့်မိုရ်, ပင်လယ်, သမုဒ္ဒရာ စသော ဩကာသလောက အဆောက်အဦး အလုံးစုံတို့သည်လည်း ဓာတ်ပုံ, ဓာတ်စု, ဓာတ်တုံး, ဓာတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။ သစ်ပင်, ချုံ, မြက် အစရှိသော အဆောက်အဦး အလုံးစုံတို့သည်လည်း ဓာတ်ပုံ, ဓာတ်စု, ဓာတ်တုံး, ဓာတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။ ။ ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ, နတ်, နွား, ကျွဲ, ဆင်, မြင်း အစရှိသော သတ္တလောက အဆောက်အဦး အလုံးစုံတို့သည်လည်း ဓာတ်ပုံ, ဓာတ်စု, ဓာတ်တုံး, ဓာတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။ ဓာတ်ပညာရှိကြီး, ဓမ္မပညာရှိကြီးတို့၏ နား, မျက်စိတို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုလောကသုံးပါးတို့၏ ဖြစ်မှု, ပျက်မှု အခွင့်စု၌ ပညတ်သမားတို့၏ အယူစကားကို သတ္တဝါအများတို့ နားမယောင်ကြစေခြင်းငှါ လောကသုံးပါး၏ အချုပ်အချာဖြစ်သော နိယာမတရား ငါးပါးတို့ကို ရန်ကုန်မြို့ ဓမ္မသဝန ဗုဒ္ဓသာသနာပြုအသင်းကြီး၏ ဥက္ကဋ္ဌပြီစီဒင်ဖြစ်သူ ပင်စင်အငြိမ်းစား ဝန်ထောက်မောင်ရွှေဂိုဝ်နှင့်တကွ အသင်းသားတို့ လျှောက်ထားတောင်းပန်ကြ ပေကုန်သတည်း။

www.dhammaransi.com



## ပညတ်သမားနှင့် ဓာတ်သမား အသိချင်းခြားနားပုံ

ဤအရာ၌ ပညတ်ဖက်သား လူအများတို့နှင့် အဘိဓမ္မာဓာတ်ပညာရှိကြီးတို့၏ အသိဉာဏ်တရား ခြားနားကြပုံကို ပြဆိုပေဦးအံ့။ ။ လူဆောက်လုပ်၍ အိမ်ဖြစ်ပေါ်လာရာ၌ ရပ်သူ, ရွာသားလူအများတို့သည် ဆောက်လုပ်သူကို လူဟူ၍ သိကြကုန်၏။ အိမ်ကိုလည်း အိမ်ဟူ၍ သိကြကုန်၏။ ဓာတ်ပညာရှိတို့သည်မူကား ရပ်သူ, ရွာသား လူအများတို့နည်းတူ လူဟူ၍, အိမ်ဟူ၍လည်း အမှတ်သညာသိနှင့် သိကြကုန်၏။ လူခေါ်သော ဝတ္ထုမှာ ဓာတ်မျိုးပေါင်း ဘယ်မျှရှိသည်၊ အိမ်ခေါ်သော ဝတ္ထုမှာ ဓာတ်မျိုးပေါင်း ဘယ်မျှရှိသည်။ ဓာတ်မဟုတ်သော ပညတ်သဏ္ဍာန်ကို လူခေါ်သည်၊ အိမ်ခေါ်သည်၊ ဓာတ်သည် လူမဟုတ်, အိမ်မဟုတ်၊ လူသည်, အိမ်သည် ဓာတ်မဟုတ်။ ဓာတ်ခဲ, ဓာတ်စုသည်သာ အမှန်ရှိ, အဟုတ်ရှိ ဖြစ်သည်။ သဏ္ဍာန်သည် အဟုတ်ရှိမျိုး မဟုတ်၊ အမှန်ရှိမျိုး မဟုတ်၊ စိတ်ထဲတွင်သာ ထင်မြင်ကြရလေသော အထည်ဒြပ်မျိုး ဖြစ်သည်။ ။ ရပ်သူ, ရွာသား လူအများတို့သည် လူသည် အိမ်ကို ဆောက်လုပ်တတ်၏။ လူဆောက်မှ အိမ်ဖြစ်၏ဟူ၍ သိကြကုန်၏။ ဓာတ်ပညာရှိတို့သည်မူကား ဓာတ်ပညာမျက်စိနှင့် ကြည့်ရှုစိတ်ဖြာခွဲခြမ်းလိုက်သည်ရှိသော် လူဟူ၍ မတွေ့၊ ဓာတ်တို့ကိုသာ တွေ့၏။ ဓာတ်တုံး, ဓာတ်ခဲသာ ရှိ၏။

## စိတ်နှင့်စေတနာ ဓာတ်ခွဲပုံ

ထိုဓာတ်တုံး, ဓာတ်ခဲကြီးမှာလည်း အိမ်ဆောက်မှု အလုပ်သည်ကြီးဖြစ်သော ဓာတ်စွမ်းကောင်းကြီးတစ်ခု ရှိလေ၏။ ထိုဓာတ်စွမ်းကောင်းကြီးကို **စေတနာ**လည်း ခေါ်၏။ **ကမ္မ=ကံ** ဟူ၍လည်း ခေါ်၏။

အဘယ်ကြောင့် စေတနာ ခေါ်သနည်း? ကိုယ်အင်္ဂါ, စိတ်အင်္ဂါတို့ကို အုံလုံးဆူကြွ တစ်ပြိုင်တည်း ထကြွအောင် ချီကြွလှုံ့ဆော်သမားကြီး ဖြစ်သောကြောင့် စေတနာခေါ်သတည်း။ ။ အဘယ်ကြောင့် ကံခေါ်သနည်း? လောက၌ ထိုင်မှု, ထမှု, သွားမှု, လာမှု, ပြောမှု, ဆိုမှု, ကြံမှု, ဖန်မှု, လှူမှု, ဒါန်းမှု, သတ်မှု, ဖြတ်မှု အစရှိကုန်သော အလုံးစုံသော အရေးကိစ္စတို့သည် သူမထက

www.dhammaransi.com



ဘယ်ကိစ္စတစ်ခုမျှ ပြီးစီးသည်မရှိကုန်။ သူထမှ ပြီးစီးနိုင်ကြကုန်၏။ သူထလျှင် စိတ်၏အင်္ဂါဖြစ်ကုန်သော ဝိတက်, ဝီရိယ, လောဘ, ဒေါသ, သဒ္ဓါ, ပညာ အစရှိကုန်သော ဓာတ်တို့သည် ကိုယ့်ကိစ္စနှင့်ကိုယ် ထကြရကုန်၏။ ထို့ကြောင့် ခပ်သိမ်းသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့မှာ သူသည်သာလျှင် အမှုသည် ရင်းကြီးမှန်ပေ၏။ အမှုဆောင်ကြီး မှန်ပေ၏။ ထို့ကြောင့် **ကမ္မံ=ကံ**ဟူ၍ ခေါ်သတည်း။ မြတ်စွာဘုရားသည်လည်း "**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ**"-ဟူ၍ ဟောတော်မူပေ၏။ တောလည်ရာ၌ လမ်းအနီးဝယ် ချုံငယ်တစ်ခုမှ ယုန်ထ၍ပြေးသည်ကို မြင်ကြရာ၌ စေတနာမဆော်လျှင် မြင်ရုံနှင့်ပြီး၏။ စေတနာဆော်ခဲ့လျှင် အော်မှု, ဟစ်မှု, ပစ်မှု, ခတ်မှုတွေ ပေါ်လာ၏။ ဤနည်းတူ အလုံးစုံသော ကိစ္စတို့မှာ စေတနာသည်သာလျှင် အမှုသည်ရင်းဖြစ်၍ **ကမ္မံ=ကံ**ဟူ၍ ခေါ်သတည်း။ ။ ရုပ်ဓာတ်မျိုးတို့မှာ မီးဓာတ်ကြီး, နာမ်ဓာတ်မျိုးတို့မှာ စေတနာဓာတ်ကြီးတို့သည် လှုံ့ဆော်သမားကြီး နှစ်ပါးတို့ပေတည်း။ မီးသင်္ဘော, မီးရထား, မီးစက်ရုံကြီး တို့သည် လှုံ့ဆော်ကြိယာတို့ လှုပ်ရှားမှုကိစ္စဟူသမျှတို့မှာ မီးဓာတ်ကြီးသည် အမှုသည်ရင်း ဖြစ်၏။ သတ္တဝါတို့၌ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ, စိတ်အင်္ဂါ လှုပ်ရှားမှုတို့မှာ စေတနာဓာတ်ကြီးသည် အမှုသည်ရင်းကြီး ဖြစ်၏။ ထို့ကြောင့် ဤ အိမ်ဆောက်မှုမှာလည်း စေတနာဓာတ်ကြီးသာလျှင် အမှုသည်ရင်းကြီး ဖြစ်လေသတည်း။ ။ မီးရထား မီးအိုးတို့၌ စိတ်သည် ထင်းနှင့်တူ၏။ စေတနာသည် ထင်းမှာစွဲသော မီးနှင့်တူ၏။ ထင်းသားတစ်ခြား, မီးသားတစ်ခြားပေတည်း။ ရေနှင့်လောင်းခဲ့သော် မီးဓာတ်သာသေပျောက်၍ကုန်၏။ ထင်းသားမီးသွေး ကျန်ရှိ၏။ မီးတို့ပြန်လျှင် ထိုမီးသွေးခဲပင် မီးခဲဖြစ်ပြန်၏။ ။ ဤကား စိတ်နှင့် စေတနာ ဓာတ်ခွဲပုံတည်း။

ဖဿ, ဝေဒနာ, သညာ, ဝိတက္က, ဝိစာရ, လောဘ, ဒေါသ, သတိ, ပညာ အစရှိသော နာမ်ကာယခေါ်သော နာမ်ဓာတ်တို့ကို စိတ်ဓာတ်နှင့်ခွဲရာ၌လည်း ဤနည်းတူ မှတ်လေ။

တစ်နည်းကား- ဟင်းသီး, ဟင်းရွက်, ဆား, ဆီ, ငပိ, ငရုပ်, ကြက်သွန်

www.dhammaransi.com



တို့ကို ရေနှင့်ဖက်၍ ဟင်းချိုရည်ချက်ရာ၌ စိတ်သည် ရေနှင့်တူ၏။ ဖဿ, ဝေဒနာ, သညာ, စေတနာ အစရှိကုန်သော နာမ်ဓာတ်တို့သည် ဟင်းသီး, ဟင်းရွက်, ဆား, ဆီစသည်တို့နှင့် တူကြကုန်၏။ ဖွန်း၌တည်ရှိသော ဟင်းချိုရည်မှာ အစုံပါကြကုန်၏။ မျက်မြင်အားဖြင့် မကွဲကြကုန်၊ ဉာဏ်မြင်အားဖြင့် မရောကြကုန်၊ ဉာဏ်မြင် ဆိုသည်ကား- ရေ၏ကိစ္စကတစ်ခြား၊ ဟင်းသီး, ဟင်းရွက်တို့၏ အရသာတို့ကား တစ်ခြား၊ ဆားစသည်တို့၏ ရသတို့သည်လည်း တစ်ခြားစီတို့သာတည်း။ ။ စိတ်သည် ရေနှင့်တူ၏။ ဖဿ, ဝေဒနာစသော နာမ်ဓာတ်တို့သည် ဟင်းသီးရသ, ဟင်းရွက်ရသ, ဆားရသ, ဆီရသ စသည်တို့နှင့် တူကြကုန်၏။ ။ ဓာတ်ပညာမရှိကြကုန်သော သူတို့သည် ထိုဟင်းရေမှာပင် ခြားနားကြမှန်း မသိကြကုန်။ လူတို့၏စိတ်ထဲမှာ ဓာတ်သဘာဝ ခြားနားကြသည်ကို သိကြမည်ဝေးလေစွ။ ။ ဤကား စိတ်နှင့်စေတနာကို ကွဲပြားခြားနားစွာ သိစေလို၍ ပြဆိုလိုက်သော စကားစုတည်း။

**လူဆောက်လုပ်၍ အိမ်ဖြစ်ပေါ်လာသည်**ဟူသော သစ်ဝါးတို့သည်သာလျှင် ထိုထိုတောတောင်တို့၌ ဖြစ်မှု, ပေါက်မှု, ပေါ်မှုဓာတိနှင့်တကွ အမှန်ရှိကြကုန်သည်။ အိမ်မှာမူကား ဖြစ်သည်ဟူ၍ဆိုရန် ဓာတိပင်မရှိ။ သစ်ဝါးတို့ကို ပေါင်းစုတည်ထောင်မိသောအခါ၌ အိမ်ခေါ်စရာ သဏ္ဌာန်ကြီးတစ်ခုအနေနှင့် စိတ်ထဲတွင် ထင်မြင်လာ၏။ ဤမျှသာ ဆိုခွင့်ရှိ၏။ ။ အိမ်ဟူ၍ မရှိဟူသော စကား ထင်ရှားပြီ။ ။ ဤကဲ့သို့သော အသိဉာဏ်မျိုးသည် ဓာတ်ပညာရှိတို့၌သာ ရှိကြကုန်၏။ ဓာတ်ပညာမရှိကြသော မှောင်တွင်းသားတို့မှာ မရှိကြ။ ထိုသူတို့သည်ကား လူဟူသော သဏ္ဌာနပညတ်နှင့် စိတ်, စေတနာဟူသော နာမ်ဓာတ်သာ ခြားနားတို့ကို မဆိုထားဘိ အိမ်နှင့်သစ်ဝါး ခြားနားကြရန်ပင် ဉာဏ်မရှိကြ။ အိမ်နှင့်သစ်ဝါး တစ်ခြားစီဆိုခဲ့သော် အိမ်နှင့်သစ်ဝါး ဘာခြားသေးသလဲ ဘာထူးသေးသလဲဟု ပြောကြကုန်လတ္တံ့။ ။ ထိုအခါ၌ အိမ်ကိုဖျက်၍ ပုံထားခဲ့သော် ထိုသစ်ဝါးစု ဟုတ်သေး၏လော ရှိသေး၏လောမေး။ ထိုသစ်ဝါးစု ဟုတ်ပါ၏, ရှိပါ၏ဟု ပြောလတ္တံ့။ ထိုအိမ် ဟုတ်သေး၏လော, ရှိသေး၏လောဟုမေး။ ထိုအိမ်မဟုတ်ပြီ, မရှိပြီ, ပျက်ကွယ်ပြီဟု ပြောလတ္တံ့။ သဏ္ဌာန်နှင့် သစ်ဝါး

www.dhammaransi.com



ခြားနားလျက် ပေါ်လေ၏။ ။ နောက်၌ သံသပိတ်စကားနှင့်စပ်၍ အကုန်ရှင်းလင်းကြစေ။ ။ ဤကဲ့သို့ ရုပ်ဓာတ်, နာမ်ဓာတ် ခွဲနည်း၌ လိမ္မာကြသူတို့သည်မူကား အိမ်ခေါ်သော ဓာတ်ပုံ, ဓာတ်စုသည် လူဆောက်လုပ်၍ ဖြစ်သည်မဟုတ်၊ လူဟူ၍ပင် မရှိ။ စေတနာဟူသော ပစ္စုပ္ပန်ကံနှင့် ဉာဏ်ဝီရိယတို့၏အစွမ်းကြောင့် အိမ်သဏ္ဌာန်ကြီးအနေနှင့် ပေါင်းစုတည်ရှိလာကြကုန်သည်ဟု အမှန်ဆိုနိုင်ကြကုန်၏။ သစ်ဝါးတို့သည်လည်း ရုပ်ဓာတ်ရစ်ပါးတို့နှင့် ခွဲစိတ်ပြန်လျှင် သဏ္ဌာန်မျှရှိကြကုန်၏။

တစ်ဖန် "အိမ်ဆောက်လုပ်သူမှာ တစ်ရာငွေ, နှစ်ရာငွေ ကံကြွေးလက်ခရသည်မှာလည်း ဘယ်သူပေး၍ ရသနည်း"–ဟု မေးခဲ့သော် ရပ်သူရွာသားတို့က "အိမ့်ရှင်ပေး၍ ရသည်"–ဟု ပြောကြကုန်လတ္တံ့။ ဘာသာတစ်ပါး ဆရာများတို့က "ထာဝရဘုရားပေး၍ ရသည်"–ဟု ပြောကြကုန်ရာ၏။ အကြောင်းအကျိုး၌ လိမ္မာသော ဓာတ်ပညာရှိတို့မူကား ရပ်သူရွာသားတို့ အရိုးအစဉ်သို့လိုက်၍ "အိမ်ရှင်ပေး၍ ရပေသည်"–ဟူ၍လည်းကောင်း၊ "လုံ့ဆော်ဆောက်လုပ်မှ စေတနာဓာတ်ကြီးသည်သာလျှင် အိမ်ပြီးစီးရာ၌ အမှူးသည်ရင်းကြီး ဖြစ်ပေသည်။ အိမ်ပြီးစီးသည့်အတွက် ထိုလက်ခကို ရပေသည်။ ထို့ကြောင့် ထိုဆောက်လုပ်မှု စေတနာဟူသော ပစ္စုပ္ပန်ကံပေး၍ ထိုလက်ခကို ရပေသည်"–ဟူ၍လည်းကောင်း အရာဌာနအားလျော်စွာ ပြောကြကုန်လတ္တံ့။ ။ **ကံပေး၍ ရသည်**ဟူသော စကားမှာလည်း "အိမ်ဆောက်တတ်သော သူ့အတတ်, သူ့ပညာ, သူ့အလိမ္မာ ပေး၍ ရသည်"–ဟူ၍လည်း ဆိုရ၏။ "လိမ္မာသည်အတိုင်း အပန်းခံ၍ လုပ်ကြံနိုင်သော သူ့ဝီရိယ, သူ့လုံ့လပေး၍ ရသည်"–ဟူ၍လည်း ဆိုရ၏။ စေတနာကို ချီးမွမ်းလိုသော် "ကံပေး၍ ရသည်"–ဟု ဆိုရသည်။ အလိမ္မာကို ချီးမွမ်းလိုသော် "ဉာဏ်ပေး၍ ရသည်"–ဟု ဆိုရသည်။ လုံ့လမှုကို ချီးမွမ်းလိုသော် "ဝီရိယပေး၍ ရသည်"–ဟူ၍ ဆိုရသည်။ ။ မိမိ၏ ကံ, ဉာဏ်, ဝီရိယတို့သည်သာလျှင် တစ်သက်ပတ်လုံး အစဉ်ထာဝရပေးသော် ရကြကုန်သည်။ အိမ်ရှင်သည်မူကား သူ့အိမ်ကိုဆောက်လုပ်မှု အတွက်မျှကိုသာပေးလတ္တံ့။ ။ ဤကား ကံ, ဉာဏ်, ဝီရိယတို့ကို အားကိုအားကျ စွဲမြဲကြစေခြင်းငှါ ဗုဒ္ဓဘာသာ ပညာရှိတို့၏

www.dhammaransi.com



ပြောနည်း, ဆိုနည်းပေတည်း။ ။ ဤအိမ်ဆောက်မှုတစ်ခုကို ပြဆိုလိုက်သဖြင့် အလုံးစုံကို အကုန်မြင်ကြလေ။

## လောကနှင့် နိယာမ အခွဲအကျဉ်း

ယခုအခါ **နိယာမ**တရားတို့၏အစွမ်းဖြင့် ဩကာသလောက, သင်္ခါရလောက, သတ္တလောကတည်းဟူသော လောကသုံးပါးတို့၏ အစမထင် အစဉ်အဆက် ဖြစ်တုံ, ပျက်တုံ အပြည့်အစုံ အကျယ်ကိုမူကား **ကပ္ပဝဏ္ဏနာ**စသော ကျမ်းတို့မှာ ယူကြလေ။ ။ ဖြစ်တုံ, ပျက်တုံ နေကြပုံကို အကျဉ်းအားဖြင့် ပြဆိုပေအံ့။ **နိယာမ**တရား ငါးပါးတို့တွင် **ဥတုနိယာမ, ဗီဇနိယာမ**နှစ်ပါးတို့သည် ဩကာသလောက, သင်္ခါရလောကတို့၏ ဆိုင်ရာတို့တည်း။ ။ **ကမ္မနိယာမ, စိတ္တနိယာမ**နှစ်ပါးတို့သည် သတ္တလောက၏ ဆိုင်ရာတို့တည်း။ **ဓမ္မနိယာမ**သည် လောကသုံးပါးနှင့် ဆိုင်၏။

## ကမ္ဘာတည်ပုံ ပျက်ပုံ

စက်ဘိန်းသဏ္ဌာန်ကဲ့သို့ စကြဝဠာတောင်တန်းကြီးတစ်ခု ဝိုင်းဝန်း၍ တည်ရှိသော တစ်ခုသော လောကဓာတ်ကို ဩကာသလောကတစ်ခု ခေါ်၏။ ထိုဩကာသလောကတစ်ခု၏ အတွင်း၌ မဟာပထဝီ, မဟာသမုဒ္ဒရာ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်အများ အလယ်တည့်တည့်၌ မြင့်မိုရ်တောင်ကြီး၊ ထိုမြင့်မိုရ်တောင်ကြီး၏အပ၌ မြင့်မိုရ်တောင်ကို ဝန်းဝိုင်း၍ တည်ရှိကြကုန်သော သီတာ, သမုဒ္ဒရာ ခုနစ်တန် သတ္တရဘန် တောင်တန်း, တောင်ဝိုင်းကြီး ခုနစ်ထပ် တည်ရှိကြကုန်၏။ ။ ဤကား ငါတို့ ယခုတည်ရှိ၍ နေကြသော ဩကာသလောကတစ်ခု၏ တည်ရှိပုံတည်း။ လောကဓာတ်တစ်ခုလည်း ခေါ်ရ၏။ စကြဝဠာတစ်ခုလည်း ခေါ်ရ၏။ ။ ငါတို့ စကြဝဠာမှ အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာတို့၌လည်း စကြဝဠာအဆက်ဆက် အဆုံးမရှိ၊ အနန္တစီချည်း တည်ရှိကြကုန်၏။ ထိုစကြဝဠာ အသီးသီးတို့သည်လည်း အညီအမျှ ရွက်ဆောင်ကြကုန်သော ဓာတ်တို့၏ **ဓမ္မနိယာမ** အစွမ်းအားဖြင့် အဝန်းအဝိုင်း အညီအမျှ

www.dhammaransi.com



ဖြစ်ကြကုန်၏။ ။ ထိုအဆုံးမရှိ အနန္တစကြဝဠာတို့သည်လည်း ကုဋေတစ်သိန်းစီ ကုဋေတစ်သိန်းစီ ဖြစ်အတူ, ပျက်အတူ ဖွဲ့စည်းလျက် တည်ရှိကြကုန်၏။ စကြဝဠာတို့၏အောက်၌ ရေအထုကြီး ခံ၏။ ရေ၏အောက်၌ လေအထုကြီး ခံ၏။ လေ၏အောက်၌ အဇဋာကာသ အနန္တကောင်းကင်ကြီး အဆုံးမရှိ သွားလေ၏။

အထက်ကောင်းကင်တို့၌ တည်ရှိကြကုန်သော မိုးတိမ်တို့သည်လည်း ကောင်း၊ နေ, လ, နက္ခတ်, တာရာ အပေါင်းတို့သည်လည်းကောင်း၊ ကောင်းကင်ဘုံကြီးတို့သည်လည်းကောင်း၊ မြေအပြင်မှ အထက်ကောင်းကင်နှင့် အပြည့်ရှိနေသော လေအထုကြီးမှာ တည်ကြရကုန်သကဲ့သို့ အောက်ကမ္ဘာရေကြီးသည် ပြင်းထန်စွာ သွားလာ၍နေသော လေရှင်အထုကြီးမှာ တည်ရလေ၏။ ထိုလေအထုကြီးသည်လည်း အောက်အနန္တ ကောင်းကင်ကြီးနှင့် အပြည့်ရှိနေသော ပကတိ **လေသေအထုကြီး**မှာ တည်လေ၏။ ။ စကြဝဠာတို့နှင့် အထက်၌လည်း အဇဋာကာသ အနန္တကောင်းကင်ကြီး အဆုံးမရှိ သွားလေ၏။

လူ့ပြည်မှ အထက်အရပ်မျက်နှာ၌ ယူဇနာပေါင်း ခုနစ်ကုဋေ တစ်သန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင်မျှ ဝေးကွာသော ကောင်းကင်အရပ်၌ ဘဝဂ်ဘုံ တည်ရှိ၏။ ထိုဘုံမှ အောက်ကောင်းကင်အပြင်ကြီး၌ နတ်ဘုံအဆင့်ဆင့်, ဗြဟ္မာဘုံ အဆင့်ဆင့်ဟူသော ကောင်းကင်ဘုံကြီး၊ ကောင်းကင်နိုင်ငံကြီးတို့သည် အဆင့်ဆင့် တည်ရှိကြကုန်၏။

ဤသြကာသလောကသည် အဘယ်မျှ ကာလကြာမြင့်စွာ တည်နေပါသနည်းဟူမူ မြန်မာတိုင်အားဖြင့် တစ်တိုင်ခွဲနှင့် တာပေါင်းတစ်ရာကို တစ်ဂါဝုတ် ခေါ်၏။ အလျားတစ်ဂါဝုတ် အနံတစ်ဂါဝုတ် အမြင့်တစ်ဂါဝုတ်ရှိသော တစ်ခဲနက်ကျောက်အတိပြီးသော တောင်ကြီးတစ်ခု ရှိရာ၏။ ထိုတောင်ကြီးကို အလွန်သိမ်မွေ့လှစွာသော လဲဝါဂွမ်းဖြင့် အနှစ်တစ်ရာမှ တစ်ခါ၊ အနှစ်တစ်ရာမှ တစ်ခါ ပွတ်တိုက်သည်ရှိသော် ပွတ်တိုက်ဖန်အနန္တ အများကြီး များလှသဖြင့် ထိုကျောက်တောင်ကြီးသည် ကုန်လေရာ၏။

ဤမဟာပထဝီ, မြင့်မိုရ်တို့ ယခုတည်ရှိကြသော သြကာသလောက၏ အသက်သည် မကုန်နိုင်ရာ။ ။ တစ်ကြိမ်တည်ထောင်ပြီးသော မဟာပထဝီ,

www.dhammaransi.com



မြင့်မိုရ်အစရှိသော ဩကာသလောကသည် ဤမျှလောက် ကာလမြင့်စွာ တည်ရှိ၏။

ပျက်သောအခါ၌ စကြဝဠာပေါင်း ကုဋေတစ်သိန်း တစ်ပြိုင်နက် ပျက်၏။ စကြဝဠာတို့ကိုခံသော ကမ္ဘာရေပြင်ကြီးမှ အထက်ပထမဈာန် ဗြဟ္မာပြည်တိုင်အောင် အကုန်မီးလောင်၏။ ပထမဈာန် ဗြဟ္မာပြည်လည်း ပါလေ၏။ ။ ဤကား ကမ္ဘာတည်ချက် ကမ္ဘာပျက်ချက် အမြွက်စကားတည်း။

## မဟာကပ်ကြီး

ယခုအခါ အကျယ်ပြဆိုအံ့။ ။ ကပ်သည် သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်ဟူ၍ လေးကပ်ရှိ၏။ ထိုလေးကပ်တို့တွင် ပျက်ဆဲသည် **သံဝဋ္ဋကပ်** မည်၏။ တစ်စုံတစ်ခု ဖြစ်ပေါ်မှု မရှိသေးပဲ ပျက်ပြီးအတိုင်း ရှိနေသေးသောကာလသည် **သံဝဋ္ဋဋ္ဌာယီကပ်** မည်၏။ တည်ထောင်ဆဲကာလသည် **ဝိဝဋ္ဋကပ်** မည်၏။ တည်ထောင်ပြီးကာလသည် **ဝိဝဋ္ဋဋ္ဌာယီကပ်** မည်၏။ ထိုလေးကပ်လုံးသည် ကျောက်တောင်ကြီးဥပမာနှင့် အမျှစီကာလ ရှည်ကြာကြ၏။ ကပ်လေးပါးအပေါင်းကို မဟာကပ်ကြီးတစ်ခု ဆို၏။ ထိုကပ်လေးပါးကို အစဉ်အတိုင်း´ ပြဆိုပေအံ့။

## သံဝဋ္ဋကပ်

စကြဝဠာပေါင်း ကုဋေတစ်သိန်းစီ အရေအတွက်ရှိကြသော ထိုဩကာသလောကစုသည် ဖြစ်ချိန်, ပျက်ချိန်ကျသောအခါ အဘယ်ဓာတ်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသနည်း၊ အဘယ်ဓာတ်၏ အစွမ်းဖြင့် ပျက်ဆုံးပါသနည်း? ဥတုခေါ်သော မီးဓာတ်ကြီး၏အစွမ်းဖြင့် ဖြစ်ပေါ်သည်။ ဥတုခေါ်သော မီးဓာတ်ကြီး၏အစွမ်းဖြင့် ပျက်ဆုံးသည်။ ။ ပျက်ဆုံးပုံကို ရှေးဦးစွာ ပြဦးအံ့။ ။ ယခုတည်ရှိသော ကျောက်တောင်ကြီးဥပမာအတိုင်း နှစ်အသင်္ချေ နှစ်အသင်္ချေပေါင်း မရေမတွက်နိုင် ကြာညောင်းလတ်သော် ကမ္ဘာမီးကြီးလောင်၍ ပျက်လတ္တံ့။

ပျက်ဆုံးပုံကား။ ။ ယခုရှိကြသော မဟာပထဝီမြေကြီး စကြဝဠာတောင်, သတ္တရဘန်တောင်, မြင့်မိုရ်တောင် အလုံးစုံတို့သည် အစဉ်အတိုင်း

www.dhammaransi.com



အိုမှန်းမသိအို, ရင့်မှန်းမသိရင့်ဖန်များလတ်သော် အခွံဓာတ်မျိုး, အကာဓာတ်မျိုး အဆင့်ဆင့်တို့သည် တဖြေးဖြေး ကုန်ခန်းကြကုန်လတ္တံ့။ အနှစ်ဓာတ်မျိုးတို့သည်သာ ကျန်ရှိကြကုန်လတ္တံ့။ ထိုအခါ၌ မဟာပထဝီစသည်တို့သည် ဆီဦးခဲ, ထောပတ်ခဲ, ယမ်းဆီခဲ, ကန့်ခဲ, ကန့်ဆီခဲတို့ကဲ့သို့ မီးထည့်လျှင် တောက်တဲ့ရန် မြေဆီ, မြေနှစ်, ကျောက်ဆီ, ကျောက်နှစ်တို့သာ ကျန်ရှိကြကုန်လတ္တံ့။ (ထို့ကြောင့် ဆီထောပတ်တို့ကို လောင်သောမီးနှင့် ဥပမာပြတော်မူ၏။) ဤကဲ့သို့ နှစ်ကာလ အလွန်ကြာညောင်းသဖြင့် အိုမင်း, ရင့်ဆွေးရခြင်း စသည်အတိုင်း ကုန်ခန်းရခြင်း အမှုသည် ဘယ်သူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်းရသော အမှုမျိုးမဟုတ်၊ အိုမင်း, ရင့်ဆွေးအောင် ပြုလုပ်သူမရှိလျှင် မအိုနိုင်, မရင့်နိုင်ဟူ၍ပင် မရှိ။ **ဓမ္မနိယာမ** အားဖြင့် တစ်လောကလုံး သိမြင်ထင်ရှား၍ နေကြသော ဓမ္မတာမှုကြီးပေတည်း။

ဤကဲ့သို့ မဟာပထဝီ, စကြဝဠာတောင်, သတ္တရဘန်တောင်, မြင့်မိုရ်တောင်တို့ အိုမင်း, ရင့်ဆွေးခြင်းသို့ ရောက်ကြကုန်သောအခါ ကမ္ဘာပျက်မိုးကြီး ဖြစ်ပေါ်လိုလတ်သော် ကမ္ဘာပေါ်မှာ မိုးကြီးကြီးစွာ တစ်ကြိမ်ရွာ၏။ ကမ္ဘာပျက် မိုးကြီးခေါ်၏။ ထိုမှနောက်၌ မိုးမရွာပြီ။ အနှစ်တစ်သိန်းခန့် ရှိလတ်သော် ကောင်းကင်၌ နေဗိမာန်အများ ပွားစီး၍လာ၏။ နေဗိမာန်ခုနစ်ခုတိုင်အောင် အစဉ်အားဖြင့် တိုးပွားလာ၏။ စကြဝဠာကုဋေတစ်သိန်းမှာ နေဗိမာန်ပေါင်း ကုဋေခုနစ်သိန်း ဖြစ်လာ၏။ ဤသို့ ဖြစ်ပေါ်လာရာ၌လည်း ဤမျှလောက် ကြီးကျယ်၍ ဤမျှလောက် ကြာညောင်းစွာ တည်ရှိသော ဓာတ်အသိုက်, အအုံတို့သည် အသိုက်အအုံ ကြီးကျယ်ကြာညောင်းမှုနှင့်ပင် ပြီးစီးနိုင်ကုန်၏။ နေဗိမာန်ပေါင်း များစွာ ကမ္ဘာပျက်မီးကြီး ဖြစ်ပေါ်လိုလျှင် ဖြစ်ပေါ်နိုင်၏။ ကမ္ဘာပျက်ရေကြီး ဖြစ်ပေါ်လိုလျှင် ဖြစ်ပေါ်နိုင်၏။ ကမ္ဘာပျက်လေကြီး ဖြစ်ပေါ်လိုလျှင် ဖြစ်ပေါ်နိုင်၏။ ဖန်ဆင်းသူကို ရှာကြံဖွယ် မရှိ၊ ဉာဏ်မနိုင်ရှိခဲ့လျှင် ဖန်ဆင်းသူကို တွေးယူတတ်ကြ၏။

အနောက်နိုင်ငံများစွာ ရံခါရံခါ မီးတောင်ပေါက်မှ မိုးကြီးကြီးစွာရွာ၍ မြို့ရွာအများ ပျက်ပြားမှု ပင်လယ်ရေလွှမ်း၍ မြို့ရွာအများ ပျက်ပြားမှု လေကြီးကြီးစွာထွက်၍ ကမ္ဘာပျက်မီးလောင်ပုံကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ငါတို့မြတ်စွာဘုရား

www.dhammaransi.com



ဟောကြားတော်မူသော ပါဠိတော်ကြီး ရှိလေပြီ။ ။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ် သတ္တနိပါတ် နံပါတ် (၄၅၄)မှာ ကြည့်လေ။ ကမ္ဘာပျက်မီးကြီးလောင်ရာ၌ စကြဝဠာ ပေါင်း ကုဋေတစ်သိန်း ပါဝင်၏။ အောက်၌ ကမ္ဘာကိုခံသော ရေနယ်ကိုချန်လှပ်၍ ယူဇနာနှစ်သိန်းလေးသောင်း အတုရှိသော ပံသုသေလာ မဟာပထဝီမြေကြီး စကြဝဠာ တောင်ကြီး သတ္တရဘန် တောင်ရံခုနစ်ထပ်တို့နှင့်တကွ မြင့်မိုရ်တောင်ကြီး ပေါင်း ကုဋေတစ်သိန်း ကုန်လေ၏။ ဤလူ့ပြည်မှ ယူဇနာပေါင်း လေးသိန်းကျော်မြင့် ကွာသော ပထမဈာန်ဗြဟ္မာဘုံကြီးတိုင်အောင် ကမ္ဘာမီးသိမ်းယူလေ၏။ ထိုနယ်ခေတ်အတွင်းမှာ မီးစာဟူ၍ အဏုမြူမျှ အကျန်မရှိမှ မီးခဲ, မီးတောက် အကုန်ကွယ်ငြိမ်းလေ၏။ မီး၏အခိုက်အတဲ့သည် အနု, အရင့်, အလျှံဟူ၍ သုံးမျိုးရှိ၏။ ဥတုအခိုက်အတဲ့, မီးခဲအခိုက်အတဲ့, မီးတောက်မီးလျှံ အခိုက်အတဲ့ ဟူ၍ သုံးမျိုးရှိ၏ဟု ဆိုလိုသည်။ ။ ထိုသုံးမျိုးတို့တွင် မီးစာဝတ္ထု၌ ရိုးရိုးရဲရဲ မစွဲမိတည်ရှိသော ဥတုခေါ်သော မီးမျိုးစေ့စုသည် အနုမည်၏။ မီးစာဝတ္ထု၌ ရိုးရိုးရဲရဲစွဲသော မီးခဲသည် အရင့်မည်၏။ တောက်၍ထသော မီးတောက်သည် အလျှံမည်၏။ ။ မီးစာဟူ၍ မုန်ညင်းစေ့မျှ အကြွင်းအကျန် မရှိသောအခါ မီးခဲ, မီးလျှံတို့သည် အကြွင်းအကျန်မရှိ ကွယ်ဆုံးကုန်၏။ ။ ဥတုခေါ်သော ဓာတ်နုတို့သည်သာလျှင် မီးလောင်ရာနယ်တစ်ခွင်၌ ကောင်းကင်နှင့်အပြည့် ကျန်ရှိလေ၏။ ကျောက်တောင်ကြီးဥပမာမျှ ကြာလေ၏။

**သံဝဋ္ဋကပ် ပြီး၏။**

## သံဝဋ္ဋဋ္ဌာယီကပ်

မီးလောင်ရာနယ်တစ်ခွင်မှာ ကောင်းကင်နှင့်အပြည့် ကျန်ရှိကြကုန်သော ဥတုမျိုးစေ့တို့သည် အထူးထူးအပြားပြား များကုန်၏။ အောက်သိလာပထဝီကို လောင်သောမီးတို့မှ ကျန်ရှိကြကုန်သော ဥတုတို့သည် နောင်ထိုနေရာမှာ သိလာပထဝီ ဖြစ်ပေါ်ရန် သိလာပထဝီမျိုးအနေနှင့် ကျန်ရှိကြကုန်၏။ ထိုအတူ စကြဝဠာတောင်ကိုလောင်သောမီး, သတ္တရဘန်တောင်တို့ကို လောင်သောမီး, မြင့်မိုရ်တောင်ကိုလောင်သောမီးတို့မှ ကျန်ရှိကြကုန်သော ဥတုတို့သည်လည်း

www.dhammaransi.com



နောင်ထိုထိုနေရာတို့မှ စကြဝဠာတောင် စသည်ဖြစ်ပေါ်နိုင်ကြရန် ကျောက်ပထဝီမျိုးအနေနှင့် ကျန်ရှိကုန်၏။ နေ, လ, နက္ခတ်, တာရာတို့ကို လောင်သောမီး, ထိုထိုလည်း ထိုအတူပင်တည်း။ ။ မီးလောင်ရာနယ်တစ်ခွင်မှာ ကောင်းကင်နှင့်အပြည့် ကျန်ရှိကြကုန်သော ဥတုတို့သည် တဖြည်းဖြည်း ပွားစီးကြကုန်၍ ကာလကြာမြင့်လတ်သော် မိုးတိမ်မိုးခါတ် မိုးဥတု မိုးရာသီ အဖြစ်သို့ရောက်၍ တည်ကြကုန်၏။ (ကျောက်တောင်ကြီးဥပမာ တစ်ခုစာကြာမြင့်လေ၏။)

**သံဝဋ္ဋဋ္ဌာယီကပ် ပြီး၏။**

## ဝိဝဋ္ဋကပ်

ကမ္ဘာတည်ထောင်ခြင်းဟူသော **ဝိဝဋ္ဋကပ်** ပေါ်လိုလတ်သော် မိုးတိမ်မိုးခါတ် မိုးဥတု မိုးရာသီအနေနှင့် တည်ရှိကြကုန်သော ထိုဥတုတို့မှ ရှေးဦးစွာ မိုးသေး, မိုးဖွဲတို့သည် ရွာကုန်၏။ ထိုအခါ၌ လေတို့သည်သံဝဋ္ဋဋ္ဌာယီကပ် ထက်ဝက်ခန့်ကာလမှ နောက်၌ပူရှိန်, ပူငွေ့ အလျှင်းမတွေ့ကြရကုန်သဖြင့် အလွန်ထက်အလွန် အေးမြကြကုန်၏။ ထိုလေတို့နှင့် တွေ့ထကြကုန်သော မိုးရေ, မိုးခါတ်တို့သည် များသောအားဖြင့် မိုးသီး, မိုးခဲတွေ ဖြစ်ကြလေကုန်၏။ တရွေ့တရွေ့ တိုးပွားကြကုန်သဖြင့် ကာလကြာမြင့်လတ်သော် ယူဇနာတစ်ရာရှိ တစ်ထောင်ရှိ ကြီးမားစွာ ရွာကုန်၏။ ပထမဈာန် ဗြဟ္မာဘုံတိုင်အောင် ရေခဲ, မိုးခဲတို့သည် ပြည့်လေကုန်၏။ စကြဝဠာကုဋေတစ်သိန်းသည် ရေခဲ, မိုးခဲ တစ်ပြင်ထဲ တည်ရှိလေ၏။ ထိုရေခဲတို့နှင့် ထိစပ်ကြကုန်ရာ အောက်အောက်ရေတို့သည်လည်း ခဲ၍ခဲ၍လိုက်ကြကုန်၏။ ထိုရေတို့နှင့်နေရာမှ အပသို့ထွက်ကြကုန်သော လေတို့သည် ထိုရေတို့ကို ဝန်းဝိုင်းလျက် တည်ကုန်၏။ မိုးရွာမှု ပြတ်စဲလတ်သော် ထိုရေခဲ, မိုးခဲတို့သည် တဖြည်းဖြည်း လျော့ကျလေကုန်၏။ အောက်၌ ကမ္ဘာကိုခံသော ရေ, လေတို့သည် မိုးရေ, မိုးခဲအားကြီးလှသောအခါ မဆောင်ကြဉ်းနိုင်ရှိကြကုန်ရာ ပိုမိုသမျှသော မိုးရေ, မိုးခဲတို့သည် အောက်ကောင်းကင်သို့ လျော့ကျလေကုန်၏။ မဟာပထဝီတည်ရာသို့ ကျရောက်သော အခါ ကမ္ဘာကိုခံသောလေတို့သည် ဆောင်ကြဉ်းနိုင်ကြကုန်သောအခါ မိမိတို့

www.dhammaransi.com


အပဟုန်ဖြင့် ပိတ်ဆို့ကုန်လျက် ရှက်ဆောင်မြဲရှက်ဆောင်ကြလေကုန်၏။

ထိုရေခဲပြင်ကြီးသည် အစဉ်အတိုင်း လျှော့ကျလေရာ ထိုထို၌ာန၌ ရှိကြကုန်သော ဥတုအထူးတို့၏အစွမ်းဖြင့် ဗြဟ္မာဘုံနေရာ၌ ဗြဟ္မာဘုံဖြစ်၍ လာကုန်၏။ နတ်ဘုံနေရာ၌ နတ်ဘုံဖြစ်၍ လာကုန်၏။ မြင့်မိုရ်တောင်နေရာ၌ မြင့်မိုရ်တောင်ဖြစ်၍ လာကုန်၏။ စကြဝဠာတောင်နေရာ၌ စကြဝဠာတောင်ဖြစ်၍ လာကုန်၏။ သတ္တရဘန်တောင်တို့၏နေရာ၌ သတ္တရဘန်တောင်တို့သည် ဖြစ်လာကုန်၏။ ပံသုပထဝီနေရာ၌ ပံသုပထဝီဖြစ်၍လာ၏။ သီလာပထဝီနေရာ၌ သီလာပထဝီဖြစ်၍လာ၏။ သီတာ, သမုဒ္ဒရာတို့နေရာ၌ သီတာ, သမုဒ္ဒရာတို့သည် ဖြစ်၍လာကုန်၏။ နေ, လ, နက္ခတ်, တာရာတို့သည်မူကား နှင်းမြူ, နှင်းခိုးတို့ ဖုံးအုပ်လျက် ရှိနေကြကုန်၏။ နေ, လ, နက္ခတ်, တာရာ, ဘုံဗိမာန်ဖြစ်၍နေကြကုန်သော ရွှေ, ငွေ, ရတနာတို့သည် အလွန်ပေါကြကုန်၏။ မြေမှအထက်ကောင်းကင်တစ်ခွင်လုံးတို့၌ မလှုပ်မရှား တည်နေသော လေသေ, လေထုကြီးသည် ခံလေ၏။ အတွင်း၌ ငှက်တို့သည် ထိုလေသေတို့ကို လှုံ့ဆော်၍ ကောင်းကင်၌ ပျံကြရကုန်၏။

မြင့်မိုရ်တောင်, သတ္တရဘန်တောင်တို့မှ အပသို့ထွက်သော လေရှင်တို့နှင့် အပ၌ စကြဝဠာတောင်ဝိုင်းကြီးမှ အတွင်းသို့ထွက်သော လေရှင်တို့သည် တိုက်ဆိုင်ကြကုန်ရာ မြင့်မိုရ်တောင်ကို မဏ္ဍိုင်ပြု၍ စကြဝဠာတောင်ဝိုင်းကြီးအတွင်း ပတ်ဝိုက်တုံလျှင်း အဟုန်ပြင်းစွာ လကျာ်ရစ်လှည့်လည်၍နေသော လေဗွေခဲကြီး, လေဗွေဝန်းကြီး, လေဗွေစက်ဝိုင်းကြီးသည် ရှိ၏။ ထိုလေဗွေဝန်းကြီးသည် နေ, လ, နက္ခတ်, တာရာတို့ကို အမြဲတွန်းဆောင် လွှင့်နှင်လေ၏။ ဘုံဗိမာန်အပေါ့, အသေးသို့လိုက်၍ အမြန်အနှေး အပြေးအသွား ခြားနားလျက် ရှိကြကုန်၏။ အထက်ဗြဟ္မာပြည်မှစုတေ၍ ဥပပါတ်သန္ဓေဖြင့် မြေမပေါ်မီခင် ရေအပြင်ကြီး၏ အထက်မှာ ကျရောက်ပေါ်ပေါက်လာကြကုန်သော ဗြဟ္မာလားတူ ကပ်ဦးသူတို့လည်း နေကြကုန်ရာ ကာလကြာက မြေအစတွင် ရေအပြင်မှာဖြစ်ပေါ်လာသော မြေလွှာ, မြေဆီများကို စားသုံးကြကုန်၍ ကိုယ်ရောင်, ကိုယ်ဝါကွယ်ပျောက် မှောင်ကြီးရောက်ခါမှ နေနှင့်လကို တ, သကြကုန်ရာ နေ, လ, နက္ခတ်,

www.dhammaransi.com



တာရာ တို့သည် ထိုအခါမှ ထင်လင်းစွာ ပေါ်လာကြလေကုန်သတည်း။

ဤဝိဝဋ္ဋကပ်စကားရပ်၌ အလွန်ထက်အလွန် အေးမြလှကုန်သော လေတို့၏ တွေ့ထိမှုကြောင့် ကမ္ဘာမိုး, ကမ္ဘာရေတို့ အခဲအပြင်တွေ ဖြစ်ကြကုန်သည်ဟူရာ၌– ကမ္ဘာပေါ်မှာ အချို့သောမြို့ရွာတို့၌ မိုးသီး, မိုးကြီးစွာရွာ၍ လူသူ ကျွဲနွားများပင် ပျက်စီးကြောင်း အိမ်ရာတိုက်တာများ ပြိုပျက်ကြောင်း ဆောင်းရာသီအခါတွင် ဟိမဝန္တာတောတောင်များမှာ ကောင်းကင်မှ ကျလာသော ဆီးနှင်းတို့သည် မြေသို့ရောက်၍ အလွန်အေးမြသော လေတို့နှင့်တွေ့ကြရာ ဆီးနှင်းခဲတွေ တောင်ရှို, ကမ်းရှို ဖြစ်ကြကြောင်း, ဇမ္ဗူဒီပါ၏ မြောက်အရပ်မျက်နှာတို့၌ ဆောင်းရာသီအခါ အေးမြလှစွာသော လေတို့၏တွေ့ထမှုကြောင့် သမုဒ္ဒရာပင်လယ်ရေနယ်တစ်ခွင် ခဲပျဉ်၍နေသောကြောင့် လှေ, မီးသင်္ဘောများ မသွားမလာနိုင် ရှိနေကြကြောင်း, မြောက်အရပ်ဒေသ ရုရှနိုင်ငံရှိ မြစ်ကြီးမြစ်ငယ်တို့မှာလည်း ထိုအတူ ဆောင်းရာသီ၌ မြစ်ရေ, ချောင်းရေ ခဲပျဉ်၍နေသောကြောင့် လှေ, မီးသင်္ဘောများ မသွားနိုင်, မလာနိုင်ရှိနေကြောင်း ဆောင်းရာသီအခါ၌ ငါတို့နိုင်ငံတွင် မိုးကုတ်, မိုးမိတ်စသော ရှမ်းပြည်နယ်ပယ်များမှာလည်း ဆီးနှင်းခဲမှု ထင်ရှားရှိနေကြောင်းများကို မျှော်ထောက်ကြလေ၊ ရေခဲပြုလုပ်သော ပညာရှိကြီးများနှင့်လည်း ညှိနှိုင်းကြလေ။

ယခုပြဆိုခဲ့သော ဆီးနှင်းခဲ, ရေခဲတို့မှာမူကား နေပူ, လေပူတို့နှင့် တွေ့ထိမှု ရှိနေသောကြောင့် မကြာမီ အရေဖြစ်မြဲဖြစ်၍ သွားကုန်၏။ ကမ္ဘာရေပြင်, ကမ္ဘာရေခဲတို့မှာမူကား သံဝဋ္ဋဌာယီနောက်ပိုင်းမှစ၍ ဝိဝဋ္ဋကပ်ပတ်လုံး နေပူ, လေပူဟူ၍ မတွေ့မထိကြသဖြင့် အရည်ဖြစ်ရန်အရေးနှင့် အဝေးကြီးဝေးကြလျက် ခက်မာသည်ထက် ခက်မာထက်သို့သာ ရောက်ကြလေကုန်၏။

ဝိဝဋ္ဋကပ် ပြီး၏။

## ဝိဝဋ္ဋဌာယီကပ်

ဤသို့ မြင့်မိုရ်, စကြဝဠာစသည်တို့ တည်ထောင်၍ ပြည့်စုံကြသောအခါမှ စ၍ တစ်ဖန် ဤကမ္ဘာကြီး ပျက်စီးပြန်ရန် ကမ္ဘာပျက်မိုးကြီး ရွာသည်တိုင်အောင်

www.dhammaransi.com


ဩကာသ လောကကြီးသည် ကျောက်တောင်ကြီး ဥပမာ တစ်ခုစာမျှ အခွန့်ရှည်ကြာစွာ တည်လေ၏။ ။ အနမတဂ္ဂ သံယုတ် ဝေပုလ္လသုတ်ပါဠိတော်၌ -

"ဤကမ္ဘာတွင် ပွင့်ကြကုန်သော ဘုရားငါးဆူတို့တွင် တစ်ဆူနှင့် တစ်ဆူအကြားမှာ ဤမဟာပထဝီမြေကြီးသည် တစ်ယူဇနာခန့်, တစ်ယူဇနာခန့် တိုးတက်၏။ ဝေပုလ္လတောင်သည် တစ်ယူဇနာခန့်, တစ်ယူဇနာခန့် မြေထဲသို့ မြုပ်လေ၏"-

ဟူ၍ ဟောတော်မူသောကြောင့် ပံသုပထဝီမြေကြီးသည် အန္တရကပ်တစ်ကပ်, တစ်ကပ်အတွင်းမှာ တစ်ယူဇနာ, တစ်ယူဇနာ တက်မြဲဟု သိအပ်၏။ ။ အန္တရာကပ် ဆိုသည်ကား- ကမ္ဘာဦးအခါ၌ လူတို့၏အသက်တမ်းသည် အသင်္ချေ တမ်းဖြစ်၏။ လူတို့သည် နှစ်ပေါင်းအသင်္ချေ အသက်ရှည်ကြကုန်၏။ အသင်္ချေ တမ်းမှ တရွေ့, တရွေ့ ဆုတ်ယုတ်လေရာ ဆယ်နှစ်တမ်းသို့ ဆိုက်၏။ ဆယ်နှစ် တမ်းမှ တစ်ရွေ့, တစ်ရွေ့ တက်ပြန်ရာ အသင်္ချေတမ်းသို့ ရောက်ပြန်၏။ ဤသို့ အသင်္ချေတမ်းမှဆုတ်၍ တစ်ဖန် အသင်္ချေတမ်းသို့ ရောက်ပြန်သော ကာလသည် အန္တရကပ် တစ်ကပ်မည်၏။

ယခုတည်ရှိသော ဤဝိဝဋ္ဋဋ္ဌာယီကပ်သည် အန္တရကပ်ပေါင်း ၆၅-ပြန် တည်နေ၏။ ကမ္ဘာဦးပထမ အန္တရကပ်၌ ကကုသန်ဘုရား ပွင့်တော်မူ၏။ ဒုတိယ အန္တရကပ်၌ ကောဏာဂုံဘုရား ပွင့်တော်မူ၏။ တတိယအန္တရကပ်၌ ကဿပ ဘုရား ပွင့်တော်မူ၏။ စတုတ္ထအန္တရကပ်၌ ငါတို့သခင် အရှင်ဂေါတမဘုရား ပွင့်တော်မူ၏။ နောက် ပဉ္စမအန္တရကပ်၌ မေတ္တေယျဘုရား ပွင့်တော်မူလတ္တံ့။ နောက်၌ အန္တရကပ်ပေါင်း ၅၉-ကျန်ရှိ၏။ ဘုရားပွင့်မှု မရှိလေပြီ။

ဝိဝဋ္ဋဋ္ဌာယီကပ် ပြီး၏။

www.dhammaransi.com



# လောကနှင့် နိယာမအခွဲအကျယ်

## ဩကာသလောက

ဝိဝဋ္ဋဌာယီ၌ ဤမျှလောက် ကြီးကျယ်စွာ တည်ရှိမှုသည် နောက် ကမ္ဘာပျက်မီး ကြီးကျယ်စွာ ပေါ်လာဖို့ဖြစ်၏။ ကမ္ဘာပျက်မီး ပေါ်လာရန် ဖန်ဆင်းသူကို ရှာကြံဖွယ်မရှိ၊ ကမ္ဘာပျက်မီး ကြီးကျယ်စွာ လောင်မှုသည် နောက်ကမ္ဘာသစ် တည်ထောင်ရန် ဥတုအသိုက်, အအုံကြီးကျယ်စွာ ပေါ်လာဘိဖြစ်၏။ ဥတုအသိုက်, အအုံဖန်ဆင်းသူကို ရှာကြံဖွယ်မရှိ။ ဥတုအသိုက်, အအုံကြီးကျယ်မှုသည် ကမ္ဘာပြုမိုးကြီး ကြီးကျယ်စွာ ပေါ်လာဖို့ဖြစ်၏။ ကမ္ဘာပြုမိုး ဖန်ဆင်းသူကို ရှာကြံဖွယ်မရှိ။ ကမ္ဘာပြုမိုး ကြီးကျယ်စွာ ဖြစ်ပေါ်ဖို့ မဟာပထဝီ, မြင့်မိုရ်တောင် အစရှိသော ဩကာသလောကကြီး ဖြစ်ပေါ်ဖို့ဖြစ်၏။ ဤဩကာသလောကကြီးကို ဖန်ဆင်းသူ အခြားရှာကြံဖွယ်မရှိ။ ဤဩကာသလောကကြီး ကြီးကျယ်စွာ တည်မှုသည် ကမ္ဘာမီးကြီး ကြီးကျယ်စွာ လောင်ဖို့ဖြစ်၏။ ဤသို့လျှင် ဖန်ဆင်းသူကို ရှာကြံဖွယ်ကိစ္စ မရှိသည့်ပြင် ထာဝရဘုရားပေါင်း တစ်သောင်းအား, တစ်သိန်းအားနှင့်ပင် တားဆီးနိုင်ခွင့်မရအောင် ကြီးကျယ်လှသော **ဓမ္မနိယာမ**၏အစွမ်းအားဖြင့် ရှေး၌လည်း အစမရှိ၊ နောက်၌လည်း အဆုံးမရှိ၊ အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်ကြီး ဖြစ်လေသတည်း။

**ဩကာသလောကကြီး ပြီး၏။**

## သင်္ခါရလောက

မူလဗီဇ၊ အမြစ်မျိုးစေ့။ ခန္ဓဗီဇ၊ ပင်ကိုယ်မျိုးစေ့။ ဖလုဗီဇ၊ အဆစ်မျိုးစေ့။ အဂ္ဂဗီဇ၊ အညွန့်မျိုးစေ့။ ဗီဇဗီဇ၊ အစေ့မျိုးစေ့ ဟူ၍လာသော မျိုးစေ့ငါးပါးတို့မှ ပေါက်ရောက်ကြကုန်သော သစ်ပင်, ဝါးပင်, အုန်းပင်, ထန်းပင်, ချုံပင်, နွယ်ပင်, မြက်ပင်, ကောက်ပင်, ပဲပင် အစရှိကုန်သော သင်္ခါရလောကတို့၏ **ဗီဇနိယာမ, ဥတုနိယာမ** ၂-ပါးတို့ကြောင့် ဖြစ်ပွားပုံကို ပြဆိုပေအံ့။

ဗီဇ ဆိုသည်ကား- လောကဝေါဟာရအားဖြင့် ပြဆိုခဲ့ပြီးသော အမြစ်, ပင်ကိုယ်, အဆစ်, အညွန့်, အစေ့တို့ကို ဆိုသည်။

www.dhammaransi.com



စာတ်တို့ကိုသာ ပြဆိုသော အဘိဓမ္မာ ဒေသနာနည်းအားဖြင့်မူကား အမြစ်မျိုးစေ့တစ်ခုမှာ ဓာတ်ရှစ်ပါးရှိ၏။

၁။ မြေဓာတ်တစ်ပါး၊

၂။ ရေဓာတ်တစ်ပါး၊

၃။ မီးဓာတ်တစ်ပါး၊

၄။ လေဓာတ်တစ်ပါး၊

၅။ အဆင်းဓာတ်တစ်ပါး၊

၆။ အနံ့ဓာတ်တစ်ပါး၊

၇။ ရသဓာတ်တစ်ပါး၊

၈။ ဩဇဓာတ်တစ်ပါး။

ထိုရှစ်ပါးတို့တွင် မီးဓာတ်တစ်ပါးသည်သာလျှင် အပင်, အညှောက်တို့ကို ပေါက်ရောက်စေအပ်သည်ဖြစ်၍ မျိုးစေ့အမှန်ဖြစ်၏။ ကြွင်းကျန်သော ဓာတ်ခုနစ်ပါးတို့သည် အပင်, အညှောက်တို့ကို ပေါက်ရောက်စေတတ်သော သတ္တိမရှိကြကုန်သောကြောင့် မျိုးစေ့ဓာတ် မဟုတ်ကြကုန်။ မျိုးစေ့ဓာတ်၏ အဆောက်အဦး, အခြံအရံမျှ ဖြစ်ကြကုန်၏။ ပင်ကိုယ်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ အစေ့မျိုးစေ့ တို့၌လည်း ထို့အတူ။

"သရက်ပင်သည် ဘယ်မှဖြစ်သနည်း"–ဟု **မေး**။ ဓာတ်အပြား, ဓမ္မအပြား တို့ကို မသိကြကုန်သော လူအများတို့အလိုအားဖြင့် "သရက်ပင်သည် သရက်စေ့ မှဖြစ်သည်"–ဟူ၍ ဖြေ။ အဘိဓမ္မဓာတ်ပညာကို တတ်ကြကုန်သော သူတို့၏ အလိုအားဖြင့် "သရက်ပင်သည် သရက်စေ့၌ တည်ရှိသော ဥတုခေါ်သော တေဇောမီးဓာတ်မှ ဖြစ်သည်"–ဟု **ဖြေ**။

လောကီသား လူအများတို့သည် အဘိဓမ္မာဓာတ်ပညာအမျိုးတို့ကို မတတ်ကြကုန်။ ဓမ္မအပြား, ဓာတ်အပြားတို့ကို မသိကြကုန်။ မိမိတို့မျက်စိမှာ ထင်မြင်တိုင်းကိုသာ ပြောဆိုမှတ်သားကြကုန်၏။ **အက်ဖ်–အေ၊ ဘီ–အေစသော** အနောက်နိုင်ငံဖြစ် ဓာတ်ခွဲကျမ်းများ ငါတို့ဗုဒ္ဓဘာသာ အဘိဓမ္မာ ဓာတ်ခွဲကျမ်းစာများကို တတ်ကျွမ်းလိမ္မာသူတို့မှသာ တစ်ခုသော သရက်စေ့အတွင်းမှာ ဓာတ်ပေါင်း

www.dhammaransi.com



မည်မျှ ဓမ္မပေါင်းမည်မျှ ရှိသည်ဟု သိနိုင်ကြကုန်၏။

သရက်စေ့၌ ဓာတ်ခွဲပုံကား– အဖတ်သဘောသည် မြေဓာတ်မျိုး ဖြစ်၏။ အရည်သဘောသည် ရေဓာတ်မျိုးဖြစ်၏။ ပူမှု, နွေးမှု, အေးမှု သဘောသည် မီးဓာတ်မျိုးဖြစ်၏။ ပွယွမှုသဘောသည် လေဓာတ်မျိုးဖြစ်၏။ အဆင်းသည် ဝဏ္ဏဓာတ်မည်၏။ အနံ့သည် ဂန္ဓဓာတ်မည်၏။ အရသာသည် ရသဓာတ်မည်၏။ အဆီ, အစေးသည် ဩဇဓာတ်မည်၏။ ။ ဓာတ်ရှစ်ပါးကို ဉာဏ်ဖြင့် အသီးအသီး ထုတ်ယူခဲ့သော် သရက်စေ့ဟူ၍ပင် မရှိပြီ။ ထို့အတူ သရက်ပင်တို့ကိုလည်း ဓာတ်ရှစ်ပါးခွဲနည်းနှင့် ဖျက်ဆီး၍ရှုလိုက်လျှင် သရက်ပင်ဟူ၍ မရှိကြကုန်ပြီ။ ဓာတ်တုံး, ဓာတ်ခဲတို့သာ ဖြစ်၍ကျန်၏။ ခပ်သိမ်းသောမျိုးစေ့ ခပ်သိမ်းသော သစ်ပင်တို့မှာလည်း ဤနည်းတူသိလေ။

ဓာတ်ပညာ, ဓာတ်မျက်စိ မရှိကြကုန်သော သူတို့၏အလိုအားဖြင့် "သရက်ပင်သည် သရက်စေ့မှဖြစ်သည်"–ဟူ၍ ဖြေဆိုခဲ့သော် ယခုရှိကြသော နောက်ဖြစ်သရက်ပင်တို့မှာ သရက်စေ့ကဖြစ်သည် ဆိုနိုင်၏။ ကမ္ဘာဦး၌ အစဆုံး သရက်ကို သရက်စေ့မှဖြစ်သည် မဆိုနိုင်။ အဘယ့်ကြောင့်နည်း? ထိုအခါ၌ သရက်စေ့မရှိသေးသောကြောင့်တည်း။ ။ ဤအရာ၌ ဓာတ်ပညာ, ဓာတ်မျက်စိ မရှိကြကုန်သော သူတို့သည် "မပြောတတ်ပြီ"–ဟူ၍သော်လည်းကောင်း၊ "ထာဝရဘုရား ဖန်ဆင်းသည်"–ဟူ၍သော်လည်းကောင်း ဆိုကြကုန်ရာ၏။

ဓာတ်ပညာ, ဓာတ်မျက်စိရှိကြကုန်သော သူတို့သည်မူကား "ယခု ရှိနေသော သရက်ပင်များသည်လည်း စင်စစ်အားဖြင့် သရက်စေ့မှဖြစ်ကြသည် မဟုတ်။ သရက်စေ့၌ ဓာတ်ရှစ်ပါးရှိသည်တွင် ဥတုဟူသော မီးဓာတ်မျိုးတစ်ပါးမှ ဖြစ်ကြသည်။ ထိုမီးဓာတ်မျိုးသည်လည်း ကမ္ဘာဦးအခါ၌ ကမ္ဘာ၏မျိုးစေ့ကြီး ဖြစ်ကြကုန်သော ကမ္ဘာဥတုတို့၏အထဲမှာ သရက်ပင်ဖြစ်ပေါ်ရန် သရက်ဥတုမျိုး, ပိန္နဲပင်ဖြစ်ပေါ်ရန် ပိန္နဲဥတုမျိုးစသည်ဖြင့် ခပ်သိမ်းသော သစ်ပင်မျိုးဖြစ်ပေါ်ကြရန် ဥတုမျိုးအသီးအသီး ပါရှိသည်။ အလွန်သိမ်မွေ့သော မီးဓာတ်မျိုးအထူး ဖြစ်ကြသည်။ စိမ်းရှင်သော သစ်ပင်တို့ကို ပေါက်ရောက်စေတတ်သောကြောင့် **ဟရိတဓာတ်မီး**ဟူ၍ ခေါ်ရ၏။ ထိုဟရိတခေါ်ရသော ဥတုဓာတ်မီးအထူးသည်

www.dhammaransi.com


သာလျှင် သစ်ပင်တို့၏ဗီဇအမှန် ဖြစ်သတည်း။ ထို့ကြောင့် ထိုအခါ သရက်စေ့ မရှိသော်လည်း သရက်ပင်ပေါက်နိုင်၏။ ပိန္နဲစေ့မရှိသော်လည်း ပိန္နဲပင်ပေါက် နိုင်၏။ ထိုထိုအစေ့မရှိသော်လည်း ထိုထိုအပင်ပေါက်နိုင်၏ ''–ဟု ဖြေကြကုန်ရာ၏။

ထိုဟာရိတဗီဇခေါ်ရသော ဥတုအထူး, မီးဓာတ်အထူးတို့သည် ကမ္ဘာဦးအခါ မှနောက်၌ မြေသြဇာ, ရေသြဇာ ဆုတ်ယုတ်သည့်အခါ အချို့သော သစ်ပင်မျိုး တို့မှာ အမြစ်၌အတည်ကျကြကုန်၏။ အချို့သော သစ်ပင်မျိုးမှာ ပင်ကိုယ်၌ အတည်ကျကြကုန်၏။ အချို့သော သစ်ပင်မျိုးတို့မှာ အဆစ်၌အတည်ကျကြကုန် ၏။ အချို့သော သစ်ပင်မျိုးတို့မှာ အညွန့်၌ အတည်ကျကြကုန်၏။ သရက်ပင်မျိုး, ပိန္နဲပင်မျိုးစသည်တို့မှာ အစေ့၌အတည်ကျကြကုန်၏။ ထို့ကြောင့် ယခုအခါ၌ သရက်ပင်, ပိန္နဲပင်တို့သည် အစေ့မှသာ ဖြစ်နိုင်ကြကုန်၏။

ဥပမာကား– ရှေးအခါတို့၌ ကန်, ကျောက်ခဲတို့ကိုခြစ်လျှင် မီးတောက် လေရာ၏။ ယခုအခါ၌မူကား ထိုဓာတ်ကျောက်မီးတို့မှ အဆီကိုထုတ်၍ ပြုလုပ် သော မီးခြစ်ဆေးခဲတို့၌ ထိုမီးဓာတ်သည် စုမိ, လုံးမိပြန်သည်ဖြစ်၍ မီးခြစ်ဆေးခဲ တို့ကို ခြစ်မှ မီးတောက်လေသကဲ့သို့တည်း။ ။ သရက်စေ့, ပိန္နဲစေ့ အစရှိကုန်သော ခပ်သိမ်းသော မျိုးစေ့တို့သည် မီးခြစ်ဆေးခဲနှင့် တူကြကုန်၏။ သရက်ပင်, ပိန္နဲပင် အစရှိကုန်သော ခပ်သိမ်းသော သစ်ပင်တို့သည် မီးခြစ်ဆေးခဲတို့မှ တောက် ထသော မီးတောက်တို့နှင့် တူကြကုန်၏။ ။ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်ဟူသော ဓာတ်ကြီးလေးပါးတို့တွင် မီးဓာတ်တစ်ပါးသည်သာလျှင် သစ်ပင်တည်းဟူသော မီးတောက်တို့ကို ပေါက်ရောက်ပွားစီးစေနိုင်၏။ ကြွင်းသော ဓာတ်ကြီးသုံးပါးတို့သည် အထောက်အကူမျှသာ ဖြစ်ကြလေကုန်၏။ ။ မီးဓာတ်သည် လူတို့၌ အမိနှင့်တူ၏။ သစ်ပင်အပေါင်းတို့သည် လူတို့၌ သားသမီး တို့နှင့် တူကြကုန်၏။

**နိယာမဒီပနီ**ထိုဗီဇတို့၌ ပေါက်ရောက်ကြသော အခါ၌လည်း အညှောက်, အပင်, အကိုင်း, အခက်, အရွက်, အညွန့်, အဖူး, အငုံ, အပွင့်, အသီး, အစေ့, အဆံ, အပွေး, အခွံ, အခေါက်, အသား, အနှစ်, အဆင်း, အနံ့, အရသာ အလုံးစုံတို့ကို **ဗီဇ**တရားသည် အုပ်စိုးလျက် ရှိ၏။ ဗီဇ၏အမျိုး,

www.dhammaransi.com



အရိုးကို အကုန်လိုက် ကြရကုန်၏။ လိုက်ပုံကား ပိန္နဲစေ့တစ်ခုကို စိုက်ပျိုးရာ၌ အညှောက်ငယ်ပေါ်ခဲ့ သည်ရှိသော် ရှေးရှေးသော ပိန္နဲပင် အစဉ်အဆက်တို့၏ အညှောက်သဏ္ဌာန်မျိုး သည်သာ ပေါက်ရောက်ရ၏။ အုန်းညှောက်, ထန်းညှောက်စသည် မပေါက်ရ။ မဖောက်ပြန်ရ၊ အပင်, အကိုင်း, အခက်, အရွက်, အသီးစသည်တို့၌လည်း ထိုနည်းတူ။ ။ အချို့သော သစ်ပင်မျိုးတို့၌ ဤဗီဇနိယာမစီရင်ချက်နှင့် တင့်တယ် ဆန်းကြယ်လျက် ရှိကြသော အပင်သဏ္ဌာန်, အကိုင်းသဏ္ဌာန်, အခက်သဏ္ဌာန်, အရွက်သဏ္ဌာန်, အပွင့်သဏ္ဌာန်, အသီးသဏ္ဌာန် တို့ကို လူဖြစ်သူ ပန်းချီဆရာတို့ပင် တူအောင်မရေးနိုင် ရှိကြကုန်၏။ ။ ဤကား **ဗီဇနိယာမ၏**အစွမ်းတည်း။

**ဥတုနိယာမ**အစွမ်းမှုကား တန်ခူး, ကဆုန်, နယုန်စသော တစ်ဆယ့်နှစ်ရာသီတို့တွင် ထိုထိုလ, ထိုထိုသမယတို့၌ သူ့အခါ သူ့သမယနှင့်သူ ပွင့်ကြ သီးကြကုန်မြဲ ဖြစ်၏။ သူ့အခါသမယတိုင်ရောက်လျှင် တောအရပ်ရပ်ကို လှည့်လည်၍ ကြွေးကြော်သူ, လှုံ့ဆော်သူမရှိပဲ ထိုအပင်မျိုးမှန်လျှင် ထိုအခါသမယ၌ တောတိုင်း, တောင်တိုင်းကပင် ပွင့်ကြ, သီးကြကုန်၏။ ။ ဤကား **ဥတုနိယာမ၏**အစွမ်းတည်း။

ထိုဥတုသည် နွေဥတု, မိုးဥတု, ဆောင်းဥတုဟူ၍ သုံးပါးရှိ၏။ နွေဓာတ်မီး, မိုးဓာတ်မီး, ဆောင်းဓာတ်မီးဟူ၍ သုံးပါးရှိ၏ ဆိုလို၏။ နွေဥတု၌ ပူမှုသည် မိုးဥတုပေါ်လာရန် အကြောင်းပေတည်း။ မိုးဥတုမှာ မိုးရွာမှုသည် ဆောင်းဥတုပေါ်လာရန် အကြောင်းပေတည်း။ ဆောင်းဥတု၌ သီတဓာတ်မီး ပွားစီး၍ သီတဓာတ်န ကုန်ခန်းမှုသည် နွေဥတုပေါ်လာရန် အကြောင်းပေတည်း။ နွေဥတုပူမှုသည် မိုးဥတုပေါ်လာရန် အကြောင်းပေတည်း။ ။ ဤနည်းအတိုင်း တစ်စုံတစ်ယောက်သောသူ၏ စီမံဖန်ဆင်းမှုမရှိပဲ ဥတုလျှင် ဥတုချင်း အဆင့်ဆင့် ပြုပြင်ချက်နှင့် ကမ္ဘာပျက်သည်တိုင်အောင် ဥတုသုံးပါး နှစ်စဉ်, လစဉ် ဆက်လက်၍ သွားလေ၏။ သစ်ပင်, ချုံ, မြက်တို့သည်လည်း ဥတုသုံးပါးတို့ ပြုပြင်ချက်အတိုင်း အစဉ်လိုက်ကြကုန်၏။ ။ ဤကား သင်္ခါရလောက၌ ဥတုနိယာမ၏အရာကို ပြဆိုချက်တည်း။

**သင်္ခါရလောက ပြီး၏။**

www.dhammaransi.com



## ဩကာသနှင့် သင်္ခါရ

ဩကာသလောက, သင်္ခါရလောကနှစ်ပါးနှင့် ဆက်ဆံသော **ဓမ္မနိယာမ** စကားကို ပြဆိုဦးအံ့။ ။ စာတ်ပညာ, စာတ်မျက်စိအလင်း မရှိကြကုန်သော မှောင်တွင်းသားတို့သည် တန်ခိုးအစွမ်းမည်သည် သိတတ်, ကြံတတ်သော ပုဂ္ဂိုလ် သတ္တဝါတို့မှာသာ ရှိ၏။ မသိတတ်, မကြံတတ်သော တော, တောင်, မြေ, ရေ စသည်တို့မှာ မရှိဟု ထင်တတ်ကြကုန်၏။ ။ အဘိဓမ္မာအလိုအားဖြင့်မူကား ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ၊ တောဟူ၍ မရှိ၊ တောင်ဟူ၍ မရှိ၊ အလုံးစုံသော ဩကာသလောက အဆောက်အဦးစု သင်္ခါရလောကအဆောက်အဦးစု သတ္တလောကအဆောက်အဦးစုသည် စာတ်ပုံ, စာတ်စု, စာတ်တုံး, စာတ်ခဲတို့သာ ဖြစ်ကြကုန်၏။ ။ တန်ခိုးအစွမ်းဆိုသည် ထိုထိုကိစ္စ, ထိုထိုအကျိုး၏ ပြီးစီးရန် အစွမ်းကို ဆိုသတည်း။ တစ်ခုသော ဝတ္ထုရှိပေ၍ တစ်စုံတစ်ခုသော ကိစ္စအကျိုး ပြီးစီးခဲ့သော် ထိုတစ်ခုသော ဝတ္ထုမှာ တန်ခိုးအစွမ်းရှိသည်ကို သိအပ်၏။ ထိုတန်ခိုးသည် ခပ်သိမ်းသော စာတ်မျိုးတို့မှာ အနည်းအများအားဖြင့် ရှိကြ၏။ ။ မြေကြီးသည် ခပ်သိမ်းသော သင်္ခါရလောက သတ္တလောကတို့ကို ရွက်ဆောင်နိုင်သော တန်ခိုးအစွမ်းရှိ၏။ သတ္တဝါတို့၌ ထိုတန်ခိုးမရှိ၊ မိုးရေတို့သည် ခပ်သိမ်းသော သင်္ခါရလောက သတ္တလောကတို့ကို ချိုးမြှောက်စောင့်ရှောက်နိုင်သော တန်ခိုးအစွမ်း ရှိပေ၏။ ထိုတန်ခိုးသည် ပုဂ္ဂိုလ်, သတ္တဝါတို့၌ မရှိ။ မီးသည်လည်းကောင်း၊ နေဗိမာန်ကြီးသည်လည်းကောင်း ခပ်သိမ်းသော သင်္ခါရလောက သတ္တလောကတို့၌ ရင့်ခြင်း, ကျက်ခြင်း, ထက်သန်ခြင်း, အရောင်အလင်း ထွန်းတောက်ပခြင်းတို့ကို ဖြစ်စေနိုင်သော တန်ခိုးအစွမ်းရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါတို့၌ ထိုတန်ခိုးမရှိ။ ။ တော, တောင်တို့၌ ပေါက်ရောက်သော ဆေးပင်, ဆေးမြစ်တို့၌ အနာရောဂါတို့ကို ပျောက်စေနိုင်သော တန်ခိုးရှိ၏။ ပုဂ္ဂိုလ်သတ္တဝါတို့၌ ထိုတန်ခိုးမရှိ။ ။ ယုတ်စွာ အဆုံး ထမင်းကျက်မှုကိစ္စ ထမင်းစားရခြင်းအကျိုးမှာ မြေမရှိ, ရေမရှိ, ထင်းမရှိ, မီးမရှိချေက လူတန်ခိုးသက်သက်နှင့် ကျက်အောင် မစွမ်းနိုင်ပြီ။ မြေ, ရေ, ထင်း, မီးတို့စုံညီမှလူတို့ တန်ခိုးရှိနိုင်တော့သည်။ ။ ထို့ကြောင့် မြေ, ရေ, ထင်း, မီးတို့မှာလည်း သူတို့၏ဆိုင်ရာ၌ သူတို့အားလျော်စွာ ကိစ္စသိဒ္ဓိတန်ခိုး

www.dhammaransi.com



ရှိကြသည်ကို သိအပ်၏။

အထူးမှာမူကား ပုဂ္ဂိုလ် သတ္တဝါတို့မှာ သိတတ်သော စိတ်ရှိ၏။ သိတတ်သော ဉာဏ်ရှိ၏။ ထို့ကြောင့် ရေ၏ဆိုင်ရာ၌ ရေကိုရှာကြံ၍ အသုံးပြုတတ်ကြ၏။ ထင်း၏ဆိုင်ရာ၌ ထင်းကိုရှာကြံ၍ အသုံးပြုတတ်ကြ၏။ မီး၏ဆိုင်ရာ၌ ရှာကြံ၍ အသုံးပြုတတ်ကြ၏။ ။ ဤကား ဓာတ်ပညာရှိ, အဘိဓမ္မာပညာရှိတို့၏ အလင်းကြီးပေတည်း။ ။ ယခုအခါ၌ အနောက်နိုင်ငံသား ဓာတ်ပညာရှိကြီးများတို့သည် တောအရပ်ရပ်, တောင်အရပ်ရပ်တို့၌ ဓာတ်တန်ခိုးကြီးတို့ကို အားထုတ်ရှာကြံကြကုန်၏။ ။ သြကာသလောက, သင်္ခါရလောကတို့၌ ပြုလုပ်ဖန်ဆင်းသူ ပုဂ္ဂိုလ်သတ္တဝါမရှိပါပဲလျက် ဖြစ်ပေါ်ရန် အကြောင်းစုံလင်ခဲ့သော် သူ့အကြောင်းနှင့်သူ သူ့အခါနှင့်သူ အသီးအသီး ဖြစ်ပေါ်မှု မြဲကြခြင်း ဆုတ်ယုတ်ချိန်, ပျက်ချိန်ကျလျှင်လည်း ဆုတ်ယုတ်ပျက်ဆုံးမှုမြဲကြခြင်း အလုံးစုံတို့သည် **ဓမ္မနိယာမ**အားဖြင့် ပြီးစီးကြကုန်၏။

## သတ္တလောက

ယခုအခါ သတ္တလောက၏ **ကမ္မနိယာမ** အချက်တို့ကို ပြဆိုပေအံ့။ အနောက်နိုင်ငံဖြစ် ဓာတ်ခွဲကျမ်းတို့၌ ရုပ်ဓာတ်ခွဲနည်းသာ လာ၏။ နာမ်ဓာတ်ခွဲနည်းမလာ။ နာမ်ဓာတ်ခွဲနည်းသည် ရုပ်ဓာတ်ခွဲနည်းထက် အဆအထောင်မက ကြီးကျယ်၏၊ နက်နဲ၏၊ ခက်ခဲ၏၊ ငါတို့ဗုဒ္ဓဘာသာ အဘိဓမ္မာ၌သာ လာရှိ၏။ ထို့ကြောင့် ဤမှနောက်၌ **အက်ဖ်–အေ၊ ဘီ–အေ** ပညာရှိတို့၏အရာ မဟုတ်ပြီ။ **အဘိဓမ္မာပညာရှိတို့၏** အရာသာဖြစ်၏။ ။ သတ္တဝါတစ်ယောက်၏ သန္တာန်မှ ရုပ်ခန္ဓာအစဉ်, နာမ်ခန္ဓာအစဉ်ဟူ၍ အစဉ်နှစ်ပါးရှိ၏။ ရုပ်ဓာတ်အစဉ်, နာမ်ဓာတ်အစဉ်ဟူ၍ အစဉ်နှစ်ပါးရှိ၏ ဆိုလိုသည်။ ထိုတွင် **ရုပ်ဓာတ်အစဉ်**ဟူသော ကိုယ်ကောင်သဏ္ဌာန်သည် တစ်ဘဝ, တစ်ဘဝလျှင် သေရာ၌ တစ်ခါတစ်ခါ အစဉ်ပြတ်၏။ **နာမ်ဓာတ်အစဉ်**သည်မူကား အစဉ်ပြတ်သည်ဟူ၍ မရှိ။ အနမတဂ္ဂ သံသရာ၌ အနန္တရပစ္စည်း တစ်ဆက်တည်း ဆက်လျက်ရှိ၏။ ။ ကမ္ဘာပျက်၍ အောက်ဘုံစုမရှိသောအခါ ထိုနာမ်အစဉ်တို့သည် မိမိတို့ကံပို့ဆောင်ရာ

www.dhammaransi.com


အထက်, အထက်ဘုံတို့၌ အဆင့်ဆင့် ဖြစ်ပေါ်ကြလေကုန်၏။ ကမ္ဘာတည် ထောင်၍ လာပြန်သောအခါ အကုသိုလ်ဖက်က အခွင့်သာပြန်သဖြင့် ထိုနာမ် အစဉ်တို့စသည် အောက်, အောက်ဘုံတို့၌ ကျရောက်ကြပြန်ကုန်၏။ နာမ်အစဉ် ရောက်ရာ, ရောက်ရာတို့၌ ရုပ်ခန္ဓာတို့သည်လည်း အသစ်, အသစ် ဖြစ်ပေါ်ကြ ရကုန်၏။ ။ ဤကား တစ်စုံတစ်ယောက်သောသူ ပြုလုပ်ဖန်ဆင်းမှုမရှိပဲ **ကမ္မနိယာမ**အားဖြင့် သတ္တလောက၏ ဖြစ်နေပုံတည်း။

ကံဆိုသည်ကား– နာမ်အစဉ်မှာ စိတ်ဝိညာဏ်နှင့် အတူပါသော စေတနာ ဓာတ်ကြီးကို ဆိုသတည်း။ ထိုစေတနာဓာတ်ကြီးသည် ခပ်သိမ်းသော အရေးကိစ္စ တို့၌ စိတ်ဝိညာဏ်ကို အတွင်းလှုံ့ဆော်၍ ထကြွသမားကြီးဖြစ်၏။ ထို့ကြောင့် စေတနာလည်း ခေါ်၏။ ။ စိတ်ဝိညာဏ်ကို အတွင်းလှုံ့ဆော်ခြင်း မရှိက ဘယ်ကိစ္စတစ်ခုမျှ ပြီးစီးကြမည်မဟုတ်။ စိတ်ဝိညာဏ်ကို အတွင်းလှုံ့ဆော်ထကြွ သူရှိပေ၍သာလျှင် ထိုထိုကိစ္စပြီးစီးကြ၏။ ထို့ကြောင့် ထိုလှုံ့ဆော်မှုကြီးသည် ခပ်သိမ်းသော ကိစ္စတို့မှာ အမှုသည်ရင်းကြီး ဖြစ်ပေ၏။ ထို့ကြောင့် **ကမ္မ၊ ကံ** ဟူ၍လည်း ဆိုရ၏။ ။ လှုံ့ဆော်ပုံကား တောသို့သွားရ၍ ရေအိုင်တစ်ခုမှာ ငါးတွေရှိနေသည်ကို မြင်၏။ ဖမ်းယူရန်ကိစ္စ၌ လှုံ့ဆော်သူ မထခဲ့လျှင် မြင်ရုံနှင့် ပြီး၏။ စေတနာဓာတ်ကြီး လှုံ့ဆော်၍ထမှသာလျှင် ဖမ်းယူမှုကိစ္စ ပေါ်လာ၏။ ထို့ကြောင့် ထိုကိစ္စမှာ သူသည်သာလျှင် အမှုသည်ရင်းကြီး ဖြစ်ချေ၍ ကမ္မ၊ ကံဟူ၍ ဆိုရလေသတည်း။ ။ စိတ်ဝိညာဏ်နှင့် ထိုစေတနာဟူသော ကံသည် တွဲဖက်၍ ဖြစ်ကုန်ငြားသော်လည်း ဓာတ်သဘောအားဖြင့် ကွဲပြားလျက် ရှိကြ၏။ ထိုအတူ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿ, ဒေါမနဿ, လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယတို့သည်လည်းကောင်း၊ သဒ္ဓါ, ပညာ, အလိမ္မာ, သတိ, ဟိရိ, ဩတ္တပ္ပ, မေတ္တာ, ကရုဏာ စသည်တို့သည် လည်းကောင်း၊ စိတ်ဝိညာဏ်မှ အသီးအခြားတို့သာတည်း။ ဟင်းချိုရေချက်ရာ၌ စိတ်ဝိညာဏ်သည် ရေနှင့်တူ၏။ စေတနာအစရှိကုန်သော ထိုတရားတို့သည် ထိုရေ၌ ပါရှိကြကုန်သော ဟင်းသီးမျိုး, ဟင်းရွက်မျိုး, ဆီ, ဆား, ငရုပ်, ကြက်သွန် စသည်နှင့် တူကုန်၏။ မျက်မြင်အားဖြင့် ရောနှောလျက်ရှိကြကုန်သော်လည်း အရသာအားဖြင့် အသီးအသီး

www.dhammaransi.com



ပေါ်လျက် ရှိကြလေကုန်၏။ ထို့အတူ စေတနာအစရှိကုန်သော တရားတို့သည် ဝိညာဏ်နှင့်ရောနှောလျက် ရှိကုန်ငြားသော်လည်း ဓာတ်ကိစ္စအားဖြင့် အသီးအသီး ကွဲပြားလျက် ရှိကြကုန်၏။ ရေ၏ကိစ္စကို ဆားသည်မဆောင်နိုင်၊ ဆား၏ကိစ္စကို ရေသည်မဆောင်နိုင်။ ထို့အတူ စိတ်ဝိညာဏ်၏ကိစ္စကို စေတနာသည် မဆောင်နိုင်၊ စေတနာ၏ကိစ္စကို စိတ်ဝိညာဏ်သည် မဆောင်နိုင်။ ထိုစေတနာ ဓာတ်ကြီးသည် သရက်မျိုးစေ့၊ ပိန္နဲမျိုးစေ့ကဲ့သို့ သတ္တလောကအရာ၌ မျိုးစေ့ ဓာတ်ကြီး ဖြစ်၏။

သရက်မျိုးစေ့တို့မှ သရက်ပင်တွေ ပေါက်ရကုန်သကဲ့သို့၊ ပိန္နဲမျိုးစေ့တို့မှ ပိန္နဲပင်တွေ ပေါက်ရကုန်သကဲ့သို့ ထိုစေတနာမျိုးစေ့တို့မှ ထိုထိုဘဝတို့၌ လူပင်, နတ်ပင်တွေ ပေါ်ပေါက်ရကုန်၏။ ခွေးပင်, ဝက်ပင်တွေ ပေါ်ပေါက်ရကုန်၏။ လူကိုယ်ကောင်, နတ်ကိုယ်ကောင်, ခွေးကိုယ်ကောင်, ဝက်ကိုယ်ကောင်တို့ကို လူပင်, နတ်ပင်, ခွေးပင်, ဝက်ပင် ဆိုလိုက်သည်။ သရက်စေ့, ပိန္နဲစေ့ အစရှိသော ရုပ်မျိုးစေ့တို့မှ သရက်ပင်, ပိန္နဲပင် အစရှိသော ရုပ်ပင်တို့ ပေါက်ရသကဲ့သို့ ဤစေတနာဟူသော နာမ်မျိုးစေ့တို့မှ ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေဝိညာဏ်ဟူသော နာမ်ပင်တွေ ပေါက်ရကုန်၏။ ထိုစေတနာဟူသော ကံသည် သတ္တဝါတစ်ဦး တစ်ယောက်၏ သန္တာန်မှာ သုစရိုက်ကံ အမျိုးမျိုးရှိ၏။ ဒုစရိုက်ကံ အမျိုးမျိုး ရှိ၏။ ထိုတွင် သေခါနီးအခါ၌ စိတ်ကောင်း, နှလုံးကောင်း ဖြစ်ခိုက်နှင့် ကြုံကြိုက်ခဲ့၍ သုစရိုက်ကံ အခွင့်သာခဲ့သော် ထိုသူကို သုစရိုက်ကံမျိုးက သုဂတိဘဝသို့ ပို့ဆောင်၏။ သေခါနီးအခါ၌ စိတ်မကောင်း, နှလုံးမကောင်း ဖြစ်ခိုက်နှင့် ကြုံကြိုက်၍ ဒုစရိုက်ခံအခွင့်သာခဲ့သော် ထိုသူကို ဒုစရိုက်ကံမျိုးက ဒုဂ္ဂတိဘဝသို့ ပစ်ချ၏။ သစ်ပင်မျိုးစေ့တို့သည် ကျရောက်ရာမြေ၌ အပင်သစ်တို့ကို ပေါက်စေကြကုန်သကဲ့သို့ ကုသိုလ်ကံ, အကုသိုလ်ကံ မျိုးစေ့တို့သည်လည်း ကျရောက်ရာ ဘုံဘဝတို့၌ ပဋိသန္ဓေခန္ဓာ အပင်အသစ်တို့ကို ပေါက်စေ, ပေါ်စေကြကုန်၏။

ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေအသစ် ပေါ်ပေါက်သောအခါ ထိုပုဂ္ဂိုလ်သည် လည်း ထိုဘဝသို့ရောက်သည် မည်၏။ ထိုကံသည်လည်း ထိုပုဂ္ဂိုလ်ကို ထိုဘဝသို့ ပို့ဆောင်ပစ်ချသည်ဟူ၍ လောကီဝေါဟာရအားဖြင့် ပြောဆိုရ၏။ ထိုပုဂ္ဂိုလ်မှာ

www.dhammaransi.com


ထိုဘဝ၌ အသက်ကိုလည်း ကံပေး၍ရသည်။ ခန္ဓာကိုလည်း ကံပေး၍ရသည်။ ဤသို့ စသည်ဖြင့် ဆိုရ၏။

သရက်, ပိန္နဲအစရှိကုန်သော သခ်ါရလောကတို့၏ **ဟရိတ**ခေါ်သော ဗီဇဓာတ်ကြီးသည် အသက်မရှိ။ စိတ်မရှိ။ ဉာဏ်မရှိ။ ထိုသို့ဖြစ်ပါလျက် အပင်အသစ်အသစ် ပေါက်ပွားရန် ကိစ္စမှာ အဘယ်မျှလောက် တန်ခိုးကြီးသည်ဟု သိမြင်ကြကုန်ပြီ။ သတ္တလောကတို့၏ ဗီဇကြီးဖြစ်ပေသော ထိုစေတနာဓာတ်ကြီးမှာမူကား အသက်လည်း ရှိ၏။ စိတ်လည်း ရှိ၏။ ဉာဏ်လည်း ရှိ၏။ ထို့ကြောင့် ဘဝအသစ်အသစ်, ခန္ဓာအသစ်အသစ်တို့ ဖြစ်ပွားမှုမှာ ဆိုဖွယ်ရာမရှိပြီ။

မုချအမှန်အားဖြင့်မူကား ရှေးဘဝမှာ ထိုကံကိုအားထုတ်စဉ်အခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ၊ ရုပ်ဓာတ်မျိုး, နာမ်ဓာတ်မျိုး အစုအခဲသာရှိ၏။ နောက်ဘဝ၌လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ ပေါ်လာသည်မဟုတ်။ ရုပ်သစ်ခဲ, နာမ်သစ်ခဲမျှသာတည်း။ ။ ဤသို့လျှင် သုစရိုက်ကံ၏ သုဂတိဘဝသို့ ပို့ဆောင်မှု, ဒုစရိုက်ကံ၏ ဒုဂ္ဂတိဘဝသို့ ပစ်ချမှုမြဲခြင်းသည် **ကမ္မနိယာမ**ဖြင့် ပြီး၏။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါက ပို့ဆောင်ရသည်, ပစ်ချရသည်ဟူ၍ မရှိ။ သခ်ါရလောက၌ ပြဆိုခဲ့ပြီးသော **ဗီဇနိယာမ**မည်သည် သစ်ပင်တို့မှာသာ ရထိုက်သည် မဟုတ်။ သတ္တဝါတို့၌လည်း ရထိုက်၏။ သတ္တဝါတို့၌ **ဗီဇနိယာမ** ဆိုသည်ကား- မိဘနှစ်ပါးတို့မှ ဖြစ်ပွားသော **သုက္ကသောဏိတ**ခေါ်သော ဗီဇဓာတ်မျိုး၏ **နိယာမ**အချက်ပေတည်း၊ ထို**ဗီဇနိယာမ**သည် သားငယ်၏သန္တာန်၌ **ကမ္မနိယာမ**၏ အဖော်သဟဲကြီးပေတည်း။ အမိဖြစ်သူ၊ ထိုဓာတ်အစုသည် ပျိုးခင်းလယ်တွင် သမန်းပြင်မြေဓာတ်နှင့် တူ၏။ အဘဖြစ်သူ၏ ထိုဓာတ်အစုသည် ပျိုးခင်းလယ်တွင် သမန်းပြင်ရှိ ရေဓာတ်နှင့် တူ၏။ ကံခေါ်သော နာမ်ဓာတ်မျိုးစေ့ကြီးသည် ပျိုးခင်းလယ်တွင် သမန်းပြင်မြေရေ၌ ကြဲပစ်, မြုပ်နှစ်၍နေသော စပါးမျိုးစေ့နှင့်တူ၏။ ပဋိသန္ဓေဝိညာဏ်သည် ထိုမျိုးစေ့မှဖြစ်သော စပါးညှောက်နှင့်တူ၏။ ထိုအညှောက်သည်ပင် ထိုဘဝ၌ ဖြစ်ပွားသမျှသော ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၏ မျိုးစေ့အရာတည်ပြန်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အစဉ်ကို ပြဆိုရာ၌ ထိုပဋိသန္ဓေဝိညာဏ်ကို သရက်မျိုးစေ့, ပိန္နဲမျိုးစေ့တို့နှင့် အတူပြု၍ ပြဆိုမှုလာလတ္တံ့။ ။

www.dhammaransi.com



သရက်မျိုးစေ့မှ ပေါက်ရောက်သော အညှောက်အပင်စသည်တို့သည် **ဗီဇနိယာမ**၏ အစွမ်းကြောင့် သရက်ညှောက် သရက်ပင်စသည်တို့သာ ဖြစ်လာရကုန်သကဲ့သို့ ထိုအမိမျိုး, အဘမျိုးတို့၌ ကံပစ်ချ၍ ဖြစ်ပွားကြကုန်သော သား, သမီးဖြစ်သူ တို့သည် မိဘမှဖြစ်ပွားကြလျှင် **ဗီဇနိယာမ**၏အစွမ်းဖြင့် မိမျိုး, ဘမျိုး အသွင် အပြင်သို့ အစဉ်လိုက်စား၍ ကြီးပွားကြရကုန်၏။ သား, သမီးဖြစ်သူတို့ကို မြင်ကြလျှင် သင်တို့မိဘ, ဘိုးဘေးတို့သည် မြန်မာမျိုးဖြစ်သည်၊ ရှမ်းမျိုးဖြစ်သည်ဟု သိနိုင်ကြ ကုန်၏။ နွားမျိုးမှဖြစ်လျှင် နွားအသွင်, ခွေးမျိုးမှဖြစ်လျှင် ခွေးအသွင်, ကျီးငှက်မျိုးမှဖြစ်လျှင် ကျီးအသွင် ကျီးအဆင်း, ဗျိုင်းငှက်မျိုးမှဖြစ်လျှင် ဗျိုင်းအဆင်း ဗျိုင်းအသွင် အကုန်မြင်ကြစေ။ ။ ဤကား **ကမ္မနိယာမ**၌ **ဗီဇနိယာမ**ရောနှောကြ ပုံတည်း။ ။ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်မျိုးတို့တွင် ကုသိုလ်သည် ပြုစဉ်အခါ၌ ကြီးသောကံ, ငယ်သောကံ အဆင့်ဆင့်ရှိပြန်၏။ တစ်ပဲတန်လှူသောကံ, တစ်မူးတန်လှူသောကံ, တစ်မတ်တန်လှူသောကံ, တစ်ကျပ်တန်လှူသောကံ, တစ်ဆယ်တန်လှူသောကံ, တစ်ရာတန်, တစ်ထောင်တန်, တစ်သောင်းတန်, တစ်သိန်းတန်, တစ်သန်းတန်, တစ်ကုဋေတန် စသည်တို့တည်း။

ကြီးသောကံသည် ကြီးသောမင်းမျိုး၌ ပဋိသန္ဓေကို ပေးနိုင်၏။ မင်း၏ ပဋိသန္ဓေကို ရသည်နှင့်တစ်ပြိုင်နက် အဘဖြစ်သူ, အမိဖြစ်သူတို့ ပိုင်ဆိုင်သမျှသော ထီးနန်း, တိုင်းပြည် စသည်အလုံးစုံတို့သည် ထိုသူငယ်၏အမွေခံဥစ္စာတို့ ဖြစ်ကြ ကုန်၏။ ဤကား ကံပေး၍ရပုံတည်း။ သို့ရာတွင် ပျက်ကွက်ရန်အကြောင်း အမျိုးမျိုးရှိသေး၏။ သူဌေးမျိုး, သူကြွယ်မျိုးတို့မှာ ပဋိသန္ဓေပေးရာတို့၌လည်း ထို့အတူတည်း။ ။ အချို့သော ကံသည် သေးငယ်၏။ လုပ်စား, ကိုင်စားမျိုး၌ ပဋိသန္ဓေပေး၏။ ကံအကျိုး အခြေသေး၏။ ဒုတိယပဓာနစကားကြီး၌ ပြဆိုခဲ့ ပြီးသော ယခုပစ္စုပ္ပန် ကံ, ဉာဏ်, ဝီရိယတို့သည်သာ ကိုးကွယ်ရာဖြစ်ကုန်၏။ ကံမည်သည် အထွေထွေ အပြားပြား အလွန်များ၏။ ပြောဖွယ်, သိဖွယ် အလွန်ကျယ်၏။

**သတ္တလောက၌ ကမ္မနိယာမအဖွင့် ပြီး၏။**

www.dhammaransi.com


မြင်စိတ်မျိုး, ကြားစိတ်မျိုး, နံစိတ်မျိုး, လျက်စိတ်မျိုး, တွေ့စိတ်မျိုး, ကြံစိတ်မျိုး, သိစိတ်မျိုးဟူ၍ ဤကိုယ်၌ စိတ်ခြောက်မျိုးရှိ၏။

ထိုတွင် မျက်လုံးမှာ ဖြစ်ပေါ်သောစိတ်သည် မြင်စိတ်မည်၏။ နားတွင်းမှာ ဖြစ်ပေါ်သောစိတ်သည် ကြားစိတ်မည်၏။ နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သော စိတ်သည် နံစိတ်မည်၏။ လျှာအပြင်မှာ ဖြစ်ပေါ်သော စိတ်သည် လျက်စိတ် မည်၏။ အချို, အချဉ်စသော ရသာရုံတို့ကို ချိုမှန်း, ချဉ်မှန်းစသည်ဖြင့် သိမှုကို လျက်စိတ်ခေါ်သည်။ တစ်ကိုယ်လုံး၌ ဖြစ်ပေါ်သောစိတ်သည် တွေ့စိတ်မည်၏။ နှလုံးတွင်း၌ ဖြစ်ပေါ်သောစိတ်သည် ကြံစိတ်, သိစိတ်မည်၏။ ။ ထိုစိတ်တို့၏ အာရုံတစ်မျိုး, အနံ့အာရုံတစ်မျိုး, အရသာအာရုံတစ်မျိုး, အဆင်းအာရုံတစ်မျိုး, အသံအာရုံတစ်မျိုး, ထွေထွေလာလာ ကြံသိရန် အာရုံတစ်မျိုး။ ။ မျက်စိ, မျက်နှာနှင့် အဆင်းအာရုံတွေ့ဆုံ၍ နေကြဆဲအခါ၌ မျက်လုံးမှာ မြင်စိတ်ဖြစ်ပေါ်၏။ ထိုအဆင်းကို မြင်၏။ ထိုအာရုံနှင့် မျက်နှာလွဲပြန်လျှင် ထိုမြင်စိတ် ပျက်ဆုံးပြန်၏။ အဆင်းဝတ္ထုအမျိုးမျိုး ပြောင်းလဲတိုင်း မြင်စိတ်အမျိုးမျိုး ပြောင်းလဲ၏။ နားဥပစာ၌ အသံအာရုံပေါ်လာတိုင်း နားတွင်းမှာ ကြားစိတ်ဖြစ်ပေါ်လာ၏။ ထိုအသံကို ကြား၏။ ထိုအသံစဲပြန်လျှင် ထိုကြားစိတ် ပျက်ဆုံးပြန်၏။ အသံအမျိုးမျိုး ပြောင်းလဲတိုင်း ကြားစိတ်အမျိုးမျိုး ပြောင်းလဲ၏။ အနံ့အာရုံတို့နှင့် နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သော နံစိတ်မျိုး၊ အချို, အချဉ်စသေ ရသာရုံတို့နှင့် လျှာအပြင်မှာ ဖြစ်ပေါ်သော လျက်စိတ်မျိုးတို့မှာလည်း ထိုနည်းတူမှတ်လေ။ တွေ့စိတ်သည်ကား တစ်ကိုယ်လုံးမှာ ဖြစ်ပေါ်၏။ မြမြထက်သော အပ်သွားနှင့်ထိုး၍ စမ်းသော် နာမှန်းသိရာ ကိုယ်အင်္ဂါ အလုံးစုံတို့သည် တွေ့စိတ်မျိုး၏ ဖြစ်ပေါ်ရာ ဌာနချည်းပင်တည်း။ ။ ထိုတွေ့စိတ် သည် ထိမှန်းသိရုံလည်း ရှိ၏။ ဒုက္ခဝေဒနာပါရှိသောအခါ နာစိတ်အမျိုးမျိုး, ကျင်စိတ်အမျိုးမျိုး, ယားယံစိတ်, ကြိမ်းစိတ်, စပ်စိတ်, အောင့်စိတ်, အင့်စိတ်, နင့်စိတ်, စူးစိတ်, ထုံစိတ်, ကျင်စိတ်, ကိုက်စိတ်, ခဲစိတ်, ပူစိတ်, အိုက်စိတ်, အေးစိတ်, ချမ်းစိတ် စသည်အမျိုးမျိုးရှိ၏။ လူအများတို့သည်မူကား ထိုနာမှု, ကျင်မှုစသည်တို့ကို စိတ်ဓာတ်ဟူ၍ မသိနိုင်ကြကုန်။ ဝိညာဏ်ဓာတ်ဟူ၍ မသိ ကြကုန်။ နာမ်ဓာတ်ဟူ၍ မသိကြကုန်။ ကျောက်ကုန်းအပြင်မှာ နေပြင်းစွာ

www.dhammaransi.com



ပူသောအခါ ကျောက်ကုန်းရေပေါ်မှာ ထိုစိတ်တွေ အသချေံအနန္တ ဖြစ်နေ၏။ လူအများတို့သည်မူကား ထိုစိတ်တွေကို ကျောက်ကုန်းရေဟူသော ရုပ်အစုနှင့် တစ်ခုတည်းယူ၍ ကျောက်ကုန်းရေ ပူသည်ဟူ၍ မှတ်ယူပြောဆိုတတ်ကြကုန်၏။ ဦးခေါင်းကိုက်သည်ဟု သိကြ၏။ ဦးခေါင်းတွင်းမှာ ဒုက္ခဝေဒနာနှင့်ယှဉ်သော ကိုယ်ဝိညာဏ်မျိုး ဖြစ်ပေါ်၍နေသည်ဟု မသိကြ။ ထိုထိုကိုယ်အင်္ဂါတို့၌ နာမှုပေါ်သည် နာမှုပျောက်သည် စသည်တို့၌လည်း ထိုနည်းတူ သိလေ။ ။ နှလုံးတွင်း၌ ဖြစ်ကုန်သော သိစိတ်, ကြံစိတ်တို့သည်မူကား လောဘစိတ်အမျိုးမျိုး, ဒေါသစိတ် အမျိုးမျိုး, မောဟစိတ်အမျိုးမျိုး, သဒ္ဓါစိတ်အမျိုးမျိုး, မေတ္တာစိတ်အမျိုးမျိုး, ပညာစိတ်အမျိုးမျိုးစသည်ဖြင့် အလွန်များပြားကုန်၏။ လောဘအာရုံနှင့် တွေ့ကြုံသောအခါ လောဘခေါ်သော စိတ်ကြီးနှင့်ဖက်တွဲ၍ နှလုံးထဲမှာ ဖြစ်ပေါ်လာသော သိမှု, ကြံမှုကို လောဘစိတ်ဆိုသည်။ ဒေါသစိတ် စသည်တို့၌လည်း ထိုအတူ သိလေ။

ထိုစိတ်တို့သည် နှလုံးသွေးထဲမှာ တစ်လှည့်စီ, တစ်လှည့်စီ ဖြစ်ပေါ်ချည်, ပျက်ဆုံးချည် နေကြကုန်၏။ စိတ်နှစ်မျိုးကွဲ၍ တစ်ပြိုင်ထဲ ဖြစ်ပေါ်သည်ဟူ၍ မရှိ။ တစ်ခုပျက်ဆုံးမှ တစ်ခုပေါ်ရ၏။ ။ ဥပမာကား တစ်ယောက်သော သူမှာ နတ်ကောင်း, နတ်ဆိုးအမျိုးမျိုး ပူးဝင်ရာ၏။ နှစ်ဦးပြိုင်၍ ပူးဝင်သည် မရှိ။ တစ်ဦးထွက်မှ တစ်ဦးဝင်သကဲ့သို့တည်း။ ။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို ခဏခြင်း, ခဏခြင်း လှုပ်ရှားလျှင် သွားမှု, လာမှု, ပြောမှု, ဆိုမှု စသည်တို့ကို ပြုလုပ်နိုင်သော စိတ်တန်ခိုးကြီးတို့သည် ထိုနှလုံးဌာနမှ ဖြစ်ပွားကြကုန်၏။ လူအများတို့သည်မူကား ထိုနှစ်လုံးဌာနမှဖြစ်ပွားကြကုန်သော စိတ်တို့ကို တစ်လှည့်စီ, တစ်လှည့်စီ ပေါ်ချည်, ဖြစ်ချည် နေကြသည်ဟူ၍ မသိကြကုန်။ ထွေထွေလာလာ ကြံတတ်, သိတတ်သော စိတ်တစ်ခုထဲ အမြဲတည်ရှိ၍နေသည် ထင်မှတ်ကြကုန်၏။ ။ ဤကား စိတ်အမျိုးမျိုး ခွဲပုံတည်း။

ယခုအခါ၌ ဝိသေသဖြစ်သော **စိတ္တနိယာမ** အချက်ကို ပြဆိုပေအံ့။ စိတ်တို့၏ရှေ့နောက် စီတန်း၍ဖြစ်စဉ်ကို **ဝီထိ** ဆို၏။ ထိုဝီထိသည် မြင်ဝီထိ, ကြားဝီထိ, နံဝီထိ, လျက်ဝီထိ, တွေ့ဝီထိ, သိဝီတိဟူ၍ ခြောက်ပါးရှိ၏။

www.dhammaransi.com


ထိုထိုအဆင်းကို မြင်ကြရာ၌ **မြင်ဝီထိ** ဖြစ်ပုံကား– ဆင်ခြင်စိတ်, မြင်စိတ်, ခံယူစိတ်, စုံစမ်းစိတ်, ပြဋ္ဌာန်းစိတ်, ခံစားစိတ်, နောက်လိုက်စိတ်ဟူ၍ စိတ်ခုနစ်မျိုး အစဉ်အတိုင်းဖြစ်မြဲ၊ ထိုစိတ်ခုနစ်မျိုးတို့တွင် မြင်စိတ်သည် မျက်လုံး၌ဖြစ်၏။ ကြွင်းသော စိတ်ခြောက်မျိုးတို့သည် နှလုံးအိမ်တွင်းမှ ဖြစ်ကြသောစိတ်မျိုးတို့သာတည်း။ ။ ထိုထိုအသံကို ကြားကြရာ၌ **ကြားဝီထိ** ဖြစ်ပုံကား– ဆင်ခြင်စိတ်, ကြားစိတ်, ခံယူစိတ် နောက်၌ရှေ့အတိုင်း။ ။ ထိုထိုအနံ့ကို နံကြရာ၌ **နံဝီထိ** ဖြစ်ပုံကား– ဆင်ခြင်စိတ်, နံစိတ်, ခံယူစိတ် နောက်၌ရှေ့အတိုင်း။ ။ ထိုထိုအရသာကို သိကြရာ၌ **လျက်ဝီထိ** ဖြစ်ပုံကား– ဆင်ခြင်စိတ်, လျက်စိတ်, ခံယူစိတ် နောက်၌ ရှေ့အတိုင်း။ ။ ထိုသို့ဝီထိမှုကို တွေ့ကြုံရာ၌ **တွေ့ဝီထိ** ဖြစ်ပုံကား– ဆင်ခြင်စိတ်, တွေ့စိတ်, ခံယူစိတ် နောက်၌ရှေ့အတိုင်း။ ။ ကြားစိတ်သည် နား၌ဖြစ်ပေါ်၏။ နံစိတ်သည် နှာခေါင်း၌ဖြစ်၏။ လျက်စိတ်သည် လျှာ၌ဖြစ်၏။ တွေ့စိတ်သည် ကိုယ်အင်္ဂါတို့၌ ဖြစ်၏။ ကြွင်းသော စိတ်ခြောက်မျိုးတို့သည် နှလုံးအိမ်တွင်းမှာ ချည်း ဖြစ်ကြကုန်၏။

ဥပမာကား– မင်းအိမ်တစ်ခုမှာ ညအခါ၌ တံခါးပိတ်လျက် တစ်အိမ်လုံး အိပ်ပျော်၍ နေကြကုန်၏။ သူခိုးတစ်ယောက်သည် လာ၍တံခါးကို ဖွင့်၏။ မင်းခစားတစ်ယောက်သည် နိုး၍တံခါးမှာ လူလားဟု ဆင်ခြင်၍ တံခါးစောင့်ကို နှိုး၍ အကြည့်ခိုင်းလိုက်၏။ တံခါးစောင့်သည် တံခါးသော့ပေါက်မှ ကြည့်၏။ မြင်၏။ အိပ်ဖန်စောင့်တစ်ယောက်ကို ပြော၏။ အိပ်ဖန်စောင့်သည် ထ၍သူခိုးကို ဖမ်း၏။ မိ၏။ မလွတ်ပြီ။ မင်းအရာရှိတစ်ယောက်သည် ထ၍စစ်၏။ စစ်တမ်း စစ်ချက်တင်၏။ အရာရှိတစ်ယောက်က စစ်တမ်း စစ်ချက်ကိုကြည့်၍ ခိုးသူအမှန် ဖြစ်ကြောင်း ပြဋ္ဌာန်း၏။ မင်းကပြဋ္ဌာန်းချက်အတိုင်း စီရင်ချက်ချ၏။ ။ မင်းလုလင်တို့က သူခိုးထံမှ မူးစ, မတ်စ ညှစ်ယူကြ၏။ အမှုတစ်ခု ပြီး၏။ လူတို့၏ ကိုယ်ခန္ဓာသည် မင်းအိမ်နှင့်တူ၏။ ဘဝင်စိတ်ကျ၍ နေဆဲအခါသည် ဒွါရခြောက် ဌာနသည် မင်းအိမ်တံခါးနှင့်တူ၏။ အပဒ္ဒြှိသော အာရုံစုသည် သူခိုးနှင့်တူ၏။ အာရုံဒွါရ တွေ့ဆုံကြမှုသည် တံခါးဖွင့်မှုနှင့်တူ၏။ ဆင်ခြင်စိတ် စသည်သည် မင်းခယောကျ်ား စသည်နှင့်တူ၏။ ဤမြင်မှု, ကြားမှု, နံမှု, လျက်မှု,

www.dhammaransi.com



တွေ့ထိမှုစ သည်ကား ကိုယ်ခန္ဓာတွင်းမှာ ဓာတ်အချင်းချင်း ဆောင်ကြ မှုသက်သက်သာ, ရှိသေးသည်။ ပုဂ္ဂိုလ်မှာမူကား ငါမြင်သည်, ငါကြားသည်, ငါနံသည်, ငါလျက်သည်, ငါတွေ့သည်ဟု မသိမပေါ်သေး။ ဥပမာကိုလည်း ဓာတ်တို့၏ ဖြစ်စဉ်နှင့်သာ စပ်ယှဉ်၍ယူ။ ။ ဤကား ပဉ္စဒွါရငါးဝီထိဖြစ်ပုံတည်း။

အဆင်းစသော အာရုံငါးပါးတို့နှင့်တကွ လောကဓမ္မအာရုံ အလုံးစုံတို့ကို သိကြ, ကြံကြရာ၌ သိဝီထိဖြစ်ပုံကား- ဆင်ခြင်စိတ်, တွင်ကျယ်စိတ်, နောက် လိုက်စိတ်ဟူ၍ သုံးမျိုးရှိ၏။ ။ ပဉ္စဒွါရငါးဝီထိတို့၌ ခံစားစိတ်နှင့် ဤမနော ဒွါရဝီထိ၌ တွင်ကျယ်စိတ်တို့ကို **ဇောစိတ်**ဟူ၍ ခေါ်၏။ အရှိန်, အဟုန် ထက်သန် ပြင်းထန်သောစိတ်မျိုး ဆိုလိုသည်။ ။ ထိုတွင် ဤမနောဒွါရဇောစိတ် သည် အတွင်ကျယ်ဆုံး ဖြစ်၏။ ။ သတ္တလောကကြီး၌ နေ့တရှန်းရှန်း ညတရှန်းရှန်း တအုန်းအုန်း တည်ည် ရှိနေကြသည်မှာ ဤမနောဒွါရဇော တန်ခိုးတို့၏ အတတ်ပေတည်း။ နှလုံးတွင်း၌ ဤဇောတန်ခိုးကြီးတို့ ဆိတ်ကင်း၍ နေသောအခါ ခပ်သိမ်းသော သတ္တဝါတို့သည် အသေကောင်တွေနှင့် အလားတူ ကြကုန်၏။ ။ မျက်စိ၌ မြင်၍လည်း မြင်မှန်းမသိကြ။ နား၌ကြား၍လည်း ကြား မှန်း မသိကြကုန်၊ နှာခေါင်း၌ နံ၍လည်း နံမှန်းမသိကြကုန်၊ လျှာ၌ လျက်၍လည်း လျက်ရမှန်း မသိကြကုန်၊ ကိုယ်အင်္ဂါနှင့် တွေ့၍လည်း တွေ့ကြမှန်း မသိကြ ကုန်။ ။ နှလုံးတွင်း၌ ဤမနောဒွါရဇော တန်ခိုးကြီးတို့ ကျရောက်ပေါ်ပေါက် လာသောအခါမှသာ မြင်လျှင်မြင်မှန်း သိကြကုန်၏။ ကြားလျှင် ကြားမှန်း သိကြကုန်၏။ နံလျှင် နံမှန်းသိကြကုန်၏။ လျက်လျှင် လျက်မှန်းသိကြကုန်၏။ တွေ့လျှင် တွေ့မှန်း သိကြကုန်၏။ ။ ထို့ကြောင့် ဤမနောဒွါရဝီထိတို့သည် မြင်ဝီထိတို့၏ နောက်မှာလည်း များစွာဖြစ်ပွားကြကုန်၏။ လ။ တွေ့ဝီထိ၏ နောက်မှာလည်း များစွာဖြစ်ပွားကြကုန်၏။ မြင်ဝီထိ စသည်တို့နှင့် မစပ်ရှက်ပဲ ကြံဖန်မှု သက်သက်တို့နှင့် ဖြစ်ကြကုန်သည်ကား သာ၍များကုန်၏။

ဤသို့ ဖြစ်ကြရာ၌ ဘယ်သူတစ်ဦးတစ်ယောက်မှ ထိုသို့ဖြစ်ကြရန် စီမံဖန်ဆင်းရသည် မဟုတ်။ **စိတ္တနိယာမ**အားဖြင့် အလိုလိုစီပြီး, စဉ်ပြီး တစ်စည်း တစ်ရုံး တစ်လုံးတစ်ဖွဲ့တည်း ဖြစ်မြဲဓမ္မတာအတိုင်း ဖြစ်ကြကုန်၏။ စက်ရုံကြီး

www.dhammaransi.com



တို့မှာ အရင်းစက်ခလုတ်ငယ်တစ်ခုကို လှုပ်ရှားလိုက်လျှင် အဆက်ဆက် စက်ကြိယာအများတို့သည် တားမရ, ဆီးမရ အဆုံးတိုင် လည်ကြကုန်သကဲ့သို့ မျက်စိ, မျက်နှာနှင့် အဆင်းအာရုံ တွေ့ဆုံခဲ့သည်ရှိသော် အမြင်ဝီထိ, အသိဝီထိတို့သည် တားမရ, ဆီးမရ ဖြစ်ကြကုန်၏။ မျက်စိ, မျက်နှာ မမိုတ်သာ, မလွှဲသာ ရှိနေရာ၌ **ငါမမြင်လို**ဟု ငိုရှိုက် နေငြားသော်လည်း ထိုပုဂ္ဂိုလ်ကို ထိုဝီထိစိတ်တို့သည် မြင်မှုဒုက္ခနှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့၊ ထို့အတူ ခွေးသံ, ဝက်သံ, တီးသံ, မှုတ်သံတို့နှင့် တွေ့ဆုံကြရာ၌ **ငါမကြားလို**ဟု ငိုရှိုက် နေငြားသော်လည်း အကြားအသိ ဝီထိစိတ်အပေါင်းတို့သည် ထိုပုဂ္ဂိုလ်ကို ကြားမှုဒုက္ခနှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့။ ခွေးပုပ်, လူပုပ်စသည်နှင့် တွေ့ဆုံကြရာ၌ နံဝီထိ, သိဝီထိစိတ်အပေါင်းတို့သည် ထိုပုဂ္ဂိုလ်ကို နံမှုဒုက္ခနှင့် အတင်းအဓမ္မနှိပ်စက်ကြကုန်လတ္တံ့။ အလွန်ခါးစပ်သော ခတ်စာ, ဆေးစာတို့ကို စားသောက်ကြရာ၌ လျက်ဝီထိ, သိဝီထိတို့သည် ထိုပုဂ္ဂိုလ်ကို ခါးမှု, စပ်မှုဒုက္ခနှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့။ ။ အဖျားအနာကြုံကြိုက်ရာတို့၌ တစ်ကိုယ်လုံးမှာ ဖြစ်ပေါ်သော ပူစိတ်, လောင်စိတ်တို့သည်လည်းကောင်း၊ အနာပေါက်ရာကိုယ်အင်္ဂါတို့၌ ဖြစ်ပေါ်ကုန်သော နာစိတ်, ကျင်စိတ်တို့သည်လည်းကောင်း၊ ထိုအဖျား ထိုအနာ မပျောက်ငြိမ်းသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်ကို ပူဒုက္ခ, လောင်ဒုက္ခ, နာဒုက္ခ, ကျင်ဒုက္ခတို့နှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့၊ ထင်ရှားစေခြင်းငှါ အနိဋ္ဌာရုံတို့နှင့် တွေ့ဆုံမှုကို ပြဆိုလိုက်သည်။ ဣဋ္ဌာရုံတို့နှင့် တွေ့ဆုံရာတို့၌လည်း ဤနည်းအတိုင်း **စိတ္တနိယာမ**ဖြစ်ပုံတို့ကို အကုန်မြင်ကြလေ။

**သတ္တလောက၌ စိတ္တနိယာမအချက်ကို ပြဆိုခန်း ပြီး၏။**

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ပဋိစ္စသမုပ္ပါဒ်တရားကို သတ္တလောက၏ **ဓမ္မနိယာမ**တရားဟူ၍ ဟောတော်မူ၏။

**(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊**

**(၂) သင်္ခါရပစ္စယာ ဝိညာဏံ၊**

**(၃) ဝိညာဏပစ္စယာ နာမရူပံ၊**

www.dhammaransi.com



(၄) နာမရူပပစ္စယာ သဠာယတနံ၊

(၅) သဠာယတနပစ္စယာ ဖဿော၊

(၆) ဖဿပစ္စယာ ဝေဒနာ၊

(၇) ဝေဒနာပစ္စယာ တဏှာ၊

(၈) တဏှာပစ္စယာ ဥပါဒါနံ၊

(၉) ဥပါဒါနပစ္စယာ ဘဝေါ၊

(၁၀) ဘဝပစ္စယာ ဇာတိ၊

(၁၁) ဇာတိပစ္စယာ ဇရာ မရဏံ။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးအစုံ (၁၁)။

(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ လူ, နတ်, ဗြဟ္မာခေါ်ကြသော ကိုယ်ခန္ဓာစုသည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ လူ, နတ်, ဗြဟ္မာမဟုတ်၊ အလွန်ကြောက်မက်ဖွယ်ကောင်းလှသော ရုပ်ဓာတ်စု, နာမ်ဓာတ်စုမျှသာ ဖြစ်သည်ကို ထင်လင်းစွာ မသိခြင်းကြောင့် ထိုရုပ်ဓာတ်စု, နာမ်ဓာတ်စုကို အဖန်ဖန်ပြုစု ပျိုးထောင်ခြင်းဟူသော သင်္ခါရဟူသော သင်္ခါရတရားတို့ ဖြစ်ပွားကြကုန်သည်။

(၂) သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရဟူသော မျိုးစေ့တရား ပွားများခြင်းကြောင့် နောက်ဘဝ၌ ဝိညာဏ်ဟူသော အကျိုးဖလ ပဋိသန္ဓေဓာတ်မှုးကြီး ဖြစ်ပေါ်သည်။

(၃) ဝိညာဏပစ္စယာ နာမရူပံ၊ ဝိညာဏ်ဟူသော ပဋိသန္ဓေဓာတ်မှုးကြီး ဖြစ်ပေါ်ခြင်းကြောင့် နာမကာယကြီး, ရူပကာယကြီး ပွားစီးဖြစ်ပေါ်သည်။ (ဖဿ, ဝေဒနာ, သညာ, စေတနာ အစရှိသော စေတသိက်နာမ်စုကို နာမကာယဆိုသည်။)

(၄) နာမရူပပစ္စယာ သဠာယတနံ၊ နာမကာယကြီး, ရူပကာယကြီး ပွားစီးဖြစ်ပေါ်ခြင်းကြောင့် ရူပကာယ၌ အာရုံတို့၏ဆိုက်ဝင်ရန် ရုပ်ကြည်ငါးပါး၊ နာမကာယ၌ အာရုံတို့၏ဆိုက်ဝင်ရန် မနောအကြည်တစ်ပါး၊ အကြည်ခြောက်ပါး၊ တံခါးခြောက်ခု ဖြစ်ပေါ်သည်။ (စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယရုပ်ကြည်ငါးပါး)။

(၅) သဠာယတနပစ္စယာ ဖဿော၊ အကြည်ခြောက်ပါး တံခါးခြောက်ခု ဖြစ်ပေါ်လာခြင်းကြောင့် တစ်ခုတစ်ခုသော ဒွါရအကြည် အာရုံဝိညာဏ်သုံးခု

www.dhammaransi.com


လုံးတွေးမှုဟူသော ဖဿခြောက်ပါး ဖြစ်ပွားသည်။

(၆) ဖဿပစ္စယာ ဝေဒနာ၊ အကြည်, အာရုံ, ဝိညာဏ်သုံးခု လုံးထွေးမှု ဟူသော ဖဿခြောက်ပါး ဖြစ်ပွားခြင်းကြောင့် ခံစားမှု, စံစားမှုဟူသော ဝေဒနာ ခြောက်ပါး ဖြစ်ပွားသည်။

(၇) ဝေဒနာပစ္စယာ တဏှာ၊ ခံစားမှု, စံစားမှုဟူသော ဝေဒနာခြောက်ပါး ဖြစ်ပွားခြင်းကြောင့် ခံစားမှု၏ အသိုက်အအုံ အလုံးစုံတို့ကို သာယာတွယ်တာမှု ဟူသော တဏှာခြောက်ပါး ဖြစ်ပွားသည်။

(၈) တဏှာပစ္စယာ ဥပါဒါနံ၊ သာယာတွယ်တာမှုဟူသော တဏှာ ခြောက်ပါး ဖြစ်ပွားခြင်းကြောင့် အတွယ်အစွဲ မြဲကြီးမြဲခြင်းဟူသော ဥပါဒါန် တရားဖြစ်ပွားသည်။

(၉) ဥပါဒါနပစ္စယာ ဘဝေါ၊ အတွယ်အစွဲ မြဲကြီးမြဲခြင်းဟူသော ဥပါဒါန် တရား ဖြစ်ပွားခြင်းကြောင့် ဥပါဒါန်အစီးအပွားကို လိုက်စားအားထုတ်မှုဟူသော သုစရိတ, ဒုစ္စရိတ ဘဝနှစ်ပါး ဖြစ်ပွားသည်။

(၁၀) ဘဝပစ္စယာ ဇာတိ၊ သုစရိတ, ဒုစ္စရိတ ဘဝနှစ်ပါး ဖြစ်ပွားခြင်း ကြောင့် စုတိ၏နောက်၌ ခန္ဓာအသစ်အသစ် ဖြစ်ပေါ်ခြင်းဟူသော ဇာတိတရား ဖြစ်ပွားသည်။

(၁၁) ဇာတိပစ္စယာ ဇရာမရဏံ၊ အသစ်အသစ် ဖြစ်ပေါ်မှုရှိနေခြင်းကြောင့် သစ်သမျှ ဟောင်းခြင်း၊ ဖြစ်ပေါ်သမျှ ပျောက်ပျက်ရခြင်းဟူသော ဇရာမရဏတရား ဖြစ်ပွားသည်။ ။ ဤကား အစုံ ၁၁-၏အနက်။

**အဝိဇ္ဇာ, သင်္ခါရ၊** အတိတ်ဘဝ၌ရှိခဲ့သော တရားနှစ်ပါး။

**ဝိညာဏ်, နာမ်ရုပ်။ လ။ ဘဝ၊** ယခုပစ္စုပ္ပန်တရားရှစ်ပါး။

**ဇာတိ, ဇရာ, မရဏ၊** နောက်အနာဂတ်ဘဝ၌ ဖြစ်ပေါ်လတ္တံ့သော တရားသုံးပါး။

ဝိညာဏ်သည် ယခုဘဝ၏အစပေတည်း။ ယခုဘဝဖြစ်ပေါ်ရန် အကြောင်း ကား အဝိဇ္ဇာ, သင်္ခါရပေတည်း။ အဝိဇ္ဇာ, သင်္ခါရသည်ကား ယခုဘဝ၏ ရှေ့တည်း။ အတိတ်ဘဝပေါ်၏။ အတိတ်ဘဝ ဆိုသည်ကား- ဝိညာဏ်, နာမ်ရုပ်

www.dhammaransi.com



စသည် ရှစ်ပါးတို့ပင်တည်း။ ထိုဘဝ၌လည်း ဝိညာဏ်အစပေါ်ပြန်၏။ ထိုဝိညာဏ်ဖြစ်ပေါ်ရန် အဝိဇ္ဇာသင်္ခါရ ရှေ့ဘဝပေါ်ပြန်၏။ အတိတ်သံသရာ၌ အနမတဂ္ဂ အစမရှိ ပေါ်လေ၏။ ဇာတိသည် အနာဂတ်ဘဝ၏ အစပေတည်း။ အနာဂတ်ဘဝဆိုသည်ကား- ဝိညာဏ်, နာမ်ရုပ်စသည် ရှစ်ပါးပင်တည်း။ ထိုရှစ်ပါးတို့တွင် ကမ္မဘဝအင်္ဂါသည် အဆုံးအင်္ဂါဖြစ်ပြန်၏။ ထိုအင်္ဂါကြောင့် ထိုမှနောက်ဘဝ၌ ဇာတိပေါ်ရပြန်၏။ ထိုမှနောက်ဘဝ ဆိုသည်ကား- ဝိညာဏ်, နာမ်ရုပ်စသည် အင်္ဂါရှစ်ပါးပင်တည်း။ ထိုရှစ်ပါးတို့တွင် ကမ္မဘဝအင်္ဂါကြောင့် နောက်ဘဝ၌ ဇာတိပေါ်ရပြန်၏။ အနာဂတ်သံသရာ၌ အနမတဂ္ဂ အဆုံးမရှိ ပေါ်လေ၏။ အဝိဇ္ဇာတဏှာတို့ကို ပယ်သတ်နိုင်မှ ဆုံးတော့သည်။ ဤသို့လျှင် တစ်စုံတစ်ယောက်သောသူ ပြုလုပ်ဖန်ဆင်းမှုမရှိပဲ အနမတဂ္ဂ သံသရာကာလ၌ နာမ်ဓမ္မ, ရုပ်ဓမ္မတို့၏ အကြောင်းအကျိုး အဆက်ဆက် အစဉ်မြဲ၍နေသည်ကို **ဓမ္မနိယာမ** ဆိုသတည်း။

တစ်ခုသော ဘဝဖြစ်ပေါ်ရာ၌ အဝိဇ္ဇာသည် မြေနှင့်တူ၏။ တဏှာသည် မိုးရေနှင့်တူ၏။ သင်္ခါရဟူသော စေတနာဓာတ်ကြီးသည် သရက်မျိုးစေ့နှင့် တူ၏။ နောက်ဘဝ၌ ဝိညာဏ်သည် သရက်မျိုးစေ့မှ ပေါ်ပေါက်သော သရက်ညှောက်ငယ်နှင့်တူ၏။ နာမကာယကြီး, ရူပကာယကြီး နှစ်ပါးသည် သရက်ညှောက်ငယ်မှ ဆက်လက်ကြီးပွား၍သွားသော သရက်ပင်ကြီးနှင့်တူ၏။ နာမကာယကြီး ဆိုသည်မှာ ဖဿ, ဝေဒနာ, သညာ, စေတနာ စသည်၊ ဝိတက္က, ဝိစာရ, ဝီရိယ စသည်၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသည်၊ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ပညာ စသည်ဖြင့် စိတ်ဝိညာဏ်၏ အခြံအရံ နာမ်ခေါ်သော တရားမျိုး များပြားလျက်ရှိသောကြောင့် နာမကာယကြီး ဆိုပေသည်။ သဠာယတနခြောက်ပါးသည် သရက်ပွင့်ခိုင်စုနှင့်တူ၏။ ဖဿခြောက်ပါးသည် သရက်ပွင့်တန်စုနှင့်တူ၏။ ဝေဒနာခြောက်ပါးသည် သရက်ပွင့်စုနှင့်တူ၏။ တဏှာခြောက်ပါးသည် သရက်သီးကင်းစုနှင့် တူ၏။ ဇာတိသည် ထိုသရက်စေ့မှပေါက်သော နောက်သရက်ပင်နှင့်တူ၏။ အကြောင်းအကျိုးအဆင့်ဆင့် ဖြစ်ပွား၍ သွားပုံမျှကိုပြသော ဥပမာတည်း။

**သတ္တလောက၏ ဓမ္မနိယာမကို ပြဆိုခန်း ပြီး၏။**

www.dhammaransi.com


## သစ္စာနှစ်မျိုးနှင့် ဝေါဟာရနှစ်မျိုး

ဤလောကသုံး၏ ဖြစ်ပုံကို ပြောဆိုသူတို့သည် သစ္စာနှစ်မျိုး ဝေါဟာရနှစ်မျိုးတို့ကို သိမှတ်ရင်းရှိကြကုန်ရာ၏။ သစ္စာနှစ်မျိုး ဆိုသည်ကား– သမ္မုတိသစ္စာတစ်မျိုး, ပရမတ္ထသစ္စာတစ်မျိုး။ ။ **သမ္မုတိသစ္စာ** ဆိုသည်ကား– ထိုထိုလူမျိုးတို့မှာ အမှန်ပြု၍ ခေါ်ဝေါ်ပြောဆိုကြသော စကားမျိုးတည်း။ ငါတို့မြန်မာနိုင်ငံ၌ နွားကို နွားဟူ၍, ကျွဲကို ကျွဲဟူ၍ ခေါ်ဝေါ်ပြောဆိုလျှင် အမှန်ကျ၏။ သမ္မုတိသစ္စာဖြစ်၏။ အဘယ့်ကြောင့် အမှန်ကျသနည်း? ဤနိုင်ငံမှာ လူအများတို့ ခေါ်ဝေါ်ရိုး, ပြောဆိုရိုး ရှိသည်အတိုင်း ပြောဆိုသည်ဖြစ်၍ ဘယ်သူမှ လှည့်စားရာ မကျသောကြောင့် အမှန်ဖြစ်ပေသတည်း။ နွားဟူသော သတ္တဝါ, ကျွဲဟူသော သတ္တဝါသည်လောက၌ ကေန်ရှိ အမှန်ရှိဖြစ်၏။ ဤအကောင်ကြီးသည် နွားအမှန်ဖြစ်၏။ ကျွဲအမှန်ဖြစ်၏။ သမ္မုတိသစ္စာပေတည်း။ ။ ဤသမ္မုတိသစ္စာသည် လူအများ ခေါ်ဝေါ်မှုသို့ အစဉ်လိုက်၏။ လူအများညီညာလျှင် ပြောင်းချင်တိုင်း ပြောင်းနိုင်၏။ ညီညာ၍ ပြောင်းရွှေ့ပြောဆိုလျှင် အချင်းချင်း လှည့်စားမှုမရှိပြီ။

**ပရမတ္ထသစ္စာ** ဆိုသည်ကား– ဓာတ်သဘာဝ, ဓမ္မသဘာဝတို့နှင့် အဖြောင့်ကျသော စကားမျိုးတည်း။ မသိမှုကို မောဟခေါ်၏။ သိမှုကို ဉာဏ်ခေါ်၏။ အဖြောင့်ကျ၏။ မသိမှုကို ဉာဏ်၊ သိမှုကို မောဟ၊ ပြောင်းရွှေ့၍မရ။ အဘယ့်ကြောင့်နည်းဟူမူ? ပြောင်းရွှေ့ခဲ့လျှင် ပရမတ္ထသစ္စာ ပျက်၏။ မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ သမ္မုတိသစ္စာပျက်လျှင် မုသာဝါဒ ဖြစ်တတ်၏။ ပရမတ္ထသစ္စာ ပျက်ခဲ့လျှင် ဒိဋ္ဌိဖြစ်တတ်၏။

**ဝေါဟာရ** နှစ်မျိုး ဆိုသည်ကား– သုတ္တန်ဝေါဟာရတစ်မျိုး, အဘိဓမ္မာဝေါဟာရတစ်မျိုး။ ။ ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ, နတ်, မိန်းမ, ယောကျ်ားအစရှိသော ဝေါဟာရမျိုးသည် **သုတ္တန်ဝေါဟာရမျိုး** မည်၏။ ။ သမ္မုတိသစ္စာ၏ ဆိုင်ရာပေတည်း။ ။ နာမ်, ရုပ်, ဖဿ, ဝေဒနာ, ပထဝီ, အာပေါ အစရှိသော ဝေါဟာရမျိုးသည် **အဘိဓမ္မာဝေါဟာရမျိုး** မည်၏။ ပရမတ္ထသစ္စာ၏ ဆိုင်ရာပေတည်း။

www.dhammaransi.com



## ပညတ်နှင့် ပရမတ်ခွဲပုံအကျယ်

**သံသပိတ်**ဟူသော စကား၌ သမ္မုတိသစ္စာ အလိုအားဖြင့် သံသည်ပင်လျှင် သပိတ်၊ သပိတ်သည်ပင်လျှင် သံ၊ သံနှင့် သပိတ်, သပိတ်နှင့် သံ မကွဲပြားကြ ဟူ၍ ပြောကြကုန်လတ္တံ့။ ။ ပရမတ္ထသစ္စာ အလိုအားဖြင့် သံသည် သပိတ်မဟုတ်။ သပိတ်သည် သံမဟုတ်။ သံကား တစ်ခြား၊ သပိတ်ကား တစ်ခြားဟူ၍ ပြောရမည်။ ။ ယုတ္တိမူကား သံ၏အနက်ကား သံသားတည်း။ သပိတ်၏ အနက်ကား ဝန်းဝန်းဝိုင်းဝိုင်း ထင်မြင်ရသော သဏ္ဌာနပညတ်တည်း။ ။ ထို့ကြောင့် သံဟူသောအမည်သည် အိုးဖြစ်စေ၊ ခွက်ဖြစ်စေ၊ ဓားမ, ပေါက်ဆိန်ဖြစ်စေ၊ သံသားရှိရာ အလုံးစုံတို့၌ အကုန်လိုက်၏။ သပိတ်ဟူသော အမည်သည် သံကိုလုပ်သည်ဖြစ်စေ၊ မြေကို, ရွှေကို, ငွေကို လုပ်သည်ဖြစ်စေ၊ ထိုသဏ္ဌာန်မျိုးရှိရာတို့၌ အကုန်လိုက်၏။ သံအမည်ရှိရာတိုင်းတို့၌ သပိတ်အမည် မလိုက်၊ သပိတ်အမည်ရှိရာတိုင်းတို့၌ သံအမည် မလိုက်။ ။ ထိုသံသပိတ်ကိုပင် ဖျက်ဆီး၍ အိုး, ခွက်စသည် ပြုလုပ်ခဲ့သော် သံအိုး, သံခွက်စသည်ဖြင့် သံအမည်သည်သာ လိုက်၏။ ထိုသံပင်ဖြစ်သော်လည်း သဏ္ဌာန်တစ်မျိုးပြောင်းရွှေ့၍ သွားခဲ့လျှင် သပိတ်အမည် မလိုက်နိုင်ပြီ။ ထို့ကြောင့် အဘိဓမ္မာနည်းအလိုအားဖြင့် ထိုသံသပိတ်မှာပင် သံသည် သပိတ်မဟုတ်၊ သပိတ်သည် သံမဟုတ်၊ သံကား တစ်ခြား၊ သပိတ်ကား တစ်ခြား၊ သံ၏အနက်ကား သံသားတည်း။ သပိတ်၏အနက်ကား သဏ္ဌာန်တည်း။ သံသားသည် သဏ္ဌာန်မဟုတ်၊ သဏ္ဌာန်သည် သံသားမဟုတ်။ သံသည်ကား သပိတ်သည်လုပ်၍ ဖြစ်လာသည်မဟုတ်။ သံ, ကျောက်စသည်တို့မှ ဖြစ်လာ၏။ သဏ္ဌာန်သည်မူကား သပိတ်သည်လုပ်မှ ဖြစ်ပေါ်လာသော အာဂန္တု ပညတ်ကြီးပေတည်း။ ။ ဤသို့ အဘိဓမ္မာနည်းအားဖြင့် သံသားနှင့်သဏ္ဌာန်ကို ဉာဏ်နှင့်ခွဲခြမ်းလိုက်သည်ရှိသော် သဏ္ဌာန်သည် သံကဲ့သို့ အမျိုးဇာတိနှင့်ရှိသော ဝတ္ထုမျိုးမဟုတ်၊ ထိုသို့အမျိုးဇာတိနှင့်ရှိသော ဝတ္ထုမျိုးမဟုတ်သည်အတွက် သပိတ်ဟူ၍မရှိဟု ပြောဆိုပိုင်လေသတည်း။ ။ လောက၌ သန်းဥသဏ္ဌာန်, သန်းပြသဏ္ဌာန်, ဆံပင်သဏ္ဌာန်, မွေးညှင်းသဏ္ဌာန်, မြူမှုန့်အဏ္ဌာန်, သဲမှုန့်သဏ္ဌာန်တို့မှစ၍ သက်ရှိသက်မဲ့ အလုံးစုံ အကုန်သဏ္ဌာန်အသွင် ထင်မြင်သမျှ

www.dhammaransi.com



တို့ကို သပိတ်သဏ္ဍာန်မျိုးချည်း မှတ်လေ။ ။ သစ္စာနှစ်မျိုး, ဝေါဟာရနှစ်မျိုး ခွဲနည်းပြီး၏။

## အနတ္တပေါက်ဥပမာကြီးသုံးမျိုး

ကိုယ်သဏ္ဍာန်, ခေါင်းသဏ္ဍာန်ဖြစ်၍ နေကြကုန်သော ရုပ်တုံးရုပ်ခဲ ဓာတ်တုံးဓာတ်ခဲတို့၌ ဓာတ်ခွဲပုံဥပမာကား- သတ္တဝါသည် တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့ပါသလော မေးခဲ့သော် မေးသောသူသည် ဉာဏ်ပညာနုံ့သောသူ ဖြစ်ခဲ့အံ့၊ သမ္မုတိသစ္စာမျိုးနှင့် ဖြေဆိုရာ၏။ ဖြေဆိုပုံကား- ပြောင်းရွှေ့ပါ၏။ ကုသိုလ်တရားကို အားထုတ်သောသူသည် သေသည်မှနောက်၌ သုဂတိဘဝသို့ ရောက်ရသည်။ ကုသိုလ်တရားကို အားမထုတ်သောသူသည် သေသည်မှနောက်၌ ဒုဂ္ဂတိဘဝသုသို့ ရောက်ရသည်ဟူ၍ ဖြေဆိုရာ၏။ ။ ဉာဏ်ပညာထက်သန်သော သူဖြစ်ခဲ့အံ့၊ အရာဌာနသို့လိုက်၍ သမ္မုတိသစ္စာနည်းမျိုးနှင့်သော်လည်း ဖြေဆိုရာ၏။ ပရမတ္ထသစ္စာနည်းမျိုးနှင့်သော်လည်း ဖြေဆိုရာ၏။ ပရမတ္ထသစ္စာနည်းမျိုးနှင့် ဖြေဆိုပုံကား- သတ္တဝါဟူ၍ မရှိ၊ မရှိသောသတ္တဝါကို အရှိလုပ်၍ ''ပြောင်းရွှေ့သည်၊ မပြောင်းရွှေ့သည်''-ဟု ပြောခွင့်မရှိ၊ ရုပ်, နာမ်တရားနှစ်ပါးသာ ရှိ၏။ ထိုနှစ်ပါးသည်လည်း ယခုမျက်မှောက်ဘဝမှာပင် တစ်ဌာနက တစ်ဌာနသို့ ပြောင်းရွေ့ခြင်း မရှိကြ။ ဖြစ်ရာဖြစ်ရာ ဌာန၌ပင်လျှင် ချုပ်ဆုံးကြ၏။ အဘယ်မှာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့နိုင်မည်နည်း။ ဤဘဝ၌ ဖြစ်ပွားကြသော ကုသိုလ်ကံ, အကုသိုလ်ကံကြောင့် စုတိ၏အခြားမဲ့၌ ဘဝတစ်ပါးမှာ နာမ်အသစ်, ရုပ်အသစ် ဖြစ်ပေါ်လေ၏။ ဤသို့ဖြစ်ပေါ်သည်ကိုပင် လောကဝေါဟာရအားဖြင့် ''သတ္တဝါသည် တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့သည်ဟု ခေါ်ကြရသည်''-ဟူ၍ ဖြေဆိုရာ၏။

ဤအရာ၌ ဥပမာတစ်ခုကို ပြဆိုပေအံ့၊ အလွန်သိမ်မွေ့လှစွာသော သဲတို့ကို လမ်းကြီးတစ်ခု လုပ်ရာ၏။ ဆယ်မိုင်ခန့်ရှည်၏။ အနံသုံးတောင်, အထုနှစ်တောင် ရှိ၏။ ဤလမ်းမကြီး၌ သမ္မုတိသစ္စာနည်းအားဖြင့် ''လမ်းကြီးတစ်ခု ရှိ၏။ အလျား, အနံ, အထုမည်မျှရှိ၏။ မည်သည့်ရွာမှ မည်သည့်ရွာသို့ရောက်၏။

www.dhammaransi.com



မည်သည့်နေရာ၌ ဖြောင့်၏၊ မည်သည့်နေရာ၌ ကောက်၏၊ ကွေ့၏၊ မို့မောက်၏၊ နိမ့်ရှိုင်း၏”–ဟူ၍ ပြောပေရာ၏။ ။ အဘိဓမ္မာနည်းအားဖြင့် ပြောမူကား လမ်းဟူ၍ပင် မရှိ၊ အလွန်သိမ်မွေ့သော သဲလုံးတို့သာ ရှိကုန်၏။ သဲပုံကြီး, သဲစုကြီးသာဖြစ်၏။ အလျား, အနံ, အထု, အမို, အမောက်, အနိမ့်, အရှိုင်း, အကောက်, အကွေ့ဟူ၍ မရှိ၊ ဘယ်ဌာနကစ၍ ဘယ်ဌာနသို့ ရောက်သည်ဟူ၍ မရှိ။ ဤနှင့်အတူ တစ်ခုတစ်ခုသော ရုပ်တရား, နာမ်တရားသည်လည်း ယခုပစ္စက္ခ ဘဝ၌ပင် ဘယ်ဌာနက ဘယ်ဌာနသို့ ရောက်သည်ဟူ၍ မရှိ။ ဖြစ်ရာဌာန၌သာ ချုပ်ရ၏။ အဘယ်မှာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့နိုင်မည်နည်း။ ဤဥပမာ၌ သဲမှုန့်တို့ကို အသီးအသီးပြု၍ ရှုမျှော်လိုက်သည်ရှိသော် လမ်းကြီးသဏ္ဌာန် ကွယ်ပျောက်လေသကဲ့သို့ မြေမှုန့်, ကျောက်မှုန့်တို့ကို အသီးအသီးပြု၍ ရှုမျှော် လိုက်သည်ရှိသော် မဟာပထဝီမြေကြီးသဏ္ဌာန်, စကြဝဠာတောင်, မြင့်မိုရ်တောင်, သတ္တရဘာန်တောင်သဏ္ဌာန်တို့သည်လည်း ဉာဏ်၌အကုန်ကွယ်ပျောက်လေကုန်၏။ မြေမှုန့်အစု, ကျောက်မှုန့်အစုတို့သာ ရှိကြကုန်၏။ သစ်ပင်, ချုံနွယ်အပေါင်းတို့ ကိုလည်း ထောင်းထုကြိတ်နယ်၍ ရှုခဲ့သော် သူ့သဏ္ဌာန်နှင့် သူ့အမည်စု အကုန်ကွယ်ပျောက်၍ မြေမှုန့်စုတို့သည်သာ ကျန်ရှိကုန်လတ္တံ့။

တစ်ခုတစ်ခုသော ရုပ်တရား, နာမ်တရားသည် တစ်ဌာနမှ တစ်ဌာနသို့ နမ်းစေ့တစ်ခုစာမျှ ပြောင်းရွှေ့ခြင်းမရှိ၊ ထွက်သက်ခဏ၌ ဖြစ်ပေါ်သော ရုပ်, နာမ်စုသည် ဝင်သက်ခဏသို့ မရောက်၊ ထွက်သက်ခဏ၌သာ ချုပ်ကုန်၏။ ဝင်သက်ခဏ၌ ဖြစ်ပေါ်သော နာမ်, ရုပ်စုသည် ထွက်သက်ခဏသို့ မရောက်၊ ဝင်သက်ခဏ၌သာ ချုပ်ကုန်၏။ ။ ချုပ်ပုံကား– စီး၍နေသော မြစ်ရေကို စေ့စေ့ရှု တလှုပ်လှုပ် တရွရွနေသည်ကို မြင်ရ၏။ လှုပ်မှု, ရွမှုဟူသည် ရုပ်သစ်, ရုပ်ဟောင်း ပြောင်းလဲမှုတည်း။ အဘိဓမ္မာ၌ ရုပ်သစ်, ရုပ်ဟောင်း, နာမ်သစ်, နာမ်ဟောင်း ပြောင်းလဲမှုကို လောက၌ လှုပ်သည်, ရှားသည်ခေါ်၏။ ထိုမြစ်ရေ အထဲမှာ မလှုပ်မရှားပဲ တည်ငြိမ်၍နေသော ရေမှုန့်ငယ်တစ်ခုကို တွေ့အောင် ရှာလေ။ မလှုပ်မရှားပဲ နမ်းစေ့ခန့်မျှ ဌာနပြောင်းရွှေ့နိုင်သော ရေမှုန့်ငယ်တစ်ခုကို တွေ့အောင်ရှာလေ။ မလှုပ်ရှားပဲ အသက်တစ်ရှူစာမျှ ခဏပြောင်းရွှေ့နိုင်သော

www.dhammaransi.com



ရေမှုန့်ငယ်တစ်ခုကို တွေ့အောင်ရှာလေ။ တည်ငြိမ်သည်ကို မတွေ့၊ မတည်မငြိမ် တရွရွနေသည်ကိုသာ တွေ့၏။ မြစ်ရေတစ်ပြင်လုံး တရွရွနေသည်ကိုသာ မြင်ရ၏။ ဖြစ်မှု, တည်မှု, ပျက်မှု သုံးခုရှိ၏။ အမှုအရာ တစ်မျိုးတစ်မျိုး ပေါ်သည်ကား ရုပ်ကလာပ်သစ်ဖြစ်မှုတည်း။ တစ်မျိုးတစ်မျိုး ကွယ်ဆုံးသည်ကား ရုပ်ကလာပ် ဟောင်း ချုပ်ပျက်မှုတည်း။ ဖြစ်ပေါ်မှု, ကွယ်ဆုံးမှု နှစ်ခုတို့၏အကြား၌ ဖြစ်ပေါ် သည်အတိုင်း အမှုအရာမပျက်ပဲ တည်နေသည်ကား တည်မှုတည်း။ အနုစိတ်၍ အစေ့အစပ် ကြည့်ရှုသည်ရှိသော် မြစ်ရေတစ်ပြင်လုံးမှာ တည်မှုကိုပင် ရှာကြ၍ မရ။ ဖြစ်မှု, ပျက်မှုနှစ်ခုကိုသာ မြင်ရ၏။

ယခုအခါ၌ ရန်ကုန်မြို့ သိပ္ပံကျောင်းကြီးများမှာ ငယ်သည်ကိုကြီးအောင် ဖွင့်နိုင်အောင် ဓာတ်မှန်, ဓာတ်မီး ပညာကြီးများနှင့် ကြည့်ရှုသော်လည်း တည်ငြိမ် မှု၌ခဏကို ပသာဒစက္ခုတွင် မြင်နိုင်ရန်မရှိ၊ ပကတိမျက်စိတွင် မထင်နိုင်, မမြင်နိုင်အောင် သိမ်မွေ့လှသော ဖြစ်မှု, ပျက်မှုတို့ကိုမူကား ထိုပညာရှိကြီးများ နှင့် ကြည့်ရှုလျှင် ထင်ရှားစွာ မြင်ကြရကုန်၏။ စီးသောရေတို့၌ အဆင်းဟူသော ဝဏ္ဏဓာတ်၏ လှုပ်ရှားမှုကိုမြင်၍ မြင်ခြင်း, ပျက်ခြင်း လျင်မြန်မှုကို သိရ၏။ မစီးသော ရေသေတို့၌မူကား ရေနှင့်အပြည့်ရှိနေသော ဥတုဟူသော မီးဓာတ်ကြီး သည် ပူသောအခါ ပူရှိန်တရွရွ အေးသောအခါ အေးရှိန်တရွရွ တရှိန်ရှိန် ထလျက်သာ နေ၏။ မီးဓာတ်မည်သည် တည်ငြိမ်သော ဓာတ်မျိုးမဟုတ်။ ထိုရေတွင်းသို့ သက်ဆင်း၍ စုံစမ်းလျှင် ရေတွင်းရှိ ကိုယ်အင်္ဂါတို့၌ ရေပူဖြစ်လျှင် ပူရှိန်တွေတရွရွ ရေအေးဖြစ်လျှင် အေးရှိန်တွေ တရွရွ ခိုက်တိုက်ထိုးဆွ၍ တရွရွ နေမှုတွေကို တွေ့ရှိရ၏။ ထိုရေကန်တစ်ခုလုံး နေ့နေ့ညည တရှိန်ရှိန် တရွရွ နေသည်ကို မြင်နိုင်၏။ ထိုတွင် ပူရှိန်သည် ပံသုပထဝီမြေမျိုးတို့၌ ပွားစီး၏။ ပံသုပထဝီမြေကြီးနှင့် သစ်ပင်ချုံနွယ်တို့မှာ ပူရှိန်ဥတု ပွားစီးမှုနှင့် နေ့နေ့ညည တရှိန်ရှိန် တရွရွ ရှိနေကြကုန်၏။ အေးရှိန်သည် သိလာပထဝီမျိုးတို့၌ ပွားစီး၏။ အောက်၌ သိလာသပထဝီမြေကြီးနှင့် မြင့်မိုရ်တောင်, စကြဝဠာတောင်, သတ္တရဘာန် တောင်, ဟိမဝန္တာတောင်, ကျောက်ဓာတ်မျိုး, ကြေးဓာတ်မျိုး, သံဓာတ်မျိုးတို့သည် အေးရှိန်ဥတု ပွားစီးမှုနှင့် နေ့နေ့ညည တရှိန်ရှိန် တရွရွ ရှိနေကြကုန်၏။

www.dhammaransi.com



ရာဟုအရပ်မှ ကြီးစွာလာသော လေမုန်တိုင်းကြီးမှာ တည်နေမှုတစ်ခုကို တွေ့အောင်ရှာ၍ မရ၊ မြစ်ရေအယဥ်ကဲ့သို့ လေယဥ်ပြန့်ပွား လှုပ်ရှားမှုကိုသာ မဟာပထဝီမြေကြီး, မြင့်မိုရ်တောင်ကြီးတို့၌ရှိသော တစ်ခုသော ရုပ်သည်ပင်လျှင် မချုပ်မပျက်ပဲ တစ်ဌာနမှတစ်ဌာနသို့ တစ်ကာလမှ တစ်ကာလသို့ ပြောင်းရွှေ့သည် မရှိချေ။ ပုဂ္ဂိုလ်သတ္တဝါတို့ သန္တာန်မှာ ဤဘဝ၌ရှိနေသော နာမ်တရားတို့သည် မူကား ဤဘဝတွင် မချုပ်မပျက်ကြကုန်မူ၍ နောက်ဘဝသို့ ပြောင်းရွှေ့နိုင်ကြ ရန် အဘယ်မှာ ရှိချေတုံအံ့နည်း။

ပြဆိုခဲ့ပြီးသော သဲလမ်းကြီးဥပမာ၌ သဲလုံးတို့၏ အစီအစဥ်အားဖြင့်သာ လျှင် "သည်လမ်းမကြီးသည် သည်နေရာမှ ဟိုနေရာသို့ ရောက်သည် သည်ရွာမှ ဟိုရွာသို့ ရောက်သည်"–ဟူ၍လည်းကောင်း၊ မြစ်ရေဥပမာ၌ ရေမှုန့်ရုပ်စုတို့၏ အစဥ်ဖြင့်သာလျှင် "ဤမြစ်ရေသည် ဟိမဝန္တာမှစ၍ ပင်လယ်သို့ကျအောင် စီးလာ သည်"–ဟူ၍လည်းကောင်း၊ လေမုန်တိုင်းဥပမာ၌ လေမှုန့်ရုပ်စုတို့၏ အစဥ်အားဖြင့် သာလျှင် "လေမုန်တိုင်းကြီးသည် ဤရွာမှ ထိုရွာသို့ ရောက်သည်"–ဟူ၍လည်း ကောင်း ပြောဆိုကြကုန်သကဲ့သို့ သတ္တဝါတို့၏ သန္တာန်မှာလည်း အသစ်အဟောင်း အပြောင်းအလဲ မစဲမပြတ် ရုပ်ဓာတ်, နာမ်ဓာတ်, ဝိညာဏ်ဓာတ်တို့၏ အစဥ်အားဖြင့်သာလျှင် "ဤနေရာမှ ထိုနေရာ, ဤခဏမှ ထိုခဏ, ဤဘဝမှ ထိုဘဝ ပြောင်းရွှေ့ကြကုန်သည်"–ဟု ပြောဆိုကြရကုန်၏။ ။ ဤကား အဘိဓမ္မာ ပညာရှိတို့၏ ဉာဏ်အလင်းကြီးပေတည်း။

ရုပ်ဓာတ်, နာမ်ဓာတ်, ဝိညာဏ်ဓာတ်တို့၏ အစဥ်အားဖြင့်သာလျှင် "ဤဘဝမှ ချုပ်၍ ထိုဘဝမှာ အသစ်ပေါ်သည်"–ဆိုခဲ့သော် လူ့ပြည်မှ စုတေ၍ လူ့ပြည်၌ဖြစ်သော သူ, လူ့ပြည်မှစုတေ၍ အထက်နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဖြစ်သောသူ, လူ့ပြည်မှစုတေ၍ အောက်ငရဲဘုံတို့၌ ဖြစ်သောသူ, ဤသူတို့သည် ဤလူ့ပြည်၌ တစ်ပြိုင်နက် စုတေကြကုန်သော် လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်, ငရဲပြည်တို့၌ တစ်ပြိုင်နက် ရောက်နိုင်ကြကုန်သလော? အကာ, အဆီး အနီးအဝေး အလျောက်ရှေ့နောက် ခြားနားခြင်း ရှိကြကုန်သလော? ခြားနားခြင်း မရှိကြကုန်။ တစ်ပြိုင်နက် ရောက်နိုင်ကြကုန်သည်။ အကာ, အဆီးရှိနေခဲ့လျှင် ဖောက်ထွင်း၍

www.dhammaransi.com



မသွားနိုင်, မလာနိုင်၊ နီးလျှင် အရင်ရောက်သည်, ဝေးလျှင် နောက်မှရောက်သည် ဟူသော ခြားနားမှုသည် ရုပ်တရားတို့၌သာ ရှိ၏။ နာမ်တရားတို့၌ မရှိ၊ ရုပ်တရားသည် ရုန့်ရင်းကြမ်းတမ်းသော တရားမျိုးဖြစ်၍ အကာ, အဆီးရှိလျှင် တိုက်ခိုက်၍ နေတတ်၏။ ဖောက်ထွင်း၍ မသွားနိုင်, အာရုံကို ယူတတ်သော တရားမျိုးမဟုတ်။ အာရုံကို လှမ်းမှု, ယူမှုမရှိ၊ ရုပ်အစဉ် ရွေ့ရှား၍ သွားမှု, လာမှုသာ ရှိ၏။ ထို့ကြောင့် နီးလျှင် နီးသည်အလျောက် အရင်ရောက်တတ်၏။ ဝေးလျှင် ဝေးသည်အလျောက် နောက်မှရောက်တတ်၏။ ။ တန်ခိုးအရာမျိုးကို ချန်လှပ်၍ဆိုသည်။

နာမ်တရားသည် အလွန်သိမ်မွေ့သော တရားမျိုးဖြစ်သည်တစ်ကြောင်း အာရုံကိုသိမှု, ယူမှုရှိသည်တစ်ကြောင်း သို့အတွက်ကြောင့် အကာ, အဆီး အနီးအဝေး ခြားနားခြင်း မရှိ၊ အာရုံပြုလိုလျှင် ယခုပင် မဟာအဝီစိငရဲကို လှမ်းယူသမှု အာရုံပြုနိုင်၏။ စုတိကျ၍ ဤဘဝ ဤသန္တာန် ပျက်ဆုံးသောအခါ၌ လည်း အာရုံပြုမှုအတိုင်း ယခုပင် အဝီစိငရဲ၌ ဖြစ်နိုင်၏။ ယခုပင် နတ်ပြည်, ဗြဟ္မာပြည်၌ ဖြစ်နိုင်၏၊ နာမ်တရားဖြစ်ရာမှာ ရုပ်ခန္ဓာလည်း ပေါ်ရတော့သည်။ ထိုထိုဘဝ၌ နာမ်ခန္ဓာ, ရုပ်ခန္ဓာဆက်လက်ခါ ပေါ်ခဲ့လျှင် သမ္မုတိသစ္စာနည်းအားဖြင့် "ဘယ်လူသည် ယခုသေ၍ ငရဲပြည်မှာ ဖြစ်လေ၏။ နတ်ပြည်မှာ ဖြစ်လေ၏"–ဟု ပြောကြဆိုကြရတော့သည်။ ဤကား သတ္တဝါသည် တစ်ဘဝမှတစ်ဝဘသို့ ပြောင်းရွှေ့ပါသလောဟူသော မေးခွန်း၌ အဘိဓမ္မာဓာတ်ပညာအလင်းကြီးကို ပြဆိုချက်တည်း။ ။ ဤအလင်းကြီးအလိုမှာ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မရှိသော ကြောင့် မရှိသည်ကို အရှိလုပ်၍ "နောက်ဘဝသို့ ပြောင်းရွှေ့သည်, မပြောင်းသည်"–ဟု ပြောဆိုခွင့် မရှိဟု ဖြေ၏။ အဘိဓမ္မာဓာတ်ပညာအလင်းမှ ကင်းကွာကြကုန် သော မှောင်တွင်းသားတို့သည်မူကား ပုဂ္ဂိုလ်မရှိ, သတ္တဝါမရှိဟူသော စကားကို မကြားလိုကြကုန်။ အမှားကြီး ထင်ကြကုန်၏။ ကြောင်တောင်မှားကြီး ထင်ကြ ကုန်၏။ ရှေ့၌ ပဉ္စတ်နှင့် ပရမတ်ခွဲခန်းမှာ လာခဲ့သော သံသပိတ်ဥပမာကို ဤနေရာ၌ ဆောင်၍ ဖြေရာ၏။

မှောင်တွင်းသားတို့အလို ထိုသပိတ်၌ သံသည်ပင်လျှင် သပိတ်၊

www.dhammaransi.com



သပိတ်သည်ပင်လျှင် သံ။ သံနှင့်သပိတ်, သပိတ်နှင့်သံ မကွဲကြဟု ဖြေဆိုခဲ့ပြီ။ ထိုသူတို့ကား သပိတ်သဏ္ဌာန်နှင့် သံသားကို ခြားနားစွာ မြင်နိုင်ရန် ဉာဏ်အလင်း မရှိကြကုန်သောကြောင့် သံသားကို သပိတ်သဏ္ဌာန်၏ အတ္တပြု၍ သံသည်ပင်လျှင် သပိတ်, သပိတ်သည်ပင်လျှင် သံ၊ သံနှင့်သပိတ်, သပိတ်နှင့်သံ မကွဲကြဟု ယူကြကုန်သည်။ ထိုသူတို့သည် လောက၌သပိတ်ဟူ၍ မရှိဟူသော စကားကို မကြားလို ရှိကြကုန်လတ္တံ့။ အမှားကြီး ထင်ကြကုန်လတ္တံ့၊ ကြောင်တောင်မှားကြီး ထင်ကြကုန်လတ္တံ့။

အလင်းဖက်၌မူကား သံသားသည်သာ အမှန်ရှိ၏။ သပိတ်သဏ္ဌာန်ကြီးသည်ကား အမှန်ရှိ မဟုတ်။ စိတ်ထဲတွင်သာ ထင်မြင်ရသော သဏ္ဌာန်ပညတ်ကြီးသာတည်း။ ထို့ကြောင့် သံသားကို သပိတ်သဏ္ဌာန်၏ အမာခံ, အထည်ခံ အတ္တမပြုပဲ တစ်ခြားစီ ခွဲလိုက်သော် သပိတ်သဏ္ဌာန်သည် မရှိဟူသော အရေအတွက်သို့ ရောက်လေ၏။ သတ္တဝါတို့၏ သန္တာန်၌ ရုပ်ဓာတ်သား, နာမ်ဓာတ်သားစုသည် သံသားနှင့်တူ၏။ ပုဂ္ဂိုလ်သဏ္ဌာန်, လူသဏ္ဌာန်, နတ်သဏ္ဌာန်, မိန်းမသဏ္ဌာန်, ယောကျ်ားသဏ္ဌာန်, ခေါင်းသဏ္ဌာန်, ကိုယ်သဏ္ဌာန် စသောသဏ္ဌာန်ကြီးငယ်စုသည် သပိတ်သဏ္ဌာန်နှင့်တူ၏။

ဆံပင်တစ်ခု၌ အဖတ်သဘောသည် မြေဓာတ်မည်၏။ အရည်သဘောသည် ရေဓာတ်မည်၏။ ပူမှု, အေးမှုသည် မီးဓာတ်မည်၏။ ပွရွရန်သဘောသည် လေဓာတ်မည်၏။ အဆင်းသည် ဝဏ္ဏဓာတ်မည်၏။ အနံ့သည် ဂန္ဓဓာတ်မည်၏။ ရသာသည် အရသာဓာတ်မည်၏။ အဆီမျိုးသည် ဩဇာဓာတ်မည်၏။ ရုပ်ဓာတ်သားအစုပေတည်း။ လုံးလုံးရှည်ရှည် သဏ္ဌာန်သည် ဆံပင်မည်၏။ ဓာတ်သားစုသည် သံသားနှင့်တူ၏။ ဆံပင်သဏ္ဌာန်သည် သပိတ်သဏ္ဌာန်နှင့်တူ၏။ ဆံပင်အဖတ်သဘောကို ဆံပင်ဟု ဆိုခဲ့သော် မြေဓာတ်ကို သတ္တဝါဟု စွပ်စွဲခြင်းဖြစ်၏။ အဖတ်သဘောကား မြေဓာတ်တည်း။ ဆံပင်မဟုတ်ဟု ဆိုခဲ့သော် ဟုတ်မှန်သော အနတ္တဉာဏ်ဖြစ်၏။ ဤနည်းအတိုင်း တစ်ကိုယ်လုံး၌ အတ္တ, အနတ္တခွဲနည်းကို ရှင်းလင်းစွာ မြင်ကြလေ။

မှောင်တွင်းသားတို့မှာ ရုပ်ဓာတ်, နာမ်ဓာတ်တို့ကို သတ္တဝါ၏အတ္တ,

www.dhammaransi.com



ငါ၏အတ္တဟု ယူကြလျက် ရှိသောကြောင့် "ဤဘဝရုပ်, နာမ်စုသည် စုတိတွင် ချုပ်ဆုံးသည်"-ဟု ယူကြလျှင် ဤပုဂ္ဂိုလ်သတ္တဝါသည်လည်း စုတိတွင် ပျက်ဆုံးသည်ဟု **ဥစ္ဆေဒဒိဋ္ဌိ** ဖြစ်လေ၏။ "ဤပုဂ္ဂိုလ်သတ္တဝါသည် စုတိတွင် မဆုံး၊ နောက်ဘဝတွင် ကူးပြောင်းသည်"-ဟု ယူကြလျှင် အတ္တဖြစ်သော နာမ်ရုပ်စုသည် အချို့ အချို့နောက်ဘဝသို့ ကူးပြောင်းသည်ဟု **သဿတဒိဋ္ဌိ** ဖြစ်၏။ ရုပ်နာမ်မှ အလွတ်ကြံဆ၍ ယူကြသော အတ္တဇီဝအယူမျိုးလည်း ရှိ၏။ သေရာမှပြတ်သည်ဟု ယူလျှင် **ဥစ္ဆေဒဒိဋ္ဌိ** ဖြစ်၏။ သေရာမှာ မပြတ် ခန္ဓာအိမ်တစ်ခုပျက်လျှင် ကုသိုလ်ကံ, အကုသိုလ်ကံ ပို့ချရာ၌ ခန္ဓာအိမ်အသစ်နှင့် နေပြန်သည်ဟု ယူလျှင် **သဿတဒိဋ္ဌိ** ဖြစ်၏။

ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ အယူကင်းပျောက်၍ အဘိဓမ္မာအလင်းပေါက်ခဲ့လျှင် သောတာပန်အဖြစ်သို့ ရောက်၍ ဘဝဆက်တိုင်း အပါယ်ငရဲမှ အမြဲကင်းငြိမ်းခြင်းဟူသော ပထမနိဗ္ဗာန်ကြီး ပေါက်လေ၏။

**သတ္တလောက၏ ဓမ္မနိယာမအချက်၌ ခက်ဆစ်, ခက်ပိုင်းစုကို ရွေးကောက်, ရှင်းလင်းခန်း ပြီး၏။**

## လောက၏အချုပ်, အခြာ

ဩကာသလောက၌ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်ဟူသော အသင်္ချေယျ ကပ်ကြီးလေးပါးနှင့် ထိုကပ်ကြီးလေးပါးကို အစဉ်အတိုင်း ပြုပြင်သော သံဝဋ္ဋမီးဓာတ်, သံဝဋ္ဋဋ္ဌာယီမီးဓာတ်, ဝိဝဋ္ဋမီးဓာတ်, ဝိဝဋ္ဋဋ္ဌာယီမီးဓာတ်ဟူ၍ ကမ္ဘာမီးဓာတ်ကြီးလေးပါးသည် အချုပ်၊ ဥဏှတေဇော, သီတတေဇော နှစ်ပါးသည် အခြား။

သင်္ခါရလောက၌ ဂိမှန္တဥတု, ဝဿန္တဥတု, ဟေမန္တဥတုဟူသော ဥတုသုံးပါးနှင့် မျိုးစေ့ကြီးငါးပါးသည် အချုပ်၊ ဥဏှတေဇော, သီတတေဇော နှစ်ပါးသည် အခြား။

သတ္တလောက၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ပါးနှင့် အဝိဇ္ဇာတဏှာဟူသော မူလနှစ်ပါးသည် အချုပ်၊ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးသည် အခြား။

www.dhammaransi.com



လောကကြီးသုံးပါး၌ ရုပ်ဓာတ်, နာမ်ဓာတ်တရားနှစ်ပါးနှင့် **နိယာမတရား** ငါးပါးသည် အချုပ်၊ ဇာတိ, ဇရာ, မရဏတရား သုံးပါးနှင့် အနိစ္စ, ဒုက္ခ, အနတ္တတရားသုံးပါးသည် အခြား။

**အလုံးစုံအုပ်ခြုံမိသည်ကို အချုပ်ဆိုသည်။**

**အထူးထင်ရှားသည်ကို အခြားဆိုသည်။**

## နိဂုံး

**မုံရွာလယ်တီ အရည်မှီ၊ မုံရွာဇနေဟိ ကာရိတေ။**
**မနောရမ္မေ စက်မှီ၊ ဝသန္တေန မယာ ကတာ။**
**နိယာမဒီပနီ နာမ၊ ရန်ကုန်ဇနေဟိ ပတ္ထိတာ။**
**ဘာသန္တရဝိဇယာယ၊ ဒွိသတ္တေဒွေကသာကိယေ။**

မုံရွာလယ်တီအရည်မှီ၊ မုံရွာမြို့ လယ်တီတောကျောင်းတိုက်တွင်း၌။ မုံရွာဇနေဟိ၊ မုံရွာမြို့ကမ်းနားရပ်နေ အမိန့်တော်ရရှေ့နေ "**မောင်ကြော့, မောင်စံလင်း**"အမှူးရှိကုန်သော မုံရွာမြို့သားတို့သည်။ ကာရိတေ၊ ဆောက်လုပ်စေအပ်သော။ မနောရမ္မေ စက်မှီ၊ မနောရမ္မစကြံကျောင်းကြီး၌။ ဝသန္တေန၊ ၁၂၅၂–ခုနှစ်အတွင်း သီတင်းဝါကပ်ဆိုနေထိုင်သော။ မယာ၊ လယ်တီဆရာငါသည်။ ရန်ကုန်ဇနေဟိ၊ ရန်ကုန်မြို့ ဓမ္မသဝန ဗုဒ္ဓသာသနာပြု အသင်းကြီး၏ အကြီးအချုပ်ဥက္ကဋ္ဌဖြစ်သူ ပြီစီဒင် "**မောင်ရွှေဂိုဝ်**"နှင့်အသင်းသားအပေါင်းတို့သည်။ ဘာသန္တရဝိဇယာယ၊ ဘာသာတစ်ပါးကို အောင်မြင်ခြင်းငှါ။ ပတ္ထိတာ၊ တောင့်တအပ်သော။ နိယာမဒီပနီ နာမ၊ **နိယာမဒီပနီ**အမည်တွင်လှစ် ဤကျမ်းသစ်ကို။ ဒွိသတ္တေဒွေကသာကိယေ၊ မြန်မာသက္ကရာဇ် ၁၂၅၂–ခု ဝါခေါင်လပြည့်နေ့၌။ ကတာ၊ စီရင်ဖန်တီး ပြီးစီးအောင်မြင်လေသတည်း။

**နိယာမဒီပနီကျမ်း ပြီး၏။**

✡ ✡ ✡

www.dhammaransi.com



# ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁– ဟေတုပစ္စယော

ကတမော ဟေတုပစ္စယော။ လောဘော ဟေတုပစ္စယော။ ဒေါသော၊ မောဟော၊ အလောဘော၊ အဒေါသော၊ အမောဟော ဟေတုပစ္စယော။

ကတမေ ဓမ္မာ ဟေတုပစ္စယဿ ပစ္စယုပ္ပန္နာ။ လောဘသဟဂတာ စိတ္တစေတသိကာ ဓမ္မာ စ ရူပကလာပါ ဓမ္မာ စ ဒေါသသဟဂတာ၊ မောဟသဟဂတာ အလောဘသဟဂတာ အဒေါသသဟဂတာ အမောဟသဟဂတာ စိတ္တစေတသိကာ ဓမ္မာ စ ရူပကလာပါ ဓမ္မာ စ ဟေတုပစ္စယတော ဥပ္ပန္နာ ဟေတုပစ္စယုပ္ပန္နာ ဓမ္မာ။

သဟဂတရူပကလာပါ နာမ သဟေတုကပဋိသန္ဓိက္ခဏေ ကမ္မဇရူပါနိ စ ပဝတ္တိကာလေ သဟေတုကစိတ္တဇရူပါနိ စ။ တတ္ထ ပဋိသန္ဓိက္ခဏော နာမ ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏော။ ပဝတ္တိကာလော နာမ ပဋိသန္ဓိစိတ္တဿ ဌိတိက္ခဏတော ပဋ္ဌာယ ယာဝစုတိကာလံ ဝုစ္စတိ။

ကေနဋ္ဌေန ဟေတု, ကေနဋ္ဌေန ပစ္စယောတိ။ မူလဋ္ဌေန ဟေတု, ဥပကာရကဋ္ဌေန ပစ္စယောတိ။ တတ္ထ မူလယမကေ ဝုတ္တာနံ လောဘာဒီနံ မူလဓမ္မာနံ မူလဘာဝေါ မူလဋ္ဌော နာမ။ သော မူလဋ္ဌော မူလယမကဒီပနိယံ အမှေဟိ ရုက္ခောပမာယ ဒီပိတောယေဝ။

အပိ စ ဇကော ပုရိသော ဇကိဿံ ဣတ္ထိယံ ပဋိဗဒ္ဓစိတ္တော ဟောတိ။ သော ယာဝ တံ စိတ္တံ န ဇဟာတိ၊ တာဝ တံ ဣတ္ထိံ အာရဗ္ဘ တဿ ပုရိသဿ လောဘသဟဂတာနိ ကာယဝစီမနောကမ္မာနိ စ လောဘသမုဋ္ဌိတာနိ စိတ္တဇရူပါနိ စ စိရကာလံပိ ပဝတ္တန္တိ။ သဗ္ဗာနိ စ တာနိ စိတ္တစေတသိကရူပါနိ တဿံ ဣတ္ထိယံ ရဇ္ဇနလောဘမူလကာနိ ဟောန္တိ။ သော လောဘော တေသံ မူလဋ္ဌေန

www.dhammaransi.com

# ပဋ္ဌာနဒေသနာဒီပနီ

◆ လောဘ၊ ဒေါသ၊ မောဟ ဟိတ်တရားတို့ကြောင့် လောကသည် ပျက်စီးခြင်းသို့ ရောက်၏.....

◆ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်တရားတို့ကြောင့် လောက၏ပြည့်စုံခြင်းသို့ ရောက်၏.....

◆ ဟိတ်ခြောက်ပါးစသော နှစ်ဆယ့်လေးပစ္စည်းတို့ကြောင့် လောကကြီး၏ပျက်စီးခြင်း ကြီးပွားခြင်းသည် စဉ်ဆက်ဖြစ်ပေါ်နေပေ၏.....

www.dhammaransi.com



ဟေတု စ၊ ဥပကာရကဋ္ဌေန ပစ္စယော စ။ တသ္မာ ဟေတုပစ္စယော။ ဧသ နယော သေသာနိ ရဇ္ဇနီယဝတ္ထူနိ အာရဗ္ဘ ရဇ္ဇနဝသေန ဥပ္ပန္နေသု လောဘေသု၊ ဒုဿနီယဝတ္ထူနိ အာရဗ္ဘ ဒုဿနဝသေန ဥပ္ပန္နေသု ဒေါသေသု၊ မုယှနီယဝတ္ထူနိ အာရဗ္ဘ မုယှနဝသေန ဥပ္ပန္နေသု မောဟေသု စ။

တတ္ထ ယထာ ရုက္ခဿ မူလာနိ သယံ အန္တောပထဝိယံ သုဋ္ဌု ပတိဋ္ဌဟိတွာ ပထဝိရသဉ္စ အာပေါရသဉ္စ ဂဟေတွာ တံ ရုက္ခံ ယာဝအဂ္ဂါ အဘိဟရန္တိ၊ တေန ရုက္ခော စိရကာလံ ဝဍ္ဎမာနော တိဋ္ဌတိ။ တထာ လောဘော စ တသ္မိံ တသ္မိံ ဝတ္ထုမှိ ရဇ္ဇနဝသေန သုဋ္ဌု ပတိဋ္ဌဟိတွာ တဿ တဿ ဝတ္ထုဿ ပိယရူပရသဉ္စ သာတရူပရသဉ္စ ဂဟေတွာ သမ္ပယုတ္တဓမ္မေ ယာဝ ကာယဝစီဝိတိက္ကမာ အဘိဟရတိ၊ ကာယဝီတိက္ကမံ ဝါ ဝစီဝီတိက္ကမံ ဝါ ပါပေတိ။ တထာ ဒေါသော စ ဒုဿနဝသေန အပ္ပိယရူပရသဉ္စ အသာတရူပရသဉ္စ ဂဟေတွာ၊ မောဟော စ မုယှနဝသေန နာနာရမ္မဏေသု နိရုတ္တကစိတ္တာစာရရသံ ဝဍ္ဎေတွာတိ ဝတ္တဗ္ဗံ။ ဧဝံ အဘိဟရန္တာ တယော ဓမ္မာ ရဇ္ဇနီယာဒီသု ဝတ္ထူသု သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တော ဝိယ စိရကာလံ ပဝတ္တေန္တိ။ သမ္ပယုတ္တဓမ္မာ စ တထာ ပဝတ္တန္တိ။ သမ္ပယုတ္တဓမ္မေသု စ တထာ ပဝတ္တမာနေသု သဟဇာတရူပကလာပါပိ တထာ ပဝတ္တန္တိယေဝ။ တတ္ထ သမ္ပယုတ္တဓမ္မေ အဘိဟရတီတိ ဒွေ ပိယရူပသာတရူပရသေ သမ္ပယုတ္တဓမ္မာနံ သန္တိကံ ပါပေတီတိ အတ္ထော။

သုက္ကပက္ခေ သော ပုရိသော ယဒါ ကာမေသု အာဒီနဝံ ပဿတိ၊ တဒါ သော တံ စိတ္တံ ဇဟာတိ၊ တံ ဣတ္ထိံ အာရဗ္ဘ အလောဘော သဏ္ဌာယတိ။ ပုဗ္ဗေ ယသ္မိံ ကာလေ တံ ဣတ္ထိံ အာရဗ္ဘ လောဘမူလကာနိ အသုဒ္ဓါနိ ကာယဝစီမနောကမ္မာနိ ဝတ္တန္တိ။ ဣဒါနိ တသ္မိံ ကာလေပိ အလောဘမူလကာနိ သုဒ္ဓါနိ ကာယဝစီမနောကမ္မာနိ ဝတ္တန္တိ။ ပဗ္ဗဇိတသီလသံဝရာနိ ဝါ ဈာနပရိကမ္မာနိ ဝါ အပ္ပနာဈာနာနိ ဝါ ဝတ္တန္တိ။ သော အလောဘော တေသံ မူလဋ္ဌေန ဟေတု စ ဟောတိ၊ ဥပကာရကဋ္ဌေန ပစ္စယော စ။ တသ္မာ ဟေတုပစ္စယော။ ဧသ နယော သေသေသု လောဘပဋိပက္ခေသု အလောဘေသု၊ ဒေါသပဋိပက္ခေသု

www.dhammaransi.com



အဒေါသဿေ၊ မောဟပဋိပက္ခဿ အမောဟဿ စ။

တတ္ထ ရုက္ခမူလာနိ ဝိယ အလောဘော လောဘာနေယျဝတ္ထုသ္မိံ လောဘံ ပဟာယ လောဘဝိဝေကသုခရသံ ဝမေ့ တွာ တေန သုခေန သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တော ဝိယ ယာဝ ဈာနသမာပတ္တိသုခါ ဝါ ယာဝ မဂ္ဂဖလသုခါ ဝါ ဝမှ ဂပေတိ။ တထာ အဒေါသော စ ဒေါသနေယျဝတ္ထုသ္မိံ ဒေါသဝိဝေကသုခရသံ ဝမေ့ တွာ၊ အမောဟော စ မောဟနေယျဝတ္ထုသ္မိံ မောဟဝိဝေကသုခရသံ ဝမေ့ တွာတိ ဝတ္တဗ္ဗံ။ ဧဝံ ဝမှ ဂပေန္တာ တယော ဓမ္မာ ကုသလေသု ဓမ္မေသု သမ္ပယုတ္တဓမ္မေ မောဒမာနေ ပမောဒမာနေ ကရောန္တော ဝိယ စိရကာလံပိ ပဝတ္တေန္တိ။ သမ္ပယုတ္တဓမ္မာ စ တထာ ပဝတ္တန္တိ။ သမ္ပယုတ္တဓမ္မေသု စ တထာ ပဝတ္တမာနေသု သဟဇာတရူပကလာပါပိ တထာ ပဝတ္တန္တိယေဝ။

တတ္ထ လောဘဝိဝေကသုခရသန္တိ ဝိဝိစ္စနံ ဝိဂမနံ ဝိဝေကော။ လောဘဿ ဝိဝေကော လောဘဝိဝေကော။ လောဘဝိဝေကေ သုခံ လောဘဝိဝေကသုခံ။ လောဘဝိဝေကံ ပဋိစ္စ ဥပ္ပန္နသုခန္တိ ဝုတ္တံ ဟောတိ။ တဒေဝ ရသော လောဘဝိဝေကသုခရသောတိ သမာသော။ အယံ အဘိဓမ္မေ ပဋ္ဌာနနယော။

သုတ္တန္တနယော ပန အဝိဇ္ဇာသင်္ခါတော မောဟော စ တဏှာသင်္ခါတော လောဘော စာတိ ဒွေ ဓမ္မာ သဗ္ဗေသံပိ ဝဋ္ဋဒုက္ခဓမ္မာနံ မူလာနိ ဟောန္တိ။ ဒေါသော ပန လောဘဿ နိဿန္ဒဘူတံ ပါပမူလံ ဟောတိ။ ဝိဇ္ဇာသင်္ခါတော အမောဟော စ နိက္ခမဓာတုသင်္ခါတော အလောဘော စာတိ ဒွေ ဓမ္မာ ဝိဝဋ္ဋဓမ္မာနံ မူလာနိ ဟောန္တိ။ အဒေါသော ပန အလောဘဿ နိဿန္ဒဘူတံ ကလျာဏမူလံ ဟောတိ။ ဧဝံ ဆဗ္ဗိဓာနိ မူလာနိ သဟဇာတာနံပိ အသဟဇာတာနံပိ နာမရူပဓမ္မာနံ ပစ္စယာ ဟောန္တီတိ။ အယံ သုတ္တန္တေသု နယော။ ။ ဟေတုပစ္စယဒီပနာ နိဋ္ဌိတာ။

## ၂– အာရမ္မဏပစ္စယော

ကတမော အာရမ္မဏပစ္စယော။ သဗ္ဗေပိ စိတ္တစေတသိကာ ဓမ္မာ သဗ္ဗေပိ ရူပဓမ္မာ သဗ္ဗံပိ နိဗ္ဗာနံ သဗ္ဗာပိ ပညတ္တိယော အာရမ္မဏပစ္စယော။ န ဟိ သော

www.dhammaransi.com



နာမ ဧကောပိ ဓမ္မော အတ္ထိ၊ စိတ္တစေတသိကာနံ အာရမ္မဏံ န ဟောတိ။ သင်္ခေပတော ပန အာရမ္မဏံ ဆဗ္ဗိဓံ ဟောတိ ရူပါရမ္မဏံ သဒ္ဒါရမ္မဏံ ဂန္ဓာရမ္မဏံ ရသာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ ဓမ္မာရမ္မဏန္တိ။

ကတမေ ဓမ္မာ အာရမ္မဏပစ္စယေသ ပစ္စယုပ္ပန္နာ။ သဗ္ဗေပိ စိတ္တစေတသိကာ ဓမ္မာ အာရမ္မဏပစ္စယေသ ပစ္စယုပ္ပန္နာ။ န ဟိ ကိဉ္စိ စိတ္တံ နာမ အတ္ထိ၊ ယံ စိတ္တံ ဘူတေန ဝါ အဘူတေန ဝါ အာရမ္မဏေန ဝိနာ ပဝတ္တတိ။

တတ္ထ ပစ္စုပ္ပန္နံ ရူပါရမ္မဏံ ဒုဝိဓဿ စက္ခုဝိညာဏစိတ္တဿ အာရမ္မဏပစ္စယော။ ပစ္စုပ္ပန္နံ သဒ္ဒါရမ္မဏံ ဒုဝိဓဿ သောတဝိညာဏစိတ္တဿ။ ပစ္စုပ္ပန္နံ ဂန္ဓာရမ္မဏံ ဒုဝိဓဿ ဃာနဝိညာဏစိတ္တဿ။ ပစ္စုပ္ပန္နံ ရသာရမ္မဏံ ဒုဝိဓဿ ဇိဝှါဝိညာဏစိတ္တဿ။ ပစ္စုပ္ပန္နံ တိဝိဓံ ဖောဋ္ဌဗ္ဗာရမ္မဏံ ဒုဝိဓဿ ကာယဝိညာဏစိတ္တဿ။ ပစ္စုပ္ပန္နာနိ တာနိ ပဉ္စာရမ္မဏာနိ တိဝိဓဿ မနောဓာတုစိတ္တဿ အာရမ္မဏပစ္စယော။ သဗ္ဗာနိ တာနိ အတီတာနာဂတပစ္စုပ္ပန္နာနိ ပဉ္စာရမ္မဏာနိ ဝါ သဗ္ဗာနိ တေကာလိကာနိ ကာလဝိမုတ္တာနိ ဓမ္မာရမ္မဏာနိ ဝါ ဆ သတ္တတိဝိဓာနံ မနောဝိညာဏစိတ္တာနံ ယထာရဟံ အာရမ္မဏပစ္စယော။

ကေနဋ္ဌေန အာရမ္မဏံ၊ ကေနဋ္ဌေန ပစ္စယောတိ။ စိတ္တစေတသိကေဟိ အာလမ္ဗိတဗ္ဗဋ္ဌေန အာရမ္မဏံ၊ ဥပကာရကဋ္ဌေန ပစ္စယောတိ။

အာလမ္ဗိတဗ္ဗဋ္ဌေနာတိ စေတ္ထ အာလမ္ဗဏကိရိယာ နာမ စိတ္တစေတသိကာနံ အာရမ္မဏဂ္ဂဟဏကိရိယာ၊ အာရမ္မဏုပါဒါနကိရိယာ။

ယထာ ဟိ လောကေ အယောဓာတုံ ကာမေတိ ဣစ္ဆတီတိ အဋ္ဌေန အယောကန္တကော နာမ လောဟဓာတုဝိသေသော အတ္ထိ။ သော အယောခဏ္ဍသမီပံ သမ္ပတ္တော တံ အယောခဏ္ဍံ ကာမေန္တော ဝိယ ဣစ္ဆန္တော ဝိယ အယောခဏ္ဍာဘိမုခေါ စဉ္စလတိ။ သယံ ဝါ တံ အယောခဏ္ဍံ ဥပဂစ္ဆတိ။ အယောခဏ္ဍံ ဝါ အတ္တာဘိမုခံ အာကဍ္ဎတိ၊ အယောခဏ္ဍော တဒဘိမုခေါ စဉ္စလတိ၊ တံ ဝါ ဥပဂစ္ဆတိ။ အယံ အယောကန္တကဿ အာလမ္ဗဏကိရိယာ နာမ။ ဧဝမေဝ စိတ္တစေတသိကာနံ အာရမ္မဏေသု အာလမ္ဗဏကိရိယာ ဒဋ္ဌဗ္ဗာ။ န ကေဝလံ အာရမ္မဏေသု အာလမ္ဗဏမတ္တံ ဟောတိ။ အထ ခေါ စိတ္တစေတသိကာ ဓမ္မာ သတ္တသန္တာနေ

www.dhammaransi.com



ဥပ္ပဇ္ဇမာနာ ဆသု ဒွါရေသု အာရမ္မဏာနံ အာပါတာဂမနေ ဧဝ ခဏေ ခဏေ ဥပ္ပဇ္ဇန္တိ။ ဥပ္ပဇ္ဇိတွာ စ ခဏေ ခဏေ နိရုဇ္ဈန္တိ။

ယထာ တံ ဘေရိတလေ ဘေရိသဒ္ဒါ ဥပ္ပဇ္ဇမာနာ တတ္ထ တတ္ထ ဟတ္ထေန ပဟရဏကာလေ ဧဝ ခဏေ ခဏေ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပဇ္ဇိတွာ စ ခဏေ ခဏေ နိရုဇ္ဈန္တိ။ ဝီဏာသဒ္ဒါ ဥပ္ပဇ္ဇမာနာ ဝီဏာတန္တီသု တတ္ထ တတ္ထ ဝီဏာဒဏ္ဍကေန ပဟရဏကာလေ ဧဝ ခဏေ ခဏေ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပဇ္ဇိတွာ စ ခဏေ ခဏေ နိရုဇ္ဈန္တီတိ။ နိဒ္ဒါယန္တဿ ဘဝင်္ဂစိတ္တပ္ပဝတ္တိကာလေပိ ပုဗ္ဗဘဝေ မရဏာသန္နကာလေ ဆသု ဒွါရေသု အာပါတမာဂတာနိ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တာနိ ဧဝ ဘဝင်္ဂစိတ္တာနံ အာရမ္မဏပစ္စယောတိ။ ။ အာရမ္မဏပစ္စယဒီပနာ နိဋ္ဌိတာ။

## ၃- အဓိပတိပစ္စယော

ဒုဝိဓော အဓိပတိပစ္စယော အာရမ္မဏာဓိပတိပစ္စယော သဟဇာတာဓိပတိပစ္စယော စ။ တတ္ထ ကတမော အာရမ္မဏာဓိပတိပစ္စယော။ အာရမ္မဏပစ္စယေ ဝုတ္တေသု အာရမ္မဏေသု ယာနိ အာရမ္မဏာနိ အတိဣဋ္ဌာနိ ဟောန္တိ အတိကန္တာနိ အတိမနာပါနိ ဂရုကတာနိ။ တာနိ အာရမ္မဏာနိ အာရမ္မဏာဓိပတိပစ္စယော။ တတ္ထ အတိဣဋ္ဌာနီတိ သဘာဝတော ဣဋ္ဌာနိ ဝါ ဟောန္တု၊ အနိဋ္ဌာနိ ဝါ၊ တေန တေန ပုဂ္ဂလေန အတိဣစ္ဆိတာနိ အာရမ္မဏာနိ ဣမ အတိဣဋ္ဌာနိ နာမ။

တာနိ ပန ဓမ္မတော ဒွေ ဒေါသမူလစိတ္တုပ္ပါဒေ စ ဒွေ မောမူဟစိတ္တုပ္ပါဒေ စ ဒုက္ခသဟဂတကာယဝိညာဏစိတ္တုပ္ပါဒေ စ ဌပေတွာ အဝသေသာနိ သဗ္ဗာနိ ကာမာဝစရစိတ္တစေတသိကာနိ စ ရူပါရူပလောကုတ္တရစိတ္တစေတသိကာနိ စ သဗ္ဗာနိ အတိဣဋ္ဌရူပါနိ စ ဟောန္တိ။

တေသုပိ ကာမာရမ္မဏာနိ ဂရုံ ကရောန္တဿေဝ အာရမ္မဏာဓိပတိပစ္စယော။ ဂရုံ အကရောန္တဿ အာရမ္မဏာဓိပတိပစ္စယော န ဟောတိ။ ဈာနလာဘိနော ပန အတ္တနာ ပဋိလဒ္ဓါနိ မဟဂ္ဂတဈာနာနိ အရိယသာဝကာ စ အတ္တနာ ပဋိလဒ္ဓေ လောကုတ္တရဓမ္မေ ဂရုံ အကရောန္တာ နာမ နတ္ထိ။

ကတမေ ဓမ္မာ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။ အဋ္ဌ လောဘမူလစိတ္တာနိ

www.dhammaransi.com



အဋ္ဌ ကာမာဝစရကုသလစိတ္တာနိ စတ္တာရိ ကာမာဝစရဉာဏသမ္ပယုတ္တကိရိယစိတ္တာနိ အဋ္ဌ လောကုတ္တရစိတ္တာနိ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။

တတ္ထ လောကိယာနိ ဆဋ္ဌာရမ္မဏာနိ လောဘမူလစိတ္တာနံ ပစ္စယော။ သတ္တရသ လောကိယကုသလာနိ စတုန္နံ ဉာဏဝိပ္ပယုတ္တကုသလာနံ။ တာနိ ကုသလာနိစေဝ ဟေဋ္ဌိမမဂ္ဂဖလာနိ စ နိဗ္ဗာနဉ္စ စတုန္နံ ဉာဏသမ္ပယုတ္တကိရိယာနံ။ နိဗ္ဗာနံ အဋ္ဌန္နံ လောကုတ္တရစိတ္တာနန္တိ။

ကေနဋ္ဌေန အာရမ္မဏံ၊ ကေနဋ္ဌေန အဓိပတိ။ အာလမ္ဗိတဗ္ဗဋ္ဌေန အာရမ္မဏံ၊ အာဓိပစ္စဋ္ဌေန အဓိပတိ။ ကော အာဓိပစ္စဋ္ဌော။ အတ္တာနံ ဂရုံ ကတွာ ပဝတ္တေသု စိတ္တစေတသိကေသု ဂ္ဂုဿရဘာဝေါ အာဓိပစ္စဋ္ဌော။ လောကေ သာမိကာ ဝိယ အာရမ္မဏာဓိပတိပစ္စယဓမ္မာ ဒဋ္ဌဗ္ဗာ၊ ဒါသာ ဝိယ ပစ္စယုပ္ပန္နဓမ္မာ ဒဋ္ဌဗ္ဗာ။

သုတသောမဇာတကေ ရာဇာ ပေါရိသာဒေါ မနုဿမံသံ ဂရုံ ကရောန္တော မနုဿမံသဟေတု ရဇ္ဇံ ပဟာယ အရညေ ဝိစရတိ။ ကတ္ထ မနုဿမံသေ ဂန္ဓရသဓမ္မာ အာရမ္မဏာဓိပတိပစ္စယော။ ရညော ပေါရိသာဒဿ လောဘမူလစိတ္တံ ပစ္စယုပ္ပန္နဓမ္မော။ ရာဇာ သုတသောမော သစ္စဓမ္မံ ဂရုံ ကတွာ သစ္စဓမ္မဟေတု ရဇ္ဇသမ္ပတ္တိဉ္စ ဉာတိသံဃဉ္စ အတ္တနော ဇီဝိတဉ္စ ဆဍ္ဍေတွာ ပုန ရညော ပေါရိသာဒဿ ဟတ္ထံ ဥပဂတော။ တတ္ထ သစ္စဓမ္မော အာရမ္မဏာဓိပတိပစ္စယော။ ရညော သုတသောမဿ ကုသလစိတ္တံ ပစ္စယုပ္ပန္နဓမ္မော။ သေ နယော သဗ္ဗေသု ဂရုကတေသု အာရမ္မဏေသု။

ကတမော သဟဇာတာဓိပတိပစ္စယော။ အဓိပတိဘာဝံ ပတ္တာ စတ္တာရော ဓမ္မာ အဓိပတိပစ္စယော၊ ဆန္ဒော စိတ္တံ ဝီရိယံ ဝီမံသာ။

ကတမေ ဓမ္မာ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။ အဓိပတိသမ္ပယုတ္တာ စိတ္တစေတသိကာ စ အဓိပတိသမုဋ္ဌိတာ စိတ္တဇရူပဓမ္မာ စ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။

ကေနဋ္ဌေန သဟဇာတော၊ ကေနဋ္ဌေန အဓိပတိ။ သဟုပ္ပါဒနဋ္ဌေန သဟဇာတော၊ သဟဇာတာနံ ဓမ္မာနံ အဘိဘဝနဋ္ဌေန အဓိပတိ။ တတ္ထ

www.dhammaransi.com



သဟုပ္ပါဒနဋ္ဌေနာတိ ယော ဓမ္မော သယံ ဥပ္ပဇ္ဇမာနော အတ္တနာ သဟဇာတဓမ္မေ စ အတ္တနာ သဟေဝ ဥပ္ပါဒေတိ၊ တဿ အတ္တနာ သဟဇာတဓမ္မာနံ သဟုပ္ပါဒနဋ္ဌေန။

အဘိဘဝနဋ္ဌေနာတိ အဇ္ဈောတ္ထရဏဋ္ဌေန။ ယထာ ရာဇာ စက္ကဝတ္တိ အတ္တနော ပုညိဒ္ဓိယာ သကလဒီပဝါသိနော အဘိဘဝန္တော အဇ္ဈောတ္ထရန္တော အတ္တနော ဝသေ ဝတ္တာပေတိ၊ သကလဒီပဝါသိနော စ တဿ ဝသေ ဝတ္တန္တိ။ တထာ အဓိပတိဋ္ဌာနပတ္တာ ဣမေ စတ္တာရော ဓမ္မာ အတ္တနော အတ္တနော ဝိသယေ သဟဇာတဓမ္မေ အဘိဘဝန္တာ အဇ္ဈောတ္ထရန္တာ အတ္တနော ဝသေ ဝတ္တာပေန္တိ၊ သဟဇာတဓမ္မာ စ တေသံ ဝသေ ဝတ္တန္တိ။ ယထာ ဝါ သိလာထမ္ဘော ပထဝီဓာတု ဥဒကက္ခန္ဓေ အာပေါဓာတု အဂ္ဂိက္ခန္ဓေ တေဇောဓာတု ဝါတက္ခန္ဓေ ဝါယောဓာတု အတ္တနာ သဟဇာတာ တိဿော ဓာတုယော အဘိဘဝန္တာ အဇ္ဈောတ္ထရန္တာ အတ္တနာ ဂတိံ ဂမာပေန္တိ၊ သဟဇာတဓာတုယော စ တာသံ ဂတိံ ဂစ္ဆန္တိ။ ဧဝမေဝ အဓိပတိဋ္ဌာနပတ္တာ ဣမေ စတ္တာရော ဓမ္မာ အတ္တနော ဗလေန သဟဇာတဓမ္မေ အတ္တနော ဂတိံ ဂမာပေန္တိ၊ သဟဇာတဓမ္မာ စ တေသံ ဂတိံ ဂစ္ဆန္တိ။ ဧဝံ သဟဇာတဓမ္မာနံ အဘိဘဝနဋ္ဌေန။

ဧတ္ထ ဝဒေယျုံ၊ ယဒိ သဟဇာတဓမ္မာနံ အဘိဘဝနဋ္ဌေန အဓိပတိ နာမ သိယာ။ ဧဝံ သတိ တိဋ္ဌတု ဆန္ဒော၊ လောဘော ဧဝ အဓိပတိ နာမ သိယာ၊ သော ဟိ ဆန္ဒတောပိ ဗလဝတရော ဟုတွာ သဟဇာတဓမ္မေ အဘိဘဝန္တော ပဝတ္တတီတိ။ ဝုစ္စတေ၊ ဗာလပုထုဇ္ဇနေသု ဧဝ လောဘော ဆန္ဒတော ဗလဝတရော ဟောတိ၊ ပဏ္ဍိတေသု ပန ဆန္ဒော ဧဝ လောဘတော ဗလဝတရော ဟုတွာ သဟဇာတဓမ္မေ အဘိဘဝန္တော ပဝတ္တတိ။ သစေ ဟိ လောဘော ဧဝ ဆန္ဒတော ဗလဝတရော သိယာ၊ ကထံ ဣမေ သတ္တာ လောဘဿ ဟတ္ထဂတာ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိယော ဆဍ္ဍေတွာ နေက္ခမ္မဓမ္မေ ပူရေတွာ ဝဋ္ဋဒုက္ခတော နိဿရေယျုံ။ ယသ္မာ ပန ဆန္ဒော ဧဝ လောဘတော ဗလဝတရော ဟောတိ၊ တသ္မာ ဣမေ သတ္တာ လောဘဿ ဟတ္ထဂတာ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိယော ဆဍ္ဍေတွာ နေက္ခမ္မဓမ္မေ ပူရေတွာ ဝဋ္ဋဒုက္ခတော နိဿရန္တိ။ တသ္မာ ဆန္ဒော ဧဝ

www.dhammaransi.com



လောဘာတော ဗလဝတရော ဟောတိ၊ ဆန္ဒော ဧဝ အဓိပတိ၊ န လောဘောတိ။ ဧသ နယော ဒေါသာဒီသုပီတိ။

တတ္ထ လောကေ မဟန္တေသု သုဒုက္ကရေသု ပုရိသကမ္မေသု ပစ္စုပဋ္ဌိတေသု ကူမေ စတ္တာရော ဓမ္မာ ကမ္မသိဒ္ဓိယာ သံဝတ္တန္တိ။ ကထံ။

ဟီနစ္ဆန္ဒာ ဗဟုဇ္ဇနာ မဟန္တာနိ သုဒုက္ကရာနိ ပုရိသကမ္မာနိ ဒိသွာ နိဝတ္တစ္ဆန္ဒာ ဟောန္တိ၊ ကာတုံ န ဣစ္ဆန္တိ၊ အမှာကံ အဝိသယောတိ နိရပေက္ခာ ဌပေန္တိ။ ဆန္ဒာဓိကော ပန တာဒိသာနိ ပုရိသကမ္မာနိ ဒိသွာ ဥဂ္ဂတစ္ဆန္ဒော ဟောတိ၊ အတိပိယ ကာတုံ ဣစ္ဆတိ၊ မမ ဝိသယော ဧသောတိ အဓိဋ္ဌာနံ ဂစ္ဆတိ။ သော ဆန္ဒေန အဘိကင်္ခိတော ယာဝ တံ ကမ္မံ န သိဇ္ဈတိ၊ တာဝ အန္တရာ တံ ကမ္မံ ဆဍ္ဍေတုံ န သက္ကောတိ။ ဝေဠု သတိ အတိမဟန္တံပိ တံ ကမ္မံ ကေသိဉ္စိ ကာလေ သိဒ္ဓံ ဘဝိဿတိ။

ဟီနဝီရိယာ စ ဗဟုဇ္ဇနာ တာဒိသာနိ ကမ္မာနိ ဒိသွာ နိဝတ္တဝီရိယာ ဟောန္တိ၊ ဣဒံ မေ ကမ္မံ ကရောန္တဿ ဗဟုံ ကာယဒုက္ခံ ဝါ စေတောဒုက္ခံ ဝါ ဘဝိဿတီတိ နိဝတ္တန္တိ။ ဝီရိယာဓိကော ပန တာဒိသာနိ ပုရိသကမ္မာနိ ဒိသွာ ဥဂ္ဂတဝီရိယော ဟောတိ၊ ဣဒါနေဝ ဥဋ္ဌဟိတွာ ကာတုံ ဣစ္ဆတိ။ သော စိရကာလံပိ တံ ကမ္မံ ကရောန္တော ဗဟုံ ကာယဒုက္ခံ ဝါ စေတောဒုက္ခံ ဝါ အနုဘဝန္တောပိ တသ္မိံ ကမ္မဝီရိယေ န နိဗ္ဗိန္ဒတိ၊ မဟန္တေန ကမ္မဝီရိယေန ဝိနာ ဘဝိတုံ န သက္ကောတိ၊ တာဒိသေန ဝီရိယေန ရတ္တိဒိဝံ ခေပေန္တော စိတ္တသုခံ ဝိန္ဒတိ။ ဝေဠု သတိ အတိမဟန္တံပိ တံ ကမ္မံ ကေသိဉ္စိ ကာလေ သိဒ္ဓံ ဘဝိဿတိ။

ဟီနစိတ္တာ စ ဗဟုဇ္ဇနာ တာဒိသာနိ ကမ္မာနိ ဒိသွာ နိဝတ္တစိတ္တာ ဟောန္တိ၊ ပုန အာရမ္မဏံပိ န ကရောန္တိ။ စိတ္တာဓိကော ပန တာဒိသာနိ ကမ္မာနိ ဒိသွာ ဥဂ္ဂတစိတ္တော ဟောတိ၊ စိတ္တံ ဝိနောဒေတုံပိ န သက္ကောတိ၊ နိစ္စကာလံ တတ္ထ နိဗဒ္ဓစိတ္တော ဟောတိ။ သော စိတ္တဝသိကော ဟုတွာ စိရကာလံပိ တံ ကမ္မံ ကရောန္တော ဗဟုံ ကာယဒုက္ခံ ဝါပိတိအာဒိနာ ဆန္ဒာဓိပတိနယေန ဝတ္တဗ္ဗံ။

မန္ဒပညာ စ ဗဟုဇ္ဇနာ တာဒိသာနိ ကမ္မာနိ ဒိသွာ နိဝတ္တပညာ ဟောန္တိ၊ ကမ္မာနံ အာဒိံပိ န ပဿန္တိ၊ အန္တံပိ န ပဿိ၊ အန္ဓကာရေ ပဝိသန္တာ ဝိယ

www.dhammaransi.com



ဟောန္တိ၊ တာနိ ကမ္မာနိ ကာတုံ စိတ္တံပိ န နမတိ။ ပညာဓိကော ပန တာဒိသာနိ ကမ္မာနိ ဒိသွာ ဥဂ္ဂတပညော ဟောတိ၊ ကမ္မာနံ အာဒိံပိ ပဿတိ၊ အန္တံပိ ပဿတိ၊ ဖလံပိ ပဿတိ၊ အာနိသံသံပိ ပဿတိ။ သုခေန ကမ္မသိဒ္ဓိယာ နာနာဥပါယံပိ ပဿတိ။ သော စိရကာလံပိ တံ ကမ္မံ ကရောန္တောတိအာဒိနာ ဝီရိယာဓိပတိနယေန ဝတ္တဗ္ဗံ။ ဣဓ ပန မဟတိယာ ကမ္မဝိမံသာယာတိ စ တာဒိသိယာ ကမ္မဝိမံသာယာတိ စ ဝတ္တဗ္ဗံ။

ဧဝံ လောကေ မဟန္တေသု သုဒုက္ကရေသု ပုရိသကမ္မေသု ပစ္စုပဋ္ဌိတေသု ဣမေ စတ္တာရော ဓမ္မာ ကမ္မသိဒ္ဓိယာ သံဝတ္တန္တိ။ ဣမေသဉ္စ စတုန္နံ အဓိပတီနံ ဝိဇ္ဇမာနတ္တာ လောကေ ပုရိသဝိသေသာ နာမ ဒိဿန္တိ၊ သဗ္ဗညုဗုဒ္ဓါ နာမ ဒိဿန္တိ၊ သဗ္ဗညုဗောဓိသတ္တာ နာမ ဒိဿန္တိ၊ ပစ္စေကဗုဒ္ဓါ နာမ ဒိဿန္တိ၊ ပစ္စေကဗောဓိသတ္တာ နာမ ဒိဿန္တိ၊ အဂ္ဂသာဝကာ နာမ မဟာသာဝကာ နာမ သာဝကဗောဓိသတ္တာ နာမ ဒိဿန္တိ။ လောကေပိ ဧဝရူပါနံ ပုရိသဝိသေသာနံ ဝသေန သတ္တလောကဿ အတ္ထာယ ဟိတာယ သုခါယ ပညာသိပ္ပဝိသေသာ စ ပရိဘောဂဝတ္ထုဝိသေသာ စ ဒိဿန္တီတိ။ ။ အဓိပတိပစ္စယဒီပနာ နိဋ္ဌိတာ။

## ၄- အနန္တရပစ္စယော

ကတမော အနန္တရပစ္စယော။ အနန္တရေ ခဏေ နိရုဒ္ဓေါ စိတ္တစေတသိကဓမ္မသမူဟော အနန္တရပစ္စယော။

ကတမော ဓမ္မော အ နန္တရပစ္စယဿ ပစ္စယုပ္ပန္နော။ ပစ္ဆိမေ အနန္တရေ ဧဝ ခဏေ ဥပ္ပန္နော စိတ္တစေတသိကဓမ္မသမူဟော တဿ ပစ္စယဿ ပစ္စယုပ္ပန္နော။

ကေသွိံ ဘဝေ ပဋိသန္ဓိစိတ္တံ ပဌမဘဝင်္ဂစိတ္တဿ အနန္တရပစ္စယော၊ ပဌမဘဝင်္ဂစိတ္တံ ဒုတိယဘဝင်္ဂစိတ္တဿ အနန္တရပစ္စယောတိအာဒိနာ ဝတ္တဗ္ဗော။

ယဒါ ပန ဓမ္မယမကေ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေတိ ဝုတ္တနယေန တဿ သတ္တဿ အတ္တနော အဘိနဝံ အတ္တဘာဝံ အာရဗ္ဘ ဧတံ မမ သောဟမသ္မိ ဧသော မေ အတ္တာတိပဝတ္တံ ဘဝနိကန္တိကတဏှာ-သဟဂတစိတ္တံ ဥပ္ပဇ္ဇတိ။ တဒါ ပဌမံ ဒွိက္ခတ္တုံ ဘဝင်္ဂံ စလတိ။ တတော

www.dhammaransi.com



မနောဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇတိ။ တတော သတ္တဘဝနိကန္တိကဇဝနာနိ ဥပ္ပဇ္ဇန္တိ။ တတော ပရံ ဘဝင်္ဂဝါရော။

အပိ စ သော သတ္တော တဒါ ပစ္စုပ္ပန္နဘဝေ ကိဉ္စိ န ဇာနာတိ၊ ပုဗ္ဗဘဝေ အတ္တနာ အနုဘူတံ အာရမ္မဏံ အနုဿရမာနော အစ္ဆတိ။ ဝတ္ထုဉ္စ ပန အတိဒုဗ္ဗလတ္တာ တဉ္စ အာရမ္မဏံ အပရိဗျတ္တမေဝ ဟောတိ။ တံ အာရဗ္ဘ ဥဒ္ဓစ္စသဟဂတစိတ္တမေဝ ဗဟုလံ ပဝတ္တတိ။

ယဒါ ဂဗ္ဘော ထောကံ ဝုဍ္ဍှိ မာနော ဟောတိ အတိရေကဒွေမာသံ ဂတော၊ တဒါ စက္ခာဒီနိ ဣန္ဒြိယာနိ ပရိပုဏ္ဏာနိ ဟောန္တိ။ ဧဝံ သန္တေပိ မာတုဂဗ္ဘေ အာလောကာဒီနံ ပစ္စယာနံ အဘာဝတော စက္ခုဝိညာဏာဒီနိ စတ္တာရိ ဝိညာဏာနိ နုပ္ပဇ္ဇန္တိ၊ ကာယဝိညာဏမနောဝိညာဏာနိ ဧဝ ဥပ္ပဇ္ဇန္တိ။ သော သတ္တော မာတုယာ ဣရိယာပထပရိဝတ္တနာဒီသု ဗဟူနိ ဒုက္ခဒေါမနဿာနိ ပစ္စာနုဘောတိ။ ဝိဇာယနကာလေ ပန ဘုသံ ဒုက္ခံ နိဂစ္ဆတိယေဝ။ ဝိဇာယိတွာပိ ယာဝ ဝတ္ထုရူပါနိ မုဒူနိ ဟောန္တိ၊ ပရိပါကံ န ဂစ္ဆန္တိ၊ တာဝ သော အတိမန္ဒရူပေါ ဥတ္တာနသေယျကော ဟုတွာ အစ္ဆတိ။ န ကိဉ္စိ ပစ္စုပ္ပန္နံ အာရမ္မဏံ သလ္လက္ခေတိ။ ယေဘုယျေန ပုရိမဘဝါနုသာရီ ဧဝ တဿ ဝိညာဏံ ဟောတိ။ သစေ သော နိရယဘဝတော အာဂတော ဟောတိ၊ သော ဝိရူပမုခဗဟုလော ဟောတိ။ ပုရိမာနိ နိရယာရမ္မဏာနိ အာရဗ္ဘ ခဏေ ခဏေ ဝိရူပါမုခမဿ ပညာယတိ။ အထ ဒေဝလောကတော အာဂတော ဟောတိ၊ ဒိဗ္ဗာနိ အာရမ္မဏာနိ အာရဗ္ဘ ဝိပ္ပသန္နမုခဗဟုလော ဟောတိ၊ ခဏေ ခဏေ မိဟိတမုခမဿ ပညာယတိ။

ယဒါ ပန ဝတ္ထုရူပါနိ တိက္ခာနိ ဟောန္တိ၊ ပရိပါကံ ဂစ္ဆန္တိ၊ ဝိညာဏာနိ စဿ သုဝိသဒါနိ ပဝတ္တန္တိ။ တဒါ အမန္ဒရူပေါ ဟုတွာ ကီဠန္တော လီဠန္တော မောဒန္တော ပမောဒန္တော အစ္ဆသိ။ ပစ္စုပ္ပန္နေ အာရမ္မဏာနိ သလ္လက္ခေတိ။ မာတုဘာသံ သလ္လက္ခေတိ။ ဣမေ လောကာနုသာရီ ဝိညာဏမဿ ဗဟုလံ ပဝတ္တတိ။ ပုရိမဇာတိံ ပမုဿတိ။

ကိံ ပန သဗ္ဗောပိ သတ္တော ဣမသ္မိံ ဌာနေ ဧဝ ပုရိမံ ဇာတိံ ပမုဿတီတိ စေ။ န သဗ္ဗောပိ သတ္တော ဣမသ္မိံ ဌာနေ ဧဝ ပမုဿတိ။ ကောစိ အတိရေကတရံ

www.dhammaransi.com



ဂဏ္ဍဝါသဒုက္ခေန ပရိပီဠိတော ဂဗ္ဘေ ဧဝ ပမုဿတိ။ ကောစိ ဝိဇာယနကာလေ၊ ကောစိ တ္ထမသ္မိံ ဌာနေ ပမုဿတိ။ ကောစိ ဣတော ပရမ္ပိ ဒဟရကာလေ န ပမုဿတိ၊ ဝုဍ္ဍ ကာလေ ဧဝ ပုမုဿတိ။ ကောစိ ယာဝဇီဝံပိ န ပမုဿတိ။ ဒွေ တယော ဘဝေ အနုဿရန္တောပိ အတ္ထိယေဝ။ ဣမေ ဇာတိဿရသတ္တာ နာမ ဟောန္တိ။

တတ္ထ ဝိဇာယနကာလတော ပဋ္ဌာယ ဆဒွါရိကဝီထိစိတ္တာနိ ပဝတ္တန္တိ။ ပစ္ဆုပ္ပန္နာရမ္မဏံ သလ္လက္ခဏတော ပဋ္ဌာယ ဆဒွါရိကဝီထိစိတ္တာနိ ပရိပုဏ္ဏာနိ ပဝတ္တန္တိ။ သဗ္ဗတ္ထပိ ပုရိမံ ပုရိမံ အနန္တရေ နိရုဒ္ဓံ စိတ္တံ ပစ္ဆိမဿ ပစ္ဆိမဿ အနန္တရေ ဥပ္ပန္နဿ စိတ္တဿ အနန္တရပစ္စယော ဟောတိ။ အယဉ္စ အနန္တရပစ္စယော နာမ အနမတဂ္ဂေ သံသာရေ ကေဿ သတ္တဿ ကေပ္ပဗန္ဓာ ဧဝ ဟောတိ။ ယဒါ သတ္တော အရဟတ္တမဂ္ဂံ လဘိတွာ ခန္ဓပရိနိဗ္ဗာနံ ပါပုဏာတိ၊ တဒါ ဧဝ သောပဗန္ဓော ဆိဇ္ဇတိ။

ကေနဋ္ဌေန အနန္တရော၊ ကေနဋ္ဌေန ပစ္စယောတိ။ အတ္တနော အနန္တရေ အတ္တသဒိသဿ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေန အနန္တရော၊ ဥပကာရကဋ္ဌေန ပစ္စယော။ တတ္ထ အ တ္တသဒိသဿာတိ သာရမ္မဏဘာဝေန အတ္တနာ သဒိသဿ။ သာရမ္မဏဘာဝေနာတိ စ ယော ဓမ္မော အာရမ္မဏေန ဝိနာ န ပဝတ္တတိ၊ သော သာရမ္မဏော နာမ၊ ဧဝံ သာရမ္မဏဘာဝေန။ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေနာတိ ပုရိမသ္မိံ စိတ္တေ နိရုဒ္ဓေပိ တဿ စိတ္တနကိရိယာဝေဂေါ န ဂူပသမ္မတိ။ ပစ္ဆိမံ စိတ္တံ ဥပ္ပါဒေတွာ ဧဝ ဂူပသမ္မတိ၊ ဧဝံ ပစ္ဆိမဿ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေန။

တတ္ထ ပုရိမာ ပုရိမာ မာတုပရမ္ပရာ ဝိယ အနန္တရပစ္စယပရမ္ပရာ ဒဋ္ဌဗ္ဗာ။ ပစ္ဆိမာ ပစ္ဆိမာ ဓီတုပရမ္ပရာ ဝိယ တဿ ပစ္စယုပ္ပန္နပရမ္ပရာ ဒဋ္ဌဗ္ဗာ။ ဧဝံ သန္တေ အရဟန္တာနံ သဗ္ဗပစ္ဆိမံ ပရိနိဗ္ဗာနစိတ္တမ္ပိ ပုန ပဋိသန္ဓိစိတ္တသင်္ခါတံ ဓမ္မန္တရံ ဥပ္ပါဒေယျာတိ။ န ဥပ္ပါဒေယျ။ ကသ္မာ၊ တဒါ ကမ္မကိလေသဝေဂါနံ သဗ္ဗသော ပဋိပ္ပဿဒ္ဓိဘာဝေန အစ္စန္တသန္တတရတ္တာ တဿ စိတ္တဿာတိ။ ။

အနန္တရပစ္စယဒီပနာ နိဋ္ဌိတာ။

မိခင်ရောဝတီ

www.dhammaransi.com



# ၅- သမနန္တရပစ္စယော

ပစ္စယဓမ္မဝိဘာဂေါ စ ပစ္စယုပ္ပန္နဓမ္မဝိဘာဂေါစ အနန္တရပစ္စယသဒိသော။

ကေနဋ္ဌေန သမနန္တရောတိ။ သုဋ္ဌု အနန္တရဋ္ဌေန သမနန္တရော။ ယထာ သိလာထမ္ဘာဒီသု ရူပကလာပါ ကောဗဒ္ဓါ သမာနာပိ ရူပဓမ္မဘာဝေန သဏ္ဌာနဇာတိကတ္တာ မဇ္ဈေ ပရိစ္ဆေဒရူပသဟိတာ ဧဝ ဟောန္တိ။ ဒွိန္နံ ရူပကလာပါနံ မဇ္ဈေ အန္တရံ နာမ ဝိဝရံ နာမ အတ္ထိယေဝ။ န တထာ ပုရိမပစ္ဆိမာနံ ဒွိန္နံ စိတ္တစေတသိကကလာပါနံ မဇ္ဈေ။ တေ ပန အရူပဓမ္မဘာဝေန အသဏ္ဌာနဇာတိကတ္တာ မဇ္ဈေ ပရိစ္ဆေဒဓမ္မသုဉ္ဉာ နာမ ကဿစိ အာကာသဝိဝရဿ အဘာဝတော သဗ္ဗသော အန္တရရဟိတာ ဧဝ ဟောန္တိ။ လောကဿပိ ဒွိန္နံ ကလာပါနံ အန္တရံ နာမ န ဒိဿတိ။ တတော ဧကမေ သတ္တာ စိတ္တံ နာမ နိစ္စံ ဓုဝံ ထာဝရံ အဝိပရိဏာမဓမ္မန္တိ ဧဝံ စိတ္တေ နိစ္စသညိနော ဟောန္တိ။ ဧဝံ သုဋ္ဌု အနန္တရဋ္ဌေန သမနန္တရော။ အ နန္တရဋ္ဌေနာတိစ အတ္တနော အနန္တရေ အတ္တသဒိသဿ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေနာတိ ပုဗ္ဗေ ဝုတ္တမေဝ။

ဧဝံ သန္တေ နိရောဓသမာပတ္တိကာလေ ပုရိမစိတ္တံ နာမ နေဝသညာနာသညာယတနစိတ္တံ၊ ပစ္ဆိမစိတ္တံ နာမ အရိယဖလစိတ္တံ၊ ဒွိန္နံ စိတ္တာနံ အန္တရေ ကေရတ္တိဒိဝမ္ပိ ဒွေရတ္တိဒိဝါနိပိ။ လ။ သတ္တရတ္တိဒိဝါနိပိ အစိတ္တကော ဟောတိ။ အသညသတ္တဘူမိယံပိ ပုရိမေ ကာမဘဝေ စုတိစိတ္တံ ပုရိမစိတ္တံ နာမ။ ပစ္ဆိမေ ကာမဘဝေ ပဋိသန္ဓိစိတ္တံ ပစ္ဆိမစိတ္တံ နာမ၊ ဒွိန္နံ စိတ္တာနံ အန္တရေ အသညသတ္တဘဝေ ပဉ္စကပ္ပသတာနိ ပုဂ္ဂလော အစိတ္တကော တိဋ္ဌတိ။ တတ္ထ ဒွေ ပုရိမစိတ္တာနိ အတ္တနော အနန္တရေ အတ္တသဒိသဿ ဓမ္မန္တရဿ ဥပ္ပါဒနပစ္စယသတ္တိရဟိတာနိ ဟောန္တီတိ။ န ဟောန္တိ။ မဟာဗလ္ဗေဟိ ပန ဘာဝနာပဏိဓိဗလေဟိ ပဋိဗာဟိတတ္တာ ပုရိမစိတ္တာနိ စ နိရုဇ္ဈမာနာနိ အနန္တရေ ဓမ္မန္တရဿ ဥပ္ပါဒနသတ္တိသဟိတာနိ ဧဝ နိရုဇ္ဈန္တိ။ ပစ္ဆိမစိတ္တာနိ စ ဥပ္ပဇ္ဇမာနာနိ တသ္မိံ ခဏေ ကောဗဒ္ဓဘာဝေန အနုပ္ပဇ္ဇိတွာ စိရကာလေ ဧဝ ဥပ္ပဇ္ဇန္တိ။ န စ တွေကမတ္တေန ပုရိမစိတ္တာနံ အနန္တရေ ဓမ္မန္တရဿ ဥပ္ပါဒနသတ္တိနာမ နတ္ထီတိ စ၊ တေ အနန္တရပစ္စယဓမ္မာ နာမ န ဟောန္တီတိ စ သက္ကာ ဝတ္တုံ။ ယထာ တံ

www.dhammaransi.com



ရညော ယောဓာ နာမ အတ္ထိ၊ ကဒါစိ ရာဇာ ကာလံ ဉတွာ တုမှေ ဣဒါနိ မာယုဇ္ဈထ၊ ယုဒ္ဓကာလော န ဟောတိ၊ အ သုကသ္မိံ ကာလေ ဧဝ ယုဇ္ဈထာတိ ဝဒေယျ။ တေ စ တဒါ အယုဇ္ဈမာနာ ဝိစရေယျုံ။ ဧဝံ သန္တေပိ တေသံ ယုဇ္ဈနသတ္တိ နာမ နတ္ထီတိ စ၊ တေ ယောဓာ နာမ န ဟောန္တီတိ စ – နသက္ကာ ဝတ္တုန္တိ။

ဧတ္ထ ဝဒေယျုံ၊ ဣမသ္မိံ ပစ္စယေ တေ ပန အရူပဓမ္မဘာဝေန အသဏ္ဌာနဇာတိကတ္တာ မဇ္ဈေ ပရိစ္ဆေဒဓမ္မဿ နာမ ကဿစိ အဘာဝတော သဗ္ဗသော အန္တရရဟိတာ ဧဝ ဟောန္တီတိ ဝုတ္တံ။ ဧဝံ သန္တေ ပုဗ္ဗေ အာရမ္မဏပစ္စယေ ဘေရိသဒ္ဒဝိဏာသဒ္ဒေါပမာဟိ ယော စိတ္တာနံ ခဏေ ခဏေ ဥပ္ပါဒေါ စ နိရောဓော စ ဝုတ္တော၊ သော အမှေဟိ ကထံ ပစ္စေတဗ္ဗောတိ။ အညမညဝိရုဒ္ဓါနံ နာနာစိတ္တာနံ ခဏမတ္တေပိ ပုဗ္ဗာပရပရိဝတ္တနဿ လောကေ ပညာယနတော။ အယမတ္ထော ပုဗ္ဗေ စိတ္တယမကဒီပနိယံ ဝိတ္ထာရတော ဝုတ္တောယေဝါတိ။ ။ သမနန္တရပစ္စယဒီပနာ နိဋ္ဌိတာ။

## ၆– သဟဇာတပစ္စယော

ပစ္စယဓမ္မဝိဘာဂေါစ ပစ္စယုပ္ပန္နဓမ္မဝိဘာဂေါစ ဝုစ္စတိ။ ဧကတော ဥပ္ပန္နာ သဗ္ဗေပိ စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတပစ္စယာ စ ဟောန္တိ သဟဇာတပစ္စယုပ္ပန္နာ စ။ ပဋိသန္ဓိနာမက္ခန္ဓာ စ ပဋိသန္ဓိသဟဇာတံ ဟဒယဝတ္ထု စ အညမညံ သဟဇာတပစ္စယာ စ ဟောန္တိ သဟဇာတပစ္စယုပ္ပန္နာ စ။ သဗ္ဗာနိ မဟာဘူတာနိပိ အညမညံ သဟဇာတပစ္စယာ စ ဟောန္တိ ပစ္စယုပ္ပန္နဓမ္မာ စ။ ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏေ သဗ္ဗာနိ ကမ္မဇရူပါနိ စ ပဝတ္တိကာလေ တဿ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ တေန တေန စိတ္တေန ဇာတာနိ သဗ္ဗာနိ စိတ္တဇရူပါနိ စ သဟဇာတစိတ္တဿ ပစ္စယုပ္ပန္နာနိ နာမ။ သဗ္ဗာနိ ဥပါဒါရူပါနိ သဟဇာတမဟာဘူတာနံ ပစ္စယုပ္ပန္နာနိ နာမ။

ကေနဋ္ဌေန သဟဇာတော၊ ကေနဋ္ဌေန ပစ္စယော။ သဟဇာနနဋ္ဌေန သဟဇာတော၊ ဥပကာရကဋ္ဌေန ပစ္စယော။ တတ္ထ သဟဇနနဋ္ဌေနာတိ ယော ဓမ္မော

www.dhammaransi.com



ဇာယမာနော အတ္တနော ပစ္စယုပ္ပန္နေဟိ ဓမ္မေဟိ သဟေဝ သယဋ္ဌ ဇာယတိ ဥပ္ပဇ္ဇတိ၊ အတ္တနော ပစ္စယုပ္ပန္နေ စ ဓမ္မေ အတ္တနာ သဟေဝ ဇနေတိ ဥပ္ပါဒေတိ၊ တဿ သော အတ္ထော သဟဇာတနန္တ္တော နာမ။

ယထာ သူရိယော နာမ ဥဒယန္တော သူရိယာတပေ စ သူရိယာလောကေ စ အတ္တနာ သဟေဝ ဇနယန္တော ဥဒေတိ။ ယထာ စ ပဒီပေါ နာမ ဇလန္တော ပဒီပါတပေ စ ပဒီပါလောကေ စ အတ္တနာ သဟေဝ ဇနယန္တော ဇလတိ။ ဧဝမေဝံ အယံ ပစ္စယဓမ္မော ဥပ္ပဇ္ဇမာနော အတ္တနော ပစ္စယုပ္ပန္နဓမ္မေ အတ္တနာ သဟေဝ ဥပ္ပါဒေတိ။ တတ္ထ သူရိယော ဝိယ ကေမေကော နာမ ဓမ္မော၊ သူရိယာတပါ ဝိယ တံသမ္ပယုတ္တဓမ္မာ၊ သူရိယာလောကာ ဝိယ သဟဇာတရူပဓမ္မာ။ တထာ သူရိယော ဝိယ ကေမေကော မဟာဘူတရူပဓမ္မော၊ သူရိယာတပါ ဝိယ သဟဇာတမဟာဘူတဓမ္မာ၊ သူရိယာလောကာ ဝိယ သဟဇာတဥပါဒါရူပဓမ္မာ၊ သေ နယော ပဒီပုပမာယပီတိ။ ။ သဟဇာတပစ္စယဒီပနာ နိဋ္ဌိတာ။

## ၇- အညမညပစ္စယော

သဟဇာတပစ္စယေ ဝိဘတ္တေသု ဓမ္မေသု ယော ယော ပစ္စယဓမ္မောတိ ဝုတ္တော၊ သော သော ဧဝ ဣဓ ပစ္စယဓမ္မော စေဝ ပစ္စယုပ္ပန္နဓမ္မော စ ဟောတိ၊ သဗ္ဗေပိ စိတ္တစေတသိကာ ဓမ္မာ အညမညဿ ပစ္စယဓမ္မာ စ ဟောန္တိ အညမညဿ ပစ္စယုပ္ပန္နဓမ္မာ စ။ သဟဇာတာ စတ္တာရော မဟာဘူတာ အညမညဿ ပစ္စယဓမ္မာ စ ဟောန္တိ အညမညဿ ပစ္စယုပ္ပန္နဓမ္မာ စ။ ပဋိသန္ဓိနာမက္ခန္ဓာ စ ပဋိသန္ဓိသဟဇာတံ ဟဒယဝတ္ထုရူပဉ္စ အညမညဿ ပစ္စယဓမ္မာ စ ဟောန္တိ အညမညဿ ပစ္စယုပ္ပန္နဓမ္မာ စ။ အတ္ထော သုဝိညေယျောယေဝ။

ယထာ အညမညံ နိဿာယ ဥဿာပိတာ တယော ဒဏ္ဍာ အညမညဿ နိဿယာ စ ဟောန္တိ၊ အညမညံ နိဿိတာ စ။ တေသု ကေမေကသ္မိံ ဥဿိတေ သဗ္ဗေ ဥဿိတာ ဟောန္တိ၊ ကေမေကသ္မိံ ပတန္တေ သဗ္ဗေ ပတန္တိ။ ဧဝံ အညမညဓမ္မာ စ ဒဋ္ဌဗ္ဗာ။

ဧတ္ထ ဝဒေယျုံ၊ သဗ္ဗေ စေတသိကာ ဓမ္မာ စိတ္တပစ္စယံ အလဘမာနာ

www.dhammaransi.com



ဥပ္ပဇ္ဇိတုံ န သက္ကောန္တီတိ ယုတ္တံ။ ကသ္မာ။ ဖုသနာဒီနံ စေတသိကကိစ္စာနံ ဝိဇာနနကိစ္စပုဗ္ဗင်္ဂမတ္တာ၊ မနောပုဗ္ဗင်္ဂမာတိ ဟိ ဝုတ္တံ။ စိတ္တံ ပန စေတသိကပစ္စယံ အလဘမာနံ ဥပ္ပဇ္ဇိတုံ န သက္ကောတီတိ န ယုဇ္ဇေယျာတိ။ ဝုစ္စတေ၊ စေတသိကဓမ္မာ နာမ စိတ္တဿ သဟာယင်္ဂါနိ ဟောန္တိ။ တသ္မာ တေဟိ ဝိနာ စိတ္တမ္ပိ ဥပ္ပဇ္ဇိတုံ န သက္ကောတိယေဝ။ ဧသေဝ နယော စတူသု မဟာဘူတေသုပီတိ။ ဥပါဒါရူပါနိ ပန မဟာဘူတာနံ နိဿယမတ္တတ္တာ သဟာယင်္ဂါနိ န ဟောန္တီတိ။ နနု အာဟာရရူပဉ္စ ဇီဝိတရူပဉ္စ ပစ္စယဝိသေသတ္တာ သဟာယင်္ဂံ ဟောတီတိ။ ဝုစ္စတေ၊ ဋ္ဌိတိယာ ဧဝ သဟာယင်္ဂံ ဟောတိ၊ န ဥပ္ပါဒေ။ ဣဓ ပန ဥပ္ပါဒေ သဟာယင်္ဂံ အဓိပ္ပေတန္တိ။ ။ အညမညပစ္စယဒီပနာ နိဋ္ဌိတာ။

## ၈– နိဿယပစ္စယော

တိဝိဓော နိဿယပစ္စယော၊ သဟဇာတနိဿယော ဝတ္ထုပုရေဇာတနိဿယော ဝတ္ထာရမ္မဏပုရေဇာတနိဿယော။

တတ္ထ ကတမော သဟဇာတနိဿယော။ သဗ္ဗော သဟဇာတပစ္စယော သဟဇာတနိဿယော။ တသ္မာ တတ္ထ ပစ္စယဝိဘာဂေါ စ ပစ္စယုပ္ပန္နဝိဘာဂေါ စ သဟဇာတပစ္စယေ ဝုတ္တနယေန ဝေဒိတဗ္ဗော။

ကတမော ပန ဝတ္ထုပုရေဇာတနိဿယော။ ဆ ဝတ္ထူနိ စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထု။ ဣမာနိ ဆဝတ္ထူနိ ပဝတ္တိကာလေ သတ္တန္နံ ဝိညာဏဓာတူနံ ဝတ္ထုပုရေဇာတနိဿယော။

ဝတ္ထုရူပမေဝ ပုရေဇာတံ ဟုတွာ နိဿယော ဝတ္ထုပုရေဇာတနိဿယော။ တတ္ထ စိတ္တစေတသိကာနံ နိဿယဋ္ဌာနဋ္ဌေန ဝတ္ထု နာမ။ ပုရေဇာတန္တိ အတ္တနော အတ္တနော ပစ္စယုပ္ပန္နဿ ဓမ္မဿ ဥပ္ပတ္တိက္ခဏတော ပုရိမေ ခဏေ ဇာတံ။

တတ္ထ ပဋိသန္ဓိစိတ္တံ တဒါ ပုရေဇာတဿ ဝတ္ထုရူပဿ အဘာဝတော အတ္တနာ သဟုပ္ပန္နမေဝ ဟဒယဝတ္ထုရူပံ နိဿာယ ဥပ္ပဇ္ဇတိ။ ပဌမဘဝင်္ဂစိတ္တံ ပန ပဋိသန္ဓိစိတ္တေန သဟုပ္ပန္နဟဒယဝတ္ထုရူပံ နိဿာယ ဥပ္ပဇ္ဇတိ။ ဒုတိယဘဝင်္ဂ– စိတ္တံ ပဌမဘဝင်္ဂစိတ္တေန သဟုပ္ပန္နံ နိဿာယ ဥပ္ပဇ္ဇတိ။ ဧဝံ တတိယဘဝင်္ဂစိတ္တံ

www.dhammaransi.com



ဒုတိယဘဝင်္ဂစိတ္တေန သဟုပ္ပန္နံ့အာဒိနာ ယာဝမရဏာသန္နကာလာ ဒွိန္နံ မနောဓာတုမနောဝိညာဏဓာတူနံ ဝတ္ထုပုရေဇာတနိဿယော ဝေဒိတဗ္ဗော။

ယထာ ဝိဏာသဒ္ဒါနာမ ဝိဏာတန္တိံသုဝိဏာဒဏ္ဍကေဟိ ပဟာရဏဝေဂေန ဓေဝ ဇာယန္တိ၊ နော အညထ။ တထာ ပဉ္စဝိညာဏာနိ နာမ ပဉ္စဝတ္ထုသင်္ခါတေသု ပဉ္စဒွါရေသု ပဉ္စန္နံ အာရမ္မဏာနံ အာပါထာဂမနဝေဂေန ဓေဝ ဇာယန္တိ၊ နော အညထာ။

အာပါထာဂမနဥ္စ တေသံ ဒွါရာရမ္မဏာနံ ဌိတိပတ္တကာလေ ဓေဝ ဟောတိ။ အာပါထာဂမနပစ္စယာ စ ဒွိက္ခတ္တုံ ဘဝင်္ဂ စလတိ။ ဘဝင်္ဂစလနပစ္စယာ စ အာဝဇ္ဇနံ ဥပ္ပဇ္ဇတိ။ အာဝဇ္ဇနပစ္စယာ စ တာနိ ပဉ္စဝိညာဏာနိ ဥပ္ပဇ္ဇန္တိ။ တသ္မာ စက္ခာဒီနိ ပဉ္စဝတ္ထူနိ ပုရေ အတီတဘဝင်္ဂစိတ္တဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နာနိ ဓေဝ ပဉ္စဝိညာဏဓာတူနံ ဝတ္ထုပုရေဇာတပစ္စယာ ဟောန္တိ။

မရဏာသန္နကာလေ ပန သဗ္ဗာနိ ဆ ဝတ္ထူနိ စုတိစိတ္တတော ပုရေ သတ္တရသမဿ ဘဝင်္ဂစိတ္တဿ ဥပ္ပါဒက္ခဏေ ဓေဝ ဥပ္ပဇ္ဇန္တိ၊ တတော ပရံ န ဥပ္ပဇ္ဇန္တိ။ တသ္မာ မရဏာသန္နကာလေ ဘဝင်္ဂစိတ္တာနိ စ သဗ္ဗာနိ ဆဒွါရိကဝီထိစိတ္တာနိ စ စုတိစိတ္တဉ္စ ပုရေတရံ ဥပ္ပန္နာနိ တာနိယေဝ အတ္တနော အတ္တနော ဝတ္ထူနိ နိဿာယ ဥပ္ပဇ္ဇန္တိ။ အယံ ဝတ္ထုပုရေဇာတနိဿယော။

ကတမော ပန ဝတ္ထာရမ္မဏပုရေဇာတနိဿယော။ ယဒါ အတ္တနော အဇ္ဈတ္တံ ဝတ္ထုရူပံ အာရဗ္ဘ ယံ ရူပံ နိဿယ မမ မနောဝိညာဏံ ဝတ္တတိ၊ ဓေတံ မမ ဓသောဟမသ္မိ ဓသော မေ အတ္တာတိ ဓဝံ တဏှာမာနဒိဋ္ဌီဟိ ဂဟဏဝသေန ဝါ ဓေတံ အနိစ္စံ ဓေတံ ဒုက္ခံ ဓေတံ အနတ္တာတိ ဓဝံ သမ္မသနဝသေန ဝါ အာဝဇ္ဇနာဒီနိ မနောဒွါရိကဝီထိစိတ္တာနိ ပဝတ္တန္တိ။ တဒါ တံ တံ ဝတ္ထုရူပံ ပစ္စေကံ တေသံ နိဿယဝတ္ထု စ ဟောတိ တေသံ အာရမ္မဏဉ္စ။ တသ္မာ တံ တံ ဟဒယရူပံ တဿ တဿ စိတ္တုပ္ပါဒဿ ဝတ္ထာရမ္မဏပုရေဇာတပစ္စယော ဟောတိ။ အယံ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယော။ ဓဝံ နိဿယပစ္စယော တိဝိဓော ဟောတိ။

တ္တမ သုတ္တန္တနိဿယောပိ ဝတ္တဗ္ဗော။ တ္တမေ မနုဿာ ဝါ တိရစ္ဆာနဂတာ

www.dhammaransi.com



ဝါ ရုက္ခာဒယော ဝါ မဟာပထဝိယံ ပတိဋ္ဌိတာ၊ မဟာပထဝီ စ ဟေဋ္ဌာ မဟာဥဒကက္ခန္ဓေ၊ မဟာဥဒကက္ခန္ဓော စ ဟေဋ္ဌာ မဟာဝါတက္ခန္ဓေ၊ မဟာဝါတက္ခန္ဓော စ ဟေဋ္ဌာ အဇဋ္ဌာကာသေ၊ မနုဿာ ဂေဟေသု၊ ဘိက္ခူ ဝိဟာရေသု၊ ဒေဝါ ဒိဗ္ဗဝိမာနေသူသတိအာဒိနာ သဗ္ဗံ လောကပ္ပဝတ္တိံ ဥတွာ နိဿယပစ္စယော ဝေဒိတဗ္ဗော။ ။ နိဿယပစ္စယဒီပနာ နိဋ္ဌိတာ။

## ၉– ဥပနိဿယပစ္စယော

တိဝိဓော ဥပနိဿယပစ္စယော၊ အာရမ္မဏူပနိဿယော အနန္တရူပနိဿယော ပကတူပနိဿယော။ တတ္ထ အာရမ္မဏူပနိဿယော အာရမ္မဏာဓိပတိပစ္စယသဒိသော၊ အနန္တရူပနိဿယော အနန္တရပစ္စယသဒိသော။

ကတမော ပကတူပနိဿယော။ သဗ္ဗေပိ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တဗဟိဒ္ဓါဘူတာ စိတ္တစေတသိကရူပဓမ္မာ စ နိဗ္ဗာနဉ္စ ပညတ္တိ စ သဗ္ဗေသံ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ယထာရဟံ ပကတူပနိဿယော။

တတ္ထ အတီတော ပရိနိဗ္ဗုတော အမှာကံ ဗုဒ္ဓေါ ဓမ္မော စ အရိယသာဝကသံဃော စ သမ္မုတိသံဃပရမ္ပရာ စ အမှာကံ ပစ္ဆိမဇနာနံ ကုသလုပ္ပတ္တိယာ ပကတူပနိဿယပစ္စယော။ တထာ လောကေ အတီတာ ကာလင်္ကတာ မာတာပိတရော စ အာစရိယာ စ ပဏ္ဍိတသမဏဗြာဟ္မဏာ စ ပါကဋာ နာနာတိတ္ထာ စရိယာ စ မဟိဒ္ဓိကာ မဟာနုဘာဝါ ပေါရာဏကရာဇာနော စ ပစ္ဆိမကာနံ ဇနာနံ ကုသလုပ္ပတ္တိယာဝါ အကုသလုပ္ပတ္တိယာ ဝါ သုခဒုက္ခုပ္ပတ္တိယာ ဝါ ပကတူပနိဿယော။ တထာ ဟိ တေ ပစ္ဆိမကာနံ ဇနာနံ အတ္တာဃ နာနာသဒ္ဓမ္မပညတ္တိယော ဝါ နာနာအသဒ္ဓမ္မပညတ္တိယော ဝါ နာနာလောကူပကရဏာနိ ဝါ လောကစာရိတ္တ ကုလဂေါတ္တစာရိတ္တဓမ္မေသု ဝါ နာနာဒိဋ္ဌိဝါဒေသု ဝါ နာနာကမ္မာယတနသိပ္ပါယတနဝိဇ္ဇာဌာနေသု ဝါ ယထာပဋ္ဌပိတေသု ဂါမနိဂမနဂရခေတ္တဝတ္ထုတဠာကပေါက္ခရဏီအာဝါဋာဒီသု ဝါ ဂေဟာရထသကဋနာဝါသမ္ဘောတသမ္ဘန္ဓာဒီသု ဝါ ဇာတရူပရဇတမဏိမုတ္တာဒီသု ဝါ ဒါယဇ္ဇံ ပဋိပဇ္ဇန္တာ လောကေ ဝမုန္တိ။

www.dhammaransi.com



အနာဂတောပိ မေတ္တေယျော နာမ ဗုဒ္ဓေါ တဿ ဓမ္မော စ တဿ သံဃော စ ဧတေရဟိ ဗဟုဇ္ဇနာနံ ပါရမိပူရဏဝတ္တိယာ ပကတူပနိဿယပစ္စယော။ တထာ တုမ္ဟသ္မိံ ဘဝေ စ ပစ္ဆိမေ ကာလေ ပဋိလဘိဿမာနာ တုဿရိယဋ္ဌာန- မနုဿသမ္ပတ္တိယော ပုရိမေ ကာလေ ဌိတာနံ မဟာဇနာနံ နာနာဘိသင်္ခါ ရုပ္ပတ္တိယာ ပကတူပနိဿယပစ္စယော။ အနာဂတဘဝေ စ အနုဘဝိဿမာနာ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိယော မဂ္ဂဖလနိဗ္ဗာနသမ္ပတ္တိယော စ ဧတေရဟိ ပစ္စုပ္ပန္နဘဝေ ဌိတာနံ ဒါနသီလာဒိပုညကိရိယုပ္ပတ္တိယာ ပကတူပနိဿယပစ္စယော။ ယထာ ဟိ လောကေ ဟေမန္တေ ကာလေ ဓညပ္ဖလာနိ လဘိဿာမာတိ ဝဿိကေ ကာလေ ကဿနဝပ္ပနကမ္မာနိ အာရဘန္တိ၊ ကမ္မေ သိဒ္ဓေ တံ တံ ဓနံ လဘိဿာမာတိ ပုဗ္ဗဘာဂေ တံ တံ ဝီရိယကမ္မံ ဝါ တံ တံ ပညာကမ္မံ ဝါ အာရဘန္တိ။ တတ္ထ ဓညပ္ဖလပ္ပဋိလာဘော စ တံ တံ ဓနပ္ပဋိလာဘော စ တံ တံ ကမ္မာရမ္ဘဿ အနာဂတပကတူပနိဿယပစ္စယော တံ တံ ကမ္မာရမ္ဘော စ ဓညပ္ဖလပ္ပဋိလာဘဿ စ တံ တံ ဓနပ္ပဋိလာဘဿ စ အတီတပကတူပ- နိဿယပစ္စယော။ ဧဝမေဝ ပစ္ဆိမေ အနာဂတေ ကာလေ နာနာကမ္မပ္ဖလာနိ သမ္ပဿန္တာ ပတ္ထယန္တာ မဟာဇနာ ပုရိမေ ပစ္စုပ္ပန္နေ ကာလေ နာနာပုညကမ္မာနိ အာရဘန္တိ။ တတ္ထ ပုညပ္ဖလာနိ ပုညကမ္မာနံ အနာဂတပကတူပနိဿယပစ္စယော။ ပုညကမ္မာနိ ပုညပ္ဖလာနံ အတီတပကတူပနိဿယပစ္စယော။ တသ္မာ အနာဂတပကတူပနိဿယောပိ အတီတပကတူပနိဿယော ဝိယ အတိမဟန္တော ပစ္စယော ဟောတိ။

ပစ္စုပ္ပန္နာ ဗုဒ္ဓါဒယော ပစ္စယာ ပစ္စုပ္ပန္နာနံ မနုဿဒေဝဗြဟ္မာနံ ပစ္စုပ္ပန္နာ မာတာပိတရော ပစ္စုပ္ပန္နာနံ ပုတ္တဓီတာဒီနံ ပစ္စုပ္ပန္နပကတူပနိဿယော နာမ။ သော သုပါကဋ္ဌောယေဝ။

အဇ္ဈတ္တဘူတာ ပကတူပနိဿယဓမ္မာနာမဗုဒ္ဓါဒီသု သဝိညာဏက- သန္တာနေသု ဥပ္ပန္နာ ပစ္စယဓမ္မာ။ ဗဟိဒ္ဓါဘူတာ ပကတူပနိဿယဓမ္မာ နာမ သတ္တာနံ ပတိဋ္ဌာနဘူတာ ပထဝိပဗ္ဗတနဒီသမုဒ္ဒါဒယော တေသံ တေသံ သတ္တာနံ ဗဟူပကာရာ အရညဝနရုက္ခတိဏပုဗ္ဗဏ္ဏာပရဏ္ဏာဒယော စန္ဒသူရိယဂဟနက္ခတ္တာ-

www.dhammaransi.com



ဒယော ဝဿောဒကအဂ္ဂိဝါတသီတဥဏှာဒယော စ သဗ္ဗေပိ တေ သတ္တာနံ ကုသလုပ္ပတ္တိယာ ဝါ အကုသလုပ္ပတ္တိယာ ဝါ သုခုပ္ပတ္တိယာ ဝါ ဒုက္ခုပ္ပတ္တိယာ ဝါ ဗလဝပစ္စယာ ဟောန္တိ။

ဣမေ ဇနာ ဒိဋ္ဌေဝ ဓမ္မေ ပရိနိဗ္ဗာယိဿာမာတိ ဗောဓိပက္ခိယဓမ္မေ ဝါ ဘာဝေန္တိ၊ အနာဂတေ ဗုဒ္ဓကာလေ ပရိနိဗ္ဗာယိဿာမာတိ ပါရမိဓမ္မေ ဝါ ပရိပူရေန္တိ။ တတ္ထ နိဗ္ဗာနံ တေသံ ဓမ္မာနံ ဥပ္ပတ္တိယာ ဗလဝပစ္စယော ဟောတိ။

လောကေ နာနာဝေါဟာရဘူတာ နာမပညတ္တိယော စ ဗုဒ္ဓသာသနေ တိပိဋကပရိယတ္တိဓမ္မဘူတာ နာမပညတ္တိယော စ တေသံ တေသံ အတ္ထာနံ ဇာန နတ္ထာယ ဗလဝပစ္စယော။

တတ္ထ သင်္ခတဓမ္မော နာမ ပစ္စယေ သတိ ဥပ္ပဇ္ဇန္တိ၊ အသတိ နုပ္ပဇ္ဇန္တိ။ ဥပ္ပဇ္ဇိတွာပိ ပစ္စယေ သတိ တိဋ္ဌန္တိ၊ အသတိ န တိဋ္ဌန္တိ။ တသ္မာ တေသံ ဥပ္ပတ္တိယာ ဝါ ဌိတိယာ ဝါ ပစ္စယော နာမ ဣစ္ဆိတဗ္ဗော။ နိဗ္ဗာနံ ပန ပညတ္တိ စ အသင်္ခတဓမ္မာ ဟောန္တိ အဇာတိဓမ္မာ အနုပ္ပါဒဓမ္မာ နိစ္စဓမ္မာ ဓုဝဓမ္မာ။ တသ္မာ တေသံ ဥပ္ပါဒါယ ဝါ ဌိတိယာ ဝါ ပစ္စယော နာမ နတ္ထီတိ။

ကုသလော ကုသလဿ ဥပနိဿယော။ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတီတိအာဒိနာ သုပါကဋော။ တထာ ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတီတိအာဒိနာ သပ္ပါယံ ဥတုံ သပ္ပါယံ ဘောဇနံ ဥပနိဿာယ ကာယိကံ သုခံ ပစ္စနုဘောတီတိအာဒိနာ စ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ဥပနိဿယောပိ သုပါကဋော။

ကုသလော ပန အကုသလဿပိ ဗလဝူပနိဿယော။ ဒါနံ ဒတွာ တေန ဒါနေန အတ္တာနံ ဥက္ကံသေတိ၊ ပရံ ဝမ္ဘေတိ။ တထာ သီလသမ္ပန္နော ဟုတွာ သမာဓိသမ္ပန္နော ဟုတွာ ပညာသမ္ပန္နော ဟုတွာ အတ္တာနံ ဥက္ကံသေတိ၊ ပရံ ဝမ္ဘေတိ။

ကုသလော အဗျာကတဿပိ ဗလဝူပနိဿယော။ သဗ္ဗာနိ စတုဘူမိက- ကုသလကမ္မာနိ ဝါ ကမ္မပရိဝါရာနိ ကုသလာနိ ဝါ ကာလန္တရေ စတုဘူမိကာနံ ဝိပါကာဗျာကတာနံ ဗလဝူပနိဿယော။ ဒါနပါရမိံ ပူရေန္တော ပူရဏကာလေ

www.dhammaransi.com



ဗဟုံ ကာယိကဒုက္ခံ ပစ္စနုဘဝန္တိ။ တထာ သီလပါရမီ နိက္ခမပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တိပါရမီ သစ္စပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ။ ဧသေဝ နယော ဈာနဘာဝနာ မဂ္ဂဘာဝနာသုပိ။

အကုသလော ကုသလဿပိ ဗလဝူပနိဿယော။ ဣဓေကစ္စော ပါပံ ကတွာ ပစ္ဆာ ဝိပ္ပဋိသာရီ ဟုတွာ တဿ ပါပဿ ပဟာနာယ ဒါနသီလဈာနမဂ္ဂကုသလာနိ သမ္ပာဒေတိ။ တံ ပါပံ တေသံ ကုသလာနံ ဗလဝူပနိဿယော။

အကုသလော အဗျာကတဿပိ ဗလဝူပနိဿယော။ ဣဓ ဗဟူ ဇနာ ဒုစ္စရိတာနိ ကတွာ စတူသု အပါယေသု ပတိတွာ အပါယဒုက္ခံ ပစ္စနုဘဝန္တိ။ ဒိဋ္ဌဓမ္မေပိ ကေစိ အတ္တနော ဝါ ပရဿဝါ ဒုစ္စရိတကမ္မပစ္စယာ ဗဟုံ ဒုက္ခံ ပစ္စနုဘဝန္တိ။ ကေစိ ဒုစ္စရိတကမ္မေန ဓနံ လဘိတွာ သုခံ ပစ္စနုဘဝန္တိ။ ဗဟုဇ္ဇနာ ရာဂမူလကံ ဗဟုံ ဒုက္ခံ ပစ္စနုဘဝန္တိ၊ ဒေါသမူလကံ မောဟမူလကံ ဒိဋ္ဌိမူလက မာနမူလကန္တိ။

အဗျာကတော ကုသလဿပိ ဗလဝူပနိဿယော။ ဓနသမ္ပတ္တိယာ ဒါနံ ဒေတိ၊ သီလံ ပူရေတိ၊ ပညံ ပူရေတိ၊ ဘာဝနာသပ္ပါယံ အာဝါသံ ဝါ လေဏံ ဝါ ဂုဟံ ဝါ ရုက္ခံ ဝါ အရညံ ဝါ ပဗ္ဗတံ ဝါ ဂေါစရဂါမံ ဝါ ဥတုသပ္ပါယံ ဝါ အာဟာရသပ္ပါယံ ဝါ လဘိတွာ တံ တံ ဘာဝနံ ဘာဝေတိ။

အဗျာကတော အကုသလဿပိ ဗလဝူပနိဿယော။ လောကေ စက္ခုသမ္ပဒံ နိဿာယ ဗဟူနိ ဒဿနမူလာနိ အကုသလာနိ ဥပ္ပဇ္ဇန္တိ။ ဧသ နယော သောတသမ္ပဒါဒီသု။ တထာ ဟတ္ထသမ္ပဒံ ပါဒသမ္ပဒံ သတ္ထသမ္ပဒံ အာဝုဓသမ္ပဒန္တိအာဒိနာပိ ဝတ္တဗ္ဗော။ ဧဝံ ဥပနိဿယော တိဝိဓော ဟောတိ။

ဣဓ သုတ္တန္တူပနိဿယောပိ ဝတ္တဗ္ဗော။ ကလျာဏမိတ္တံ ဥပနိဿာယ ပါပမိတ္တံ ဥပနိဿာယ ဂါမံ ဥပနိဿာယ အရညံ ဥပနိဿာယတိအာဒိနာ ဗဟူသု ဌာနေသု အာဂတော။ အပိ စ ပဋ္ဌာနိယာမမေ္ဗ သတ္တလောကသင်္ခါရလောက-ဩကာသလောကသင်္ခါတာနံ တိဏ္ဏံ လောကာနံ အဝိစ္ဆိန္နပ္ပဝတ္တိယာ ဗလဝပစ္စယာ ဟောန္တိ။ အယဥ္စ အတ္ထော နိယာမဒီပနိယံ အမှေတိ ဝိတ္ထာရတော ဒီပိတောတိ။

ကေနဋ္ဌေန အာရမ္မဏူပနိဿယောတိ။ အဓိပတိဘူတံ အာရမ္မဏမေဝ

www.dhammaransi.com



အာရမ္မဏိကဓမ္မာနံ ဗလဝနိဿယဋ္ဌေန အာရမ္မဏူပနိဿယော။

ကေနဋ္ဌေန အနန္တရူပနိဿယောတိ။ ပုရိမံ အနန္တရစိတ္တမေဝ ပစ္ဆိမဿ အနန္တရစိတ္တဿ ဥပ္ပဇ္ဇနတ္ထာယ ဗလဝနိဿယဋ္ဌေန အနန္တရူပနိဿယော။ မာတာ ဝိယ ပုရိမစိတ္တံ၊ ပုတ္တော ဝိယ ပစ္ဆိမစိတ္တံ။ ယထာ မာတာ အတ္တနော အနန္တရေ ပုတ္တဿ ဥပ္ပဇ္ဇနတ္ထာယ ဗလဝူပနိဿယော ဟောတိ၊ တထာ ပုရိမစိတ္တံ ပစ္ဆိမစိတ္တဿ ဥပ္ပဇ္ဇနတ္ထာယာတိ။

ကေနဋ္ဌေန ပကတူပနိဿယောတိ။ ပကတိယာဝ လောကေ ပဏ္ဍိတာနံ ပါကဋော ဥပနိဿယော ပကတူပနိဿယော။

ဧတ္ထ စ အနန္တရူပနိဿယာနုဘာဝေါ အနန္တရစိတ္တေ ဧဝ ဖရတိ။ ပကတူပနိဿယာနုဘာဝေါ ပန ဒူရေတိ ဖရတိယေဝ။ တထာ ဟိ ဣမသ္မိံ ဘဝေ ပုရိမေသု ဒိဝသေသု ဝါ မာသေသု ဝါ သံဝစ္ဆရေသု ဝါ ဒိဋ္ဌသုတဃာယိတ-သာယိတဖုသိတဝိညာတာနိ အာရမ္မဏာနိ ပစ္ဆာ တထာရူပေ ပစ္စယေ သတိ ဝဿသတေပိ မနောဒွါရေ အာပါတံ အာဂစ္ဆန္တိ။ ဣဒံ နာမ ပုဗ္ဗေ မယာ ဒိဋ္ဌံ သုတန္တိအာဒိနာ သတ္တာ အနုဿရန္တိ။ ဩပပါတိကသတ္တာ ပန ပုရိမဘဝံပိ အနုဿရန္တိ။ တထာ မနုဿေသုပိ အပ္ပေကစ္စေ ဇာတိဿရသညာလာဘိနော။ တထာ ပုဗ္ဗေ အနေကသတသဟဿေသု ဒိဋ္ဌာဒီသု ဝတ္ထူသု ပစ္ဆာ ဧကသ္မိံ ခဏေ ဧကံ ဝတ္ထုံ ဒိသွာ ဝါ သုတွာ ဝါ တသ္မိံ ဧဝ ခဏေ ဗဟူသုပိ တေသု မနောဝိညာဏသန္တာနံ ဖရမာနံ ပဝတ္တတီတိ။ ။ ဥပနိဿယပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၀– ပုရေဇာတပစ္စယော

တိဝိဓော ပုရေဇာတပစ္စယော။ ဝတ္ထုပုရေဇာတပစ္စယော စ အာရမ္မဏပုရေဇာတပစ္စယော စ ဝတ္ထာရမ္မဏပုရေဇာတပစ္စယော စ။

တတ္ထ ဝတ္ထုပုရေဇာတော စ ဝတ္ထာရမ္မဏပုရေဇာတော စ ပုဗ္ဗေ နိဿယပစ္စယေ နိဿယနာမေန ဝုတ္တာ ဧဝ။

အာရမ္မဏပုရေဇာတော နာမ ပစ္စုပ္ပန္နာနိ အဋ္ဌာရသနိပ္ဖန္နရူပါနိ ဧဝ။ တေသုပိ ပစ္စုပ္ပန္နာနိ ရူပသဒ္ဒါဒီနိ ပဉ္စာရမ္မဏာနိ ပဉ္စန္နံ ပဉ္စဝိညာဏဝီထိစိတ္တာနံ

www.dhammaransi.com



နိယမတော အာရမ္မဏပုရေဇာတပစ္စယော ဟောန္တိ။ ယထာ ဟိ ဝိဏ္ဏာသဒ္ဒါ နာမ ဝိဏ္ဏာတန္တိသု ဝိဏ္ဏာဒဏ္ဍကေန ပဟာရဏပစ္စယော ဧဝ ဥပ္ပဇ္ဇန္တိ။ ဧဝဥ္စ သတိ တေ သဒ္ဒါပုရေဇာတာဟိ ဝိဏ္ဏာတန္တိ ဝိဏ္ဏာဒဏ္ဍကေဟိ ဝိနာ ဥပ္ပဇ္ဇိတုံ န သက္ကောန္တိ။ ဧဝမေဝံ ပဥ္စဝိညာဏဝီထိစိတ္တာနိပိ ပဥ္စသု ဝတ္ထူသု ဒွါရေသု ပဥ္စန္နံ အာရမ္မဏာနံ အာပါထာဂမနပစ္စယာ ဧဝ ဥပ္ပဇ္ဇန္တိ။ အာပါထာဂမနဉ္စ တေသံ ဌိတိပတ္တကာလေ ဧဝ ဟောတိ။ န ကေဝလဉ္စ တသ္မိံ ကာလေ တာနိ ပဥ္စာရမ္မဏာနိ တေသု ပဥ္စဝတ္ထူသု ဧဝ အာပါထမာဂစ္ဆန္တိ။ အထ ခေါ ဘဝင်္ဂမနောဒွါရေပိ အာပါတံ အာဂစ္ဆန္တိယေဝ။ တသ္မိံ အာပါတာဂမနတ္တာ ဧဝံ တံဘဝင်္ဂပိ ဒွိက္ခတ္တုံ စလိတွာ ဥပစ္ဆိဇ္ဇတိ၊ ဘဝင်္ဂုပစ္ဆေဒေ ဧဝ တာနိ ဝီထိစိတ္တာနိ ဥပ္ပဇ္ဇန္တိ။ ဧဝဥ္စ သတိ တာနိ ဝီထိစိတ္တာနိ ပုရေဇာတေဟိ ဝတ္ထုဒွါရာရမ္မဏေဟိ ဝိနာ ဥပ္ပဇ္ဇိတုံ န သက္ကောန္တီတိ။ တာနိ ပန သဗ္ဗာနိပိ အဋ္ဌာရသနိပ္ဖန္နရူပါနိ နိရုဒ္ဓါနိ ဟုတွာ အတီတာနိပိ ဟောန္တိ၊ အနုပ္ပန္နာနိ ဟုတွာ အနာဂတာနိပိ ဟောန္တိ။ ဥပ္ပန္နာနိ ဟုတွာ ပစ္စုပ္ပန္နာနိပိ ဟောန္တိ။ သဗ္ဗာနိပိ မနောဝိညာဏ-ဝီထိစိတ္တာနံ အာရမ္မဏာနိ ဟောန္တိ။ တေသု ပစ္စုပ္ပန္နာနိ ဧဝ တေသံ အာရမ္မဏပုရေဇာတပစ္စယာ ဟောန္တိ။ ယဒါ ဒူရေ ဝါ ပဋိစ္ဆန္နေ ဝါ ဌိတံ တံ တံ အာရမ္မဏဝတ္ထုံ မနသာ ဧဝ အာရမ္မဏံ ကရောတိ၊ တဒါ တံ တံ ဝတ္ထု သစေ တတ္ထ တတ္ထ ဝိဇ္ဇမာနံ ဟောတိ၊ ပစ္စုပ္ပန္နံ နာမ ဟောတိ။ ။ ပုရေဇာတ-ပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၁- ပစ္ဆာဇာတပစ္စယော

ပစ္ဆိမံ ပစ္ဆိမံ ပစ္စုပ္ပန္နံ စိတ္တံ ပုရေဇာတဿ ပစ္စုပ္ပန္နဿ စတုသမုဋ္ဌာနိကဿ ရူပကာယဿ ဝုဍ္ဎိဝိရုဠှိယာ ပစ္ဆာဇာတပစ္စယော။ ယထာ တံ ပစ္ဆိမဝဿေသု အနုဝဿံ ဝဿမာနာနိ ဝဿောဒကာနိ ပုရိမဝဿေသု ဇာတာနံ ရုက္ခပေါတကာနံ ဝုဍ္ဎိဝိရုဠှိယာ ပစ္ဆာဇာတပစ္စယာ ဟောန္တီတိ။

တတ္ထ ပစ္ဆိမံ ပစ္ဆိမံ စိတ္တန္တိ ပဌမဘဝင်္ဂတော ပဋ္ဌာယ ယာဝ စုတိစိတ္တာ သဗ္ဗံ စိတ္တံ ဝုစ္စတိ။ ပုရေဇာတဿာတိ ပဋိသန္ဓိစိတ္တေန သဟုပ္ပန္နံ ကမ္မဇရူပကာယံ

www.dhammaransi.com



အာဒိံ ကတွာ အဇ္ဈတ္တသန္တာနပရိယာပန္နော သဗ္ဗော စတုသမုဋ္ဌာနိကရူပကာယော ဝုစ္စတိ။

ပဋိသန္ဓိစိတ္တေန သဟုပ္ပန္နသ ကမ္မဇရူပကာယဿ ပဌမဘဝင်္ဂါဒီနိ ပန္နရသဘဝင်စိတ္တာနိ ပစ္ဆာဇာတပစ္စယာ ဟောန္တိ။ ပဋိသန္ဓိစိတ္တံ ပန တေန ကာယေန သဟုပ္ပန္နတ္တာ ပစ္ဆာဇာတံ န ဟောတိ။ သောဠသမဘဝင်စိတ္တဉ္စ တဿ ကာယဿ ဘိဇ္ဇနက္ခဏေ ဥပ္ပန္နတ္တာ ပစ္စယော န ဟောတိ။ တသ္မာ ပန္နရသ ဘဝင်စိတ္တာနီတိ ဝုတ္တံ။

ပဋိသန္ဓိစိတ္တဿ ဌိတိက္ခဏေ ပန ဒွေ ရူပကာယာ ဥပ္ပဇ္ဇန္တိ ကမ္မဇရူပကာယော စ ဥတုဇရူပကာယော စ။ တထာ ဘင်္ဂက္ခဏေပိ။ ပဌမဘဝင်္ဂဿ ဥပ္ပါဒက္ခဏေ ပန တယော ရူပကာယာ ဥပ္ပဇ္ဇန္တိ ကမ္မဇရူပကာယော စ ဥတုဇရူပကာယော စ စိတ္တဇရူပကာယော စ။ ယဒါ ဗဟိဒ္ဓါဟာရပ္ပဝေသံ လဘိတွာ အဇ္ဈတ္တာဟာရော အာဟာရဇရူပကာယံ ဇနေတိ၊ တတော ပဋ္ဌာယ စတုသမုဋ္ဌာနိကာ စတ္တာရော ရူပကာယာ ဒီပဇာလာ ဝိယ ပဝတ္တန္တိ။ တေ ဥပ္ပါဒက္ခဏံ အတိက္ကမ္မ ယာဝ ဌိတိဘာဝေန ဓရန္တိ၊ တာဝ ပန္နရသစိတ္တာနိ တေသံ ကာယာနံ ပစ္ဆာဇာတပစ္စယာ ဟောန္တိယေဝ။

ဝုဍ္ဎိဝိရူဠှိယာတိ စတုသမုဋ္ဌာနိကရူပသန္တတိယာ ဥပရူပရိ ဝုဍ္ဎိယာ စ ဝိရူဠှိယာ စ။ တထာဟိ ပုရိမာ ပုရိမာ စတ္တာရော ရူပကာယာ သစေ ပစ္ဆာဇာတပစ္စယံ ပုနပ္ပုနံ လဘန္တိ၊ ဧဝံ သတိ တေ နိရုဇ္ဈန္တာပိ ပစ္ဆာ ရူပသန္တတိပရမ္ပရာနံ ဝုဍ္ဎိယာ စ ဝိရူဠှိယာ စ ဝေပုလ္လာယ စ ဗလဝပစ္စယာ ဟုတွာ နိရုဇ္ဈန္တီတိ။ ။ ပစ္ဆာဇာတပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၂- အာသေဝနပစ္စယော

ဒွါဒသ အကုသလစိတ္တာနိ သတ္တရသ လောကိယကုသလစိတ္တာနိ အာဝဇ္ဇနဒွယဝဇ္ဇိတာနိ အဋ္ဌာရသ ကိရိယစိတ္တာနီတိ သတ္တစတ္တာလီသံ လောကိယဇဝနစိတ္တာနိ အာသေဝနပစ္စယော။ တေသု နိရန္တရပ္ပဝတ္တံ ဇဝနသန္တတိံ ပတွာ ပုရိမံ ပုရိမံ ဇဝနစိတ္တံ အာသေဝနပစ္စယော။ စတူဟိ မဂ္ဂစိတ္တေဟိ ပစ္ဆိမိံ

www.dhammaransi.com



ပစ္ဆိမိံ စိတ္တံ အာသေဝနပစ္စယုပ္ပန္နံ။

ကေနဋ္ဌေန အာသေဝနန္တိ။ ဥပရူပရိ ပဂုဏဘာဝဝသ နတ္တံ ထာမဗလဝသ - နတ္ထဋ္ဌ ပရိဝါသဂ္ဂါဟာပနဋ္ဌေန။

တတ္ထ ပဂုဏဘာဝေါတိ ပုနပ္ပုနံ သဇ္ဈာယိတဿ ပါဠိပါဌဿ သုခေန ပဝတ္တနံ ဝိယ ဇဝနဋ္ဌာနဇဝနကိစ္စသင်္ခါတေ ဌာနကိစ္စဝိသေသေ ပစ္ဆိမပစ္ဆိမစိတ္တဿ သုခေန ပဝတ္တနံ။ ။ ပရိဝါသော နာမ ကောသေယျဝတ္ထံ ပုနပ္ပုနံ သုဂန္ဓေန ပရိဝါသနံ ဝိယ စိတ္တသန္တာနေ ပုနပ္ပုနံ ရဇ္ဇနဒုဿနာဒိနာ ဝါ အရဇ္ဇနအဒုဿနာဒိနာ ဝါ ပရိဝါသနံ။ ပုရိမသ္မိံ ဇဝနစိတ္တေ နိရုဒ္ဓေပိ တဿ ဇဝနဝေဂေါ န နိရုဇ္ဈတိ၊ ပစ္ဆိမံ စိတ္တသန္တာနံ ဖရမာနော ပဝတ္တတိယေဝ။ တသ္မာ ပစ္ဆိမံ ပစ္ဆိမံ ဇဝနစိတ္တံ ဥပ္ပဇ္ဇမာနံ တေန ဝေဂေန ပဂ္ဂဟိတံ ဗလဝတရံ ဟုတွာ ဥပ္ပဇ္ဇတိ။

ဇဝံ ပုရိမစိတ္တံ အတ္တနော ပရိဝါသံ ပစ္ဆိမစိတ္တံ ဂဏှာပေတိ။ ပစ္ဆိမဉ္စ စိတ္တံ ပုရိမဿ စိတ္တဿ ပရိဝါသံ ဂဟေတွာ ပဝတ္တတိ။ ဇဝံ သန္တေပိ သော အာသေဝနဝေဂေါ ပကတိယာ သတ္တဟိ စိတ္တဝါရေဟိ ပရိက္ခယံ ဂစ္ဆတိ၊ တတော ပရံ တဒါရမ္မဏဝိပါကစိတ္တံ ဝါ ဥပ္ပဇ္ဇတိ၊ ဘဝင်္ဂစိတ္တဝါရော ဝါ ပဝတ္တတိ။

တ္တစ သုတ္တန္တာသေဝနပစ္စယောပိ ဝတ္တဗ္ဗော။ သတိပဋ္ဌာနံ ဘာဝေတိ၊ သမ္မပ္ပဓာနံ ဘာဝေတိ၊ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ သမ္မာဒိဋ္ဌိံ ဘာဝေတိ၊ သမ္မာသင်္ကပ္ပံ ဘာဝေတီတိအာဒိနာ ဗဟူသု ဌာနေသု ဝုတ္တော။ တတ္ထ ဘာဝေတီတိ ဇေကံပိ ဒိဝသံ ဘာဝေတိ၊ သတ္တပိ ဒိဝသာနိ ဘာဝေတိ၊ ဇေကံပိ မာသံ ဘာဝေတိ၊ သတ္တပိ မာသာနိ ဘာဝေတိ၊ ဇေကံပိ သံဝစ္ဆရံ ဘာဝေတိ၊ သတ္တပိ သံဝစ္ဆရာနိ ဘာဝေတီတိ အတ္ထော။

ပုရိမပုရိမေသု ဘဝေသု အာသေဝိတာနိ ဘာဝိတာနိ ဗဟုလီကတာနိ ကုသလာနိ ဝါ အကုသလာနိ ဝါ ပစ္ဆိမပစ္ဆိမေသု ဘဝေသု ဗလဝတရာနံ ကုသလာနံ ဝါ အကုသလာနံ ဝါ ဥပ္ပတ္တိယာ အာသေဝနပစ္စယော။

ကာလန္တရေ ဝါ ဘဝန္တရေ ဝါ တာဒိသာနံ ကုသလာကုသလာနံ ဥပ္ပတ္တိယာ ပစ္စယော ဥပနိဿယပစ္စယော နာမ။ တေသံယေဝ ဗလဝတရတ္တာယ ပစ္စယော အာသေဝနပစ္စယော နာမ။

မိခင်ရောဝတီ

www.dhammaransi.com



လောကေပိ မဟန္တေသု စိတ္တဘာဝနာကမ္မေသု ဝါစာဘာဝနာကမ္မေသု ကာယဘာဝနာကမ္မေသု အင်္ဂပစ္စင်္ဂဘာဝနာကမ္မေသု ကမ္မာယတနသိပ္ပါယတန-ဝိဇ္ဇာဋ္ဌာနေသု စ အာသေဝနာ ဘာဝနာ ဗဟုလီကမ္မာနံ နိဿန္ဒဂုဏာ နာမသန္တိယေဝ။

သဗ္ဗေသံ ခဏိကမ္မာနံ မဇ္ဈေ ဝေရူပဿ အာသေဝနပစ္စယဿ ဝိဇ္ဇမာနတ္တာ ပုရိသဗလပုရိသထာမာနံ ဥပရူပရိ ဝုဍ္ဍိ နဝသေန စိရကာလံ ပဝတ္တိတာနိ ပုရိသကမ္မာနိ နိပ္ဖတ္တိံ ပါပုဏန္တိ၊ သဗ္ဗညုဗုဒ္ဓဘာဝံပိ ဂစ္ဆန္တိ။ ။ အာသေဝနပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၃- ကမ္မပစ္စယော

ဒုဝိဓော ကမ္မပစ္စယော သဟဇာတကမ္မပစ္စယော နာနာက္ခဏိကကမ္မ-ပစ္စယော။

တတ္ထ ခဏတ္တယသမင်္ဂိဘူတာ သဗ္ဗာပိ ကုသလာကုသလာဗျာကတ-စေတနာ သဟဇာတကမ္မပစ္စယော။ စေတနာသမ္ပယုတ္တာ သဗ္ဗေပိ စိတ္တစေတသိကာ ဓမ္မာ စ ပဋိသန္ဓိစိတ္တေန သဟုပ္ပန္နာ ကမ္မဇရူပဓမ္မာ စ ပဝတ္တိကာလေ သဗ္ဗေပိ စိတ္တဇရူပဓမ္မာ စ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။

အတီတာ ကုသလာကုသလစေတနာ နာနာက္ခဏိကကမ္မပစ္စယော။ ဗာတ္တိံသဝိဓာ လောကိယဝိပါကစိတ္တစေတသိကာ ဓမ္မာ စ သဗ္ဗေ ကမ္မဇရူပဓမ္မာ စ တဿ ပစ္စယဿ ပစ္စယုပ္ပန္နာ။

ကေနဋ္ဌေန ကမ္မန္တိ။ ကိရိယာဝိသေသဋ္ဌေန ကမ္မံ။ စေတနာ ဟိ ကိရိယာဝိသေသော ဟောတိ သဗ္ဗကမ္မေသု ဇေဋ္ဌကတ္တာ။ တာ ဟိ သဗ္ဗေသု ကာယဝစီမနောကမ္မေသု ပစ္စုပဋ္ဌိတေသု တဿ တဿ ကမ္မဿ နိဗ္ဗတ္တတ္ထာယ သမ္ပယုတ္တဓမ္မေ စေတေတိ ကပ္ပေတိ သံဝိဒဟတိ၊ ဧကတော ဉဋ္ဌာပေတိ၊ တသ္မာ သဗ္ဗာကမ္မေသု ဇေဋ္ဌကာ ဟောတိ။ ဣတိ ကိရိယာဝိသေသဋ္ဌေန ကမ္မံ နာမ။ ကရောန္တိ ဧတေနာတိ ဝါ ကမ္မံ။ ကိံ ကရောန္တိ။ ကာယိကကိရိယံပိ ကရောန္တိ၊ ဝါစသိကကိရိယံပိ ကရောန္တိ၊ မာနသိကကိရိယံပိ ကရောန္တိ။ တတ္ထ

www.dhammaransi.com



ကာယိကကိရိယာ နာမ ဂမနဋ္ဌာန နိသဇ္ဇာဒယော အဘိက္ကမနပဋိက္ကမနာဒယော အန္တမသော အက္ခိဒလာနံ ဥက္ခိပနနိက္ခိပနာနိပိ။ ဝါစသိကကိရိယာ နာမ ဝါစာပဝတ္တနကိရိယာ။ မာနသိကကိရိယာ နာမ သုစိန္တိတဒုစိန္တိတကိရိယာ၊ အန္တမသော ပဋ္ဌဝိညာဏာနံ ဒဿနကိစ္စသဝနကိစ္စာဒီနိပိ။ သဗ္ဗာပိ တ္တမာ ကိရိယာယော တာယ စေတနာယ သတ္တာ ကရောန္တိ၊ သံဝိဒဟန္တိ၊ တသ္မာ သာ စေတနာ ကမ္မံ နာမ။

အတ္တနော ပစ္စယုပ္ပန္နေန သဟ ဇာယတီတိ သဟဇာတံ။ သဟဇာတဉ္စ တံ ကမ္မဉ္စာတိ သဟဇာတကမ္မံ။ သဟဇာတကမ္မံ ဟုတွာ ပစ္စယော သဟဇာတကမ္မပစ္စယော။ သဟဇာတကမ္မဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ။

အညော ကမ္မဿ ဥပ္ပတ္တိက္ခဏော အညော ဝိပါကဿ ဥပ္ပတ္တိက္ခဏောတိ ဧဝံ ဝိသုံ ဝိသုံ ဥပ္ပတ္တိက္ခဏော ဧတဿာတိ နာနာက္ခဏိကံ။ နာနာက္ခဏိကဉ္စ တံ ကမ္မဉ္စာတိ နာနာက္ခဏိကကမ္မံ။ နာနာက္ခဏိကကမ္မံ ဟုတွာ ပစ္စယော နာနာက္ခဏိကကမ္မပစ္စယော။ နာနာက္ခဏိကကမ္မပစ္စယဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ။ အရိယမဂ္ဂသမ္ပယုတ္တာ စေတနာ အတ္တနော နိရုဒ္ဓါနန္တရေ ဧဝ အရိယဖလဝိပါကံ ဇနေတိ၊ သာပိ နာနာက္ခဏိကာ ဧဝ ဟောတိ။

ဧတ္ထ စ ကော ဒါနကုသလစေတနာ အတ္တနာ သဟဇာတာနံ စိတ္တစေတသိကာနဉ္စ ကာယိကဝါစသိကကိရိယာဘူတာနံ စိတ္တဇရူပါနဉ္စ သဟဇာတကမ္မပစ္စယော။ တာယ စေတနာယ အာယတိံ ကာလန္တရေ ဥပ္ပဇ္ဇမာနဿ ဝိပါကက္ခန္ဓဿ စ ကမ္မဇရူပက္ခန္ဓဿ စ နာနာက္ခဏိကကမ္မပစ္စယော။ ဧဝံ ကော ကမ္မပထပတ္တာ သုစရိတဒုစ္စရိတစေတနာ ဒွိသု ကာလေသု ဒွိန္နံ ပစ္စယုပ္ပန္နာနံ ဒွိဟိ ပစ္စယသတ္တီဟိ ပစ္စယော ဟောတီတိ။

ဧတ္ထ စ နာနာက္ခဏိကကမ္မပစ္စယေ ကမ္မန္တိ ကိရိယာဝိသေသော။ သော ပန စေတနာယ နိရုဒ္ဓါယပိ အနိရုဒ္ဓါယပိ တံစိတ္တသန္တာနံ အနုဂစ္ဆတိယေဝ။ ယဒါ ဝိပစ္စိတုံ ဩကာသံ လဘတိ၊ တဒါ သော ကိရိယာဝိသေသော စုတိနန္တရေ ကော အတ္တဘာဝေါ ဟုတွာ ဝိပစ္စတိ ပါတုဘဝတိ။ ဩကာသံ ပန အလဘမာနာ ဘဝသတံပိ ဘဝသဟဿံပိ ဘဝသတသဟဿံပိ တံ သန္တာနံ အနုဂစ္ဆတိယေဝ။

www.dhammaransi.com



မဟဂ္ဂတကမ္မံ ပန လဒ္ဓေါကာသေ သတိ ဒုတိယဘဝေ ဖြဟ္မလောကေ ဇာေ ဖြဟ္မတ္တဘာဝေါ ဟုတွာ ဝိပစ္စတိ ပါတုဘဝတိ။ သုပရိပက္ကကမ္မတ္တာ ပန ဒုတိယဘဝေယေဝ ခီယတိ၊ တတော ပရံ နာနုဂစ္ဆတီတိ။ ။ ကမ္မပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၄– ဝိပါကပစ္စယော

ဆတ္တိံသဝိဓာ ဝိပါကဘူတာ သဟဇာတစိတ္တစေတသိကာ ဓမ္မာ ဝိပါကပစ္စယော။ တေယေဝ အညမညဉ္စ ပဋိသန္ဓိက္ခဏေ ကမ္မဇရူပါနိ စ ပဝတ္တိက္ခဏေ ဝိပါကစိတ္တဇာတာနိ စိတ္တဇရူပါနိ စ ဝိပါကပစ္စယုပ္ပန္နော။

ကေနဋ္ဌေန ဝိပါကောတိ။ ဝိပစ္စနဋ္ဌေန ဝိပါကော။ ဝိပစ္စနံ နာမ မုဒုတရဏာ ဘာဝံ အတိက္ကမ္မ ဝိပက္ကဘာဝံ အာပဇ္ဇနံ။ ကဿ ပန ဓမ္မဿ မုဒုတရဏာဘာဝေါ၊ ကဿ ဝိပက္ကဘာဝေါတိ။ နာနာက္ခဏိကကမ္မပစ္စယသင်္ခါတဿ အတီတကမ္မဿ မုဒုတရဏာဘာဝေါ၊ တဿေဝ ကမ္မဿ ဝိပက္ကဘာဝေါ။

တတ္ထ ကေဿ ကမ္မဿ စတဿော အဝတ္ထာယော ဟောန္တိ စေတနာ ဝတ္ထာ ကမ္မာဝတ္ထာ နိမိတ္တာဝတ္ထာ ဝိပါကာဝတ္ထာတိ။

တတ္ထ တာယ စေတနာယ နိရုဒ္ဓါယပိ တဿာ ကိရိယာဝိသေသော န နိရုဇ္ဈတိ၊ တံစိတ္တသန္တာနံ အနုဂစ္ဆတိယေဝ။ အယံ ကမ္မာဝတ္ထာ နာမ။

နိမိတ္တာဝတ္ထာတိ တံ ကမ္မံ ယဒါ ဝိပစ္စိတုံ ဩကာသံ လဘတိ၊ တဒါ မရဏာသန္နကာလေ တဿ ပုဂ္ဂလဿ တမေဝ ကမ္မံ ဝါ ပစ္စုပဋ္ဌာတိ၊ သော ပုဂ္ဂလော တဒါ ဒါနံ ဒေန္တော ဝိယ သီလံ ရက္ခန္တော ဝိယ ပါဏာဃာတံ ဝါ ကရောန္တော ဝိယ ဟောတိ။ ကမ္မနိမိတ္တံ ဝါ ပစ္စုပဋ္ဌာတိ၊ ဒါနဝတ္ထုအာဒိကံ ဝါ သတ္တာဒိကံ ဝါ အညံ ဝါပိ ပုဗ္ဗေ တဿ ကမ္မဿ ဥပကရဏဘူတံ အာရမ္မဏံ ထဒါတဿ ပုဂ္ဂလဿ ဟတ္ထဂတံ ဝိယ ဟောတိ။ ဂတိနိမိတ္တံ ဝါ ပစ္စုပဋ္ဌာတိ၊ ဒိဗ္ဗဝိမာနာဒိကံ ဝါ နိရယဂ္ဂိဇာလာဒိကံ ဝါ ဥပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗံ ဝါ အနုဘဝိတဗ္ဗံ ဝါ အာရမ္မဏံ တဒါ ဒိဿမာနံ ဟောတိ။ အယံ နိမိတ္တာဝတ္ထာ နာမ။

www.dhammaransi.com



ဝိပါကာဝတ္ထာတိ သစေ သော ပုဂ္ဂလော တထာ ပစ္စုပဋ္ဌိတံ တံ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ ဂတိနိမိတ္တံ ဝါ ဧကံ အာရမ္မဏံ အမုဥ္စမာနော မရတိ၊ တဒါ တံ ကမ္မံ တသ္မိံ ဘဝေ ဝိပစ္စတိ၊ တံ ကမ္မံ တသ္မိံ ဘဝေ ဧကော အတ္တဘာဝေါ ဟုတွာ ပါတုဘဝတိ။ တတ္ထ ပုရိမာသု တီသု အဝတ္ထာသု တံ ကမ္မံ မုဒုတရဏာဘူတံ ဟောတိ၊ ပစ္ဆိမံ ပန ဝိပါကာဝတ္ထံ ပတွာ ဝိပက္ကဘူတံ ဟောတိ။ တေန ဝုတ္တံ ဝိပစ္စနံနာမ မုဒုတရဏာဘာဝံ အတိက္ကမ္မ ဝိပက္ကဘာဝံ အာပဇ္ဇနန္တိ။ ဧဝံ ဝိပက္ကဘာဝံ အာပန္နော စိတ္တစေတသိကဓမ္မသမူဟော ဝိပါကော နာမ။

တတ္ထ ယထာ အမ္ဗပ္ဖလာနိ နာမ ယဒါ ဝိပက္ကဘာဝံ အာပဇ္ဇန္တိ၊ တဒါ သဗ္ဗသော သိနိဒ္ဓရူပါနိ ဟောန္တိ။ ဧဝမေဝံ ဝိပါကဓမ္မာ နာမ နိရုဿာဟာ နိဗ္ဗျာပါရာ ဟုတွာ သဗ္ဗသော သန္တရူပါ ဟောန္တိ။ တေသံ သန္တရူပတ္တာယေဝ ဘဝင်္ဂစိတ္တာနံ အာရမ္မဏံ အဝိဘူတံ ဟောတိ၊ ဘဝင်္ဂတော ဝုဋ္ဌာနကာလေ တံ အာရမ္မဏံ န ဇာနာတိ။ တထာဟိ ရတ္တိယံ နိဒ္ဒါယန္တဿ ပုရိမဘဝေ မရဏာသန္နကာလေ ယထာဂဟိတံ ကမ္မာဒိကံ အာရမ္မဏံ အာရဗ္ဘ ဣဒံ နာမ မေ ပုရိမဘဝေ အာရမ္မဏံ ဒိဋ္ဌန္တိ ကဿစိ ဇာနနဝီထိစိတ္တဿ ဥပ္ပတ္တိယာ ပစ္စယော န ဟောတိ။ သော ပုဂ္ဂလော နိဒ္ဒါယနကာလေပိ ဥဋ္ဌာနကာလေပိ ပုရိမဘဝသိဒ္ဓံ တံ နိမိတ္တံ န ဇာနာတိ။ ဧဝံ နိရုဿာဟနိဗ္ဗျာပါရသန္တရူပဘာဝေန ဥပကာရကတာ ဝိပါကပစ္စယတာ နာမာတိ။ ။ ဝိပါကပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၅- အာဟာရပစ္စယော

ဒုဝိဓော အာဟာရပစ္စယော ရူပါဟာရပစ္စယော အရူပါဟာရပစ္စယော။

တတ္ထ ရူပါဟာရပစ္စယော နာမ ကဗဠီကာရာဟာရသင်္ခါတံ ဩဇရူပံ ဝုစ္စတိ။ သော စ အဇ္ဈတ္တာဟာရော ဗဟိဒ္ဓါဟာရောတိ ဒုဝိဓော။ ကဗဠီ- ကာရာဟာရဘက္ခာနံ သဗ္ဗေပိ စတုသမုဋ္ဌာနိကရူပဓမ္မာ တဿ ဒုဝိဓဿ ရူပါဟာရဿ ပစ္စယုပ္ပန္နာ။

အရူပါဟာရော ပန တိဝိဓော ဖဿာဟာရော မနောသဉ္စေတနာဟာရော ဝိညာဏာဟာရော စ။ တယောပေတေ ဓမ္မာ သဟဇာတာနံ နာမရူပဓမ္မာနံ

www.dhammaransi.com



အာဟာရပစ္စယာ ဟောန္တိ။ သဟဇာတာ စ နာမရူပဓမ္မာ တေသံ ပစ္စယုပ္ပန္နာ။

ကေနဋ္ဌေန အာဟာရောတိ။ ဘုသံ ဟရဏဋ္ဌေန အာဟာရော။ ဘုသံ ဟရဏဋ္ဌေနာတိ စ ဒဠှံ ပဝတ္တာပနဋ္ဌေန၊ စိရကာလံ ဌိတိယာ ဝုဍ္ဎိယာ ဝိရူဠှိယာ ဝေပုလ္လာယ ဥပတ္ထမ္ဘနဋ္ဌေနာတိ ဝုတ္တံ ဟောတိ။ ဇနကကိစ္စယုတ္တောပိ အာဟာရော ဥပတ္ထမ္ဘနမကိစ္စပ္ပဓာနော ဟောတီတိ။

တတ္ထ ဒုဝိဓော ရူပါဟာရော အဇ္ဈတ္တသန္တာနေ စတုသမုဋ္ဌာနိကံ ရူပကာယံ ဥပဗြူဟယန္တော ဘုသံ ဟရတိ၊ ဒဠှံ ပဝတ္တေတိ၊ စိရံ အဒ္ဓါနံ ဂမေတိ၊ တံတံ-အာယုကပ္ပပရိယောသာနံ ပါပေတီတိ အာဟာရော။

ဖဿာဟာရော အာရမ္မဏေသု ဣဋ္ဌာနိဋ္ဌရသံ နီဟရန္တော သမ္ပယုတ္တဓမ္မေ ဘုသံ ဟရတိ။ မနောသဉ္စေတနာဟာရော ကာယဝစီ မနောကမ္မေသု ဥဿာဟံ ဇနေန္တော သမ္ပယုတ္တဓမ္မေ ဘုသံ ဟရတိ။ ဝိညာဏာဟာရော အာရမ္မဏဝိဇာနနဋ္ဌေန ပုဗ္ဗင်္ဂမကိစ္စံ ဝဟန္တော သမ္ပယုတ္တဓမ္မေ ဘုသံ ဟရတိ၊ ဒဠှံ ပဝတ္တေတိ၊ စိရံ အဒ္ဓါနံ ဂမေတီတိ အာဟာရော။ သမ္ပယုတ္တဓမ္မေ ဘုသံ ဟရန္တော သဟဇာတရူပဓမ္မေပိ ဘုသံ ဟရတိယေဝ။

ဣမေ စ သုတ္တန္တနယောပိ ဝတ္တဗ္ဗော။ ယထာ သကုဏာ နာမ စက္ခုပ္ပဟိ ဒိသာဝိဒိသံ ဝိဘာဝေတွာ ပတ္တေဟိ ရက္ခတော ရက္ခံ ဝနတော ဝနံ အာကာသေန ပက္ခန္ဒိတွာ တုဏ္ဍကေဟိ ဖလာဖလာနိ တုဒိတွာ ယာဝဇီဝံ အတ္တာနံ ယာပေန္တိ။ တထာ ဣမေ သတ္တာ ဆဟိ ဝိညာဏေဟိ အာရမ္မဏာနိ ဝိဘာဝေတွာ ဆဟိ မနောသဉ္စေတနာဟာရေဟိ အာရမ္မဏဝတ္ထုပ္ပဋိလာဘတ္ထာယ ဥဿုက္ကံ ကတွာ ဆဟိ ဖဿာဟာရေဟိ အာရမ္မဏေသု ရသံ ပါတုဘဝန္တံ ကတွာ သုခဒုက္ခံ အနုဘဝန္တိ။ ဝိညာဏေဟိ ဝါ အာရမ္မဏာနိ ဝိဘာဝေတွာ နာမရူပသမ္ပတ္တိံ သာဓေန္တိ။ ဖဿေတိ အာရမ္မဏေသု ရသံ ပါတုဘဝန္တံ ကတွာ အာရမ္မဏရသာနုဘဝနံ ဝေဒနံ သမ္ပာဒေတွာ တဏှာဝေပုလ္လံ အာပဇ္ဇန္တိ။ စေတနာဟိ တဏှာမူလကာနိ နာနာကမ္မာနိ ပသဝေတွာ ဘဝတော ဘဝံ သံသရန္တိ။ ဇဝံ အာဟာရဓမ္မာနံ မဟန္တံ အာဟာရကိစ္စံ ဝေဒိတဗ္ဗန္တိ။ ။ အာဟာရပစ္စယဒီပနာ နိဋ္ဌိတာ။

www.dhammaransi.com



# ၁၆– ဣန္ဒြိယပစ္စယော

တိဝိဓော ဣန္ဒြိယပစ္စယော သဟဇာတိန္ဒြိယပစ္စယော ပုရေဇာတိန္ဒြိယ–ပစ္စယော ရူပဇီဝိတိန္ဒြိယပစ္စယော။

တတ္ထ ပန္နရသိန္ဒြိယဓမ္မာ သဟဇာတိန္ဒြိယပစ္စယော နာမ၊ ဇီဝိတိန္ဒြိယံ မနိန္ဒြိယံ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ အနညာတညဿာမီတိန္ဒြိယံ အညိန္ဒြိယံ အညာတာဝိန္ဒြိယန္တိ။ တေဟိ သဟဇာတာ စိတ္တစေတသိကဓမ္မာ စ ရူပဓမ္မာ စ တဿ ပစ္စယုပ္ပန္နာ။

ပဉ္စိန္ဒြိယရူပါနိ ပုရေဇာတိန္ဒြိယပစ္စယော၊ စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ။ ပဉ္စဝိညာဏစိတ္တစေတသိကဓမ္မာ တဿ ပစ္စယုပ္ပန္နာ။

ဇကံ ရူပဇီဝိတိန္ဒြိယံ ရူပဇီဝိတိန္ဒြိယပစ္စယော။ သဗ္ဗာနိ ကမ္မဇရူပါနိ ဇီဝိတရူပဝဇ္ဇိတာနိ တဿ ပစ္စယုပ္ပန္နာနိ။

ကေနဋ္ဌေန ဣန္ဒြိယန္တိ။ ဣဿရိယဋ္ဌေန ဣန္ဒြိယံ။ တတ္ထ ကတ္ထ ဣဿရိယန္တိ။ အတ္တနော အတ္တနော ပစ္စယုပ္ပန္နေသု ဓမ္မေသု ဣဿရိယံ။ ကသ္မိံ ကသ္မိံ ကိစ္စေ ဣဿရိယန္တိ။ အတ္တနော အတ္တနော ကိစ္စေ ဣဿရိယံ။ နာမဇီဝိတံ သမ္ပယုတ္တဓမ္မာနံ ဇဝနကိစ္စေ ဣဿရိယံ။ ဇဝနကိစ္စေတိ အာယုဝဍ္ဎနကိစ္စေ၊ သန္တတိဋ္ဌိတိယာ စိရကာလဋ္ဌိတိကိစ္စေတိ အတ္ထော။ မနိန္ဒြိယံ အာရမ္မဏဂ္ဂဟဏ–ကိစ္စေ သမ္ပယုတ္တဓမ္မာနံ ဣဿရိယံ။ အဝသေသော ဣန္ဒြိယဋ္ဌော ပုဗ္ဗေ ဣန္ဒြိယယမကဒီပနိယံ ဝုတ္တောယေဝ။

ဧတ္ထ ဝဒေယျ၊ ဒွေ ဣတ္ထိန္ဒြိယပုရိသိန္ဒြိယဓမ္မာ ဣန္ဒြိယဘူတာ သမာနာပိ ကသ္မာ ဣန္ဒြိယပစ္စယေ ဝိသုံ န ဂဟိတာတိ။ ပစ္စယကိစ္စဿ အဘာဝတော။ တိဝိဓံ ဟိ ပစ္စယကိစ္စံ ဇနကကိစ္စဉ္စ ဥပတ္ထမ္ဘကကိစ္စဉ္စ အနုပါလကကိစ္စဉ္စ။ တတ္ထ ယော ပစ္စယော ပစ္စယုပ္ပန္နဓမ္မေသု ဥပ္ပါဒါယ ပစ္စယော ဟောတိ၊ ယသ္မိံ အသတိ ပစ္စယုပ္ပန္နော ဓမ္မော န ဥပ္ပဇ္ဇတိ၊ တဿ ပစ္စယကိစ္စံ ဇနကကိစ္စံ နာမ။ ယထာ အနန္တရပစ္စယော။ ယော ပစ္စယော ပစ္စယုပ္ပန္နဓမ္မေသု ဌိတိယာ စ ဝုဍ္ဎိယာ စ

www.dhammaransi.com



ဝိရုဋ္ဌိယာ စ ပစ္စယော ဟောတိ၊ ယသ္မိံ အသတိ ပစ္စယုပ္ပန္နေ ဓမ္မော န တိဋ္ဌတိ န ဝဍ္ဎတိ န ဝိရူဟတိ၊ တဿ ပစ္စယကိစ္စံ ဥပတ္ထမ္ဘနကိစ္စံ နာမ။ ယထာ ပစ္ဆာဇာတပစ္စယော။ ယော ပစ္စယော ပစ္စယုပ္ပန္နဿ ဓမ္မဿ ပဝတ္တိယာ ပစ္စယော ဟောတိ၊ ယေန ဝိနာပစ္စယုပ္ပန္နော ဓမ္မော စိရကာလံ န ပဝတ္တတိ၊ သန္တတိဂမနံ ဆိဇ္ဇတိ၊ တဿ ပစ္စယကိစ္စံ အနုပါလနကိစ္စံ နာမ။ ယထာ ရူပဇီဝိတိန္ဒြိယပစ္စယော။ ဧတေ ပန ဒွေ ဣန္ဒြိယဓမ္မာ တေသု တီသု ပစ္စယကိစ္စေသု ဧကေကိစ္စံပိ နသာဓေန္တိ၊ တသ္မာ ဧတေ ဒွေ ဓမ္မာ ဣန္ဒြိယပစ္စယေ ဝိသုံ န ဂဟိတာတိ။

ဇဝံ သန္တေ ဧတေ ဒွေ ဓမ္မာ ဣန္ဒြိယာတိပိ န ဝတ္တဗ္ဗာတိ။ နော န ဝတ္တဗ္ဗာ။ ကသ္မာ။ ဣန္ဒြိယကိစ္စသဗ္ဘာဝတောတိ။ ကိံ ပန ဧတေသံ ဣန္ဒြိယကိစ္စန္တိ။ လိင်္ဂနိမိတ္တကုတ္တအာကပ္ပေသု ဣဿရတာ ဣန္ဒြိယကိစ္စံ။ တထာ ဟိ ယဿ ပုဂ္ဂလဿ ပဋိသန္ဓိက္ခဏေ ဣတ္ထိန္ဒြိယရူပံ ဥပ္ပဇ္ဇတိ၊ တဿ သန္တာနေ စတူဟိ ကမ္မာဒီဟိ ပစ္စယေဟိ ဥပ္ပန္နာ ပဉ္စက္ခန္ဓဓမ္မာ ဣတ္ထိကုတ္တ ဣတ္ထာကပ္ပယုတ္တော ဟောတိ၊ နော အညထာ။ န စ ဣတ္ထိန္ဒြိယရူပံ တေ ပဉ္စက္ခန္ဓဓမ္မေ ဇနေတိ၊ န စ ဥပတ္ထမ္ဘတိ၊ နာပိ အနုပါလေတိ၊ အထ ခေါ တေ ဓမ္မာ အတ္တနော အတ္တနော ပစ္စယေဟိ ဥဇုမာနာ ဝေဠုဝဋ္ဋ ဥပ္ပဇ္ဇန္တ္တာပိ အာဏာ ဌပေန္တံ ဝိယ တေသု အတ္တနော အာနုဘာဝံ ပဝတ္တေတိ။ တေ စ ဓမ္မာ တထေဝ ဥပ္ပဇ္ဇန္တိ၊ နော အညထာတိ။ အယံ ဣတ္ထိန္ဒြိယရူပဿ ဣတ္ထိလိင်္ဂါဒီသု ဣဿရတာ။ သေ နယော ပုရိသိန္ဒြိယရူပဿ ပုရိသလိင်္ဂါဒီသု ဣဿရတာယံ။ ဇဝံ ဧတေ ဒွေ ဓမ္မာ လိင်္ဂါဒီသု ဣန္ဒြိယကိစ္စသဗ္ဘာဝတော ဣန္ဒြိယာ နာမ ဟောန္တီတိ။

ဟဒယဝတ္ထုရူပံ ပန ဒွိန္နံ ဝိညာဏဓာတူနံ နိဿယဝတ္ထုကိစ္စံ သာဓယမာနံပိ တာသု ဣန္ဒြိယကိစ္စံ န သာဓေတိ။ န ဟိ ဘာဝိတစိတ္တဿ ပုဂ္ဂလဿ ဟဒယရူပေ ပသန္နေ ဝါ အပ္ပသန္နေ ဝါ ဓာတေပိ မနောဝိညာဏ–ဓာတုယော တဒနုဝတ္တိကာ ဟောန္တီတိ။ ။ ဣန္ဒြိယပစ္စယဒီပနာ နိဋ္ဌိတာ။

www.dhammaransi.com



## ၁၇- ဈာနပစ္စယော

သတ္တ ဈာနင်္ဂါနိ ဈာနပစ္စယော၊ ဝိတက္ကော ဝိစာရော ပီတိ သောမနဿံ ဒေါမနဿံ ဥပေက္ခာ ဧကဂ္ဂတာ။ တေဟိ သဟဇာတာ ပဉ္စဝိညာဏဝဇ္ဇိတာ စိတ္တစေတသိကဓမ္မာ စ ရူပဓမ္မာ စ တဿ ပစ္စယုပ္ပန္နာ။

ကေနဋ္ဌေန ဈာနန္တိ။ ဥပနိဇ္ဈာယနဋ္ဌေန ဈာနံ။ ဥပနိဇ္ဈာယနဋ္ဌေနာတိ စ မနသာ အာရမ္မဏံ ဥပဂန္တွာ နိဇ္ဈာယနဋ္ဌေန ပေက္ခနဋ္ဌေန။ ယထာ ဟိ ဣဿာသော ဒူရေ ဌတွာ ခုဒ္ဒကေ လက္ခမဏ္ဍလေ သရံ ပဝေသေန္တော ဟတ္ထေဟိ သရံ ဥဇုကဉ္စ နိစ္စလဉ္စ ကတွာ မဏ္ဍလဉ္စ ဝိဘူတံ ကတွာ စက္ခုနာ နိဇ္ဈာယန္တော ပဝေသေတိ။ ဧဝမေဝ ဣမေဟိ အင်္ဂေဟိ စိတ္တံ ဥဇုကဉ္စ နိစ္စလဉ္စ ကတွာ အာရမ္မဏဉ္စ ဝိဘူတံ ကတွာ နိဇ္ဈာယန္တော ပုဂ္ဂလော ဥပနိဇ္ဈာယတီတိ ဝုစ္စတိ။ ဧဝံ ဥပနိဇ္ဈာယိတွာ ယံကိဉ္စိ ကာယကမ္မံ ဝါ ဝစီကမ္မံ ဝါ မနောကမ္မံ ဝါ ကရောန္တော အဝိရဇ္ဈမာနော ကရောတိ။

တတ္ထ ကာယကမ္မံ နာမ အဘိက္ကမပဋိက္ကမာဒိကံ ဝုစ္စတိ။ ဝစီကမ္မံ နာမ အက္ခရဝဏ္ဏပရိပုဏ္ဏံ ဝစီဘေဒကရဏံ ဝုစ္စတိ။ မနောကမ္မံ နာမ ယံကိဉ္စိ မနသာ အာရမ္မဏဝိဘာဝနံ ဝုစ္စတိ။ ဒါနကမ္မံ ဝါ ပါဏာတိပါတကမ္မံ ဝါ အနုရူပေဟိ ဈာနင်္ဂေဟိ ဝိနာ ဒုဗ္ဗလေန စိတ္တေန ကာတုံ န သက္ကာ ဟောတိ။ ဧသ နယော သေသေသု ကုသလာကုသလကမ္မေသူတိ။

အယဉ္စ အတ္ထော ဝိတက္ကာဒီနံ ဈာနင်္ဂဓမ္မာနံ ဝိသုံ ဝိသုံ သဘာဝ-လက္ခဏေဟိ ဒီပေတဗ္ဗော။ သမ္ပယုတ္တဓမ္မေ အာရမ္မဏာဘိနိရောပနလက္ခဏော ဝိတက္ကော၊ သော စိတ္တံ အာရမ္မဏေ ဒဠှံ နိယောဇေတိ။ အာရမ္မဏာနုမဇ္ဇန-လက္ခဏော ဝိစာရော၊ သော စိတ္တံ အာရမ္မဏေ ဒဠှံ သံယောဇေတိ။ အာရမ္မဏာသမ္ပိယာယနလက္ခဏာပီတိ၊ သာ စိတ္တံ အာရမ္မဏေ ပရိတုဋ္ဌံ ကရောတိ။ တိဿောပိ ဝေဒနာ အာရမ္မဏရသာနုဘဝနလက္ခဏာ၊ တာပိ စိတ္တံ အာရမ္မဏေ ဣဋ္ဌာနိဋ္ဌမဇ္ဈတ္တရသာနုဘဝနကိစ္စေန ဒဠှပ္ပဋိဗဒ္ဓံ ကရောန္တိ။ သမာဓာနလက္ခဏာ ဧကဂ္ဂတာ၊ သာပိ စိတ္တံ အာရမ္မဏေ နိစ္စလံ ကတွာ ဌပေတီတိ။ ။

www.dhammaransi.com



ဈာနပစ္စယဒီပနာ နိဋ္ဌိတာ။

## ၁၈- မဂ္ဂပစ္စယော

ဒွါဒသ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမာသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါယာမော မိစ္ဆာသမာဓိ။ သေသာ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါတိ တယော ဓမ္မာ ဝိသုံ စေတသိကဓမ္မာ န ဟောန္တိ၊ မုသာဝါဒါဒိဝသေန ပဝတ္တာနံ စတုန္နံ အကုသလခန္ဓာနံ နာမံ။ တသ္မာ တေ မဂ္ဂပစ္စယေ ဝိသုံ န ဂဟိတာတိ။ သဗ္ဗေ သဟေတုကာ စိတ္တစေတသိကဓမ္မာ စ သဟေတုကစိတ္တသဟဇာတာ ရူပဓမ္မာ စ တဿ ပစ္စယုပ္ပန္နာ။

ကေနဋ္ဌေန မဂ္ဂေါတိ။ သုဂတိဒုဂ္ဂတိနိဗ္ဗာနဒိသာဒေသသမ္မာပနဋ္ဌေန မဂ္ဂေါ။ သမ္မာဒိဋ္ဌိအာဒိကာနိ ဟိ အဋ္ဌ သမ္မာမဂ္ဂင်္ဂါနိ သုဂတိဒိသာဒေသဉ္စ နိဗ္ဗာနဒိသာဒေသဉ္စ သမ္မာပနတ္ထာယ သံဝတ္တန္တိ။ စတ္တာရိ မိစ္ဆာမဂ္ဂင်္ဂါနိ ဒုဂ္ဂတိဒိသာဒေသံ သမ္မာပနတ္ထာယ သံဝတ္တန္တီတိ။

တတ္ထ ဈာနပစ္စယော အာရမ္မဏေ စိတ္တံ ဥဇုံ ကရောတိ၊ ထိရံ ကရောတိ၊ အပ္ပနာပတ္တံ ကရောတိ။ အပ္ပနာပတ္တံ နာမ ဂမ္ဘီရေ ဥဒကေ ပက္ခိတ္တော မန္တော ဝိယ ကသိဏာနိမိတ္တာဒိကေ နိမိတ္တာရမ္မဏေ အနုပဝိဋ္ဌံ စိတ္တံ ပဝုစ္စတိ။ မဂ္ဂပစ္စယော ဝဋ္ဋူပထေ စေတနာကမ္မံ ဝိဝဋ္ဋူပထေ ဘာဝနာကမ္မံ ဥဇုံ ကရောတိ၊ ထိရံ ကရောတိ၊ ကမ္မပထပတ္တံ ကရောတိ၊ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ ကရောတိ၊ ဘူမန္တရပတ္တံ ကရောတိ။ အယမေတေသံ ဒွိန္နံ ပစ္စယာနံ ဝိသေသော။

တတ္ထ ကမ္မပထပတ္တံ နာမ ပါဏာတိပါတာဒီနံ ကုသလာကုသလကမ္မာနံ အင်္ဂပါရိပူရိယာ ပဋိသန္ဓိဇနနေ သမတ္ထဘာဝနသင်္ခါတံ ကမ္မဂတိံ ပတ္တံ စေတနာကမ္မံ။ ဘူမန္တရပတ္တံ နာမ ဘာဝနာနုက္ကမေန ကာမဘူမိတော ပဉ္စာယ ယယာဝ လောကုတ္တရဘူမိယာ ကောဋိံ ကူရိယာပထေပိ ဥပရူပရိဘူမိံ ပတ္တံ ဘာဝနာကမ္မံ။ အယဉ္စ အတ္ထော ဈာပစ္စယေ ဝုတ္တနယေန သမ္မာဒိဋ္ဌိအာဒိကာနံ မဂ္ဂင်္ဂဓမ္မာနံ ဝိသုံ ဝိသုံ သဘာဝလက္ခဏေဟိ ဒီပေတဗ္ဗောတိ။ ။ မဂ္ဂပစ္စယဒီပနာ နိဋ္ဌိတာ။

မိခင်ရောဝတီ

www.dhammaransi.com



## ၁၉- သမ္ပယုတ္တပစ္စယော

သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယောတိ ဧကံ ဒုကံ။ အတ္ထိပစ္စယော နတ္ထိပစ္စယောတိ ဧကံ ဒုကံ။ ဝိဂတပစ္စယော အဝိဂတပစ္စယောတိ ဧကံ ဒုကံ။ ဣမာနိ တီဏိ ပစ္စယဒုကာနိ ဝိသုံ ပစ္စယဝိသေသာနိ န ဟောန္တိ။ ပုဗ္ဗေ အာဂတေသု ပစ္စယေသု ကေစိ ပစ္စယာ အတ္တနော ပစ္စယုပ္ပန္နေဟိ သမ္ပယုတ္တာ ဟုတွာ ပစ္စယတ္တံ ဝဇ္ဇန္တိ၊ ကေစိ ဝိပ္ပယုတ္တာ ဟုတွာ၊ ကေစိ ဝိဇ္ဇမာနာ ဟုတွာ၊ ကေစိ အဝိဇ္ဇမာနာ ဟုတွာ၊ ကေစိ ဝိဂတာ ဟုတွာ၊ ကေစိ အဝိဂတာ ဟုတွာ ပစ္စယတ္တံ ဂစ္ဆန္တီတိ ဒဿနတ္ထံ ဣမာနိ ဘီဏိ ပစ္စယဒုကာနိ ဝုတ္တာနိ။

ဧတ္ထ စ အတ္ထီတိ ခေါ ကတ္ထာန အယမေကော အတ္ထော၊ နတ္ထီတိ ခေါ ဒုတိယော အတ္ထောတိ ဝေရူပေသု ဌာနေသု အတ္ထိနတ္ထိသဒ္ဒါ သဿတုစ္ဆေဒေသု ပဝတ္တန္တိ၊ တသ္မာ ဝေရူပါနံ အတ္ထာနံ နိဝတ္တနတ္ထံ ပုန ဝိဂတဒုကံ ဝုတ္တံ။

သဗ္ဗေပိ သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညဿ ပစ္စယာ စေဝ ဟောန္တိ ပစ္စယုပ္ပန္နာ စ။

ကေနဋ္ဌေန သမ္ပယုတ္တော။ ဧကုပ္ပါဒတာ ဧကနိရောဓတာ ဧကဝတ္ထုကတာ ဧကာရမ္မဏတာတိ ဣမေဟိ စတူဟိ သမ္ပယောဂင်္ဂေဟိ သမန္နာဂတော ဟုတွာ သံယုတ္တော ဧကီဘာဝံ ဂတောတိ သမ္ပယုတ္တော။

တတ္ထ ဧကီဘာဝံ ဂတောတိ စက္ခုဝိညာဏံ ဖဿာဒီဟိ သတ္တဟိ စေတသိကေဟိ သဟ ဧကီဘာဝံ ဂတံ ဟောတိ၊ ဒဿနန္တိ ဧကံ ဝေါဟာရံ ဂစ္ဆတိ။ အဋ္ဌ ဓမ္မာ ဝိသုံ ဝိသုံ ဝေါဟာရံ န ဂစ္ဆန္တိ၊ ဝိနိဗ္ဘုဇိတွာ ဝိညာတုံ န သက္ကောတိ။ သေ နယော သေသေသု သဗ္ဗစိတ္တုပ္ပါဒေသူတိ။ ။ သမ္ပယုတ္တပစ္စယ-ဒီပနာ နိဋ္ဌိတာ။

## ၂၀- ဝိပ္ပယုတ္တပစ္စယော

စတုဗ္ဗိဓော ဝိပ္ပယုတ္တပစ္စယော၊ သဟဇာတော ဝတ္ထုပုရေဇာတော ဝတ္ထာရမ္မဏပုရေဇာတော ပစ္ဆာဇာတောတိ။

www.dhammaransi.com



တတ္ထ သဟဇာတဝိပ္ပယုတ္တော နာမ ဒွိသု သဟဇာတပစ္စယပစ္စယုပ္ပန္နေသု နာမရူပေသု နာမံ ဝါ ရူပဿ ရူပံ ဝါ နာမဿ ဝိပ္ပယုတ္တံ ဟုတွာ ပစ္စယော။ တတ္ထ နာမန္တိ ပဝတ္တိကာလေ စတုက္ခန္ဓနာမံ၊ ရူပဿာတိ စိတ္တဇရူပဿ၊ ရူပန္တိ ပဋိသန္ဓိက္ခဏေ ဟဒယဝတ္ထုရူပံ၊ နာမဿာတိ ပဋိသန္ဓိစတုက္ခန္ဓနာမဿ။ သေသာ တယောပိ ဝိပ္ပယုတ္တပစ္စယာ ပုဗ္ဗေ ဝိဘတ္တာ ဧဝါတိ။ ။ ဝိပ္ပယုတ္တပစ္စယဒီပနာ နိဋ္ဌိတာ။

## ၂၁- အတ္ထိပစ္စယော

သတ္တဝိဓော အတ္ထိပစ္စယော၊ သဟဇာတတ္ထိပစ္စယော ဝတ္ထုပုရေဇာတတ္ထိ-ပစ္စယော အာရမ္မဏပုရေဇာတတ္ထိပစ္စယော ဝတ္ထာရမ္မဏပုရေဇာတတ္ထိပစ္စယော ပစ္ဆာဇာတတ္ထိပစ္စယော ရူပါဟာရတ္ထိပစ္စယော ရူပဇီဝိတိန္ဒြိယတ္ထိပစ္စယောတိ။

တတ္ထ သဟဇာတပစ္စယော ဧဝ သဟဇာတတ္ထိပစ္စယော နာမ။ သေ နယော သေသေသု ဆသု။ ပစ္စယပစ္စယုပ္ပန္နဝိဘာဂေါပိ ဟေဋ္ဌာ တတ္ထ တတ္ထ ဝုတ္တောယေဝ။

ကေနဋ္ဌေန အတ္ထိပစ္စယော။ သယံ ခဏိကပစ္စုပ္ပန္နတာသင်္ခါတေန အတ္ထိဘာဝေန ပစ္စုပ္ပန္နဿ ဓမ္မဿ ပစ္စယော အတ္ထိပစ္စယော။ ။ အတ္ထပစ္စယဒီပနာ နိဋ္ဌိတာ။

## ၂၂- နတ္ထိပစ္စယော
## ၂၃- ဝိဂတပစ္စယော
## ၂၄- အဝိဂတပစ္စယော

သဗ္ဗော အနန္တရပစ္စယော နတ္ထိပစ္စယော နာမ။ တထာ ဝိဂတပစ္စယော။ အဝိဂတပစ္စယောပိ အတ္ထိပစ္စယေန သဗ္ဗသဒိသော။ အတ္ထီတိ စ အဝိဂတောတိ စ အတ္ထတော ဧကမေဝ။ တထာ နတ္ထီတိ စ ဝိဂတောတိ စ။ ။ နတ္ထိဝိဂတအဝိဂတပစ္စယဒီပနာ နိဋ္ဌိတာ။

**ပစ္စယတ္ထဒီပနာ နိဋ္ဌိတာ။**

မိခင်ဧရာဝတီ

www.dhammaransi.com



# ပစ္စယသဘာဂေါ

ပစ္စယသဘာဂေါ ဝုစ္စတေ။ ပဌမံ သဟဇာတဇာတိကာ ဟောန္တိ၊ စတ္တာရော မဟာသဟဇာတာ စတ္တာရော မဇ္ဈိမသဟဇာတာ သတ္တ ခုဒ္ဒကသဟဇာတာ။ ။တတ္ထ စတ္တာရော မဟာသဟဇာတာ နာမ သဟဇာတော သဟဇာတနိဿယော သဟဇာတတ္ထိ သဟဇာတအဝိဂတော။ စတ္တာရော မဇ္ဈိမသဟဇာတာ နာမ အညမညော ဝိပါကော သမ္ပယုတ္တော သဟဇာတ-ဝိပ္ပယုတ္တော။ သတ္တ ခုဒ္ဒကသဟဇာတာ နာမ ဟေတု သဟဇာတာဓိပတိ သဟဇာတကမ္မံ သဟဇာတာဟာရော သဟဇာတိန္ဒြိယံ ဈာနံ မဂ္ဂေါ။

တယော ရူပါဟာရော၊ ရူပါဟာရော ရူပါဟာရတ္ထိ ရူပါဟာရာဝိဂတော။

တီဏိ ရူပဇီဝိတိန္ဒြိယာနိ၊ ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိ-န္ဒြိယာဝိဂတံ။

သတ္တရသ ပုရေဇာတဇာတိကာ ဟောန္တိ၊ ဆ ဝတ္ထုပုရေဇာတာ ဆ အာရမ္မဏပုရေဇာတာ ပဉ္စ ဝတ္ထာရမ္မဏပုရေဇာတာ။ ။ တတ္ထ ဆ ဝတ္ထုပုရေဇာတာ နာမ ဝတ္ထုပုရေဇာတော ဝတ္ထုပုရေဇာတနိဿယော ဝတ္ထုပုရေဇာနာတိန္ဒြိယံ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တံ ဝတ္ထုပုရေဇာတတ္ထိ ဝတ္ထုပုရေဇာတအဝိဂတိန္ဒြိယံ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တံ ဝတ္ထုပုရေဇာတတ္ထိ ဝတ္ထုပုရေဇာတအဝိဂတော။ ။ ဆ အာရမ္မဏပုရေဇာတာ နာမ အာရမ္မဏံပုရေဇာတော ကိဉ္စိအာရမ္မဏံ ကောစိ အာရမ္မဏာဓိပတိ ကောစိ အာရမ္မဏူပနိဿယော အာရမ္မဏ ပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတအဝိဂတော။ ကိဉ္စိ အာရမ္မဏန္တိအာဒီသု ကိဉ္စိ ဂ်ကောစိဝစနေဟိ ပစ္စုပ္ပန္နံ နိပ္ဖန္နရူပံ ဂယှတိ။ ။ ပဉ္စ ဝတ္ထာရမ္မဏပုရေဇာတာ နာမ ဝတ္ထာရမ္မဏ-ပုရေဇာတော ဝတ္ထာရမ္မဏပုရေဇာတနိဿယော ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တော ဝတ္ထာရမ္မဏပုရေဇာတတ္ထိ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတော။

စတ္တာရော ပစ္ဆာဇာတဇာတိကာ ဟောန္တိ၊ ပစ္ဆာဇာတော ပစ္ဆာဇာတ-ဝိပ္ပယုတ္တော ပစ္ဆာဇာတတ္ထိ ပစ္ဆာဇာတအဝိဂတော။

သတ္တ အနန္တရာ ဟောန္တိ၊ အနန္တရော သမနန္တရော အနန္တရူပနိဿယော အာသေဝန အနန္တရကမ္မံ နတ္ထိ ဝိဂတော။ ဧတ္ထ စ အနန္တရကမ္မံ နာမ

www.dhammaransi.com



အရိယမဂ္ဂစေတနာ၊ သာ အတ္တနော အနန္တရေ အရိယဖလံ ဇနေတိ။

ပဉ္စ ဝိသုံ ပစ္စယာ ဟောန္တိ၊ အဝသေသံ အာရမ္မဏံ အဝသေသော အာရမ္မဏာဓိပတိ အဝသေသော အာရမ္မဏူပနိဿယော သဗ္ဗော ပကတူပနိဿယော အဝသေသံ နာနာက္ခဏိကကမ္မံ။ ။ ဣတိ ဝိတ္ထာရတော ပဋ္ဌာနပစ္စယာ စတုပညာသပ္ပဘေဒါ ဟောန္တီတိ။

တတ္ထ သဗ္ဗေ သဟဇာတဇာတိကာ စ သဗ္ဗေ ပုရေဇာတဇာတိကာ သဗ္ဗေ ပစ္ဆာဇာတဇာတိကာ ရူပါဟာရော ရူပဇီဝိတိန္ဒြိယန္တိ ဣမေ ပစ္စုပ္ပန္နပစ္စယာ နာမ။ သဗ္ဗေ အနန္တရဇာတိကာ သဗ္ဗံ နာနာက္ခဏိကကမ္မန္တိ ဣမေ အတီတပစ္စယာ နာမ။ အာရမ္မဏံ ပကတူပနိဿယောတိ ဣမေ တေကာလိကာ စ နိဗ္ဗာနပညတ္တီနံ ဝသေန ကာလဝိမုတ္တာ စ ဟောန္တိ။

နိဗ္ဗာနဉ္စ ပညတ္တိ စာတိ ဣမေ ဒွေ ဓမ္မာ အပ္ပစ္စယာ နာမ အသင်္ခတာ နာမ။ ကသ္မာ။ အဇာတိကတ္တာ။ ယေသံ ဟိ ဇာတိ နာမ အတ္ထိ၊ ဥပ္ပါဒေါ နာမ အတ္ထိ၊ တေ သပ္ပစ္စယာနာမ သင်္ခတာနာမ ပဋိစ္စသမုပ္ပန္နာ နာမ။ ဣမေ ဒွေ ဓမ္မာ အဇာတိကတ္တာ အနုပ္ပါဒတ္တာ အဇာတိပစ္စယတ္တာ စ အပ္ပစ္စယာ နာမ အသင်္ခတာ နာမာတိ။

သပ္ပစ္စယေသု စ ဓမ္မေသု သင်္ခတေသု ဧကောပိ ဓမ္မော နိစ္စော ဓုဝေါ သဿတော အဝိပရိတဓမ္မော နာမ နတ္ထိ။ အထ ခေါ သဗ္ဗေ တေ ခယဋ္ဌေန အနိစ္စာ ဧဝ ဟောန္တိ။ ကသ္မာ။ သယဉ္စ ပစ္စယာယတ္တဝုတ္တိကတ္တာ ပစ္စယာနဉ္စ အနိစ္စဓမ္မတ္တာ။ ။ နနု နိဗ္ဗာနဉ္စ ပညတ္တိ စ ပစ္စယာ ဟောန္တိ။ တေ စ နိစ္စာ ဓုဝါတိ။ သစ္စံ။ ကေဝလေန ပန နိဗ္ဗာနပစ္စယေန ဝါ ပညတ္တိပစ္စယေန ဝါ ဥပ္ပန္နော နာမ နတ္ထိ၊ ဗဟူဟိ ပစ္စယေဟိ ဧဝ ဥပ္ပန္နော၊ တေ ပန ပစ္စယာ အနိစ္စာ ဧဝ အဓုဝါတိ။

ယေစ ဓမ္မာ အနိစ္စာ ဟောန္တိ၊ တေ နိစ္စကာလံ သဗ္ဗေ တိဝိဓေဟိ ဒုက္ခဒဏ္ဍေဟိ ပဋိပ္ပီဠေန္တိ ဗာဓေန္တိ၊ တသ္မာ တေ ဓမ္မာ ဘယဋ္ဌေန ဒုက္ခာဧဝ ဟောန္တိ။ တတ္ထ တိဝိဓာ ဒုက္ခဒဏ္ဍာ နာမ ဒုက္ခဒုက္ခတာ သင်္ခါရဒုက္ခတာ ဝိပရိဏာမဒုက္ခတာ။

www.dhammaransi.com



ယေ ကေစိ အနိစ္စာ ဝေ ဟောန္တိ၊ ကေသိဉ္စိ ကုရိယာပထေပိ ပုနပ္ပုနံ ဘိဇ္ဇန္တိ၊ တေ ကထံ ယာဝဇီဝံ နိစ္စသညိတာနံ သတ္တပုဂ္ဂလာနံ အတ္တာ နာမ ဘဝေယျုံ၊ သာရာ နာမ ဘဝေယျုံ။ ယေ စ ဒုက္ခာ ဝေ ဟောန္တိ၊ တေ ကထံ ဒုက္ခပ္ပဋိကုလာနံ သုခကာမာနံ သတ္တာနံ အတ္တာ နာမ ဘဝေယျုံ၊ သာရာ နာမ ဘဝေယျုံ။ တသ္မာ တေ ဓမ္မာ အသာရကဋ္ဌေန အနတ္တာ ဝေ ဟောန္တိ။

အပိ စ ယသ္မာ ကမ္မာယ စတုဝီသတိယာ ပစ္စယဒေသနာယ ကမ္မမတ္တံ ဒဿေတိ။ သဗ္ဗေပိ သင်္ခတဓမ္မာ နာမ ပစ္စယာယတ္တဝုတ္တိကာ ဝေ ဟောန္တိ၊ သတ္တာနံ ဝသာယတ္တဝုတ္တိကာ န ဟောန္တိ။ ပစ္စယာယတ္တဝုတ္တိကေသု စ တေသု န ကောပိ ဓမ္မော အပ္ပကေန ပစ္စယေန ဥပ္ပဇ္ဇတိ။ အထ ခေါ ဗဟူဟိ ဝေ ပစ္စယေဟိ ဥပ္ပဇ္ဇတီတိ၊ တသ္မာ အယံ ဒေသနာ ဓမ္မာနံ အနတ္တလက္ခဏဒီပနေ မတ္ထကပတ္တာ ဟောတီတိ။

ပစ္စယသဘာဂသင်္ဂဟော နိဋ္ဌိတော။

## ပစ္စယာကာရနယော

## ပဋ္ဌဝိညာဏေသု ပစ္စယာကာရနယော

ပစ္စယာကာရနယော ဝုစ္စတေ။ ကေကေသိဉ္စိ ပစ္စယုပ္ပန္နေ ဗဟုန္နံ ပစ္စယာနံ သမောဓာနံ ပစ္စယာကာရာ နာမ။ ယေန ပန ဓမ္မာ သပ္ပစ္စယာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာတိ ဝုစ္စန္တိ၊ သဗ္ဗေ တေ ဓမ္မာ ဥပ္ပါဒေ စ ဌိတိယဉ္စ ကမ္မေဟိ စတုဝီသတိယာ ပစ္စယေဟိ သဟိတတ္တာ သပ္ပစ္စယာ နာမ၊ သပ္ပစ္စယတ္တာ သင်္ခတာ နာမ၊ သင်္ခတတ္တာ ပဋိစ္စသမုပ္ပန္နာ နာမ။ ကတမေ ပန တေ ဓမ္မာတိ။ ဧကဝီသသတစိတ္တာနိ စ ဒွိပညာသစေတသိကာနိ စ အဋ္ဌဝီသတိ ရူပါနိ စ။

တတ္ထ ဧကဝီသသတစိတ္တာနိ ဓာတုဝသေန သတ္တဝိဓာနိ ဘဝန္တိ၊ စက္ခုဝိညာဏဓာတု သောတဝိညာဏဓာတု ဃာနဝိညာဏဓာတု ဇိဝှါဝိညာဏဓာတု ကာယဝိညာဏဓာတု မနောဓာတု မနောဝိညာဏဓာတူတိ။ တတ္ထ စက္ခုဝိညာဏဒွယံ စက္ခုဝိညာဏဓာတု နာမ။ သောတဝိညာဏဒွယံ သောတဝိညာဏဓာတု နာမ။ ဃာနဝိညာဏဒွယံ ဃာနဝိညာဏဓာတု နာမ။

www.dhammaransi.com



ဇိဝှါဝိညာဏဒွယံ ဇိဝှါဝိညာဏဓာတု နာမ။ ကာယဝိညာဏဒွယံ ကာယဝိညာဏဓာတု နာမ။ ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ သမ္ပဋိစ္ဆနစိတ္တဒွယဉ္စ မနောဓာတု နာမ။ သေသာနိ အဋ္ဌသတ္တတိ စိတ္တာနိ မနောဝိညာဏဓာတု နာမ။

ဒွိပဉ္စာသစေတသိကာနိ စ ရာသိဝသေန စတုဗ္ဗိဓာနိ ဘဝန္တိ၊ သတ္တ သဗ္ဗစိတ္တိကာနိ စ ဆ ပကိဏ္ဏကာနိ စ စုဒ္ဒသ ပါပါနိ စ ပဉ္စဝီသတိ ကလျာဏာနိ စ။

စတုဝီသတိပစ္စယေသု စ ပန္နရသပစ္စယာ သဗ္ဗစိတ္တုပ္ပါဒသာဓာရဏာ ဟောန္တိ၊ အာရမ္မဏဉ္စ အနန္တရဉ္စ သမနန္တရဉ္စ သဟဇာတော စ အညမညဉ္စ နိဿယော စ ဥပနိဿယော စ ကမ္မဉ္စ အာဟာရော စ ဣန္ဒြိယဉ္စ သမ္ပယုတ္တော စ အတ္ထိ စ နတ္ထိ စ ဝိဂတော စ အဝိဂတော စ။ န ဟိ ကိဉ္စိ စိတ္တံ ဝါ စေတသိကံ ဝါ အာရမ္မဏေန ဝိနာ ဥပ္ပန္နံ နာမ အတ္ထိ။ တထာ အနန္တရာဒီဟိ စ။ အဋ္ဌပစ္စယာ ကေသဉ္စိ စိတ္တုပ္ပါဒါနံ ပစ္စယာ သာဓာရဏာ ဟောန္တိ၊ ဟေတု စ အဓိပတိ စ ပုရေဇာတော စ အာသေဝနဉ္စ ဝိပါကော စ ဈာနဉ္စ မဂ္ဂေါ စ ဝိပ္ပယုတ္တော စ။ တတ္ထ ဟေတု သဟေတုကစိတ္တုပ္ပါဒါနံ ဝ သာဓာရဏာ၊ အဓိပတိ စ သာဓိပတိဇဝနာနံ ဧဝ၊ ပုရေဇာတော စ ကေသဉ္စိ စိတ္တုပ္ပါဒါနံ ဧဝ၊ အာသေဝနဉ္စ ကုသလာကုသလကိရိယဇဝနာနံ ဧဝ၊ ဝိပါကော စ ဝိပါကစိတ္တုပ္ပါဒါနံ ဧဝ၊ ဈာနဉ္စ မနောဓာတုမနောဝိညာဏဓာတုစိတ္တုပ္ပါဒါနံ ဧဝ၊ မဂ္ဂေါ စ သဟေတုကစိတ္တုပ္ပါဒါနံ ဧဝ၊ ဝိပ္ပယုတ္တော စ အရူပလောကေ စိတ္တုပ္ပါဒါနံ နတ္ထိ၊ ဧကော ပစ္ဆာဇာတော ရူပဓမ္မာနံ ဧဝ ပိသုံဘူတော ဟောတိ။

တတြာယံ ဒီပနာ။ သတ္တ သဗ္ဗစိတ္တိကာနိ စေတသိကာနိ နာမ၊ ဖဿော ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတံ မနသိကာရော။ တတ္ထ စိတ္တံ အဓိပတိဇာတိကဉ္စ အာဟာရပစ္စယော စ ဣန္ဒြိယပစ္စယော စ။ ဖဿော အာဟာရပစ္စယော။ ဝေဒနာ ဣန္ဒြိယပစ္စယော စ ဈာနပစ္စယော စ။ စေတနာ ကမ္မပစ္စယော စ အာဟာရပစ္စယော စ။ ဧကဂ္ဂတာ ဣန္ဒြိယပစ္စယော စ ဈာနပစ္စယော စ မဂ္ဂပစ္စယော စ။ ဇီဝိတံ ဣန္ဒြိယပစ္စယော။ သေသာ ဒွေ ဓမ္မာ ဝိသေသပစ္စယာ ဟောန္တိ။

စက္ခုဝိညာဏေ သတ္တ သဗ္ဗစိတ္တိကာနိ စေတသိကာနိ လဗ္ဘန္တိ၊ ဝိညာဏေန

www.dhammaransi.com



သဒ္ဓိံ အဋ္ဌ နာမဓမ္မာ ဟောန္တိ။ သဗ္ဗေ တေ ဓမ္မာ သတ္တဟိ ပစ္စယေဟိ အညမညဿ ပစ္စယာ ဟောန္တိ စတူဟိ မဟာသဟဇာတေဟိ စ ဝိပ္ပယုတ္တဝဇ္ဇိတေဟိ တီဟိ မဇ္ဈိမသဟဇာတေဟိ စ။ တေသွေဝ အဋ္ဌသု ဓမ္မေသု ဝိညာဏံ သေသာနံ သတ္တန္နံ ဓမ္မာနံ အာဟာရပစ္စယေန စ ဣန္ဒြိယပစ္စယေန စ ပစ္စယော ဟောတိ။ ဖဿော အာဟာရပစ္စယေန၊ ဝေဒနာ ဣန္ဒြိယပစ္စယမတ္တေန၊ စေတနာ ကမ္မပစ္စယေန စ အာဟာရပစ္စယေန စ၊ ဧကဂ္ဂတာ ဣန္ဒြိယပစ္စယ မတ္တေန၊ ဇီဝိတံ သေသာနံ သတ္တန္နံ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော ဟောတိ။ စက္ခုဝတ္ထုရူပံ ပန တေသံ အဋ္ဌန္နံ ဓမ္မာနံ ဆဟိ ဝတ္ထုပုရေဇာတေဟိ တသ္မိံ စက္ခုဝတ္ထုမှိ အာပါတမာဂတာနိ ပစ္စုပ္ပန္နာနိ ရူပါရမ္မဏာနိ တေသံ စတူဟိ အာရမ္မဏပုရေဇာတေဟိ၊ အနန္တရနိရုဒ္ဓံ ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ ပဉ္စဟိ အနန္တရေဟိ၊ ပုဗ္ဗေ ကတံ ကုသလကမ္မံ ဝါ အကုသလကမ္မံ ဝါ ကုသလဝိပါကာနံ ဝါ အကုသလဝိပါကာနံ ဝါ တေသံ နာနာက္ခဏိကကမ္မပစ္စယေန၊ ကမ္မသဟာယ-ဘူတာနိ ပုရိမဘဝေ အဝိဇ္ဇာတဏှုပါဒါနာနိ စ ဣမသ္မိံ ဘဝေ အာဝါသပုဂ္ဂလ-ဥတုဘောဇနာဒယော စ တေသံ အဋ္ဌန္နံ ဓမ္မာနံ ပကတူပနိဿယပစ္စယေန ပစ္စယာ ဟောန္တိ။ ဣမသ္မိံ စိတ္တေ ဟေတု စ အဓိပတိ စ ပစ္ဆာဇာတော စ အာသေဝနဉ္စ ဈာနဉ္စ မဂ္ဂေါ စာတိ ဆပစ္စယာ န လဗ္ဘန္တိ၊ အဋ္ဌာရသပစ္စယာ လဗ္ဘန္တိ။ ယထာ စ ဣမသ္မိံ စိတ္တေ၊ တထာ သောတဝိညာဏာဒီသုပိ ဆ ပစ္စယာ န လဗ္ဘန္တိ၊ အဋ္ဌာရသပစ္စယာ လဗ္ဘန္တီတိ။

ပဉ္စဝိညာဏေသု ပစ္စယဃဋနာနယော နိဋ္ဌိတော။

## အဟေတုက စိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော

ဆ ပကိဏ္ဏကာနိ စေတသိကာနိ နာမ၊ ဝိတက္ကော ဝိစာရော အဓိမောက္ခော ဝီရိယံ ပီတိ ဆန္ဒော။ တတ္ထ ဝိတက္ကော ဈာနပစ္စယော စ မဂ္ဂပစ္စယော စ။ ဝိစာရော ဈာနပစ္စယော။ ဝီရိယံ အဓိပတိဇာတိကဉ္စ ဣန္ဒြိယပစ္စယော စ မဂ္ဂပစ္စယော စ။ ပီတိ ဈာနပစ္စယော။ ဆန္ဒော အဓိပတိဇာတိကော။ အဓိမောက္ခော ပန ဝိသေသပစ္စယော န ဟောတိ။

www.dhammaransi.com



ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ သမ္ပဋိစ္ဆနစိတ္တဒွယဉ္စ ဥပေက္ခာသန္တီရဏဒွယဉ္စာတိ ပဉ္စသုစိတ္တေသု ဒသ စေတသိကာနိ လဗ္ဘန္တိ၊ သတ္တ သဗ္ဗစိတ္တိကာနိ စ ပကိဏ္ဏကေသု ဝိတက္ကော စ ဝိစာရော စ အဓိမောက္ခော စ။ ဝိညာဏေန သဒ္ဓိံ ပစ္စေကံ ဧကာဒသ နာမဓမ္မာ ဟောန္တိ။ တ္ကမေသု စိတ္တေသု ဈာနင်္ဂံ လဗ္ဘတိ။ ဝေဒနာ စ ဧကဂ္ဂတာ စ ဝိတက္ကော စ ဝိစာရော စ ဈာနပစ္စယံ သာဓေန္တိ။ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ပန ကိရိယစိတ္တံ ဟောတိ၊ ဝိပါကပစ္စယော နတ္ထိ။ နာနာက္ခဏိကကမ္မဉ္စ ဥပနိဿယဋ္ဌာနေ တိဋ္ဌတိ။ ဝိပါကပစ္စယေန သဒ္ဓိံ ဆ ပစ္စယာ န လဗ္ဘန္တိ။ ဈာနပစ္စယေန သဒ္ဓိံ အဋ္ဌာရသပစ္စယာ လဗ္ဘန္တိ။ သေသေသု စတူသု ဝိပါကစိတ္တေသု ပဉ္စ ပစ္စယာ န လဗ္ဘန္တိ။ ဝိပါကပစ္စယေန စ ဈာနပစ္စယေန စ သဒ္ဓိံ ဧကူနဝီသတိ ပစ္စယာ လဗ္ဘန္တိ။

သောမနဿသန္တီရဏေ ပီတိယာ သဒ္ဓိံ ဧကာဒသ စေတသိကာ ယုဇ္ဇန္တိ၊ မနောဒွါရာဝဇ္ဇနစိတ္တေ စ ဝီရိယေန သဒ္ဓိံ ဧကာဒသာတိ ဝိညာဏေန သဒ္ဓိံ ဒွါဒသ နာမဓမ္မာ ဟောန္တိ။ ဟသိတုပ္ပါဒစိတ္တေ ပန ပီတိယာ စ ဝီရိယေန စ သဒ္ဓိံ ဒွါဒသ စေတသိကာနိ ယုဇ္ဇန္တိ၊ ဝိညာဏေန သဒ္ဓိံ တေရသ နာမဓမ္မာ ဟောန္တိ။ တတ္ထ သောမနဿသန္တီရဏေ ဈာနင်္ဂေသု ပီတိမတ္တံ အဓိကံ ဟောတိ၊ ပုဗ္ဗေ ဥပေက္ခာသန္တီရဏဒွယေ ဝိယ ပဉ္စ ပစ္စယာ န လဗ္ဘန္တိ။ ဧကူနဝီသတိပစ္စယာ လဗ္ဘန္တိ။ မနောဒွါရာဝဇ္ဇနစိတ္တေ စ ဝီရိယမတ္တံ အဓိကံ ဟောတိ၊ တဉ္စ တ္ကန္ဒြိယကိစ္စ ဈာနကိစ္စာနိ သာဓေတိ။ အဓိပတိကိစ္စဉ္စ မဂ္ဂကိစ္စဉ္စ န သာဓေတိ။ ကိရိယစိတ္တတ္တော ဝိပါကပစ္စယော စ နတ္ထိ။ ပုဗ္ဗေ ပဉ္စဒွါရာဝဇ္ဇနစိတ္တေ ဝိယ ဝိပါကပစ္စယေန သဒ္ဓိံ ဆ ပစ္စယာ န လဗ္ဘန္တိ။ ဈာနပစ္စယေန သဒ္ဓိံ အဋ္ဌာရသ ပစ္စယာ လဗ္ဘန္တိ။ ဟသိတုပ္ပါဒစိတ္တေပိ ကိရိယစိတ္တတ္တာ ဝိပါကပစ္စယော နတ္ထိ၊ ဇဝနစိတ္တတ္တာ ပန အာသေဝနံ အတ္ထိ၊ ဝိပါကပစ္စယေန သဒ္ဓိံ ပဉ္စ ပစ္စယာ န လဗ္ဘန္တိ။ ။ အာသေဝနပစ္စယေန သဒ္ဓိံ ဧကူနဝီသတိ ပစ္စယာ လဗ္ဘန္တိ။

**အဟေတုကစိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော နိဋ္ဌိတော။**

www.dhammaransi.com



## အကုသလစိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော

ဒွါဒသ အကုသလစိတ္တာနိ၊ ဒွေ မောဟမူလိကာနိ အဋ္ဌ လောဘမူလိကာနိ ဒွေ ဒေါသမူလိကာနိ။ စုဒ္ဒသ ပါပစေတသိကာနိ နာမ မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စန္တိ ဣဒံ မောဟစတုက္ကံ နာမ။ လောဘော ဒိဋ္ဌိ မာနောတိ ဣဒံ လောဘတိကံ နာမ။ ဒေါသော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စန္တိ ဣဒံ ဒေါသစတုက္ကံ နာမ။ ထိနံ မိဒ္ဓံ ဝိစိကိစ္ဆာတိ ဣဒံ ဝိသုံ တိကံ နာမ။

တတ္ထ လောဘော ဒေါသော မောဟောတိ တယော မူလဓမ္မာ ဟေတုပစ္စယာ၊ ဒိဋ္ဌိ မဂ္ဂပစ္စယော၊ သေသာ ဒသဓမ္မာ ဝိသေသပစ္စယာ န ဟောန္တိ။

တတ္ထ ဒွေ မောဟမူလိကာနိ နာမ ဝိစိကိစ္ဆာသမ္ပယုတ္တစိတ္တံ ဥဒ္ဓစ္စသမ္ပယုတ္တစိတ္တံ။ တတ္ထ ဝိစိကိစ္ဆာသမ္ပယုတ္တစိတ္တေ ပန္နရသ စေတသိကာနိ ဥပ္ပဇ္ဇန္တိ သတ္တ သဗ္ဗစိတ္တိကာနိ စ ဝိတက္ကော ဝိစာရော ဝီရိယန္တိ၊ တီဏိ ပကိဏ္ဏကာနိ စ ပါပစေတသိကေသု မောဟစတုက္ကဉ္စ ဝိစိကိစ္ဆာ စာတိ၊ စိတ္တေန သဒ္ဓိံ သောဠသ နာမဓမ္မာ ဟောန္တိ။ ဣမသ္မိံ စိတ္တေ ဟေတုပစ္စယောပိ မဂ္ဂပစ္စယောပိ လဗ္ဘန္တိ။ တတ္ထ မောဟော ဟေတုပစ္စယော၊ ဝိတက္ကော စ ဝီရိယဉ္စ မဂ္ဂပစ္စယော၊ ဧကဂ္ဂတာ ပန ဝိစိကိစ္ဆာယ ဒုဗ္ဗလတ္တာ ဣမသ္မိံ စိတ္တေ ဣန္ဒြိယကိစ္စဉ္စ မဂ္ဂကိစ္စဉ္စ န သာဓေတိ၊ ဈာနကိစ္စမတ္တံ သာဓေတိ။ အဓိပတိ စ ပဉ္စာဇာတော ဝိပါကော စာတိ တယော ပစ္စယာ န လဗ္ဘန္တိ၊ သေသာ ဧကဝီသတိပစ္စယာ လဗ္ဘန္တိ။ ဥဒ္ဓစ္စသမ္ပယုတ္တစိတ္တေပိ ဝိစိကိစ္ဆံ ပဟာယ အဓိမောက္ခေန သဒ္ဓိံ ပန္နရသေဝ စေတသိကာနိ၊ သောဠသေဝ နာမဓမ္မာ ဟောန္တိ။ ဣမသ္မိံ စိတ္တေ ဧကဂ္ဂတာ ဣန္ဒြိယကိစ္စဉ္စ ဈာနကိစ္စဉ္စ မဂ္ဂကိစ္စဉ္စ သာဓေတိ၊ တယော ပစ္စယာ န လဗ္ဘန္တိ၊ ဧကဝီသတိ ပစ္စယာ လဗ္ဘန္တိ။

အဋ္ဌသု လောဘမူလိကစိတ္တေသု ပန သတ္တ သဗ္ဗစိတ္တိကာနိ စ ဆ ပကိဏ္ဏကာနိ စ ပါပေသု မောဟစတုက္ကဉ္စ လောဘတိကဉ္စ ထိနမိဒ္ဓဉ္စာတိ ဒွါဝီသတိ စေတသိကာနိ ဥပ္ပဇ္ဇန္တိ။ တေသု လောဘော စ မောဟောစာတိ ဒွေ မူလာနိ ဟေတုပစ္စယော။ ဆန္ဒော စ စိတ္တဉ္စ ဝီရိယဉ္စာတိ တယော အဓိပတိဇာတိကာ ကဒါစိ အဓိပတိကိစ္စံ သာဓေန္တိ၊ အာရမ္မဏာဓိပတိပိ တယော အဓိပတိဇာတိကာ ကဒါစိ အဓိပတိကိစ္စံ သာဓေန္တိ၊ အာရမ္မဏာဓိပတိပိ တေ္တ

www.dhammaransi.com



လဗ္ဘတိ။ စေတနာ ကမ္မပစ္စယော။ တယော အာဟာရာ အာဟာရပစ္စယော။ စိတ္တဉ္စ ဝေဒနာ စ ဧကဂ္ဂတာ စ ဇီဝိတဉ္စ ဝီရိယဉ္စာတိ ပဉ္စ ဣန္ဒြိယမ္မော ဣန္ဒြိယပစ္စယော။ ဝိတက္ကော စ ဝိစာရော စ ပီတိ စ ဝေဒနာ စ ဧကဂ္ဂတာ စာတိ ပဉ္စ ဈာနင်္ဂါနိ ဈာနပစ္စယော။ ဝိတက္ကော စ ဧကဂ္ဂတာ စ ဒိဋ္ဌိ စ ဝီရိယဉ္စာတိ စတ္တာရိ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော။ ပဏ္ဏာဇာတော စ ဝိပါကော စာတိ ဒွေ ပစ္စယာ န လဗ္ဘန္တိ။ သေသာ ဒွါဝီသတိ ပစ္စယာ လဗ္ဘန္တိ။

ဒွိသု ဒေါသမူလိကစိတ္တေသု ပီတိဉ္စ လောဘတိက္ကဉ္စ ပဟာယ ဒေါသစတုက္ကေန သဒ္ဓိံ ဒွါဝီသတိ ဓဝ စေတသိကာနိ။ ဒေါသော စ မောဟော စ ဒွေ မူလာနိ၊ တယော အဓိပတိဇာတိကာ၊ တယော အာဟာရာ၊ ပဉ္စ ဣန္ဒြိယာနိ၊ စတ္တာရိ ဈာနင်္ဂါနိ၊ တီဏိ မဂ္ဂင်္ဂါနိ။ ဧတ္ထာပိ ဒွေ ပစ္စယာ န လဗ္ဘန္တိ၊ ဒွါဝီသတိ ပစ္စယာ လဗ္ဘန္တိ။

**အကုသလစိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော နိဋ္ဌိတော။**

## စိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော

ဧကနဝုတိ သောဘဏစိတ္တာနိ နာမ၊ စတုဝီသတိ ကာမသောဘဏစိတ္တာနိ ပန္နရသ ရူပစိတ္တာနိ ဒွါဒသ အရူပစိတ္တာနိ စတ္တာလီသ လောကုတ္တရစိတ္တာနိ။ တတ္ထ စတုဝီသတိ ကာမသောဘဏစိတ္တာနိ နာမ အဋ္ဌ ကာမကုသလစိတ္တာနိ အဋ္ဌ ကာမသောဘဏဝိပါကစိတ္တာနိ အဋ္ဌ ကာမသောဘဏကိရိယစိတ္တာနိ။

ပဉ္စ ဝီသတိ ကလျာဏစေတသိကာနိ နာမ၊ အလောဘော အဒေါသော အမောဟောစေတိ တီဏိ ကလျာဏမူလိကာနိ စ သဒ္ဓါ စ သတိ စ ဟိရီ စ ဩတ္တပ္ပဉ္စ တတြမဇ္ဈတ္တတာစ ကာယပဿဒ္ဓိ စ စိတ္တပဿဒ္ဓိ စ ကာယကမ္မညတာ စ စိတ္တကမ္မညတာ စ ကာယပါဂုညတာ စ စိတ္တပါဂုညတာ စ ကာယုဇုကတာ စ စိတ္တုဇုကတာ စ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါတိ တိသော ဝိရတိယော စ ကရုဏာ မုဒိတာတိ ဒွေ အပ္ပမညာယော စ။

တတ္ထ တီဏိ ကလျာဏမူလာနိ ဟေတုပစ္စယော၊ အမောဟော ပန အဓိပတိပစ္စယေ ဝီမံသာဓိပတိ နာမ၊ ဣန္ဒြိယပစ္စယေ ပညိန္ဒြိယံနာမ၊ မဂ္ဂပစ္စယေ

www.dhammaransi.com



သမ္မာဒိဋ္ဌိ နာမ။ သဒ္ဓါ ဣန္ဒြိယပစ္စယေ သဒ္ဓိန္ဒြိယံ နာမ။ သတိ ဣန္ဒြိယပစ္စယေ သတိန္ဒြိယံ နာမ၊ မဂ္ဂပစ္စယေ သမ္မာသတိ နာမ။ တိဿော ဝိရတိယော မဂ္ဂပစ္စယော၊ သေသာ သတ္တရသ ဓမ္မာ ဝိသေသပစ္စယာ န ဟောန္တိ။

အဋ္ဌသု ကာမကုသလစိတ္တေသု အဋ္ဌတိံသ စေတသိကာနိ သင်္ယုန္တိ၊ သတ္တ သဗ္ဗစိတ္တိကာနိ ဆ ပကိဏ္ဏကာနိ ပဉ္စဝီသတိ ကလျာဏာနိ။ တေသု စ ပီတိ စတူသု သောမနဿိကေသု ဝေ၊ အမောဟော စတူသု ဉာဏသမ္ပယုတ္တေသု ဝေ၊ တိဿော ဝိရတိယော သိက္ခာပဒသီလပူရဏကာလေ ဝေ၊ ဒွေ အပ္ပမညာယော သတ္တေသု ကာရုညမောဒနာကာရေသု ဝေါတိ။ ဣမေသုပိ အဋ္ဌသု စိတ္တေသု ဒွေ ဝါ တီဏိ ဝါ ကလျာဏမူလာနိ ဟေတုပစ္စယော၊ ဆန္ဒော စ စိတ္တဉ္စ ဝီရိယဉ္စ ဝီမံသာ စာတိ စတူသု အဓိပတိဇာတိကေသု ဧကမေကော ကဒါစိ အဓိပတိပစ္စယော။ စေတနာ ကမ္မပစ္စယော။ တယော အာဟာရာ အာဟာရပစ္စယော။ စိတ္တဉ္စ ဝေဒနာ စ ဧကဂ္ဂတာ စ ဇီဝိတဉ္စ သဒ္ဓါ စ သတိ စ ဝီရိယဉ္စ ပညာစာတိ အဋ္ဌ ဣန္ဒြိယာနိ ဣန္ဒြိယပစ္စယော။ ဝိတက္ကော စ ဝိစာရော စ ပီတိ စ ဝေဒနာ စ ဧကဂ္ဂတာစာတိ ပဉ္စဈာနင်္ဂါနိ ဈာနပစ္စယော။ ပညာ စ ဝိတက္ကော စ တိဿော ဝိရတိယော စ သတိ စ ဝီရိယဉ္စ ဧကဂ္ဂတာ စာတိ အဋ္ဌ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော။ ဣမေသုပိ အဋ္ဌသု စိတ္တေသု ပစ္ဆာဇာတော စ ဝိပါကော စာတိ ဒွေ ပစ္စယာ န လဗ္ဘန္တိ၊ သေသာ ဒွါဝီသတိပစ္စယာ လဗ္ဘန္တိ။

အဋ္ဌသု ကာမသောဘဏကိရိယစိတ္တေသု တိဿော ဝိရတိယော န လဗ္ဘန္တိ၊ ကုသလေသု ဝိယ ဒွေ ပစ္စယာ န လဗ္ဘန္တိ၊ ဒွါဝီသတိ ပစ္စယာ လဗ္ဘန္တိ။

အဋ္ဌသု ကာမသောဘဏဝိပါကေသု တိဿော ဝိရတိယော စ ဒွေ အပ္ပမညာယော စ န လဗ္ဘန္တိ။ အဓိပတိပစ္စယော စ ပစ္ဆာဇာတော စ အာသေဝနဉ္စာတိ တယော ပစ္စယာ န လဗ္ဘန္တိ၊ ဧကဝီသတိ ပစ္စယာ လဗ္ဘန္တိ။

ဥပရိ ရူပါရူပလောကုတ္တရစိတ္တေသုပိ ဒွါဝီသတိပစ္စယတော အတိရေကံ နတ္ထိ။ တသ္မာ စတူသု ဉာဏသမ္ပယုတ္တကာမကုသလစိတ္တေသု ဝိယ ဣမေသု ပစ္စယဃဋနာ ဝေဒိတဗ္ဗာ။

ဧဝံ သန္တေ ကသ္မာ တာနိ စိတ္တာနိ ကာမစိတ္တတော မဟန္တတရာနိ စ၊

www.dhammaransi.com



ပဏီတတရာနိ စ ဟောန္တီတိ။ အာသေဝနမဟန္တတ္တာ။ တာနိ ဟိ စိတ္တာနိ ဘာဝနာကမ္မဝိသေသေဟိ သိဒ္ဓါနိ ဟောန္တိ၊ တသ္မာ တေသု အာသေဝနပစ္စယော မဟန္တော ဟောတိ။ အာသေဝနမဟန္တတ္တာ စ ဣန္ဒြိယပစ္စယောပိ ဈာနပစ္စယောပိ မဂ္ဂပစ္စယောပိ အညေပိ ဝါ တေသံ ပစ္စယာ မဟန္တာ ဟောန္တိ။ ပစ္စယာနံ ဥပရူပရိ မဟန္တတ္တာ တာနိ စိတ္တာနိ ဥပရူပရိ စ ကာမစိတ္တတော မဟန္တတရာနိ စ ပဏီတတရာနိ စ ဟောန္တီတိ။

**စိတ္တုပ္ပါဒေသု ပစ္စယဃဋနာနယော နိဋ္ဌိတော။**

## ရူပကလာပေသု ပစ္စယဃဋနာနယော

ရူပကလာပေသု ပစ္စယဃဋနာနယော ဝုစ္စတေ။ အဋ္ဌဝိသတိ ရူပါနိ နာမ၊ စတ္တာရိ မဟာဘူတာနိ ပထဝီ အာပေါ တေဇော ဝါယော။ ပဉ္စ ပသာဒရူပါနိ စက္ခု သောတံ ဃာနံ ဇိဝှါ ကာယော။ ပဉ္စ ဂေါစရရူပါနိ ရူပံ သဒ္ဒေါ ဂန္ဓော ရသော ဖောဋ္ဌဗ္ဗံ။ တတ္ထ ဖောဋ္ဌဗ္ဗံ တိဝိဓံ ပထဝီဖောဋ္ဌဗ္ဗံ တေဇောဖောဋ္ဌဗ္ဗံ ဝါယောဖောဋ္ဌဗ္ဗံ။ ဒွေ ဘာဝရူပါနိ ဣတ္ထိဘာဝရူပံ ပုမ္ဘာဝရူပံ။ ဧကံ ဇီဝိတရူပံ၊ ဧကံ ဟဒယရူပံ။ ဧကံ အာဟာရရူပံ။ ဧကံ အာကာသဓာတုရူပံ။ ဒွေ ဝိညတ္တိရူပါနိ ကာယဝိညတ္တိရူပံ ဝစီဝိညတ္တိရူပံ။ တီဏိ ဝိကာရရူပါနိ လဟုတာ မုဒုတာ ကမ္မညတာ။ စတ္တာရိ လက္ခဏရူပါနိ ဥပစယော သန္တတိ ဇရတာ အနိစ္စတာ။

တတ္ထ ဆ ရူပဓမ္မာ ရူပဓမ္မာနံ ပစ္စယာ ဟောန္တိ စတ္တာရိ မဟာဘူတာနိ စ ဇီဝိတရူပဉ္စ အာဟာရရူပဉ္စ။ တတ္ထ စတ္တာရိ မဟာဘူတာနိ အညမညဿ ပဉ္စဟိ ပစ္စယေဟိ ပစ္စယာ ဟောန္တိ သဟဇာတေန စ အညမညေန စ နိဿယေန စ အတ္ထိယာ စ အဝိဂတေန စ။ သဟဇာတာနံ ဥပါဒါရူပါနံ အညမညဝဇ္ဇိတေဟိ စတူဟိ ပစ္စယေဟိ ပစ္စယာ ဟောန္တိ။ ဇီဝိတရူပံ သဟဇာတာနံ ကမ္မဇရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ အာဟာရရူပံ သဟဇာတာနဉ္စ အသဟဇာတာနဉ္စ သဗ္ဗေသံ အဇ္ဈတ္တရူပဓမ္မာနံ အာဟာရပစ္စယေန ပစ္စယော။

ကတ္တေဝ တေရသ ရူပဓမ္မာ နာမဓမ္မာနံ ဝိသေသပစ္စယာ ဟောန္တိ၊ ပဉ္စ ပသာဒရူပါနိ စ သတ္တ ဂေါစရူပါနိ စ ဟဒယဝတ္ထုရူပဉ္စ။ တတ္ထ ပဉ္စ ပသာဒရူပါနိ

www.dhammaransi.com



ပဥ္စန္နံ ဝိညာဏဓာတူနံ မာတရော ဝိယ ပုတ္တကာနံ ဝတ္ထုပုရေဇာတေန စ ဝတ္ထုပုရေဇာတိန္ဒြိယေန စ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တေန စ ပစ္စယာ ဟောန္တိ။ သတ္တ ဂေါစရရူပါနိ ပဥ္စန္နံ ဝိညာဏဓာတူနံ တိဿန္နံ မနောဓာတူနဉ္စ ပိတရော ဝိယ ပုတ္တကာနံ အာရမ္မဏပုရေဇာတေန ပစ္စယာ ဟောန္တိ။ ဟဒယဝတ္ထုရူပံ ဒွိန္နံ မနောဓာတုမနောဝိညာဏဓာတူနံ ရက္ခော ဝိယ ရက္ခဒေဝတာနံ ယထာ ရဟံ ပဋိသန္ဓိက္ခဏေ သဟဇာတနိဿယေန ပဝတ္တိကာလေ ဝတ္ထုပုရေဇာတေန စ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တေန စ ပစ္စယော ဟောတိ။

တေဝီသတိ ရူပကလာပါ။ တတ္ထ ဧကာယ ရုက္ခယာ ဗန္ဓိတာနံ ကေသာနံ ကေသကလာပေါ ဝိယ တိဏာနံ တိဏကလာပေါ ဝိယ စ ဧကေန ဇာတိရူပေန ဗန္ဓိတာနံ ရူပဓမ္မာနံ ကလာပေါ ပရိပိဏ္ဍိရူပကလာပေါ နာမ။

တတ္ထ စတ္တာရိ မဟာဘူတာနိ ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ ဣမေ အဋ္ဌ ဓမ္မာ ဧကော သဗ္ဗမူလကလာပေါ နာမ၊ သဗ္ဗမူလဋ္ဌကန္တိ စ ဝုစ္စတိ။

နဝ ကမ္မဇရူပကလာပါ၊ ဇီဝိတနဝကံ ဝတ္ထုဒသကံ ကာယဒသကံ ဣတ္ထိဘာဝဒသကံ ပုမ္ဘာဝဒသကံ စက္ခုဒသကံ သောတဒသကံ ဃာနဒသကံ ဇိဝှါဒသကံ။ တတ္ထ သဗ္ဗမူလဋ္ဌကမေဝ ဇီဝိတရူပေန သဟ ဇီဝိတနဝကံ နာမ။ ဧတဒေဝ ကမ္မဇကလာပေသု မူလနဝကံ ဟောတိ။ မူလနဝကမေဝ ယထာက္ကမံ ဟဒယဝတ္ထုရူပါဒီဟိ အဋ္ဌ ရူပေဟိ သဟ ဝတ္ထုဒသကာဒီနိ အဋ္ဌဒသကာနိ စတ္တာရော ကလာပါ သကလကာယေ ပဝတ္တန္တိ။ တတ္ထ ဇီဝိတနဝကန္တိ ပါစကဂ္ဂိ စ ကာယဂ္ဂိ စ ဝုစ္စတိ။ ပါစကဂ္ဂိ နာမ ပါစကတေဇော ကောဋ္ဌာသော၊ သော အာမာသယေ ပဝတ္တိတွာ အသိတပီတခါယိတသာယိတာနိ ပရိပါစေတိ။ ကာယဂ္ဂိ နာမ သကလကာယဗျာပကော ဥသ္မာတေဇော ကောဋ္ဌာသော၊ သော သကလကာယေ ပဝတ္တိတွာ ပိတ္တသေမှလောဟိတာနိ အပူတိနိ ဝိပ္ပသန္နာနိ ကရောတိ။ တေသံ ဒွိန္နံ ဝိသမဝုတ္တိယာ သတိ သတ္တာ ဗျာဓာ ဟောန္တိ၊ သမဝုတ္တိယာ သတိ အပ္ပါဗာဓာ။ တဒုဘယံ ဇီဝိတနဝကံ သတ္တာနံ အာယုံ သမ္ပာဒေတိ။ ဝဏ္ဏံ သမ္ပာဒေတိ။ ကာယဒသကံ သကလကာယေ သုခသမ္ဖဿဒုက္ခသမ္ဖဿာနိ သမ္ပာဒေတိ။ ဘာဝဒသကာနိ ဣတ္ထီနံ သဗ္ဗေ

www.dhammaransi.com



ဏ္ဍတ္ထကာရေ သမ္ပာဒေတိ။ ပုရိသာနံ သဗ္ဗေ ပုရိသာကာရေ သမ္ပာဒေတိ။ သေသာနိ ဝတ္ထုဒသကာဒီနိ ပဉ္စဒသကာနိ ပဒေသဒသကာနိ နာမ။ တတ္ထ ဝတ္ထုဒသကံ ဟဒယကောသဗ္ဘန္တရေ ပဝတ္တိတွာ သတ္တာနံ နာနပကာရာနိ သုစိန္တိတဒုစိန္တိတာနိ သမ္ပာဒေတိ။ စက္ခုဒသကာဒီနိ စတ္တာရိ ဒသကာနိ စက္ခုဂုဠ ကဏ္ဏဗိလ နာသဗိလ ဇိဝှါတလေသု ပဝတ္တိတွာ ဒဿနသဝနဃာယနသာယနာနိ သမ္ပာဒေတိ။

အဋ္ဌ စိတ္တဇရူပကလာပါ၊ သဗ္ဗမူလဋ္ဌကံ သဒ္ဒနဝကံ ကာယဝိညတ္တိနဝကံ သဒ္ဒဝစီဝိညတ္တိဒသကန္တိ စတ္တာရော မူလကလာပါ စ တေယေဝ လဟုတာ မုဒုတာကမ္မညတာသဒ်ါတေဟိ တီဟိ ဝိကာရရူပေဟိ သဟ စတ္တာရော သဝိကာရကလာပါ စ။

တတ္ထ သရီရဓာတူနံ ဝိသမပ္ပဝတ္တိကာလေ ဂိလာနဿ မူလကလာပါနိ ဧဝ ပဝတ္တန္တိ။ တဒါ ဟိ တဿ သရီရရူပါနိ ဂရူနိ ဝါ ထဒ္ဓါနိ ဝါ အကမ္ပညာနိ ဝါ ဟောန္တိ၊ ယထာရုစိ ဣရိယာပထံပိ ပဝတ္တေတုံ အင်္ဂပစ္စင်္ဂါနိပိ စာလေတုံ ဝစနပိ ကထေတုံ ဒုက္ခော ဟောတိ။ သရီရဓာတူနံ သမပ္ပဝတ္တိကာလေ ပန အဂိလာနဿ ဂရုထဒ္ဓါဒီနံ သရီရဒေါသာနံ အဘာဝတော သဝိကာရာ ပဝတ္တန္တိ။ တေသု စ စိတ္တင်္ဂဝသေန ကာယင်္ဂစလနေ ဒွေ ကာယဝိညတ္တိကလာပါ ပဝတ္တန္တိ။ စိတ္တဝသေနေဝ မုခတော ဝစနသဒ္ဒပ္ပဝတ္တိကာလေ ဒွေ ဝစီဝိညတ္တိကလာပါ၊ စိတ္တဝသေနေဝ အက္ခရဝဏ္ဏရဟိတာနံ ဟသနရောဒနာဒီနံ အဝစနသဒ္ဒါနံ မုခတော ပဝတ္တိကာလေ ဒွေ သဒ္ဒကလာပါ၊ သေသကာလေသု ဒွေ အာဒိကလာပါ ပဝတ္တန္တိ။

စတ္တာရော ဥတုဇရူပကလာပါ၊ သဗ္ဗမူလဋ္ဌကံ သဒ္ဒနဝကန္တိ ဒွေ မူလကလာပါ စ ဒွေ သဝိကာရကလာပါ စ။ တတ္ထ အယံ ကာယော ယာဝဇီဝံ ဣရိယာပထသောတံ အနုဂစ္ဆန္တော ယာပေတိ၊ တသ္မာ ဣရိယာပထနာနတ္တံ ပဋိစ္စ ဣမသ္မိံ ကာယေ ခဏေ ခဏေ ဓာတူနံ သမပ္ပဝတ္တိဝိသမပ္ပဝတ္တိယော ပညာယန္တိ။ တထာ ဥတုနာနတ္တံ ပဋိစ္စ အာဟာရနာနတ္တံ ပဋိစ္စ ဝါတာတပ- သမ္ဖဿနာနတ္တံ ပဋိစ္စ ကာယင်္ဂပရိဟာရနာနတ္တံ ပဋိစ္စ အတ္တူပက္ကမပရူပက္ကမနာနတ္တံ ပဋိစ္စ။ တတ္ထ ဝိသမပ္ပဝတ္တိကာလေ ဒွေ မူလကလာပါ ဧဝ ပဝတ္တန္တိ၊ သမပ္ပဝတ္တိကာလေ ဒွေ သဝိကာရော။ တေသု စ ဒွေ သဒ္ဒကလာပါ

www.dhammaransi.com



စိတ္တဇသဒ္ဒတော ပရမ္ပရသဒ္ဒေသု စ အညေသု လောကေ နာနပ္ပကာရသဒ္ဒေသု စ ပဝတ္တန္တိ။

ဒွေ အာဟာရဇရူပကလာပါ၊ သဗ္ဗမူလဋ္ဌကံ သဝိကာရန္တိ။ ဣမေ ဒွေ ကလာပါ သပ္ပါယေန ဝါ အသပ္ပါယေန ဝါ အာဟာရေန ဇာတာနံ သမရူပဝိသမရူပါနံ ဝသေန ဝေဒိတဗ္ဗာ။

အာကာသဓာတု စ လက္ခဏရူပါနိ ဇာတိ ပဉ္စရူပါနိ ကလာပမုတ္တာနိ ဟောန္တိ။ တေသု အာကာသဓာတု ကလာပါနံ အန္တရာ ပရိစ္ဆေဒမတ္တတ္တာ ကလာပါမုတ္တာ ဟောတိ။ လက္ခဏရူပါနိ သင်္ခတဘူတာနံ ရူပကလာပါနံ အသင်္ခတဘာဝဇာနနတ္တာယ လက္ခဏမတ္တတ္တာ ကလာပမုတ္တာနိ။

ဣမေ တေဝီသတိ ကလာပါ အဇ္ဈတ္တသန္တာနေ လဗ္ဘန္တိ။ ဗဟိဒ္ဓါ သန္တာနေ ပန ဒွေ ဥတုဇမူလကလာပါ ဧဝ လဗ္ဘန္တိ။ တတ္ထ ဒွေ ရူပသန္တာနာနိ အဇ္ဈတ္တသန္တာနဉ္စ ဗဟိဒ္ဓါသန္တာနဉ္စ။ တတ္ထ အဇ္ဈတ္တသန္တာနံ နာမ သတ္တသန္တာနံ ဝုစ္စတိ။ ဗဟိဒ္ဓါသန္တာနံ နာမ ပထဝိပဗ္ဗတနဒီသမုဒ္ဒရုက္ခတိဏာဒီနိ ဝုစ္စတိ။ တတ္ထ အဇ္ဈတ္တသန္တာနေ အဋ္ဌဝီသတိ ရူပါနိ တေဝီသတိ ရူပကလာပါနိ လဗ္ဘန္တိ။

တတ္ထ ပဋိသန္ဓိနာမဓမ္မာ ပဋိသန္ဓိက္ခဏေ ကမ္မဇရူပကလာပါနံ ဆဓာ ပစ္စယာ ဟောန္တိ စတူဟိ မဟာသဟဇာတေဟိ စ ဝိပါကေန စ ဝိပ္ပယုတ္တေနစ။ ဟဒယဝတ္ထုရူပဿ ပန အညမညေန သဟ သတ္တဓာ ပစ္စယာ ဟောန္တိ။ တေသ္ဝေဝ နာမဓမ္မေသု ဟေတုဓမ္မာ ဟေတုဘာဝေန၊ စေတနာ ကမ္မဘာဝေန၊ အာဟာရဓမ္မာ အာဟာရဘာဝေန၊ ဣန္ဒြိယဓမ္မာ ဣန္ဒြိယဘာဝေန၊ ဈာနဓမ္မာ ဈာနဘာဝေန၊ မဂ္ဂဓမ္မာ မဂ္ဂဘာဝေနတိ ယထာရဟံ ဆဓာ ပစ္စယာ ဟောန္တိ။ အတီတာနိ ပန ကုသလာကုသလာကမ္မာနိ ဧကဓာဝ ပစ္စယာ ဟောန္တိ ကမ္မပစ္စယေန၊ ပဋ္ဌမဘာဝင်္ဂါဒိကာ ပစ္ဆာဇာတာ ပဝတ္တိနာမဓမ္မာ ပုရေဇာတာနံ ကမ္မဇရူပကလာပါနံ ဧကဓာ ပစ္စယာ ဟောန္တိ ပစ္ဆာဇာတေန။ ဧတ္တေ စ ပစ္ဆာဇာတဝစနေန စတ္တာရော ပစ္ဆာဇာတဇာတိကာ ပစ္စယာ ဂဟိတာ ဟောန္တိ။ အတီတာနိ စ ကမ္မာနိ ဧကဓာဝ ပစ္စယာ ဟောန္တိ။ ဧဝံ နာမဓမ္မာ ကမ္မဇရူပကလာပါနံ ယထာရဟံ စုဒ္ဒသဟိ ပစ္စယေဟိ ပစ္စယာ ဟောန္တိ။ ဣမာ ဒသပစ္စယာ နလဗ္ဘန္တိ အာရမ္မဏဉ္စ အဓိပတိစ

www.dhammaransi.com



အနန္တရဥ္စ သမနန္တရဥ္စ ဥပနိဿယော စ ပုရေဇာတော စ အာသေဝနဥ္စ သမ္ပယုတ္တော စ နတ္ထိ စ ဝိဂတော စ။

ပဝတ္တိကာလေ ရူပဇနကာ နာမဓမ္မာ အတ္တနာ သဟဇာတာနံ စိတ္တဇရူပကလာပါနံ ပဉ္စဓာ ပစ္စယာ ဟောန္တိ စတူဟိ မဟာသဟဇာတေဟိ စ ဝိပ္ပယုတ္တေန စ။ တေသွေစ နာမဓမ္မေသု ဟေတုဓမ္မာ ဟေတုဘာဝေန၊ အဓိပတိဓမ္မာ အဓိပတိဘာဝေန၊ စေတနာ ကမ္မဘာဝေန၊ ဝိပါကဓမ္မာ ဝိပါကဘာဝေန၊ အာဟာရဓမ္မာ အာဟာရဘာဝေန၊ ဣန္ဒြိယဓမ္မာ ဣန္ဒြိယဘာဝေန၊ ဈာနဓမ္မာ ဈာနဘာဝေန၊ မဂ္ဂဓမ္မာ မဂ္ဂဘာဝေနာတိ ယထာရဟံ အဋ္ဌဓာ ပစ္စယာ ဟောတိ။ ပစ္ဆာဇာတာ သဗ္ဗေ နာမဓမ္မာ ပုရေဇာတာနံ စိတ္တဇရူပကလာပါနံ ယထာရဟံ စတုဒ္ဒသဟိ ပစ္စယေဟိ ပစ္စယာ ဟောန္တိ။ ဣဓပိ ဒသ ပစ္စယာ န လဗ္ဘန္တိ အာရမ္မဏဥ္စ အနန္တရဥ္စ သမနန္တရဥ္စ အညမညဥ္စ ဥပနိဿယော စ ပုရေဇာတော စ အာသေဝနဥ္စ သမ္ပယုတ္တော စ နတ္ထိ စ ဝိဂတော စ။

ပဋိသန္ဓိစိတ္တဿ ဌိတိကာလတော ပဋ္ဌာယ ပဝတ္တိကာလေ သဗ္ဗေပိ နာမ ဓမ္မာ သဗ္ဗေသံ ဥတုဇရူပကလာပါနဥ္စ အာဟာရဇရူပကလာပါနဥ္စ ဧကဓာ ပစ္စယာ ဟောန္တိ ပစ္ဆာဇာတဝသေန။ ဧတ္ထ ပိ ပစ္ဆာဇာတဝဇ္ဇနေန စတ္တာရောပစ္ဆာဇာတဇာတိကာ ဂဟိတာ ဟောန္တိ၊ သေသာ ဝီသတိ ပစ္စယာ န လဗ္ဘန္တိ။

သဗ္ဗေသု ပန တေဝီသတိယာ ရူပကလာပေသု စတ္တာရော မဟာဘူတာ အညမညံ ပဉ္စဓာ ပစ္စယာ ဟောန္တိ စတူဟိ မဟာသဟဇာတေဟိ စ အညမညေန စ၊ သဟဇာတာနံ ဥပါဒါရူပါနံ စတုဓာ ပစ္စယာ ဟောန္တိ စတူဟိ မဟာသဟဇာတေဟိ။ အာဟာရရူပံ သဟဇာတာနဥ္စ အသဟဇာတာနဥ္စ သဗ္ဗေသံ အဇ္ဈတ္တရူပကလာပါနံ အာဟာရပစ္စယေန ပစ္စယော ဟောတိ။ နဝသု ကမ္မဇရူပကလာပေသု ဇီဝိတရူပံ သဟဇာတာနမေဝ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော ဟောတိ။ ဝံ အဇ္ဈတ္တရူပဓမ္မာ အဇ္ဈတ္တရူပဓမ္မာနံ သတ္တဓာ ပစ္စယာ ဟောန္တိ။ ဗဟိဒ္ဓါ ရူပဓမ္မာ ပန ဗဟိဒ္ဓါဘူတာနံ ဒွိန္နံ ဥတုဇရူပကလာပါနံ ပဉ္စဓာ ပစ္စယာ ဟောန္တီတိ။

ရူပကလာပေသု ပစ္စယဃဋနာနယော နိဋ္ဌိတော။

မိခင်ရောဝတီ

ဧတ္ထ စ ပဋ္ဌာနသဒ္ဒဿ အတ္ထော ဝတ္တဗ္ဗော။ ပဓာနံ ဌာနန္တိ ပဋ္ဌာနံ။ တတ္ထ ပဓာနန္တိ ပမုခ၊ ဌာနန္တိ ပစ္စယော၊ ပမုခပစ္စယော မုချပစ္စယော ကေန္ဒပစ္စယောတိ ဝုတ္တံ ဟောတိ။ သော စ ကေန္ဒပစ္စယော ကေန္ဒပစ္စယုပ္ပန္နံ ပဋိစ္စ ဝတ္တဗ္ဗော။

ဒုဝိဓံ ဟိ ပစ္စယုပ္ပန္နံ မုချပစ္စယုပ္ပန္နံ နိဿန္ဒပစ္စယုပ္ပန္နန္တိ။ တတ္ထ မုချပစ္စယုပ္ပန္နံ နာမ မူလပစ္စယုပ္ပန္နံ၊ နိဿန္ဒပစ္စယုပ္ပန္နံ နာမ ပရမ္ပရပစ္စယုပ္ပန္နံ။ တတ္ထ မူလပစ္စယုပ္ပန္နမေဝ ကေန္ဒပစ္စယုပ္ပန္နံ နာမ။ တံ ဟိ အတ္တနော ပစ္စယေ သတိ ကေဝလေန ဥပ္ပဇ္ဇတိယေဝ၊ နော နုပ္ပဇ္ဇတိ။ ပရမ္ပရပစ္စယုပ္ပန္နံ ပန အနေကန္တပစ္စယုပ္ပန္နံ နာမ၊ တံ ဟိ တသ္မိံ ပစ္စယေ သတိပိ ဥပ္ပဇ္ဇတိ ဝါ၊ န ဝါ ဥပ္ပဇ္ဇတိ။ တတ္ထ ကေန္ဒပစ္စယုပ္ပန္နံ ပဋိစ္စ သော ပစ္စယော ကေန္ဒပစ္စယော နာမ။ သော ဧဝ ဣမသ္မိံ မဟာပကရဏေ ဝုတ္တော။ တတော ဧဝ အယံ စတုဝီသတိပစ္စယဂဏော စ ဣဒံ မဟာပကရဏဉ္စ ပဋ္ဌာနန္တိ ဝုစ္စတိ။

တတ္ထ ကေဿ ပုရိသဿ ခေခညတ္တာယ လောဘော ဥပ္ပဇ္ဇတိ။ သော လောဘဝသေန ဥဋ္ဌာယ အရညံ ဂန္တွ ကေသ္မိံ ပဒေသေ ခေတ္တာနိ ကရောတိ၊ ဝတ္ထူနိ ကရောတိ၊ ဥယျာနာနိ ကရောတိ။ တေသု သမ္ပဇ္ဇမာနေသု သော ပုရိသော ဗဟူနိ ခေခညာနိ လဘိတွာ အတ္တနာ စ ပရိဘုဉ္ဇတိ၊ ပုတ္တဒါရေ စ ပေါသေတိ၊ ပုညာနိ စ ကရောတိ၊ ပုညဖလာနိ စ အာယတိံ ပစ္စနုဘဝိဿတိ။ တတ္ထ လောဘသဟဇာတာနိ နာမရူပါနိ မုချပစ္စယုပ္ပန္နာနိ နာမ။ တတော ပရံ ယာဝ အာယတိံ ဘဝေသု ပုညဖလာနိ ပစ္စနုဘောတိ၊ တာဝ ဥပန္နာနိ ပရမ္ပရဖလာနိ တဿ လောဘဿ နိဿန္ဒပစ္စယုပ္ပန္နာနိ နာမ။ တေသု ဒွီသု ပစ္စယုပ္ပန္နေသု မုချပစ္စယုပ္ပန္နမေဝ ပဋ္ဌာန ဝုတ္တံ။ နိဿန္ဒပစ္စယုပ္ပန္နံ ပန သုတ္တန္တနယေန ကထေတဗ္ဗံ။ တတ္ထ သုတ္တန္တနယော နာမ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတီတိ ဧဝရူပေါ ပစ္စယနယော။ အပိ စ လောဘော ဒေါသော မောဟောတိ တယော ဓမ္မာ သကလဿ သတ္တလောကဿပိ သင်္ခါရလောကဿပိ ဩကာသလောကဿပိ ဝိပတ္တိယာ မူလဋ္ဌေန ဟေတူ နာမ။ အလောဘော အဒေါသော အမောဟောတိ တယော ဓမ္မာ သမ္ပတ္တိယာ မူလဋ္ဌေန ဟေတူနာမာတိ

www.dhammaransi.com



ကထေတဗ္ဗံ။ ဧသ နယော သဗ္ဗေသု ပဋ္ဌာနပစ္စယေသု ယထာရဟံ ဝေဒိတဗ္ဗော။ ဝေဠု သတိ လောကေ သဗ္ဗာ လောကပဝတ္တိယော ဣမေသံ စတုဝီသတိယာ ပစ္စယာနံ မုချပစ္စယုပ္ပန္နေန သဒ္ဓိံ နိဿန္ဒပစ္စယုပ္ပန္နာ ဧဝ ဟောန္တီတိ ဝေဒိတဗ္ဗောတိ။

ဧတ္တာဝတာ ပစ္စယာနံ အတ္ထဒီပနာ ပစ္စယာနံ သဘာဂသင်္ဂဟော ပစ္စယာနံ ဃဋနာနယောတိ တီဟိ ကဏ္ဍေဟိ ပရိစ္ဆိန္နာ ပဋ္ဌာနုဒ္ဒေသဒီပနီ နိဋ္ဌိတာ ဟောတိ။

မြမ္မရဋ္ဌေ မုံရွာနဂရေ လယ်တီအရညဝိဟာရဝါသိနာ မဟာထေရေန ကတာယံ ပစ္စယုဒ္ဒေသဒီပနီ။

* * *

www.dhammaransi.com



# ပဋ္ဌာနုဒ္ဒေသဒီပနီနိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

(၁) အနန္တဉာဏာတေဇေန၊ အနန္တနယဒေသကံ။
အနန္တဇိနံ နတွာန၊ အနန္တဘဝပါရဂုံ။

(၂) အနန္တနယလင်္ကာရံ၊ အနန္တဉာဏဂေါစရံ။
အနန္တဘဝနိယျာနံ၊ ဓမ္မဉ္စ မောဟဓံသကံ။

(၃) အနန္တနယဂမ္ဘီရိ၊ ဘဏ္ဍာဂါရိကသန္နိဘံ။
သံဃဉ္စ သမုဂ္ဂါတ၊ မနန္တဂ္ဂေသသဉ္စယံ။

(၄) အနန္တဿပဋ္ဌာနဿ၊ ယာ ဥဒ္ဒေသတ္ထသူဒနီ။
မဟာထေရေန လယ်တီတိ၊ သုတေန သခ်တာသုတာ။

(၅) သောတူနံ နန္တဉာယေသု၊ သုသုခံ ဗုဒ္ဓိဝုဒ္ဓိယာ။
ကရိဿံ နိဿယံ တဿာ၊ ပဋ္ဌာနုဒ္ဒေသဒီပနျာ။

အဟံ၊ ငါသည်။ အနန္တဉာဏာတေဇေန၊ အဆုံးအဆမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းဖြင့်။ အနန္တနယဒေသကံ၊ အဆုံးအဆမရှိ များဘိ သိန်းသောင်း နည်းအပေါင်းနှင့် ပြည့်စုံသော အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို ဟောတော်မူပေတတ်ထသော။ အနန္တဘဝပါရဂုံ၊ အဆုံးအဆမရှိ ဖြစ်ဘိများကို သံသရာစခန်း မှာဖက်ကမ်းသို့ စံမြန်းတော်မူတတ်သော။ အနန္တဇိနံ၊ ဆုံးဆမထင် များဖြင်ဗိုလ်ထု ရန်သတ္တုကို တစ်ခုမကျန် အမှန်အောင်မြင် အောင်ပွဲဆင်တော်မူသော မြတ်စွာဘုရားကြီးကို။ နတွာန-နမာမိ၊ ရှိခိုးပါ၏။ နတွာန၊ ရှိခိုးပြီး၍။ အနန္တနယလင်္ကာရံ၊ အဆုံးအဆမရှိသောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော။ အနန္တဉာဏဂေါစရံ၊ အဆုံးအဆမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူထသော။ အနန္တဘဝနိယျာနံ၊ အဆုံးအဆမရှိ ဖြစ်ဘိများစွာ

www.dhammaransi.com



သံသရာမှ မကြာမရှည် ဘေးမဲ့ပြည်သို့ အတည်ချိုက်ချိုက် ရုတ်ခြင်းဆိုက်အောင် ထုတ်ဆောင်တော်မူတတ်ထသော။ မောဟဓံသကံ၊ အမိုက်ပင်ရင်း မောဟာသင်းကို နိုပ်နင်းဖျက်ဆီးတော်မူတတ်သော။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော် တရားတော်ကိုလည်း။ နတ္ဝာန–နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာန၊ ရှိခိုးပြီး၍။ အနန္တနယဂဗ္ဘမှိ၊ အဆုံးအဆမရှိ များဘိသိန်းသောင်း နည်းအပေါင်းနှင့် ပြည့်စုံသော ပဋ္ဌာန်းကျမ်းတည်းဟူသော တိုက်ခန်းကြီး၌။ ဘဏ္ဍာဂါရိကသန္နိဘံ၊ ဘဏ္ဍာစိုးနှင့် တူတော်မူပေထသော။ အနန္တက္လေသသဥ္စယံ၊ အဆုံးအဆမရှိသော ကိလေသာအစုကို။ သမုဂ္ဃါတံ၊ အကြွင်းမဲ့ ဖျက်ဆီးတော်မူ တတ်သော။ အဿ၊ ထိုမြတ်စွာဘုရားကြီး၏။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးပါး ဖလဋ္ဌာန် လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်အပေါင်းကိုလည်း။ နတ္ဝာန၊ နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာန၊ ရှိခိုးပြီး၍။ လယ်တီတိ၊ လယ်တီဆရာတော်ဘုရား ဟူ၍။ သုတေန၊ နိုင်ငံတကာတို့၌ ကြေညာထင်ရှား ကျော်ကြားတော်မူပေသော။ မဟာထေရေန၊ တိပိဋကပါရဂူ ဖြစ်တော်မူသော မဟာထေရ်ကြီးသည်။ သင်္ခတာ၊ ကောင်းစွာတည်ထွင် စီရင်ပြုစုတော်မူအပ်သော။ အနန္တနျပဋ္ဌာနဿ၊ အနန္တနယ ဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၏။ ဥဒ္ဒေသတ္ထသူဒနီ၊ ပစ္စယုဒ္ဒေသပါဠိတော်၏ အနက်အဓိပ္ပါယ် အသွယ်သွယ်ကို အကျယ်မထုတ် အကျဉ်းချုပ်၍ ပြရာပြကြောင်း ဖြစ်သော။ ယာ ပဋ္ဌာနုဒ္ဒေသဒီပနီ၊ အကြင် ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းသည်။ သုတာ၊ အင်္ဂလန်ကျွန်းကြီးတိုင်အောင် ကျော်ကြားပျံ့နှံ့လေပြီ။

အနန္တဉာဏေသု၊ အဆုံးအဆမရှိသော ပဋ္ဌာန်းနည်းတို့၌။ သောတူနံ၊ စာသင်သားတို့၏။ သုသုခံ၊ ချမ်းချမ်းသာသာ။ ဝါ၊ လွယ်လွယ်ကူကူ။ ဗုဒ္ဓိဝုဒ္ဓိယာ၊ အဘိဓမ္မာဉာဏ် ရင့်သန်တိုးပွားခြင်းငှါ။ တဿာ ပဋ္ဌာနုဒ္ဒေသဒီနျာ၊ ထိုပဋ္ဌာနုဒ္ဒေသ ဒီပနီကျမ်း၏။ နိဿယံ၊ မြန်မာဘာသာ မှီရာအတ္ထ နိဿယကို။ ကရိဿံ–၊ ကရိဿာမိ၊ ပြုစီရင်ပေအံ့သတည်း။

www.dhammaransi.com



## ၁– ဟေတုပစ္စယော
## ဟေတုပစ္စည်း၏ သရုပ်ကိုပြခြင်း

ကတမော၊ အဘယ်တရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်သနည်း။ လောဘော၊ လောဘတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ ဒေါသော၊ ဒေါသတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ မောဟော၊ မောဟတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ အလောဘော၊ အလောဘတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ အဒေါသော၊ အဒေါသတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ အမောဟော၊ အမောဟတရားသည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။

## ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တရားကိုပြခြင်း

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဟေတုပစ္စယဿ၊ ဟေတုပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်သနည်း။ လောဘသဟဂတာ၊ လောဘနှင့်တကွဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့သည်လည်းကောင်း။ ရူပကလာပါ၊ ရုပ်ကလာပ်ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့သည်လည်းကောင်း။ ဟေတုပစ္စယတော၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သည်ဖြစ်၍။ ဟေတုပစ္စယုပ္ပန္နာ၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့ မည်ကုန်၏။ ဒေါသသဟဂတာ၊ ဒေါသနှင့်တကွဖြစ်ကုန်သော။ မောဟသဟ– ဂတာ၊ မောဟနှင့်တကွဖြစ်ကုန်သော။ အလောဘသဟဂတာ၊ အလောဘနှင့် တကွဖြစ်ကုန်သော။ အဒေါသသဟဂတာ၊ အဒေါသနှင့်တကွဖြစ်ကုန်သော။ အမောဟသဟဂတာ၊ အမောဟနှင့်တကွဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့သည်လည်းကောင်း။ ရူပကလာပါ၊ ရုပ်ကလာပ် ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့သည်လည်းကောင်း။ ဟေတုပစ္စယတော၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သည်ဖြစ်၍။ ဟေတုပစ္စယုပ္ပန္နာ၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့မည်ကုန်၏။

www.dhammaransi.com



## သဟဇာတရုပ်၏သရုပ်နှင့် ပဋိသန္ဓိက္ခဏပဝတ္တိကာလတို့ကို ပိုင်းခြားဝေဖန်၍ ပြခြင်း

သဟဇာတ ရူပကလာပါ နာမ၊ သဟဇာတရူပကလာပမည်သည်ကား။ သဟေတုကပဋိသန္ဓိက္ခဏေ၊ သဟိတ်ပဋိသန္ဓေခဏ၌။ ကမ္မဇရူပါနိ စ၊ ကမ္မဇရုပ်တို့သည်လည်းကောင်း။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ သဟေတုကစိတ္တဇရူပါနိ စ၊ သဟိတ်စိတ္တဇရုပ်တို့သည်လည်းကောင်း။ သဟဇာတရူပကလာပါ နာမ၊ သဟဇာတ ရူပကလာပါမည်၏။ ။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ပဋိသန္ဓိက္ခဏော နာမ၊ ပဋိသန္ဓေခဏ မည်သည်ကား။ ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဥပ္ပါဒက္ခဏော၊ ဥပါဒ်ခဏကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ပဝတ္တိကာလော နာမ၊ ပဝတ္တိကာလ မည်သည်ကို။ ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဌိတိက္ခဏတော၊ ဌီခဏမှ။ ပဋ္ဌာယ၊ စ၍။ ယာဝစုတိကာလာ၊ စုတိ ကာလတိုင်အောင်။ ဝုစ္စတိ၊ ဆိုအပ်၏။

## ဟေတုသဒ္ဒါ ပစ္စယသဒ္ဒါတို့၏အနက်ကိုပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ဟေတု၊ ဟေတုမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ မူလဋ္ဌေန၊ အမြစ်ဟူသော အနက်သဘောကြောင့်။ ဟေတု၊ ဟေတုမည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ဣတိအယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ မူလယမကေ၊ မူလယမိုက်၌။ ဝုတ္တာနံ၊ ဟောတော်မူအပ်ကုန်သော။ လောဘာဒီနံ၊ လောဘအစရှိကုန်သော။ မူလဓမ္မာနံ၊ မူလတရားတို့၏။ မူလဘာဝေါ၊ မူလ၏အဖြစ်သည်။ မူလဋ္ဌော နာမ၊ မူလဋ္ဌမည်၏။ သော မူလဋ္ဌော၊ ထိုမူလဋ္ဌကို။ မူလယမကဒီပနိယံ၊ မူလယမကဒီပနီ အမည်ရှိသောကျမ်း၌။ အမှေဟိ၊ ငါတို့သည်။ ရုက္ခောပမာယ၊ သစ်ပင်ဥပမာဖြင့်။ ဒီပိတောယေဝ၊ ပြအပ်ပြီးသည်သာလျှင်တည်း။

www.dhammaransi.com



## အကုသိုလ်ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို မိန်းမ၌တပ်နှစ်သက်သော ယောကျ်ားကို ဥပမာဆောင်၍ပြခြင်း

အပိ စ အပရော နယော၊ တစ်ပါးသောနည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ကောေ ပုရိသော၊ ယောကျ်ားတစ်ယောက်သည်။ ကေိသ်ံ ဣတ္ထိယံ၊ မိန်းမတစ်ယောက်၌။ ပဋိဗဒ္ဓစိတ္တော၊ တပ်နှစ်သက်သော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ယာဝ၊ အကြင်မျှလောက်။ တံ စိတ္တံ၊ ထိုမိန်းမ၌ တပ်နှစ်သက်သော စိတ်ကို။ န ဇဟာတိ၊ မစွန့်။ တာဝ၊ ထိုမျှလောက်။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ အာရဗ္ဘ၊ အာရုံပြု၍။ တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ လောဘသဟဇာတာနိ၊ လောဘနှင့်တကွဖြစ်ကုန်သော။ ကာယဝစီမနောကမ္မာနိ စ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်လည်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ လောဘသမုဋ္ဌိတာနိ၊ လောဘကြောင့်ဖြစ်ကုန်သော။ စိတ္တဇရူပါနိ စ၊ စိတ္တဇရုပ်တို့သည်လည်း။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာနိ စ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တာနိ စိတ္တစေတသိကရူပါနိ၊ ထိုစိတ်စေတသိက်ရုပ်တို့သည်။ တဿံ ဣတ္ထိယံ၊ ထိုမိန်းမ၌။ ရဇ္ဇနလောဘမူလကာနိ၊ တပ်နှစ်သက်တတ်သော လောဘလျှင် အကြောင်းရင်း ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယသ္မာ၊ အကြင်ကြောင့်။ သော လောဘော၊ ထိုလောဘသည်။ တေသံ၊ ထိုစိတ်စေတသိက်ရုပ်တို့၏။ မူလဋ္ဌေန၊ အမြစ်ဟူသော အနက်သဘောကြောင့်။ ဟေတု စ၊ ဟေတုလည်း မည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့်။ ပစ္စယော စ၊ ပစ္စည်းလည်း မည်၏။ တသ္မာ၊ ထိုနှစ်ပါးသောအကြောင်းကြောင့်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ သေသာနိ၊ ကြွင်းကုန်သော။ ရဇ္ဇနီယဝတ္ထူနိ၊ တပ်နှစ်သက်အပ်သော ဝတ္ထုတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရဇ္ဇနဝသေန၊ တပ်နှစ်သက်သည်၏ အစွမ်းဖြင့်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သော။ လောဘေသု စ၊ လောဘတို့၌လည်းကောင်း။ ဒုဿနီယဝတ္ထူနိ၊ ပြစ်မှားအပ်သော ဝတ္ထုတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဒုဿနဝသေန၊ ပြစ်မှားအပ်သည်၏အစွမ်းဖြင့်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သော။ ဒေါသေသု စ၊ ဒေါသတို့၌လည်းကောင်း။ မုယှနီယဝတ္ထူနိ၊ တွေဝေအပ်သော

www.dhammaransi.com



ဝတ္ထုတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ မုယှနဝသေန၊ တွေဝေသည်၏အစွမ်းဖြင့်။ ဥပ္ပဇ္ဇန္တေသု၊ ဖြစ်ကုန်သော။ မောဟေသု စ၊ မောဟတို့၌လည်းကောင်း။ ဧသ နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## အကုသိုလ်ဟေတုပစ္စည်း၏ကျေးဇူးပြုပုံကို သစ်ပင်၏အမြစ်ကို ဥပမာဆောင်၍ပြခြင်း

တတ္ထ၊ ထိုဟေတုပစ္စည်း၌။ ရုက္ခဿ၊ သစ်ပင်၏။ မူလာနိ၊ အမြစ်တို့သည်။ သယံ၊ အလိုလို။ အန္တောပထဝိယံ၊ မြေ၏အတွင်း၌။ သုဋ္ဌု၊ ကောင်းစွာ။ ပတိဋ္ဌဟိတွာ၊ တည်၍။ ပထဝိရသဉ္စ၊ မြေ၏အဆီအရသာကိုလည်းကောင်း။ အာပေါရသဉ္စ၊ ရေ၏အဆီအရသာကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ တံ ရုက္ခံ၊ ထိုသစ်ပင်သို့။ ယာဝအဂ္ဂါ၊ အဖျားတိုင်အောင်။ အဘိဟရန္တိယထာ၊ ဆောင်ကုန်သကဲ့သို့လည်းကောင်း။ တေန၊ ထိုသို့ဆောင်ခြင်းဖြင့်။ ရုက္ခော၊ သစ်ပင်သည်။ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဝဍ္ဍမာနော၊ ကြီးပွားလျက်။ တိဋ္ဌတိယထာ၊ တည်သကဲ့သို့လည်းကောင်း။ တထာ၊ ထို့အတူ၊ လောဘော စ၊ လောဘသည်လည်း။ တသ္မိံ တသ္မိံ ဝတ္ထုမှိ၊ ထိုထိုသို့သော ဝတ္ထု အာရုံ၌။ ရဇ္ဇနဝသေန၊ တပ်နှစ်သက်သည်၏အစွမ်းဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ပတိဋ္ဌဟိတွာ၊ အာရုံပြုသောအားဖြင့် တည်၍။ တဿ တဿ ဝတ္ထုဿ၊ ထိုထို သို့သော ဝတ္ထုအာရုံ၏။ ပိယရူပရသဉ္စ၊ ချစ်အပ်သော သဘောရှိသော အဆီ အရသာကိုလည်းကောင်း။ သာတရူပရသဉ္စ၊ သာယာအပ်သော သဘောရှိသော အဆီအရသာကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ် တရားတို့ကို။ ယာဝကာယဝစီဝိတိက္ကမာ၊ ကိုယ်ဖြင့် လွန်ကျူးခြင်း, နှုတ်ဖြင့် လွန်ကျူးခြင်းသို့လည်းကောင်း။ အဘိဟရတိ၊ ဆောင်၏။ ကာယဝီတိက္ကမံဝါ၊ ကိုယ်ဖြင့် လွန်ကျူးခြင်းတိုင်အောင်။ ဝစီဝီတိက္ကမံ ဝါ၊ နှုတ်ဖြင့်လွန်ကျူးခြင်းသို့ လည်းကောင်း။ ပါပေတိ၊ ရောက်စေ၏။ တထာ၊ ထိုအတူ၊ ဒေါသော စ၊ ဒေါသသည်လည်း။ ဒုဿနဝသေန၊ ပြစ်မှားသည်၏အစွမ်းဖြင့်။ အပ္ပိယရူပရသဉ္စ၊ မချစ်မနှစ်မြို့အပ်သော သဘောရှိသော အဆီအရသာကိုလည်းကောင်း။

www.dhammaransi.com



အသာတရူပရသဥ္စ၊ မသာယာအပ်သော သဘောရှိသော အဆီအရသာကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ မောဟော စ၊ မောဟသည်လည်း။ မုယှနဝသေန၊ တွေဝေသည်၏အစွမ်းဖြင့်။ နာနာရမ္မဏေသု၊ အထူးထူးသော အာရုံတို့၌။ နိရုဋ္ဌကစိတ္တာစာရရသံ၊ အချည်းနှီးသောစိတ်၏ဖြစ်ခြင်းတည်းဟူသော အဆီအရသာကို။ ဝမေ့ တွာ၊ ပွားစေ၍။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဇဝံ၊ ဤသို့။ အဘိဟရန္တာ၊ ရှေးရှုဆောင်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ရဇ္ဇနီယာဒိသု၊ တပ်နှစ်အပ်သည် အစရှိကုန်သော။ ဝတ္ထုသု၊ ဝတ္ထုအာရုံတို့၌။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ မောဒမာနေ၊ ရွှင်စေသည်တို့ကို။ ပမောဒမာနေ၊ အလွန်ရွှင်စေသည်တို့ကို။ ကရောန္တောဝိယ၊ ပြုသကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ပဝတ္တေန္တိ၊ ဖြစ်စေကုန်၏။ သမ္ပယုတ္တဓမ္မာ စ၊ သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမ္ပယုတ္တဓမ္မေသု စ၊ သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်ရှိသော်။ သဟဇာတရူပကလာပါပိ၊ သဟဇာတ်ဖြစ်သော ရုပ်ကလာပ်တို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။ ။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ သမ္ပယုတ္တဓမ္မေ အဘိဟရတီတိ ပဒဿ၊ သမ္ပယုတ္တဓမ္မေ အဘိဟရတိ ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဇဝံ၊ သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒွေ၊ နှစ်ပါးကုန်သော။ ပိယရူပသာတရူပရသေ၊ ချစ်အပ်သောသဘော, သာယာအပ်သောသဘောဟု ဆိုအပ်သော အဆီအရသာတို့ကို။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့၏။ သန္တိကံ၊ အထံသို့။ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိအတ္ထော၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

www.dhammaransi.com



## ကုသိုလ်ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို မိန်းမဒ္ဓခင်တွယ်ခြင်းကို စွန့်လွှတ်သောယောကျ်ားကို ဥပမာဆောင်၍ပြခြင်း

သုက္ကပက္ခေ၊ သုက္ကပက္ခ၌။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ယဒါ၊ အကြင်အခါ၌။ ကာမေသု၊ ဝတ္ထုကာမ ကိလေသကာမတို့၌။ အာဒီနဝံ၊ အပြစ်ကို။ ပဿတိ၊ မြင်၏။ တဒါ၊ ထိုသို့ မြင်သောအခါ၌။ သော ပုရိသော၊ ထိုယောကျ်ားသည်။ တံ စိတ္တံ၊ ထိုနှစ်သက်တတ်သောစိတ်ကို။ ဇဟတိ၊ စွန့်၏။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ အာရဗ္ဘ၊ အာရုံပြု၍။ အလောဘော၊ အလောဘသည်။ သဉ္ဇာယတိ၊ ဖြစ်၏။ ပုဗ္ဗေ၊ ရှေးဖြစ်သော။ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ အာရဗ္ဘ၊ အာရုံပြု၍။ လောဘမူလကာနိ၊ လောဘလျှင် အကြောင်းရင်းရှိကုန်သော။ အသုဒ္ဓါနိ၊ မစင်ကြယ်ကုန်သော။ ကာယဝစီမနော–ကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ ယခုဖြစ်သော။ တသ္မိံ ကာလေပိ၊ ထိုအခါ၌လည်း။ အလောဘမူလကာနိ၊ အလောဘလျှင် အကြောင်းရင်းရှိကုန်သော။ သုဒ္ဓါနိ၊ စင်ကြယ်ကုန်သော။ ကာယဝစီမနောကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ပဗ္ဗဇိတသီလသံဝရာနိ ဝါ၊ ရဟန်းတို့၏ ပါတိမောက္ခသံဝရသီလ တို့သည်လည်းကောင်း။ ဈာနပရိကမ္မာနိဝါ၊ ဈာန်ပရိကံတို့သည်လည်းကောင်း။ အပ္ပနာဈာနာနိ ဝါ၊ အပ္ပနာဈာန်တို့သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ယသ္မာ၊ အကြင်ကြောင့်။ သော အလောဘော၊ ထိုအလောဘသည်။ တေသံ၊ ထိုအလောဘလျှင် အကြောင်းရင်းရှိသော စင်ကြယ်သော ကာယကံ, ဝစီကံ, မနောကံစသည်တို့၏။ မူလဋ္ဌေန၊ အမြစ်အရင်းဟူသော အနက်သဘောကြောင့်။ ဟေတု စ၊ ဟေတုလည်း မည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့်။ ပစ္စယော စ၊ ပစ္စည်းလည်း မည်၏။ တသ္မာ၊ ထိုနှစ်ပါး သော အကြောင်းကြောင့်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ သေသေသု၊ ကြွင်းကုန်သော။ လောဘပ္ပဋိပက္ခေသု၊ လောဘ၏ဆန့်ကျင်ဖက်ဖြစ်ကုန်သော။ အလောဘသုစ၊ အလောဘတို့၌လည်းကောင်း။ ဒေါသပ္ပဋိပက္ခေသု၊ ဒေါသ၏ ဆန့်ကျင်ဖက်ဖြစ်ကုန်သော။ အဒေါသေသု စ၊ အဒေါသတို့၌လည်းကောင်း။

www.dhammaransi.com



မောဟပ္ပဋိပက္ခသ၊ မောဟ၏ဆန့်ကျင်ဖြစ်ကုန်သော။ အမောဟသ စ၊ အမောဟ တို့၌လည်းကောင်း။ ဧသ ဧသော နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## ကုသိုလ်ဟေတုပစ္စည်းနှင့် သစ်ပင်၏အမြစ်တူပုံကို ပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ရုက္ခမူလာနိ ဝိယ၊ သစ်ပင်၏အမြစ်တို့ ကဲ့သို့။ အလောဘော၊ အလောဘသည်။ လောဘနေယျဝတ္ထုသု၊ လောဘနေယျ ဝတ္ထုတို့၌။ လောဘံ၊ လောဘကို။ ပဟာယ၊ ပယ်၍။ လောဘဝိဝေကသုခရသံ၊ လောဘ၏ကင်းခြင်းကိုစွဲ၍ဖြစ်သော ချမ်းသာတည်းဟူသော အဆီအရသာကို။ ဝမေ့ တွာ၊ ပွားစေ၍။ တေန သုခေန၊ ထိုလောဘဝိဝေကသုခဖြင့်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ မောဒမာနေ၊ ရွှင်စေသည်တို့ကို။ ပမောဒမာနေ၊ အလွန် ရွှင်စေသည်တို့ကို။ ကရောန္တော ဝိယ၊ ပြုသကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ယာဝ ဈာနသမာပတ္တိသုခါ ဝါ၊ ဈာန်သမာပတ် ချမ်းသာဖြစ်သည်တိုင်အောင်လည်း ကောင်း။ ယာဝ မဂ္ဂဖလသုခါ ဝါ၊ မဂ်ဖိုလ်ချမ်းသာဖြစ်သည်တိုင်အောင်လည်း ကောင်း၊ ဝမှ ဒပေတိ၊ ပွားစေ၏။ တထာ၊ ထိုအတူ၊ အဒေါသော စ၊ အဒေါသ သည်လည်း။ ဒေါသနေယျဝတ္ထုသု၊ ဒေါသနေယျဝတ္ထုတို့၌။ ဒေါသဝိဝေက- သုခရသံ၊ ဒေါသ၏ကင်းခြင်းကိုစွဲ၍ ဖြစ်သော ချမ်းသာတည်းဟူသော အဆီ အရသာကို။ ဝမေ့ တွာ၊ ပွားစေ၍။ အမောဟော စ၊ အမောဟသည်လည်း။ မောဟနေယျဝတ္ထုသု၊ မောဟနေယျဝတ္ထုတို့၌။ မောဟဝိဝေကသုခရသံ၊ မောဟ၏ ကင်းခြင်းကို စွဲ၍ဖြစ်သော ချမ်းသာတည်းဟူသော အဆီအရသာကို။ ဝမေ့ တွာ၊ ပွားစေ၍။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ ဝမှ ဒပေန္တာ၊ ပွားစေတတ်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ မောဒမာနေ၊ ရွှင်စေသည်တို့ကို။ ပမောဒမာနေ၊ အလွန်ရွှင်စေသည်တို့ကို။ ကရောန္တာ ဝိယ၊ ပြုသကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ ပဝတ္တေန္တိ၊ ဖြစ်စေ ကုန်၏။ သမ္ပယုတ္တဓမ္မာ စ၊ သမ္ပယုတ်တရားတို့သည်လည်း။ တထာ၊ ထိုသို့သော

www.dhammaransi.com



အခြင်းအရာအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမ္ပယုတ္တဓမ္မေသု စ၊ သမ္ပယုတ်တရားတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်ရှိသော်။ သဟဇာတရူပကလာပါပိ၊ သဟဇာတ်ဖြစ်သော ရုပ်ကလာပ်တို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။

## လောဘဝိဝေကသုခရသ အစရှိသော ပုဒ်တို့၏ ဝစနတ္ထကိုပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ လောဘဝိဝေကသုခရသန္တိပဒဿ၊ လောဘဝိဝေကသုခရသံဟူသော ပုဒ်၏။ ဝစနတ္ထော၊ ဝစနတ္ထကို။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝိဝိစ္စနံ ဝိဂမနံ၊ ကင်းခြင်း။ ဝိဝေကော၊ ကင်းခြင်း။ လောဘဿ၊ လောဘ၏။ ဝိဝေကော၊ ကင်းခြင်း။ လောဘဝိဝေကော၊ လောဘ၏ကင်းခြင်း။ လောဘဝိဝေကေ၊ လောဘ၏ကင်းခြင်း၌။ ပဝတ္တံ၊ ဖြစ်သော။ သုခံ၊ သုခတည်း။ လောဝိဝေကသုခံ၊ လောဘ၏ကင်းခြင်း၌ဖြစ်သော သုခ။ လောဘဝိဝေကံ၊ လောဘ၏ကင်းခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပန္နသုခံ၊ ဖြစ်သော ချမ်းသာတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ တဒေဝ၊ ထိုလောဘ၏ကင်းခြင်းကို စွဲ၍ဖြစ်သော ချမ်းသာသည်သာလျှင်။ ရသော၊ အဆီအရသာတည်း။ လောဘဝိဝေကသုခရသော၊ လောဘ၏ကင်းခြင်းကိုစွဲ၍ဖြစ်သော ချမ်းသာသည်သာလျှင် အဆီအရသာ။ ဣတိသမာသော၊ ဤသို့သော ပုဒ်စပ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပဋ္ဌာနနယော၊ ပဋ္ဌာန်းနည်းတည်း။

## သုတ္တန်နည်းဖြင့် ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို ပြခြင်း

သုတ္တန္တ နယော ပန၊ သုတ္တန်နည်းကိုကား။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အဝိဇ္ဇာသင်္ခါတော၊ အဝိဇ္ဇာဟု ဆိုအပ်သော။ မောဟော စ၊ မောဟသည်လည်းကောင်း။ တဏှာသင်္ခါတော၊ တဏှာဟု ဆိုအပ်သော။ လောဘော စ၊ လောဘသည်လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။

www.dhammaransi.com



သဗ္ဗေသံပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဝဋ္ဋဒုက္ခဓမ္မာနံ၊ ဝဋ်ဆင်းရဲတရားတို့၏။ မူလာနိ၊ အမြစ်အရင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဒေါသော ပန၊ ဒေါသသည်ကား။ လောဘဿ၊ လောဘ၏။ နိဿန္ဒဘူတံ၊ အကျိုးဆက်မျှဖြစ်၍ ဖြစ်သော။ ပါပမူလံ၊ အကုသိုလ်ကံအမြစ်သည်။ ဟောတိ၊ ၏။ ဝိဇ္ဇာသင်္ခါတော၊ ဝိဇ္ဇာဟု ဆိုအပ်သော။ အမောဟော စ၊ အမောဟသည်လည်းကောင်း။ နေက္ခမ္မဓာတု–သင်္ခါတော၊ နေက္ခမ္မဓာတ်ဟု ဆိုအပ်သော။ အလောဘော စ၊ အလောဘသည်လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဝိဝဋ္ဋဓမ္မာနံ၊ ဝဋ်ကင်းသော တရားတို့၏။ မူလာနိ၊ အမြစ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဒေါသော ပန၊ အဒေါသသည်ကား။ အလောဘဿ၊ အလောဘ၏။ နိဿန္ဒဘူတံ၊ အကျိုးဆက်မျှဖြစ်၍ ဖြစ်သော။ ကလျာဏမူလံ၊ ကုသိုလ်အမြစ်သည်။ ဟောတိ၊ ၏။ ဧဝံ၊ သို့။ ဆဗ္ဗိဓာနိ၊ ခြောက်ပါးအပြားရှိကုန်သော။ မူလာနိ၊ အမြစ်မူလတို့သည်။ သဟဇာတာနံပိ၊ သဟဇာတ်လည်း ဖြစ်ကုန်သော။ အသဟဇာတာနံပိ၊ သဟဇာတ်မဟုတ်သည်လည်း ဖြစ်ကုန်သော။ နာမရူပဓမ္မာနံ၊ နာမ်ရုပ်တရားတို့အား။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ သုတ္တန္တေသု၊ သုတ္တန်ပါဠိတော်တို့၌။ အာဂတော၊ လာသော။ နယော၊ နည်းတည်း။

**ဟေတုပစ္စယဒီပနာ၊ ဟေတုပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ ပြီးပြီ။**

## ၂– အာရမ္မဏပစ္စယော
## အာရမ္မဏပစ္စည်း၏ သရုပ်ကိုပြခြင်း

ကတမော၊ အဘယ်တရားသည်။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်း မည်သနည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာပိ၊ တရားတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ရူပဓမ္မာပိ၊ ရုပ်တရားတို့သည်လည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။ နိဗ္ဗာနံပိ၊ နိဗ္ဗာန်သည်လည်းကောင်း။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပညတ္တိယောပိ၊ ပညတ်

www.dhammaransi.com



တို့သည်လည်းကောင်း။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်း မည်၏။ ယော ဓမ္မော၊ အကြင်တရားသည်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ န ဟောတိ၊ မဖြစ်။ ကောပိ၊ တစ်ပါးလည်းဖြစ်သော။ သော ဓမ္မော၊ ထိုတရားသည်။ န ဟိ နာမ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ သဗ္ဗေပတော ပန၊ အကျဉ်းအားဖြင့်ကား။ အာရမ္မဏံ၊ အာရုံသည်။ ရူပါရမ္မဏံ၊ ရူပါရုံလည်းကောင်း။ သဒ္ဒါရမ္မဏံ၊ သဒ္ဒါရုံလည်းကောင်း။ ဂန္ဓာရမ္မဏံ၊ ဂန္ဓာရုံလည်းကောင်း။ ရသာရမ္မဏံ၊ ရသာရုံလည်းကောင်း။ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရုံလည်းကောင်း။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်တရားကို ပြခြင်း

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အာရမ္မဏ-ပစ္စယသ၊ အာရမ္မဏပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်သနည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အာရမ္မဏပစ္စယသ၊ အာရမ္မဏပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ ယံ စိတ္တံ၊ အကြင်စိတ်သည်။ ဘူတေန၊ ထင်ရှားသော။ အာရမ္မဏေန ဝါ၊ အာရုံနှင့်လည်းကောင်း။ အဘူတေန၊ မထင်ရှားသော။ အာရမ္မဏေန ဝါ၊ အာရုံနှင့်လည်းကောင်း။ ဝိနာ၊ ကင်း၍။ ပဝတ္တတိ၊ ဖြစ်၏။ တံ စိတ္တံ၊ ထိုစိတ်သည်။ ကိဉ္စိ၊ စိုးစဉ်းမျှ။ န ဟိ နာမ အတ္ထိ၊ မရှိသည်သာလျှင်တည်း။

## ကာလသုံးပါးဖြင့်ဝေဖန်၍ ပစ္စည်း ပစ္စယုပ္ပန်တရားများကို တွဲဖက်၍ပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ စက္ခုဝိညာဏစိတ္တဿ၊ စက္ခုဝိညာဏ်စိတ်အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး

www.dhammaransi.com



ပြုသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ သဒ္ဒါရမ္မဏံ၊ သဒ္ဒါရုံသည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ သောတဝိညာဏစိတ္တဿ၊ သောတဝိညာဏ်စိတ်အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ဂန္ဓာရမ္မဏံ၊ ဂန္ဓာရုံသည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ ဃာနဝိညာဏစိတ္တဿ၊ ဃာနဝိညာဏ်စိတ်အား။ အာရမ္မဏ-ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ရသာရမ္မဏံ၊ ရသာရုံသည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ ဇိဝှါဝိညာဏစိတ္တဿ၊ ဇိဝှါဝိညာဏ်စိတ်အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရုံသည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ ကာယဝိညာဏစိတ္တဿ၊ ကာယဝိညာဏ်စိတ်အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နာနိ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ တာနိ ပဉ္စာရမ္မဏာနိ၊ ထိုပဉ္စာရုံတို့သည်။ တိဝိဓဿ၊ သုံးပါးအပြားရှိသော။ မနောဓာတုစိတ္တဿ၊ မနောဓာတ်စိတ်အား။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နာနိ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော။ တာနိ ပဉ္စာရမ္မဏာနိ ဝါ၊ ထိုပဉ္စာရုံတို့သည်လည်းကောင်း၊ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ တေကာလိကာနိ၊ ကာလသုံးပါး၌ဖြစ်ကုန်သော။ ကာလဝိမုတ္တာနိ၊ ကာလသုံးပါးမှလွတ်ကုန်သော။ ဓမ္မာရမ္မဏာနိ ဝါ၊ ဓမ္မာရုံတို့သည်လည်းကောင်း။ ဆသတ္တတိဝိဓာနံ၊ ခုနစ်ဆယ့်ခြောက်ပါးအပြား ရှိကုန်သော။ မနောဝိညာဏစိတ္တာနံ၊ မနောဝိညာဏ်စိတ်တို့အား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



## အာရမ္မဏသဒ္ဒါ ပစ္စယသဒ္ဒါတို့၏ အနက်ကိုပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အာရမ္မဏံ၊ အာရုံမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ စိတ္တစေတသိကေဟိ၊ စိတ်စေတသိက်တို့သည်။ အာလမ္ဗိတဗ္ဗဋ္ဌေန၊ အာရုံပြုအပ်သော အနက်သဘောကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။

## အာလမ္ဗိတဗ္ဗဋ္ဌကို ဖွင့်ပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ အာလမ္ဗိတဗ္ဗဋ္ဌေနတိ ဧတ္ထ၊ အာလမ္ဗိတဗ္ဗဋ္ဌေန ဟူသော ဤပါဌ်၌။ အာလမ္ဗဏကိရိယာ နာမ၊ အာလမ္ဗဏကိရိယာ မည်သည်ကား။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ အာရမ္မဏဂ္ဂဟဏကိရိယာ၊ အာရုံကိုယူခြင်းအမှုတည်း။ အာရမ္မဏုပါဒါနကိရိယာ၊ အာရုံကိုစွဲလမ်းခြင်း အမှုတည်း။

## စိတ်စေတသိက်တို့၏ အာရုံခြောက်ပါးတို့ကို ဆွဲကိုင် ယူငင်မှုကို ထင်ရှားစိမ့်သောငှါ သံလိုက်ဥပမာဖြင့် ဆောင်၍ပြခြင်း

ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ယထာ၊ ဥပမာမည်သည်ကား။ လောကေ၊ လောက၌။ အယောဓာတု၊ သံဓာတ်ကို။ ကာမေတိ၊ နှစ်သက်တတ်၏။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ ဣတိ အတ္ထေန၊ ဤသို့သောအနက်ကြောင့်။ အယောကန္တကော နာမ၊ အယောကန္တတ မည်သော။ လောကဓာတုဝိသေသော၊ သံဓာတ်အထူးသည်။ ဝါ၊ သံလိုက်ဓာတ်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသံလိုက်သည်။ အယောခန္ဓသမီပံ၊ သံတုံးသံခဲ၏အနီးသို့။ သမ္ပတ္တော၊ ရောက်သည်ရှိသော်။ တံ အယောခန္ဓံ၊ ထိုသံတုံး သံခဲကို။ ကာမေန္တော ဝိယ၊ နှစ်သက်သကဲ့သို့။ ဣစ္ဆန္တော ဝိယ၊ အလိုရှိသကဲ့သို့။ အယောခန္ဓာဘိမုခေါ၊ သံတုံးသံခဲသို့ ရှေးရှုသည်ဖြစ်၍။ စဋ္ဋလတိ၊ လှုပ်၏။

www.dhammaransi.com



သယံ ဝါ၊ မိမိဟူသော သံလိုက်သည်မူလည်း။ တံ အယောခန္ဓံ၊ ထိုသံတုံးသံခဲသို့။ ဥပဂစ္ဆတိ၊ ကပ်၏။ အယောခန္ဓံ ဝါ၊ သံတုံးသံခဲကိုမူလည်း။ အတ္တာဘိမုခံ၊ မိမိဟူသော သံလိုက်သို့ရှေးရှု။ အာကမု တိ၊ ငင်၏။ အယောခန္ဓော၊ သံတုံးသံခဲသည်။ တာဒဘိမုခေါ၊ ထိုသံလိုက်သို့ ရှေးရှုသည်ဖြစ်၍။ စဋ္ဌလတိ၊ လှုပ်၏။ တံ ဝါ၊ ထိုသံလိုက်သို့မူလည်း။ ဥပဂစ္ဆတိ၊ ကပ်၏။ အယံ၊ ဤသည်ကား။ အယောကန္တကဿ၊ သံလိုက်၏။ အာလမ္ဗဏကိရိယာ နာမ၊ ဆွဲငင်ခြင်းအမှုမည်၏။ ဧဝမေဝ၊ ဤအတူသာလျှင်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ အာရမ္မဏေသု၊ အာရုံတို့၌။ အာလမ္ဗဏကိရိယာ၊ ဆွဲငင်ခြင်းအမှုကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ကေဝလံ၊ သက်သက်။ အာရမ္မဏေသု၊ အာရုံတို့၌။ အာလမ္ဗဏမတ္တံ၊ ဆွဲငင်ကာမျှသည်သာလျှင်။ ဝါ၊ အာရုံပြုကာမျှသည်သာလျှင်။ န ဟောတိ၊ ဖြစ်သည်မဟုတ်သေး။ အထ ခေါ၊ စင်စစ်သော်ကား။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သတ္တသန္တာနေ၊ သတ္တဝါတို့၏ သန္တာန်၌။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ ဆသု၊ ခြောက်ပါးကုန်သော။ ဒွါရေသု၊ ဒွါရတို့၌။ အာရမ္မဏာနံ၊ အာရုံတို့၏။ အာပါထာဂမနေ ဝေ၊ ထင်ခြင်းသို့ရောက်သောအခါ၌သာလျှင်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပဇ္ဇိတွာ စ၊ ဖြစ်ပြီး၍လည်း။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။

## စိတ်စေတသိက်တို့၏ ခိုင်မြဲတည်နေခြင်းမရှိ ခဏတိုင်းဖြစ်ချုပ်သည်၏ အဖြစ်ကို တီးထိုးခါမျှ၌ ဖြစ်ပေါ်သော စည်သံတယောသံကို ဥပမာဆောင်၍ ပြခြင်း

ယထာ၊ ဥပမာမည်သည်ကား။ ဘေရိတလေ၊ စည်မျက်နှာအပြင်၌။ ဘေရိသဒ္ဒါ၊ စည်သံတို့သည်။ ဥပ္ပဇ္ဇမာနာ ဖြစ်ကုန်သည်ရှိသော်။ တတ္ထ တတ္ထ၊ ထိုထိုသို့သော စည်မျက်နှာပြင်အရပ်၌။ ဟတ္ထေန၊ လက်ဖြင့်။ ပဟာရဏကာလေ ဝေ၊ ရိုက်ခတ်သောအခါ၌သာလျှင်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဥပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပဇ္ဇိတွာ စ၊ ဖြစ်ပြီး၍လည်း။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။

www.dhammaransi.com



နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဝိဇာနာသဒ္ဒါ၊ တယောသံတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည် ရှိသော်။ ဝိဇာနာတန္တိသု၊ တယောကြိုးတို့၌။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အရပ်၌။ ဝိဇာနာဒဏ္ဍကေန၊ တယောသံဖြင့်။ ပဟရဏကာလေ ဝေ၊ ထိုးသောအခါ၌ သာလျှင်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပဇ္ဇိတွာ စ၊ ဖြစ်ပြီး၍လည်း။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဣတိဣမာ ဥပမာယော၊ ဤဥပမာတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အ ပ်ကုန်၏။ နိဒ္ဒါယန္တဿပိ၊ အိပ်ပျော်သောပုဂ္ဂိုလ်၏လည်း။ ဘဝင်္ဂစိတ္တပ္ပဝတ္တိကာလေ၊ ဘဝင်စိတ်ဖြစ်သောအခါ၌။ ပုဗ္ဗဘဝေ၊ ရှေးဘဝ၌။ မရဏာသန္နကာလေ၊ သေခါနီးကာလ၌။ ဆသု၊ ခြောက်ပါးကုန်သော။ ဒွါရေသု၊ ဒွါရတို့၌။ အာပါတမာဂတာနိ၊ ထင်ခြင်းသို့ရောက်ကုန်သော။ ကမ္မကမ္မနိမိတ္တ ဂတိနိမိတ္တာနိ ဧဝ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့သည်သာလျှင်။ ဘဝင်္ဂစိတ္တာနံ၊ ဘဝင်စိတ်တို့အား။ အာရမ္မဏ-ပစ္စယော၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**အာရမ္မဏပစ္စယဒီပနာ၊ အာရမ္မဏပစ္စည်းကို လင်းပြခြင်းသည်။**
**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၃– အဓိပတိပစ္စယော

### အဓိပတိပစ္စည်း၏ ဘေဒနှစ်ပါးကို ပြခြင်း

အဓိပတိပစ္စယော၊ အဓိပတိပစ္စည်းသည်။ အာရမ္မဏာဓိပတိပစ္စယော စ၊ အာရမ္မဏာဓိပတိပစ္စည်းလည်းကောင်း။ သဟဇာတာဓိပတိပစ္စယော စ၊ သဟဇာတာဓိပတိပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြား ရှိ၏။

### အာရမ္မဏာဓိပတိပစ္စည်း၏ သရုပ်ကို သာမညအားဖြင့်ပြခြင်း

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ အာရမ္မဏပစ္စယေ၊ အာရမ္မဏပစ္စည်း၌။ ဝုတ္တေသု၊ ဆိုအပ်ကုန်သော။ အာရမ္မဏေသု၊ အာရုံတို့တွင်။ ယာနိ အာရမ္မဏာနိ၊

www.dhammaransi.com



အကြောင်အာရုံတို့သည်။ အတိက္ကဋ္ဌာနိ၊ အလွန်အလိုရှိအပ်ကုန်သည်။ အတိကန္တာနိ၊ အလွန်နှစ်သက်အပ်ကုန်သည်။ အတိမနာပါနိ၊ အလွန်နှလုံးကို ပွားစေတတ်ကုန်သည်။ ဂရုကတာနိ၊ အလေးအမြတ်ပြုအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ အာရမ္မဏာနိ၊ ထိုအာရုံတို့သည်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စည်းမည်၏။

## အတိဣဋ္ဌာရုံကို ရှင်းပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ အတိက္ကဋ္ဌာနိတိပဒဿ၊ အတိက္ကဋ္ဌာနိ ဟူသော ပါဋ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သဘာဝတော၊ သဘောအားဖြင့်။ ဣဋ္ဌာနိ ဝါ၊ အလိုရှိအပ်ကုန်သော ဣဋ္ဌာရုံတို့သည်မူလည်း။ ဟောန္တိ၊ ဖြစ်စေကုန်။ အနိဋ္ဌာနိ ဝါ၊ အလိုမရှိအပ်ကုန်သော အနိဋ္ဌာရုံတို့သည်မူလည်း။ ဟောန္တိ၊ ဖြစ်စေကုန်။ တေန တေန ပုဂ္ဂလေန၊ ထိုထိုသို့သော အာရုံကို အာရုံပြုသော ပုဂ္ဂိုလ်သည်။ အတိက္ကစ္ဆိတာနိ၊ အလွန်အလွန်ရှိအပ်ကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့သည်။ ဣဓ၊ ဤအာရမ္မဏာဓိပတိပစ္စည်း၏အရာ၌။ အတိက္ကဋ္ဌာနိ နာမ၊ အတိက္ကဋ္ဌာရုံတို့ မည်ကုန်၏။

## အာရမ္မဏာဓိပတိပစ္စည်း၏တရားကိုယ်များကို ထုတ်ပြခြင်း

တာနိ၊ ထိုအာရမ္မဏာဓိပတိပစ္စည်းတရားတို့သည်။ ဓမ္မတော ပန၊ သရုပ်အားဖြင့်ကား။ ဒွေ၊ နှစ်ပါးကုန်သော။ ဒေါသမူလစိတ္တုပ္ပါဒေ စ၊ ဒေါသမူစိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ မောမူဟာစိတ္တုပ္ပါဒေ စ၊ မောဟမူစိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း။ ဒုက္ခသဟဂတ ကာယဝိညာဏစိတ္တုပ္ပါဒေ စ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ အဝသေသာနိ၊ ကြွင်းကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ကာမာဝစရစိတ္တ-စေတသိကာနိ စ၊ ကာမာဝစရ စိတ် စေတသိက်တရားတို့သည်လည်းကောင်း။ ရူပါရူပ လောကုတ္တရ စိတ္တစေတသိကာနိ စ၊ ရူပါဝစရ စိတ် စေတသိက်, အရူပါဝစရ စိတ် စေတသိက်, လောကုတ္တရာ စိတ် စေတသိက်တရားတို့သည်

www.dhammaransi.com



လည်းကောင်း။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အတိက္ကန္တရူပါနိ စ၊ အလွန်အလိုရှိ အပ်သော ရုပ်တရားတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ကာမအာရုံ၏ အဓိပတိပစ္စည်းအမြဲမတပ်သည်ကိုလည်းကောင်း၊ ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့အား မိမိတို့၏အသီးအသီးရအပ်သော မဟဂ္ဂုတ်လောကုတ္တရာအာရုံတို့သည် အဓိပတိပစ္စည်း အမြဲတပ်သည်ကိုလည်းကောင်း ပြခြင်း

တေသုပိ၊ ထိုအာရမ္မဏာဓိပတိပစ္စည်း တရားတို့တွင်လည်း။ ကာမာရမ္မဏာနိ၊ ကာမအာရုံတို့သည်။ ဂရုံကရောန္တဿေဝ၊ အလေးအမြတ်ပြုသော ပုဂ္ဂိုလ်အားသာလျှင်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ဂရုံအကရောန္တဿ၊ အလေးအမြတ်မပြုသော ပုဂ္ဂိုလ်အား။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။ ပန၊ ကာမအာရုံမှတစ်ပါး မဟဂ္ဂုတ် လောကုတ္တရာအာရုံကို ဆိုဦးအံ့။ ဈာနလာဘိနော စ၊ ဈာန်ရသော ပုဂ္ဂိုလ်တို့သည် လည်း။ အတ္တနာ၊ မိမိသည်။ ပဋိလဒ္ဓါနိ၊ ရအပ်ကုန်ပြီးသော။ မဟဂ္ဂတဈာနာနိ၊ မဟဂ္ဂုတ်ဈာန်တို့ကို။ အရိယသာဝကာ စ၊ အရိယာသာဝကပုဂ္ဂိုလ်တို့သည်လည်း။ အတ္တနာ၊ မိမိသည်။ ပဋိလဒ္ဓေ၊ ရအပ်ကုန်ပြီးသော။ လောကုတ္တရဓမ္မေ၊ လောကုတ္တရာတရားတို့ကို။ ဂရုံ၊ အလေးအမြတ်။ အကရောန္တာ နာမ၊ မပြုကုန် သည်မည်သည်။ နတ္ထိ၊ မရှိကုန်။

## အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားများကို ပြခြင်း

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ တဿ ပစ္စယဿ၊ ထိုအာရမ္မဏာဓိပတိပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်သနည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောဘမူလစိတ္တာနိ စ၊ လောဘမူ စိတ်တို့သည်လည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမာဝစရကုသလစိတ္တာနိ စ၊ ကာမာဝစရကုသိုလ်စိတ်တို့သည်လည်းကောင်း။ စတ္တာရိ၊ လေးပါးကုန်သော။

www.dhammaransi.com



ကာမဝစရဉာဏသမ္ပယုတ္တ ကိရိယ စိတ္တာနိ စ၊ ကာမာဝစရ ဉာဏ သမ္ပယုတ်ကိရိယာ စိတ်တို့သည်လည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကုတ္တရစိတ္တာနိ စ၊ လောကုတ္တရာစိတ်တို့သည်လည်းကောင်း။ တဿ ပစ္စယဿ၊ ထိုအာရမ္မဏာဓိပတိ ပစ္စည်းတရား၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

## အာရမ္မဏာဓိပတိပစ္စည်းပစ္စယုပ္ပန်တရားများကို တွဲဖက်ဝေဖန်၍ ပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ လောကိယာနိ၊ လောကီဖြစ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့သည်။ လောဘမူလစိတ္တာနံ၊ လောဘမူစိတ်တို့အား။ ပစ္စယော ဥပကာရကော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သတ္တရသ၊ တစ်ဆယ့်ခုနစ်ပါးကုန်သော။ လောကိယကုသလာနိ၊ လောကီကုသိုလ်စိတ်တို့သည်။ စတုန္နံ၊ လေးပါးကုန်သော။ ဉာဏဝိပ္ပယုတ္တကုသလာနံ၊ ဉာဏဝိပ္ပယုတ်ကုသိုလ်စိတ်တို့အား။ ပစ္စယော ဥပကာရကော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တာနိ ကုသလာနိစေဝ၊ ထိုတစ်ဆယ့်ခုနစ်ပါးသော လောကီကုသိုလ်စိတ် တို့သည်လည်းကောင်း။ ဟေဋ္ဌိမမဂ္ဂဖလာနိ စ၊ အောက်မဂ်အောက်ဖိုလ်တို့သည် လည်းကောင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တကုသလာနံ၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်တို့အား။ ပစ္စယော ဥပကာရကော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရဟတ္တမဂ္ဂဖလာနိစ၊ အရဟတ္တမဂ်အရဟတ္တဖိုလ်တို့သည်လည်းကောင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တ ကိရိယာနံ၊ ဉာဏသမ္ပယုတ်မဟာကိရိယစိတ်တို့အား။ ပစ္စယော ဥပကာရကော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ လောကုတ္တရစိတ္တာနံ၊ လောကုတ္တရာစိတ် တို့အား။ ပစ္စယော ဥပကာရကော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်။ ဟောတိ၊ **ဖြစ်၏**။ တ္တတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ **မှတ်အပ်၏**။

www.dhammaransi.com



## အာရမ္မဏာသဒ္ဒါ အဓိပတိသဒ္ဒါတို့၏အနက်ကို ဥပမာနှင့်တကွ ပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အာရမ္မဏံ၊ အာရုံမည်သနည်း၊ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်သနည်း။ အာလမ္ဗိတဗ္ဗဋ္ဌေန၊ အာရုံပြုအပ်သော အနက်သဘောကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။ အာဓိပစ္စဋ္ဌေန၊ အစိုးရသည်၏အဖြစ်ဟု ဆိုအပ်သော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။ အာဓိပစ္စဋ္ဌော၊ အစိုးရသည်၏အဖြစ်ဟု ဆိုအပ်သော အနက်သည်။ ကော၊ အဘယ်နည်း။ အတ္တာနံ၊ မိမိကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ ပဝတ္တေသု၊ ဖြစ်ကုန်သော။ စိတ္တစေတသိကေသု၊ စိတ်စေတသိက်တို့၌၊ ဣဿရဘာဝေါ၊ အစိုးရသည်၏အဖြစ်သည်။ အာဓိပစ္စဋ္ဌော၊ အာဓိပစ္စဋ္ဌမည်၏။ လောကေ၊ လောက၌။ သာမိကာဝိယ၊ အရှင်တို့ကဲ့သို့။ အာရမ္မဏာဓိပတိပစ္စယဓမ္မာ၊ အာရမ္မဏာဓိပတိပစ္စည်း တရားတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဒါသာ ဝိယ၊ ကျွန်တို့ကဲ့သို့။ ပစ္စယုပ္ပန္နဓမ္မာ၊ ပစ္စယုပ္ပန်တရားတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

## အာရမ္မဏာဓိပတိ၌ ပစ္စယုပ္ပန် ဆက်စပ်ပုံကို သုတသောမ ဇာတ်ဖြင့် ဥပမာဆောင်၍ ပြခြင်း

သုတသောမဇာတကေ၊ သုတသောမဇာတ်၌။ ပေါရိသာဒေါ၊ လူသားစားသော။ ဝါ၊ ပေါရိသာဒအမည်ရှိသော။ ရာဇာ၊ မင်းသည်။ မနုဿမံသံ၊ လူသားကို။ ဂရုံ၊ အလေးအမြတ်။ ကရောန္တော၊ ပြုသည်ဖြစ်၍။ မနုဿမံသဟေတု၊ လူသားတည်းဟူသော အကြောင်းကြောင့်။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ပဟာယ၊ စွန့်၍။ အရညေ၊ တော၌။ ဝိစရတိ၊ လှည့်လည်၏။ တတ္ထ၊ ထိုဇာတ်စကားရပ်၌။ မနုဿမံသေ၊ လူသား၌။ ဂန္ဓရသဓမ္မာ၊ ဂန္ဓာရုံ ရသာရုံ တရားတို့သည်။ ဝါ၊ အနံ့ အရသာတရားတို့သည်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စည်း တရားမည်၏။ ပေါရိသာဒဿ၊ ပေါရိသာဒအမည်ရှိသော။ ရညော၊ မင်း၏။ လောဘမူလစိတ္တံ၊ လူသား၌တပ်နှစ်သက်သော လောဘမူစိတ်သည်။ ပစ္စယုပ္ပန္နဓမ္မော၊

www.dhammaransi.com



ပစ္စယုပ္ပန်တရားမည်၏။ သုတသောမော၊ သုတသောမအမည်ရှိသော။ ရာဇာ၊ မင်းသည်။ သစ္စမံ့၊ သစ္စာတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ သစ္စမေ့ပဟတု၊ သစ္စာတရားတည်းဟူသော အကြောင်းကြောင့်။ ရဋ္ဌသမ္ပတ္တိဥ္စ၊ ပြည်စည်းစိမ်၏ ပြည့်စုံခြင်းကိုလည်းကောင်း။ ဉာတိသံဃဉ္စ၊ အဆွေအမျိုးအပေါင်းကိုလည်းကောင်း။ အတ္တနော၊ မိမိ၏။ ဇီဝိတဉ္စ၊ အသက်ကိုလည်းကောင်း။ ဆန္ဒေတွာ၊ စွန့်၍။ ပုန၊ တစ်ဖန်။ ပေါရိသာဒဿ၊ ပေါရိသာဒအမည်ရှိသော။ ရညော၊ မင်း၏။ ဟတ္ထံ၊ လက်သို့။ ဝါ၊ အထံသို့။ ဥပဂတော၊ ကပ်၏။ တတ္ထ၊ ထိုသို့ကပ်ပြန်ရာ၌။ သစ္စဓမ္မော၊ သစ္စာတရားသည်။ အာရမ္မဏာဓိပတိ ပစ္စယော၊ အာရမ္မဏာဓိပတိပစ္စည်းတရားမည်၏။ သုတသောမဿ၊ သုတသောမ အမည်ရှိသော။ ရညော၊ မင်း၏။ ကုသလစိတ္တံ၊ ကုသိုလ်စိတ်သည်။ ပစ္စယုပ္ပန္နဓမ္မော၊ ပစ္စယုပ္ပန်တရားမည်၏။ သေ ဧသော နယော၊ ဤနည်းကို။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဂရုကတေသု၊ အလေးအမြတ်ပြုအပ်ကုန်သော။ အာရမ္မဏေသု၊ အာရုံတို့၌။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## သဟဇာတာဓိပတိပစ္စည်း၏ သရုပ်ကိုပြခြင်း

သဟဇာတာဓိပတိပစ္စယော၊ သဟဇာတာဓိပတိပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ အဓိပတိဘာဝံ၊ အဓိပတိ၏အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်သော။ ဆန္ဒော စ၊ ဆန္ဒကိုလည်းကောင်း၊ စိတ္တဉ္စ၊ စိတ်လည်းကောင်း၊ ဝီရိယဉ္စ၊ ဝီရိယ လည်းကောင်း။ ဝီမံသာ စ၊ ဝီမံသာလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်း တရားမည်၏။

## သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကိုပြခြင်း

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ တဿ ပစ္စယဿ၊ ထိုသဟဇာတာဓိပတိ ပစ္စည်းတရား၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်သနည်း။ အဓိပတိသမ္ပယုတ္တာ၊ အဓိပတိပစ္စည်းနှင့် ယှဉ်ကုန်သော။

www.dhammaransi.com



စိတ္တစေတသိကာ စ၊ စိတ်စေတသိက်တို့သည်လည်းကောင်း။ အဓိပတိသမုဋ္ဌိတာ၊ အဓိပတိပစ္စည်းကြောင့်ဖြစ်ကုန်သော။ စိတ္တဇရူပဓမ္မာ စ၊ စိတ္တဇရုပ်တရားတို့သည် လည်းကောင်း။ တဿ ပစ္စယဿ၊ ထိုသဟဇာတာဓိပတိပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

## သဟဇာတသဒ္ဒါ အဓိပတိသဒ္ဒါတို့၏အနက်ကို ပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ သဟဇာတော၊ သဟဇာတမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်သနည်း။ သဟုပ္ပါဒနဋ္ဌေန၊ တကွဖြစ်စေခြင်းဟူသော အနက်သဘောကြောင့်။ သဟဇာတော၊ သဟဇာတမည်၏။ သဟဇာတာနံ၊ သဟဇာတ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပစ္စယုပ္ပန်တရားတို့ကို။ အဘိဘဝနဋ္ဌေန၊ လွှမ်းမိုးခြင်းဟူသော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ သဟုပ္ပါဒနဋ္ဌေနာတိ၊ သဟုပ္ပါဒနဋ္ဌေန ဟူသည်ကား။ ယောဓမ္မော၊ အကြင်ပစ္စည်းတရားသည်။ သယံ၊ မိမိသည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သည် ရှိသော်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတဓမ္မေ စ၊ တကွဖြစ်ကုန်သော သဟဇာတ် တရားတို့ကိုလည်း။ အတ္တနာ၊ မိမိနှင့်။ သဟေဝ၊ တကွသာလျှင်။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ တဿ၊ ထိုသဟဇာတာဓိပတိပစ္စည်းတရား၏။ အတ္တနာ၊ မိမိနှင့်။ သဟဇာတဓမ္မာနံ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို။ သဟပ္ပါဒနဋ္ဌေန၊ တကွဖြစ်ခြင်းဟူသော အနက်ကြောင့်။ သဟဇာတော၊ သဟဇာတမည်၏။ အဘိဘဝနဋ္ဌေနာတိ၊ အဘိဘဝနဋ္ဌေန ဟူသည်ကား။ အဇ္ဈောတ္ထရဏဋ္ဌေန၊ လွှမ်းမိုးခြင်းဟူသော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။

## သဟဇာတာဓိပတိ၌ပစ္စည်း ပစ္စယုပ္ပန်ဆက်စပ်ပုံကို စကြာမင်းကြီးကို ဥပမာဆောင်၍ ပြခြင်း

ယထာ၊ ဥပမာမည်သည်ကား။ ရာဇာစက္ကဝတ္တိ၊ စကြဝတေးမင်းသည်။ အတ္တနော၊ မိမိ၏။ ပုညိဒ္ဓိယာ၊ ကောင်းမှုတန်ခိုးအားဖြင့်။ သကလဒီပဝါသိနော၊

www.dhammaransi.com



အလုံးစုံသော ကျွန်းသူကျွန်းသားတို့ကို။ အဘိဘဝန္တော၊ အမွှောတ္ထရန္တော၊ လွှမ်းမိုးလျက်။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလို၌။ ဝတ္တာပေတိ၊ ဖြစ်စေ၏။ ဝါ၊ လိုက်စေ၏။ သကလဒီပဝါသိနော စ၊ အလုံးစုံသော ကျွန်းသူကျွန်းသားတို့သည်လည်း။ တဿ၊ ထိုစကြဝတေးမင်း၏။ ဝသေ၊ အလို၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ လိုက်ရကုန်၏။ တထာ၊ ထို့အတူ။ အဓိပတိဋ္ဌာနပတ္တာ၊ အဓိပတိအရာသို့ရောက်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေဓမ္မာ၊ ဤပစ္စည်းတရားတို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဝိသယေ၊ အရာ၌။ သဟဇာတဓမ္မေ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို။ အဘိဘဝန္တာ အမွှောတ္ထရန္တာ၊ လွှမ်းမိုးကုန်လျက်။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလို၌။ ဝတ္တာပေန္တိ၊ ဖြစ်စေကုန်၏။ ဝါ၊ လိုက်စေကုန်၏။ သဟဇာတဓမ္မာ စ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့သည်လည်း။ တေသံ၊ ထိုသဟဇာတာဓိပတိပစ္စည်းတရားတို့၏။ ဝသေ၊ အလို၌။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ လိုက်ရကုန်၏။

## သဟဇာတာဓိပတိ၌ ပစ္စည်း ပစ္စယုပ္ပန်ဆက်စပ်ပုံကို ကျောက်တိုင်စသည်ကို ဥပမာတစ်နည်းဆောင်၍ ပြခြင်း

ယထာ ဝါ၊ ဥပမာတစ်နည်းသော်ကား၊ သိလာထမ္ဘော၊ ကျောက်တိုင်၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ဓာတုယော၊ တေဇောဓာတ်, အာပေါဓာတ်, ဝါယောဓာတ်တို့ကို။ ဥဒကက္ခန္ဓေ၊ ရေအစု၌။ အာပေါဓာတု၊ အာပေါဓာတ်သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ဓာတုယော၊ ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ကို။ အဂ္ဂိက္ခန္ဓေ၊ မီးကြီးစု၌။ တေဇောဓာတု၊ တေဇောဓာတ်သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ဓာတုယော၊ ပထဝီဓာတ်, အာပေါဓာတ်, ဝါယောဓာတ်တို့ကို။ ဝါတက္ခန္ဓေ၊ လေအစု၌။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ဓာတုယော၊ ပထဝီဓာတ်, အာပေါဓာတ်,

www.dhammaransi.com



တေဇောဓာတ်တို့ကို။ အဘိဘဝန္တော အဇ္ဈောတ္ထရန္တော၊ လွှမ်းမိုးကုန်လျက်။ အတ္တနော၊ မိမိ၏။ ဂတိံ၊ အလားသို့။ ဝါ၊ သဘောသို့။ ဂမာပေန္တိ၊ ရောက်စေကုန်၏။ သဟဇာတဓာတုယော စ၊ သဟဇာတ်ဖြစ်သော ပထဝီအစရှိသော ဓာတ်တို့သည်လည်း။ တာသံ ဓာတူနံ၊ ထိုအာပေါအစရှိသော ဓာတ်တို့သည်။ ဂတိံ၊ အလားသို့။ ဝါ၊ သဘောသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဧဝမေဝံ၊ ဤအတူသာလျှင်။ အဓိပတိဋ္ဌာနပတ္တာ၊ အဓိပတိ၏အရာသို့ ရောက်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤပစ္စည်းတရားတို့သည်။ အတ္တနော၊ မိမိ၏။ ဗလေန၊ အစွမ်းအားဖြင့်။ သဟဇာတဓမ္မေ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို။ အတ္တနော၊ မိမိ၏။ ဂတိံ၊ အလားသို့။ ဝါ၊ သဘောသို့။ ဂမာပေန္တိ၊ ရောက်စေကုန်၏။ သဟဇာတဓမ္မာ စ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့သည်လည်း။ တေသံ၊ ထိုသဟဇာတာဓိပတိ ပစ္စည်းတရားတို့၏။ ဂတိံ၊ အလားသို့။ ဝါ၊ သဘောသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဧဝံ၊ ဤသို့။ သဟဇာတဓမ္မာနံ၊ သဟဇာတ်ဖြစ်သော ပစ္စုပ္ပယုပ္ပန်တရားတို့ကို။ အဘိဘဝနဋ္ဌေန၊ လွှမ်းမိုးခြင်းဟူသော အနက်သဘောကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။

## လောဘသည် ဆန္ဒထက်အားရှိသည်ဖြစ်၍ အဓိပတိမည်သင့်သည်ဟု ဆိုသောစောဒကဆရာအား ဆန္ဒသည်သာလျှင် လောဘထက် အားရှိသည်အဖြစ်ကို ထင်လင်းစွာ ပြသဖြေဆိုခြင်း

ဧတ္ထ၊ ဤသဟဇာတာဓိပတိပစ္စည်း၌။ စောဒကာ၊ စောဒကဆရာတို့သည်။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ကိံ ဝဒေယျုံ၊ အဘယ်သို့ ဆိုက်ကုန်ရာသနည်းဟူမူကား။ သဟဇာတဓမ္မာနံ၊ သဟဇာတ်ဖြစ်သော တရားတို့ကို။ အဘိဘဝနဋ္ဌေန၊ လွှမ်းမိုးခြင်းဟူသော အနက်သဘောကြောင့်။ အဓိပတိ နာမ၊ အဓိပတိ မည်သည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဆန္ဒော၊ ဆန္ဒသည်။ တိဋ္ဌတု၊ တည်စေဦးလော့။ လောဘော ဧဝ၊ လောဘသည်သာလျှင်။ အဓိပတိ နာမ၊ အဓိပတိမည်သည်။ သိယာ၊ ဖြစ်ရာ၏။ ဟိ သစ္စံ၊ မှန်၏။ သောလောဘော၊ ထိုလောဘသည်။ ဆန္ဒတောပိ၊ ဆန္ဒထက်လည်း။ ဗလဝတရော၊

www.dhammaransi.com



အလွန်အားကြီးသည်။ ဟုတွာ၊ ဖြစ်၍။ သဟဇာတစမ္မေ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို။ အဘိဘဝန္တော၊ လွှမ်းမိုးလျက်။ ပဝတ္တတိ၊ ဖြစ်၏။ တ္တတိ၊ ဤသို့။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ပရိဟာရော၊ အဖြေကို။ ဝုစ္စတေ၊ မိန့်အပ်၏။ ဗာလပုထုဇ္ဇနေသု ဧဝ၊ ပုထုဇဉ် လူ့ဗာလတို့၌သာလျှင်။ လောဘော၊ လောဘသည်။ ဆန္ဒတော၊ ဆန္ဒထက်။ ဗလဝတရော၊ အလွန်အားကြီးသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင် ပုထုဇဉ် လူ့ဗာလတို့၌ လောဘသည် ဆန္ဒထက် အလွန်အားကြီးသော်လည်း။ ပဏ္ဍိတေသု၊ ပညာရှိတို့၌။ ဆန္ဒော ဧဝ၊ ဆန္ဒသည်သာလျှင်။ လောဘတော၊ လောဘထက်။ ဗလဝတရော၊ အလွန်အားကြီးသည်။ ဟုတွာ၊ ဖြစ်၍။ သဟဇာတစမ္မေ၊ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို။ အဘိဘဝန္တော၊ လွှမ်းမိုးလျက်။ ပဝတ္တတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာပြဦးအံ့။ လောဘော ဧဝ၊ လောဘသည်သာလျှင်။ ဆန္ဒတော၊ ဆန္ဒထက်။ ဗလဝတရော၊ အလွန်အားကြီးသည်။ သစေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ လောဘဿ၊ လောဘ၏။ ဟတ္ထဂတာ၊ လက်တွင်းသို့ ရောက်ကုန်သော။ တ္တမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိယော၊ ဘဝ၏ ပြည့်စုံခြင်း စည်းစိမ်၏ပြည့်စုံခြင်းတို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ နေက္ခမ္မစမ္မေ၊ နေက္ခမ္မတရားတို့ကို။ ပူရေတွာ၊ ဖြည့်၍။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ ကထံ၊ အဘယ်သို့လျှင်။ နိဿရေယျုံ၊ ထွက်မြောက်နိုင်ကုန်အံ့နည်း။ ယသ္မာပန၊ အကြင်ကြောင့်ကား။ ဆန္ဒော ဧဝ၊ ဆန္ဒသည်သာလျှင်။ လောဘတော၊ လောဘထက်။ ဗလဝတရော၊ အလွန်အားကြီးသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ လောဘဿ၊ လောဘ၏။ ဟတ္ထာဂတာ၊ လက်တွင်းသို့ရောက်ကုန်သော။ တ္တမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိယေ၊ ဘဝ၏ ပြည့်စုံခြင်း စည်းစိမ်၏ပြည့်စုံခြင်းတို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ နေက္ခမ္မစမ္မေ၊ နေက္ခမ္မတရားတို့ကို။ ပူရေတွာ၊ ဖြည့်၍။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ နိဿရန္တိ၊ ထွက်မြောက်နိုင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒောဧဝ၊ ဆန္ဒသည်သာလျှင်။ လောဘတော၊ လောဘထက်။ ဗလဝတရော၊ အလွန်အားကြီးသည်။ ဟောတိ၊ ဖြစ်၏။ ဆန္ဒောဧဝ၊ ဆန္ဒသည်သာလျှင်။ အဓိပတိ၊ အဓိပတိမည်၏။ လောဘော၊

www.dhammaransi.com



လောဘသည်။ အဓိပတိ၊ အဓိပတိမည်သည်။ နဟောတိ၊ မဖြစ်။ ဣတိပရိဟာရော၊ ဤသို့သောအဖြေကို။ ဝုစ္စတေ၊ ဆိုအပ်၏။ ဧသ နယော၊ ဤနည်းကို။ ဒေါသာဒီသုပိ၊ ဒေါသအစရှိသည်တို့၌လည်း။ ဝုစ္စတေ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## အဓိပတိတရားလေးပါးတို့သည်သာ လောက၌ကြီးကျယ်သော အမှုကိစ္စတို့၏ပြီးမြောက်ခြင်းအကြောင်းဖြစ်သည်ဟု ပြဆိုခြင်း

တတ္ထ၊ ထိုသဟဇာတာဓိပတိပစ္စည်း၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ လောကေ၊ လောက၌။ မဟန္တေသု၊ ကြီးကျယ်ကုန်သော။ သုဒုက္ကရေသု၊ အလွန်ပြုနိုင်ခဲကုန်သော။ ပုရိသကမ္မေသု၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည် ပြုအပ်ကုန်သောအမှုတို့သည်။ ပစ္စုပဋ္ဌိတေသု၊ ထင်ကုန်လတ်သည်ရှိသော်။ ဝါ၊ ပေါ်ပေါက်ကုန်လတ်သော်။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤသဟဇာတာဓိပတိပစ္စည်းတရားတို့သည်။ ကမ္မသိဒ္ဓိယာ၊ အမှုပြီးခြင်းငှါ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

## ဟီနဆန္ဒပုဂ္ဂိုလ်, ဆန္ဒာဓိကပုဂ္ဂိုလ်တို့၏ နှလုံးသွင်းအထူးနှင့်တကွ ဆန္ဒဆုတ်နစ်ပုံ, တက်ကြွပုံ, အမှုလစ်ဟင်းပုံ, အမှုပြီးမြောက်ပုံကို လင်းပြခြင်း

ကထံ သံဝတ္တန္တိ၊ အဘယ်သို့ဖြစ်ကုန်နည်းဟူမူကား။ ဟီနစ္ဆန္ဒာ၊ ယုတ်သော ဆန္ဒရှိကုန်သော။ ဗဟုဇ္ဇနာ၊ များစွာသော လူတို့သည်။ မဟန္တာနိ၊ ကြီးကျယ်ကုန်သော။ သုဒုက္ကရာနိ၊ အလွန်ပြုနိုင်ခဲကုန်သော။ ပုရိသကမ္မာနိ၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည် ပြုအပ်ကုန်သောအမှုတို့ကို။ ဒိသွာ၊ မြင်၍။ နိဝတ္တစ္ဆန္ဒာ၊ ဆုတ်နစ်သော ဆန္ဒရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာတုံ၊ ပြုခြင်းငှါ။ နက္ကစ္ဆန္တိ၊ အလိုမရှိကုန်။ အမှာကံ၊ ငါတို့၏။ အဝိသယော၊ အရာမဟုတ်။ ဣတိ၊ ဤသို့။ နိရပေက္ခာ၊ လျစ်လျူရှုကုန်သည်ဖြစ်၍။ ဌပေန္တိ၊ ပစ်ထားကုန်၏။ ဆန္ဒာဓိကော ပန၊ လွန်ကဲသော ဆန္ဒရှိသော ပုဂ္ဂိုလ်သည်ကား။ တာဒိသာနိ၊

www.dhammaransi.com



ထိုသို့သဘောရှိကုန်သော။ ပုရိသကမ္မာနိ၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည် ပြုအပ်ကုန်သော အမှုတို့ကို။ ဒိသွာ၊ မြင်၍။ ဥဂ္ဂတစ္ဆန္ဒော၊ တက်ကြွသောဆန္ဒရှိသည်။ ဟောတိ၊ ဖြစ်၏။ အတိဝိယ၊ အလွန်လျှင်။ ကာတုံ၊ ပြုခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ဤအမှုသည်။ မမ၊ ငါ၏။ ဝိသယော၊ အရာတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ သော၊ ထိုဆန္ဒလွန်ကဲသော ပုဂ္ဂိုလ်သည်။ ဆန္ဒေန၊ ဆန္ဒသည်။ အဘိကမ္ပိတော၊ ဆွဲငင်အပ်သည်ဖြစ်၍။ ယာဝ၊ အကြင်မျှလောက်။ တံ ကမ္မံ၊ ထိုအမှုသည်။ နသိဇ္ဈတိ၊ မပြီးသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အန္တရာ၊ အကြား၌။ တံ ကမ္မံ၊ ထိုအမှုကို။ ဆဍ္ဍေတုံ၊ စွန့်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ ဝေဠုသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ တံ ကမ္မံ၊ ထိုအမှုသည်။ အတိမဟန္တံပိ၊ အလွန်ကြီးသော်လည်း။ ကေသိဉ္စိ ကာလေ၊ အခါတစ်ပါး၌။ သိဒ္ဓံ၊ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## ဟီနဝီရိယပုဂ္ဂိုလ်, ဝီရိယာဓိကပုဂ္ဂိုလ်တို့၏ ဝီရိယဆုတ်နစ်ပုံ, တက်ကြွပုံကို လင်းပြခြင်း

ဟီနဝီရိယာ၊ တွန့်တိုနောက်ဆုတ် ယုတ်သောဝီရိယရှိကုန်သော။ ဗဟုဇ္ဇနာစ၊ များစွာသော သူတို့သည်လည်း။ တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ဒိသွာ၊ မြင်၍။ နိဝတ္တဝီရိယာ၊ ဆုတ်နစ်သော ဝီရိယရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒံ ကမ္မံ၊ ဤအမှုကို။ ကရောန္တဿ၊ ပြုသော။ မေ၊ ငါ့အား။ ဗဟုံ၊ များစွာသော။ ကာယဒုက္ခံ ဝါ၊ ကိုယ်၌ဖြစ်သော ဆင်းရဲသည်လည်းကောင်း။ စေတောဒုက္ခံ ဝါ၊ စိတ်၌ဖြစ်သော ဆင်းရဲသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ နိဝတ္တန္တိ၊ ဆုတ်နစ်ကုန်၏။ ဝီရိယာဓိကော ပန၊ ဝီရိယလွန်သော ပုဂ္ဂိုလ်သည်ကား။ တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော။ ပုရိသကမ္မာနိ၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည် ပြုအပ်ကုန်သော အမှုတို့ကို။ ဒိသွာ၊ မြင်၍။ ဥဂ္ဂတဝီရိယော၊ တက်ကြွသော ဝီရိယရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣဒါနေဝ၊ ယခုအခါ၌သာလျှင်။ ဝါ၊

www.dhammaransi.com



ယခုချက်ခြင်းသာလျှင်။ ဥဋ္ဌဟိတွာ၊ ထ၍။ ကာတုံ၊ ပြုခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုဝီရိယလွန်ကဲသော ပုဂ္ဂိုလ်သည်။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ တံ ကမ္မံ၊ ထိုအမှုကို။ ကရောန္တော၊ ပြုလျက်။ ဗဟုံ၊ များစွာသော။ ကာယဒုက္ခံဝါ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း။ စေတောဒုက္ခံဝါ၊ စိတ်၌ဖြစ်သော ဆင်းရဲကိုလည်းကောင်း။ အနုဘဝန္တောပိ၊ ခံစားရသော်လည်း။ တသ္မိံ ဝီရိယကမ္မေ၊ ထိုဝီရိယဖြင့် ပြုအပ်သောအမှု၌။ န နိဗ္ဗိန္ဒတိ၊ မငြီးငွေ့။ မဟန္တေန၊ ကြီးစွာသော။ ကမ္မဝီရိယေန၊ အမှု၌အားထုတ်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ တာဒိသေန၊ ထိုသို့ သဘောရှိသော။ ဝီရိယေန၊ ဝီရိယဖြင့်။ ရတ္တိဒိဝံ၊ ညဉ့်နေ့ကို။ ခေပေန္တော၊ ကုန်စေလျက်။ စိတ္တသုခံ၊ စိတ်၌ဖြစ်သော ချမ်းသာကို။ ဝိန္ဒတိ၊ ရ၏။ ဧဝရူပသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ တံ ကမ္မံ၊ ထိုအမှုသည်။ အတိမဟန္တံပိ၊ အလွန်ကြီးသော် လည်း။ ကေသုိံ ကာလေ၊ အခါတစ်ပါး၌။ သိဒ္ဓံ၊ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## ဟီနစိတ္တပုဂ္ဂိုလ်, စိတ္တာဓိကပုဂ္ဂိုလ်တို့၏စိတ် ဆုတ်နစ်ပုံ, တက်ကြွပုံကို လင်းပြခြင်း

ဟီနစိတ္တာ၊ တွန့်တိုနောက်ဆုတ် ယုတ်သောစိတ်ရှိကုန်သော။ ဗဟုဇ္ဇနာစ၊ များစွာသော သူတို့သည်လည်း။ တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ဒိသွာ၊ မြင်၍။ နိဝတ္တစိတ္တာ၊ ဆုတ်နစ်သောစိတ် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပုန၊ တစ်ဖန်။ အာရမ္ဘဏံပိ၊ အာရုံကိုလည်း။ နကရောန္တိ၊ မပြုကုန်။ စိတ္တာဓိကော ပန၊ လွန်ကဲသောစိတ်ရှိသော ပုဂ္ဂိုလ်သည်ကား။ တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ဒိသွာ၊ မြင်၍။ ဥဂ္ဂတစိတ္တော၊ တက်ကြွသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံ၊ ပြုလုပ်လိုသော စိတ်ကို။ ဝိနောဒေတုံပိ၊ ဖျောက်အံ့သောငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။ နိစ္စကာလံ၊ အမြဲရှည်ကြာ အခါခပ်သိမ်း။ တတ္ထ၊ ထိုအမှု၌။ နိဗဒ္ဓစိတ္တော၊ စွဲမြဲသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုလွန်ကဲသောစိတ်ရှိသော ပုဂ္ဂိုလ်သည်။

www.dhammaransi.com



စိတ္တဝသိကော၊ စိတ်၏အလိုသို့လိုက်သည်။ ဟုတွာ၊ ဖြစ်၍။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ တံ ကမ္မံ၊ ထိုအမှုကို။ ကရောန္တော၊ ပြုလျက်။ ဗဟုံ၊ များစွာသော။ ကာယဒုက္ခံ ဝါ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကိုလည်း ကောင်း။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဆန္ဒာဓိပတိနယေန၊ ဆန္ဒာဓိပတိ၌ ဆိုအပ်သောနည်းဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

## မန္ဒပညာပုဂ္ဂိုလ်, ပညာဓိကပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်တုံးပုံ, ထက်ပုံကို လင်းပြခြင်း

မန္ဒပညာ၊ နုံ့သောပညာရှိကုန်သော။ ဗဟုဇ္ဇနာ စ၊ များစွာသော သူတို့သည်လည်း။ တာဒိသာနိ၊ ထိုသို့ သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ဒိသွာ၊ မြင်၍။ နိဝတ္တပညာ၊ ဆုတ်နစ်သောပညာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကမ္မာနံ၊ အမှုတို့၏။ အာဒိံပိ၊ အစကိုလည်း။ န ပဿန္တိ၊ မမြင်ကုန်။ အန္တံပိ၊ အဆုံးကိုလည်း။ န ပဿန္တိ၊ မမြင်ကုန်။ အန္ဓကာရေ၊ အမိုက်မှောင်၌။ ပဝိသန္တာဝိယ၊ ဝင်ရကုန်ဘိသကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ ကမ္မာနိ၊ ထိုအမှုတို့ကို။ တာတုံ၊ ပြုခြင်းငှါ။ စိတ္တံပိ၊ စိတ်သည်လည်း။ န နမတိ၊ မညွတ်။ ပညာဓိကော ပန၊ လွန်ကဲသော ပညာရှိသော ပုဂ္ဂိုလ်တို့သည်ကား။ တာဒိသာနိ၊ ထိုသို့ သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ဒိသွာ၊ မြင်၍။ ဥဂ္ဂတပညော၊ တက်ကြွသော ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မာနံ၊ အမှုတို့၏။ အာဒိံပိ၊ အစကိုလည်း။ ပဿတိ၊ မြင်၏။ အန္တံပိ၊ အဆုံးကိုလည်း။ ပဿတိ မြင်၏။ ဖလံပိ၊ အကျိုးရင်းကိုလည်း။ ပဿတိ၊ မြင်၏။ အာနိသံသံပိ၊ အကျိုးဆက်ကို လည်း။ ပဿတိ၊ မင်၏။ သုခေန၊ လွယ်ကူသဖြင့်။ ကမ္မသိဒ္ဓိယာ၊ အမှုပြီးခြင်း၏။ နာနာဥပါယံပိ၊ အထူးထူးသောအကြောင်းကိုလည်း။ ပဿတိ၊ မြင်၏။ သော၊ ထိုလွန်ကဲသော ပညာရှိသော ပုဂ္ဂိုလ်သည်။ စိရကာလံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ တံ ကမ္မံ၊ ထိုအမှုကို။ ကရောန္တော၊ ပြုလျက်။ ဣတိအာဒိနာ၊ ဤသို့ အစရှိသော။ ဝီရိယာဓိပတိနယေန၊ ဝီရိယာဓိပတိ၌ ဆိုအပ်သောနည်းဖြင့်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဣဓ ပန၊ ဤအရာ၌ကား။ မဟတိယာ၊ များစွာသော။

www.dhammaransi.com



ကမ္မဝိမံသာယာတိ စ၊ အမှု၌ စုံစမ်းဆင်ခြင်ခြင်းဖြင့်ဟူ၍လည်းကောင်း။ တာဒိသိယာ၊ ထိုသို့သဘောရှိသော။ ကမ္မဝိမံသာယာတိ စ၊ အမှု၌စုံစမ်းဆင်ခြင်ခြင်းဖြင့်ဟူ၍လည်းကောင်း။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

## အဓိပတိတရားလေးပါးတည်ရှိခြင်းကြောင့် လောက၌ ပုဂ္ဂိုလ်ထူး, အတတ်ထူး, ပညာထူး, အသုံးအဆောင်အထူးတို့ ပေါ်ပေါက်လာ၍ သတ္တဝါအများ အကျိုးခံစားကြရသည်ကို ပြခြင်း

ဇဝံ၊ ဤသို့။ လောကေ၊ လောက၌။ မဟန္တေသု၊ ကြီးကျယ်ကုန်သော။ သုဒုက္ကရေသု၊ အလွန်ပြုနိုင်ခဲကုန်သော။ ပုရိသကမ္မေသု၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည် ပြုအပ်ကုန်သော အမှုတို့သည်။ ပစ္စုပဋ္ဌိတေသု၊ ထင်ကုန် တတ်သည်ရှိသော်။ ဝါ၊ ပေါ်ပေါက်ကုန်လတ်သည်ရှိသော်။ စတ္တာရော၊ လေးပါး ကုန်သော။ ဣမေ ဓမ္မာ၊ ဤသဟဇာတာဓိပတိ ပစ္စည်းတရားတို့သည်။ ကမ္မသိဒ္ဓိယာ၊ အမှုပြီးခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ စတုန္နံ၊ လေးပါးကုန်သော။ ဣမေသဥ္စ အဓိပတီနံ၊ ဤအဓိပတိပစ္စည်းတရားတို့၏လည်း။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ လောကေ၊ လောက၌။ ပုရိသဝိသေသာ နာမ၊ ယောကျ်ားထူး ယောကျ်ားမြတ်တို့ မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗညုဗုဒ္ဓါ နာမ၊ သဗ္ဗညုဘုရားတို့မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗညုဗောဓိသတ္တာ နာမ၊ သဗ္ဗညုဘုရားလောင်းတို့မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ပစ္စေကဗုဒ္ဓါ နာမ၊ ပစ္စကဘုရားတို့မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ပစ္စေကဗောဓိသတ္တာ နာမ၊ ပစ္စေကဘုရားလောင်းတို့ မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ အဂ္ဂသာဝကာ နာမ၊ အဂ္ဂသာဝကတို့ မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ မဟာသာဝကာ နာမ၊ မဟာသာဝကတို့ မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ သာဝကဗောဓိပသတ္တာ နာမ၊ သာဝကအလောင်းတို့ မည်ကုန်သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ လောကေပိ၊ လောက၌လည်း။ ဧဝရူပါနံ၊ ဤသို့ သဘောရှိကုန်သော။ ပုရိသဝိသေသာနံ၊ ယောကျ်ားထူး ယောကျ်ားမြတ် တို့၏။ ဝသေန၊ အစွမ်းဖြင့်။ သတ္တလောကဿ၊ သတ္တလောက၏။ အတ္ထာယ၊

www.dhammaransi.com



အကျိုး၄ါ၊ ဟိတာယ၊ အစီးအပွားအလို့၄ါ။ သုခါယ၊ ချမ်းသာခြင်း၄ါ။ ပညာသိပ္ပဝိသေသာ စ၊ အတတ်ပညာအထူးတို့သည်လည်းကောင်း။ ပရိဘောဂဝတ္ထုဝိသေသာ စ၊ အသုံးအဆောင်ဝတ္ထုအထူးတို့သည်လည်းကောင်း။ ဒိဿန္တိ၊ ထင်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**အဓိပတိပစ္စယဒီပနာ၊ အဓိပတိပစ္စည်းကိုလင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၄- အနန္တရပစ္စယော
## အနန္တရပစ္စည်း၏ သရုပ်ကိုပြခြင်း

အနန္တရပစ္စယော၊ အနန္တရပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ အနန္တရေ၊ အခြားမဲ့သော။ ခဏေ၊ ခဏ၌။ နိရုဒ္ဓေါ၊ ချုပ်ပြီးသော။ စိတ္တစေတသိကဓမ္မသမူဟော၊ စိတ်စေတသိက် တရားအပေါင်းသည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းမည်၏။

## အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မကိုပြခြင်း

ကတမော၊ အဘယ်မည်သော။ ဓမ္မော၊ တရားသည်။ အနန္တရပစ္စယဿ၊ အနန္တရပစ္စည်း၏။ ပစ္စယုပ္ပန္နော၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်သနည်း။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ အနန္တရေ၊ အခြားမဲ့သော။ ခဏေ ဝေ၊ ခဏ၌သာလျှင်။ ဥပ္ပန္နော၊ ဖြစ်သော။ စိတ္တစေတသိကဓမ္မသမူဟော၊ စိတ်စေတသိက် တရားအပေါင်းသည်။ တဿ ပစ္စယဿ၊ ထိုအနန္တရပစ္စည်းတရား၏။ ပစ္စယုပ္ပန္နော၊ ပစ္စယုပ္ပန်ဖြစ်သော တရားမည်၏။

## အနန္တရပစ္စည်း ကျေးဇူးပြုပုံကို ပြခြင်း

ကေသ္မိံ ဘဝေ၊ တစ်ခုသောဘဝ၌။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ပဌမဘဝင်္ဂစိတ္တဿ၊ ပဌမဘဝင်စိတ်အား။ အနန္တရပစ္စယော၊ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပဌမဘဝင်္ဂစိတ္တံ၊ ပဌမဘဝင်စိတ်သည်။

www.dhammaransi.com



ဒုတိယဘဝင်္ဂစိတ္တဿ၊ ဒုတိယဘဝင်စိတ်အား။ အနန္တရပစ္စယော၊ အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည် ဖြင့်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

## သတ္တဝါတို့အား ဖြစ်ရာဘဝသစ်၌ ရှေးဦးစွာ ဘဝနိကန္တိက လောဘဇောဝီထိဖြစ်ပုံကို ပြခြင်း

ယဒါ ပန၊ အကြင်အခါ၌ကား။ ဓမ္မယမကေ၊ ဓမ္မယမိုက်၌။ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေတိ၊ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေဟူ၍။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တဿ သတ္တဿ၊ ထိုသတ္တဝါအား။ အတ္တနော၊ မိမိ၏။ အဘိနဝံ၊ အသစ်ဖြစ်သော။ အတ္တဘာဝံ၊ အတ္တဘောကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဧတံ၊ ဤကိုယ်သည်။ မမ၊ ငါ၏ဉစ္စာတည်း။ ဧသော၊ ဤကိုယ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤကိုယ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ ပဝတ္တံ၊ ဖြစ်သော။ ဘဝနိကန္တိကတဏှာသဟဂတစိတ္တံ၊ ဘဝ၌ နှစ်သက်တတ်သော တဏှာနှင့်ယှဉ်သောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပဌမံ၊ ရှေးဦးစွာ။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်္ဂံ၊ ဘဝင်သည်။ စလတိ၊ လှုပ်၏။ တတော၊ ထိုဘဝင်လှုပ်ပြီးသည်နောက်မှ။ မနောဒွါရာဝဇ္ဇနစိတ္တံ၊ မနောဒွါရာဝဇ္ဇန်းစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတော၊ ထို့နောက်မှ။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဘဝနိကန္တိကဇဝနာနိ၊ ဘဝနိကန္တိက လောဘဇောတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂါဝါရော၊ ဘဝင်အလှည့်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ဂဗ္ဘသေယျက သတ္တဝါ၏ ဇောဝီထိသည် အတိတ်ကိုအာရုံပြု၍ ဥဒ္ဓစ္စသဟဂုတ်ဇော အဖြစ်များအကြောင်းကိုပြခြင်း

အပိစ အပရော နယော၊ နည်းတစ်ပါးကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်ဦးအံ့။ သော သတ္တော၊ ထိုအမိဝမ်း၌ ပဋိသန္ဓေနေသော သတ္တဝါသည်။ တဒါ၊ ထိုအခါ၌။ ပစ္စုပ္ပန္နေဘဝေ၊ ပစ္စုပ္ပန်ဘဝ၌။ ကိဉ္စိ၊ တစ်စုံတစ်ခုသော

www.dhammaransi.com



အာရုံကို။ န ဇာနာတိ၊ မသိ။ ပုဗ္ဗာဘဝေ၊ ရှေးဘဝ၌။ အတ္တနာ၊ မိမိသည်။ အနုဘူတံ၊ ခံစားဖူးသော။ အာရမ္မဏံ၊ အာရုံကို။ အနုဿရမာနော၊ အစဉ်အောက်မေ့လျက်။ အစ္ဆတိ၊ နေ၏။ ဝတ္ထုသု ပန၊ ဟဒယဝတ္ထု၏ကား။ အတိဒုဗ္ဗလတ္တာ၊ အလွန်အားနည်းသောကြောင့်။ တဉ္စ အာရမ္မဏံ၊ ထိုခံစားခဲ့ဖူးသော အတိတ်အာရုံသည်လည်း။ အပရိဗျတ္တမေဝ၊ မထင်ရှားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုမထင်ရှားသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥဒ္ဒစ္စသဟဂတစိတ္တမေဝ၊ ဥဒ္ဓစ္စနှင့် ယှဉ်သောစိတ်သည်သာလျှင်။ ဗဟုလံ၊ အကြိမ်များစွာ။ ပဝတ္တတိ၊ ဖြစ်၏။

## အမိဝမ်း၌ကိန်းသောသတ္တဝါသည် တစ်လ, နှစ်လသားကစ၍ ဖွားသည်တိုင်အောင် ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိတို့သာလျှင် ဖြစ်၍ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာတို့ကို ဆင်းရဲစွာ ခံစားရပုံကိုပြခြင်း

ယဒါ၊ အကြင်အခါ၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ထောကံ၊ အနည်းငယ်။ ဝဍ္ဍမာနော၊ ကြီးသည်။ ဟောတိ၊ ဖြစ်၏။ အတိရေကဒွေမာသံ၊ နှစ်လမှအလွန်သို့။ ဂတော၊ ရောက်၏။ တဒါ၊ ထိုအခါ၌။ စက္ခာဒီနိ၊ စက္ခုအစရှိကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံသန္တေပိ၊ ဤသို့ဖြစ်ကုန်သော်လည်း။ မာတုဂဗ္ဘေ၊ အမိဝမ်း၌။ အာလောကာဒီနံ၊ အရောင်အလင်းအစရှိကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဏ်အစရှိကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ ဝိညာဏာနိ၊ ဝိညာဏ်တို့သည်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ကာယဝိညာဏမနောဝိညာဏာနိ ဧဝ၊ ကာယဝိညာဏ် မနောဝိညာဏ်တို့သည်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သော သတ္တော၊ ထိုသတ္တဝါသည်။ မာတုယာ၊ အမိ၏။ ဣရိယာပထပရိဝတ္တနာဒီသု၊ ဣရိယာပုထ်ပြောင်းလွှဲသောအခါစသည်တို့၌။ ဗဟူနိ၊ များစွာကုန်သော။ ဒုက္ခဒေါမနဿာနိ၊ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာတို့ကို။ ပစ္စနုဘောတိ၊ ခံစားရ၏။ ဝိဇာယနကာလေ ပန၊ ဖွားသောအခါ၌ကား။ တုသံ၊ ပြင်းစွာသော။ ဒုက္ခံ၊ ဆင်းရဲသို့။ နိဂစ္ဆတိယေဝ၊ ရောက်ရသည်သာလျှင်

www.dhammaransi.com



တည်း။ ဝိဇာယိတွာပိ၊ ဖွားပြီး၍လည်း။ ယာဝ၊ အကြင်မျှလောက်။ ဝတ္ထုရူပါနိ၊ ဝတ္ထုရုပ်တို့သည်။ မုဒူနိ၊ နူးညံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်သေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ သော သတ္တော၊ ထိုသတ္တဝါသည်။ အတိမန္ဒရူပေါ၊ အလွန်နုန့်သော သဘောရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥတ္တာနသေယျကော၊ ပက်လက်အိပ်ကာမျှသည်။ ဟုတွာ၊ ဖြစ်၍။ အစ္ဆတိ၊ နေရတိ။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ကိဉ္စိ၊ တစ်စုံတစ်ခု သော။ အာရမ္မဏံ၊ အာရုံကို။ န သလ္လက္ခေတိ၊ မမှတ်နိုင်။ တဿ၊ ထိုသူငယ်၏။ ဝိညာဏံ၊ စိတ်သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ပုရိမဘဝါနုသာရီ ဝေ၊ ရှေးဘဝကို အစဉ်အောက်မေ့ခြင်း ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

## ငရဲပြည်, နတ်ပြည်တို့မှလာသော သူငယ်တို့၏ အတိတ်ဘဝ အာရုံကို အာရုံပြု၍ မျက်နှာမရွှင်ပုံ, ရွှင်ပုံကို ပြခြင်း

သော၊ ထိုသူငယ်သည်။ နိရယဘဝတော၊ ငရဲဘဝမှ။ အာဂတော၊ လာသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သော၊ ထိုသူငယ်သည်။ ဝိရူပမုခဗဟုလော၊ မကြည်လင်သော မျက်နှာရှိခြင်းများ သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ နိရယာရမ္မဏာနိ၊ ငရဲ၌ ဖြစ်သောအာရုံတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ အဿ၊ ထိုသူငယ်၏။ ဝိရူပမုခံ၊ မကြည်လင်သောမျက်နှာသည်။ ဝါ၊ ဖောက်ပြန်သောမျက်နှာသည်။ ပညာယတိ၊ ထင်၏။ ဒေဝလောကတော၊ နတ်ပြည်မှ။ အာဂတော၊ လာသည်။ အထဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိပ္ပသန္နမုခဗဟုလော၊ ကြည်လင်သောမျက်နှာရှိခြင်းများ သည်။ ဟောတိ၊ ဖြစ်၏။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ အဿ၊ ထိုသူငယ်၏။ မိဟိတမုခံ၊ ပြုံးရွှင်သောမျက်နှာသည်။ ပညာယတိ၊ ထင်၏။

www.dhammaransi.com



## ဝတ္ထုရုပ်တို့ထက်သန်ရင့်မာလာသောအခါ ပစ္စုပ္ပန်ဘဝ၌ အာရုံကို ယူ၍ အတိတ်ဘဝအာရုံကို မေ့လျော့ပုံကိုပြခြင်း

ယဒါ ပန၊ အကြင်အခါ၌ကား။ ဝတ္ထုရူပါနိ၊ ဝတ္ထုရုပ်တို့သည်။ တိက္ခာနိ၊ ထက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိပါကံ၊ ရင့်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အဿ၊ ထိုသူငယ်၏။ ဝိညာဏာနိ စ၊ စိတ်တို့သည်လည်း။ သုဝိသဒါနိ၊ အလွန်သန့်ရှင်းကုန်သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ အမန္ဒရူပေါ၊ မနန့်သောသဘောရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကီဠန္တော၊ ကစားလျက်။ လီဠန္တော၊ မြူးတူးလျက်။ ဝါ၊ စံပယ်လျက်။ မောဒန္တော၊ ဝမ်းမြောက်လျက်။ ပမောဒန္တော၊ အလွန်ဝမ်းမြောက်လျက်။ အစ္ဆသိ၊ နေ၏။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ဘဝ၌။ အာရမ္မဏာနိ၊ အာရုံတို့ကို။ သလ္လက္ခေတိ၊ မှတ်၏။ မာတု၊ အမိ၏။ ဘာသံ၊ စကားကို။ သလ္လက္ခေတိ၊ မှတ်၏။ အဿ၊ ထိုသူငယ်၏။ ဝိညာဏံ၊ စိတ်သည်။ ဗဟုလံ၊ အကြိမ်များစွာ။ တ္တုမလောကာနုသာရီ၊ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော အာရုံကို အစဉ်အောက်မေ့ခြင်း ရှိသည်။ ပဝတ္တတိ၊ ဖြစ်၏။ ပုရိမံ ဇာတိံ၊ ရှေးဘဝကို။ ပမုဿတိ၊ မေ့လျော့၏။

## အတိတ်ဘဝကို မေ့ရာကာလကို ဝေဖန်၍ပြခြင်း မမေ့သောသူကို ဇာတိဿရသတ္တဝါဟု ခေါ်ခြင်းကိုပြခြင်း

ကိံပန၊ အသို့နည်း။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ သတ္တော၊ သတ္တဝါသည်။ တ္တုမသ္မိံ ဌာနေ ဝေ၊ ဤအရာ၌သာလျှင်။ ပုရိမံ ဇာတိံ၊ ရှေးဘဝကို။ ပမုဿတိ၊ မေ့သလော။ တ္တုတိစေ၊ ဤသို့မေးငြားအံ့။ သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်သော။ သတ္တော၊ သတ္တဝါသည်။ တ္တုမသ္မိံ ဌာနေ ဝေ၊ ဤအရာ၌သာလျှင်။ ပမုဿတိ၊ မေ့သည်ကား။ န၊ မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ ကောစိ၊ အချို့သောသတ္တဝါသည်။ ဂဗ္ဘဝါသဒုက္ခေန၊ အမိဝမ်း၌ကိန်းရသော ဆင်းရဲဖြင့်။ အတိရေကတရံ၊ လွန်စွာ။ ပရိပီဠိတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ ဂဗ္ဘေ ဝေ၊ အမိဝမ်း၌သာလျှင်။ ပမုဿတိ၊ မေ့လျော့၏။ ကောစိ၊ အချို့သောသတ္တဝါသည်။ ဝိဇာယနကာလေ၊ ဖွားသောအခါ၌။ ပမုဿတိ၊ မေ့လျော့၏။ ကောစိ၊ အချို့သော သတ္တဝါသည်။ တ္တုမသ္မိံ ဌာနေ၊ ဤအရာ၌။ ပမုဿတိ၊ မေ့လျော့၏။ ကောစိ၊

www.dhammaransi.com



အချို့သောသတ္တဝါသည်။ တ္ထတောပရမ္ပိ၊ ဤမှနောက်၌လည်း။ ဒဟရကာလေ၊ ငယ်သောအခါ၌။ န ပမုဿတိ၊ မမေ့သေး။ ဝုမု ကာလေ ဇဝ၊ ကြီးရင့်သောအခါ၌သာလျှင်။ ပမုဿတိ၊ မေ့လျော့၏။ ကောစိ၊ အချို့သော သတ္တဝါသည်။ ယာဝဇီဝံပိ၊ အသက်ထက်ဆုံးလည်း။ န ပမုဿတိ၊ မမေ့မလျော့။ ဒွေတယောဘဝေ၊ နှစ်ဘဝ သုံးဘဝတို့ကို။ အနုဿရန္တောပိ၊ အောက်မေ့နိုင်သော ပုဂ္ဂိုလ်သည်လည်း။ အတ္ထိယေဝ၊ ရှိသည်သာလျှင်တည်း။ တ္ထမေ၊ နှစ်ဘဝ, သုံးဘဝ အောက်မေ့နိုင်သော ဤသတ္တဝါတို့သည်။ ဇာတိဿရသတ္တာ နာမ၊ ဘဝကို အောက်မေ့နိုင်သော သတ္တဝါတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ဆဒွါရိကဝီထိစိတ်တို့ပြည့်စုံ၍ အနန္တရစ္စည်းကျေးဇူးပြုပုံ အနန္တရပစ္စည်း၏ အစဉ်မပြတ်ဖြစ်ပုံ အစဉ်ပြတ်ပုံကိုပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဝိဇာယနကာလတော၊ ဖွားသောအခါမှ။ ပဋ္ဌာယ၊ စ၍။ ဆဒွါရိကဝီထိစိတ္တာနိ၊ ခြောက်ဒွါရ၌ဖြစ်သော ဝီထိစိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပစ္စုပ္ပန္နာရမ္မဏံ၊ ပစ္စုပ္ပန်အာရုံကို။ သလ္လက္ခဏတော၊ မှတ်သည်မှ။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗတ္ထာပိ၊ ခပ်သိမ်းသောစိတ်၌လည်း။ အနန္တရေ၊ အခြားမဲ့ဖြစ်သောကာလ၌။ နိရုဒ္ဓံ၊ ချုပ်ပြီးသော။ ပုရိမံ ပုရိမံ၊ ရှေးရှေးဖြစ်သော။ စိတ္တံ၊ စိတ်သည်။ အနန္တရေ၊ အခြားမဲ့ဖြစ်သော ကာလ၌။ ဥပ္ပန္နဿ၊ ဖြစ်သော။ ပစ္ဆိမဿ ပစ္ဆိမဿ၊ နောက်နောက်ဖြစ်သော။ စိတ္တဿ၊ စိတ်အား။ အနန္တရပစ္စယော၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အယဉ္စအနန္တရပစ္စယော နာမ၊ ဤအနန္တရ ပစ္စည်းမည်သည်ကား။ အနမတဂ္ဂေ၊ မသိအပ်သောအစရှိသော။ သံသာရေ၊ သံသရာ၌။ ဧကဿ သတ္တဿ၊ တစ်ယောက်သော သတ္တဝါအား။ ဧကပ္ပဗန္ဓော ဇဝ၊ တစ်စပ်တည်း စပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ သတ္တော၊ သတ္တဝါသည်။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ လဘိတွာ၊ ရ၍။ ခန္ဓပရိနိဗ္ဗာနံ၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းဟုဆိုအပ်သော ခန္ဓပရိနိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်၏။ တဒါ ဇဝ၊ ထိုအခါ၌သာလျှင်။ သော ပဗန္ဓော၊ ထိုအစပ်သည်။ ဆိဇ္ဇတိ၊ ပြတ်၏။

www.dhammaransi.com



## အနန္တရသဒ္ဒါ ပစ္စယသဒ္ဒါတို့၏ အနက်ကိုပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အနန္တရော၊ အနန္တရမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အတ္တနော၊ မိမိ၏။ အနန္တရေ၊ အခြားမဲ့သောကာလ၌။ အတ္တသဒိသဿ၊ မိမိနှင့်တူသော။ ဓမ္မန္တရဿ၊ တရားတစ်ပါးကို။ ဥပ္ပါဒနဋ္ဌေန၊ ဖြစ်စေခြင်းဟူသော အနက်ကြောင့်။ အနန္တရော၊ အနန္တရမည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ အတ္တသဒိသဿာတိ၊ အတ္တသဒိသဿ ဟူသည်ကား။ သာရမ္မဏဘာဝေန၊ အာရုံနှင့်တကွဖြစ်သည်၏အဖြစ်ဖြင့်။ အတ္တနာ၊ မိမိနှင့်။ သဒိသဿ၊ တူသော။ သာရမ္မဏဘာဝေနာတိ စ၊ သာရမ္မဏဘာဝေန ဟူသည်ကား။ ယော ဓမ္မော၊ အကြင်တရားသည်။ အာရမ္မဏေန၊ အာရုံနှင့်။ ဝိနာ၊ ကင်း၍။ န ပဝတ္တတိ၊ မဖြစ်။ သော ဓမ္မော၊ ထိုတရားသည်။ သာရမ္မဏော နာမ၊ သာရမ္မဏ မည်၏။ ဧဝံ၊ ဤသို့။ သာရမ္မဏဘာဝေန၊ အာရုံနှင့်ကင်း၍ မဖြစ်ခြင်း ဟူသောအဖြစ်ဖြင့်။ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေနာတိ၊ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေန ဟူသည်ကား။ ပုရိမသ္မိံ၊ ရှေးဖြစ်သော။ စိတ္တေ၊ စိတ်သည်။ နိရုဒ္ဓေပိ၊ ချုပ်ပြီးသော်လည်း။ တဿ၊ ထိုစိတ်၏။ စိန္တနကိရိယာဝသေန၊ ကြံခြင်း ကိရိယာအဟုန်သည်။ န ဝူပသမ္မတိ၊ မငြိမ်းသေး။ ပစ္ဆိမံ စိတ္တံ၊ နောက်စိတ်ကို။ ဥပ္ပါဒေတွာ ဧဝ၊ ဖြစ်စေပြီး၍သာလျှင်။ ဝူပသမ္မတိ၊ ငြိမ်း၏။ ဧဝံ၊ ဤသို့။ ပစ္ဆိမဿ၊ နောက်ဖြစ်သော။ ဓမ္မန္တရဿ၊ တရားတစ်ပါးကို။ ဥပ္ပါဒနဋ္ဌေန၊ ဖြစ်စေခြင်းဟူသော အနက်ကြောင့်။ အနန္တရော၊ အနန္တရမည်၏။

## အနန္တရပစ္စည်းအဆက်ဆက် ပစ္စယုပ္ပန်အဆက်ဆက်တို့သည် အမိအဆက်ဆက် သမီးအဆက်ဆက်နှင့် တူပုံကိုပြခြင်း၊ ရဟန္တာတို့၏ စုတိစိတ်သည် အနန္တရပစ္စယကိစ္စ ကင်းခြင်းကိုပြခြင်း

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ပုရိမာ ပုရိမာ၊ ရှေးရှေးဖြစ်ကုန်သော။ မာတုပရမ္ပရာ ဝိယ၊ အမိအဆက်ဆက်တို့ကဲ့သို့။ အနန္တရပစ္စယပရမ္ပရာ၊ အနန္တရ

www.dhammaransi.com



ပစ္စည်းတရား အဆက်ဆက်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်ဖြစ်ကုန်သော။ ဓိတုပရမ္ပရာ ဝိယ၊ သမီးအဆက်ဆက်တို့ကဲ့သို့။ တဿ၊ ထိုအနန္တရပစ္စည်း၏။ ပစ္စယုပ္ပန္နပရမ္ပရာ၊ ပစ္စယုပ္ပန်တရားအဆက်ဆက်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ။ ဧဝံ၊ ဤသို့။ သန္တေ၊ ဖြစ်လတ်သော်။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ သဗ္ဗပစ္ဆိမံ၊ အလုံးစုံသော စိတ်တို့၏နောက်ဆုံးဖြစ်သော။ ပရိနိဗ္ဗာန စိတ္တံပိ၊ ပရိနိဗ္ဗာန်စိတ်သည်လည်း။ ပုန၊ တစ်ဖန်။ ပဋိသန္ဓိစိတ္တသင်္ခါတံ၊ ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော။ ဓမ္မန္တရံ၊ တရားတစ်ပါးကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာသလော။ ကုတော အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ န ဥပ္ပါဒေယျ၊ မဖြစ်စေရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဿစိတ္တဿ၊ ထိုပရိနိဗ္ဗာန်စိတ်၏။ တဒါ၊ ထိုအခါ၌။ ကမ္မကိလေသ ဝေဂါနံ၊ ကံကိလေသာ အဟုန်တို့၏။ သဗ္ဗသော၊ အချင်းခပ်သိမ်းအားဖြင့်။ ပဋိပ္ပဿဒ္ဓိဘာဝေန၊ ငြိမ်းသည်၏အဖြစ်ဖြင့်။ အစ္စန္တသန္တတရတ္တာ၊ အလွန်ငြိမ်းသည်၏အဖြစ်ကြောင့်။ ဓမ္မန္တရံ၊ တရားတစ်ပါးကို။ န ဥပ္ပါဒေယျ၊ မဖြစ်စေရာ။ ကုတော အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။

**အနန္တရပစ္စယဒီပနာ၊ အနန္တရပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၅– သမနန္တရပစ္စယော

## အနန္တရနှင့် သမနန္တရတို့၏ ပစ္စည်းပစ္စယုပ္ပန်ဓမ္မ တူကြခြင်းကို ပြခြင်း

သမနန္တရပစ္စယော၊ သမနန္တရပစ္စည်းကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ပစ္စယဓမ္မဝိဘာဂေါ စ၊ ပစ္စည်းတရားကို ဝေဖန်ခြင်းသည်လည်းကောင်း။ ပစ္စယုပ္ပန္နဓမ္မဝိဘာဂေါ စ၊ ပစ္စယုပ္ပန်တရားကို ဝေဖန်ခြင်းသည်လည်းကောင်း။ အနန္တရပစ္စယသဒိသော၊ အနန္တရပစ္စည်းနှင့်တူ၏။

www.dhammaransi.com



## သမနန္တရသဒ္ဒါ၏အနက်ကို ပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ သမနန္တရော၊ သမနန္တရမည်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သုဋ္ဌု၊ ကောင်းစွာ။ အနန္တရဋ္ဌေန၊ အခြားမဲ့သော အနက်သဘောကြောင့်။ သမနန္တရော၊ သမနန္တရမည်၏။

## သဏ္ဌာန်ရှိသော ရုပ်ကလာပ်တို့အား အကြားအန္တရရှိဘိသကဲ့သို့ သဏ္ဌာန်မရှိသော နာမ်တရားတို့အား အကြားအန္တရ မရှိသည်ကိုပြခြင်း။ အန္တရမရှိခြင်းကြောင့် တစ်စပ်တည်းကဲ့သို့ တည်နေပုံရသဖြင့် နာမ်တရားကိုလူအများ နိစ္စ ဓုဝဟုမှတ်ထင်ခြင်းကို ပြခြင်း

သိလာထမ္ဘာဒီသု၊ ကျောက်တိုင်စသည်တို့၌။ ရူပကလာပါ၊ ရုပ်ကလာပ်တို့သည်။ ဧကာဗဒ္ဓါ၊ တစ်စပ်တည်း။ သမာနာပိ၊ ဖြစ်ကုန်သော်လည်း။ ရူပဓမ္မဘာဝေန၊ ရုပ်တရား၏အဖြစ်ဖြင့်။ သဏ္ဌာန ဇာတိကတ္တာ၊ သဏ္ဌာန်ရှိသော တရားမျိုးဖြစ်သောကြောင့်။ မဇ္ဈေ၊ အလယ်၌။ ပရိစ္ဆေဒရူပသဟိတာ ဧဝ၊ ပရိစ္ဆေဒ ရုပ်နှင့်တကွ ဖြစ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ရူပကလာပါနံ၊ ရုပ်ကလာပ်တို့၏။ မဇ္ဈေ၊ အလယ်၌။ အန္တရံ နာမ၊ အကြားမည်သည်။ ဝိဝရံ နာမ၊ အပေါက်မည်သည်။ အတ္ထိယေဝ ယထာ၊ ရှိသည်သာလျှင် ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပုရိမပစ္ဆိမာနံ၊ ရှေ့နောက်ဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ စိတ္တစေတသိကကလာပါနံ၊ စိတ်စေတသိက်ကလာပ်တို့၏။ မဇ္ဈေ၊ အလယ်၌။ အန္တရံ နာမ၊ အကြားမည်သည်။ ဝိဝရံ နာမ၊ အပေါက်မည်သည်။ န အတ္ထိ၊ မရှိ။ ပန၊ စင်စစ်သော်ကား။ တေ၊ ထိုရှေ့နောက်ဖြစ်သော စိတ် စေတသိက်ကလာပ်တို့သည်။ အရူပဓမ္မဘာဝေန၊ နာမ်တရားဟူသော အဖြစ်ဖြင့်။ အသဏ္ဌာနဇာတိကတ္တာ၊ သဏ္ဌာန်မရှိသော တရားမျိုးဖြစ်သောကြောင့်။ မဇ္ဈေ၊ အလယ်၌။ ကဿစိ၊ တစ်စုံတစ်ခုသော။ ပရိစ္ဆေဒဓမ္မဿ နာမ၊ ပိုင်းခြားတတ်သော တရားဟု ဆိုအပ်သော။ အာကာသဝိဝရဿ၊ ကောင်းကင်အပေါက်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အန္တရရဟိတာ

www.dhammaransi.com



ဓေ၊ အကြားကင်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လောကဿပိ၊ လူအပေါင်း၏လည်း။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ကလာပါနံ၊ စိတ်စေတသိက် ကလာပ်တို့၏။ အန္တရံ နာမ၊ အကြားမည်သည်။ န ဒိဿတိ၊ မထင်။ တတော၊ ထို့ကြောင့်။ တ္တမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ စိတ္တံ နာမ၊ စိတ်တည်သည်။ နိစ္စံ၊ မြဲ၏။ ဓုဝံ၊ မြဲ၏။ ထာဝရံ၊ မြဲ၏။ အဝိပရိဏာမဓမ္မံ၊ မဖောက်ပြန်တတ်သော သဘောတရားရှိ၏။ တ္တတိ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်၌။ နိစ္စသညိနော၊ မြဲ၏ဟု အမှတ်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ သုဋ္ဌု၊ ကောင်းစွာ။ အနန္တရဋ္ဌေန၊ အခြားမရှိသော အနက်သဘောကြောင့်။ သမနန္တရော၊ သမနန္တရ မည်၏။ အနန္တရဋ္ဌေနာတိစပဒဿ၊ အနန္တရဋ္ဌေနဟူသော ပုဒ်၏လည်း။ အတ္ထဝဏ္ဏနံ၊ အနက်အဖွင့်ကို။ အတ္တနော အနန္တရေ အတ္တသဒိသဿ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေနာတိ၊ အတ္တနော အနန္တရေ အတ္တသဒိသဿ ဓမ္မန္တရဿ ဥပ္ပါဒနဋ္ဌေန ဟူ၍။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။ ။ အတ္တနော၊ မိမိ၏။ အနန္တရေ၊ အခြားမဲ့၌။ အတ္တသဒိသဿ၊ မိမိနှင့်တူသော။ ဓမ္မန္တရဿ၊ တရားတစ်ပါးကို။ ဥပ္ပါဒနဋ္ဌေန၊ ဖြစ်စေခြင်းဟူသော အနက်သဘောကြောင့်။ အနန္တရော၊ အနန္တရမည်၏။

## နိရောဓသမာပတ်၏ ရှေ့အဖို့နောက်အဖို့စိတ်တို့သည် ခုနစ်ရက်တိုင်တိုင် ခြားနိုင်သဖြင့်လည်းကောင်း၊ အသညသတ် ဘဝ၏ ရှေ့အဖို့နောက်အဖို့စိတ်တို့သည်လည်း ကမ္ဘာငါးရာကာလ ခြားနိုင်သဖြင့်လည်းကောင်း အနန္တရ သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင် မပြုနိုင်ကို လင်းပြခြင်း

ဧဝံ၊ ဤသို့။ သန္တေ၊ ဖြစ်လတ်သော်။ နိရောဓသမာပတ္တိကာလေ၊ နိရောဓ သမာပတ်ကို ဝင်စားသောအခါ၌။ ပုရိမစိတ္တံ နာမ၊ ရှေးစိတ်မည်သည်ကား။ နေဝသညာနာသညာယတနစိတ္တံ၊ နေဝသညာနာသညာယတနစိတ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆိမစိတ္တံ နာမ၊ နောက်စိတ်မည်သည်ကား။ အရိယဖလစိတ္တံ၊ အရိယာဖိုလ် စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ စိတ္တာနံ၊ ရှေးစိတ်နောက်စိတ်

www.dhammaransi.com



တို့၏။ အန္တရေ၊ အကြား၌။ ဧကေရတ္တိဒိဝံပိ၊ တစ်ညဉ့်တစ်နေ့ပတ်လုံးလည်းကောင်း။ ဒွေရတ္တိဒိဝါနိပိ၊ နှစ်ညဉ့်နှစ်နေ့ပတ်လုံးလည်းကောင်း။ လ။ သတ္တရတ္တိဒိဝါနိပိ၊ ခုနစ်ညဉ့်ခုနစ်နေ့ပတ်လုံးလည်းကောင်း။ အစိတ္တကော၊ စိတ်မရှိသည်။ ဟောတိ၊ ဖြစ်၏။ အသညသတ္တာဘူမိယံပိ၊ အသညသတ်ဘုံ၌လည်း။ ပုရိမေ၊ ရှေးဖြစ်သော။ ကာမဘဝေ၊ ကာမဘုံ၌။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ပုရိမစိတ္တံ နာမ၊ ရှေးစိတ်မည်၏။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ ကာမဘဝေ၊ ကာမဘုံ၌။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ပစ္ဆိမစိတ္တံ နာမ၊ နောက်စိတ်မည်၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ စိတ္တာနံ၊ ရှေးစိတ် နောက်စိတ်တို့၏။ အန္တရေ၊ အကြား၌။ အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ ပဉ္စကပ္ပသတာနိ၊ ကမ္ဘာငါးရာတို့ပတ်လုံး။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အစိတ္တကော၊ စိတ်မရှိသည်ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဒွေ၊ နှစ်ပါးကုန်သော။ ပုရိမစိတ္တာနိ၊ ရှေးစိတ်တို့သည်။ အတ္တနော၊ မိမိ၏။ အနန္တရေ၊ အခြားမဲ့၌။ အတ္တသဒိသဿ၊ မိမိနှင့်တူသော။ ဓမ္မန္တရဿ၊ တရားတစ်ပါးကို။ ဥပ္ပါဒနပစ္စယသတ္တိရဟိတာနိ၊ ဖြစ်စေတတ်သော ပစ္စယသတ္တိကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သလော။ တ္တတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ န ဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ မဟာန္တေဟိ၊ ကြီးမြတ်ကုန်သော။ ဘာဝနာပဏိဓိဗလေဟိ၊ စိတ္တဘာဝနာမနောပဏိဓိတို့ဖြင့်။ ပဋိဗာဟိတတ္တာ၊ တားမြစ်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ပုရိမစိတ္တာနိ စ၊ ရှေးစိတ်တို့သည်လည်း။ နိရုဇ္ဈမာနာနိ၊ ချုပ်ကုန်သည်ရှိသော်။ အနန္တရေ၊ အခြားမဲ့၌။ ဓမ္မန္တရဿ၊ တရားတစ်ပါးကို။ ဥပ္ပါဒနသတ္တိသဟိတာနိ ဧဝ၊ ဖြစ်စေတတ်သော သတ္တိရှိကုန်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ပစ္ဆိမစိတ္တာနိ စ၊ နောက်စိတ်တို့သည်လည်း။ ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်သည်ရှိသော်။ တသ္မိံ ခဏေ၊ ထိုခဏ၌။ ကောဗဒ္ဓဘာဝေန၊ တစ်စပ်တည်း၏ အဖြစ်ဖြင့်။ အနုပ္ပဇ္ဇိတွာ၊ မဖြစ်မူ၍။ စိရကာလေ ဧဝ၊ ရှည်မြင့်စွာသောအခါ၌သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

www.dhammaransi.com



## အနန္တရ သမနန္တရ သတ္တိမကင်းပုံကို စစ်သည်တပ်သားကို ဥပမာဆောင်၍ပြခြင်း

ဧတ္တာမတ္တေန၊ ဤမျှအတိုင်းအရှည်ဖြင့်။ ပုရိမစိတ္တာနံ၊ ရှေးစိတ်တို့၏။ အနန္တရေ၊ အခြားမဲ့၌။ ဓမ္မန္တရဿ၊ တရားတစ်ပါး၏။ ဥပ္ပါဒနသတ္တိ နာမ၊ ဖြစ်စေတတ်သော သတ္တိမည်သည်။ နတ္ထိ၊ မရှိ။ ဣတိစ၊ ဤသို့လည်းကောင်း။ တေ၊ ထိုရှေး၌ဖြစ်သော စိတ်တို့သည်။ အနန္တရပစ္စယဓမ္မာ နာမ၊ အနန္တရပစ္စည်းတရား မည်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိစ၊ ဤသို့လည်းကောင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ယထာတံ၊ ဥပမာမည်သည်ကား၊ ရညော၊ မင်း၏။ ယောဓာ နာမ၊ စစ်သည်တို့မည်သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ကဒါစိ၊ ရံခါ။ ရာဇာ၊ မင်းသည်။ ကာလံ၊ အခါကို။ ဉတွာ၊ သိ၍။ တုမှေ၊ သင်တို့သည်။ ဣဒါနိ၊ ယခုအခါ၌။ မာယုဇ္ဈထ၊ စစ်မထိုးကြကုန်လင့်။ ယုဒ္ဓကာလော၊ စစ်ထိုးရအံ့သောအခါသည်။ န ဟောတိ၊ မဖြစ်သေး။ အသုကသ္မိံ ကာလေ ဧဝ၊ ဤမည်သောအခါ၌သာလျှင်။ ယုဇ္ဈထ၊ စစ်ထိုးကြကုန်လော့။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ တေ စ၊ ထိုစစ်သည်တို့သည်လည်း။ တဒါ၊ ထိုအခါ၌။ အယုဇ္ဈမာနော၊ စစ်မထိုးကုန်လျက်။ ဝိစရေယျုံ၊ လှည့်လည် ကုန်ရာ၏။ ဧဝံ၊ ဤသို့။ သန္တေပိ၊ ဖြစ်လတ်သော်လည်း။ တေသံ၊ ထိုစစ်သည် တို့အား။ ယုဇ္ဈနသတ္တိ နာမ၊ စစ်ထိုးနိုင်စွမ်းသော သတ္တိမည်သည်။ နတ္ထီတိ စ၊ မရှိသည်ဟူ၍လည်းကောင်း။ တေ၊ ထိုစစ်သည်တို့သည်။ ယောဓာ နာမ၊ စစ်သည်တို့ မည်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိစ၊ ဤသို့လည်းကောင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## နာမ်တရား၌ အကြားမရှိဟုဆိုလျှင် နာမ်တရား၏ဥပါဒ်ဌီဘင်ရှိသည်အဖြစ်ကို ယုံကြည်ရန်ခဲယဉ်းသည်ဟုဆိုသော စောဒကဆရာအားဖြေရှင်း၍ပြခြင်း

ဧတ္ထ၊ ဤသမနန္တရပစ္စည်း၌။ ကေစိ၊ အချို့သောသူတို့သည်။ ဧဝံ၊ ဤသို့။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ကိံ ဝဒေယျုံ၊ အသို့ဆိုကုန်ရာသနည်းဟူမူကား။ ဣမသ္မိံ ပစ္စယေ၊ ဤသမနန္တရပစ္စည်း၌။ တေ ပန အရူပဓမ္မဘာဝေန အသဏ္ဌာနဇာတိ

www.dhammaransi.com



ကတ္တာ မဇ္ဈေ ပရိစ္ဆေဒဝမ္မသာ နာမ ကသာစိ အဘာဝတော သဗ္ဗသော အန္တရရဟိတာ ဧဝ ဟောန္တီတိ၊ တေ ပန။ ပ။ ဟောန္တိ ဟူ၍။ တုမှေဟိ၊ သင်တို့သည်။ ဝုတ္တံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့ဆိုသည်။ သန္တေ၊ ဖြစ်လတ်သော်။ ပုဗ္ဗေ၊ ရှေးဖြစ်သော။ အာရမ္မဏပစ္စယေ၊ အာရမ္မဏပစ္စည်း၌။ ဘေရိသဒ္ဒဝီဏာ-သဒ္ဒေါပမာဟိ၊ စည်သံ, တယောသံ ဥပမာတို့ဖြင့်။ စိတ္တာနံ၊ စိတ်တို့၏။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ ယော ဥပ္ပါဒေါ စ၊ အကြင်ဖြစ်ပေါ်ခြင်းကိုလည်း ကောင်း။ ယော နိရောဓော စ၊ အကြင်ချုပ်ပျောက်ခြင်းကိုလည်းကောင်း။ ဝုတ္တော၊ ဆိုခဲ့၏။ သော၊ ထိုစိတ်တို့၏ ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်း ကို။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ကထံပစ္စေတဗ္ဗော၊ အသို့ယုံကြည်ရပါမည်နည်း။ ဣတိ၊ ဤသို့။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ လောကေ၊ လောက၌။ အညမည ဝိရုဒ္ဓါနံ၊ အချင်းချင်းဆန့်ကျင်ကုန်သော။ ဝါ၊ အချင်းချင်းထူးကုန်သော။ နာနာစိတ္တာနံ၊ အထူးထူးသော စိတ်တို့၏။ ခဏမတ္တေပိ၊ လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ် အခိုက်အတန့်မျှ၌လည်း။ ပုဗ္ဗာပရပရိဝတ္တနသာ၊ ရှေ့နောက်ပြန် လှန်၍ ဖြစ်ခြင်း၏။ ပညာယနတော၊ ထင်ရှားခြင်းကြောင့်။ စိတ္တာနံ၊ စိတ်တို့၏။ ဥပ္ပါဒေါ စ၊ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း။ နိရောဓော စ၊ ချုပ်ပျောက်ခြင်းကိုလည်း ကောင်း။ တုမှေဟိ၊ သင်တို့သည်။ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။ အယမတ္ထော၊ ဤအကြောင်းကို။ ပုဗ္ဗေ၊ ရှေး၌။ စိတ္တယမကဒီပနိယံ၊ စိတ္တယမိုက်ဒီပနီ၌။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဝုတ္တော္တယေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်တည်း။

**သမနန္တရပစ္စယဒီပနာ၊ သမနန္တရပစ္စည်းကို လင်းပြခြင်းတည်း။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

www.dhammaransi.com



## ၆– သဟဇာတပစ္စယော

### သဟဇာတပစ္စည်း၌ ပစ္စယဓမ္မ ပစ္စယုပ္ပန္နဓမ္မတို့ကို ဝေဖန်၍ပြခြင်း

ပစ္စယဓမ္မ ဝိဘာဂေါ စ၊ ပစ္စည်းတရားကို ဝေဖန်ခြင်းကိုလည်းကောင်း။ ပစ္စယုပ္ပန္နဓမ္မဝိဘာဂေါ စ၊ ပစ္စယုပ္ပန်တရားကို ဝေဖန်ခြင်းကိုလည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ကေတော၊ အတူတကွ၊ ဥပ္ပန္န၊ ဖြစ်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော်။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမ်တရား တို့သည်။ အညမည်၊ အချင်းချင်း။ သဟဇာတပစ္စယာ စ၊ သဟဇာတပစ္စည်း တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတပစ္စယုပ္ပန္နာ စ၊ သဟဇာတပစ္စယုပ္ပန်တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိနာမက္ခန္ဓာ စ၊ ပဋိသန္ဓေအခါ၌ဖြစ်သော နာမက္ခန္ဓာတရား လေးပါးတို့သည် လည်းကောင်း။ ပဋိသန္ဓိသဟဇာတံ၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါးနှင့်တကွဖြစ်သော။ ဟဒယဝတ္ထု စ၊ ဟဒယဝတ္ထုသည်လည်းကောင်း၊ အညမည်၊ အချင်းချင်း။ သဟဇာတပစ္စယာ စ၊ သဟဇာတပစ္စည်းတရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတပစ္စယုပ္ပန္နာ စ၊ သဟဇာတပစ္စယုပ္ပန်တရားတို့မည်ကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ မဟာဘူတာနိပိ၊ မဟာဘုတ်လေးပါးတို့သည်လည်း။ အညမည်၊ အချင်းချင်း။ သဟဇာတပစ္စယာ စ၊ သဟဇာတပစ္စည်းတရားတို့ မည်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ သဟဇာတပစ္စယုပ္ပန္နာ စ၊ သဟဇာတပစ္စယုပ္ပန် တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိစိတ္တဿ၊ ပဉ္စဝေါကာရပဋိသန္ဓေစိတ်ပန္နရသ၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ ကမ္မဇရူပါနိ စ၊ ကမ္မဇရုပ်တို့သည်လည်းကောင်း။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ တဿ တဿ စိတ္တဿ၊ ထိုထိုရုပ်ကိုဖြစ်စေတတ်သောစိတ်၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ တေန တေန စိတ္တေန၊ ထိုထိုရုပ်ကိုဖြစ်စေတတ်သောစိတ်ကြောင့်။ ဇာတာနိ၊ ဖြစ်ကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ စိတ္တဇရူပါနိ စ၊ စိတ္တဇရုပ်တို့သည် လည်းကောင်း။ သဟဇာတစိတ္တဿ၊ သဟဇာတ်ဖြစ်သော စိတ်၏။ ပစ္စယုပ္ပန္နာနိ နာမ၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။ သဗ္ဗာနိ၊ ကုန်သော။ ဥပါဒါရူပါနိ၊

www.dhammaransi.com



ဥပါဒါရုပ်စတုဝီသတို့သည်။ သဟဇာတ မဟာဘူတာနံ၊ သဟဇာတ်ဖြစ်သော မဟာဘုတ်တို့၏။ ပစ္စယုပ္ပန္နာနိ နာမ၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

## သဟဇာတသဒ္ဒါ ပစ္စယသဒ္ဒါတို့၏ အနက်ကိုလင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ သဟဇာတော၊ သဟဇာတမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်သနည်း။ သဟဇာနနဋ္ဌေန၊ တကွဖြစ်ခြင်း တကွဖြစ်စေခြင်း ဟူသော အနက်သဘောကြောင့်။ သဟဇာတော၊ သဟဇာတမည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ သဟဇာနနဋ္ဌေနာတိပဒဿ၊ သဟဇာနနဋ္ဌေန ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယော ဓမ္မော၊ အကြင်ပစ္စည်းတရားသည်။ ဇာယမာနော၊ ဖြစ်သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နေဟိ၊ ပစ္စယုပ္ပန်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သဟေဝ၊ တကွသာလျှင်။ သယဉ္စ၊ မိမိသည်လည်း။ ဇာယတိ၊ ဖြစ်၏။ ဥပ္ပဇ္ဇတိ၊ ပေါ်ပေါက်၏။ အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နေ၊ ပစ္စယုပ္ပန်ဖြစ်ကုန်သော။ ဓမ္မေ စ၊ တရားတို့ကိုလည်း။ အတ္တနာ၊ မိမိနှင့်။ သဟေဝ၊ အတူတကွသာလျှင်။ ဇနေတိ၊ ဖြစ်စေ၏။ ဥပ္ပါဒေတိ၊ ပေါ်ပေါက်စေ၏။ တဿ၊ ထိုပစ္စည်းတရား၏။ သော အတ္ထော၊ ထိုသို့တကွဖြစ်ခြင်း တကွဖြစ်စေခြင်း အနက်သည်။ သဟဇာနနဋ္ဌော နာမ၊ သဟဇာနနဋ္ဌ မည်၏။

## သဟဇာတပစ္စည်း၌ ပစ္စည်းပစ္စယုပ္ပန်တို့၏ အတူတကွဖြစ်ပေါ်ပုံကို နေနှင့်နေရောင် ဆီမီးနှင့်ဆီမီးရောင်တို့ကို ဥပမာဆောင်၍ပြခြင်း

ယထာ ၊ ဥပမာသော်ကား။ သူရိယော နာမ၊ နေမည်သည်။ ဥဒယန္တော၊ ဥဒည်းတောင်မှထွက်ပေါ်သည်ရှိသော်။ သူရိယာတပေ စ၊ နေရှိန်တို့ကိုလည်း ကောင်း။ သူရိယာလောကေ စ၊ နေရောင်တို့ကိုလည်းကောင်း။ အတ္တနာ၊ မိမိနှင့်။ သဟေဝ၊ အတူတကွသာလျှင်။ ဇနယန္တော စ၊ ဖြစ်စေလျက်။ ဥဒေတိ၊ ထွက်ပေါ်၏။

မိခင်ရောဝတီ

www.dhammaransi.com



ယထာ၊ ဥပမာတစ်နည်းသော်ကား။ ပဒီပေါ နာမ၊ ဆီမီးမည်သည်။ ဇလန္တော၊ ထွန်းတောက်သည်ရှိသော်။ ပဒီပါတပေ စ၊ ဆီမီးရှိန်တို့ကိုလည်းကောင်း။ ပဒီပါလောကေ စ၊ ဆီမီးရောင်တို့ကိုလည်းကောင်း။ အတ္တနာ၊ မိမိနှင့်။ သဟေဝ၊ အတူတကွ သာလျှင်။ ဇနယန္တော၊ ဖြစ်စေလျက်။ ဇလတိ၊ ထွန်းတောက်၏။ ဧဝမေတံ၊ ဤဥပမာနှစ်ခုအတူသာလျှင်။ အယံ ပစ္စယဓမ္မော၊ ဤသဟဇာတပစ္စည်း တရားသည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နဓမ္မေ၊ ပစ္စယုပ္ပန်တရားတို့ကို။ အတ္တနာ၊ မိမိနှင့်။ သဟေဝ၊ အတူတကွသာလျှင်။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ။ တတ္ထ၊ ထိုဥပမာ၌။ သူရိယော ဝိယ၊ နေကဲ့သို့။ ဧကေကော၊ တစ်ခု တစ်ခုသော။ နာမဓမ္မော၊ နာမက္ခန္ဓာတရားကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သူရိယာတပါ ဝိယ၊ နေရှိန်တို့ကဲ့သို့။ တံသမ္ပယုတ္တဓမ္မာ၊ ထိုနာမက္ခန္ဓာနှင့် သမ္ပယုတ်ဖြစ်သော ကြွင်းသောနာမက္ခန္ဓာတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ သူရိယာလောကာ ဝိယ၊ နေရောင်တို့ကဲ့သို့။ သဟဇာတရူပဓမ္မာ၊ သဟဇာတဖြစ်ကုန်သော ရူပက္ခန္ဓာတရား တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ တထာ၊ ထိုအတူ။ သူရိယော ဝိယ၊ နေကဲ့သို့။ ဧကေကော၊ တစ်ပါးတစ်ပါးသော။ မဟာဘူတရူပဓမ္မော၊ မဟာဘုတ်ဖြစ်သော ရုပ်တရားကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သူရိယာတပါ ဝိယ၊ နေပူရှိန်တို့ကဲ့သို့။ သဟဇာတမဟာဘူတဓမ္မာ၊ သဟဇာတ်ဖြစ်ကုန်သော ကြွင်းသောမဟာဘုတ်အလင်း တို့ကဲ့သို့။ သဟဇာတဥပါဒါရူပဓမ္မာ၊ သဟဇာတ်ဖြစ်ကုန်သော ဥပါဒါရုပ်တရား တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ သေ နယော၊ ဤဥပမာဥပမေယျ နှိုင်းယှဉ်သော နည်းကို။ ပဒီပုပမာယပိ၊ ဆီမီးဥပမာ၌ လည်း။ နေတဗ္ဗော၊ ဆောင်၍သိအပ်၏။ ဣတိ၊ ဤကား အမှာစကားတည်း။

**သဟဇာတပစ္စယဒီပနာ၊ သဟဇာတပစ္စည်းကို လင်းပြခြင်းတည်း။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

www.dhammaransi.com



# ၇- အညမညပစ္စယော

## အညမညပစ္စည်း၌ ပစ္စယဓမ္မ ပစ္စယုပ္ပန္နဓမ္မတို့ကို ဝေဖန်၍ပြခြင်း

သဟဇာတပစ္စယေ၊ သဟဇာတပစ္စည်း၌။ ဝိဘတ္တေသု၊ ဝေဖန်အပ်ကုန်သော။ ဓမ္မေသု၊ ပစ္စည်းပစ္စယုပ္ပန်တရားနှစ်ပါးတို့တွင်။ ယော ယော၊ အကြင်အကြင်တရားကို။ ပစ္စယဓမ္မောတိ၊ ပစ္စည်းတရားဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ သော သော ဧဝ၊ ထိုထိုသဟဇာတပစ္စည်း၌ ဆိုအပ်သော ပစ္စည်းတရားသည်သာလျှင်။ ဣဓ၊ ဤအညမညပစ္စည်း၌။ ပစ္စယဓမ္မော စေဝ၊ ပစ္စည်းတရားမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယဓမ္မာ စ၊ ပစ္စည်းတရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယုပ္ပန္နဓမ္မာ စ၊ ပစ္စယုပ္ပန်တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယဓမ္မာ စ၊ ပစ္စည်းတရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယုပ္ပန္နဓမ္မာ စ၊ ပစ္စယုပ္ပန်တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိနာမက္ခန္ဓာ စ၊ ပဉ္စဝေါကာရ-ပဋိသန္ဓေနာမက္ခန္ဓာတို့သည်လည်းကောင်း။ ပဋိသန္ဓိသဟဇာတံ၊ ပဉ္စဝေါကာရ-ပဋိသန္ဓိနာမက္ခန္ဓာနှင့်တကွဖြစ်သော။ ဟဒယဝတ္ထုရူပဉ္စ၊ ဟဒယဝတ္ထုရုပ်သည်လည်းကောင်း။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယဓမ္မာ စ၊ ပစ္စည်းတရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယုပ္ပန္နဓမ္မာ စ၊ ပစ္စယုပ္ပန်တရားတို့မည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အတ္ထော၊ အညမညသဒ္ဒါ၏အနက် ပစ္စယသဒ္ဒါ၏အနက်သည်။ သုဝိညေယျောယေဝ၊ သိလွယ်သည်သာလျှင်တည်း။

www.dhammaransi.com



## စိတ်စေတသိက်ရုပ်နာမ်ဓမ္မတို့၏ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုပုံကို မလဲအောင်ထောင်၍ထားသော သုံးချောင်းသောတုတ်တို့ကို ဥပမာဆောင်၍ပြခြင်း

ယထာ၊ နည်းမှီစရာဥပမာသော်ကား။ အညမည်၊ အချင်းချင်း။ နိဿာယ၊ မှီ၍။ ဥဿာပိတာ၊ စိုက်ထောင်၍ထားအပ်ကုန်သော။ တယော၊ သုံးချောင်းကုန်သော။ ဒဏ္ဍာ၊ တုတ်တို့သည်။ အညမညဿ၊ အချင်းချင်း၏။ နိဿယာ စ၊ မှီရာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမည်၊ အချင်းချင်းကို။ နိဿိတာ စ၊ မှီကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုသုံးချောင်းသောတုတ်တို့တွင်။ ကေမေကသ္မိံ၊ တစ်ချောင်းတစ်ချောင်းသော တုတ်သည်။ ဥဿိတေ၊ မလဲမယိုင် မြဲခိုင်စိုက်ထောင်လျက်တည်သည်။ သတိ၊ ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော သုံးချောင်းသောတုတ်တို့သည်။ ဥဿိတာ၊ မလဲမယိုင် မြဲခိုင်စိုက်ထောင်လျက်တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကေမေကသ္မိံ၊ တစ်ချောင်းတစ်ချောင်းသော တုတ်သည်။ ပတန္တေ၊ မခိုင်မမြဲ လဲသည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော သုံးချောင်းသောတုတ်တို့သည်။ ပတန္တိ၊ မမြဲမခိုင် ယိမ်းယိုင်တိမ်းပဲ လဲကြရလေကုန်၏။ ဧဝံ၊ ဤဥပမာအတူ။ အညမညဓမ္မာ စ၊ အညမညပစ္စည်း ပစ္စယုပ္ပန်တရားတို့ကိုလည်း။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

## စိတ်စေတသိက်တရားတို့၏ အပြန်အလှန် အညမညပစ္စည်းတပ်ပုံ မဟာဘုတ်ဥပါဒါရုပ်တို့၏ အညမညပစ္စည်းတပ်ပုံကို လင်းပြခြင်း

ဧတ္ထ၊ ဤအညမညပစ္စည်း ပစ္စယုပ္ပန်အရာ၌။ ကေ၊ အချို့သောသူတို့သည်။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ကိံ ဝဒေယျုံ၊ အသို့ဆိုကုန်ရာသနည်းဟူမူကား။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ စေတသိကာ၊ စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ စိတ္တပစ္စယံ၊ စိတ်တည်းဟူသော အထောက်အပံ့ပစ္စည်းတရားကို။ အလဘမာနာ၊ မရရှိပါကုန်မူကား။ ဥပ္ပဇ္ဇိတုံ၊ မိမိတို့ချည်းလျောက်လျားဖြစ်ခြင်းငှါ။ န သက္ကောန္တိတိ၊ မတတ်နိုင်ကုန်ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ယုတ္တံ၊ သင့်တန်စေ၊ ကသ္မာယုတ္တံ၊ အဘယ်ကြောင့်သင့်တန်နိုင်ရာသနည်း ဟူမူကား။ ဖုသနာဒီနံ၊

တွေ့ထိခြင်းအစရှိကုန်သော။ စေတသိကကိစ္စာနံ၊ စေတသိက်တို့၏။ ဝိဇာနနကိစ္စပုဗ္ဗင်္ဂမတ္တာ၊ အာရုံကိုသိခြင်းကိစ္စလျှင် ရှေ့သွားရှိသည်၏အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ ၏။ မနောပုဗ္ဗင်္ဂမာတိ၊ မနောပုဗ္ဗင်္ဂမာဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ယုတ္တံ၊ သင့်တန်စေ။ စိတ္တံ ပန၊ စိတ်ကိုကား။ စေတသိကပစ္စယံ၊ စေတသိက်တည်းဟူသော အထောက်အပံ့ပစ္စည်းကို။ အလဘမာနံ၊ မရသည်ရှိသော်။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှါ။ န သန္တေတိတိ၊ မတတ်နိုင်ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န ယုဇ္ဇေယျ၊ မသင့်ရာပါတကား။ ဣတိ၊ ဤသို့။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ ပရိဟာရော၊ အဖြေကို။ ဓဝံ၊ ဤသို့။ ဝုစ္စတေ၊ ဆိုအပ်၏။ စေတသိကဝမ္မာ နာမ၊ စေတသိက်တရားတို့မည်သည်။ စိတ္တဿ၊ စိတ်၏။ သဟာယင်္ဂါနိ၊ တကွဖြစ်ဖက် အပေါင်းအဖော်တို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေဟိ၊ ထိုအဖော်ဖြစ်သော စေတသိက်တရားတို့နှင့်။ ဝိနာ၊ ကင်း၍။ စိတ္တံပိ၊ စိတ်သည်လည်း။ ဥပ္ပဇ္ဇိတုံ၊ မိမိချည်းသာ ဖြစ်ခြင်းငှါ။ န သက္ကောတိယေဝ၊ မစွမ်းနိုင်သည်သာလျှင်တည်း။ စတူသု မဟာဘူတေသုပိ၊ မဟာဘုတ်လေးပါးတို့၌လည်း။ ဧဝေဝ နယော၊ ဤနည်းကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ဥပါဒါရူပါနိ၊ ဥပါဒါရုပ်တို့သည်ကား။ မဟာဘူတာနံ၊ မဟာဘုတ်တို့၏။ နိဿန္ဒမတ္တတ္တာ၊ အကျိုးဆက်မျှဖြစ်သောကြောင့်။ သဟာယင်္ဂါနိ၊ တကွဖြစ်ဖက် အပေါင်းအဖော်တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။ နနု စောဒေမိ၊ စောဒနာဦးအံ့။ အာဟာရရူပဉ္စ၊ အာဟာရရုပ်သည်လည်းကောင်း။ ဇီဝိတရူပဉ္စ၊ ဇီဝိတရုပ်သည်လည်းကောင်း။ ပစ္စယဝိသေသတ္တာ၊ အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း သီးသန့်ဖြစ်ကောင်းသောကြောင့်။ သဟာယင်္ဂံ၊ တကွဖြစ်ဖက် အပေါင်းအဖော်သည်။ ဟောတိ နနု၊ ဖြစ်သည်မဟုတ်ပါလော။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။ ပရိဟာရော၊ အဖြေကို။ ဓဝံ၊ ဤသို့။ ဝုစ္စတေ၊ ဆိုအပ်၏။ ဋ္ဌိတိယာ ဧဝ၊ ဋ္ဌီခဏ၌သာလျှင်။ သဟာယင်္ဂံ၊ တကွဖြစ်ဖက် အပေါင်းအဖော်သည်။ ဟောတိ၊ ဖြစ်၏။ ဥပ္ပါဒေ၊ ဥပါဒ်ခဏ၌။ သဟာယင်္ဂံ၊

www.dhammaransi.com



တကွဖြစ်ဖက် အပေါင်းအဖော်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ပန၊ ဤအညမည ပစ္စည်း၌ကား။ ဥပ္ပါဒေ၊ ဥပါဒ်ခဏ၌။ သဟာယင်္ဂံ၊ တကွဖြစ်ဖက် အပေါင်းအဖော်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဣတိ၊ ဤသို့ဖြေအပ်၏။

**အညမညပစ္စယဒီပနာ၊ အညမညပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၈- နိဿယပစ္စယော

## နိဿယပစ္စည်း၏ အပြားကိုပြခြင်း

နိဿယပစ္စယော၊ နိဿယပစ္စည်းသည်။ သဟဇာတနိဿယော၊ သဟဇာတ နိဿယပစ္စည်းလည်းကောင်း။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းလည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတနိဿယော၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းလည်းကောင်း၊ ဣတိ၊ ဤသို့သောအပြားအား ဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## သဟဇာတနိဿယနှင့် သဟဇာတရိုးရိုးတို့သည် ပစ္စည်းပစ္စယုပ္ပန် အလုံးစုံတူကြသည်ကို ပြခြင်း

တတ္ထ၊ ထိုသုံးပါးသော နိဿယပစ္စည်းတို့တွင်။ သဟဇာတနိဿယော၊ သဟဇာတနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ သဗ္ဗော၊ အလုံးစုံသော။ သဟဇာတပစ္စယော၊ သဟဇာတပစ္စည်းသည်။ သဟဇာတနိဿယော၊ သဟဇာတ နိဿယပစ္စည်းတည်း။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုသဟဇာတနိဿယပစ္စည်း၌။ ပစ္စယဝိဘာဂေါ စ၊ ပစ္စည်းတရားကို ဝေဖန်ခြင်းကိုလည်းကောင်း။ ပစ္စယုပ္ပန္နဝိဘာဂေါ စ၊ ပစ္စယုပ္ပန်တရားကို ဝေဖန်ခြင်းကိုလည်းကောင်း။ သဟဇာတပစ္စယေ၊ သဟဇာတပစ္စည်း၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

www.dhammaransi.com



## ဝတ္ထုပုရေဇာတနိဿယ၏ ပစ္စည်းပစ္စယုပ္ပန်တရားများကိုပြခြင်း

ဝတ္ထုပုရေဇာတနိဿယော ပန၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းသည်ကား။ ကတမော၊ အဘယ်နည်း။ စက္ခုဝတ္ထု၊ စက္ခုဝတ္ထုလည်းကောင်း။ သောတဝတ္ထု၊ သောတဝတ္ထုလည်းကောင်း။ ဃာနဝတ္ထု၊ ဃာနဝတ္ထုလည်းကောင်း။ ဇိဝှါဝတ္ထု၊ ဇိဝှါဝတ္ထုလည်းကောင်း။ ကာယဝတ္ထု၊ ကာယဝတ္ထုလည်းကောင်း။ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုလည်းကောင်း။ ဣတိ၊ ဤသို့။ ဝတ္ထူနိ၊ ဝတ္ထုရုပ်တို့သည်။ ဆ၊ ခြောက်ပါးရှိကုန်၏။ ဣမာနိ ဆ ဝတ္ထူနိ၊ ဤခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ သတ္တာနံ၊ ခုနစ်ပါးကုန်သော။ ဝိညာဏဓာတူနံ၊ ဝိညာဏဓာတ်တို့အား။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဝတ္ထုပုရေဇာတနိဿယသဒ္ဒါ၏ ဝစနတ္ထ စသည်ကိုပြခြင်း

ဝတ္ထုရူပမေဝ၊ ဝတ္ထုရုပ်သည်ပင်လျှင်။ ပုရေဇာတံ၊ ရှေး၌ဖြစ်သည်။ ဝါ၊ ရှေးဦးစွာဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ နိဿယော၊ ဝိညာဏဓာတ်တို့၏မှီရာတည်း။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုသည်ပင်လျှင် ရှေးဦးစွာဖြစ်၍ ဝိညာဏဓာတ်တို့၏ မှီရာ။ တတ္ထ၊ ထိုဝတ္ထုပုရေဇာတ ဟူသောပုဒ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ နိဿယဋ္ဌာနဋ္ဌေန၊ မှီရာတည်ရာဟူသော အနက်ကြောင့်။ ဝတ္ထုနာမ၊ ဝတ္ထုမည်၏။ ပုရေဇာတန္တိ၊ ပုရေဇာတံဟူသည်ကား။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပစ္စယုပ္ပန္နဿ၊ ပစ္စယုပ္ပန်ဖြစ်သော။ ဓမ္မဿ၊ တရား၏။ ဥပ္ပတ္တိက္ခဏတော၊ ဖြစ်သောခဏမှ။ ပုရိမေ၊ ရှေးဖြစ်သော။ ခဏေ၊ ခဏ၌။ ဇာတံ၊ ဖြစ်သည်တည်း။

## ဝတ္ထုရုပ်တို့သည် ပဋိသန္ဓိစိတ်ကိုအစပြု၍ အဆက်ဆက်သောစိတ်တို့အား ကျေးဇူးပြုပုံကိုပြခြင်း

တတ္ထ ဝစနေ၊ ထိုစကား၌။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓိစိတ်သည်။ တဒါ၊ ထိုပဋိသန္ဓေခဏ၌။ ပုရေဇာတဿ၊ ပဋိသန္ဓေစိတ်မဖြစ်မီ ရှေး၌ဖြစ်သော။

www.dhammaransi.com



ဝတ္ထုရူပဿ၊ ဟဒယဝတ္ထုရုပ်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အတ္တနာ၊ မိမိဟု ဆိုအပ်သော ပဋိသန္ဓေစိတ်နှင့်။ သဟပ္ပန္နံ၊ တကွဖြစ်သော။ ဟဒယဝတ္ထုရူပံ ဧဝ၊ ဟဒယဝတ္ထုရုပ်ကိုသာလျှင်။ နိဿယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပဌမဘဝင်္ဂစိတ္တံ ပန၊ ပဌမဘဝင်စိတ်သည်ကား။ ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟုပ္ပန္နံ၊ အတူတကွဖြစ်သော။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်ကို။ နိဿယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒုတိယဘဝင်္ဂစိတ္တံ၊ ဒုတိယဘဝင်စိတ်သည်။ ပဌမဘဝင်္ဂစိတ္တေန၊ ပဌမဘဝင်စိတ်နှင့်။ သဟုပ္ပန္နံ၊ အတူတကွဖြစ်သော။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်ကို။ နိဿယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ၊ ဤအတူ။ တတိယဘဝင်္ဂစိတ္တံ၊ တတိယဘဝင်စိတ်သည်။ ဒုတိယဘဝင်္ဂစိတ္တေန၊ ဒုတိယဘဝင်စိတ်နှင့်။ သဟုပ္ပန္နံ၊ အတူတကွဖြစ်သော။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်ကို။ နိဿယ၊ အမှီပြု၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ယာဝ မရဏာသန္နကာလာ၊ မရဏာသန္နကာလတိုင်အောင်။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

## ဝိညာဏ်စိတ်စသည်တို့ဖြစ်ပေါ်သောအခြင်းအရာကို သိစေခြင်းငှါ တယောသံကို ဥပမာဆောင်၍ပြခြင်း

ယထာ၊ ဥပမာမည်သည်ကား။ ဝီဏာသဒ္ဒါ နာမ၊ တယောသံတို့မည်သည်။ ဝီဏာတန္တီသု၊ တယောကြိုးတို့၌။ ဝီဏာဒဏ္ဍကေဟိ၊ တယောထိုးတံ တို့ဖြင့်။ ပဟရဏ ဝေဂေန ဧဝ၊ ထိုးသောအဟုန်ကြောင့်သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ အညထာ၊ တစ်ပါးသောအခြင်းအရာဖြင့်။ နော ဇာယန္တိ၊ မဖြစ်ကုန်။ တထာ၊ ထိုဥပမာအတူ။ ပဉ္စဝိညာဏာနိ နာမ၊ ပဉ္စဝိညာဏ်တို့မည်သည်။ ပဉ္စဝတ္ထုသင်္ခါတေသု၊ ငါးပါးသော ဝတ္ထုရုပ်ဟု ဆိုအပ်ကုန်သော။ ပဉ္စဒွါရေသု၊ ငါးပါးသော ဒွါရတို့၌။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ အာရမ္မဏာနံ၊ ရူပါရုံ သဒ္ဒါရုံ စသည်တို့၏။ အာပါထာဂမနဝေဂေန ဧဝ၊ ထင်ခြင်းသို့ရောက်သော အဟုန်ကြောင့်သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ အညထာ၊ တစ်ပါးသောအခြင်းအရာအားဖြင့်။ နော ဇာယန္တိ၊ မဖြစ်ကုန်။

www.dhammaransi.com



## ပစ္ဆာဝိညာဏဓာတ်အားတပ်သော ဝတ္ထုရုပ်တို့ကိုထုတ်ပြခြင်း

အာပါထာဂမနဥ္စ၊ ထင်ခြင်းသို့ရောက်ခြင်းသည်လည်း။ တေသံ ဒွါရာရမ္မဏာနံ၊ ထိုဒွါရအာရုံတို့၏။ ဠိတိပတ္တကာလေ ဧဝ၊ ဌီသို့ရောက်သောအခါ၌ သာလျှင်။ ဟောတိ၊ ဖြစ်၏။ အာပါတဂမန ပစ္စယာ စ၊ ထင်ခြင်းသို့ရောက်ခြင်း တည်းဟူသော အကြောင်းကြောင့်သာလျှင်။ ဘဝင်္ဂံ၊ ဘဝင်သည်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ စလတိ၊ လှုပ်၏။ ဘဝင်္ဂစလနပစ္စယာ စ၊ ဘဝင်လှုပ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း။ အာဝဇ္ဇနံ၊ ပဉ္စဒွါရ၌ ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အာဝဇ္ဇန ပစ္စယာ စ၊ အာဝဇ္ဇန်းဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း။ ပဉ္စဝိညာဏာနိ၊ စက္ခုဝိညာဉ် အစရှိသော ငါးပါးသော ဝိညာဉ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ အာရုံအားလျော်စွာ အသီးအသီးဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ စက္ခာဒီနိ၊ စက္ခုအစရှိကုန်သော။ ပဉ္စဝတ္ထူနိ၊ ငါးပါးသော ဝတ္ထုတို့ သည်။ ပုရေ၊ စက္ခုဝိညာဉ်စသည် မဖြစ်မီ ရှေးဖြစ်သော။ အတီတဘဝင်္ဂစိတ္တဿ၊ အတိတ်ဘဝင်စိတ်၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ ဥပ္ပန္နာနိ ဧဝ၊ ဖြစ်ကုန်သည် ဖြစ်၍သာလျှင်။ ပဉ္စဝိညာဏဓာတူနံ၊ ပဉ္စဝိညာဏဓာတ်တို့အား။ ဝတ္ထုပုရေဇာတ ပစ္စယာ၊ ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## မရဏာသန္နအခါဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်ပုံကိုပြခြင်း

မရဏာသန္နကာလေ ပန၊ မရဏာသန္နအခါ၌ကား။ သဗ္ဗာနိ၊ ခပ်သိမ်းကုန် သော။ ဆဝတ္ထူနိ၊ ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။ စုတိစိတ္တတော၊ စုတိစိတ်မှ။ ပုရေ၊ ရှေး၌။ သတ္တရသမဿ၊ တစ်ဆယ့်ခုနစ်ချက်မြောက်ဖြစ်သော။ ဘဝင်္ဂစိတ္တဿ၊ ဘဝင်စိတ်၏။ ဥပ္ပါဒက္ခဏေ ဧဝ၊ ဥပါဒ်ခဏ၌သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တတော၊ ထိုသတ္တရသမဘဝင်စိတ်၏ ဥပါဒ်ခဏမှ။ ပရံ၊ နောက်၌။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထိုကြောင့်။ မရဏာသန္နကာလေ၊ မရဏာသန္န အခါ၌။ ဘဝင်္ဂစိတ္တာနိ စ၊ ဘဝင်စိတ်တို့သည်လည်းကောင်း။ သဗ္ဗာနိ၊ ခပ်သိမ်းကုန် သော။ ဆဒွါရိကဝီထိစိတ္တာနိ စ၊ ဆဒွါရိကဝီထိစိတ်တို့သည်လည်းကောင်း။

www.dhammaransi.com



စုတိစိတ္တဉ္စ၊ စုတိစိတ်သည်လည်းကောင်း။ ပုရေတရံ၊ မိမိတို့မဖြစ်မီရှေးအခါ၌။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်သော။ တာနိယေဝ၊ ထိုသတ္တရသမစိတ်နှင့်အတူ ဥပါဒ်သည် သာလျှင် ဖြစ်ကုန်သော။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ ဝတ္ထူနိ၊ ဝတ္ထုတို့ကို။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းတည်း။

## ဝတ္ထာရမ္မဏပုရေဇာတနိဿယ၌ ပစ္စည်းပစ္စယုပ္ပန်ဓမ္မနှင့်တကွ ကျေးဇူးပြုပုံကိုပြခြင်း

ဝတ္ထာရမ္မဏပုရေဇာတနိဿယော ပန၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ ပစ္စည်းသည်ကား။ ကတမော၊ အဘယ်နည်း။ ယဒါ၊ ၌။ အတ္တနော၊ မိမိ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တဖြစ်သော။ ဝတ္ထုရူပံ၊ ဝတ္ထုရုပ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ယံ ရူပံ၊ အကြင်ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ မှီ၍။ မမ၊ ငါ၏။ မနောဝိညာဏံ၊ မနောဝိညာဏ်စိတ်သည်။ ဝတ္တတိ၊ ဖြစ်၏။ တံ၊ ဤငါ၏မနောဝိညာဉ်စိတ်မှီရာ ဟဒယဝတ္ထုရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ သော၊ ဤဟဒယဝတ္ထု ရုပ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ သော၊ ဤဟဒယဝတ္ထုရုပ်သည်။ မေ၊ ၏။ အတ္တာ၊ အတ္တတည်း။ ဝါ၊ ကိုဝ်တည်း။ ဣတိဝေ၊ ဤသို့။ တဏှာမနာနဒိဋ္ဌိဟိ၊ တဏှာမာနဒိဋ္ဌိတို့ဖြင့်။ ဂဟဏဝသေန ဝါ၊ စွဲလမ်းမှတ်ယူ သည်၏အစွမ်းဖြင့်လည်းကောင်း။ တံ၊ ဤဟဒယဝတ္ထုရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံ၊ ဤဟဒယဝတ္ထုရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တံ၊ ဤဟဒယဝတ္ထုရုပ်သည်။ အနတ္တာ၊ အတ္တမှဆိတ်၏။ ဣတိဝေ၊ ဤသို့။ သမ္မသနဝသေန ဝါ၊ လက္ခဏာရေး သို့တင်၍ သုံးသပ်သည်၏အစွမ်းဖြင့်လည်းကောင်း။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်းစိတ် အစရှိကုန်သော။ မနောဒွါရိကဝီထိစိတ္တာနိ၊ မနောဒွါရိကဝီထိစိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ တံတံဝတ္ထုရူပံ၊ ထိုထိုဝတ္ထုရုပ်သည်။ ပစ္စေကံ၊ အသီးအသီး။ တေသံ၊ ထိုမနောဒွါရိကဝီထိစိတ်တို့၏။ နိဿယဝတ္ထု စ၊ မှီရာဝတ္ထုသည်လည်း။ ဟောတိ၊ ဖြစ်၏။ တေသံ၊ ထိုမနောဒွါရိကဝီထိစိတ် တို့၏။ အာရမ္မဏဉ္စ၊ အာရုံသည်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။

www.dhammaransi.com



တံတံဟဒယရုပ်၊ ထိုထိုဟဒယဝတ္ထုရုပ်သည်။ တဿ တဿ စိတ္တုပ္ပါဒဿ၊ ထိုထိုအာရုံပြုသော စိတ္တုပ္ပါဒ်အား။ ဝတ္ထာရမ္မဏပုရေဇာတပစ္စယော၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဝတ္ထာရမ္မဏပုရေဇာတနိဿယော၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတည်း။ ဧဝံ၊ ဤသို့။ နိဿယပစ္စယော၊ နိဿယပစ္စည်းသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## သုတ္တန်နည်းအားဖြင့် နိဿယပစ္စည်းကိုလင်းပြခြင်း

ဣဓ၊ ဤနိဿယပစ္စည်း၌။ သုတ္တန္တနိဿယောပိ၊ သုတ္တန္တနည်း နိဿယပစ္စည်းကိုလည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဣမေ မနုဿာ ဝါ၊ ဤလူတို့သည်လည်းကောင်း။ ဣမေ တိရစ္ဆာနဂတာ ဝါ၊ ဤတိရစ္ဆာန်တို့သည်လည်းကောင်း။ ဣမေ ရုက္ခာဒယော ဝါ၊ ဤသစ်ပင် စသည်တို့သည်လည်းကောင်း။ မဟာပထဝိယံ၊ မြေကြီး၌။ ပတိဋ္ဌိတာ၊ တည်ကုန်၏။ မဟာပထဝီ စ၊ မြေကြီးသည်လည်း။ ဟေဋ္ဌာမဟာဥဒကက္ခန္ဓေ၊ အောက်ရေစုကြီး၌။ ပတိဋ္ဌိတော၊ တည်၏။ မဟာဥဒကက္ခန္ဓော စ၊ ရေအစုကြီးသည်လည်း။ ဟေဋ္ဌာမဟာဝါတက္ခန္ဓေ၊ အောက်လေအစုကြီး၌။ ဟေဋ္ဌာအဇဋ္ဌာကာသေ၊ အောက်အဇဋ္ဌာခွင် ဟင်းလင်းအပြင်၌။ ပတိဋ္ဌိတော၊ တည်၏။ မနုဿာ၊ လူတို့သည်။ ဂေဟေသု၊ အိမ်တို့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟာရေသု၊ ကျောင်းတို့၌။ ဒေဝါ၊ နတ်တို့သည်။ ဒိဗ္ဗဝိမာနေသု၊ နတ်ဗိမာန်တို့၌။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ သဗ္ဗံ၊ အလုံးစုံသော။ လောကပ္ပဝတ္တိံ၊ လောက၏ဖြစ်ခြင်းကို။ ဥဒ္ဓရိတွာ၊ သိ၍။ နိဿယပစ္စယော၊ နိဿယပစ္စည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(လူ, တိရစ္ဆာန်, သစ်ပင်, တော, တောင်တို့သည် နိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ မဟာပထဝီမြေကြီးသည် နိဿယပစ္စည်းဖြစ်၏။ မြေကြီးသည် နိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ရေအစုသည် နိဿယပစ္စည်းဖြစ်၏။ ပစ္စယုပ္ပန် ရေအစုသည် နိဿယပစ္စည်း၏ပစ္စယုပ္ပန်။ လေအစုသည် နိဿယပစ္စည်း၏ပစ္စယုပ္ပန်။ အောက်ကောင်းကင်သည်

www.dhammaransi.com



နိဿယပစ္စည်း ဖြစ်၏။ လူတို့သည် နိဿယပစ္စည်း၏ပစ္စယုပ္ပန်။ အိမ်တို့သည် နိဿယပစ္စည်းဖြစ်ကုန်၏။ ရဟန်းတို့သည် နိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ကျောင်းတို့သည် နိဿယပစ္စည်းဖြစ်ကုန်၏။ ။ ဤသို့ စသည်ဖြင့်ယူရမည်။ ။ စကားချပ်တည်း။)

**နိဿယပစ္စယဒီပနာ၊ နိဿယပစ္စည်းကို လင်းပြခြင်းတည်း။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၉- ဥပနိဿယပစ္စယော
## ဥပနိဿယပစ္စည်း၏ ဘေဒကိုပြခြင်း

ဥပနိဿယပစ္စယော၊ ဥပနိဿယပစ္စည်းသည်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့သော အပြားအားဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးသော ဥပတိဿယမျိုးတို့တွင်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပ-နိဿယပစ္စည်းသည်။ အာရမ္မဏာဓိပတိ ပစ္စယသဒိသော၊ အာရမ္မဏာဓိပတိပစ္စည်းနှင့်တူ၏။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းသည်။ အနန္တရပစ္စယ-သဒိသော၊ အနန္တရပစ္စည်းနှင့် တူ၏။

## ပကတူနိဿယ၏ပစ္စည်းပစ္စယုပ္ပန်တို့ကိုပြခြင်း

ပကတူနိဿယော၊ ပကတူနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ဖြစ်ကုန်သော။ အဇ္ဈတ္တဗဟိဒ္ဓါဘူတာ၊ အဇ္ဈတ္တဗဟိဒ္ဓသန္တာန်နှစ်ပါး၌ ဖြစ်ကုန်သော။ စိတ္တစေတသိကရူပဓမ္မာ စ၊ စိတ်စေသတသိက်ရုပ်တရားတို့သည်လည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ ပညတ္တိ စ၊ ပညတ်သည်လည်းကောင်း။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ ယထာရဟံ၊ ထိုက်သင့်

www.dhammaransi.com



သည့်အားလျော်စွာ။ ပကတူပနိဿယော၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အတိတ်တရားက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

တတ္ထ၊ ထိုပကတူပနိဿယပစ္စည်း၌။ အတီတော၊ လွန်ပြီးသော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော။ အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါစ၊ မြတ်စွာဘုရားသည်လည်းကောင်း။ ဓမ္မော စ၊ တရားတော်သည်လည်းကောင်း။ အရိယသာဝကသံဃော စ၊ အရိယာဖြစ်သော တပည့်သားတော်အပေါင်းသည်လည်းကောင်း။ သမ္မုတိသံဃပရမ္ပရာ စ၊ သမ္မုတိသံဃာတော်အဆက်ဆက်တို့သည်လည်းကောင်း။ ပစ္ဆိမဇနာနံ၊ နောက်သားဖြစ်ကုန်သော။ အမှာကံ၊ ငါတို့အား။ ကုသလုပ္ပတ္တိယာ၊ ကုသိုလ်တရားဖြစ်ပွားခြင်းငှါ။ ပကတူပနိဿယပစ္စယော၊ ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ တထာ၊ ထိုအတူ။ လောကေ၊ လောက၌။ အတီတာ၊ ရှေး၌ဖြစ်ကုန်သော။ ကာလင်္ကတာ၊ သေခြင်းကိုပြုကုန်ပြီးသော။ မာတာပိတရော စ၊ အမိအဘတို့သည်လည်းကောင်း။ အာစရိယာ စ၊ ဆရာသခင်တို့သည်လည်းကောင်း၊ ပဏ္ဍိတသမဏဗြာဟ္မဏာ စ၊ ပညာရှိသော ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း။ ပါကဋ္ဌာ၊ ထင်ရှားကျော်စောကုန်သော။ နာနာတိတ္ထာစရိယာ စ၊ အထူးထူးသော အယူဝါဒကို ပြတတ်ကုန်သော ဆရာတို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ မဟာနုဘာဝါ၊ ကြီးသောအာနုဘော်ရှိကုန်သော။ ပေါရာဏကရာဇာနော စ၊ ရှေးမင်းဟောင်းတို့သည်လည်းကောင်း။ ပစ္ဆိမကာနံ၊ နောက်၌ဖြစ်ကုန်သော။ ဇနာနံ၊ လူအပေါင်းတို့အား။ ကုသလုပ္ပတ္တိယာ ဝါ၊ ကုသိုလ်တရားဖြစ်ပွားခြင်းငှါလည်းကောင်း။ အကုသလုပ္ပတ္တိယာ ဝါ၊ အကုသိုလ်တရားဖြစ်ပွားခြင်းငှါလည်းကောင်း။ သုခဒုက္ခုပ္ပတ္တိယာ ဝါ၊ ချမ်းသာဆင်းရဲဖြစ်ခြင်းငှါလည်းကောင်း။ ပကတူပ–နိဿယော၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တထာတံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ တေ၊ ထိုရှေး၌ဖြစ်ကြ မိဘဆရာ

www.dhammaransi.com



ပညာတတ်စွမ်း ရဟန်းပုဏ္ဏားစသော ရှေးသူဟောင်းတို့သည်။ ပစ္ဆိမကာနံ၊ နောက်၌ ဖြစ်ကုန်သော။ ဇနာနံ၊ လူအပေါင်းတို့၏။ အတ္ထာယ၊ အကျိုးငှါ။ နာနာသဒ္ဓမ္မပညတ္တိယော ဝါ၊ အထူးထူးအပြားပြားကုန်သော သူတော်တရား စကားပညတ်တို့ကိုလည်း ကောင်း။ နာနာအသဒ္ဓမ္မပညတ္တိယော ဝါ၊ အထူးထူး အပြားပြားကုန်သော မသူတော်တရား စကားပညတ်တို့ကိုလည်းကောင်း။ နာနာလောကူပကရဏာနိ ဝါ၊ အထူးထူးအပြားပြားကုန်သော လောကအဆောက် အဦးတို့ကိုလည်းကောင်း။ ပုရေ၊ ရှေးအခါ၌။ ပဋ္ဌပေသုံ၊ ထားခဲ့ကြကုန်၏။ ပစ္ဆိမဇနာ စ၊ နောက်လာ နောက်သားတို့သည်လည်း။ တေဟိ၊ ထိုရှေးသူဟောင်း တို့သည်။ ပဋ္ဌပိတေသု၊ ထားခဲ့ကုန်သော။ ဒါနသီလာဒိဓမ္မေသု ဝါ၊ ဒါန, သီလ စသောတရားတို့၌ လည်းကောင်း။ လောကစာရိတ္တကုလဂေါတ္တစာရိတ္တဓမ္မေသု ဝါ၊ လောကကျင့်ဝတ် တရား အမျိုးအနွယ်တို့၌ ကျင့်အပ်သော ဝတ္တရားတို့၌လည်းကောင်း။ နာနာဒိဋ္ဌိဝါဒေသု ဝါ၊ အထူးထူးသော အယူဝါဒတို့၌လည်းကောင်း။ နာနာကမ္မာယတန သိပ္ပါယတန ဝိဇ္ဇဋ္ဌာနေသု ဝါ၊ အထူးထူးသော အလုပ်အကိုင် အတတ်ပညာ အရာဌာနမျိုးတို့၌လည်းကောင်း။ ယထာပဋ္ဌပိတေသု၊ တည်ထောင် ပြုလုပ်၍ ထားခဲ့တိုင်းကုန်သော။ ဂါမ နိဂမ နဂရ ခေတ္တ ဝတ္ထု တဠာက ပေါက္ခရဏီ အာဝါဋာဒီသု ဝါ၊ ရွာ, နိဂုံး, မြို့, လယ်, ယာ, တစ်ဖက်ဆည်ကန်, လေးထောင့်ကန်, တွင်းလိုဏ် အစရှိသည်တို့၌လည်းကောင်း။ ဂေဟ ရထ သကဋ နာဝါ သမ္ဗောတ သမ္ဗန္ဓာဒီသု ဝါ၊ အိမ်, ရထား, လှည်း, လှေ, သင်္ဘော, သမ္ဗန် စသည်တို့၌လည်းကောင်း။ ဇာတရူပ ရဇတ မဏိမုတ္တာဒီသု ဝါ၊ ရွှေ, ငွေ, ပတ္တမြား, ပုလဲ စသည်တို့၌လည်းကောင်း။ ဒါယဇ္ဇံ၊ အမွေခံအဖြစ်ကို။ ပဋိပဇ္ဇန္တာ၊ ကျင့်ကြကုန်သည်ဖြစ်၍။ လောကေ၊ လောက၌။ ဝဍ္ဎန္တိ၊ ကြီးပွားကြကုန်၏။

## အနာဂတ်တရားက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အနာဂတောပိ၊ ပွင့်တော်မူလတ္တံ့ဆဲဆဲလည်းဖြစ်သော။ မေတ္တေယျော နာမ၊ မေတ္တေယျအမည်ရှိတော်မူသော။ ဗုဒ္ဓေါ စ၊ မြတ်စွာဘုရားသည်လည်း

www.dhammaransi.com



ကောင်း။ တဿ၊ ထိုမေတ္တေယျ ဘုရားရှင်၏။ ဓမ္မော စ၊ တရားတော်သည်လည်း ကောင်း။ တဿ၊ ထိုမေတ္တေယျ ရှင်တော်ဘုရား၏။ သံဃော စ၊ တပည့်သားတော် အပေါင်းသည်လည်းကောင်း။ ဧတရဟိ၊ ယခုခေတ်သမယ ပစ္စုပ္ပန်ကာလ၌။ ဝိဇ္ဇမာနာနံ၊ ထင်ရှားရှိကုန်သော။ ဗဟုဇနာနံ၊ များစွာသောလူတို့အား။ ပါရမိပုညပ္ပဝတ္တိယာ၊ ပါရမီကုသိုလ်ဖြစ်ပွားခြင်းငှါ။ ပကတူပနိဿယပစ္စယော၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထို့အတူ။ တ္ကမသ္မိံ ဘဝေ စ၊ ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း။ ပစ္ဆိမေ ကာလေ စ၊ နောက် နောက်သော ကာလ၌လည်းကောင်း။ ပဋိလဘိဿမာနာ၊ ရလတ္တံ့ကုန်သော။ တ္ကဿရိယဠာနဓနဓညသမ္ပတ္တိယော၊ အစိုးရသောအရာ ဥစ္စာစပါး ပေါများပြည့်စုံ ခြင်း စည်းစိမ်တို့သည်။ ပုရိမေကာလေ၊ ရှေးအခါဘဝ အတိတ်ကာလတို့၌။ ဌိတာနံ၊ တည်ခဲ့ကုန်သော။ မဟာဇနာနံ၊ များစွာသော သူတို့အား။ နာနာဘိသင်္ခါရပ္ပဝတ္တိယာ၊ အထူးထူးသော လုံ့လပယောဂ ပုညာဘိသင်္ခါရ အပုညာ ဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်ဆည်းပူးခဲ့ကြခြင်းငှါ။ ပကတူပနိဿယော၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အနာဂတေ ဘဝေ စ၊ အနာဂတ်ဘဝ၌လည်း။ အနုဘဝိဿမာနာ၊ ခံစားကြရလတ္တံ့ကုန်သော။ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိယော စ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့သည်လည်းကောင်း။ မဂ္ဂဖလနိဗ္ဗာနသမ္ပတ္တိယော စ၊ မဂ်ဖိုလ် နိဗ္ဗာန်၏ ပြည့်စုံခြင်းတို့သည်လည်းကောင်း။ ဧတရဟိ ပစ္စုပ္ပန္နဘဝေ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ဌိတာနံ၊ တည်ကုန်သော။ မဟာဇနာနံ၊ များစွာသော လူတို့အား။ ဒါနသီလာဒိပုည ကိရိယပ္ပဝတ္တိယာ၊ ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးကြခြင်းငှါ။ ပကတူပနိဿယပစ္စယော၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယထာဟိ၊ ဥပမာမည်သည်ကား။ လောကေ၊ လောက၌။ ဟေမန္တေ ကာလေ၊ ဆောင်းအခါ၌။ ဓညပ္ဖလာနိ၊ စပါး အသီးအနှံတို့ကို။ လဘိဿာမ၊ ရကုန်လတ္တံ့။ တ္ကတိ၊ ဤသို့။ မနသိကတွာ၊ မြော်လင့်ကုန်၍။ ဝဿိကေ ကာလေ၊ မိုးအခါ၌။ ကဿနဝပ္ပနကမ္မာနိ၊ လယ်ထွန်ခြင်းအမှု စပါးစိုက်ပျိုးခြင်းအမှုတို့ကို။ အာရဘန္တိ၊ အားထုတ်ပြုလုပ် ကြကုန်၏။ ကမ္မေ၊ ငါတို့ပြုလုပ်ဆောင်ရွက်ကြသော အမှုကိစ္စသည်။ သိဒ္ဓေ၊

www.dhammaransi.com



ပြီးပြည့်စုံသည်ရှိသော်။ တံတံခဏံ၊ ထိုထိုအလိုရှိအပ်သော ဥစ္စာကို။ လဘိဿာမ၊ ငါတို့ရကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ မနသိကတွာ၊ မြော်လင့်ကုန်၍။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ တံတံဝီရိယကမ္မံ ဝါ၊ ထိုထိုကိုယ်ဖြင့် ပြုလုပ်အားထုတ်အပ်သောအမှုကိုလည်းကောင်း။ တံတံပညာကမ္မံ ဝါ၊ ထိုထိုစိတ်ကူးဉာဏ်ဖြင့် ပြုလုပ်အပ်သော အမှုကိုလည်းကောင်း။ အာရဘန္တိ၊ အားထုတ်ပြုလုပ်ကြကုန်၏။ တတ္ထ၊ ထိုဥပမာ၌။ ခေညပ္ပဖလပ္ပဋိလာဘော စ၊ စပါးအသီးအနှံကိုရခြင်းသည်လည်းကောင်း။ တံတံခနပ္ပဋိလာဘော စ၊ ထိုထိုအလိုရှိအပ်သော ဥစ္စာကိုရခြင်းသည်လည်းကောင်း။ တံတံကမ္မာရမ္ဘဿ၊ ထိုထိုအမှုကိစ္စ အလုပ်အကိုင်တို့ကို အားထုတ်ပြုလုပ်ရခြင်း အားထုတ်ပြုလုပ်ရခြင်းအား။ အနာဂတပကတူပနိဿယော၊ အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တံတံကမ္မာရမ္ဘော စ၊ ထိုထိုအမှုကိစ္စ အလုပ်အကိုင်တို့ကို အားထုတ်ပြုလုပ်ခြင်းသည်လည်း။ ခေညပ္ပဖလပ္ပဋိလာဘဿ စ၊ စပါးအသီးအနှံကိုရခြင်းအားလည်းကောင်း။ တံတံခနပ္ပဋိဘလာဘဿ စ၊ ထိုထိုအလိုရှိအပ်သော ဥစ္စာကိုရခြင်းအားလည်းကောင်း။ အတီတပကတူပနိဿယပစ္စယော၊ အတိတ်မျိုးဖြစ်သော ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဧဝမေဝ၊ ဤနည်းအတူသာလျှင်။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ အနာဂတေ ကာလေ၊ အနာဂတ်ကာလ၌။ နာနာကမ္မပ္ဖလာနိ၊ အထူးထူးသော အလုပ်အကိုင်တို့၏ အကျိုးစီးပွားတို့ကို။ ပတ္ထယန္တာ၊ မြော်လင့်တောင့်တကုန်လျက်။ မဟာဇနာ၊ များစွာသောလူတို့သည်။ ပုရိမေ၊ ရှေးဖြစ်သော။ ပစ္စုပ္ပန္နေ ကာလေ၊ ပစ္စုပ္ပန်ကာလ၌။ နာနာပုညကမ္မာနိ၊ အထူးထူးသော ကောင်းမှုတို့ကို။ အာရဘန္တိ၊ အားထုတ်ပြုလုပ်ကြကုန်၏။ တတ္ထ၊ ထိုစကား၌။ ပုညပ္ဖလာနိ၊ ကောင်းမှု၏ အကျိုးတို့သည်။ ပုညကမ္မာနံ၊ ကောင်းမှု၏အကျိုးတို့သည်။ ပုညကမ္မာနံ၊ ကောင်းမှုကုသိုလ်တို့အား။ အနဂတပကတူပနိဿယပစ္စယော၊ အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုညကမ္မာနိ၊ ကုသိုလ်ကောင်းမှုတို့သည်။ ပုညပ္ဖလာနံ၊ ကောင်းမှု၏အကျိုးတို့အား။ အတီတပကတူနိဿယ–ပစ္စယော၊ အတိတ်မျိုးဖြစ်သော ပကတူနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

www.dhammaransi.com



ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အနာဂတပကတူပနိဿယောပိ၊ အနာဂတ် မျိုးဖြစ်သော ပကတူပနိဿယပစ္စည်းသည်လည်း။ အတီတပကတူပနိဿယော ဝိယ၊ အတိတ်အမျိုးဖြစ်သော ပကတူပနိဿယပစ္စည်းမျိုးကဲ့သို့။ အတိမဟန္တော၊ အလွန်ကျယ်ဝန်းကြီးမားသော။ ပစ္စယော၊ ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

## ပစ္စုပ္ပန်တရားက ပကတူနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်သော။ ဗုဒ္ဓါဒယော၊ ဘုရားရှင် အစရှိကုန်သော။ ပစ္စယာ၊ ပစ္စည်းတရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ မနုဿဒေဝ-ဗြဟ္မာနံ၊ လူ, နတ်, ဗြဟ္မာတို့အား။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ မာတာပိတရော၊ အမိအဘတို့သည်။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ပုတ္တဓီတာဒီနံ၊ သားသမီးအစရှိသည်တို့အား။ ပစ္စုပ္ပန္နပကတူပနိဿယော နာမ၊ ပစ္စုပ္ပန်မျိုးဖြစ်သော ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုပစ္စုပ္ပန်ပကတူပနိဿယပစ္စည်းသည်။ သုပါကဋ္ဌောယေဝ၊ အလွန်ပေါ်လွင်ထင်ရှားသည်သာလတည်း။

## အဇ္ဈတ္တဗဟိဒ္ဓတရားတို့က ထိုက်သည်အားလျော်စွာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အဇ္ဈတ္တဘူတာ၊ အဇ္ဈတ္တဖြစ်ကုန်သော။ ပကတူပနိဿယဓမ္မာ နာမ၊ ပကတူပနိဿယပစ္စည်းတရားမျိုးမည်သည်ကား။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ သဝိညာဏကသန္တာနေသု၊ အသက်ရှိသော သဝိညာဏက သတ္တဝါတို့၏ သန္တာန်တို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပစ္စယဓမ္မာ၊ ပစ္စည်းတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟိဒ္ဓါဘူတာ၊ ဗဟိဒ္ဓဖြစ်ကုန်သော။ ပကတူပနိဿယဓမ္မာ နာမ၊ ပကတူပနိဿယပစ္စည်းတရားမျိုးမည်သည်ကား။ သတ္တာနံ၊ သတ္တဝါတို့၏။ ပတိဋ္ဌာနဘူတာ၊ တည်ရာဖြစ်၍ ဖြစ်ကုန်သော။ ပကတူပနိဿယဓမ္မာ နာမ၊ ပကတူပနိဿယပစ္စည်းတရားမျိုး မည်သည်ကား။ သတ္တာနံ၊ သတ္တဝါတို့၏။

www.dhammaransi.com



ပတိဋ္ဌာနဘူတာ၊ တည်ရာဖြစ်၍ ဖြစ်ကုန်သော။ ပထဝိပဗ္ဗတနဒိသမုဒ္ဒါဒယော၊ မြေတောင်မြစ်သမုဒ္ဒရာ အစရှိသည်တို့သည်လည်းကောင်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့အား။ ဗဟူပကာရာ၊ ကျေးဇူးများကုန်သော။ အရညဝနရုက္ခတိဏပုဗ္ဗဏ္ဏာပရဏ္ဏာဒယော၊ တော, သစ်ပင်, မြက်, ကောက်, ပဲ အစရှိသည်တို့သည်လည်းကောင်း။ စန္ဒသူရိယဂဟနက္ခတ္တာဒယော၊ လ, နေ, ဂြိုလ်, နက္ခတ် အစရှိသည်တို့သည်လည်းကောင်း။ ဝဿောဒကအဂ္ဂိဝါတသီတ-ဥဏှာဒယော စ၊ မိုး, ရေ, မီး, လေ, အချမ်း, အပူ အစရှိသည်တို့သည်လည်းကောင်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေ၊ ထိုဆိုအပ်ခဲ့ပြီးကုန်သော ပစ္စည်းတရားတို့သည်။ သတ္တာနံ၊ သတ္တဝါတို့အား။ ကုသလုပ္ပတ္တိယာ ဝါ၊ ကုသိုလ်တရား ဖြစ်ပွားခြင်းငှါလည်းကောင်း။ အကုသလုပ္ပတ္တိယာ ဝါ၊ အကုသိုလ်တရား ဖြစ်ပွားခြင်းငှါလည်းကောင်း။ သုခုပ္ပတ္တိယာ ဝါ၊ ချမ်းသာတရား ဖြစ်ပွားခြင်းငှါ လည်းကောင်း။ ဒုက္ခုပ္ပတ္တိယာ ဝါ၊ ဆင်းရဲတရား ဖြစ်ပွားခြင်းငှါလည်းကောင်း။ ဗလဝပစ္စယာ၊ အားကြီးသောအကြောင်း ပကတူပနိဿယပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## နိဗ္ဗာန်တရားက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ဣမေ ဇနာ၊ ဤမဂ္ဂဖလနိဗ္ဗာနအကျိုးငှါ ကျင့်ဆဲအားထုတ်ဆဲဖြစ်ကုန်သော သူတော်ကောင်းတို့သည်။ မယံ၊ ငါတို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်။ ပရိနိဗ္ဗာယိဿာမ၊ ပရိနိဗ္ဗာန်ပြုကုန်အံ့။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးသွင်းကုန်၍။ ဗောဓိပက္ခိယဓမ္မေ ဝါ၊ ဗောဓိပက္ခိယ တရား ၃၇-ပါးတို့ကိုမူလည်း။ ဘာဝေန္တိ၊ ပွားစေကုန်၏။ မယံ၊ ငါတို့သည်။ အနာဂတေ၊ ပွင့်တော်မူလတ္တံ့သော။ ဗုဒ္ဓကာလေ၊ ဘုရားရှင်လက်ထက်တော်၌။ ပရိနိဗ္ဗာယိဿာမ၊ ပရိနိဗ္ဗာန်ပြုကုန်အံ့။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးသွင်း ကုန်၍။ ပါရမိဓမ္မေ ဝါ၊ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကိုလည်းကောင်း၊ ပရိပူရေန္တိ၊ ပြည့်စေကြကုန်၏။ ဝါ၊ ဖြည့်ကြကုန်၏။ တတ္ထ၊ ထိုစကား၌။

www.dhammaransi.com



နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်။ တေသံ ဓမ္မာနံ၊ ထိုဗောဓိပက္ခိယတရား ပါရမီတရားတို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှါ။ ဗလဝပစ္စယော၊ အားကြီးသောအကြောင်း ပကတူပနိဿယပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

## ပညတ်တရားက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

လောကေ၊ လောက၌။ နာနာဝေါဟာရဘူတာ၊ အထူးထူးသော ဝေါဟာရဖြစ်ကုန်သော။ နာမပညတ္တိယော စ၊ အမည်ပညတ်တို့သည်လည်းကောင်း။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသခင် သာသနာတော်၌။ တိပိဋကပရိယတ္တိဓမ္မဘူတာ၊ သုံးပုံပိဋကတ် ပရိယတ်တရားဖြစ်ကုန်သော။ နာမပညတ္တိယော စ၊ အမည်ပညတ်တို့သည်လည်းကောင်း။ တေသံ တေသံ အတ္ထာနံ၊ ထိုထိုအနက်တို့ကို။ ဇာနနတ္ထာယ၊ သိခြင်းအကျိုးငှါ။ ဗလဝပစ္စယော၊ အားကြီးသောအကြောင်း ပကတူပနိဿယပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

## နိဗ္ဗာန် ပညတ် တရားနှစ်ပါးသည် ပစ္စယုပ္ပန်မဖြစ်ထိုက်ကြောင်း မဖြစ်ကြောင်းကို လင်းပြခြင်း

တတ္ထ၊ ထိုပကတူပနိဿပစ္စည်း၌။ ကိဉ္စိအဝသိဋ္ဌံ၊ မှတ်ဖွယ်စိုးစဉ်း စကားကြွင်းကို။ ဝုစ္စတေ၊ ဆိုဦးအံ့။ သင်္ခတဓမ္မော နာမ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သောကြောင့် သင်္ခတတရားမည်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့သည်ကား။ ပစ္စယေ၊ အကြောင်းပစ္စည်းတရားသည်။ သတိ၊ ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အသတိ၊ မရှိသော်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဥပ္ပဇ္ဇိတွာပိ၊ ဖြစ်ပွားပေါ်ပေါက်ပြီး၍လည်း။ ပစ္စယေ၊ တည်တံ့ခြင်းအကြောင်း ပစ္စည်းတရားသည်။ သတိ၊ ရှိသော်သာ။ တိဋ္ဌန္တိ၊ တည်ကုန်၏။ အသတိ၊ မရှိသော်။ န တိဋ္ဌန္တိ၊ မတည်ကုန်။ တသ္မာ၊ ထိုကြောင့်။ တေသံ၊ ထိုနိဗ္ဗာန်ပညတ်တရားတို့၏။ ဥပ္ပါဒါယ ဝါ၊ ဖြစ်ပွားပေါ်ပေါက်ခြင်းငှါလည်းကောင်း။ ဌိတိယာ ဝါ၊ တည်တံ့ခြင်းငှါလည်းကောင်း။ ပစ္စယော နာမ၊ အကြောင်းတရားမည်သည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

www.dhammaransi.com



## ကုသိုလ်ချင်းချင်း အကုသိုလ်ချင်းချင်း အဗျာကတချင်းချင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ကုသလော၊ ကုသိုလ်တရားသည်။ ကုသလဿ၊ ကုသိုလ်တရားအား။ ဥပနိဿယော၊ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓံ၊ သဒ္ဓါတရားကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ကောင်းစွာခံယူ ဆောက်တည်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ပဋ္ဌာနပါဠိယံ၊ ပဋ္ဌာန်းပါဠိတော်၌။ သုပါကဋော၊ ကောင်းစွာ ထင်ရှား၏။ တထာ၊ ထိုအတူ။ ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါဏံ၊ သတ္တဝါကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ အရှင်မပေးသော ဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ ဣတိအာဒိနာ၊ စ၊ ဤသို့စသည်ဖြင့်လည်းကောင်း။ သပ္ပါယံဥတုံ၊ လျောက်ပတ်သောဥတုကို။ သပ္ပါယံဘောဇနံ၊ လျောက်ပတ်သော ဘောဇဉ်အာဟာရကို။ ဥပနိဿာယ၊ အမှီပြု၍။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ သုခံ၊ ချမ်းသာကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဣတိအာဒိနာ စ၊ ဤသို့ စသည်ဖြင့် လည်းကောင်း။ သုပါကဋော၊ အလွန်ပေါ်လွင်ထင်ရှား၏။ အကုသလော၊ အကုသိုလ်တရားသည်။ အကုသလဿ၊ အကုသိုလ်တရားအား။ အဗျာကတော၊ အဗျာကတတရားသည်။ အဗျာကတဿ၊ အဗျာကတတရားအား။ ဥပနိဿယော၊ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းသည်လည်း။ သုပါကဋော၊ အလွန် ပေါ်လွင်ထင်ရှား၏။

## ကုသိုလ်က အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ပန၊ အဖို့တစ်ပါးကို ဆိုဦးအံ့။ ကုသလော၊ ကုသိုလ်တရားသည်။ အကုသလဿပိ၊ အကုသိုလ်တရားအားလည်း။ ဗလဝူပနိဿယော၊ အားကြီးသော အကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူပြီး၍။ တေန ဒါနေန၊ ထိုသို့ပေးလှူရခြင်းကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥက္ကံသေတိ၊ ချီးမြှောက်၏။ ပရံ၊ သူတစ်ပါးကို။ ဝမ္ဘေတိ၊

www.dhammaransi.com



ကဲ့ရဲ့ရှုတ်ချ၏။ တထာ၊ ထိုအတူ။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ သမာဓိသမ္ပန္နော၊ သမာဓိနှင့်ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ ပညာသမ္ပန္နော၊ ပညာနှင့်ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥက္ကံသေတိ၊ ချီးမြှောက်၏။ ပရံ၊ သူတစ်ပါးကို။ ဝမ္ဘေတိ၊ ကဲ့ရဲ့ရှုတ်ချ၏။

## ကုသိုလ်တရားသည် အဗျာကတတရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ကုသလော၊ ကုသိုလ်တရားသည်။ အဗျာကတဿပိ၊ အဗျာကတတရားအားလည်း။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ စတုဘူမိကကုသလကမ္မာနိ ဝါ၊ ဘုံလေးပါး၌ဖြစ်သော ကုသိုလ်ကံတို့သည်လည်းကောင်း။ ကမ္မပရိဝါရာနိ၊ ကံ၏အခြံအရံဖြစ်ကုန်သော။ ကုသလာနိ ဝါ၊ ကုသိုလ်တို့သည်လည်းကောင်း။ ကာလန္တရေ၊ ကာလတစ်ပါး၌။ စတုဘူမိကာနံ၊ ဘုံလေးပါး၌ဖြစ်ကုန်သော။ ဝိပါကာဗျာကတာနံ၊ ဝိပါက်အဗျာကတတရားတို့အား။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒါနပါရမီ၊ ဒါနပါရမီကို။ ပူရေန္တာ၊ ဖြည့်ကုန်သောသူတို့သည်။ ပူရဏကာလေ၊ ဖြည့်သောအခါကာလ၌။ ဗဟုံ၊ များစွာသော။ ကာယိကဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကို။ ပစ္စနုဘဝန္တိ၊ ခံစားကြရကုန်၏။ တထာ၊ ထိုအတူ။ သီလပါရမီ၊ သီလပါရမီကို။ နိက္ခမပါရမီ၊ နိက္ခမပါရမီကို။ ပညာပါရမီ၊ ပညာပါရမီကို။ ဝီရိယပါရမီ၊ ဝီရိယပါရမီကို။ ခန္တီပါရမီ၊ ခန္တီပါရမီကို။ သစ္စပါရမီ၊ သစ္စပါရမီကို။ အဓိဋ္ဌာနပါရမီ၊ အဓိဋ္ဌာန်ပါရမီကို။ မေတ္တာပါရမီ၊ မေတ္တာပါရမီ၊ မေတ္တာပါရမီကို။ ဥပေက္ခာပါရမီ၊ ဥပေက္ခာပါရမီကို။ ပူရေန္တာ၊ ဖြည့်ကုန်သောသူတို့သည်။ ပူရဏကာလေ၊ ဖြည့်သောအခါကာလ၌။ ဗဟုံ၊ များစွာသော။ ကာယိကဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကို။ ပစ္စနုဘဝန္တိ၊ ခံစားကြရကုန်၏။ ဈာနဘာဝနာ မဂ္ဂဘာဝနာသုပိ၊ ဈာန်ကိုပွားရာ မဂ်ကိုပွားရာတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။

မိခင်ဧရာဝတီ

www.dhammaransi.com



## အကုသိုလ်တရားသည် ကုသိုလ်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အကုသလော၊ အကုသိုလ်တရားသည်။ ကုသလဿပိ၊ ကုသိုလ်တရားအားလည်း။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣဓမေ၊ ဤလောက၌။ ကေစ္စော၊ အချို့သော သူသည်။ ပါပံ၊ မကောင်းမှုကို။ ကတွာ၊ ပြုပြီး၍။ ပစ္ဆာ၊ နောက်ကာလ၌။ ဝိပ္ပဋိသာရီ၊ နှလုံးသာယာခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ တဿ ပါပဿ၊ ထိုမကောင်းမှုကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဒါနသီလဈာနမဂ္ဂကုသလာနိ၊ ဒါနကုသိုလ်, သီလကုသိုလ်, ဈာန်ကုသိုလ်, မဂ်ကုသိုလ်တို့ကို။ သမ္ပာဒေတိ၊ ပြည့်စုံစေ၏။ တံ ပါပံ၊ ထိုပြုခဲ့ဖူးသော မကောင်းမှုအကုသိုလ်ကံသည်။ တေသံ ကုသလာနံ၊ ထိုကုသိုလ်စသည်တို့အား။ ဗလဝူပနိဿယော၊ အားကြီးသော အကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အကုသိုလ်တရားသည် အဗျာကတတရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အကုသလော၊ အကုသိုလ်တရားသည်။ အဗျာကတဿပိ၊ အဗျာကတ တရားအားလည်း။ ဗလဝူပနိဿယော၊ အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤလောက၌။ ဗဟူ၊ များစွာကုန်သော။ ဇနာ၊ လူတို့သည်။ ဒုစ္စရိတာနိ၊ ဒုစရိုက်အမှုတို့ကို။ ကတွာ၊ ပြုကုန်ပြီး၍။ စတူသုအပါယေသု၊ အပါယ်လေးပါးတို့၌။ ပတိတွာ၊ ကျကုန်၍။ အပါယ်ဒုက္ခံ၊ အပါယ်ဆင်းရဲကို။ ပစ္စနုဘဝန္တိ၊ ခံစားကြရကုန်၏။ ဒိဋ္ဌေဓမ္မေပိ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လည်း။ ကေစိ၊ အချို့ကုန်သော သူတို့သည်။ အတ္တနော ဝါ၊ မိမိ၏လည်းကောင်း။ ပရဿ ဝါ၊ သူတစ်ပါး၏လည်းကောင်း။ ဒုစ္စရိတကမ္မပစ္စယာ၊ ဒုစရိုက်မကောင်းမှုတည်းဟူသော အကြောင်းကြောင့်။ ဗဟုံ၊ များစွာသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘဝန္တိ၊ ခံစားကြရကုန်၏။ ကေစိ၊ အချို့သော သူတို့သည်။ သုခံ၊ ချမ်းသာကို။ ပစ္စနုဘဝန္တိ၊ ခံစားကြရကုန်၏။ ဗဟုဇ္ဇနာ၊

www.dhammaransi.com



များစွာသော လူတို့သည်။ ရာဂမူလကံ၊ ရာဂလျှင်အကြောင်းရင်းရှိသော။ ဗဟုံဒုက္ခံ၊ များစွာသော အကြောင်းရင်းရှိသော။ မောဟမူလကံ၊ မောဟလျှင် အကြောင်းရင်း ရှိသော။ ဒိဋ္ဌိမူလကံ၊ ဒိဋ္ဌိလျှင်အကြောင်းရင်းရှိသော။ မာနမူလကံ၊ မာနလျှင် အကြောင်းရင်းရှိသော။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဝိတ္ထာရေ၊ အကျယ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## အဗျာကတတရားသည် ကုသိုလ်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အဗျာကတော၊ အဗျာကတတရားသည်။ ကုသလဿပိ၊ ကုသိုလ်တရား အားလည်း။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ခေသမ္ပတ္တိယာ၊ ဥစ္စာ၏ပြည့်စုံခြင်းကြောင့်။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ သီလံ၊ သီလကို။ ပူရေတိ၊ ဖြည့်၏။ ပညံ၊ ပညာကို။ ပူရေတိ၊ ဖြည့်၏။ ဘာဝနာသပ္ပါယံ၊ ဘာဝနာအားလျော်သော။ အာဝါသံ ဝါ၊ ကျောင်းကိုလည်းကောင်း။ လေဏံ ဝါ၊ လိုဏ်ကိုလည်းကောင်း။ ဂုဟံ ဝါ၊ ဂူကိုလည်းကောင်း။ ရုက္ခံ ဝါ၊ သစ်ပင်ကိုလည်းကောင်း။ အရညံ ဝါ၊ တောကို လည်းကောင်း။ ပဗ္ဗတံ ဝါ၊ တောင်ကိုလည်းကောင်း။ ဂေါစရဂါမံ ဝါ၊ ဆွမ်းခံ ကျက်စားရာရွာကိုလည်းကောင်း၊ ဥတုသပ္ပါယံ ဝါ၊ လျောက်ပတ်သော ဥတုကို လည်းကောင်း။ အာဟာရသပ္ပါယံ ဝါ၊ လျောက်ပတ်သော အာဟာရကိုလည်း ကောင်း။ လတိတွာ၊ ရ၍။ တံတံဘာဝနံ၊ ထိုသမထဘာဝနာ ဝိပဿနာဘာဝနာကို။ ဘာဝေတိ၊ ပွားစေ၏။

## အဗျာကတတရားသည် အကုသိုလ်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

အဗျာကတော၊ အဗျာကတတရားသည်။ အကုသလဿပိ၊ အကုသိုလ် တရားအားလည်း။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ လောကေ၊ လောက၌။ စက္ခုသမ္ပဒံ၊

www.dhammaransi.com



စက္ခု၏ပြည့်စုံခြင်းကို။ နိဿာယ၊ အမှီပြု၍။ ဗဟူနိ၊ များစွာကုန်သော။ ဒဿနမူလာနိ၊ မြင်ခြင်းလျှင် အကြောင်းရင်းရှိကုန်သော။ အကုသလာနိ၊ အကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သောတသမ္ပဒါဒီသု၊ နား၏ ပြည့်စွခြင်း အစရှိသည်တို့၌လည်း။ ဧသနယော၊ ဤစက္ခုဥ္ဆိုအပ်သောနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တထာ၊ ထိုအတူ။ ဟတ္ထသမ္ပဒံ၊ လက်၏ပြည့်စုံခြင်းကို။ ပါဒသမ္ပဒံ၊ ခြေ၏ပြည့်စုံခြင်းကို။ သတ္ထသမ္ပဒံ၊ ဓား၏ပြည့်စုံခြင်းကို။ အာဝုဓသမ္ပဒံ၊ လက်နက်၏ပြည့်စုံခြင်းကို။ နိဿာယ၊ အမှီပြု၍။ ဣတိအာဒိနာပိ၊ ဤသို့စသည် ဖြင့်လည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ ဥပနိဿယော၊ ဥပနိဿယပစ္စည်းသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## သုတ္တန္တူပနိဿယကို လင်းပြခြင်း

ဣဓ၊ ဤအရာ၌။ သုတ္တန္တူပနိဿယောပိ၊ သုတ္တန်ဥပနိဿယပစ္စည်းကို လည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ကလျာဏမိတ္တံ၊ ကောင်းသောအဆွေခင်ပွန်းကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါပမိတ္တံ၊ ယုတ်မာသောအဆွေခင်ပွန်းကို။ ဥပနိဿယ၊ အမှီပြု၍။ ဂါမံ၊ ရွာကို။ ဥပနိဿာယ၊ အမှီပြု၍။ အရညံ၊ တောကို။ ဥပနိဿာယ၊ အမှီပြု၍။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဗဟူသု ဌာနေသု၊ များစွာသော အရာဌာနတို့၌။ အာဂတော၊ လာ၏။ အပိ စ၊ စင်စစ်သော်ကား။ ပဉ္စနိယာမဓမ္မာ၊ နိယာမတရားငါးပါးတို့သည်။ သတ္တလောက သင်္ခါရလောက ဩကာသလောက သင်္ခါတာနံ၊ သတ္တလောက သင်္ခါရလောက ဩကာသလောကဟု ဆိုအပ်ကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ လောကာနံ၊ လောကတို့၏။ အဝိစ္ဆိန္နပ္ပဝတ္တိယာ၊ မပြတ်မစဲ တသဲသဲဖြစ်ခြင်းငှါ။ ဗလဝပစ္စယာ၊ အားကြီးသော အကြောင်းတို့သည်။ ဝါ၊ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယမ္ပိ အတ္ထော၊ ဤအနက်အဓိပ္ပါယ်ကိုလည်း။ နိယာမဒီပနိယံ၊ နိယာမဒီပနီ ကျမ်း၌။ အမှေဟိ၊ ငါတို့သည်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဒီပိတော၊ ပြအပ်ပြီ။ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်တည်း။

## မိခင်ဧရာဝတီ

www.dhammaransi.com



## အာရမ္မဏူပနိဿယသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အာရမ္မဏူ- ပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်း မည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အဓိပတိဘူတံ၊ အဓိပတိဖြစ်၍ဖြစ်သော။ အာရမ္မဏမေဝ၊ အာရုံသည်သာလျှင်။ အာရမ္မဏိကဓမ္မာနံ၊ အာရုံပြုခြင်းရှိသော အာရမ္မဏိက တရားတို့၏။ ဗလဝနိဿယဋ္ဌေန၊ အားကြီးသော မှီရာအကြောင်းဖြစ်သော အနက် ကြောင့်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယ မည်၏။

## အနန္တရူပနိဿယသဒ္ဒါ၏အနက်ကို ဥပမာနှင့်တကွ လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အနန္တရူပ- နိဿယော၊ အနန္တရူပနိဿယ မည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပုရိမံ၊ ရှေးဖြစ်သော။ အနန္တရစိတ္တမေဝ၊ အခြားမရှိသော စိတ်သည် သာလျှင်။ ပစ္ဆိမဿ၊ နောက်ဖြစ်သော။ အနန္တရစိတ္တဿ၊ အခြားမရှိသော စိတ်၏။ ဥပ္ပဇ္ဇနတ္ထာယ၊ ဖြစ်ခြင်းငှါ။ ဗလဝနိဿယဋ္ဌေန၊ အားကြီးသော မှီရာဟူသော အနက်ကြောင့်။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယမည်၏။ ပုရိမစိတ္တံ၊ ရှေးဖြစ်သော စိတ်ကို။ မာတာဝိယ၊ အမိကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပစ္ဆိမစိတ္တံ၊ နောက်ဖြစ်သောစိတ်ကို။ ပုတ္တော ဝိယ၊ သားကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မာတာ၊ အမိသည်။ အတ္တနော၊ မိမိ၏။ အနန္တရေ၊ အခြားမဲ့၌။ ပုတ္တဿ၊ သား၏။ ဥပ္ပဇ္ဇနတ္ထာယ၊ ဖြစ်ခြင်းငှါ။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ တထာ၊ ထိုအတူ။ ပုရိမစိတ္တံ၊ ရှေးဖြစ်သောစိတ်သည်။ ပစ္ဆိမစိတ္တဿ၊ နောက်ဖြစ်သော စိတ်၏။ ဥပ္ပဇ္ဇနတ္ထာယ၊ ဖြစ်ခြင်းငှါ။ ဗလဝူပနိဿယော၊ အားကြီးသောအကြောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

www.dhammaransi.com



## ပကတူပနိဿယသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပကတူ-ပနိဿယော၊ ပကတူပနိဿယမည်သနည်း။ တ္တတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပကတိယာဝ၊ ပြကတေ့သဘောအားဖြင့်ပင်လျှင်။ လောကေ၊ လောက၌။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့၏။ ပါကဋ္ဌော၊ ထင်ရှားသော။ ဥပနိဿယော၊ မှီရာအားကြီးသောအကြောင်းသည်။ ပကတူပနိဿယော၊ ပကတူပနိဿယ မည်၏။

## အနန္တရူပနိဿယနှင့် ပကတူပနိဿယတို့၏ သတ္တိထူးခြားပုံကို လင်းပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ တ္တေ၊ ဤဥပနိဿယပစ္စည်း၌။ အနန္တရူပနိဿယာ-နုဘာဝေါ၊ အနန္တရူပနိဿယပစ္စည်း၏ သတ္တိသည်။ အနန္တရစိတ္တေ ဧဝ၊ အခြားမဲ့သော စိတ်၌သာလျှင်။ ဖရတိ၊ ကျရောက်ပျံ့နှံ့၏။ ပကတူပနိဿယာနုဘာဝေါပန၊ ပကတူပနိဿယပစ္စည်း၏ သတ္တိသည်ကား။ ဒူရေပိ၊ အဝေး၌လည်း။ ဖရတိယေဝ၊ ပျံ့နှံ့သည်သာလျှင်တည်း။ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ တ္တမသ္မိံ ဘဝေ၊ ဤဘဝ၌။ ပုရိမေသု ဒိဝသေသု ဝါ၊ ရှေးရှေးသောနေ့တို့၌လည်းကောင်း။ ပုရိမေသု မာသေသု ဝါ၊ ရှေးရှေးသောလတို့၌လည်းကောင်း။ ပုရိမေသု သံဝစ္ဆရေသု ဝါ၊ ရှေးရှေးသောနှစ်တို့၌လည်းကောင်း။ ဒိဋ္ဌ သုတ ဃာယိတသာယိတ ဖုသိတ ဝိညာတာနိ၊ မြင်ဖူး, ကြားဖူး, နမ်းဖူး, လျက်ဖူး, တွေ့ထိဖူး, သိဖူးကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့သည်။ ပစ္ဆာ၊ နောက်ကာလ၌။ တထာရူပေ၊ ထိုသို့သဘောရှိသော။ ပစ္စယေ၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ဝဿသတေပိ၊ အနှစ်တစ်ရာကာလ ကြာသောအခါ၌လည်း။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါတံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ မယာ၊ ငါသည်။ တ္တဒံနာမ၊ ဤမည်သော ရူပါရုံ သဒ္ဒါရုံ စသည်ကို။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဒိဋ္ဌံ၊ မြင်ဖူး၏။ သုတံ၊ ကြားဖူး၏။ တ္တတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ အနုဿရန္တိ၊ အောက်မေ့မှတ်မိကြကုန်၏။ ဩပပါတိကသတ္တာ

www.dhammaransi.com



ပန၊ သတ္တဝါတို့သည်။ အနုဿရန္တိ၊ အောက်မေ့မှတ်မိကြကုန်၏။ ဩပပါတိကသတ္တာပန၊ ဥပပါတ်ပဋိသန္ဓေနေသော သတ္တဝါတို့သည်ကား။ ပုရိမဘဝံပိ၊ ရှေးအတိတ်ဘဝကိုလည်း။ အနုဿရန္တိ၊ အောက်မေ့မှတ်မိကြကုန်၏။ တထာ၊ ထိုအတူ။ မနုဿေသုပိ၊ လူတို့တွင်လည်း။ အပ္ပေကစ္စေ၊ အချို့သော လူတို့သည်။ ဇာတိဿရသညာလာဘိနော၊ ရှေးအတိတ်ဘဝကို မှတ်မိတတ်သော သညာကို ရကြကုန်၏။ တထာ၊ ထိုအတူ။ ပုဗ္ဗေ၊ ရှေးအခါ၌။ အနေကသတသဟဿေသု၊ အရာအထောင်မကကုန်သော။ ဒိဋ္ဌာဒီသု၊ မြင်ဖူး, ကြားဖူးအပ်သည် အစရှိကုန်သော။ ဝတ္ထူသု၊ ရူပါရုံစသော ဝတ္ထုတို့တွင်။ ပစ္ဆာ၊ နောက်ကာလ၌။ ကေသိဉ္စိ ခဏေ၊ တစ်ခုသောခဏ၌။ ဧကံ ဝတ္ထုံ၊ တစ်ခုသော အာရုံဝတ္ထုကို။ ဒိသွာ ဝါ၊ မြင်၍လည်းကောင်း။ သုတွာ ဝါ၊ ကြား၍လည်းကောင်း။ တသ္မိံ ဧဝ ခဏေ၊ ထိုမြင်ဆဲ, ကြားဆဲခဏ၌သာလျှင်။ တေသု၊ ထိုမြင်ဖူး, ကြားဖူးသော ဝတ္ထုအာရုံတို့သည်။ ဗဟူသုပိ၊ များကုန်သော်လည်း။ မနောဝိညာဏသန္တာနံ၊ မနောဝိညာဉ်အစဉ်ကို။ ဖရမာနံ၊ နှံ့လျက်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသည်လျှင် အပြီးသတ်တည်း။

**ဥပနိဿယပစ္စယဒီပနာ၊ ဥပနိဿယပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၀– ပုရေဇာတပစ္စယော

## ပုရေဇာတပစ္စည်း၏ ဘေဒကိုခွဲခြား၍ပြခြင်း

ပုရေဇာတပစ္စယော၊ ပုရေဇာတပစ္စည်းသည်။ ဝတ္ထုပုရေဇာတပစ္စယော စ၊ ဝတ္ထုပုရေဇာတပစ္စည်းလည်းကောင်း။ အာရမ္မဏပုရေဇာတပစ္စယော စ၊ အာရမ္မဏပုရေဇာတပစ္စည်းလည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတပစ္စယော စ၊ ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။

www.dhammaransi.com



## ဝတ္ထုပုရေဇာတနှင့် ဝတ္ထာရမ္မဏ ပုရေဇာတနှစ်ပါးတို့သည် ပုရေဇာတရိုးရိုးနှင့် တူသည်၏အဖြစ်ကိုညွှန်ပြခြင်း

ဝတ္ထု၊ ထိုသုံးပါးအပြားရှိသော ပုရေဇာတပစ္စည်း၌။ ဝတ္ထု ပုရေဇာတော စ၊ ဝတ္ထုပုရေဇာတ ပစ္စည်းကိုလည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတော စ၊ ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းကိုလည်းကောင်း။ ပုဗ္ဗေ၊ ရှေး၌။ နိဿယပစ္စယေ၊ နိဿယပစ္စည်း၌။ နိဿယနာမေန၊ နိဿယပစ္စည်းဟူသော အမည်အားဖြင့်။ ဝုတ္တာ ဧဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

## အာရမ္မဏပုရေဇာတ၌ ပစ္စည်းပစ္စယုပ္ပန်တရားများကို ဝေဖန်ပြီးလျှင် ကျေးဇူးပြုပုံကို ဥပမာနှင့်တကွ လင်းပြခြင်း

အာရမ္မဏ ပုရေဇာတော နာမ၊ အာရမ္မဏပုရေဇာတပစ္စည်း မည်သည်ကား။ ပစ္စုပ္ပန္နာနိ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ အဋ္ဌာရသ၊ တစ်ဆယ့်ရှစ်ပါးကုန်သော။ နိပ္ဖန္နရူပါနိ ဧဝ၊ နိပ္ဖန္နရုပ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသုပိ၊ ထိုတစ်ဆယ့်ရှစ်ပါးသော နိပ္ဖန္နရုပ်တို့တွင်လည်း။ ပစ္စုပ္ပန္နာနိ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ရူပသဒ္ဒါဒီနိ၊ ရူပါရုံ, သဒ္ဒါရုံအစရှိကုန်သော။ ပဉ္စာရမ္မဏာနိ၊ ပဉ္စာရုံတို့သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ပဉ္စဝိညာဏဝီထိစိတ္တာနံ၊ ပဉ္စဝိညာဉ်ဝီထိစိတ်တို့အား။ နိယမတော၊ မြဲသောအားဖြင့်။ အာရမ္မဏပုရေဇာတပစ္စယာ၊ အာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာဟိ၊ ဥပမာမည်သည်ကား။ ဝီဏာသဒ္ဒါ နာမ၊ တယောသံတို့မည်သည်ကား။ ဝီဏာတန္တိသု၊ တယောကြိုးတို့၌။ ဝီဏာဒဏ္ဍကေန၊ တယောထိုးတံဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဧဝ္ဍ၊ ဤဆိုခဲ့တိုင်းသာလျှင်။ သတိ၊ ဖြစ်သည်ရှိသော်။ တေ သဒ္ဒါ၊ ထိုတယောသံတို့သည်။ ပုရေဇာတာဟိ၊ အသံမပေါ်ပေါက်မီ ရှေးဦးစွာ ဖြစ်နှင့်ရှိနှင့် ကုန်သော။ ဝီဏာတန္တိ ဝီဏာဒဏ္ဍကေဟိ၊ တယောကြိုး, တယောထိုးတံတို့နှင့်။ ဝိနာ၊ ကင်း၍။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ပေါ်ခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဧဝမေတံ၊ ဤအတူသာလျှင်။ ပဉ္စဝိညာဏဝီထိစိတ္တာနိပိ၊ ပဉ္စဝိညာဉ်ဝီထိစိတ်တို့သည်လည်း။ ပဉ္စသု ဝတ္ထုဒွါရေသု၊ ငါးပါးသော ဝတ္ထုဒွါရတို့၌။

www.dhammaransi.com



ပဥ္စန္နံ၊ ငါးပါးကုန်သော။ အာရမ္မဏာနံ၊ အာရုံတို့၏။ အာပါတာဂမနပစ္စယာ ဧဝ၊ ထင်ခြင်းသို့ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အာပါထာဂမနဥ္စ၊ ထင်ခြင်းသို့ ရောက်ခြင်းသည်လည်း။ တေသံ ဒွိန္နံ၊ ထို၀တ္ထုအာရုံနှစ်ပါးတို့၏။ ဌိတိပတ္တကာလေ ဧဝ၊ ဌီခဏသို့ ရောက်သော အခါ၌သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မိံကာလေ၊ ထိုသို့ထင်ခြင်းသို့ ရောက်သော အခါ၌။ တာနိပဥ္စာရမ္မဏာနိ၊ ထိုငါးပါးသော အာရုံတို့သည်။ တေသုပဥ္စသု ဝတ္ထူသု ဧဝ၊ ထိုငါးပါးသော ဝတ္ထုတို့၌သာလျှင်။ ကေဝလံ၊ သက်သက်။ အာပါတံ၊ ထင်ခြင်းသို့။ န စ အာဂစ္ဆန္တိ၊ ရောက်ကုန်သည်မဟုတ်သေး။ အထ ခေါ၊ စင်စစ်သော်ကား။ ဘဝင်္ဂမနောဒွါရေပိ၊ ဘဝင်ဟုဆိုအပ်သော မနောဒွါရ၌လည်း။ အာပါတံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိယေဝ၊ ရောက်ကုန်သေးသည်သာလျှင်တည်း။ တသ္မိံ၊ ထိုမနောဒွါရ၌။ အာပါထာဂမနတ္တာ ဧဝ၊ ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့်သာလျှင်။ တံဘဝင်္ဂံပိ၊ ထိုဘဝင်သည်လည်း။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ စလိတွာ၊ လှုပ်၍။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်လေ၏။ ဘဝင်္ဂုပစ္ဆေဒေ ဧဝ၊ ဘဝင်ပြတ်သော်သာလျှင်။ တာနိ ဝီထိစိတ္တာနိ၊ ထိုပဥ္စဒွါရဝီထိစိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဧဝဥ္စ၊ ဤဆိုခဲ့တိုင်းသာလျှင်။ သတိ၊ ဖြစ်သည်ရှိသော်။ တာနိ ဝီထိစိတ္တာနိ၊ ထိုပဥ္စဒွါရဝီထိစိတ်တို့သည်။ ပုရေဇာတေဟိ၊ မိမိတို့မဖြစ်မီ ရှေးအတီတ ဘဝင်တစ်ချက်လွန်စသည်နှင့် ပြိုင်၍ဖြစ်နှင့်ကုန်ပြီးသော။ ဝတ္ထုဒွါရာရမ္မဏေဟိ၊ ဝတ္ထုဒွါရအာရုံတို့နှင့်။ ဝိနာ၊ ကင်း၍။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်သလော။ တ္တတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပန၊ အဖြေကိုဆိုဦးအံ့။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာနိ အဋ္ဌာရသ- နိပ္ဖန္နရူပါနိ၊ ထိုတစ်ဆယ့်ရှစ်ပါးသော နိပ္ဖန္နရုပ်တို့သည်။ နိရုဒ္ဓါနိ၊ ချုပ်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ အတီတာနိပိ၊ အတိတ်ဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုပ္ပန္နာနိ၊ မဖြစ်သေးကုန်သည်။ ဟုတွာ၊ ဖြစ်၍။ အနာဂတာနိပိ၊ အနာဂတ် တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်ဆဲတို့သည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စုပ္ပန္နာနိပိ၊ ပစ္စုပ္ပန်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာနိပိ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အလုံးစုံဖြစ်ကုံသော နိပ္ဖန္နရုပ်တို့သည်လည်း။

www.dhammaransi.com



မနောဝိညာဏဝီထိစိတ္တာနံ၊ မနောဝိညာဉ် ဝီထိစိတ်တို့၏။ အာရမ္မဏာနိ၊ အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုကာလသုံးပါး၌ ဖြစ်ကုန်သော နိပ္ဖန္နရုပ်တို့တွင်။ ပစ္စုပ္ပန္နာနိ ဧဝ၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ်တို့သည်သာလျှင်။ တေသံ၊ ထိုပဉ္စဒွါရဝီထိစိတ်တို့အား။ အာရမ္မဏပုရေဇာတပစ္စယာ၊ အာရမ္မဏပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယဒါ၊ အကြင်အခါ၌။ ဒူရေ ဝါ၊ အဝေး၌လည်းကောင်း။ ပဋိစ္ဆန္နေ ဝါ၊ ဖုံးလွှမ်းသောအရပ်၌ာန၌လည်းကောင်း။ ဌိတံ၊ တည်သော။ တံတံအာရမ္မဏဝတ္ထုံ၊ ထိုထိုအာရုံဝတ္ထုကို။ မနသာ ဧဝ၊ စိတ်ဖြင့်သာလျှင်။ ဝါ၊ မနောဒွါရဝီထိစိတ်ဖြင့်သာလျှင်။ အာရမ္မဏံ ကရောတိ၊ အာရုံပြု၏။ ဝါ၊ မနောဒွါရဝီထိစိတ်ဖြင့်သာလျှင်။ အာရမ္မဏံ ကရောတိ၊ အာရုံပြု၏။ တဒါ၊ ထိုအခါ၌။ တံတံဝတ္ထု၊ ထိုထိုအဝေးမျက်ကွယ်၌တည်သော အာရုံဝတ္ထုသည်။ သစေ၊ အကယ်၍။ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသည်။ ဟောတိ၊ ဖြစ်ငြားအံ့။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန်အာရုံမည်သည်။ ဟောတိ၊ ဖြစ်၏။

**ပုရေဇာတပစ္စယဒီပနာ၊ ပုရေဇာတပစ္စည်းကို လင်းပြခြင်းသည်။**
**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၁- ပစ္ဆာဇာတပစ္စယော

## ပစ္ဆာဇာတ၌ ပစ္စည်း ပစ္စယုပ္ပန် သရုပ်ကိုပြ၍ ကျေးဇူးပြုပုံကို ဥပမာဆောင်၍ လင်းပြခြင်း

ပစ္ဆိမံ ပစ္ဆိမံ၊ နောက်နောက်ဖြစ်သော။ ပစ္စုပ္ပန္နံ၊ ထင်ရှားဖြစ်ဆဲသော။ စိတ္တံ၊ စိတ်သည်။ ပုရေဇာတဿ၊ ရှေး၌ဖြစ်နှင့်သော။ ပစ္စုပ္ပန္နဿ၊ ဌီခဏသို့ ရောက်၍ ထင်ရှားတည်ရှိသော။ စတုသမုဋ္ဌာနိကဿ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်သော။ ရူပကာယဿ၊ ရုပ်အပေါင်းအား။ ဝုဒ္ဓိဝိရုဋ္ဌိယာ၊ ကြီးပွားစည်ပင်စေခြင်းငှါ။ ပစ္ဆာဇာတ ပစ္စယော၊ ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ အခြင်းအရာသည်။ ကထမံ၊ အဘယ်ကဲ့သို့နည်းဟူမူ။

www.dhammaransi.com



ပစ္ဆိမဝသေသု၊ နောက်နောက်သော နှစ်တို့၌။ အနုဝဿံ၊ နှစ်စဉ်။ ဝဿမာနာနိ၊ ရွာသွန်းကုန်သော။ ဝဿောဒကာနိ၊ မိုးရေတို့သည်။ ပုရိမဝသေသု၊ ရှေးရှေးသော နှစ်တို့၌။ ဇာတာနံ၊ ပေါက်ရောက်ကုန်သော။ ရုက္ခပေါတကာနံ၊ သစ်ပင်ငယ်တို့ အား။ ဝုဒ္ဓိဝိရုဠှိယာ၊ ကြီးပွားစည်ပင်စေခြင်းငှါ။ ပစ္ဆာဇာတပစ္စယာ၊ နောက်မှဖြစ်၍ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။'

## ပစ္ဆိမစိတ်၏အရနှင့် ပုရေဇာတရုပ်၏အရကို ကောက်ပြခြင်း

တတ္ထ၊ ထိုပစ္ဆာဇာတပစ္စည်း၌။ ပစ္ဆိမံ စိတ္တန္တိ၊ နောက်နောက်ဖြစ်သော စိတ်ဟူသည်ကား။ ပဌမဘဝင်္ဂတော၊ ပဋိသန္ဓေနောင် ရှေးဦးစွာဖြစ်သော ပဌမဘဝင်မှ။ ပဋ္ဌာယ၊ အစပြု၍။ ယာဝစုတိစိတ္တာ၊ စုတိစိတ်တိုင်အောင်။ သဗ္ဗံ၊ အလုံးစုံသော။ စိတ္တံ၊ စိတ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ပုရေဇာတဿာတိ၊ ရှေးဦးစွာ ဖြစ်နှင့်သော ရုပ်ဟူသည်ကား။ ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟုပ္ပန္နံ၊ တကွဖြစ်သော။ ကမ္မဇရူပကာယံ၊ ကမ္မဇရုပ်အပေါင်းကို။ အာဒိံကတွာ၊ အစပြု၍။ အဇ္ဈတ္တသန္တာနပရိယာပန္နော၊ အဇ္ဈတ္တသန္တာန်၌ အကျုံးဝင်သော။ သဗ္ဗော၊ ခပ်သိမ်းသော။ စတုသမုဋ္ဌာနိကရူပကာယော၊ စတုသမုဋ္ဌာနိကရုပ်အပေါင်းကို။ ဝုစ္စတိ၊ ဆိုအပ်၏။

## ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ကမ္မဇရုပ်အား ပဋိသန္ဓိစိတ်သောဠသမဘဝင်စိတ်တို့သည် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်သည့်အဖြစ်ကို ပြခြင်း

ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟုပ္ပန္နဿ၊ အတူတကွဖြစ်သော။ ကမ္မဇရူပကာယဿ၊ ကမ္မဇရုပ်အပေါင်းအား။ ပဌမဘဝင်္ဂါဒီနိ၊ ပဌမဘဝင် အစရှိကုန်သော။ ပန္နရသဘဝင်္ဂစိတ္တာနိ၊ တစ်ဆယ့်ငါးချက်သော ဘဝင်စိတ် တို့သည်။ ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိသန္ဓိစိတ္တံ ပန၊ ပဋိသန္ဓိစိတ်သည်ကား။ တေန ကာယေန၊ ထိုကမ္မဇကာယနှင့်။ သဟုပ္ပန္နတ္တာ၊ အတူတကွဖြစ်သည်၏အဖြစ်ကြောင့်။

www.dhammaransi.com



ပစ္ဆာဇာတ၊ ပစ္ဆာဇာတပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ သောဠသမဘာဝင်္ဂစိတ္တဋ္ဌ၊ တစ်ဆယ့်ခြောက်ချက်မြောက်ဖြစ်သော ဘဝင်စိတ်သည်ကား။ တဿ ကာယဿ၊ ထိုပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သောကမ္မဇကာယ၏။ ဘိဇ္ဇနက္ခဏေ၊ ပျက်စီးသော အခိုက်၌။ ဝါ၊ ဘင်ခဏ၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ ပစ္စယော၊ ပစ္ဆာဇာတပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ပန္နရသဘာဝင်–စိတ္တာနီတိ၊ တစ်ဆယ့်ငါးချက်သော ဘဝင်စိတ်တို့ဟူ၍။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။

## ဒွိဇကာယ တိဇကာယ စတုဇကာယတို့ဖြစ်ပေါ်ပုံနှင့် ၎င်းတို့အား ပစ္ဆိမစိတ်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကို လင်းပြခြင်း

ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဌိတိက္ခဏေ ပန၊ ဌီခဏ၌ကား။ ကမ္မဇရူပကာယော စ၊ ကမ္မဇရုပ်ကလာပ်သည်လည်းကောင်း။ ဥတုဇရူပကာယော စ၊ ဥတုဇရုပ်ကလာပ်တို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်မျိုးကုန်သော။ ရူပကာယာ၊ ရုပ်ကလာပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထိုအတူ။ ဘင်္ဂက္ခဏေပိ၊ ဘင်ခဏ၌လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပဌမဘာဝင်္ဂဿ၊ ပဌမဘဝင်၏။ ဥပ္ပါဒက္ခဏေ ပန၊ ဥပါဒ်ခဏ၌ကား။ ကမ္မဇရူပကာယော စ၊ ကမ္မဇရုပ်ကလာပ်တို့သည်လည်းကောင်း။ ဥတုဇရူပကာယော စ၊ ဥတုဇရုပ်ကလာပ်တို့သည်လည်းကောင်း။ စိတ္တဇရူပကာယော စ၊ စိတ္တဇရုပ်ကလာပ်တို့သည်လည်းကောင်း။ ဣတိ၊ သို့။ တယော၊ သုံးမျိုးကုန်သော။ ရူပကာယာ၊ ရုပ်ကလာပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ယဒါ၊ အကြင်အခါ၌။ ဗဟိဒ္ဓါဟာရုပ္ပရဏံ၊ ဗဟိဒ္ဓဖြစ်သော အာဟာရ၌တည်သော ဩဇာ၏ပျံ့နှံ့ခြင်းကို။ လဘိတွာ၊ ရ၍။ အဇ္ဈတ္တာဟာရော၊ အဇ္ဈတ္တသန္တာန်ဟု ဆိုအပ်သော ရုပ်ကလာပ်သုံးမျိုး၌တည်ရှိသော ဩဇာသည်။ အာဟာရဇရူပကာယံ၊ အာဟာရဇရုပ်ကလာပ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ တဒါ၊ ထိုအာဟာရဇရုပ်ကို ဖြစ်စေသောအခါမှ။ ပဋ္ဌာယ၊ စ၍။ စတုသမုဋ္ဌာနိကာ၊ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်သော။ စတ္တာရော၊ လေးမျိုးကုန်သော။ ရူပကာယာ၊ ရုပ်ကလာပ်တို့သည်။ ဒီပဇာလာ ဝိယ၊ ဆီမီးလျှံတို့ကဲ့သို့။ ပဝတ္တန္တိ၊

www.dhammaransi.com



ဖြစ်ကုန်၏။ တေ၊ ထိုစတုသမုဋ္ဌာနိကရုပ်ကလာပ်တို့သည်။ ဥပ္ပါဒက္ခဏံ၊ ဥပါဒ်ခဏကို။ အတိက္ကမ္မ၊ လွန်၍။ ယာဝ၊ အကြင်မျှလောက်။ ဌိတိဘာဝေန၊ ဌီအဖြစ်ဖြင့်။ ဓရန္တိ၊ ထင်ရှားရှိကုန်၏။ တာဝ၊ ထိုမျှလောက်။ ပန္နရသစိတ္တာနိ၊ တစ်ဆယ့်ငါးချက်သော စိတ်တို့သည်။ တေသံ ကာယာနံ၊ ထိုစတုသမုဋ္ဌာနိက ရုပ်ကလာပ်တို့အား။ ပစ္ဆာဇာတပစ္စယာ၊ ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။

## ဝုဒ္ဓိဝိရုဠှိယာဟူသော စကား၏အဓိပ္ပါယ်ကို လင်းပြခြင်း

ဝုဒ္ဓိဝိရုဠှိယာတိ၊ ဝုဒ္ဓိဝိရုဠှိယာဟူသည်ကား။ စတုသမုဋ္ဌာနိကရူပ-သန္တတိယာ၊ စတုသမုဋ္ဌာနိကရုပ်အစဉ်၏။ ဥပရူပရိ၊ အဆင့်ဆင့်။ ဝုဒ္ဓိယာ စ၊ ကြီးပွားခြင်းငှါလည်းကောင်း၊ ဝိရုဠှိယာ စ၊ ပြန့်ပြောစည်ပင်ခြင်းငှါလည်းကောင်း။ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး ဖြစ်ကုန်သော။ စတ္တာရော၊ လေးမျိုးကုန်သော။ ရူပကာယာ၊ ရုပ်ကလာပ်တို့သည်။ ပစ္ဆာဇာတပစ္စယံ၊ ပစ္ဆာဇာတပစ္စည်းကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သစေ လဘန္တိ၊ အကယ်၍ ရကုန်သည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ရသည်။ သတိ၊ ရှိသော်။ တေ၊ ထိုစတုသမုဋ္ဌာနိတရုပ်ကလာပ်တို့သည်။ နိရုဇ္ဈန္တာပိ၊ ချုပ်ကုန်သော်လည်း။ ပစ္ဆာ၊ နောက်ကာလ၌။ ရူပသန္တတိပရမ္ပရာနံ၊ ရုပ်ကလာပ်အစဉ် အဆက်ဆက်တို့အား။ ဝုဒ္ဓိယာ စ၊ ကြီးပွားစေခြင်းငှါလည်းကောင်း။ ဝိရုဠှိယာ စ၊ စည်ပင်စေခြင်းငှါ လည်းကောင်း။ ဝေပုလ္လာယ စ၊ ပြန့်ပြောစေခြင်းငှါလည်းကောင်း။ ဗလဝပစ္စယာ၊ အားကြီးသော အကြောင်းတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**ပစ္ဆာဇာတပစ္စယဒီပနာ၊ ပစ္ဆာဇာတပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

www.dhammaransi.com



## ၁၂- အာသေဝနပစ္စယော

## အာသေဝနပစ္စည်းနှင့် ပစ္စယုပ္ပန်သရုပ်ကို ထုတ်ပြခြင်း

ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးသော။ အကုသလစိတ္တာနိ၊ အကုသိုလ်စိတ်တို့လည်းကောင်း။ သတ္တရသ၊ တစ်ဆယ့်ခုနစ်ပါးသော။ လောကိယကုသလစိတ္တာနိ၊ လောကီကုသိုလ်စိတ်တို့လည်းကောင်း။ အာဝဇ္ဇနဒွယဝဇ္ဇိတာနိ၊ အာဝဇ္ဇန်းနှစ်ပါးသည် ကြဉ်အပ်ကုန်သော။ အဋ္ဌာရသ၊ တစ်ဆယ့်ရှစ်ပါးသော။ ကိရိယစိတ္တာနိ၊ ကိရိယာစိတ်တို့လည်းကောင်း။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ သတ္တစတ္တာလီသံ၊ လေးဆယ့်ခုနစ်ပါးသော။ လောကိယဇဝနစိတ္တာနိ၊ လောကီဇောစိတ်တို့သည်။ အာသေဝနပစ္စယော၊ အာသေဝနပစ္စည်းတရား မည်၏။ တေသု၊ ထိုလောကီဇော သတ္တစတ္တာလီသတို့တွင်။ နိရန္တရပ္ပဝတ္တံ၊ အခြားမရှိ တစ်စပ်တည်းဖြစ်သော။ ဇဝနသန္တတိံ၊ ဇောအစဉ်သို့။ ပတ္တာ၊ ရောက်သော။ ပုရိမံ ပုရိမံ၊ ရှေးရှေးဖြစ်သော။ ဇဝနစိတ္တံ၊ ဇောစိတ်သည်။ အာသေဝနပစ္စယော၊ အာသေဝနပစ္စည်းတရား မည်၏။ စတူဟိ၊ လေးပါးကုန်သော။ မဂ္ဂစိတ္တေဟိ၊ မဂ်စိတ်တို့နှင့်တကွ။ ပစ္ဆိမံ ပစ္ဆိမံ၊ နောက်နောက်ဖြစ်သော။ စိတ္တံ၊ ဇောစိတ်သည်။ အာသေဝနပစ္စယုပ္ပန္နံ၊ အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန်တရား မည်၏။

## အာသေဝနသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အာသေဝနံ၊ အာသေဝနမည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဥပရူပရိ၊ အဆင့်ဆင့်အထပ်ထပ်။ ပဂုဏဘာဝန ဝမု နတ္ထဋ္ဌ၊ လေ့လာသည်၏ အဖြစ်၏ ကြီးပွားခြင်းငှါလည်းကောင်း။ ထာမဗလဝမု နတ္ထဋ္ဌ၊ အားအစွမ်း၏ကြီးပွားခြင်း ငှါလည်းကောင်း။ ပရိဝါသဂ္ဂါဟာပနဋ္ဌေန၊ အထုံဝါသနာကို ယူစေခြင်းတည်း ဟူသော အနက်ကြောင့်။ အာသေဝနံ၊ အာသေဝန မည်၏။

www.dhammaransi.com



## ပဂုဏဘာဝဟူသောစကား, ပရိဝါသဟူသောစကားတို့၏ အဓိပ္ပါယ်ကို လင်းပြခြင်း

တတ္ထ၊ ထိုစကား၌။ ပဂုဏဘာဝေါတိ၊ ပဂုဏဘာဝေါဟူသည်ကား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သဇ္ဈာယိတဿ၊ ရွတ်အံသရဇ္ဈာယ်အပ်သော။ ပါဠိ ပါဌဿ၊ ပါဠ်ပါဌ်ကို။ သုခေန၊ လွယ်ကူသဖြင့်။ ပဝတ္တနံ ဝိယ၊ ဖြစ်စေခြင်းကဲ့သို့။ ဇဝနဋ္ဌာနဇဝနကိစ္စသင်္ခါတော၊ ဇောဋ္ဌာန ဇောကိစ္စဟု ဆိုအပ်သော။ ဌာနကိစ္စ-ဝိသေသေ၊ ဌာနအထူးကိစ္စအထူး၌၊ ပစ္ဆိမပစ္ဆိမစိတ္တဿ၊ နောက်နောက်သော စိတ်ကို။ သုခေန၊ လွယ်ကူသဖြင့်။ ပဝတ္တနံ၊ ဖြစ်စေရခြင်းတည်း။ ပရိဝါသောနာမ၊ ပရိဝါသမည်သည်ကား။ ကောသေယျဝတ္ထံ၊ ပိုးချည်အဝတ်အထည်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သုဂန္ဓေန၊ အမွှေးအကြိုင်ဖြင့်။ ပရိဝါသနံ ဝိယ၊ ထုံခြင်းတပ်နှစ်သက်ခြင်းလောဘ ပြစ်မှားခြင်းဒေါသ အစရှိသည်ဖြင့်လည်းကောင်း။ အရဇ္ဇနအဒုဿနာဒိနာ ဝါ၊ မတပ်နှစ်သက်ခြင်း အလောဘ မပြစ်မှားခြင်း အဒေါသ အစရှိသည်ဖြင့်လည်းကောင်း။ ပရိဝါသနံ၊ ထုံခြင်းတည်း။ ပုရိမသ္မိံ၊ ရှေးဖြစ်သော။ ဇဝနစိတ္တေ၊ ဇောစိတ်သည်။ နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ တဿ၊ ထိုဇောစိတ်၏။ ဇဝနဝေဂေါ၊ ဇောအဟုန်သတ္တိသည်။ န နိရုဇ္ဈတိ၊ မချုပ်။ ပစ္ဆိမံ၊ နောက်ဖြစ်သော။ စိတ္တသန္တာနံ၊ စိတ်အစဉ်ကို။ ဖရမာနော၊ နှံ့လျက်။ ပဝတ္တတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ ပစ္ဆိမံ ပစ္ဆိမံ၊ နောက်နောက်ဖြစ်သော။ ဇဝနစိတ္တံ၊ ဇောစိတ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ တေနဝေဂေန၊ ထိုရှေးဇော၏အဟုန်သည်။ ပဂ္ဂဟိတံ၊ ချီးပင့်အပ်သည်ဖြစ်၍။ ဗလဝတရံ၊ အားရှိသည်ထက်အားရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဇဝံ၊ ဤသို့။ ပုရိမစိတ္တံ၊ ရှေးစိတ်သည်။ အတ္တနော၊ မိမိ၏။ ပရိဝါသံ၊ ထုံခြင်းကို။ ပစ္ဆိမစိတ္တံ၊ နောက်စိတ်ကို။ ဂဏှာပေတိ၊ ယူစေ၏။ ပစ္ဆိမဉ္စ စိတ္တံ၊ နောက်စိတ်သည်လည်း။ ပုရိမဿ စိတ္တဿ၊ ရှေးစိတ်၏။ ပရိဝါသံ၊ ထုံခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပဝတ္တတိ၊ ဖြစ်၏။ ဇဝံ၊ ဤသို့။ သန္တေပိ၊ ဖြစ်သော်လည်း။ သော အာသေဝနဝေဂေါ၊ ထိုအာသေဝနပစ္စယသတ္တိအဟုန်သည်။ ပကတိယာ၊ နိယာမသဘောအားဖြင့်။ သတ္တဟိ စိတ္တဝါရေဟိ၊ ခုနစ်ပါးသော စိတ်အကြိမ်တို့ဖြင့်။

www.dhammaransi.com



ပရိက္ခယံ၊ ကုန်ဆုံးခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (ကာမဇောကိုရည်သည်။ ရျာန်ဇောမှာကား ခုနစ်ကြိမ်မက။ များလှသော ဘာဝနာအဟယ်ဆုံးသည်တိုင်အောင် ဖြစ်၏။ ။ အမှာ)။ ။ တဃော၊ ထိုခုနစ်ကြိမ်သော ဇောဝါရမှ။ ပရံ၊ နောက်၌။ တဒါရမ္မဏဝိပါကစိတ္တံ ဝါ၊ တဒါရုံဝိပါက်စိတ်သည်မူလည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘဝင်္ဂစိတ္တဝါရော ဝါ၊ ဘဝင်စိတ်ဝါရသည်မူလည်း။ ပဝတ္တတိ၊ ဖြစ်၏။

## သုတ္တန်နည်းဖြင့် အာသေဝနပစ္စည်းကို လင်းပြခြင်း

တ္ထ၊ ဤအရာ၌။ သုတ္တန္တာသေဝနပစ္စယောပိ၊ သုတ္တန်အာသေဝနပစ္စည်းကိုလည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန်တရားကို။ ဘာဝေတိ၊ ပွားစေ၏။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်တရားကို။ ဘာဝေတိ၊ ၏။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်တရားကို။ ဘာဝေတိ၊ ပွားစေ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားကို။ ဘာဝေတိ၊ ပွားစေ၏။ သမ္မာဒိဋ္ဌိံ၊ သမ္မာဒိဋ္ဌိတရားကို။ ဘာဝေတိ၊ ပွားစေ၏။ သမ္မာသင်္ကပ္ပံ၊ သမ္မာသင်္ကပ္ပတရားကို။ ဘာဝေတိ၊ ပွားစေ၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ဗဟူသု ဌာနေသု၊ များစွာသော အရာဌာနတို့၌။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုပါဠိရပ်တို့၌။ ဘာဝေတီတိပဒဿ၊ ဘာဝေတိဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧကံပိ ဒိဝသံ၊ တစ်ရက်ပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ သတ္တပိ ဒိဝသာနိ၊ ခုနစ်ရပ်တို့ပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ ဧကံပိ မာသံ၊ တစ်လပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ သတ္တပိ မာသာနိ၊ ခုနစ်လတို့ပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ ဧကံပိ သံဝစ္ဆရံ၊ တစ်နှစ်ပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ သတ္တပိ သံဝစ္ဆရာနိ၊ ခုနစ်နှစ်တို့ပတ်လုံးလည်းကောင်း။ ဘာဝေတိ၊ ပွားစေ၏။ ဣတိအတ္ထော၊ ဤသို့သဘောရှိသော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

www.dhammaransi.com



## ရှေးရှေးဘဝက ကုသိုလ် အကုသိုလ်တရားတို့သည် နောက်နောက် ဘဝ၌ ကုသိုလ်အလိုက် ဖြစ်ခြင်းငှါ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုသည်ကိုပြခြင်း

ပုရိမပုရိမေသု ဘဝေသု၊ ရှေးရှေးကြာညောင်း ဘဝဟောင်း၌။ အာသေဝိတာနိ၊ အဖန်တလဲလဲ မှီဝဲထုံအပ်ကုန်သော၊ ဘာဝိတာနိ၊ ပွားစေအပ်ကုန်သော။ ဗဟုလီကတာနိ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သော၊ ကုသလာနိ ဝါ၊ ကုသိုလ်တရားတို့သည်လည်းကောင်း။ အကုသလာနိ ဝါ၊ အကုသိုလ်တရားတို့သည်လည်းကောင်း။ ပစ္ဆိမပစ္ဆိမေသု ဘဝေသု၊ နောက်နောက်ဖြစ်ပွားများစွာသော ဘဝသစ်တို့၌။ ဗလဝတရာနံ၊ အားကြီးသည်ထက် အားကြီးကုန်သော။ ကုသလာနံ ဝါ၊ ကုသိုလ်တို့၏လည်းကောင်း။ အကုသလာနံ ဝါ၊ အကုသိုလ်တို့၏လည်းကောင်း။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှါ။ အာသေဝနပစ္စယော၊ အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဥပနိဿယသတ္တိနှင့် အာသေဝနသတ္တိတို့ ထူးပုံကို လင်းပြခြင်း

ကာလန္တရေ ဝါ၊ ကာလတစ်ပါး၌လည်းကောင်း၊ ဘဝန္တရေ ဝါ၊ ဘဝတစ်ပါး၌လည်းကောင်း။ တာဒိသာနံ၊ ထိုသို့ သဘောရှိကုန်သော။ ကုသလာကုသလာနံ၊ ကုသိုလ်, အကုသိုလ်တရားတို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှါ။ ပစ္စယော၊ ကျေးဇူးပြုသော ပစ္စည်းသည်။ ဥပနိဿယပစ္စယော နာမ၊ ဥပနိဿယ ပစ္စည်းမည်၏။ တေသံယေဝ၊ ထိုကုသိုလ် အကုသိုလ်တရားတို့၏သာလျှင်။ ဗလဝတရတ္တာယ၊ အားရှိသည်ထက် အားရှိသည်၏အဖြစ်အလို့ငှါ။ ပစ္စယော၊ ကျေးဇူးပြုသော ပစ္စည်းသည်။ အာသေဝနပစ္စယော နာမ၊ အာသေဝနပစ္စည်း မည်၏။

## အာသေဝန အကျိုးဆက်တရားတို့ကို လင်းပြခြင်း

လောကေပိ၊ လောက၌လည်း။ မဟန္တေသု၊ ကြီးကျယ်ကုန်သော။ စိတ္တဘာဝနာကမ္မေသု၊ စိတ်ဖြင့်ပွားများအားထုတ်အပ်သော အမှုတို့၌လည်းကောင်း၊

www.dhammaransi.com



ဝါစာဘာဝနာကမ္မေသု စ၊ နှုတ်ဖြင့် ပွားများအားထုတ်အပ်သော အမှုတို့၌လည်းကောင်း။ ကာယဘာဝနာကမ္မေသု စ၊ ကိုယ်ဖြင့် ပွားများအားထုတ်အပ်သော အမှုတို့၌လည်းကောင်း။ အင်္ဂပစ္စင်္ဂဘာဝနာကမ္မေသု စ၊ အင်္ဂါကြီးငယ်ဖြင့် ပွားများအားထုတ်အပ်သော အမှုတို့၌လည်းကောင်း၊ ကမ္မာယတနသိပ္ပါယတနဝိဇ္ဇာဋ္ဌာနေသု စ၊ အမှုကြီးငယ် အသွယ်သွယ်သော အတတ်ပညာအရာဌာနတို့၌လည်းကောင်း။ အာသေဝနာ၊ အဖန်တလဲလဲ မှီဝဲထုံအပ်ကုန်သော။ ဘာဝနာ၊ ပွားများအပ်ကုန်သော။ ဗဟုလီကမ္မာနံ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သော အမှုကိစ္စတို့၏။ နိဿန္ဒဂုဏာ နာမ၊ ထင်ရှားပေါ်ထွက်သော အကျိုးကျေးဇူးတို့ မည်သည်။ သန္ဒိဿန္တိယေဝ၊ မျက်မြင်အားဖြင့် ထင်ရှားရှိကုန်သည်သာလျှင်တည်း။

## သဗ္ဗညုဘုရားအဖြစ်စသည်ကို ရခြင်းသည် အာသေဝနသတ္တိနှင့် မကင်းသည့်အဖြစ်ကို ပြခြင်း

သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ခဏိကဓမ္မာနံ၊ ခဏသုံးပါးနှင့်ယှဉ်ကုန်သော တရားတို့၏။ မဇ္ဈေ၊ အလယ်၌။ ဧဝရူပဿ၊ ဤသို့သဘောရှိသော။ အာသေဝန–ပစ္စယဿ၊ အာသေဝနပစ္စည်း၏။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ ပုရိသဗလ ပုရိသထာမာနံ၊ ယောကျ်ားကောင်းတို့၏အား ယောကျ်ားကောင်းတို့၏အစွမ်းတို့၏။ ဥပရူပရိ၊ အဆင့်ဆင့်။ ဝမု နဝသေန၊ ပွားသည်၏အစွမ်းဖြင့်။ စိရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ပဝတ္တိတာနိ၊ ဖြစ်စေအပ်ကုန်သော။ ပုရိသကမ္မာနိ၊ ယောကျ်ားတို့သည် ပြုအပ်ကုန်သောအမှုတို့သည်။ နိပ္ဖတ္တိံ၊ ဖြောင့်ဖြောင့်စင်းစင်း ပြီးဆုံးခြင်းသို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ သဗ္ဗညု–ဗုဒ္ဓဘာဝံပိ၊ သဗ္ဗညုဘုရားရှင်၏ အဖြစ်သို့ပင်။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။

**အာသေဝနပစ္စယဒီပနာ၊ အာသေဝနပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

www.dhammaransi.com



## ၁၃– ကမ္မပစ္စယော
## ကမ္မပစ္စည်း၏အပြားကိုပြခြင်း

ကမ္မပစ္စယော၊ ကမ္မပစ္စည်းသည်။ သဟဇာတကမ္မပစ္စယော၊ သဟဇာတ ကမ္မပစ္စည်းလည်းကောင်း။ နာနာက္ခဏိက ကမ္မပစ္စယော၊ နာနာက္ခဏိကကမ္မပစ္စည်း လည်းကောင်း။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြား ရှိ၏။

## သဟဇာတကမ္မပစ္စည်းပစ္စယုပ္ပန်တို့ကို သရုပ်ထုတ်၍ ပြခြင်း

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ခဏတ္တယ သမင်္ဂိဘူတာ၊ ခဏငယ်သုံးပါး အပေါင်းနှင့်ပြည့်စုံသည် ဖြစ်ကုန်သော။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကုသလာကုသလာဗျာကတစေတနာ၊ ကုသိုလ်, အကုသိုလ် အဗျာကတစေတနာတို့သည်။ သဟဇာတကမ္မပစ္စယော၊ သဟဇာတကမ္မပစ္စည်း မည်၏။ စေတနာ သမ္ပယုတ္တာ၊ စေတနာနှင့်အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့ သည်လည်းကောင်း။ ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟုပ္ပန္နာ၊ တကွဖြစ်ကုန်သော။ ကမ္မဇရူပဓမ္မာ စ၊ ကမ္မဇရုပ်တရားတို့သည်လည်းကောင်း။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တဇရူပဓမ္မာ စ၊ စိတ္တဇရုပ်တရားတို့သည်လည်း ကောင်း။ တဿ ပစ္စယဿ၊ ထိုသဟဇာတကမ္မပစ္စည်း၏။ ပစ္စယုပ္ပန်တရားတို့မည်၏။

## နာနာက္ခဏိကကမ္မပစ္စည်း ပစ္စယုပ္ပန်တရားများကို ပြခြင်း

အတီတာ၊ အတိတ်ဖြစ်ကုန်သော။ ကုသလာကုသလစေတနာ၊ ကုသိုလ် အကုသိုလ်စေတနာတို့သည်။ နာနာက္ခဏိကကမ္မပစ္စယော၊ နာနာက္ခဏိကကမ္မ ပစ္စည်းမည်၏။ ဗာတ္တိံသဝိဓာ၊ သုံးဆယ့်နှစ်ပါး အပြားရှိကုန်သော။ လောကိယ– ဝိပါကစိတ္တစေတသိကာ၊ လောကီဝိပါက်စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ စ၊ တရားတို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ကမ္မဇရူပဓမ္မာ စ၊ ကမ္မဇရုပ်တရားတို့သည်လည်းကောင်း။ တဿ ပစ္စယဿ၊ ထိုနာနာက္ခဏိက ပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

www.dhammaransi.com



## ကမ္မသဒ္ဒါ၏အနက်ကိုပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ကမ္မံ၊ ကမ္မမည် သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ကိရိယဝိသေသဋ္ဌေန၊ ကိရိယာအထူးဟူသော အနက်ကြောင့်။ ကမ္မံ၊ ကမ္မမည်၏။ ဟိ သစ္စံ၊ မှန်၏။ စေတနာ၊ စေတနာစေတသိက်သည်။ သဗ္ဗကမ္မေသု၊ ခပ်သိမ်းသော အမှုတို့၌။ ဇေဋ္ဌကတ္တာ၊ အကြီးအမှူးဖြစ်သည်၏ အဖြစ်ကြောင့်။ ကိရိယာဝိသေသော၊ ကိရိယာအထူးသည်။ ဟောတိ၊ ဖြစ်၏။ တာ၊ ထိုစေတနာသည်။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ကာယဝစီမနောကမ္မေသု၊ ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့သည်။ ပစ္စုပဋ္ဌိတေသု၊ ရှေးရှုထင်ကုန်လတ်သော်။ တဿ တဿ ကမ္မဿ၊ ထိုထိုအမှု၏။ နိပ္ဖတ္တတ္ထာယ၊ ပြီးခြင်းအကျိုးငှါ။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်ဖြစ်သော တရားတို့ကို။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ စေတေတိ၊ စေ့ဆော်၏။ ကပ္ပေတိ၊ ပြုပြင်၏။ သံဝိဒဟတိ၊ စီရင်၏။ ကေဘော၊ အတူတကွ။ ဥဋ္ဌာပေတိ၊ ထစေ၏။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗကမ္မေသု၊ ခပ်သိမ်းသော အမှုကိစ္စတို့၌။ ဇေဋ္ဌကာ၊ အကြီးအမှူးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကိရိယာဝိသေသဋ္ဌေန၊ ကိရိယာအထူးဟူသောအနက်ကြောင့်။ ကမ္မံ နာမ၊ ကမ္မမည်၏။ ဝါ၊ တစ်နည်း သော်ကား။ ဧတေန၊ ဤစေတနာဖြင့်။ ကရောန္တိ၊ ပြုကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပြုကြောင်းဖြစ်သော သတ္တိကြောင့်။ ကမ္မံ၊ ကမ္မမည်၏။ ကိံ၊ အဘယ်အမှု ကိစ္စကို။ ကရောန္တိ၊ ပြုကြကုန်သနည်း။ ကာယိယကိရိယံပိ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ ဝါစာသိကကိရိယံပိ၊ နှုတ်ဖြင့်ပြုအပ် သောအမှုကိစ္စကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ မာနသိကကိရိယံပိ၊ စိတ်ဖြင့် ပြုအပ်သော အမှုကိစ္စကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ တတ္ထ၊ ထိုစကား၌။ ကာယိကကိရိယာ နာမ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့မည်သည်ကား။ ဂမနဋ္ဌာနနိသဇ္ဇာဒယော၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း အစရှိသည်တို့သည်လည်း ကောင်း။ အဘိက္ကမနပဋိက္ကမနာဒယော၊ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း အစရှိသည်တို့သည်လည်းကောင်း။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ အက္ခိဒလာနံ၊ မျက်လွှာတို့၏။ ဥက္ခိပနနိက္ခိပနာနိပိ၊ ဖွင့်ခြင်း, ပိတ်ခြင်းတို့သည်

www.dhammaransi.com



လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝါစသိကကိရိယာ နာမ၊ နှုတ်ဖြင့်ပြုအပ်သောအမှုကိစ္စမည်သည်ကား။ ဝါစာပဝတ္တနကိရိယာ၊ စကားသံကိုဖြစ်စေခြင်းကိစ္စပင်တည်း။ မာနသိကကိရိယာ နာမ၊ စိတ်ဖြင့်ပြုအပ်သောအမှုကိစ္စတို့မည်သည်ကား။ သုစိန္တိတဒုစိန္တိတကိရိယာ၊ ကောင်းစွာကြံခြင်း, မကောင်းသဖြင့်ကြံခြင်း အမှုတို့သည်လည်းကောင်း။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ပဉ္စဝိညာဏာနံ၊ ပဉ္စဝိညာဉ်တို့၏။ ဒဿနကိစ္စ သဝနကိစ္စာဒီနိပိ၊ ဒဿနကိစ္စသဝနကိစ္စ အစရှိသည်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမာကိရိယာယော၊ ဤအမှုကိစ္စတို့ကို။ စေတာယ စေတနာယ၊ ဤစေတနာဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ သံဝိဒဟန္တိ၊ စီရင်ကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ သာ စေတနာ၊ ထိုစေတနာသည်။ ကမ္မံ နာမ၊ ကမ္မမည်၏။

## သဟဇာတကမ္မပစ္စယဟူသော ပုဒ်၏ ဝစနတ္ထကိုပြခြင်း

အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နေန၊ ပစ္စယုပ္ပန်ဓမ္မနှင့်၊ သဟ၊ တကွ။ ဇာယတိ၊ ဖြစ်တတ်၏၊ ဣတိ၊ ထိုကြောင့်။ သဟဇာတံ၊ သဟဇာတမည်၏။ သဟဇာတဥ္စ၊ ပစ္စယုပ္ပန်ဓမ္မနှင့် တကွ ဖြစ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုပစ္စယုပ္ပန်ဓမ္မနှင့် တကွဖြစ်တတ်သောတရားသည်။ ကမ္မဉ္စ၊ ကမ္မမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ သဟဇာတကမ္မံ၊ သဟဇာတကမ္မမည်၏။ သဟဇာတကမ္မံ၊ သဟဇာတကမ္မသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်တည်း။ သဟဇာတကမ္မပစ္စယော၊ သဟဇာတကမ္မဖြစ်၍ ကျေးဇူးပြုတတ်သောပစ္စည်း။ သဟဇာတကမ္မဘာဝေန၊ သဟဇာတကမ္မအဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သောတရား။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



## နာနာက္ခဏိကကမ္မပစ္စယဟူသောပုဒ်၏ ဝစနတ္ထကိုပြခြင်း

ကမ္မဿ၊ စေတနာကံ၏။ ဥပ္ပတ္တိက္ခဏော၊ ဖြစ်ရာကာလသည်။ အညော၊ တစ်ပါးတည်း။ ဝိပါကဿ၊ အကျိုးဝိပါက်၏။ ဥပ္ပတ္တိက္ခဏော၊ ဖြစ်ရာကာလသည်။ အညော၊ တစ်ပါးတည်း။ ဣတိဧဝံ၊ ဤသို့။ ဧတေဿ၊ ဤနာနာက္ခဏိက စေတနာကံအား။ ဝိသုံ ဝိသုံ၊ အသီးအသီးသော။ ဥပ္ပတ္တိက္ခဏော၊ ဖြစ်ရာကာလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ နာနာက္ခဏိကံ၊ နာနာက္ခဏိက မည်၏။ နာနာက္ခဏိကဉ္စ၊ အသီးအသီးသော ဖြစ်ရာကာလရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအသီးအသီးသော ဖြစ်ရာကာလရှိသော တရားသည်။ ကမ္မဉ္စ၊ ကမ္မမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ နာနာက္ခဏိကကမ္မံ၊ နာနာက္ခဏိကကမ္မမည်၏။ နာနာက္ခဏိကကမ္မံ၊ နာနာက္ခဏိကကမ္မသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုသည်တည်း။ နာနာက္ခဏိကကမ္မပစ္စယော၊ နာနာက္ခဏိကကမ္မဖြစ်၍ ကျေးဇူးပြုသည်။ နာနာက္ခဏိကကမ္မပစ္စယဘာဝေန၊ နာနာက္ခဏိကကမ္မပစ္စည်း၏ အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်လေးပါးနှင့်ယှဉ်သော။ ၊ စေတနာ၊ စေတနာသည်။ အတ္တနော၊ မိမိ၏။ နိရုဒ္ဓါနန္တရေ ဧဝ၊ ချုပ်သည်၏ အခြားမဲ့၌သာလျှင်။ အရိယဖလဝိပါကံ၊ အရိယဖိုလ်လေးပါးဟူသော ဝိပါက်အကျိုးကို။ ဇနေတိ၊ ဖြစ်စေ၏။ သာပိ၊ ထိုအရိယမဂ်လေးပါး၌ရှိသော စေတနာသည်လည်း။ နာနာက္ခဏိကာ ဧဝ၊ နာနာက္ခဏိကကမ္မပစ္စည်း မည်သည်သာလျှင်။ ဟောတိ၊ ၏။

## စေတနာတစ်ခုတည်းသည်ပင် ကာလနှစ်ပါး၌ ကမ္မပစ္စယသတ္တိနှစ်ပါးဖြင့် အသီးအသီးကျေးဇူးပြုပုံကိုပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤကမ္မပစ္စည်း၌။ ဧကာ၊ တစ်ခုသော။ ဒါနကုသလစေတနာ၊ ဒါနကုသိုလ်စေတနာသည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ စိတ္တစေတသိကာနဉ္စ၊ စိတ်စေတသိက်တို့အားလည်းကောင်း။

www.dhammaransi.com



ကာယိကဝါစသိက ကိရိယဘူတာနံ၊ ကိုယ်အမူအရာ နှုတ်အမူအရာဖြစ်၍ ဖြစ်ကုန်သော။ စိတ္တဇရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ သဟဇာတကမ္မပစ္စယော၊ သဟဇာတကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တာယစေတနာယ၊ ထိုဒါနကုသိုလ် စေတနာကံကြောင့်။ အာယတိံ၊ နောင်အခါ၌။ ကာလန္တရေ၊ ကာလတစ်ပါး၌။ ဥပ္ပဇ္ဇမာနသ၊ ဖြစ်လတ္တံ့ သော။ ဝိပါကက္ခန္ဓသ စ၊ ဝိပါက်နာမက္ခန္ဓာလေးပါးအားလည်းကောင်း။ ကမ္မဇရူပက္ခန္ဓသ စ၊ ကမ္မဇရူပက္ခန္ဓာအားလည်းကောင်း။ နာနာက္ခဏိကကမ္မပစ္စယော၊ နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဧကာ၊ တစ်ခုတည်းသော။ ကမ္မပထပတ္တာ၊ ကမ္မပထသို့ရောက်သော။ သုစရိတဒုစ္စရိတ စေတနာ၊ ကုသိုလ်၊ အကုသိုလ် တစ်ပါးပါးဖြစ်သော စေတနာသည်။ ဒွီသု ကာလေသု၊ နှစ်ပါးသော အခိုက်အတန့်တို့၌။ ဒွိန္နံ ပစ္စယုပ္ပန္နာနံ၊ ပစ္စယုပ္ပန် နှစ်မျိုးတို့အား။ ဒွီဟိ ပစ္စယသတ္တီဟိ၊ နှစ်ပါးသော ပစ္စယသတ္တိတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တ္တတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ကာမာဝစရကံနှင့် မဟဂ္ဂုတ်ကံနှစ်ပါးတို့၏ အကျိုးပေးပုံအထူးကို လင်းပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ တေ္တ နာနာက္ခဏိကကမ္မပစ္စယေ၊ ဤနာနာက္ခဏိက ကမ္မပစ္စည်း၌။ ကမ္မန္တိ၊ ကံဟူသည်ကား။ ကိရိယာဝိသေသော၊ ကိရိယာအထူး တည်း။ သော ပန၊ ထိုကိရိယာအထူးသည်ကား။ စေတနာယ၊ စေတနာသည်။ နိရုဒ္ဓါယပိ၊ ချုပ်ပြီးသော်လည်း။ အနိရုဇ္ဈိတ္ဝာ၊ မချုပ်မူ၍။ တံစိတ္တသန္တာနံ၊ ထိုစိတ်အစဉ်ကို။ အနုဂစ္ဆတိယေဝ၊ အစဉ်လိုက်သည်သာလျှင်တည်း။ ယဒါ၊ အကြင်အခါ၌။ ဝိပစ္စိတုံ၊ အကျိုးပေးခြင်းငှါ။ ဩကာသံ၊ အခွင့်ကို။ လဘတိ၊ ရ၏။ တဒါ၊ ထိုအခါ၌။ သော ကိရိယာဝိသေသော၊ ထိုကိရိယာအထူးသည်။ စုတိနန္တရေ၊ စုတိစိတ်၏အခြားမဲ့၌။ ဧကော၊ တစ်ခုသော။ အတ္တဘာဝေါ၊ အတ္တဘောသည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုးပေး၏။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ဩကာသံ ပန၊ အကျိုးပေးခွင့်ကိုကား။ အလဘမာနာ၊ မရသည်

www.dhammaransi.com



ရှိသော်။ ဘဝသတံပိ၊ ဘဝအရာပတ်လုံးလည်းကောင်း။ ဘဝသဟဿံပိ၊ ဘဝအထောင်ပတ်လုံးလည်းကောင်း။ ဘဝသတသဟဿံပိ၊ ဘဝအသိန်းပတ်လုံးလည်းကောင်း။ တံသန္တာနံ၊ ထိုသတ္တဝါ၏ခန္ဓာအစဉ်ကို။ အနုဂစ္ဆတိယေဝ၊ အစဉ်လိုက်သည်သာလျှင်တည်း။ မဟဂ္ဂတကမ္မံ ပန၊ မဟဂ္ဂုတ်စေတနာကံသည်ကား။ လဒ္ဓောကာသေ၊ ရအပ်သောအခွင့်သည်။ သတိ၊ ရှိသော်။ ဒုတိယဘဝေ၊ နှစ်ခုမြောက်သောဘဝ၌။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ဘုံ၌။ ဧကော၊ တစ်ခုသော။ ဗြဟ္မတ္တဘာဝေါ၊ ဗြဟ္မာ၏အတ္တဘော ခန္ဓာကိုယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိပစ္စတိ၊ အကျိုးကိုပေး၏။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ သုပရိပက္ကကမ္မတ္တာ ပန၊ ကောင်းစွာ ရင့်ကျက်ပြီးသော ကံဖြစ်သည်၏အဖြစ်ကြောင့်ကား။ ဒုတိယဘဝေယေဝ၊ နှစ်ခုမြောက်သောဘဝ၌သာလျှင်။ ခီယတိ၊ ကုန်လေ၏။ တတော၊ ထိုနှစ်ခုမြောက်သောဘဝမှ။ ပရံ၊ နောက်နောက်ဘဝသို့။ နာနုဂစ္ဆတိ၊ မလိုက်။

**ကမ္မပစ္စယဒီပနာ၊ ကမ္မပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၄– ဝိပါကပစ္စယော

## ဝိပါကပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်ဓမ္မများကို သရုပ်ထုတ်၍ပြခြင်း

ဆတ္တိံသဝိဓာ၊ သုံးဆယ်ခြောက်ပါး အပြားရှိကုန်သော။ ဝိပါကဘူတာ၊ အကျိုးဝိပါက်ဖြစ်၍ဖြစ်ကုန်သော။ သဟဇာတစိတ္တစေတသိကာ၊ သမ္ပယောဂလက္ခဏာလေးပါးတို့နှင့်တကွ ဖြစ်တတ်ကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝိပါကပစ္စယော၊ ဝိပါကပစ္စည်းမည်၏။ တေယေဝ၊ ထိုဝိပါက်ဆတ္တိံသ စေတသိက်အဋ္ဌတိံသ ဖြစ်ကုန်သော တရားတို့သည်သာလျှင်။ အညမညဉ္စ၊ အချင်းချင်းသည်လည်းကောင်း။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ကမ္မဇရူပါနိ စ၊ ကမ္မဇရုပ်တို့သည်လည်းကောင်း။ ပဝတ္တိက္ခဏေ၊ ပဝတ္တိအခါ၌။ ဝိပါကစိတ္တဇာတာနိ၊ ဝိပါက်စိတ်သည် ဖြစ်စေအပ်ကုန်သော။ စိတ္တဇရူပါနိ စ၊ စိတ္တဇရုပ်တို့သည်လည်းကောင်း။ ဝိပါကပစ္စယုပ္ပန္နာ၊ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားမည်ကုန်၏။

www.dhammaransi.com



## ဝိပါကသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ဝိပါကော၊ ဝိပါက်မည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဝိပစ္စနဋ္ဌေန၊ ရင့်ကျက်ခြင်းသို့ရောက်ခြင်းဟူသော အနက်သဘောကြောင့်။ ဝိပါကော၊ ဝိပါက်မည်၏။ ဝိပစ္စနံ နာမ၊ ဝိပစ္စနမည်သည်ကား။ မုဒုတရုဏဘာဝံ၊ သိမ်မွေ့နုနယ် ငယ်ရွယ်သည့်အဖြစ်ကို။ အတိက္ကမ္မ၊ လွန်၍။ ဝိပက္ကဘာဝံ၊ ရင့်ကျက်မှည့်ရွှမ်းသည့်အဖြစ်သို့။ အာပဇ္ဇနံ၊ ရောက်ခြင်းတည်း။ ကဿ ပန ဓမ္မဿ၊ အဘယ်မည်သော တရား၏။ မုဒုတရုဏဘာဝေါ၊ သိမ်မွေ့နုနယ် ငယ်ရွယ်သည့်အဖြစ်နည်း။ ကဿ၊ အဘယ်မည်သော တရား၏။ ဝိပက္ကဘာဝေါ၊ ရင့်ကျက်မှည့်ရွှမ်းသည့်အဖြစ်နည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နာနာက္ခဏိကကမ္မပစ္စယသင်္ခါတဿ၊ နာနာက္ခဏိကကမ္မပစ္စည်းဟု ဆိုအပ်သော။ အတီတကမ္မဿ၊ အတိတ်စေတနာကံ၏။ မုဒုတရုဏဘာဝေါ၊ သိမ်မွေ့နုနယ် ငယ်ရွယ်သည့်အဖြစ်တည်း။ တဿေဝ ကမ္မဿ၊ ထိုနာနာက္ခဏိက စေတနာအတိတ်ကံ၏။ ဝိပက္ကဘာဝေါ၊ ရင့်ကျက်မှည့်ရွှမ်းသည့်အဖြစ်တည်း။

## တစ်ခုသောစေတနာ၏ အဝတ္ထာလေးပါးကို လင်းပြခြင်း

တတ္ထ၊ ထိုစကား၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧကဿ ကမ္မဿ၊ တစ်ခုသော စေတနာကံ၏။ စတဿော၊ လေးပါးကုန်သော။ အဝတ္ထာယော၊ အခိုက်အတန့်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စေတနာဝတ္ထာ၊ စေတနာအခိုက်အတန့်လည်းကောင်း။ ကမ္မာဝတ္ထာ၊ ကံအခိုက်အတန့်လည်းကောင်း။ နိမိတ္တာဝတ္ထာ၊ နိမိတ်အခိုက်အတန့်လည်းကောင်း။ ဝိပါကာဝတ္ထာ၊ ဝိပါက်အခိုက်အတန့်လည်းကောင်း။ ဣဟိ ဣမေ၊ ဤလေးပါးသော အခိုက်အတန့်တို့တည်း။

www.dhammaransi.com



## ကမ္မာဝတ္ထာကို လင်းပြခြင်း

တတ္ထ၊ ထိုလေးပါးသော အခိုက်အတန့်တို့တွင်။ တာယ စေတနာယ၊ ထိုနာနာက္ခဏိကစေတနာသည်။ နိရုဒ္ဓါယပိ၊ ချုပ်၍သွားသော်လည်း။ တဿာ၊ ထိုစေတနာ၏။ ကိရိယာဝိသေသော၊ ကိရိယာအထူးသည်။ န နိရုဇ္ဈတိ၊ မချုပ်။ တံ စိတ္တသန္တာနံ၊ ထိုသတ္တဝါ၊ စိတ်အစဉ်သို့။ အနုဂစ္ဆတိယေဝ၊ အစဉ်လိုက်သည်သာလျှင်တည်း။ အယံ၊ ဤစေတနာချုပ်ပြီးသည့်နောက် သတ္တဝါ၏ စိတ်သန္တာန်အစဉ်သို့ တကောက်ကောက်လိုက်၍နေသော အခိုက်အတန့်သည်။ ကမ္မာဝတ္ထာ နာမ၊ ကံအခိုက်အတန့်မည်၏။

## နိမိတ်သုံးပါး ထင်ပုံအခြင်းအရာနှင့်တကွ နိမိတ္တာဝတ္ထာကို လင်းပြခြင်း

နိမိတ္တာဝတ္ထာတိ၊ နိမိတ်အခိုက်အတန့်ဟူသည်ကား။ တံ ကမ္မံ၊ ထိုသတ္တဝါတစ်ဦး၏ စိတ်သန္တာန်အစဉ်သို့ လိုက်၍နေသော ကိရိယာအထူးဟု ဆိုအပ်သော ကံသည်။ ယဒါ၊ အကြင်အခါ၌။ ဝိပစ္စိတုံ၊ ရင့်ကျက်ခြင်းငှါ။ ဝါ၊ အကျိုးပေးခြင်းငှါ။ ဩကာသံ၊ အခွင့်ကို။ လဘတိ၊ ရ၏။ တဒါ၊ ထိုအခါ၌။ မရဏာသန္နကာလေ၊ သေခါနီးအခါ၌။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဝါ၊ ထိုပုဂ္ဂိုလ်အား။ တမေဝ ကမ္မံ ဝါ၊ ထိုရင့်ကျက်လတ္တံ့သော ကံသည်လည်းကောင်း။ ဝါ၊ ထိုအကျိုးကိုပေးလတ္တံ့သော ကံသည်လည်းကောင်း။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်လာ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ တဒါ၊ ထိုအခါ၌။ ဒါနံ၊ အလှူကို။ ဒေန္တော ဝိယ၊ လှူသကဲ့သို့လည်းကောင်း။ သီလံ၊ သီလကို။ ရက္ခန္တော ဝိယ၊ စောင့်ဘိသကဲ့သို့လည်းကောင်း။ ပါဏာဃာတံ ဝါ၊ အသက်သတ်ခြင်း အမှုကိုမူလည်း။ ကရောန္တော ဝိယ ပြုနေဘိသကဲ့သို့လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်သည်မူလည်း။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်လာ၏။ ပုဗ္ဗေ၊ ရှေးအခါ၌။ တဿ ကမ္မဿ၊ ထိုပြုအပ်ခဲ့ဖူးသော ကံ၏။ ဥပကရဏဘူတံ၊ အဆောက်အဦးဖြစ်၍ဖြစ်သော။ ဒါန ဝတ္ထု အာဒိကံ၊ လှူဖွယ်ဝတ္ထု အစရှိသော။

www.dhammaransi.com



အာရမ္မဏံ ဝါ၊ အာရုံသည်လည်းကောင်း။ သတ္ထာဒိကံ၊ ဓားလက်နက် အစရှိသော။ အာရမ္မဏံ ဝါ၊ အာရုံသည်လည်းကောင်း။ အညံ၊ အမှတ်မရှိတစ်ပါးပါးသော။ အာရမ္မဏံ ဝါပိ၊ အာရုံသည်လည်းကောင်း။ တဒါ၊ ထိုသေခါနီးကာလ၌။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဟတ္ထဂတံ ပိယ၊ လက်တွင်းသို့ရောက်လာဘိသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဂတိနိမိတ္တံ ဝါ၊ ဂတိနိမိတ်သည်မူလည်း၊ ပစ္စုပဋ္ဌာတိ၊ ရှေးရှု ထင်လာ၏။ ဒိဗ္ဗဝိမာနာဒိကံ၊ နတ်ဗိမာန်အစရှိသော။ အာရမ္မဏံ ဝါ၊ အာရုံသည် လည်းကောင်း။ နိရယဂ္ဂိဇာလာဒိကံ၊ ငရဲမီးလျှံ အစရှိသော။ အာရမ္မဏံ ဝါ၊ အာရုံသည်လည်းကောင်း။ ဥပပဇ္ဇိတဗ္ဗဘဝေ၊ ဖြစ်လတ္တံ့ဆဲဆဲသောဘဝ၌။ ဥပလဘိတဗ္ဗံ၊ ရလတ္တံ့ဖြစ်သော။ အာရမ္မဏံ ဝါ၊ အာရုံသည်လည်းကောင်း။ အနုဘဝိတဗ္ဗံ၊ ခံစားလတ္တံ့ဖြစ်သော။ အာရမ္မဏံ ဝါ၊ အာရုံသည်လည်းကောင်း။ တဒါ၊ ထိုသေခါနီးကာလ၌။ ဒိဿမာနံ၊ ထင်ရှားပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသေခါနီးကာလ၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါး ထင်သော အခိုက်အတန့်သည်။ နိမိတ္တာဝတ္ထာ နာမ၊ နိမိတ်အခိုက်အတန့်မည်၏။

## ဝိပါကာဝတ္ထာကို လင်းပြခြင်း

ဝိပါကာဝတ္ထာတိ၊ ဝိပါက်အခိုက်အတန့်ဟူသည်ကား။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ တထာ၊ ထိုသို့သောအခြင်းအရာဖြင့်။ ပစ္စုပဋ္ဌိတံ၊ ရှေးရှုထင်လာသော။ တံကမ္မံ ဝါ၊ ထိုရင့်ကျက်၍အကျိုးပေးလတ္တံ့သော ကံကိုလည်းကောင်း။ တံကမ္မနိမိတ္တံ ဝါ၊ ထိုကမ္မနိမိတ်ကိုလည်းကောင်း။ တံဂတိနိမိတ္တံ ဝါ၊ ထိုဂတိ နိမိတ်ကိုလည်းကောင်း။ ဧကံ၊ တစ်ခုခုသော။ အာရမ္မဏံ၊ အာရုံကို။ အမုဉ္စမာနော၊ မလွှတ်မူ၍။ သစေ မရတိ၊ အကယ်၍သေငြားအံ့။ တဒါ၊ ထိုအခါ၌။ တံကမ္မံ၊ ထိုကံသည်။ တသ္မိံ ဘဝေ၊ ထိုဘဝသစ်၌။ ဝိပစ္စတိ၊ ရင့်ကျက်လေ၏။ ဝါ၊ အကျိုးပေး၏။ တံကမ္မံ၊ ထိုကံသည်။ တသ္မိံ ဘဝေ၊ ထိုဘဝသစ်။ ဧကော၊ တစ်ခုသော။ အတ္တဘာဝေါ၊ အတ္တဘောခန္ဓာကိုယ်သည်။ ဟုတွာ၊ ဖြစ်၍၊ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ။ (အမှာစကားချပ်။ ။ စေတနာဝတ္ထာကို မဆိုခဲ့သေးရကား။ စေတနာဝတ္ထာကို အဘယ်သို့သိမှတ်ရအံ့နည်းဟူမူ။ ဒုစရိုက်

www.dhammaransi.com



သုစရိုက်မှု တစ်ခုခုကို ပြုဆဲခဏ၌ ဖြစ်ပေါ်သော စေတနာ၏ခဏတ္တယသည် စေတနာဝတ္ထာပင်တည်း)။ ။ တတ္ထ၊ ထိုလေးပါးသော အခိုက်အတန့်တို့တွင်။ ပုရိမာသု တီသု အဝတ္ထာသု၊ ရှေးအဝတ္ထာသုံးပါးတို့၌။ တံကမ္မံ၊ ထိုကံသည်။ မုဒုတရဏာဘူတံ၊ သိမ်မွေ့ငယ်ရွယ် နုနယ်စွာဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆိမံ ပန ဝိပါကာဝတ္ထံ၊ နောက်ဆုံးဖြစ်သော ဝိပါကာဝတ္ထာသို့ကား။ ပတွာ၊ ရောက်၍။ ဝိပက္ကဘူတံ၊ ရင့်ကျက်မှည့်ရွမ်းသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ ဝိပစ္စနံ နာမ မုဒုတရဏာဘာဝံ အတိက္ကမ္မ ဝိပက္ကဘာဝံ အာပဇ္ဇနန္တိ၊ ဝိပစ္စနံ နာမ။ လ။ အာပဇ္ဇနံ ဟူ၍။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ ဧဝံ၊ ဤသို့။ ဝိပက္ကဘာဝံ၊ ရင့်ကျက်မှည့်ရွမ်းသည့်အဖြစ်သို့။ အာပန္နော၊ ရောက်သော။ စိတ္တစေတသိကဓမ္မသမူဟော၊ စိတ်စေတသိက်တရားအပေါင်းသည်။ ဝိပါကော နာမ၊ ဝိပါက်မည်၏။

## ဝိပါက်တရားတို့၏သိမ်မွေ့သည့်အဖြစ်ကို သရက်မှည့်ကိုဥပမာပြု၍ ဝိပါကပစ္စယသတ္တိကို လင်းပြခြင်း

တတ္ထ၊ ထိုဝိပါကပစ္စည်း၌။ အမ္ဗပ္ဖလာနိ နာမ၊ သရက်သီးတို့မည်သည် ကား။ ယဒါ၊ အကြင်အခါ၌။ ဝိပက္ကဘာဝံ၊ မှည့်ရင့်သည့်အဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ တဒါ၊ ထိုအခါ၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သိနိဒ္ဓရူပါနိ၊ နူးညံ့ပျော့ပျောင်းသော သဘောရှိသည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝမေဝံ၊ ဤအတူသာလျှင်။ ဝိပါကဓမ္မာ နာမ၊ ဝိပါက်တရားတို့မည်သည်။ နိရုဿာဟာ၊ လုံ့လဥဿာဟကင်းကုန်သည်။ နိဗ္ဗျာပါရာ၊ ကြောင့်ကြဗျာပါရ ကင်းကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သန္တရူပါ၊ ငြိမ်သက်သိမ်မွေ့သော သဘောရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုဝိပါက်တရားတို့၏။ သန္တရူပတ္တာ ဧဝ၊ ငြိမ်သက်သိမ်မွေ့သော သဘောရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ ဘဝင်္ဂစိတ္တာနံ၊ ဘဝင်စိတ်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ အဝိဘူတံ၊ မထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂတော၊ ဘဝင်မှ။ ဝုဋ္ဌာနကာလေ၊ ထသောအခါ၌။ တံအာရမ္မဏံ၊ ထိုအာရုံကို။ န ဇာနာတိ၊ မသိ။

www.dhammaransi.com



၍နေသောသူအား။ ပုရိမဘာဝေ၊ ရှေးအနန္တရဘဝ၌၊ မရဏာသန္နကာလေ၊ သေခါနီး ကာလ၌။ ယထာဂဟိတံ၊ ယူခဲ့တိုင်းသော။ ကမ္မာဒိကံ၊ ကံအစရှိသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဘဝင်္ဂံသောတံ၊ ဘဝင်အလျဉ်သည်။ ပဝတ္တမာနံပိ၊ ဖြစ်သော်လည်း။ တဿ ဘဝင်္ဂသောတဿ၊ ထိုဘဝင်အလျဉ်၏။ တံအာရမ္မဏံ၊ ထိုကံအစရှိသောအာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ မေ၊ ငါ၏။ ပုရိမဘာဝေ၊ ရှေးအနန္တရ ဘဝ၌။ ဣဒံ နာမ အာရမ္မဏံ၊ ဤမည်သောအာရုံကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ ဣတိ၊ ဤသို့။ ကဿစိ၊ တစ်စုံတစ်ခုသော။ ဇာနနဝီထိစိတ္တဿ၊ သိသောဝီထိစိတ်၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှါ။ နိဒ္ဒါယနကာလေပိ၊ အိပ်ပျော်သောအခါ၌လည်းကောင်း။ ဥဋ္ဌာနကာလေပိ၊ ထသောအခါ၌လည်းကောင်း။ ပုရိမဘာဝေသိဒ္ဓံ၊ ရှေးဘဝ၌ ပြီးပြီးသော။ တံနိမိတ္တံ၊ ထိုအာရုံကို။ န ဇာနာတိ၊ မသိ။ ဇဝံ၊ ဤသို့။ နိရုဿာဟနိဗ္ဗျာပါရသန္တရူပဘာဝေန၊ လုံ့လအားထုတ်ခြင်း ကင်းသည့်အဖြစ် ကြံဖျာပါရကင်းသည့်အဖြစ် ငြိမ်သက်သိမ်မွေ့သော သဘောရှိသည့်အဖြစ်ဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုတတ်သည့်အဖြစ်သည်။ ဝိပါကပစ္စယတာ နာမ၊ ဝိပါကပစ္စည်း၏ သတ္တိမည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**ဝိပါကပစ္စယဒီပနာ၊ ဝိပါကပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၅- အာဟာရပစ္စယော
## အာဟာရပစ္စည်းနှစ်မျိုးကို ခွဲခြား၍ပြခြင်း

အာဟာရပစ္စယော၊ အာဟာရပစ္စည်းသည်။ ရူပါဟာရပစ္စယော၊ ရုပ်အာဟာရပစ္စည်းလည်းကောင်း။ အရူပါဟာရပစ္စယော၊ နာမ်အာဟာရပစ္စည်း လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

## ရုပ်အာဟာရ၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်ပြခြင်း

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ရူပါဟာရပစ္စယော နာမ၊ ရုပ်အဟာရပစ္စည်း မည်သည်ကို။ ကဗဠီကာရာဟာရသင်္ခါတံ၊ ကဗဠီကာရအာဟာရဟု ဆိုအပ်သော။

www.dhammaransi.com



ဩဇာရူပံ၊ ဩဇာရုပ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သော စ၊ ထိုဩဇာရုပ်သည်လည်း။ အဇ္ဈတ္တာဟာရော ၊ အဇ္ဈတ္တဩဇာလည်းကောင်း။ ဗဟိဒ္ဓါဟာရော၊ ဗဟိဒ္ဓဩဇာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ကဗဠီကာရာ-ဟာရဘာဂ္ဂါနံ၊ ကဗဠီကာရအာဟာရလျှင် အစာရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ စတုသမုဋ္ဌာနိကရူပဓမ္မာ၊ စတုသမုဋ္ဌာနိက ရုပ်တရားတို့သည်။ ဒုဝိဓဿ၊ နှစ်ပါးအပြားရှိသော။ တဿ ရူပါဟာရဿ၊ ထိုရုပ်အာဟာရပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

## နာမ်အာဟာရ၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုပ်၍ပြခြင်း

အရူပါဟာရေ ပန၊ နာမ်အာဟာရသည်ကား။ ဖဿာဟာရော၊ ဖဿာဟာရလည်းကောင်း။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာဟာရ လည်းကောင်း။ ဝိညာဏာဟာရော စ၊ ဝိညာဏဟာရလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ တယောပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ထိုနာမ်ပစ္စည်းတရားတို့သည်။ သဟဇာတာနံ၊ သဟဇာတ်ဖြစ်ကုန်သော။ နာမရူပဓမ္မာနံ၊ နာမ်ရုပ်တရားတို့အား။ အာဟာရပစ္စယာ၊ အာဟာရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတာ၊ သဟဇာတ် ဖြစ်ကုန်သော။ နာမရူပဓမ္မာ စ၊ နာမ်ရုပ်တရားတို့သည်လည်း။ တေသံ၊ ထိုနာမ် အာဟာရတရားသုံးပါးတို့၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်တရား ဖြစ်ကုန်၏။

## အာဟာရသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အာဟာရော၊ အာဟာရမည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဘုသံ၊ ပြင်းစွာ။ ဟရဏဋ္ဌေန၊ ဖြစ်စေခြင်း ထောက်ပံ့ခြင်းဟူသော အနက်ကြောင့်။ အာဟာရော၊ အာဟာရမည်၏။ ဘုသံဟရဏဋ္ဌေနာတိ စ၊ ဘုသံဟရဏ အနက် ဟူသည်လည်း။ ဒဠှံ၊ ပြင်းစွာ။ ပဝတ္တာပနဋ္ဌေန၊ ဖြစ်စေခြင်းဟူသော အနက်ကြောင့်။ စိရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဌိတိယာ၊ တည်ခြင်းငှါ။ ဝုဍ္ဍိယာ၊

www.dhammaransi.com



ကြီးပွားခြင်းငှါ။ ဝိရုဠှိယာ၊ စည်ပင်ခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ ဥပတ္ထမ္ဘနဋ္ဌေန၊ ထောက်ပံ့ခြင်းဟူသော အနက်ကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဇနနကိစ္စယုတ္တော၊ ဖြစ်စေခြင်းဇနနကိစ္စနှင့် ယှဉ်သော။ အာဟာရောပိ၊ အာဟာရသည်လည်း။ ဥပတ္ထမ္ဘနကိစ္စပ္ပဓာနော၊ ထောက်ပံ့ခြင်းကိစ္စလျှင် ပြဋ္ဌာန်းခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## အဇ္ဈတ္တိကရုပ်အစဉ်ကို စောင့်ရှောက်တတ်သောကြောင့် ရုပ်အာဟာရ နှစ်မျိုးလုံးသည်ပင် အာဟာရမည်ခြင်းကိုပြခြင်း

တတ္ထ၊ ထိုအာဟာရပစ္စည်း၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသော။ ရူပါဟာရော၊ ရုပ်အာဟာရသည်။ အဇ္ဈတ္တသန္တာနေ၊ အဇ္ဈတ္တသန္တာန်၌။ စတုသမုဋ္ဌာနိကံ၊ အကြောင်း တရားလေးပါးသည် ဖြစ်စေအပ်သော။ ရူပကာယံ၊ ရုပ်အပေါင်းကို။ ဥပဗြူဟယန္တော၊ ပွားစေလျက်။ ဘုသံ၊ လွန်စွာ။ ဟရတိ၊ စောင့်ရှောက်ထောက်ပံ့ ဖြစ်စေတတ်၏။ ဒဠှံ၊ ပြင်းစွာ။ ပဝတ္တေတိ၊ ဖြစ်စေ၏။ စိရံ အဒ္ဓါနံ၊ ရှည်မြင့်စွာ သောကာလသို့။ ဂမေတိ၊ ရောက်စေတတ်၏။ တံတံအာယုကပ္ပပရိယောသာနံ၊ ထိုထိုအာယုကပ်အသက် အပိုင်းအခြား၏ အဆုံးသို့။ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ အာဟာရော၊ အာဟာရမည်၏။

## နာမ်အာဟာရတရား သုံးပါး၏ကိစ္စ အသီးအသီးကိုပြခြင်း

ဖဿာဟာရော၊ ဖဿာဟာရသည်။ အာရမ္မဏေသု၊ အာရုံတရားတို့၌။ ဣဋ္ဌာနိဋ္ဌရသံ၊ ဣဋ္ဌရသ, အနိဋ္ဌရသကို။ နီဟရန္တော၊ ထုတ်ယူလျက်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့သို့။ ဘုသံ၊ လွန်စွာ။ ဟရတိ၊ ပို့ဆောင်တတ် ၏။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာဟာရသည်။ ကာယဝစီမနော- ကမ္မေသု၊ ကာယကံ, ဝစီကံ, မနောကံတို့၌။ ဥဿာဟံ၊ လုံ့လကို။ ဇနေန္တော၊ ဖြစ်စေလျက်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ ဘုသံ၊ ပြင်းစွာ။ ဟရတိ၊

www.dhammaransi.com



ဆောင်တတ်၏။ ဝိညာဏဟာရော၊ ဝိညာဏာဟာရသည်။ အာရမ္မဏဝိဇာနနဋ္ဌေန၊ အာရုံကိုသိခြင်းဟူသော အနက်ဖြင့်။ ပုဗ္ဗင်္ဂမကိစ္စံ၊ ရှေ့သွားဖြစ်၍ ပြဋ္ဌာန်းခြင်းကိစ္စကို။ ဝဟန္တော၊ ရွက်ဆောင်လျက်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ ဘုသံ၊ ပြင်းစွာ။ ဟရတိ၊ ဆောင်တတ်၏။ ဒဠှံ၊ မြဲမြံစွာ။ ပဝတ္တတိ၊ ဖြစ်စေတတ်၏။ စိရံ အဒ္ဓါနံ၊ ရှည်မြင့်စွာသော အခွန့်သို့။ ဂမေတိ၊ ရောက်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ အာဟာရော၊ အာဟာရမည်၏။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ ဘုသံ၊ ပြင်းစွာ။ ဟရန္တော၊ ဆောင်သည်ရှိသော်။ သဟဇာတရူပဓမ္မေပိ၊ သဟဇာတ်ဖြစ်သော ရုပ်တရားတို့ကိုလည်း။ ဘုသံ၊ ပြင်းစွာ။ ဟရတိယေဝ၊ ဆောင်သည်သာလျှင်တည်း။

## သုတ္တန်နည်းအားဖြင့် ၄ ကာ၏ဥပမာကိုဆောင်၍ အာဟာရပစ္စည်း ကျေးဇူးပြုပုံကို လင်းပြခြင်း

ဣဓ၊ ဤအာဟာရပစ္စည်းအရာ၌။ သုတ္တန္တနယောပိ၊ သုတ္တနည်းကိုလည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ သကုဏာ နာမ၊ ၄ ကာတို့မည်သည်ကား။ စက္ခူဟိ၊ မျက်စိတို့ဖြင့်။ ဒိသာဝိဒိသံ၊ တူရူအရပ် အထောင့်အရပ်ကို။ ဝိဘာဝေတွာ၊ ပိုင်းခြားမှတ်သား ထင်ရှားစေလျက်။ ပတ္တေဟိ၊ အတောင်တို့ဖြင့်။ ရက္ခတော၊ သစ်တစ်ပင်မှ။ ရက္ခံ၊ သစ်တစ်ပင်သို့။ ဝနတော၊ တောတစ်တောမှ။ ဝနံ၊ တောတစ်တောသို့။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ ပက္ခန္ဒိတွာ၊ ပျံ၍။ တုဏ္ဍကေဟိ၊ နှုတ်သီးတို့ဖြင့်။ ဖလာဖလာနိ၊ သစ်သီးကြီးငယ်တို့ကို။ သုဒိတွာ၊ ထိုးဆိတ်စားသောက်၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အတ္တာနံ၊ ကိုယ်ကို။ ယာပေန္တိ ယထာ၊ မျှစေကုန်သကဲ့သို့။ တထာ၊ တူ၊ ဣမေ သတ္တာ၊ တို့သည်။ ဆဟိ ဝိညာဏေဟိ၊ ဝိညာဉ်ခြောက်ပါးတို့ဖြင့်။ ဆအာရမ္မဏာနိ၊ အာရုံခြောက်ပါးတို့ကို။ ဝိဘာဝေတွာ၊ ဇောအစဉ်တွင် ထင်ထင်ရှားရှား မှတ်သားပိုင်းခြားလျက်။ ဆဟိ မနောသဉ္စေတနာ–ဟာရေဟိ၊ ခြောက်ပါးသော မနောသဉ္စေတနာ အာဟာရတို့ဖြင့်။ အာရမ္မဏ–ဝတ္ထုပ္ပဋိလာဘတ္ထာယ၊ အာရုံတည်းဟူသော မီရာဝတ္ထုကိုရခြင်း အကျိုးငှါ။ ဥဿုက္ကနံ၊ ကြောင့်ကြလုံ့လကို။ ကတွာ၊ ပြု၍။ ဆဟိ ဖဿာဟာရေဟိ၊

www.dhammaransi.com



ခြောက်ပါးသော ဖဿာဟာရတို့ဖြင့်။ အာရမ္မဏေသု၊ အာရုံတို့၌။ ရသံ၊ ဣဋ္ဌာနိဋ္ဌရသကို။ ပါတုဘဝန္တံ၊ ထင်ရှားဖြစ်သည်ကို။ ကတွာ၊ ပြု၍။ သုခဒုက္ခံ၊ သုခဝေဒနာ ဒုက္ခဝေဒနာကို။ အနုဘဝန္တိ၊ ခံစားကြကုန်၏။ ဝါ၊ တစ်နည်းကား။ ဝိညာဏေဟိ၊ ဝိညာဉ်ခြောက်ပါးတို့ဖြင့်။ အာရမ္မဏာနိ၊ အာရုံခြောက်ပါးတို့ကို။ ဝိဘာဝေတွာ၊ ထင်ရှားစေလျက်။ နာမရူပသမ္ပတ္တိံ၊ နာမ်ရုပ်နှစ်ပါး၏ ပြည့်စုံခြင်းကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ ဖဿေဟိ၊ ဖဿတို့ဖြင့်။ အာရမ္မဏေသု၊ အာရုံတို့၌။ရသံ၊ ဣဋ္ဌာနိဋ္ဌရသကို။ ပါတုဘဝန္တံ၊ ထင်ရှားဖြစ်သည်ကို။ ကတွာ၊ ပြု၍။ အာရမ္မဏရသာနုဘဝနံ၊ အာရုံ၏အရသာကို ခံစားတတ်သော။ ဝေဒနံ၊ ဝေဒနာကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေလျက်။ တဏှာဝေပုလ္လံ၊ တဏှာ၏ ပြန့်ပြောခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ စေတနာဟိ၊ စေတနာတို့ဖြင့်။ တဏှာမူလကာနိ၊ တဏှာလျှင်အကြောင်းရင်း ရှိကုန်သော။ နာနာကမ္မာနိ၊ အထူးထူးသော ကောင်းမှု မကောင်းမှုတို့ကို။ ပသဝေတွာ၊ ပွားစေလျက်။ ဘဝတော၊ တစ်ဘဝမှ။ ဘဝံ၊ တစ်ဘဝသို့။ သံသရန္တိ၊ ပြောင်းရွှေ့ကျင်လည်ကြရကုန်၏။ ဧဝံ၊ ဤသို့။ အာဟာရဓမ္မာနံ၊ အာဟာရတရားတို့၏။ မဟန္တံ၊ ကြီးစွာသော။ အာဟာရကိစ္စံ၊ ဆောင်တတ်သော သတ္တိကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဣတိ၊ ဤသည်လျှင် သုတ္တန်နည်းတည်း။

**အာဟာရပစ္စယဒီပနာ၊ အာဟာရပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၆- ဣန္ဒြိယပစ္စယော
## ဣန္ဒြိယပစ္စည်း၏ ဘေဒကိုပြခြင်း

ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယပစ္စည်းသည်။ သဟဇာတိန္ဒြိယပစ္စယော၊ သဟဇာတိန္ဒြိယ ပစ္စည်းလည်းကောင်း။ ပုရေဇာတိန္ဒြိယ ပစ္စယော၊ ပုရေဇာတိန္ဒြိယ ပစ္စည်းလည်းကောင်း။ ရူပဇီဝိတိန္ဒြိယပစ္စယော၊ ရူပဇီဝိတိန္ဒြိယပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးပါးအပြားရှိ၏။

www.dhammaransi.com



## သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်၍ပြခြင်း

တတ္ထ၊ ထိုသုံးပါးသော ဣန္ဒြိယပစ္စည်းတို့တွင်။ ဇီဝိတိန္ဒြိယံ၊ နာမ်ဇီဝိတိန္ဒြေလည်းကောင်း။ မနိန္ဒြိယံ၊ မနိန္ဒြေလည်းကောင်း။ သုခိန္ဒြိယံ၊ သုခိန္ဒြေလည်းကောင်း။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေလည်းကောင်း။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေလည်းကောင်း။ ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေလည်းကောင်း။ ဥပေက္ခိန္ဒြိယံ၊ ဥပေက္ခိန္ဒြေလည်းကောင်း။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေလည်းကောင်း။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေလည်းကောင်း။ သတိန္ဒြိယံ၊ သတိန္ဒြေလည်းကောင်း။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေလည်းကောင်း။ ပညိန္ဒြိယံ၊ ပညိန္ဒြေလည်းကောင်း။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြေလည်းကောင်း။ အညိန္ဒြိယံ၊ အညိန္ဒြေလည်းကောင်း။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေလည်းကောင်း။ ဣတိ၊ ဤသို့။ ပန္နရသိန္ဒြိယဓမ္မာ၊ တစ်ဆယ့်ငါးပါးသော နာမ်ဣန္ဒြေတရားတို့သည်။ သဟဇာတိန္ဒြိယပစ္စယော နာမ၊ သဟဇာတိန္ဒြိယပစ္စည်း မည်၏။ တေဟိ၊ ထိုတစ်ဆယ့်ငါးပါးသော နာမ်ဣန္ဒြေပစ္စည်းတရားတို့နှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ စိတ္တစေတသိကဓမ္မာ စ၊ စိတ်စေတသိက်တရားတို့သည်လည်းကောင်း။ ရူပဓမ္မာ စ၊ ရုပ်တရားတို့သည်လည်းကောင်း။ တဿ၊ ထိုသဟဇာတိန္ဒြိယ ပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။

## ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်သရုပ်ကိုထုတ်၍ပြခြင်း

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေလည်းကောင်း။ သောတိန္ဒြိယံ၊ သောတိန္ဒြေလည်းကောင်း။ ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေလည်းကောင်း။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေလည်းကောင်း။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေလည်းကောင်း။ ဣတိ၊ ဤသို့၊ ပဉ္စ၊ ငါးပါးကုန်သော။ ဣန္ဒြိယရူပါနိ၊ ရုပ်ဣန္ဒြေငါးပါးတို့သည်။ ပုရေဇာတိန္ဒြိယပစ္စယော၊ ပုရေဇာတိန္ဒြိယ ပစ္စည်းမည်၏။ ပဉ္စဝိညာဏစိတ္တစေတသိကဓမ္မာ၊ ပဉ္စဝိညာဉ်စိတ်နှင့် သမ္ပယုတ်ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ခုဖြစ်သော တရားတို့သည်။ တဿ၊ ထိုပုရေဇာတိန္ဒြိယပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

မိခင်ဇရာဝတီ

www.dhammaransi.com



## ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်သရုပ်ကိုထုတ်၍ပြခြင်း

ဇကော်၊ တစ်ခုသော။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ရူပဇီဝိတိန္ဒြိယ ပစ္စယော၊ ရုပ်ဇီဝိန္ဒြိယပစ္စည်း မည်၏။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ဇီဝိတရူပ– ဝဇ္ဇိတာနိ၊ ရုပ်ဇီဝိတိန္ဒြေသည် ကြဉ်အပ်ကုန်သော။ ကမ္မဇရူပါနိ၊ ကမ္မဇရုပ် တို့သည်။ တဿ၊ ထိုရုပ်ဇီဝိတိန္ဒြိယပစ္စည်း၏။ ပစ္စယုပ္ပန္နာနိ၊ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

## တ္တန္ဒြိယသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သောအနက်သဘောကြောင့်။ တ္တန္ဒြိယံ၊ တ္တန္ဒြိယ မည်သနည်း။ တ္တတိ၊ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ တ္တဿရိယဋ္ဌေန၊ အစိုးရခြင်းတည်းဟူသော အနက်ကြောင့်။ တ္တန္ဒြိယံ၊ တ္တန္ဒြိယမည်၏။ တတ္ထ၊ ထိုအစိုးရ၏ ဟူသော စကား၌။ ကတ္ထ၊ အဘယ်တရား၌။ တ္တဿရိယံ၊ အစိုးရသနည်း။ တ္တတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပစ္စယုပ္ပန္နေသု ဓမ္မေသု၊ ပစ္စယုပ္ပန်တရားတို့၌။ တ္တဿရိယံ၊ အစိုးရသည်တည်း။ တ္တတိ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ကသ္မိံ ကသ္မိံ ကိစ္စေ၊ အဘယ် အဘယ်အမှုကိစ္စ၌။ တ္တဿရိယံ၊ အစိုးရသနည်း။ တ္တတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အတ္တနော အတ္တနော ကိစ္စေ၊ မိမိ မိမိတို့၏ အမှုကိစ္စ၌။ တ္တဿရိယံ၊ အစိုးရသည်တည်း။ နာမဇီဝိတံ၊ နာမ်ဇီဝိန္ဒြေသည်။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရား တို့၏။ ဇီဝနကိစ္စေ၊ ခဏတ္တယ ကာလဆုံးတိုင် မြဲခိုင်မပျက် အသက်ရှင်မှုကိစ္စ၌။ တ္တဿရိယံ၊ အစိုးရ၏။ ဇီဝနကိစ္စေတိ၊ ဇီဝနကိစ္စ ဟူသည်ကား။ အာယုဝဍ္ဍနကိစ္စေ၊ အသက်ပွားများခြင်းအမှု၌။ သန္တတိဋ္ဌိတိယာ၊ သန္တတိဋ္ဌိ၏။ စိရကာလဋ္ဌိတိကိစ္စေ၊ ကြာမြင့်စွာသော ကာလပတ်လုံး တည်ခြင်းအမှု၌။ တ္တတိ၊ ဤသည်ကား၊ အတ္တော၊ အနက်တည်း။ မနိန္ဒြိယံ၊ မနိန္ဒြေသည်။ အာရမ္မဏဂ္ဂဟဏကိစ္စေ၊ အာရုံကိုယူခြင်း အမှု၌။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့ကို။ တ္တဿရိယံ၊ အစိုးရ၏။ အဝသေသော၊ ဆိုအပ်ပြီးသည်မှကြွင်းသော။ တ္တန္ဒြိယဋ္ဌော၊ တ္တန္ဒြေတို့၏ အနက်သဘောကို။ ပုဗ္ဗေ၊ ရှေး၌။ တ္တန္ဒြိယယမကဒီပနိယံ၊ တ္တန္ဒြိယယမိုက်ကို ဖွင့်ပြသော တ္တန္ဒြိယယမကဒီပနီကျမ်း၌၊ ဝုတ္တောယေဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

www.dhammaransi.com



## ဣန္ဒြိယဒွေ ပုရိသိန္ဒြေ နှစ်ပါးတို့ကို ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် မယူထိုက်သည်ကို လင်းပြခြင်း

ဓော္တ၊ ဤအရာ၌။ ဝဒေယျ၊ ဆိုရာ၏။ ကိံ ဝဒေယျ၊ အသို့ဆိုရာသနည်း ဟူမူကား။ ဒွေ၊ နှစ်ပါးကုန်သော။ ဣတ္ထိန္ဒြိယပုရိသိန္ဒြိယဓမ္မာ၊ ဣတ္ထိန္ဒြိယရုပ် ပုရိသိန္ဒြိယရုပ်တရားတို့သည်။ ဣန္ဒြိယဘူတာ၊ ဣန္ဒြေဖြစ်ကုန်သည်။ သမာနာပိ၊ ဖြစ်ကုန်လျက်လည်း။ ကသ္မာ၊ အဘယ်ကြောင့်။ ဣန္ဒြိယပစ္စယေ၊ ဣန္ဒြိယပစ္စည်း၌။ ဝိသုံ၊ အသီး။ န ဂဟိတာ၊ မယူအပ်သနည်း။ ဣတိ၊ သို့။ ဝဒေယျ၊ ဆိုရာ၏။ ပစ္စယကိစ္စဿ၊ ပစ္စယသတ္တိ၏။ အဘာဝတော၊ မရှိသောကြောင့်။ န ဂဟိတာ၊ မယူအပ်။

## ပစ္စယသတ္တိသုံးမျိုးကို လင်းပြခြင်း

ဟိ၊ ချဲ့၍ဆိုဦးအံ့။ ပစ္စယကိစ္စံ၊ ပစ္စယသတ္တိသည်။ ဇနကကိစ္စဉ္စ၊ ဇနကသတ္တိ လည်းကောင်း။ ဥပတ္ထမ္ဘကကိစ္စဉ္စ၊ ဥပတ္ထမ္ဘကသတ္တိလည်းကောင်း။ အနုပါလကကိစ္စဉ္စ၊ အနုပါလကသတ္တိလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးသော ပစ္စယသတ္တိတို့တွင်။ ယော ပစ္စယော၊ အကြင်ပစ္စည်းသည်။ ပစ္စယုပ္ပန္နဓမ္မဿ၊ ပစ္စယုပ္ပန်တရား၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ ယသ္မိံ၊ အကြင်ပစ္စည်းသည်။ အသတိ၊ မရှိသော်။ ပစ္စယုပ္ပန္နော ဓမ္မော၊ ပစ္စယုပ္ပန်တရားသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ တဿ၊ ထိုပစ္စယုပ္ပန်ဓမ္မဖြစ်ခြင်းငှါ ကျေးဇူးပြုတတ်သော ပစ္စည်း၏။ ပစ္စယကိစ္စံ၊ ပစ္စယသတ္တိ သည်။ ဇနကကိစ္စံ နာမ၊ ဇနကသတ္တိ မည်၏။ ဝါ၊ ပစ္စယုပ္ပန်ဓမ္မကို ဖြစ်စေတတ် သော သတ္တိမည်၏။ အနန္တရပစ္စယော ယထာ၊ အနန္တရပစ္စည်းမျိုးကဲ့သို့တည်း။ ယော ပစ္စယော၊ အကြင်ပစ္စည်းသည်။ ပစ္စယုပ္ပန္နဓမ္မဿ၊ ပစ္စယုပ္ပန်တရား၏။ ဌိတိယာ စ၊ တည်ခြင်းငှါလည်းကောင်း။ ဝုဍ္ဎိယာ စ၊ ကြီးပွားခြင်းငှါလည်း ကောင်း။ ဝိရုဠှိယာ စ၊ စည်ပင်ခြင်းငှါလည်းကောင်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယသ္မိံ၊ အကြင်ပစ္စည်းသည်။ အသတိ၊ မရှိသော်။ ပစ္စယုပ္ပန္နေ ဓမ္မာ၊ ပစ္စယုပ္ပန်တရားသည်။ န တိဋ္ဌတိ၊ မတည်။ န ဝဍ္ဎတိ၊ မကြီးပွား။ န

www.dhammaransi.com



ဝိရူဟတိ၊ မစည်ပင်။ တဿ၊ ထိုပစ္စယုပ္ပန်ဓမ္မ၏ တည်တံ့ကြီးပွား စည်ကားခြင်းငှါ ကျေးဇူးပြုတတ်သော ပစ္စည်း၏။ ပစ္စယကိစ္စံ၊ ပစ္စယသတ္တိသည်။ ဥပတ္ထမ္ဘနကိစ္စံ နာမ၊ ဥပတ္ထမ္ဘနသတ္တိမည်၏။ ဝါ၊ ပစ္စယုပ္ပန်ဓမ္မကို ထောက်ပံ့တတ်သော သတ္တိမည်၏။ ပစ္ဆာဇာတပစ္စယော ယထာ၊ ပစ္ဆာဇာတပစ္စည်းမျိုးကဲ့သို့တည်း။ ယော ပစ္စယေန္တ၊ အကြင်ပစ္စည်းသည်။ ပစ္စယုပ္ပန္နဿ ဓမ္မဿ၊ ပစ္စယုပ္ပန်တရား၏။ ပဝတ္တိယာ၊ ဖြစ်ခြင်းငှါ။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏၊ ယေန၊ အကြင်ပစ္စည်းနှင့်။ ဝိနာ၊ ကင်း၍။ ပစ္စယုပ္ပန္နော ဓမ္မော၊ ပစ္စယုပ္ပန်တရားသည်။ စိရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ န ပဝတ္တတိ၊ မဖြစ်။ သန္တတိဂမနံ၊ အစဉ်မပြတ် တစ်စပ်တည်းဖြစ်ခြင်းသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ တဿ၊ ထိုပစ္စယုပ္ပန်ဓမ္မ၏ အစဉ်မပြတ် တစ်စပ်တည်း ဖြစ်ခြင်းငှါ ကျေးဇူးပြုတတ်သောပစ္စည်း၏။ ပစ္စယကိစ္စံ၊ ပစ္စယသတ္တိသည်။ အနုပါလနကိစ္စံ နာမ၊ အနုပါနသတ္တိ မည်၏။ ဝါ၊ ပစ္စယုပ္ပန်ဓမ္မ အစဉ်မပြတ်အောင် စောင့်ရှောက်တတ်သော သတ္တိမည်၏။ ရူပဇီဝိတိန္ဒြိယပစ္စယော ယထာ၊ ရူပဇီဝိတိန္ဒြိယပစ္စည်းကဲ့သို့တည်း။ ။ ပန၊ ဆက်၍ဆိုဦးအံ့။ ဧတေ ဒွေ ကုန္ဒြိယဓမ္မာ၊ ထိုကုတ္တိန္ဒြေ ပုရိသိန္ဒြေ တရားနှစ်ပါးတို့သည်။ တေသု တီသု ပစ္စယကိစ္စေသု၊ ထိုပြဆိုခဲ့ပြီးသော ပစ္စယသတ္တိသုံးမျိုးတို့တွင်။ ဧကကိစ္စံပိ၊ တစ်ခုသော ကိစ္စမျှကိုလည်း။ န သာဓေန္တိ၊ မပြီးစေကုန်။ တသ္မာ၊ ထိုကြောင့်။ ဧတေ ဒွေ ဓမ္မာ၊ ထိုရုပ်ကုန္ဒြေတရားနှစ်ပါး တို့ကို။ ကုန္ဒြိယပစ္စယေ၊ ကုန္ဒြိယပစ္စည်းနှင့်။ ဝိသုံ၊ ပစ္စယဓမ္မအသီး။ န ဂဟိတာ၊ မယူအပ်ကုန်။ ကုတိ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။

## ကုတ္တိဘောပမ္မောတို့ကို ကုန္ဒြိယပစ္စည်းနှင့် မယူထိုက်သော်လည်း ကုန္ဒြိယခေါ်ထိုက်သေးကြောင်းကို လင်းပြခြင်း

ဧဝံ၊ ဤသို့ ကုန္ဒြိယပစ္စည်းအသီးထုတ်၍ မယူအပ်ကုန်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ဧတေ ဒွေ ဓမ္မာ၊ ထိုကုတ္တိဘော ပုမ္ဘော တရားနှစ်ခုတို့ကို။ ကုန္ဒြိယတိပိ၊ ကုန္ဒြေတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုကောင်းတော့ပြီ။ ကုတိ၊ ဤသို့။ စေ ဝိဒေယျ၊ အကယ်၍ဆိုငြားအံ့။ န ဝတ္တဗ္ဗာ၊ ကုန္ဒြေဟူသော

www.dhammaransi.com



အမည်တပ်၍ မဆိုအပ်ကုန်သည်။ နော၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ဣန္ဒြိယကိစ္စသဗ္ဘာဝတော၊ အစိုးရခြင်းကိစ္စ ရှိသေးသောကြောင့် တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ဣတ္ထိဘောပုမ္ဘောတို့၏ အစိုးရခြင်းကိစ္စကို လင်းပြခြင်း

တေသံ၊ ထိုဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ်တို့၏။ ဣန္ဒြိယကိစ္စံ၊ အစိုးရခြင်း ကိစ္စဟူသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ လိင်္ဂ နိမိတ္တ ကုတ္တ အာကပ္ပေသု၊ အသွင်အရိပ် နိမိတ်သင်္ကေတ် ပုံဟန်အမူအရာ တို့၌။ ဣဿရတာ၊ အစိုးရသည့်အဖြစ်သည်။ ဣန္ဒြိယကိစ္စံ၊ ဣန္ဒြိယကိစ္စတည်း။ တထာ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌၊ ဣတ္ထိန္ဒြိယရုပ်၊ ဣတ္ထိန္ဒြေရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သန္တာနေ၊ သန္တာန်၌။ စတူဟိ၊ လေးပါးကုန်သော။ ကမ္မာဒီဟိ၊ ကံအစရှိကုန်သော။ ပစ္စယေဟိ၊ အကြောင်းတရားတို့ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပဉ္စက္ခန္ဓဓမ္မာ၊ ခန္ဓာငါးပါးတရားတို့သည်။ ဣတ္ထိဘာဝါယ၊ မိန်းမ၏ အဖြစ်အလို့ငှါ။ ပရိဏာမန္တိ၊ ညွတ်ကုန်၏။ သော အတ္တဘာဝေါ၊ ထိုအတ္တဘောသည်။ ဧကန္တေန၊ စင်စစ်အားဖြင့်။ ဣတ္ထိလိင်္ဂ ဣတ္ထိနိမိတ္တ ဣတ္ထိကုတ္တ ဣတ္ထာကပ္ပယုတ္တော၊ မိန်းမ၏အသွင်အပြင် မိန်းမ၏နိမိတ်သင်္ကေတ် မိန်းမ၏ ပုံဟန် မိန်းမ၏အခြင်းအရာတို့နှင့် ယှဉ်သည်။ ဟောတိ၊ ဖြစ်၏။ အညထာ၊ ဣတ္ထိလိင်္ဂစသော အခြင်းအရာမှတတစ်ခြား တစ်ပါးသောအခြင်းအရာဖြင့်။ နော ဟောတိ၊ မဖြစ်။ ဣတ္ထိန္ဒြိယရူပံ၊ ဣတ္ထိန္ဒြိယရုပ်သည်။ တေ ပဉ္စက္ခန္ဓဓမ္မေ၊ ထိုခန္ဓာငါးပါးတရားတို့ကို။ န စ ဇနေတိ၊ ဖြစ်စေသည်လည်း မဟုတ်။ န စ ဥပတ္ထမ္ဘတိ၊ တည်တံ့ကြီးပွား စည်ကားခြင်းငှါလည်း မထောက်ပံ့။ နာပိ အနုပါလေတိ၊ အစဉ်မပျက်စေခြင်းငှါလည်း မစောင့်ရှောက်။ အထ ခေါ၊ စင်စစ် သော်ကား။ တေ ဓမ္မာ၊ ထိုခန္ဓာငါးပါး တရားတို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပစ္စယေဟိ၊ အကြောင်းတို့ကြောင့်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်လျက်။ ဝေဠွဝဋ္ဋ၊ ဤသို့ ဤသို့သော အခြင်းအရာဖြင့်သာလျှင်။ ဥပ္ပဇ္ဇန္တု၊ ဖြစ်ကုန်လော့။

www.dhammaransi.com



ဣတိ၊ ဤသို့။ အာဏံ၊ အာဏာကို။ ဋပေန္တံ ဝိယ၊ ထားဘိသကဲ့သို့။ တေသု၊ ထိုတရားတို့၌။ အတ္တနော၊ မိမိ၏။ အာနုဘာဝံ၊ တန်ခိုးသတ္တိကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ တေ စ ဓမ္မာ၊ ထိုတရားတို့သည်လည်း။ တထေဝ၊ ထိုသို့သော အခြင်းအရာဖြင့်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အညထာ၊ တစ်ပါးသောအခြင်း အရာအားဖြင့်။ နော ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဣတ္ထိန္ဒြိယရူပဿ၊ ဣတ္ထိန္ဒြိယရုပ်၏။ ဣတ္ထိလိင်္ဂါဒိသု၊ မိန်းမ၏အသွင်အပြင်စသည်တို့၌။ ဣဿရတာ၊ အစိုးရသည့် အဖြစ်တည်း။ ပုရိသိန္ဒြိယ ရူပဿ၊ ပုရိသိန္ဒြေရုပ်၏။ ပုရိသလိင်္ဂါဒီသု၊ ယောကျ်ား၏အသွင်အပြင်စသည်တို့၌။ ဣဿရတာယံ၊ အစိုးရသည့်အဖြစ်၌ လည်း။ သေ နယော၊ ဤနည်းလျှင်နည်းရှိ၏။ ဧဝံ၊ ဤသို့။ ဧတေ ဒွေ ဓမ္မာ၊ ထိုဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ် တရားနှစ်ပါးတို့သည်။ လိင်္ဂါဒီသု၊ အသွင်အပြင်စသည် တို့၌။ ဣန္ဒြိယကိစ္စသင်္ခာတတော၊ အစိုးရခြင်းကိစ္စရှိသေးသည် ဖြစ်သောကြောင့်။ ဣန္ဒြိယာ နာမ၊ ဣန္ဒြေတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ဟဒယဝတ္ထု၏ဣန္ဒြိယကိစ္စကို မပြီးစေနိုင်ခြင်းကို ပြခြင်း

ဟဒယဝတ္ထု ရူပံ ပန၊ ဟဒယဝတ္ထုရုပ်သည်ကား။ ဒွိန္နံ ဝိညာဏဓာတူနံ၊ နှစ်ပါးသော မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ နိဿယဝတ္ထုကိစ္စံ၊ မှီရာ ဝတ္ထုကိစ္စကို။ သာဓယမာနံပိ၊ ပြီးစေသော်လည်း။ တာသု၊ ထိုနှစ်ပါးသော မနော ဓာတ် မနောဝိညာဏဓာတ်တို့၌။ ဣန္ဒြိယကိစ္စံ၊ အစိုးရခြင်းကိစ္စကို။ န သာဓေတိ၊ မပြီးစေ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဘာဝိတစိတ္တဿ၊ ပွားစေအပ်ပြီးသောစိတ်ရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဟဒယရူပေ၊ ဟဒယဝတ္ထုရုပ်သည်။ ပသန္နေ ဝါ၊ ကြည်လင်သည်မူလည်း။ ဇာတေပိ၊ ဖြစ်သော်လည်းကောင်း။ အပ္ပသန္နေ ဝါ၊ မကြည်လင်သည်မူလည်း။ ဇာတေပိ၊ ဖြစ်သော်လည်းကောင်း။ မနောဝိညာဏဓာတုယော၊ မနောဝိညာဏဓာတ် တို့သည်။ တဒနုဝတ္တိကာ၊ ထိုဟဒယဝတ္ထုသို့လိုက်၍ ဖြစ်ကုန်သည်။ န ဟောန္တိ၊

www.dhammaransi.com



မဖြစ်ကုန်။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣန္ဒြိယကိစ္စံ၊ ဣန္ဒြိယကိစ္စကို။ န သာဓေတိ၊ မပြီးစေနိုင်။ ဣတိ၊ ထို့ကြောင့်။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်သည်။ ပဉ္စပသာဒဝတ္ထုရူပါနိ ဝိယ၊ ပဉ္စပသာဒ ဝတ္ထုရုပ်တို့ကဲ့သို့။ ပုရေဇာတိန္ဒြိယပစ္စယော၊ ပုရေဇာတိန္ဒြိယပစ္စည်းအသီးသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**ဣန္ဒြိယပစ္စယဒီပနာ၊ ဣန္ဒြိယပစ္စည်းကို လင်းပြခြင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၇- ဈာနပစ္စယော

## ဈာနပစ္စည်း၏ ပစ္စည်း ပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်၍ပြခြင်း

သတ္တ၊ ခုနစ်ပါးကုန်သော။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်းမည်၏။ ကတမေ သတ္တ၊ အဘယ်ခုနစ်ပါးတို့နည်းဟူမူ။ ဝိတက္ကော၊ ဝိတက်စေတသိက်တည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ဝိစာရော၊ ဝိစာရစေတသိက်တည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ပီတိ၊ ပီတိစေတသိက်တည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ သောမနဿံ၊ သောမနဿဝေဒနာတည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာတည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာတည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက်တည်းဟူသော ဈာန်အင်္ဂါလည်းကောင်း။ ဣတိ ဣမေ သတ္တ၊ ဤခုနစ်ပါးတို့တည်း။ တေဟိ၊ ထိုဈာန်အင်္ဂါခုနစ်ပါးတို့နှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ ပဉ္စဝိညာဏဝဇ္ဇိတာ၊ ပဉ္စဝိညာဉ်သည် ကြဉ်အပ်ကုန်သော။ စိတ္တစေတသိကဓမ္မာ စ၊ စိတ် စေတသိက် တရားတို့သည်လည်းကောင်း။ ရူပဓမ္မာ စ၊ ရုပ်တရားတို့သည်လည်းကောင်း။ တဿ၊ ထိုဈာန်ပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်တရား မည်ကုန်၏။

## ဈာနသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ဈာနံ၊ ဈာန်မည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဥပနိဇ္ဈာယနဋ္ဌေန၊ အာရုံသို့

www.dhammaransi.com



ကပ်၍ ရှုခြင်းတည်းဟူသော အနက်ကြောင့်။ ဈာန်၊ ဈာန်မည်၏။ ဥပနိဇ္ဈာယနဋ္ဌေနာတိ စ၊ ဥပနိဇ္ဈာယနဋ္ဌေန ဟူသည်လည်း။ မနသာ၊ စိတ်ဖြင့်။ အာရမ္မဏံ၊ အာရုံသို့။ ဥပဂန္တွာ၊ ကပ်၍။ နိဇ္ဈာယနဋ္ဌေန ပေက္ခနဋ္ဌေန၊ ရှုခြင်းဟူသော အနက်ကြောင့်။ ဈာန်၊ ဈာန်မည်၏။

## ဈာန်တရားသည် အာရုံသို့ကပ်၍ မြဲမြဲစွာရှုကြည့်ပုံကို လေးသမားဥပမာဖြင့် ထင်စွာပြခြင်း

ယထာဟိ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ ဣဿာသော၊ လေးသမားသည်။ ဒူရေ၊ အဝေး၌။ ဌတွာ၊ ရပ်၍။ ခုဒ္ဒကေ၊ ငယ်သော။ လက္ခမဏ္ဍလေ၊ မှတ်တိုင်စက်ကွင်း၌။ သရံ၊ မြားကို။ ပဝေသေန္တော၊ ပစ်သွင်းလိုသည်ရှိသော်။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ သရံ၊ မြားကို။ ဥဇုကဉ္စ၊ ဖြောင့်သည်ကိုလည်းကောင်း။ နိစ္စလဉ္စ၊ မလှုပ်သည်ကိုလည်းကောင်း။ ကတွာ၊ ပြု၍။ မဏ္ဍလဉ္စ၊ မှတ်တိုင်စက်ကွင်းကိုလည်း။ ဝိဘူတံ၊ ထင်ရှားသည်ကို။ ကတွာ၊ ပြု၍။ စက္ခုနာ၊ မျက်စိဖြင့်။ နိဇ္ဈာယန္တော၊ စိုက်စိုက်စူးစူး ပြူးပြူးကြည့်လျက်။ ပဝေသေတိ၊ ပစ်သွင်း၏။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဣမေဟိ အင်္ဂေဟိ၊ ဤခုနစ်ပါးသော ဈာန်အင်္ဂါတို့ဖြင့်။ စိတ္တံ၊ စိတ်ကို။ ဥဇုကဉ္စ၊ ဖြောင့်သည်ကိုလည်းကောင်း။ နိစ္စလဉ္စ၊ မလှုပ်သည်ကိုလည်းကောင်း။ ကတွာ၊ ပြု၍။ အာရမ္မဏဉ္စ၊ အာရုံကိုလည်း။ ဝိဘူတံ၊ ထင်သည်ကို။ ကတွာ၊ ပြု၍။ နိဇ္ဈာယန္တော၊ ရှုသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဥပနိဇ္ဈာယတီတိ၊ ကပ်၍ရှု၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ ဥပနိဇ္ဈာယိတွာ၊ ကပ်၍ရှုပြီး၍။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ကာယကမ္မံ ဝါ၊ ကာယကံအမှုကိုလည်း ကောင်း။ ဝစီကမ္မံ ဝါ၊ ဝစီကံအမှုကိုလည်းကောင်း။ မနောကမ္မံ ဝါ၊ မနောကံ အမှုကိုလည်းကောင်း။ ကရောန္တေ၊ ပြုသည်ရှိသော်။ အဝိရဇ္ဈမာနော၊ မချွတ် မတိမ်း မယိမ်းစေသည်ဖြစ်၍။ ကရောတိ၊ ပြု၏။ တတ္ထ၊ ထိုစကား၌။ ကာယကမ္မံ နာမ၊ ကာယကံအမှုမည်သည်ကား။ အဘိက္ကမပ္ပဋိက္ကမာဒိကံ၊ ရှေ့သို့လှမ်းခြင်း နောက်သို့ဆုတ်ခြင်း စသည်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝစီကမ္မံ နာမ၊ ဝစီကံမှု မည်သည်ကား။ အက္ခရဝဏ္ဏပရိပုဏ္ဏံ၊ အက္ခရာပုဒ်ဗျည်းတို့နှင့် ပြည့်စုံသော။

www.dhammaransi.com



ဝစီဘေဒကရဏံ၊ နှုတ်သံစကား မြွက်ကြားခြင်းကို။ ဝုစ္စတိ၊ ဆိုအပ်၏။ မနောကမ္မံ နာမ၊ မနောကံမှုမည်သည်ကား။ ယံကိဉ္စိ၊ ခပ်သိမ်းသော။ မနသာ၊ စိတ်ဖြင့်။ အာရမ္မဏဝိဘာဝနံ၊ အာရုံထင်ရှားစေခြင်းကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒါနကမ္မံ ဝါ၊ ဒါနအမှုကိုလည်းကောင်း၊ ပါဏာတိပါတကမ္မံ ဝါ၊ သူ့အသက်သတ်ခြင်းအမှုကို လည်းကောင်း။ အနုရူပေဟိ၊ အမှုအားလျော်ကုန်သော။ ဈာနင်္ဂေဟိ၊ ဈာန်အင်္ဂါတို့နှင့်။ ဝိနာ၊ကင်း၍။ ဒုဗ္ဗလေန၊ အားနည်းသော။ စိတ္တေန၊ စိတ်ဖြင့်။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသည်။ န ဟောတိ၊ မဖြစ်။ သေသေသု၊ ကြွင်းကုန်သော။ ကုသလာကုသလကမ္မေသု၊ ကုသိုလ် အကုသိုလ်ကံတို့၌။ သေ နယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တ္တတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်တည်း။

## ဈာန်တရားတို့၏ အသီးအသီးသော လက္ခဏာကို လင်းပြခြင်း

အယဉ္စ အတ္ထော၊ ဤအနက်ကိုလည်း။ ဝိတက္ကာဒီနံ၊ ဝိတက်အစရှိကုန်သော။ ဈာနင်္ဂဓမ္မာနံ၊ ဈာနင်တရားတို့၏။ ဝိသုံ ဝိသုံ၊ အသီးအသီးသော။ သဘာဝလက္ခဏေဟိ၊ သဘောလက္ခဏာတို့ဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ဝိတက္ကော၊ ဝိတက်တည်းဟူသော ဈာနင်သည်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ် တရားတို့ကို။ အာရမ္မဏာဘိနိရောပနလက္ခဏော၊ အာရုံသို့ရှေးရှုထင်ခြင်း လက္ခဏာရှိ၏။ သော၊ ထိုဝိတက်သည်။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ ဒဠှံ၊ မြဲစွာ။ နိယောဇေတိ၊ ယှဉ်စေ၏။ ဝိစာရော၊ ဝိစာရတည်းဟူသော ဈာနင်သည်။ အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိ၏။ သော၊ ထိုဝိစာရသည်။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ ဒဠှံ၊ မြဲစွာ။ သံယောဇေတိ၊ ကောင်းစွာယှဉ်တွဲစေ၏။ ပီတိ၊ ပီတိတည်းဟူသော ဈာနင်သည်။ အာရမ္မဏသမ္ပိယာယနလက္ခဏာ၊ အာရုံကို ကောင်းစွာမြတ်နိုး ချစ်ခင်စေခြင်း လက္ခဏာရှိ၏။ သာ၊ ထိုပီတိသည်။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ ပရိဘုဉ္ဇ၊ မြတ်နိုးနှစ်သက် စုံမက်သည်ကို။ ကရောတိ၊ ပြုတတ်၏။ တိဿောပိ ဝေဒနာ၊ ဝေဒနာသုံးပါးတို့သည်လည်း။ အာရမ္မဏရသာနုဘဝန–

www.dhammaransi.com



လက္ခဏာ၊ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၏။ တာပိ၊ ထိုဝေဒနာသုံးပါးတို့သည်လည်း။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ ဣဋ္ဌာနိဋ္ဌမဇ္ဈတ္တရသာနုဘဝနကိစ္စေ၊ ဣဋ္ဌာရုံအရသာ အနိဋ္ဌာရုံအရသာ မဇ္ဈတ္တာရုံအရသာကို ခံစားခြင်းကိစ္စဖြင့်။ ဒဋ္ဌပ္ပဋိုဗဒ္ဓံ၊ မြဲစွာဖွဲ့သည်ကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက် တည်းဟူသော ဈာနင်သည်။ သမ္မာဓာနလက္ခဏာ၊ ကောင်းစွာထားခြင်းလက္ခဏာရှိ၏။ သာပိ၊ ထိုဧကဂ္ဂတာဈာနင်သည်လည်း။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ နိစ္စလံ၊ မလှုပ်သည်ကို။ ကတွာ၊ ပြု၍။ ဌပေတိ၊ ထားတတ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ အသီးအသီးသော လက္ခဏာသဘောကို ပိုင်းခြားမှတ်သားအပ်၏။

**ဈာနပစ္စယဒီပနာ၊ ဈာနပစ္စည်းကို လင်းပြခြင်းသည်။**
**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၈– မဂ္ဂပစ္စယော
## မဂ္ဂပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်၍ လင်းပြခြင်း

ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့သည်။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းမည်၏။ ကတမေ ဒွါဒသ၊ အဘယ်တစ်ဆယ့်နှစ်ပါးတို့နည်းဟူမူ။ သမ္မာဒိဋ္ဌိ၊ ပညိန္ဒြေစေတသိက်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ ဝိတက်စေတသိက်တည်းဟူသော သမ္မသင်္ကပ္ပမဂ္ဂင်လည်းကောင်း။ သမ္မာဝါစာ၊ သမ္မာဝါစာမဂ္ဂင်လည်းကောင်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တမဂ္ဂင်လည်းကောင်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝမဂ္ဂင်လည်းကောင်း။ သမ္မာသတိ၊ သတိစေတသိက်တည်းဟူသော သမ္မာသတိမဂ္ဂင်လည်းကောင်း။ သမ္မာသမာဓိ၊ ဧကဂ္ဂတာစေတသိက်တည်းဟူသော သမ္မာသမာဓိမဂ္ဂင်လည်းကောင်း။ မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိစေတသိက်တည်းဟူသော မိစ္ဆာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။ မိစ္ဆာသင်္ကပ္ပေါ၊ ဝိတက်စေတသိက်တည်းဟူသော မိစ္ဆာသင်္ကပ္ပမဂ္ဂင်လည်းကောင်း။ မိစ္ဆာဝါယာမော၊ ဝီရိယစေတသိက်တည်းဟူသော မိစ္ဆာဝါယာမမဂ္ဂင်လည်းကောင်း။ မိစ္ဆာသမာဓိ၊

www.dhammaransi.com



ဇောဂ္ဂတာစေတသိက်တည်းဟူသော မိစ္ဆာသမာဓိမဂ္ဂင်လည်းကောင်း။ ဣတိ ဣမေ၊ ဤတစ်ဆယ့်နှစ်ပါးသော မဂ္ဂင်တို့တည်း။ သေသာ၊ ကြွင်းကုန်သော။ မိစ္ဆာဝါစာ၊ မိစ္ဆာဝါစာလည်းကောင်း။ မိစ္ဆာကမ္မန္တော၊ မိစ္ဆာကမ္မန္တလည်းကောင်း။ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာအာဇီဝလည်းကောင်း။ ဣတိ၊ သို့။ တယော ဓမ္မာ၊ သုံးပါးသော တရားတို့သည်။ ဝိသုံ၊ အသီး။ စေတသိကဓမ္မာ၊ စေတသိက်တရားတို့သည်။ န ဟောန္တိ၊ ကုန်။ မုသာဝါဒါဒိဝသေန၊ မုသာဝါဒ အစရှိသည်၏အစွမ်းဖြင့်။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ အကုသလက္ခန္ဓာနံ၊ အကုသိုလ်ခန္ဓာတို့၏။ နာမံ၊ အမည်တည်း၊ တသ္မာ၊ ထိုကြောင့်။ တေ၊ ထိုမိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝတို့ကို။ မဂ္ဂပစ္စယေ၊ မဂ္ဂပစ္စည်း၌။ ဝိသုံ၊ အသီး။ န ဂဟိတာ၊ မယူအပ်ကုန်။ ဣတိ၊ သို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သဟေတုကာ၊ သဟိတ်ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ စ၊ စိတ်စေတသိက် တရားတို့သည်လည်းကောင်း။ သဟေတုကစိတ္တသဟဇာတာ၊ သဟိတ်စိတ်နှင့် တကွဖြစ်ကုန်သော။ ရူပဓမ္မာ စ၊ ရုပ်တရားတို့သည်လည်းကောင်း။ တဿ၊ ထိုမဂ္ဂပစ္စည်း၏။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

## မဂ္ဂသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ မဂ္ဂေါ၊ မဂ္ဂ မည်သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သုဂတိ ဒုဂ္ဂတိ နိဗ္ဗာနဒိသာဒေသသမ္ပာပနဋ္ဌေန၊ သုဂတိဘဝ ဒုဂ္ဂတိဘဝ နိဗ္ဗာန်ဟုဆိုအပ်သော အရပ်ဒေသတို့သို့ ရောက်စေတတ်သော အနက်ကြောင့်။ မဂ္ဂေါ၊ မဂ္ဂမည်၏။ ဟိသစ္စံ၊ မှန်၏။ သမ္မာဒိဋ္ဌိအာဒိကာနိ၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော။ အဋ္ဌသမ္မာမဂ္ဂင်္ဂါနိ၊ ရှစ်ပါးသော သမ္မာမဂ္ဂင်တို့သည်။ သုဂတိဒိသာဒေသဉ္စ၊ သုဂတိ အရပ်ဒေသသို့လည်းကောင်း။ နိဗ္ဗာနဒိသာဒေသဉ္စ၊ နိဗ္ဗာန်အရပ်ဒေသသို့လည်းကောင်း။ သမ္ပာပနတ္ထာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ မိစ္ဆာမဂ္ဂင်္ဂါနိ၊ မိစ္ဆာမဂ္ဂင်တို့သည်။ ဒုဂ္ဂတိဒိသာဒေသံ၊ ဒုဂ္ဂတိ အရပ်ဒေသသို့။ သမ္ပာပနတ္ထာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

www.dhammaransi.com



## ဈာနပစ္စယသတ္တိနှင့် မဂ္ဂပစ္စယသတ္တိနှစ်ပါးတို့၏အထူးကို ဥပမာဖြင့် ထင်စွာလင်းပြခြင်း

တတ္ထ၊ ထိုအရာ၌။ ဈာနပစ္စယော၊ ဈာနပစ္စည်းသည်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုတတ်၏။ ထိရံ၊ မြဲစွဲသည်ကို။ ကရောတိ၊ ပြုတတ်၏။ အပ္ပနာပတ္တံ၊ အပ္ပနာသို့ရောက်သည်ကို။ ကရောတိ၊ ပြုတတ်၏။ အပ္ပနာပတ္တံ နာမ၊ အပ္ပနာသို့ရောက်ခြင်းမည်သည်ကား။ ဂမ္ဘီရေ၊ နက်သော။ ဥဒကေ၊ ရေ၌။ ပက္ခိတ္တော၊ ထည့်အပ်သော။ မစ္ဆောဝိယ၊ ငါးကဲ့သို့။ ကသိဏနိမိတ္တာဒိကေ၊ ကသိုဏ်းနိမိတ် အစရှိသော။ နိမိတ္တာရမ္မဏေ၊ နိမိတ်အာရုံ၌။ အနုဝိဒ္ဓံ၊ စူးဝင်သော။ စိတ္တံ၊ စိတ်ကို။ ပဝုစ္စတိ၊ ဆိုအပ်၏။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းသည်။ ဝဋ္ဋပထေ၊ သံသရာစခန်း ခရီးလမ်း၌။ စေတနာကမ္မံ၊ စေတနာကံကို။ ဝိဝဋ္ဋပထေ၊ သံသရာထွက်ခန်း နိဗ္ဗာန်လမ်း၌။ ဘာဝနာကမ္မံ၊ ဘာဝနာကံကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုတတ်၏။ ထိရံ၊ ခိုင်မြဲသည်ကို။ ကရောတိ၊ ပြုတတ်၏။ ကမ္မပထပတ္တံ၊ ကမ္မပထသို့ရောက်သည်ကို။ ကရောတိ၊ ပြုတတ်၏။ ဝုဒ္ဓိံ၊ ကြီးပွားခြင်းကို။ ဝိရုဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဘူမိန္တရပတ္တံ၊ ဘုံအထူးသို့ရောက်သည်ကို။ ကရောတိ၊ ပြုတတ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ တေသံပစ္စယာနံ၊ ထိုဈာနပစ္စည်း မဂ္ဂပစ္စည်းတို့၏။ ဝိသေသော၊ အထူးတည်း။

## ကမ္မပထပတ္တ, ဘူမန္တရပတ္တဟူသော စကားတို့၏ အဓိပ္ပါယ်ကို လင်းပြခြင်း

တတ္ထ၊ ထိုစကားရပ်၌။ ကမ္မပထပတ္တံ နာမ၊ ကမ္မပထပတ္တမည်သည်ကား။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတ အစရှိကုန်သော။ ကုသလာကုသလကမ္မာနံ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏။ အင်္ဂပါရိပူရိယာ၊ အင်္ဂါပြည့်စုံစေခြင်းငှါ။ ပဋိသန္ဓိဇနနေ၊ ပဋိသန္ဓေအကျိုးကို ဖြစ်စေရာ၌။ သမတ္ထဘာဝသင်္ခါတံ၊ စွမ်းနိုင်သည့်အဖြစ်ဟု ဆိုအပ်သော။ ကမ္မဂတိံ၊ ကံအဖြစ်သို့။ ပတ္တံ၊ ရောက်သော။ စေတနာကမ္မံ၊ စေတနာကံတည်း။ ဘူမန္တရပတ္တံ နာမ၊ ဘူမန္တရပတ္တ မည်သည်ကား။

www.dhammaransi.com



ဘာဝနာနုက္ကမေန၊ ဘာဝနာအစဉ်ဖြင့်။ ကာမဘူမိတော၊ ကာမဘုံမှ။ ပဋ္ဌာယ၊ စ၍။ ယာဝလောကုတ္တရဘူမိယာ၊ လောကုတ္တရာဘုံတိုင်အောင်။ ဧကေသ္မိံ ကုရိယာပထေပိ၊ တစ်ခုသော ကုရိယာပုထ်၌လည်း။ ဥပရူပရိဘူမိ၊ အထက်အဆင့် ဆင့်ဖြစ်သောဘုံသို့။ ပတ္တံ၊ ရောက်သော။ ဘာဝနာကမ္မံ၊ ဘာဝနာကံတည်း။ အယဥ္စ အတ္ထော၊ ဤအနက်ကိုလည်း။ ဈာနပစ္စယေ၊ ဈာနပစ္စည်း၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီး သောနည်းဖြင့်။ သမ္မာဒိဋ္ဌိအာဒိကာနံ၊ သမ္မာဒိဋ္ဌိအစရှိကုန်သော။ မဂ္ဂင်္ဂဓမ္မာနံ၊ မဂ္ဂင်တရားတို့၏။ ဝိသုံ ဝိသုံ၊ အသီးသီးသော။ သဘာဝလက္ခဏေဟိ၊ သဘောလက္ခဏာ မှတ်ကြောင်းတို့ဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ကထံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**မဂ္ဂပစ္စယဒီပနာ၊ မဂ္ဂပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၁၉– သမ္ပယုတ္တပစ္စယော

## ပစ္စယဒုကသုံးမျိုးရှိခြင်းနှင့် ၎င်းတို့ကို ဟောရခြင်း အကြောင်းကို လင်းပြခြင်း

သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်း ဝိပ္ပယုတ္တ ပစ္စည်းဟူ၍။ ဧကံ၊ တစ်ခုသော။ ဒုကံ၊ ဒုကသည်။ ဝါ၊ အစုသည်။ ဟောတိ၊ ဖြစ်၏။ အတ္ထိပစ္စယော နတ္ထိပစ္စယောတိ၊ အတ္ထိပစ္စည်း နတ္ထိပစ္စည်းဟူ၍။ ဧကံ၊ တစ်ခုသော။ ဒုကံ၊ ဒုကသည်။ ဟောတိ၊ ဖြစ်၏။ ဝိဂတပစ္စယော အဝိဂတပစ္စယောတိ၊ ဝိဂတပစ္စည်း အဝိဂတပစ္စည်းဟူ၍။ ဧကံ၊ တစ်ခုသော။ ဒုကံ၊ ဒုကသည်။ ဟောတိ၊ ဖြစ်၏။ တီဏိ၊ သုံးပါးကုန်သော။ ဣမာနိ ပစ္စယဒုကာနိ၊ ဤပစ္စည်းအစုတို့သည်။ ဝိသုံ၊ အသီး။ ပစ္စယဝိသေသာနိ၊ ပစ္စည်းအထူးတို့သည်။ န ဟောန္တိ၊ မဟုတ်ကုန်။ ပန၊ ရှေး၌။ အာဂတေသု၊ လာကုန်သော။ ပစ္စယေသု၊ ပစ္စည်းတို့တွင်။ ကေစိပစ္စယာ၊ အချို့သောပစ္စည်းတို့သည်။ အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နေဟိ၊ ပစ္စယုပ္ပန်တရားတို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊ ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကေစိ၊ အချို့သော ပစ္စည်းတို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊

www.dhammaransi.com



ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်သည်။ ကေစိ၊ အချို့သောပစ္စည်းတို့သည်။ ဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊ ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကေစိ၊ အချို့သောပစ္စည်းတို့သည်။ အဝိဇ္ဇမာနာ၊ ထင်ရှားမရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊ ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကေစိ၊ အချို့သော ပစ္စည်းတို့သည်။ ဝိဂတာ၊ ကင်းကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊ ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ကေစိ၊ အချို့သော ပစ္စည်းတို့သည်။ အဝိဂတာ၊ မကင်းကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပစ္စယတ္တံ၊ ပစ္စည်းအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြတော်မူခြင်းငှါ။ ဣမာနိ တီဏိ ပစ္စယဒုက္ကာနိ၊ ဤသုံးစုံသော ပစ္စည်းဒုက်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

## အတ္ထိသဒ္ဒါ, နတ္ထိသဒ္ဒါတို့၏ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို အသီးအသီးဟောပုံကို ပါဠိုကိုး၍ ပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ အတ္ထီတိ ခေါ ကစ္စာန အယမေကော အန္တော၊ နတ္ထီတိ ခေါ ဒုတိယော အန္တောတိ၊ အတ္ထီတိ ခေါ။ လ။ ဒုတိယော အန္တော ဟူ၍။ ဝေရူပေသု၊ ဤသို့သဘောရှိကုန်သော။ ဌာနေသု၊ အရာတို့၌။ အတ္ထိနတ္ထိသဒ္ဒါ၊ အတ္ထိသဒ္ဒါ နတ္ထိသဒ္ဒါတို့သည်။ သဿတုစ္ဆေဒေသု၊ သဿတဝါဒ ဥစ္ဆေဒဝါဒဟူသော အနက်တို့၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဝေရူပါနံ၊ ဤသို့သဘောရှိကုန်သော။ အတ္ထာနံ၊ အနက်တို့ကို။ နိဝတ္တနတ္ထံ၊ နစ်စေခြင်းအကျိုးငှါ။ ပုန၊ တစ်ဖန်။ ဝိဂတဒုက္ကံ၊ ဝိဂတဒုက်ကို။ ဝုတ္တံ၊ ဟောတော်မူ၏။

www.dhammaransi.com



## သမ္ပယုတ္တပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်၍ပြခြင်း

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ စိတ္တစေတသိကဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ အညမညဿ၊ အချင်းချင်း၏။ ပစ္စယာ စေဝ၊ ပစ္စည်းတရားတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပစ္စယုပ္ပန္နာ စ၊ ပစ္စယုပ္ပန်တရားတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## သမ္ပယုတ္တသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ သမ္ပယုတ္တော၊ သမ္ပယုတ္တမည်သနည်း။ ဧကုပ္ပါဒတာ၊ တကွဖြစ်တတ်သည်၏အဖြစ်လည်းကောင်း။ ဧကနိရောဓတာ၊ တကွချုပ်တတ်သည်၏အဖြစ်လည်းကောင်း။ ဧကဝတ္ထုကတာ၊ တူသောဝတ္ထုမှီရာရှိသည်၏အဖြစ်လည်းကောင်း။ ဧကာရမ္မဏတာ၊ တူသောအာရုံရှိသည်၏အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ သမ္ပယောဂင်္ဂေဟိ၊ ဤသမ္ပယောဂအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ သံယုတ္တော၊ ကောင်းစွာအညီအညွတ်ယှဉ်သည်လည်း။ ဧကီဘာဝံ၊ တစ်ပေါင်းတည်း၏ အဖြစ်သို့။ ဂတော၊ ရောက်သည်လည်း။ ဣတိ ဣမိနာ အတ္ထေန၊ ဤသို့သော အနက်ကြောင့်။ သမ္ပယုတ္တော၊ သမ္ပယုတ္တမည်၏။

## ဧကီဘာဝဟူသော စကား၏အဓိပ္ပါယ်ကို လင်းပြခြင်း

တတ္ထ၊ ထိုစကား၌။ ဧကီဘာဝံဂတောတိ၊ ဧကီဘာဝဂတောဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ ဖဿာဒီဟိ၊ ဖဿအစရှိကုန်သော။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ စေတသိကေဟိ၊ စေတသိက်တို့နှင့်။ သဟ၊ တကွ။ ဧကီဘာဝံ၊ တစ်ပေါင်းတစ်လုံး တစ်ရုံးတစ်စည်းတည်းအဖြစ်သို့။ ဂတံ၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဒဿနန္တိ၊ ဒဿနဟူ၍။ ဝါ၊ မြင်တတ်သောတရားဟူ၍။ ဧကံ ဝေါဟာရံ၊ တစ်ခုသော အမည်ပညတ်သို့။ ဂစ္ဆတိ၊ ရောက်လေ၏။ အဋ္ဌဓမ္မာ၊ ရှစ်ပါးသော

www.dhammaransi.com



တရားတို့သည်။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဝေါဟာရံ၊ အမည်ပညတ် တပ်မှတ် ခေါ်ဝေါ်အပ်ခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။ ဝိနိဗ္ဘုဇိတွာ၊ ခွဲခြမ်းထုတ်ဖော်၍။ ဝိညာဘုံ၊ သိခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ သေသေသု၊ ကြွင်းကုန်သော။ သဗ္ဗစိတ္တုပ္ပါဒေသု၊ ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့၌။ သေ နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**သမ္ပယုတ္တပစ္စယဒီပနာ၊ သမ္ပယုတ္တပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၂၀- ဝိပ္ပယုတ္တပစ္စယော
## ဝိပ္ပယုတ္တပစ္စည်း၏ ဘေဒကိုပြခြင်း

ဝိပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စည်းသည်။ သဟဇာတော၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်းလည်းကောင်း။ ဝတ္ထုပုရေဇာတော၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းလည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတော၊ ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းလည်းကောင်း။ ပစ္ဆာဇာတော၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

## သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်တရားများကို သရုပ်ထုတ်၍ပြခြင်း

တတ္ထ၊ ထိုလေးပါးတို့တွင်။ သဟဇာတဝိပ္ပယုတ္တော နာမ၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်းမည်သည်ကား။ ဒွီသု၊ နှစ်ပါးကုန်သော။ သဟဇာတပစ္စယ ပစ္စယုပ္ပန္နေသု၊ သဟဇာတပစ္စည်း သဟဇာတပစ္စယုပ္ပန်ဖြစ်ကုန်သော။ နာမရူပေသု၊ နာမ်ရုပ်တရားတို့တွင်။ နာမံ ဝါ၊ နာမ်တရားသည်မူလည်း။ ရူပဿ၊ ရုပ်တရား အား။ ရူပံ ဝါ၊ ရုပ်တရားသည်မူလည်း။ နာမဿ၊ နာမ်တရားအား။ ဝိပ္ပယုတ္တံ၊ မယှဉ်သည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသဟဇာတဝိပ္ပယုတ္တပစ္စည်း၌။ နာမန္တိ၊ နာမ်ဟူသည်ကား။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ စတုက္ခန္ဓနာမံ၊ နာမ်ခန္ဓာလေးပါးတည်း။ ရူပဿာတိ၊ ရူပဿ

www.dhammaransi.com



ဟူသည်ကား။ စိတ္တဇရူပဿ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား။ ရူပန္တိ၊ ရုပ်ဟူသည်ကား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်တရားတည်း။ နာမဿာတိ၊ နာမဿဟူသည်ကား။ ပဋိသန္ဓိစတုက္ခန္ဓနာမဿ၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါးအား။ သေသာ၊ သဟဇာတဝိပ္ပယုတ်မှ ကြွင်းကုန်သော။ တယောပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဝိပ္ပယုတ္တပစ္စယာ၊ ဝိပ္ပယုတ္တ ပစ္စည်းတို့ကို။ ပုဗ္ဗေ၊ ရှေး၌။ ဝိတ္ထာ ရေ၊ ထေဖန်အပ်ကုန်ပြီးသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒေဒိတဗ္ဗံ၊ သိအပ်၏။

**ဝိပ္ပယုတ္တပစ္စယဒီပနာ၊ ဝိပ္ပယုတ္တပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၂၁- အတ္ထိပစ္စယော
## အတ္ထိပစ္စည်း၏ဘေဒကိုပြခြင်း

အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းသည်။ သဟဇာတတ္ထိပစ္စယော၊ သဟဇာတတ္ထိပစ္စည်းလည်းကောင်း။ ဝတ္ထုပုရေဇာတတ္ထိပစ္စယော၊ ဝတ္ထုပုရေဇာတတ္ထိပစ္စည်းလည်းကောင်း။ အာရမ္မဏပုရေဇာတတ္ထိပစ္စယော၊ အာရမ္မဏပုရေဇာတတ္ထိပစ္စည်းလည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိပစ္စယော၊ ဝတ္ထာရမ္မဏကပုရေဇာတတ္ထိပစ္စည်းလည်းကောင်း။ ပစ္ဆာဇာတတ္ထိပစ္စယော၊ ပစ္ဆာဇာတတ္ထိပစ္စည်းလည်းကောင်း။ ရူပါဟာရတ္ထိပစ္စယော၊ ရူပါဟာရတ္ထိပစ္စည်းလည်းကောင်း။ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စယော၊ ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဝိဓော၊ ခုနစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## အတ္ထိပစ္စည်းခုနစ်မျိုးသည် ပြဆိုအပ်ပြီးသော ပစ္စည်းအသီးအသီးတို့နှင့် တူသည်၏အဖြစ်ကို ညွှန်ပြခြင်း

တတ္ထ၊ ထိုခုနစ်ပါးတွင်။ သဟဇာတပစ္စယော ဧဝ၊ သဟဇာတပစ္စည်းသက်သက်သည်သာလျှင်။ သဟဇာတတ္ထိပစ္စယော နာမ၊ သဟဇာတတ္ထိပစ္စည်းမည်၏။ သေသေသု၊ ကြွင်းကုန်သော။ ဆသု၊ ခြောက်ပါးသော အတ္ထိပစ္စည်းတို့၌။ ဧသ နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ပစ္စယပစ္စယုပ္ပန္နဝိဘာဂေါ၊

www.dhammaransi.com



ပစ္စယဓမ္မပစ္စယုပ္ပန္နဓမ္မကို ဝေဖန်ခြင်းကိုလည်း။ ဟေဋ္ဌာ၊ အောက်၌။ တတ္ထ တတ္ထ၊ ထိုထိုဆိုင်ရာ ဆိုင်ရာပစ္စည်း၌။ ၄ုတ္တာယေဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

## အတ္ထိသဒ္ဒါ၏အနက်ကို လင်းပြခြင်း

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းမည်သနည်း။ သယံ၊ မိမိသည်။ ခဏိကပစ္စုပ္ပန္နတာသင်္ခါတေန၊ ခဏိကပစ္စုပ္ပန်၏အဖြစ်ဟု ဆိုအပ်သော။ အတ္ထိဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ ပစ္စုပ္ပန္နသဿ ဓမ္မဿ၊ ပစ္စုပ္ပန်ဖြစ်သော ပစ္စုပ္ပန်တရားအား။ ပစ္စယော၊ ကျေးဇူးပြုတတ်သော ပစ္စည်းသည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အတ္ထိပစ္စယဒီပနာ၊ အတ္ထိပစ္စည်းကို လင်းပြခြင်းသည်။**

**နိဋ္ဌိတာ၊ ပြီးပြီ။**

## ၂၂- နတ္ထိပစ္စယော
## ၂၃- ဝိဂတပစ္စယော
## ၂၄- အဝိဂတပစ္စယော

## နတ္ထိ, ဝိဂတ ဤနှစ်ပါးသောပစ္စည်းတို့သည် အနန္တရပစ္စည်းနှင့် တူကြောင်း၊ အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့်တူကြောင်းကို ညွှန်ပြခြင်း

သဗ္ဗော၊ အလုံးစုံသော။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းသည်။ နတ္ထိပစ္စယော နာမ၊ နတ္ထိပစ္စည်းမည်၏။ တထာ၊ ထိုအတူ။ ဝိဂတပစ္စယော၊ ဝိဂတပစ္စည်းလည်း မည်၏။ အဝိဂတပစ္စယောပိ၊ အဝိဂတပစ္စည်းသည်လည်း။ အတ္ထိပစ္စယေန၊ အတ္ထိပစ္စည်းနှင့်။ သဗ္ဗသဒိသော၊ အလုံးစုံတူ၏။ အတ္ထီတိ စ၊ အတ္ထိဟူသောသဒ္ဒါသည်လည်းကောင်း။ အဝိဂတောတိ စ၊ အဝိဂတောဟူသော သဒ္ဒါသည်လည်းကောင်း။ အတ္ထတော၊ အနက်အားဖြင့်။ ဝါ၊ တရားကိုယ်အားဖြင့်။ ဧကမေဝ၊ တူသည်သာလျှင်တည်း။ တထာ၊ ထိုအတူ။ နတ္ထီတိ စ၊ နတ္ထိဟူသော

www.dhammaransi.com



သဒ္ဒါသည်လည်းကောင်း။ ဝိဂတောတိ စ၊ ဝိဂတောဟူသော သဒ္ဒါသည်လည်း ကောင်း။ အတ္ထတော၊ အနက်တရားကိုယ်အားဖြင့်။ ဧကမေဝ၊ တူသည်သာလျှင် တည်း။

**နတ္ထိဝိဂတအဝိဂတပစ္စယဒီပနာ၊ နတ္ထိပစ္စည်း, ဝိဂတပစ္စည်း, အဝိဂတပစ္စည်းကို လင်းပြခြင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

**ပစ္စယတ္တဒီပနာ၊ နှစ်ဆယ့်လေးပစ္စည်းတို့၏အနက် သဘောတရားကိုယ်တို့ကို လင်းပြခြင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

**ဤတွင်ရွေ့ နှစ်ဆယ့်လေးပစ္စည်း၏ အဖွင့်ပြီးပြီ။**

## ပစ္စယသဘာဂေါ

## ပစ္စယသဘာဂနည်း၌ မဟာသဟဇာတ မဇ္ဈိမသဟဇာတ ခုဒ္ဒကသဟဇာတ ပစ္စည်းမျိုးတို့ကို ခွဲခြားဝေဖန်၍ ပြခြင်း

ပစ္စယသဘာဂေါ၊ သဘောတူပစ္စည်း ပေါင်းတွဲနည်း ပစ္စယသဘာဂကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ သဟဇာတဇာတိကာ၊ သဟဇာတပစ္စည်း မျိုးတို့သည်။ ပဉ္စဒသ၊ တစ်ဆယ့်ငါးမျိုး ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဉ္စဒသ၊ တစ်ဆယ့်ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ စတ္တာရော၊ လေးမျိုးကုန်သော။ မဟာသဟဇာတာ၊ သဟဇာတကြီးမျိုးတို့လည်း ကောင်း။ စတ္တာရော၊ လေးမျိုးကုန်သော။ မဇ္ဈိမသဟဇာတာ၊ သဟဇာတ အလတ်မျိုးတို့လည်းကောင်း။ သတ္တ၊ ခုနစ်ပါးသော။ ခုဒ္ဒကသဟဇာတာ၊ သဟဇာတအငယ်မျိုးတို့လည်းကောင်း။ ဣတိ ဣမေ ပဉ္စဒသ၊ ဤတစ်ဆယ့်ငါး မျိုးတို့တည်း။ ။ တတ္ထ၊ ထိုတစ်ဆယ့်ငါးမျိုးသော သဟဇာတပစ္စည်းတို့တွင်။ စတ္တာရော၊ လေးမျိုးကုန်သော။ မဟာသဟဇာတာ နာမ၊ သဟဇာတကြီးမျိုးတို့ မည်သည်ကား။ သဟဇာတော၊ သက်သက်သော သဟဇာတပစ္စည်းသည်လည်း ကောင်း။ သဟဇာတနိဿယော၊ သဟဇာတနိဿယပစ္စည်းသည်လည်းကောင်း။ သဟဇာတတ္ထိ၊ သဟဇာတတ္ထိပစ္စည်းသည်လည်းကောင်း။ သဟဇာတ အဝိဂတော၊ သဟဇာတ အဝိဂတပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတ္တာရော၊

www.dhammaransi.com



လေးပါးကုန်သော။ မဇ္ဈိမသဟဇာတာ နာမ၊ သဟဇာတ အလတ်မျိုးတို့မည်သည် ကား။ အညမညော၊ အညမည ပစ္စည်းသည်လည်းကောင်း။ ဝိပါကော၊ ဝိပါက ပစ္စည်းသည်လည်းကောင်း။ သမ္ပယုတ္တော၊ သမ္ပယုတ္တပစ္စည်းသည်လည်းကောင်း။ သဟဇာတဝိပ္ပယုတ္တော၊ သဟဇာတဝိပ္ပယုတ္တပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တ၊ ခုနစ်ပါးကုန်သော။ ခုဒ္ဒကသဟဇာတာ နာမ၊ သဟဇာတ အငယ်မျိုးတို့မည်သည်ကား။ ဟေတု၊ ဟေတုပစ္စည်းသည်လည်းကောင်း။ သဟဇာတာဓိပတိ၊ သဟဇာတာဓိပတိပစ္စည်းသည်လည်းကောင်း။ သဟဇာတကမ္မံ၊ သဟဇာတကမ္မ ပစ္စည်းသည်လည်းကောင်း။ သဟဇာတာဟာရော၊ သဟဇာတာဟာရပစ္စည်းသည်လည်းကောင်း။ သဟဇာတိန္ဒြိယံ၊ သဟဇာတိန္ဒြိယ ပစ္စည်းသည်လည်းကောင်း။ ဈာနံ၊ ဈာနပစ္စည်းသည်လည်းကောင်း။ မဂ္ဂေါ၊ မဂ္ဂပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ရူပါဟာရပစ္စည်းသုံးမျိုးကို ပြခြင်း

ရူပါဟာရာ၊ ရုပ်အာဟာရမျိုးတို့သည်။ ရူပါဟာရော၊ ရူပါဟာရပစ္စည်း လည်းကောင်း။ ရူပါဟာရတ္ထိ၊ ရူပါဟာရတ္ထိပစ္စည်းလည်းကောင်း။ ရူပါဟာရ–ဝိဂတော၊ ရူပါဟာရ ဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးမျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ရူပဇီဝိတိန္ဒြိယပစ္စည်းသုံးမျိုးကို ပြခြင်း

ရူပဇီဝိတိန္ဒြိယာနိ၊ ရူပဇီဝိတိန္ဒြိယမျိုးတို့သည်။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြိယပစ္စည်းလည်းကောင်း။ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရုပ်ဇီဝိတိန္ဒြိယတ္ထိပစ္စည်း လည်းကောင်း။ ရူပဇီဝိတိန္ဒြိယာဝိဂတံ၊ ရုပ်ဇီဝိတိန္ဒြိယအဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးမျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

www.dhammaransi.com



## ပုရေဇာတပစ္စည်းတစ်ဆယ့်ခုနစ်မျိုးကို သရုပ်ထုတ်၍ပြခြင်း

ပုရေဇာတဇာတိကာ၊ ပုရေဇာတပစ္စည်းတို့သည်။ သတ္တရသ၊ တစ်ဆယ့်ခုနစ်မျိုးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တရသ၊ တစ်ဆယ့်ခုနစ်မျိုးဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဆ၊ ခြောက်မျိုးကုန်သော။ ဝတ္ထုပုရေဇာတာ၊ ဝတ္ထုပုရေဇာတမျိုးတို့လည်းကောင်း။ ဆ၊ ခြောက်မျိုးကုန်သော။ အာရမ္မဏ–ပုရေဇာတာ၊ အာရမ္မဏပုရေဇာတမျိုးတို့လည်းကောင်း။ ပဉ္စ၊ ငါးမျိုးကုန်သော။ ဝတ္ထာရမ္မဏပုရေဇာတာ၊ ဝတ္ထာရမ္မဏပုရေဇာတမျိုးတို့လည်းကောင်း။ ဣတိ ဣမေ သတ္တရသ၊ ဤတစ်ဆယ့်ခုနစ်မျိုးတို့တည်း။ ။ တတ္ထ၊ ထိုတစ်ဆယ့်ခုနစ်မျိုးသော ပုရေဇာတမျိုးတို့တွင်။ ဆ၊ ခြောက်မျိုးကုန်သော။ ဝတ္ထုပုရေဇာတာ နာမ၊ ဝတ္ထုပုရေဇာတမျိုးတို့မည်သည်ကား။ ဝတ္ထုပုရေဇာတော၊ ဝတ္ထုပုရေဇာတပစ္စည်းသည်လည်းကောင်း။ ဝတ္ထုပုရေဇာတနိဿယော၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းသည်လည်းကောင်း။ ဝတ္ထုပုရေဇာတိန္ဒြိယံ၊ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်းသည်လည်းကောင်း။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တံ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်းသည်လည်းကောင်း။ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိပစ္စည်းသည်လည်းကောင်း။ ဝတ္ထုပုရေဇာတအဝိဂတော၊ ဝတ္ထုပုရေဇာတအဝိဂတပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## အာရမ္မဏပုရေဇာတပစ္စည်းခြောက်မျိုးတို့၏ အမည်များကို ပြခြင်း

ဆ၊ ခြောက်မျိုးကုန်သော။ အာရမ္မဏပုရေဇာတာ နာမ၊ အာရမ္မဏပုရေ–ဇာတမျိုးတို့ မည်သည်ကား။ အာရမ္မဏပုရေဇာတော၊ အာရမ္မဏပုရေဇာတပစ္စည်းသည်လည်းကောင်း။ ကိဉ္စိ အာရမ္မဏံ၊ အချို့သော အာရမ္မဏပစ္စည်းသည်လည်းကောင်း။ ကောစိ အာရမ္မဏာဓိပတိ၊ အချို့သော အာရမ္မဏာဓိပတိပစ္စည်းသည်လည်းကောင်း။ ကောစိ အာရမ္မဏူပနိဿယော၊ အချို့သော အာရမ္မဏူပနိဿယပစ္စည်းသည်လည်းကောင်း။ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတတ္ထိပစ္စည်းသည်လည်းကောင်း။ အာရမ္မဏပုရေဇာတအဝိဂတော၊ အာရမ္မဏပုရေဇာတအဝိဂတပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိအာရမ္မဏန္တိအာဒီသု၊

www.dhammaransi.com



ကိဠိအာရမ္မဏံ အစရှိသော စကားတို့၌။ ကိဠိကောစိဝစနေဟိ၊ ကိဠိသဒ္ဒါကောစိသဒ္ဒါ တို့ဖြင့်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ နိပ္ဖန္နရူပံ၊ နိပ္ဖန္နရုပ် အဋ္ဌာရသကို။ ဂယှတိ၊ ယူအပ်၏။ ပဥ္စ၊ ငါးမျိုးကုန်သော။ ဝတ္ထာရမ္မဏပုရေဇာတာ နာမ၊ ဝတ္ထာရမ္မဏ ပုရေဇာတမျိုးတို့မည်သည်ကား။ ဝတ္ထာရမ္မဏပုရေဇာတော၊ ဝတ္ထာရမ္မဏပုရေဇာတော၊ ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းသည်လည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတနိဿယော၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းသည်လည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တော၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ ပစ္စည်းသည်လည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ ပစ္စည်းသည်လည်းကောင်း။ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတော၊ ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတပစ္စည်းသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ပစ္ဆာဇာတပစ္စည်းလေးမျိုး၏ အမည်များကို ပြခြင်း

ပစ္ဆာဇာတဇာတိကာ၊ ပစ္ဆာဇာတမျိုးတို့သည်။ ပစ္ဆာဇာတော၊ ပစ္ဆာဇာတ ပစ္စည်းသက်သက်လည်းကောင်း။ ပစ္ဆာဇာတဝိပ္ပယုတ္တော၊ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း လည်းကောင်း။ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိပစ္စည်းလည်းကောင်း။ ပစ္ဆာဇာတ–အဝိဂတော၊ ပစ္ဆာဇာတအဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးမျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## အနန္တရပစ္စည်း ခုနစ်မျိုးတို့၏အမည်များကို ပြခြင်း

အနန္တရာ၊ အနန္တရမျိုးတို့သည်။ အနန္တရော၊ အနန္တရပစ္စည်းလည်းကောင်း။ သမနန္တရော၊ သမနန္တရပစ္စည်းလည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပ–နိဿယပစ္စည်းလည်းကောင်း။ အာသေဝနံ၊ အာသေဝနပစ္စည်းလည်းကောင်း။ အနန္တရကမ္မံ၊ အနန္တရကမ္မပစ္စည်းလည်းကောင်း။ နတ္ထိ၊ နတ္ထိပစ္စည်းလည်းကောင်း။ ဝိဂတော၊ ဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်မျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထ စ၊ ဤအနန္တရခုနစ်မျိုး၌လည်း။ အနန္တရကမ္မံ နာမ၊ အနန္တရကမ္မပစ္စည်းမည်သည်ကား။ အရိယမဂ္ဂစေတနာ၊ အရိယမဂ်လေးပါးနှင့် ယှဉ်သော စေတနာတည်း။ သာ၊ ထိုစေတနာသည်။ အတ္တနော အနန္တရေ၊

www.dhammaransi.com



မိမိ၏အခြားမဲ့၌။ အရိယဖလံ၊ အရိယဖိုလ်လေးပါးကို။ ဇနေတိ၊ ဖြစ်စေ၏။

## မရောမယှက် သက်သက်သော ပစ္စည်းငါးမျိုးကို ပြခြင်း

ဝိသုံပစ္စယာ၊ မရောမယှက် သက်သက်သောပစ္စည်းတို့သည်။ ပဉ္စ၊ ငါးမျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေပဉ္စ၊ အဘယ်ငါးမျိုးတို့နည်းဟူမူ။ အဝသေသံ၊ ကြွင်းသော။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းလည်းကောင်း။ အဝသေသော၊ ကြွင်းသော။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိပစ္စည်းလည်းကောင်း။ အဝသေသော၊ ကြွင်းသော။ အာရမ္မဏူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ သဗ္ဗော၊ အလုံးစုံသော။ ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းလည်းကောင်း။ အဝသေသံ၊ ကြွင်းသော။ နာနာက္ခဏိကကမ္မံ၊ နာနာက္ခဏိကကမ္မပစ္စည်းလည်းကောင်း။ ဣတိ၊ ဤငါးမျိုးတို့တည်း။ ဣတိဧဝံ ယထာဝုတ္တနယေန၊ ဤသို့ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ပဋ္ဌာနပစ္စယော၊ ပဋ္ဌာန်းပစ္စည်းတို့သည်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ စတုပညာသပ္ပဘေဒါ၊ ငါးဆယ့်လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ငါးဆယ့်လေးပါးသော ပစ္စည်းမျိုးတို့ကို ကာလသုံးပါးဖြင့် မှတ်၍ပြခြင်း

တတ္ထ၊ ထိုငါးဆယ့်လေးပါးသော ပစ္စည်းမျိုးတို့တွင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သဟဇာတဇာတိကာ စ၊ သဟဇာတမျိုးတို့လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပစ္ဆာဇာတ ဇာတိကာ စ၊ ပစ္ဆာဇာတမျိုးတို့လည်းကောင်း။ ရူပါဟာရော၊ ရူပါဟာရမျိုးလည်းကောင်း။ ရူပဇီဝိတိန္ဒြိယံ၊ ရူပဇီဝိတိန္ဒြိယမျိုးလည်းကောင်း။ ဣတိ ဣမေ၊ ဤပစ္စည်းမျိုးတို့သည်။ ပစ္စုပ္ပန္နပစ္စယာ နာမ၊ ပစ္စုပ္ပန်ပစ္စည်းမျိုးတို့မည်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အနန္တရဇာတိကာ၊ အနန္တရမျိုးတို့လည်းကောင်း။ သဗ္ဗံ၊ ခပ်သိမ်းသော။ နာနာက္ခဏိကကမ္မံ၊ နာနာက္ခဏိကကမ္မမျိုးလည်းကောင်း။ ဣတိ ဣမေ၊ ဤပစ္စည်းမျိုးတို့သည်။

www.dhammaransi.com



တီတပစ္စယာ နာမ၊ အတိတ်ပစ္စည်းမျိုးတို့မည်ကုန်၏။ အာရမ္မဏံ၊ အာရမ္မဏ ပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ ဣတိဣမေ၏ ဤပစ္စည်းတို့သည်။ တေကာလိကာ စ၊ ကာလသုံးပါးနှင့်ယှဉ်သော ပစ္စည်းမျိုးတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဗ္ဗာနပညတ္တီနံ၊ နိဗ္ဗာန်ပညတ် တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ကာလဝိမုတ္တာ စ၊ ကာလသုံးပါးမှလွတ်သော ပစ္စည်းတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## နိဗ္ဗာန်ပညတ် တရားနှစ်ပါးတို့၏ အပစ္စယအသင်္ခတမည်သည့်အဖြစ်ကို ပြခြင်း

နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်လည်းကောင်း။ ပညတ္တိ စ၊ ပညတ်လည်းကောင်း။ ဣတိဣမေ ဒွေ ဓမ္မာ၊ ဤတရားနှစ်ပါးတို့သည်။ အပ္ပစ္စယာ နာမ၊ အပ္ပစ္စယတရား တို့မည်ကုန်၏။ အသင်္ခတာ နာမ၊ အသင်္ခတတရားတို့မည်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အဇာတိကတ္တာ၊ ဥပါဒ်အားဖြင့် ထင်ရှားဖြစ်ပေါ် တတ်သော တရားမျိုးမဟုတ်သောကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ ယေသံ၊ အကြင်တရားတို့အား။ ဇာတိ နာမ၊ ထင်ရှားဖြစ်ပေါ်ခြင်း ဇာတိတရားမည်သည်။ အတ္ထိ၊ ရှိ၏။ ဥပ္ပါဒေါ နာမ၊ ဥပါဒ်ခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုတရားတို့သည်။ သပ္ပစ္စယာ နာမ၊ သပ္ပစ္စယတရားတို့မည်ကုန်၏။ ဝါ၊ အကြောင်း တရားတို့နှင့်တကွ ဖြစ်တတ်သော တရားတို့မည်ကုန်၏။ သင်္ခတာ နာမ၊ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့သည် ပြုပြင်အပ်သော တရားတို့မည်ကုန်၏။ ပဋိစ္စသမုပ္ပန္နာ နာမ၊ အကြောင်းတရားတို့ကို စွဲ၍ဖြစ်တတ် သောတရားတို့မည်ကုန်၏။ ဣမေ ဒွေ ဓမ္မာ စ၊ ဤနိဗ္ဗာန် ပညတ်တရားနှစ်ပါး တို့သည်ကား။ အဇာတိကတ္တာ စ၊ ဇာတိကင်းသော တရားမျိုးဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ အနုပ္ပါဒတ္တာ စ၊ ဥပါဒ်ကင်းသော တရားမျိုးဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ အဇာတိပစ္စယတ္တာ စ၊ ဇာတိဖြစ်ပေါ်ခြင်း၌ အကြောင်းကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အပ္ပစ္စယာ နာမ၊ အပ္ပစ္စယတရားတို့ မည်ကုန်၏။ အသင်္ခတာ နာမ၊ အသင်္ခတ တရားတို့မည်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

www.dhammaransi.com



## သပ္ပစ္စယ သင်္ခတတရားတို့၏ မမြဲသည့်အဖြစ်ကို ပြခြင်း

သပ္ပစ္စယေသု၊ အကြောင်းတရားတို့နှင့်တကွ ဖြစ်တတ်ကုန်သော။ သင်္ခတေသု၊ အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော။ ဓမ္မေသု စ၊ တရားတို့၌လည်း။ နိစ္စော၊ မြဲသော။ ဓုဝေါ၊ ခိုင်ခန့်သော။ သဿတော၊ အခါခပ်သိမ်းတည်သော။ အဝိပရိဏာမဓမ္မော၊ ဖောက်ပြန်ပျက်စီးခြင်း မရှိသော။ ဧကောပိ၊ တစ်ခုမျှလည်း ဖြစ်သော၊ ဓမ္မော နာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။ အထခေါ၊ စင်စစ်သော်ကား။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော သပ္ပစ္စယသင်္ခတဓမ္မတို့သည်။ ခယဋ္ဌေန၊ ကုန်ခန်းပျက်စီးတတ်သော အနက်ကြောင့်။ အနိစ္စာ ဧဝ၊ မမြဲသော အနိစ္စတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ သယဉ္စ၊ မိမိကိုယ်တိုင်လည်း။ ပစ္စယာယတ္တ ဝုတ္တိကတ္တာ၊ အကြောင်းတရားနှင့်စပ်၍ ဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပစ္စယာနဉ္စ၊ အကြောင်းတရားတို့၏လည်း။ အနိစ္စဓမ္မတ္တာ၊ မြဲသောသဘော မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ အနိစ္စာ ဧဝ၊ အနိစ္စတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## နိဗ္ဗာန် ပညတ်ဟူသော ပစ္စည်းတို့၏ မြဲသည်အဖြစ်ကြောင့် အကျိုးတရားများလည်း မြဲသင့်သည်ဟူသော စောဒနာကို ဖြေဆိုရှင်းလင်းခြင်း

နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ ပညတ္တိ စ၊ ပညတ်တသည်လည်းကောင်း။ ပစ္စယာ၊ အကြောင်းပစ္စည်းတရားတို့သည်။ ဟောန္တိနနု၊ ဖြစ်ကုန်သည် မဟုတ်လော။ တေစ၊ ထိုနိဗ္ဗာန်ပညတ်တရားတို့သည်ကား။ နိစ္စာနနု၊ မြဲကုန်သည် မဟုတ်လော။ ဓုဝါနနု၊ ထာဝရတည်ကုန်သည်မဟုတ်လော။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ သစ္စံ၊ ပစ္စည်းတရားမဟုတ်သည်မှန်၏။ ပန၊ ထိုသို့ ပစ္စည်းတရားမှန်သော်လည်း။ ကေဝလေန၊ သက်သက်သော။ နိဗ္ဗာနပစ္စယေန ဝါ၊ နိဗ္ဗာန်တည်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ပညတ္တိပစ္စယေန ဝါ၊ ပညတ်တည်းဟူသော အကြောင်းကြောင့်လည်းကောင်း။

www.dhammaransi.com



ဥပ္ပန္နော နာမ၊ ဖြစ်ပေါ်သော တရားမည်သည်။ နတ္ထိ၊ မရှိ။ ဗဟူဟိ ပစ္စယေဟိ စေ၊ များစွာသော အကြောင်းတို့ကြောင့်သာလျှင်။ ဥပ္ပန္နော၊ ဖြစ်သည်တည်း။ တေ ပန ပစ္စယာ၊ ထိုများစွာသော အကြောင်းတို့သည်လည်း။ အနိစ္စာ စေ၊ မမြဲသောတရား တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဓုဝါ စေ၊ ထာဝရ မတည်သော တရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## အနိစ္စတရားတို့သည်ပင် ဘယဋ္ဌကြောင့် ဒုက္ခမည်ကြောင်းနှင့် ဒုက္ခသုံးပါးသရုပ်ကို ပြခြင်း

ယေ စ ဓမ္မာ၊ အကြင်တရားတို့သည်ကား။ အနိစ္စာ၊ အမြဲမရှိသော အနိစ္စာတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုအနိစ္စတရားတို့သည်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ သတ္တေ၊ သတ္တဝါတို့ကို။ တိဝိဓေဟိ၊ သုံးပါးအပြားဘ ရှိကုန်သော။ ဒုက္ခဒဏ္ဍေဟိ၊ ဒုက္ခဘေးရန် ဒဏ်အပေါင်းတို့ဖြင့်။ ပဋိပ္ပီဠေန္တိ၊ နှိပ်စက်ကုန်၏။ ဗာဓေန္တိ၊ ညှဉ်းဆဲကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေ ဓမ္မာ၊ ထိုအနိစ္စတရားတို့သည်။ ဘယဋ္ဌေန၊ ကြောက်အပ်သော ဘေးဟူသော အနက် ကြောင့်။ ဒုက္ခာ စေ၊ နှိပ်စက်ညှဉ်းဆဲ ဆင်းရဲသော ဒုက္ခတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုစကား၌။ တိဝိဓာ၊ သုံးပါးအပြားရှိသော။ ဒုက္ခဒဏ္ဍာ နာမ၊ ဒုက္ခဘေးရန် ဒဏ်တို့မည်သည်ကား။ ဒုက္ခဒုက္ခတာ၊ ကာယိက ဒုက္ခ, စေတသိကဒုက္ခတို့၏ ဆင်းရဲဧကန် အမှန်ဒုက္ခ၏ အဖြစ်ဟုဆိုအပ်သော ဒုက္ခဒုက္ခသည်လည်းကောင်း။ သင်္ခါရဒုက္ခတာ၊ သင်္ခါရတရားတို့၏ အမြဲမပြတ် ပြုပြင်အပ်သည့်အဖြစ်ဟု ဆိုအပ်သော သင်္ခါရဒုက္ခသည်လည်းကောင်း။ ဝိပရိဏာမဒုက္ခတာ၊ သုခစသည်မြဲမတည်သဖြင့် ကစင့်ကရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ဟန်ကြောင့် အမှန်ဆင်းရဲသည်၏အဖြစ်ဟု ဆိုအပ်သော ဝိပရိဏာမဒုက္ခ သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

www.dhammaransi.com



## အနိစ္စ ဒုက္ခတရားတို့သည်ပင် အသာရကဋ္ဌကြောင့် အနတ္တမည်ကြောင်းကို ပြခြင်း

ယေ ကေစိ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်။ အနိစ္စာ ဝေ၊ အမြဲမတည်သော အနိစ္စတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေသိဉ္စိ ဣရိယာပထေပိ၊ တစ်ခုတည်းသော ဣရိယာပုထ်၌လည်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘိဇ္ဇန္တိ၊ ပြိုကွဲပျက်စီးကြကုန်၏။ တေ၊ ထိုအမြဲမတည်သော အနိစ္စတရားတို့သည်။ ကထံ၊ အသို့လျှင်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ နိစ္စသညိတာနံ၊ နိစ္စဟု ယူမှတ်တတ်ကုန်သော။ သတ္တပုဂ္ဂလာနံ၊ သတ္တဝါ ပုဂ္ဂိုလ်တို့၏။ အတ္တာ နာမ၊ အတ္တမည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်နိုင်ရာကုန်အံ့နည်း။ သာရာ နာမ၊ အနှစ်သာရ မည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်နိုင်ရာကုန်အံ့နည်း။ ယေ စ၊ အကြင်တရားတို့ သည်လည်း။ ဒုက္ခာ ဝေ၊ ဒုက္ခတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုဒုက္ခတရားတို့သည်။ ကထံ၊ အသို့လျှင်။ ဒုက္ခပ္ပဋိကူလာနံ၊ ဒုက္ခဖြင့် စက်ဆုပ်ရွံ့ရှာကုန်သော။ သုခကာမာနံ၊ သုခကိုအလိုရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အတ္တာ နာမ၊ အတ္တမည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်နိုင်ကုန်အံ့ နည်း။ သာရာ နာမ၊ အနှစ်သာရမည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်နိုင်ကုန်အံ့နည်း။ တသ္မာ၊ ထိုကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အသာရကဋ္ဌေန၊ အနှစ်မရှိခြင်း ဟူသော အနက်ကြောင့်။ အနတ္တာ ဝေ၊ အနတ္တတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ပဋ္ဌာန်းပစ္စယဒေသနာတော်ကြီးသည် အနတ္တလက္ခဏာကိုလင်းပြသော ကျမ်းကြီးအစစ်ဖြစ်ကြောင်းကို ပြခြင်း

အပိ စ၊ စင်စစ်သော်ကား။ စတုဝီသတိယာ၊ နှစ်ဆယ့်လေးပါး အပြားရှိသော။ ဣမာယ ပစ္စယဒေသနာယ၊ ဤပဋ္ဌာန်းပစ္စည်း ဒေသနာတော်ဖြင့်။ ဣမမတ္ထံ၊ ဤဆိုလတ္တံ့သော အနက်ကို။ ယသ္မာ၊ အကြင်ကြောင့်။ ဒဿေတိ၊ ပြ၏။ ကထံ ဒဿေတိ၊ အသို့ပြသနည်းဟူမူ။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခတဓမ္မာ နာမ၊ သင်္ခတတရားတို့မည်သည်။ ပစ္စယာယတ္တဝုတ္တိကာ

www.dhammaransi.com



ဝေ၊ အကြောင်းပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝသာယတ္တဝုတ္တိကာ၊ အလိုနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပစ္စယာယတ္တဝုတ္တိကေသု၊ အကြောင်းပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော။ တေသု စ၊ ထိုတရားတို့၌လည်း။ ကောစိ ဓမ္မော၊ တစ်ခုသောတရားမျှသည်လည်း။ အပ္ပကေန၊ အနည်းငယ်သော။ ပစ္စယေန၊ အကြောင်းပစ္စည်းကြောင့်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ အထ ခေါ၊ စင်စစ်သော်ကား။ ဗဟူဟိ ဧဝ ပစ္စယေဟိ၊ များစွာသောအကြောင်းပစ္စည်းတို့ကြောင့်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣမံ အတ္ထံ၊ ဤအနက်ကို။ ယသ္မာ၊ အကြင်ကြောင့်။ ဒဿေတိ၊ ပြ၏။ တသ္မာ၊ ထိုသို့တရားတစ်ခု၏ အကြောင်းအနည်းငယ်ကြောင့် မဖြစ်များစွာသော အကြောင်းတို့ကြောင့်သာလျှင် ဖြစ်၏ဟူသော အနက်ကို ပြသောကြောင့်။ အယံ ဒေသနာ၊ ဤပဋ္ဌာန်းပစ္စယဒေသနာတော်သည်။ ဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့၏။ အနတ္တလက္ခဏာဒီပနေ၊ အနတ္တလက္ခဏာကို ပြရာ၌။ မတ္ထကပတ္တာ၊ အထွတ်အထိပ်သို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**ပစ္စယသဘာဂသင်္ဂဟော၊ ပစ္စည်းသဘောတူ ပေါင်းစုရေတွက်၍ ပြရာ ပြကြောင်းဖြစ်သော ပစ္စယသဘာဂသင်္ဂဟသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

# ပစ္စယဃဋနာနယော

## ပစ္စယဃဋနာနည်း၏အဓိပ္ပါယ်နှင့်တကွ သပ္ပစ္စယ သင်္ခတ ပဋိစ္စသမုပ္ပန္နတရားတို့ကို သရုပ်နှင့်တကွပြခြင်း

ပစ္စယဃဋနာ နယော၊ ပစ္စယဃဋနာမည်းကို။ ဝုစ္စတေ၊ ဆိုအပ်၏။ ကေကသ္မိံ ပစ္စယုပ္ပန္နေ၊ တစ်ခုတစ်ခုသော ပစ္စယုပ္ပန်တရား၌။ ဗဟုန္နံ၊ များစွာကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ သမောဓာနံ၊ ပါဝင်ပေါင်းဆုံခြင်းသည်။ ပစ္စယဃဋနာ နာမ၊ ပစ္စယဃဋနာမည်၏။ ယေ ပန ဓမ္မာ၊ အကြင်တရားတို့ကို။ သပ္ပစ္စယာတိ၊ အကြောင်းတရားတို့နှင့်တကွ ဖြစ်တတ်ကုန်သော သပ္ပစ္စယတရားတို့ ဟူ၍လည်းကောင်း။ သင်္ခတာတိ၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်ကုန်

www.dhammaransi.com



သော သင်္ခတတရားတို့ဟူ၍လည်းကောင်း။ ပဋိစ္စသမုပ္ပန္နာတိ၊ အကြောင်းတရားတို့ကို စွဲ၍ ဖြစ်တတ်ကုန်သော ပဋိစ္စသမုပ္ပန္နတရားတို့ဟူ၍လည်းကောင်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဥပ္ပါဒေ စ၊ ဥပါဒ်ခဏ၌လည်းကောင်း။ ဌိတိယဉ္စ၊ ဌီခဏ၌လည်းကောင်း။ ၈ ဘုဝိသတိယာ၊ နှစ်ဆယ့်လေးပါးသော။ ဣမေဟိ ပစ္စယေဟိ၊ ဤဆိုအပ်ခဲ့ပြီးသော အကြောင်း ပစ္စည်းတို့နှင့်။ သဟိတတ္တာ၊ တကွဖြစ်တတ်ကုန်၏အဖြစ်ကြောင့်။ သပ္ပစ္စယာ နာမ၊ သပ္ပစ္စယာမည်ကုန်၏။ သပ္ပစ္စယတ္တာ၊ အကြောင်းပစ္စည်းနှင့်တကွဖြစ်တတ် သည်၏အဖြစ်ကြောင့်သာလျှင်။ သင်္ခတာ နာမ၊ သင်္ခတမည်ကုန်၏။ သင်္ခတတ္တာ၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်သည်၏အဖြစ်ကြောင့်။ ပဋိစ္စသမုပ္ပန္နာ နာမ၊ ပဋိစ္စသမုပ္ပန္နမည်ကုန်၏။ တေ ဓမ္မာ၊ ထိုသပ္ပစ္စယ သင်္ခတ ပဋိစ္စသမုပ္ပန္န မည်သော တရားတို့သည်။ ကတမေ ပန၊ အဘယ်သည်တို့နည်း။ ဣတိ၊ ဤကား။ ပုစ္ဆာ၊ အမေးတည်း။ ဧကူနနဝုတိ စိတ္တာနိ စ၊ ရှစ်ဆယ့်ကိုးပါးသော စိတ်တို့သည်လည်းကောင်း။ ဒွိပညာသစေတသိကာနိ စ၊ ငါးဆယ့်နှစ်ပါးသော စေတသိက်တို့သည်လည်းကောင်း။ အဋ္ဌဝီသတိရူပါနိ စ၊ နှစ်ဆယ့်ရှစ်ပါးသော ရုပ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## စိတ် ၈၉-ပါးကို ဝိညာဏဓာတ် ၇-ပါးဖွဲ့၍ ဝေဖန်ပြခြင်း

တတ္ထ၊ ထိုစေတသိက် ရုပ်တရားတို့တွင်။ ဧကူနနဝုတိစိတ္တာနိ၊ ရှစ်ဆယ့်ကိုးပါးသော စိတ်တို့သည်။ ဓာတုဝသေန၊ ဓာတ်၏အစွမ်းဖြင့်။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်လည်းကောင်း။ သောတဝိညာဏဓာတု၊ သောတဝိညာဏဓာတ်လည်းကောင်း။ ဃာနဝိညာဏဓာတု၊ ဃာနဝိညာဓာတ် လည်းကောင်း။ ဇိဝှါဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတ်လည်းကောင်း။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏဓာတ်လည်းကောင်း။ မနောဓာတု၊ မနောဓာတ်လည်းကောင်း။ မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်လည်း ကောင်း။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ သတ္တဝိဓာနိ၊ ခုနစ်ပါးအပြား ရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုဝိညာဏဓာတ် ခုနစ်ပါးတို့၌။

www.dhammaransi.com



စက္ခုဝိညာဏဒွယံ၊ စက္ခုဝိညာဉ်စိတ် နှစ်ခုအပေါင်းသည်။ စက္ခုဝိညာဏဓာတု နာမ၊ စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏဒွယံ၊ သောတဝိညာဉ်စိတ် နှစ်ခုအပေါင်းသည်။ သောတဝိညာဏဓာတု နာမ၊ သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏဒွယံ၊ ဃာနဝိညာဉ်စိတ်နှစ်ခုအပေါင်းသည်။ ဃာနဝိညာဏဓာတု နာမ၊ ဃာနဝိညာဏဓာတ်မည်၏။ ဇိဝှါဝိညာဏဒွယံ၊ ဇိဝှါဝိညာဏဓာတ်နှစ်ခု အပေါင်းသည်။ ဇိဝှါဝိညာဏဓာတု နာမ၊ ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယဝိညာဏဒွယံ၊ ကာယဝိညာဉ်စိတ်နှစ်ခုအပေါင်းသည်။ ကာယဝိညာဏဓာတု နာမ၊ ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် လည်းကောင်း။ သမ္ပဋိစ္ဆနစိတ္တဒွယဉ္စ၊ သမ္ပဋိစ္ဆိုင်းစိတ် နှစ်ခုအပေါင်းသည်လည်း ကောင်း။ မနောဓာတု နာမ၊ မနောဓာတ်မည်၏။ သေသာနိ၊ ကြွင်းကုန်သော။ အဋ္ဌသတံ၊ တစ်ရာ့ရှစ်ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ မနောဝိညာဏဓာတု နာမ၊ မနောဝိညာဏဓာတ်မည်၏။

## စေတသိက် ၅၂-ပါးကို လေးစု စု၍ပြခြင်း

ဒွိပညာသ၊ ငါးဆယ့်နှစ်ပါးသော။ စေတသိကာနိ၊ စေတသိက်တို့သည် လည်း။ ရာသိဝသေန၊ အစုရာသီ၏အစွမ်းဖြင့်။ စတုဗ္ဗိဓာနိ၊ လေးပါးအပြား ရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကထံ ဘဝန္တိ၊ အသို့ဖြစ်ကုန်သနည်းဟူမူကား။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ စ၊ ခပ်သိမ်းသောစိတ်တို့နှင့်ယှဉ်သော သဗ္ဗစိတ္တိကစေတသိက်တို့လည်းကောင်း။ ဝါ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ပကိဏ္ဏကာနိ စ၊ ပြိုးပြွမ်းသော ပကိဏ္ဏကစေတသိက်တို့လည်းကောင်း။ စုဒ္ဒသ၊ တစ်ဆယ့်လေးပါးကုန်သော။ ပါပါနိ စ၊ ညစ်ညမ်းယုတ်မာသော ပါပစေတသိက်တို့လည်းကောင်း။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသော။ ကလျာဏာနိ စ၊ ကောင်းသော ကလျာဏစေတသိက် တို့လည်းကောင်း။ ဝါ၊ သောဘဏစေတသိက်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ရာသိဝသေန၊ အစု၏အစွမ်းဖြင့်။ စတုဗ္ဗိဓာနိ၊ လေးပါးအပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

www.dhammaransi.com



## အလုံးစုံသော နာမ်တရားတို့နှင့် ဆက်ဆံသောပစ္စည်း၊ အချို့သော နာမ်တရားတို့နှင့်သာ ဆက်ဆံသောပစ္စည်း၊ ရုပ်တရားတို့နှင့်သာ ဆက်ဆံသောပစ္စည်းများကို ဝေဖန်ခွဲခြား၍ပြခြင်း

စတုဝီသတိ၊ နှစ်ဆယ့်လေးပါးသော။ ပစ္စယေသု စ၊ ပစ္စည်းတို့၌လည်း ကောင်း။ အာရမ္မဏဥ္စ၊ အာရမ္မဏပစ္စည်းလည်းကောင်း။ အနန္တရဥ္စ၊ အနန္တရပစ္စည်း လည်းကောင်း။ သမနန္တရဥ္စ၊ သမနန္တရပစ္စည်းလည်းကောင်း။ သဟဇာတော စ၊ သဟဇာတပစ္စည်းလည်းကောင်း။ အညမညဥ္စ၊ အညမညပစ္စည်းလည်းကောင်း။ နိဿယော စ၊ နိဿယပစ္စည်းလည်းကောင်း။ ဥပနိဿယော စ၊ ဥပနိဿယပစ္စည်း လည်းကောင်း။ ကမ္မဥ္စ၊ ကမ္မပစ္စည်းလည်းကောင်း။ အာဟာရောစ၊ အာဟာရပစ္စည်း လည်းကောင်း။ ဣန္ဒြိယဥ္စ၊ ဣန္ဒြိယပစ္စည်းလည်းကောင်း။ သမ္ပယုတ္တော စ၊ သမ္ပယုတ္တပစ္စည်းလည်းကောင်း။ အတ္ထိ စ၊ အတ္ထိပစ္စည်းလည်းကောင်း။ နတ္ထိ စ၊ နတ္ထိပစ္စည်းလည်းကောင်း။ ဝိဂတော စ၊ ဝိဂတပစ္စည်းလည်းကောင်း။ အဝိဂတော စ၊ အဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပန္နရသပစ္စယာ၊ တစ်ဆယ့်ငါးပစ္စည်းတို့သည်။ သဗ္ဗစိတ္တုပ္ပါဒ သာဓာရဏာ၊ ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ကိဥ္စိစိတ္တံ ဝါ၊ တစ်စုံတစ်ခုသော စိတ်သည်လည်းကောင်း။ ကိဥ္စိစေတသိကံ ဝါ၊ တစ်စုံတစ်ခုသော စေတသိက်သည်လည်းကောင်း။ အာရမ္မဏေန၊ အာရမ္မဏပစ္စည်းနှင့်။ ဝါ၊ အာရုံတစ်ပါးနှင့်။ ဝိနာ၊ ကင်း၍။ ဥပ္ပန္နံ နာမ၊ ဖြစ်သည် မည်သည်။ န အတ္ထိ၊ မရှိ။ တထာ၊ ထိုအတူ။ အနန္တရာဒီဟိ စ၊ အနန္တရအစရှိသော ပစ္စည်းတို့နှင့်လည်း။ ဝိနာ ကင်း၍။ ဥပ္ပန္နံ နာမ၊ ဖြစ်သည် မည်သည်။ န အတ္ထိ၊ မရှိ။ အဋ္ဌပစ္စယာ၊ ရှစ်ပါးသော ပစ္စည်းတို့သည်။ ကေသဥ္စိ၊ အချို့ကုန်သော။ စိတ္တုပ္ပါဒါနံ၊ စိတ္တုပ္ပါဒ်တို့အား။ သာဓာရဏာ၊ ဆက်ဆံကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေ အဋ္ဌ၊ အဘယ်ရှစ်ပါး တို့နည်းဟူမူ။ ဟေတု စ၊ ဟေတုပစ္စည်းလည်းကောင်း။ အဓိပတိ စ၊ အဓိပတိ ပစ္စည်းလည်းကောင်း၊ ပုရေဇာတော စ၊ ပုရေဇာတပစ္စည်းလည်းကောင်း။ အာသေဝနဥ္စ၊ အာသေဝနပစ္စည်းလည်းကောင်း။ ဝိပါကော စ၊ ဝိပါကပစ္စည်းလည်း

www.dhammaransi.com



ကောင်း။ ဈာနဥ္စ၊ ဈာနပစ္စည်းလည်းကောင်း။ မဂ္ဂေါ စ၊ မဂ္ဂပစ္စည်းလည်းကောင်း။ ဝိပ္ပယုတ္တော စ၊ ဝိပ္ပယုတ္တပစ္စည်းလည်းကောင်း။ ဣတိ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ တတ္ထ၊ ထိုရှစ်ပါးတို့တွင်။ ဟေတု၊ ဟေတုပစ္စည်းသည်။ သဟေတုကစိတ္တုပ္ပါဒါနံ ဝေ၊ သဟိတ်စိတ္တုပ္ပါဒ်တို့အားသာလျှင်။ သာဓာရဏာ၊ ဆက်ဆံ၏။ အဓိပတိ စ၊ အဓိပတိပစ္စည်းသည်လည်း။ သာဓိပတိ ဇဝနာနံ ဝေ၊ သာဓိပတိဇောတို့အားသာလျှင်။ သာဓာရဏာ၊ ဆက်ဆံ၏။ ပုရေဇာတော စ၊ ပုရေဇာတပစ္စည်းသည်လည်း။ ကေသဉ္စိ၊ အချို့ကုန်သော။ စိတ္တုပ္ပါဒါနံ ဝေ၊ စိတ္တုပ္ပါဒ်တို့အားသာလျှင်။ သာဓာရဏော၊ ဆက်ဆံ၏။ အာသေဝနဉ္စ၊ အာသေဝနပစ္စည်းသည်လည်း။ ကုသလာကုသလကြိယဇဝနာနံ ဝေ၊ ကုသိုလ် အကုသိုလ် ကြိယာ ဇောတို့အားသာလျှင်။ သာဓာရဏံ၊ ဆက်ဆံ၏။ ဝိပါကော စ၊ ဝိပါကပစ္စည်းသည်လည်း။ ဝိပါကစိတ္တုပ္ပါဒါနံ ဝေ၊ ဝိပါက်စိတ္တုပ္ပါဒ်တို့အားသာလျှင်။ သာဓာရဏော၊ ဆက်ဆံ၏။ ဈာနဉ္စ၊ ဈာနပစ္စည်းသည်လည်း။ မနောဓာတု မနောဝိညာဏဓာတု စိတ္တုပ္ပါဒါနံ ဝေ၊ မနောဓာတ်, မနောဝိညာဏဓာတ်, စိတ္တုပ္ပါဒ်တို့အားသာလျှင်။ သာဓာရဏံ၊ ဆက်ဆံ၏။ မဂ္ဂေါ စ၊ မဂ္ဂပစ္စည်းသည်လည်း။ သဟေတုကစိတ္တုပ္ပါဒါနံ ဝေ၊ သဟိတ်စိတ္တုပ္ပါဒ်တို့အားသာလျှင်။ သာဓာရဏော၊ ဆက်ဆံ၏။ ဝိပ္ပယုတ္တော စ၊ ဝိပ္ပယုတ္တပစ္စည်းသည်လည်း။ အရူပလောကေ၊ အရူပဘုံ၌။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ စိတ္တုပ္ပါဒါနံ၊ စိတ္တုပ္ပါဒ်တို့အား။ နတ္ထိ၊ မရှိ။ ဧကော၊ တစ်ခုတည်းသော။ ပစ္ဆာဇာတော၊ ပစ္ဆာဇာတပစ္စည်းသည်။ ရူပဓမ္မာနံ ဝေ၊ ရုပ်တရားတို့အားသာလျှင်။ ဝိသုံ၊ အသီး။ ဘူတော၊ ဖြစ်သော။ ပစ္စယော၊ ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com



## စိတ်နှင့်တကွ သဗ္ဗစိတ္တိကစေတသိက်တို့၏ ဖြစ်သင့်သော ပစ္စည်းများကို ဝေဖန်ခြင်းဟု ဆိုအပ်သော ပစ္စယဃဋနာနည်းကို ပြခြင်း

တတြ၊ ထိုပစ္စယဃဋနာနည်း၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဒီပနာ၊ ဖွင့်ပြခြင်းတည်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ၊ သဗ္ဗစိတ္တိက အမည်ရှိကုန်သော။ စေတသိကာနိ နာမ၊ စေတသိက်တို့မည်သည်ကား။ ဖဿော၊ ဖဿစေတသိက်သည်လည်းကောင်း။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်လည်း ကောင်း။ သညာ၊ သညာစေတသိက်သည်လည်းကောင်း။ စေတနာ၊ စေတနာ စေတသိက်သည်လည်းကောင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက်သည်လည်း ကောင်း။ ဇီဝိတံ၊ ဇီဝိတိန္ဒြေစေတသိက်သည်လည်းကောင်း။ မနသိကာရော၊ မနသိကာရစေတသိက်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုအရာ၌။ စိတ္တံ၊ စိတ်သည်။ အဓိပတိဇာတိကဥ္စ၊ အဓိပတိပစ္စည်းမျိုးလည်း ဖြစ်၏။ အာဟာရပစ္စယော စ၊ အာဟာရပစ္စည်းလည်း ဖြစ်၏။ ဣန္ဒြိယပစ္စယော စ၊ ဣန္ဒြိယပစ္စည်းလည်း ဖြစ်၏။ ဖဿော၊ ဖဿစေတသိက်သည်။ အာဟာရ ပစ္စယော၊ အာဟာရပစ္စည်းဖြစ်၏။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဣန္ဒြိယပစ္စယော စ၊ ဣန္ဒြိယပစ္စည်းလည်း ဖြစ်၏။ ဈာနပစ္စယော စ၊ ဈာနပစ္စည်း လည်း ဖြစ်၏။ စေတနာ၊ စေတနာစေတသိက်သည်။ ကမ္မပစ္စယော စ၊ ကမ္မ ပစ္စည်းလည်း ဖြစ်၏။ အာဟာရပစ္စယော စ၊ အာဟာရပစ္စည်းလည်း ဖြစ်၏။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက်သည်။ ဣန္ဒြိယပစ္စယော စ၊ ဣန္ဒြိယပစ္စည်းလည်း ဖြစ်၏။ ဈာနပစ္စယော စ၊ ဈာနပစ္စည်းလည်း ဖြစ်၏။ မဂ္ဂပစ္စယော စ၊ မဂ္ဂပစ္စည်း လည်းဖြစ်၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေစေတသိက်သည်။ ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယ ပစ္စည်းဖြစ်၏။ သေသာ၊ ကြွင်းကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဓမ္မာ၊ သညာမနသိကာရစေတသိက်တရားတို့သည်။ ဝိသေသပစ္စယာ၊ ပစ္စည်းအထူးတို့ သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

www.dhammaransi.com



## စက္ခုဝိညာဏအစရှိသော ပဉ္စဝိညာဏဓာတ်စိတ်ဘုပ္ပါဒ်တို့အား အချင်းချင်း ကျေးဇူးပြုသောအခါ ရအပ်သောပစ္စည်း, စက္ခုဝတ္ထု ရုပ်ရုံတို့က ကျေးဇူးပြုသောအခါ ရအပ်သောပစ္စည်း, အနန္တရစိတ် အတိတ်စေတနာ အဝိဇ္ဇာစသည်တို့က ကျေးဇူးပြုသောအခါ ရအပ်သောပစ္စည်း, မရအပ်သောပစ္စည်းများကို ဝေဖန်ခြင်းဟု ဆိုအပ်သော ပစ္စယဃဋနာနည်းကိုပြခြင်း

စက္ခုဝိညာဏေ၊ စက္ခုဝိညာဉ်စိတ်၌။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ၊ သဗ္ဗစိတ္တိကအမည်ရှိကုန်သော။ စေတသိကာနိ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဝိညာဏေန၊ စက္ခုဝိညာဉ်စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ အဋ္ဌနာမဓမ္မာ၊ နာမ်တရားရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုနာမ်တရား ရှစ်ပါးတို့သည်။ သတ္တဟိ၊ ခုနစ်ပါးသော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ အညမညဿ၊ အချင်းချင်းအား။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေဟိ သတ္တဟိ၊ အဘယ်ခုနစ်ပစ္စည်းတို့ဖြင့်နည်းဟူမူကား။ စတူဟိ၊ လေးပါးကုန်သော။ မဟာသဟဇာတေဟိ စ၊ သဟဇာတကြီးမျိုးတို့နှင့်လည်းကောင်း။ ဝိပ္ပယုတ္တဝဇ္ဇိတေဟိ၊ ဝိပ္ပယုတ္တပစ္စည်းသည် ကြဉ်အပ်ကုန်သော။ တီဟိ၊ သုံးပါးကုန်သော။ မဇ္ဈိမသဟဇာတေဟိ စ၊ သဟဇာတအလတ်မျိုးတို့နှင့်လည်းကောင်း။ က္ကမေဟိ သတ္တဟိ၊ ဤခုနစ်ပါးသော ပစ္စည်းတို့ဖြင့်တည်း။ တေသွေဝ အဋ္ဌသု ဓမ္မေသု၊ ထိုရှစ်ပါးသော တရားတို့၌ သာလျှင်။ ဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ သေသာနံ၊ ကြွင်းကုန်သော။ သတ္တန္နံ ဓမ္မာနံ၊ ခုနစ်ပါးသော တရားတို့အား။ အာဟာရပစ္စယေန စ၊ အာဟာရပစ္စယ သတ္တိဖြင့်လည်းကောင်း။ ဣန္ဒြိယပစ္စယေန စ၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်လည်းကောင်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖဿော၊ ဖဿစေတသိက်သည်။ အာဟာရပစ္စယေန၊ အာဟာရပစ္စယသတ္တိဖြင့်။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဣန္ဒြိယပစ္စယမတ္တေန၊ ဣန္ဒြိယပစ္စယသတ္တိမျှဖြင့်။ စေတနာ၊ စေတနာစေတသိက်သည်။ ကမ္မပစ္စယေန စ၊ ကမ္မပစ္စယသတ္တိဖြင့်လည်းကောင်း။ အာဟာရပစ္စယေန စ၊ အာဟာရပစ္စယသတ္တိဖြင့်လည်းကောင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာ

www.dhammaransi.com



စေတသိက်သည်။ ဣန္ဒြိယပစ္စယမတ္တေန၊ ဣန္ဒြိယပစ္စယသတ္တိမျှဖြင့်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေစေတသိက်သည်။ သေသာနံ၊ ကြွင်းကုန်သော။ သတ္တန္နံ ဓမ္မာနံ၊ ခုနစ်ပါးသော တရားတို့အား။ ဣန္ဒြိယပစ္စယေန၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စက္ခုဝတ္ထုရူပံ ပန၊ စက္ခုဝတ္ထုရုပ်သည်ကား။ တေသံ အဋ္ဌန္နံ ဓမ္မာနံ၊ ထိုရှစ်ပါးသော နာမ်တရားတို့အား။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဝတ္ထုပုရေဇာတေဟိ၊ ဝတ္ထုပုရေဇာတမျိုးတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ စက္ခုဝတ္ထုမှို၊ ထိုစက္ခုဝတ္ထုရုပ်၌။ အာပါတမာဂတာနိ၊ ထင်ခြင်းသို့ရောက်ကုန်သော။ ပစ္စုပ္ပန္နာနိ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ရူပါရမ္မဏာနိ၊ ရူပါရုံတို့သည်။ တေသံ၊ ထိုရှစ်ပါးသော နာမ်တရားတို့အား။ စတူဟိ၊ လေးပါးကုန်သော။ အာရမ္မဏပုရေဇာတေဟိ၊ အာရမ္မဏပုရေဇာတမျိုးတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အနန္တရနိရုဒ္ဓံ၊ စက္ခုဝိညာဉ်စိတ်မဖြစ်မီအခြားမဲ့၌ ချုပ်လေပြီးသော။ ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်လည်း။ တေသံ၊ ထိုရှစ်ပါးသော နာမ်တရားတို့အား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အနန္တရေဟိ၊ အနန္တရမျိုးတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗေ၊ ရှေး၌။ ကတံ၊ ပြုခဲ့ဖူးသော။ ကုသလကမ္မံ ဝါ၊ ကုသိုလ်ကံသည်လည်းကောင်း။ အကုသလကမ္မံ ဝါ၊ အကုသိုလ်ကံသည်လည်းကောင်း။ ကုသလဝိပါကာနံ ဝါ၊ ကုသလဝိပါက်လည်းဖြစ်ကုန်သော။ အကုသလဝိပါကာနံ ဝါ၊ အကုသလဝိပါက်လည်း ဖြစ်ကုန်သော။ တေသံ၊ ထိုစက္ခုဝိညာဏဓာတ် စိတ္တုပ္ပါဒ်တို့အား။ နာနာက္ခဏိက ကမ္မပစ္စယေန၊ နာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မသဟာယဘူတာနိ၊ ကံ၏အပေါင်းအဖက်ဖြစ်ကုန်သော။ ပုရိမဘဝေ၊ ရှေးဘဝ၌။ အဝိဇ္ဇာတဏှုပါဒါနာနိ စ၊ အဝိဇ္ဇာ့တဏှာဥပါဒါန်တို့သည်လည်းကောင်း။ ဣမသ္မိံ ဘဝေ၊ ဤပစ္စက္ခဘဝ၌။ အာဝါသပုဂ္ဂလ ဥတု ဘောဇနာဒယော စ၊ နေရာအာဝါသ ပုဂ္ဂိုလ် ဥတု ဘောဇဉ် အစရှိသည်တို့သည်လည်းကောင်း။ တေသံ အဋ္ဌန္နံ ဓမ္မာနံ၊ ထိုရှစ်ပါးသော စက္ခုဝိညာဏဓာတ် စိတ္တုပ္ပါဒ်တို့အား။ ပကတူပနိဿယပစ္စယေန၊ ပကတူပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊

www.dhammaransi.com



ဖြစ်ကုန်၏။ ဣမသ္မိံ စိတ္တေ၊ ဤစက္ခုဝိညာဉ်စိတ်၌။ ဟေတု စ၊ ဟေတုပစ္စည်းကိုလည်းကောင်း။ အဓိပတိ စ၊ အဓိပတိပစ္စည်းကိုလည်းကောင်း။ ပစ္ဆာဇာတော စ၊ ပစ္ဆာဇာတပစ္စည်းကိုလည်းကောင်း။ အာသေဝနဥ္စ၊ အာသေဝနပစ္စည်းကိုလည်းကောင်း။ ဈာနဥ္စ၊ ဈာနပစ္စည်းကိုလည်းကောင်း၊ မဂ္ဂေါ စ၊ မဂ္ဂပစ္စည်းကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဆ ပစ္စယာ၊ ခြောက်ပါးသောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ အဋ္ဌာရသပစ္စယာ၊ တစ်ဆယ့်ရှစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣမသ္မိံ စိတ္တေ၊ ဤစက္ခုဝိညာဉ်စိတ်၌။ န လဗ္ဘန္တိယထာ စ၊ မရအပ်ကုန်သကဲ့သို့လည်းကောင်း။ လဗ္ဘန္တိ ယထာ စ၊ ရအပ်ကုန်သကဲ့သို့လည်းကောင်း။ တထာ၊ ထိုအတူ။ သောတဝိညာဏာဒီသုပိ၊ သောတဝိညာဉ်စိတ်စသည်တို့၌လည်း။ ဆ ပစ္စယာ၊ ခြောက်ပါးသောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ အဋ္ဌာရသပစ္စယာ၊ တစ်ဆယ့်ရှစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**ပဉ္စဝိညာဏေသု၊ ပဉ္စဝိညာဉ်စိတ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာနည်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

## ပကိဏ္ဏကစေတသိက် ၆–ပါးတို့၏ သရုပ်နှင့်တကွ ဖြစ်သင့်သော ပစ္စည်းများကို ဝေဖန်၍ပြခြင်း

ဆ၊ ခြောက်ပါးကုန်သော။ ပကိဏ္ဏကာနိ၊ ပကိဏ္ဏကအမည်ရှိကုန်သော။ စေတသိကာနိ နာမ၊ စေတသိက်တို့မည်သည်ကား။ ဝိတက္ကော၊ ဝိတက်စေတသိက်လည်းကောင်း။ ဝိစာရော၊ ဝိစာရစေတသိက်လည်းကောင်း။ အဓိမောက္ခော၊ အဓိမောက္ခစေတသိက်လည်းကောင်း။ ဝီရိယံ၊ ဝီရိယစေတသိက်လည်းကောင်း။ ပီတိ၊ ပီတိစေတသိက်လည်းကောင်း။ ဆန္ဒော၊ ဆန္ဒစေတသိက်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုပကိဏ္ဏကစေတသိက်တို့တွင်။ ဝိတက္ကော၊ ဝိတက်သည်။ ဈာနပစ္စယော စ၊ ဈာနပစ္စည်းလည်း ဖြစ်၏။ မဂ္ဂပစ္စယော စ၊ မဂ္ဂပစ္စည်းလည်းဖြစ်၏။ ဝိစာရော၊ ဝိစာရစေတသိက်သည်။ အဓိပတိဇာတိကဥ္စ၊ အဓိပတိပစ္စည်းမျိုးလည်း ဖြစ်၏။ ဣန္ဒြိယပစ္စယော စ၊ ဣန္ဒြိယပစ္စည်းလည်း ဖြစ်၏။

www.dhammaransi.com



မဂ္ဂပစ္စယော စ၊ မဂ္ဂပစ္စည်းလည်းဖြစ်၏။ ပီတိ၊ ပီတိစေတသိက်သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်းလည်းဖြစ်၏။ ဆန္ဒော၊ ဆန္ဒစေတသိက်သည်။ အဓိပတိဇာတိကော၊ အဓိပတိပစ္စည်းမျိုးဖြစ်၏။ အဓိမောက္ခောပန၊ အဓိမောက္ခ စေတသိက်သည်ကား။ ဝိသေသပစ္စယော၊ ပစ္စည်းအထူးသည်။ န ဟောတိ၊ မဖြစ်။

## ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း ဥပေက္ခာသန္တီရဏ စိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ပဉ္စဒွါရာဝဇ္ဇနစိတ္တဉ္စ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်လည်းကောင်း။ သမ္ပဋိစ္ဆန စိတ္တဒွယဉ္စ၊ သမ္ပဋိစ္ဆိုင်းစိတ် နှစ်ခုအပေါင်းလည်းကောင်း။ ဥပေက္ခာသန္တီရဏ ဒွယဉ္စ၊ ဥပေက္ခာသန္တီရဏ စိတ်နှစ်ခုအပေါင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စသု စိတ္တေသု၊ ငါးပါးသောစိတ်တို့၌။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ စ၊ သဗ္ဗစိတ္တိက စေတသိက်တို့ကိုလည်းကောင်း။ ပကိဏ္ဏကေသု၊ ပကိဏ္ဏက စေတသိက်တို့၌။ ဝိတက္ကော စ၊ ဝိတက်စေတသိက်ကိုလည်းကောင်း။ ဝိစာရော စ၊ ဝိစာရစေတသိက်ကိုလည်းကောင်း။ အဓိမောက္ခော စ၊ အဓိမောက္ခစေတသိက် ကိုလည်းကောင်း။ ဣတိ၊ သို့၊ ဒသ၊ ဆယ်ပါးကုန်သော။ စေတသိကာနိ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဝိညာဏေန၊ စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ပစ္စေကံ၊ အသီးအသီး။ ဧကာဒသ၊ တစ်ဆယ့်တစ်ပါးသော။ နာမဓမ္မာ၊ နာမ်တရား တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထမေသု စိတ္တေသု၊ ဤစိတ်တို့၌။ ဈာနကိစ္စံ၊ ဈာန်ကိစ္စကို။ လဗ္ဘတိ၊ ရအပ်၏။ ဝေဒနာ စ၊ ဝေဒနာစေတသိက်သည်လည်း ကောင်း၊ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာစေတသိက်သည်လည်းကောင်း။ ဝိတက္ကော စ၊ ဝိတက်စေတသိက်သည်လည်းကောင်း။ ဝိစာရော စ၊ ဝိစာရစေတသိက်သည် လည်းကောင်း။ ဈာနပစ္စယံ၊ ဈာနပစ္စယသတ္တိကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ပန၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်ကား။ ကိရိယစိတ္တံ၊ ကိရိယာစိတ် သည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကပစ္စယော၊ ဝိပါကပစ္စည်းသည်။ နတ္ထိ၊ မရှိ။ နာနာက္ခဏိကကမ္မဉ္စ၊ နာနာက္ခဏိကကမ္မပစ္စည်းသည်လည်း။ ဥပနိဿယဋ္ဌာနေ၊ ဥပနိဿယပစ္စည်း၏အရာ၌။ တိဋ္ဌတိ၊ တည်၏။ ဝိပါကပစ္စယေန၊ ဝိပါကပစ္စည်း

www.dhammaransi.com



နှင့်။ သဒ္ဓိံ၊ တက္ကွ။ ဆပစ္စယာ၊ ခြောက်ပါးသောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဈာနပစ္စယေန၊ ဈာနပစ္စည်းနှင့်။ သဒ္ဓိံ၊ တက္ကွ။ အဋ္ဌာရသပစ္စယာ၊ တစ်ဆယ့်ရှစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ သေသေသု၊ ကြွင်းကုန်သော။ စတူသု၊ လေးပါးကုန်သော။ ဝိပါကစိတ္တေသု၊ သမ္ပဋိစ္ဆိုင်းသန္တီရဏ ဝိပါက်စိတ်တို့၌။ ပဉ္စပစ္စယာ၊ ငါးပါးသောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဝိပါကပစ္စယေန စ၊ ဝိပါကပစ္စည်းနှင့်လည်းကောင်း။ ဈာနပစ္စယေန စ၊ ဈာနပစ္စည်းနှင့်လည်းကောင်း။ သဒ္ဓိံ၊ တက္ကွ။ ဧကူနဝီသတိ၊ ၁၉-ပါးသော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

## သောမနဿသန္တီရဏ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်စိတ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

သောမနဿသန္တီရဏေ၊ သောမနဿသန္တီရဏစိတ်၌။ ပီတိယာ၊ ပီတိစေတသိက်နှင့်။ သဒ္ဓိံ၊ တက္ကွ။ ဧကာဒသစေတသိကာ၊ တစ်ဆယ့်တစ်ပါးသော စေတသိက်တို့သည်။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ မနောဒွါရာဝဇ္ဇနစိတ္တေ စ၊ မနောဒွါရာဝဇ္ဇန်းစိတ်၌လည်း။ ဝီရိယေန၊ ဝီရိယစေတသိက်နှင့်။ သဒ္ဓိံ၊ တက္ကွ။ ဧကာဒသ၊ တစ်ဆယ့်တစ်ပါးသော စေတသိက်တို့သည်။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိညာဏေန၊ စိတ်နှင့်။ သဒ္ဓိံ၊ တက္ကွ။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟသိတုပ္ပါဒစိတ္တေ ပန၊ ဟသိတုပ္ပါဒ် စိတ်၌ကား။ ပီတိယာ စ၊ ပီတိစေတသိက်နှင့်လည်းကောင်း။ ဝီရိယေန စ၊ ဝီရိယစေတသိက်နှင့်လည်းကောင်း။ သဒ္ဓိံ၊ တက္ကွ။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ စေတသိကာနိ၊ စေတသိက်တို့သည်။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ ဝိညာဏေန၊ စိတ်နှင့်။ သဒ္ဓိံ၊ တက္ကွ။ တေရသ၊ တစ်ဆယ့်သုံးပါးကုန်သော။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုတရားတို့၌။ သောမနဿသန္တီရဏေ၊ သောမနဿသန္တီရဏစိတ်၌။ ဈာနင်္ဂေသု၊ ဈာနင်တို့၌။ ပီတိမတ္တံ၊ ပီတိမျှသည်။ အဓိကံ၊ လွန်သည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗေ၊ ရှေး၌။ ဥပေက္ခာသန္တီရဏ ဒွယေဝိယ၊ ဥပေက္ခာသန္တီရဏ စိတ်နှစ်ခုအပေါင်း၌ကဲ့သို့။

www.dhammaransi.com



ပဉ္စပစ္စယာ၊ ငါးပါးသော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဧကူနဝီသတိပစ္စယော၊ ၁၉-ပးါသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ မနောဒွါရာဝဇ္ဇနစိတ္တေ စ၊ မနောဒွါရာဝဇ္ဇန်းစိတ်၌လည်း။ ဝီရိယမတ္တံ၊ ဝီရိယ စေတသိက်မျှသည်။ အဓိကံ၊ လွန်သည်။ ဟောတိ၊ ဖြစ်၏။ တဍ္ထ၊ ထိုဝီရိယ စေတသိက်သည်လည်း။ ဣန္ဒြိယကိစ္စဈာနကိစ္စာနိ၊ ဣန္ဒြေကိစ္စ ဈာန်ကိစ္စတို့ကို။ သာဓေတိ၊ ပြီးစေ၏။ အဓိပတိကိစ္စဥ္စ၊ အဓိပတိကိစ္စကိုလည်းကောင်း။ မဂ္ဂကိစ္စဥ္စ၊ မဂ္ဂကိစ္စကိုလည်းကောင်း။ န သာဓေတိ၊ မပြီးစေ။ ကိရိယစိတ္တတ္တာ၊ ကိရိယာ စိတ်ဖြစ်သည်၏အဖြစ်ကြောင့်။ ဝိပါကပစ္စယော စ၊ ဝိပါကပစ္စည်းသည်လည်း။ နတ္ထိ၊ မရှိ။ ပုဗ္ဗေ၊ ရှေး၌။ ပဉ္စဒွါရာဝဇ္ဇနစိတ္တေ ဝိယ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ကဲ့သို့။ ဝိပါကပစ္စယေန၊ ဝိပါကပစ္စည်းနှင့်။ သဒ္ဓိံ၊ တကွ။ ဆပစ္စယာ၊ ခြောက်ပါးသော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဈာနပစ္စယေန၊ ဈာနပစ္စည်းနှင့်။ သဒ္ဓိံ၊ တကွ။ အဋ္ဌာရသပစ္စယာ၊ တစ်ဆယ့်ရှစ်ပါးသောပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ် ကုန်၏။ ဟသိတုပ္ပါဒစိတ္တေပိ၊ ဟသိတုပ္ပါဒ်စိတ်၌လည်း။ ကိရိယစိတ္တတ္တာ၊ ကိရိယာစိတ်ဖြစ်သည်၏အဖြစ်ကြောင့်။ ဝိပါကပစ္စယော၊ ဝိပါကပစ္စည်းသည်။ နတ္ထိ၊ မရှိ။ ဇဝနစိတ္တတ္တာ ပန၊ ဇောစိတ်ဖြစ်သည်၏အဖြစ်ကြောင့်ကား။ အာသေဝနံ၊ အာသေဝနပစ္စည်းသည်။ အတ္ထိ၊ ရှိ၏။ ဝိပါကပစ္စယေန၊ ဝိပါကပစ္စည်း နှင့်။ သဒ္ဓိံ၊ တကွ။ ဧကူနဝီသတိပစ္စယာ၊ ၁၉-ပါးသောပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

**အဟေတုကစိတ္တုပ္ပါဒသေ့၊ အဟိတ်စိတ္တုပ္ပါဒ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာနည်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

## အကုသိုလ်စိတ် အကုသိုလ်စေတသိက်တို့ကို သရုပ်ထုတ်၍ပြခြင်း

အကုသလစိတ္တာနိ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမာနိ ဒွါဒသ၊ အဘယ်တစ်ဆယ့်နှစ်ပါး တို့နည်းဟူမူကား။ ဒွေ၊ နှစ်ပါးကုန်သော။ မောဟမူလိကာနိ၊ မောဟမူလရှိသော စိတ်တို့သည်လည်းကောင်း၊ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောဘမူလိကာနိ၊ လောဘ

www.dhammaransi.com



မူလရှိသောစိတ်တို့သည်လည်းကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဒေါသမူလိကာနိ၊ ဒေါသမူလရှိသော စိတ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ စုဒ္ဒသ၊ တစ်ဆယ့်လေးပါးကုန်သော။ ပါပစေတသိကာနိ နာမ၊ အကုသိုလ်စေတသိက်တို့မည်သည်ကား။ မောဟော၊ မောဟစေတသိက်သည်လည်းကောင်း။ အဟိရိကံ၊ အဟိရိကစေတသိက်သည်လည်းကောင်း။ အနောတ္တပ္ပံ၊ အနောတ္တပ္ပစေတသိက်သည်လည်းကောင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စစေတသိက်သည်လည်းကောင်း။ ဣတိဣဒံ၊ ဤ စေတသိက်လေးခုအပေါင်းသည်။ မောဟစတုက္ကံ နာမ၊ မောဟစတုက္က မည်၏။ လောဘော၊ လောဘစေတသိက်သည်လည်းကောင်း။ ဒိဋ္ဌိ၊ ဒိဋ္ဌိစေတသိက်သည်လည်းကောင်း။ မာနော၊ မာနစေတသိက်သည်လည်းကောင်း။ ဣတိဣဒံ၊ ဤစေတသိက်သုံးပါးအပေါင်းသည်။ လောဘတိက္ကံ နာမ၊ လောဘတိက်မည်၏။ ဒေါသော၊ ဒေါသစေတသိက်သည်လည်းကောင်း။ ဣဿာ၊ ဣဿာစေတသိက်သည်လည်းကောင်း။ မစ္ဆရိယံ၊ မစ္ဆရိယစေတသိက်သည်လည်းကောင်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စစေတသိက်သည်လည်းကောင်း။ ဣတိဣဒံ၊ ဤစေတသိက်လေးပါးအပေါင်းသည်။ ဒေါသစတုက္ကံ နာမ၊ ဒေါသစတုက္ကမည်၏။ ထိနံ၊ ထိနစေတသိက်သည်လည်းကောင်း။ မိဒ္ဓံ၊ မိဒ္ဓစေတသိက်သည်လည်းကောင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာစေတသိက်သည်လည်းကောင်း။ ဣတိဣဒံ၊ ဤစေတသိက်သုံးပါး အပေါင်းသည်။ ဝိသုံတိက္ကံ နာမ၊ တိက်သီးမည်၏။

## အကုသိုလ်စေတသိက်တို့၏ ဖြစ်သင့်သော ပစ္စည်းများကိုပြခြင်း

တတ္ထ၊ ထိုအကုသိုလ် စေတသိက်တို့တွင်။ လောဘော၊ လောဘလည်းကောင်း။ ဒေါသော၊ ဒေါသလည်းကောင်း။ မောဟော၊ မောဟလည်းကောင်း။ ဣတိ ဣမေ တယော မူလဓမ္မာ၊ ဤသုံးပါးသော မူလတရားတို့သည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်း ဖြစ်ကုန်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိစေတသိက်သည်။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းဖြစ်၏။ သေသာ၊ ကြွင်းကုန်သော။ ဒသဓမ္မာ၊ ဆယ်ပါးသော စေတသိက်တရားတို့သည်။ ဝိသေသပစ္စယာ၊ ပစ္စည်းအထူးတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

www.dhammaransi.com



## မောဟမူစိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

တတ္ထ၊ ထိုတစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့တွင်။ ဒွေ၊ နှစ်ပါးကုန်သော။ မောဟမူလိကာနိ နာမ၊ မောဟမူလရှိသော စိတ်တို့မည်သည်ကား။ ဝိစိကိစ္ဆာသမ္ပယုတ္တစိတ္တံ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်သည်လည်းကောင်း။ ဥဒ္ဓစ္စသမ္ပယုတ္တစိတ္တံ၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုမောဟမူလရှိသောစိတ်တို့၌။ ဝိစိကိစ္ဆာ သမ္ပယုတ္တစိတ္တေ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌။ ပန္နရသ၊ တစ်ဆယ့်ငါးပါးကုန်သော။ စေတသိကာနိ၊ စေတသိက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပန္နရသ၊ တစ်ဆယ့်ငါးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ စ၊ သဗ္ဗစိတ္တိကစေတသိက်တို့လည်းကောင်း။ ဝိတက္ကော၊ ဝိတက်လည်းကောင်း၊ ဝိစာရော၊ ဝိစာရလည်းကောင်း။ ဝီရိယံ၊ ဝီရိယလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော။ ပကိဏ္ဏကာနိ စ၊ ပကိဏ္ဏကစေတသိက်တို့သည်လည်းကောင်း။ ပါပစေတသိကေသု၊ အကုသိုလ်စေတသိက်တို့၌။ မောဟစတုက္ကဉ္စ၊ မောဟစတုက္ကသည်လည်းကောင်း။ ဝိစိကိစ္ဆာ စ၊ ဝိစိကိစ္ဆာစေတသိက်သည်လည်းကောင်း။ ဣတိ ဣမေ ပန္နရသ၊ ဤတစ်ဆယ့်ငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စိတ္တေန၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ သောဠသ၊ တစ်ဆယ့်ခြောက်ပါးကုန်သော။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမသ္မိံ စိတ္တေ၊ ဤဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌။ ဟေတုပစ္စယောပိ၊ ဟေတုပစ္စည်းကိုလည်းကောင်း။ မဂ္ဂပစ္စယောပိ၊ မဂ္ဂပစ္စည်းကိုလည်းကောင်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ တတ္ထ၊ ထို ၁၆-ပါးသော နာမ်တရားတို့၌။ မောဟော၊ မောဟစေတသိက်သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်စေတသိက်သည်လည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယစေတသိက်သည်လည်းကောင်း။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းဖြစ်၏။ ဧကဂ္ဂတာ ပန၊ ဧကဂ္ဂတာစေတသိက်သည်ကား။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာစေတသိက်ဖြင့်။ ဒုဗ္ဗလတ္တာ၊ ဖျက်ဆီးအပ်သည်၏အဖြစ်ကြောင့်။ ဣမသ္မိံ စိတ္တေ၊ ဤဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌။ ဣန္ဒြိယကိစ္စဉ္စ၊ ဣန္ဒြိယကိစ္စကိုလည်းကောင်း။ မဂ္ဂကိစ္စဉ္စ၊ မဂ္ဂကိစ္စကိုလည်းကောင်း၊ န သာဓေတိ၊ မပြီးစေ။

www.dhammaransi.com



ဈာနင်္ဂါနိ စ၊ ဈာန်အင်္ဂါတို့သည်လည်းကောင်း။ ဇာနကိစ္စမတ္တံ၊ ဈာန်ကိစ္စမျှကို။ သာဓေတိ၊ ပြီးစေ၏။ အဓိပတိ စ၊ အဓိပတိပစ္စည်းလည်းကောင်း။ ပစ္ဆာဇာတော စ၊ ပစ္ဆာဇာတပစ္စည်းလည်းကောင်း။ ဝိပါကော စ၊ ဝိပါကပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော ပစ္စယာ၊ သုံးပါးသော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ သေသာ၊ ကြွင်းကုန်သော။ ဧကဝီသတိပစ္စယာ၊ နှစ်ဆယ့်တစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဥဒ္ဓစ္စသမ္ပယုတ္တစိတ္တေပိ၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌လည်း။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာစေတသိက်ကို။ ပဟာယ၊ ပယ်၍။ အဓိမောက္ခေန၊ အဓိမောက္ခစေတသိက်နှင့်။ သဒ္ဓိံ၊ တကွ။ ပန္နရသေဝ၊ တစ်ဆယ့်ငါးပါးတို့သည်သာလျှင် ဖြစ်ကုန်သော။ စေတသိကာနိ၊ စေတသိက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သောဠသေဝ၊ တစ်ဆယ့်ခြောက်ပါးတို့သည်သာလျှင် ဖြစ်ကုန်သော။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမသ္မိံ စိတ္တေ၊ ဤဥဒ္ဓစ္စသမ္ပယုတ်စိတ်၌။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက်သည်။ ဣန္ဒြိယကိစ္စဥ္စ၊ ဣန္ဒြိယပစ္စယကိစ္စကိုလည်းကောင်း။ ဈာနကိစ္စဥ္စ၊ ဈာနကိစ္စကိုလည်းကောင်း။ မဂ္ဂကိစ္စဥ္စ၊ မဂ္ဂပစ္စယကိစ္စကိုလည်းကောင်း။ သာဓေတိ၊ ပြီးစေ၏။ တယော ပစ္စယာ၊ သုံးပါးသော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဧကဝီသတိပစ္စယာ၊ နှစ်ဆယ့်တစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

## လောဘမူစိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

အဋ္ဌသု၊ ရှစ်ပါးကုန်သော။ လောဘမူလိကစိတ္တေသု ပန၊ လောဘမူလ ရှိသောစိတ်တို့၌ကား။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ စ၊ သဗ္ဗစိတ္တိကစေတသိက်တို့သည်လည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ပကိဏ္ဏကာနိ စ၊ ပကိဏ္ဏကစေတသိက်တို့သည်လည်းကောင်း။ ပါပေသု၊ အကုသိုလ်စေတသိက်တို့၌။ မောဟစတုက္ကဥ္စ၊ မောဟစတုက္ကသည်လည်းကောင်း။ လောဘတိက္ကဥ္စ၊ လောဘတိက်သည်လည်းကောင်း။ ထိနမိဒ္ဓဥ္စ၊ ထိနမိဒ္ဓစေတသိက်နှစ်ခုသည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါဝီသတိ၊ နှစ်ဆယ့်နှစ်ပါးသော။ စေတသိကာနိ၊ စေတသိက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုနှစ်ဆယ့်နှစ်ပါးသော

www.dhammaransi.com



စေတသိက်တို့တွင်။ လောဘော စ၊ လောဘလည်းကောင်း။ မောဟော စ၊ မောဟလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ မူလာနိ၊ မူလတို့သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းဖြစ်၏။ ဆန္ဒော စ၊ ဆန္ဒလည်းကောင်း။ စိတ္တဉ္စ၊ စိတ်လည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော နာမ်တရားတို့သည်။ အဓိပတိဇာတိကာ၊ အဓိပတိမျိုး ဖြစ်ကုန်သည်ဖြစ်၍။ ကဒါစိ၊ တရံတခါ။ အဓိပတိကိစ္စံ၊ အဓိပတိကိစ္စကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ ဧတ္ထ၊ ဤလောဘမူစိတ်၌။ အာရမ္မဏာဓိပတိပိ၊ အာရမ္မဏာဓိပတိပစ္စည်းကိုလည်း။ လဗ္ဘတိ၊ ရအပ်၏။ စေတနာ၊ စေတနာစေတသိက်သည်။ ကမ္မပစ္စယော၊ ကမ္မပစ္စည်းဖြစ်၏။ တယော၊ သုံးပါးကုန်သော။ အာဟာရ၊ ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတို့သည်။ အာဟာရပစ္စယော၊ အာဟာရပစ္စည်းဖြစ်၏။ စိတ္တဉ္စ၊ စိတ်သည်လည်းကောင်း။ ဝေဒနာ စ၊ ဝေဒနာစေတသိက်သည်လည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာစေတသိက်သည်လည်းကောင်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေစေတသိက်သည်လည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယစေတသိက်သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣန္ဒြိယဓမ္မာ၊ ဣန္ဒြေတရားတို့သည်။ ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယပစ္စည်းဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်လည်းကောင်း။ ဝိစာရော စ၊ ဝိစာရလည်းကောင်း။ ပီတိ စ၊ ပီတိလည်းကောင်း။ ဝေဒနာ စ၊ ဝေဒနာလည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဈာနင်္ဂါနိ၊ ဈာနင်တရားတို့သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်းဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်လည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာလည်းကောင်း။ ဒိဋ္ဌိ စ၊ ဒိဋ္ဌိလည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တရားတို့သည်။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းဖြစ်၏။ ပစ္ဆာဇာတော စ၊ ပစ္ဆာဇာတပစ္စည်းလည်းကောင်း။ ဝိပါကော စ၊ ဝိပါကပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ သေသာ၊ ကြွင်းကုန်သော။ ဒွါဝီသတိပစ္စယာ၊ နှစ်ဆယ့်နှစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

မိခင်ရောဝတီ

www.dhammaransi.com



## ဒေါသမူ စိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ဒွိသု၊ နှစ်ပါးကုန်သော။ ဒေါသမူလိကစိတ္တေသု၊ ဒေါသမူလရှိသော စိတ်တို့၌။ ပီတိဥ္စ၊ ပီတိကိုလည်းကောင်း။ လောဘတိကဉ္စ၊ လောဘတိက်ကို လည်းကောင်း။ ပဟာယ၊ ပယ်၍။ ဒေါသ စတုက္ကန၊ ဒေါသစတုက္ကနှင့်။ သဒ္ဓိံ၊ တကွ။ ဒွါဝီသတိ ဧဝ၊ နှစ်ဆယ့်နှစ်ပါးတို့သည်သာလျှင် ဖြစ်ကုန်သော။ စေတသိကာနိ၊ စေတသိက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဒေါသော စ၊ ဒေါသ သည်လည်းကောင်း။ မောဟော စ၊ မောဟသည်လည်းကောင်း။ ဣတိ၊ ဤသို့။ မူလာနိ၊ မူလတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ အဓိပတိဇာတိကာ၊ အဓိပတိမျိုး တို့သည်။ တယော၊ သုံးပါးတို့တည်း။ အာဟာရာ၊ အာဟာရထိုက်သော တရား တို့သည်။ တယော၊ သုံးပါးတို့တည်း။ ဣန္ဒြိယာနိ၊ ဣန္ဒြေထိုက်သော တရားတို့ သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ဈာနင်္ဂါနိ၊ ဈာနင်ထိုက်သော တရားတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်ထိုက်သော တရားတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တတ္ထာပိ၊ ဤဒေါသမူလစိတ္တုပ္ပါဒ်၌လည်း။ ဒွေပစ္စယာ၊ နှစ်ပါး သောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဒွါဝီသတိပစ္စယာ၊ နှစ်ဆယ့်နှစ်ပါး သောပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

**အကုသလစိတ္တုပ္ပါဒေသု၊ အကုသိုလ်စိတ္တုပ္ပါဒ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာနည်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။**

## သောဘဏစိတ်တစ်ခုယုတ် ၉၀-တို့ကို သရုပ်ထုတ်၍ ပြခြင်း

ဧကနဝုတိ၊ ကိုးဆယ့်တစ်ပါးသော။ သောဘဏစိတ္တာနိ နာမ၊ သောဘဏစိတ်တို့မည်သည်ကား။ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးသော။ ကာမသောဘဏစိတ္တာနိ၊ ကာမသောဘဏစိတ်တို့သည်လည်းကောင်း။ ပန္နရသ၊ တစ်ဆယ့်ငါးပါးကုန်သော။ ရူပစိတ္တာနိ၊ ရူပစိတ်တို့သည်လည်းကောင်း။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ အရူပစိတ္တာနိ၊ အရူပစိတ်တို့သည်လည်းကောင်း။ စတ္တာလီသ၊ လေးဆယ်သော။ လောကုတ္တရစိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ တတ္ထ၊ ထိုသောဘဏစိတ်အပေါင်း

www.dhammaransi.com



တို့တွင်။ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးသော။ ကာမသောဘဏစိတ္တာနိ နာမ၊ ကာမသောဘဏစိတ်တို့မည်သည်ကား။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမကုသလ စိတ္တာနိ၊ ကာမကုသိုလ်စိတ်တို့သည်လည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမသောဘဏဝိပါကစိတ္တာနိ၊ ကာမသောဘဏဝိပါက်စိတ်တို့သည်လည်း ကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမသောဘဏ ကိရိယစိတ္တာနိ၊ ကာမသောဘဏကိရိယာစိတ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၂၅-ပါးသော သောဘဏစေတသိက်တို့ကို သရုပ်ထုတ်၍ပြခြင်း

ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသော။ ကလျာဏစေတသိကာနိ နာမ၊ ကလျာဏစေတသိက်တို့မည်သည်ကား။ အလောဘော၊ အလောဘသည်လည်း ကောင်း။ အဒေါသော၊ အဒေါသသည်လည်းကောင်း။ အမောဟော စ၊ အမောဟ သည်လည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော။ ကလျာဏမူလာနိ စ၊ ကလျာဏမူလတို့သည်လည်းကောင်း။ သဒ္ဓါ စ၊ သဒ္ဓါသည်လည်းကောင်း၊ သတိ စ၊ သတိသည်လည်းကောင်း။ ဟိရိ စ၊ ဟိရိသည်လည်းကောင်း။ ဩတ္တပ္ပဉ္စ၊ ဩတ္တပ္ပသည်လည်းကောင်း။ တတြမဇ္ဈတ္တတာ စ၊ တတြမဇ္ဈတ္တတာသည်လည်း ကောင်း။ ကာယပဿဒ္ဓိ စ၊ ကာယပဿဒ္ဓိသည်လည်းကောင်း။ စိတ္တပဿဒ္ဓိ စ၊ စိတ္တပဿဒ္ဓိသည်လည်းကောင်း။ ကာယလဟုတာ စ၊ ကာယလဟုတာသည်လည်း ကောင်း။ စိတ္တလဟုတာ စ၊ စိတ္တလဟုတာသည်လည်းကောင်း။ ကာယမုဒုတာ စ၊ ကာယမုဒုတာသည်လည်းကောင်း။ စိတ္တမုဒုတာ စ၊ စိတ္တမုဒုတာသည်လည်း ကောင်း။ ကာယကမ္မညတာ စ၊ ကာယကမ္မညတာသည်လည်းကောင်း။ စိတ္တကမ္မညတာ စ၊ စိတ္တကမ္မညတာသည်လည်းကောင်း။ ကာယပါဂုညတာ စ၊ ကာယပါဂုညတာသည်လည်း။ စိတ္တပါဂုညတာ စ၊ စိတ္တပါဂုညတာသည်လည်း ကောင်း။ ကာယုဇုကတာ စ၊ ကာယဇုကတာသည်လည်းကောင်း။ စိတ္တုဇုကတာ စ၊ စိတ္တုဇုကတာသည်လည်းကောင်း။ သမ္မာဝါစာ၊ သမ္မာဝါစာသည်လည်းကောင်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်လည်းကောင်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ သည်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော

www.dhammaransi.com



စ၊ ဝိရတီစေတသိက်တို့သည်လည်းကောင်း။ ကရုဏာ၊ ကရုဏာစေတသိက်သည်လည်းကောင်း။ မုဒိတာ၊ မုဒိတာစေတသိက်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အပ္ပမညာယော စ၊ အပ္ပမညာစေတသိက်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## သောဘဏစေတသိက်တို့၏ အသီးအသီးဖြစ်သင့်သော ပစ္စည်းများကို ဝေဖန်၍ပြခြင်း

တတ္ထ၊ ထိုကလျာဏစေတသိက်တို့တွင်။ တီဏိ၊ သုံးပါးကုန်သော။ ကလျာဏမူလာနိ၊ ကလျာဏမူလတို့သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းဖြစ်၏။ အမောဟော ပန၊ အမောဟစေတသိက်သည်ကား။ အဓိပတိပစ္စယေ၊ အဓိပတိပစ္စည်း၌။ ဝီမံသာဓိပတိ နာမ။ ဝီမံသာဓိပတိ မည်၏။ ဣန္ဒြိယပစ္စယေ၊ ဣန္ဒြိယပစ္စည်း၌။ ပညိန္ဒြိယံ နာမ၊ ပညိန္ဒြေမည်၏။ မဂ္ဂပစ္စယေ၊ မဂ္ဂပစ္စည်း၌။ သမ္မာဒိဋ္ဌိ နာမ၊ သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ သဒ္ဓါ၊ သဒ္ဓါစေတသိက်သည်။ ဣန္ဒြိယပစ္စယေ၊ ဣန္ဒြိယပစ္စည်း၌။ သဒ္ဓိန္ဒြိယံ နာမ၊ သဒ္ဓိန္ဒြေမည်၏။ သတိ၊ သတိစေတသိက်သည်။ ဣန္ဒြိယပစ္စယေ၊ ဣန္ဒြိယပစ္စည်း၌။ သတိန္ဒြိယံ နာမ၊ သတိန္ဒြေမည်၏။ မဂ္ဂပစ္စယေ၊ မဂ္ဂပစ္စည်း၌၊ သမ္မာသတိ နာမ၊ သမ္မာသတိ မဂ္ဂင် မည်၏။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော၊ ဝိရတီစေတသိက်တို့သည်။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းဖြစ်၏။ သေသာ၊ ကြွင်းကုန်သော။ သတ္တရသဓမ္မာ၊ တစ်ဆယ့်ခုနစ်ပါးသော တရားတို့သည်။ ဝိသေသပစ္စယာ၊ ပစ္စည်းအထူးတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

## မဟာကုသိုလ်စိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

အဋ္ဌသု၊ ကုန်သော။ ကာမကုသလစိတ္တေသု၊ ကာမကုသိုလ်စိတ်တို့၌။ သတ္တ၊ ခုနစ်ပါးကုန်သော။ သဗ္ဗစိတ္တိကာနိ၊ သဗ္ဗစိတ္တိက စေတသိက်တို့ကိုလည်းကောင်း။ ဆ၊ ခြောက်ပါးကုန်သော။ ပကိဏ္ဏကာနိ၊ ပကိဏ္ဏကစေတသိက်တို့ကိုလည်းကောင်း။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသော။ ကလျာဏာနိ၊ ကလျာဏ

www.dhammaransi.com



စေတသိက်တို့ကိုလည်းကောင်း။ တထာတိ၊ ဤသို့။ အဋ္ဌတိံသ၊ သုံးဆယ့်ရှစ်ပါးသော။ စေတသိကာနိ၊ စေတသိက်တို့ကို။ သင်္ဂယှန္တိ၊ ရေတွက်အပ်ကုန်၏။ တေသု စ၊ ထိုသုံးဆယ့်ရှစ်ပါးသော စေတသိက်တို့တွင်လည်း။ ပီတိ၊ ပီတိစေတသိက်ကို။ စတူသု၊ လေးပါးကုန်သော။ သောမနဿိကေသု ဧဝ၊ သောမနဿနှင့်ယှဉ်သော စိတ်တို့၌သာလျှင်။ သင်္ဂယှတိ၊ ရေတွက်အပ်၏။ အမောဟော၊ အမောဟ စေတသိက်ကို၊ စတူသု၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တေသု ဧဝ၊ ဉာဏသမ္ပယုတ် စိတ်တို့၌သာလျှင်။ သင်္ဂယှတိ၊ ရေတွက်အပ်၏။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော၊ ဝိရတီစေတသိက်တို့ကို။ သိက္ခာပဒသီလပူရဏကာလေ ဧဝ၊ သိက္ခာပုဒ်ကို စောင့်သုံးဖြည့်ကျင့်သော အခါ၌သာလျှင်။ သင်္ဂယှန္တိ၊ ရေတွက်အပ်ကုန်၏။ ဒွေ၊ နှစ်ပါးကုန်သော။ အပ္ပမညာယော၊ အပ္ပမညာစေတသိက်တို့ကို။ သတ္တေသု၊ သတ္တဝါတို့၌၊ ကာရုညမောဒနာကာရေသု၊ သနားကြင်နာခြင်း ဝမ်းမြောက် ဝမ်းသာခြင်းကို ဖြစ်စေသောအခါတို့၌သာလျှင်။ သင်္ဂယှန္တိ၊ ရေတွက် အပ်ကုန်၏။ တထာတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တထာမေသုပိ အဋ္ဌသု စိတ္တေသု၊ ဤရှစ်ပါးသော ကာမကုသိုလ်စိတ်တို့၌လည်း။ ဒွေ ဝါ၊ နှစ်ပါးလည်း ဖြစ်ကုန် သော။ တီဏိ ဝါ၊ သုံးပါးလည်းဖြစ်ကုန်သော။ ကလျာဏမူလာနိ၊ ကလျာဏမူလ တို့သည်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းဖြစ်၏။ ဆန္ဒော စ၊ ဆန္ဒစေတသိက် လည်းကောင်း။ စိတ္တဥ္စ၊ စိတ်လည်းကောင်း။ ဝီရိယဥ္စ၊ ဝီရိယစေတသိက်လည်း ကောင်း။ ဝီမံသာ စ၊ ပညာစေတသိက်လည်းကောင်း။ တထာတိ၊ ဤသို့။ စတူသု၊ လေးပါးကုန်သော။ အဓိပတိဇာတိကေသု၊ အဓိပတိမျိုးတို့၌။ ကေမကောဝ၊ တစ်ပါးတစ်ပါးသော အဓိပတိတရားကိုယ်သည်သာလျှင်။ ကဒါစိ၊ ရံခါ။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်းဖြစ်၏။ စေတနာ၊ စေတနာစေတသိက်သည်။ ကမ္မပစ္စယော၊ ကမ္မပစ္စည်းဖြစ်၏။ တယော၊ သုံးပါးကုန်သော။ အာဟာရာ၊ အာဟာရတရားကိုယ်တို့သည်။ အာဟာရပစ္စယော၊ အာဟာရပစ္စည်းဖြစ်၏။ စိတ္တဥ္စ၊ စိတ်သည်လည်းကောင်း။ ဝေဒနာ စ၊ ဝေဒနာသည်လည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာစေတသိက်သည်လည်းကောင်း။ ဇီဝိတဥ္စ၊ ဇီဝိတိန္ဒြေစေတသိက်သည် လည်းကောင်း။ သဒ္ဓါ စ၊ သဒ္ဓါစေတသိက်သည်လည်းကောင်း။ သတိ စ၊

www.dhammaransi.com



သတိစေတသိက်သည်လည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယစေတသိက်သည်လည်း ကောင်း။ ပညာ စ၊ ပညာစေတသိက်သည်လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေထိုက်သော တရားတို့သည်။ ဣန္ဒြိယ ပစ္စယော၊ ဣန္ဒြိယပစ္စည်းဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်လည်းကောင်း။ ဝိစာရော စ၊ ဝိစာရလည်းကောင်း။ ပီတိ စ၊ ပီတိလည်းကောင်း။ ဝေဒနာ စ၊ ဝေဒနာ လည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ငါးပါး ကုန်သော။ ဈာနင်္ဂါနိ၊ ဈာနင်ထိုက်သော တရားတို့သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်းဖြစ်၏။ ပညာ စ၊ ပညာလည်းကောင်း။ ဝိတက္ကော စ၊ ဝိတက်လည်း ကောင်း။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော စ၊ ဝိရတီတို့လည်းကောင်း။ သတိ စ၊ သတိလည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယလည်းကောင်း၊ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်ထိုက်သော တရားတို့သည်။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းဖြစ်၏။ ဣမေသုပိ အဋ္ဌသုစိတ္တေသု၊ ဤရှစ်ပါးသော ကာမာဝစရကုသိုလ်စိတ်တို့၌လည်း။ ပစ္ဆာဇာတော စ၊ ပစ္ဆာဇာတပစ္စည်းလည်းကောင်း။ ဝိပါကော စ၊ ဝိပါကပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ ပစ္စယာ၊ နှစ်ပါးသော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ သေသာ၊ ကြွင်းကုန်သော။ ဒွါဝီသတိပစ္စယာ၊ နှစ်ဆယ့်နှစ်ပါးသော ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

## မဟာကြိယာစိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ကာမသောဘဏကိရိယစိတ္တေသု၊ ကာမသောဘဏကိရိယာစိတ်တို့၌။ တိဿော၊ သုံးပါးကုန်သော။ ဝိရတိယော၊ ဝိရတီစေတသိက်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ကုသလေသု ဝိယ၊ ကုသိုလ် စိတ်တို့၌ကဲ့သို့။ ဒွေ ပစ္စယာ၊ နှစ်ပါးကုန်သောပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ် ကုန်။ ဒွါဝီသတိပစ္စယာ၊ နှစ်ဆယ့်နှစ်ပါးသောပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

www.dhammaransi.com



## မဟာဝိပါက်စိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ကာမသောဘဏဝိပါကေသု၊ ကာမသောဘဏ ဝိပါက်စိတ်တို့၌။ တိသော၊ သုံးပါးကုန်သော။ ဝိရတိယော စ၊ ဝိရတီစေတသိက်တို့ကိုလည်းကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ အပ္ပမညာယော စ၊ အပ္ပမညာ စေတသိက်တို့ကိုလည်းကောင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ အဓိပတိပစ္စယော စ၊ အဓိပတိပစ္စည်းကိုလည်းကောင်း။ ပစ္ဆာဇာတော စ၊ ပစ္ဆာဇာတပစ္စည်းကိုလည်း ကောင်း။ အာသေဝနဥ္စ၊ အာသေဝနပစ္စည်းကိုလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဧကဝီသတိ၊ နှစ်ဆယ့်တစ်ပါးသော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

## မဟဂ္ဂုတ်လောကုတ္တရာစိတ္တုပ္ပါဒ်တို့၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ဥပရိ၊ အထက်ဖြစ်သော။ ရူပါရူပ လောကုတ္တရ စိတ္တေသုပိ၊ ရူပ အရူပ လောကုတ္တရာစိတ်တို့၌လည်း။ ဒွါဝီသတိပစ္စယတော၊ နှစ်ဆယ့်နှစ်ပါးသော ပစ္စည်းထက်။ အတိရေကံ၊ အလွန်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ စတူသု၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တ ကာမကုသလ စိတ္တေသု ဝိယ၊ ဉာဏ သမ္ပယုတ် ကာမာဝစရကုသိုလ်စိတ်တို့၌ကဲ့သို့။ ဣမေသု၊ ဤရူပ အရူပ လောကုတ္တရာစိတ်တို့၌။ ပစ္စယဃဋနာ၊ ပစ္စည်းပေါင်းခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

## ကာမတရားထက် မဟဂ္ဂုတ် လောကုတ္တရာတရားတို့သည်သာ၍ မွန်မြတ် ကြီးမားသည်၏အဖြစ်ကို ပြခြင်း

ဧဝံ၊ ဤသို့။ သန္တော၊ ဖြစ်လတ်သော်။ ကသ္မာ၊ အဘယ့်ကြောင့်။ တာနိ စိတ္တာနိ၊ ထိုရူပအရူပလောကုတ္တရာစိတ်တို့သည်။ ကာမစိတ္တတော၊ ကာမာဝစရစိတ်ထက်။ မဟန္တတရာနိ စ၊ အထူးသဖြင့် ကြီးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ပဏီတတရာနိ စ၊ အထူးသဖြင့် မြတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း၊ အာသေဝနမဟန္တတ္တာ၊ အာသေဝနသတ္တိကြီးသည်၏အဖြစ်ကြောင့်။ တာနိ စိတ္တာနိ၊

www.dhammaransi.com



ထိုရူပ အရူပ လောကုတ္တရာစိတ်တို့သည်။ ကာမစိတ္တတော၊ ကာမစိတ်ထက်။ မဟန္တတရာနိ စ၊ အထူးသဖြင့် ကြီးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဏီတတရာနိ စ၊ အထူးသဖြင့် မြတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တ္တတိအယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ တာနိ စိတ္တာနိ၊ ထို ရူပ အရူပ လောကုတ္တရာစိတ်တို့သည်။ ဘာဝနာကမ္မဝိသေသေဟိ၊ ဘာဝနာ ကံအထူးတို့ဖြင့်။ သိဒ္ဓါနိ၊ ပြီးကုန်သည်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေသု၊ ထိုရူပ အရူပ လောကုတ္တရာစိတ်တို့၌။ အာသေဝနပစ္စယော၊ အာသေဝနပစ္စည်းသည်။ မဟန္တော၊ ကြီးသည်။ ဟောတိ၊ ဖြစ်၏။ အာသေဝနမဟန္တတ္တာ စ၊ အာသေဝနသတ္တိကြီးသည်၏အဖြစ်ကြောင့် လည်း။ ဣန္ဒြိယပစ္စယောပိ၊ ဣန္ဒြိယပစ္စည်းသည်လည်းကောင်း။ ဈာနပစ္စယောပိ၊ ဈာနပစ္စည်းသည်လည်းကောင်း။ မဂ္ဂပစ္စယောပိ၊ မဂ္ဂပစ္စည်းသည်လည်းကောင်း။ အညေပိ ဝါ၊ တစ်ပါးလည်း ဖြစ်ကုန်သော။ တေသံ၊ ထိုရူပ အရူပ လောကုတ္တရာ စိတ်တို့၏။ ပစ္စယာ၊ ပစ္စည်းတို့သည်။ မဟန္တာ၊ ကြီးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဥပရူပရိ၊ အဆင့်ဆင့်။ မဟန္တတ္တာ၊ ကြီး သည်၏အဖြစ်ကြောင့်။ တာနိ စိတ္တာနိ၊ ထိုရူပ အရူပ လောကုတ္တရာစိတ်တို့သည်။ ဥပရူပရိ စ၊ အဆင့်ဆင့်လည်း။ ကာမစိတ္တတော၊ ကာမစိတ်ထက်။ မဟန္တတရာနိ စ၊ အထူးသဖြင့် ကြီးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဏီတတရာနိ စ၊ အထူးသဖြင့် မြတ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တ္တတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**စိတ္တုပ္ပါဒေသု၊ စိတ္တုပ္ပါဒ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာနည်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

## ၂၈– ပါးသော ရုပ်တို့ကို သရုပ်ထုတ်၍ပြခြင်း

ရူပကလာပေသု၊ ရုပ်ကလာပ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာ နည်းကို။ ဝုစ္စတေ၊ ဆိုအပ်၏။ အဋ္ဌဝီသတိ၊ နှစ်ဆယ့်ရှစ်ပါးသော။ ရူပါနိ နာမ၊ ရုပ်တို့မည်သည်ကား။ ပထဝီ၊ ပထဝီဓာတ်လည်းကောင်း။ အာပေါ၊

www.dhammaransi.com



အာပေါဓာတ်လည်းကောင်း။ တေဇော၊ တေဇောဓာတ်လည်းကောင်း။ ဝါယော၊ ဝါယောဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့သည်လည်းကောင်း။ စက္ခု၊ စက္ခုပသာဒလည်းကောင်း။ သောတံ၊ သောတပသာဒလည်းကောင်း။ ဃာနံ၊ ဃာနပသာဒလည်းကောင်း။ ဇိဝှါ၊ ဇိဝှါပသာဒလည်းကောင်း။ ကာယော၊ ကာယပသာဒလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ပသာဒရူပါနိ စ၊ ပသာဒရုပ်တို့သည်လည်းကောင်း။ ရူပံ၊ ရူပါရုံလည်းကောင်း။ သဒ္ဒေါ၊ သဒ္ဒါရုံလည်းကောင်း။ ဂန္ဓော၊ ဂန္ဓာရုံလည်းကောင်း။ ရသော၊ ရသာရုံလည်းကောင်း။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဂေါစရရူပါနိ၊ ဂေါစရရုပ်တို့သည်လည်းကောင်း။ တတ္ထ၊ ထိုဂေါစရရုပ်ငါးပါးတို့တွင်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံသည်။ ပထဝီဖောဋ္ဌဗ္ဗံ၊ ပထဝီဖောဋ္ဌဗ္ဗရုံလည်းကောင်း။ တေဇောဖောဋ္ဌဗ္ဗံ၊ တေဇောဖောဋ္ဌဗ္ဗရုံလည်းကောင်း။ ဝါယောဖောဋ္ဌဗ္ဗံ၊ ဝါယောဖောဋ္ဌဗ္ဗာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ ဣတ္ထိဘာဝရူပံ၊ ဣတ္ထိဘာဝရုပ်လည်းကောင်း။ ပုမ္ဘာဝရူပံ၊ ပုမ္ဘာဝရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဘာဝရူပါနိ၊ ဘာဝရုပ်တို့သည်လည်းကောင်း။ ဧကံ၊ တစ်ပါးသော။ ဇီဝိတရူပံ၊ ဇီဝိတရုပ်သည်လည်းကောင်း။ ဧကံ၊ တစ်ပါးသော။ ဟဒယရူပံ၊ ဟဒရုပ်သည်လည်းကောင်း။ ဧကံ၊ တစ်ပါးသော။ အာဟာရရူပံ၊ အာဟာရရုပ်သည်လည်းကောင်း။ ဧကံ၊ တစ်ပါးသော။ အာကာသဓာတုရူပံ၊ အာကာဓာတ်ရုပ်လည်းကောင်း။ ကာယဝိညတ္တိရူပံ၊ ကာယဝိညတ္တိရုပ်လည်းကောင်း။ ဝစီဝိညတ္တိရူပံ၊ ဝစီဝိညတ္တိရုပ်လည်းကောင်း။ လဟုတာ၊ လဟုတာရုပ်လည်းကောင်း။ မုဒုတာ၊ မုဒုတာရုပ်လည်းကောင်း။ ကမ္မညတာ၊ ကမ္မညတာရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော။ ဝိကာရရူပါနိ၊ ဝိကာရရုပ်တို့သည်လည်းကောင်း။ ဥပစယော၊ ဥပစယရုပ်လည်းကောင်း။ သန္တတိ၊ သန္တတိရုပ်လည်းကောင်း။ ဇရတာ၊ ဇရတာရုပ်လည်းကောင်း။ အနိစ္စတာ၊ အနိစ္စတာရုပ်လည်း ကောင်း။ ဣတိ၊ သို့။ စတ္တာရိ၊ လေးပါးကုန်သော။ လက္ခဏရူပါနိ၊ လက္ခဏရုပ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

www.dhammaransi.com



## ရုပ်တရားသည် ရုပ်တရားအား ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

တတ္ထ၊ ထိုနှစ်ဆယ့်ရှစ်ပါးသော ရုပ်တရားတို့တွင်။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ စ၊ မဟာဘုတ်တို့လည်းကောင်း။ ဇီဝိတရူပဉ္စ၊ ဇီဝိတရုပ်တို့လည်းကောင်း။ အာဟာရရူပဉ္စ၊ အာဟာရရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးကုန်သော။ ရူပဓမ္မာ၊ ရုပ်တရားတို့သည်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့အား။ ပစ္စယာဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသို့ကျေးဇူးပြုရာ၌။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့သည်။ အညမညဿ၊ အချင်းချင်းအား။ သဟဇာတေန စ၊ သဟဇာတပစ္စယသတ္တိဖြင့်လည်းကောင်း။ အညမညေန စ၊ အညမညပစ္စယသတ္တိဖြင့်လည်းကောင်း။ နိဿယေန စ၊ နိဿယပစ္စယသတ္တိဖြင့်လည်းကောင်း။ အတ္ထိယာ စ၊ အတ္ထိပစ္စယသတ္တိဖြင့်လည်းကောင်း။ အဝိဂတေန စ၊ အဝိဂတပစ္စယသတ္တိဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတာနံ၊ သဟဇာတ်ဖြစ်ကုန်သော။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ အညမညပစ္စယသတ္တိကို ကြဉ်ကုန်သော။ စတူဟိ၊ လေးပါးကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇီဝိတရူပံ၊ ဇီဝိတရုပ်သည်။ သဟဇာတာနံ၊ သဟဇာတ်ဖြစ်ကုန်သော။ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာပရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ အာဟာရရူပံ၊ အာဟာရရုပ်သည်။ သဟဇာတာနဉ္စ၊ သဟဇာတ်လည်း ဖြစ်ကုန်သော။ အသဟဇာတာနဉ္စ၊ သဟဇာတ်မဟုတ်သည်လည်း ဖြစ်ကုန်သော။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ အဇ္ဈတ္တရူပဓမ္မာနံ၊ အဇ္ဈတ္တရုပ်တရားတို့အား။ အာဟာရပစ္စယေန၊ အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

www.dhammaransi.com



## ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

တတ္ထ၀၊ ထိုနှစ်ဆယ့်ရှစ်ပါးသော ရုပ်တို့၌သာလျှင်။ ပဥ္စ၊ ငါးပါးကုန်သော။ ပသာဒရူပါနိ စ၊ ပသာဒရုပ်တို့လည်းကောင်း။ သတ္တ၊ ခုနစ်ပါးသော။ ဂေါစရရူပါနိ စ၊ ဂေါစရရုပ်တို့လည်းကောင်း။ ဟဒယဝတ္ထုရူပဥ္စ၊ ဟဒယဝတ္ထုရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ တေရသ၊ တစ်ဆယ့်သုံးပါးကုန်သော။ ရူပဓမ္မာ၊ ရုပ်တရားတို့သည်။ နာမဓမ္မာနံ၊ နာမ်တရားတို့အား။ ဝိသေသပစ္စယာ၊ အထူးသဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသို့ကျေးဇူး ပြုရာ၌။ ပဥ္စ၊ ငါးပါးကုန်သော။ ပသာဒရူပါနိ၊ ပသာဒရုပ်တို့သည်။ ပဥ္စ၊ ငါးပါးကုန်သော။ ဝိညာဏဓာတူနံ၊ ဝိညာဏဓာတ်တို့အား။ မာတရော၊ အမိတို့သည်။ ပုတ္တာကာနံ၊ သားသမီးတို့အား။ ပစ္စယာဝိယ၊ ကျေးဇူးပြုကုန်သကဲ့သို့။ ဝတ္ထုပုရေဇာတေန စ၊ ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့်လည်းကောင်း။ ဝတ္ထုပုရေဇာတိန္ဒြိယေန စ၊ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စယသတ္တိဖြင့်လည်းကောင်း။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တေန စ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်လည်းကောင်း။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တ၊ ခုနစ်ပါး ကုန်သော။ ဂေါစရရူပါနိ၊ ဂေါစရရုပ်တို့သည်။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ဝိညာဏဓာတူနဥ္စ၊ ဝိညာဏဓာတ်တို့အားလည်းကောင်း။ တိဿန္နံ၊ သုံးပါးကုန်သော။ မနောဓာတူနဥ္စ၊ မနောဓာတ်တို့အားလည်းကောင်း။ ပိတရော၊ အဘတို့ သည်။ ပုတ္တာကာနံ၊ သားသမီးတို့အား။ ပစ္စယာ ဝိယ၊ ထောက်ပံ့ကုန်သကဲ့သို့၊ အာရမ္မဏပုရေဇာတေန၊ အာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟဒယဝတ္ထုရူပံ၊ ဟဒယဝတ္ထု ရုပ်သည်။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ မနောဓာတုမနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့အား။ ရုက္ခော၊ သစ်ပင်သည်။ ရုက္ခဒေဝတာနံ၊ သစ်ပင်စောင့်နတ်တို့အား။ ဝါ၊ ရုက္ခဗိုဝ်းနတ်တို့အား။ ပစ္စယော ဝိယ၊ ကျေးဇူးပြုသကဲ့သို့။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ သဟဇာတနိဿယေန၊ သဟဇာတနိဿယပစ္စယသတ္တိဖြင့်။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။

www.dhammaransi.com



ဝတ္ထုပုရေဇာတေန စ၊ ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့်လည်းကောင်း။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တေန စ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်လည်းကောင်း။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ရုပ်ကလာပ် ၂၃-စည်းရှိခြင်းနှင့် ကလာပ်မည်ခြင်း အကြောင်းကို ပြခြင်း

တေဝီသတိ၊ နှစ်ဆယ့်သုံးပါးသော။ ရူပကလာပါ၊ ရုပ်ကလာပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုနှစ်ဆယ့်သုံးပါးသော ရုပ်ကလာပ်၌။ ဧကာယ၊ တစ်ချောင်းသော။ ရဇ္ဇုယာ၊ ကြိုးဖြင့်။ ဗန္ဓိတာနံ၊ ဖွဲ့အပ်ကုန်သော။ ကေသာနံ၊ ဆံတို့၏။ ကေသကလာပေါ ဝိယ၊ ဆံစုဆံစည်းကဲ့သို့လည်းကောင်း။ တိဏာနံ၊ မြက်တို့၏။ တိဏကလာပေါ ဝိယ၊ မြက်စု မြက်စည်းကဲ့သို့လည်းကောင်း။ ဧကေန၊ တစ်ခုသော။ ဇာတိကလာပေါ၊ အပေါင်းသည်။ ပရိပိဏ္ဍိ၊ အစုသည်။ ရူပကလာပေါ နာမ၊ ရုပ်ကလာပ်မည်၏။

## သဗ္ဗမူလအဋ္ဌကကလာပ်၏ သရုပ်ကိုထုတ်၍ပြခြင်း

တတ္ထ၊ ထိုရုပ်ကလာပ်၌။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့လည်းကောင်း၊ ဝဏ္ဏော၊ ရူပါရုံလည်းကောင်း။ ဂန္ဓော၊ ဂန္ဓာရုံလည်းကောင်း။ ရသော၊ ရသာရုံလည်းကောင်း။ ဩဇာ၊ အာဟာရရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ အဋ္ဌဓမ္မာ၊ ဤရှစ်ပါးသော ရုပ်တရားတို့သည်။ ဧကော၊ တစ်ပါးသော။ သဗ္ဗမူလကလာပေါ နာမ၊ သဗ္ဗမူလကလာပ မည်၏။ ဝါ၊ အလုံးစုံသောကလာပ်တို့၏ အရင်းမည်၏။ သဗ္ဗမူလဋ္ဌကန္တိ စ၊ သဗ္ဗမူလဋ္ဌကဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။

## ကမ္မဇကလာပ်ကိုစည်းကို သရုပ်ထုတ်၍ပြခြင်း

နဝ၊ ကိုးပါးကုန်သော။ ကမ္မဇရူပကလာပါ၊ ကမ္မဇရုပ်ကလာပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေ နဝ၊ အဘယ်ကိုးပါးတို့နည်းဟူမူကား။ ဇီဝိတနဝကံ၊

www.dhammaransi.com



ဇီဝိတနဝက ကလာပ်လည်းကောင်း။ ဝတ္ထုဒသကံ၊ ဝတ္ထုဒသက ကလာပ်လည်းကောင်း။ ကာယဒသကံ၊ ကာယဒသက ကလာပ်လည်းကောင်း။ ဣတ္ထိဘာဝ-ဒသကံ၊ ဣတ္ထိဘာဝဒသက ကလာပ်လည်းကောင်း။ ပုမ္ဘာဝဒသကံ၊ ပုမ္ဘာဝဒသက ကလာပ်လည်းကောင်း။ စက္ခုဒသကံ၊ စက္ခုဒသက ကလာပ်လည်းကောင်း။ သောတဒသကံ၊ သောတဒသက ကလာပ်လည်းကောင်း။ ဃာနဒသကံ၊ ဃာနဒသက ကလာပ်လည်းကောင်း။ ဇိဝှါဒသကံ၊ ဇိဝှါဒသက ကလာပ်လည်းကောင်း။ ဣတိသဗ္ဗမ္ပိလဋ္ဌကမေဝ၊ သဗ္ဗမ္ပိလဋ္ဌကလာပ်သည်ပင်လျှင်။ ဇီဝိတရူပေန၊ ဇီဝိတရုပ်နှင့်။ သဟ၊ တကွ။ ဇီဝိတနဝကံ နာမ၊ ဇီဝိတနဝကကလာပ်မည်၏။ ဧတဒေဝ၊ ထိုဇီဝိတနဝက ကလာပ်သည်ပင်လျှင်။ ကမ္မဇကလာပေသု၊ ကမ္မဇကလာပ်ကိုးစည်းတို့၌။ မူလနဝကံ၊ မူလနဝကကလာပ်သည်။ ဟောတိ၊ ဖြစ်၏။ မူလနဝကမေဝ၊ မူလနဝကသည်ပင်လျှင်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဟဒယဝတ္ထုရူပါဒီဟိ၊ ဟဒယဝတ္ထုရုပ် အစရှိကုန်သော။ အဋ္ဌရူပေဟိ၊ ရှစ်ပါးသော ရုပ်တို့နှင့်။ သဟ၊ တကွ။ ဝတ္ထုဒသကာဒီနိ၊ ဝတ္ထုဒသကအစရှိကုန်သော။ အဋ္ဌဒသကာနိ၊ ရှစ်ပါးသော ဒသကကလာပ်တို့သည်။ ဘဝတိ၊ ဖြစ်၏။

## ကမ္မဇကလာပ်ကိုးစည်းတို့၏ အသီးအသီး တည်ရာစသည်နှင့်တကွ ကိစ္စကိုပြခြင်း

တတ္ထ၊ ထိုကမ္မဇကလာပ်ကိုးစည်းတို့တွင်။ ဇီဝိနဝကဉ္စ၊ ဇီဝိတနဝက ကလာပ်လည်းကောင်း။ ကာယဒသကဉ္စ၊ ကာယဒသက ကလာပ်လည်းကောင်း။ ဘာဝဒသကာနိ စ၊ ဘာဝဒသကနှစ်စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ကလာပါ၊ ကလာပ်တို့သည်။ သကလကာယေ၊ ကိုယ်အလုံး၌။ ပဝတ္တန္တိ၊ နှံ့၍ဖြစ်ကုန်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ပါစကဂ္ဂိ စ၊ ပါစကဂ္ဂိကိုလည်းကောင်း။ ကာယဂ္ဂိ စ၊ ကာယဂ္ဂိကိုလည်းကောင်း။ ဇီဝိတနဝကန္တိ၊ ဇီဝိတနဝကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပါစကဂ္ဂိ နာမ၊ ပါစကဂ္ဂိ မည်သည်ကား။ ပါစကတေဇောကောဋ္ဌာသော၊ အစာအာဟာရကို ကျက်စေတတ်သော အပူဓာတ်အစုပင်တည်း။ သော၊ ထိုပါစကတေဇောသည်။ အာမာသယေ၊

www.dhammaransi.com



အစာသစ်အိမ်၌။ ပဝတ္တိတွာ၊ ဖြစ်၍။ အသိတ ပီတ ခါယိတသာယိတာနိ၊ စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာအာဟာရတို့ကို။ ပရိပါစေတိ၊ ကျက်စေတတ်၏။ ကာယဂ္ဂိ နာမ၊ ကာယဂ္ဂိမည်သည်ကား။ သကလကာယ-ဗျာပကော၊ အလုံးစုံသော ကိုယ်၌နှံ့၍တည်သော။ ဥသ္မာတေဇောကောဋ္ဌာသော၊ ကိုယ်ငွေ့အပူဓာတ်အစုပင်တည်း။ သော၊ ထိုဥသ္မာတေဇောသည်။ သကလကာယေ၊ ကိုယ်အလုံး၌။ ပဝတ္တိတွာ၊ ဖြစ်၍။ ပိတ္တ သေမှလောဟိတာနိ၊ သလိပ်သည်းခြေသွေးတို့ကို။ အပူတီနိ၊ မပုပ်မသိုးသည်တို့ကို။ ဝိပ္ပသန္နာနိ၊ ကြည်လင်သည်တို့ကို။ ကရောတိ၊ ပြုတတ်၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ တေသံ၊ ထိုပါစကတေဇော ဥသ္မာတေဇောတို့၏။ ဝိသမဝုတ္တိယာ၊ မညီမညွတ်ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ သတ္တာ၊ သတ္တဝါတို့သည်။ ဗဟွာဗာဓာ၊ အနာများကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ သမဝုတ္တိယာ၊ ညီမျှသောဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ အပ္ပါဗာဓာ၊ အနာနည်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒုဘယံ၊ ထိုနှစ်ပါးသော။ ဇီဝိတနဝကံ၊ ဇီဝိတနဝကသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ သမ္ပာဒေတိ၊ ပြည့်စုံစေတတ်၏။ ဝဏ္ဏံ၊ အဆင်းကို။ သမ္ပာဒေတိ၊ ပြည့်စုံစေတတ်၏။ ကာယဒသကံ၊ ကာယဒသက ကလာပ်သည်။ သကလကာယေ၊ ကိုယ်အလုံး၌။ သုခသမ္ဖဿဒုက္ခသမ္ဖဿနိ၊ ချမ်းသာအတွေ့, ဆင်းရဲအတွေ့တို့ကို။ သမ္ပာဒေတိ၊ ဖြစ်စေ၏။ ဘာဝဒသကာနိ၊ ဣတ္ထိဘာဝဒသက ပုမ္ဘာဝဒသကတို့သည်။ ဣတ္ထီနံ၊ မိန်းမတို့၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣတ္ထာကာရေ၊ မိန်းမ၏အခြင်းအရာတို့ကို။ သမ္ပာဒေတိ၊ ဖြစ်စေ၏။ ပုရိသာနံ၊ ယောကျ်ားတို့၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုရိသာကာရေ၊ ယောကျ်ား၏အခြင်းအရာတို့ကို။ သမ္ပာဒေတိ၊ ဖြစ်စေ၏။ သေသာနိ၊ ကြွင်းကုန်သော။ ဝတ္ထုဒသကာဒီနိ၊ ဝတ္ထုဒသက အစရှိကုန်သော။ ပဥ္စဒသကာနိ၊ ငါးပါးသောဒသကတို့သည်။ ပဒေသဒသကာနိ နာမ၊ ပဒေသဒသကမည်ကုန်၏။ ဝါ၊ တစ်စိတ်တစ်ဒေသ၌ ဖြစ်သော ဒသက မည်ကုန်၏။ တတ္ထ၊ ထိုပဒေသဒသက ငါးပါးတို့တွင်။ ဝတ္ထုဒသကံ၊ ဝတ္ထုဒသက သည်။ ဟဒယ ကောသဗ္ဘန္တရေ၊ နှလုံးအိမ်၏အတွင်း၌။ ပဝတ္တိတွာ၊ ဖြစ်၍။ သတ္တာနံ၊ သတ္တဝါတို့၏။ နာနာကာရာနိ၊ အထူးထူးအပြားပြားကုန်သော။

www.dhammaransi.com



သုစိန္တိတဒုစ္စိန္တိတာနိ၊ ကောင်းသောအကြံ မကောင်းသောအကြံတို့ကို။ သမ္ဘာဒေတိ၊ ဖြစ်စေ၏။ စက္ခုဒ္ဒသကာဒီနိ၊ စက္ခုဒ္ဒသက အစရှိကုန်သော။ စတ္တာရိ၊ လေးပါး ကုန်သော။ ဒသကာနိ၊ ဒသကတို့သည်။ စက္ခုဂုဠ ကဏ္ဏဗိလ နာသဗိလ ဇိဝှါတလေသု၊ မျက်လုံး, နားတွင်း, နှာခေါင်းတွင်း, လျှာအပြင်တို့၌။ ပဝတ္တိတွာ၊ ဖြစ်၍။ ဒဿန သဝန ဃာယန သာယနာနိ၊ မြင်ခြင်း, ကြားခြင်း, နမ်းခြင်း, လျက်ခြင်းတို့ကို။ သမ္ဘာဒေတိ၊ ဖြစ်စေတတ်၏။

## စိတ္တဇကလာပ်ရှစ်စည်းတို့၏သရုပ်ကို ထုတ်၍ပြခြင်း

အဋ္ဌ၊ ရှစ်ပါးကုန်သော။ စိတ္တဇ ရူပကလာပါ၊ စိတ္တဇရုပ်ကလာပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမေ အဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား။ သဗ္ဗမူလကံ၊ သဗ္ဗမူလဋ္ဌက ကလာပ်လည်းကောင်း။ သဒ္ဒနဝကံ၊ သဒ္ဒနဝက ကလာပ်လည်းကောင်း။ ကာယဝိညတ္တိနဝကံ၊ ကာယဝိညတ္တိနဝက ကလာပ်လည်း ကောင်း။ သဒ္ဒဝစီဝိညတ္တိဒသကံ၊ သဒ္ဒဝစီဝိညတ္တိဒသက ကလာပ်လည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော၊ လေးပါးကုန်သော။ မူလကလာပါ စ၊ မူလကလာပ်တို့ သည်လည်းကောင်း။ တေယေဝ၊ ထိုမူလကလာပ်တို့သည်ပင်လျှင်။ လဟုတာ မုဒုတာ ကမ္မညတာသဒ္ဓိံတေဟိ၊ လဟုတာ မုဒုတာ ကမ္မညတာဟု ဆိုအပ်ကုန် သော။ တီဟိ ဝိကာရရူပေဟိ၊ ဝိကာရရုပ်သုံးပါးတို့နှင့်။ သဟ၊ တကွ။ စတ္တာရော၊ လေးပါးကုန်သော။ သဝိကာရကလာပါ စ၊ သဝိကာရကလာပ်တို့သည်လည်း ကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့ပင်တည်း။

## စိတ္တဇကလာပ်ရှစ်စည်းဖြစ်ပေါ်ပုံကို ပြခြင်း

တတ္ထ၊ ထိုစိတ္တဇကလာပ်ရှစ်စည်းတို့တွင်။ သရီရဓာတူနံ၊ ကိုယ်၌ဖြစ်သော ဓာတ်တို့၏။ ဝိသမပ္ပဝတ္တိကာလေ၊ မညီမညွတ်ဖြစ်သောအခါကာလ၌။ ဂိလာနဿ၊ နာသောသူအား၊ မူလကလာပါနိ ဧဝ၊ မူလကလာပ်လေးစည်းတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ တဒါ၊ ထိုအခါ၌။ တဿ၊ ထိုနာသော သူအား။ သရီရရူပါနိ၊ ကိုယ်၌ဖြစ်သော ရုပ်တို့သည်။ ဂရူနိ ဝါ၊ လေးလံကုန်သည်

www.dhammaransi.com



လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ထဒ္ဓါနိ ဝါ၊ ကြမ်းတမ်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အကမ္မညာနိ ဝါ၊ အမှု၌မခံ့ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာရုစိ၊ အလိုရှိတိုင်း။ ဣရိယာပထံ၊ ဣရိယာပုထ်ကို။ ပဝတ္တေတုံပိ၊ ဖြစ်စေခြင်းငှါလည်းကောင်း။ အင်္ဂပစ္စင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ စာလေတုံပိ၊ လှုပ်ခြင်းငှါလည်းကောင်း။ ဝစနံ၊ စကားကို။ ကထေတုံပိ၊ ဆိုခြင်းငှါလည်းကောင်း။ ဒုက္ခာ၊ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ သရီရဓာတူနံ၊ ကိုယ်၌ဖြစ်သော ဓာတ်တို့၏။ သမပ္ပဝတ္တိကာလေ ပန၊ ညီညွတ်စွာဖြစ်သော ကာလ၌ကား။ အဂိလာနဿ၊ ကျန်းမာသောသူအား။ ဂရုထဒ္ဓါဒီနံ၊ လေးလံခြင်း ကြမ်းတမ်းခြင်း အစရှိကုန်သော။ သရီရဒေါသာနံ၊ ကိုယ်၌ဖြစ်သောအပြစ်တို့၏။ အဘာဝတော၊ မရှိသောကြောင့်။ သဝိကာရာ၊ ဝိကာရရုပ်နှင့်တကွဖြစ်ကုန်သော ရုပ်ကလာပ်လေးစည်းတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဘောသု စ၊ ထိုဝိကာရရုပ်နှင့်တကွ ဖြစ်ကုန်သော ရုပ်ကလာပ်လေးစည်းတို့တွင်လည်း။ စိတ္တင်္ဂဝသေန၊ အချို့သော စိတ်အင်္ဂါ၏ အစွမ်းအားဖြင့်။ ကာယင်္ဂစလနေ၊ ကိုယ်အင်္ဂါကို လှုပ်ရှားရာ၌။ ဒွေကာယဝိညတ္တိကလာပါ၊ ကာယဝိညတ္တိကလာပ်နှစ်စည်းတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ စိတ္တဝသေနေဝ၊ စိတ်၏အစွမ်းဖြင့်သာလျှင်။ မုခတော၊ ခံတွင်းမှ။ ဝစနသဒ္ဒပ္ပဝတ္တိကာလေ၊ စကားအသံကိုဖြစ်စေသောအခါ၌။ ဒွေဝစီဝိညတ္တိကလာပါ၊ ဝစီဝိညတ္တိကလာပ်နှစ်စည်းတို့သည်။ ပဝတ္တိ၊ ဖြစ်ကုန်၏။ စိတ္တာဝသေနေဝ၊ စိတ်၏အစွမ်းဖြင့်သာလျှင်။ အက္ခရဝဏ္ဏရဟိတာနံ၊ အက္ခရာဝဏ္ဏကင်းကုန်သော။ ဟာသနရောဒနာဒီနံ၊ ရယ်ခြင်း, ငိုခြင်း အစရှိကုန်သော။ အဝစနသဒ္ဒါနံ၊ စကားမဟုတ်သောအသံတို့၏။ မုခတော၊ ခံတွင်းမှ။ ပဝတ္တိကာလေ၊ ဖြစ်သောအခါ၌။ ဒွေသဒ္ဒကလာပါ၊ သဒ္ဒါကလာပ်နှစ်စည်းတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သေသကာလေသု၊ ကြွင်းသောအခါတို့၌။ ဒွေအာဒိကလာပါ၊ အစဖြစ်သော သဗ္ဗမူလဋ္ဌက ကလာပ် သဒ္ဒနဝက ကလာပ်နှစ်စည်းတို့သည်။ ပဝတ္တန္တိ၊ ကုန်၏။

www.dhammaransi.com



## ဥတုဇကလာပ် လေးစည်းတို့၏ သရုပ်နှင့်တကွ ၎င်းတို့၏ဖြစ်ပေါ်ပုံကို ပြခြင်း

ဥတုဇရူပကလာပါ၊ ဥတုဇရုပ်ကလာပ်တို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ ကတမေ စတ္တာရော၊ အဘယ်လေးပါးတို့နည်းဟူမူကား။ သဒ္ဒမူလဋ္ဌကံ၊ သဒ္ဒမူလဋ္ဌကကလာပ်လည်းကောင်း။ သဒ္ဒနဝကံ၊ သဒ္ဒနဝကကလာပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေမူလကလာပါ စ၊ မူလကလာပ်နှစ်စည်းတို့သည်လည်းကောင်း။ ဒွေသဝိကာရကလာပါ စ၊ ဝိကာရရုပ်နှင့်တကွသော ကလာပ်နှစ်စည်းတို့သည်လည်းကောင်း။ ဣမေ စတ္တာရော၊ ဤလေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ အယံ ကာယော၊ ဤကိုယ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ဣရိယာပထသောတံ၊ ဣရိယာပုထ်၏ အလျဉ်သို့။ အနုဂစ္ဆန္တော၊ အစဉ်ရောက်သည်ဖြစ်၍။ ယာပေတိ၊ မျှ၏။ တသ္မာ၊ ထိုကြောင့်။ ဣရိယာပထနာနတ္တံ၊ ဣရိယာပုထ် ထူးသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဓာတူနံ၊ ဓာတ်တို့၏။ သမပ္ပဝတ္တိဝိသမပ္ပဝတ္တိယော၊ ညီညွတ်စွာဖြစ်ခြင်း။ မညီမညွတ်ဖြစ်ခြင်းတို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ တထာ၊ ထိုအတူ။ ဥတုနာနတ္တံ၊ ဥတုထူးသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ အာဟာရနာနတ္တံ၊ အာဟာရထူးသည်၏အဖြစ်သို့။ ပဋိစ္စ၊ စွဲ၍။ ဝါတာတပသမ္ဖဿနာနတ္တံ၊ လေနေပူတို့၏ တွေ့ထိခြင်းထူးသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ကာယဂ်ပရိဟာရနာနတ္တံ၊ ကိုယ်အင်္ဂါဆောင်ခြင်း ထူးသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ အတ္တူပက္ကမ ပရူပက္ကမနာနတ္တံ၊ မိမိလုံ့လ သူတစ်ပါးလုံ့လ ထူးသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ဓာတူနံ၊ ဓာတ်တို့၏။ သမပ္ပဝတ္တိဝိသမပ္ပဝတ္တိယော၊ ညီညွတ်စွာဖြစ်ခြင်း မညီမညွတ်ဖြစ်ခြင်းတို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ တတ္ထ၊ ထိုကလာပ်လေးစည်းတို့တွင်။ ဝိသမပ္ပဝတ္တိကာလေ၊ မညီမညွတ်ဖြစ်သောအခါ၌။ ဒွေမူလကလာပါ ဧဝ၊ မူလကလာပ်နှစ်စည်းတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သမပ္ပဝတ္တိကာလေ၊ ညီညွတ်စွာဖြစ်သောအခါ၌။ ဒွေသဝိကာရာ၊ ဝိကာရရုပ်နှင့်တကွသော ကလာပ်နှစ်စည်းတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တေသု

www.dhammaransi.com



စ၊ ထိုကလာပ်လေးစည်းတို့တွင်လည်း။ ဒွေသဒ္ဒကလာပါ၊ သဒ္ဒကလာပ်နှစ်စည်းတို့သည်။ စိတ္တဇသဒ္ဒတော၊ စိတ္တဇသဒ္ဒါမှ။ ပရမ္ပရသဒ္ဒေသု စ၊ အဆင့်ဆင့်သော အသံတို့၌လည်းကောင်း။ အညေသု၊ တစ်ပါးကုန်သော။ လောကေ၊ လောက၌။ နာနပ္ပကာရသဒ္ဒေသု စ၊ အထူးထူး အပြားပြားသော အသံတို့၌လည်းကောင်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

## အာဟာရဇကလာပ်နှစ်စည်းတို့၏ သရုပ်နှင့်တကွ ဖြစ်ပေါ်ပုံကို ပြခြင်း

အာဟာရဇရူပကလာပါ၊ အာဟာရဇရုပ်ကလာပ်တို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ သဒ္ဓမူလဋ္ဌကံ၊ သဒ္ဓမူလဋ္ဌက ကလာပ်လည်းကောင်း။ သဝိကာရံ၊ ဝိကာရရုပ်နှင့်တကွသော ကလာပ်လည်းကောင်း။ ဣတိ ဣမေ ဒွေ၊ ဤနှစ်ပါးတို့တည်း။ ဣမေ ဒွေ ကလာပါ၊ ဤကလာပ်နှစ်စည်းတို့ကို။ သပ္ပါယေန၊ လျောက်ပတ်သော။ အာဟာရေန ဝါ၊ အာဟာရကြောင့်လည်းကောင်း။ အသပ္ပါယေန၊ မလျောက်ပတ်သော။ အာဟာရေန ဝါ၊ အာဟာရကြောင့်လည်းကောင်း။ ဇာတာနံ၊ ဖြစ်ကုန်သော။ သမရူပ ဝိသမရူပါနံ၊ ညီညွတ်သောရုပ် မညီညွတ်သောရုပ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## ကလာပ်မဖွဲ့ရသောရုပ်နှင့် မဖွဲ့ရခြင်းအကြောင်းတို့ကို ပြခြင်း

အာကာသဓာတု စ၊ အာကာသဓာတ်လည်းကောင်း။ လက္ခဏရူပါနိ စ၊ လက္ခဏရုပ်လေးခုတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါနိ၊ ရုပ်တို့သည်။ ကလာပမုတ္တာနိ၊ ကလာပ်အဖွဲ့အစည်းမှ လွတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုငါးပါးသော ရုပ်တို့တွင်။ အာကာသဓာတု၊ အာကာသဓာတ်သည်။ ကလာပါနံ၊ ကလာပ်တို့၏။ အန္တရာပရိစ္ဆေဒမတ္တတ္တာ၊ အကြားကို ပိုင်းခြားကြောင်းမျှဖြစ်သည်၏အဖြစ်ကြောင့်။ ကလာပမုတ္တာ၊ ကလာပ်အဖွဲ့အစည်းမှလွတ်သည်။ ဟောတိ၊ ၏။ လက္ခဏရူပါနိ၊ လက္ခဏရုပ်လေးခုတို့သည်။ သင်္ခတဘူတာနံ၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်သည်ဖြစ်၍

www.dhammaransi.com



ဖြစ်ကုန်သော။ ရူပကလာပါနံ၊ ရုပ်ကလာပ်တို့၏။ သင်္ခတဘာဝဇာနနတ္ထာယ၊ ပေါင်း၍ပြုပြင်အပ်သည်၏အဖြစ်ကို သိခြင်းအကျိုးငှါ။ လက္ခဏမတ္တတ္တာ၊ မှတ်ကြောင်း မျှဖြစ်သည်၏အဖြစ်ကြောင့်။ ကလာပမုတ္တာနိ၊ ကလာပ်အဖွဲ့အစည်းမှ လွတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်တို့၌ ရအပ်သော ရုပ်ကလာပ်တို့ကို ပြခြင်း

တေဝီသတိ၊ နှစ်ဆယ့်သုံးပါးသော။ ဣမေ ကလာပါ၊ ဤကလာပ်တို့ကို။ အဇ္ဈတ္တသန္တာနေ၊ အဇ္ဈတ္တသန္တာန်၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဗဟိဒ္ဓါသန္တာနေ ပန၊ ဗဟိဒ္ဓသန္တာန်၌ကား။ ဒွေဥတုဇမူလကလာပါ ဧဝ၊ ဥတုဇမူလ ကလာပ်နှစ်စည်း တို့ကိုသာလျှင်။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ တတ္ထ တသ္မိံ အဓိကာရေ၊ ထိုအရာ၌။ ရူပသန္တာနာနိ၊ ရုပ်အစဉ်သန္တာန်တို့သည်။ အဇ္ဈတ္တသန္တာနဉ္စ၊ အဇ္ဈတ္တသန္တာန်၌လည်း ကောင်း။ ဗဟိဒ္ဓါသန္တာနဉ္စ၊ ဗဟိဒ္ဓသန္တာန်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အဇ္ဈတ္တသန္တာနံ နာမ၊ အဇ္ဈတ္တသန္တာန်မည်သည်ကား။ သတ္တသန္တာနံ၊ သတ္တဝါတို့၏ သန္တာန်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဗဟိဒ္ဓါသန္တာနံ နာမ၊ ဗဟိဒ္ဓသန္တာန်မည်သည်ကား။ ပထဝီ ပဗ္ဗတ နဒီ သမုဒ္ဒ ရုက္ခ တိဏာဒီနိ၊ မြေ, တောင်, မြစ်, သမုဒ္ဒရာ, သစ်ပင်, မြက်ပင်စသည်တို့ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုနှစ်ပါးသော သန္တာန်တို့တွင်။ အဇ္ဈတ္တသန္တာနေ၊ အဇ္ဈတ္တသန္တာန်၌။ အဋ္ဌဝီသတိရူပါနိ စ၊ နှစ်ဆယ့် ရှစ်ပါးသော ရုပ်တို့ကိုလည်းကောင်း။ တေဝီသတိရူပကလာပါနိ စ၊ နှစ်ဆယ့် သုံးပါးသော ရုပ်ကလာပ်တို့ကိုလည်းကောင်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

## နာမ်တရားတို့သည် ကမ္မဇကလာပ်ရုပ်တို့အား ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

တတ္ထ၊ ထိုရုပ်နာမ်တရားတို့တွင်။ ပဋိသန္ဓိနာမဓမ္မာ၊ ပဋိသန္ဓေနာမက္ခန္ဓာ တရားလေးပါးတို့သည်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ကမ္မဇရူပကလာပါနံ၊ ကမ္မဇရုပ်ကလာပ်တို့အား။ စတူဟိ မဟာသဟဇာတေဟိ စ၊ သဟဇာတကြီး

www.dhammaransi.com



လေးမျိုးတို့ဖြင့်လည်းကောင်း။ ဝိပါကေန စ၊ ဝိပါကပစ္စယသတ္တိဖြင့်လည်းကောင်း။ ဝိပ္ပယုတ္တေန စ၊ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်လည်းကောင်း။ ဆဓာ၊ ခြောက်ပါးအပြား အားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟာဒယဝတ္ထုရူပဿ ပန၊ ဟာဒယဝတ္ထုရုပ်အားကား။ အညမညေန၊ အညမည ပစ္စယသတ္တိနှင့်။ သဟ၊ တကွ။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသွေဝ နာမဓမ္မေသု၊ ထိုနာမက္ခန္ဓာတရား လေးပါးတို့၌။ ဟေတုဓမ္မာ၊ ဟိတ်တရားတို့ သည်။ ဟေတုဘာဝေန၊ ဟေတုပစ္စယသတ္တိဖြင့်။ စေတနာ၊ စေတနာသည်။ ကမ္မဘာဝနေဝ၊ ကမ္မပစ္စယသတ္တိဖြင့်။ အာဟာရဓမ္မာ၊ အာဟာရတရားတို့သည်။ အာဟာရဘာဝေန၊ အာဟာရပစ္စယသတ္တိဖြင့်။ ဣန္ဒြိယဓမ္မာ၊ ဣန္ဒြေတရားတို့သည်။ ဣန္ဒြိယဘာဝေန၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ဈာနဓမ္မာ၊ ဈာန်တရားတို့သည်။ ဈာနဘာဝေန၊ ဈာနပစ္စယသတ္တိဖြင့်။ မဂ္ဂဓမ္မာ၊ မဂ်တရားတို့သည်။ မဂ္ဂဘာဝေန၊ မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဆဓာ၊ ခြောက်ပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အတီတာနိ ပန ကုသလာကုသလကမ္မာနိ၊ အတိတ် ကုသိုလ် အကုသိုလ်ကံတို့သည်ကား။ ကမ္မပစ္စယေန၊ ကမ္မပစ္စယသတ္တိဖြင့်။ ဧကဓာဝ၊ တစ်ပါးသောအပြားအားဖြင့်သာလျှင်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြု တတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဌမဘာဝင်္ဂါဒိကာ၊ ပဌမဘဝင် အစရှိကုန် သော။ ပစ္ဆာဇာတာ၊ နောက်နောက်၌ဖြစ်ကုန်သော။ ပဝတ္တိနာမဓမ္မာ၊ ပဝတ္တိနာမ က္ခန္ဓာတို့သည်။ ပုရေဇာတာနံ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကမ္မဇရူပကလာပါနံ၊ ကမ္မဇရုပ်ကလာပ်တို့အား။ ပစ္ဆာဇာတေန၊ ပစ္ဆာဇာတပစ္စယသတ္တိဖြင့်။ ဧကဓာ၊ တစ်ပါးသောအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဝ စ၊ ဤပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာ၌လည်း။ ပစ္ဆာဇာတဝစနေန၊ ပစ္ဆာဇာတသဒ္ဒါဖြင့်။ ပစ္ဆာဇာတဇာတိကာ၊ ပစ္ဆာဇာတဇာတ် ဖြစ်ကုန်သော။ စတ္တာရော ပစ္စယာ၊ လေးပစ္စည်းတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်သည်။

www.dhammaransi.com



ဟောန္တိ၊ ဖြစ်ကုန်၏။ စ၊ ဆက်၍ဆိုဦးအံ့။ အတီတာနိ ကမ္မာနိ၊ အတိတ်ကံတို့သည်။ ကေဓာဝ၊ တစ်ပါးသောအပြားအားဖြင့်သာလျှင်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ ကမ္မဇရူပကလာပါနံ၊ ကမ္မဇရုပ်ကလာပ်တို့အား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ စုဒ္ဒသဟိ၊ တစ်ဆယ့်လေးပါးကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ဤကံမ္မဇရုပ်ကို ကျေးဇူးပြုရာ၌။ အာရမ္မဏဉ္စ၊ အာရမ္မဏပစ္စည်းလည်းကောင်း။ အဓိပတိ စ၊ အဓိပတိပစ္စည်းလည်းကောင်း။ အနန္တရဉ္စ၊ အနန္တရပစ္စည်းလည်းကောင်း။ သမနန္တရဉ္စ၊ သမနန္တရပစ္စည်းလည်းကောင်း။ ဥပနိဿယော စ၊ ပနိဿယပစ္စည်းလည်းကောင်း။ ပုရေဇာတော စ၊ ပုရေဇာတပစ္စည်းလည်းကောင်း။ အာသေဝနဉ္စ၊ အာသေဝနပစ္စည်းလည်းကောင်း။ သမ္ပယုတ္တော စ၊ သမ္ပယုတ္တပစ္စည်းလည်းကောင်း။ နတ္ထိ စ၊ နတ္ထိပစ္စည်းလည်းကောင်း။ ဝိဂတော စ၊ ဝိဂတပစ္စည်းလည်းကောင်း။ တ္တတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

## နာမ်တရားတို့သည် စိတ္တဇရုပ်တို့အား ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ ရူပဇနကာ၊ ရုပ်ကိုဖြစ်စေတတ်ကုန်သော။ နာမဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ စိတ္တဇရူပကလာပါနံ၊ စိတ္တဇရုပ်ကလာပ်တို့အား။ စတူဟိ၊ လေးပါးကုန်သော။ မဟာသဟဇာတေဟိ စ၊ သဟဇာတကြီးတို့ဖြင့်လည်းကောင်း။ ဝိပ္ပယုတ္တေန စ၊ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်လည်းကောင်း။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသွေဝ နာမဓမ္မေသု၊ ထိုနာမက္ခန္ဓာတရားတို့၌သာလျှင်။ ဟေတုဓမ္မာ၊ ဟိတ်တရားတို့သည်။ ဟေတုဘာဝေန၊ ဟေတုပစ္စယသတ္တိဖြင့်။ အဓိပတိဓမ္မာ၊ အဓိပတိတရားတို့သည်။ အဓိပတိဘာဝေန၊ အဓိပတိပစ္စယသတ္တိဖြင့်။ စေတနာ၊

www.dhammaransi.com



စေတနာတရားသည်။ ကမ္မဘာဝေန၊ ကမ္မပစ္စယသတ္တိဖြင့်။ ဝိပါကဓမ္မာ၊ ဝိပါက် တရားတို့သည်။ ဝိပါကဘာဝေန၊ ဝိပါကပစ္စယသတ္တိဖြင့်။ အာဟာရဓမ္မာ၊ အာဟာရတရားတို့သည်။ အာဟာရဘာဝေန၊ အာဟာရပစ္စယသတ္တိဖြင့်။ ဣန္ဒြိယဓမ္မာ၊ ဣန္ဒြေတရားတို့သည်။ ဣန္ဒြိယဘာဝေန၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ဈာနဓမ္မာ၊ ဈာန်တရားတို့သည်။ ဈာနဘာဝေန၊ ဈာနပစ္စယသတ္တိဖြင့်။ မဂ္ဂဓမ္မာ၊ မဂ်တရားတို့သည်။ မဂ္ဂဘာဝေန၊ မဂ္ဂပစ္စယသတ္တိဖြင့်။ ဣတိ၊ ဤသို့။ ယထာရဟံ၊ ဖြစ်သင့်သည်အားလျော်စွာ။ အဥ္ဈတ္တ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပစ္ဆာဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ နာမဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ ပုရေဇာတာနံ၊ ရှေးရှေး၌ဖြစ်ကုန်သော။ စိတ္တဇရူပကလာပါနံ၊ စိတ္တဇရုပ်ကလာပ် တို့အား။ ပစ္ဆာဇာတေန၊ ပစ္ဆာဇာတပစ္စယသတ္တိဖြင့်။ ဧကဓာ၊ ဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧဝံ၊ သို့။ နာမဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ စိတ္တဇရူပကလာပါနံ၊ စိတ္တဇရုပ်ကလာပ်တို့အား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ စုဒ္ဒသဟိ၊ တစ်ဆယ့်လေးပါးကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဓပိ၊ ဤစိတ္တဇရုပ်ကို ကျေးဇူးပြုရာ၌လည်း။ အာရမ္မဏဥ္စ၊ အာရမ္မဏပစ္စည်းလည်းကောင်း။ အနန္တရဉ္စ၊ အနန္တရပစ္စည်းလည်းကောင်း။ သမနန္တရဉ္စ၊ သမနန္တရပစ္စည်းလည်းကောင်း။ အညမညဉ္စ၊ အညမညပစ္စည်းလည်း ကောင်း။ ဥပနိဿယော စ၊ ဥပနိဿယပစ္စည်းလည်းကောင်း။ ပုရေဇာတော စ၊ ပုရေဇာတပစ္စည်းလည်းကောင်း။ အာသေဝနဉ္စ၊ အာသေဝနပစ္စည်းလည်း ကောင်း။ သမ္ပယုတ္တော စ၊ သမ္ပယုတ္တပစ္စည်းလည်းကောင်း။ နတ္ထိ စ၊ နတ္ထိပစ္စည်း လည်းကောင်း။ ဝိဂတော စ၊ ဝိဂတပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

www.dhammaransi.com



## နာမ်တရားတို့သည် ဥတုဇရုပ် အာဟာရဇရုပ်တို့အား ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဌိတိကာလတော၊ ဌီကာလမှ။ ပဋ္ဌာယ၊ စ၍။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ နာမဓမ္မာ၊ နာမ်တရားတို့သည်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဥတုဇရူပကလာပါ-နဉ္စ၊ ဥတုဇရုပ်ကလာပ်တို့အားလည်းကောင်း။ အာဟာရဇရူပကလာပါနဉ္စ၊ အာဟာရဇရုပ်ကလာပ်တို့အားလည်းကောင်း။ ပစ္ဆာဇာတဝသေန၊ ပစ္ဆာဇာတပစ္စယ သတ္တိဖြင့်။ ဧကဓာ၊ တစ်ပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထာပိ၊ ဤပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာ၌လည်း။ ပစ္ဆာဇာတဝစနေန၊ ပစ္ဆာဇာတသဒ္ဒါဖြင့်။ စတ္တာရော ပစ္ဆာဇာတဇာတိကာ၊ ပစ္ဆာဇာတမျိုး လေးပါးတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော။ ဝီသတိပစ္စယာ၊ နှစ်ဆယ်သော ပစ္စည်းတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

## အဇ္ဈတ္တရုပ်အချင်းချင်း ဗဟိဒ္ဓရုပ်အချင်းချင်း ကျေးဇူးပြုရာ၌ ပစ္စယဃဋနာနည်းကို ပြခြင်း

ပန၊ ဆက်၍ဆိုဦးအံ့။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ တေဝီသတိယာ ရူပကလာပေသု၊ နှစ်ဆယ့်သုံးပါးသော ရုပ်ကလာပ်တို့၌။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညဿ၊ အချင်းချင်းအား။ စတူဟိ မဟာသဟဇာတေဟိ စ၊ သဟဇာတကြီးလေးမျိုးတို့ဖြင့်လည်းကောင်း။ အညမညေန စ၊ အညမညပစ္စယသတ္တိဖြင့်လည်းကောင်း။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ စတူဟိ မဟာသဟဇာတေဟိ၊ သဟဇာတကြီးလေးမျိုးတို့ဖြင့်။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဟာရရူပံ၊ အာဟာရရုပ်သည်။ သဟဇာတာနဉ္စ၊ တကွလည်းဖြစ်ကုန်သော။ အသဟဇာတာနဉ္စ၊ တကွလည်း

www.dhammaransi.com



မဖြစ်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အဇ္ဈတ္တရူပကလာပါနံ၊ အဇ္ဈတ္တရုပ်ကလာပ်တို့အား။ အာဟာရပစ္စယေန၊ အာဟာရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ နဝသု၊ ကိုးပါးကုန်သော။ ကမ္မဇရူပကလာပေသု၊ ကမ္မဇရုပ်ကလာပ်တို့၌။ ဇီဝိတရူပံ၊ ဇီဝိတိန္ဒြေရုပ်သည်။ သဟဇာတာနမေဝ၊ သဟဇာတ်သာလျှင်ဖြစ်ကုန်သော။ ရူပါနံ၊ ရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အဇ္ဈတ္တရူပဓမ္မာ၊ အဇ္ဈတ္တရုပ်တရားတို့သည်။ အဇ္ဈတ္တရူပဓမ္မာနံ၊ အဇ္ဈတ္တရုပ်တရားတို့အား။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟိဒ္ဓါရူပဓမ္မာ ပန၊ ဗဟိဒ္ဓရုပ်တရားတို့သည်ကား။ ဗဟိဒ္ဓါဘူတာနံ၊ ဗဟိဒ္ဓဖြစ်၍ဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဥတုဇ–ရူပကလာပါနံ၊ ဥတုဇရုပ်ကလာပ်တို့အား။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်၊ ပစ္စယာ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**ရူပကလာပေသု၊ ရုပ်ကလာပ်တို့၌။ ပစ္စယဃဋနာနယော၊ ပစ္စယဃဋနာနည်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

## ပဋ္ဌာနသဒ္ဒါ၏အနက်ကို ပြခြင်း

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ ပဋ္ဌာနသဒ္ဒဿ၊ ပဋ္ဌာနသဒ္ဒါ၏။ အတ္ထော၊ အနက်ကို။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဓာနံ၊ ပြဋ္ဌာန်းသော။ ဌာနံ၊ အကြောင်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာနမည်၏။ ပဋ္ဌာနံ၊ ပြဋ္ဌာန်းသောအကြောင်း။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ပဓာနန္တိ၊ ပဓာနံဟူသည်ကား။ ပမုခံ၊ ပြဋ္ဌာန်းသော။ ဌာနန္တိ၊ ဌာနံဟူသည်ကား။ ပစ္စယော၊ အကြောင်း။ ပမုခပစ္စယော၊ ပြဋ္ဌာန်းသောအကြောင်း။ မုချပစ္စယော၊ မုချအကြောင်း။ ကေဝလပစ္စယော၊ ကေန်အကြောင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သော စ ကေဝလပစ္စယော၊ ထိုကေန်အကြောင်းကိုလည်း။ ကေဝလပစ္စယပုဗ္ဗန္နံ၊ ကေန်အကျိုးကို။ ပဋိစ္စ၊ စွဲ၍။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

www.dhammaransi.com



## မုချပစ္စယုပ္ပန်၊ နိဿန္ဒပစ္စယုပ္ပန် နှစ်ပါး၏အထူးနှင့် ကေဝလပစ္စယကိုသာ ပဋ္ဌာန်းကျမ်း၌ဟောခြင်းကို ပြခြင်း

ဟိ သစ္စံ၊ မှန်၏။ ပစ္စယုပ္ပန္နံ၊ အကျိုးသည်။ မုချပစ္စယုပ္ပန္နံ၊ မုချအကျိုးလည်းကောင်း။ နိဿန္ဒပစ္စယုပ္ပန္နံ၊ အကျိုးဆက်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ မုချပစ္စယုပ္ပန္နံ နာမ၊ မုချအကျိုးမည်သည်ကား။ မူလပစ္စယုပ္ပန္နံ၊ အကျိုးရင်းတည်း။ နိဿန္ဒပစ္စယုပ္ပန္နံ နာမ၊ အကျိုးဆက်မည်သည်ကား။ ပရမ္ပရပစ္စယုပ္ပန္နံ၊ အဆက်ဆက်အကျိုးတည်း။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ မူလပစ္စယုပ္ပန္နမေဝ၊ အကျိုးရင်းသည်သာလျှင်။ ကေဝလပစ္စယုပ္ပန္နံ နာမ၊ ကေန်အကျိုးမည်၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုကေန်အကျိုးသည်။ အတ္တနော၊ မိမိ၏။ ပစ္စယေ၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ကေဝလေန၊ သဖြင့်။ ဥပ္ပဇ္ဇတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ နော နုပ္ပဇ္ဇတိ၊ မဖြစ်သည် မဟုတ်။ ပရမ္ပရပစ္စယုပ္ပန္နံ ပန၊ အဆက်ဆက်အကျိုးသည်ကား။ အနေကန္တပစ္စယုပ္ပန္နံ နာမ၊ အနေကန်အကျိုးမည်၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုအနေကန်အကျိုးသည်။ တသ္မိံ ပစ္စယေ၊ ထိုအကြောင်းသည်။ သတိပိ၊ ရှိသော်လည်း။ ဥပ္ပဇ္ဇတိ ဝါ၊ ဖြစ်သည်မူလည်း ရှိ၏။ န ဝါဥပ္ပဇ္ဇတိ၊ မဖြစ်သည်မူလည်း ရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ကေဝလပစ္စယုပ္ပန္နံ၊ ကေန်အကျိုးကို။ ပဋိစ္စ၊ စွဲ၍။ ယော ပစ္စယော၊ ထိုအကြောင်းသည်။ ကေဝလပစ္စယော နာမ၊ ကေန်အကြောင်းမည်၏။ သော ဧဝ၊ ထိုကေန်အကြောင်းကိုသာလျှင်။ ဣမသ္မိံ မဟာပကရဏေ၊ ဤပဋ္ဌာန်းကျမ်းကြီး၌။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တတော ဧဝ၊ ထိုသို့ကေန်အကြောင်းကို ဟောတော်မူအပ်သောကြောင့်သာလျှင်။ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးသော။ အယံ ပစ္စယဂဏော စ၊ ဤပစ္စည်းအပေါင်းကိုလည်းကောင်း။ ဣမံ မဟာပကရဏဥ္စ၊ ဤပဋ္ဌာန်းကျမ်းကြီးကိုလည်းကောင်း။ ပဋ္ဌာနန္တိ၊ ပဋ္ဌာန်းကျမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com



## မုချပစ္စယုပ္ပန် နိဿန္ဒပစ္စယုပ္ပန်ဖြစ်ပုံကို ဥပမာဆောင်၍ပြခြင်း

တတ္ထ တသ္မိံ အဓိကာရေ၊ ထိုအရာ၌။ ကောသ၊ တစ်ယောက်သော။ ပုရိသဿ၊ ယောကျာ်းအား။ ခနေညတ္ထာယ၊ ဥစ္စာစပါးရခြင်းအကျိုးငှါ။ လောဘော၊ လောဘသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သော၊ ထိုယောကျာ်းသည်။ လောဘဝသေန၊ လောဘ၏အစွမ်းအားဖြင့်။ ဥဋ္ဌာယ၊ ထ၍။ အရညံ၊ တောအရပ်သို့။ ဂန္တွာ၊ သွား၍။ ကေသ္မိံ ပဒေသေ၊ တစ်ခုသောအရပ်၌။ ခေတ္တာနိ၊ လယ်တိုကို။ ကရောတိ၊ ပြု၏။ ဝတ္ထုနိ၊ ယာတို့ကို။ ကရောတိ၊ ပြု၏။ ဥယျာနာနိ၊ ဥယျာဉ်တို့ကို။ ကရောတိ၊ ပြု၏။ တေသု၊ ထိုလယ်ယာဥယျာဉ်တို့သည်။ သမ္ပဇ္ဇမာနေသု၊ ကောင်းစွာပြည့်စုံကုန်သည်ရှိသော်။ သော ပုရိသော၊ ထိုယောကျာ်းသည်။ ဗဟူနိ၊ များစွာကုန်သော။ ခနေညာနိ၊ ဥစ္စာစပါးတို့ကို။ လဘိတွာ၊ ရ၍။ အတ္တနာ စ၊ မိမိသည်လည်း။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ ပုတ္တဒါရေ စ၊ သားမယားတို့ကိုလည်း။ ပေါသေတိ၊ လုပ်ကျွေး၏။ ပုညာနိ စ၊ ကောင်းမှုတို့ကိုလည်း။ ကရောတိ၊ ပြု၏။ ပုညဖလာနိ စ၊ ကောင်းမှု၏အကျိုးတို့ကိုလည်း။ အာယတိံ၊ နောင်အခါ၌။ ပစ္စနုဘဝိဿတိ၊ ခံစားရလတ္တံ့။ တတ္ထ၊ ထိုဥဒါဟရဏ်၌။ လောဘသဟဇာတာနိ၊ လောဘနှင့်တကွဖြစ်ကုန်သော။ နာမရူပါနိ၊ နာမ်ရုပ်တရားတို့သည်။ မုချပစ္စယုပ္ပန္နာနိ နာမ၊ မုချအကျိုးတို့မည်ကုန်၏။ တတော၊ ထိုမုချအကျိုးမှ။ ပရံ၊ နောက်၌။ ယာဝ၊ အကြင်မျှလောက်။ အာယတိံ ဘဝေသု၊ အနာဂတ်ဘဝတို့၌။ ပုညဖလာနိ၊ ကောင်းမှု၏အကျိုးတို့ကို။ ပစ္စနုဘောတိ၊ ခံစားရလတ္တံ့။ တာဝ၊ ထိုမျှလောက်။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်သော။ ပရမ္ပရဖလာနိ၊ အဆက်ဆက်သော အကျိုးတို့သည်။ တဿ လောဘဿ၊ ထိုလောဘ၏။ နိဿန္ဒပစ္စယုပ္ပန္နာနိ နာမ၊ အကျိုးဆက်တို့မည်ကုန်၏။ တေသု ဒွီသု ပစ္စယုပ္ပန္နေသု၊ ထိုအကျိုးနှစ်ပါးတို့တွင်။ မုချပစ္စယုပ္ပန္နမေဝ၊ မုချအကျိုးကိုသာလျှင်။ ပဋ္ဌာနေ၊ ပဋ္ဌာန်းကျမ်း၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ နိဿန္ဒပစ္စယုပ္ပန္နံ ပန၊ အကျိုးဆက်ကိုကား။ သုတ္တန္တနယေန၊ သုတ္တန်နည်းဖြင့်။ ကထေတဗ္ဗံ၊ ဟောတော်မူအပ်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဣမသ္မိံ၊ ဤအကြောင်းသည်။ သတိ၊ ရှိသော်။ ဣဒံ၊ ဤအကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဣမဿ၊ ဤအကြောင်း၏။ ဥပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ ဣဒံ၊ ဤအကျိုး

www.dhammaransi.com



သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေရူပေါ၊ ဤသို့သဘောရှိသော။ ပစ္စယနယော၊ အကြောင်းကိုပြသောနည်းသည်။ သုတ္တန္တနယော နာမ၊ သုတ္တန် ဆိုင်ရာနည်းမည်၏။

## လောကကြီး ပျက်စီးခြင်း ကြီးပွားခြင်းသည် ဟိတ်ခြောက်ပါး စသော နှစ်ဆယ့်လေးပါးသော ပစ္စည်းကြောင့်ဟူ၍ ပြခြင်း

အပိစ အပရော နယော၊ နည်းတစ်ပါးကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ လောဘော၊ လောဘလည်းကောင်း။ ဒေါသော၊ ဒေါသလည်းကောင်း။ မောဟော၊ မောဟလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သကလဿ၊ အလုံးစုံသော၊ သတ္တလောကဿပိ၊ သတ္တလောက၏လည်းကောင်း။ သင်္ခါရလောကဿပိ၊ သင်္ခါရလောက၏လည်း ကောင်း။ ဩကာသလောကဿပိ၊ ဩကာသလောက၏လည်းကောင်း။ ဝိပတ္တိယာ၊ ပျက်စီးခြင်း။ ဝါ၊ ပျက်စီးခြင်း၌။ မူလဋ္ဌေန၊ အကြောင်းဖြစ်သော အနက်သဘော ကြောင့်။ ဟေတူ နာမ၊ ဟိတ်တို့မည်ကုန်၏။ အလောဘော၊ အလောဘလည်း ကောင်း။ အဒေါသော၊ အဒေါသလည်းကောင်း။ အမောဟော၊ အမောဟလည်း ကောင်း။ ဣတိ၊ ဤသို့။ တယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သကလဿ၊ သော။ သတ္တလောကဿပိ၊ သတ္တလောက၏လည်းကောင်း။ သင်္ခါရလောကဿပိ၊ သင်္ခါရလောက၏လည်းကောင်း။ ဩကာသလောကဿပိ၊ ဩကာသလောက၏ လည်းကောင်း။ သမ္ပတ္တိယာ၊ ပြည့်စုံခြင်း၏။ ဝါ၊ ပြည့်စုံခြင်း၌။ မူလဋ္ဌေန၊ အကြောင်းဖြစ်သော အနက်ကြောင့်။ ဟေတု နာမ၊ ဟိတ်တို့မည်ကုန်၏။ ဣတိ၊ ဤသို့။ ကထေတဗ္ဗံ၊ ၏။ သေ နယော၊ ဤနည်းကို။ သဗ္ဗေသု၊ ကုန်သော။ ပဋ္ဌာနပစ္စယေသု၊ ပဋ္ဌာန်းဆိုင်ရာပစ္စည်းတို့၌။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝေဠု၊ ဤသို့ဆိုအပ်ခဲ့ပြီးတိုင်း သာလျှင်။ သတိ၊ ဖြစ်လတ်သော်။ လောကော၊ လောက၌။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ လောကပ္ပဝတ္တိယော၊ လောက၏ဖြစ်ခြင်းတို့သည်။ ဣမေသံ စတုဝီသတိယာ ပစ္စယာနံ၊ ဤနှစ်ဆယ့် လေးပါးသော ပစ္စည်းတို့။ မုချပစ္စယုပ္ပန္နေန၊ မုချအကျိုးနှင့်။

www.dhammaransi.com



သဒ္ဒိ၊ တကွ။ နိဿန္ဒပစ္စယုပ္ပန္နာ ဧဝ၊ အကျိုးဆက်တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဣတိ ပရိသမာပနံ၊ ဤသို့သော ပြီးဆုံးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## သုံးပါးသော ကဏ္ဍတို့ဖြင့် ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းကို စီရင်၍ ပြီးဆုံးခြင်းသို့ရောက်သည်၏အဖြစ်ကို ပြခြင်း

ဧတ္တာဝတာ ဧတ္တာဝန္တေန ဝစနက္ကမေန၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ပစ္စယာနံ၊ နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့၏။ အတ္ထဒီပနာ၊ အနက်ကို ပြရာပြကြောင်းဖြစ်သော ပစ္စယတ္ထဒီပနာပိုင်းလည်းကောင်း။ ပစ္စယာနံ၊ နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့၏။ သဘာဂသင်္ဂဟော၊ သဘောတူရာ ရေတွက်၍ ပြရာပြကြောင်းဖြစ်သော ပစ္စယသဘာဂသင်္ဂဟပိုင်းလည်းကောင်း။ ပစ္စယာနံ၊ နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့၏။ ဃဋနာနယော၊ တစ်ခုတစ်ခုသော ပစ္စယုပ္ပန် ဓမ္မ၌ ထိုက်သည်အားလျော်စွာ ပေါင်းဆုံပါဝင် ပြုပြင်ဆက်ဆံကြသော ပစ္စည်းတို့ကို ညွှန်ပြကြောင်းဖြစ်သော ပစ္စယဃဋနာနည်းအပိုင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တီဟိ၊ သုံးပါးကုန်သော။ ကဏ္ဍေဟိ၊ အပိုင်းတို့ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်သော။ ပဋ္ဌာနုဒ္ဒေသဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီအမည်ရှိသော ကျမ်းသည်။ နိဋ္ဌိတာ၊ ပြီးဆုံးခြင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

## ကျမ်းဆရာ၏ နေရပ်အမည်များကိုပြခြင်း

မြမ္မရဋ္ဌေ၊ မြန်မာနိုင်ငံ၌။ မုံရွာနဂရေ၊ မုံရွာမြို့၌။ လယ်တီအရည–ဝိဟာရဝါသိနာ၊ လယ်တီတောရကျောင်းတိုက်၌ သီတင်းသုံးနေလေ့ရှိသော။ မဟာထေရေန၊ မဟာထေရ်သည်။ အယံ ပစ္စယုဒ္ဒေသဒီပနီ၊ ဤပစ္စယုဒ္ဒေသဒီပနီ ကျမ်းကို။ ကတာ၊ ပြုစီရင်တော်မူအပ်ပြီ။

## နိဿယနိဂုံး

**မန္တလေးနဂရေ မစိုးရိမ် တ္တတိ ဝိသုတာရာမေ ဝသတာ အဂ္ဂဝံသနာမကေန နဝကဘိက္ခုနာ ယထာဝါစိတံ ဓာရေတွာ ကတောယံ ပဋ္ဌာနုဒ္ဒေသဒီပနိယာ နိဿယော။**

မန္တလေးနဂရေ၊ မန္တလေးမြို့၌။ မစိုးရိမ် တ္တတိ ဝိသုတာရာမေ၊ မစိုးရိမ်ဟူ၍ ထင်ရှားကျော်စောသော အာရာမ်တိုက်ကြီး၌။ ဝသတာ ဝသန္တေန၊ သီတင်းသုံးနေသော။ အဂ္ဂဝံသနာမကေန၊ အဂ္ဂဝံသအမည်ရှိသော။ နဝကဘိက္ခုနာ၊ ရဟန်းပျိုသည်။ ပဋ္ဌာနုဒ္ဒေသဒီပနိယာ၊ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းကြီး၏။ အယံ နိဿယော၊ ဤနိဿယကို။ ယထာဝါစိတံ၊ ဆရာသခင် အရှင်ဉာဏ ပို့ချမိန့်ဆိုတော်မူတိုင်း။ ဓာရေတွာ၊ မတိမ်းမချွတ် မှတ်ရှုင်ဆောင်ထား၍။ ကတော၊ ရေးသားစီရင်အပ်၏။

ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း ပြီး၏။

အမှတ် ၂၇၁၀၉
ရက်စွဲ

www.dhammaransi.com

မိခင်ရောဝတီ

# မိခင်ရောဝတီ ငွေရတု စာအုပ်

ရောဝတီ၊ ရွှေနဒီသည်
ရစ်ခွေစီးဆင်း၊ ငြိမ်းချမ်းခြင်းဖြင့်
ဝပြောသာယာ၊ ပြည်မြန်မာကို
ထာဝရအလှဆင်မည်တည်း။ ။

ဖြန့်ချိရေး
မိခင်ရောဝတီ စာအုပ်တိုက်
တိုက် ၄၊အခန်း ၄၀၂၊ ကျိုက်တော်အိမ်ရာ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၁၄၃၁